အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့ ဗုဒ္ဓနဂရိရပ်ကွက်
မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်၏

သက်တော် (၈၀) ပြည့် အထိမ်းအမှတ်

ပတ္တမြားရတုစာစောင်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

မဟာသုခံဒချမ်းသာကြီးစေတီတော်

ပထမကုသိနာရုံဆရာတော်

ဘဒ္ဒန္တ မဟာဝီရ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရိရပ်ကွက်
မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး
သိရိဘဒ္ဒန္တ စန္ဒြမဏိ မဟာထေရ်ကျော်

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊
ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊
နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်

သက်တော်(၈၀)ပြည့်၊ ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ အလှူတော်ငွေ



လက်ရှိ တတိယမြောက် ကုသိနာရုံ ဆရာတော်

မှတ်တမ်းတင် အနုမောဒနာ ဂုဏ်ပြုလွှာ

အလှူရှင်/နေရပ် --

--တို့က

ဆရာတော်ကြီး သက်တော်(၈၀)ပြည့် ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ အလှူတော်ငွေ

------------------------------(ကျပ် ------------------------------------ တိတိ)ကို

လှူဒါန်းပါသဖြင့် အပရစေတနာပွားများနိုင်ပါရန်မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဦးစောသိန်း
ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ

ဦးသန်းနိုင်
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဥက္ကဋ္ဌ၊ ကျောင်းပရေးဗဟိုကော်မတီ

ခရစ်နှစ်(၂၀၁၅)၊ မြန်မာသက္ကရာဇ်(၁၃၇၇)ခုနှစ်၊ သာသနာတော်နှစ်(၂၅၅၉)

မင်းပြားမြို့နယ်၊ ဇီးပင်ကြီးကျေးရွာတွင် ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိသရလှူဒါန်းထားသော အိန္ဒိယနိုင်ငံရှိ သံဝေဇနိယလေးဌာနပုံစံတူ ဖွား ပွင့် ဟော စံ ရုပ်ထုတော်များ

← ဖွား

↓ ပွင့်

↑ ဟော

စံ →

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံသို့ရောက်ရှိလာသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က
ဆရာတော်ကြီးထံဝင်ရောက်ဖူးမြော်စဉ်

၆-၅-၂၀၁၄ နေ့တွင် ကိုရီးယားနိုင်ငံ ဓမ္မခရီးစဉ်၌ ဆရာတော်ကြီးက
တရားဒေသနာဟောကြားခဲ့ရာ တရားပွဲမစတင်မီ အမှတ်တရ

ကိုရီးယားဆရာတော်များနှင့်
အမှတ်တရ

ဆရာတော်ဘုရားကြီးအား
ကိုရီးယားနိုင်ငံ ဘိက္ခုနီကျောင်းမှ
ကြိုဆို

ဘိက္ခုနီများနှင့်အမှတ်တရ

၁၃ - ၄ - ၂၀၁၄ နေ့တွင်
ကိုရီးယားနိုင်ငံ၌
တရားဟောနေစဉ်

တရားပွဲမစတင်မီ
ကိုရီးယားဆရာတော်များ၊
တပည့်ဒကာမများနှင့်
အမှတ်တရ

ကိုရီးယားနိုင်ငံ၌
တရားဟောပြောပြီး
ကိုရီးယားရောက်မြန်မာများနှင့်
အမှတ်တရ

ကိုရီးယားနိုင်ငံဗုဒ္ဓပူဇော်ပွဲတစ်ခုတွင် ကိုရီးယားဆရာတော်များနှင့်အတူ
အပူဇော်ခံနေသည့် ဆရာတော်ဘဒ္ဒန္တဉာဏိဿရ

ကိုရီးယားနိုင်ငံ၌တည်ဆောက်မည့် ငြိမ်းချမ်းအေးရွှေစေတီအတွက်
ဓမ္မခရီးသွားရောက်ခဲ့စဉ်က

ကုသိနာရုံဆရာတော်၏
စိန်ရတုမွေးနေ့သို့
ကြွရောက်လာသော
နိုင်ငံတော်သံဃမဟာ
နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်

စိန်ရတုမွေးနေ့ပူဇော်ပွဲ
အခမ်းအနားသို့
ကြွရောက်လာသော
သံဃာတော်များ

စိန်ရတုမွေးနေ့ပူဇော်ပွဲ
အခမ်းအနားသို့
ကြွရောက်လာခဲ့သော
အိန္ဒိယသံအမတ်ကြီး

ကုသိနာရုံအတွင်းတည်ရှိသော
သာသနိက အဆောက်အဦများ



မဟာသုခံဒဒ ချမ်းသာကြီးစေတီတော်ဌာပနာပွဲတွင် ဒလိုင်းလားမား၊ ပြည်နယ်ဝန်ကြီးချုပ်၊
ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးတို့နှင့်အတူ အမှတ်တရ

မြကန်သာ ရေကန်တူးရာ၌ ပါဝင်ကူညီခဲ့ကြသော မဟာဗွဲ့မဂန္ဒီ တပည့်
လူငယ်ခေါင်းဆောင် S.N ဆုဘာရာစ်နှင့်အတူ အမှတ်တရ

အိန္ဒိယ၌

ဗုဒ္ဓပူဇနိယပွဲတော် နှစ်စဉ်ကျင်းပပုံ

ကုသိနာရုံ ဗုဒ္ဓပူဇနိယပွဲတော်၌ ထိုင်းရဟန်းတော်များလည်း ပါဝင်ပူဇော်ကြသည်။

ဆရာတော် ဒေါက်တာ
ဘဒ္ဒန္တဉာဏိဿရနှင့်
သာသနာပြုနှစ်ဦး

သာသနာပြုခေါင်းဆောင်
ဂုဏ်ပြုပွဲတွင် ဂုဏ်ပြုခံရသော
အိန္ဒိယနိုင်ငံမှ
ဒေါက်တာဆုကာရာဇ်၊
ဂျပန်နိုင်ငံ ဒေါ်သုနောဒါနှင့်
မြန်မာနိုင်ငံမှ
ရွှေရတုဒေါ်သန်းတင်တို့အား
ဂုဏ်ပြုပွဲ

သာသနာပြုခေါင်းဆောင်
ဂုဏ်ပြုပွဲတွင်တွေ့ရသော
ဂျပန်နှင့် မြန်မာ ဂုဏ်ပြုခံသူ
နှစ်ဦးနှင့် ဧည့်သည်တော်များ

ကုသိနာရုံဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရအားသိက္ခာထပ်အလှူမင်္ဂလာပွဲ

ကမ္ဘာအေးဟံသာသီရိကုန်းမြေ၌ ဆောက်လုပ်လှူဒါန်းထားသော
ကမ္ဘာ့ဗုဒ္ဓသာသနာပြုဘဒ္ဒန္တစန္ဒိမဏိအထိမ်းအမှတ် စိန်ရတုမဟာနာယကကျောင်းတော်

မင်းပြားမြို့နယ် ဇီးပင်ကြီးရွာ၌ ဆောက်လုပ်လှူဒါန်းထားသော
ဒေါ်ဝင်းမြဦးစာကြည့်တိုက်



ဣန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၏ သက်တော် (၈၀) ပြည့်အထိမ်းအမှတ် ပဋ္ဌာန်းမြား ရတုစာစောင်

(၂၀၁၅) ခုနှစ်၊ နိုဝင်ဘာလ

အယ်ဒီတာချုပ် မောင်ရင့်ကျူး(မြောင်းမြ)

ဒုတိယအယ်ဒီတာချုပ် အဏ္ဏဝါစိုးမိုး

တာဝန်ခံအယ်ဒီတာ နိုင်မြဝါ

တွဲဖက်တာဝန်ခံအယ်ဒီတာ အေးသိန်း၊ တိုးထက်

အယ်ဒီတာအဖွဲ့ မောင်ကြင်နွယ်၊ မြေလတ်ထင်ကျော်မိုး
ဒေါက်တာစံလှကျော်၊ လွန်းပိုးအိမ်
တက္ကသိုလ်အေးမြစန္ဒာ၊

ပြင်ဆင်မွမ်းမံ ခရီးဖော်မီဒီယာအဖွဲ့

ကွန်ပျူတာစာစီ စုမွန် (ခရီးဖော်မီဒီယာ)

မျက်နှာဖုံးပန်းချီ ပန်းချီမျိုးမြင့်

စာအုပ်ချုပ် သဲသဲနှင့်အဖွဲ့ (ခရီးဖော်မီဒီယာ)

ပုံနှိပ်သူ ဦးငွေးလှိုင် (၀၀၀၇၅) ခရီးဖော်ပုံနှိပ်တိုက်
အမှတ်(၅၄/A)၊ အခန်း(၀၀၂)၊ သုရဿတီလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း-၀၁-၆၆၁၄၆၅

အုပ်ရေ ၂၀၀၀

တန်ဖိုး ဓမ္မဒါန

အတွင်းသရုပ်ဖော် ဝင်းသိန်း၊ ဇော်သိုက်၊ စိုးစံ၊ HKM

မာတိကာ

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်
ပဓာနနာယကဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋံ့သကာ)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၏ သမ္မောဒနီယသာရဏီယကထာ ... ၈
- ပတ္တမြားရတုစာစောင်ဖြစ်မြောက်ရေးနာယကအဖွဲ့ဝင်
ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ဥယျောဇဉ် ၁၁
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၏ ဥယျောဇဉ် ၁၂
- ပတ္တမြားရတုဝိဇာတပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ
အဂ္ဂမဟာသီရိသုဓမ္မဏိဇောတဓရ ဦးသန်းနိုင်၏ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ............ ၁၆
- စီစဉ်သူတို့၏ပန်ကြားလွှာ ၁၈

■ ပတ္တမြားရတုပူဇာထေရုပ္ပတ္တိကထာ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့နယ် ဗုဒ္ဓနဂရိရပ်ကွက်
မြန်မာဘုန်းတော်ကြီးကျောင်းပဓာနနာယကဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ထေရုပ္ပတ္တိ
ဆရာတော်၏တပည့်တစ်ဦး ၂၁

နိုင်ငံခြားသာသနာပြု ကုသိနာရုံမြန်မာကျောင်းဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏
သက်တော်(၈၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ် ထေရုပ္ပတ္တိပူဇော်စာတမ်းလွှာ
ဦးမြင့်စိုး(ရွှေပုံမြင့်) ၃၅

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံခြားသာသနာပြုပုဂ္ဂိုလ်ကျော်
ဒေါက်တာဘဒ္ဒန္တဉာဏိဿရ မဟာထေရ်မြတ်ကြီး၏ သင်္ခေပထေရုပ္ပတ္တိကထာနှင့်
ဝိသေသ ရစနာပဋိဂ္ဂါထာများ
ဦးခင်မောင်ရင် (ဓမ္မာစရိယ၊ B.Sc၊ ဒ-ဘ-ဗ-ဝ) ၄၀

■ ပတ္တမြားရတုပူဇာ အဖွင့်ကဗျာများ

ပတ္တမြားရတု ကုသိနာရုံဂုဏ်ပွင့်များ - တက်လူ ၄၄
အငိုတိတ်ပါအာနန္ဒာ - မောင်ဟေမာ ၄၈

မာတိကာ

■ ပတ္တမြားရတုပူဇာ ရွှေတံဆိပ်ကဗျာများ

ကန်တော့ပန်း – မောင်ကြင်နွယ် ၅၀

ရခိုင်အာဇာနည်တစ်ပါး – မင်းရွှေမင်း(အင်းစိန်) ၅၈

သာသနာ့အာဇာနည်မထေရ်ကျော် ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရသို့
ကြည်ညိုဦးခိုက်ခြင်း – မင်းကုန္ဒြာ(မင်းပြား) ၅၉

ကျေးဇူးကြီးမားဆရာတော်ဘုရား – မြေလတ်ထင်ကျော်မိုး ၆၀

ဇာနည်ရဟန်း – မင်းနီခိုင်(မောင်တော) ၆၂

မိဂဒါဝုန်ဘုရားဖူး – မောင်ညွှန့်နောင်(ခြံပြင်) ၆၃

ကုသိနာရုံဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်မြတ်အား ဂုဏ်ပြုပူဇော်အပ်သော ရှစ်လုံးဘွဲ့ကဗျာများ –
မိုးပြို(မင်းပြား) ၆၄

■ ပတ္တမြားရတုပူဇာ အချီးကဗျာများ

ကုသိနာရုံမြေ(၂၇ ပဒစီ အချီညီအချညီ ပဒညီ မင်္ဂလာပိုဒ်စုံရတု) – မြေလတ်မင်းလွင် ၄၂

အိန္ဒိယနိုင်ငံ ကုသိနာရုံမြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏
မွေးနေ့ပူဇော်ပွဲကြီး(သံပေါက်လင်္ကာ) – လုမ္ဗိနီအင်ဂျင်နီယာဦးမောင်မောင်လေး ၄၃

ကမ္ဘာ့သာသနာပြုစံပြမထေရ်(ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်) – မြေလတ်မင်းလွင် ၅၀

ကုသိနာရုံဆရာတော်၏ ပတ္တမြားရတုနှင့် ရွှေရတု(ရှစ်ဆယ်ပေါ်တေးထပ်) –
ကန့်ဘလူဖြူစင်ဝင်း ၅၂

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့ ဗုဒ္ဓနဂရိရပ်ကွက်
မြန်မာဘုန်းတော်ကြီးကျောင်း နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး
ဒေါက်တာဘဒ္ဒန္တဉာဏိဿရ မဟာထေရ်မြတ်၏ သက်တော်(၈၀)ပြည့်
ပတ္တမြားရတုအထိမ်းအမှတ် ပူဇာတဗ္ဗမဟာမင်္ဂလာတေးထပ် –
ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc၊ ဒ-ဘ-ဗ-ဝ) ၅၃

သာသနာပြုသူရဲကောင်း(လေးချိုးကဗျာ) – ငွေသဇင်(သံတွဲ) ၅၄

မွေးပျံ့သင်းထုံကုသိနာရုံဆရာတော်(လေးချိုးကဗျာ) – ဒွါရာဝတီ အသျှင်ကုသလ ၅၅

သာသနာပြုမြတ်ရဟန်း မော်ကွန်းတင်သည် ဦးတင်ချို(တျာချင်း) – ကျွန်းစဉ်မြေစောခက် ၅၆

မာတိကာ

■ ပတ္တမြားရတုပူဇာ အထူးဆောင်းပါး

ကုသိနာရုံသာသနာ၏ မနေ့က ယနေ့နှင့် မနက်ဖြန် -
ကုသိနာရုံမြန်မာကျောင်းလေ့လာရေးအဖွဲ့ ၁၆၈

■ ပတ္တမြားရတုပူဇာ ဆောင်းပါးများ

ကုသိနာရုံလျောင်းတော်မူဘုရားမှ သတိပေးစကား
ရွှေသာလျောင်းဘုရားများ – အရှင်နာရဒါဘိဝံသ(လှရတနာ) ၆၆
နေပြည်တော် ဖွားပွင့်ဟောစံ စေတီများနှင့်
ကုသိနာရုံဆရာတော် – ဘဒ္ဒန္တသဒ္ဓိယ(ရွှေသုဝဏ်ဆရာတော်) ၇၄
ကုသိနာရုံဆရာတော်၏ ပတ္တမြားရတုမွေးနေ့ ဝိဇာတမင်္ဂလာ – မောင်ရင့်ကျူး(မြောင်းမြ) ၇၉
ကုသိနာရုံဆရာတော်အရှင်ဉာဏိသရကိုယ်တိုင် ဘုရားဖူးပို့ဆောင်ခြင်း –
မောင်အုံ့(မဟာဝိဇ္ဇာ–ဘုံဘော) ၈၂
မဟာသုခံဒဒချမ်းသာကြီးစေတီတော်ကြီး ပဌာန်းရွတ်ဖတ်ပူဇော်ပွဲအကြောင်း –
ရွှေရတုဒေါ်သန်းတင် ၈၆
ဇမ္ဗူဒိပ်ကျွန်းတွင် ဗုဒ္ဓသာသနာအလင်းကို ပြန်လည်ထွန်းညှိပေးနေသော
ကျေးဇူးရှင်များ – တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ) ၉၆
အနာဂါရိကဓမ္မပါလ – ပါရဂူ ၁၁၀
ကျေးဇူးသိတတ် ကျေးဇူးဆပ် မွန်မြတ်မြေမဟာ – လုမ္ဗိနီအင်ဂျင်နီယာဦးမောင်မောင်လေး .. ၁၁၈
အရိပ်စစ် – တက္ကသိုလ်နေမင်း ၁၃၄
ဗုဒ္ဓမြတ်စွာ (၄၅)ဝါနှင့် ပရိနိဗ္ဗာန်စံလွန်တော်မူရာကုသိနာရုံ – တိုးထက် ၁၃၈
အတုယူလောက်ပါပေသည် – မကြွယ်ကြွယ် ၁၄၄
ဝုတ္တိဟောသာ – ထွန်းလွင်(ဓမ္မာစရိယ–ဘီအေ) ၁၄၈
သာသနာ့ဝီရ သံဃာတော်အရှင်မြတ်များ – မင်းရွှေသိန်း(ဇင်းကျိုက်) ၁၅၃
သီရိဘဒ္ဒန္တစန္ဒြိမဏိ ရတနာဂီရိမြို့တွင် သီပေါမင်းနှင့် တွေ့ဆုံခြင်း – မေဦးသိန်းညွန့် ၂၀၄
ကုသိနာရုံမြန်မာကျောင်းဆရာတော် – ဦးမြင့်အောင်(ရေးဟောင်းသုတေသန) ၂၁၀
ကုသိနာရုံဆရာတော်ကြီး၏ မွန်မြတ်သောစာပေဒါန – မင်းပြားမင်းသိန်းစံ ၂၁၃
ကုသိနာရုံဆရာတော် ဒို့ပူဇော် – ဗိုလ်ချုပ်မြေတင်တင်ဝင်း ၂၁၈
ကုသိနာရုံဆရာတော်ကြီးအမှတ်တရ – တင်အောင်(စက်မှုတက္ကသိုလ်) ၂၂၈
ကျေးဇူးများလှ သံဝေဂ – သီရိပုံချီဗိုလ်ချုပ်စိန်ထွား(ငြိမ်း) ၂၃၆
ပြုနိုင်ခဲ့သည့် သာသနာတော် – ခင်ဆွေလတ် ၂၄၂

မာတိကာ

ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရ(စာရေးဆရာဟရိပလ–ကုသိနာရုံ) – သူရဇော် ၂၄၄
ဂုရု ဂုရု မဟာဂုရု ဘွဲ့တံဆိပ်တော်ရ ကမ္ဘာ့သာသနာပြုဆရာတော်ကြီး
ဦးစန္ဒိမဏိအထိမ်းအမှတ်ကြိုးတံတား – လွန်ပိုးအိမ် ၂၄၉
၈၀–သဘင်မော်ကွန်းတင်ပွဲ – စိတ်မိုး ၂၅၄
ကုသိနာရုံမြန်မာကျောင်းမှာ သုံးရက်ကြာ – ထွန်းတောက်နိုင် ၂၆၈
သံဝေဇနိယ လေးဌာန ဟောပြမိန့်မှာ ကုသိနာ – လုမ္ဗိနီအင်ဂျင်နီယာဦးမောင်မောင်လေး .. ၂၇၀
ဘုရားဖူးအပြန် အတွေးကိုယ်စီကျန် – ဦးညွန့်မောင်(မဓ္ဗာစရိယ၊ ဘီအေ၊ အာရ်အယ်လ်) ... ၂၇၄
မြတ်စွာဘုရား၏ နောက်ဆုံးခရီးနှင့် ကုသိနာရုံ – အရှင်အာလောက..................... ၂၇၉
အရှင်ဟူအင်စံ၏ မဇ္ဈိမဒေသခရီးသွားမှတ်တမ်း – ဒေါက်တာစံလှကျော်.................. ၂၉၀
မိဂဒါဝုန်ကျောင်းသမိုင်း၏ ကွက်လပ် – ဦးနန္ဒက ၃၀၀
ရဲရင့်ခြင်း၏ အစွမ်း – ဦးကြည်စိုး(ပတ္တမြားမြေ) ၃၀၅
စံပြုအတုယူစရာ ပီတိဖြာ – အောင်မြင့်(သစ်လုပ်ငန်း) ၃၀၈
ကုသိနာရုံဆရာတော်မြတ်အား လျှောက်ထားအပ်ပါသည် – မိုးမြင့်လွင် ၃၁၀
ဘာသာရေးစာရေးဆရာ – ကိုရွှေသောင်းဝင်း ၃၁၄
တစ်ခါတုန်းက ဝေသာလီ – မအေးချမ်း... ၃၃၀
ကမ္ဘာ့ဗုဒ္ဓသာသနာ့အာဇာနည် ကုသိနာရုံဆရာတော်ကြီး၏
ကြိုင်လှိုင်သင်းပျံ့မွှေးရနံ့များ – မင်းရွှေမင်း(တောင်ကုတ်).............................. ၃၃၄
သာသနာပြုပုဂ္ဂိုလ်ထူးများ၏ ဝိသေသ''အား''နှစ်ပါး – အောင်ကျော်ညို(ဆင်ချဆိပ်) ၃၄၆
ကုသိနာရုံမြန်မာကျောင်းဆရာတော်ဘုရားကြီးထံမှ သိရှိခဲ့ရသော
ဗုဒ္ဓကိစ္စတော်ငါးပါး – သန်းဝင်းရှိန် ၃၄၉
ဝိဇာတမင်္ဂလာ ပတ္တမြားရတု(၈၀)ပြည့်နှစ် အနန္တဂုဏ်အင် – မြမဥ္ဇူဝေ(ကျုံမငေး) ၃၅၂
ယဉ်ကျေးသော ဣန္ဒြေနှင့်ပြည့်စုံသူ – Dr. မာမာဆွေ ၃၅၆
အရောက်လှမ်းစေချင် – ရှင်စိုးမိုး ၃၆၀
ကုသိနာရုံမှ ကုသိုလ်တော်မှတ်တမ်း – ဒေါ်ပြုံးပြုံးကြည် ၃၆၉
သိကြားစေသက်သေညွှန်း – ညိုလေး(ပေါင်းတည်)....................................... ၃၇၄
အိန္ဒိယနိုင်ငံ၏သံဃမဟာနာယကဦးဉာဏိဿရ –
ကမ္ဘာလှည့်တင်တင်စိန်(မဟာသဒ္ဓမ္မဇောတိကဓဇ)...................................... ၃၇၉

မာတိကာ

■ ပတ္တမြားရတုပူဇာ ဓမ္မရသဝတ္ထုများ

နှလုံးသားထဲမှ မျက်ရည်တစ်စက် - တက္ကသိုလ်အေးမြစန္ဒာ ၉၀
ပင်ကိုစရိုက် - မောင်ပေါ်ထွန်း ၁၀၄
ဝိမုတ္တိရသကို ရှာဖွေတွေ့ရှိခြင်း - အဏ္ဏဝါစိုးမိုး ၁၂၄
အရိန္ဒမနှင့် သောဏက - ချစ်ဦးညို ၁၆၀
လူလိုနေ သူ့လိုကျင့်ကြ - အဏ္ဏဝါစိုးမိုး ၁၉၆
သန္တိသုခ ငြိမ်းအေးစွတည့် - ညိုဘန်း(လေးဝတီ) ၂၂၂
သာသနာ့အောင်ပွဲ မြိမ့်မြိမ့်သဲ - အောင်သူရိန်(ပုလဲ) ၂၆၂
ပေတကြီးပြုသွားသော သာသနာ - ဝေယံလင်းခေါင် ၂၈၂
နိဗ္ဗာန်စခန်းသို့ ကျွတ်တန်းဝင်လေသူ - မောင်ထယ်ဝါ(ပျော်ဘွယ်) ၃၁၂
ချစ်သောမျက်စိနှင့်သာ ကြည့်ပါလေ - မောင်ဆန္ဒ(လယ်ဝေး) ၃၃၉
တရားသခင်မ ဘဒ္ဒါဒေဝီ - ဇော်မင်းထွန်း(သံတွဲ) ၃၆၂

■ ပတ္တမြားရတုပူဇာ မင်္ဂလာဟောဇာတာ

အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘွဲ့တံဆိပ်တော်ရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရမဟာထေရ်၏
မင်္ဂလာဇာတာတော်အဟော - ဆရာမြတ်မင်း(အခါတော်ပေး) ၃၉၁

■ ပတ္တမြားရတုပူဇာမှတ်တမ်းများ

ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ပူဇော်ပွဲဖြစ်မြောက်ရေး ဂုဏ်ထူးဆောင်နာယကများ........ ၃၈၁
ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ပူဇော်ပွဲဖြစ်မြောက်ရေး ဗဟိုကော်မတီ ၃၈၂
ပတ္တမြားရတုစာစောင်ဖြစ်မြောက်ရေး နာယကဆရာတော်များနှင့် ကော်မတီ ၃၈၆
ပတ္တမြားရတု ဝိဇာတမွေးနေ့ပူဇော်ပွဲအတွက် အလှူရှင်များ........ ၃၈၇

မာတိကာ

■ ပတ္တမြားရတုပူဇာ ဩဝါဒကဗျာများ

မြတ်ဗုဒ္ဓ၏ မဟာကရုဏာတော်ခရီး – ရွှေချို့အောင်(ပေလီ) ၁၀၃
ကုသိနာရုံ – ကိုနော ၁၁၇
သည်းခံတရား – စစ်တွေ(ကြာခိုင်) ၁၃၃
စေတနာရှင် – နွယ်(စစ်တွေ) ၁၆၇
ကမ္ဘာထင်ပေါ် ဆရာတော် – ကြိုင်ထွန်းလင်း ၂၃၅
ယနေ့ပုဒ္ဓသာသနာ – မောင်ကျေးဇူး ၂၆၇
ဆည်းဆာတမ်းချင်း – ပုသိမ်မောင်သင်းယု ၂၈၉
ကုသိနာရုံဆရာတော်ကြီး – ထီလာစိုးမြင့်ထယ် ၃၂၉
သာသနာ့အာဇာနည်ဆရာတော် သက်တော်ရာကျော်ရှည်စေသော် – တက္ကသိုလ်စိုးယဥ် ၃၅၉

■ ပတ္တမြားရတုပူဇာ အင်္ဂလိပ်စာ

The Great Person - U Oo Than Tun (I.T.B.M.U)၇ .... ၃၉၆
ပတ္တမြားရတုပူဇာ ဟင်ဒီစာများ ၄၀၁



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋံသကာ) အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ၏ သမ္မောဒနီယ သာရဏီယကထာ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရီရပ်ကွက်၊ ကုသိနာရုံမြန်မာဘုန်းတော်ကြီး ဆရာတော်ဘဒ္ဒန္တဉာဏိဿရမထေရ်သည် ကုသိနာရုံ၌ နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင်သူဖြစ်သည်။ အိန္ဒိယ၌ ကုသိနာရုံသည် သံဝေဇနီယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် သုတ်မဟာဝါ ပါဠိတော် မဟာနိဗ္ဗာနသုတ်၌ အရှင်အာနန္ဒာအား သဒ္ဓါတရားရှိသော အမျိုးသား၊ အမျိုးသမီးတို့သည် ဖူးမြော်ထိုက်သော သံဝေဂရစေသော ဌာန (၄)ခုရှိကြောင်း၊ ယင်းတို့မှာ –

၁။ စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။ ကတမာနိ စတ္တာရိ။ "ဣဓ တထာဂတော ဇာတော" တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံဌာနံ။

၂။ "ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

၃။ "ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတ"န္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယ ဌာနံ။

ံ။ "ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော" တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။ ဣမာနိ ခေါ အာနန္ဒ စတ္တာရိ သဒ္ဓဿ ကုလပုတ္တဿ ဿနီယာနိ သံဝေဇနီယာနိဌာနာနိ- ဟူ၍ ဟောတော်မူခဲ့ပါသည်။ ယင်း (၄)ဌာနမှာ-

၁။ မြတ်စွာဘုရား ဖွားတော်မူသော လုမ္ဗိနီဌာန၊

၂။ မြတ်စွာဘုရား သဗ္ဗညုတသမ္မာသမ္ဗောဓိဉာဏ်ကိုရသော မဟာဗောဓိဌာန၊

၃။ မြတ်စွာဘုရား တရားဦးဓမ္မစကြာဟောတော်မူရာ မိဂဒါဝုန်ဌာန၊

၄။ မြတ်စွာဘုရား အနုပါဒိသေသပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံဌာနတို့သည် ဖူးမြင်ရသူတို့အား သံဝေဂတရားတို့ကို ဖြစ်စေသော ဌာနတို့ဖြစ်ပေသည်။

ယင်းနေရာဌာနတို့သို့ လာရောက်သူတို့အား မြတ်ဗုဒ္ဓက အရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူခဲ့ ပါသည်။ "**အာနန္ဒာ၊ စေတီ ပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သောသူတို့သည် ကြည်ညို သောစိတ်ရှိလျက် သေကုန်ငြားအံ့၊ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့**"ဟု မိန့်ကြားခဲ့ပါသည်။

သို့ဖြစ်၍ ထိုနေရာသို့ ကြည်ညိုသောစိတ်ဖြင့် ဘုရားဖူးသွားကြသူတို့သည် နတ်ပြည်သို့ သွားရောက်နိုင်သည်ဟု မှတ်ရပေမည်။ ယင်းသို့သော နေရာများမှာ မိမိတို့၏ စွမ်းအားဖြင့် နှစ်ပေါင်းများစွာ သာသနာပြုနေကြသော ဆရာတော်တို့သည် အတ္တ-ပရ ကျိုးနှစ်ဝကို အကျိုးရှိစွာ ထမ်းဆောင်နေကြသူများ ဖြစ်ပေသည်။

နိုင်ငံခြား၌ သာသနာပြုနေထိုင်ကြသော မြန်မာရဟန်းတော်များသည် အနည်းနှင့်အများ အခက်ခဲ ရှိစမြဲပင် ဖြစ်သည်။ ထိုသို့သော အခက်အခဲများကို အရှင်ပုဏ္ဏ၏ သာသနာပြုနှလုံးရည်ကို အတုယူ၍ သာသနာပြုကြပါမှ ဗုဒ္ဓမြတ်စွာသာသနာသည် ကမ္ဘာသို့ အနှံ့ပြန့်မည်ဖြစ်ပေသည်။ မည်သည့်နေရာမှာပင် နေသည်ဖြစ်စေ၊ ဘာသာသာသနာအတွက် ကောင်းကျိုးဖြစ်ဖွယ်ရာတစ်ခုခုကို ပြုစွမ်းနိုင်မှု ရှိကြရပေမည်။

ယခုအခါ အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့၊ မြန်မာဘုန်းတော်ကြီး ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရသည် အိန္ဒိယနိုင်ငံ၌ သာသနာပြုနေသည်မှာ နှစ်ပေါင်းအားဖြင့် (၅၀)ကျော်ခဲ့ပေပြီ။ ကုသိနာရုံ၌ ဘာသာသာသနာနှင့်စပ်၍ ရုပ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာများကို တိုးတက်သင့်သလောက် တိုးတက်အောင် ဆောင်ရွက်လာရာ ဗုဒ္ဓဘာသာများအတွက် သာဓုခေါ်စရာပင်ဖြစ်ပေသည်။ ဆရာတော် ဦးဉာဏိဿရသည် ယခုအခါ သက်တော် (၈၀)ပြည့်နှစ်တွင် ပတ္တမြားရတုသဘင်ကုသိုလ်ကို တပည့်ဒကာ ဒကာမများတို့က စည်ကားသိုက်မြိုက်စွာ ပြုလုပ်ပေးကြမည် ဖြစ်သည်။ ထိုမွေးနေ့ကို အကြောင်းပြု၍ မွေးနေ့ရှင်နှင့်တကွ ဒကာ၊ ဒကာမအပေါင်းတို့ကလည်း ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အစုစု တို့ကို ပြုလုပ်ဆည်းပူးခွင့် ရရှိကြပေမည်။ ထိုကုသိုလ်ကံရှိန်စော် အာနုဘော်တို့ကြောင့် မွေးနေ့ရှင်ဆရာတော်ကြီး သည်လည်း ဗုဒ္ဓသာသနာတော်ကို ဒီထက်မက ပြုစုစောင့်ရှောက်နိုင်ပြီး သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ရာပြည့်ရာကျော်တိုင်ခရီးသို့ တက်လှမ်းနိုင်ပါစေကြောင်း ဝမ်းမြောက်စကားပြောကြားရင်း ဆရာတော်၏ သမ္မောဒနီယ သာရဏီယကထာကို နိဂုံးချုပ်အပ်ပါသတည်း။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ



ပဏ္ဍမြားရတုစာစောင်ဖြစ်မြောက်ရေး နာယကအဖွဲ့ဝင် ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ဉယျောဇဉ်

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း ပဓာနဆရာတော်ဘုရား၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုဓမ္မသဘင်၌ (၇-၁၁-၂၀၁၁)ခု ဇမ္ဗူသီရိဗိမာန်တော်တွင် မြတ်ဗုဒ္ဓ၏ ပစ္ဆိမဝစနအမည်ဖြင့် တရားတစ်ပုဒ် ဟောထုတ်ခဲ့ဖူး၏။ ယခုလည်း ဆရာတော်ဘုရား၏ သက်တော် (၈၀)ပြည့်မြောက်လာခဲ့ပြီဆိုတော့ စိန်ရတုဓမ္မသဘင်၏ ဟောကြားခဲ့သော မြတ်ဗုဒ္ဓ၏ ပစ္ဆိမဝစနစကားဖြင့်ပင် တိုက်တွန်းစကား ပြောကြားလိုပါသည်။

မဟာသက္ကရာဇ် (၁၄၈)ခု၊ ကဆုန်လပြည့်နေ့ ပရိနိဗ္ဗာန်မစံအချိန်၌ မြတ်ဗုဒ္ဓသည် သာသနာတော်အသက် ကြာရှည်ဆက်စေဖို့ အဓိကအရေးအပါဆုံးဖြစ်သော နောက်ဆုံးမှာတမ်းစကားကို ဤကုသိနာရုံ၌ပင် အရှင်အာနန္ဒာအား မိန့်ကြားခဲ့ပါသည်။ **"ချစ်သောအာနန္ဒာ ..ငါဘုရား၏ အဆုံးအမတော်တွေဖြစ်တဲ့ ဓမ္မဝိနယတို့ကို မပျောက်မပျက် သင်ယူ/ ပို့ချ/ချီးမြှောက်ကြသူတွေ ရှိနေသမျှကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မမူသေး"**ဆိုပြီးတော့ မှာတမ်း ပြုခဲ့ပေသည်။

ကုသိနာရုံသည် ဗုဒ္ဓလက်ထက်တော်က မလ္လာမင်းတို့၏ မင်းနေပြည်တော်ဖြစ်ခဲ့ပါသည်။ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာမီတွင် မလ္လနိုင်ငံကို ဘုရင်အဇာတသတ်မင်းသိမ်းပိုက်၍ မာဂဓတိုင်းအတွင်းသို့ သွတ်သွင်းခဲ့သည်။ တရုတ်ရဟန်းတော် ဖာဟီယန်၏မှတ်တမ်းအရ အေဒီ (၅)ရာစုတွင် ပျက်စီးနေသော ဘုန်းတော်ကြီးကျောင်းများကို အများအပြားတွေ့ရှိရကြောင်း၊ ၎င်းအပြင် အေဒီ (၅)ရာစုတွင်ပင် **"ဟရိဗလသာမိက"**စေတီတော်ကိုလည်း တည်ဆောက်ခဲ့ကြောင်း တွေ့ရှိသိရှိရပါသည်။ (၁၈၅၂)ခုနှစ် ကျောက်စာဌာနက ကုသိနာရုံကို စတင်တူးဖော်ခဲ့ကြပါသည်။ ဘုန်းတော်ကြီးကျောင်းများအတွင်း မီးလောင်ထားသောပစ္စည်းများနှင့် လူရိုးများကို တွေ့ရှိရသည်ကို ထောက်ထား၍ ရဟန်းတော်များ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း မှတ်တမ်းရေးထိုးခဲ့ကြပါသည်။ ကုသိနာရုံကို တူးဖော်ခြင်းမပြုမီက ထိုဒေသ၌ သစ်ပင်ချုံနွယ်များ များစွာဖုံးအုပ်လျက် ရှိခဲ့ကြ၏။ ကုသိနာရုံဌာနကို ပထမဦးဆုံး စောင့်ရှောက်ခဲ့သူမှာ အိန္ဒိယတိုင်းရင်းသားဘုန်းတော်ကြီး မဟာဝီရဖြစ်သည်။ သီဟိုဠ်ကျွန်းမှာ ရဟန်းပြုခဲ့ပြီး ကုသိနာရုံသို့ လာရောက်နေထိုင်၍ သာသနာပြုခဲ့သည်။ ရခိုင်လူမျိုးသူဌေးကြီး ချီဇာရီဆိုသူက ဘုရားကျောင်း၏ မြောက်ဘက်တွင် မြေကွက်တစ်ခုဝယ်ယူ၍ ဇရပ်ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

ရခိုင်ပြည်မှ ရခိုင်အမျိုးသားဆရာတော် စန္ဒြမဏိလောင်းလျာသည် ဆယ်ကျော်သက်အရွယ် ရှင်သာမဏေဘဝကပင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိပြီး သက္ကတဘာသာနှင့် ဟိန္ဒူစတန်နီဘာသာတို့ကို သင်ယူခဲ့သည်။ ဆရာတော်စန္ဒြမဏိသည် ရခိုင်ပြည်၏ နောက်ဆုံးဘုရင် မဟာသမ္မတရာဇာ၏ (သားမြေးမြစ်) တီတော်သူဖြစ်သည်။ သာသနာပြုစိတ်ဓာတ်ပြင်းထန်သဖြင့် အနာဂါရိကဓမ္မပါလနှင့် တွဲဖက်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ကုသိနာရုံ၌လည်း ရဟန်းတော်မဟာဝီရနှင့် တွဲဖက်၍ ရခိုင်သူဌေးကြီး ချီဇာရီ၏ ဇရပ်ဆောက်လုပ်လှူဒါန်းခြင်းကို ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

ရဟန်းတော်မဟာဝီရ ပျံလွန်တော်မူသောအခါ ဆရာတော်စန္ဒြမဏိကပင် ဆက်လက်တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဆရာတော်၏ သာသနာပြုလုပ်ဆောင်ချက်များ ကျယ်ပြန့်လာသည်နှင့်အမျှ ဆရာတော်သည် အိန္ဒိယနိုင်ငံ တရားဝန်ကြီးချုပ် Dr–အမ်ဘေဒကာအပါအဝင် အိန္ဒိယတိုင်းရင်းသား (၅)သိန်းခန့်ကို ဗုဒ္ဓဘာသာသို့ သက်ဝင်ကူးပြောင်းစေခဲ့ပါသည်။ နာမည်ကျော်စာရေးဆရာ ရာဟုလာသံကစ္စည်းအပါအဝင် အိန္ဒိယနိုင်ငံသားများနှင့် နီပေါနိုင်ငံသားရဟန်းတော် ပေါင်း (၅၀)ကျော်တို့ကို မွေးထုတ်ပေးခဲ့ပြန်ပါသည်။ သက်တော် (၉၈)နှစ်အရွယ် ပျံလွန်တော်မူခါနီးတွင် သိက္ခာ (၁၈)ဝါ မျှသာရှိသေးသော တပည့်ရင်းဖြစ်သူ (ယခု–ပတ္တမြားရတုမွေးနေ့ရှင်) ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိသရအား "ကံကြောင့်ဖြစ်ရိုး၊ ကိုယ့်အမျိုးကို၊ မညှိုးငယ်အောင်၊ စွမ်းဆောင်သဖြင့်၊ ချီးမြှောက်သင့်၏" ဆိုသည့်အတိုင်း ကုသိနာရုံ သာသနာကို ဆက်လက် စောင့်ရှောက်ထိန်းသိမ်းရန် အနုသာရဏီယကထာအနေဖြင့် ယုံကြည်စိတ်ချစွာမှာခဲ့ပြီး ချီးမြှောက်ခဲ့ပေသည်။

"မရဏမဉ္စေ နိပန္နသ ကထာ နာမ ယာဝဇီဝံ အနုသာရဏီယာ ဟောတိ" (ဒီ–ဋ္ဌ၊ ၃။ ၁၂၅) ဟူသည်နှင့်အညီ မိဘ၊ ဆရာသမားတို့ ဘဝနိဂုံးချုပ်ခါနီး နောက်ဆုံးမှာတမ်းပြုခဲ့သော ဩဝါဒစကားများသည် ကျန်ရစ်သူ တပည့်သားသမီးများအတွက် မည်သည့်အခါမျှ မမေ့အပ်၊ အစဉ်အောက်မေ့အပ်၊ လိုက်နာကျင့်သုံးအပ်သော အနုသာရဏီယကထာပင်ဖြစ်ပေသည်။

ယနေ့ ပတ္တမြားရတုမွေးနေ့ရှင် ဆရာတော်ဘုရားကြီးသည်လည်း အနုဇာတသားရဟန်းပီပီ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးမှာတမ်းပြုခဲ့သည့် အနုသာရဏီယစာတမ်းကို အလေးအနက် ဦးထိပ်ပန်ဆင်လျက် သူပိုင်ဆိုင်ခဲ့သော ဘဝအချိန်များထဲမှ (၃)ပုံ၊ (၂)ပုံကို အမျိုးဘာသာသာသနာအတွက်သာ ဖြစ်စေခဲ့ပါသည်။

ဆရာတော်ကြီး၏ ဘာသာသာသနာအပေါ် အနစ်နာခံခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း စသည့် မြင့်မြတ်သော နှလုံးသားစွမ်းရည်လုပ်ဆောင်ချက်တို့ကြောင့် မဇ္ဈိမဒေသ၏ ဗုဒ္ဓသာသနာ့အရောင် ထွန်းလင်းပြောင်ခဲ့ပါသည်။ နိုင်ငံခြား၌ နေရသော်လည်း အမိမြန်မာပြည်အပေါ် သံယောဇဉ်ကြီးမားသူပီပီ အမျိုးဘာသာသာသနာအပေါ် စေတနာထားသူ ဗုဒ္ဓသားတော်တစ်ဦးပီပီ မြန်မာတို့ကိုယ်စား နိုင်ငံရပ်ခြားတွင် စွမ်းစွမ်းတမံ သာသနာပြုနေဆဲလည်း ဖြစ်ပါသည်။

စာရေးသူအနေဖြင့်လည်း ဆရာတော်ကြီးနှင့်ပတ်သက်၍ "တနွယ်ငင်၊ တစင်ပါ"ဆိုသလို ခွဲခြားမရသော အကြောင်းအမျိုးမျိုးကြောင့် ဤပတ္တမြားရတုစာစောင်ဖြစ်မြောက်ရေး၌ နာယကအဖြစ် ပါဝင်ဆောင်ရွက်နေပေ၏။

ဤစာစောင်ကိုလည်း စာစောင်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းတိုင်ပင်၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ထားကြပေရာ ပတ္တမြားရတုရှင်ဆရာတော်ဘုရားကြီး၏ ဘဝပုံရိပ်များကို ထင်ဟပ်စေလိမ့်မည်ဟု မျှော်လင့်မိပါသည်။ နှောင်းခေတ်သာသနာပြုရဟန်းတော်များအတွက် အတုယူစရာ၊ အားကျစရာ၊ စံနမူနာထားစရာအဖြစ် မီးရှူးတန်ဆောင်သဖွယ် ဖြစ်နေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ စာရေးသူနှင့်အတူ ကုသိနာရုံပတ္တမြားရတုရှင်ဆရာတော်ကြီးနှင့် ဆက်စပ်သော ဓမ္မမိတ်ဆွေအပေါင်းတို့ကလည်း ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းစဉ်တို့ကို ဆက်ကာဆက်ကာ အမြဲပါလျက် အားပေးကူညီချီးမြှောက်နိုင်ကြပါစေဟု ဥယျောဇဉ်စကား ပြောကြားလိုက်ရပါသည်။

ဘဒ္ဒန္တသုစိတ္တာဘိဝံသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၏ ဥယျောဇဉ်

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ဗုဒ္ဓနဂရိရပ်ကွက်၊ ကုသိနာရုံမြန်မာဘုန်းတော်ကြီးကျောင်း၊ ပြည်ပနိုင်ငံများ၊ ဗုဒ္ဓသာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အရှင်သူမြတ် (B.A); M.A (History); M.A (Pāḷi); (B.A;M.S) (L.L.B); (Ph.D) သည် (၁၀-၁၁-၂၀၁၅)နေ့တွင် သက်တော် (၈၀)ပြည့်မြောက်တော်မူပြီဖြစ်ပါသည်။ ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ဝိဇာတမင်္ဂလာအခါတော်တွင် သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေဖြင့် ဥယျောဇနကထာကို ပူဇော်တင်ပြခွင့်ရသဖြင့် ဆရာတော်ကြီးနှင့်တကွ စိစဉ်ကျင်းပ ကုသိုလ်ယူကြသူအားလုံးကို ကျေးဇူးတင်ပါကြောင်း ရှေးဦးစွာ ဝမ်းမြောက်စကား ပြောကြားအပ်ပါသည်။

ဆရာတော်လောင်းလျာ မောင်အောင်ဇံဝေကို (၁၀-၁၁-၁၉၃၆)ခုနှစ်တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဇင်ရိုင်းချောင်းကျွန်း၊ ဇီးပင်ကြီးရွာနေ ခမည်းတော် ဦးမောင်ကျော်သူ၊ မယ်တော် ဒေါ်ဝင်းမြဦးတို့မှ မွေးဖွားသန့်စင်ခဲ့ပြီး (၅)နှစ်သားအရွယ်မှ စတင်၍ ပညာသင်ကြားကာ (၁၄)နှစ်သားအရွယ်တွင် ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ကြောင်း စစ်တွေ၊ ရန်ကုန်၊ မန္တလေးမြို့များတွင် ပရိယတ္တိစာပေများကို သင်ယူခဲ့ကြောင်း၊ ရန်ကုန် ပုဇွန်တောင် ပေတောကုန်းဆရာတော် ဦးနန္ဒ၏ အလွတ်ပညာသင်ကျောင်း၌ (၈)တန်းအထိ ပညာသင်ယူခဲ့ကြောင်း၊ ရန်ကုန် မင်္ဂလာရာမကျောင်း၌ ပညာသင်ယူစဉ် ပထမကြီးတန်း အောင်မြင်ခဲ့ပြီး ဓမ္မာစရိယတန်းအထိ သင်ယူခဲ့ကြောင်း သိရှိကြည်ညိုရပါသည်။

(၁၉၆၃)ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်း၌ အခက်အခဲမျိုးစုံကြားတွင် တစ်ပါးတည်း ရှန်းကန်သာသနာပြုတော်မူလျက်ရှိသည့် ကမ္ဘာ့သာသနာပြု ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ ခြေတော်ရင်းသို့ ရောက်ရှိတော်မူပြီး ဆရာတော်

ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီရင်း ဟိန္ဒီ၊ သက္ကတ၊ တိဗက်၊ အင်္ဂလိပ်ဘာသာစကားများနှင့် ပူးတွဲလျက် အာယုဗ္ဗေဒ ဆေးပညာနှင့် ဥပဒေပညာအပါအဝင် ခေတ်ပညာ ဘွဲ့ဒီဂရီများကို ဆက်လက်ဆည်းပူးခဲ့ကြောင်း၊ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တစန္ဒိမာဘိ၏ မဇ္ဈိမဒေသ တစ်ကျောပြန် သာသနာပြုလုပ်ငန်းတွင် ခက်ခဲဆင်းရဲပင်ပန်းစွာ ပါဝင်ကူညီခဲ့ရုံမျှမက သာသနာပြုလုပ်ငန်းများကို ပိုမိုရှင်သန်ဖွံ့ဖြိုးအောင် အားထုတ်ရင်း ယနေ့သက်တော် (၈၀)ကာလတိုင် ဖွဲ့ နဘဲကြီးမားစွာ အားထုတ်လျက်ရှိကြောင်းတို့ကို ကြားသိမှတ်သားခွင့်ရသည့်အခါ လွန်စွာဝမ်းမြောက်ပီတိဖြစ်ရသဖြင့် သာဓုအကြိမ်ကြိမ် ခေါ်မိပါသည်။

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ ဗုဒ္ဓသာသနာတော်သမိုင်းကို အတန်ငယ် စောင်းငဲ့ကြည့်ရှုမိပါလျှင် ဘီစီ (၅၈၉)ခန့်တွင် မြတ်ဗုဒ္ဓဒေသနာအဆုံးအမတော်များ ပွင့်ထွန်းလာခဲ့ပြီး (၄၅)ဝါပတ်လုံး မဇ္ဈိမဒေသကို ဗဟိုပြုလျက် ရှင်တော်ဘုရားသည် လောကလူသားတို့အကျိုးစီးပွားအတွက် မနေမနား ထမ်းဆောင်တော်မူပြီးနောက် ဘီစီ (၅၄၄)ခန့်တွင် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။ ပရိနိဗ္ဗာန်စံဝင်တော်မူပြီး သုံးလခန့်အကြာ ရာဇဂြိုဟ်၌ ပထမသင်္ဂါယနာ၊ သာသနာနှစ် (၁၀၀)တွင် ဝေသာလီ၌ ဒုတိယသင်္ဂါယနာ၊ သာသနာနှစ် (၂၃၅)တွင် ပါဋလိပုတ်ပြည်၌ တတိယသင်္ဂါယာတင်ခဲ့ပြီး သင်္ဂါယနာဒါယကာ သီရိဓမ္မာသောကမင်းကြီး၏ ဦးဆောင်မှုဖြင့် ကိုးတိုင်း ကိုးဌာနများသို့ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်၏ မူလဇာတိ မဇ္ဈိမဒေသ၌မူ ဗုဒ္ဓဘာသာ ရဟန်းတော်များ အယူကွဲဝါဒကွဲများဖြင့် အားနည်းလာခြင်း၊ ဗြာဟ္မဏအယူဝါဒ၏ ပူးဝင်တိုက်ခိုက်ခံရခြင်း၊ မဟာမေဒင် တူရကီအနွယ်တို့၏ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းတို့ကြောင့် ဗုဒ္ဓဝါဒ တဖြည်းဖြည်း မှေးမှိန်လာခဲ့ကာ အေဒီ (၁၂)ရာစုခန့်မှစ၍ ဗုဒ္ဓဒေသနာတော် ပျောက်ကွယ်ခဲ့ရကြောင်း ခိုင်လုံတိကျသော သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

သီရိဓမ္မာသောကမင်းကြီး၏ ကိုးတိုင်းကိုးဌာန သာသနာပြုလုပ်ငန်းအကျိုးဆက်အနေဖြင့် သီဟိုဠ်နိုင်ငံတွင် စတုတ္ထသင်္ဂါယနာ၊ မြန်မာနိုင်ငံတွင် ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတို့ကို တင်နိုင်ခဲ့ခြင်းကြောင့် အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာဗုဒ္ဓဘာသာဝင်များအချင်းချင်း ဖိုခနောက်ဆိုင်အင်အားစုတစ်ရပ် ဖြစ်တည်ပေါ်ထွန်းလာခဲ့ခြင်းကြောင့် မြတ်ဗုဒ္ဓသာသနာတော်သက်တမ်း ရှည်စေနိုင်ခဲ့သည်ဟူ၍ ခန့်မှန်းကြည့်နိုင်ပါသည်။

အိန္ဒိယတွင် အေဒီ (၁၂)ရာစုခန့်မှစ၍ ပျောက်ကွယ်ခဲ့သော မြတ်ဗုဒ္ဓသာသနာတော်သည် နှစ်ပေါင်း (၈၀၀)ကျော် အကြာ (၁၉)ရာစုတွင် ဗြိတိသျှကိုလိုနီအစိုးရ ရှေးဟောင်းသုတေသနဌာနက အိန္ဒိယနိုင်ငံ တစ်နံတစ်လျားရှိ ရှေးဟောင်း ဗုဒ္ဓသာသနိကအဆောက်အအုံများကို ပြန်လည်တူးဖော် သုတေသနပြုခဲ့သည်မှ စတင်ကာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာအရိပ်အငွေ့များ ပြန်လည်ယုက်သန်း နိုးထလာခဲ့ကြောင်း မှတ်သားရပါသည်။ ကမ္ဘာ့ကိုးကွယ်မှုဘာသာပေါင်းစုံကို လေ့လာသော သီအိုဆိုဖီအသင်းကြီးသည် (၁၈၇၅)ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ စတင်ပေါ်ပေါက်ခဲ့ပြီး (၁၈၇၈)ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း၊ စတင်တည်ထောင်ကြသူများမှာ အမေရိကန်ရေတပ်ဗိုလ်မှူးကြီး ကာနယ် အိုတ်(ချ်) အော(လ်) ကော့(တ်)နှင့် ရုရှားယောဂီမကြီး မဒမ် ဘလာဗာစကီးတို့ဖြစ်ကြောင်း၊ ၎င်းတို့ဦးဆောင်၍ (၁၉၈၅)ခုနှစ်မှ စတင်ကာ ကဆုန်လပြည့်နေ့ကို နိုင်ငံတကာဗုဒ္ဓနေ့အဖြစ် သတ်မှတ်ကြေညာပြီး ယနေ့အသုံးပြုလျက်ရှိသော

ရောင်ခြည်တော်ခြောက်သွယ်ပါ သာသနာ့အလံတော်ကို တီထွင်လွှင့်ထူနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းသီအိုဆိုဖီအသင်းကြီး၏ အမာခံအဖွဲ့ဝင် သီဟိုဠ်ကျွန်းသား လူသူတော် အနာဂါရိက ဓမ္မပါလသည် သံဝေဇနီယလေးဌာနဝင် ဗောဓိမဏ္ဍလခေါ် ဗုဒ္ဓဂယာကို အိန္ဒိယနိုင်ငံ၊ ဗြာဟ္မဏမဟန့်ဘုန်းကြီးများထံမှ ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းရာမှ စတင်ကာ (၁၈၉၁)ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ မဟာဗောဓိအသင်းကြီးကို ထူထောင်ခဲ့သည်။ အသင်းကြီး၏ အဓိကရည်မှန်းချက်များမှာ ဗောဓိမဏ္ဍလကို ဗုဒ္ဓဘာသာဝင်များ လက်တွင်းသို့ ပြန်လည်ရရှိရန်နှင့် အိန္ဒိယတိုက်ငယ်တွင် ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားရန်၊ ယင်းမှတစ်ဆင့် ကမ္ဘာ့သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သည်။

(၁၈၉၁)ခုနှစ်ခန့်တွင် အနာဂါရိက ဓမ္မပါလနှင့် ကာနယ် အိတ်(ချ်) အော(လ်) ကော့(တ်)တို့သည် မဟာဗောဓိ အသင်းဖွဲ့စည်းရန် စစ်တွေမြို့သို့ လာရောက်ခဲ့ပြီး ထိုမှတစ်ဆင့် မန္တလေးရှိ တောင်ခွင်သာသနာပိုင်ဆရာတော်တို့ထံသို့ပင် ရောက်ရှိခဲ့ကြကြောင်း သိရှိရပါသည်။ စစ်တွေမြို့၌ ရှိနေစဉ်အတွင်း စန္ဒာရာမကျောင်းတိုက်ဆရာတော် အရှင်စန္ဒိမာထံမှ မဇ္ဈိမဒေသ တစ်ကျော့ပြန် သာသနာပြုလုပ်ငန်းအတွက် ရှင်သာမဏေနှစ်ပါးကို တောင်းခံခဲ့ရာ ရှင်စန္ဒနှင့် ရှင်သူရိယနှစ်ပါးကို ထည့်ပေးခဲ့ပါသည်။ ရှင်စန္ဒသည် နောင်တွင် မဇ္ဈိမဒေသ တစ်ကျော့ပြန် သာသနာပြုခေါင်းဆောင်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိအဖြစ် ထင်ရှားလာမည့်သူငယ်ဖြစ်သည်။

ရှင်စန္ဒသည် အနာဂါရိကဓမ္မပါလအောက် (၁၁)နှစ်ငယ်ပြီး အနာဂါရိကဓမ္မပါလ၏ တိုက်တွန်းအားပေးမှုဖြင့် မြန်မာပြည်တွင် မော်လမြိုင် ကတိုးကော့နုပ်ကျောင်းတိုက်၊ မန္တလေး မြတောင်ကျောင်းတိုက်၊ အနောက်ခင်မကန်တိုက်၊ ဝိသုဒ္ဓါရုံကျောင်းတိုက်တို့တွင် ပိဋကတ်စာပေများကို နှံ့စပ်အောင် သင်ယူခဲ့ရုံမျှမက အိန္ဒိယနိုင်ငံ၌လည်း အနာဂါရိက ဓမ္မပါလ၏ ပံ့ပိုးကူညီမှုဖြင့် အိန္ဒိယရဟန်းတော် အရှင်ဇိနာနန္ဒ၊ ဝါရီပုဂံလမ်း မရမာကျောင်းတိုက်ဆရာတော် အရှင်မဟာဝီရ၊ ကျောင်းဆရာကြီး ဂေါဝိန္ဒစာ ဆကရိန်း၊ ဇီဝါနန္ဒ၊ ဂျာနာကေရ ပဏ္ဍိတတို့ထံ၌လည်း ပါဠိ၊ သက္ကဋ၊ ဟိန္ဒီ၊ အင်္ဂလိပ်စသော ဘာသန္တရများကို ဆည်းပူးသင်ယူခဲ့သည်။

(၁၉၀၄)ခုနှစ်တွင် ရှင်စန္ဒြမဏိ ရဟန်းဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံသား ကုသိနာရုံဆရာတော် အရှင်မဟာဝီရ၏ အရိပ်အာဝါသအောက်၌ အနာဂါရိက ဓမ္မပါလနှင့်အတူ မဟာဗောဓိစေတီတော်နှင့် ဗုဒ္ဓဂယာနယ်မြေကို ဘာသာခြားလက်မှ ပြန်လည်ရရှိရန် စွမ်းစွမ်းတမံ အားထုတ်တော်မူခဲ့သည်။ (၁၉၂၈) ခုနှစ်တွင် အရှင်မဟာဝီရ ပျံလွန်တော်မူသည့်အခါတွင် အရှင်စန္ဒြမဏိက ဆရာတော်၏ လက်ငုတ် သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရင်း တရားဦး ဓမ္မစကြာဟောတော်မူရာ မိဂဒါဝုန်နယ်မြေတွင် ဗုဒ္ဓဘာသာကျောင်းတည်ထောင်ပြီး သွေးရင်းတူသားဖြစ်သူ အရှင်ကိတ္တိမာကို လွှဲအပ်သာသနာပြုစေခဲ့ပါသည်။ မဟာဗောဓိစေတီတော်ကြီးနှင့် ဗုဒ္ဓဂယာနယ်မြေကို ပြန်လည်ရရှိအောင် တရားရင်ဆိုင်နေစဉ်ကာလအတွင်း (၁၉၃၃)ခုနှစ်တွင် အနာဂါရိက ဓမ္မပါလ လူသူတော်ကြီး ကွယ်လွန်ခဲ့ပြီးနောက် (၁၉၃၅)ခုနှစ်တွင် မဟာဗောဓိစေတီတော်ကြီးနှင့် ဗုဒ္ဓဂယာနယ်မြေကို ဗုဒ္ဓဘာသာဝင်များ စီမံခန့်ခွဲခွင့် ရရှိခဲ့ပါသည်။

(၁၉၆၃)ခုနှစ်တွင် အရှင်ဉာဏိဿရသည် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံတွင် သီတင်းသုံးလျက်ရှိသော ကမ္ဘာ့သာသနာပြုဆရာတော်ကြီး အရှင်စန္ဒြမဏိ၏ ခြေတော်ရင်းသို့ ရောက်ရှိခဲ့ပြီး ဆရာတော်ကြီး၏ သာသနာ

ပြုလုပ်ငန်းများဆောင်ရွက်ရင်း ဆက်လက်ပညာသင်ကြားခဲ့ပုံများ၊ ကုသိနာရုံသာသနာပြုဌာနကြီးကို ဥပဒေရုံးများတွင် တရားရင်ဆိုင်မှုမျိုးစုံနှင့် ဒေသခံများနှင့် အခက်အခဲအကြပ်အတည်းတင်းမာမှုမျိုးစုံတို့ကို ပင်ပန်းဆင်းရဲစွာ ရင်ဆိုင်ကျော်လွှားပြီး သာသနာတော်စည်ပင်ပြန့်ပွားအောင် အားထုတ်ခဲ့ပုံများကို ကုသိနာရုံဖွံ့ဖြိုးတိုးတက်မှု စာပေမှတ်တမ်းများတွင် အသေးစိတ်ဖော်ပြ ဂုဏ်ပြုမှတ်တမ်းတင်ထားသည်ကို ရင်သပ်ရှုမောအံ့ဩဘနန်း ချီးမွမ်းခန်းဖွင့်ရလောက်အောင် ဖတ်ရှုခံစားခဲ့ရပါသည်။ ယင်းကြိုးစားအားထုတ်မှုများအနက် (၁၉၇၂)ခုနှစ်တွင် ဆရာတော်ကြီးဘဒ္ဒန္တစန္ဒြမဏိကို အထောက်အကူပြုလျက် ဗုဒ္ဓဘာသာကူးပြောင်းသူ အိန္ဒိယလူမျိုး (၂၅)သိန်း၊ (၁၉၈၉)ခုနှစ်တွင် (၅)သိန်း၊ (၁၉၉၃)ခုနှစ်တွင် (၁)သိန်းတို့ကို ဗုဒ္ဓဘာသာ ဝင်ဖြစ်အောင်စီစဉ်ဆောင်ရွက်ခဲ့သည်များကို အရှင်ဉာဏိသရ၏ ကြိုးပမ်းအားထုတ်မှုများအဖြစ် ဝမ်းမြောက်ဂုဏ်ယူဖွယ်သိရှိမှတ်သားရပါသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးသူများကိုလည်း ရှင်ရဟန်းပြုပေးခြင်း၊ သီလရှင်ဝတ်ပေးခြင်းစသည်ဖြင့် မဇ္ဈိမဒေသ ဗုဒ္ဓသာသနာတော်ရေသောက်မြစ်များကို အစွမ်းကုန်ရှင်သန်ဖွံ့ဖြိုးအောင် ကြိုးစားအားထုတ်ဆောင်ရွက်တော်မူလျက်ရှိကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

ယခုအခါ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ မြန်မာကျောင်းပေါင်း (၂၂)ကျောင်း၌ မြန်မာရဟန်းတော်များက သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကိုလည်း အားတက်ဖွယ်မြင်တွေ့ရပါသည်။ အိန္ဒိယနိုင်ငံ တက္ကသိုလ်များစွာတွင်လည်း မြန်မာပညာသင်ရဟန်းတော် (၃၅၀)ကျော်နှင့် မြန်မာသီလရှင်အချို့ ပညာသင်ကြားလျက်ရှိပြီး နောင်အခါတွင် အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံတကာ၌ ပြည်ပသာသနာပြုလုပ်ငန်းများကို အားထုတ်တော်မူကြမည့် မြန်မာရဟန်းတော်များ၏ သာသနာပြုစွမ်းရည်ကိုလည်းတွေ့မြင်ကြရတော့မည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် တတိယကုသိနာရုံဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိသရ၏ တပည့်ရဟန်းသာမဏေ (၄၀၀)ကျော်ခန့်ရှိကြောင်း သိရှိရသဖြင့် မဇ္ဈိမဒေသ အနာဂတ်သာသနာတော်အတွက် လွန်စွာအားတက်ရပါသည်။

တတိယကုသိနာရုံဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိသရသည် ကျေးဇူးတော်ရှင်ရှေ့ပြေးသာသနာပြု ဆရာတော်ကြီးများ၏ ခြေတော်ရာကို တစ်ထပ်တည်းလိုက်ပါလျက် သက်တော် (၈၀)အရွယ်တိုင် မမောမပမ်းတမ်း သာသနာပြုတော်မူလျက်ရှိပါသည်။ သက်တော်ရာကျော်တိုင် ဆက်လက်သာသနာပြုလျက် မျိုးဆက်သစ်တို့အတွက် ရှေ့ဆောင်လမ်းပြ ထွန်းပစေနိုင်ပါကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။ မျိုးဆက်သစ်သာသနာပြု အရှင်မြတ်များအနေဖြင့်လည်း ရှေ့ပြေးအာဇာနည်ကြီးများ၏စွမ်းဆောင်ရည်ကို အမီလိုက်ပါလျက် ကိုယ်ကျင့်သီလ အခြေခံဖြင့် သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့ဖြင့်သာသနာပခုံးပြောင်းတာဝန်များကို ဆက်လက်ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

ဦးစိုးဝင်း

သာသနာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး

ပဋ္ဌာန်းရတုဝိဇာတပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ
အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရဦးသန်းနိုင်၏
ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသတွင် နှစ်ပေါင်း (၅၄)နှစ်၊ ရာစုဝက်ကျော်တိုင်အောင် သာသနာပြုဆောင်ရွက်နေသော ကုသိနာရုံဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိသရအရှင်သူမြတ်၏ (၂၀၁၅)ခုနှစ်၊ နိုဝင်ဘာ (၁၀)ရက်နေ့တွင် သက်တော် (၈၀)ပြည့် ပဋ္ဌာန်းရတုဝိဇာတမွေးနေ့ဖြစ်ပေသည်။ ပထမအစ အာဒိကမ္မိကဖြစ်သော ဆရာတော်အရှင်စန္ဒြမဏိဘာဘာမှသည် ဒုတိယမျိုးဆက်ဖြစ်သော ဆရာတော်အရှင်ဉာဏိသရ၏ သာသနာပြုဆောင်ရွက်ချက်များကို တိကျမှန်ကန်နိုင်လုံသော အထောက်အထား မှတ်တမ်းမှတ်ရာများနှင့်အတူ သာသနာ့သမိုင်း ဝင်စေမည့် ပဋ္ဌာန်းရတုစာစောင်ကို ထုတ်ဝေနိုင်ရန် စီစဉ်ခဲ့ကြပါသည်။

ပဋ္ဌာန်းရတုမွေးနေ့ပူဇော်ပွဲ ကျင်းပပြုလုပ်နိုင်ရန် ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်၍ (၁၃-၅-၂၀၁၅)နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး၊ ဟံသာဝတီရိပ်ကုန်းမြေ၊ စိန်ရတု မဟာနာယကကျောင်းဆောင်၌ မွေးနေ့ ဖြစ်မြောက်ရေးဗဟိုကော်မတီနှင့် ပဋ္ဌာန်းရတုစာစောင်ဖြစ်မြောက်ရေးဆပ်ကော်မတီတို့ကို စတင်ဖွဲ့စည်းကာ အစည်းအဝေးပေါင်း (၂)ကြိမ်တိုင်တိုင် ပြုလုပ်နိုင်ခဲ့ပြီး ပဋ္ဌာန်းရတုစာစောင် ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ ပတ္တမြားရတုစာစောင်ပေါ်ပေါက်လာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကုသိနာရုံသာသနာ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးပင်ဖြစ်ပေသည်။ **ပထမကုသိနာရုံသာသနာကို** ဆရာတော်ကြီးအရှင်စန္ဒြမဏိ ဘာဘာက မျိုးစေ့ချပြုစုပျိုးထောင်နိုင်ခဲ့ပြီး၊ **ဒုတိယကုသိနာရုံသာသနာကို** ယခုမွေးနေ့ရှင်ဖြစ်သော ဆရာတော်ကြီးအရှင်ဉာဏိဿရမှ ဖူးပွင့်ဝေဆာ ပွင့်လန်းစေခဲ့ပြီဖြစ်ပါသည်။ ဆရာတော်ကြီးသည် သက်တော် ကြီးရင့်လာပြီဖြစ်၍ နောင်လာမည့် **တတိယကုသိနာရုံသာသနာကို** ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် မျိုးဆက်သစ်ဥယျာဉ်မှူးများထံသို့ လက်ဆင့်ကမ်းစေလိုသည့်အတွက် ဤပတ္တမြားရတုစာစောင်တွင် စာပေပညာရှင်များစွာတို့က ဆရာတော်ကြီး၏ ကမ္ဘာအနှံ့သာသနာပြုဆောင်ရွက်ချက်များကို **အားကျအတုယူနိုင်စေရန်အလို့ငှာ** ပြီးပြည့်စုံသော တိကျမှန်ကန်ခိုင်လုံသော အထောက်အထားများနှင့်အတူ သာသနာ့သမိုင်းဝင် မော်ကွန်းတင်ထားနိုင်ရန် အထူးကြိုးစားပြီး ပြုစုထုတ်ဝေရခြင်းဖြစ်ပေသည်။

ပတ္တမြားရတုစာစောင်ဖြစ်ပေါ်လာရေးအတွက် စာပေပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး သတင်းစာ၊ လက်ကမ်း စာစောင်တို့ဖြင့် စာမူများဖိတ်ခေါ်ခဲ့ရာ စာမူပေါင်း (၁၂၀)လက်ခံရရှိခဲ့ပြီး၊ စာအုပ်စာမျက်နှာ ကန့်သတ်ချက်အရ စာမူ(၉၄)ပုဒ်ကိုသာ ရွေးချယ်ပြီး စာစောင်တွင် ဖော်ပြနိုင်ခဲ့ပါသည်။ အုပ်ရေ (၂၀၀၀) ဓမ္မဒါနအဖြစ် ထုတ်ဝေမည် ဖြစ်ပါသည်။

ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းစဉ်များကို ပံ့ပိုး လှူဒါန်းပါရမီ ဖြည့်လျက်ရှိကြသော အလှူရှင်များအားလုံးကိုလည်းကောင်း၊ ဆရာတော်ကြီး၏ သာသနာပြု ဆောင်ရွက်ချက်များကို ပြီးပြည့်စုံအောင် ကြိုးပမ်းအားထုတ်ရေးသားပေးကြပါသော စာပေပညာရှင်များကို လည်းကောင်း၊ ရွေးချယ်ခြင်းမခံရသော စာမူရှင်များအားလုံးကိုလည်းကောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ပါဝင်ပံ့ပိုးကူညီသူများအားလုံးတို့ကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဤစာစောင်တွင် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ဦးသန်းနိုင်
(သာသနဓဇဓမ္မာစရိယ)
ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

စီစဉ်သူတို့၏ ပန်ကြားလွှာ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် (၂၀၁၅)ခုနှစ်၊ မေလက မြန်မာပြည်သို့ ရောက်ရှိလာပါသည်။ ထိုသို့ ရောက်ရှိလာစဉ်မှာပင် ဆရာတော်ကြီးက ယခုနှစ် (၁၀-၁၁-၂၀၁၅)ခုနှစ်မှာ ဘုန်းကြီးအသက် (၈၀)ပြည့်ပြီဟု မိန့်ကြားခဲ့ပါသည်။ သို့နှင့် ဆရာတော်ကြီးထံသို့ ရောက်ရှိလာကြသော တပည့်ဒကာဒကာမတို့နှင့် စကားစပ်၍ ပြောဆိုကြရာမှ ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုသဘင်မွေးနေ့ကျင်းပမည့် အကြောင်း ဖြစ်ပေါ်လာပါသည်။ ဆရာတော်ကြီးကလည်း ကျင်းပလိုက ကျင်းပနိုင်ကြောင်း ခွင့်ပြုစကား မိန့်ကြားခဲ့ပါသည်။

သို့နှင့် ဆရာတော်၏ တပည့် ဒကာ ဒကာမများတိုင်ပင်ကာ (၁၃-၅-၂၀၁၅)နေ့တွင် ဆရာတော်ကြီး သီတင်းသုံးရာ ကမ္ဘာအေး၊ ဟံသာသီရိကုန်းမြေ၊ မဟာနာယကစိန်ရတုကျောင်းဆောင်တွင် အစည်းအဝေး တစ်ရပ် ပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေး၌ ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုမွေးနေ့ ပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီအဖွဲ့နှင့် ပတ္တမြားရတု စာစောင်ဖြစ်မြောက်ရေးစာပေကော်မတီတို့ကိုပါ ဖွဲ့စည်းခဲ့ပါသည်။ (ဗဟိုကော်မတီနှင့် စာပေကော်မတီ စာရင်းများအား သီးခြားဖော်ပြထားပါသည်။)

ထိုသို့ဖွဲ့စည်းရာတွင် ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရက အဖွင့်အမှာစကားပြောကြားသည်မှာ အိန္ဒိယနိုင်ငံ၌ နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင်ခဲ့ရာ မြန်မာတို့၏ ဘာသာသာသနာစိတ်ဓာတ် မြင့်မားပုံနှင့် ဗုဒ္ဓသာသနာအပေါ် ကမ္ဘာကပါ ယုံကြည်လေးစား အလေးထားလာအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ပမှာ မြန်မာတို့ရဲ့ ကူညီတတ်မှု၊ ရိုင်းပင်းတတ်မှု၊ ပရဟိတအကျိုးဆောင်ရွက်မှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပြုသဆောင်ရွက်ခဲ့ကြောင်း၊

ဗို့ကြောင့် မြန်မာဗုဒ္ဓဘာသာဝင်တွေကို ကမ္ဘာက လေးစားသမှု အလေးဂရုပြုကြကြောင်း စသည်ဖြင့် ပြန့်ကြားသွားပါသည်။

သို့ဖြစ်ပါ၍ ဆရာတော်ကြီး၏ ပတ္တမြားရတုစာစောင်ဖြစ်မြောက်ရေးကော်မတီအဖွဲ့အနေဖြင့် ဆရာတော်ကြီး၏ ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ လူမှုရေး စသည့် လုပ်ဆောင်ချက်များကို ပိုမိုပြည့်စုံသထက်ပြည့်စုံအောင် ကြိုးစားအားထုတ်ခဲ့ကြရပါသည်။ ယင်းနှင့်စပ်၍ ဗဟိုကော်မတီအဖွဲ့မှ ဘာပေကော်မတီအဖွဲ့ဝင် (၂)ဦးအား အိန္ဒိယနိုင်ငံ၌ ဆရာတော်၏ လက်တွေ့သာသနာပြုပုံများ စသည်တို့ကို မှတ်တမ်းမှတ်ရာအဖြစ် ရယူရန် အိန္ဒိယသို့ စေလွှတ်ခဲ့ပါသည်။

မှတ်တမ်းမှတ်ရာများကိုလည်း အချိန်ယူ၍ ရေးသားခဲ့ရပါသည်။ ထို့ပြင် ပတ္တမြားရတုစာစောင် ပြုလုပ်ရာ၌လည်း အချိန်ကာလအနေဖြင့် အလွန်နည်းပါးနေခြင်း၊ မိမိတို့၏ လုပ်ငန်းကိစ္စကြားမှ အချိန်ပေးပြီး ဆောင်ရွက်ရခြင်း၊ ပါသင့် ပါထိုက်သော စာရေးဆရာတို့၏ စာမူများကို စောင့်ယူရခြင်း စသောအကြောင်းများ ကြောင့် စာစောင်ရုပ်လုံးပေါ်အောင် မနည်းကြိုးစားခဲ့ရပါသည်။ စာစောင်၌လည်း ဆရာတော်ကြီး၏ အကြောင်းအရာ ကဏ္ဍစုံပါဝင်အောင်နိုင်အောင် ကြိုးစားအားထုတ်ခဲ့ရပါသည်။

ပတ္တမြားရတုစာစောင်နှင့်စပ်လျဉ်း၍ စာမူများကို သတင်းစာများမှလည်း ဖိတ်ခေါ်ခဲ့ပါသည်။ လေးစား ရသော ပုဂ္ဂိုလ်များထံမှလည်း သီးသန့်တောင်းယူခဲ့ပါသည်။ အချို့အကြောင်းအရာနှင့် အရေးအသားတင်ပြ မှုအားနည်းသောစာမူများ၊မဆီလျော်သောစာမူများကိုလည်း ချန်လှပ်ခဲ့ရပါသည်။ ထိုအတွက်လည်း နားလည် ပေးကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ယခုစာစောင်တွင် ဖော်ပြထားသော စာမူများမှာ ပတ္တမြားရတုစာစောင် ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ရွေးချယ်သောစာမူများဖြစ်ပါသည်။

ပတ္တမြားရတုစာစောင်ကော်မတီအနေဖြင့် စာမူများသန့်အောင် အကြိမ်ကြိမ်ကြိုးစားဆောင်ရွက်ခဲ့ကြ ပါသည်။ သို့ပင်ငြား အမှားမကင်းသော ပုထုဇဉ်တို့၏ သဘာဝအလျှောက် အားနည်းချက်ရှိကောင်းရှိပေမည်။ ထိုအားနည်းချက်များကို မြင်တွေ့ကြသော်လည်း အကောင်းမြင်ဝါဒဟူသော ယောနိသောမနသိကာရ နှလုံးသွင်းဖြင့် အပြစ်မမြင် စိတ်ထားဖြူစင်စွာနှင့် ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ကျွန်ုပ်တို့စာပေအဖွဲ့ဝင်များအနေဖြင့်လည်း ကုသိနာရုံဆရာတော်ကြီး၏ ကြုံတောင့်ကြုံခဲ ပတ္တမြားရတု သဘင်ပွဲ၌ မိမိတို့ တတ်နိုင်စွမ်းသည့်နေရာမှ ပတ္တမြားရတုစာစောင်ဖြစ်မြောက်အောင် ပါဝင်ခွင့်ရကြ၍ အထူးပင် ကြည်နူးကြရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံရပ်ခြားတွင် ပြောင်မြောက်ထူးချွန်စွာ စွမ်းစွမ်းတမံ သာသနာပြုတော်မူသော ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိသရအရှင်မြတ်၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုမွေးနေ့သဘင်နှင့် စပ်၍ ပတ္တမြားရတု စာစောင်သည်လည်း ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ တပည့်ဒကာဒကာမအပေါင်းတို့ ပူးပေါင်း၍ ဘာသာသာသနာ ထမ်းရွက်သည်ပိုးရွက်ဆောင်သော သာသနာပြုပုံရိပ်အသွင် အမြဲထင်ဟပ်နေ လိမ့်မည်ဟု မျှော်လင့်မိပါသတည်း။

မောင်ရင့်ကျူး(မြောင်းမြ) ၊ ခိုင်မြဝါ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရိရပ်ကွက်
မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့နယ်၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ထေရုပ္ပတ္တိ

ဆရာတော်၏တပည့်တစ်ဦးပူဇော်သည်

ဇာတိချက်ကြွေ မွေးရပ်မြေ

ဆရာတော်ဘဒ္ဒန္တဉာဏိဿရလောင်းလျာကို ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဇင်ရိုင်းချောင်းကျွန်း၊ ဇီးပင်ကြီးရွာနေ အဘ ဦးမောင်ကျော်သူ၊ အမိ ဒေါ်ဝင်းမြဦးတို့မှ မြန်မာသက္ကရာဇ် (၁၂၉၈)ခု တန်ဆောင်မုန်းလဆုတ် (၁၃) ရက် (၁၀-၁၁-၁၉၃၆)ခု အင်္ဂါနေ့တွင် မွေးဖွားခဲ့သော သားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်အောင်ဖံဝေဖြစ်သည်။ မွေးချင်းပေါက်ဖော် (၄)ဦးအနက် အ[illegible]ဆုံးသား ဖြစ်သည်။

မောင်အောင်ဖံဝေသည် အသက် (၅)နှစ်သားအရွယ်တွင် ဇီးပင်ကြီးဘုန်းကြီးကျောင်းပညာနှင့် စာသင်ကျောင်းပညာများကို သင်ကြားခဲ့သည်။ အသက် (၁၂)နှစ်အရွယ် ဇီးပင်ကြီးကျောင်းတွင် မူလတန်းလွန်ပညာနှင့် ဆေးပညာ၊ ဗေဒင်ပညာတို့ကို ဇာတာဖွဲ့သည်အထိ သင်ကြားခဲ့သည်။ အာယုဗ္ဗေဒဆေးပညာကိုလည်း သင်ကြားခဲ့သည်။

ရှင်သာမဏေဘဝ ရောက်ခဲ့ရ

မောင်အောင်ဖံဝေသည် အသက် (၁၄)နှစ်အရွယ်တွင် ဇီးပင်ကြီးဆရာတော် ဦးစန္ဒောဘာသာကို ဥပဇ္ဈာယ်ပြုပြီး မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ "ရှင်ဉာဏိဿရ"ဟူသော ဘွဲ့အမည်ကို ခံယူခဲ့သည်။ မိမိ၏ရှင်ပြုပွဲတွင် ကိုယ်တိုင်ပင် ဓမ္မကထိကလုပ်၍ ပရိသတ်များအား ရှင်ပြုအနုမောဒနာတရားဟောခဲ့သည်။

မြင့်မြတ်ရဟန်း သူတက်လှမ်း

ပညာသင်ကြားရင်းပင် အသက်ပြည့်သောအခါ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမကျောင်းတိုက် ခဏ္ဍာသိမ်တွင် ရန်ကုန်မြို့၊ (၄၂)လမ်းရှိ ဦးချိန်တင် (ခေါ်) ဦးဘဆိုင် ဒေါ်ငွေကျင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မင်းပြားမြို့နယ်၊ ဇီးပင်ကြီးဆရာတော်ကြီး ဦးစန္ဒောဘာသာကို ဥပဇ္ဈာယ်ပြု၍ (၁၃၁၈)ခု ကဆုန်လပြည့်ကျော် (၁၀)ရက် တနင်္ဂနွေနေ့ နံနက် (၈)နာရီ (၁၅)မိနစ်အချိန်၌ သိမ်ဝင်သံဃာ (၂၅)ပါးတို့ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိပညာ သင်ကြားလာ

ဆရာတော်လောင်းလျာသည် ကျောင်းသားဘ၀ဖြင့် မင်းပြားမြို့နယ် ဇီးပင်ကြီးဆရာတော်ကြီး ဦးစန္ဒောဘာသနှင့် ဆရာတော် ဦးသုဇာတတို့ထံတွင် အခြေခံကျမ်းစာများနှင့် ဗေဒင်ပညာ၊ ဆေးပညာများကို သင်ယူခဲ့သည်။ ရှင်သာမဏေဘ၀ဖြင့် စစ်တွေမြို့ စစ်ကဲတော်မင်းကျောင်းဆရာတော်ကြီး ဘဒ္ဒန္တနာဂဝံသနှင့် ရန်ကုန်မြို့၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဦးကေသရဘိဝံသ စသော ဆရာတော်များထံတွင် ပထမပြန်ဆိုင်ရာစာပေများကို သင်ယူခဲ့သည်။ ရန်ကုန်မြို့၊ မင်္ဂလာရာမကျောင်းတိုက်၌ နေလျက် ဝိနည်းစာပြန်ပွဲ၊ ဝိနယာနုဂ္ဂဟစာမေးပွဲ မူ-ငယ်-လတ်-ကြီးတန်း၊ ရှင်သာမဏေ မူ-ငယ်-လတ်-ကြီးတန်းနှင့် အစိုးရပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီးတန်းတို့ကို အောင်မြင်ပြီး ဓမ္မာစရိယအထိ သင်ယူခဲ့သည်။

ထို့ပြင် မန္တလေးမြို့၊ မစိုးရိမ်ဆရာတော်နှင့် အခြားကျမ်းတတ်အကျော် ဆရာတော်များထံတွင် ပါဠိ၊အဋ္ဌကထာ၊ဋီကာ စသော ပိဋကတ် အထက်တန်းစာပေကျမ်းစာများကို သင်ကြားဆည်း ပူးသင်ယူခဲ့သည်။

ဆရာတော်လောင်းလျာသည် လောကီပညာရပ်များကို ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ပေတောကုန်းကျောင်းဆရာတော်ဦးနန္ဒ၏ အလွတ်ပညာသင်ကျောင်း၌ လောကီအင်္ဂလိပ်စာပညာရပ်များကို (၈)တန်းထိ သင်ကြားခဲ့သည်။

ပဋ္ဌင်း ဦးဉာဏိဿရသည် (၁၉၆၃)ခုနှစ်တွင် ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာနှင့် အိန္ဒိယနိုင်ငံသား ဒေါက်တာဓမ္မရက္ခိတတို့၏ ဖိတ်ခေါ်ချက်အရ အိန္ဒိယနိုင်ငံ ကုသိနာရုံသို့ သာသနာပြုရန် ကြွရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့သောအချိန်တွင် ကုသိနာရုံဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် ဟိန္ဒီ၊ သက္ကဋ္ဌဘာသာရပ်များနှင့် အင်္ဂလိပ်ဘာသာ၊ တိဘက်ဘာသာရပ်များကို အိန္ဒိယနိုင်ငံသား ကလေးများနှင့်အတူ သူငယ်တန်းပညာမှစ၍ သင်ယူခဲ့ပါသည်။ ထိုနောက် အထက်တန်းပညာများကို ဘွဲ့လွန်အဆင့်ထိ သင်ယူခဲ့သည်။

ထိုသို့ သင်ကြားရင်းဖြင့်-

- ၁၉၆၈-ခုနှစ်တွင် ယူပီဘုတ်အဖွဲ့မှ ကျင်းပသော ၁၀-တန်းစာမေးပွဲ
- ၁၉၇၀-ခုနှစ်တွင် ကျင်းပသော ၁၂-တန်းစာမေးပွဲ
- ၁၉၇၃-ခုနှစ်တွင် ဂေါရခပူရ်ယူနီဘာစီတီမှ ကျင်းပသော **B.A** စာမေးပွဲ
- ၁၉၇၅-ခုနှစ်တွင် **M.A** (သမိုင်း)စာမေးပွဲ
- ၁၉၇၈-ခုနှစ်တွင် **M.A** (ပါဠိ)
- ပြယာဂ်တက္ကသိုလ်မှ ကျင်းပသော ပါဠိ ဆာဟိတျရတနာဘွဲ့

ဂေါရ်ကွပူရ် ယူနီဘာစတီမှ ကျင်းပသော တိဘက်ဘာသာ ဒီပလိုမာစီနီယာဖွင် တက္ကသိုလ်တစ်ခုလုံး၌ အမှတ်အများဆုံးရ၍ ရွှေတံဆိပ်ရရှိခဲ့သည်။

ဂေါရ်ကွပူရ်တက္ကသိုလ်မှ ဥပဒေပညာ **L.L.B** ဘွဲ့ ရရှိသည်အထိ သင်ယူခဲ့သည်။ ဥပဒေသည် ဘ၀တွင် နေထိုင်ရာ၌ အလွန်အရေးပါသည်။ အထူးအားဖြင့် သူ့တိုင်းပြည်မှာနေလျှင် သူ့ဥပဒေကို သိထားနားလည်ထားသင့်ပါသည်။ ထို့ကြောင့် ဆရာတော်သည် ဥပဒေပညာကို တတ်မြောက်အောင် သင်ကြားခဲ့ပါသည်။

ထို့မျှမကသေး ဘဒ္ဒန္တဉာဏိဿရသည် ဆရာတော်ကြီးဘဒ္ဒန္တစန္ဒြမဏိ၏ အရိုက်အရာကို ခံယူရမည့်အတွက် အိန္ဒိယတိုင်းရင်းဆေးပညာ အာယုဗ္ဗေဒပညာရပ်ကိုလည်း သင်ကြားလေ့လာခဲ့ပြီး ယူပီပြည်နယ်အစိုးရမှ ကျင်းပသော **B.A.M.S** ခေါ် အာယုဗေဒဆေးပညာ တိုင်းရင်းဆရာဝန်ဒေါက်တာဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။ ဆေးပညာသည် ကျန်းမာရေးအတွက် လွန်စွာအရေးပါလှပါသည်။ မိမိနှင့် မိမိပတ်ဝန်းကျင်ကို မိမိသိနားလည်ထားသော ဆေးပညာဖြင့် စောင့်ရှောက်နိုင်ပါသည်။ ထို့ပြင် ဒေလီမူဆလင် ယူနီဘာစီတီမှ ပညာရေးဒေါက်တာဒီဂရီဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။

ချီးမြှင့်ခံရ ဘွဲ့နာမများ

ဆရာတော်၏ ပညာဂုဏ်နှင့် သာသနာရေး လူမှုရေးလုပ်ဆောင်ချက်များကြောင့်

- မြန်မာနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊
- ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ လက္ခနောင်းမှ ဗုဒ္ဓဘာသာ သာသနာပြုသူရဲကောင်းဘွဲ့တော်
- ကန်နပူရ်မှ ဗုဒ္ဓသာသနာတော် အကောင်းဆုံးဘွဲ့တော်
- လက္ခနောင်း အစိုးရအတွင်းဝန်ချုပ်မှ **Monk in Chief** ဘွဲ့တော်နှင့်
- ဗီဟာပြည်နယ်အစိုးရ ဂဝန္နာမှ ဝိဆွဗုဒ္ဓရတန (ကမ္ဘာ့ဗုဒ္ဓသားကောင်းရတနာ ဗုဒ္ဓဝိသာရဒ)
- ဗီဟာပြည်နယ် ပညာရေးဝန်ကြီး ဝိဆွဆန္တိ နာယက ဗီဟာပြည်နယ်အစိုးရမှ ဝိဆွဗုဒ္ဓရတနာဘွဲ့၊ ဗုဒ္ဓဝိသာရဒဘွဲ့၊ ဗုဒ္ဓသိရောမဏိဘွဲ့၊ ဗုဒ္ဓဆန္တိနာယကဘွဲ့၊ ထို့ပြင် ဒေလီမှ ဒေါက်တာဘွဲ့ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။
- ဗြိတိသျှနိုင်ငံ ပံဂျာဗီဗုဒ္ဓဘာသာအသင်းကြီးမှလည်း ဂုဏ်ပြုဘွဲ့ရရှိခဲ့သည်။

ၚင်းအပြင် မဟာရာဆတြပြည်နယ်မှ အနာဂါရိကဂေါင်း ရပ်ဘွဲ့၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်ပြည်နယ်၊ ပုလိပ် အနမှ ကုသိနာရုံဂေါင်းရပ်ဘွဲ့ကထူးများ ရရှိခဲ့သည်။

ကျောင်းတိုက်လွှဲမှု လက်ခံပြု

အရှင်ဉာဏိဿရသည် ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိထံမှ (၃၀-၇-၁၉၇၀)နှစ်တွင် ဆရာတော် ဘဒ္ဒန္တကိတ္တိမာနှင့်အတူ ကုသိနာရုံကျောင်းကို သက်သေ ဆံကာကာရ်ပြဆဒ်ကျောက်ဘဲနှင့်ရာမာရုပ်တို့ရှေ့မှောက်တွင် ဒွိသန္တက လွှဲပြောင်းခြင်း ခံခဲ့ရပြီးသည့်နောက် ကုသိနာရုံ မြန်မာကျောင်းကို ထိန်းသိမ်းနိုင်ခဲ့သည်။ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ သက်တော်ထင်ရှားရှိနေ့စဉ်က ဆရာတော်ကြီး၏ ဩဝါဒကိုခံယူပြီး ထိန်းသိမ်းနိုင်ခဲ့သည်။ ဆရာတော်ကြီး (၈-၅-၁၉၇၂)ခုနှစ် ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက်၌ နေထိုင်ရေးကျောင်းကိစ္စ၊ ဘဝရပ်တည်ရေးမှစ၍ အခက် အခဲပေါင်း မြောက်မြားစွာကိုကျော်လွှားပြီး ကျောင်းတိုက် ကြီးကို အုပ်ချုပ်နိုင်ခဲ့သည်။ တရားပေါင်းများစွာတို့ကို ရင်ဆိုင်အနိုင်ယူခဲ့သည်။

(၁၉၈၇)ခုနှစ် ဗာရာဏသီ မိဂဒါဝုန်တွင် ဆရာ တော်ကြီးဦးကိတ္တိမာမှာ နာမကျန်းဖြစ်၍ အဝေါ်ပင် ဒုက္ခ ရောက်ရှိခဲ့ရသည်။ ဆရာတော်ဦးဉာဏိဿရကိုယ်တိုင် ကုသိနာရုံမှ လိုက်လာပြီး ဆရာတော်ကြီးကို ပြုစုစောင့်ရှောက် ခဲ့သည်။ (၁၉၈၇)ခု၊ ဧပြီလ (၂၀)ရက်နေ့တွင် ဆရာတော် ဦးကိတ္တိမာသည် မိဂဒါဝုန်မြန်မာကျောင်း၊ ဆီဂရာမြန်မာ ကျောင်း၊ ကုသိနာရုံ မြန်မာကျောင်းတို့ကို စာချုပ်စာတမ်း နှင့်တကွ သက်သေဦးစိန်တင်နှင့် ဆရိနာရုံဆိန်း (ဗာရာဏသီ တက္ကတတက္ကသိုလ်မှ အမှုထမ်းတို့ရှေ့မှောက်တွင်) ဘဒ္ဒန္တ ဉာဏိဿရအား လွှဲအပ်ခဲ့သည်။ နီပေါနယ်စပ် နောင်တန်ဝါ နှင့် ဆိုနောက်လီကြား ကုန်ဆေရဝါရွာတွင် တပည့်ကုလား ဘေကျူဒါဆ ဆားဒူးတစ်ဦးက ကျောင်းနှင့်မြေကို လွှဲအပ်ခြင်း ခံခဲ့ရသည်။ နာဂပူရ်တွင် မြေကေ (၁၃)ကေ ခန့်ကို ဆရာတော်ဦးဉာဏိဿရအား လွှဲအပ်ခဲ့ပြီး ထိုနေရာ တွင် ပညာရေးအတွက် ဆရာတော်ဦးစန္ဒြမဏိကျောင်း တည် ထောင်ထားခဲ့သည်။ ထိုနောက်တွင်လည်း ဆရာတော် ဦးစန္ဒြမဏိကျောင်းနာမည်နှင့် ကျောင်းဆောက်ခဲ့သည်။ ကျောင်းနှင့် သိမ်ဆောက်ရာတွင် ဂေါပရာဂရေဆိုသူဒကာက လှူဒါန်းခဲ့သည်။

ဘာသာရေး သာသနာရေးတာဝန်

ဆရာတော်ဘဒ္ဒန္တဉာဏိဿရသည် ဘာသာရေး သာသနာရေးအတွက် ရှေးဟောင်းဌာနအားလုံးကို အိန္ဒိယရှေးဟောင်းဌာနမှ မတော်မတရား ဥပဒေအမျိုးမျိုးလုပ်၍ ပြဌာန်းခဲ့သည်များကို တရားနည်းဖြင့် ဖြေရှင်းလာခဲ့သည်။

ဘုရားဖူးများ ဗုဒ္ဓဂယာဘုရားဝင်ကြေးအတွက် (၅၀) ပေးခဲ့ရသည်။ **B.T.M.C** တွင် နိုင်ငံတော်က ခန့်အပ်ခဲ့သဖြင့် (၁၉၉၀)မှ (၂၀၁၇)ခုနှစ်အထိ ဗုဒ္ဓဂယာဘုရားဂေါပကအဖွဲ့ဝင် (ကော်မတီဝင်)ဖြစ်ပြီး အတွင်းမှနေ၍ ဝင်ကြေးပေးစနစ်ကို ပယ်ဖျက်နိုင်ခဲ့သည်။

ယူပီပြည်နယ် ဌာနအသီးသီးတွင် ပထမ ရှုပီး၊ ထို့မှ ဒေါ်လာပေး၍ ဝင်ကြေးပေးစနစ် ဖြစ်ပေါ်လာခဲ့ရာ သက်ဆိုင်ရာမှ တစ်ဆင့်တစ်ဆင့် ဒေလီထိရောက်အောင် ဆောင်ရွက် တားမြစ်ခဲ့သည်။ ရှေးဟောင်းဌာန ကုသိနာရုံတစ်ခုသာလျှင် ဝင်ကြေးပေးစနစ်ကို ဆရာတော်၏ ကြံ့ကြံ့ခိုင်ခိုင် တောင်းဆိုမှုကြောင့် ဝင်ကြေးမပေးရတော့ပါ။ ကုသိနာရုံ ရှေးဟောင်းဌာနများကိုလည်း ဆရာတော်ကြီးရှိစဉ်က ကဲ့သို့ ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဗုဒ္ဓဂယာနှင့် ရှေးဟောင်းဌာနတို့အတွက် တရားပေါင်းမျိုးစုံဖြစ်ခဲ့ရပြီး တရားတပေါင်အားလုံးကို အနိုင်ရရှိခဲ့သည်။ မဟာပရိနိဗ္ဗာန ကျောင်း စေတီတော်အားလုံးကို တရားအမျိုးမျိုး ရင်ဆိုင်ရင်းမှ အောင်မြင်မှုအပြည့်အဝရရှိကာ သတ္တိရှိရှိနှင့် ဘာသာရေး သာသနာရေးအလုပ်ကို လုပ်ဆောင်လျက် ဗုဒ္ဓသာသနာတော်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသည်။ ဆရာတော်၏ ဆောင်ရွက်ချက်အရ အိန္ဒိယနိုင်ငံသား ဗုဒ္ဓဘာသာများနှင့် နိုင်ငံတော်အစိုးရကပါ သဘောတူ အားပေးသည့်အပြင် ဆရာတော်အား နိုင်ငံတကာသို့ ဘာသာရေးအစည်းအဝေးများသို့ အစိုးရစရိတ်ဖြင့် တက်ရောက်စေခဲ့သည်။ ဆရာတော်သည် ဆက်လက်၍ ဘာသာသာသနာအတွက် ဘာသာရေးဟောပြောပွဲများ၊ သာသနာ့အဆောက်အဦများ၊ စာသင်ကျောင်းများတည် ဆောက်ခြင်း၊ သာသနာပြုဘာသာကူးပြောင်းပွဲများ ကျင်းပခြင်းနှင့် ပညာရေးကိစ္စများကို နိုင်ငံအနှံ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံခြားသားရဟန်းကပါ အိန္ဒိယရဟန်းတော်များအသင်းတွင် ဗဟိုကော်မတီ ပြည်နယ်ဥက္ကဋ္ဌမှ တစ်နိုင်ငံလုံး ဥက္ကဋ္ဌအဖြစ် တင်မြှောက်၍ နိုင်ငံတကာသို့ လှည့်လည်ခဲ့ရသည်။

ပညာပါရမီ ဖြည့်ဆည်းပြီ

ဆရာတော်အရှင်ဉာဏိဿရသည် အိန္ဒိယရောက်စကပင်လျှင် ဆရာတော်ဦးစန္ဒိမဏိ အခမဲ့အလှတ်ပညာသင်ကျောင်း၊ မဟာဝီရအလယ်တန်းကျောင်း၊ ရာဓာတြိဆရာအလယ်တန်းကျောင်း၊ (ယခု အင်တာကောလိပ်)၊ ရာဟုလာကလေးများကျောင်း (ယခု အလယ်တန်းကျောင်း)၊ ယသော်ရော မိန်းကလေးအထက်တန်းကျောင်း၊ မာလကီးပဏ္ဍေး အထက်တန်းကျောင်း (ယခု အင်တာကောလိပ်ဖြစ်)၊ ဝိဝေကာနန္ဒအထက်တန်းကျောင်း၊ ဂျနာတာ အင်တာကောလိပ်)၊ ဗုဒ္ဓအင်တာကောလိပ်၊ ဗုဒ္ဓဒီဂရီကောလိပ် (ယခု ဘွဲ့လွန်ဒီဂရီကောလိပ်)၊ စက်မှုလက်မှုကျောင်း၊ အင်ဒို၊ ဂျပန်မိတ်ဆွေဖြစ်အဖွဲ့ (ဤအဖွဲ့မှ ကျောင်းပေါင်း (၅၀)ကျော်အား အင်ဒို၊ ဂျပန်၊ မဟီလာ၊ အဝတ်အစား၊ စာရွက်စာတမ်းများ နှစ်စဉ်လှူကြသည်)။ ဤကျောင်းများအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်နေဆဲ ဖြစ်သည်။ ထို့ပြင် ဗီဟာပြည်နယ် ဆီဝန်းတွင် ဘဂဝန်ဗုဒ္ဓဆိချာပရိဆဒ်၊ မဟာရာဆတြပြည်နယ်တွင် ဗုဒ္ဓဘူမိဆိချာပရိဆဒ်၊ မချပြဒေဆ်ပြည်နယ်တွင် ပညာရေးကိစ္စများကို ကူညီအားပေးလေ့ရှိသည်။ အကြံပေးအရာရှိဖြစ်ခဲ့သည်။ ဗုဒ္ဓဘွဲ့လွန်ကျောင်းတွင် အုပ်ချုပ်ရေးဒုဥက္ကဋ္ဌဖြစ်သည်။

လူမှုရေးကိစ္စ ဖြည့်ဆည်းမှု

သာသနာပြုရာ၌ မိမိတို့နေထိုင်ရာဒေသတွင် လူသားအကျိုးပြုအလုပ်တစ်ခုခုကို ပြုလုပ်ပေးရသည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတစ်ခုခု ပြုလုပ်ပေးလျှင်လည်း ကုသိုလ်ရပါသည်။ ဆရာတော်သည် ကုသိနာရုံ အနီးအပါးတွင် ရေဘေး၊ မီးဘေး၊ ဒုက္ခသည်များကို နှစ်စဉ် အဝတ်အစားများ၊ ကူညီထောက်ပံ့လေ့ရှိသည်။ မြေငလျင် ဒဏ်ခံကြရသည့် ဒုက္ခသည်များ ယူပီပြည်နယ် အနောက်မြောက်ပိုင်း ဂုဂျရတ်ပြည်နယ်များသို့သွား၍ ဒုက္ခသည်များကို နိုင်ငံတကာအကူညီဖြင့် သိန်းပေါင်းများစွာ ကူညီရန် ဆောင်ကြဉ်းပေးခဲ့သည်။ ချမ်းအေးသော ရာသီဥတု၌

ဆင်းရဲသူ ဆင်းရဲသားများအား စောင်များ၊ အဝတ်အထည်များ လှူဒါန်းလေ့ရှိသည်။ ကုသိနာရုံဆရာတော် ဘဒ္ဒန္တ ဉာဏိဿရသည် နှစ်စဉ်ကျောင်းဖွင့်ချိန်တွင် ကုသိနာရုံ ပတ်ဝန်းကျင် (၁၁)မိုင်အတွင်းရှိ စာသင်ကျောင်းများတွင် ဝတ်စုံများ၊ စာအုပ်များ ဝေငှလေ့ရှိပါသည်။ ထို့ပြင် မင်းပြား မြို့နယ်မှ ဖီးပင်ကြီး စသော ရွာပေါင်း (၁၃)ရွာမှ ကလေးများကို အဝတ်အထည်နှင့် စာအုပ်စာတမ်းများ ပညာရေး ငွေပဒေသာပင်များကိုပါ လှူဒါန်းခဲ့ပါသည်။ ရောဝတီတိုင်း၊ အထောင်မြို့နယ် စာသင်ကျောင်းတွင် ကလေးများ ပညာ ထူးချွန်ရေးအတွက်လည်း ပညာဒါနအလှူ လှူဒါန်းခဲ့ပါသည်။

အသင်းအဖွဲ့တာဝန် ထမ်းဆောင်ပြုန်

ဆရာတော် ဘဒ္ဒန္တဉာဏိဿရသည် (၁၉၈၆)ခုနှစ်တွင် ကုသိနာရုံဆရာတော်ကြီး၏ ဩဝါဒအရ ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့တွင် အကျိုးတော်ဆောင်ချုပ်အဖြစ် စတင် ဆောင်ရွက်ခဲ့သည်။

(၁၉၇၅)ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ မြန်မာ ကျောင်းထိုင်ဆရာတော်များအသင်းတွင် ဒုတိယအကျိုးတော် ဆောင်ချုပ်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။

(၁၉၇၆)ခုနှစ်တွင် ဘာရတိယ ဗုဒ္ဓသံဃာ့အစည်း အဝေးတွင် ဒုတိယအကျိုးတော်ဆောင်ချုပ်အဖြစ် ဆောင်ရွက် ခဲ့ရသည်။

(၁၉၈၀)ခုနှစ်တွင် အာရှတိုက် ဗုဒ္ဓဘာသာကွန်ဖရင့် တွင် ဒုတိယအကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ရသည်။

(၁၉၈၁)ခု၊ ဇန်နဝါရီလ (၂၀)ရက်တွင် မြန်မာ သံဃနာယကအသင်းအဖွဲ့ ကျင်းပခဲ့ရာ မြန်မာသံဃနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ်အဖြစ် ဆောင်ရွက်ခဲ့ရသည်။

(၁၉၈၁)ခု ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် အိန္ဒိယ နိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့တွင် ဗဟိုကောင်စီဝင် အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

(၁၉၈၃)ခုနှစ် မတ်လတွင် ကျင်းပသော အိန္ဒိယ နိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအသင်းကြီးတွင် ဥက္ကဋ္ဌ နေရာကို မဲစနစ်ဖြင့် ရွေးကောက်ခဲ့ရာ မဲပေါင်း (၆၀၀)အနက် ကန့်ကွက် (၂)မဲ၊ ကြားနေ (၁)မဲ၊ ကျန် (၅၉၇)မဲဖြင့် ဘင်္ဂလီဆရာတော် ဓမ္မပါလကို အနိုင်ရခဲ့သည်။

(၁၉၈၇)ခုနှစ်တွင် **The World Buddhist ta tha gata** အသင်းကြီးတွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

(၁၉၈၈)ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းကြီး တွင် အမြဲတမ်း အသင်းဝင်ဖြစ်လာခဲ့သည်။ ဤနှစ်တွင် ပြည်နယ်အစိုးရ၏ လူနည်းစုကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံခဲ့သည်။

(၁၉၉၀)ခုနှစ်၊ ဗုဒ္ဓဂယာဘုရား ထိန်းသိမ်း စောင့်ရှောက်ရေးကော်မတီ **B.T.M.C** တွင် ကော်မတီဝင် အဖြစ် ဘီဟာပြည်နယ်အစိုးရက ခန့်အပ်ခဲ့သည်။ (၂၀၁၇) ခုနှစ်အထိ ဆက်တိုက်ရွေးချယ်ခဲ့သည်။

(၁၉၉၂)ခုနှစ်၊ ပရဒေသီ သံဃနာယကအသင်း တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံခဲ့ရသည်။ အင်ဒို၊ ဂျပန်၊ မိတ်ဆွေဖြစ်အသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ ရသည်။ ဗုဒ္ဓဖောင်ဒေးရှင်းအသင်းတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ထိုနှစ်မှာပင်လျှင် ဗုဒ္ဓဘွဲ့လွန် ဒီဂရီ ကောလိပ် အုပ်ချုပ်ရေးကော်မတီတွင် ဒုဥက္ကဋ္ဌ ရွေးချယ်ခြင်း ခံခဲ့ရသည်။

(၂၀၀၅)ခုနှစ်တွင် ကုသိနာရုံ ဘိက္ခုသံဃာ့အသင်း ကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးကောက်ခြင်း ခံခဲ့ရသည်။ အိန္ဒိယ နိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့ချုပ်တွင် သံဃမဟာ နာယကအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။

တက်ရောက်ခဲ့ပြီ နိုင်ငံတကာ အစည်းဝေးများဆီ

ဆရာတော်၏ တက်ကြွစွာ သာသနာပြုနိုင်ခဲ့သည့် စွမ်းရည်ကြောင့် အိန္ဒိယနိုင်ငံတော်၏စရိတ်ဖြင့်–

(၁၉၈၀)ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကျင်းပ သော အာရှတိုက် ဗုဒ္ဓဘာသာကွန်ဖရင့်သို့ တက်ရောက်ခဲ့ သည်။ ဟိန္ဒီဘာသာဖြင့် ဟောပြောခဲ့သည်။

(၁၉၈၁)ခုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ် ဟောပြောပွဲ တက်ရောက်ခဲ့ရသည်။

(၁၉၈၆)ခုနှစ်တွင် နီပေါနိုင်ငံ ကတ္တမန္ဒူ၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ထိုနှစ်မှာပင် လာအိုနိုင်ငံ၊ ဗီယန်တိန်မြို့၌ ကျင်းပသော အာရှတိုက် ဗုဒ္ဓဘာသာကွန်ဖရင့်သို့ ဒုတိယခေါင်းဆောင် အဖြစ်ဖြင့် တက်ရောက်ခဲ့ရသည်။

(၁၉၈၇)ခုနှစ် တောင်ကိုရီးယားနိုင်ငံ (ဆိုးလ်) ဆီးအိုလ်မြို့၌ ကျင်းပသော ကမ္ဘာ့အိုလံပစ်ပွဲအစတွင် ပရိတ်တရားတော်နာပွဲသို့ တက်ရောက်၍ အင်္ဂလိပ်ဘာသာ ဖြင့် နှစ်ကြိမ် တရားဟောခဲ့သည်။

(၁၉၈၈)ခုနှစ် ထိုင်ဝမ်နိုင်ငံ တိုင်ပေမြို့၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်သို့ တက်ရောက်ပြီး အင်္ဂလိပ် လို ဟောပြောခဲ့သည်။ (၁၉၉၂)ခုနှစ်တွင် ကျင်းပသော စင်္ကာပူနိုင်ငံ ဗုဒ္ဓဘာသာကွန်ဖရင့်သို့ တက်ရောက်၍ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခဲ့သည်။ ထို့ပြင် ဗုဒ္ဓဘာသာ ကိစ္စရပ်များဖြင့် ထိုင်း၊ နီပေါ၊ လာအို့(စ်)၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မောင်ဂိုလီးယား၊ ရုရှား၊ တူရကီ၊ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒို နီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများသို့ နိုင်ငံတော် စရိတ်ဖြင့် ဘာသာသာသနာရေးကိစ္စများ ဆောင်ရွက်ရန် သွားရောက်ခဲ့ရသည်။

(၁၉၈၁)ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တဉာဏိဿရ ဦးဆောင်၍ ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်တစ်ခုကို (၁၉-၁-၁၉၈၁)ခုနှစ်ထိ (၈)ရက်တိုင်တိုင် ကျင်းပနိုင်ခဲ့သည်။ (၁၉၉၃) ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ (၁၅)ရက်နေ့ထိ (၄) ရက်တိုင် ဗုဒ္ဓဘာသာကွန်ဖရင့်ကို ကုသိနာရုံတွင် ကျင်းပ နိုင်ခဲ့သည်။ ဤပွဲတော်တွင် လူပေါင်း (၁)သိန်းခန့် ဗုဒ္ဓ ဘာသာသို့ ကူးပြောင်းဝင်ခဲ့သည်။ (၂၀၀)ရှင်ပြု၊ (၃၃)ပါး ရဟန်းခံကြရာ တရားသူကြီး၊ ရှေ့နေနှင့် ကျောင်းဆရာများ ပါဝင်ခဲ့ပါသည်။

သာသနာပြုလုပ်ငန်း သူ့အစွမ်း

ဆရာတော်ဘဒ္ဒန္တဉာဏိဿရသည် (၁၉၆၅)ခုနှစ် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ကတည်းက ဂေါရက္ခပူရ်ခရိုင်တွင် လူပေါင်း (၃၆၅)ဦးကို စတင်၍ ဗုဒ္ဓ ဘာသာသွင်းခဲ့ပြီးနောက် ကုသိနာရုံ၊ဂေါရက္ခပူရ်၊ ဗဆတီး၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ လက္ခနော။ ကန်နပူရ်၊ သက်ဿနဂိုရ်၊ အာဂရာ၊ အေလာဟာဘာဒ်၊ ဗာရာဏသီ၊ ဂျန်ဆီ၊ ဂျာလောင်း၊ ပေါက္ခရာ၊ ယန်း စသော ယူပီပြည်နယ် နေရာ ပေါင်းမြောက်မြားစွာတွင် သိန်းပေါင်းမြောက်မြားစွာသော ဟိန္ဒူဘာသာဝင်များကို ဗုဒ္ဓဘာသာသို့ လွှဲပြောင်းပေးခဲ့သည်။ အထူးသဖြင့် (၁၉၈၉)ခုနှစ် စက်တင်ဘာလ (၂၉)ရက်နေ့ အာဂရာတွင် ကျင်းပသော ဗုဒ္ဓဘာသာသွင်းပွဲတွင် လူပေါင်း (၅)သိန်းကျော်၊ (၁၉၉၃)ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက်နေ့ ကုသိနာရုံတွင် ကျင်းပခဲ့သော ဗုဒ္ဓဘာသာသွင်းပွဲတွင် ရဟန်း (၃၃)ပါး၊ ရှင် (၂၀၀)ပါးနှင့် လူပေါင်း (၁)သိန်းကျော်တို့ကို ဗုဒ္ဓဘာသာအဖြစ် သွတ်သွင်းပေးခဲ့သည်။

ထို့ပြင် ဗိဟာပြည်နယ်၊ မဟာရာဆတြပြည်နယ် ရာဂျဆထန်းပြည်နယ်၊ ဂုဂျရတ်ပြည်နယ်၊ ဟရိယာနာပြည် နယ်၊ ပိဂျာဗ်ပြည်နယ်။ ဒေလီပြည်နယ်၊ အာသံပြည်နယ် စသော ပြည်နယ်ပေါင်းများစွာတို့တွင်လည်း သွားရောက်၍ ဘာသာခြားလူများကို ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့ရသည်။

အထူးသဖြင့် (၁၉၇၂)ခုနှစ် အောက်တိုဘာလ (၁၄)ရက်နေ့ နာဂပူရ်မြို့နှင့် အနီးတဝိုက်တွင် ဗုဒ္ဓဘာသာ အဖြစ် မခံယူရသေးသော လူပေါင်း (၂၅)သိန်းကျော်ကို ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့သည်။ (၁၉၉၃)ခုနှစ် ဒီဇင်ဘာလ (၆)ရက်နေ့တွင် ဗိဟာပြည်နယ် ပတ္တနားမြို့တော် ဂန္ဓီမိုက် ဒန်းတွင် လူပေါင်း (၃)သိန်းကျော်တို့ကိုလည်း ဘာသာ ပြောင်း၍ ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့သည်။

အထူးစိတ်ဝင်စားစရာကောင်းသော ဗုဒ္ဓဘာသာ သွင်းပွဲတစ်ခုမှာ (၂၀၁၀)ပြည့်နှစ်ပိုင်းက ဖြစ်ခဲ့သည်။ ဂုဂျရတ် ပြည်နယ်တွင် ဆရာတော်သည် နေရာပေါင်းမြောက်မြားစွာ

တို့တွင် အနည်းဆုံး (၈)ကြိမ်ခန့် ဘာသာခြားတို့ကို ဗုဒ္ဓဘာသာဝင်အဖြစ်သို့ သွင်းပေးခဲ့သည်။ ယခု အစိုးရလက်ထက်တွင် သက်ဆိုင်ရာမှ ခွင့်ပြုချက်ရရှိမှသာ ဗုဒ္ဓဘာသာဝင်ကြရမည်ဟု ကြော်ငြာထားခဲ့သည်။ သို့ရာတွင် ဆရာတော်သည် ဖန်နဝါရီလတွင် လက္ခနောင်းမှ ဒေလီ၊ ဒေလီမှ အဟမ္မဒါဘာဒ်သို့ လေယာဉ်နှင့်သွားရန် စီစဉ်ခဲ့ကြသည်။ နှင်းကျ၍ လက္ခနောင်းသို့ လေယာဉ် မဆင်းနိုင်ခဲ့ပါ။ နောက်တစ်ဖန် လက္ခနောင်းမှ ဒေလီ၊ ဒေလီမှ ဘုံဘေ၊ ဘုံဘေမှ အဟမ္မဒါဘာဒ်သို့ လက်မှတ်ယူထားခဲ့သည်။ သို့သော် ရာသီဥတု နှင်းကျ၍ လေယာဉ်မဆင်းနိုင်ခဲ့ပါ။ ဆရာတော်သည် အလုပ်များသောကြောင့် လက္ခနောင်းမှ ပြန်လာခဲ့ရပါသည်။ ကားပေါ်သို့ တက်သောအခါ ဖုန်းဝင်လာသဖြင့် အယုဒ္ဓယအနီး လမ်းဘေးနားမှ အထဲသို့ဝင်ပြီး တယ်လီဖုန်းဖြင့်သာ ဗုဒ္ဓဘာသာသို့ သွင်းပေးခဲ့ရတော့သည်။ ထိုမှတစ်ဖန် ဆက်လက်ထွက်ခွာလာခဲ့ရာ ဗဆတီးခရိုင် တောရွာကလေးအနီး တစ်နေရာမှာ ဂုဂျရတ် ဗုဒ္ဓဘာသာသွင်းပွဲသို့ တယ်လီဖုန်းဖြင့် သြဝါဒပေးခဲ့ရသည်။ ထူးဆန်းသော ဗုဒ္ဓဘာသာသွင်းပွဲ တစ်ခုပင်တည်း။။

ဆရာတော် ဘဒ္ဒန္တဉာဏိဿရသည် ဟိန္ဒူဆာဒူး ထောင်ဂဏန်းမကသော ပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာ ရဟန်းသာမဏေသို့ ဝင်ရောက်စေနိုင်ခဲ့သည်။ ထိုနောင်လီ ကုန်ထေရဝါရွာကျောင်းသည် တပည့်ကုလား ဆာဒူးဘောကျူးဒါဆကို သာမဏေ ဓမ္မသာဂရပြုလုပ်ပြီးမှ ဆရာတော်အား လှူဒါန်းခဲ့သောကျောင်းတွင် နေထိုင်စေခဲ့သည်။

ထို့ပြင် ဆရာတော်သည် အိန္ဒိယတစ်နိုင်ငံလုံးတွင် အခြေအနေပေးလျှင် ပေးသလို မြို့ရွာဒေသများ၌ ဘုရားကျောင်း၊ စာသင်ကျောင်း၊ ဘုရားလှူဒါန်းခြင်း စသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ပြုလုပ်ပေးခဲ့သည်။ မိမိကိုယ်တိုင် လည်း အလှူငွေထည့်ဝင်ပြီး ထိုင်း၊မြန်မာပြည်မှ ဗုဒ္ဓရုပ်ပွားတော်များကို ဖြန့်ချိလှူဒါန်းခဲ့ပါသည်။

(၁၉၉၃)ခုနှစ် ကျင်းပခဲ့သော သာသနာပြုပွဲတော်သို့ နိုင်ငံတော်သံဃမဟာနာယကအကျိုးတော်ဆောင်ချုပ်ကြီး ကြွလာခဲ့ရာ အတိုက်အခံပေါင်း မြောက်မြားစွာကြားထဲမှ (၄)ရက်တိုင်တိုင် ကျင်းပခဲ့ရသည်ကို တွေ့ရ၍ ထိုပွဲတော်ကြီး၏ ကျင်းပခဲ့ရပုံကို မြန်မာရုပ်ရှင် ရုပ်မြင်သံကြားဌာနမှ ‘‘မဇ္ဈိမဒေသ တကျော့ပြန်’’အစီအစဉ်ကို ကြည့်သူများ တွေ့မြင်ခဲ့ပြီး ဖြစ်ပါလိမ့်မည်။

မြန်မာပြည်တွင်း လှူဒါန်းခြင်း

ဆရာတော်ဘဒ္ဒန္တဉာဏိဿရသည် (၁၉၉၀)ခုနှစ် ပထမအကြိမ် မြန်မာပြည်သို့ ရောက်ရှိလာခဲ့ပြီးနောက် မင်းပြားမြို့နယ်၊ ငါးဖင်ရိုင်းချောင်းကျွန်းတွင် (၁၃)ရွာအနက် မင်းရွာ၊ မြစ်နားရွာ၊ ထောင့်ချေ့ရွာ (၃)ရွာတွင် တည်ရှိသည့် အလယ်တန်းကျောင်းကို တွဲဖက်အထက်တန်းကျောင်းဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။ စာသင်ကျောင်းအတွက် ပညာရေးရံပုံငွေ လှူဒါန်းထားခဲ့သည်။ ငါးဖင်ရိုင်းချောင်းကျွန်းတွင် တည်ရှိသော မျက်မှောင်တော် ဓာတ်တော် ဘက်စုံဖွံ့ဖြိုးရေးအတွက် ငွေပဒေသာပင်နှင့် ဇီးပင်ကြီးရွာ၊ အဝရွာ၊ ခွဆုံရွာ၊ ကြက်ယက်၊ ငှက်ပျောချောင်း၊ ဖေသာပြင်၊ ဖားပြိုချင်းရွာ၊ ဖားပြိုရခိုင်ရွာ၊ ရွှေစည်းခုံ စသော ရွာပေါင်း (၁၃)ရွာအတွက် စာသင်ကျောင်းများတွင် ပညာသင်နိုင်ရန် ကလေးများကို အဝတ်အထည်နှင့် စာအုပ်စာတမ်းများ လှူနိုင်ခဲ့ပါသည်။ မင်းပြားဓမ္မာရုံ၊ မင်းပြားစာကြည့်တိုက်၊ မင်းပြားကျိန်းတောင်ဘုရား စသည်တို့တွင်လည်း နဝကမ္မ ငွေပဒေသာပင်များ လှူဒါန်းခဲ့သည်။ ရေဝတီတိုင်း၊ အထောင်မြို့ စာသင်ကျောင်းတွင် ကလေးများ ပညာထူးချွန်စာမေးပွဲ မင်းပြားမြို့နယ်အသင်း၊ ရခိုင်အမျိုးသမီးအသင်း၊ ရခိုင်သဟာယအသင်း၊ ရခိုင်ဓမ္မာရုံများသို့လည်း ပညာရေး၊ လူမှုရေးအတွက် ငွေပဒေသာပင်များ စိုက်လှူပေးခဲ့ပါသည်။

ကျေးဇူးအစုစု အာရုံပြုကာ

ဆရာတော်သည် ရန်ကုန် စစ်တွေလမ်းမကြီးမှ

ဇီးပင်ကြီးရွာထိ၊ မင်းရွာ၊ ထောင့်ချေရွာ၊ မြစ်နားရွာ၊ အဝရွာများကို ဖြတ်ကျော်ပြီး ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဦးစန္ဒိမဏိနာမည်ဖြင့် ကားလမ်းတစ်ခုကို သိန်းပေါင်းများစွာ အကုန်ခံ၍ ဖောက်လုပ်ပေးခဲ့ပါသည်။ ဇီးပင်ကြီးရွာတွင် မိခင်ကြီးအား ဂုဏ်ပြု၍ ဒေါ်ဝင်းမြဦးစာကြည့်တိုက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ဇီးပင်ကြီးရွာတွင် အပ်ချုပ်သင်တန်းကျောင်း ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ရခိုင်သဟာယစာကြည့်တိုက်အတွက် (၁၀)သိန်း၊ ဇီးပင်ကြီးရွာစာကြည့်တိုက် (၁၀)သိန်း၊ ရန်ကုန်မြို့၊ ကမ္ဘာအေး ဟံသာသီရိကုန်းတွင် စိန်ရတုမဟာနာယက (ကမ္ဘာအေး) ကျောင်းဆောင်ကို ဦးဆောင်၍ ကျပ်သိန်း (၇၀၀)ခန့် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့သည်။

အဟောင်းပြုပြင် အသစ်ထွင်၍

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံတွင် သိန်းပေါင်းများစွာ အကုန်အကျခံပြီး ဆောက်လုပ်တည်ထားခဲ့သော မဟာသုခဒဒချမ်းသာကြီးစေတီတော်၊ ကုသိနာရုံ မဟာရက်ဂုဏ်ဂျခရိုင်၊ ကုန်ထေရဝါရွာတွင် ဆရာတော် ဦးစန္ဒိမဏိကျောင်း၊ ကုသိနာရုံ ဗုဒ္ဓရွှေဥပစာကောလိပ်တွင် ဆရာတော်ဦးစန္ဒိမဏိ စာသင်ခန်းမ (၂)ခု၊ ဘွဲ့လွန်ရှိ ဂရီကျောင်းတွင် ဘုရားကျောင်း၊ ဆရာတော်ဦးစန္ဒိမဏိ စာသင်ခန်းမ (၂)ခု၊ ဆရာတော်ဦးစန္ဒိမဏိဟောပြောခန်းမတစ်ခု၊ ဂျနတာ ဥပစာကောလိပ်တွင် ဆရာတော်ဦးစန္ဒိမဏိ စာသင်ခန်းမတစ်ခု၊ မုဆိဟရ်ရွာ ဝိဝေကာ နန္ဒစာသင်ကျောင်းတွင် ဆရာတော် ဦးစန္ဒိမဏိ စာသင်ခန်းမ (၂)ခု၊ ဗဆတီခရိုင် ဟရိက်ယာ မြို့ကလေးတွင် ဘုရားကျောင်းကြီး၌ ကိုယ်တိုင်ဦးစီး၍ ကျောင်းဆောက်ခဲ့သည်။ ကန်နပူရ်တွင်လည်းကောင်း၊ ဘရေလီတွင်လည်းကောင်း၊ လက္ခိန်းပူရ်စီရီတွင်လည်းကောင်း၊ ဤကဲ့သို့ ယူပီပြည်နယ်တစ်ခုလုံးတွင် နေရာပေါင်း မြောက်မြားစွာတို့၌ ဘုရားကျောင်း၊ စာသင်ကျောင်း၊ ဘုရားများ လှူဒါန်းဆောက်လုပ်ခဲ့သည်။

အလုပ်မနေး စာလည်းရေး

ဆရာတော်သည် ဟိန္ဒီဘာသာ၊ နေဝါရီဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ပညာပေး ဗုဒ္ဓဘာသာစာပေ ဆောင်းပါးများ၊ စာအုပ်ငယ်များ ရေးသားပြုစုခဲ့သည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် အယ်ဒီတာလုပ်၍ ထုတ်ဝေခဲ့သည်။ စာပေ ဆောင်းပါး၊ ဟိန္ဒီ အင်္ဂလိပ် မြန်မာဘာသာများဖြင့် ရေးသား၍ စာစောင်အသီးသီးတို့တွင်လည်း ထည့်သွင်းဖော်ပြခဲ့သည်။ ဆရာတော်ရေးသားခဲ့သော ဓမ္မပဒစာအုပ်ငယ်သည် ယူပီပြည်နယ်နှင့် တခြားပြည်နယ်များ၌ (၉)တန်း၊ (၁၀)တန်းမှ တက္ကသိုလ်ထိ ပြဋ္ဌာန်းသော စာအုပ်တစ်ခု ဖြစ်သည်။ ပါဠိဘာသာအတွက် ပြဋ္ဌာန်းခဲ့သော ကျမ်းစာတစ်ခုဖြစ်သည်။

ဆရာတော်သည် ကျောင်းစာပေအဖွဲ့များဖြစ်သော မဂ္ဂဇင်းများတွင်လည်းကောင်း၊ BTMC တွင် မြဂျာမဂ္ဂဇင်းများတွင်လည်းကောင်း၊ အယ်ဒီတာအကြံပေးအရာရှိ စသည်ဖြင့် ခန့်အပ်ခံခဲ့ရသည်။

ဆရာတော်သည် မာမာဟရိဗလ၊ ဟရိဗလ (ကုသိနာရုံ)၊ အိန္ဒိယမောင်ဉာဏ်စိုး၊ ဘိက္ခုဂျာနေဆွန် (တေဇဝန္တ)စသော ကလောင်နာမည်များဖြင့် စာပေများ ရေးသားခဲ့သည်။ မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံ (၁-၂-၃-၄)စသော စာအုပ်များကို ရေးသားခဲ့သည်။

တပည့်များစွာ ထွက်ပေါ်လာ

အောက်ပါပုဂ္ဂိုလ်များမှာ ဆရာတော်၏ တပည့်များ ဖြစ်ကြသည်။

ဦးနန္ဒ သက်ဿနဂိုရ်ဘုန်းတော်ကြီး-

သူသည် ကုသိနာရုံတွင် (၇)တန်းမှစ၍ ပညာသင်ယူခဲ့သည်။ ဗုဒ္ဓဘွဲ့လွန်ကောလိပ်ကျောင်းမှ B.A,M.A ဘွဲ့များရပြီးနောက် မိဂဒါဝုန်သို့ သွားခဲ့သည်။ ထိုမှ ဆီဂရာကျောင်းတွင်လည်း နေထိုင်ခဲ့ပြီး ယခု သက်ဿနဂိုရ်ကျောင်း အုပ်ချုပ်လျက်ရှိသည်။

ဦးသောဘန ဆီဂရာဆာဦးသွင်ကျောင်း

ဘင်္ဂလားအဝကျွန်းကျောင်း

မြန်မာပြည်မှ အဦးဆုံး ဦးသောဘန၊ ဦးကုဏ္ဍလ၊ ဦးနန္ဒကတို့ အကြီးဆုံးဖြစ်သည်။ ကုသိနာရုံတွင် (၇)တန်းမှ ပညာသင်ခဲ့သည်။ မိဂဒါဝုန်နှင့် နီပေါတွင် နေထိုင်ပြီး ယခု ဆီဂရာတွင် ကျောင်းထိုင်နေသည်။

ဦးနန္ဒက ကုသိနာရုံတွင် ဆရာတော်၏ လက်ထောက်တပည့်ဖြစ်သည်။ ဆရာတော် နာမကျန်းဖြစ်နေချိန်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇော့ဘွဲ့ယူရန် မြန်မာပြည်သို့ ရောက်လာစဉ် မြန်မာပြည်မှ ခေါ်ယူခဲ့ပြီး မာဂဓတွင် ပညာသင်ခဲ့ပြီး M.A ဘွဲ့ ရယူခဲ့ပြီးဖြစ်သည်။

ဦးယသ ဆိုနောက်လီ လက်ထောက်ဆရာတော်တစ်ပါးဖြစ်သည်။ ကုလားဆာဒူးတစ်ဦးထံမှ လှူဒါန်းခဲ့သော ဦးစန္ဒြမဏိကျောင်းတွင် ပထမ ဦးဓမ္မသာဂရ၊ ဦးအဂ္ဂဓမ္မ၊ ဦးသြဘာသ အုပ်ချုပ်ခဲ့ပြီး ယခု စတုတ္ထမြောက် ကျောင်းထိုင်ဆရာတော်တစ်ပါးဖြစ်သည်။

ဦးနန္ဒိယ မာဂဓတက္ကသိုလ်မှ M.A ဟော်စာ ယခု ဦးစန္ဒြမဏိကျောင်း နာဂပူရ်တွင် ဒုတိယကျောင်းထိုင် ဆရာတော်အဖြစ် ခန့်အပ်ထားသည်။

ဘိက္ခုသီလပြကာဆ် ဆရာတော် သာသနာပြုအလုပ်လုပ်ရင်း ဂျာလောင်းခရိုင် ကုကရ်ဂါဝ်ရွာသို့ ရောက်သွားခဲ့ရာ ထိုကျောင်းတွင် နေထိုင်သော ကုလားဦးပဥ္စင်းတစ်ပါးကို တွေ့ရှိပြီး ပညာသင်ပေးရန် ကုသိနာရုံသို့ ခေါ်ခဲ့သူဖြစ်သည်။

ဘိက္ခုမဟိန္ဒ ကုသိနာရုံမှ ဆရာတော်ကျောင်းတွင် ကျောင်းအုပ်ဆရာ၏သား မဟိန္ဒကို အသက် (၁၀) နှစ်သားအရွယ်မှစ၍ ရှင်ပြုပေးခဲ့ပြီး အသက် (၂၀)တွင် မြန်မာပြည်မှ ဒကာမကြီး ဒေါ်ခင်မာအေးတို့က ရဟန်းခံပေးခဲ့သည်။ ဆရာတော် ဦးဉာဏိဿရကျောင်းဟု အမည်တပ်ကာ ခရီးသွားများကို ကူညီပေးခဲ့ပါသည်။

ဘိက္ခုနန္ဒရတနာ ရဟန်းမဖြစ်မီ ကိုရင်ဘဝဖြင့် သက်သသနဂိုရ်မှ ကုသိနာရုံ ရောက်လာခဲ့သည်။ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းအောင်ပြီး မြန်မာပြည်ထေရဝါဒ တက္ကသိုလ်တွင် ပညာထမ်းရွက်ခဲ့ပါသည်။ အိန္ဒိယတာယာဝတီအစိုးရတွင် ဝန်ကြီးဖြစ်ခဲ့သည်။ ယခု အိန္ဒိယစာသင်ကျောင်း အုပ်ချုပ်ရေးကော်မတီတွင် ပါဝင်ခဲ့ပါသည်။

ဘိက္ခုတေဇဝန္တ ကုသိနာရုံမှ ဖြစ်သည်။ အသက် (၉)နှစ်တွင် ရှင်ပြုပြီး (၇)တန်းမှ ပညာစတင်ခဲ့သည်။ ဗုဒ္ဓဘွဲ့လွန်တက္ကသိုလ်မှ B.S.c ဘွဲ့ရရှိပြီး၊ ဂေါရခ်ပူရ်တက္ကသိုလ်မှ M.Sc ဘွဲ့ရယူ၍ ယခု လန်ဒန်တွင် သာသနာပြုအလုပ် ဆက်လုပ်နေသော ရဟန်းဖြစ်သည်။

ဘိက္ခုသီလရတနာ ယူပီပြည်နယ် လက္ခိန်ပူရ် စီးရှိမြို့နယ်သား ဖြစ်သည်။ မာယာဝတီအစိုးရတွင် ဝန်ကြီးဖြစ်ခဲ့သည်။ ယခု သာဝတ္ထိတွင် ကိုယ်ပိုင်ကျောင်းလုပ်၍ သာသနာပြုအလုပ်ကိုလုပ်နေသူ ရဟန်းတစ်ပါးဖြစ်သည်။

ဘိက္ခုဒေဝိန္ဒ ယူပီပြည်နယ် ဂျောက်နပူရ်မြို့နယ်သားဖြစ်သည်၊ မိဘများ ချမ်းသာသော်လည်း သာသနာတော်ကိုချစ်၍ ရဟန်းဘဝ ရောက်ရှိလာခဲ့သည်။ သာသနာပြုအလုပ်လုပ်နေသည်၊ သာဝတ္ထိတွင် ကျောင်းဆောက်ထားသည်။

ဘိက္ခုစန္ဒိမာ ယူပီပြည်နယ် မဆတီခရိုင်တွင် မွေးဖွားခဲ့သည်။ ဝန်ကြီးဖြစ်ခဲ့သည်။ တရားဟောကောင်းသည်၊ နယ်လှည့်တရားဟောသည်။ ဘာသာခြားတို့ကို ဗုဒ္ဓဘာသာများဖြစ်အောင် ကြိုးစားသူဖြစ်သည်။

ဘိက္ခုဆတျဆိလ ယူပီပြည်နယ် ကန်နပူရ်မြို့တွင် မွေးဖွားသည်။ ကုသိနာရုံသို့ အသက် (၁၅)နှစ်ခန့်တွင် ရောက်ရှိလာပြီး (၇)တန်းမှ သင်ကြားခဲ့ပြီး (၁၀)တန်းအောင်ခဲ့သည်။ မြန်မာပြည်ထေရဝါဒတက္ကသိုလ်တွင် (၃-၄)နှစ် စာပေသင်ကြားပြီး ထိုင်းတွင် ပညာသင်ကြားပြီး၍ ယခု ယူနီဗာစီတီတွင် အလုပ်လုပ်နေသည်။

ဘိက္ခုဒီပံကာရ် ကန်နပူရ်ဆာဒနာ ဗုဒ္ဓဝိဟာရတွင် နေထိုင်သည်။ (၁၉၈၃)ယူပီသံဃနာယကဥက္ကဋ္ဌဖြစ်ခဲ့စဉ်က သူ့ကို ဒီကျောင်းတွင် ထားခဲ့သည်။ ထိုင်းမှ ဘုရား

တစ်ဆူယူ၍ ကျောင်းတိုက်ကြီးဆောက်ကာ ကိုးကွယ်စေခဲ့သည်။

ခေမာနန္ဒ အိန္ဒိယတောင်ပိုင်း ဘင်္ဂလိုမှ ပညာတတ် အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ ဗုဒ္ဓဘာသာကို လေ့လာပြီး ရဟန်းပြုခဲ့သည်။ မြန်မာနိုင်ငံ ထေရဝါဒ တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။

ဘိက္ခုဉပရုပတာ အိန္ဒိယနိုင်ငံတော်တောင်ပိုင်း မဟာရာဆတြပြည်နယ်နာဒေးရ်မှ ဖြစ်သည်။ ရဟန်းခံပြီး တောင်ပိုင်းတွင် သာသနာပြုနေသည်။

ဘိက္ခုဆကိတ် အိန္ဒိယတောင်ပိုင်းမှ ရဟန်းတစ်ပါးဖြစ်သည်။ ကုသိနာရုံတွင် (၁)တန်းမှ ပညာသင်၍ (၁၀)တန်းထိ အောင်မြင်ခဲ့ပါသည်။ ယခု သာသနာပြုအလုပ် လုပ်နေသည်။

ဘိက္ခုဏ္ဏုန္ဒဝံသ ပံဂျာဗီကလေးတစ်ဦးဖြစ်သည်။ အသက် (၅)နှစ်ခန့်မှစ၍ မွေးစားထားပြီး ပညာသင်ပေးခဲ့သည်။ (၁၀)တန်းတွင် ပထမ၊ (၁၂)တန်းတွင် ပထမ အဆင့်ဖြင့် အောင်ခဲ့သည်။ ယခု ကုသိနာရုံတွင် ရှိနေသည်။

ဘိက္ခုဏ္ဏုန္ဒဝံသ နိက္ခမတောထွက်တစ်ဦးဖြစ်သည်။ မြေတိုင်းစာရေးမှ A.D.O စာရင်းစစ်တစ်ဦးအဖြစ် အမှုထမ်းခဲ့သည်။ ပထမ ဆရာတော်ထံတွင် ဒုလ္လဘရဟန်းခံ၍ စာပေလေ့လာခဲ့သည်။ ဆရာတော်နှင့်အတူ ဒုလ္လဘ ရဟန်း၊ သာမဏေများ၊ သီလရှင်များကို ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ပြသခဲ့သည်။ ယခုလည်း ပြသနေဆဲဖြစ်ပြီး ယခု အပြီးအပိုင် ခေတ္တဒုလ္လဘမှ ထာဝရ ရဟန်းဘဝ ပြောင်းလာခဲ့သည်။ မိမိပိုင်မြေတွင် ကျောင်းဆောက်၍ ဒုလ္လဘရဟန်းများကို စာပေပို့ချသည်။ အသံမစဲ ပရိတ်ရွတ်ပွဲများကို ဆရာတော်၏ လမ်းညွှန်ချက်နှင့်အညီ ရပ်ရွာများတွင် လှည့်လည်၍ ဗုဒ္ဓပုရောဟိတ်အမည်ပေးထားသော ဗုဒ္ဓဉပသကာတစ်စုနှင့် ဆရာတော်မသွားနိုင်သော နေရာများသို့ သွားရောက်ပြီး သာရေး နာရေးကိစ္စများ ပြုလုပ်နေဆဲဖြစ်သည်။

လူ့ဘဝမှာနေ တပည့်တွေ

ဤပုဂ္ဂိုလ်များမှာ အသီးတစ်ရာ အညှာတစ်ခု ဆိုသလို လူ့ဘဝတွင် အသီးသီးနေထိုင်ကြသော တပည့်များဖြစ်သည်–

ဆာရဒါယာဒဝ်– ကုသိနာရုံမှ အသက် (၆)နှစ် ဒုတိယတန်း ကျောင်းသားဘဝမှ နေထိုင်ပညာသင်ကြားပြီး ဗာရာဏသီတွင် B.Com ပညာသင်စေကာ ယခု ကုသိနာရုံတိုး၏ အမည်ဖြင့် ခရီးသွားလုပ်ငန်းလုပ်သူဖြစ်သည်။ ဗာရာဏသီတွင် အိမ်၊ တိုက်၊ မြေ၊ မိဂဒါဝုန်တွင် မြေနှင့်၊ ကုသိနာရုံ သာဝတ္ထိ၊ မိဂဒါဝုန်၊ ဗုဒ္ဓဂယာ၊ ထိုင်းတွင် ရုံးခန်းဖွင့်၍ စီးပွားရေးလုပ်နေသူဖြစ်သည်။

ဆောင်ကာတ်မီးယန်း – မူဆလင်လူမျိုးဖြစ်သည်။ ကုသိနာရုံတွင် ပညာသင်ပေးပြီး ယခု ဗုဒ္ဓဘွဲ့လွန်ကောလိပ် ကျောင်းတွင် စာရေးကြီးတာဝန် ထမ်းဆောင်နေသူဖြစ်သည်။

ကာထမ်းမောက်ကျောင်းဒရိ– တရိုပူရမှဖြစ်သည်။ အသက်အာမခံကုမ္ပဏီတွင် အရာရှိကြီးတစ်ဦးဖြစ်သည်။

အနဝဝ်း – မူဆလင်လူငယ်ဖြစ်သည်။ ကျောင်းမှနေ၍ ပညာသင်ကာ ဗုဒ္ဓအင်တာကောလိပ်မှ (၁၂)တန်း၊ ဗုဒ္ဓဘွဲ့လွန်ကျောင်းမှ B.Sc တန်းအောင်ပြီး ဒေလီမှ အင်ဂျင်နီယာပညာသင်ပြီး ယခု ဒေလီတွင် အလုပ်လုပ်နေသူဖြစ်သည်။

လာလ္လနိမိဩြဂီ – ပုဏ္ဏားလုလင်ဖြစ်သည်။ (၈)တန်းမှ ပညာသင်ပေးပြီး ဗာရာဏသီတွင် ဆိဂရာ ကျောင်းမှနေကာ B.H.U မှ B.A, M.A ပါဠိဘာသာဖြင့်အောင်ပြီး သက္ကဋတက္ကသိုလ်မှ ပါဠိဖြင့် အာစရိယတန်းအောင်သည်။ ဗုဒ္ဓဉပစာကောလိပ်တွင် ပါဠိဘာသာကျောင်းဆရာဖြစ်ခဲ့သည်။

တိကိုဩြယ – နီပေါမှ လုလင်ငယ်ဖြစ်သည်။ ကုသိနာရုံကျောင်းတွင် နေထိုင်ခဲ့ပြီး ပညာသင်ခဲ့သည်။ ယခု နာမည်ကျော် ဘုရားသွန်းလုပ်သူတစ်ဦးအဖြစ် နာမည်ကြီး အနုပညာသမားတစ်ဦးဖြစ်သည်။

ပြဂျ၀န်ဆံ – နီပေါလူလင်ငယ်ဖြစ်သည်။ ကုသိနာရုံတွင် ဦးလေးက ပညာသင်ပေးစေပြီး ယခု ဘုရားသွန်းလုပ်သောပညာကို တတ်မြောက်ပြီး ပါတန်းတွင် နာမည်ကျော်ကြားသူတစ်ဦးဖြစ်သည်။

ဗုဒ္ဓရတန – နီပေါလူလင်ငယ်ဖြစ်သည်။ ပညာတော်သည်။ ကုသိနာရုံမှ ပညာသင်ကြားပြီး နီပေါတွင် မှိုစိုက်ပျိုးသော လုပ်ငန်းတစ်ခုတည်ထောင်ကာ ကြီးပွားနေသူတစ်ဦးဖြစ်သည်။

တရိပ္ပူရတွင် ကုသိနာရုံမှ ထွက်သွားကြသော သုနန္ဒကျောင်းဆရာ၊ သုဘဒ္ဒလာလ်၊ ဘဂျန္ဒကွန်ဂရက်ပါ ခရီးစိန် စီးပွားရေးသမားများနှင့် ရဟန်းငယ်တော်တော်များများ ရှိနေကြသည်။

နာလန္ဒတက္ကသိုလ်တွင် တရုတ်ဘာသာ ပြသနေသော ကုဏ္ဍလ လည်း ကုသိနာရုံကျောင်းတွင် ဆီဂရာကျောင်းထွက်တပည့်တစ်ဦး ဖြစ်သည်။

ယခု ယူပီပြည်နယ်တွင် တည်ထောင်ခဲ့သော ဗုဒ္ဓဝိဟာရဆန္ဒဲ့ဥပဝနတွင် ဆရာတော်၏ တပည့်ရဟန်း (၁၁)ပါးကို ခန့်အပ်ခဲ့သည်။ လူပုဂ္ဂိုလ်တစ်ယောက် ရဟန်း (၃)ပါးကို ဝန်ကြီးအဆင့်ထိ ခန့်အပ်ခဲ့သည်။

ဂေါတမ်ဗုဒ္ဓယူနီဗာစီတီတွင် ရှင်ဉာဏိစ္စဘဝမှ ပညာသင်ကြားခဲ့ပြီး နာဂပူရ်မှ MA အောင်ခဲ့သည်။ PhD အောင်ပြီး ဂေါတမ်ဗုဒ္ဓတက္ကသိုလ်တွင် ပါဠိဘာသာပါမောက္ခ ဖြစ်နေသည်။ ထို့အပြင် အခြားတပည့်များလည်း ရှိပါသေးသည်။

ဘုရားစေတီ တည်ဦးမည်

ဗိဟာပြည်နယ် ပတ္တနားမြို့တွင် တည်ဆောက်နေသော ဗုဒ္ဓဆမြိတ်ပါရ်ကတွင် ဝေသာလီမှရသော ဓာတ်တော်နှင့်အတူ မြန်မာ၊ ယိုးဒယား၊ သီရိလင်္ကာ၊ ဂျပန်၊ တိဘက်၊ ကိုရီးယား စသော နိုင်ငံများသို့ ခရီးထွက်၍ ဓာတ်တော်စေတီတည်ဆောက်ရန် အထူးကြိုးစားခဲ့သည်။ အချို့ကို အောင်မြင်စွာ တည်ထားနိုင်ခဲ့သည်။ လက္ခနောင်းတွင် ဘုရားတစ်ဆူတည်နိုင်ရန် ကုသိနာရုံတွင် ဦးစန္ဒြမဏိ ဗုဒ္ဓတက္ကသိုလ်တစ်ခုနှင့် ဆန်ချီမဒျပြပြည်နယ်တွင် ဗုဒ္ဓယူနီဘာ စီတီဖြစ်နိုင်ရန် နိုင်ငံတော်နှင့် ဆွေးနွေးတိုင်ပင် ပြောနေဆဲ ဖြစ်ပါသည်။

လှူဒါန်းခဲ့မှု မှတ်တမ်းပြု

ဆရာတော်သည် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူတို့အတွက် မြန်မာပြည်မှ ဆင်းတုတော် (၃၀၀)ကျော်ကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ ဆင်းတုတော် (၂၀၀)ကျော်ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံလုပ် ကြေးဆင်းတု၊ ဘိလပ်မြေဆင်းတု၊ သစ်သားဆင်းတု၊ ကျောက်ဆင်းတုများကို လှူဒါန်းခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင်များအတွက် ဆင်းတုတော်များထားရှိရန် ကျောင်းတော်များကို ကုသိနာရုံ မြန်မာကျောင်း၊ ဗုဒ္ဓဘွဲ့လွန် ကောလိပ်ကျောင်း၊ ဆီဆဝရွာ၊ ဂေါရခ်ပူရ်မြို့၊ ဘဆတီမြို့၊ ဟရိုက်ရာမြို့၊ ဆိုနောက်လီ၊ ဘုတဝလ်နီပေါ၊ လက္ခိန်ပူရ် စီရီမြို့၊ ဆီတာပူမြို့၊ ဘရေလီမြို့၊ ဆဟာဂျဟန်ပူရ်မြို့၊ မထုရာမြို့၊ အာဂရမြို့၊ ဆီတန်းမြို့၊ ဘဟောရီမြို့၊ ရာယ ဗရေလီမြို့၊ ရီဝေါမြို့၊ အာပူရ်မြို့၊ နာဒေးရှ်မြို့တို့ ဆောက်လုပ်ပေးခဲ့သည်။

ကုသိနာရုံတွင် မဟာသုခဒဒချမ်းသာကြီးစေတီတော်တစ်ဆူကို အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိပြီး ထိုမှရရှိသော အလှူငွေဖြင့် စတင်မ,တည်ကာ အများပါဝင်လှူဒါန်းကြသော သိန်းပေါင်းများစွာသော အလှူငွေတို့ဖြင့် အကုန်အကျခံ၍ တည်ဆောက်လှူဒါန်းခဲ့သည်။

ကုသိနာရုံတွင် ဆရာတော်ကြီး တည်ထောင်ထားခဲ့သောကျောင်းကို ကျောင်းသား (၁၅၀)နေထိုင်နိုင်သော ကျောင်းမှ ကျောင်းသား (၈၀၀)နေထိုင်နိုင်သော ကျောင်းဖြစ်အောင် ကျောင်းခန်း (၅)ခန်းမှ ကျောင်းခန်း (၁၂)ခန်းထိ တိုးချဲ့ဆောက်လုပ်ခဲ့သည်။

ကုသိနာရုံတွင် ဦးစန္ဒြမဏိဈေးတန်း (၄၆)ခန်းကို

ဆင်းရဲသားများ အသက်မွေးဝမ်းကြောင်းအတွက် ဆောက်လုပ်ပေးခဲ့သည်။

ကုသိနာရုံတွင် ခရီးသည် (၈)ဦးသာ တည်းခိုနိုင်သော ကျောင်းတိုက်ကြီးကို မောင်းတောဇရပ်တွင် တိုးချဲ့ခန်း (၅)ခန်း၊ နိုပေါဇရပ်တွင် (၁၂)ခန်းအပြင် လူပေါင်း (၃၀၀)ကျော် တည်းခိုနိုင်သော ခေတ်မီတည်းခိုခန်းများ ဆောက်လုပ်နိုင်ခဲ့သည်။

လူပေါင်း (၃၀၀)တစ်ပြိုင်နက်တည်း စားသောက်နိုင်သော ဒိုက်နီးဟော တည်ဆောက်ခဲ့သည်။

ကျောင်းတိုက်ထဲတွင် မြကန်သာကန်တော်ကြီးနှင့် ကန်အလယ်တွင် ဘုရားကျောင်းတစ်ခုကိုလည်း တည်ဆောက်နိုင်ခဲ့သည်။

ကျောင်းတိုက်ကြီးထဲတွင် ဆေးပေးခန်းတစ်ခုကိုလည်း ဆောက်လုပ်၍ "အခမဲ့ အင်္ဂလိပ်+မြန်မာ"ဟု အမည်တပ်ကာ ဆေးများ အခမဲ့ ပေးဝေလှူဒါန်းနိုင်ခဲ့ပါသည်။

* ကုသိနာရုံတွင် မဟာဝိရအလယ်တန်းကျောင်းကို လည်းကောင်း၊
* ဗုဒ္ဓဥပစာကောလိပ်တွင် ဆရာတော်ကြီးနာမည်ဖြင့် စာသင်ခန်း (၂)ခုကိုလည်းကောင်း၊
* ဗုဒ္ဓဘွဲ့လွန်ဒီဂရီကောလိပ်ကျောင်းတွင် ဆရာတော်ကြီးနာမည်ဖြင့် ဂိတ်ပေါက်တစ်ခု၊ ဘုရားကျောင်းဆောင်တစ်ခု၊ စာသင်ခန်းမ (၂)ခု၊ စာကြည့်တိုက်တစ်ခု၊ ဆရာတော်စန္ဒြမဏိတရားဟောခန်းမတစ်ခုကိုလည်း တည်ဆောက်ခဲ့ပါသည်။
* ကုသိနာရုံတွင် ရာဟုလာကျောင်း၌ အခန်းတစ်ခု၊ စာကြည့်တိုက်တစ်ခု၊
* ကုသိနာရုံ ပဗ္ဗလိတ်ကျောင်းတွင် စာသင်ခန်းမတစ်ခု၊ စာကြည့်တိုက်တစ်ခု၊ စာအုပ်စာတမ်းများကိုလည်းကောင်း၊
* မာလကီးပန်ဒေးမိန်းကလေးကျောင်းတွင် ဆရာတော်ကြီးအမည်ဖြင့် စာသင်ခန်းမတစ်ခု၊
* ဒုရိယာရွာဂျနတာဥပစာကောလိပ်တွင် ဆရာတော်ကြီးအမည်ဖြင့် စာသင်ခန်းတစ်ခု၊
* ဆီဆဝတွင် လူနာ (၆)ဦးထားနိုင်သော ဆေးရုံတစ်ခု၊
* ပဒရောက်နာတွင် ဝိဝေကာနန္ဒစာသင်ကျောင်း၌ စာသင်ခန်းမနှစ်ခုနှင့် ကျောင်းရုံးခန်းတစ်ခု၊
* ပဒရောက်နာအနီး မနကောက်ရာရွာတွင် စာသင်ခန်းမ (၂)ခု
* ဟာတာကလေးများကျောင်းတွင် ဆရာတော်ကြီးနာမည်ဖြင့် စာသင်ခန်းမတစ်ခု လှူဒါန်းခဲ့ပါသည်။
* မဥတွင်လည်း စာသင်ခန်းမတစ်ခု လှူဒါန်းခဲ့သည်။

ရန်ကုန်မြို့ မဟာနဆရာတော်ကြီးများအတွက် ညှော်ကြိုကားတစ်စီးနှင့် ပရိယတ္တိသာသနာ့တက္ကသိုလ် အတွက် ကားတစ်စီးကိုလည်း လှူဒါန်းခဲ့သည်။

ပရိယတ္တိသာသနာ့တက္ကသိုလ် ဆွမ်းပဒေသာပင်၊ မဟာနဆရာတော်ကြီးများဆွမ်းပဒေသာပင်၊ ဇီဝိတဒါနဆေးရုံ ဘက်စုံငွေပဒေသာပင်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဘက်စုံငွေပဒေသာပင်၊ ရန်ကုန်ကင်ဆာဖောင်ဒေးရှင်း ဘက်စုံငွေပဒေသာပင်၊ မန္တလေးကင်ဆာဖောင်ဒေးရှင်း ဘက်စုံငွေပဒေသာပင်၊ မန္တလေးသံဃာ့ဆေးရုံ ဘက်စုံနဝကမ္မ၊ မန္တလေးစွယ်တော်ပွား၊ မင်းပြားမြို့နယ်အသင်း (ရန်ကုန်) ပညာရေးငွေပဒေသာပင်၊ မင်္ဂလာရာမဆွမ်းပဒေသာပင်အတွက်၊ ရခိုင်အမျိုးသမီးများ ပညာရေးငွေပဒေသာပင် အတွက်၊ ရခိုင်ဓမ္မာရုံ ဘက်စုံနဝကမ္မ၊ ရခိုင်သဟာယပညာရေးပဒေသာပင်၊ ရခိုင်သဟာယအသင်းပိုင်တိုက်ဆောက်လုပ်ရန်၊ ကျုံပျော်၊ အထောင် အထက ပညာရေးပဒေသာပင်၊ မန္တလေးပရိယတ္တိသာသနာ့တက္ကသိုလ် ဆွမ်းပဒေသာပင်၊ မင်းပြားမြို့နယ် သာရေးနာရေးအသင်း(စစ်တွေ)၊ မြောက်ဥက္ကလာပ စိန္တာမယကျောင်း နဝကမ္မပဒေသာပင်၊ မင်းပြားသွေးလှူဘဏ်တစ်ခု၊ မင်းပြားသာရေးနာရေးအတွက် ကားတစ်စီး၊ ကျိန်းတောင်ဘုရား နဝကမ္မငွေပဒေသာပင်၊ မင်းပြားမြို့နယ်ဓမ္မာရုံ နဝကမ္မငွေပဒေသာပင်၊ မင်းပြားမြို့နယ် စာနယ်ဇင်း တစ်နှစ်ပြောပွဲအတွက်၊ မင်းပြား

စာကြည့်တိုက် ကွန်ပျူတာတစ်စုံ၊ မင်းပြားမြို့ ကွန်ပျူတာကျောင်းအတွက် ကွန်ပျူတာများနှင့် ပရိဘောဂများ၊ ပေါက်ပင်ကွင်းတံတား သိန်း (၅၀)နှင့် နဝကမ္မငွေပဒေသာပင်၊ ရန်ကုန်စစ်တွေလမ်းမကြီးမှ မင်းရွာ၊ ထောင့်ချေရွာ၊ မြစ်နားရွာတို့ကို ဖြတ်ကျော်ပြီး အဝရွာ၊ ဒီးပင်ကြီးရွာသို့ (၃)မိုင် (၆)ဖာလုံ ပထမမြေသားလမ်း၊ ကျောက်ကြမ်းလမ်းမှ ကျောက်ချောလမ်းခင်းခြင်း၊ ဒီးပင်ကြီးရွာတွင် သံဝေဇနီယ ဆင်းတုတော်များ၊ လုမ္ဗိနီလက်ညှိုးထောင်ဘုရား (၉)ပေ၊ မိဂဒါဝုန်ဘုရား (၉)ပေ၊ ပဥ္စဝဂ္ဂီ (၅)ဦး၊ ကုသိနာရုံဘုရားကြီး (၂၁)ပေနှင့် ကွင်းကြီးတွင် လမ်းနှင့် ရေကန်တစ်ခု ပါဝင်သည်။

အရှေ့အနောက်တံတား(သစ်သားတံတား)၊ ကျောင်းတက်လမ်းကွန်ကရစ်တံတားတစ်ခု၊ ကျောင်းသားများပညာရေးအတွက် ကျောင်းဆရာ (၂)ဦးအား အစိုးရလခနှုန်း ထောက်ပံ့ခဲ့သည်။ ကျောင်းသားများကို ကျောင်းဝတ်စုံနှင့် စာအုပ်စာတမ်း။ မင်းရွာ၊ မြစ်နားရွာ၊ ထောင့်ချေရွာ၊ တွဲဖက်အထက်တန်းကျောင်းအတွက် ငွေပဒေသာပင်၊ ဆေးပေးခန်းအတွက်ပရိဘောဂများ၊ အဝရွာတွင် ကျောင်းသားကျောင်းသူများအတွက် နဝကမ္မငွေပဒေသာပင်နှင့် အရင်းအနှီး၊ စာအုပ်စာတမ်းများ ဝေငှခဲ့သည်။ ခွဆုံရွာကျောင်းသားကျောင်းသူများအတွက် ငွေပဒေသာပင်နှင့်မြေ၊ စာအုပ်စာတမ်းများ၊ သင်းဘောင်ချောင်း၊ ကျောင်းသားများအတွက် စာအုပ်စာတမ်း၊ အဝတ်အစား၊ ကြက်ယက်ရွာကျောင်း ကျောင်းသားများအတွက် စာအုပ်စာတမ်း၊ အဝတ်အစား၊ ဖားပြိုရခိုင်ရွာကျောင်း ကျောင်းသားများအတွက် စာအုပ်စာတမ်း၊ အဝတ်အစား၊ ဖားပြိုချင်းရွာ ပညာရေးပဒေသာပင်၊ ဒီးပင်ကြီးရွာ သုံးဘီးကားတစ်စီးနှင့် ထော်လာဂျီတစ်စီး၊ ရာမောင်ရှင်နတ်ကွန်းလမ်းမကြီး၊ ဒီးပင်ကြီးရွာကျောင်း မီးစက်တစ်လုံး၊ ဒီးပင်ကြီးရွာ မီးစက်တစ်လုံး၊ ဒီးပင်ကြီးရွာ သံဝေဇနီယ (၄)ဌာနတွင် ဆိုလာမီး (၄)ခု၊ မျက်မှောင်တော်ဘုရား သံဇကာပတ်လည်၊ သံဝေဇနီယ သံဇကာများ၊ ဘုရားဝန်းတံတိုင်းအတွက်၊ (၁၉၉၀)ခုနှစ် ကုသိနာရုံမှ ဗုဒ္ဓဂယာသို့သွားလျှင် ဆရာတော်အတွက် ဂေါပကမှလှူသော ငွေကို ဆရာတော်မှ အိန္ဒိယစာကြည့်တိုက်သို့ လှူဒါန်းခဲ့ပါသည်။ ဘိက္ခုပေါရနေစျာရ်ကျောင်း၊ မဟာမာယာ ဗုဒ္ဓဝိဟာရ၊ ဆရာတော်ဦးစန္ဒြမဏိကျောင်း၊ ဆိုနောက်လီတွင် ဆရာတော်ဦးစန္ဒြမဏိကျောင်း၊ နာဂပူရ်တွင် ဆရာတော်ဦးစန္ဒြမဏိ VIP တည်းခိုးဌာနတို့အား အများလှူဒါန်းခြင်းမှ ရရှိသော ဝတ္ထုများဖြင့် လှူဒါန်းခြင်းဖြစ်သည်။ ဆက်လက်၍ ဆရာတော်ဦးစန္ဒြမဏိကျောင်းတွင် ကျောင်းကြို ဘစ်ကားတစ်စီးကိုလည်း လှူဒါန်းခဲ့သည်။

လိုအပ်ချက်အရ ပြုလုပ်ရ

ပထမကုသိနာရုံကို ကိုမာထကူးဝါးရ်ဟုသာ ခေါ်လေသည်။ အစိုးရ စာရွက်စာတမ်းများတွင် ဘုရားဝိုင်းကြီးတစ်ခုလုံးကို လူမပိုင်သော တောင်ပို့ကြီးနာမည်နှင့်သာ ရေးသားထားခဲ့သည်ကို မတရူးဒီးဟ်ဆိုသော နာမည်ကို ဖျက်ပြီး ဘုရားဌာနကြီးတစ်ခုဟု ရေးသားခဲ့သည်။

(၁၉၇၄)ခု၌ ကုသိနာရုံတောင်းရှစ်=ကုသိနာရုံမြို့နယ်ဟု ပြည်နယ်ဝန်ကြီးကို တင်ပြပြီး ရေးသားစေခဲ့သည်။ ဗိဆုရ်ပူရာလိန္ဒ ဝလိယာနာမည်ကို ပယ်ဖျက်ပြီး ဝန်ကြီးကို ပြောပြကာ ကုသိနာရုံအမည်ကို ရေးသားစေခဲ့သည်။ ဖြစ်စေခဲ့သည်။

(၂၂-၅-၁၉၉၇)ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ကြီးသပတေးနေ့တွင် ဒေဝရိယာခရိုင်မှ ပဒရောက်နာ၊ ထိုမှာ ကုသိနာရုံခရိုင်ဟု ပြည်နယ်ဝန်ကြီးချုပ်အား ဖိတ်ခေါ်ပြီး မဟာသုခံဒဒချမ်းသာကြီးစေတီတော် အုတ်မြစ်ချအခမ်းအနားတွင် အသိအမှတ်ပြု ကြေညာခဲ့ပါသည်။ ကုသိနာရုံခရိုင် ဖြစ်လာခဲ့သည်။

ကုသိနာရုံတွင် VIP ဦးစန္ဒြမဏိ တည်းခိုဆောင် (၄)ထပ်ကျောင်းကြီးတစ်ခု ဆောက်လုပ်ထားပါသည်။ အခန်းပေါင်း (၂၅)ခန်း၊ (၃၃)ခန်း၊ (၃၄)ခန်းပါ၊ ပါဝင်ပါသည်။

ကုသိနာရုံတွင် နိုင်ငံတကာမှ ဘုရားဖူးများ လာရောက်ခဲ့ကြရာ တစ်ခါတစ်ရံ လူသေတော့ သဂြိုဟ်မည့်နေရာ မရရှိပါက အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရ၍ နိဗ္ဗာန ဇောတိသုသာန်တစ်ခုကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

ကုသိနာရုံတွင် ဆရာတော် ဘဒ္ဒန္တစန္ဒြမဏိ ဗုဒ္ဓဝိဟာရဆရာတော် ဘဒ္ဒန္တဉာဏိဿရဗုဒ္ဓဝိဟာရ၊ မဟာမာယာဗုဒ္ဓဝိဟာရ၊ သိဒ္ဓိလက်ာဗုဒ္ဓဝိဟာရ ကျောင်းခွဲများကိုလည်း ပြုလုပ်နိုင်ခဲ့သည်။

ဗာရာဏသီဆာဦးသွင်ကျောင်း၊ ဘင်္ဂလားဒေ့ရှ်ကျောင်း၊ မိဂဒါဝုန်ကျောင်းများသည်လည်း ကုသိနာရုံဆရာတော်၏ နာမည်နှင့်ရှိပြီး ဆရာတော်မှ ကြီးကြပ်အုပ်ချုပ်နေရဆဲ ဖြစ်သည်။

ဆိုနောက်လီကျောင်းခွဲကိုလည်း ဆရာတော်မှ ကြီးကြပ်အုပ်ချုပ်နေရသည်။ ဆရာတော်ဦးစန္ဒြမဏိအမည်နှင့်ဖြစ်သည်။

နာဂပူရ်မြို့တွင် ဆရာတော်ဘဒ္ဒန္တစန္ဒြမဏိအမည်ဖြင့် ကျောင်းခွဲသိမ်များ ဆောက်လုပ်ထားပါသည်။

နဂဒေးရ်တွင် စာသင်ခန်းမတစ်ခုနှင့် ဗုဒ္ဓဝိဟာရ ဆောက်လုပ်လှူဒါန်းထားပါသည်။

ကုသိနာရုံတွင် ကျောင်းသားများအား ကြို/ပို့ရန် ဘတ်စ်ကားတစ်စီးကိုလည်းကောင်း၊ လူနာတင်ယာဉ်တစ်စီးကိုလည်းကောင်း ဝယ်ယူခဲ့ပြီး လှူဒါန်းထားရှိခဲ့သည်။

ကုသိနာရုံတွင် ဆရာတော်ဦးစန္ဒြမဏိဗိမာန်တစ်ခု၊ ဆေးပေးခန်း၊ လူနာတင်ဆေးရုံတစ်ခု ဆောက်လုပ်လှူဒါန်းခဲ့သည်။

ရေဘေး၊ မီးဘေး၊ လေျှင်ဘေးတို့တွင် ဆရာတော်၏ ကူညီမှုစွမ်းဆောင်မှုကြောင့် နိုင်ငံတကာမှ သိန်းပေါင်းများစွာ လာရောက်လှူဒါန်းကူညီကြသည်။

ဤသို့ဖြင့် ဆရာတော်ကြီးဘဒ္ဒန္တဉာဏိဿရသည် သာသနာရေး၊ ဘာသာရေးတို့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သလို ဆရာတော်ကြီး၏ လူမှုရေး-လူသားတို့အသိပညာဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့အတွက် ဆောင်ရွက်နေသည်များကို မျက်မြင်ကိုယ်တွေ့ မြင်ကြရမည်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဤ၁၀ အသက်နှင့်ခန္ဓာ တည်ရှိနေသရွေ့ သာသနာအကျိုး-ပရိယတ္တိအကျိုး၊ လူသားတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနေဦးမည်သာ ဖြစ်ပါသည်။

ဆက်လက်လှူဒါန်းရန် စိတ်ရည်သန်

ကုသိနာရုံဆရာတော်သည်

- ငြိမ်းချမ်းရေးစေတီတော် (ကိုရီးယား)တစ်ဆူ
- ဦးစန္ဒြမဏိဗိမာန်တော် (စစ်တွေ)တစ်ခု
- ဦးစန္ဒြမဏိဗိမာန်တော် (မြောက်ဦး)တစ်ခု
- ဦးကိတ္တိမာဗိမာန်တော် (မြောက်ဦး)တို့ကို တည်ဆောက်လုပ်ရန် ကြိုးစားနေဆဲဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆရာတော်ကြီးနှင့်အတူ သာသနာပြုလုပ်ငန်းအတွက် လှူဒါန်းပါဝင်လိုသူများအား သဒ္ဓါတရားပွားများစေခြင်းငှာ သိရှိစေအပ်ပါသည်။ ဤတွင် ဆရာတော်ကြီး၏ ပတ္တမြားရတုတိုင် ထေရုပ္ပတ္တိအပြီးသို့ ရောက်သတည်း။

သာသနာနှင့်ဆုံ၊ ဤလူ့ဘုံတွင်

စုံအောင်ထူဆိုထိပြုနိုင်ကြပါစေ။

ဆရာတော်၏ တပည့်တစ်ဦးပူဇော်သည်။



နိုင်ငံခြားသာသနာပြု ကုသိနာရုံမြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ် ထေရုပ္ပတ္တိပူဇော်စာတမ်းလွှာ

ဦးမြင့်စိုး(ရွှေပုံမြင့်)ပူဇော်သည်

၁။ ဉာဏိဿရသဝှော ရက္ခ–ပုရာဒိကေ စ ဂါမကေ။

မာတာပိတူဟိ သဉ္ဇာတော၊ မောင်အောင်ဖုံဝေတိ နာမိကော။

ဉာဏိဿရသဝှော၊ အရှင်ဉာဏိဿရလောင်းလျာသည်။ ရက္ခပုရာဒိကေ စ ဂါမကေ၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဖင်ရိုင်းချောင်းကျွန်း၊ ဖိုးပင်ကြီးကျေးရွာ၌။ (နိသိန္နေဟိ၊ နေကုန်သော) မာတာပိတူဟိ၊ ဖခင်ဦးမောင်ကျော်သူ၊ မိခင်ဒေါ်ဝင်းမြဦးတို့မှ။ သဉ္ဇာတော၊ မြန်မာသက္ကရာဇ် (၁၂၉၈)ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃)ရက်၊ (၁၀–၁၁–၁၉၃၆ ခု)အင်္ဂါနေ့တွင် ကောင်းစွာဖွားမြင်သန့်စင်ပါသည်။ မောင်အောင်ဖုံဝေတိ နာမိကော၊ ထိုသား၏အမည်ကို ''မောင်အောင်ဖုံဝေ''ဟု ခေါ်ဝေါ်ပညတ်အမည် မှည့်ကြကုန်၏။

၂။ စတုဒ္ဒသာယုကာလေ သော၊ ပဗ္ဗဇ္ဇတ္တံ သုသမ္ဘဝှော။

တတ္ထ သောပိ တန္ဒမေနန၊ ဓမ္မိကာယ သယံ သက္ကော။

သော၊ ထို အရှင်ဉာဏိဿရလောင်းလျာသည်။ စတုဒ္ဒသာယုကာလေ၊ အသက် (၁၄)နှစ်ရှိသော အရွယ်အခါ၌၊ ပဗ္ဗဇ္ဇတ္တံ သုသမ္ဘဝှော၊ ဖိုးပင်ကြီးကျေးရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝသို့ ကောင်းစွာရောက်ရှိပါ၏။ တတ္ထ၊ ထိုရှင်ပြုပွဲ၌။ သောပိ၊ ထို သာမဏေရှင်ဉာဏိဿရသည်လည်း။ တန္ဒမေန၊ ထို ရှင်ဉာဏိဿရ ဟူသောအမည်ဖြင့်။ ဓမ္မိကာယ၊ တရားဟောခြင်းငှာ။ သယံ၊ ကိုယ်တိုင်။ သက္ကော၊ စွမ်းနိုင်ပါပေ၏။

၃။ သာမဏေရဘာဝေနေဝ၊ ဘဒ္ဒန္တနာဂဝံသဿ။

သန္တိကေ မူလဘူတေ သော၊ ပိဋကဂန္ထေပိ ဥဂ္ဂဏှိ။

သော၊ ထို– သာမဏေရှင်ဉာဏိဿရသည်။ သာမဏေရဘာဝေနေဝ၊ ရှင်သာမဏေဘဝဖြင့်ပင်။ ဘဒ္ဒန္တနာဂဝံသဿ၊ စစ်တွေမြို့ စစ်ကဲတော်မင်းကျောင်းဆရာတော် အရှင်နာဂဝံသမထေရ်၏။ သန္တိကေ၊ အထံတော်၌။ မူလဘူတေ ပိဋကဂန္ထေပိ၊ အခြေခံပိဋကစာပေကျမ်းဂန်တို့ကိုလည်း။ ဥဂ္ဂဏှိ၊ သင်ယူခဲ့လေ၏။

၄။ ဝေရိကွယေ မင်္ဂလာရာမေ၊ ပါဠိယံ တက္ကသီလေ–သော။

ဂန္ထေ ဥဂ္ဂဏှိ နိသိန္နော၊ ဥပသမ္ပဒမ္ပိ ပါပုဏိ။

သော၊ ထိုသာမဏေရှင်ဉာဏိဿရသည်။ ဝေရိကွယေ မင်္ဂလာရာမေ ပါဠိယံ တက္ကသီလေ၊ ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌။ နိသိန္နော၊ သီတင်းသုံးနေထိုင်စဉ်။ ဂန္ထေ၊ ပါဠိစာပေ ကျမ်းဂန်တို့ကို။ ဥဂ္ဂဏှိ၊ သင်ယူခဲ့ပြီ၊ ဥပသမ္ပဒမ္ပိ၊ မြင့်မြတ်သောရဟန်းဘဝသို့လည်း။ ပါပုဏိ၊ ရောက်လေပြီ။

၅။ တံ၀ိဟာရေ နိသိန္နော သော၊ နာနာ၀ိဓေ ဓမ္မုဿဝေ။
ဓမ္မုဿ၀ယထာက္ကမံ၊ သုဖ္ဖယန္တော သုလဒ္ဓိကော။

သော၊ ထိုအရှင်ဉာဏိဿရရဟန်းသည်။ တံ၀ိဟာရေ နိသိန္နော၊ ထို မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်စဉ်။ နာနာ၀ိဓေ ဓမ္မုဿဝေ၊ အထူးထူးအပြားပြား အမျိုးမျိုးသော ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲ၌။ ဓမ္မုဿ၀ယထာက္ကမံ၊ အစဉ်အတိုင်း ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းစာမေးပွဲကို ရှင်သာမဏေဘ၀ဖြင့်လည်းကောင်း၊ အစိုးရစာချတန်းစာမေးပွဲကို ရဟန်းဘ၀ဖြင့်လည်းကောင်း။။ သုဖ္ဖယန္တော၊ ကောင်းမွန်စွာ အောင်မြင်ခဲ့သည်ဖြစ်၍။ သုလဒ္ဓိကော၊ ပထမငယ်တန်းအောင်လက်မှတ်၊ ပထမလတ်တန်းအောင်လက်မှတ်၊ ပထမကြီးတန်းအောင်လက်မှတ်နှင့် အစိုးရဓမ္မာစရိယစာချတန်း (သာသနဓဇဓမ္မာစရိယ)အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်ကို သန့်သန့်ရှင်းရှင်း ကောင်းမွန်စွာ ရရှိခဲ့လေ၏။

၆။ ထေရော သော ကိတ္တိဃောသာနံ၊ ဓမ္မာစေရပသိဒ္ဓါနံ။
သန္တိကေ ဗဟုထေရာနံ၊ ပါဠျာဋ္ဌကထဋီကာဒိ။
ဗုဒ္ဓဂန္ထံ ဂတံ ဥဒ္ဓံ၊ ဥဂ္ဂဏှိ သုဋ္ဌု အာရဒ္ဓိ။

သော ထေရော၊ မြဲမြံခိုင်ခံ့ တည်တံ့သော သီလ၊ သမာဓိ၊ ပညာရှိသော ထိုအရှင်ဉာဏိဿရသည်။ ကိတ္တိဃောသာနံ၊ ကျော်ကြားသော အသံရှိကုန်သော။ ဓမ္မာစေရပသိဒ္ဓါနံ၊ ဓမ္မာစရိယစာချဆရာဟု ထင်ရှားကုန်သော။ ဗဟုထေရာနံ၊ ရန်ကုန်မြို့ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသနှင့် စာချဆရာတော်များ။ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသနှင့် စာချဆရာတော်များဖြစ်ကုန်သော များစွာသောမထေရ်တို့၏။ သန္တိကေ၊ အနီးထံတော်မှောက်၌။ ပါဠျာဋ္ဌကထဋီကာဒိ၊ ပါဠိအဋ္ဌကထာဋီကာစသော။ ဥဒ္ဓံဂတံ၊ အထက်တန်းဖြစ်သော၊ ဗုဒ္ဓဂန္ထံ၊ မြတ်စွာဘုရား၏ ကျမ်းဂန်စာပေများကို။ ဥဂ္ဂဏှိ သုဋ္ဌု အာရဒ္ဓိ၊ ကောင်းမွန်မှန်ကန်စွာ သင်လည်းသင်ယူ၏၊ ကြိုးစား၍လည်း အားထုတ်၏။

၇။ ဉာဏိဿရော ဝေသော ထေရော၊ နိသိန္နော ကုသိနာရယံ။
ဟိန္ဒျာဒိက ဘာသန္တရံ၊ အာစိတံ နိစိတံ စာပိ။
အာလမ္ဘိတံ သဒ္ဓါ ကတ္တွာ၊ ဓမ္မုဿဝေ အနေကေပိ။
ဝိသဒေန ဖယန္တတ္တာ၊ လာဘော လက္ခဏာအဋ္ဌနံ။

ဉာဏိဿရော ဝေသော ထေရော၊ နိသိန္နော ကုသိနာရယံ၊ ထိုအရှင်ဉာဏိဿရမထေရ်သည် အိန္ဒိယပြည် ကုသိနာရုံ မြန်မာကျောင်း၌ သာသနာတော် စည်ပင်ပြန့်ပွားရန် ဒုတိယကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာ၊ အိန္ဒိယနိုင်ငံသား ဘဒ္ဒန္တဓမ္မရက္ခိတမထေရ်တို့၏ လမ်းညွှန်ချက်နှင့်အညီ နေထိုင်လျက်။ ဟိန္ဒျာဒိက ဘာသန္တရံ၊ ဟိန္ဒီ၊ သက္ကတ၊ အင်္ဂလိပ်ဟူသော ဘာသန္တရစာပေကို။ အာစိတံ နိစိတံ အာလမ္ဘိတံ စာပိ သဒ္ဓါ ကတ္တွာ၊ လေ့လာ၊ ဆည်းပူး၊ အားထုတ်ခြင်းကို အမြဲမပြတ် ပြုတတ်သဖြင့်။ ဓမ္မုဿဝေ အနေကေပိ၊ ဝိသဒေန ဖယန္တတ္တာ၊ လာဘော လက္ခဏာအဋ္ဌနံ၊ တစ်ပါးမက များလှစွာသော -

(က) (၁၉၆၈)ခုနှစ်၊ ယူပီဘုတ်အဖွဲ့က ကျင်းပသော (၁၀)တန်းစာမေးပွဲ။

(ခ) (၁၉၇၀)ပြည့်နှစ်တွင် (၁၂)တန်းစာမေးပွဲ။

(ဂ) (၁၉၇၃)ခုနှစ်တွင် ဂေါ်ရခ်ပူရ် ယူနီဗာစီတီက ကျင်းပသော (B.A) စာမေးပွဲ။

(ဃ) (၁၉၇၅)ခုနှစ်တွင် ဂေါ်ရခ်ပူရ် ယူနီဗာစီတီက ကျင်းပသော (M.A) သမိုင်းစာမေးပွဲ။

(င) (၁၉၇၈)ခုနှစ်တွင် ဂေါ်ရခ်ပူရ် ယူနီဗာစီတီက ကျင်းပသော (M.A) ပါဠိစာမေးပွဲ။

(စ) ဂေါ်ရခ်ပူရ် ယူနီဗာစီတီက ကျင်းပသော တိဗက်ဘာသာ ဒီပလိုမာစီနီယာတွင် တက္ကသိုလ်တစ်ခုလုံး အမှတ်အများဆုံးရ၍ ချီးမြှင့်ခံရသော ရွှေတံဆိပ်ဆု။

(ဆ) ဂေါ်ရခ်ပူရ်တက္ကသိုလ်က ပေးသော ဥပဒေပညာ (L.L.B) ဘွဲ့။

(ဇ) အိန္ဒိယတိုင်းရင်းဆေးပညာ (B.A.M.S) ဘွဲ့တို့ကို ရရှိခဲ့ပါသည်။

(ဈ) ဆရာတော်ဦးဉာဏိဿရမဟာထေရ်၏ ပညာရေး၊ သာသနာရေး၊ လူမှုရေး စွမ်းဆောင်ချက်များကြောင့်

(၁) မြန်မာနိုင်ငံတော်အစိုးရမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့။

(၂) ကန်နပူရ်မြို့မှ ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့။

(၃) အိန္ဒိယပြည် ယူပီနယ်လက္ခနောင်းမှ ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့။

(၄) လက္ခနောင်းအစိုးရအတွင်းဝန်ချုပ်မှ (Monk in cgief) ဘွဲ့။

(၅) ဘီဟာပြည်နယ်၊ ပညာရေးဝန်ကြီးဆက်ကပ်သော ဝိဆ္စဗုဒ္ဓရတန (ဗုဒ္ဓသားကောင်းရတနာ ဗုဒ္ဓဝိသာရဒဘွဲ့)။

(၆) ဘီဟာပြည်နယ်၊ ပညာရေးဝန်ကြီး ဝိဆ္စဆန္တိနာယကဦးစီး၍ ဘီဟာပြည်နယ်အစိုးရက ဆက်ကပ်သော ဒေါက်တာဘွဲ့တို့ကိုလည်း ရရှိပါသည်။

၈။ **ဉာဏိဿရော မဟာထေရော၊ ဘာသန္တရမ္ဟိ အာစယော။**

တံထေရဿ စ မေဓာယ၊ သာသနဿ နရဿ စ။

ကိစ္စာဝဟဗလေယော၀၊ ကတတ္တာ လဒ္ဓလဥ္ဆကော။

ဉာဏိဿရော မဟာထေရော၊ အရှင်ဉာဏိဿရမဟာထေရ်သည်။ ဘာသန္တရမ္ဟိအာစယော၊ ဟိန္ဒီ၊ သက္ကတ၊ အင်္ဂလိပ်ဘာသာ စသော ဘာသန္တရစာပေကိုလည်း ဆည်းပူးလေ့လာ၏။

(သော၊ ထိုအရှင်ဉာဏိဿရမဟာထေရ်သည်) တံထေရဿ၊ ထိုအရှင်ဉာဏိဿရမဟာထေရ်၏။ မေဓာယ၊ **ကိစ္စာမဟ ဗလေယော၀ ကတတ္တာ၊** ဆရာတော်ဦးစန္ဒြမဏိ အခမဲ့အလွတ်ပညာသင်ကျောင်း စသော ကျောင်း (၉) ကျောင်းတို့၌ အ၀တ်အစား စာရွက်စာတမ်းတို့ကို လှူဒါန်းခဲ့ပါသည်။

ထို့ပြင် ဘီဟာပြည်နယ်တွင် ဗုဒ္ဓဘာသာစာပေ၊ ဗုဒ္ဓဘာသာပညာရေးကိစ္စများကို ကူညီအားပေးခဲ့ပါသည်။

ဤသို့ ပညာရေး စွမ်းဆောင်ချက်ကိစ္စတို့ကို ပြုလုပ်သောကြောင့် လဒ္ဓလဥ္ဆကော၊ ပါဠိဆာဟိတျရတနာဘွဲ့၊ ဥပဒေပညာ (L.L.B) ဘွဲ့၊ အိန္ဒိယတိုင်းရင်းဆေးပညာ (B.A.M.S) ဘွဲ့တို့ကိုလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့ (ယူပီနယ်လက္ခနောင်းမှ) ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့ (ကန်နပူရ်မြို့မှ) (Monk in chier) ဘွဲ့၊ ဝိဆ္စဗုဒ္ဓရတနဘွဲ့၊ ဒေါက်တာဘွဲ့တို့ကိုလည်းကောင်း ရရှိခဲ့ပါသည်။

(သော၊ ထိုဉာဏိဿရမဟာထေရ်သည်။) တံထေရဿ၊ ထိုအရှင်ဉာဏိဿရမဟာထေရ်၏။ သာသနဿ ဗလေ ယော ကတတ္တာ၊ အာရှတိုက်နိုင်ငံအနှံ့ကြွရောက်၍ တရားဟော တရားပြသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်အောင်၊ သရဏဂုံတည်သူများဖြစ်အောင် စည်းရုံးဟောပြောသည်။ ဘာသာမဲ့နှင့် အခြားဘာသာဝင်များကို ဗုဒ္ဓဘာသာခံယူသူများ

ဖြစ်အောင် ဗုဒ္ဓဘာသာခံယူပွဲများ ဦးဆောင်ကျင်းပသည်။ (၁၉၇၂)ခု အောက်တိုဘာလ (၁၄)ရက်တွင် လူပေါင်း (၂၄) သိန်း၊ (၁၉၈၉)ခု စက်တင်ဘာလ (၂၉)ရက်နေ့၌ လူပေါင်း (၅)သိန်းကျော်၊ (၁၉၉၃)ခုနှစ် ဖေဖော်ဝါရီလတွင် လူပေါင်း (၁)သိန်းကျော်တို့ကို ဗုဒ္ဓဘာသာခံယူသူများဖြစ်အောင်၊ ဗုဒ္ဓဘာသာခံယူပွဲများကိုလည်း ကျင်းပပေးသည်။ (၁၉၉၃)ခုနှစ် ဒီဇင်ဘာလ (၆)ရက်နေ့တွင် လူပေါင်း (၃)သိန်းကျော်ကို ဗုဒ္ဓဘာသာဖြစ်အောင် ပြုလုပ်ပေးသည်။ လူပုဂ္ဂိုလ် (၂၆၀)ကို ရှင်သာမဏေအဖြစ်လည်းကောင်း၊ ရှင်သာမဏေ (၃၃)ပါးကို ရဟန်းအဖြစ်လည်းကောင်း ကျင်းပပြုလုပ်ပေးသည်။

အထူးအားဖြင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယ (၄)ဌာနတို့၌ သာသနာတော်ဆိုင်ရာ အဆောက်အအုံများ တိုးပွားရန်၊ ဘုရားဖူးများ စိတ်ချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရန်အတွက် သင့်လျော်သော လုပ်ငန်းများကို အထူးစီစဉ် ဆောင်ရွက်ပေးသည်။

ဤသို့ သာသနာရေး စွမ်းဆောင်ချက်ကိစ္စတို့ကို ပြုလုပ်သောကြောင့်လည်း လဒ္ဓလဉ္ဆကော၊ ပါဠိဆာဟိတျ ရတနာဘွဲ့တို့ကိုလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ စသည်တို့ကိုလည်းကောင်း ရရှိခဲ့ပါသည်။

(သော၊ ထိုအရှင်ဉာဏိဿရမဟာထေရ်သည်)။ **တံ ထေရဿ နရဿ စ ကိစ္စာဝဟာဗလေယေ၀ ကတတ္တာ၊** ကုသိနာရုံအနီးအပါးတွင် ရေဘေး၊ မီးဘေးဒုက္ခသည်များကို နှစ်စဉ် အဝတ်အစားများ အကူအညီ ပံ့ပိုးပေးသည်၊ မြေလျှင်ဒဏ်ခံရသော ယူပီပြည်နယ်၊ ဂူဂျရပ်ပြည်နယ်များသို့ သွား၍ ဒုက္ခသည်များကို နိုင်ငံတကာအကူအညီဖြင့် သိန်းပေါင်းများစွာ အကူအညီပံ့ပိုးပေးသည်။ နှစ်စဉ် ကုသိနာရုံပတ်ဝန်းကျင် (၁၁)မိုင်အတွင်းရှိ စာသင်ကျောင်းများသို့ ဝတ်စုံများ၊ စာအုပ်များကို ထောက်ပံ့ဝေငှအကူအညီပေးလေ့ရှိသည်။

(၁၉၉၀)ပြည့်နှစ်တွင် ပထမအကြိမ် မြန်မာပြည်သို့ ရောက်ရှိလာပြီး မိမိ၏ဇာတိ မင်းပြားမြို့နယ်၊ ငါးဖင်ရိုင်း ချောင်းကျွန်း (၁၃)ရွာတွင် မင်းရွာ၊ မြစ်နားရွာ၊ ထောင့်ခြေရွာတို့၌ အစိုးရအလယ်တန်းကျောင်းတို့ကို တွဲဖက်အထက် တန်းကျောင်းဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။ အလှူငွေထည့်ဝင်ခဲ့သည်။ ဇီးပင်ကြီးရွာ၊ အဝရွာ၊ ခွဆုံရွာ၊ ကြက်ယက်ရွာ၊ ဒက်ပျောချောင်းရွာ၊ ပေသာပြင်ရွာ၊ ဖားပြိုရခိုင်ရွာ၊ ရွှေစည်းခုံရွာ စသော ရွာပေါင်း (၁၃)ရွာအတွက် ကလေးများအား နှစ်စဉ် အဝတ်အထည်နှင့် စာအုပ်စာတမ်းများကို ပေးလှူခဲ့သည်။

မင်းပြားဓမ္မာရုံ၊ မင်းပြားစာကြည့်တိုက်၊ မင်းပြားကျိန်းတောင်စေတီတော်တို့အား နှစ်စဉ် ငွေပဒေသာပင်တို့ကို စိုက်ထူလှူဒါန်းခဲ့သည်။ ရောဝတီတိုင်း အထောင်မြို့နယ် စာသင်ကျောင်း၌ ကလေးများ ပညာထူးချွန်စာမေးပွဲအတွက် မင်းပြားမြို့နယ် အသင်း၊ ရခိုင်အမျိုးသမီးအသင်း၊ ရခိုင်ဓမ္မာရုံအတွက် နှစ်စဉ်အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့သည်။

ဤသို့ လူမှုရေး စွမ်းဆောင်ချက်ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်သောကြောင့်လည်း လဒ္ဓလဉ္ဆကော၊ ပါဠိဆာဟိတျ ရတနာဘွဲ့ စသည်တို့ကိုလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ စသည်တို့ကိုလည်းကောင်း ရရှိခဲ့ပါသည်။

၉။ **ဉာဏိဿရော မဟာထေရော၊ ဘဒြော ပညာဒိတိကာနံ။**

ကိစ္စာဝဟ ဗလေယေ၀၊ ပုဗ္ဗကာလေ အကာသိ စ။

ဇယိတုံ ဒါနိ ဇယုဿဝေ၊ ဇယန္တု စရထာဂ္ဂမံ။

ဘဒြော၊ သီလ၊ သမာဓိ၊ ပညာနှင့် သဒ္ဓါ စာဂ သာသနာစိတ်ဓာတ်ကောင်းမွန်လှသော။ ဉာဏိဿရေ မဟာ ထေရော၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရမဟာထေရ်ဖြစ်သည်။ ပညာဒိတိကာနံ ကိစ္စာဝဟာဗလေယေ၀၊ ပညာရေး၊ သာသနာရေး၊ လူမှုရေးစွမ်းဆောင်ချက်ကိစ္စတို့ကို။ ပုဗ္ဗကာလေ၊ ရှေးအခါကာလ၌။ အကာသိ စ၊ ပြုလုပ်အားထုတ်

စည်းရုံး၍လည်း ဆောင်ရွက်ခဲ့ပါပေ၏။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ဖယှသဝေ၊ အောင်မြင်ပွဲ၌။ ဖယိတုံ၊ စင်စစ်ကေန် အမှန်အောင်မြင်ခြင်းငှာ၊ မုချအောင်မြင်ရန်။ တဿ၊ ထိုဒေါက်တာဘဒ္ဒန္တဉာဏိဿရမဟာထေရ်မြတ်၏။ ဖယန္တစရဏက္ကမံ၊

- အလုပ်ကို ရိုသေလေးစား၊ ထကြွနိုးကြား ဝီရိယထားပါ။
- မာနကို ထိန်းပြီး၊ မိတ်ဆွေဉာတိတို့ကို ချီးမြှောက်ပါ။
- ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားပါ။
- ကျေးဇူးပြုပါ၊ ကျေးဇူးဆပ်ပါ၊ ကျေးဇူးသိတတ်ပါ။
- သည်းခံသင့်သည်ကို သည်းခံ၍၊ ငြိုးခြင်ကာ ဗဟုသုတသိမ်းရှာဖွေပါ။
- ရဲရင့်ပြတ်သား၍ စွန့်စားရန်ကိစ္စကို ချင့်ချိန်နှိုင်းဆကာ သတိနှင့်လုပ်ပါ၊ အမှန်တရားလုပ်ရာတွင် ကြောက်လန့်စရာ လုံးဝမလိုပါ။
- ဆန္ဒမစောဘဲ ယောနိသောမနသိကာရကို နှလုံးသွင်း၍ ပစ္စုပ္ပန်အခြေအနေအနေတို့ကို အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် သုံးသပ်၊ ဆုံးဖြတ်၊ လုပ်ဆောင်ပါ။
- လောကဓမ္မကို ရင်ဆိုင်ရဲအောင် ကြိုးစားပါ။ သူတစ်ပါးကို မကဲ့ရဲ့မရှုတ်ချပါနှင့်၊ မကောင်းမှုခံရတိုင်း စိတ်အားမငယ်ပါနှင့်၊ ပြုံးရွှင်မှုဖြင့် အားလုံးအောင်မြင်မှုကို ရနိုင်ပါသည်။
- ပျက်စီးဆုံးရှုံးမှာကို မကြောက်ဘဲ အကောင်းဆုံးအတွေ့အကြုံကို အရင်းတည်ပြီး ထူးချွန်ပေါက်မြောက်အောင် ကြိုးစားသွားကြပါဟူသော အောင်မြင်ရေးကျင့်စဉ်ကို။ အကာလိက၊ မုချကေန်လိုက်နာရန် ညွှန်ကြားဆုံးမ သြဝါဒစကားကိုလည်း ပေးလည်းပေးခဲ့ပါပေ၏။

၁၀။ **သကတ္တာယ မဟာထေရော၊ န ပါပေတိ ပရံ သုခံ။**
သယမေဝ ပဟာယိတွာ၊ ပရဒုက္ခံ သုခေတိ စ။
သဘာဝေန သုစရိတော၊ ဂုဏေန စာတိပါမောက္ခော။
အာရောဂျေန မဟာထေရံ၊ ပဿေယျာဟံ ဝဿသတံ။

မဟာထေရော၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ မဟာထေရ်မြတ်သည်၊ သကတ္တာယ၊ မိမိအကျိုးငှာ၊ ပရံ၊ သူတစ်ပါးကို။ ဒုခံ-ဒုက္ခံ၊ ဆင်းရဲသို့။ န ပါပေတိ၊ မကျရောက်စေပါ။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ပရဒုက္ခံ-သူတစ်ပါး၏ ဆင်းရဲဒုက္ခကို။ ပဟာယိတွာ၊ ပယ်ဖျောက်၍။ သုခေတိ စ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါပေ၏။

သဘာဝေန၊ ပင်ကိုသဘောအားဖြင့်။ သုစရိတော၊ ကောင်းသောအကျင့်ရှိပါပေ၏။ ဂုဏေန၊ သီလ၊ သမာဓိ၊ ပညာဂုဏ်အားဖြင့်။ အတိပါမောက္ခာ၊ အလွန်မြင့်မြတ်ပါပေ၏။

အဟံ၊ ရုပ်နာမ် ဓမ္မ ဤနှစ်ဝကို ငါဟုသမုတ် အကျွန်ုပ်သည်။ မဟာထေရံ၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ မဟာထေရ်မြတ်ကို။ အာရောဂျေန၊ အနာရောဂါကင်းရှင်းစွာဖြင့်။ ဝဿသတံ၊ အနှစ်တစ်ရာတိုင်တိုင်။ ပဿေယျံ၊ မြင်ရပါလို၏။

(သာဓု၊ သာဓု၊ သာဓု)

ဦးမြင့်စိုး(ရွှေပုံမြင့်)

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံခြားသာသနာပြုပုဂ္ဂိုလ်ကျော်

ဒေါက်တာဘဒ္ဒန္တဉာဏိဿရ မဟာထေရ်မြတ်ကြီး၏

သင်္ခေပ ထေရုပ္ပတ္တိကထာနှင့် ဝိသေသ ရစနာပဒ္ဒိဂါထာများ

ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc၊ ဒ-ဘ-ဗ-ဝ)

၁။ ကုသိနာရာမော ပထမော၊ မဟာဝိရော တိနာမကော။
ဒုတိယော စန္ဒြမဏိ စ၊ တတိယ တု ဉာဏိဿရော။

၂။ ဉာဏိဿရော မဟာထေရော၊ ဥတ္တမော ပုရိသော ဇဉ္စော။
ဥဒ္ဒဂ်မော သူရိယောဝ၊ ပါစိန လောကဓာတုယာ။

၃။ ဖိုးပင်ကြီးဂါမေ၊ စစ်တွေခရေ၊ မင်းပြားနဂရပဒေသေ။
ရခိုင်ရဋ္ဌေ မရမ္မေ တု၊ ဝိဇာတေ ဇေယျဘူမကေ။

၄။ ဦးအောင်ကျော်သူတိ, ပိတရော၊ ဒေါ်ဝင်းမြဦး နာမ မာတရာ။
မောင်အောင်ဖုံဝေနာမေ အသိ၊ စန္ဒိမာ ဣဝ သီတလော။

၅။ အဋ္ဌနဝုတာဓိ ဘောမေ၊ ဒွိသတေက သဟဿကေ။
ကတ္တိကေ ကာဠပက္ခမှိ၊ ဝိဇာယိ သု တေရသာဟေ။

၆။ သတ္တဝီသာယုကာလေဝ၊ အိန္ဒိယ ရဋ္ဌဘူမကေ။
သဗ္ဗဝေနေယျသတ္တာယ၊ နာနာဒုက္ခာ ဝိဝါသတိ။

၇။ အတီတေ သမ္မုခေ ပရေ၊ ရဋ္ဌန္တရေ စ မဇ္ဈိမာ။
ဗုဒ္ဓဘာသံ ပဝေသေန္တ၊ သက်မေန္တ အနေကဇာ။

၈။ အနေက သတ သဟဿာ၊ မဇ္ဈိမာ ဒေသ ဝေနေယျာ။
အန္ဓလောကာ ဥဒ္ဓရန္တ၊ ပါပုဏန္တ သမ္မောဘာသံ။

၉။ အဂ္ဂမဟာပဏ္ဍိတောစ၊ သဒ္ဓမ္မောဇောတိကော ဓဇော။
ရဋ္ဌိဿရော ပူဇိတောဟိ၊ မြန်မာ့ဌာနီ သုလဒ္ဓနော။

၁၀။ ဟိန္ဒီ သကဋ္ဌီ အင်္ဂလိ၊ သာသနတ္တာယ သိက္ခတိ။
ဘာသန္တရော ဗဟုသုတော၊ ဆေကော ဒက္ခော ဝီရိယဒ္ဓေါ။
၁၁။ ယူပီ၊ ဘီဟာ၊ ကန်နပူရာ၊ မဟာဒေသာစ အိန္ဒိယာ။
နာနာဂုဏာ နာမကေန၊ ပူဇိတာ ဓမ္မ မာမကာ။
၁၂။ ဂေါ်ရက္ခပူ(ရ်)တက္ကသီလေ၊ ဘီအေ၊ အမ်အေ၊ ဥပဒေသု။
က္လတိဟာသော ဘူမိတလော၊ ကောသလ္လော်ပါဠိဘာသောစ။
(က္လတိဟာသ=ရာဇဝင်၊သမိုင်း)
၁၃။ တိဗက်ဒီပလိုမာတိ, နာမကော၊ သုဝိဇယော အာယုဗ္ဗေဒေါ။
ပါဠိဆာဟိတျ ရတနာ၊ ပြယာဂ်, နာမ–တက္ကသီလာ။
၁၄။ မဟာပဒေသိန္ဒိယာစ၊ ဒေလီ, ဘီဟာ တက္ကသီလာ။
အဂ္ဂပညောပဏ္ဍိစ္စောဝ၊ ''ပါရဂူ'' တိ သမ္မာလဒ္ဓေါ။
၁၅။ ဂုရု–ဂုရု–မဟာဂုရူတိ၊ ဟိန္ဒူပဏ္ဍိတေဟိ ပဂ္ဂဏှိ။
န သော သဗ္ဗတ္တ ဇာယတိ၊ ပဿတိ ရက္ခပူရမှိ။
၁၆။ ဝီရော ဓီရော ခန္တိကရော၊ ဗျတ္တော ပဋိဗလော ယသော။
က္လာဿရော စိတြဉာဏောပိ၊ **''ဉာဏိဿရော''**တိအာစရော။
၁၇။ အစ္ဆရိယော အဗ္ဘုတောတိ၊ အဋ္ဌဂ်သမ္ပန္နာဂတံ။
သာသနံ စိရံ တိဋ္ဌာယ၊ မဟုဿာဟေန ဗလဝံ။ (ဗလငါးတန်–အားမာန်အပြည့်ဖြင့်)
၁၈။ ဇေတေန ဂုဏဝဏ္ဏေန၊ ပါသာဒိကောစ ရူပကာ။
ဝန္ဒိတော ပူဇိတောပနာ၊ နိစ္စံဝ ထေရသာဝကာ။
၁၉။ ဝဿ သတာဓိကံ ကာလံ၊ သာသနံ အာရာဓယန္တု။
ပတ္ထယာမ သုခါရောဂျံ၊ သုကရံ ယာဝဇီဝိတံ။
၂၀။ က္လမာနိ ဂုဏပဒါနိ၊ အပ္ပကောဝ မဟာထေရော။
အဝသေသေ ဗဟူယေဝ၊ အသင်္ချေယျော အပ္ပမာဏော။
၂၁။ ထောကေန ပါဠိဂါထာယ၊ မဟာထေရဿ ပူဇနံ။
ဒသင်္ဂုလိံ ပဏာမေတွာ၊ အဟံ ဝန္ဒာမိ သာဒရံ။

ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc၊ ဒ-ဘ-ဗ-ဝ)

ကုသိနာရုံမြေ

(၂၇ ပဒစီ အချီညီ အစျညီ ပဒညီ မင်္ဂလာပိုဒ်စုံရတု)

ကုသိနာရုံမြေ ။ ။ သီတင်းသုံးပေသည့်၊ စေတနာပြည့်ဝ၊ ဒေါက်တာဉာဏိဿရ၏၊ ဘဝဖြစ်ထွေ၊ ဥဒါန်းစေသော်၊ စစ်တွေဂုဏ်ပျို့၊ မင်းပြားမြို့၏၊ နှစ်လို့ဖွယ်ရာ၊ ဇီးပင်ကြီးရွာမှ၊ မေတ္တာကြွယ်ဝ၊ သစ္စာလှဖြင့်၊ ဓမ္မယူမျှော်၊ ဂုဏ်လျှံမော်သည့်၊ ဦးမောင်ကျော်သူမည်ထူး၊ ဒေါ်ဝင်းမြဦးတို့၊ ကြည်နူးဖွယ်ဆောင်၊ သားရွှေတောင်အား၊ ထောင်နှစ်ရာဟု၊ ကိုးဆယ့်ရှစ်ခု၏၊ ဥတုဟေမာ၊ ဆောင်းဦးခါဝယ်၊ ဗြိစ္ဆာဆုတ်လျက်၊ ဆယ့်သုံးရက်၌၊ နေ့တက်အင်္ဂါ၊ ဖွားမြင်ပါ,သည်။ **ဉာတကာထွတ်ဦးတူပျော်ကြပါသည်ဘုရား ။ ။**

လူ့အသိဖြာစုံစေ ။ ။ လောင်းပုတ္တေကား ။ ။ ရွယ်နေပျိုမျစ်၊ ဆယ့်သုံးနှစ်၌၊ ရှင်ချစ်သာသနာ၊ ဝင်ရောက်ကာဖြင့်၊ ကျေးရွာစံပြ၊ ဆရာထေရက၊ ဉာဏိဿရမည်ရာ၊ ဘွဲ့နှင်းလာသော်၊ စေတနာလျှံကဲ၊ ရှင်ပြုပွဲ၌၊ အံ့အဲဖွယ်ရာ၊ ကိုယ်တိုင်သာလျှင်၊ ဓမ္မာဂါရဝ၊ တရားဟောပြ၍၊ မြို့ပြစုံစွာ၊ မြတ်သောဆရာတို့၊ သင်ကာပို့ချ၊ နည်းစုံရ၍၊ ဂန္ထပင်လယ်၊ တတ်ရေးကြွယ်သော်၊ ငယ်,လတ်,ကြီးတန်း၊ စာချတန်းတို့၊ တက်လှမ်းကာသာ၊ အောင်မြင်ပါ,သည်၊ **သာသနာထွတ်မှူး ယူမျှော်ဆပါသည်ဘုရား ။ ။**

မုဒိတာ ထုံဝေ၊ မြတ်မဟာထေရ်ကား၊ ကိုယ့်မြေဒေသ၊ အာစေရတို့၊ ညွှန်ပြခါညီ၊ အိန္ဒိယပြည်၏ ဂုဏ်ထည်ဆင့်လောင်း၊ ကုသိနာရုံကျောင်း၌၊ ရွှေ့ပြောင်းစံကာ၊ သာသနာပြုလာသော်၊ သိန်းရာကျော်များ၊ ဘာသာခြားသို့ မြတ်ဘုရားသာသနာ၊ ဝင်ရောက်လာသော်၊ ဓမ္မာဟာရများ၊ တိုက်ကျွေးအားဖြင့်၊ နှစ်ငါးဆယ်ကျော်၊ မွေ့ထုံပျော်ခဲ့၊ သူတော်စံပြည့်၊ ပါရမီဖြည့်၍၊ ဇာတိမြေပေါ်၊ သိန်းထောင်ကျော်ဖြင့်၊ အလှူတော်ပျော်မှူ၊ အင်အားထုတို့၊ ပတ္တမြားရတု မင်္ဂလာ၊ တိုင်ခဲ့ပါ,ပြီ၊ **ဂါရဝါညွတ်နူး ပူဇော်ကြပါသည်ဘုရား ။ ။**

မြေလတ်မင်းလွင်
နိုင်ငံတော်စာပေ(၂၃)ဆုရှင်

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံ မြန်မာကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ မွေးနေ့ပူဇော်ပွဲကြီး

(သံပေါက်လင်္ကာ)

ကု – သိနာဒေသ၊ အခြေချ သူ ပျော်
ဖူးမြော် ရှိခိုး၊ မြတ်နိုး ကော်ရော်
သိ – ဉာဏ်ကြွယ်ဝ၊ ဘွဲ့ရပြန် သော်
မော် မကြွား၊ တို့များ ဆရာတော်။
နာ – မည် ကျော်ကြား၊ ထင်ရှား အမှန်
နိုင်ငံ ရပ်ခြား၊ ကြိုးစား ရှန်းကန်၊
ရုံ – သည့် သင်္ကန်း၊ ဆင်မြန်း စနစ်မှန်
အားမာန်ပြည့်၊ ဖူးတွေ့ကြည်ညို ပြန်။
ဆ – ရာတော်ကား၊ ကြိုးစားနေရှာ
ဇာနည် စိတ်ထား၊ ယောကျ်ား မဟာ၊
ရာ – ထောင် မက၊ အိန္ဒိယ မှာ
ဘာသာပြောင်း၊ ပွဲပေါင်း အခါခါ။
တော် –မှန် မြင့်မြတ်၊ စိတ်ဓာတ် မယိုင်
ရခိုင် ဇာတိ၊ ကဝိ မဏ္ဍိုင်၊
မွေး – ရပ်ကို စွန့်၊ မတွန့်ရင်ဆိုင်
အနိုင်ပွဲ၊ ဆင်နွှဲ ချိန်ခုတိုင်။
နေ့ – ည မနား၊ လိုက်စား စာပေ
ထွေထွေ ဘွဲ့ရ၊ အာဂ မထေရ်၊
ပူ – ပန် မပွား၊ စိတ်ထား ခိုင်နေ
ဝေးမြေ ရောက်၊ ထွန်းတောက် ဇမ္ဗူမြေ။
ဇော် – ပထမ၊ အရ တော်ပြန်
အားမာန် အပြည့်၊ သတိ တမံ၊
ပွဲ – ရံ ပွဲကြီး၊ ဝှဲချီး အောင်ပြန်
မြန်မာများ၊ အားကျဂုဏ်ယူရန်။
ကြီး – ကျယ် မြင့်မြတ်၊ ဂုဏ်ဒြပ် ထင်ပေါ်
ဆရာတော်ကား၊ ထင်ရှား ကမ္ဘာကျော်၊
ဖူးမြော်မဝ၊ ဦးချကော်ရော်
ပူဇော်ကြောင်း၊ ဆုတောင်းကြမယ်နော်။ ။

လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး

ပတ္တမြားရောင့ ကုသိနာရုံ ဉာဏ်ပွင့်များ

တက်လှ မှရေးသည်

(၁)

ကုသိနာရုံ၊ အင်ကြင်းစုံ၌
ကဆုန် လ,ပြေ့ (ပြည့်)၊ အင်္ဂါနေ့ဝယ်
ချမ်းမြေ့ နိဗ္ဗူ၊ စံတော် မူ၍
ဝှန်းဆူရင်ဖို၊ ကဗျာငိုသည်
စာဆိုလယ်တီ လွမ်းစာစီပ့်
မြတ်ဗုဒ္ဓ၏ နောက်ဆုံးည။
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို
ကဆုန်လ,ပြေ့ (ပြည့်) သောကြာနေ့ဝယ်
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌
မဟီလှိုက်ဆူ၊ ဖွားတော်မူသည်
နတ် လူ ရင် ချမ်း လယ်တီချမ်း
ဖွားခန်း ဘုန်းစွမ်း ခုနစ်လှမ်း။
ဘုရားဖြစ်ခါ၊ မိဂဒါသို့
စကြာရွှေသွား၊ ဖြန့်ချိသွား၍
ငါးဝါးဝဂ္ဂီ၊ စုံအညီနှင့်
ဉာဏ်ရည်ကပ်လာ၊ နတ်ပြဟ္မာအား
ဝါဆိုလ,ပြေ့ (ပြည့်) စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံနား၊ ဟောဖော်ကြားသည်
တရား နတ်စည် လယ်တီကြည်
ဗုဒ္ဓမိန့်မြွက် နှုတ်ဝစီ။
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်
မငြိုးကြည်ဖြူ၊ နေတော်မူလျက်
ရန်မြူခပင်း၊ အမိုက်သင်းကို
အလျှင်းပယ်ဖျောက်၊ အလင်းပေါက်ကာ
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်
ပူဇော်တမ်းတ, လယ်တီပြ
သံဝေဇနိယ လေးဌာန။

(၂)

မဇ္ဈိမဒေသ၊ အိန္ဒိယ၌
ဗုဒ္ဓအမွေ၊ တိမ်မြုပ်နေစဥ
ရှာဖွေဆန္ဒ၊ ဉာဏ်သရလျှင်
ဗုဒ္ဓ ဉာဏ်စဉ်၊ ဆွတ်ပန်ဆင်၍
ခြေလျင်ခရီး၊ ပင်ပန်းကြီးစေ ..
အဆီးအတား၊ အသွားအခက်
အသက်အသွေး၊ ငါ-စတေးဟု
ရင့်ကြွေးစုပုံ၊ ဗုဒ္ဓဂုဏ်တည့်
ကြည်ယုံစိတ်ထား၊ ပဲ့မသွားနိုင်
စကားတက္ကသိုလ်၊ ပညာလိုက
နှုတ်ချို သျှိုတစ်ပါး၊ ငါ-လိုက်စားဟု
ဘွဲ့များစီအရီ၊ ဒေါက်တာပီခဲ့
မြန်ပြည်တံဆိပ်၊ ခေတ်ပဏ္ဍိတ်နှင့်
အေးရိပ်ထပ်ဆောင်း၊ သူတော်ကောင်းဟု
စိတ်ကောင်းနှင့်ယှဉ်၊ သူတော်စင်ပေါ့
သက်ရှင်ရှစ်ဆယ်၊ ကိုးကွယ်ကြွယ်သား
သိလွယ်ဖို့ရေး၊ ပညာပေးသို့
စည်းဝေးဘာသာ၊ သာသနာတွက်
သဒ္ဓါရင့်ကျက်၊ နှုတ်စွမ်းထက်၏
အမျက်မသို၊ အလိုမပြည့်
အသိမစုံ၊ စာနာပုံနှင့်
အယုံအကြည်၊ မျှဝေသည်တည့်
ထုံကြည်ထုံလျှမ်း ထုံအောင်စွမ်း-
ဂုဏ်ရည်ဂုဏ်စွမ်း ဂုဏ်ရောင်လွှမ်း။

(၃)

ကုသိနာရုံ၊ ဆရာ့ဂုဏ်နှင့်
အာရုံနိုးထ၊ ကြိုးလုံ့လနှင့်
ဗုဒ္ဓသားပီ၊ ပါရမီနှင့်
ဉာဏ်ရည်စွမ်းပြ၊ ဘာသန္တရနှင့်
သက္ကတပါဠိ၊ တတ်ကျွမ်းဘိ၍
တတ်သိကုံလုံ၊ လူမျိုးစုံတို့
ယုံကြည်ကိုးစား၊ ဘာသာခြားမင့်
လေးစားသမှု၊ အာရုံပြု၏
ကရုဏာချဲ့၊ ဘာသာမဲ့တို့
ချည့်နှဲ့ယိမ်းယိုင်၊ စိတ်ထားခိုင်အောင်
ကိုယ်ပိုင်စိတ်ကောင်း၊ ဘာသာပြောင်းအောင်
ကျိုးကြောင်းဆင်ခြင်၊ ပြသွန်သင်လျက်
အယဉ်အကျေး၊ အပေးအကမ်း
အစွမ်းအစ၊ အကျအတက်
အခက်အခဲ၊ အယူစွဲအောင်
နက်နဲသောစိတ်၊ ဗုဒ္ဓရိပ်နှင့်
ချိတ်ဆက်ဟောပြ၊ နှလုံးလှအောင်
လောကလူသား၊ မြတ်တရားကို
သားတပည့်ကျော်၊ သံဃာတော်တို့
မွေ့လျော်အားထုတ်၊ မေတ္တသုတ်နှင့်
ထိန်းချုပ်အာရုံ၊ သရဏဂုံသည်
ဘုံသုံးဆယ့်တစ်၊ မြင်စစ်တရား
ကြုံတုန်းဖွဲ့ချစ် ရင်နှစ်ပွား။

(၄)

မြန်မာပြည်ဖွား၊ ရခိုင်သားတည့်
တရားလည်းချစ်၊ အားလည်းသစ်၍
အနှစ်ရှစ်ဆယ်၊ သက်တမ်းကြွယ်သား
မြို့နယ် မင်းပြား၊ ဇီးပင်ကြီးဖွားပေါ့
ထူးခြားပါရမီ၊ ကံညွှန့်စီလျက်
ဉာဏ်ရည်တောက်ကြွား၊ ဇာနည်ဖွားမို့
နွမ်းပါးရွာစဉ်၊ လမ်းသစ်ထွင်ကာ
စာသင်ကျောင်းများ၊ ဖွင့်လှစ်ထားသို့
မင်းပြားကျိန်းတောင်၊ ဘုရားဆောင်ဖို့
အောင်ပဒေသာလှ၊ နဝကမ္မတည့်
ဝေဌမြေဝယ်၊ ပေးကမ်းလွယ်သား
ဖြိုးကြွယ်ကျေးဇူး၊ ဒေါ်ဝင်းမြဦးအား



ဆုထူးပန်ခိုက်၊ စာကြည့်တိုက်ဟု
စရိုက်လိုက်ပြီး၊ ဖိုးပင်ကြီး၌
ပွားစီးဉာဏ်ဟုန်၊ မြင့်တက်ကုန်ဟု
အာရုံမြင်မြော်၊ ဆရာတော်လျှင်
အကျော်ဒေဃျ၊ ဘွဲ့မည်ရ၏
လောကဝတ်ကျေ၊ ဇာတိမြေ၌
စစ်တွေလမ်းမကြီး၊ ဖိုးပင်ကြီးထိ
ခရီးသွားဖော်၊ ဆရာတော်အား
လမ်းပေါ်မျှော်ကြည့်၊ စန္ဒြမဏိသည်
သတိတရ လောကနယ်-
အသိအလှ ပြောပြဘွယ်။

(၅)

ကုသိနာရုံ၊ သိန်းစုပုံ၍
ကုန်ကျခံကာ၊ မြတ်သဒ္ဓါနှင့်
''မဟာသုခံဒဒ-ချမ်းသာရ,တည့်''
လွမ်းတ,ဆွတ်ကျင်၊ တိဂုံရှင်သို့
ဖူးမြင်ကြည်ညို၊ လူထိုထိုပေါ့
ကုသိုလ်ပွားတိုး၊ များအကျိုးနှင့်

တန်ခိုးဘုန်းဝေ၊ ကျောင်းဆောင်တွေနှင့်
စာပေချစ်ပုံ၊ သိတတ်စုံအောင်
ဆူကြုံနိမ့်မြင့်၊ လက်တွဲကျင့်အောင်
ချင့်ချိန်တတ်စွာ၊ စေတနာဟု
ပညာရဲရင့်၊ ကမ္ဘာဝင့်ဟု
အဆင့်အတန်း၊ မခွဲခြမ်းဟု
အစွမ်းရှိက၊ လွန့်လူးထ,ဟု
ဗုဒ္ဓသားကျော်၊ ဆရာတော်လျှင်
တွေးခေါ်စာစု၊ ယဉ်ကျေးမှုနှင့်
မြင်ရှု ''ဟိန္ဒီ''၊ ''နေဝါရီ''နှင့်
စာစီပုံရိပ်၊ ''အင်္ဂလိပ်''ဖြင့်
စိတ်ပြောင်းစိတ်လွှဲ၊ ကြည်ချင်ပွဲတွေ
နက်နဲနှိုင်းပြ၊ အယူဆ,တွေ
ဗုဒ္ဓအယူ၊ ကိုယ်ပိုင်မူတွေ
မတူကွဲပြား၊ အယူများတွေ
လူသားလောက၊ မြင်အောင်ပြသည်
ဒုက္ခတွင်းမှ ကယ်တင်ရှင်
နှုတ်မှရှင်းပြ လွယ်ထင်မြင်
အစဉ်တွေးဆ ရွှေဘဝင်။

(၆)
ဘာသာမဲ့များ၊ မြင်သနား၍
နိုးကြားအသိ၊ ကြိုးစားဖြည့်ခဲ့
အသိအတတ်၊ အမြင်မြတ်အောင်
ခဲကတ်ဘဝ၊ တွဲရပ်ထ,အောင်
လှုံ့လလည်းကူ၊ ငွေလည်းကူလျက်
ပူပင်ကင်းစေ၊ လမ်းပြနေ၏
စာပေကျေးဇူး၊ သင်ရိုးထူးတိုင်း
စိတ်ကူးပုံရိပ်၊ အလှဖိတ်အံ့
အတိတ်ဖြစ်ရပ် အနာဂတ်သို့
စွဲကပ်ဝေဒနာ၊ ကင်းရှင်းကွာလိမ့်
ပညာတန်ခိုး၊ လူ့တန်ဖိုးလည်း
ဆိုးကျိုးမရှိ၊ ခံစားသိစေ ..
ပြည့်ဝမေတ္တာ၊ တုံ့ပြန်လာစေ ..
စာနာတတ်မှ၊ အမြတ်ရစေ ..
ဓမ္မပဒ၊ ကျမ်းငယ်လှဖြင့်
ဘဝတက္ကသိုလ်၊ ကျောင်းဖွင့်ကြိုခဲ့
နှစ်လို (၉)တန်း၊ သင် (၁၀)တန်းမှ
ပြဋ္ဌာန်းစာအုပ်၊ အနှစ်ချုပ်သော်
ဗုဒ္ဓပ္ပါဒ၊ ခြေခံပြသည်
သာဓကမှုရှာ ဆရာတော်
ထာဝရကူလာ အခါမျှော်
မွေ့လျော်ကိုးကွယ် အရှယ်နော်။

(၇)
ကမ္ဘာတစ်ခြမ်း၊ ကိုးကွယ်လမ်းဖွင့်
လှမ်းပင့်နေရာ၊ ပြည်များနှာသို့
ချမ်းသာဆင်းရဲ၊ မခြားခွဲဘဲ
နက်နဲဗုဒ္ဓ၊ အယူဆ,လျှင်
ကိုယ်ကလုပ်ထား၊ ကိုယ့်လုပ်အားနှင့်
ကိုယ်စားရတည်း၊ တရားနည်းပေါ့
သိမ်းဆည်းနာမ်ချုပ်၊ ခန္ဓာရုပ်နှင့်
သေထုပ်ပစ်ချ၊ သေကြရလိမ့်
ဘဝဖြစ်လာ၊ ဗျာဓိနာဖြင့်
ရောဂါတင်းလင်း၊ ချ,သက်ပြင်းနှင့်
ငြင်းဆန်မရ၊ လူ့လောကတည့်
စန္ဒြမဏီ၊ သက်သေရှိ၏
တပည့်သားမိုက်၊ စိတ်လိုလိုက်လည်း
ကိုယ့်ထိုက်ကိုယ်ကံ၊ ကိုယ်သာခံရ
စံပြဆရာ၊ ကြံဆမှာသို့
"လမ်းတာနှင့်ကျောင်း"၊ ကောင်းမှုဆောင်းခဲ့
ခိုအောင်းကျေးဇူး၊ တင်ပေဖူးက
စိတ်ကူးနိမိတ်၊ သူ့ပုံရိပ်တည့်
အတိတ်ကံကြွေး၊ ဝန်မလေးနှင့်
ပေးဆပ်ဖို့သာ၊ တို့ဝန်တာပေါ့
ဘာသာမဲ့များ၊ အို .. လူသားတို့
သွေးသားလှည့်ပြောင်း၊ ခန္ဓာဟောင်းသော်
မကောင်းပုံချ၊ ကောင်းပုံချ,နှင့်
စိတ်ကျရောဂါ၊ ကိုယ်တွင်းနာလိမ့်
"ဉာဏီသရ၊ အရှင်လှမှ
သရဏဂုံ၊ သုံးပါးခြုံသို့"
"လုံခြုံစိတ်ချ ကိုးကွယ်ကြ"ဟု
ဘဝအမှောင်၊ အလင်းဆောင်၏
အရောင်မဆိုး၊ တန်ခိုးမပြ
အရထိန်းခြင်း၊ မသိမ်းသွင်းဘူး
အရင်းစိုက်က၊ အမြတ်ရအောင်
ဘဝလမ်းတွင်၊ ကယ်တင်ရှင်သည်
သက်ရှင်ရှစ်ဆယ် ပတ္တမြား
မျက်မြင်ချစ်ဖွယ် မရပ်နား
တရားစိတ်ကြွယ် နှလုံးသား
ကုသိနာရုံ ဂုဏ်ပွင့်များ ..။

တက်လူ

အငိုတိတ်ပါ အာနန္ဒာ



✿ ကုသိနာရုံ၊ ငိုမည့်ပုံလား
ရဂုံလွမ်းမော၊ အင်ကြင်းတော၏
ပွင့်သောပန်းလျှင်၊ ညှိုးဟန်ဆင်တည့်
အင်ကြင်းတန်းကြား၊ ညောင်စောင်းလျား၌
ဘုရားရှင်မြတ်၊ မြောက်ဘက်ရပ်သို့
ခေါင်းအပ် လဲလျောင်း၊ သံဃာအပေါင်းနှင့်
အပေါင်း မလ္လာ၊ နတ်ဗြဟ္မာကို
ဒေသနာ ဓမ္မ၊ ဟောညွှန်ပြရင်း
ဗုဒ္ဓ မုနိ၊ တု မရှိသည်
ပရိနိဗ္ဗာန်၊ မြတ်ရပ်ဌာန်သို့
စံဝင်လုလု၊ ချိန်ယခုတည့်။
✿ ဥပဝါဏ၊ ချစ်သားလုနှင့်
အနုရုဒ္ဓါ၊ အာနန္ဒာသည်
ဘယ်မှာရောက်၍ နေသနည်း။
✿ အရှင်ဘုရား
ကျောင်းပြန်သွား၍
တံခါးကွယ်ဖုံး၊ မချိန်းစွာ
မင်းတုံးလေးကို၊ လက်သွင်းလျှို၍
ငိုနေပါတယ် အရှင်မြတ်ဘုရား။
✿ ငါဘုရား၏
စကားတော်ထောက်၊ ငါ့ဆီရောက်အောင်
ရှေ့မှောက်ခေါ်ခဲ့၊ ခေါ်လာခဲ့။
✿ ချစ်သား အာနန္ဒာ၊ ငါ့နားခွာ၍
နေရာ ဘယ်များ၊ ဘယ်ကိုသွား၍
ဘာများလုပ်နေပါသနည်း။
✿ အရှင်မြတ်စွာဘုရား
မျိုသိပ်ထားသည့်
များပြား သောက၊ ဗျာပါဒကို
လုံးဝ တန်တန်၊ သည်းမခံနိုင်၍
အန်ထုတ်နေရပါသည် ဘုရား။
✿ ချစ်သား အာနန္ဒာ
ရှေးဦးစွာက
ငါသည် တရား၊ ဟောမြွက်ထားသည်
နာကြားခဲ့ရပြီ မဟုတ်လား။
✿ ချစ်သား အာနန္ဒာ
မငိုပါနဲ့
ငိုပါလေသော်၊ မလျော်ဘူးကွဲ့
ချစ်ခဲ့ ကြင်ခဲ့၊ မြတ်နိုးခဲ့သည့်

အိုဘယ့် သတ္တဝါ၊ သခ်ီရာနှင့်
သေပါသော် ခွဲ၊ ရှင်လျက် ခွဲ၍
ခွဲခြင်း သုံးပါး၊ ဘဝခြား၏
တရားသဘော၊ ဆင်ခြင်စောလော့
လောကဌ် အမှန်သည်သို့ ရှိလေပြီ။
✿ တစ်နေ့သော်ကျ၊ ခွဲကြရဟု
မဆွကပင်၊ ကြိုသိမြင်အောင်
ငါရှင်မြတ်ဘုရား၊ ကရုဏာထား၍
ဟောကြားပြီးပြီ မဟုတ်လား။
✿ အဝိဇ္ဇာနှင့်
တဏှာနှင့်ကံ၊ အကြောင်းခံ၍
ခန္ဓာငါးပါး
ထင်ရှား ဖြစ်ပေါ်ခဲ့ပေတယ်။
✿ သခ်ံတံကို
ကံ စိတ် ဥတု အာဟာရ
သဘာဝနှင့်
ဖေးမ စောင့်ရှောက်နေပြန်တယ်။
✿ လောက ဓမ္မ
အဝိဇ္ဇာ တဏှာကံ အကြောင်းခံတွေ
ဖောက်ပြန်ကုန်ဆုံး၊ နောက်အဆုံး၌
လုံးလုံး ပျက်စီးရပေမယ်။
✿ သမုဒယ သစ္စာ
ဒုက္ခသစ္စာ၊ အာရက္ခဒုက္ခ
လောက ဓမ္မ၊ စောစွကပင်
ဟောပြထားပြီ အာနန္ဒာ။
✿ ပျက်စီး ခန္ဓာ၊ ဤအရာ၌
ငါသည်ပါဝင်၊ ဘုရားရှင်မို့
ကွေချင် သွေချင်၊ မပျက်ချင်၍
သွင်သွင် ဆီးတား၊ ကြောင်းတရားသည်
ဘယ်ကား ဘယ်နည်း၊ မရှိပြီးသို့
သည်းသည်းလှိုက်ဖို၊ ရှိုက်မငို သင့်
အငိုတိတ်ပါ အာနန္ဒာ။
✿ ချစ်သား အာနန္ဒာ
မေတ္တာ ကာယကံ
မေတ္တာ ဝစီကံ
မေတ္တာ မနောကံ၊ ဤသုံးတန်ဖြင့်
ငါ့ထံပါးမှာ၊ လုပ်ကျွေးလာသည်
နှစ်ကြာ ပြုစု၊ သင် ယခုလျှင်
ကောင်းမှု လုံ့စွာ၊ ရခဲ့ပါပြီ
ပဓာန အလုပ်၊ သင် ကြိုးကုတ်၍
အားထုတ် ရှက်ဆောင်လေတော့ တဲ့။
✿ သြော် မြတ်ဗုဒ္ဓ၏
အန္တိမ နေ့၊ မျက်မှောက်တွေ့စဉ်
မွေ့မကြည်သာ၊ အာနန္ဒာသည်
သောတာပန်ရှင်၊ ဖြစ်ပါလျှင်လျက်
ပူပင်မကင်း၊ ငိုကြွေးခြင်းနှင့်
ရင်တွင်း သောက၊ ဗျာပါဒကို
ဓမ္မ ရေစင်ဖြင့်၊ ငြိမ်းပါသင့်ကြောင်း
ငြိမ်းလင့်စေသော်၊ မြတ်ရှင်တော်က
မြွက်ဖော် ဆုံးမ၊ ဟောညွှန်ပြသည့်
ဗုဒ္ဓဝင်ဇာတ်၊ အတ္ထုပ္ပတ်ကို
ဖတ်ရှုတိုင်းပင်၊ ရှိဦးတင်၍
ဆင်ခြင်တတ်စွာ ၊ တွေးမိပါသည်
သခ်ီရ၏ သဘာဝ။
ဗုဒ္ဓသော်မှ လွန်မရ။
ခွဲရ ခွာရ လူ့လောက။
အငိုရပ်အောင် ကျင့်တတ်မှ။

(ကိုးကား ...မဟာဗုဒ္ဓဝင်)

မောင်ဟေမာ

ကန်တော့ပန်း

မောင်ကြင်နွယ်

\- အို–ထေရ်မဟာ
ထိပ်မှာလက်စုံ၊ ကြာတစ်ငုံသည်
သင်းထုံမွှေးဆမ်း၊ ကန်တော့ပန်းတည့်
လန်းဆန်းဝေဆာ၊ ရန့်ဖြာလျက်
ကြာတစ်ငုံပွင့်၊ ပဏာတင့်
မိုးနှင့်မြေပြင်၊ အလှဆင်လိမ့်။

\- စန္ဒြမဏိ၊ အမည်ရှိသော
ကတိတစ်ဆူ၊ ရှင်တစ်ဆူသည်
ဇမ္ဗူကျွန်းလှ၊ မဇ္ဈိမသို့
ဘဝငယ်စဉ်၊ အရွယ်ပင်က
ရှင်သာမဏေ၊ ကျောင်းဆောက်နေ၍
ဤမြေမဟီ၊ ဤတောမှီရင်း
စည်ပင်ဝါဝင်း၊ သာသနာလင်းရန်
သီတင်းသုံးကာ၊ သဒ္ဓါတရား
မေတ္တာပွားလျက်၊ ဘုရားအမွေ
ဖြန့်ဝေသမှု၊ သာသနာပြုခဲ့
ကုသိုလ်ဝေဖြိုး၊ ရှိခိုးပါ၏ဘုရား။

\- စန္ဒြမဏိ
ကုသိနာရုံ၊ အင်ကြင်းစုံဝယ်
ခိုလှုံရင်းသာ၊ သျှင်ဉာဏိဿရ
တပည့်လှကို၊ သာသနာ့အမွေခံ
ထားခဲ့ပြန်သော်၊ သံဝေဇနိယ
လေးဌာနကို၊ လုံ့လဝီရိယ
မြတ်ဒါနနှင့်၊ ကျနသေချာ
ထိန်းသိမ်းပါခဲ့၊ သာသနာသွယ်သွယ်
မပျောက်ကွယ်အောင်၊ တွယ်တာမြတ်နိုး
ကိုယ်ကျိုးစွန့်ကာ၊ စွန့်စားပါခဲ့
ပညာသင်ကျောင်း၊ တန်ဆောင်းဘုရား
ကျောင်းကန်များကိုတည်ထားဆောက်တာ
လှူဒါန်းပါခဲ့၊ အာရှတစ်လွှား
တိုင်းပြည်များတွင်၊ တရားဟောကြား
တရားပြကာ၊ ဘာသာဝင်ပေါင်း
သိန်းသောင်းရာထောင်၊ စည်းရုံးအောင်ခဲ့
ငွေရောင်ခြည်သန်း၊ လပြည့်ဝန်းလျှင်
ရွှန်းမြဝင်းပ၊ သာလေစွတည့်
ဗုဒ္ဓရုပ်ပွား၊ စေတီများနှင့်
စွမ်းအားရှိသမျှ၊ တည်ထားရခဲ့
ဘဝနေပျော်၊ ဆရာတော်အား
ပူဇော်ကန်တော့ပါ၏ဘုရား။

(ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏သက်တော်(၈၀)ပြည့် မွေးနေ့သို့)

မောင်ကြင်နွယ်

“ကမ္ဘာ့သာသနာပြုစံပြမထေရ်”

(ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်)

✪ ကမ္ဘာ့သာသနာ ထယ်(ထည်)ရုံမကပါဘု
စွယ်စုံရ စံပြဆရာတော်
နယ်ဂုဏ်အလှ ဓမ္မသဒ္ဒါကျော်သည်
ကြီးဆကာမျှော် မေတ္တာထား
‘‘အကြင်နာစိတ်ကြွ, မင်္ဂလာစိတ်အလှ‘
အရှင်ဉာဏိဿရ’’ ကမ္ဘာ့သာသနာဝယ်
အလုဖြာအောင် ပြုစွမ်းနိုင်ခဲ့တကား ....။

✪ **‘‘ဘာသာခြားတို့ အခါခါမမှားဖို့**
ဂါရဝထားလို့’’ ဟောပြပါသည်
သောကအဖြာဖြာ ဖယ်ခွာထား
မနောဟဒယမှာ အတွယ်အတာပွားကာပ
နယ်ကမ္ဘာတစ်လွှားထိ ပြန့်နှံ့ဝေဖြာ
သိန်းပေါင်းရာကျော် နှုတ်ဟသဒ္ဒါအစစ်တွေနဲ့
ဗုဒ္ဓဘာသာအဖြစ် ပြောင်းကြပျော်,စွာ ....။

✪ **‘‘စေတနာပြည့်ဝ, ထေရ်ဆရာကပိလှ,**
ဝေနေယျာအတိဖလ’’ ကောင်းကျိုးဖြာအောင်
ဆောင်းမိုးခါ နွေရာသီမရွေးပါဘု
စေတနာကြည်မွေး ကျောင်းများတည်ထောင်ကာ
ပေါင်းအများ ပြည့်ဘောင်ကမ္ဘာ

– **‘‘သတ္တဝါအများတို့, မပြတ်သဒ္ဒါပွားလို့**
မြတ်ရာလားဖို့’’ ရည်ဆောင်ပါသည်
စည်အောင်ချာ ဆော်ရွှမ်းပြီကွယ့်လေး ....။

– **‘‘မွေးမြေဇာတိ, အေးစေရာအတိ,**
ပေးဝေသဒ္ဒါအပြည့်’’ ပရအကျိုးဆောင်ပါသည်
ဓမ္မတန်ခိုးအရောင် ပြောင်ထွန်းပြီဘုရာ့လေး ....။

– **‘‘လူ့တစ်ခွင်အများလှ, တုလျှင်ရှားလှ,**
ရတုသဘင်ပတ္တမြားမှ’’ သက်တမ်းရာကျော်အောင်
အမျက်ကြမ်းခွာလျှော် အနာမဲ့စေဘုရာ့လေး ....။

နိုင်ငံတော်စာပေ (၂၃)ဆုရှင်
မြေလတ်မင်းလွင်

ကုသိနာရုံဆရာတော်၏ ပတ္တမြားရတုနှင့် ရွှေရတု

(ရှစ်ဆယ်ပေါ်တေးထပ်)

* ကုသိနာရုံ မြန်မာကျောင်းမှ
ဉာဏ်သဒ္ဓါဆောင်း ပြုသာသနာ
စံရာကောင်း ရှုစရာပါ
ကုသလာအနုဖြာ စေတနာပွား ...။
သက်တော်ရှစ်ဆယ် ပြည့်ဝဂုဏ်တင်
ကဝိအလှစုံလင် ပတ္တမြားရတုပါဘုရား ..။

* "သာသနာပြုနှစ်" ရွှေရတုတိုင်ပြီ
ဇေယျတုမြိုင် စာဂကြွား
ဆွေသမုလှိုင် လာသမျှအများကိုလ
မာနမထား အပြုံးဖြင့်ကြိုကာ ..။
ရှေးဟောင်းရုပ်ပွား မွေသရီအစစ်
ရွှေရည်အနှစ် ထိန်းသိမ်းထားနိုင်ရာ ...။

* ခန္တီဆင့်လို့ အများအကျိုးဆောင်လာ
ပွားတိုးအောင်ချာ ရှုစရာကုဋ္ဌတွေနှင့်
ဂုဏာဘိတ္ထဝ စာရိတ္တဝေဖြာလွင်
ဉာဏိဿရထေရ် ဆရာရှင်
ဆရာ့ဂုဏ်အထု အာရုံတင်သည်
သဒ္ဓါစုံလင် ကန်တော့ပန်းဆင်ကြလေး ..။

* ရတုတွေဆင့်လွှမ်း မြင့်ခန်းကြုံပြီ
တင့်ဆန်းဂုဏ်ရည် အတုယူစရာဘုရာ့လေး ..။

* ဘုရားရှင်အဆုံးအမ ကမ္ဘာလွှမ်းတည်အောင်
ဆရာထမ်းရည်ဆောင် သာဓုပါဘုရာ့လေး ..။

ကန့်ဘလူ-ဖြူစင်ဝင်း

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာမြို့၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြား–ဗုဒ္ဓသာသနာပြုဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ မဟာထေရ်မြတ်၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ် ပူဇာတဗ္ဗမဟာမင်္ဂလာ တေးထပ်

အဂ္ဂမဟာပဏ္ဍိတ
ဉာဏ်ကဝိဓဇ
မဟာသဒ္ဓမ္မဇောတိ လျှံကြွယ်
ပေါပြည့် ပြန်ဆင့်ကဲ၊
မြန်မာ့ရဋ္ဌ တိုင်းနိုင်ငံဝယ်
ပူဇော်ကာ ဆက်ကပ်ဆင်နွှဲ။
အိန္ဒိယတက္ကသိုလ်တွေမှာ
ဘွဲ့အဖြာဖြာတင့်မြဲ၊
ဘီအေ၊ အမ်အေ၊ ဥပဒေဘွဲ့တွေနဲ့
ထူးပေတဲ့ မဟာထေရာ။
တိဗက်ဒီပလိုမာနှင့် အာယုဗ္ဗေ–တိုင်းရင်းဆေးကိုလဲ
လေးစားတဲ့ တို့ရဲ့ဆရာ။
(ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်)
ဇီးပင်ကြီးရွာက ပေါ်ထွန်းဂါသည်။
ဖော်ညွှန်းစရာ အာဇာနည်ယောက်ျားပေမို့
အံ့လောက်ငြား ဆရာတစ်ဆူ
ထွန်းတောက် ဖမ္ဗူ–
မြန်မာနိုင်ငံအတွက် အောင်လံထူသည်
နောင်စံနမူ ယူကြစေဖို့လေး
ဘာသာ သာသနာအတွက် ပေးဆပ်ကာလှူသည်
လေးမြတ်သဒ္ဒါဖြူ ပူဇော်ကြမယ်ပေါ့လေး–
ဝေနေယျာအများက ဆက်ကာမျှော်ရည်
အသက်ရာကျော် ရှည်မျှစေဖို့လေး–

ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc -ဒ-ဘ-ဗ-ဝ)

သာသနာပြုသူရဲကောင်း
(လေးချိုးကဗျာ)

"ကုသိနာရုံ အရှင်ဉာဏိဿရ"
ဂုဏ်ကြီးစွ မထေရ်၊
"သိက္ခာသုံးသွယ်" အကျင့်မြတ်
ဖြည့်တတ်ပလေ။
"ဖွဲလုံ့လ" ထက်သန်ပေ
"ပညာ" တွေမြင့်မား၊
လောကုတ်, လောကီ ပညာရပ်
တတ်မြောက်တကား။

"ကမ္ဘာကျော် ရခိုင်သား"
ရှားပါးတဲ့ စံကိုထူ၊
"ဘာသန္တရ" ပညာရပ်
တတ်မြောက်လေသူ။
"ဟာရီဗလ" ကလောင်ယူ
စာမူမျိုးစုံ သူရေး၊
လောကုတ်, လောကီ အကျိုးပြု
သူ့ရဲ့အတွေး။

အိန္ဒိယကို ဆရာတော်ကြွ
"၁၉၆၃" က စတင်၊
ပညာကို အလေးထား
သင်ကြားသည်ပင်။
ထက်မြက်တဲ့ "ဓာနည်ရှင်"
အောင်မြင်မှု ဆင့်ဆင့်တိုး၊
သည်းခံကာ လုံ့လပြုတဲ့
သူရဲ့အကျိုး။

"သာသနာပြုသူရဲကောင်း
ဂုဏ်ပေါင်း ဝေဖြာ၊
"အိန္ဒိယမြေ"မှာ သာသနာတင့်အောင်ပ
မြှင့်ခဲ့သူပါ။
ဖွဲသတ္တိ လွန်ခိုင်မာ
ကြောက်စရာ မတွေး၊
ရဲရင့်တဲ့ သူ့စိတ်ဓာတ်က
မြင့်မြတ်လို့မွေး။

ပြည်ပမှာ သာသနာပြု
ခက်ခဲမှု များစွာ၊
လူမျိုးမတူ အယူလွဲ
ကွဲတဲ့ဘာသာ။
သူတို့စကား၊ သူတို့စာ
တတ်ကျွမ်းဖို့ရာ လိုသေး၊
စိတ်ရှည်စွာ ပြုတတ်မှ
ရလိမ့်မယ်လေး။

"အေဒီ-နှစ်ထောင့်တစ်ဆယ့်ငါး"
ထူးခြားတဲ့ "နိုဝင်ဘာ"၊
"ပတ္တမြားရတု" ပူဇော်ပွဲ
နွဲကြချိန်ခါ။
"၈၀-ပြည့် မွေးနေ့သဘင်"မှာ
ရှင်လူတကာ ဆင်နွဲ၊
ထေရ်မဟာ ဂုဏ်ဒြပ်ကိုဖြင့်
ဦးညွှတ်တဲ့ပွဲ။ ။

ငွေသဇင် *(သံတွဲ)*

မွှေးပျံ့သင်းထုံ ကုသိနာရုံဆရာတော်

(လေးချိုးကဗျာ)

"**အာဇာနည်**" တစ်ခေါ်လောက်
ထွန်းတောက်လို့ ပေါ်လာ၊
"**ရခိုင့်မြေ ဇာတိဖွား**" မို့
ထူးခြားလှစွာ။
"**ဉာဏိဿရ ထေရ်မြတ်မဟာ**"
ဘုန်းသမ္ဘာ ထင်ရှား၊
"**ကုသိနာရုံ**" ဆရာ့သတင်းက
သင်းလှတကား။

"**သုံးသိက္ခာ**" ဂုဏ်ရနံ့
မွှေးပျံ့လို့ သင်းထုံ၊
ပရိယတ်နဲ့ ပဋိပတ်
နှံ့စပ်ကုံလုံ။
ပါဠိနဲ့ အဋ္ဌကထာချုံ
ဋီကာစုံ တတ်ကျွမ်း၊
စာပေကျမ်းဂန် ရေးသားမှု
တတ်ပြုလို့စွမ်း။

"**အဂ္ဂမဟာ ပဏ္ဍိတ**"
ထူးလှတဲ့ ဘွဲ့တော်၊
"**အဂ္ဂမဟာ
သဒ္ဓမ္မဇောတိကဓဇ**" တဲ့နော်။
B.A နဲ့ **M.A** ကျော်
L.L.B ခေါ်တဲ့ ဥပဒေဘွဲ့၊
B.A.M.S ဆေးဂုဏ်ထူး။
ဆွတ်ရှူးသူကွဲ့။

အင်္ဂလိပ်, ဟိန္ဒီ, သက္ကတ
"**ဘာသန္တရ**" စုံလင်၊
စာရေးဆရာ "**ဟာရိဗလ**" တဲ့
အာဂအရှင်။
ဟိန္ဒီစကားနဲ့ ခေါ်ဆိုလျှင်
ထိုအရှင်က "**ဘိက္ခုဂယာနေဆွရ်**"၊
စွမ်းဆောင်မှု ခရီးရောက်
အံ့လောက်ပေစွ။

စေတီနဲ့ ဘုရားတန်ဆောင်း
စာသင်ကျောင်း စုံစွာ၊
ပညာသင် ထောက်ပံ့မှု
ပြုတတ်သည်သာ။
"**သံဝေဇနီယ လေးဌာန**"
ဆောင်ရွက်ကာ သည်ပိုး၊
အများကောင်းကျိုး သူရှေးရှု
ပြုတတ်သကိုး။

"**ပတ္တမြားရတု**" အချိန်ရောက်
ပြည့်မြောက်တဲ့ "**သက်ရှစ်ဆယ်**"၊
"**နိုဝင်ဘာ၊ နှစ်ထောင့်တစ်ဆယ့်ငါး**"
ထူးခြားဆန်းကြွယ်။
"**မွေးနေ့ပွဲ**" ဆင်ယင်တယ်
သဘင်ဝယ် ငြိမ့်သဲ၊
များလူ့ရှင် ပူဇော်ရောက်
ဝမ်းမြောက်ဆင်နွှဲ။ ။

ဒွါရာဝတီ-အသျှင်ကုသလ

သာသနာပြု မြတ်ရဟန်း မော်ကွန်းတင်သည် ဦးတင်ချို

(တျာချင်း)

* ထေရဝါဒ၊ ဗုဒ္ဓလမ်းစဉ်
နိုင်ငံအများ၊ ပြန့်ပွားစေရန်ပင်
ဉာဏိဿရအရှင်၊ ပီပြင်ဖော်ညွှန်း
ကုသိနာရုံ၊ ကျောင်းပရဝုဏ်
ဂုဏ်ရည်တင့်ဆန်း လန်းသည်တည့်လေး။

* ထေရ်ရှင်ရဟန်း၊ ဖြတ်သန်းဘဝတာ
ရခိုင်လေးမြို့၊ နှစ်လိုဖွယ်ကမ်းသာ
ရန်ကုန်၊ မန္တလာ၊ စာဝါလိုက်ရင်း
ပါဠိ၊ အဋ္ဌကထာ၊ ကျမ်းဋီကာ
နှုတ်အာရွရွ၊ ခင်းသည်တည့်လေး။

* ရက္ခမျိုးရင်း၊ စီးဆင်းရင်ဝယ်
အရှင်စန္ဒြမဏိ၊ လွှမ်းပြည့်ဂုဏ်ဝင့်ထည်
ကြွရန်ဆက်သွယ်၊ နယ်အိန္ဒိယ
ဗုဒ္ဓနှုတ်ဝစီ၊ အကျင့်မည်
တူညီကြိုးပမ်းကြသည်တည့်လေး။

* လူ့ဘဝစုံ၊ လောကဘုံတွင်
အမှန်နှင့်အမှား၊ တရားနှင့်တူယှဉ်
ယုတ္တိပီပြင်၊ အမြင်ပြတ်သား
အများအေးရာ၊ ကျင့်ဆောင်ကာ
ပညာဉာဏ်တွား ပွားသည်တည့်လေး။

* လောကီဘွဲ့များ၊ အားထားစုံညီ
အင်္ဂလိပ်၊ သက္ကဋ္ဌ၊ ဘာသ ဟိန္ဒီ
သူ့စကားကိုယ်မှီ၊ ပီပြင်လေ့ကျင့်
လောကလူ့ရွာ၊ ပြဿနာ
သေချာမှုတ၊ ချင့်သည်တည့်လေး။

* ပညာဂုဏ်မြှင့်၊ လျှမ်းတင့်ဖြာဝေ
သီလ သမာဓိ၊ အများသိကြည်ညိုနေ
"ပဏ္ဍိတ"ဘွဲ့ပေ၊ မသွေ"သဒ္ဓမ္မ"
သာသနာရေးမှာ၊ ချီးမြှောက်ကာ
သူငါရွှင်ပျ အားရသည်တည့်လေး။

* လူ့ဘုံလောက၊ ပညာ့ရိပ်မြုံ
ထေရ်အရှင်မှာ၊ သဒ္ဓါပြည့်ရှင်အစုံ
အခမဲ့ခိုလှုံ၊ ပညာဘုံထက်လယ်ကျောင်း
ကောလိပ်ဒီဂရီ၊ ဖွင့်လှစ်ပြီ
ပွားစည်းပညာ၊ ကောင်းသည်တည့်လေး။

* ပီသခေါင်းဆောင်၊ စိတ်ကောင်းမနသီ
လူမျိုးခြားများ၊ ဝပ်တွားစုံညီ
မြတ်အရှင်ကိုမှီ၊ ပြုပြီ"ထေရ"
သိမ်းပေါင်းရာကျော်၊ သာဓုခေါ်
မြော်မြင်မှုတ လမ်းပြသည်တည့်လေး။

* လေးဌာန၏၊ ဖနိယသံဝေ
ဆောက်အုံတွေများ၊ ဆင့်ပွားဆောင်ရွက်နေ
ဘုရားဖူးတွေ၊ များထွေအပေါင်း
ကုသိနာရုံ၊ မြတ်ကျောင်းဘုံ
ရိပ်မြုံထပ်ဆောင်း၊ လောင်းသည်တည့်လေး။

* အာရှလမ်းကြောင်း၊ ပူးပေါင်းကာပင်
ဘာသာခြားများ၊ ခိုနားလာစေချင်
အာဂထေရ်ရှင်၊ အစဉ်လက်ကမ်း
ဖွး ပွင့် ဟော စံ၊ ဘူမိမှန်
အောင်လံဝင့်ဝင့် လွှမ်းသည်တည့်လေး။

* ရဟန်းမြတ်ထေရ်အရှင်
သက်တော်ရှစ်ဆယ် ပြည့်နေပြီ။
အဝှမ်းရပ် မြေအပြင်
ဘဝင်ကျော်အနှစ်တွယ် ဖိလေသည်။

ကျွန်းစဉ်မြေစောခက်
(စာပေဆုများရှင်)

◆ ကိုယ့်လူမျိုး ကိုယ့်ဌာနေ
ရဲစွာလေ ထွက်ခွာသွား၊
အမျိုးဘာသာ
မချစ်တာမဟုတ်ဘူး
စွန့်ဦးစိတ်ကူးနဲ့
ထူးတဲ့ခရီးသွား။

◆ တို့ရခိုင်မြေ
ထူးပေသည့်ဂုဏ်တဲ့၊
နိုင်ငံရေးအမြင်
ဥတ္တမရှင်ရှေ့သွား
တံခါးသူဖွင့်ခဲ့။

◆ ဘာသာရေးတွင်
ဘုရားရှင်အတိတ်။

◆ ကုသိနာရုံ
ဓမ္မစုံတိပ၊
ပထမဆရာတော် ဘဒ္ဒန္တဝီရ
ဒုတိယ ကုသိနာရုံ
ဘဒ္ဒန္တစန္ဒြမဏိ
တတိယ ကုသိနာရုံ
ဘဒ္ဒန္တဉာဏိဿရ။

◆ နယ်ခြားမြေခြား၊ စကားခြားလည်း
ဘုရားဗုဒ္ဓ၊ ဟောညွှန်ပြသည့်
ဓမ္မဒေသနာ၊ နားဝင်မှာချို
သူငါနားလည်၊ အသိကြွယ်ဖို့
ဘယ်သို့ကြိုးပမ်း
အောင်နိုင်စွမ်းသည့်
အံ့မခန်းဆရာတော်ပါတကား။

◆ သက်တော်ရှစ်ဆယ်
ကာလမယ်ညောင်း၊ မဟောင်းသစ်ဆဲ
နုပျိုဆဲပင်၊ ဖွဲနှင့်ရှေ့ဆီ
ချီတက်ပါလေ၊ သဗ္ဗေသတ္တာ
သတ္တဝါအများ
တရားလည်းပေါက်
နိဗ္ဗာန်ရောက်အောင်
ချီးမြှောက်ပါလေ၊ ဘုန်းမြတ်ဆွေ။
သက်တော်ရာကျော် ရှည်ပါစေ။ ။

မင်းရွှေမင်း *(အင်းစိန်)*
ထပ်ဆင့်အမျိုးသားစာပေဆုရှင်

သာသနာ့အာဇာနည်မထေရ်ကျော်
ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရသို့
ကြည်ညိုဦးခိုက်ခြင်း



ဉာဏိဿရဟု -
နာမထင်ပေါ်၊ ဆရာတော်ကား
ရေခြား မြေခြား၊ တိုင်းတပါးတွင်
စွန့်စားသတ္တိ
မြတ်သည့်နှလုံး၊ ပြုံးသည့်မျက်နှာ
မာသည့်စိတ်ဓာတ် အကျင့်မြတ်ဖြင့်
နှံ့စပ်တော်သိ၊ ပညာရှိ
လေးစားကြည်ညိုဦးခိုက်မိ။

ဉာဏိဿရဟု -
နာမထင်ပေါ်၊ ဆရာတော်ကား
မင်းပြားအနီး၊ ဇီးပင်ကြီးရွာ
ချက်မြှုပ်ပါလည်း
ဘာသာအကျိုး၊ ရည်မျှော်ကိုး၍
သာသနာအကျိုး၊ စွမ်းဆောင်ကြိုးဘိ
အိန္ဒိယပြည်၊ ယူပီပြည်နယ်
သကျနွယ်ဖွား၊ ရှင်တော်ဘုရား၏
ပရိနိဗ္ဗာန်စံရာ၊ ကုသိနာတွင်
ဘာသာကောင်းကျိုး၊ စဉ်မျှော်ကိုးကာ
အမျိုးကိုစွန့်၊ တိုင်းပြည်စွန့်၍
မတွန့်ခြေလှမ်း၊ ရဲရဲလှမ်းကာ
ဗုဒ္ဓရည်မှန်း၊ ခရီးလမ်းကို
စွန့်စားလှမ်းခဲ့သူတကား။

ဉာဏိဿရဟု -
နာမထင်ပေါ်၊ ဆရာတော်ကား
တိုင်းတပါးမှာ၊ နေထိုင်ကာဖြင့်
မြန်မာနှလုံးသား၊ ကမ္ဘာကြားအောင်
စွမ်းအားပြည့်ဝ၊ နှလုံးလှဖြင့်
သံဝေဇနီယ၊ လေးဌာနတွင်
အဝိဇဟိတ၊ ရှစ်ဌာနတွင်
ဗုဒ္ဓမွေနှစ်၊ ထင်ကျန်ရစ်အောင်
စွမ်းဆောင်စိတ်ထား မြင့်မြင့်မား
လေးစားဂုဏ်ယူဖွယ်ပါတကား။

မင်းဏ္ဏနွာ (မင်းပြား)

ကျေးဇူးကြီးမား ဆရာတော်ဘုရား

ဝမြေသာတော်ကျော်မြိုး

ဗုဒ္ဓဘာသာပြန့်နှံ့ပွား
ကျေးဇူးကြီးမားဆရာတော်ဘုရား။

အိန္ဒိယပြည် ယူပီပြည်ရှိ
ကုသိနာရုံ အင်ကြင်းစုံစွာ
ရဂုံသာမော ပန်းစုံတောအလယ်
ဝင့်ထည်လှစွာ ရိပ်ဆာယာကောင်း
မြန်မာကျောင်းတော် ကမ္ဘာကျော်ဘိ
မဏိသခင် ထေရ်အရှင်၏
ရှိသည့်ရိုက်ရာ ဆက်ခံလာသည့်
အရှင်ဉာဏိဿရ
နာမထင်ပေါ် ဆရာတော်ကား
ပညာစွမ်းပကား လွန်မြင့်မား
ရည်ရွယ်ချက်အတိုင်း စွန့်စွန့်စား
သာသနာအတွက် ဂုဏ်ဆောင်ထား
ထေရဝါဒဆက်ပြန့်ပွား
ကျေးဇူးကြီးမား ဆရာတော်ဘုရား။

အိန္ဒိယဟု –
နာမတွင်မည် ယူပီပြည်ရှိ
ကုသိနာရုံ ပန်းပေါင်းစုံတို့
သင်းထုံဝေဆာ ရနံ့ဖြာသည့်
မြန်မာကျောင်းတော် ကမ္ဘာကျော်ဘိ
စန္ဒိမဏိ
မည်ရှိထေရ်ကျော် ဆရာတော်ကား
ရည်မြော်စိတ်ထား စွမ်းပကား
မဇ္ဈိမအတွက် တစ်ကျော့ပြန်ဖွား

ထေရ်မြတ်ဘုန်းမော် ဆရာတော်၏
ရည်မြော်လုပ်ငန်း လက်ဆင့်ကမ်း၍
စိတ်ဝမ်းညီညာ ကြိုးပမ်းကာဖြင့်
ပညာရေးအတွက် အားစိုက်လောင်း

ဘာသာသာသနာတည်စေကြောင်း
ဦးစန္ဒြမဏိပညာသင်ကျောင်း
ထို့ပြင်တဝ
မဟာဝီရအလယ်တန်းကျောင်း
ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုးကာ
ရာခာတြိုဆနာအလယ်တန်းကျောင်း
အပေါင်းမိတ်သဟာ ဝိုင်းဝန်းကာဖြင့်
ဗုဒ္ဓလောင်းလျာ ရာဟုလာနှင့်
ယသော်ဓရာမိန်းကလေးကျောင်း
မာလကီးပန်ဒေးမိန်းကလေးကျောင်း
အထက်တန်းစာပေမြင့်စေကြောင်း
ဗုဒ္ဓဥပစာကောလိပ်ကျောင်း
ဗုဒ္ဓဒီဂရီကောလိပ်ကျောင်း
ကျောင်းပေါင်းများစွာ ဖွင့်လှစ်ကာဖြင့်
ဘာသာရေးအမြင်ဖွင့် အဆင့်မြှင့်သည်
ကြွေလွင့်ပန်းများ ဝေဆာသွားအောင်
နွမ်းပါးသူများ လန်းဆန်းသွားအောင်
ပမာဆောင်သို့
စွမ်းဆောင်စိတ်ထား မြင့်မြင့်မား
မဇ္ဈိမတစ်ခွင်မှ ဘာသာခြား
မြတ်ဗုဒ္ဓကို ယုံကြည်သွား
အာရှတစ်လွှားမှာ လွန်ထင်ရှား
ကျေးဇူးကြီးမား ဆရာတော်ဘုရား။

ထိုဆရာတော် ကဝိကျော်ကား
ရေခြားမြေခြား နိုင်ငံခြားတွင်
စွန့်စားနေထိုင် အခြေခိုင်လည်း
နိုင်ငံချစ်စိတ် ဘာသာစိတ်မှာ
အစိပ်ကလေးတစ်ခုမျှ ပဲ့မကျ
သံဝေဇနီယ လေးဌာန
သံဝေဂယူရန် ဟောညွှန်ပြ
အဝိဇဟိတ လေးဌာန
ဗုဒ္ဓအမွေ ဖြန့်ဝေငှ
မြန်မာပြည်မှ သားလူလှ
မဇ္ဈိမတစ်ခွင် အောင်ပွဲရ။

မဇ္ဈိမဟု ဖော်ညွှန်းပြသော
ဖွား ပွင့် ဟော စံ ထိုလေးတန်၏
လုမ္ဗိနီအပါ ဗုဒ္ဓဂယာနှင့်
မိဂဒါဝုန်
ကုသိနာရုံ ပန်းပေါင်းစုံစွ
သံဝေဇနီယ လေးဌာန။

ဗုဒ္ဓဂယာ မိဂဒါနှင့်
သာဝတ္ထိပြည်ညို သင်္ကဿနဂိုရ်ကား
အဝဇဟိတ လေးဌာန။
ဌာနပေါင်းစု
ခေါ်ညွှန်းပြုကြ မဇ္ဈိမတည့်
ထိုမဇ္ဈိမ အောင်ပွဲရအောင်
ကြံဆောင်ကြိုးစား စွန့်စွန့်စား
မြန်မာပြည်သား ဆရာတော်ဘုရား
ဗုဒ္ဓသားတော် ဇာနည်ဘွား
ဘာသာခြားကို စည်းရုံးအား
သိန်းသောင်းမက လွန်များပြား
ဗုဒ္ဓဘာသာဖြစ်လို့သွား
ကျေးဇူးများလွန်းလှပါတကား။ ။

မြေလတ်ထင်ကျော်မိုး

ဇာနည်ရဟန်း

မြတ်ဗုဒ္ဓ၏
သံဝေဇနီယ၊ လေးဌာနတွင်
ပါဝင်တစ်ခု၊ ကုသိနာရုံ
ခိုလှုံကြွရောက်၊ ပြောင်မြောက်ထူးကဲ
လုံ့လ,ဖွဲ့နှင့်၊ ခက်ခဲများစွာ
ဖြတ်ကျော်ကာဖြင့်၊
''ဆရာတော်ဉာဏိဿရ''
ဘွဲ့ရအကျော်၊ မြတ်ဘုန်းမော်လျှင်
အသွင်မတူ၊ အယူကွဲပြား
ဘာသာခြားသည့်၊ တပါးဒေသ
အိန္ဒိယမှာ၊ သာသနာပြု
လူမှုအကျိုး၊ အားမာန်ကြိုး၍
သယ်ပိုးဆောင်ရွက်၊ အောင်ပွဲဆက်ခဲ့။
ဗုဒ္ဓတရား
ဘာသာခြားများ၊ သိနားလည်အောင်
ကိုယ်ကျိုးရှောင်လျက်၊ စွမ်းဆောင်ကြိုးပမ်း
မနားတမ်းလျှင်၊ အပင်ပန်းခံ
စေတနာမှန်၍၊ လက်ခံယုံကြည်
ကောင်းကျိုးတည်ရာ၊ ဘာသာပြောင်းပွဲ
အကြိမ်ကြိမ်နွဲကာ၊ ''ချမ်းသာကြီး''ဘုရား
ကြည်ညိုပွားစရာ၊ သပ္ပါယ်ပါသည်
တည်ထားကိုးကွယ်၊ ချီးကျူးဖွယ်တည့်။
ရခိုင်ပြည်နယ်
မြို့နယ်မင်းပြား၊ ဇာတိဖွားတည့်
ရိုးသားဖြူစင်၊ စိတ်အသွင်မှာ
သိက္ခာ,သမာဓိ၊ သီလရှိဘိ
အသိနိုးကြား၊ အားမာန်ပွားပြီး
ကြိုးစားရလဒ်၊ ဂုဏ်ဒြပ်ကာ။
''ငယ်,လတ်,ကြီးတန်း၊ စာချတန်း''ကို
ရဟန်းဘဝ၊ အောင်မြင်ရခဲ့
''သက္ကတ''၊ ''ဟိန္ဒီ''၊
''အင်္ဂလိပ်စာ''သည်လျှင်
ကျွမ်းကျင်ပိုင်ပိုင်၊ ပြောဆိုနိုင်ပြန်
ချီးမြှင့်ခံထား၊ ဘွဲ့တော်များစုံ
ပညာဂုဏ်ရည်၊ ဝင့်ထည်ကျော်ကြား
ဗုဒ္ဓသားကောင်းပီသ၏။
အသျှင်ကြိုးစား
စွမ်းပကားနှင့်၊ စိတ်ထားရဲရဲ
လုံ့လ,ဖွဲ့နှင့်၊ ခက်ခဲကြမ်းတမ်း
ခရီးလမ်းကို၊ ဖြတ်သန်းချီတက်
ယုံကြည်ချက်ကား၊ လေးနက်ကြံ့ခိုင်
ကျောက်စာတိုင်သို့၊ မယိုင်မလဲ
စွဲမြဲရပ်တည်၊ အဓွန့်ရှည်အောင်
သာသနာ့ဘောင်မှာ၊ ထွန်းပြောင်ဝင့်ချီ
စွမ်းခဲ့ပြီတည့်၊ ''ဇာနည်ရဟန်း'
လင်္ကာပန်းဖြင့် မော်ကွန်းရေးထိုး
လက်စုံမိုး၍
ရှိခိုးပူဇော်အပ်ပါသည်ဘုရား။

မင်းနီခိုင်(မောင်တော)

မိဂဒါဝုန် ဘုရားဖူး

မိဂဒါဝုန်၊ တောရဂုံလျှင်
ပင်စုံခက်ဖြာ၊ ဥယျာဉ်သာတည့်
မာလာပန်းသင်း၊ လေပြည်ညင်းနှင့်
ဖော်ချင်းစုံလင်၊ သားသမင်တို့
ကျင်လည်ပေါက်ဖွား၊ ကျက်စားခိုလှုံ
အေးရိပ်မြုံတည့်။
မိဂသမ္မဒါ၊ မြစ်ချောင်းပြာလျှင်
သီတာအေးစွ၊ ရေကြည်မြနှင့်
စမ်းမျှပမာ၊ စီးဆင်းပါခဲ့
များစွာသမင်၊ အုပ်လိုက်ပင်တည့်
နေ့စဉ်ဆင်းကာ၊ ရေလာသောက်ကြ
မြစ်ကမ်းစဉ်၌၊ သဲလွှသောင်ပေါ်
သူတို့ပျော်ခဲ့။
စေတီပုထိုး၊ ဂူမျိုးမျိုးနှင့်
ရေချိုးဆိပ်လေး၊ အရိပ်အေးနှင့်
ရှေးအခါက၊ ဓမ္မစကြာ
ဟောရာနေရာ၊ ဓမ္မရာဇိက
ကုန်းတော်လှနှင့်၊ ဂန္ဓကုဋီ
ဓာတ်တော်ရှိပြီး၊ ဆီမီးပန်းခက်
ပူဇော်ဆက်ခဲ့။
တရံရောက၊ သုဝဏ္ဏသာမ
မိဂသမ္မဒါ၊ မြစ်ကမ်းမှာလျှင်
သမင်များစွာ၊ ခြံရံကာဖြင့်
ရေလာခပ်ဆင်း၊ ရွှေလိုဝင်း၍
ရုပ်ဆင်းအင်္ဂါ၊ တင့်တယ်စွာနှင့်
ရွှေဝါရောင်လွင်၊ နတ်သားသွင်တည့်
မိခင်ဖခင်၊ မျက်မမြင်ကို
ချစ်ခင်တွယ်တာ၊ ပြုစုကာဖြင့်
ဝမ်းစာဖွေရှာ၊ တောမှာသစ်သီး
ခူးဆွတ်ပြီးလျှင်၊ သက်ကြီးမိဘ
ကျွေးနေကျတည့်၊ မိဂသမ္မဒါ
ရေလာခပ်စဉ်၊ ဘုရင်တစ်ပါး
တောကစားသည့်၊ လေးမြားကိုင်လျက်
မင်းယက္ခပင်၊ ရှင်ဘုရင်က
တွေ့မြင်ဆန်းထူး၊ မှန်းရည်စူး၍
ဆိပ်လူးမြားခွင်း၊ ပစ်ခဲ့ခြင်းကြောင့်
သေမင်းရင်ဆိုင်၊ သွေးစိမ်းအိုင်၌
ခွေယိုင်လဲကျ၊ ပြန်မထနိုင်
မိဘငိုယို၊ သစ္စာဆို၍
နုပျိုချစ်သား၊ မေတ္တာအားကြောင့်
မြားဆိပ်ပျယ်ကာ၊ ပြန်ရှင်လာလျှင်
ကြီးစွာနောင်တ၊ ဘုရင်ရ၍
ဓမ္မတရား၊ သံဝေပွားခဲ့
သားသမင်ပေါ၊ ဘေးမဲ့တောလျှင်
သာမောဥယျာဉ်၊ ပန်းစုံလင်ဖြင့်
သစ်ပင်ရိပ်ဝန်း၊ လေချိုဖျန်းနှင့်
အေးချမ်းဆိတ်ငြိမ်လှတကား။

မောင်ညွန့်နောင် (ခြံပြင်)

ကုသိနာရုံဆရာတော်ကြီး
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒေါက်တာဘဒ္ဒန္တဉာဏိဿရမထေရ်မြတ်အား
ဂုဏ်ပြုပူဇော်အပ်သော ရှစ်လုံးဘွဲ့ကဗျာများ

မိုးပြို့(မင်းပြား)



ဗုဒ္ဓ ဓမ္မ၊ သံဃ ရတနာ၊
မာတာပီတာ၊ မိဘဆရာ၊
ငါးဖြာအနန္တ၊ ဦးချညီညာ၊
ပဏာမ၊ ဂါရဝမင်္ဂလာ။

ထေရ်မဟာ၏၊ ဇာတိရွာလေ၊
အုန်းပင်သွယ်တန်း၊ စိမ်းလန်းစိုပြေ၊
သာယာလှပ၊ ဂါမဌာနေ၊
မြို့အနီး၊ ဇီးပင်ကြီးခေါ်ပေ။

သာမဏေပြု၊ ငယ်နုစဉ်တွင်၊
ရွာဦးကျောင်း၌၊ ပျော်ပိုက်ကြည်ရွှင်။
ဆရာခြေရင်း၊ ဝပ်စင်းကာလျှင်၊
ပညာနို့၊ သောက်စို့ စာပေသင်။

မွေးရပ်ကျောင်းမှ၊ ပြောင်းကြွကာနော်
မင်္ဂလာရာမ၊ ကျောင်းလှမှာပျော်။
စာပေကြိုးစား၊ သင်ကြားပါသော်၊
အောင်ပန်းခူး၊ ဆန်းထူးထေရ်မဟော်။

ရဟန်းဘောင်လှမ်း၊ သောင်ကမ်းနိဗ္ဗူ၊
မှန်းရည်ကူးခတ်၊ ထူးမြတ်တမူ။
ကျွန်းနယ်အသိ၊ ကဝိတစ်ဆူ၊
ဉာဏ်စိုးရ၊ မိုးဝအလံထူ။
''စန္ဒြမဏိ''၊ ''ကိတ္တိမ''ခေါ်၊
ဆရာနှစ်ပါး၊ ဖိတ်ကြားပါသော်။
ရန်ကုန်မြို့မှ၊ လှမ်းကြွပြီနော်၊
အိန္ဒိယ၊ ရဋ္ဌ နိုင်ငံတော်။

တစ်ကိုးခြောက်သုံး၊ ရောက်တုန်းကောဇာ၊
ဗုဒ္ဓပေါ်ထွန်း၊ ကျော်ဝုန်းမြေမှာ။
ပညာထက်တန်း၊ တက်လှမ်းသင်ရာ၊
ဘွဲ့ထူးမြတ်၊ ခူးဆွတ်နိုင်ပြီသာ။

ဘာသာစကား၊ များပြားကျွမ်းကျင်၊
နှံ့စပ်တတ်သိ၊ မြတ်ဘိအရှင်။
ကောလိပ်ကျောင်းများ၊ ဖွင့်ထားကာလျှင်၊
အများကျိုး၊ သယ်ပိုးဂုဏ်ပေါ်လွင်။

အာရှတဝှမ်း၊ ကြွလှမ်းကာလေ၊
ဓမ္မရေအေး၊ တိုက်ကျွေးမထေရ်။
စာပေဆောင်းပါး၊ ရေးသားထွေထွေ၊
နိုင်ငံ့ကျိုး၊ ပံ့ပိုးကူညီပေ။

သာသနာပြု၊ သာဓုညံစီ၊
ဘာသာဝင်ပေါင်း၊ ထောင်သောင်းသန်းချီ။
ဗုဒ္ဓတရား၊ အားထားလေပြီ၊
စွမ်းဆောင်နွဲ၊ အောင်ပွဲအလီလီ။
ဘုရားတန်ဆောင်း၊ ကန်ကျောင်းဓမ္မာရုံ၊
ဆောက်လုပ်လှူဒါန်း၊ ဆေးခန်းစုံစုံ။
လမ်းပန်းတံတား၊ ဆန်းပြား ဖုံဖုံ၊
စာကြည့်တိုက်၊ တည်လိုက်တိဂုံပုံ။

''ဒေါက်တာ'' ''ပဏ္ဍိတ်''၊ မွန်စိတ်တွေကို၊
ရှင်လူအများ၊ လေးစားကြည်ညို။
ဇာနည်ထူးမြတ်၊ ဦးညွှတ်ပျိုအို၊
သင်းကြိုင်နံ့၊ လှိုင်ပျံ့ဂုဏ်ထိုထို။

ဇမ္ဗူ ထင်လင်း၊ အင်ကြင်းရဂုံ၊
စိန္တေ မုနိ၊ ကုသိနာရုံ။

မြတ်နိဗ္ဗာန်နန်း၊ စံမြန်းဝင်ပုံ၊
ဖူးမစဲ၊ ထူးကဲဂုဏ်လွှမ်းခြုံ။

ဉာဏီသရ၊ ဘွဲ့လှသညာ၊
ဆရာပေးအပ်၊ ဖွေးလျှပ်ရောင်ဝါ။
ပြည်ပပြည်တွင်း၊ ထိန်လင်းကာသာ၊
ပပဝင်း၊ လမင်းပုံပမာ။

ရခိုင်မြေက၊ ထေရအကျော်၊
ကမ္ဘာအတွင်း၊ သတင်းထင်ပေါ်။
ထွန်းပြောင်စံပြ၊ မြန်မာ့အကျော်၊
ဂုဏ်ပေါင်းညွှတ်ပျောင်း ဒို့ကော်ရော်။

မင်းပြားဒေသ၊ ခြေချကြွလာ၊
မြို့နယ်တစ်ဝန်း၊ ဝမ်းပန်းတသာ။
ဂုဏ်အထူးထူး၊ ရှိဦးတင်ကာ၊
ဂုဏ်ပြုပွဲ၊ ဆင်နွှဲ၌အခါ။

ခွင့်ခါကြုံကြိုက်၊ ဦးခိုက်ပူဇော်
သဒ္ဓါမြူးကြွ၊ ဖူးကြရှင်ပျော်။
ယာဉ်အလှူပေး၊ ကြူမွေးဆရာတော်၊
ဘေးမသန်း၊ အေးချမ်းပါစေသော်။
အမျိုးသားရေး၊ အားပေးမဟာထေရ်၊
တာဝန်ထမ်းရွက်၊ လှမ်းဆက်ပါလေ။
သက်ရှည်တိုးမြင့်၊ ဖြိုးဆင့်ပါစေ၊
လက်စုံမိုး၊ ရှိခိုးဆုပန်ခြွေ။
(သာဓု သာဓု သာဓု)

(မိုးပြို-မင်းပြား)

ကုသိနာရုံ လျောင်းတော်မူဘုရားမှ သတိပေးစကား ရွှေသာလျောင်းဘုရားများ



အရှင်နာရဒါဘိဝံသ (လှရတနာ)
(ပတ္တမြားရတုစာစောင်နာယက)

လျောင်းတော်မူလျက် ဝေနေယျသတ္တဝါတွေရဲ့ အကျိုးသယ်ပိုးတဲ့ ဘုရားတွေကို ရွှေသာလျောင်းဘုရားဟု ခေါ်ပါတယ်။ လျောင်းတော်မူတဲ့ ရွှေသာလျောင်း မြတ်စွာဘုရားတွေ ရန်ကုန်မှာဆိုရင် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရား ဖူးမြော်နိုင်တယ်။ ပဲခူးမှာဆိုရင်တော့ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရား၊ မြသာလျောင်းဘုရား ဆိုပြီးတော့ ဖူးမြော်နိုင်ပါတယ်။ ဟင်္သာတမြို့မှာလည်း ဖူးမြော်နိုင်ပါတယ်၊ အညာကို တက်လိုက်တဲ့အခါ မုံရွာဗောဓိတစ်ထောင်မှာလည်းပဲ လျောင်းတော်မူဘုရားကို ဖူးမြော်နိုင်ပါတယ်။ အောက်ပြည်ကို စုံဆင်းလာရင်းလည်း ထားဝယ်မှာ လောကသရဖူ လျောင်းတော်မူဘုရားကို ဖူးမြော်နိုင်ပါတယ်။ ပြည်ပကို ဆက်ပြီးတော့ ကြည့်လိုက်မယ်ဆိုရင် သီရိလင်္ကာနိုင်ငံ ပေါ်လောနရုဝ ရှေးဟောင်းနယ်မြေမှာ ကျောက်ဆောင်ကျောက်ကမ်းပါးကြီးကို လျောင်းတော်မူတဲ့ ရုပ်ပွားတော်ကြီး ထုပြီးတော့ ပူဇော်ထားတာကို ဖူးမြော်ရမှာပဲ။ အဲဒီလို လျောင်းတော်မူဘုရားတွေကို ဖူးမြော်တဲ့အခါ လျောင်းစက်နည်း လေးမျိုးနဲ့ လေ့လာကြည့်ညို ဖူးမြော်နိုင်ပါတယ်။ အဲ့ဒီတော့ လျောင်းစက်နည်းလေးမျိုးက–

လျောင်းစက်လဲလျောင်းနည်း(၄)မျိုး

၁။ ပေတသေယျာ၊ ၂။ ကာမဘောဂီသေယျာ၊
၃။ သီဟသေယျာ၊ ၄။ တထာဂတသေယျာ

ဒီလိုလျောင်းစက်နည်းလေးမျိုးကို လေ့လာနိုင်ပါတယ်။ (၁) ပေတသေယျာ-ဆိုတာ ပြိတ္တာတွေ လျောင်းစက်နည်း အိပ်နည်းကတစ်မျိုး၊ ၂။ ကာမဘောဂီသေယျာ= ကာမဂုဏ်အာရုံခံစားတဲ့ပုဂ္ဂိုလ်တွေရဲ့ လျောင်းစက်အိပ်စက်နည်းကတစ်မျိုး ၃။ သီဟသေယျာ= ခြင်္သေ့တွေရဲ့ လျောင်းစက်အိပ်စက်နည်းကတစ်မျိုး၊ ၄။ တထာဂတသေယျာ= ဘုရားရှင်တို့ရဲ့ လျောင်းစက်အိပ်စက်နည်းကတစ်မျိုး၊ အဲ့ဒီတော့ လျောင်းစက်အိပ်စက်နည်းက (၄)မျိုးဖြစ်သွားတယ်၊

(၁) ပြိတ္တာတွေရဲ့ အိပ်စက်နည်းဆိုတာက ပက်လက်လှန်ပြီးတော့ အိပ်ကြပါတယ်။ ပြိတ္တာတွေဟာ အတိတ် ဘဝက ဣဿာ မစ္ဆရိယ အကုသိုလ်ကံ၊ ဒါန ကုသိုလ်မပါတဲ့ အကုသိုလ်ကံကြောင့် အသားအရေ နည်းပါး လှပါတယ်၊ အရိုးတွေပဲ ပြိုင်းပြိုင်းထနေတယ်။ အဲဒီတော့ သူတို့အိပ်တဲ့အခါ ပက်လက်လှန်ပြီး အိပ်ကြတယ်၊ ပက်လက်လှန်ပြီးတော့ အိပ်တဲ့နည်းဟာ ပြိတ္တာတွေရဲ့ အိပ်စက်နည်း လျောင်းစက်နည်းဖြစ်ပါတယ်။

(၂) ကာမဂုဏ်အာရုံခံစားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အိပ်စက်နည်း ဆိုတာက လက်ဝဲဘက်ကို စောင်းပြီးတော့ အိပ်တတ်ကြပါတယ်၊ ကာမဂုဏ်အာရုံခံစားတဲ့ပုဂ္ဂိုလ်တွေဟာ လက်ယာဘက်စောင်းပြီးတော့ အိပ်တဲ့အလေ့အထမရှိပါဘူး။ လက်ဝဲဘက်ကိုပဲစောင်းပြီးတော့ အိပ်စက်ကြပါတယ်။

(၃) ခြင်္သေ့တွေရဲ့ အိပ်စက်နည်းကတော့ လက်ယာဘက် ညာဘက်ကို စောင်းပြီးတော့ အိပ်စက်ကြပါတယ်။

(၄) ဘုရားရှင်တွေရဲ့ အိပ်စက်နည်းဟာလည်းပဲ ခြင်္သေ့တွေရဲ့ အိပ်စက်နည်းအတိုင်း ညာဘက် လက်ယာဘက်ကို စောင်းပြီးတော့ စတုတ္ထ ဈာန်သမာပတ်ဝင်စားပြီး အိပ်စက်ကြပါတယ်။ အဲဒီတော့ အိပ်စက်နည်း (၄)မျိုးဟာ-

၁။ ပြိတ္တာတွေရဲ့ အိပ်စက်နည်း
၂။ ကာမဂုဏ် ခံစားတဲ့ပုဂ္ဂိုလ်တွေရဲ့ အိပ်စက်နည်း
၃။ ခြင်္သေ့တွေရဲ့ အိပ်စက်နည်း
၄။ ဘုရားရှင်တို့ရဲ့အိပ်စက်နည်း၊ လျောင်းစက်နည်း ဆိုပြီးတော့ လေးမျိုးရှိပါတယ်။

အဲဒီလေးမျိုးထဲက လျောင်းတော်မူရုပ်ပွားတော်တွေကို တွေ့လို့ရှိရင် နံပါတ်(၃) ခြင်္သေ့ကဲ့သို့ လက်ယာဘက် လျောင်းစက်အိပ်စက်နည်း၊ (၄)စတုတ္ထဈာန်သမာပတ်ဝင်စားအိပ်စက်နည်းလို့ခေါ်တဲ့ လျောင်းစက်နည်းနှစ်မျိုးဖြင့် ကြည်ညိုဖူးမြော်နိုင်ပါတယ်။ ဒါကြောင့်မို့ လျောင်းတော်မူရုပ်ပွားတွေကို တွေ့လို့ရှိရင် ပက်လက်ကြီးလှန်ပြီးတော့ လျောင်းတော်မူတဲ့ပုံ မတွေ့ရတာပါ။

ထို့အတူ ကာမဂုဏ်အာရုံခံစားတဲ့ပုဂ္ဂိုလ်တွေလို ဘယ်ဘက်ကို စောင်းပြီးတော့ ထုထားတဲ့ပုံမရှိပါဘူး။ လက်ယာဘက်စောင်းပြီတော့ စတုတ္ထဈာန်သမပတ်ဝင်စားပြီးတော့ သီတင်းသုံးတဲ့ပုံကိုပဲ ထုလုပ်ပူဇော်တာပဲဖြစ်ပါတယ်။ ဒါကို မဟာရလောပခင်ကြီးဖျော်ဆရာတော်က ဂါထာလေးနဲ့သီကုံးပြတယ်။

ပေတသေယျော ကာမဘောဂီ၊
သီဟသေယျော တထာဂတော။
သယန္တိ စတုသေယျေသု၊
စတုတ္ထေန နမေ ဇိနံ။

ပေတသေယျော၊ ပြိတ္တာတို့၏ အိပ်ခြင်းလည်းကောင်း။ ကာမဘောဂီသေယျော၊ ကာမစည်းစိမ်ကို ခံစားသောသူတို့၏ အိပ်ခြင်းလည်းကောင်း။ သီဟသေယျော၊ ကေသရာဇာခြင်္သေ့မင်း၏ အိပ်ခြင်းလည်းကောင်း။ တထာဂတော-တထာဂတသေယျော၊ ဘုရားသခင်, ဘုရားရှင်တို့၏ အိပ်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတုသေယျေသု၊ အိပ်ခြင်းလေးပါးတို့တွင်။ စတုတ္ထေန၊ လေးခုမြောက်ဖြစ်သော ဘုရားသခင်, ဘုရားရှင်တို့၏ ကိန်းအိပ်ခြင်း (ဝါ) ကိန်းစက်ခြင်းဖြင့်။ သယန္တိ၊ ကိန်းအိပ်တော်မူသော၊ (ဝါ) ကိန်းစက်တော်မူသော။ ဇိနံ၊ မြတ်စွာ

ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

(ခင်ကြီးဖျော်ဆရာတော်)

လောကမှာ အိပ်စက်လျောင်းစက်နည်းဟာ ပြိတ္တာတွေရဲ့ လျောင်းစက်နည်း၊ ကာမဂုဏ်အာရုံခံစားတဲ့ ပုဂ္ဂိုလ်တွေရဲ့အိပ်စက်နည်း၊ ခြင်္သေ့တွေရဲ့အိပ်စက်လျောင်းစက်နည်း၊ ဘုရားရှင်တို့ရဲ့ လျောင်းစက်အိပ်စက်နည်း လေးမျိုးရှိတဲ့ အထဲက အမြတ်ဆုံးဖြစ်တဲ့ ခြင်္သေ့တွေရဲ့ လျောင်းစက်နည်း၊ ဘုရားရှင်တို့ရဲ့ စတုတ္ထဈာန်သမာပတ်ဝင်စားပြီး လျောင်းစက်နည်းနဲ့ လျောင်းစက်တော်မူသောဘုရားရှင်ကို အလွန်ရိုသေစွာ ကြည်ညိုရှိခိုးပါတယ်။ ဒီလိုဂုဏ်ပြုချီးကျူးပူဇော်သွားပါတယ်။ အဲဒီတော့ လျောင်းတော်မူရုပ်ပွားတွေတွေ့တဲ့အခါ လျောင်းစက်နည်းလေးမျိုးထဲက ခြင်္သေ့လျောင်းစက်နည်း၊ ဘုရားရှင်တို့ရဲ့ စတုတ္ထဈာန်သမာပတ် ဝင်စားလျောင်းစက်နည်းနဲ့ လျောင်းစက်နေပါလားလို့ ကြည်ညိုပူဇော်နိုင်ကြပါတယ်။

ခေါင်းတော်ပြုနည်း(၄)မျိုး

လျောင်းတော်မူဘုရားကို ခေါင်းတော်ပြုတဲ့နည်း လေးမျိုးဖြင့် လေ့လာကြည်ညိုမှာ ဖြစ်ပါတယ်၊ ရှေးဆရာတွေရေးထားတဲ့ လင်္ကာလေးက ဒီလိုပါ။

(လင်္ကာ) **အရှေ့ဦးခေါင်း၊ ရွှေသာလျောင်း၊ ပေါင်းလဲ ဒက္ခိဏာ။ အနောက် နေရဗ္ဗန်၊ မြောက်နိဗ္ဗာန်၊ လေးတန် ခေါ်ဝေါ်တာ။**

ဒီလင်္ကာအရ ဦးခေါင်းပြုနည်းလေးမျိုးနဲ့ ကြည်ညိုရပါတယ်၊ "အရှေ့ဦးခေါင်း၊ ရွှေသာလျောင်း"ဆိုတဲ့ လင်္ကာအရ အရှေ့အရပ်ကို ခေါင်းပြုရင် အဲဒီလျောင်းတော်မူဘုရားကို ရွှေသာလျောင်းဘုရားလို့ ခေါ်ရတယ်။ "ပေါင်းလဲ ဒက္ခိဏာ" ဆိုတဲ့လင်္ကာအရ တောင်အရပ်ကို ခေါင်းပြုပြီး သိတင်းသုံးနေရင်တော့ အဲဒီဘုရားကို ပေါင်းလဲဘုရားလို့ ခေါ်ရတယ်။ တောင်အရပ်ကို ခေါင်းပြုတဲ့ ပေါင်းလဲဘုရားဟာ ဖလ သမာပတ်ဝင်စားပြီးတော့ သိတင်းသုံးတော်မူပါတယ်။

"အနောက် နေရဗ္ဗန်" ဆိုတဲ့လင်္ကာအရ အနောက်အရပ်ကို ဦးခေါင်းပြုပြီး သိတင်း သုံးရင် အဲဒီဘုရားပုံတော်ရုပ်ပွားကို နေရဗ္ဗန်ဘုရားလို့ခေါ်ကြတယ်။ အနောက်အရပ်ကို ဦးခေါင်းပြုပြီး သိတင်းသုံးနေတဲ့ နေရဗ္ဗန်ဘုရားဟာ နိရောဓ သမပတ်ကို ဝင်စားပြီး သိတင်းသုံးတော်မူပါတယ်။ "မြောက်နိဗ္ဗာန်" ဆိုတဲ့လင်္ကာအရ မြောက်အရပ်ကို ဦးခေါင်းပြုပြီးတော့ ပရိနိဗ္ဗာန်စံတဲ့ လျောင်းတော်မူဘုရားကိုတော့ မဟာပရိနိဗ္ဗာနကုသိနာရုံဘုရားလို့ ခေါ်ကြတယ်။ အဲဒီလို ရွှေသာလျောင်းဘုရား၊ ပေါင်းလဲဘုရား၊ နေရဗ္ဗန်ဘုရား၊ မဟာပရိနိဗ္ဗာန ကုသိနာရုံဘုရားဆိုပြီးတော့ လျောင်းတော်မူရုပ်ပွားတော်တွေ့တဲ့အခါ ဒီနည်းစနစ်နဲ့ ဦးခေါင်းပြုနည်းကို အကြောင်းပြုပြီးတော့ ကြည်ညိုကြရပါတယ်။

ရန်ကုန်မြို့၊ ပဲခူးမြို့၊ မုံရွာ၊ ထားဝယ်၊ သီရိလင်္ကာနိုင်ငံတို့မှာရှိတဲ့ ဘုရားတွေက ဘာဘုရားတွေဖြစ်မလဲ၊ အရှေ့အရပ်ကို ဦးခေါင်းပြုတဲ့အတွက် ရွှေသာလျောင်းဘုရားလို့ ခေါ်ကြပါတယ်။ အများဆုံး လျောင်းတော်မူတွေ ထုလုပ်တဲ့အခါ ရွှေသာလျောင်းဘုရားတွေကို ထုလုပ်ကြပါတယ်၊ ပေါင်းလဲဘုရား နေရဗ္ဗန်ဘုရားကိုတော့ ထုလုပ်တာနည်းပါတယ်။ အနည်းဆုံးက စတုတ္ထမြောက်ဖြစ်တဲ့ မဟာပရိနိဗ္ဗာန ကုသိနာရုံဘုရားကိုတော့ အနည်းဆုံးပဲ ထုလုပ်ကြပါတယ်၊ အဲဒီ မဟာပရိနိဗ္ဗာနကုသိနာရုံဘုရားကိုတော့ အိန္ဒိယနိုင်ငံ ကုသိနာရုံမှာလဲပဲ ဖူးမြော်နိုင်ပါတယ်။ နောက် သီရိလင်္ကာနိုင်ငံ (ပေါလောနရုဝ) ရှေးဟောင်းဌာန ကျောက်တောင်ကြီးမှာလည်းပဲ မဟာပရိနိဗ္ဗာန ကုသိနာရုံဘုရားကို ဖူးမြော်နိုင်ပါတယ်။ ရှေ့က လျောင်းတော်မူ သုံးဆူနဲ့စာရင် မဟာပရိနိဗ္ဗာန ကုသိနာရုံ လျောင်းတော်မူ ရုပ်ပွားက ပိုပြီးတော့ ကုသိုလ်ဖြစ်ဖွယ် သံဝေဂရဖွယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့ မဟာပရိနိဗ္ဗာန ကုသိနာရုံ လျောင်းတော်မူရုပ်ပွားကို ထုလုပ်တာဖြစ်ပါတယ်။

ဘုရားရှင် ဝါတော် (၄၅)ဝါ ပြည့်ပါပြီ၊ ကဆုန်

လပြည့်နေ့ရောက်လာပါပြီ၊ ကုသိနာရုံမြို့ အင်ကြင်းဥယျာဉ်အတွင်း မလ္လမင်းတွေ အနားယူတဲ့ ခုတင်ပေါ်မှာ ဘုရားရှင် မထသောလဲလျောင်းခြင်းဖြင့် လဲလျောင်းသွားပါပြီ။ အဲဒီ အချိန်မှာတောင်မှ မြတ်စွာဘုရားရှင်ဟာ မဟာပရိနိဗ္ဗာန သုတ်ရဲ့ နောက်ပိုင်းတရားတွေကို အများကြီးပဲ ဟောပြပေးခဲ့ပါတယ်။ ဘုရားရှင်ဟာ ကုတင်ပေါ်မှာ ခေါင်းအုံးပေါ်မှာ ဦးခေါင်းတော်ချရင်းဘဲ သုဘဒ္ဒပုရိပိုဇ်ကို တရားဟောပြပေးခဲ့တဲ့အတွက် နောက်ဆုံးတပည့်သာဝကအနေနဲ့ ရဟန္တာဖြစ်လာခဲ့ရပါတယ်။ အားလုံးကြားဖူးထားတဲ့ ဖွား+ပွင့်+ဟော+စံ–ဆိုတဲ့ သံဝေဇနိယလေးဌာနကိုလဲပဲ မြတ်စွာဘုရားရှင်ဟာ လဲလျောင်းလျက် ခေါင်းတောင်မှ လက်နဲ့ ထောက်မထားပါဘူး။ ခေါင်းအုံးပေါ်မှာ ခေါင်းတော်ချပြီးတော့ ဟောပြပေးခဲ့တာပါ။

စေတီထိုက်သော ပုဂ္ဂိုလ်လေးဦး စသည်နှင့် “မဟာသုဒဿန သုတ္တန်ကြီး”ကိုလဲပဲ ဝမ်းတော်လားထားလို့ အားတွေယုတ်လျော့ပြီးတော့ အလွန်ပင်ပန်းနေတဲ့အချိန်မှာတောင် မြတ်စွာဘုရားရှင်ဟာ ပင်ပန်းမှုကို ဂရုမထားဘဲနဲ့ ဝေနေယျသတ္တဝါတွေရဲ့အကျိုးကို ဟောကြားပေးခဲ့တော်မူခဲ့တာပါပဲ။ စင်္ကြံကြွပြီးတော့ ဝေနေယျသတ္တဝါအကျိုး သယ်ပိုးတာတွေ ရပ်တော်မူပြီး ဝေနေယျသတ္တဝါအကျိုး သယ်ပိုးတာတွေ၊ ထိုင်တော်မူပြီး ဝေနေယျသတ္တဝါအကျိုး သယ်ပိုးတာတွေ၊ လျောင်းတော်မူတာတောင်မှ ရွှေသာလျောင်းပုံစံနဲ့ ခေါင်းတော်ကိုလက်ထောက်ပြီးတော့ ဝေနေယျသတ္တဝါအကျိုး သယ်ပိုးတာထက် ခေါင်းအုံးပေါ်မှာ ခေါင်းကို ချပြီးတော့ လဲလျောင်းပြီးတော့ ဝေနေယျသတ္တဝါအကျိုး သယ်ပိုးတာက ပိုပြီးတော့ ကြည်ညိုဖွယ်ဖြစ်ပါတယ်။ သံဝေဂလည်း ရစရာဖြစ်ပါတယ်။

ဘာဖြစ်လို့ သံဝေဂရစရာလဲဆိုတော့ အဲ့ဒီ လျောင်းတော်မူတဲ့ ပုံအတိုင်း မြတ်စွာဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံတော်မူသွား ရရှာပါတယ်။ ညာဘက်လည်း လျောင်းရင်• ပရိနိဗ္ဗာန်စံသွားရရှာပါတယ်။ အဲလိုဆိုတော့ မြတ်စွာဘုရားရှင်ရဲ့ ဣရိယာပုတ်အမျိုးမျိုးထဲမှာ မဟာပရိနိဗ္ဗာန် စံတော်မူခါနီး သီတင်းသုံးနေတဲ့အချိန်, ပရိနိဗ္ဗာန် စံပြီး မြင်တွေ့ရတဲ့အချိန်, ကုသိနာရုံလျောင်းတော်မူပုံဟာ ကြည်ညိုစရာအကောင်းဆုံးဖြစ်သလို သံဝေဂဉာဏ်ကိုလဲ အပေးဆုံးပါပဲ။ သံဝေဂဉာဏ်အရဆုံးပါပဲ။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ ရွှေသာလျောင်းဘုရားတွေ ပူဇော်ပေမယ့် သီရိလင်္ကာနိုင်ငံမှာတော့ လျောင်းတော်မူတဲ့ပုံတွေ မဟာပရိနိဗ္ဗာန် ကုသိနာရုံ ပုံတွေချည်းပဲ ကိုးကွယ်ကြတယ်။ သံဝေဂဉာဏ်ကို ပိုပြီးတော့ ဖြစ်ရပါတယ်။ ဒီလောက်ဆိုရင် လျောင်းတော်မူဘုရား ခေါင်းတော်ပြုနည်း (၄)မျိုးနဲ့ ကြည်ညိုတာ ပြီးသွားပါပြီ။ လျောင်းတော်မူဘုရားရှင်ရဲ့ နောက်ဆုံးသတိပေး အရေးကြီးဆုံး စကားကို တင်ပြပါမယ်။

ဘုရားရှင် နောက်ဆုံး စကား

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟန္ဒ၊ ငါဘုရား တိုက်တွန်းတော်မူ၏။ ဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်တို့ကို၊ အာမန္တယာမိ၊ သတိပေးနှိုးဆော် သိစေတော်မူခဲ့၏။ ကိံ၊ အဘယ်သို့နည်း။ ယသ္မာ၊ အကြင်ကြောင့်။ သင်္ခါရာ၊ ပြုပြင်ပေးရသမျှ ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်စီး ချုပ်ပျောက်ခြင်း သဘောရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်း သတိတရားဖြင့်။ သဗ္ဗကိစ္စာနိ၊ အားလုံးသော ပြုဖွယ်ကိစ္စ ဟူသမျှကို။ သမ္ပာဒေထ၊ ပြီးစီးပြည့်စုံစေရစ်ကြကုန်လော့။ ဣတိ၊ ဤသို့လျှင်။ အာမန္တယာမိ၊ သတိပေးနှိုးဆော် သိစေတော်မူခဲ့၏။

လောကမှာ မိဘတွေအနေနဲ့ ကွယ်လွန်ခါနီး ရောက်လာပြီဆိုရင် ကိုယ့်ရဲ့သားသမီးတွေကို အရေးကြီးဆုံး စကား မှာကြားပြောဆိုလေ့ရှိပါတယ်။ ဒီလောကဥပမာ အတိုင်းပဲ တစ်လောကလုံးရဲ့မိဘဖြစ်တဲ့ မြတ်စွာဘုရားရှင်

ဟာ နောက်ဆုံးစကားပြောတဲ့အခါ အရေးကြီးဆုံးစကားကိုပဲ ပြောကြားခဲ့ပါတယ်။ အဲဒီစကားမှာ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ" ဒါလိုရင်း မဟုတ်သေးပါဘူး။ သင်ချစ်သားတို့ကို ငါဘုရားအနေနဲ့ နောက်ဆုံး အရေးကြီး စကား မှာကြားပြောမယ်လို့ ကြိုတင်ပြီးတော့ အသိပေးရုံ သက်သက်ပါ။

လိုရင်းစကားက နှစ်ခုရှိပါတယ်။ ပထမအပိုဒ်က ဝယဓမ္မာ သင်္ခါရာ၊ ဒုတိယအပိုဒ်က အပ္ပမာဒေန သမ္ပာဒေထ၊ ဒီစကား (၂)လုံးဟာ အရေးကြီးဆုံးစကားပါပဲ။ ဝယဓမ္မာ သင်္ခါရာဆိုတာက ဘာကိုပြောသလဲ ခုနက မြန်မာ ပြန်ပြလိုက်တဲ့အတိုင်း ပြုပြင်ထားသမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေဟာ ချုပ်ပျောက်ပျက်စီး ပျောက်ကွယ် သွားရတယ်လို့ ပြောလိုက်တော့ လက္ခဏာရေး(၃)ပါးထဲက မမြဲတဲ့ အနိစ္စလက္ခဏာကို တိုက်ရိုက်ဘုရားရှင်က ပြတော်မူ လိုက်တာပါပဲ။ မမြဲတဲ့ အနိစ္စလက္ခဏာကို ပြလိုက်တယ် ဆိုမှတော့ " ယံ နိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ" ဆိုတဲ့ သံယုတ်ပါဠိတော် ယဒနိစ္စသုတ်မှာ ဟောကြားခဲ့တဲ့ အတိုင်း မမြဲတဲ့ အနိစ္စသဘောဟာ ဆင်းရဲတဲ့ ဒုက္ခသဘော သက်ရောက်သွားပါတယ်။ ဆင်းရဲတဲ့ ဒုက္ခသဘောဟာလဲ အစိုးမရတဲ့ အနတ္တသဘော သက်ရောက်ပြီးသားပါပဲ။ ဒီလိုဆိုတော့ ဝယဓမ္မာ သင်္ခါရာဆိုတဲ့ပုဒ်ဟာ လက္ခဏာရေး (၃) ပါးလုံးကို ပြပြီးသားဖြစ်သွားသလို လက္ခဏာရေး (၃) ပါးကို ပြလိုက်တယ်ဆိုတော့ လက္ခဏာရေး (၃)ပါးကို အာရုံပြုလိုက်တဲ့ ဝိပဿနာဉာဏ်ကိုလည်း ပြပြီးသား ဖြစ်သွားတယ်၊ ဝိပဿနာဉာဏ်ဟာ ဖြစ်မှု၊ ပျက်မှု " အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ " ဆိုတဲ့ လက္ခဏာရေးသုံးပါးကို အာရုံပြုပါတယ်။ ဒီတော့ "ဝယဓမ္မာ သင်္ခါရာ " ဆိုတဲ့ ပါဠိဖြင့် ဝိပဿနာဉာဏ်ကိုပြပါတယ်။ ဒီဝိပဿနာဉာဏ်နဲ့ သင်္ခါရတရားတွေရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ လက္ခဏာရေး (၃)ပါး တင်ရှုလို့ရှိရင် "ဒုက္ခ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ "ဆိုတဲ့ သစ္စာလေးပါးကိုလည်း သိမြင်နိုင်တဲ့အတွက် နိဗ္ဗာန် ရောက်ကြောင်း ဝိပဿနာအကျင့်ကောင်းကို " ဝယဓမ္မာ သင်္ခါရာ" ဆိုတဲ့ ပါဠိဖြင့် မြတ်စွာဘုရားရှင်ဟာ ပြတော်မူလိုက်တာပါပဲ။

နောက် ဒုတိယစကားက ဘာလဲဆိုတော့၊ "အပ္ပမာဒေန သမ္ပာဒေထ"ပါ၊ ရှေ့စကားက ဝိပဿနာ ဉာဏ်အားထုတ်ဖို့ အရေးကြီးတယ်လို့ ပြောပြီးတဲ့နောက် " မြဲရာ သံပတ်၊ ကြွတ်ရာ သံပင်း" ဆိုတဲ့ လောကစကား အတိုင်း သမ္မာပဋိပတ် ဝိပဿနာအကျင့်မြတ်ကို မမေ့ မလျော့ဘဲ နေ့စဉ်နေ့တိုင်း သတိတရား လက်ကိုင်ထားပြီး တော့ အားထုတ်ကြရမယ်ဆိုတဲ့ စကားကိုတော့ " အပ္ပ မာဒေန သမ္ပာဒေထ" ဆိုတဲ့ ဒုတိယစကားဖြင့် ညွှန်ပြ ပါတယ်။ တိုက်ရိုက်ပြောရင်တော့ သတိတရားကိုပြောတာ ပါပဲ။ အဲဒီတော့ ဝယဓမ္မာ သင်္ခါရာပုဒ်က ဝိပဿနာဉာဏ်ကို ပြပြီး "အပ္ပမာဒေန သမ္ပာဒေထ" ပုဒ်က သတိတရားကို ပြတယ်။ လောကမှာ အဓိကတရားဟာ ဒီ (၂)ပါးပါပဲ။

(၁) ဝိပဿနာဉာဏ်၊ (၂) ဝိပဿနာဉာဏ်ကို အားထုတ်ဖြစ်ဖို့ သတိရ၊ အမှတ်ရ တိုက်တွန်းတဲ့သတိ တရား ဒီတရား(၂)ပါး လက်ကိုင်ထားပြီးတော့၊ နေထိုင်လို့ ရှိရင် လောကမှာ အရေးကြီးဆုံးအလုပ်ကို လုပ်ပြီးသား ဖြစ်သွားတာပါပဲ။ ဒီစကားကို မြတ်စွာဘုရားရှင်က ပရိ နိဗ္ဗာန်စံခါနီး နောက်ဆုံးအနေနဲ့ လဲလျောင်းရင်း မှာကြား သတိပေးလိုက်တာ ဖြစ်ပါတယ်။ အဲ့ဒီအရေးကြီးစကားက ကျွန်းမာရေးကောင်းနေတဲ့အချိန်၊ တစ်ခြားအချိန်တွေ ဟောတုန်းက တရားစကားတွေနဲ့ လိုက်လျောညီထွေရှိ ရဲ့လား၊ ကိုက်ညီမှုရှိရဲ့လား၊ ကျန်းမာရေးကောင်းနေတဲ့ အချိန်တုန်းက တစ်မျိုးဟောပြီးတော့ ပြန်လွန်တော်မူခါနီး ပရိနိဗ္ဗာန်စံခါနီးမှ တစ်မျိုး ဟောများသွားသလားဆိုပြီး စိစစ်ရပါမယ်။

အိန္ဒိယမှာရှိတဲ့ ဂိုဏ်းဘာသာဝင်တွေရဲ့ခေါင်းဆောင် "မဟာဝီရ"ဟာ ကျန်းမာရေးကောင်းစဉ်က သူ့တပည့်

တွေကို တရားတစ်မျိုးဟောပြီးတော့ နောက်ဆုံး ကွယ်လွန်ခါနီးမှာ တရားကို တစ်မျိုးတစ်ဖုံ ပြောင်းလွဲပြီးတော့ ဟောကြားသွားခဲ့ပါတယ်။ အဲ့ဒီ "မဟာဝီရကိုနီးဘုရား" လိုပဲ ဂေါတမမြတ်စွာဘုရားက ကျန်းမာရေးကောင်းတုန်းက တစ်မျိုး၊ ပရိနိဗ္ဗာန်စံခါနီးကြမှ တစ်မျိုးဟောသလားလို့ သံသယဖြစ်စရာ မရှိပါဘူး။ ကျန်းမာရေးကောင်းတဲ့အချိန်တုန်းက ဟောသွားတဲ့ ဒေသနာတစ်ခုရှိပါတယ်။ "သံယုတ်ပါဠိတော် သတိသုတ် ဂေလညသုတ်" စသည် ဖြစ်ပါတယ်။ အဲဒီမှာ ဘယ်လိုဟောထားသလဲဆိုတော့-

အကြိမ်(၁၀၀၀၀)ကျော် ဟောကြားခဲ့သောစကား

"သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော အယံ ဝေါ အမှာကံ အနုသာသနီ"။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ဘိက္ခု၊ သံသရာရေး မြော်ထောက်တွေး၍ တရားမှတ်နေသော ယောဂီပုဂ္ဂိုလ်သည်။ သတော၊ အမှတ်သတိရှိလျက်။ သမ္ပဇာနော၊ ဆင်ခြင်ဉာဏ် ဝိပဿနာဉာဏ်ရှိလျက်။ ဝိဟရေယျ၊ နေထိုင်ရာ၏။ အယံ၊ ဤသတိတရားနဲ့ ဝိပဿနာဉာဏ်ရှိလျက် နေထိုင်ရာ၏ဟူသော ဤစကားသည်။ ဝေါ၊ သင်တို့အတွက်။ အမှာကံ၊ ငါဘုရားရှင်တို့၏။ အနုသာသနီ၊ အကြိမ်ကြိမ် အဖန်ဖန် အခါခါအထပ်ထပ် ဟောပြပေးသော အဆုံးအမဩဝါဒ ဖြစ်ပါပေ၏။ အဲဒီ သတိဂေလညသုတ် ဒေသနာနဲ့လည်းပဲ နောက်ဆုံးစကား ဖြစ်တဲ့ " ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့စကားဟာ ညီညွတ်နေတာပါပဲ။

ဘယ်လို ညီညွတ်သလဲဆိုတော့ "ဝယဓမ္မာ သင်္ခါရာ"ပုဒ်က ဝိပဿနာဉာဏ်ကိုပြတဲ့ ပါဠိဆိုတော့ "သမ္ပဇာနော"ဆိုတဲ့ ပုဒ်နဲ့ တစ်ထပ်တည်း ကျပါတယ်။ "အပ္ပမာဒေန သမ္ပာဒေထ"ဆိုတဲ့စကားကတော့ "သတော"ဆိုတဲ့ ပုဒ်နဲ့ တစ်ထပ်တည်းကျပါတယ်။ အဲဒီနည်းနဲ့လဲပဲ ဘုရားရှင်ဟောကြားတဲ့တရားတွေဟာ ရှေ့နောက် ညီညွတ်နေတာပါပဲ၊ ဒါတင်မကသေးဘူး။ မိုးကုတ်ဆရာတော်ကြီးပြောတဲ့ စကားတစ်ခုရှိပါတယ်။ "ဈာယထ ဘိက္ခဝေ၊ မာ ပမာဒတ္ထ"ဆိုတဲ့ ဒီစကားကို ဘုရားရှင်ဟာ အကြိမ်ပေါင်း တစ်သောင်းကျော် တိုက်တွန်းဟောပြသွားတယ်လို့ မိုးကုတ်ဆရာတော်ကြီး ဟောပြသွားပါတယ်၊ အဲဒီဒေသနာဟာ သံလေခသုတ် ဒွေဓာဝိတက္ကသုတ် စသည့်ဒေသနာတွေပါပဲ၊

အဲဒီဒေသနာတော်တွေနဲ့လည်းပဲ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထဆိုတဲ့ အရေးကြီးဆုံးစကားဟာ ညီညွတ် တိုက်ဆိုင်နေတာပဲ။

ဘိက္ခဝေ-ချစ်သား၊ ချစ်သမီးတို့။ တုမှေ-သင်တို့သည်။ ဈာယထ- အာရမ္မဏူပနိဈာန်၊ လက္ခဏူပနိဈာန် (၂)မျိုးဖြင့် ဝိပဿနာအလုပ် အားထုတ် ရှုမှတ်ကြကုန်လော့ ၊ မာ ပမာဒတ္ထ- မမေ့မလျော့မပေါ့မဆ သတိတရားဖြင့် နေထိုင်ကြလို့ အဲဒီလို ဈာယထ ဘိက္ခဝေ, မာ ပမာဒတ္ထ ဆိုတဲ့ အကြိမ်ပေါင်းတစ်သောင်း ကျော်ဟောခဲ့တဲ့စကားနဲ့ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထဆိုတဲ့ စကားဟာလဲ ကိုက်ညီနေတာပါပဲ၊ ကိုက်ညီပုံကတော့ ဝယဓမ္မာ သင်္ခါရာဆိုတဲ့ ဝိပဿနာဉာဏ်ပြတဲ့စကားနဲ့ ဈာယထဆိုတဲ့ စကားဟာ တစ်ညီတစ်ညွတ်တည်း တစ်ထပ်တည်း ကျပါတယ်။ အပ္ပမာဒေန သမ္ပာဒေထ ဆိုတဲ့စကားကတော့ မာ ပမာဒတ္ထ ဆိုတဲ့စကားနဲ့ တစ်ထပ်တည်းညီညွတ်နေပါတယ်၊ ဘုရားဟောလိုက်တဲ့ စကားတော်တွေဟာ ရှေ့နောက် ညီညွတ်နေပြီး နောက်ဆုံးပြောခဲ့တဲ့ အရေးကြီးစကားဟာ ဘုရားရှင် (၄၅)ဝါ ဟောကြားခဲ့တဲ့ ပိဋကတ်သုံးပုံ စကားတွေနဲ့လည်း ညီညွတ်နေတဲ့အတွက် အရေးကြီးဆုံးစကား ဆိုတာ သိလိုက်ရပါတယ်။

အဲဒီလိုသိပြီဆိုလို့ရှိရင် ကုသိနာရုံ လျှောင်းတော်မူရုပ်ပွားတော်က ပြောနေတဲ့ အရေးကြီးဆုံးစကားဖြစ်တဲ့ ဝိပဿနာဉာဏ် အားထုတ်ရတယ်၊ သတိတရား လက်ကိုင်ထားရမည်ဆိုတဲ့ အရေးကြီးစကား ဟောကြားနေတယ်

ဆိုတာ ပေါ်လွင်ထင်ရှားလာပါတယ်။ အဲဒီတော့ ဘုန်းဘုန်းတို့ မြတ်စွာဘုရားရှင် စတုတ္ထဈာန်နှင့် လဲလျောင်းကိန်းစက်တဲ့ ''တထာဂတ သေယျာ''ဆိုတဲ့အတိုင်းပဲ စတုတ္ထဈာန် ဝင်စားပြီးအဆုံးမှာ ပရိနိဗ္ဗာန် စံသွားပါတယ်။ စကြဝဠာ ကမ္ဘာပေါင်းတစ်သောင်းလည်းပဲ မြေငလျင် အကြီးအကျယ် တုန်လှုပ်ခဲ့ပါပြီ၊ ဒီချိန်အခါမှာ သဟမ္ပတိ မဟာဗြဟ္မာမင်းက ဂါထာလေးတစ်ပုဒ်ကို သံဝေဂအနေနဲ့ ရွတ်ဆိုပွားများ ခဲ့ပါတယ်။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊

ဘူတာ လောကေ သမုဿယံ။

ယတ္ထ တာဒိသော သတ္ထာ၊

လောကေ အပ္ပဋိပုဂ္ဂလော။

တထာဂတော ဗလပ္ပတ္တော၊

သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

''ကိုယ်တိုင် (အလုံးစုံကို) သိတော်မူသော အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဤသို့သော ဆရာ သခင် အတုမဲ့ ဘုရားရှင်သော်မှလည်း အကြင်လောက၌ ပရိနိဗ္ဗာန် ပြုတော်မူရချေသေး၏၊ ထိုလောကထဲ၌ (ရှိသမျှ) သတ္တဝါအားလုံးတို့သည် ရုပ်နာမ် အစုအတ္တ ဘောကို စွန့်ပစ်ကြရကုန်မည်ချည်းသာတည်း''။

အဓိပ္ပါယ်ကတော့ ကမ္ဘာပေါ်မှာ ခွန်အားအကြီးဆုံး တန်ခိုးအကြီးဆုံးဖြစ်တဲ့ ဘုရားရှင်တောင် ပရိနိဗ္ဗာန်စံရ သေးရင် ကျန်တဲ့ပုဂ္ဂိုလ်တွေ၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ သူလို ငါလိုသာမညပုဂ္ဂိုလ်တွေလည်း အားလုံးပဲ ခန္ဓာကိုယ် စွန့်ပစ်ပြီးတော့ ကွယ်လွန်အနိစ္စရောက်ကြမယ်၊ သေကြ ရမယ်၊ ပျံလွန်တော်မူကြရမယ်၊ အဲဒီလို အဓိပ္ပါယ်ရပါတယ်။ အဲဒီတော့ သဟမ္ပတိ မဟာဗြဟ္မာမင်းကြီးရဲ့ ဂါထာအရ ကုသိနာရုံ လျောင်းတော်မူရုပ်ပွားဟာ စောစောပိုင်းက သက်တော်ထင်ရှားရှိစဉ်အနေနဲ့ **ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ** လို့ နောက်ဆုံး အရေးကြီးစကား ဟောပြသွားတယ်၊ စတုတ္ထဈာန်ဝင်စားပြီး အဆုံးမှာ ပရိနိဗ္ဗာန် စံသွားတယ်။ အဲဒီတော့ ကုသိနာရုံ လျောင်းတော်မူ ရုပ်ပွား တော်ကို နှစ်မျိုးကြည်ညိုလို့ရသွားတယ်။ တစ်မျိုးက ပရိနိဗ္ဗာန်မစံခင် အရေးကြီးစကားတွေကို ဟောကြားနေတဲ့ အနေနဲ့ ကြည်ညိုနိုင်ပါတယ်။ နောက်တစ်မျိုးကတော့ ပရိနိဗ္ဗာန်စံပြီးနောက်ပိုင်းအနေနဲ့ ကြည်ညိုနိုင်ပါတယ်။ ခုနောက်ပိုင်းအနေနဲ့ ရောက်လာပါပြီ သဟမ္ပတိမဟာ ဗြဟ္မာမင်းရဲ့ ဒေသနာအရ ဘုရားတောင်မှ တန်ခိုးအကြီးဆုံး၊ ခွန်အားအကြီးဆုံး အမြတ်ဆုံးဖြစ်ပေမယ့် ပရိနိဗ္ဗာန်စံရ သေးရင် ကျန်တဲ့ပုဂ္ဂိုလ်တွေ သူလို ငါလို သာမညပုဂ္ဂိုလ် အားလုံးလည်း သေကြရမယ်ဆိုတဲ့ မရဏာနုဿတိ ဘာဝနာအနေနဲ့ ပွားများနိုင်ကြရပါမယ်။

ဘုန်းကံကြီးမား၊ ခြွေရံများ၍ ခွန်အားပြည့်မတ်၊ ဣဒ္ဓိပါဒ်နှင့်၊ အတတ်ပညာ၊ ကြီးမြင့်ပါလည်း၊ သတ္တဝါ အားလုံး ကုန်အောင်ချုံး နောက်ဆုံးသေရမည်ပါတကား။

သဟမ္ပတိဗြဟ္မာမင်း သံဝေဂဉာဏ်ယူပြီးတဲ့နောက် သိကြားနတ်မင်းကလည်း သံဝေဂဉာဏ်ပွားများခဲ့ပါတယ်။ သံဝေဂဉာဏ်ပွားများခဲ့တာက ဒီဂါထာနဲ့ သိကြားမင်း သံဝေဂယူခဲ့ပါတယ်။ သိကြားမင်း ဒီဂါထာ ရွတ်တယ် ဆိုပေမယ့် သူ့ကိုယ်ပိုင်ဉာဏ်နဲ့ သီကုံးပြီး သံဝေဂဉာဏ် ရအောင် ရွတ်တာမဟုတ်ပါဘူး။ ဘုရားရှင် ပရိနိဗ္ဗာန်မစံခင် အချိန်ပိုင်းလေးမှာပဲ အရှင်အာနန္ဒာကို ''မဟာသုဒဿန သုတ္တန်''ကြီး ဟောခဲ့ပါတယ်။ မဟာသုဒဿန သုတ္တန်ကြီး နိဂုံးချုပ်တဲ့အခါ ဘုရားရှင်က ဒီ **အနိစ္စာ ဝတ သင်္ခါရာ**ဆိုတဲ့ဂါထာနဲ့ နိဂုံးချုပ်ခဲ့တာပါ။ သို့ဖြစ်၍ ဒီ ဂါထာဟာ ဘုရားရှင်ဟောကြားခဲ့တဲ့ ဂါထာပါပဲ၊ ဒီဂါထာမှာ ဝိပဿနာဉာဏ် ပါလာခဲ့ပါတယ်။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ တေဘူမက သင်္ခါရတို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဥပ္ပဇ္ဇိတွာ၊ ဥပါဒ်ထင်ရှား ဖြစ်ပွားကြ၍။ နိရုဇ္ဈန္တိ၊ ဘင်ခဏသို့ရောက် ချုပ်ပျောက်ကြကုန်၏။ တသ္မာ၊

ထို့ကြောင့်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရင်းသာရှိကုန်၏။ ယသွာ၊ အကြင်ကြောင့်။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရင်းသာ ရှိကုန်၏။ တသွာ၊ ထို့ကြောင့်။ အနိစ္စာ ဝတ၊ မမြဲကေန် မှန်လှကုန်စွာ့တကား။ တေသံ၊ ထိုတေဘူမက သင်္ခါရ တို့၏။ ဝူပသမော၊ ငြိမ်းရာအေးရာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်သည်။ သုခေါ၊ ချမ်းသာကေန် စင်စစ် မှန်စွာ့တကား။

ဂါထာထဲမှာ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝ ယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ–ဆိုတဲ့ ဒီသုံးပုဒ်ဟာ ဝယဓမ္မာ သင်္ခါရာ ဆိုတဲ့ ပထမစကားအရ ဝိပဿနာဉာဏ် ဖြစ်ပုံကိုပြတဲ့ အပိုဒ်ပါပဲ၊ နောက်ဆုံး တေသံ ဝူပသမော သုခေါ–အပိုဒ်ကတော့ သင်္ခါရတရား အားလုံးတွေရဲ့ ချုပ်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကမှ အချမ်းသာဆုံး ကေန်အမှန် ဖြစ်တယ်ဆိုပြီးတော့ နိဗ္ဗာန်ရဲ့ဂုဏ်ကို ဖော်ပြတဲ့ဂါထာ ဖြစ်ပါတယ်။

ဘုရားရှင်နောက်ဆုံးမှာ မဟာသုဒဿန သုတ္တန်ကြီးဟောပြီးတော့ ဒီဂါထာနဲ့ နိဂုံးချုပ်ခဲ့တယ်။ သိကြားနတ်မင်းလည်း ဘုရားပရိနိဗ္ဗာန် စံပြီးတဲ့အခါ ဒီဂါထာနဲ့ပဲ သံဝေဂယူခဲ့တယ်။

အဝိဇ္ဇာနှင့်၊ တဏှာကမ္မ၊ အာဟာရဟု၊ စိတ်ဥတုတို့၊ ပြုပြုပြင်ပြင်၊ တသွင်သွင်ဖြင့်၊ အစဉ်ပြုလုပ်၊ နာမ်နှင့်ရုပ်ကို၊ သမုတ်ခေါ်ကြ၊ သင်္ခါရကား၊ ဖြစ်က ပျက်ရန်၊ သဘောမှန်သဖြင့်၊ ကေန်မုချ အနိစ္စတည်း၊ ဖြစ်၍ပြီးသော်၊ ပျက်စီးပြန်ရ၊ ကေန္တမို့၊ နှစ်ဝရုပ်နာမ်၊ အေးကြောင်းမှန်သည်၊ နိဗ္ဗာန်မည်ခေါ်၊ ဓာတ်အနှစ် တော်သည်၊ အော်–အော်– ချမ်းသာကြောင်းပါတကား။

ဒီလောက်ဆိုရင် ကျောင်းတော်မှုရုပ်ပွားတော် လေးမျိုးထဲက ပရိနိဗ္ဗာန်စံခဲ့တဲ့ ကုသိနာရုံရုပ်ပွားတော်ဟာ ဘယ်လောက် အတိုင်းအတာအထိ သံဝေဂကုသိုလ် ဉာဏ်တွေ ပေးစွမ်းနိုင်တယ်ဆိုတာ ပေါ်လွင်သွားပါတယ်။ သို့ပေမယ့် အများကတော့ ထိုင်တော်မူတဲ့ပုံတို့၊ စင်္ကြံ ကြွတဲ့ပုံတို့၊ ရပ်တော်မူတဲ့ပုံတွေကိုပဲ ကြည်ညိုချင်ကြတယ်၊ ကျောင်းတော်မူတဲ့ပုံကိုတော့ ပရိနိဗ္ဗာန်စံတယ်ဆိုပြီးတော့ မကြည်ညိုချင်ကြပါဘူး။ ကျောင်းတော်မူပုံကို ဖူးမြင်ခွင့် ရတာဟာလဲပဲ ကုသိုလ်ကံ အလွန်ကြီးမားတာပါပဲ၊

ယခုရေးပြလိုက်တဲ့အတိုင်း ကုသိနာရုံ ကျောင်းတော်မူရုပ်ပွားတော်ဟာ အရေးကြီးဆုံးစကားနဲ့ သတိပေးနေတယ်။ တိုက်တွန်းနေတယ်ဆိုတော့ သံဝေဂ ဉာဏ်တွေရပြီး ကုသိုလ်တွေဖြစ်ပွားနိုင်ဖို့အတွက် ကုသိနာရုံ ကျောင်းတော်မူရုပ်ပွားတော်ကို ကြည်ညိုဖို့ပါပဲ၊ မဟာပရိ နိဗ္ဗာနကျောင်းတော်မူ ကုသိနာရုံရုပ်ပွားတော်ကို ဖူးမြော် ခြင်းဖြင့် ထိုရုပ်ပွားတော်မှတစ်ဆင့် ညွှန်ပြနေတဲ့ အရေး ကြီးစကားဖြစ်တဲ့ ဝိပဿနာဉာဏ်အလုပ်ကို သတိဖြင့် အမှတ်ရပြီးတော့ နေ့စဉ်နေ့တိုင်း ပွားများအားထုတ်နိုင်ကြ ပါစေဟူ၍ ကုသိနာရုံ ဆရာတော်ကြီးရဲ့ သက်တော် (၈၀)ပြည့် မွေးနေ့အထိမ်းအမှတ်မှတစ်ဆင့် မေတ္တာစကား တိုက်တွန်းပြောကြားရပါ၏။

အရှင်နာရဒါဘိဝံသ(လှရတနာ)

ကိုယ်ကျင့်တရားလက်ကိုင်ထားလျှင်
အရာရာမမှားနိုင်။
စိတ်မိုက်အလိုကို မလိုက်ပါနှင့်
စိတ်အလိမ္မာနှင့်ထိန်းချုပ်ပါ။
ပညာဟူသော
အဆွေခင်ပွန်းကောင်းထားရှိလျှင်
ခုရော နောင်ပါ ချမ်းသာမည်။

(ဗဟုသုတပညာပေးဆက်စွဲကျမ်းမှ)

နေပြည်တော် ဗွား၊ဗွင့်၊ပေါ၊စံ စေတီများနှင့် ကုသိနာရုံဆရာတော်

ဘဒ္ဒန္တသဒ္ဓိယ-(ရွှေသုဝဏ်ဆရာတော်)
(ပတ္တမြားရတုစာစောင်နာယက)



မဏိတော်မှဖူးပါက ပြုံးနေသည့်ပုံသဏ္ဌာန်

ရှေး ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှင်၏ ပုံဟန်အမူအရာတော်များကိုလိုက်၍ မုဒြာပုံအမျိုးမျိုး မှည့်ခေါ်ကာ ပူဇော်လာခဲ့ကြသည်။ ရေတွက်မကုန်နိုင်အောင်ပင် ဖြစ်နိုင်သည်။ ''အာကာသနှင့်၊ စကြဝဠာ၊ သတ္တာနိကာ၊ သဗ္ဗညုဉာဏ်၊ လေးတန်အနန္တာ'' အာကာသ, စကြဝဠာ, သတ္တဝါအမျိုးအစားတို့မှာ ပိုမိုထူးခြား များပြားလှသည့် အနန္တများ (အဆုံးမရှိများ) ဖြစ်ကြသည်။ ဤအနန္တများကို သဗ္ဗညုတဉာဏ်တော်က လိုအပ်သလို အာရုံပြုသိရှိနိုင်တော်မူသည်။ ဤအနန္တများထဲမှ အလိုရှိ သလို ခန္ဓာကိုယ်တော်ကိုလည်း ဖန်ဆင်းယူနိုင်သည်။ ဘုရားရှင်၏ ယင်းပုံတော်များကို အမျိုးအစားခွဲကာ အာရုံညွတ်နူး ဖူးကြည့်လျှင်–

၁။ တာဝတိံသာနတ်ပြည်သို့ မတက်ကြွမီ ရေ, မီး အစုံအစုံကို တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူသည်။ ဖန်ဆင်း



တည့်တည့်ကြည့်ပါက ငြိမ်သက်စွာ ကျိန်းစက်နေသည့်ဟန်

ခြေရင်းမှကြည့်ပါက ဝေဒနာခံစားနေရသည့်ဟန်

သည်ဟု ဆိုသော်လည်း ဘာမျှကြိုတင်သည့်အစီအစဉ်မရှိဘဲ ''ဖြစ်စေ''ဟု အမိန့်ပေး ဖန်ဆင်းခြင်းမျိုးမဟုတ်ပါ။ **''ပါဒက ဈာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒကပြုပြီးမှ၊ ကျတုံ အဘိ ညာ''**–ဟူသော ပရမတ္ထ သဘာဝဖြစ်စဉ်အတိုင်း ဖန်ဆင်း ယူရသည်။ သမာပတ် ၈–ပါးဟူသော ပါဒကဈာန်ကို ဦးစွာဝင်စားခြင်း၊ ယာဘက်ကမီးဖြစ်စေ (သို့မဟုတ်) ရေဖြစ်စေဟု အဓိဋ္ဌာန်ခြင်း၊ ထို့နောက်တဖန် ယခင်က ပါဒကဈာန်ကို ပြန်လည်ဝင်စားခြင်းပြုလိုက်မှ ယာဘက် မျက်စေ့က မီးထွက်လာသည်။ ထို့အတူ ဝဲဘက်က ရေထွက်လာအောင် ယခင်နည်းအတိုင်း ဝင်စားရသည်။ တဖန် ယင်းအစဉ်အတိုင်း ဝဲယာရေဖြစ်, မီးဖြစ်ထွက်ပေါ် လာရသည်။ ဘုရားရှင်သည် စိတ်တော်ကိုအလွန် နိုင်နင်း သဖြင့် ဤနည်းအတိုင်း ဤအဘိညာသမာပတ်ကို ဝင်စား လိုက်ရာ ဖူးသူပရိသတ်အနေနှင့်မူ မီးထွက်, ရေထွက်ကာ လှည့်ကာ အမျိုးမျိုး ဖူးမြင်နေရသည်။ ဗကဗြဟ္မာချတ်ခန်း၌ မူကား ဖူးမြင်သူတို့ ကြည့်မမြင်ရ ပျောက်ကွယ်နေသည်။ ဤဖန်ဆင်းချက်များကား ရှင်သန်လှုပ်ရှားနေသော **တန်ခိုးတော်များအလိုက် ဖြစ်ပေါ်လာသည့် ပုံတော်များ**

ဖြစ်ကြသည်။

၂။ တာဝတိံသာမှ ဘုရားရှင်သည် ဇမ္ဗူဒိပ် (လူ့ပြည်)သို့ ကြွဆင်းနေစဉ်တွင် အဘိဓမ္မာ ဟောကြားရာ၌ အသံမစဲလည်းဖြစ်ရန် ပုံတော်ကိုလည်း ယခင်အတိုင်း ဖူးမြင်နေကြရရန် တန်ခိုးတော်ဖြင့် နိမ္မိတရုပ်ပွါးတော် ထားရှိခဲ့သည်။

၃။ တည်ငြိမ်အေးချမ်းလွန်းလှသည့် ပုံတော်လွှာမှာ ဈာနမုဒြာ, သမာပတ္တိသမာပန္နမုဒြာ ပုံတော်များ စသည် ဖြစ်ကြသည်။ သမာပတ်ဝင်စားနေဟန် ပုံတော်ဟု ဆိုလိုသည်။ ဘုရားသခင်သည် တရားဒေသနာ ဟောနေစဉ်အတွင်း တရားနာပရိသတ်တို့ သာဓုခေါ်နေသည့် ကြားကာလများမှာပင် သမာပတ်ဝင်စားတော်မူသည်။ ထိုအခိုက် သမာပန္နဟန်မုဒြာကို ဖူးတွေ့ရနိုင်သည်။

၄။ ဘုရားရှင်သည် သက်တော် ၈၀–ပြည့်လုနီး ကာလ၌ပင် တနေ့တစ်ယူဇနာ ကြွမည်၊ ကုသိနာရုံ အင်ကြင်းတော၌ ပရိနိဗ္ဗာန်ပြုမည်၊ ထို့ပြင် ကဆုန်လပြည့်နေ့ ညဥ့်ပိုင်းတွင် ပရိနိဗ္ဗာန်ပြုမည် စသည်စသည် အာယုသင်္ခါရ လွှတ်ထားသည့်အတိုင်း သက်တော်ကြီးရင့်တော်မူပါလျက်, သတ္တဝါများကို ချွေချွတ်လျက် တစ်ရက်လျှင် တစ်ယူဇနာ ကြွတော်မူသည်။ စုန္ဒပန်းထိမ်သည်၏ ဆွမ်းဘုဉ်းပေးပြီး နောက် ဝမ်းတော်က လားလာသည်။ ကဆုန်လဖြစ်၍ နေမင်းက ပူပြင်းလှသည်။ လမ်းပန်းတွင် ခရီးပန်းလှသဖြင့် ရှင်အာနန္ဒာက သောက်တော်ရေကပ်ရသည်။ နှစ်ထပ်နှစ်လွှာ သင်္ကန်းတော်ဒုကုဋ်ကို ခေါက်ထပ်၍ ခင်းပေးရသည်။ နောက်ဆုံး ကုသိနာရုံရောက်ရှိပြီး သုဘဒ္ဒအား ချွေချွတ် တော်မူသည်။

ထိုအချိန်သည် ကဆုန်လပြည့်နေ့ဖြစ်ရာ နွေ ရာသီ နေပူပြင်းသော်လည်း ကုသိနာရုံတောရဂုံ၏ အရိပ်အာဝါသ ကား မျှတနေပေသည်။

ဘုရားရှင်သည် မဟာပုရိသယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး ၃၂–သွယ်၊ လက္ခဏာတော်ငယ် ၈၀– ဖြင့် တင့်တယ်တော်မူနေသည်။

ဘဂဝါဂုဏ်တော် ၁–စိတ် အဝင်အပါ သိရီ ဂုဏ်တော်အတိုင်း "သရဖီအင်ကြင်း၊ ပင်လုံးဝင်းသည့်၊ ပန်းမင်းအနေ၊ လင်းလက်ဝေ၍၊ ကျက်သရေအဖြာဖြာ၊" မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေပေသည်။

သို့သော် ခရီးရှည်ကြွရသဖြင့် ပင်ပန်းတော်မူခြင်း၊ သက်တော်ကြီးခြင်း၊ ဝမ်းတော်လားခြင်းစသော ဆန့်ကျင် ဘက် ဝိရောဓိများ ရှိပါသော်လည်း မူလလက္ခဏာတော် များကို လျော့ပါးသွားအောင် မလွှမ်းဆန်နိုင်ချေ။ သို့သော် လည်း ရောဂါနာတာရှည်လျှင် ဖောရောင်မှု ဝင်လာတတ် သည့်အတိုင်း ပင်ပန်းမှုနာတာရှည်လှသဖြင့် ဘုရားရှင်မှာ လည်း ခြေတော်, လက်တော် ဖောင်းမို့မှုများ မကင်းနိုင်ချေ။ သုဇာတာဆွမ်းဘုဉ်းပေးပြီးနောက် ဘုရားရှင်ဖြစ်စ ဘုရားရှင် ကိုယ်ခန္ဓာတော်သည် အလွန်ထိန်ဝင်း ကျက်သရေရှိဘိ သကဲ့သို့ စုန္ဒ၏ဆွမ်းဘုဉ်းပေးပြီးနောက် ဘုရားရှင်၏ဘဝ နောက်ဆုံးအချိန်မှာလည်း ကိုယ်ခန္ဓာအသရေတော် အလွန်တင့်တယ် ထွန်းလင်းနေပေသည်။

* ဤအချိန် ဘုရားရှင်၏ ပုံတော်ကို ပန်းချီကျော် မည်သို့ရေးဆွဲစုတ်ချက်သွင်းမည်နည်း။

* အောင်ဆုရ ဓာတ်ပုံဆရာများသည်လည်း ရသ မြောက်အောင် မည်သို့ရိုက်ကူးမည်နည်း။

* ရုပ်ထုပညာကျော်များလည်း မည်သို့ထုဆစ် အသက်သွင်းမည်နည်း။

ပြုံးနေဟန်လား, မှဲ့နေဟန်လားဟု ဝေဖန်ပိုင်းခြား ပြောကြားရန် ခက်ခဲသည့် မိုနာလီဇာ ပန်းချီကားတွင် ပညာသားပါပါ စုတ်ချက်သွင်းထားသည်မှာ အံ့သြစရာ ကောင်းလှသည်။ ဘုရားအလောင်းတော် ပြင်းထန်စွာ ဒုက္ကရစရိယ ကျင့်တော်မူစဉ်က အရိုးပြိုင်းပြိုင်းနှင့် ရုပ်ထုပုံတော်မှာလည်း ရင်သပ်အံ့သြလောက်သည်။ ပုဂံမြို့

အာနန္ဒာစေတီ တောင်မုခ်အတွင်းရှိ ကဿပဘုရားမတ်ရပ် ကိုယ်တော်မှာမူ အနီးကပ်ဖူးလျှင် ပြုံးနေဟန်၊ အနည်းငယ် ခွာဖူးလျှင် ပိုပြီးပြုံးနေဟန်၊ အဝေးမှလှမ်းဖူးလျှင် အလွန် ပြုံးနေဟန် ဖူးတွေ့ရသည်။

ထို့အပြင် အိန္ဒိယပြည် ယူပီပြည်နယ်၊ ဒေဝရီးယား ခရိုင်၊ ကုသိနာရုံမြို့တွင်ရှိ ဂေါတမမြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံနေတော်မူဟန်မှာ ခေါင်းရင်းဘက်၊ ခြေတော်ရင်းဘက်နှင့် ရှေ့တည့်တည့်ဘက်က ရှုထောင့်အလိုက်ဖူးလျှင် မတူကွဲပြား ထူးခြားသည့် ပုံတော်သုံးမျိုးအဖြစ် ဖူးတွေ့ရမည်။ ဤ ရုပ်ပွါးတော် ရှေ့ကနေ၍ ဘုရားဝတ်ပြုသူတိုင်းကြည်လင် လှသဖြင့် ဖူးမြင်၍ အားမရနိုင်ရှိသည်။ စိတ်၊ စေတသိက်၊ ရုပ်နှင့် နိဗ္ဗာန်ဟူသော တကယ်အရှိ ပရမတ်တရားလေးပါး တွင် အဝင်အပါ ဗုဒ္ဓဘာသာတို့၏ ပန်းတိုင် နိဗ္ဗာနဓာတ်သို့ ဘုရားရှင် ဝင်စံတော်မူခါနီးတွင် တပည့်ပရိသတ်များအား ကြည်လင်စွာ နှုတ်ဆက်နေသည့် အသွင် ပေါ်လွင်နေသည်။ ဤရုပ်ထု၏ ရှေ့တည့်တည့်က ဖူးရလျှင် အားမရနိုင်၊ ဖူးမဝနိုင်ဖြစ်ကြရသည်။ မဏိတော်ဘက်က ဖူးလျှင်လည်း သမာပတ်ဝင်စားနေသည့်ပုံဖြစ်၍ ဖူးမဝဖြစ်သည်။ ခြေရင်း တော်မှ ဖူးလျှင် ခြေတော်လက်တော်တို့ မသိမသာ ရောင်အန်းနေသည်ကို ဖူးမြင်ရသည်ဖြစ်ရာ ဖူးသူကိုယ်တိုင် ဝေဒနာခံနေရသကဲ့သို့သော ရသများဖြစ်ပေါ်လာသည်။ ပန်းပုဆရာက ဤရသများကို ခံစားရအောင် ဖူးမြော်လာ သူတိုင်းအား အပြည့်အဝပေး၍ အံ့သြရလောက်အောင် ထုဆစ်ထားသည်။

ဤပုံတော်သည် မထုရာမြို့ဘက်က အနုပညာ သည် ဒိန္နဆရာ၏လက်ရာဖြစ်သည်။ ကုန်ကျမှုကို ရုပ်ထု ဒါယကာ ဟရိဗလ–က လှူဒါန်းသည်။ အလျား ၁၇–ပေ ခန့်အရွယ် လဲလျောင်းတော်မူဟန်ပုံတော်ကို ဖူးလျှင် အောက်ပိုင်းကို လျောင်းတော်မူများထုံးစံအတိုင်း တည့်တည့် ထားရှိသည်။ အထက်ပိုင်း ကိုယ်တော်ကိုမူ အနည်းငယ် လိမ်ဖယ်၍ အထက်ပခုံးကို လျှော့ဖြေထားသည်။ မဏိတော် အစွန် အောက်နားတွင် သက်နုံးကိုလုံး၍ ခေါင်းအုံးပမာ ခုထားသည်။ ဤအဖြစ်တော်ဌာနသို့ ရောက်မိက ဖူး၍မဝ မခွဲခွါရက်အောင် ဆွဲငင်ဓာတ်ရှိလှသည်။

၅။ မဇ္ဈိမဒေသမှာ မြန်မာ့ပြည်မှဆိုမူ မိုင်ပေါင်း များစွာ အလှမ်းဝေးသည်။ သို့သော် ဗုဒ္ဓဘာသာတို့ အနေဖြင့် "အဖြစ်တော် ဌာနများသို့ သွားရောက်၍ သဒ္ဓါတရားဖြင့် ဖူးတွေ့ပါက အပါယ်တံခါးပိတ်သည်"ဟု ယုံကြည် စိတ်ချ ကြသည်။ သို့ဖြစ်၍ အကြောင်းသင့်သူများ သွားရောက် ဖူးမြော်ခွင့် ရကြသည်။ ကျန်းမာရေးမကောင်းသူများ၊ သက်ကြီးရွယ်အိုများ၊ စရိတ်စကမတတ်နိုင်သူများ၊ အားလပ်ခွင့်မရသူ မြန်မာ ဗုဒ္ဓဘာသာများသည် သဒ္ဓါဆန္ဒ ရှိကြသော်လည်း ဖူးမြင်ခွင့် မရကြပေ။ ထို့ကြောင့် နိုင်ငံတော် သမ္မတကြီးသည် ယင်းအဖြစ်တော်ဌာနများကို ဖူးမြော်ခွင့် မရသူများအား အကြင်နာထား၍ နေပြည်တော်တွင် မူလ ဖွား–ပွင့်–ဟော–စံ–အဖြစ်တော်ဌာနများအတိုင်း ဖူးမြင်နိုင်အောင် တည်ဆောက်ပုံထု၍ကိုးကွယ်ထားသည်။

အိန္ဒိယရှိအဖြစ်တော်ပုံများကို ပုံတူအောင် အားထုတ်ရသူမှာ အလွန် မခက်လှပါပေ။ သို့သော် ဤ ကုသိနာရုံပုံတူကို ထုဆစ်ရန် အဖို့မှာမူကား အလွန်ခက် လှသည်။ **တကယ်အမှန်ပုံတူရန်** (CNC) ကွန်ပျူတာ **စက်ဖြင့် ထုလုပ်မှ အမှန်ပုံတူကို** ရရှိနိုင်မည်။ သို့ဖြစ်၍ **မူရင်းရုပ်ပွါးကို အနေအထား** အတိအကျ တိုင်းတာရမည်။ **သရီးဒီပုံတူ ဓာတ်ပုံများ** ရိုက်ရမည်။ ယင်းကိစ္စတို့မှာ ကိုယ့်တိုင်း ကိုယ့်ပြည်မဟုတ်သဖြင့် အလွန်ခက်ခဲလှသည်။ သို့သော် ကံကောင်းခြင်းတစ်ရပ်မှာ အိန္ဒိယနိုင်ငံ ယင်းကုသိ နာရုံစေတီတော်ကို စောင့်ရှောက်ထိန်းသိမ်းနေသူ ပုဂ္ဂိုလ် သည် မြန်မာနိုင်ငံမှ ဘုန်းတော်ကြီးဖြစ်နေသည်။ ထို့ပြင် ဤဘုန်းတော်ကြီး (ဆရာတော်)သည် ဤပုံတူရှိရာ တန်ဆောင်းနှင့် ဆက်စပ်လျက်ရှိသော ကျောင်းတိုက်တွင်

နှစ်ပေါင်းများစွာ ကာလပတ်လုံး သီတင်းသုံးနေတော်မူသည်။ သို့ဖြစ်ရာ (ACE) ကုမ္ပဏီမှ ဦးချမ်းသာတို့အဖွဲ့က တစ်ကြိမ်၊ မိုးကုမ္ပဏီမှ ကိုဝင်းဆန်းတို့အဖွဲ့က တစ်ကြိမ်၊ ပေါင်းနှစ်ကြိမ် သွားရောက်၍ ပြုစီရင်ဖွယ်များကို ပြည့်စုံအောင် အရယူကြသည်။ ရုပ်ထုကွန်ပျူတာပညာနှင့် ပတ်သက်၍ ကိုဝင်းဆန်းတို့အဖွဲ့သည် မိုးကုမ္ပဏီဥက္ကဋ္ဌ ဦးမိုးဦး၏ စီစဉ်ပေးချက်အရ အိန္ဒိယနိုင်ငံ၊ မဒရပ်စ် (ချင်နိုင်း)မြို့တွင်လည်းကောင်း၊ တရုတ်ပြည်တွင်လည်းကောင်း သွားရောက်လေ့လာယူကြသည်။ အိန္ဒိယနိုင်ငံတွင် ရုပ်ထုနှင့် ပတ်သက်သမျှ ခက်ခဲလှသည့် ကိစ္စအဝဝကို မိမိတို့အားကိုးအားထားရာဖြစ်သော ယင်းကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဉာဏိဿရက အလုံးစုံကူညီပေးသည်။

အကျိုးတစ်ရပ်ဟူသည် အကြောင်းပေါင်းမြောက်မြားစွာ ပေါင်းစပ်မိမှ ဖြစ်ပေါ်ရိုးဖြစ်သည်။ ထိုတွင် ဤရုပ်ပွါးတော်ဖြစ်မြောက်ရန် ပဓာနအကြောင်းကြီးများရှိသည်။

(က)လှူဒါန်းသူ (အင်အားကြီး) ဒကာရှိပါမှ၊ (ခ) ပုံမတူ တူအောင် တာဝန်ယူတည်ဆောက်ထုတ်လုပ်သူရှိပါမှ၊ (ဂ) တိုင်းတပါးပုံတော်ဖြစ်၍ ပုံတော်ဆိုင်ရာ အပြည့်အစုံရအောင် တိုင်းတပါးမူလနေရာမှ ကူညီသူရှိပါမှ၊ (ဃ) အထွေထွေ အဆောက်အအုံများကို တာဝန်ယူတည်ဆောက်သူလည်းရှိပါမှ ဖြစ်ပေါ်လာနိုင်သည်။

ဤပုံတူရုပ်ပွါးတော်ကြီး ဖြစ်မြောက်ရန် အမှတ်-(ဂ)ဆိုင်ရာ အကူအညီကို အထက်ပြခဲ့သည့်အတိုင်း ကုသိနာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရက ပြည့်စုံအောင် ကူညီပေးတော်မူသည်။ ထို့ပြင် ဤဆရာတော်သည် ဥပ္ပါတသန္တိစေတီတော်ကြီး အထက်ဌာပနာ သွင်းတော်မူစဉ်ကလည်း အိန္ဒိယနိုင်ငံတွင် သီတင်းသုံးဖက်ဖြစ်ကြသော ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့် မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇတို့နှင့်အတူ မိမိတို့ကျောင်းများတွင် ကိုးကွယ်ထားသော ဓာတ်တော်များထဲမှ ခွဲယူ၍ ဘုရားရှင်ဓာတ်တော် မွေတော် အစစ်များကို မျှဝေလှူဒါန်းခဲ့ကြပါသည်။ ယင်းဓာတ်တော်များကို သာသနာရေးဝန်ကြီးဌာန၊ သ-ထ-ပ-ညွှန်ချုပ် ဒေါက်တာမျိုးမြင့်က အိန္ဒိယသို့ သွားရောက်ပင့်ယူသည်။ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်နှင့် ဖွားပွင့်ဟောစံစေတီများ၏ ရွှေထီးတင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲများသို့လည်း ကိုယ်တိုင်ကြွရောက်ပါဝင်ပူဇော်ကြပေသည်။

ယင်းကုသိနာရုံဆရာတော်သည် အိန္ဒိယသားတို့အတွက် မြန်မာပြည် ရွှေတိဂုံစေတီတော်ကို ဖူးမြင်ခွင့်ရရှိရန် ကိုယ်တော်စား မဟာသုခဒဒ-ဘွဲ့တော်ခံ ဥက္ကာဟော် ၁၀၈'-ပေရှိ ရွှေတိဂုံပုံတူစေတီကိုလည်း ဆရာတော်သီတင်းသုံးရာ ကုသိနာရုံကျောင်းတိုက်အဝင်းမှာပင် တည်ထားကိုးကွယ်ခဲ့ပေသည်။ ယင်းဆရာတော်၏ ပြည်တွင်း, ပြည်ပ သာသနာပြုချက်မှာ အလွန်များပြားလှသည်။

"နေပြည်တော်တွင် ဘုရားပရိနိဗ္ဗာန်စံတော်မူဟန် ထုဆစ်ရာ၌ အလိုအပ်ဆုံး အကူအညီများကို အားသွန်ခွန်စိုက် စိတ်ရောကိုယ်ပါ ကူညီပေးတော်မူသော အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ဒေဝရီးယားခရိုင်၊ ကုသိနာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်သည် သက်တော်ရာကျော် ရှည်မြင့်လျက် သာသနာတော်ကို ပြုစုနိုင်ပါစေကြောင်း"ဖြင့် ဤ စာရေးသူက ဆုတောင်းပတ္ထနာပြုပါသည် အရှင်ဘုရား။

ဘဒ္ဒန္တသဒ္ဒိယ-ရွှေသုဝဏ်ဆရာတော်



ကုသိနာရုံဆရာတော်၏ပတ္တမြားရတု မွေးနေ့ဝိဇာတမင်္ဂလာ



မောင်ရင့်ကျူး(မြောင်းမြ)

ကုသိနာရုံဆရာတော်ကြီး သက်တော် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့တွင် စာရေးသူသည် မောင်ရင့်ကျူး (မြောင်းမြ)ကလောင်အမည်နှင့်လည်းကောင်း၊ မောင်ကံသစ် (ပန်းဘဲတန်း) ကလောင်အမည်နှင့်လည်းကောင်း၊ ဆရာတော်ကြီးကို ရေးသားပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ ယခုလာမည့် (၁၈. ၁၁. ၂၀၁၅)ခုနှစ်တွင် ရောက်ရှိတော့မည့် ပတ္တမြားရတုမင်္ဂလာ၊ သက်တော် (၈၀) ပြည့် မွေးနေ့ပူဇာတွင်လည်း စာရေးဆရာများက စုပေါင်းရေးသားပူဇော်ကြမည့် ဆောင်းပါးများ...ကို ထပ်မံ၍ စာစောင် ထုတ်ဝေဦးမည်ဖြစ်ပါသည်။

မွေးနေ့မင်္ဂလာပွဲသည် ဗြိတိသျှကိုလိုနီခေတ်တွင် စတင်ပေါ်ပေါက်လာသည့်ပွဲဖြစ်၍ (Birth day) ဟူသော အင်္ဂလိပ်ဝေါဟာရကိုမှီး၍ "မွေးနေ့ မင်္ဂလာပွဲ" ဟု သုံးနှုန်းခဲ့ကြသည်ဟု ယူဆရပေသည်။ မြန်မာလူမျိုးတို့သည် မွေးနေ့မင်္ဂလာပွဲများကို ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအချိန်ကပင် ကျင်းပပြုလုပ်ခဲ့ကြသည်ဟု သိရှိရသည်။

"ဝိဇာတမင်္ဂလာ" ဆိုသည်မှာ မွေးဖွားသည့်နေ့ကို ပြုလုပ်သော မင်္ဂလာပွဲဖြစ်၍ ယခု မြန်မာတို့ ကျင်းပကြသည့် မွေးနေ့မင်္ဂလာပွဲမှာလည်း ထိုမင်္ဂလာပွဲမှ ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ရှေးအခါက စတင်မွေးဖွားသည့်နေ့မှာ ဝိဇာတ

မင်္ဂလာပွဲကို တစ်ကြိမ်သာ ကျင်းပပြုလုပ်လေ့ရှိကြပါသည်။ ယခုခေတ်၌မူ စတင်မွေးဖွားသည့်နေ့၌ မင်္ဂလာပွဲပြုလုပ်လေ့ မရှိဘဲ၊ အသက်အရွယ် ကြီးပြင်းလာသည့်အခါမှ မိမိ မွေးရက်၊ မွေးလ၊ မွေးနေ့ရောက်ချိန်တွင် ဝိဇာတမင်္ဂလာခေါ် မွေးနေ့မင်္ဂလာပွဲကို ပြုလုပ်လေ့ရှိကြပါသည်။

ဘုရားရှင်လက်ထက်က မွေးနေ့မင်္ဂလာပွဲကို ကျင်းပ ပြုလုပ်လေ့ ရှိသလော? သာသနာတော်၌ မွေးနေ့ ကျင်းပ ပြုလုပ်သည့် အစဉ်အလာရှိခဲ့သလော? မွေးနေ့မင်္ဂလာပြုလုပ် ရမည်ဟု ဘုရားရှင်ညွှန်ကြားခဲ့သလော? စသည့် မေးခွန်း များ၏အဖြေကို ကျမ်းဂန်များ၌ ရှာဖွေကြည့်ရာ မူလက မွေးနေ့မင်္ဂလာပွဲပြုလုပ်ရန် မရည်ရွယ်သော်လည်း တိုက်တိုက်ဆိုင်ဆိုင် မွေးနေ့မင်္ဂလာပွဲ ပြုလုပ်ကျင်းပဖြစ်သည့် အကြောင်းအရာတစ်ခုကိုမူ အင်္ဂုတ္တရအဋ္ဌကထာ၊ ပထမတွဲ ကေ ဒဂ္ဂဝဂ်၌ တွေ့ရပါသည်။

ဘုရားရှင်လက်ထက်တော်က ကောလိယမင်း၏ သမီး သုပ္ပဝါသာ သာကီဝင်မင်းသမီးသည် ခုနစ်နှစ်နှင့် ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၍ ခုနစ်ရက်တိုင်တိုင် ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေနေခြင်းဆင်းရဲဒုက္ခတို့ကို အပြင်းအထန် ခံစားနေရသည်။ ဆွေတော်မျိုးတော်များမှာ ''မင်းသမီးကလေးတော့ သေမှာပါပဲ''ဟု စိုးရိမ် ပူပန် နေကြသည်။ မျက်ရည်ဝိုင်းနေကြသော မျက်စိကိုယ်စီဖြင့် မင်းသမီး ကလေးကို ဝိုင်းကြည့်နေကြသည်။ မင်းသမီး ကလေးကမူ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို အဖန်ဖန် အထပ်ထပ် အောက်မေ့ဆင်ခြင်ကာ ထိုပြင်းထန်လှသည့် ဆင်းရဲဝေဒနာကြီးကို မညည်းမညူ သည်းခံနေရှာပေသည်။

ခုနစ်ရက်မြောက်သည့်နေ့မှာမူ ''ငါမသေခင် အလှူဒါနပြုခဲ့မည်'' ဟု အကြံဖြစ်လာပြီး၊ မိမိခင်ပွန်းသည် ကောလိယမင်းသားကို အနားသို့ခေါ်ပြီး ''ကျွန်မရဲ့ ဖြစ်ပုံ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားပြီး မြတ်စွာ ဘုရားကို ဆွမ်းစားပင့်ခဲ့ပါ။ ဘုရားရှင်ရဲ့ ပြောကြားချက် များကိုလည်း ကျွန်မကို ပြန်ပြောပါ''ဟု မှာကြားပြီး ဘုရားရှင်ထံ စေလွှတ်လိုက်သည်။

ဘုရားရှင်ထံမှောက်သို့ရောက်၍ ကောလိယ မင်းသားက လျှောက်ထားသည့်အခါ မြတ်စွာဘုရားက ''သုပ္ပဝါသာသည် ရောဂါမရှိ၊ ပကတိ ကျန်းမာချမ်းသာ ပါစေ၊ ရောဂါမရှိ ပကတိကျန်းမာချမ်းသာလျက် ရောဂါ ကင်းသောသားကို ဖွားမြင်ပါစေ''ဟု မေတ္တာပို့တော်မူ သည်။ ထိုခဏ၌ပင် သုပ္ပဝါသာ မင်းသမီးကလေးမှာ ရောဂါမရှိ၊ ပကတိ ကျန်းမာချမ်းသာလျက် ရောဂါကင်း သော သားတော်ကလေးကို ဖွားမြင်လေသည်။

ထိုအခါ မင်းသမီးကလေးအနီး၌ စိုးရိမ်တကြီးဖြင့် ဝိုင်းရံနေကြသည့် ဆွေတော်မျိုးတော်များမှာ စိုးရိမ် ပူပန်နေကြရာမှ တစ်ခဏချင်း ဝမ်းသာပျော်ရွှင်သွားကြ၏။ မျက်နှာများ ကြည်လင်လာကြပြီး မဲ့ရာမှ ပြုံးလာ နိုင်ကြ တော့၏။ ဤကဲ့သို့ ဆွေမျိုးအပေါင်းတို့ စိုးရိမ်ပူပန်မှုဖြစ်နေကြ ခြင်းကို ကင်းပျောက်ငြိမ်းအေးစေလျက် ဖွားမြင်လာရသော ကြောင့် ထိုမင်းသား ငယ်ကို ''သီဝလိ''ဟု နာမည်မှည့်ခေါ် ကြသည်။ သီဝလိဟူသော ပါဠိမှာ မြန်မာလို ''အေးငြိမ်းစေ တတ်သူ''ဟု အဓိပ္ပါယ်ရပါသည်။

ကောလိယမင်းသားသည် မြတ်စွာဘုရား၏ စကားကို မှတ်သားပြီး မြတ်စွာဘုရားကို ပင့်ဖိတ်ခဲ့သည်။ မင်းချင်းယောကျ်ားတို့သည် ကောလိယမင်းသားကို

''အရှင်ဘုရား ပင့်ဖိတ်ခဲ့တဲ့ အသုတ်ရှင်ဆွမ်းဟာ (အခုတော့ သားကလေးရဲ့မွေးနေ့) မင်္ဂလာဆွမ်းဖြစ်မယ်၊ တစ်ခါတည်းပြီး ခုနစ်ရက်ပတ်လုံး ဆွမ်းဘုဉ်းပေးရန် မြတ်စွာဘုရားကိုပင့်ပေးပါ''

အားရဝမ်းသာပြေး၍ ဆီးကြိုကြသည်။ မင်းသားသည် မင်းချင်းယောက်ျားတို့၏ အမူအရာကို မြင်ရလျှင်ပင် မေတ္တာတော်အတိုင်း မင်းသမီးကလေး ကျန်းမာချမ်းသာ သွားပြီဖြစ်ကြောင်း ရိပ်စားမိလေသည်။ အိမ်တော်သို့ရောက် လျှင် မင်းသမီးထံပါးသို့သွား၍ မြတ်စွာဘုရား၏ မိန့်ကြား ချက်တို့ကို ပြောကြားသည်။

မင်းသမီးကလေးက "အရှင်သား ပင့်ဖိတ်ခဲ့တဲ့ **အသက်ရှင်ဆွမ်းဟာ (အခုတော့ သားကလေးရဲ့ မွေးနေ့) မင်္ဂလာဆွမ်းဖြစ်မယ်၊ တစ်ခါပြန်ပြီး ခုနစ်ရက်ပတ်လုံး** ဆွမ်းဘုဉ်းပေးရန် မြတ်စွာဘုရားကို ပင့်ပေးပါ" ဟု စေလွှတ်ပြန်၏။ ဤသို့ မင်းသားနှင့် မင်းသမီးကလေးတို့ သည် ဘုရားအမှူးရှိသော သံဃာတော်များအား သီဝလီသ တို့သား မွေးဖွားသည့်နေ့မှ စပြီး ခုနစ်ရက်ပတ်လုံး အလှူဒါန ကျင်းပပြုလုပ်သည်။ ဤသည်မှာ မူလက မွေးနေ့မင်္ဂလာ ဆွမ်းကျွေးရန် မရည်ရွယ်သော်လည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားခဲ့သည့် ရှင်သီဝလီ၏ မွေးနေ့မင်္ဂလာဖြစ်ပါသည်။ သို့ရာတွင် သာသနိကကျမ်းဂန်များ၌ မွေးနေ့မင်္ဂလာပြုလုပ် ရန် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ညွှန်ကြားချက်တစ်စုံတစ်ရာ ကိုလည်း မတွေ့ရပါ။ သာသနာတော်၌ မွေးနေ့မင်္ဂလာပွဲ ကျင်းပပြုလုပ်သည့် အစဉ်အလာလည်းမရှိပေ။

ပရိယတ် ပဋိပတ် သာသနာပြု သက်တော်ရှည် ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်ကြီးများ၊ ကမ္မဋ္ဌာန်းတိုက်ကြီးများ၏ သက်တမ်း ရှည်ကြာလာသည်နှင့် အမျှ ငွေရတု၊ ရွှေရတု၊ ပတ္တမြားရတု၊ နဝရတ်ရတုကို အစွဲပြု၍ ကျင်းပနေကြသည့် ရတု သဘင်ပွဲများသည်လည်း လောကကျိုး၊ တမလွန်အကျိုးများ များစွာရရှိနိုင်ပေသည်။

သို့ရာတွင် ဝိဇာတပူဇာပွဲများ၊ ရတုသဘင်ပွဲများ ကျင်းပခြင်းသည် ပရိယတ္တိသာသနာတော်ကို အားပေးရာ ရောက်သဖြင့် သာသနာတော်အတွက်လည်း ကျေးဇူးများလှ ပါသည်။ ဆရာတော် သံဃာတော်များအနေဖြင့်လည်း မိမိတို့ကျောင်းတိုက်ကြီး၏ အတိတ်က ဆောင်ရွက်ခဲ့သည့် သာသနာပြုလုပ်ငန်းများကို ပြန်လည်သုံးသပ်၍ မှတ်တမ်း တင်နိုင်ခြင်း၊ အနာဂတ်တွင် ဆောင်ရွက်ရမည့် သာသနာပြု လုပ်ငန်းများကို ချမှတ်နိုင်ခြင်း စသော အကျိုးများကို ရရှိနိုင်ပါသည်။

မွေးနေ့ဝိဇာတမင်္ဂလာ အထိမ်းအမှတ်ပြုလုပ်ခြင်း သည် ကုသိုလ်လည်းရသည်။ ဒါနမင်္ဂလာ၊ ပူဇာစပူဇ နေယျာနမင်္ဂလာ၊ ဓမ္မအပ္ပ မာဒမင်္ဂလာ၊ ကာလေန ဓမ္မဿဝန မင်္ဂလာ စသော မင်္ဂလာများလည်း ဖြစ်ပွားရသည်။ ကုသိုလ်ဆိုသည်မှာ အပြစ်ကင်းစင်ခြင်း၊ ကောင်းကျိုးတရား များကို ဖြစ်ပွားစေခြင်း သဘောလက္ခဏာရှိပါသည်။ မင်္ဂလာဆိုသည်မှာ "မင်္ဂလန္တိ ဣဒ္ဓိကာရဏံ၊ ဝုဒ္ဓိ ကာရဏံ၊ သဗ္ဗသမ္ပတ္တိကာရဏံ" ဟူသော အဋ္ဌကထာဖွင့်နှင့်အညီ အစစ အရာရာပြည့်စုံကြောင်း၊ ကြီးပွားကြောင်း၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စသော စည်းစိမ်ချမ်းသာတို့၏ အကြောင်း တရားများဖြစ်ပါသည်။

ဤကဲ့သို့ သာသနာတော်အတွက်လည်း ကျေးဇူး များသော ပြည်တွင်းပြည်ပသာသနာပြု မဇ္ဈိမဒေသ ကုသိနာရုံဆရာတော်၏ ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇာကို ဒကာ ဒကာမများက ဝိုင်းဝန်းပူးပေါင်း စုပေါင်းပူဇော်ကြ သည်မှာ ပူဇော်သင့် ပူဇော်ထိုက်သော "ပူဇာစ ပူဇမင်္ဂလာ ပွဲကြီး"လည်းဖြစ်ပါသည်။ (၁၉၆၃) ခုနှစ်ကတည်းက ယနေ့တိုင်အောင် နှစ်ပေါင်း (၅၂)နှစ်တိုင် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်ကာ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်၍ မဇ္ဈိမဒေသ ကုသိနာရုံတွင် သာသနာ ပြုခဲ့သော ကုသိနာရုံဆရာတော်ကြီးအား သက်တော် (၈၀)ပြည့် ပတ္တမြားရတု ဝိဇာတပူဇာ မွေးနေ့မင်္ဂလာပွဲ ကျင်းပကြမည့် တပည့် ဒကာ ဒကာမများအတွက်လည်း ကြီးမားသော မဟာကုသိုလ်များ ဖြစ်ပွားရရှိနိုင်ကြမည်ဖြစ်သောကြောင့် မွန်မြတ်သော သာသနာလုပ်ရပ်တစ်ခုလည်း ဖြစ်ပေသည်။

မောင်ရင့်ကျူး(မြောင်းမြ)

ကုသိနာရုံဆရာတော် အရှင်ညာဏိဿရကိုယ်တိုင် ဘုရားပူးပို့ဆောင်ခြင်း



မောင်အုံ့(မဟာဝိဇ္ဇာ-ဘုံဘေ)

(ပတ္တမြားရတုစာစောင်ဂုဏ်ထူးဆောင်နာယက)

၁၉၇၃ ခုနှစ်က ကျွန်တော်နှင့် ဦးရွှေအောင်တို့သည် ဘုံဘေ ယူနီဗာစီတီ၌ ဟိန္ဒူဖီလိုဆိုဖီနှင့် သက္ကတဘာသာကို လေ့လာသင်ယူနေကြ၍ ဒုတိယနှစ် နိုဝင်ဘာလတွင် ဘုရားလှည့်လည်ဖူးရန် စီစဉ်ကြသည်။ ထိုအချိန်က ကျွန်တော်တို့ (၂)ဦးမှာ ကျောင်းသားများဖြစ်ကြ၍ ဘုံဘေ၊ ဝိဒိသာ၊ ဗာရာဏသီ၊ အာဂရာ၊ နယူးဒေလီ၊ ကုသိနာရုံ၊ နောင်ဂါ၊ ဗာလရာမ်ပူမှ ဘုံဘေမြို့သို့ မီးရထား ဒုတိယတန်းအသွားအပြန် (၅၁)ရူပီးသာ ပေးရသည်။ ဗာရာဏသီ၌ ဒေါက်တာရေဝတဓမ္မရှိသည်။ ကုသိနာရုံ၌ အရှင်ညာဏိဿရရှိသည်။

ကျွန်တော်တို့နှစ်ဦးသည် ကုသိနာရုံသို့ ရောက်ရှိ

ကြ၍ ကုသိနာရုံဆရာတော်အရှင်ဉာဏိဿရထံ၌ အိပ်စက် တည်းခိုကြသည်။ နှစ်ထပ်ကျောင်းသိမ်တိုက်နှင့် တစ်ထပ် ကျောင်း ပေ (၃၀×၄၀)အဆောင်တစ်ခုရှိသည်။

အရှင်ဉာဏိဿရ၏ ဆရာဖြစ်သော ဆရာတော် ဦးစန္ဒိမဏိ ပျံလွန်တော်မူခဲ့သည်မှ နှစ်ပေါင်း (၁၀)နှစ်ခန့် ရှိ၍ ဦးစန္ဒိမဏိ၏ တပည့်ဒါယကာ ပုဏ္ဏားများက အရှင် ဉာဏိဿရ မနေနိုင်အောင် တရားရုံးများ၌ အမှုမျိုးစုံတင်၍ တရားစွဲကြသဖြင့် အမှုပေါင်း (၃၀)ကျော် ရင်ဆိုင်ဖြေရှင်း နေရကြောင်း အများစုကို ဖြေရှင်းနိုင်ခဲ့၍ အမှုအနည်းငယ် မျှသာ ကျန်တော့ကြောင်း ဆရာတော်သည် M.A ဘွဲ့ကို ရရှိ၍ ဟိန္ဒီစတန်နီ စကားကျွမ်းကျင်စွာ တတ်မြောက်သဖြင့် အမှုများကို ကိုယ်တိုင်လျှောက်လဲခဲ့ကြောင်း ပြောပြသဖြင့် ဆရာတော်အား ကျွန်တော်တို့က စိတ်ဓာတ်မကျရန် အားပေးရသည်။ ဆရာတော်သည် ကျောင်းတိုက်ပိုင် လယ်ယာမြေဧက (၁၀၀)ခန့်ကို ဆက်လက်ပိုင်ဆိုင်ခွင့်ရရှိ ရေးအတွက် အိန္ဒိယနိုင်ငံသားအဖြစ် ခံယူထားရကြောင်း မိန့်ကြားပါသည်။

နောက်တစ်ရက်တွင် ဆရာတော်သည် ကျွန်တော် တို့ (၂)ယောက်ကို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးသွားနိုင်ရန် ကုသိနာရုံ၏ ဒေဝရီးယားဘူတာမှ ဗလရာမ်ပူဘူတာသို့ မီးရထားဖြင့် ခရီးထွက်ခဲ့ကြပါသည်။ မီးရထားမှာ တောပိုင်းအစွန်းအဖျားသွားသည့်ရထား **(Narrow Gate)** ဖြစ်၍ နှစ်ယောက်ထိုင်ခုံများမှာ အောက်အခင်းကြမ်းမရှိသဖြင့် ဘောင်ပေါ်၌ ဖြစ်သလို မှီကပ်ထိုင်ရပါသည်။ ရဲအစောင့်တွဲလေးမှာမူ ထိုင်ခုံကြမ်းခင်း များ အပြည့်အစုံရှိသဖြင့် ဆရာတော်က ကုလားပုလိပ်များကို ကုလားလိုပြော၍ မေတ္တာရပ်ခံပေးသောကြောင့် ကျွန်တော် တို့နှစ်ယောက်မှာ တစ်ယောက်လျှင် ထိုင်ခုံတစ်လုံးကျဖြင့် အိပ်စက်၍ လိုက်နိုင်ကြပါသည်။

ရထားထွက်၍ (၁)နာရီခန့်အကြာ၌ အစောင့်ရဲ များက ကျွန်တော်တို့ကို လက်ဖက်ရည်ဖိုး တောင်းကြပါ သည်။ ကျွန်တော်တို့က လက်ဖက်ရည်ဖိုး ပေးကြပါသည်။ ကျွန်တော်တို့လက်ဖက်ရည်ဖိုးပေးမည်ပြုသောအခါ ဆရာ တော်က "ယေ အစမီးဗရားဝါလားအော်ဖစ်ဆာဟဲ" ဒီ လူကြီးနှစ်ယောက်က မြန်မာပြည်က အရာရှိကြီးတွေဖြစ် တယ်၊ မင်းတို့ကို လက်ဖက်ရည်ဖိုးပေးရလျှင် သတင်းစာ ထဲပါလာလိမ့်မယ်ဟု ခြောက်လှန့်ပြောဆိုလိုက်ပါသည်။ မီးရထားလုံခြုံရေးပုလိပ်များသည် မျက်နှာပျက်သွား၍ လက်ဖက်ရည်မသောက်ချင်တော့ပါကြောင်း ငြင်းဆိုကြပါ သည်။ ကျွန်တော်တို့ (၂)ယောက်က စေတနာ၊ မေတ္တာနဲ့ ပေးခြင်းဖြစ်ပါကြောင်း ပြောသော်လည်း ကုလားပုလိပ်များက လက်ဖက်ရည်ဖိုး မယူတော့ပါကြောင်း အကြိမ်ကြိမ်ငြင်းဆို ခဲ့ကြသဖြင့် ကျွန်တော်တို့သည် လက်ဖက်ရည်ဖိုး အကုန် သက်သာခဲ့ပါသည်။

သာဝတ္ထိမှ ပြန်လာပြီးနောက် နောင်ဂါးဘူတာသို့ ရောက်သောအခါ ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒဝံသ အား တွေ့ရှိဖူးမြော်ပြီး နီပေါနိုင်ငံ လုမ္ဗိနီသို့ သွားရန် စီစဉ် သည့်အခါ ကျွန်တော်တို့၏ နိုင်ငံကူးလက်မှတ် **(Passport)** မှာ နီပေါဝင်ခွင့်ဗီဇာမပါရှိသည့်အပြင် အိန္ဒိယနိုင်ငံသို့ တဖန် ပြန်ဝင်ခွင့်ဗီဇာ **(Dubble Entry Visa)** လုပ်မထားသဖြင့် နယ်ခြားဝင်ထွက်ရာ၌ စကားမပြောဘဲ အိန္ဒိယနိုင်ငံ အာသံ ပြည်နယ်သားအဖြစ် ဟန်ဆောင်နေရန် ဆရာတော်က စီစဉ်၍ နေ့စဉ်ဝင်ထွက်နေသော နောင်ဂါးမှ လုမ္ဗိနီ ဘတ် စကားကို စီးနင်းလိုက်ပါသွားကြပါသည်။ အာသံရှမ်းတွေက နီပေါစကား၊ ဟိန္ဒူစကား မတတ်သဖြင့် နယ်ခြားဂိတ်၌ စစ်ဆေးမေးမြန်းပါက ဆရာတော်ကသာ ဖြေကြားပေး၍ ကျွန်တော်တို့ (၂)ယောက်က အာသံရှမ်းပုံစံဖြင့် နှုတ်ပိတ် နေခဲ့ပြီး နယ်ခြားဂိတ်ကို အသွားအပြန်ဖြတ်သန်းရာ၌ ပြဿနာအခက်အခဲ တစ်စုံတစ်ရာမရှိဘဲ လုမ္ဗိနီ၌ ဘုရား ဖူးနိုင်ခဲ့ပါသည်။ ဤကား ပထမအကြိမ် ဆရာတော်ကိုယ်တိုင် ဘုရားဖူးလိုက်ပို့ခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယအခေါက်မှာ (၁၉၈၀)ပြည့်နှစ်၌ အိန္ဒိယသို့

ဘုရားဖူးစေလွှတ်ရန် အောက်ဖော်ပြပါ (ပိုင်အိုးနီးယား) ရှေ့ပြေးအဖွဲ့ကို နိုင်ငံတော်မှ စေလွှတ်ခဲ့ပါသည်။

(က) ဦးအုံမောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အဖွဲ့ခေါင်းဆောင်)

(ခ) ဦးမောင်မောင်အုန်း၊ မြန်မာ့လေကြောင်း (အထွေထွေမန်နေဂျာ)

(ဂ) ဦးမောင်မောင် (တိုးရစ္စဘားမား)

(ဃ) ဦးကျော်ဟိန်း (အတွင်းဝန်၊ နယူးဒေလီ မြန်မာသံရုံး)

ကျွန်တော်တို့ (၄)ဦးအဖွဲ့သည် ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်၊ နာလန္ဒာ၊ ဗာရာဏသီ၊ သာဝတ္ထိမှတဆင့် ကုသိနာရုံသို့ ရောက်ရှိ၍ မြန်မာဘုရားဖူးအဖွဲ့များအတွက် တည်းခိုစရာနေရာနှင့် စားရေးသောက်ရေး၊ ဈေးဝယ်ခြမ်းရေး၊ ဈေးနှုန်းများတွက်ချက်၍ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ တစ်ညအိပ်တည်းခိုပါက တစ်ဦးလျှင် ရူပီးငွေ (၁၀)၊ လူ (၃၅)ဦးတည်းခိုလျှင် ရူပီးငွေ (၃၅၀)၊ (၂)ရက်တည်းခိုလျှင် ရူပီးငွေ (၇၀၀)၊ (၃)ရက်တည်းခိုလျှင် ရူပီးငွေ (၁၀၅၀)ခန့်မှန်း၍ ဘုရားဖူးရန် ရက်ပေါင်း (၁၄)ရက်ခန့်မှန်း၍ မြန်မာ့လေကြောင်းမှ တစ်ပတ်တစ်ကြိမ် ပျံသန်းပေးရန် အသွားစရိတ်တွင် ကာလကတ္တားလေဆိပ်တွင် မော်တော်ကားဖြင့် ကြိုဆိုပြီး ဗုဒ္ဓဂယာသို့ တောက်လျှောက်ရှဲခါ ည (၁၂)နာရီ၊ ရံဖန် နံနက် (၄)နာရီမှ ဗုဒ္ဓဂယာသို့ ရောက်ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းများ၌ (၃၅)ယောက်အတွက် အိပ်ယာလိပ်များကို မြန်မာနိုင်ငံမှ အပတ်စဉ်ယူဆောင်၍ ဘတ်စ်ကားခေါင်မိုးပေါ်၌ ဆက်လက်သယ်ယူသွားပြီး နောက်ဆုံးတည်းခိုမည့်ကျောင်း၌ အိပ်ယာလိပ်များ၊ ထားပစ်ခဲ့ရန် စီစဉ်ရပါသည်။ စားစရိတ်ကို လူတစ်ယောက်လျှင် ရူပီး (၆)သတ်မှတ်၍ ကျွေးမွေးကုန်ကျစရိတ် အသေးစိပ်ကိုပါ တွက်ချက်၍ ကက်ဘိနက်သို့ တင်ပြခဲ့ရပါသည်။ ကက်ဘိနက်မှ သဘောတူညီသဖြင့် ဘုရားဖူးတစ်ဦးလျှင် တစ်ဒေါ်လာလျှင် (၆)နှုန်း၊ ငွေလဲခွင့်ပြု၍ ကျပ်ငွေ (၃၅၀၀) ပေးသွင်းပါက ဘုရားဖူးများ သွားခွင့်ပြုခဲ့ပါသည်။ မဏ္ဍာသို့ စေလွှတ်သည့် ဘုရားဖူး မွတ်ဆလင်များအားလည်း ဒေါ်လာငွေ (၂၀၀၀)ကို တစ်ဒေါ်လာလျှင် (၆)နှုန်းဖြင့် လဲလှယ်ခွင့်ပြုခဲ့၍ တစ်ဦးလျှင် ကျပ်ငွေ (၁၂၀၀၀/)သာ ကုန်ကျပါသည်။

ကျွန်တော်တို့ (၄)ဦးအဖွဲ့သည် ကုသိနာရုံသို့ ရောက်သောအခါ ဆရာတော်အရှင်ဉာဏိဿရက ဦးဆောင်ပြီး လုမ္ဗိနီသို့ ခေါ်ဆောင်ခဲ့ပါသည်။ ထိုအချိန်က အိန္ဒိယပြည်၌ ပညာတော်သင်အဖြစ် ရောက်ရှိနေသော

နယ်ခြားဂိတ်မှာ
ဗမာစကားတတ်တဲ့ ကုလားတွေ
တာဝန်ချထားသောကြောင့်
ဗမာစကားမပြောပါနဲ့ဟု
ကြိုတင်တားမြစ်ချက်ကို ဦးကံဆင့်က
ဗမာလိုပီပီသသ ''အောင်မယ်လေးဗျ''ဟု
အော်လိုက်၍ သူ့ပါးစပ်ကို ပြေးပိတ်ပြီး
ပါလာသော ကျားဘမ်းပရှုပ်ဆီကို
နှုဖူးသုတ်လိမ်းပြီး ....

ဦးကံဆင့်သည်လည်း ကျွန်တော်တို့နှင့်အတူ လိုက်ချင်သည် ဆို၍ တပါတည်း ခေါ်ဆောင်လာခဲ့ပါသည်။

ကျွန်တော်တို့မှာ နီပေါပြည်ဝင်ခွင့်ဗီဇာမပါလာသဖြင့် တရားမဝင်သွားရောက်ရမည်ဖြစ်သောကြောင့် ကျွန်တော်တို့၏ (Passport) များကို အိန္ဒိယနယ်ခြားဂိတ်၌ ပေးအပ်ထား၍ ည (၈)နာရီမတိုင်မီ ပြန်လာ၍ယူပါမည်ဟု ကတိပြုပြီး နီပေါနိုင်ငံ လုမ္ဗိနီဒေသသို့ သွားရောက်ကြပါသည်။ လုမ္ဗိနီရောက်သောအခါ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြိုတင်သတင်းပေးချက် နီပေါနိုင်ငံ မြန်မာသံအမတ်ကြီး ဦးခင်မောင်ဝင်းက လုမ္ဗိနီဗိုလ်တဲမှ စောင့်နေသဖြင့် သွားရောက်တွေ့ဆုံခဲ့ရပါသည်။

ဦးခင်မောင်ဝင်းက ဘုရားဖူးခရီးစဉ်ကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ စတင်၍ ကာလကတ္တားမှ ပြန်လည်ထွက်ခွာရန် အကြံပြုဆွေးနွေးပါသည်။ ကျွန်တော်တို့အနေဖြင့် ရေ့ကြောင်း၊ နောက်ကြောင်းကြည့်၍ နိုင်ငံတော်အစိုးရသို့ တင်ပြပေးမည်ဖြစ်ပါကြောင်း ပြန်ကြားခဲ့ပါသည်။ ဦးခင်မောင်ဝင်းက ညစာကျွေး၍ ဒီတစ်ည ဗိုလ်တဲမှာပဲ ညအိပ်ပါရန်နှင့် ကုန်ကျစရိတ် ကျခံမည်ဖြစ်ကြောင်း ဖိတ်မန္တကပြုပါသည်။ ကျွန်တော်တို့မှာ အိန္ဒိယနယ်ခြားဂိတ်၌ (Passport) များ အပ်ထားခဲ့၍ ည (၈)နာရီနောက်ဆုံး အရောက်ပြန်ရမည်ကိုလည်း မပြောရဲ၊ အကြောင်းအမျိုးမျိုးပြပြီး အတန်တန်ငြင်းဆန်၍ ပြန်ခွင့်တောင်းကြရသည်။

သံအမတ်ကြီးမှ ပြန်ခွင့်ရသောအခါ ကျွန်တော်တို့သည် (၆)ယောက်စီး (၃)ဘီးကားတစ်စီးကို ငှား၍ ပြန်လာခဲ့ရာ အရေးကြီးပါသည်ဆိုမှ လမ်းတဝက်တွင် ကားပျက်ပါတော့သည်။ ည (၇)နာရီခန့်ရှိနေပြီဖြစ်၍ လက်နိပ်မီးလည်းမပါ။ စက္ကူတစ်ရွက်ကို ဓာတ်မီးဆွတ် မီးရှို့ပြီး မီးရောင်ဖြင့် ကားပလပ်ကို ဖြုတ်ဆေးရသည်။ ကားမှာ စက်နှိုး၍ မရသဖြင့် ကျွန်တော်တို့တတွေ သုံးဘီးကားကို ဝိုင်းပြီးတွန်းကြပါသည်။ ကုလားဒရိုင်ဘာက ''အင်အားစိုက်ပြီးတွန်းပေးပါ'' (ဂျိုးရဆေးဂျိုးရဆေး) အော်သဖြင့် ကျွန်တော်တို့လည်း သံပြိုင်ဟစ် (ဂျိုးရဆေး) ဟု (၁၀)မိနစ်ခန့်အလိုတွင် ရောက်ရှိကြသည်။ နယ်ခြားဂိတ် (၂)ခုလုံး၌ ဗမာစကားနားလည်မည့် ကုလားများရှိသဖြင့် အင်္ဂလိပ်လိုပြောကြရန် ဗမာလိုယောင်လို့မှ မပြောမိစေရန် သတိပေး၍ နီပေါဂိတ်မှ သူ့ထက်ငါ ပျာယီးပျာယာ ခပ်သွက်သွက်ထွက်လာကြသည်။

ထိုအချိန်တွင် နီပေါနိုင်ငံဘက် နယ်ခြားဂိတ်ရှိ တားဆီးထားသော (၂)လက်မသံပိုက်လုံးသည် တစ်ဖက်က ထောင်နေ၍ တစ်ဖက်၌ လူမလွတ်တလွတ်ဖြစ်နေသည်။ ကျွန်တော်တို့အများစုမှာ ပိုက်လုံးထောင်ထားသည့်ဘက်မှ ထွက်လိုက်သဖြင့် ပြဿနာမဖြစ်ခဲ့ချေ။

ကျွန်တော်တို့နှင့် အတူပါလာသော ပညာတော်သင်ဦးကံဆင့်သည် သံပိုက်လုံးအရင်းဘက်မှ အမြန်ပြေးထွက်လိုက်သဖြင့် သူ၏နဖူးက သံပိုက်လုံးကို တိုက်မိသဖြင့် (တောင်)ဟု ပြင်းထန်စွာ အသံထွက်လာ၍ ဦးကံဆင့်မှာလည်း ပါးစပ်က (အောင်မယ်လေးဗျ)ဟု အသံကုန်အော်ဟစ်ထွက်ပေါ်လာသဖြင့် ကျွန်တော်က ပျာယီးပျာယာ သူ၏ပါးစပ်ကို ပြေးပြီးပိတ်လိုက်ရသည်။

နယ်ခြားဂိတ်မှာ ဗမာစကားတတ်တဲ့ ကုလားတွေ တာဝန်ချထားသောကြောင့် ဗမာစကားမပြောပါနဲ့ဟု ကြိုတင်တားမြစ်ချက်ကို ဦးကံဆင့်က ဗမာလိုပီပီသသ (အောင်မယ်လေးဗျ)ဟု အော်လိုက်၍ သူ့ပါးစပ်ကို ပြေးပိတ်ပြီး ပါလာသော ကျားဘမ်းပရုပ်ဆီကို နဖူးသုတ်လိမ်းပြီး အောင်မြင်စွာ နယ်ခြားဂိတ်ကို ဖြတ်သန်း၍ (Passport) များကို ပြန်ယူပြီး ကုသိနာရုံသို့ ပြန်ခဲ့ကြတော့သည်။

ဤကား ဒုတိယအကြိမ် ဆရာတော်ကိုယ်တိုင် နီပေါနိုင်ငံသို့ ဘုရားဖူးလိုက်ပို့ခြင်း ဖြစ်ပေသတည်း။

မောင်အုံ့(မဟာဝိဇ္ဇာ-ဘုံဗေ)

မဟာသုခံဒဒ ချမ်းသာကြီးစေတီတော်ကြီး

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအကြောင်း



ရွှေရတုဒေါ်သန်းတင်

ယခင် စိန်ရတုစာအုပ်တွင် ကျောင်းကန်ဘုရား အကြောင်းကို စာရေးသူ ရွှေရတုဒေါ်သန်းတင်က ရေးခဲ့ဖူးပါသည်။ ယခု ပတ္တမြားရတုစာအုပ်မှာတော့ ကုသိနာရုံမြန်မာကျောင်းရှိ မဟာသုခံဒဒ ချမ်းသာကြီးစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ပူဇော်ပွဲအကြောင်းသိကောင်းစရာ ရေးမိပြန်ပါတယ်။

ကုသိနာရုံဆရာတော်ဘုရားကြီး ပတ္တမြားရတု၊ နဝရတ်ရတုမှသည် နှစ် (၁၀၀)တိုင်အောင် ပြုလုပ်နိုင်စေရန် စာရေးသူမှ နှစ်စဉ် ဆုတောင်းသည့်အပြင် ပဋ္ဌာန်းပွဲပြုလုပ်ခဲ့သည်မှာလည်း (၁၅)ကြိမ်မြောက် ပြီးခဲ့ပါပြီ၊ လာမည့်နှစ်များ

တွင်လည်း ဆရာတော်ကို ပါရမီဖြည့်ဆည်းနိုင်ရန် စာရေးသူမှာ အားမလျော့၊ မာန်တင်း၊ ကြိုးစားရင်းပါဘုရား။

စာရေးသူ အသက်ကြီးလာလေ၊ တွေ့တာ၊ မြင်တာ၊ ခံစားစံစားတာလေးတွေဟာ တွေးတိုင်းပေါ်လာသဖြင့် စာရေးသူမှ သာသနာတည့်တံ့နိုင်မြဲရေး၊ ထွန်းကားပြန့်ပွားရေးများကို ဗိုဇ်ဗိုဇ် အားသန်လာခဲ့ပါတယ်။ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ဤလေးဖြာလုပ်ရပါတယ်။ ဘာသာရေးအပြင် ဘာမှလုပ်စရာမလိုတော့သော အရွယ်မဟုတ်လား။

အရွယ်ကပြောင်း၊ ခန္ဓာကဟောင်း၊ အသိဉာဏ်ကတော့ အရွယ်ပြောင်းသလောက် အတွေးအခေါ်ရင့်ကျက်ပြီး လောဘကိုဖြတ်၊ ဒေါသကိုသတ်၊ မောဟကိုငြိမ်းအေးစေဖို့အသိတရား အစဉ်သတိထားပြီး မာန်တွေ၊ ထန်တွေလျှော့ပြီး ငွေအား၊ လူအား၊ လုပ်အား ဤ (၃)ပါးနှင့် ဆရာတော်ဘုရားဆောင်ရွက်ချင်သော တစ်နှစ်တစ်ခါ ဘုရားပွဲနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကြိုးစားလုပ်ဆောင်လျက်ပါ။ ဤပဋ္ဌာန်းရွတ်ပွဲကို နှစ်စဉ် ဖေဖော်ဝါရီလ (၁၆) ရက်နေ့ အရောက်သွား၍ ကျင်းပပြီး (၂၀)ရက်နေ့တွင် ရွတ်ပြီး၊ ပဋ္ဌာန်းအောင်ပွဲကို ပြုလုပ်ရပါတယ်။ ပဋ္ဌာန်းရွတ်စာသင်သံဃာတော် အပါး (၈၀)အတွက် စားသောက်ဖွယ်နှင့် အသုံးအဆောင်ပစ္စည်းများ၊ သက်န်းတစ်စုံ၊ ထိုင်းနိုင်ငံချုပ် သံဃာဝတ် အတွင်းအင်္ကျီ (၁)ထည်၊ ပစ္စည်းများထည့်ရန် အိတ်၊ ကိုယ်တိုက်ဆပ်ပြာမွှေး၊ ဆပ်ပြာမှုန့်၊ မျက်နှာသုတ်ပုဝါလတ်နှင့် နဝကမ္မဝတ္ထုငွေ US$-100 စီတို့ဖြင့် ခရီးစရိတ် အသွားအပြန်ကုန်ကျသ၍ကို (RS-) ဖြင့် လှူဒါန်းခဲ့ရပါတယ်။ စာသင်သံဃာတော်များနှင့် အိန္ဒိယနိုင်ငံရှိ ကျောင်းထိုင်များ တစ်ပါးနှင့်တစ်ပါး စုစုစည်းစည်းတွေ့စေလို၍ တစ်ကျောင်းနှင့်တစ်ကျောင်းလည်း ဝေးကွာလှပါသဖြင့် ခရီးစရိတ်လည်း လှူရပါသည်။ အာဟာရလည်း နေ့စဉ် ပဋ္ဌာန်းရွတ်သံဃာအပါး (၁၀၀)ကို ဆက်ကပ်ရပါတယ်၊ မြန်မာပြည်မှ ငွေလှူဒါန်းသူများ၊ ပစ္စည်းလှူဒါန်းသူများ၊ ပစ္စည်းများပို့ဆောင်ပေးကြသူများလည်း ဤကုသိုလ်အဖို့ဘာဂကို ရကြမှာ သေချာပါတယ်။

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲသို့ ကျောင်း (၁၅) ကျောင်းမှ ပင့်သံဃာများနှင့် နာလန္ဒာ ယူနီဗာစီတီ၊ ဘီဟာပြည်နယ်၊ မာဂဓယူနီဗာစီတီ၊ ဘီဟာပြည်နယ်နှင့် ဗာရာဏသီယူနီဗာစီတီများမှ မဲပေါက်ပင့်သံဃာတော်များ၊ ပဋ္ဌာန်းရွတ် မြန်မာကျောင်းသံဃာများကို ဗလာမပါ ပေါက်မဲများပါမကျန် ပြန်ကြွမည့်ကိုယ်တော်များအတွက် အရုဏ်ဆွမ်းကပ်ပြီးလျှင် လမ်းခရီးတွင် ဆွမ်းဘုဉ်းရန် ဆွမ်း၊ ဆွမ်းဟင်းနှင့်တကွ ရေသန့်ဖာလိုက် လိုအပ်သည်များအားလုံးကို လှူဒါန်းလိုက်ရပါတယ်။

ပင်တော့ ပင်ပန်းပါတယ်။ ဒါပေမယ့် သံဃာတော်တွေ မိမိနေရပ်သို့ ပြန်ကြွမည်ဆိုတော့ "မယ်တော်ကြီးအသက်ရှည်အောင်နေပါ၊ သားတို့လဲ ဆုတောင်းပေးပါတယ်" ဟု ပြောဆိုသောအသံတွေ ကြားရသောအခါ ဘယ်လောက်ပင် မောပန်းနေပါစေ၊ ဝမ်းသာ၍ မျက်ရည်ကျပြီး စကားပင်မပြောနိုင်ဘဲ လက်ပြရှိခိုးပြီး နှုတ်ဆက်လိုက်ရပါတယ်။

စာရေးသူ ရွှေရတုမိသားစုကလည်း ငွေကျပ် နှစ်ဆယ့်ရှစ်သိန်းကို သင်္ငပန်းများ ရောင်းရငွေမှ လှူဒါန်းပါတယ်။
အရှိအတိုင်းရေးတာပါ။ သင်္ငပန်းဝယ်ယူအားပေးသူများလည်း ကုသိုလ်ယူတော်မူကြပါ။
အမျှ–အမျှ–အမျှပါနော်။

ဒါဟာ ဝမ်းသာရင်လဲ ကျတဲ့မျက်ရည်ပါပဲ၊ တကယ်ပြော တာပါ၊ မယုံမရှိနှင့်။ ဤပဌာန်းပွဲကို နှစ်စဉ် ဖေဖော်ဝါရီလ (၁၆)ရက်နေ့ အရောက်သွားရပြီး (၂၀)ရက်နေ့အထိ ကျင်းပ ကာ ဖွင့်ပွဲ၊ ပိတ်ပွဲ၊ တက်ရောက်သူများကိုလဲ ဗလာမပါ မဲများ ဖောက်ပေးပါတယ်။

အထူးကျေးဇူးတင်ထိုက်သူများ

နှစ်စဉ်ပဌာန်းပွဲကြီးတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူ ဒါန်းသူများ၊ ညနေချင်းသုပ်ကို နှစ်စဉ် လှူဒါန်းသူ ဒုဗိုလ်မှူး ကြီးမင်းနိုင်(ငြိမ်း)နှင့် ဗိုလ်ကြီးမိတင်ရီ(ငြိမ်း)၊ မန္တလေးမြို့ တာစီတီ မြေဖြူလုပ်ငန်းမှ ဖခင်ကြီး ဦးတိတ်ကြည်အား အမှူး ထား၍ သမီး မော်မော်စိုးမိသားစုကလည်း နှစ်စဉ် ည ချင်းသုပ်ကို ပွဲအစမှ အဆုံးတိုင် လှူဒါန်းပါတယ်။ ဦးလွှမ်းသီ+ ဒေါ်ခင်မာအေး (စွမ်းအင်) မိသားစုကလည်း US$ 800၊ ကော်ဖီထုပ်ကြီး (၅)ဖာ၊ ခနောကြက်သားမှုန့်ထုပ်ကြီး (၃)ဖာ၊ လှူဒါန်းပါတယ်။ ဦးစိုးမြင့်+ ဒေါ်နန္ဒာဝင်းမိသားစုကလည်း US$ 1500၊ ဦးခင်မောင်ဝင်း+ဒေါ်ဝင်းဝင်းမေ (ငွေလမင်း ရိပ်သာ) မိသားစုကလည်း ငွေကျပ် (၁၂)သိန်း (၅)သောင်းကို လည်းကောင်း၊ စာရေးသူ ရွှေရတုမိသားစုကလည်း ငွေကျပ် (၂,၈၀၀,၀၀၀)သိန်းကို သဇင်ပန်းများ ရောင်းရငွေမှ လှူဒါန်း ပါတယ်။ အရှိအတိုင်းရေးတာပါ။ သဇင်ပန်းဝယ်ယူအားပေး သူများလည်း ကုသိုလ်ယူတော်မူကြပါ။ အမျှ-အမျှ- အမျှပါနော်။

အလှူငွေ ခြောက်သိန်းခြောက်သောင်း ကောက်ခံ ပေးတဲ့ သန်လျင်မှ ဒေါ်နုတင်၊ ဒေါ်တင်တင်ရွှေအဖွဲ့အား လည်းကောင်း၊ ဤကဲ့သို့ အလှူပွဲကြီးဖြစ်မြောက်အောင် အဖက်ဖက်မှ အလှူငွေကောက်ခံပေးသူများ၊ လှူဒါန်းသူ ပုဂ္ဂိုလ်အားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

စာရေးသူမှာ ပင်ပမ်းသော်လည်း ပီတိဖြာ၍ တွေးမိ တိုင်း ဝမ်းသာမျက်ရည်လည်မိပါတယ်။ ပဌာန်းပွဲဖြစ်မြောက် နိုင်ရန်မှာလည်း

အလုပ်လုပ်ခြင်းသည်
ကျန်းမာခြင်း၊ စိတ်ဆွေ့ပေါ်များခြင်း
အကျိုးများကို ဖြစ်စေနိုင်ပါတယ်။
အသက်ကြီးလာလျှင်
စကားပြောဖော်လိုအပ်လာပါတယ်။
ကုသိုလ်အလုပ်များကိုအားထုတ်ရင်း
ပါရမီဖြည့်ဘက်များ
တစ်ဦးနဲ့တစ်ဦး တွေ့တဲ့အခါ
စကားပြောဖြစ်ကြ၍
စိတ်ကျန်းမာရေးသာမက
ရယ်ရယ်မောမောပျော်ပျော်ရွှင်ရွှင်နဲ့မို့
ရုပ်ကျန်းမာရေးကိုပါ
အထောက်အကူပေးနိုင်ပါတယ်။

(၁) ဆရာတော်ကြီး၏ အာသီသ
(၂) ရွတ်ဖတ်ပူဇော်မည့်သံဃာတော်များ
(၃) စုပေါင်းလှူဒါန်းကြသူများ
(၄) သာသနာအတွက် အပင်ပန်းခံ၍ အကောင်အ ထည်ပေါ်ရန် လုပ်ကိုင်ဆောင်ရွက်ပေးသူများပြည့်စုံမှသာ ဖြစ်မှာပါ။

လာမယ့်နှစ်တွေမှာလည်း ကျန်းမာချမ်းသာ စိတ် ကြည်လင်စွာဖြင့် လှူဒါန်းနိုင်ပါစေလို့ ဆုတောင်းခါခါပြုမိ ပါတယ်။ စာရေးသူ အသက်ရှင်လှုပ်ရှားနိုင်သရွေ့တော့ နှစ်စဉ် ဤကဲ့သို့ ပဌာန်းပူဇော်ပွဲကို လုပ်ဆောင်မှာဖြစ်ပါတယ်။

ဘုရားကြီးတည်ခဲ့စဉ်ကလဲ လူရော၊ စိတ်ရော၊ ပင်ပန်းလိုက်တာ။ တစ်နှစ်တစ်ခါကျင်းပသည့် ပဌာန်းပွဲလဲ ပင်ပမ်းတာပါပဲ။ စာရေးသူတစ်ယောက် ချမ်းသာရောက်ဖို့ ဆို ခုလောက်ထိ ကြိုးပမ်းအားမထုတ်ပါဘူး။ ဆရာတော်ကြီး သက်တော်ရာကျော်ရှည်စေရန် ဗုဒ္ဓမြတ်စွာသာသနာဝယ်



လက်ဆင့်ကမ်းရသည့် တန်ဖိုးရတနာ၊ စာသင်သံဃာတော်များ ထပ်မညှိုးစေဖို့ အားကြိုးမာန်တက် စာရေးသူမှ လုပ်ကိုင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သံဃာတော်များအတွက် ပစ္စည်းများ သယ်ယူပို့ဆောင်ပေးသော ဘုရားဖူးအဖွဲ့များအားလုံးလည်း ကျေးဇူးအထူးပင်တင်ပါကြောင်းနှင့် လာမည့်နှစ် များတွင်လည်း ဤကဲ့သို့ ကူညီမှုများပေးပါရန် မျှော်လင့်ပါတယ်။

အလုပ်ဆိုတာကတော့ မောတယ်ဆိုပြီး ညည်းနေလို့မရပါဘူး။ ခန္ဓာရှိသရွေ့ အားတင်းပြီး လုပ်ဆောင်ရမှာပါ။ အသက်ကြီးသော်လည်း စိတ်ဓာတ်မကျဘဲ အလုပ်လုပ်ခြင်းသည် ကျန်းမာခြင်း၊ မိတ်ဆွေပေါများခြင်းအကျိုးများကို ဖြစ်စေနိုင်ပါတယ်။ အသက်ကြီးလာလျှင် စကားပြောဖော် လိုအပ်လာပါတယ်။ ကုသိုလ်အလုပ်များကို အားထုတ်ရင်း ပါရမီဖြည့်ဘက်များ တစ်ဦးနဲ့တစ်ဦး တွေ့ကဲ့အခါ စကားပြောဖြစ်ကြ၍ စိတ်ကျန်းမာရေးသာမက ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်နဲ့မို့ ရုပ်ကျန်းမာရေးကိုပါ အထောက်အကူပေးနိုင်ပါတယ်။ စာရေးသူကတော့ လက်တွေ့ပါပဲ။ ဦးနှောက်ကြည်ပြီး စိတ်ကို လန်းဆန်းစေပါတယ်။ ဒါတွေဟာ အလုပ်မပျင်းသူတွေရဲ့ အမြတ်တွေပါပဲ။

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့သော သံဃာတော်တချို့ထံမှ

''မယ်တော်ကြီး– သားက ဒေါက်တာဘွဲ့ရပါပြီ'' ''သား ဒီလစ်ရပြီ အောင်မြင်ပါပြီ'' ''မယ်တော်ကြီး– သားတရားဟောမေ့ကထိကဖြစ်ပြီ'' ''မယ်တော်ကြီး– သား ကျောင်းထိုင်ဆရာတော်ဖြစ်ပြီ၊ နိုင်ငံခြားမှာ ကျောင်းထိုင်ဆရာတော်ဖြစ်ပြီ''စတဲ့ ဒီအသံလေးများ ကြားရတော့ ကျေနပ်ပီတိဖြာပြီး အလွန်ဝမ်းသာရပါတယ်။ အမြဲ အားတက်နေရပါတယ်၊ ပုံပြင်မဟုတ်ပါ တကယ်ပါ၊ မယုံလျှင်တော့ နှစ်စဉ် ဖေဖော်ဝါရီ (၁၆)ရက်မှ (၂၀)ရက်အတွင်း အရောက်သာလှမ်းခဲ့စေဖို့ ပဋ္ဌာန်းပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီကိုယ်စား ဖိတ်မန္တက ပြုလိုက်ရပါကြောင်း ….။

သာသနာတော် ဆက်လက်တည်တံ့ အခွန့်ရှည်စေသော်။

ရွှေရတုဒေါ်သန်းတင်

နှလုံးသားထဲမှ မျက်ရည်တစ်စက်- တက္ကသိုလ်အေးမြင့်မော

စိမ်းညို့ညို့လွှမ်းနေသော တောင်တန်းတောအုပ်တို့၏ တဖက်မှာ ကြံပင်၊ ဂျုံပင်၊ မုံညင်းပင်များ၊ အင်ကြင်းပင် အုပ်အုပ်ဆိုင်းဆိုင်းများအပြင် မဟီမြစ်ကြီးပါ ဖြတ်သန်းစီးဆင်းနေသည်။ ရေမြေတောတောင်သဘာဝသစ်သီးသစ်ဖုပန်းမလ်များဖြင့် ဝေဆာနေ၏။

ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာက ဤနေရာတွင် စုန္ဒ၏ သရက်ဥယျာဉ် ရှိခဲ့လေသလား။ စုန္ဒက မြတ်စွာဘုရားအား ဝက်ပျိုသားကို ဆွမ်းကပ်ခဲ့၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ရသည်ဟူသော နောက်ဆုံးဝဠ်ကြွေ။ အတွေးထဲမှာ အရိပ်သဏ္ဍာန်မြင်နေမိ၏။ မလ္လာမင်းတို့၏ ငိုကြွေးသံကိုလည်း ကြားယောင်လာ၏။

ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရား၏ ရုပ်ပွားတော်ကြီးနှင့် စေတီတော်။ မြတ်စွာဘုရားအလောင်းတော်ကို ပင့်မလျက် ဆောင်ယူသွားပြီး သဂြိုလ်ကြသည့်ပုံ၊ ထိုနေရာမှာ တည်ထားသော မကုဋဗန္ဓနစေတီတော် စသဖြင့် လွမ်းဆွတ်ဖွယ်မြင်ကွင်းများ။

ကုသိနာရုံက မြတ်စွာဘုရားသခင်၏ နောက်ဆုံးမြေချခဲ့ရာ နေရာပါလား။ မြတ်စွာဘုရားကို မသိမမီလိုက်ရပေမယ့် မြတ်စွာဘုရားသခင်၏ အငွေ့အသက် ကျန်ရှိနေသေးသလိုပင် ရှိနေသေးသည်။

မြတ်စွာဘုရားသခင်၏ ဩဝါဒတရားတော်များ၊ လမ်းစဉ်များကို ဦးထိပ်ပန်ဆင်ခဲ့သော၊ လိုက်နာကျင့်ကြံခဲ့သော ရဟန်းတော်တစ်ပါး၏စိတ်မှာ တရားကိုသိသော်လည်း ဘုရားသခင်ကို နှမြောတသစိတ် ဖြစ်မိတာတော့ ရှိ၏။ မြတ်စွာဘုရားကို တန်ဖိုးထားကြ၍လည်း ယူကြုံးမရ ဖြစ်ကြရသည်။ ဗုဒ္ဓသာသနာတော်အတွက်ဆိုလျှင် အသက်ပင် စွန့်ဝံ့ကြသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး ဤနေရာမှာ မြတ်စွာဘုရားလက်ထက်က ထွန်းကားခဲ့သောသာသနာသည် အချိန်အတော်ကြာ မှိန်ပျောက်သွားခဲ့သည်။ ဘာသာခြားတို့၏ လွှမ်းမိုးမှုခံခဲ့ရသည်။ ရင်နာစရာကောင်းလှပါဘိ။ ရဟန်းတော်၏ စိတ်ထဲတွင် ထိုကာလများအတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့သည်။

မဇ္ဈိမဒေသမှာ ဗုဒ္ဓဘာသာပြန်လည်ထွန်းကားဖို့ ရဟန်းတော်၏ ဆရာသမား ဆရာတော်စန္ဒြမဏိက အထူးကြိုးစားခဲ့သည်။ မိမိကို ခေါ်ယူခဲ့စဉ်က မိမိမှာ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းမှ မင်္ဂလာရာမပါဠိတက္ကသိုလ်မှာ စာချဘဝနှင့် (၁၃)နှစ်တိုင် နေထိုင်ပြီး ပညာများဆက်လက်သင်ယူဖို့ ကြိုးစားဆဲအချိန်။

ဆရာတော်စန္ဒြမဏိမှာ မိမိကဲ့သို့ ရခိုင်လူမျိုးဖြစ်ပြီး ဘာသာသာသနာအတွက် ကိုယ့်ပြည်ကိုယ့်ရွာကိုစွန့်ပြီး ဗုဒ္ဓသာသနာ့နယ်မြေကို ဗုဒ္ဓဘာသာဝင်တွေ ပိုင်ဆိုင်ရရှိဖို့ ကြိုးစားနေသည့် ပုဂ္ဂိုလ်ကြီးဖြစ်၍ အထူးလေးစားမှုကြောင့် မိမိလည်း ဒီဒေသကို ရောက်လာခဲ့သည်လေ။

ရောက်ပြန်တော့လည်း ဆရာတော်ကြီး ကြိုးစားခဲ့သလို မိမိလည်း လုပ်ဆောင်ဖို့ သန္နိဋ္ဌာန်ချလိုက်သည်။ ဗုဒ္ဓသာသနာ့နယ်မြေတွေကို ဆရာတော်ကြီးက စုဆောင်းထိန်းသိမ်းထား၍ ဝတ္တကမြေထိန်းသိမ်းရေး၊ ကျောင်းတိုက်အုပ်ချုပ်ရေး၊ ဆရာတော်ကြီးကို စောင့်ရှောက်ရမှုအပြင် ဆရာတော်ကြီးဖွင့်ထားသော ကျောင်းများကိုလည်း ပညာရေးတာဝန်များ ယူရသေးသည်။ တစ်ဖက်တစ်လမ်းကလည်း မိမိအတွက် ပညာဆက်လက်သင်ကြားကာ အရည်အချင်းမြှင့်တင်ရသေးသည်။

နိုင်ငံရပ်ခြားမှာ သာသနာပြုဖို့ဆိုတာ တော်ရုံတန်ရုံပညာလောက်နှင့် မရပါ။ ပြည်ပသာသနာပြုရတယ်ဆိုတာ ဖွဲ၊ လုံ့လ၊ ဝီရိယလောက်နဲ့ မထွန်းပေါက်နိုင်ပါဘူး။ ထက်မြက်တဲ့အမြင်၊ သွက်လက်တဲ့ခြေလှမ်း၊ မမောပန်းတဲ့ခန္ဓာကိုယ်၊ မပြိုလဲတဲ့စိတ်ထား၊ မြင့်မြတ်တဲ့သမာဓိအား၊ တဖက်သား

အပေါ်ထားရှိတဲ့ မေတ္တာစေတနာတွေကို စိုက်ထုတ်နိုင်ဖို့လိုတယ်၊ ဒုက္ခတွေကိုလည်း နည်းမျိုးစုံကြုံရတတ်ပါတယ်။

အစားဆင်းရဲခြင်းဒုက္ခ၊ အနေဆင်းရဲခြင်းဒုက္ခ၊ အဝတ်မပြည့်စုံခြင်းဒုက္ခတွေကို ပထမအဆင့်တွေ့နိုင်တယ်။ နောက်ပြီး မိမိကိုယ်တိုင် သူတစ်ပါးကြည်ညိုနိုင်ဖို့ အတွင်းအား၊ အပြင်အားတွေနဲ့ ပြည့်စုံဖို့ လိုပါတယ်။

အတွင်းအားက သီလ၊ သမာဓိ၊ ပညာရှိဖို့ပါ။ အပြင်အားကတော့ ဘွဲ့တွေ၊ ဂုဏ်ထူးဝိသေသတွေပေါ့။ ဒါမှ သာသနာပြုရတာ နည်းနည်းလွယ်သွားနိုင်ပါတယ်။

နောက်ပြီး သာသနာမဖွံ့ဖြိုးသေးတဲ့နေရာမှာ ဖွံ့ဖြိုးလာအောင် သာသနာပြုတာက ပိုပြီး ကောင်းပါတယ်၊

မိမိကိုယ်တိုင် ပြည်ပရောက်လာတော့ တွေ့ကြုံရတဲ့အခက်အခဲတွေက ပေါင်းစုံပါပဲ။ ဒါကြောင့် ပြည်ပသာသနာပြုတွေအတွက် ကိုယ့်ရဲ့ဘဝအတွေ့အကြုံကို မျှဝေပြီး ဩဝါဒပေးခဲ့ဖြစ်တယ်။

ဒါကြောင့် အပြင်အားကို ဖြည့်ဖို့ တက္ကသိုလ်တွေတက်၊ ဘွဲ့တွေယူခဲ့ရတယ်။ နိုင်ငံခြားသားကို ရှင်းပြဖို့၊ သင်ပြဖို့ဆိုဟာ ကိုယ်ကိုယ်တိုင်က ဘာသာစကားတွေ ကျွမ်းမှ၊ သူတို့မေးသမျှ ဖြေဆိုနိုင်ဖို့ လောကီလောကုတ္တရာ ပညာရပ်တွေလည်း ပြည့်စုံမှလေ။

ဒါကြောင့် B.A ဘွဲ့၊ M.A ဘွဲ့အပြင် ဥပဒေဘွဲ့၊ ဆေးပညာဘွဲ့တွေပါ ယူခဲ့ရသေးသည်။ အင်္ဂလိပ်လို၊ ကုလားလိုပင်မက ပါဠိဘာသာ၊ သက္ကတဘာသာတွေ ဘာသာရပ်တော်တော်များများ လေ့လာတတ်ကျွမ်းအောင် ကြိုးစားရသေးတယ်။ ဒါကြောင့်လည်း နိုင်ငံရပ်ခြားတိုင်းတပါးသားတွေရဲ့ရန်မှ ကိုယ့်ပညာတွေနှင့် ကာကွယ်နိုင်ခဲ့ပါတယ်။

ဒီအကြောင်းတွေကို ပြန်မပြောချင်ပေမယ့် ရင်ထဲမှာ ထာဝရရှိနေသည်မို့ အတွေးထဲမှာ မကြာမကြာ ပေါ်ပေါ်လာတယ်။ ထိုအချိန်အခါက ဘယ်လောက်အတိုင်းအတာ ခံစားခဲ့ရတယ်ဆိုတာ ကိုယ်ပဲသိပါတယ်။

မိမိဆရာ ဆရာတော်ကြီး စန္ဒြမဏိ ပျံလွန်တော်မူပြီးအချိန်က ဖြစ်ပါသည်။ ဘုရားသားတော် ရဟန်းသံဃာတစ်ပါးအဖို့ ခန္ဓာ နှလုံးမှု၌ သည်းခံနေလို့လည်းမဖြစ်ပြန်၊ သည်းခံက ဗုဒ္ဓသာသနာတော်ကိစ္စမို့ အနစ်မွှန်းမခံချင်။ အေးချမ်းစွာနေလိုပေမယ့် မရတဲ့အဆုံး အပူမီးကို ရင်ဆိုင်အလောင်ခံခဲ့ရသည့်အဖြစ်။

ရင်ထဲမှာ နာကျည်းခဲ့ရသည့်အဖြစ်။

ယခုအခါ ကုသိနာရုံဒေသမှာ မြန်မကျောင်းဟီးဟီးဖြင့် တောက်တောက်ပပ။ ရွှေတိဂုံစေတီတော်ပုံစံတူ မြန်မာပြည်မှလွဲလျှင် ကမ္ဘာမှာ အကြီးဆုံးဉာဏ်တော် (၁၀၈)ပေရှိ မဟာသုခဒဒချမ်းသာကြီးစေတီတော်ကြီးမှာ ခံ့ခံ့ညားညား ဝင်းဝင်းပပ၊ သာသနိကအဆောက်အဦးများစွာ၊ စာသင်ကျောင်းများစွာ၊ ဇီဝိတဒါနဆေးရုံ၊ အင်ကြင်းဥယျာဉ်နှင့် အခြားတန်ဆောင်းဇရပ်များမှာ ခရီးသွားဘုရားဖူးဧည့်သည်တွေ စည်စည်ကားကား တည်းခိုနေထိုင်ကြလို့ အရမ်းအောင်မြင်နေတာပဲပေါ့။

ဘုရားကျောင်းကန်ဇရပ်များအတွက် ထောက်ပံ့နိုင်ဖို့ လယ်ယာများ၊ ကြခင်းများ စိုက်ပျိုးပြီး ကျောင်းကန်ဘုရားတန်ဆောင်းများကို ထိန်းသိမ်းခဲ့ရသည်။ ဗုဒ္ဓဂယာဘုရားကြီး ထိန်းသိမ်းရေးကော်မတီမှာ ပါဝင်ခဲ့လို့လည်း ''ဝင်ကြေးပေးပြီးမှ ဝင်ရတဲ့စနစ်''ကို ဖျက်ပေးနိုင်ခဲ့သည်။ ဒါတွေလည်း အောင်မြင်မှုတွေပါ။

ဒါပေမယ့် အဲဒီအောင်မြင်မှုတွေအတွက် ပေးဆပ်ရင်းနှီးလိုက်ရတဲ့ ကြေကွဲမှု၊ နာကျင်မှုတွေကိုတော့ ဘယ်သူမှမသိနိုင်ပါ။ ဖွင့်ထုတ်လို့လည်း မပြောချင်ပါ။

မိမိရင်ထဲနှလုံးသားထဲမှ မျက်ရည်စက်ကို ကြိတ်မှိတ်သည်းခံလိုက်ရတာကိုပဲ အောင်မြင်မှုတစ်ခုလို့ မှတ်ယူနိုင်ပါသလား ..မသိ ..မသိ။

× × × × × × × ×

မိမိ၏ဆရာသမား ဆရာတော်ကြီး စန္ဒြမဏိပျံလွန်တော်မူပြီးစက

ဖြစ်ပါသည်။

ဆရာတော်ကြီးရှိစဉ်က ဘုရားဝတ္တကမြေတွေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သလိုပဲ လယ်မြေများမှ ရသောဝင်ငွေဖြင့် မြေများထပ်မံဝယ်ယူ၍ ကျောင်းမြေတွေ တိုးချဲ့၊ ဘုရားတည်ကျောင်းဆောက်လုပ်ရင်း သာသနာပြုခရီးကို ဆက်နေမိသည်။

ဤနေရာ ဤဒ္ဓာနကို နဂိုက အိန္ဒိယသားတွေက သိပ်စိတ်မဝင်စား။ အနောက်နိုင်ငံသားတွေက ရှေးဟောင်းသမိုင်းဝင်နယ်မြေ၊ အထင်ကရဖြစ်မှန်းသိ၍ ငွေတွင်းဆိုပြီး စိတ်ဝင်စားကြသည်။ နောက်ပိုင်းမှ အိန္ဒိယသားတွေက ပြန်လိုချင်လာကြသည်။

မိမိတို့က ဤဒေသမှာ ဖွံ့ဖြိုးလာအောင် စာသင်ကျောင်းတွေဆောက်၊ ဘုန်းကြီးကျောင်းတိုက်ဆောက်၊ ဘုရားတည်၊ လယ်မြေတွေ တိုးချဲ့လုပ်ဆောင်လာတာကို "နိုင်ငံခြားသားက သူတို့နယ်မြေမှာ အုပ်စိုးခြယ်လှယ်အမြတ်ထုတ်၊ စီးပွားရေးလုပ်နေပါသည်"ဆိုပြီး တရားစွဲဆို၊ အမှုပေါင်းများစွာဆင်ပြီး နည်းအမျိုးမျိုးနှင့် အနှောင့်အယှက်ပြုလာတော့သည်။

တပါးသူကြီးပွားတိုးတက်တာ မရှုစိမ့်တဲ့သူဟာ အပြစ်မရှိဘူးလား။

ကြီးပွားတိုးတက်အောင် လုပ်တဲ့သူက အပြစ်ရှိတယ်တဲ့လား။ ပြီးတော့ သူတို့နိုင်ငံသားမဟုတ် လို့တဲ့။ လူသားအချင်းချင်း ခွဲခြားလိုက်တာလေ။ သူတို့မြေပေါ်မှာ ကိုယ်ကျိုးလုပ်တာမှမဟုတ်တာ။ သူတို့လူမျိုးတွေလည်း စာသင်ကြရတာပဲ။ ဇီဝိတဒါနဆေးခန်းမှာ ဆေးကုခံနိုင်ကြတာပဲ။ သူတို့မြေပေါ်မှာ သူတို့တွေကိုလည်း အကျိုးပြုတာပဲလေ။

ဒါပေမယ့် မတရားပြုသူက မျက်စေ့ကန်းပါပဲ။ မနာလိုမှုနှင့် မစ္ဆရိယစိတ်က ကြီးစိုးလာတော့ အသိအမြင်



မိမိမှာ ပူလောင်နေရသည်။
စိတ်တွေနွမ်း၊ ကိုယ်တွေ ပင်ပန်းနေသည်။
မြတ်စွာဘုရားကို တိုင်တည်ရသည်။
သစ္စာဆိုရသည်။ ကယ်မပါဘုရား။
နောက်ဆုံးတော့ နိုင်ငံခြားသားဖြစ်လျှင်
ဘယ်လိုမှ ပိုင်ဆိုင်ခွင့်မရနိုင်တော့။
သူတို့နိုင်ငံ၊ သူတို့ဥပဒေနှင့်
သူတို့မြေပေါ်မှာ နေရတာဆိုတော့
ကိုယ်က အရှုံးပေးရတော့မည်ပေါ့။
ကိုယ်အရှုံးပေးတာထက်
အများတကာ နစ်နာဆုံးရှုံးမှာက ပိုဆိုးသည်။
ကိုယ့်နိုင်ငံသားအဖြစ် (မြန်မာနိုင်ငံသားအဖြစ်)မှ
စွန့်လွှတ်ပြီး သူတို့နိုင်ငံသားအဖြစ် ပြောင်းပစ်မှ၊
ခံယူပစ်မှ ရတော့မည့်အဖြစ်။

ကန်းပေါ့။ အမှုပေါင်းများစွာဆင်ပြီး တရားစွဲဆိုလိုက်တာ တရားရုံးတက် ရင်ဆိုင်ဖြေရှင်းလိုက်ရတာ၊ အမှုရင်ဆိုင်ရတာတွေဟာ အချိန်တွေကုန်၊ စိတ်တွေလည်း ပင်ပန်းရတာပါ။ စဉ်းစားကြည့်လေ လောကီအရှုပ်အထွေးတွေကို ကြောက်လို့ တရားရိပ်မှာ ခိုလှုံနေတဲ့ သူလေ။ မလွှဲသာမရှောင်သာ ရင်ဆိုင်ရတာပါပဲ။ ကိုယ့်သာသနာအကျိုးကို ဆောင်ရွက်ရင်း၊ ကိုယ့်ဘာသာသာသနာကို ကာကွယ်ဖို့၊ ဘာသာသာသနာ ဖွံ့ဖြိုးခိုင်မာဖို့၊ ဘာသာသာသနာထွန်းကားကျယ်ပြန့်ဖို့ ကိုယ့်ဘာသာဝင်တွေ ဘုရားဖူးလာစဉ် နေရေး၊ ထိုင်ရေး၊ စားရေးသောက်ရေး အဆင်ပြေစေဖို့ သံဃာတစ်ပါးအနေနဲ့ တာဝန်ယူဆောင်ရွက်နေရတာလေ၊ မပင်ပန်းဘဲ နေမှာလား၊ သူတို့အနှောင့်အယှက်တွေအတွက် စိတ်မညစ်ညူးဘဲ ရှိမှာလား။

အတ္တဟိတမှမဟုတ်တာ၊ ပရဟိတကို မပူပင်မပင်ပန်းဘဲ လုပ်လို့ ရလို့လား။ "**အသက်တစ်ရာမနေရ၊ အမှုတစ်ရာကြုံရ**"ဆိုတာ မိမိအတွက်များ ဆိုခဲ့လေသလားမပြောတတ်။ စွဲချက်တွေကအမျိုးမျိုး။ သက်နီးတဖားဖားနဲ့ တရားရုံးတက်ရတာကိုက ကြည့်မကောင်းဘူးလေ။

ပြီးတော့ ရုံးတော်မှာ သူတို့နိုင်ငံ၊ သူတို့ဥပဒေနှင့်ဆိုတော့ ကိုယ်က နားမလည်မချေပနိုင်လျှင် ခံသွားရဖို့ပဲရှိသည်။ ဒါကြောင့် ဥပဒေပညာဘွဲ့ကိုလည်း သင်ယူဖြစ်သည်။ ဥပဒေနားလည်တော့ ပြန်ချေပနိုင်ခဲ့သည်ပေါ့။

ကုလားလိုတွေနားလည်တော့ သူတို့လိုရာဆွဲပြီး စကားရှုပ်လို့လည်းမရ။ အင်္ဂလိပ်လိုတတ်တော့ သူတို့ဆီက ပညာရှင်တွေက အထင်မသေးရဲ၊ မနှိပ်ကွပ်ရဲ။ အမှုပေါင်းများစွာကို စိတ်ရှုပ်စိတ်ညစ်ခံပြီး ဖြေရှင်းရသည်။ ပိုင်ဆိုင်ပြီးသား မြေယာတွေသူတို့အသိမ်းခံရလျှင် ကိုယ်စိုက်ပျိုးထားတာ သူတို့သိမ်းစားသွားတာမျိုး ခံသွားရမည်။ ပြီးတော့ သာသနာနယ်မြေမှာ ခိုနားသွားလာသည့် ဘုရားဖူးများ အခက်တွေ့တော့မည်။ ကိုယ့်ဆရာသမား ကြိုးစားခဲ့သမျှ ကိုယ့်လက်ထက်မှာ တရွေ့သားမျှ ပါမသွားစေရ။ လုံးဝကို အခွင့်အရေး မပေးနိုင်။

သံဃာဆိုတော့ သံဃာစိတ်တွေတော့ ရှိသည်။ တရားအတိုင်း အလျှော့ပေးချင်သည်၊ သည်းခံချင်သည်၊ ဖက်ပြိုင်ရန်မတုချင်၊ အေးချမ်းစွာနေချင်သည်။

သို့သော် ကိုယ်က အရှုံးပေး

လိုက်ပါက နစ်နာမှုတွေကများစွာ၊ လူအများနှင့် သက်ဆိုင်သည်။ အများ အကျိုးယုတ်လျော့မည်။ ကြည့်လေ- ဒီမြေ ဒီယာ၊ ဒီ နယ်မြေတွေက သူတို့ ဆီက မတရားယူထားတာလည်း မဟုတ်၊ သူတို့ဆီက ဝယ်ထားရတာ လေ။ ခုတော့ တန်ဖိုးရှိတဲ့ သာသနာ့ အဆောက်အဦးတွေနဲ့လေ။

မိမိမှာ ပူလောင်နေရသည်။ စိတ်တွေနွမ်း၊ ကိုယ်တွေ ပင်ပန်းနေ သည်။ မြတ်စွာဘုရားကို တိုင်တည်ရ သည်။ သစ္စာဆိုရသည်။ ကယ်မပါ ဘုရား။

နောက်ဆုံးတော့ နိုင်ငံခြား သားဖြစ်လျှင် ဘယ်လိုမှ ပိုင်ဆိုင်ခွင့် မရနိုင်တော့။ သူတို့နိုင်ငံ၊ သူတို့ဥပဒေ နှင့် သူတို့မြေပေါ်မှာ နေရတာဆိုတော့ ကိုယ်က အရှုံးပေးရတော့မည်ပေါ့။ ကိုယ်အရှုံးပေးတာထက် အများတကာ နစ်နာဆုံးရှုံးမှာက ပိုဆိုးသည်။

ကိုယ့်နိုင်ငံသားအဖြစ် (မြန်မာနိုင်ငံသားအဖြစ်)မှ စွန့်လွှတ်ပြီး သူတို့နိုင်ငံသားအဖြစ် ပြောင်းပစ်မှ၊ ခံယူပစ်မှ ရတော့မည့်အဖြစ်။

မိမိတို့ မြန်မာလူမျိုး၊ အထူး သဖြင့် ရခိုင်လူမျိုးဆိုတာ "ရက္ခိတ" မှလာတဲ့ "ရက္ခိုင်"လေ။ အမျိုးကို စောင့်ရှောက်သောလူမျိုးဆိုတဲ့ အဓိပ္ပါယ်။ အတွေးထဲမှာပင် ရခိုင် လူမျိုး၊ မြန်မာနိုင်ငံသားဘဝမှ စွန့်လွှတ် ဖို့စိတ်မကူး၊ ကိုယ့်လူမျိုး၊ ကိုယ့် ဘာသာကို ကာကွယ်ရမည်။ အမျိုး ဘာသာသာသနာသည် အသက် သွေးကြောပါပဲ။

ယခုတော့ သာသနာတော် အတွက် လူမျိုးဂုဏ်ကို စွန့်လွှတ်ခဲ့ရ သည်။ သူတို့နိုင်ငံသား ခံယူလိုက်တော့ မှ အမှုတွေ အလိုလိုလျော့ကျသွား၊ ပြေရှင်းပြီးသား ဖြစ်သွားတော့သည်။

သူတို့ဥပဒေနှင့် လက်တစ်လုံး ခြားလွတ်လာအောင် ကိုယ့်ရဲ့ရင်ထဲ အသည်းထဲက စွဲမြဲတဲ့ ရခိုင်လူမျိုး "မြန်မာနိုင်ငံသား"ဆိုတဲ့ တန်ဖိုးကို စွန့်လွှတ်ခဲ့ရပြီ။

ဒါပေမယ့် ဗဟိဒ္ဓနှင့် အဇ္ဈတ္တပါပဲ။ ဘယ်လောက်ပဲ ကိုယ့် ခန္ဓာကြီးက သူတို့နိုင်ငံသားဖြစ်ဖြစ်၊ ကိုယ့်ရဲ့ စိတ်နှလုံးက မြန်မာပါပဲ။ တရားသဘောနဲ့ကြည့်တော့ ပညတ် ပါပဲ။ ပရမတ္ထလမ်းစဉ်သွားနေတဲ့သူဆို တော့ ဥပေက္ခာတရားကို မွေးထား လိုက်သည်။ ခန္ဓာလည်း အနိစ္စပဲလေ၊ ဘယ်အရာမှ မမြဲတာပါ။

ဘယ်လိုအရောင်ပြောင်း ပြောင်း ကိုယ့်ရဲ့လမ်း၊ ကိုယ့်ရဲ့ လုပ်ဆောင်မှုတွေက အများကောင်း ကျိုးအတွက်ဖြစ်၍ ကုသိုလ်ရတာပါပဲ ဆိုပြီး စိတ်ကို ဖြေဖျောက်ပစ်လိုက်ရ သည်။

အမှတ်မထင်သတိရတဲ့အခါ တိုင်းရင်းလှိုင်းတစ်ချက် ဆောင့်ခတ် လိုက်သလိုလို ...။

(ကုသိနာရုံ ဆရာတော် ဒေါက်တာအရှင်ဉာဏိသရ၏ နေရာ မှ စိတ်ခံစားဖြန့်ကျက်လျက် ရေးသား မှုဖော်ခြင်းဖြစ်ပါသည်။ အမှားအယွင်း ပါသွားပါက စာရေးသူ၏ ပုံးကပ် ခံစားမှုအပေါ် နားလည်ခွင့်လွှတ်ပေး ကြပါရန်)

တက္ကသိုလ်အေးမြစန္ဒာ

သူတစ်ပါးအတွက်ကောင်းသောအပြုအမူလုပ်သောသူသည်ကိုယ့်အတွက်လည်းအကောင်းဆုံးဖြစ်မည်ပင်။

လုံ့လဝီရိယနှင့်အလုပ်မလုပ်သူသည်ဘယ်သောအခါမျှထင်ပေါ်ကျော်ကြားသူမဖြစ်နိုင်။

လုံ့လဝီရိယရှိသူအတွက် မည်သည့်အလုပ်မျိုးမဆို လွယ်ကူသောအလုပ်ချည်းသာဖြစ်သည်။

"ဗဟုသုတပညာပေးလက်စွဲကျမ်းမှ"

စာရေးသူသည် နိုင်ငံတာဝန်အရ နီပေါနိုင်ငံ လုမ္ဗိနီဒေသရှိ မြန်မာပြည်မှ တည်ဆောက်ပြီးသော စူဠမုနိစေတီထီးတင်ပွဲနှင့် နောက်တစ်ကြိမ် ဓမ္မာရုံဇရပ် ပန္နက်ချပွဲသို့ သွားရောက်ခဲ့ရပါသည်။ ထိုသို့သွားရင်း ကုသိနာရုံမဟာပရိနိဗ္ဗာနစေတီသို့ သွားရောက်ဖူးမြော်ခွင့်ရသလို အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ကျောင်းတွင် တစ်ညတည်းခိုပြီး မဟာပရိနိဗ္ဗာနရုပ်ပွားတော် ကို မျက်ရည်တတွေတွေစီးကျပြီး အားရပါးရဖူးခဲ့ရပါသည်။

ဘုရားရှင်၏ မဟာပရိနိဗ္ဗာနရုပ်ပုံကို ကြည်ညိုပြီး

ဇမ္ဗူဒိပ်ကျွန်းတွင် ဗုဒ္ဓသာသနာအလင်းကို ပြန်လည်ထွန်းညှိပေးနေသော ကျေးဇူးရှင်များ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)
မဟာသဒ္ဓမ္မဇောတိကဓဇ

ဘုရားရှင်၏ နောက်ဆုံးစကား **"ဟန္ဒဒါနိဘိက္ခဝေ အာမန္တ ယာမိဝေါ ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"** ဟူသော နှုတ်မြွက်စကားကို သတိရပြီး သံဝေဂလည်းရခဲ့ရပါသည်။

ထိုနှစ်ကြိမ် ထိုနှစ်ညလုံး ဆရာတော်အရှင်ဉာဏိဿရနှင့် တွေ့ဆုံစကားပြောခွင့်ရပြီး ဆရာတော်အရှင်စန္ဒိမဏိ ဤကုသိနာရုံသို့ ရောက်ရှိပြီး သာသနာပြုပုံအကြောင်းစုံကို သိခဲ့ရပြီး ဇမ္ဗူဒိပ်ကျွန်း (မဇ္ဈိမဒေသ) ဤနေရာ–ဤဒေသ၌ ဗုဒ္ဓသာသနာအလင်း ပြန်လည်ထွန်းညှိပေးခဲ့ကြသော ပုဂ္ဂိုလ်မြတ်များကို အထူးကြည်ညိုလေးစားခဲ့ရပါသည်။

(ဆရာတော်ဦးစန္ဒိမဏိ၏ အခက်အခဲများစွာ ရင်ဆိုင်ပြီး သာသနာပြုခဲ့ရပုံအကြောင်းစုံကို မြန်မာပြည်ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တက်ရောက်ကြသော ရဟန်းတော်များ အတုယူအားကျစေရန် ဗုဒ္ဓဒေသနာ ပြန့်ပွားရေးဌာနသင်ရိုး **"ပြည်ပသို့ ဗုဒ္ဓသာသနာပြန့်ပွားအောင် ဆောင်ရွက်ကြသူများ"** ဘာသာရပ်သင်ခန်းစာတွင် ကာနယ်အော်လကော၊ အနာဂါရိကဓမ္မ၊ ဆရာတော်အရှင်စန္ဒိမဏိတို့၏အကြောင်းကို ထည့်သွင်းသင်ကြားပေးခဲ့ပါသည်။)

ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသခေါ် အိန္ဒိယပြည်သည် ဗုဒ္ဓစာပေသမိုင်းစဉ်အရ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ကျွန်းပြည်ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမဘုရားမပွင့်မီ နှစ်ပေါင်းထောင်သောင်းချီ၍ ဇာတ်စနစ်သည် ထွန်းကားသောနိုင်ငံဖြစ်သည်။ ထိုဇာတ်စနစ်တွင် –

၁။ ဟိန္ဒူ (ဗြာဟ္မဏ) (ပုဏ္ဏား)တို့သည် ဗြဟ္မာကြီး၏ ခံတွင်းမှ မွေးထုတ်ခဲ့သူများဖြစ်၍ အမြတ်ဆုံးဇာတ်ဟုဆိုပါသည်။

၂။ ခတ္တိယတို့သည် ဗြဟ္မာကြီး၏လက်ရုံးမှ ပေါက်ဖွားလာကြသူများဖြစ်ကြပြီး ဗြာဟ္မဏ (ပုဏ္ဏား)တို့၏ ရန်သူများကို တိုက်ခိုက်ပေးရသော စစ်ဗိုလ်စစ်သားများဖြစ်သည်။ ပုဏ္ဏားတို့ကို ကာကွယ်ပေးရသည်။ ချီးမြှောက်ထောက်ပံ့ပူဇော်ကြရသောဇာတ်ဟု ဆိုပါသည်။

၃။ ဝေဿ (ခေါ်) ကုန်သည်လယ်လုပ်စိုက်ပျိုးရေးမွေးမြူသူတို့သည် ဗြဟ္မာကြီး၏ဝမ်းဗိုက်မှ မွေးဖွားကြသူများဖြစ်၍ စားရေးရိက္ခာပေါများအောင် လုပ်ရသည်။ ပုဏ္ဏားတို့အား လှူဒါန်းထောက်ပံ့မှုပြုရသောဇာတ်ဟု ဆိုပါသည်။

၄။ သုဒ္ဒ (ခေါ်) ဆင်းရဲသားအလုပ်ကြမ်းသမားများသည် ဗြဟ္မာကြီး၏ ခြေထောက်မှ မွေးဖွားခဲ့ကြပြီး အယုတ်ဆုံး အနိမ့်ဆုံး လူတန်းစားဇာတ်ဖြစ်သည်။

ထို့ပြင် ဦးပြည်းကတုံးရိပ်ထားသော သမဏရဟန်းများ၊ ပရိဗိုဇ်များသည် ဗြဟ္မာကြီး၏ခြေဖမိုးမှ မွေးဖွားလာကြသူများဖြစ်၍ အောက်တန်းကျအယုတ်ညံ့ဆုံးဇာတ်ဟု ဆိုပါသည်။

ဂေါတမဘုရားရှင်ပွင့်ထွန်းပေါ်လာသောအချိန်တွင် ထိုဗြာဟ္မဏပုဏ္ဏားတို့သည် ဗုဒ္ဓ၊ သမဏဂိုဏ်းဝင်ရဟန်းပြုလာခဲ့သူဖြစ်၍ အပြင်းအထန် ရှုတ်ချကြ၊ ဝါဒပြိုင်ပွဲများ ပြုလုပ်ခဲ့ကြသည်။

ဗုဒ္ဓသည် ပုဏ္ဏားတို့၏ အယုတ်၊အလတ်၊အမြတ်ဇာတ်ခွဲမှုကို လုံးဝလက်မခံဘဲ ဇာတ်မျိုးရိုးအားဖြင့် အယုတ်အမြတ်မရှိ မိမိတို့ပြုလုပ်သောအလုပ်ကို အကြောင်းပြု၍သာ အယုတ်၊အမြတ်ကွဲသည်ဟု ဆိုပါသည်။ ဇာတ်စနစ် အစွဲအလမ်းကြီးကြသော ဗြာဟ္မဏပုဏ္ဏားတို့နှင့် ဝါဒပြိုင်၍ အမှန်တရားတို့ကို ရရှိသိရှိစေခဲ့သည်။

ဗုဒ္ဓသည် မိမိသက်တော်ထင်ရှားရှိစဉ် (၄၅)ဝါပတ်လုံး လောက၏အမှန်တရားများကို ဖော်ထုတ်ဟောကြားခဲ့ပြီး မိမိ၏တရားများ ပြန့်ပွားအောင်ဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓသာသနာတော်ကြီး တည်ထောင်ခဲ့သည်။ ဗုဒ္ဓသာသနာ၏ အသက်ဟုဆိုအပ်သော ဇမ္ဗူဒိပ်ကျွန်း၊ မဇ္ဈိမဒေသ၌ ဗုဒ္ဓဘုရားရှင်ဖွားရာ လုမ္ဗိနီဥယျာဉ်၊ ပွင့်တော်မူရာ မဟာဗောဓိပင်၊ တရားဦးဓမ္မစကြာဟောရာ မိဂဒါဝုန်၊ ပရိနိဗ္ဗာန်စံဝင်

ရာ ကုသိနာရုံ ဤလေးဌာနသည် ဗုဒ္ဓသာသနာတော်အတွက် အသက်တမျှ မြတ်နိုးအပ်သော သံဝေဇနိယ (၄)ဌာန အမှတ်သင်္ကေတ ဖြစ်ခဲ့ရပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဇမ္ဗူဒိပ်ကျွန်းရှိ ဗုဒ္ဓသာသနာသည် ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာ စတင်တင်ခဲ့သည်။ သာသနာနှစ် (၁၀၀)တွင် ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာတင်ခဲ့သည်။ သာသနာနှစ် (၂၃၅) ခုတွင် ပါဋလိပုတ်ပြည်၌ တတိယသင်္ဂါယနာတင်ခဲ့သည်။

ဇမ္ဗူဒိပ်ကျွန်း (မဇ္ဈိမ)ဒေသတွင် ဗုဒ္ဓသာသနာသည် ဤသို့ သင်္ဂါယနာ (၃)တန် တင်ခဲ့သော်လည်း သူရိယနေမင်းသော်မှ ဆီး၊ နှင်း၊ မြူတိမ်၊ သူရိန်၊ မှိုင်းတို့ကြောင့် မလင်းမတောက်ပဘဲရှိသလို အစဉ်သဖြင့် တင့်တင့်တယ်တယ် သာသာယာယာချောမွေ့စွာ ထွန်းပခဲ့သည်မဟုတ်ပါ။ ဂိုဏ်းကွဲများခွဲပြီး ဗုဒ္ဓသာသနာ အစိတ်စိတ်အမွှာမွှာ ကွဲခဲ့ရသည်။

နောက်ဆုံးတွင် ဇမ္ဗူဒိပ်ကျွန်း (မဇ္ဈိမ)ဒေသဝယ်–

– ရဟန်းတော်များ၏ဂိုဏ်းကွဲမှု အထူးသဖြင့် ရဟန်းတော်များထဲ၌ ထေရဝါဒမဟုတ်သော အယူကွဲ–အယူလွဲများကို ကိုင်စွဲလာခြင်း၊

– ဟိန္ဒူ (ဗြာဟ္မဏ)တို့က အတွင်းအပြင်မှနေ၍ အနုနည်း–အကြမ်းနည်းတို့ဖြင့် တူးဖြိုဖျက်ဆီးလာမှုကိုခံရခြင်း၊

– မဟာမေဒင် (အစ္စလာမ်)ဘာသာဝင် တူရကီနွယ်တို့၏ အကြမ်းဖက်တိုက်ခိုက်ခံရပြီး ရဟန်းတော်များစွာကို သတ်ဖြတ်ခြင်း၊ မီးလောင်တိုက်သွင်းသတ်ဖြတ်ခြင်း၊ ကျောင်းကန်များ မြေလှန်မီးရှို့ဖျက်ဆီးမှုခံရခြင်းတို့ကြောင့် ဗုဒ္ဓသာသနာသည် ဇာတိချက်ကြွေ ဇမ္ဗူဒိပ် (မဇ္ဈိမတိုက်) မြေမှ ကြွေလွင့်ပျက်စီးသွားခဲ့ရပြီး အေဒီ (၁၂)ရာစုမှစ၍ ဗုဒ္ဓသာသနာတော်သည် ဇမ္ဗူဒိပ်ကျွန်းတိုက်ယော်၌ ကွယ်ပျောက်သွားခဲ့သည်ဟု ဆိုရပါမည်။

ဇမ္ဗူဒိပ်ကျွန်း၌ ဗုဒ္ဓသာသနာကွယ်မည့်အရေးကို ကြိုတင်တွက်ဆမိခဲ့ကြသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အမျုးရှိသော ရဟန္တာမထေရ်ကြီးများနှင့် တတိယသင်္ဂါယနာတင် ဒါယကာသီရိဓမ္မာသောကမင်းကြီး အမြော်အမြင်ကြီးမားစွာဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုများစေလွှတ်လာခဲ့သဖြင့် ထိုမထေရ်တို့၏ကျေးဇူးကြောင့် သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့၌ ထေရဝါဒဗုဒ္ဓသာသနာသည် ယနေ့တိုင်အောင် တည်ရှိနေခဲ့ရပါသည်။

> **အိန္ဒိယတွင်**
> **ဗုဒ္ဓဘာသာ မရှိတော့၍**
> **ဗုဒ္ဓဘာသာ**
> **ဆက်လက်ထွန်းကားနေသော**
> **သီဟိုဠ်သို့ ရောက်ရှိခဲ့သည်။**
> **ကာနယ်အော်လကောသည်**
> **သီဟိုဠ်တွင် အနိုမ်ခံနေရသော**
> **ဗုဒ္ဓဘာသာ**
> **ပြန်လည်ထွန်း လင်းတောက်ပရေးအတွက်**
> **ကြိုးစားဆောင်ရွက်ခဲ့ရာ**
> **သီဟိုဠ်၌ ကဆုန်လပြည့် ဗုဒ္ဓနေ့ဟု**
> **အသိအမှတ်ပြုခံရသလို**
> **ယနေ့**
> **ဗုဒ္ဓဘာသာဝင်တို့အသုံးပြုနေသော**
> **သာသနာ့အလံကို**
> **တီထွင်ပေးနိုင်ခဲ့သည်။**

ကမ္ဘာ့ဗုဒ္ဓသာသနာသမိုင်းစဉ်တစ်လျှောက်တွင် သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဗုဒ္ဓသာသနာအတွက် ထီးချက်ခရိုင်ပမာ ဒေါက်တိုင်ကြီးသဖွယ် ရပ်တည်လျက်

တည်ရှိနေသည်ကို လေ့လာသုံးသပ်သိရှိရပါမည်။

A.D (၁၂)ရာစုနောက်မှ ကွယ်ပျောက်ကြွေလွင့်ခဲ့ရသော ဇမ္ဗူဒိပ်ကျွန်းဗုဒ္ဓသာသနာသည် အနှစ် (၈၀၀) ကျော်ပြီးနောက် (၁၉)ရာစုတွင် ဗြိတိသျှကိုလိုနီအစိုးရ-အိန္ဒိယရှေးဟောင်းသုတေသနဌာနသည် သံဝေဇနီယလေးဌာနအပါအဝင် ဇမ္ဗူဒိပ်တစ်ခွင် အိန္ဒိယနိုင်ငံ တစ်နံတစ်လျားမှ နှစ်မြုပ်ပျောက်ကွယ်ပျက်စီးနေသော ရှေးဟောင်းဗုဒ္ဓသာသနိက အဆောက်အအုံများကို ပြန်လည်တူးဖော်သုတေသနပြုလုပ်သည်မှစ၍ ဗုဒ္ဓသာသနာပျောက်ကွယ်နေသော ဇမ္ဗူဒိပ် (မဇ္ဈိမ)ဒေသ၌ ဗုဒ္ဓသာသနာပြန်လည်ရှင်သန်နိုးထရန် အကြောင်းတရားများ ပေါ်ပေါက်လာခဲ့သည်ဟု ဆိုရပါမည်။

ထိုတူးဖော်မှုကြောင့် ပေါ်ထွက်လာသော ဗုဒ္ဓသာသနိကအဆောက်အဦးများသည် ဇမ္ဗူဒိပ် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာ ပြန်လည်ရှင်သန်ထွန်းကားရေးအတွက် ကြီးစွာသော မဟာခွန်အားကြီးတစ်ရပ် ဖြစ်လာခဲ့ရသည်။

ဆက်လက်ခွန်အားကြီးမားလာရသည်မှာ (၁၈၇၅) ခုတွင် အမေရိကန်ပြည်ထောင်စုတွင် တည်ထောင်ပြီး (၁၈၇၈)ခုတွင် သီဟိုဠ်မှ အိန္ဒိယသို့ ရောက်ရှိလာသော သီအိုဆိုဖီအသင်းကြီးဖြစ်သည်။ ထိုအသင်းကြီးသည် ကမ္ဘာ့ဘာသာပေါင်းစုံကို လေ့လာသောအသင်းကြီးဖြစ်ပါသည်။

ဤအသင်းကြီးကို စတင်တည်ထောင်ခဲ့သူမှာ ရုရှားပြည်မှ မဒမ်ဘလာစကီးဖြစ်သည်။ သူ၏အဖွဲ့သည် အမေရိကန်သို့ရောက်ရှိပြီး အမေရိကန်ပြည်တွင်းစစ်တွင် နာမည်ထင်ရှားခဲ့သော ကာနယ်အိတ်(ချ်)အော်လကောနှင့် ဆက်သွယ်မိကာ အမေရိကန်၌ ထိုအသင်းကြီးကို ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။

ကာနယ်အော်လကောသည် ဗုဒ္ဓဘာသာကိုလေ့လာရင်း မူလဗုဒ္ဓဘာသာ စတင်ထွန်းကားရာ အိန္ဒိယသို့ သွားရောက်ရန် စိတ်ကူးခဲ့သည်။ အိန္ဒိယတွင် ဗုဒ္ဓဘာသာ မရှိတော့၍ ဗုဒ္ဓဘာသာဆက်လက်ထွန်းကားနေသော သီဟိုဠ်သို့ ရောက်ရှိခဲ့သည်။ ကာနယ်အော်လကောသည် သီဟိုဠ်တွင် အနှိမ်ခံနေရသော ဗုဒ္ဓဘာသာပြန်လည်ထွန်းလင်းတောက်ပရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ရာ သီဟိုဠ်၌ ကဆုန်လပြည့် ဗုဒ္ဓနေ့ဟု အသိအမှတ်ပြုခံရသလို ယနေ့ ဗုဒ္ဓဘာသာဝင်တို့အသုံးပြုနေသော သာသနာ့အလံကို တီထွင်ပေးနိုင်ခဲ့သည်။

သီဟိုဠ်တွင် အနာဂါရိကဓမ္မပါလအမည်ရှိသော လူငယ်ကို သီအိုဆိုဖီအသင်း၌ အမာခံတပည့်အဖြစ် မွေးယူခဲ့ပြီး သီဟိုဠ်မှ တစ်ဖန် အိန္ဒိယသို့ကူးခဲ့ပြီး ဟိန္ဒူဗြာဟ္မဏ၊ မဟန့်တို့လက်တွင် ကျရောက်နေခဲ့သော သံဝေဇနီယလေးဌာနအပါအဝင်ဖြစ်သော ဗောဓိမဏ္ဍလ (ခေါ်) ဗုဒ္ဓဂယာအား မဟန့်တို့လက်ထဲမှ ဗုဒ္ဓဘာသာဝင်တို့လက်ထဲ ရောက်အောင် ဆောင်ရွက်စဉ် အနာဂါရိကဓမ္မပါလသည် မဟာဗောဓိအသင်းကြီးကို တည်ထောင်ပြီး (၁၈၉၁)ခုတွင် သီအိုဆိုဖီအသင်းကြီး၏ ကူညီပံ့ပိုးမှုဖြင့် ဗုဒ္ဓဘာသာဇာတိမြေ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားလာစေရန် ဦးဆွေးဆံမြည့် ဦးဆောင်ကြိုးပမ်းခဲ့သည်။

အနာဂါရိကဓမ္မပါလ ဦးဆောင်လျက် ရွတ်ရွတ်ချွန်ချွန် ကြိုးစားအားထုတ်မှုကြောင့် မဟန့်တို့လက်ထဲရောက်နေသော မဟာဗောဓိစေတီနှင့် ဗုဒ္ဓဂါယာနယ်မြေကို (၁၉၄၉) ခုနှစ်တွင် ဗုဒ္ဓဘာသာတို့ လက်ထဲပြန်ရောက်ရှိခဲ့ပြီး ဇမ္ဗူဒိပ်၌ ဗုဒ္ဓဘာသာအလင်းရောင် စတင်လင်းလက်လာသည်ဟု ဆိုရပါမည်။

ဤကဲ့သို့ပင် ဇမ္ဗူဒိပ် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားရေးအတွက် ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ခဲ့သော ဒုတိယပုဂ္ဂိုလ်တစ်ဦးမှာ မြန်မာပြည်မှ ရခိုင်တိုင်းရင်းသား အရှင်စန္ဒြမဏိမဟာထေရ်ဖြစ်ပါသည်။

(၁၈၉၁)ခုတွင် အနာဂါရိကဓမ္မပါလနှင့် ကာနယ်အောလကောတို့ မဟာဗောဓိအသင်းတည်ထောင်ပေးရန် ရခိုင်သို့ ရောက်လာကြပြီး ဇမ္ဗူဒိပ် မဇ္ဈိမဒေသတွင်

ဗုဒ္ဓသာသနာပြုလုပ်ငန်းဆောင်ရွက်ရန် စွမ်းရည်ထက်မြက်သော ရှင်သာမဏေတစ်ပါးပေးရန် စန္ဒိမာရာမကျောင်းဆရာတော် ဦးစန္ဒိမာထံ တောင်းခံရာ ဦးစန္ဒိမာက သာမဏေရှင်စန္ဒြနှင့် ရှင်သူရိယတို့ကို ပေးခဲ့သည်။

ပြန်လည်ထွန်းသစ်စပြုခဲ့သည်။

ထိုပုဂ္ဂိုလ်တို့၏ ဇမ္ဗူဒိပ် (မဇ္ဈိမ)၌ သာသနာပြန်လည်ထွန်းကားအောင် သာသနာပြုမှုလုပ်ငန်းစဉ်သည် လရောင်ရွှန်းလဲ့လျက် လေပြေသုတ်ဖြူးသော ပန်းခင်းလမ်း



နောင်တွင် အရှင်စန္ဒြသာမဏေသည် ကုသိနာရုံဆရာတော် မဟာဝီရ၏အရိပ်ကို ခိုလှုံလျက် ဆရာတော်နှင့်အတူ သာသနာပြုလုပ်ငန်းကို အခက်အခဲပြဿနာမျိုးစုံကြားမှ ကုသိနာရုံ၌ ဗုဒ္ဓသာသနာပြန်လည်ထွန်းကားအောင် ဆောင်ရွက်ခဲ့သည်။ (၁၉၂၈)ခုတွင် ဆရာတော်မဟာဝီရ ပျံလွန်တော်မူသောအခါ အရှင်စန္ဒြမဏိသည် ကုသိနာရုံဆရာတော်အဖြစ် ဆက်ခံလျက် ဗုဒ္ဓသာသနာပြန်လည်ထွန်းကားရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သလို ဓမ္မစကြာဟောကြားရာ မိဂဒါဝုန်၌ သာသနာပြုကျောင်းတိုက်တစ်ခုကို တည်ထောင်ခဲ့ပြီး အရှင်စန္ဒြမဏိ၏ တူတော်သူ အရှင်ကိတ္တိမကို မိဂဒါဝုန်၌ ဗုဒ္ဓသာသနာပြုစေခဲ့သည်။

ဤသို့ဖြင့် ဇမ္ဗူဒိပ် (မဇ္ဈိမ)၌ သီဟိုဠ်အနာဂါရိကနှင့် မြန်မာပြည် အရှင်စန္ဒြမဏိတို့၏ စွမ်းဆောင်မှုတို့ဖြင့် နှစ် (၈၀၀)မျှကွယ်ခဲ့သော ဗုဒ္ဓသာသနာအလင်းရောင်သည်

ထဲသို့ လျှောက်လှမ်းရသကဲ့သို့ နတ်ရေကန်ထဲ ပစ်ချခံရသကဲ့သို့ အဆင်ပြေချောမွေ့ပြီး နေ့ချင်းညချင်း အောင်မြင်ဖွံ့ဖြိုးလာရသည်မဟုတ်ပါ။ ဆန့်ကျင်ဘက်ဘာသာတို့၏ ထောင့်စုံမှ တိုက်ခိုက်ဖြိုခွင်းမှုအပါအဝင် အနှောင့်အယှက် အဟန့်အတား အခက်အခဲ အကြပ်အတည်းမြောက်မြားစွာကို လက်မြှောက်အရှုံးပေးရလုနီးပါး ခါးသည်းစွာ ခံစားပြီးမှ အောင်မြင်မှုရကာ ဗုဒ္ဓသာသနာအလင်းကို ထွန်းညှိပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

အရှင်စန္ဒြမဏိသည် ကုသိနာရုံနှင့် ဇမ္ဗူဒိပ်ကျွန်း ပတ်ဝန်းကျင်ရှိ လူတန်းစားပေါင်းစုံကို ဇာတ်-အနိမ့်အမြင့် မခြား အယုတ်-အလတ်-အမြတ် ဗုဒ္ဓ၏အဆုံးအမ၊ အမွေအနှစ်အရသာများကို ပြန်လည်ရရှိအောင် ခံစားနိုင်အောင် ဆောင်ရွက်ပေးရင်း၊ (၁၉၇၂)ခုနှစ်၊ သက်တော် (၉၈)နှစ်၊ ဝါတော် (၆၈)တွင် ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဒေါက်တာဉာဏိဿရသည် (၁၉၆၃) ခုတွင် ဆရာတော်စန္ဒြမဏိ၏ ဖိတ်ကြားချက်အရ ကုသိနာရုံသို့ ရောက်ရှိခဲ့သည်။ မြန်မာပြည်တွင် ဓမ္မာစရိယ အောင်သည်အထိ သင်ကြားခဲ့ပြီး အိန္ဒိယတွင် ပညာဆက်လက်သင်ကြားခဲ့ရာ B.A-M-A ဥပဒေဘွဲ့ (L.L.B), Ph.D ဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်ဦးစန္ဒြမဏိ၏ လက်ထောက်အဖြစ် ကျောင်းတိုက်စီမံအုပ်ချုပ်ရေးအပါအဝင် ဆရာတော်ဦးစန္ဒြမဏိ၏ လုပ်ငန်းတာဝန်များကို အားလုံးတာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ဆရာတော်ဦးစန္ဒြမဏိ နာမကျန်းဖြစ်လာသောအခါ (၁၉၆၉)ခုတွင် ကုသိနာရုံ မြန်မာကျောင်းတိုက်ကြီး၏ စီမံအုပ်ချုပ်မှုကိစ္စအဝဝကို ဆရာတော်ဦးဉာဏိဿရအား လွှဲအပ်ပေးခဲ့သည်။

ဆရာတော်အရှင်ဉာဏိဿရသည် ထိုအချိန်မှစ၍ ကုသိနာရုံမဟာပရိနိဗ္ဗာနစေတီ ပိုင်ဆိုင်ခွင့်အပါအဝင် မိမိပတ်ဝန်းကျင်၌ ပညာသင်ကျောင်းများ ဖွင့်လှစ်ပေးခဲ့သည်။ အိန္ဒိယရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့များတာဝန်တို့ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သလို နိုင်ငံတကာအစည်းအဝေးပွဲများသို့လည်း တက်ရောက်၍ ဗုဒ္ဓသာသနာကျယ်ပြန့်စွာ ထွန်းလင်းရေးအတွက် ဆောင်ရွက်ခဲ့သည်။ တစ်ဖက်ကလည်း ဟိန္ဒူဘာသာ၊ နေပါလီဘာသာ၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ပညာပေးဗုဒ္ဓဘာသာစာပေများ၊ စာအုပ်စာတမ်းများ၊ ဆောင်းပါးများကို ဂျာနယ်မဂ္ဂဇင်းတို့တွင် ရေးသားဖြန့်ဝေသာသနာပြုခဲ့သည်။

အနာဂါရိကဓမ္မပါလ အရှင်စန္ဒြမဏိ ယခုဆရာတော် အရှင်ဉာဏိဿရတို့သည် ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာပြန်လည်ထွန်းလင်းတောက်ပရေးအတွက် -

သစ္စာ= အများကောင်းစားရေးအကျိုးဟူသော သစ္စာတရားထားရှိခြင်း။

ဓမ္မော= ဗုဒ္ဓ၏အဆုံးအမ ထုံးတမ်းစဉ်လာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်း။

ဓိတိ= ကြုံလာသောအခက်အခဲများကို တုန်လှုပ်ကြောက်ရွံ့ခြင်းမရှိ၊ တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း။

စာဂေါ= မိမိ၏ကိုယ်ကျိုးကို စွန့်လွှတ်ဆောင်ရွက်ခြင်း

ဟူသော ခံယူချက်လေးရပ်ဖြင့် ပြတ်သားစွာဆောက်တည်ပြီး ဆောင်ရွက်ခဲ့ကြသည့်အတွက် ဇမ္ဗူဒိပ် မဇ္ဈိမဒေသတွင်

ဦးစန္ဒြမဏိက အရှင်ဉာဏိဿရအား ဆက်လက်အမွေပေး၍

ဗုဒ္ဓသာသနာဆီမီးမငြိမ်းအောင် တာဝန်ပေးအပ်နိုင်သလို ဆရာတော်ဘုရားကလည်း

မိမိတာဝန်ကို ဆက်လက်ယူမည့် မိမိကဲ့သို့ တပည့်သားကောင်းတို့အား အမွေဆက်ခံမွေးထုတ်ပေးနိုင်ပါစေ

နှစ် (၈၀၀)ပျောက်ကွယ်အမှောင်ဖုံးနေသော ဗုဒ္ဓသာသနာ အလင်းဆီမီးသည် ပြန်လည်ထွန်းလင်းတောက်ပရခြင်းဖြစ်သည်ဟု ဆိုရပါမည်။

တစ်ဖန် ထိုဆရာတော်များသည် ဇမ္ဗူဒိပ် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာပြန်လည်ထွန်းကားရေးအတွက် ဆောင်ရွက်ကြရာ၌ ဟိမဝန္တာရှိ အနောတတ္တအိုင်၏ လေးဘက်လေးတန်တွင် နေထိုင်ကြသော သားမြတ် (၄)ဦး အလားကဲ့သို့ ဆောင်ရွက်ခဲ့ကြသည်။ သားမြတ်လေးဦး ဆောင်ရွက်ပုံမှာ–

- **နွားလားဥသဘသည်** သူတစ်ပါး၏ဝန်နှင့် အကျိုးစီးပွားကို အစဉ်ထာဝရဆောင်ရွက်ရာ၌ အကောင်းကိုလည်း မတပ်မက်၊ အဆိုးကိုလည်း စိတ်မပျက်၊ တစ်စိတ်တစ်ဝမ်းတည်းထားပြီး ဆောင်ရွက်သကဲ့သို့ ထိုပုဂ္ဂိုလ်မြတ်တို့သည် အများအကျိုး သာသနာအကျိုးအတွက် သည်းခံအားကောင်းဖြင့် အကောင်းကိုမမက်၊ အဆိုးကိုလည်း စိတ်မပျက် မတုန်လှုပ်ဘဲ ဆောင်ရွက်ခဲ့ကြသည်။
- **အာဇာနည်မြင်းမြတ်သည်** သူတစ်ပါး၏ဝန်နှင့် အကျိုးစီးပွားကို ရွက်ဆောင်ရာ၌ လျင်မြန်သွက်လက်စွာ ဆောင်ရွက်တတ်သည်။ စစ်မြေပြင်မှာပင် အသက်ကို ပဓာနမထားဘဲ တာဝန်ကိုငြင်းဆန်ခြင်းမရှိ ဆောင်ရွက်သကဲ့သို့ ထိုပုဂ္ဂိုလ်မြတ်တို့သည် မဇ္ဈိမဒေသသာသနာအကျိုးအတွက် လုံ့လ၊ ဇွဲ၊ သတ္တိပြင်းပြစွာဖြင့် စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ကြသည်။
- **ဥပေါသထဆင်သည်** တည်ငြိမ်သောဣန္ဒြေရှိသည်။ ခွန်အားကောင်းသည်၊ သူတစ်ပါး၏တာဝန်နှင့် အကျိုးစီးပွားကို ခွန်အားဖြင့်ဆောင်ရွက်သည်၊ စစ်မြေပြင်မှာဖြစ်လင့်ကစား ကြံ့ခိုင်စွာ ဝန်ကိုထမ်းဆောင်သကဲ့သို့ ဤပုဂ္ဂိုလ်မြတ်တို့သည် ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော အဓိပတိတံခွန်တပ်ထားကာ ခိုင်မာသန်စွမ်းသော အကျင့်သိက္ခာဖြင့် တည်ငြိမ်စွာ ဆောင်ရွက်ခဲ့ကြသည်။
- **ကေသရာဇာခြင်္သေ့မင်းသည်** ရဲရင့်သောသတ္တိရှိသည်။ စည်းကမ်းစည်းစနစ်ကောင်းသည်၊ အသိ–သတိရှိသည်၊ သားကောင်အားလုံးကို သူ၏သတ္တိ၊ သတိ၊ ဝီရိယတို့ဖြင့် လွှမ်းမိုးအုပ်စိုးနိုင်သကဲ့သို့ ထိုပုဂ္ဂိုလ်မြတ်တို့သည် ကြုံတွေ့လာသော အခက်အခဲများ ပြဿနာများ၊ အန္တရာယ်များကို အသိ–သတိ၊ သတ္တိ–ဗျတ္တိတို့ဖြင့် လွှမ်းမိုးအောင်မြင်နိုင်ခဲ့ကြသည်။

ဤကဲ့သို့ သည်းခံ–လျင်မြန်–ခိုင်မာသန်စွမ်းသော သတ္တိစွမ်းပကားဟူသော စွမ်းအားလေးရပ်တို့ဖြင့် ပြည့်စုံပြီး ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဇမ္ဗူဒိပ် မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာဆီမီးကို အစဉ်ထွန်းပြောင်လင်းလက်အောင် ထွန်းညှိပေးနိုင်ခဲ့သည်ဟု ယုံကြည်မိပါသည်။

ဇမ္ဗူဒိပ် မဇ္ဈိမဒေသ၌ နှစ် (၈၀၀)မျှ ကွယ်ပျောက်မှောင်မိုက်ကျနေခဲ့ရသော ဗုဒ္ဓသာသနာဆီမီးကို ဤပုဂ္ဂိုလ်မြတ်တို့က ထွန်းညှိပေးခဲ့သဖြင့် ယခုထွန်းလင်းနေပါပြီ။

ယခု ဆရာတော်အရှင်ဉာဏိဿရ သာသနာ့အာဇာနည်၏ သက်တော်သည် (၈၀)ပြည့်ပါပြီ၊ ဤသက်တော်အထိ ကာလတစ်လျှောက်လုံး ဇမ္ဗူဒိပ် မဇ္ဈိမ၌ ဗုဒ္ဓသာသနာဆီမီး မငြိမ်းပျောက်ရေးအတွက် ဆက်လက်ထွန်းညှိပေးနေသော ဆရာတော်အရှင်ဉာဏိဿရအား အထူးကြည်ညိုလေးစားအားကျမိသလို သက်တော်ရာပြည့်အထိ ဆက်လက်ဗုဒ္ဓသာသနာဆီမီး ဆက်လက်ထွန်းညှိနိုင်ပါစေ ..ဦးစန္ဒြမဏိက အရှင်ဉာဏိဿရအား ဆက်လက်အမွေပေး၍ ဗုဒ္ဓသာသနာဆီမီးမငြိမ်းအောင် တာဝန်ပေးအပ်နိုင်သလို ဆရာတော်ဘုရားမှလည်း မိမိတာဝန်ကို ဆက်လက်ယူမည့် မိမိကဲ့သို့ တပည့်သားကောင်းတို့အား အမွေဆက်ခံမွေးထုတ်ပေးနိုင်ပါစေဟု ဤဆောင်းပါးဖြင့် ဆုတောင်းပတ္ထနာပြုလိုက်ရပါသတည်း။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)

မြတ်ဗုဒ္ဓ၏ မဟာကရုဏာတော်ခရီး

* သုံးလူ့ထွဋ်ထား မြတ်ဘုရားသည်
များသတ္တဝါ ကျွတ်လမ်းရှာ၍
စာနာရှေ့ထား ဓမ္မအားဖြင့်
တရားကရုဏာတော်ခရီးကြွလေသည်။

* တောတောင်မှိုင်းညို သစ်စိမ်းစိုလျက်
မဖိုနှစ်လီ ဒေါင်းတေးသီ၍
စုံညီငှက်ပေါင်း သံငြိမ့်ညောင်းကာ
သောင်းသောင်းဖြစ်စွာ ကွန်းခိုကာဖြင့်
မဟာကရုဏာခရီး ဦးခိုက်ပြီးလျှင်
မြိုင်ကြီးကျက်စား သတ္တဝါများတို့
ဘုရားရှင်အား ဝပ်ခတွားကာ
လေးစားကြည်ညိုပူဇော်သည်။

* ကန်တော်သာဝယ် –
ကြိုးကြာစက္ကဝက် ဗလုံငှက်နှင့်
ရေကြက်စုံညီ မန်ဒါလီတို့
ခေါ်မြည်တွဲကာ ရွှေဟင်္သာနှင့်
ကြာမည်ငါးမျိုး ကျက်သရေတိုး၍
ဖြိုးပွင့်ဖြာဝေ ပွင့်ကြလေလျက်
ရေကြည်စိမ်းမြ ကြည်လင်လှကာ
ဗုဒ္ဓမြတ်စွာ သောက်သုံးပါရေး
ပူဇာသမှု ဦးစွာပြု၏။

* တောမြိုင်ယံဝယ်
သီးနှံများစွာ ဝင်းမှည့်ပါ၍
ကမ္ဗလာသွင် သဏ္ဌာဆင်လျက်
နီဝါအဆင်း ရွှေရောင်သွင်းလျက်
ဖြည့်တင်းသြဇာ ချိုရသာဖြင့်
ပင်မှာပြွတ်သိပ် သီးချင်းစိပ်မျှ
ထိပ်တင်ညွတ်နူး ရသာထူးကို
ဆွမ်းဦးဆက်သ ကပ်လှူကြသည်
မြတ်ဗုဒ္ဓ၏ မဟာကရုဏာတော်ခရီး။

* သုံးလူ့လောက မြတ်ဗုဒ္ဓသည်
ဒေသစာရီ ကြွမြန်းချီလျက်
နတ်ပြည်လူ့ရွာ လှည့်လည်ပါ၍
ဇရာဇာတိ ထင်စွာသိရေး
မရှိမမြဲရာ မရဏာအား
ထင်စွာဟောပြ ဆိုဆုံးမခဲ့
လောကသံသရာ လွတ်မြောက်ပါရေး
ကြင်နာသနား သတ္တဝါများကို
တရားဓမ္မာ မိန့်မြွက်ပါ၏
နိဗ္ဗာသောင်ကမ်း လွတ်မြောက်လမ်းကို
ကျွတ်တမ်းဝင်ရာ ညွှန်ပြပါသည်
ဓမ္မာလမ်းခရီး တရားမှန်။

ရွှေချိုအောင်(ပုလဲ)

ပင်ကိုစရိုက်

မောင်ပေါ်ထွန်း

ရှင်ရသေ့တစ်ပါးသည် သစ်ပင်အောက်၌ ကမ္မဋ္ဌာန်းတရား ပွားများနေစဉ် သစ်ပင်ပေါ်မှ ငှက်များထံသို့ အာရုံရောက်သွားလေ၏။ ထို့ကြောင့် သူသည် စိတ်ပျံ့လွင့်သွားပြီး ငါလည်း ငှက်ဖြစ်ရလျှင် ကောင်းလေစွဟူ၍ ဆန္ဒဖြစ်မိလေသည်။

သူ၏ ကမ္မဋ္ဌာန်းစွမ်းအား ကြောင့် သူ့ဆန္ဒသည် ပြည့်ဝလေသည်။ သူသည် ရုတ်ချည်းပင် စာကလေးအသွင် သို့ ပြောင်းလဲသွားပြီး ကြင်ဖော်စာမကလေးနှင့် အတူ ပျော်ရွှင်စွာ ပျံထွက်သွားလေ၏။

စာကလေးဖနီးမောင်နှံတို့ တွင် သားသမီးများ ရလာသောအခါ တီကောင်များကို ရှာဖွေ၍ အသိုက်သို့ ပြန်လာပြီးလျှင် သားငယ်သမီးငယ်များအား ကျွေးမွေးကာ ချစ်ခင်ယုယစွာ ပြုစုစောင့်ရှောက်ထားလေသည်။ သို့ရာတွင် တစ်နေ့သောနံနက်၌ စာထီးသည် နေ့စဉ်လုပ်နေကျထုံးစံအတိုင်း

အစာရှာထွက်သွားပြီးနောက် အသိုက်သို့ ပြန်မလာတော့ချေ။ သူသည် အခြားစာမတစ်ကောင်နှင့်တွေ့ပြီး ဖနီးနှင့်သားသမီးတို့ကို မေ့နေလေပြီ။

"အင်း . . နောက်ဆုံးတော့ သူက လူသားတွေရဲ့သဘာဝအတိုင်း သူ့ဇာတိကိုသူ ပြသွားတာကိုး"ဟူ၍ ဖနီးကြီးစာမက ညည်းတွားမိလေသည်။

နောက် ရက်အနည်းငယ်ကြာသောအခါ စာထီးသည် ဖနီးကြီးစာမနှင့် သစ်ပင်တစ်ပင်တွင် ပြန်တွေ့လေသည်။ ပထမတွင် စာထီးသည် ခပ်လှမ်းလှမ်း၌နေပြီး နောက်တော့ စာမအနီးသို့ ရွေ့သွားလေ၏။

"ကျလိ . . ကျလိ . . ကျလိ ရှင် ကျွန်မအနားကို မလာပါနဲ့"ဟု ပြောလိုက်လေသည်။

"ကျလိ . . ကျလိ . . ကျလိ မင်းက ဒီလို ဘာကြောင့်ပြောလိုက်တာလဲ"ဟု စာထီးက ပြန်၍ မေးလိုက်လေ၏။

"ဘာကြောင့်လဲဆိုရင် ရှင်က ငှက်အစစ်မဟုတ်ဘူး။ တကယ် ငှက်အစစ်သာဆိုရင် ရှင်ဟာ ကျွန်မနဲ့ကလေးတွေကိုပစ်ပြီး တခြားစာမတစ်ကောင်နောက် ကောက်ကောက်ပါအောင် လိုက်သွားမှာမဟုတ်ဘူး"

ဤတွင် စာထီးသည် အရှက်ကြီးရှက်ပြီး ပျံထွက်သွားလေ၏။ ထိုနောက် သူသည် သစ်ကိုင်းတစ်ကိုင်းတွင် တစ်ကောင်တည်း နားနေလေသည်။ ထိုအချိန်တွင် ကြောင်တစ်ကောင်သည် စာထီးအနီးသို့ ချဉ်းကပ်လာလေသည်။ စာထီးသည် ကြောက်လန့်အားကြီး၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ လဲကျသေဆုံးသွားလေသည်။ ထိုခဏ၌ ရှင်ရသေ့သည် သူ၏ဘဝမှန်ကို ပြန်လည်ရရှိပြီး ကမ္ဗဒ္ဒာန်းအာရုံ၌ ပြန်လည်ဝင်စား၍ နေလေ၏။

ကြောင်သည် ရှင်ရသေ့အနီးသို့ ကပ်လာပြီး နမ်းကြည့်လေသည်။ ရှင်ရသေ့ထံမှ ငှက်နံ့ရနေဆဲဖြစ်သည်။ ရှင်ရသေ့သည် ကြောင်အား မည်သို့မျှ အန္တရာယ်မပြုချေ။ ကြောင်သည် ရှင်ရသေ့အနီးတွင် ထိုင်လျက် မျက်စေ့ကို မှိတ်ကာ ရှင်ရသေ့ကဲ့သို့ပင် ကမ္ဗဒ္ဒာန်းထိုင်နေလေ၏။

"လူသားတစ်ယောက်ဟာ ငှက်တစ်ကောင်ရဲ့ ကောင်းတဲ့စရိုက်ကို ဘယ်တော့မှ မရနိုင်ဘူးလား"

ရှင်ရသေ့သည် ကမ္ဗဒ္ဒာန်းအာရုံတွင် စူးစိုက်နေရင်းမှ ယင်းသို့ တွေးမိလေ၏။ ကြောင်သည် ရှင်ရသေ့အတွေးကို အာရုံခံမိသောကြောင့် . . .

"လုံးဝမရနိုင်ဘူး"ဟူ၍ ပြန်ပြောလိုက်လေသည်။

"နင် ဘာကြောင့် ဒီလိုပြောရတာလဲ"ဟု ရှင်ရသေ့က ပြန်မေးလိုက်၏။

"စရိုက်သဘာဝမှာ ကောက်ကျစ်တဲ့စွမ်းအားရှိတယ်"ကြောင်က ပြောသည်။

"ကျုပ်လည်းပဲ ကြောင်သူတော်ကောင်းဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားတာပဲ။ ဒါပေမယ့် ငှက်ကိုဖြစ်ဖြစ်၊ ကြွက်ကိုဖြစ်ဖြစ် မြင်လိုက်တဲ့အခါ ကျုပ် တခြားဘာကိုမှ သတိမရတော့ဘူး။ လူ့စရိုက်သဘာဝလည်း ဒီအတိုင်းပဲ။ အထူးသဖြင့် ယောက်ျားတွေက အဖောက်ပြန်ဆုံးပဲ၊ ကျုပ်တို့ ကြောင်တွေလိုပဲပေါ့"

ဤတွင် ရှင်ရသေ့သည် ရက်စိတ်ပွန်သွားပြီး

"ဟေ့ကြောင် ချက်ချင်းထွက်သွားစမ်း ငါ့အနားမှာ နင်ရှိနေရင် ကမ္ဗဒ္ဒာန်းအာရုံပြုလို့ ရတော့မှာမဟုတ်ဘူး"

ထိုအခိုက် ရှင်ရသေ့ရှေ့တွင် နတ်မိမယ်ပေါ်လာပြီးနောက် . . .

"ချစ်သား . . သင်ကား ရမ္မက်ဆန္ဒမှ မလွတ်ကင်းနိုင်သေး၊ ဒါကြောင့် လူ့ဘောင်သို့ပြန်သွားပြီး အိမ်ရာတည်ထောင်မှု ပြုချေလော့၊ ထို့နောက်တွင်မှ ကမ္ဗဒ္ဒာန်းတရားပွားများရန် ဤနေရာသို့ လာခဲ့လော့"ဟူ၍ ပြောလိုက်လေသတည်း။

[Ref 'Prelude to Penance' by C. Ragagopalacrari]

မောင်ပေါ်ထွန်း

သာသနာ ရောင်ဝါလင်းလေပြီ

ခင်စောဝင်း(မြန်မာ့လေကြောင်း)

ကျေးဇူးတော်ရှင် ကုသိနာရုံဆရာတော်ဘုရားကြီး သက်တော် (ရ၅)ခုနှစ်ပြည့် စိန်ရတုဖော်ညွှန်း မြတ်မော်ကွန်းစာစောင်တွင် ဓမ္မမိတ်ဆွေကြီး လုမ္ဗိနီဦးမောင်မောင်လေးမှ တိုက်တွန်းသဖြင့် ''သစ္စာတရားထွန်းကားရာနယ်မြေ''အမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ဖူးပါသည်။ ယခုတဖန် ဆရာတော်ကြီး သက်တော် (၈၀)ပြည့်စာစောင်တွင် ရေးသားခွင့်ရပြန်ပါသဖြင့် သက်တော် (၈၀)ထိ ဖွံ့လုံ့လပြင်းထန်ကျန်းမာစွာ သာသနာ့ဝန် ထမ်းဆောင်နိုင်သည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရင်းဖြင့် ဤဆောင်းပါးလေး ရေးသားပူဇော်လိုက်ရပါသည်။

ဆရာတော်ကြီးသည် (၁၉၃၆)ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသဖြင့် သက်တော် (၈၀)အတွင်း ဝင်ရောက်လာပါပြီ။ အချိန်သည် လူကိုမစောင့်ဟူသော စကားအတိုင်းပင် စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်တို့သည် တစ်စစချုပ်ငြိမ်း၍ မိမိတို့သည် ဖြစ်ပျက်အစားထိုးသော ခန္ဓာများဖြင့် တစ်စစရင့်ကျက်ခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် သက်တော် (၈၀)ရောက်သည့်တိုင်အောင် အချိန်တိုင်းကို တန်ဖိုးရှိစွာ ဖြတ်သန်းခဲ့သည်ကို အတုယူ၍ မိမိတို့သည်လည်း ကျန်ရှိနေသေးသောသက်တမ်းအား တန်ဖိုးရှိစွာ ဖြတ်သန်းကြရမည်ဖြစ်ပါသည်။

ကုသိနာရုံဆရာတော်ကြီး၏ မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများစာအုပ်တွင် ဆရာတော်ဘုရားကြီး၏ ခက်ခဲပင်ပန်းစွာ သာသနာပြုခဲ့ပုံအဖုံဖုံကို အံ့သြအားကျဖွယ် ဖတ်ရှုလေ့လာရပါသည်။ (၁၉၆၃)ခုနှစ်၊ မေလတွင် နိုင်ငံကူးလက်မှတ်ရရှိရေး ခက်ခက်ခဲခဲပြုလုပ်၍ ရရှိရာမှ စိတ်အားငယ်သလို ခံစားရရင်းမှ ကာလကတ္တားသို့ သာသနာပြုခရီးစတင်ခဲ့ရပုံကို ဖတ်ရှုရသည်မှာ ကိုယ်တိုင်ခံစားရသကဲ့သို့ ခံစားရပါသည်။ (၁၉၆၃)ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံမြန်မာ

ဘုန်းတော်ကြီးကျောင်းတွင် တစ်ပါးတည်းသီတင်းသုံးနေတော်မူသော ဆရာတော်ဦးစန္ဒိမဏိခြေတော်ရင်းသို့ ဆိုက်ရောက်ခဲ့ရပုံ၊ အိန္ဒိယတွင် ဘာသာစကားများ အခက်အခဲများစွာကြားမှ စာသင်ကြားရာတွင် အမြဲပထမရရန် ကြိုးစားခဲ့ရပုံများမှာ အတုယူဖွယ် ဖြစ်ပါသည်။ ဆရာတော်ကြီးသည် တစ်ဖက်တွင် ကျောင်းတိုက်တိုးတက်စည်ပင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေရသလို အခြားတစ်ဖက်တွင် ပညာသင်ကြားရေးကိုလည်း အစဉ်မပြတ် ကြိုးစားနေရပါသည်။ အထူးအားဖြင့် ဟိန္ဒီဘာသာကို အရေးပါမကစကားပြေပါ တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ကြောင်း ဆရာတော်ကြီးက အမြဲသတိပေးတိုက်တွန်းခဲ့ပါသည်။ တိုင်းရင်းသားဘာသာစကားကို တတ်ကျွမ်းမှသာ သာသနာပြုလုပ်ငန်း အောင်မြင်နိုင်ကြောင်းကိုလည်း ဆရာတော်ကြီးက မိမိကိုယ်တွေ့ဖြင့် နောင်လာနောက်သားတို့အား မကြာခဏ မိန့်ကြားလေ့ရှိပါသည်။

ဆရာတော်ကြီးငယ်စဉ်ဘဝက ဆရာတော်ကြီး၏ ဆရာတော် ဦးစန္ဒိမဏိက တရားဟောနိုင်းသဖြင့် ဟောခဲ့ရပုံကိုလည်း ရေးသားထားသည်မှာ ရှာသူရှာသားတို့အား ''ဒကာတို့ ဦးပဇင်း အိန္ဒိယကို ရောက်တာ တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ ဟိန္ဒီစကားကို မိခင်စကားလို မပြောတတ်သေးပါဘူး။ ဦးပဇင်းပြောတဲ့စကားကို ဒကာတို့ နားလည်ချင်မှ နားလည်ပါလိမ့်မယ်၊ နားမလည်ရင် ပြန်မေးကြပါ၊ အားမနာကြပါနဲ့၊ ဆရာနဲ့ ဒကာဆိုတာ အားနာနေဖို့မလိုဘူး။ ဒီနေ့ ဒကာတို့ ဗုဒ္ဓဘာသာထဲကို ဝင်လာကြပြီ၊ သရဏဂုံ (၃)ပါးနှင့် (၅)ပါးသီလကို ယူပြီး ကြပြီ၊ (၅)ပါးဆိုတာ (၅)ခုသီလဆိုတာ လူတွေ အမြဲစောင့်ထိန်းလိုက်နာရမယ့် ကျင့်ဝတ်ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ရင် ဒီကျင့်ဝတ် (၅)ပါးကို အမြဲစောင့်ထိန်းဖို့လိုတယ်'' ဟူ၍ ပထမဦးဆုံး တရားကို ချွေးဒီးဒီးကျအောင် ဟောကြားခဲ့ရကြောင်းကိုလည်း မှတ်သားသိခဲ့ရသဖြင့် အတုယူဖွယ် ဖြစ်ပါတော့သည်။

ဆရာတော်ကြီးသည် ကုသိနာရုံ ဝတ္တကမြေများ ရရှိရေးတရားရုံးတွင် ခက်ခဲပင်ပန်းစွာရင်ဆိုင် အဆင့်ဆင့်ကျော်လွှားရရုံသာမက မြေပြင်တွင်လည်း ရွာသားများ၏ နှောင့်ယှက်ဖျက်ဆီးခြင်းကို အကြိမ်များစွာ ခံစားရပါသော်လည်း မလျှော့သောဇွဲ၊ လုံ့လ၊ သာသနာအတွက် ကြံ့ခိုင်သောစိတ် ပြင်းပြစွာဖြင့် အောင်မြင်စွာ သာသနာ့ဝန်ထမ်းခဲ့သည်များမှာလည်း မှတ်သားအတုယူဖွယ်အတိ ဖြစ်ပါသည်။ ကျောင်းတိုက်ဖြစ်မြောက်ရေးသာမက သာသနာတော်ပြန့်ပွားရေးအတွက် ပညာသင်ကြားရေးကို စည်းရုံး၍ ထူးချွန်ဆုချီးမြှင့်ခြင်း၊ ဘာသာစကားပါ သင်ကြားဖွံ့ဖြိုးစေခြင်းတို့မှာ အံ့မခန်းဖွယ်ဖြစ်ပါသည်။

မိမိသည် ပင်စင်ယူပြီးမှ မဇ္ဈိမဒေသသို့ (၂၀၀၉) ခုနှစ်တွင် ပထမအကြိမ် ဘုရားဖူးရောက်ခဲ့ရခြင်းဖြစ်ပါသည်။ တစ်ကြိမ်ရောက်ကတည်းကပင် မြတ်ဗုဒ္ဓ၏ ဓာတ်တော်များ

ကုသိနာရုံဆရာတော်ကြီးအပါအဝင် ရှေးရှေးဆရာတော်ကြီးများမှစ၍ ယခုလက်ရှိ ဗုဒ္ဓဂယာမှဆရာတော်ကြီးများ၊ မိဂဒါဝုန်မှ ဆရာတော်ကြီး၊ ဓမ္မစကြာဆရာတော်၊ သာဝတ္ထိဆရာတော်၊ မိမိတို့ ဘုရားဖူးရောက်ရာ မြို့တိုင်းမှ ဆရာတော်များ၊ မည်မျှပင်ပန်းဆင်းရဲကြောင်း၊ ကျန်းမာရေးကို ဦးစားမပေးနိုင်ဘဲ ကျောင်းမြေနေရာရရှိရေး၊ မြေရပြန်တော့ ကျောင်းအဆောက်အဦးဆောက်လုပ်ရေး၊ ဆောက်လုပ်ရာတွင်လည်း အိန္ဒိယနိုင်ငံသားများကို ဦးစီးကွပ်ကဲထိန်းချုပ် စည်းရုံး၍ ဆောက်လုပ်ရသည်မှာ ကိုယ်စိတ်နှစ်ပါး လွန်စွာ ပင်ပန်းဆင်းရဲလှပါသည်။

ရပ်ခြားမှ ဘုရားဖူးခရီးသည်များ ချမ်းသာစွာနေထိုင်၊ လှည့်လည်ဘုရားဖူး၊ သံဝေဂကုသိုလ်များယူနိုင်ရေးအတွက် ကျောင်းတော်များဆောက်လုပ်ရန် မြေနေရာရရှိရေးကအစ မလွယ်ကူလှပါ။ ရောက်ရှိခဲ့သော မြို့တိုင်း၊ ကျောင်းတိုင်း မြေနေရာမှစ၍ ခက်ခဲကြောင်းသိရှိခဲ့ရပါသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အထောက်အပံ့ရရှိရေးဆိုသည်မှာ ဝေလာဝေးဖြစ်ပါသည်။ ကျောင်းဆောက်လုပ်ရန် မြေနေရာ ရရှိရေး တရားဝမ္ပရင်ဆိုင်ကြရသည်မှာလည်း ယခုတိုင်ဖြစ်ပါသည်။ ကုသိနာရုံဆရာတော်ကြီးအပါအဝင် ရှေးရှေးဆရာတော်ကြီးများမှစ၍ ယခုလက်ရှိ ဗုဒ္ဓဂယာမှဆရာတော်ကြီးများ၊ မိဂဒါဝုန်မှ ဆရာတော်ကြီး၊ ဝမ္မစကြာဆရာတော်၊ သာဝတ္ထိဆရာတော်၊ မိမိတို့ ဘုရားဖူးရောက်ရာ မြို့တိုင်းမှ ဆရာတော်များ၊ မည်မျှပင်ပန်းဆင်းရဲကြောင်း၊ ကျန်းမာရေးကို ဦးစားမပေးနိုင်ဘဲ ကျောင်းမြေနေရာရရှိရေး၊ မြေရပြန်တော့ ကျောင်းအဆောက်အဦးဆောက်လုပ်ရေး၊ ဆောက်လုပ်ရာတွင်လည်း အိန္ဒိယနိုင်ငံသားများကို ဦးစီးကွပ်ကဲထိန်းချုပ်စည်းရုံး၍ ဆောက်လုပ်ရသည်မှာ ကိုယ်စိတ်နှစ်ပါး လွန်စွာပင်ပန်းဆင်းရဲလှပါသည်။ ဆရာတော်ဘုရားကြီးများ ကိုယ်တိုင်ဆောက်လုပ်ရာ ကွင်းပြင်တွင် သင်္ကန်းခေါင်းရုံ၍ ပင်ပန်းကြီးစွာ ကြီးကြပ်ကွပ်ကဲနေရသည်ကိုလည်း အခါခါ မြင်တွေ့ခဲ့ရဖူးပါသည်။

ကိန်းအောင်းရာ မြေမြတ်မဟာသည် ကုသိုလ်တရားများ၊ သဒ္ဓါတရားများ၊ သံဝေဂတရားများ အခါခါပွားများရုံသာမကဘဲ အထပ်ထပ်အခါခါသွားလို ဖူးမြော်လိုသော စိတ်စေတနာကောင်းများ မပြတ်ပေါ်လာကာ လေးကြိမ်မြောက်ထိ ဘုရားဖူးရောက်ခဲ့ရပါသည်။ ပထမအကြိမ်ရောက်ပြီးစဉ်ကပင် ထူးခြားလှစွာ ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ သာဝတ္ထိ၊ ကုသိနာရုံမြို့များမှ ဆရာတော်ကြီးများ၊ သံဃာတော်အရှင်မြတ်များကို အလွန်တန်ဖိုးထား၊ လေးစားရိုသေ ဦးခိုက်မိပါသည်။ မိမိနှလုံးသားမှ သဒ္ဓါတရား (ရတနာသုံးပါးနှင့် ကံကံ၏အကျိုးကို ယုံကြည်ခြင်း)ကြောင့်ပင် ဖြစ်ပါသည်။ ဆရာတော်ကြီးများ၊ သံဃာတော်များကို ဖူးတွေ့ရသည်မှာ ဆွေမျိုးရင်းချာများ ပြန်လည်ဆုံတွေ့ခွင့်ရဘိသကဲ့သို့ ရင်းနှီးခဲ့ရလေသည်။

အရှင်မြတ်များအား ရက်ပိုင်းလေးပင် ဖူးတွေ့ရလင့်ကစား အိန္ဒိယကဲ့သို့သော တိုင်းတပါးနိုင်ငံရပ်ခြားတွင် သာသနာပြု ရပ်တည်နေကြရသော ပင်ပန်းဆင်းရဲဒုက္ခအပေါင်းစုံကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရပါသည်။ ဆရာတော်ကြီးများသည် မိမိတို့မြန်မာနိုင်ငံအပါအဝင် နိုင်ငံ

ဘုရားဖူးအလှူရှင်ဒကာများ ကုသိုလ်ပွားများနိုင်ရေး ဒကာများကိုယ်စား ကိုယ်တိုင်ကွင်းဆင်းပင်ပန်းကြီးစွာ စည်းရုံး၍ ဆောက်လုပ်နေကြရသည်ကို မြင်တွေ့ရပါသည်။ ဆရာတော်ကြီးများမှာ အစာအိမ်ရောဂါရ၊ သွေးတိုးရောဂါရဖြင့် မကြာခဏ တွေ့ကြုံရပါသည်။ သံဃာတော်ငယ်များမှာလည်း ဆရာတော်ကြီးများကို ကိုယ်စားကူညီဝတ်ဖြည့်ရင်း၊ ပညာသင်ကြားခြင်းတစ်ဖက်ဖြင့် ကျောင်းတွင် လာရောက်တည်းခိုသော ဘုရားဖူးခရီးသည်များ၏ နားခိုနေထိုင်ရေး၊ စားရေးသောက်ရေးများကို မအားလပ်ရဘဲ ပင်ပန်းစွာ အပြည့်အဝတာဝန်ယူကြရပါသည်။ အချိန်မတော် ဈေးပြေး

ရသည်ကိုလည်း မြင်တွေ့ဖူးပါသည်။ မြန်မာပြည်တွင်ကဲ့သို့ ပစ္စည်းလေးပါးထောက်ပံ့မည့် ဒကာလည်းမရှိ၊ အချိန်မီ ဆွမ်းကပ်မည့်သူလည်းမရှိပါ။ မိမိတို့အနေဖြင့် ဘုရားဖူး ရောက်ခိုက် မီးဖိုတွင်းဝင်၍ ဆွမ်းကွမ်းဝေယျာဝစ္စစီမံသော အခါတိုင်း သံဃာတော်များ၏ ဘုရားဖူးခရီးစဉ်တစ်ဘက် နှင့်မို့ မောပန်းမှာစိုးရိမ်သည့် မေတ္တာစေတနာ၊ မီးဖိုတွင်း ဝင်ကျောင်းတွင် ကူညီကုသိုလ်ယူသဖြင့် မြန်မာပြည်ပြန် ရောက်နေသကဲ့သို့ ခံစားမှုများကိုလည်း မိမိကိုယ်တိုင် မြင်တွေ့ခံစားခဲ့ရပါသည်။ အိန္ဒိယဘုရားဖူးရောက်ရာ ကျောင်းတိုင်းတွင် မိမိတို့ကလည်း ကိုယ့်သံဃာတော်များ ပင်ပန်းနွမ်းနယ်နေသည်ကို မကြည့်ရက်၊ ဝိုင်းဝန်းကူ၊ သံဃာတော်အပေါင်းမှလည်း မိမိတို့ဘုရားဖူးများ ပင်ပမ်း နွမ်းနယ်နေသည်ကို မကြည့်ရက်၊ ဝိုင်းဝန်းကူ၊ သံဃာတော် အပေါင်းမှလည်း မိမိတို့ဘုရားဖူးများ ပင်ပမ်းနွမ်းနယ် နေသည်ကို ဂရုတစိုက် ဝိုင်းဝန်းကျွေးမွေးစောင့်ရှောက် ကြသဖြင့် သံဃာတော်အပေါင်းနှင့် မိမိတို့မှာ ဆွေမျိုးရင်းချာ ပမာ ခံစားရရင်း ဦးညွှတ်ရှိသေကြည်နူးမဆုံးဖြစ်ရပါသည်။ ဘုရားဖူးရာသီ ဖြစ်သော အောက်တိုဘာလမှ ဧပြီလအထိ ဘုရားဖူးများဖြင့် ပင်ပန်းသော်လည်း မြန်မာပြည်သူများဖြင့် မြန်မာပြည်ကဲ့သို့ ရင်မှာခံစားကြရသော သံဃာတော်များမှာ ဘုရားဖူးများမရှိသော မေလမှ စက်တင်ဘာလအထိ အချိန်မှာတော့ ပုထုစဉ်လူသားပေမို့ အမိမြေကို တမ်းတကြ သည်ကိုလည်း တွေ့မြင်အားပေးသမှုပြုရင်း သာသနာ့ ဘောင်တွင် ပျော်ရွှင်ဖွယ်အေးချမ်းပါကြောင်း လူ့ဘုံလောက ဒုက္ခပင်လယ်ဝေ၍ ရှုပ်ထွေးလှပါကြောင်း လျှောက်ထားရ ပေသည်။

ကုသိနာရုံဆရာတော်ကြီး၏ ဂုဏ်အင်္ဂါများ မျှော်တွေးပူဇော်ရင်း အိန္ဒိယမှ သာသနာပြုပုဂ္ဂိုလ်ဆရာတော် သံဃာတော်များ၏ ကျေးဇူးဂုဏ်တို့ကြောင့် မိမိတို့သည် ဘဝတွင် တန်ဖိုးမဖြတ်နိုင်သော အိန္ဒိယဘုရားဖူးခရီးစဉ်ကို ချမ်းသာစွာသွားလာခွင့်ရကြ၍ ယခုအခါ ဝိပဿနာတရား စခန်းများပါ တရားပြဓမ္မကထိကဆရာတော်အကျော်အမော် ကြီးများကိုယ်တိုင် လိုက်ပါချီးမြှင့်တော်မူသဖြင့် သံဝေဇနိယ လေးဌာန၊ အဝိဇဟိတလေးဌာနသာမကဘဲ မြတ်ဗုဒ္ဓ၏ ခြေတော်ရာဒွါများကိန်းအောင်းရာ မြေမြတ်မဟာတွင် တစ်ထိုင်တည်းပင် နိဗ္ဗာန်ဝင်နိုင်အောင် ကျင့်ကြံကြိုးစား ပွားများအားထုတ်နိုင်ကြပြီဖြစ်ပါသည်။ သံသေဂဉာဏ်များ လည်း ပွားများနိုင်ကြသဖြင့် မိမိတို့မသေမီ ဘုရားဖူးစဉ် သံဝေဂဉာဏ်များ ဇောပြင်းပြင်းဖြင့် ဝင်ရောက်ပြီး ဖြစ်ပျက် ရှုခန္ဓာဉာဏ်ဆိုက်ရောက်ရန် အထောက်အပံ့ကောင်းများရ မည်မှာ မလွဲပါသဖြင့် ဆရာတော်ဘုရားကြီးမှစ၍ သာသနာ ပြုဆရာတော်သံဃာတော်တို့၏ ကျေးဇူးဂုဏ်တော်တို့ကို မပြည့်စုံနိုင်ပါသော်လည်း အထူးကော်ရော်ပူဇော်၍ ဤ ဆောင်းပါးလေးဖြင့် သဒ္ဓါရွှင်လန်း ဝမ်းပမ်းတသာ ဦးခိုက် လိုက်ရပါသည်။

ခင်စောဝင်း(မြန်မာ့လေကြောင်း)

ခန္ဓာဆိုတာ မြေကြီးအဖြစ်ဖို့
ပစ္စည်းဆိုတာ ထိုက်သူရဖို့
အကုသိုလ်ဆိုတာ ဒုက္ခရဖို့
ကုသိုလ်ဆိုတာ ချမ်းသာရဖို့
တရားဆိုတာ နိဗ္ဗာန်ရဖို့
ထောင်မြင်လျှင် ရာကိုစွန့်
နိဗ္ဗာန်ချမ်းသာကို လိုချင်ရင်
လောကီချမ်းသာကို စွန့်ပါ။

(မဟာသုတပညာပေးဆောင်ခွဲကျမ်းမှ)

အနာဂါရိက ဓမ္မပါလ

ပါရဂူ

မြန်မာနိုင်ငံသည် နှစ်ပေါင်း တစ်ရာကျော်မျှ နယ်ချဲ့၏ စိုးမိုးအုပ်ချုပ်မှုကို ခံခဲ့ရသည်။ သီရိလင်္ကာနိုင်ငံ၏ ကျွန်သက်ကား မြန်မာနိုင်ငံထက် နှစ်ဆလောက်ပိုသည်။ သီရိလင်္ကာနိုင်ငံသည် နှစ်ပေါင်းသုံးရာကျော်မျှ နယ်ချဲ့လက်အောက်ခံ ရောက်ခဲ့ရသည်။ နှစ်ပေါင်း သုံးရာကျော်အတွင်း သီရိလင်္ကာနိုင်ငံ၌ နယ်ချဲ့ဦးခေါင်း သုံးကြိမ်ပြောင်းသည်။ ပထမ ပေါ်တူဂီ၏ ကြီးစိုးမှုခံရသည်။ ပေါ်တူဂီ၏နေရာကိုယူသော ဒုတိယနယ်ချဲ့မှာ ဒပ်ချ်ဖြစ်သည်။ ဗြိတိသျှတို့ကား သီရိလင်္ကာနိုင်ငံကို စိုးမိုးအုပ်ချုပ်သော တတိယကိုလိုနီဖြစ်သည်။ နယ်ချဲ့သုံးဦးလုံးပင် သီရိလင်္ကာနိုင်ငံ၏ ဘာသာတရားကို လုံးပါးပါးစေခဲ့သည်။ အမျိုးသားယဉ်ကျေးမှုကို မှေးမှိန်စေခဲ့သည်။ အမျိုးသားစီးပွားရေးကို နိမ့်ကျစေခဲ့သည်။ နယ်ချဲ့သုံးဦးတို့၏ ဆက်တိုက်ဖိနှိပ်မှုကြောင့် နိမ့်ကျနေသော တိုင်းပြည်ဘာသာတရားနှင့် ယဉ်ကျေးမှုကို တစ်ဖန်နာလန်ထူလာအောင် လုပ်ဖို့ရန် ခေါင်းဆောင်ကောင်းလိုအပ်နေသည့် အချိန်ကာလဖြစ်သော (၁၈၆၄)ခုနှစ် စက်တင်ဘာလ၌ သီရိလင်္ကာနိုင်ငံသည် ''သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့'' ကို မွေးဖွားလိုက်လေသည်။ ထိုသားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ကား ဗုဒ္ဓဘာသာလောက၌ ''အနာဂါရိယ ဓမ္မပါလ''ဟူသော အမည်နာမဖြင့် ထင်ပေါ်ကျော်ကြားလှသူသိများသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ပေသည်။

ဓမ္မပါလသည် အမိနိုင်ငံ၏ ဘာသာတရားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ခဲ့သည်သာမက နှစ်ဆယ်ရာစုအတွင်း၌ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓယဉ်ကျေးမှုကို ကမ္ဘာတစ်ဝန်းလုံး၌ အထိရောက်ဆုံးနှင့် အကျယ်ပြန့်ဆုံး အကျိုးပြုသွားသော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ဓမ္မပါလသည် ကုံလုံကြွယ်ဝသော အိမ်ထောင်စု၌ ဖွားမြင်သူဖြစ်သည်။ သူမွေးဖွားသည့်အချိန်၌ သီရိလင်္ကာနိုင်ငံဝယ် အမျိုးသားယဉ်ကျေးမှု မှေးမှိန်ပြီး အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုးကြီးစိုးနေသည်။ အုပ်စိုးသူ၏ ဘာသာတရားနှင့် ယဉ်ကျေးမှုကို အထင်ကြီးနေကြသည်။

မြန်မာနိုင်ငံမှာကဲ့သို့ပင် မိမိတို့၏ သားသမီးများကို ခရစ်ယာန်သာသနာပြုကျောင်းများ၌ထားရမှ ဂုဏ်ရှိသည်ဟူ၍ ထင်နေကြသည်။ အင်္ဂလိပ်အမည်၊ ခရစ်ယာန်အမည် မှည့်ခေါ်ကြသည်မှာ ဖက်ရှင်တစ်ခုဖြစ်နေသည်။ ထိုပတ်ဝန်းကျင်၊ ထိုအသိုင်းအဝန်း၌ မွေးဖွားလာရသူဖြစ်၍ ဓမ္မပါလသည်လည်း ငယ်စဉ်က ခရစ်ယာန်သာသနာပြုကျောင်း၌ စတင် ကျောင်းတက်ရလေသည်။ သူ၏ ငယ်နာမည်မှာ ''ဒွန်ဒေးဗစ်'' ဖြစ်နေသည်။ သို့ရာတွင် တောက်မည့်မီးခဲမှာ မဆွကပင် တရဲရဲဖြစ်နေ၍ ဓမ္မပါလသည် နှစ်အတန်ငယ်ကြာသွားသောအခါ ခရစ်ယာန်သာသနာပြုကျောင်းမှ ထွက်လျက် ဗုဒ္ဓဘာသာကျောင်းတစ်ကျောင်းတွင် ပြောင်းနေလိုက်သည်။

အရွယ်ရောက်လာသောအခါ ဓမ္မပါလသည် အစိုးရဌာနတစ်ခုတွင် စာရေး စာချီအဖြစ် ဝင်ရောက်အမှုထမ်းသေးသည်။ သို့ရာတွင် အမှု ထမ်းဘဝသည် သူ့ဝါသနာနှင့် မဟပ် သဖြင့် မကြာခင်မှာပင် မိဘများ ပိတ်ပင်တားမြစ်သည့်ကြားထဲကပင် အစိုးရ

အမှုထမ်းအဖြစ်က နုတ်ထွက်ခဲ့လေသည်။

(၁၈၈၄)ခုနှစ် အသက် (၁၈)နှစ်အရွယ်တွင် ဓမ္မပါလသည် သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဘာသာ သီယိုဆိုဖီ အသင်းလှုပ်ရှားမှုများတွင် ပါဝင်လာလေသည်။ သီရိလင်္ကာနိုင်ငံသို့ ရောက်လာသော ဗုဒ္ဓဘာသာ သီယိုဆိုဖီ အသင်းခေါင်းဆောင် ''မဒမ်ဘာလာဗတ်စကီး၊ ကာနယ်အောလကော့''တို့နှင့် တွေ့ဆုံခွင့်ရပြီးလျှင် သီယိုဆိုဖီအသင်း၏ လှုပ်ရှားမှုများတွင် ကိုယ်ထိလက်ရောက် အကူအညီပေးခဲ့လေသည်။ မိမိ၏ အမည်ကိုလည်း ''ဒွန်ဒေးဗစ်''မှ ''ဓမ္မပါလ''ဟူ၍ ပြောင်းပစ်လိုက်လေသည်။ ထိုအချိန်မှစ၍ ဓမ္မပါလသည် သူ၏ဘဝကို အများကောင်းစားရေး အကျိုးပြုလုပ်ငန်းများ၌သာ မြှုပ်နှံထားလိုက်လေသည်။

ဓမ္မပါလသည် နိုင်ငံခြားယဉ်ကျေးမှု မှိုင်းမိပြီး မိန်းမောနေကြသော သီရိလင်္ကာ နိုင်ငံသူနိုင်ငံသားများအား လှုပ်နိုးခဲ့လေသည်။ ယာဉ်ငယ်တစ်ခုကို ဖန်တီးလျက် ထိုယာဉ်ငယ် ကလေးဖြင့် ဓမ္မပါလသည် နယ်အနှံ့၊ ရွာအနှံ့ ခရီးဖြန့်ခဲ့လေသည်။ ထိုယာဉ်၌ စည်ငယ်ကလေးတစ်ခု ဝပ်ထားသည်။ ရောက်ရာအရပ်၌ စည်ကိုတီးသည်။ စည်သံကြားရသည့်အခါ လူထုပရိသတ် စုရုံးရောက်ရှိလာကြသည်။ ဓမ္မပါလသည် သူ၏ယာဉ်ငယ်ကလေးပေါ်မှ လူထုပရိသတ်ကို တရားဟောလေ့ရှိသည်။ သူ၏ဟောပြောချက်များသည် သီရိလင်္ကာနိုင်ငံသူနိုင်ငံသားများအား မျက်လုံးပွင့်စေခဲ့သည်။

ဝံသာနုခေတ်က မြန်မာနိုင်ငံတွင် မြန်မာမျိုးချစ်များသည် မြန်မာအမျိုးသမီးများအား အင်္ကျီပါးမဝတ်ရန် တရားဟောကြသည်။ မြန်မာလူမျိုးတို့အား ပြည်တွင်းဖြစ် ပင်နီဝတ်ရန် တိုက်တွန်းကြသည်။ ထိုနည်းအတူပင် သီရိလင်္ကာနိုင်ငံမျိုးချစ်များသည်လည်း နိုင်ငံခြားအတုယူ၍ ဂါဝန်ဝတ်ကြသည့် သီရိလင်္ကာအမျိုးသမီးများအား အမျိုးသားအဝတ်ဝတ်ရန် တရားဟောကြသည်။ ထိုမျိုးချစ်များထဲတွင် ဓမ္မပါလသည် ရှေ့တန်းက ပါဝင်သည်။ ဓမ္မပါလသည် အခွင့်ကြုံတိုင်း နိုင်ငံခြားပစ္စည်းများကို မသုံးဘဲ ပြည်တွင်းဖြစ်ပစ္စည်းများကိုသာ အသုံးပြုရန် ဟောပြောတိုက်တွန်းသည်။ သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်သူတစ်ဦးဖြစ်သဖြင့် အင်္ဂလိပ်အစိုးရက သူ့ကို ရန်ငြိုးထားသည်။

ထိုအချိန်က ဓမ္မပါလ၏ လှုပ်ရှားမှုသည် အိန္ဒိယပြည်မှ ဘာသာရေးနှင့် ယဉ်ကျေးမှု ခေါင်းဆောင်များ ဖြစ်ကြသည့် ရာဂျာရာမမိုမာန်ရွိုင်း၊ ဆွာမိဒယာနန္ဒ၊ ဆွာမိရာမတိရထ၊ ဆွာမိဝိဝေကာနန္ဒတို့၏ လှုပ်ရှားမှုများကဲ့သို့ပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များ၏ သွန်သင်ဟောပြောချက်များသည် ပြည်သူလူထု၏ စိတ်ပိုင်းဆိုင်ရာ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်သာမက အမျိုးသားလွတ်လပ်ရေးကို ရှေးရှုသည့် မျိုးချစ်စိတ်များကိုလည်း အရှိန်အဟုန် မြှင့်တင်ပေးခဲ့လေသည်။ မဟတ္တမဂန္ဓီကဲ့သို့ပင် ဓမ္မပါလကလည်း ''ကျွန်ုပ်၏ သစ္စာတရားကို လေးစားမြတ်နိုးမှုသည် ကျွန်ုပ်အား နိုင်ငံရေးနယ်ပယ်တွင်းသို့ တွန်းပို့လိုက်လေသည်။ ဘာသာတရားနှင့် နိုင်ငံရေး မည်သို့မျှ ဆက်စပ်မှု မရှိဟူ၍ ပြောသူများသည် ဘာသာတရား၏ အနက်အဓိပ္ပါယ်ကို သဘောမပေါက်ကြသူများဖြစ်၏ဟု ကျွန်ုပ်ပြောရဲသည်''ဟူ၍ ကြွေးကြော်ခဲ့လေသည်။ မိမိနိုင်ငံလွတ်လပ်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်သူဖြစ်၍ သူ့ကို အင်္ဂလိပ်အစိုးရက ပထမကမ္ဘာစစ်အတွင်း၌ အချိန်ကြာမြင့်စွာ ချုပ်နှောင်ထားခဲ့ဖူးသည်။

ဓမ္မပါလသည် သီရိလင်္ကာနိုင်ငံတွင် အမျိုးသားယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး

အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သည်။ ဆေးရုံများကို တည်ထောင်သည်။ ဗုဒ္ဓဘာသာ စာသင်ကျောင်းများနှင့် ကောလိပ်ကျောင်းများကို ဖွင့်လှစ်သည်။ သီရိလင်္ကာနိုင်ငံ၌ အမျိုးသား ယဉ်ကျေးမှုပြန်လည်ထွန်းကားရေးနှင့် ဗုဒ္ဓဘာသာ ပြန့်ပွားရေးလုပ်ငန်းများကို အထိုက်အလျောက် ဆောင်ရွက်ပြီးသောအခါ ဓမ္မပါလသည် အိန္ဒိယနိုင်ငံသို့ အာရုံရောက်သွားသည်။ ထိုအချိန်၌ ဗုဒ္ဓဘာသာ စတင်ဖြစ်ထွန်းရာ ဒေသဖြစ်သော်လည်း အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ၏ အရိပ်အရောင် ပျောက်ကွယ်လုမတတ်ဖြစ်နေသည်။

နာမည်ကျော် ''အာရှ၏ အလင်းရောင်'' ကဗျာကျမ်းကို ရေးဖွဲ့သော ဆာအက်ဒွင်အာနိုးသည် ''တယ်လဂရပ်''အမည်ရှိ လန်ဒန်အပတ်စဉ်၌ ဗုဒ္ဓဂယာနှင့် ဗုဒ္ဓဂယာ ပတ်ဝန်းကျင်အခြေအနေမှန်ကို ဖော်ပြသော ဆောင်းပါးများကို အခန်းဆက်နှင့် ရေးသားခဲ့လေသည်။ ယင်းဆောင်းပါးများသည် ဓမ္မပါလ၏ အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာ ပြန်လည်ဖော်ထုတ်ရေး စိတ်ဆန္ဒကို အရှိန်အဟုန်မြှင့်တင်ပေးလိုက်လေသည်။ ဓမ္မပါလသည် ''အနာဂါရိက'' အဖြစ်ဖြင့် မိမိ၏ဘဝကို မဟာဗောဓိစေတီတော် နေရာမှန်ပြန်ရောက်ရေးနှင့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားလာရေးအတွက် လုံးလုံးမြှုပ်နှံလိုက်လေသည်။

(၁၈၉၁)ခုနှစ်၌ ဓမ္မပါလသည် အိန္ဒိယသို့ လာခဲ့သည်။ ပထမ ဗုဒ္ဓဂယာသို့ ရောက်သွားသည်။ ထိုအချိန်၌ ဗုဒ္ဓဂယာ၏ အခြေအနေမှန်မှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်နေသည်။ သိဒ္ဓတ္ထဂေါတမ သစ္စာလေးပါးတရား သိမြင်ပြီး သမ္မာသမ္ဗုဒ္ဓအဖြစ် ရောက်တော်မူရာဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် အရေးအကြီးဆုံး၊ အထွတ်အမြတ်ဆုံးနေရာဌာနဖြစ်သော်လည်း ဗောဓိပင်နှင့် မဟာဗောဓိစေတီတော်ကို ဟိန္ဒူဘုန်းကြီးမဟန့်က အပိုင်စီးထားသည်။ ဗုဒ္ဓဘာသာ တစ်လောကလုံးအတွက် စိတ်မချမ်းမမြေ့ဖြစ်နေကြရသည့် ယင်းအခြေအနေကို ရင်ထုမနာ ဖြစ်သွားပြီးလျှင် ဗုဒ္ဓဘာသာတို့၏ လက်ထဲသို့ မဟာဗောဓိစေတီတော်ပြန်ရောက်ရေးအတွက် စတင်တိုက်ပွဲဝင်လေတော့သည်။ ထိုတိုက်ပွဲကား သူ့ဘဝအတွက် အဆုံးအဖြတ်ပေးသော တိုက်ပွဲဖြစ်သည့်အပြင် တစ်ပြိုင်နက်တည်းမှာပင် ဗုဒ္ဓဘာသာသမိုင်း၌ မှတ်တိုင်တစ်တိုင် စိုက်ထူလိုက်သော တိုက်ပွဲလည်းဖြစ်နေပေသည်။

ဓမ္မပါလ၏ ဘဝသည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီနှင့် တစ်သားတည်းဖြစ်နေသည်။ ထို့ကြောင့် ဓမ္မပါလ၏ ဘဝကို သရုပ်ဖော်ရာ၌ ဗုဒ္ဓဂယာ မဟာဗောဓိ၏ ဇာတ်ကြောင်းကိုလည်း ပြန်လှန်မှ ပြည့်စုံပေလိမ့်မည်။

ဗုဒ္ဓဂယာကား ဗုဒ္ဓဘာသာဝင်များအတွက် ရှိခိုးဦးတိုက်ရသည့် အမြင့်မြတ်ဆုံး နေရာဌာနဖြစ်သည်။ ''ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ကို ဦးစွာတည်သူမှာ အသောကမင်းတရားကြီးဖြစ်၏''ဟူ၍ အဆိုရှိသည်။ မူလ ရွှေတိဂုံစေတီတော်ကို နောက်နောင်ဘုရင်များ အထပ်ထပ်မွမ်းမံကြသကဲ့ သို့ အသောကမင်းတရားကြီး တည်သွားခဲ့သည့် မဟာဗောဓိစေတီတော်ကိုလည်း နောက်ပိုင်းဘုရင်များက ထပ်မံ ပွမ်းမံကြလေသည်။ ယနေ့ဖူးတွေ့နေရသည့် မဟာဗောဓိစေတီမှာ ခရစ်နှစ် နှစ်ရာစုလောက်က ပြုပြင်မွမ်းမံထားသည့် စေတီဖြစ်သည်ဟူ၍ ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေရာဖြစ်ခြင်းကြောင့် အိန္ဒိယပြည်ရှိ ခေတ်အဆက်ဆက်က ဗုဒ္ဓဘာသာဝင်များသာမကဘဲ ကမ္ဘာ့အရပ်ရပ်က

ဗုဒ္ဓဘာသာဝင်များလည်း မဟာဗောဓိစေတီကို ဦးခိုက်ကြလေသည်။ မြန်မာ့သမိုင်းတွင်လည်း မြန်မာဘုရင်များသည် ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ကို ဦးခိုက်ပူဇော်ကြလေ သည်။ အသောကဘုရင်မင်းကြီး စတင် တည်ထားခဲ့သည့် မဟာဗောဓိစေတီကို ပြုပြင်မွမ်းမံသော ပထမဦးဆုံး မြန်မာဘုရင်မှာ ကျန်စစ်သားဖြစ်သည်။ ကျန်းစစ်သားလက်ထက်က မဟာဗောဓိစေတီ၏ အခြေအနေမှာ ယိုယွင်းနေသည်။ ထို့ကြောင့် ကျန်စစ်သားသည် မဟာဗောဓိစေတီကို ပြုပြင်မွမ်းမံစေခဲ့ဖူးသည်။ ရခိုင်ဘုရင်မင်းလက်ယာ၊ သတိုးမင်း၊ ဆင်ဖြူရှင်မင်းတရားကြီး၊ ဘိုးတော်၊ ဘကြီးတော်၊ မင်းတုန်း၊ သီပေါမင်းတို့သည်လည်း ကိုယ်စားလှယ်တော်များကို စေလွှတ်၍ မဟာဗောဓိ၌ ကျောက်စာရေးထိုးခြင်း၊ ကျောင်း၊ တန်ဆောင်းဆောက်လုပ်လှူဒါန်းခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။ ဓမ္မစေတီမင်းကြီးသည် မဟာဗောဓိစေတီတော်ပုံကို ကူးယူရန် ကိုယ်စားလှယ်စေလွှတ်ခဲ့ဖူးသည်။

ဓမ္မပါလ ဗုဒ္ဓဂယာ ရောက်သွားသောအခါ ယင်းကဲ့သို့ ဗုဒ္ဓဘာသာလောက၏ အထွတ်အမြတ်ဖြစ်သော မဟာဗောဓိစေတီတော်မှာ ဟိန္ဒူမဟန့်၏ လက်ထဲရောက်နေပြီး မဟန့်၏ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ဖြစ်နေသည်။ သို့ဖြစ်၍ ဓမ္မပါလသည် မဟာဗောဓိစေတီ နေရာမှန် ပြန်ရောက်ရှိရေးအတွက် မဆုတ်မနစ် ကြိုးပမ်းအားထုတ်လေတော့သည်။ ယင်းသို့ ကြိုးပမ်း အားထုတ်ရာ၌ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ရသည်။ သို့ရာတွင် နောက်ပြန်မဆုတ်ပေ။ ရှေ့သို့သာ တိုးခဲ့လေသည်။

ဗုဒ္ဓဂယာတွင် ဓမ္မပါလသည် မင်းတုန်းမင်းတရားကြီး လှူဒါန်းဆောက်လုပ်ထားသည့် တန်ဆောင်းတွင် တည်းခိုနေထိုင်လျက် စာနယ်ဇင်းများမှတစ်ဆင့် ဗုဒ္ဓဂယာတွင် အခြေအနေမှန်ကို ဖော်ပြပြီးလျှင် သီရိလင်္ကာ၊ မြန်မာ၊ အိန္ဒိယရှိ ဗုဒ္ဓဘာသာဝင်များအား ဗုဒ္ဓဘာသာဝင်တို့၏ လက်ထဲသို့ မဟာဗောဓိစေတီ ပြန်လည်ရောက်ရှိ ရေးအတွက် အားပေးကူညီကြရန် လှုံ့ဆော်တိုက်တွန်းလေသည်။ ဗုဒ္ဓဘာသာ တိုင်းနိုင်ငံများသို့ လူကိုယ်တိုင် ကြွရောက်၍လည်း မဟာဗောဓိစေတီ၏ အခြေအနေမှန်ကို ရှင်းလင်းတင်ပြသည်။ ထောက်ခံအားပေးမှုကို ရယူသည်။ (၁၈၉၁)ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ပြန်ကြွ၍ သူ၏မြင့်မြတ်သော ရည်ရွယ်ချက်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် မဟာဗောဓိအသင်းကို တည်ထောင်သည်။ မဟာဗောဓိအသင်း တည်ထောင်ပြီး နောက်တစ်နှစ်၌ ဓမ္မပါလသည် မြန်မာနိုင်ငံသို့ ရောက်လာသည်။ ဆူးလေဘုရားတွင် မြန်မာဗုဒ္ဓဘာသာလူထုအား ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားရေးနှင့် မဟာဗောဓိစေတီ ပြန်လည်ရရှိရေးအတွက် စိတ်အားတက်ကြွဖွယ် တရားဟောကြားသွားလေသည်။

(၁၈၉၂)ခုနှစ်တွင် မဟာဗောဓိအသင်းရုံးကို ကာလကတ္တားသို့ ရွှေ့ပြောင်းလာသည်။ ထိုနှစ်မေလတွင် အင်္ဂလိပ်ဘာသာဖြင့် ''မဟာဗောဓိ'' ဂျာနယ်ကို စတင်ထုတ်ဝေသည်။ ထိုဂျာနယ်မှ သူသည် ဗုဒ္ဓတရားနှင့် ပတ်သက်သော ဆောင်းပါးများကိုလည်းကောင်း၊ ဗုဒ္ဓဘာသာလူထုအား တပ်လှန့်နိုးဆော်သည့် ဆောင်းပါးများကိုလည်းကောင်း အဆက်မပြတ် ရေးသားခဲ့သည်။ (၁၈၉၂)ခုနှစ်မှ စတင် ထုတ်ဝေခဲ့သော ''မဟာဗောဓိ''ဂျာနယ်သည် ယခုထက်တိုင်ပင် အဆက်မပြတ် ထွက်နေပေသည်။ ဓမ္မပါလ၏စာများ၊ ဆောင်းပါးများသည် ဗုဒ္ဓဘာသာလောကအတွင်း၌ များစွာသြဇာစူးရှ လွှမ်းမိုးခဲ့သည်။ ကွယ်လွန်သူ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံ

အမတ်ကြီး ဦးတင့်ဆွေက သူ၏ "ကျွန်ုပ်ဗုဒ္ဓ ဘာသာ ဝင်လား"အမည်ရှိ ဆောင်းပါး၌ သူ့အား ဗုဒ္ဓဘာသာကို စိတ်ပါဝင်စားလာအောင် ပြုလုပ်သူတစ်ဦးမှာ အနာဂါရိကဓမ္မပါလဖြစ်ကြောင်း သူသည် အနာဂါရိကဓမ္မပါလ၏ ဆောင်းပါးများကို ဖတ်ပြီး ဗုဒ္ဓဘာသာကို အာရုံစိုက်လာခြင်းဖြစ်ကြောင်း ရေးသားထားသည်။

(၁၈၉၃)ခုနှစ်၌ အမေရိကန် ချီကာဂိုမြို့၌ ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံကြီးတစ်ရပ် ကျင်းပပြုလုပ်သည်။ ထိုညီလာခံအစည်းအဝေးကြီးမှာ ဆယ့်ကိုးရာစုနှောင်းပိုင်း ဘာသာရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ အရေးကြီးဆုံး အထူးခြားဆုံး အဖြစ် အပျက်တစ်ခုဖြစ်သည်။ ဓမ္မပါလသည် ထိုညီလာခံသို့ ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများ၏ ကိုယ်စားလှယ်အဖြစ် ဆွာမိဝိဝေကာနန္ဒလည်း ဓမ္မပါလနှင့်အတူ ထိုညီလာခံသို့ တက်ရောက်သည်။ ထိုညီလာခံ၌ ဓမ္မပါလ၏ ကြိုးပမ်းချက်မှာ အထူးပင် အောင်မြင်မှု ရရှိခဲ့သည်။

ထိုအချိန်မှအစပြု၍ ဓမ္မပါလသည် နိုင်ငံတကာက အသိအမှတ်ပြုသည့် ဗုဒ္ဓဘာသာ ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ အမေရိကန်ပြည်၊ ဂျပန်ပြည် စသော တိုင်းပြည်များသို့ အကြိမ်ကြိမ် သွားရောက်လျက် ဗုဒ္ဓဝါဒနှင့် ပတ်သက်သော တရားများကို ဟောကြားဖြန့်ဖြူးသည်။ အင်္ဂလန် ရောက်စဉ် သူလေးစားသော "အာရှအလင်းရောင်" ကဗျာဆရာကြီး ဆာအက်ဒွင်အာနိုးနှင့်တကွ ရိုင်းဒေးဗစ် စသော အခြားဗုဒ္ဓဘာသာစာပေ ပညာရှင်ပုဂ္ဂိုလ်များနှင့် တရင်းတနှီး တွေ့ဆုံသည်။ အင်္ဂလန်၌ ဗုဒ္ဓဘာသာပြန့်ပွားရေးကို အလေးပေးဆောင်ရွက်ခဲ့သည်။

တစ်ဖက်က ကမ္ဘာ့အရပ်ရပ် လှည့်လည်လျက် ဗုဒ္ဓတရားတော် ပြန့်ပွားထွန်းကားရေးအတွက် ကြိုးစားအားထုတ်နေသော်လည်း ဓမ္မပါလသည် တစ်ဖက်က ဗုဒ္ဓဘာသာဝင်တို့၏ လက်တွင်းသို့ ဗုဒ္ဓဂယာပြန်ရောက်ရေး ကြိုးပမ်းချက်ကိုလည်း အရှိန်လျှော့မပစ်ပေ။ ချီကာဂို ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံမှ အပြန်တွင် ဓမ္မပါလသည် ဂျပန်ပြည်မှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်လာလေသည်။ ဂျပန် ဗုဒ္ဓဘာသာဝင်များက ထိုရုပ်ပွားတော်ကို မဟာဗောဓိစေတီတွင် ကိုးကွယ်ရန် ပေးလှူလိုက်ကြခြင်းဖြစ်သည်။ ဗုဒ္ဓဂယာ ပြန်ရောက်လာသောအခါ ဓမ္မပါလသည် ထိုဗုဒ္ဓရုပ်ပွားတော်ကို မဟာဗောဓိစေတီ၌ ရဲဝံ့စွန့်စားစွာ ကိုးကွယ်ထားလိုက်ပြီးလျှင် အဖော်ရဟန်းအချို့နှင့် အတူတကွ ဗုဒ္ဓရုပ်ပွားရှေ့တော်မှောက်၌ ဝပ်တွားပူဇော်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းများကို ပြုလုပ်နေသည်။ ထိုအချိန်တွင် မဟန္တ၏လူများ ရောက်ရှိလာပြီး ဗုဒ္ဓရုပ်ပွားတော်ကို အတင်းဖယ်ပစ်သည်။ ဓမ္မပါလနှင့် အဖော်ရဟန်းတော်များကိုလည်း အတင်းတွန်းထိုးရိုက်ပုတ်ကြသည်။ ယင်းသို့ မဖွယ်မရာ အကြမ်းဖက်မှုပြုလုပ်သည့်အတွက် ရုံးတော်၌ တရားစွဲဆိုသည်။ အောက်ရုံး၌ ဓမ္မပါလဘက်မှ အနိုင်ရရှိသော်လည်း အထက်ရုံး (ဟိုက်ကုတ်) ရောက်သွားသောအခါ မဟန္တဘက်မှ အနိုင်ရရှိသွားသည်။

အစိုးရ သူ့ဘက်ယိမ်းကြောင်း သိရသောအခါ မဟန္တသည် ထပ်မံတရားစွဲဆိုပြီးလျှင် မင်းတုန်းမင်း ဆောက်လုပ်လှူဒါန်းထားသည့် တန်ဆောင်းအတွင်းမှ ဓမ္မပါလအား နှင်ထုတ်ပြန်လေသည်။ တရားရုံးက မဟန္တကိုပင် အနိုင်ပေးလိုက်လေသည်။ ထိုအခါ ဓမ္မပါလသည် သူခြေကုတ်ယူထားသည့် မြန်မာ့တန်ဆောင်းထဲမှ ထွက်ခွာသွားရပြန်လေသည်။ သို့သော်လည်း ယင်းစိတ်ပျက်ဖွယ်အခြေအနေများသည် သံမဏိစိတ်ဓာတ်ရှိသော ဓမ္မပါလအား နောက်

ဆုတ်သွားစေရန် မစွမ်းနိုင်ကြပေ။ ဓမ္မပါလသည် ဖွဲ မလျှော့ဘဲ မဟာဗောဓိစေတီ ဗုဒ္ဓဘာသာဝင်တို့၏ လက်ထဲပြန်လည် ရောက်ရှိရေးကို ဆက်လက်ကြိုးပမ်းခဲ့လေသည်။ ဥပဒေကြောင်းအရ အရေးဆိုလည်း ပတ္တနာဟိုက်ကုတ်က မဟန့်ကိုပင် အနိုင်ပေးလိုက်သည်။ ဓမ္မပါလသည် အလျှော့မပေးဘဲ အင်္ဂလန်ပရီဗီကောင်စီအထိ တက်သည်။ သို့ရာတွင် အခက်အခဲ အမျိုးမျိုးကြောင့် အောင်မြင်မှု မရရှိခဲ့ပေ။

ဓမ္မပါလသည် မဟန့်က မဟာဗောဓိ စေတီကို မတရားသိမ်းပိုက်ထားသည့်အတွက် ကန့်ကွက်သည့်အနေဖြင့် အိန္ဒိယခေါင်းဆောင်ကြီးများကိုလည်း တိုင်တန်းသည်။ အမှန်တရားကို လိုလားကြသည့် အိန္ဒိယခေါင်းဆောင်တိုင်းက ဓမ္မပါလဘက်မှ ရပ်တည်ကြသည်။ မဟာဗောဓိစေတီ ဗုဒ္ဓဘာသာဝင်တို့၏ လက်တွင်း ပြန်လည်ရောက်ရှိရေးကို လိုလားကြောင်း ထုတ်ဖော်ပြောပြကြသည်။ ယင်းပြဿနာနှင့်စပ်လျဉ်း၍ မဟတ္တမဂန္ဒီက "မိတ်ဆွေတင်ပြသည့် ပြဿနာမှာ အိန္ဒိယပြည်လွတ်လပ်ရေးရလျှင် ရချင်း ပြေလည်သွားမည့်ပြဿနာဖြစ်သည်" ဟူ၍ ဓမ္မပါလထံ ပြန်ကြားဖူးသည်။ ကဗျာဆရာကြီး ရာဗိန္ဒရာနတ်တဂိုးကလည်း မဟာဗောဓိစေတီ ပြဿနာနှင့် ပတ်သက်၍ သူ၏ထင်မြင်ချက်ကို ဤသို့ ထုတ်ဖော်ပြောပြဖူးသည်။ "ဗုဒ္ဓသစ္စာလေးပါးတရား သိမြင်သည့်နေရာ၌ ကိုးကွယ်တည်ထားသည့် စေတီကို ဗုဒ္ဓတရားကို သိလည်းမသိ၊ ယုံလည်းမယုံသည့် ပြိုင်ဘက်ဘာသာ ကိုးကွယ်သူ ဂဏတစ်ခု၏ လက်အောက်တွင် ထားခြင်းမှာ သည်းခံနိုင်ဖွယ် မဟုတ်သည့် အမှားတစ်ရပ်ဖြစ်သည်ဆိုသည့် အချက်ကို အမှန်တရားလိုလားသည့် ဟိန္ဒူလူမျိုးတိုင်းက ဝန်ခံကြလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။ ယင်းသမိုင်းဝင်စေတီအား ဗုဒ္ဓဘာသာကို ယုံယုံကြည်ကြည် လေးလေးမြတ်မြတ်လိုက်နာ ကျင့်ကြံနေကြသူများ၏ လက်တွင်း ပြန်လည်ရောက်ရှိရေးအတွက် အကူအညီပေးရန်မှာ လွတ်လပ်မှုနှင့် တရားမှုကို ယုံကြည်မြတ်နိုးကြသည့် ပုဂ္ဂိုလ်တိုင်း၏ မြင့်မြတ်သော တာဝန်ဝတ္တရားဖြစ်၏ဟု ကျွန်ုပ်ထင်မြင်ယူဆသည်"။

ဓမ္မပါလသည် မဟာဗောဓိ စေတီတော် နေရာမှန်ပြန်ရောက်ရေးအတွက် မဆုတ်မနစ် ကြိုးစားအားထုတ်သော်လည်း သူ့ကြိုးပမ်းချက်၏ အသီးအပွင့်ကို တွေ့မြင်မသွားရရှာပေ။ သူကွယ်လွန်ပြီးနောက် (၁၉၅၃)ခုနှစ်ရောက်မှ အိန္ဒိယလွှတ်တော်တွင် ဥပဒေပြဋ္ဌာန်းလျက် ဗုဒ္ဓဂယာမဟာဗောဓိ စေတီတော်ကို မဟန့်လက်ထဲမှ သိမ်းယူပြီးလျှင် ဗုဒ္ဓဘာသာဝင်များ ပါဝင်သည့် ကော်မတီလက်ထဲ အပ်နှံလိုက်လေသည်။ အိန္ဒိယနှင့် မြန်မာမခွဲခင် ဗြိတိသျှခေတ်က အိန္ဒိယလွှတ်တော်သို့ တက်ရောက်ကြသည့် မြန်မာအမတ်များသည် မဟန့်လက်ထဲက မဟာဗောဓိစေတီကို ဗုဒ္ဓဘာသာဝင်များ ပြန်လည်ရရှိရေးအတွက် ဥပဒေကြမ်းများ တင်သွင်းခဲ့ကြဖူးသည်။ သို့ရာတွင် အတည်မဖြစ်ခဲ့ပေ။

မဟာဗောဓိစေတီတော် နေရာမှန်ပြန်ရောက်လာသည်မှာ ဓမ္မပါလ၏ ကြိုးပမ်းချက်ကြောင့်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ သို့ရာတွင် သူကြိုးပမ်းချက် အကောင်အထည်ပေါ်လာသည့်အခါတွင်ကား သူ ဤလောက၌ မရှိတော့ပေ။

အိန္ဒိယတစ်ပြည်လုံး၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားလာရမည်ဟူ၍ ရည်မှန်းချက်ထားသည်ဖြစ်၍ ဓမ္မပါလသည် ဗုဒ္ဓဂယာ၌သာမက အိန္ဒိယပြည် အခြားဌာနများတွင်လည်း ဗုဒ္ဓဘာသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မနားမနေ ဆောင်ရွက်လေသည်။ ဓမ္မစကြာတရားဦးဟောကြားရာဌာနဖြစ်သည့် ဆာရ်နတ်ခေါ် မိဂဒါဝုန်သို့ ဓမ္မပါလ

စတင်ရောက်သွားသည့်အချိန်က ထိုနေရာတစ်ဝိုက်မှာ ဝက်စားကျက်ဖြစ်နေသည်။ ထိုနေရာ၌ ဝက်မွေးသူများ ရှာတည်ထားကြသည်။ (၁၉၀၁)ခုနှစ်လောက်တွင် ဓမ္မပါလသည် သူ့မိခင်ထံမှ ငွေတောင်းပြီးလျှင် မိဂဒါဝုန်၌ မြေကွက်တစ်ကွက် ဝယ်ယူသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးကို တစ်စတစ်စ လုပ်လာခဲ့ရာ မိဂဒါဝုန်သည် ဗုဒ္ဓဘာသာအဆောက်အအုံများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုဌာနများဖြင့် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြစ်လာလျှင် ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များ၏ ဦးတိုက်ရာဌာန ဖြစ်လာလေသည်။ ယခုအခါ၌ မိဂဒါဝုန်သည် မူလဂန္ဓကုဋီဝိဟာရ ဟူသော ခမ်းနားထည်ဝါသော ဘုရားကျောင်း အဆောက်အအုံကြီးနှင့်တကွ ကောလိပ်ကျောင်း၊ ဆေးရုံ၊ စာကြည့်ပိဋကတ်တိုက်၊ ဧည့်ရိပ်သာ စသော အဆောက် အအုံများဖြင့် အထူးစည်ကားနေသော ဘုရားဖူးများ ဥဒကို သွားလာနေသည့် မြို့ကလေး တစ်မြို့ ဖြစ်နေလေပြီ။ မိဂဒါဝုန် ယခုအခြေသို့ ရောက်လာခြင်းမှာ ဓမ္မပါလ၏ ကြိုးပမ်းချက်ပင် ဖြစ်သည်။ ဗုဒ္ဓဂယာနှင့် မိဂဒါဝုန်၌သာမက အိန္ဒိယ တစ်ပြည်လုံးရှိ မြို့ကြီးများ၌လည်းကောင်း၊ တခြား နိုင်ငံများရှိ မြို့ကြီးများ၌လည်းကောင်း၊ မဟာဗောဓိ အသင်းခွဲများ ရှိနေပြီ။

မိဂဒါဝုန် သူကြိုးပမ်းတည် ဆောက်ခဲ့သော မူလ ဂန္ဓကုဋီဝိဟာရ ဘုရားကျောင်းအဆောက်အအုံ ဖွင့်ပွဲ ကျင်းပသောအခါ ဓမ္မပါလသည် မမာမကျန်း ဖြစ်နေသည်။ လမ်းကောင်းကောင်းမလျှောက်နိုင်ပေ။ ဖွင့်ပွဲသို့ လက်တွန်းလှည်းကလေးဖြင့် ပင့်ဆောင် လာရသည်။ ဖွင့်ပွဲ၌ ဓမ္မပါလသည် အနှစ်လေးဆယ် အတွင်း သူ၏ အတွေ့အကြုံများကို မိန့်မြွက်သွား လေသည်။

မူလ ဂန္ဓကုဋီဝိဟာရ တည်ဆောက်ပြီးသော အခါ ဓမ္မပါလသည် အနာဂါရိက ဘဝမှတစ်ဆင့် တက်လျက် သာသနာ့ဝန်ထမ်းရဟန်းအဖြစ် ခံယူ လိုက်လေသည်။ ထိုအချိန်မှစ၍ သူသည် တဖြည်း ဖြည်း ကျန်းမာရေး ဆုတ်ယုတ်လာသည်။ ကျန်းမာ ရေး ဆုတ်ယုတ်လာသော်လည်း ကမ္ဘာ့ဌာန်းဘာဝနာ ပွားများခြင်း၊ ဗုဒ္ဓတရား ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ကို လုပ်ကိုင်ခြင်းများ၌ကား လျော့သည်၊ နားသည် ဟူ၍ မရှိပေ။

ဓမ္မပါလသည် မိဂဒါဝုန်၌ပင် ခေါင်းချလို သည့် ဆန္ဒရှိသည်။ ယင်း စိတ်ဆန္ဒအလျောက်ပင် (၁၉၃၃)ခု ဧပြီလ (၂၉)ရက်နေ့၌ မိဂဒါဝုန်တွင်ပင် ကွယ်လွန်သွားလေသည်။ မကွယ်လွန်မီ မကျန်းမမာ ဖြစ်နေစဉ် သူ့ကို ဆေးဝါးကုသသောအခါ ဓမ္မပါလ သည် အကျိုးထူးတော့မည်မဟုတ်သည့် သူ့အတွက် ဆေးဖိုးဝါးခ အကုန်အကျမခံဘဲ ဆေးဖိုးဝါးခများကို သာသနာရေးလုပ်ငန်းများအတွက်သာ သုံးစွဲကြရန် အတန်တန်ပြောဆိုလေသည်။ **"မြန်မြန်သာ သေပါ စေ၊ နောက်တစ်ဖန် လူ့ဘဝတွင် ပြန်လည် မွေးဖွားလာပါစေ၊ ဗုဒ္ဓဘာသာ၌ ဖြန့်ဖြူးနိုင်ရေး အတွက် အကြိမ်နှစ်ဆယ့်ငါးကြိမ် အိန္ဒိယ၌ ပြန်လည်မွေးဖွားနိုင်ပါစေ"**ဟူ၍ ဆုတောင်းရင်း ဓမ္မပါလသည် ကွယ်လွန်သွားရှာလေသည်။

သူကွယ်လွန်သွားသော်လည်း ကမ္ဘာ့ဗုဒ္ဓ ဘာသာဝင်များသည် သူ့ဂုဏ်ကျေးဇူးကို မေ့ပျောက် ကြတော့မည်မဟုတ်ပေ။ ဗုဒ္ဓသာသနာအတွက် သူ၏ ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုစီ တစ်ခုစီသည် သူ့မော်ကွန်းကမ္ပည်း ကျောက်စာ၏ စာတစ်ပိုဒ်စီ တစ်ပိုဒ်စီ ဖြစ်နေလေသည်။

ပါရဂူ

ကုသိနာရုံ

ကိုနော

ဒိန္နရဲ့ အလှူ
မထုရာမှော်အစွမ်း
သူမတူ အံ့မခန်းပါပဲ
မြောက်ဘက်လျောင်း တစောင်းဟန်
အဲဒါ ပရိနိဗ္ဗာန်ပေါ့။
ဖွား ပွင့် ဟော စံ၊ လေးတန်ရုပ်ပွား
အချိန်က စားတော့ အဟောင်းပေါ့ဗျာ . . .
ရှေးဟောင်းကျလေ ဈေးကောင်းရလေမို့
စုတ်စုတ် ကွဲကွဲ ပြိုပြို ပုပ်ပုပ်
လူလုပ်ထားသမျှ
အတူထုတ်ပြသွားကြရမှာပေါ့။
''ဇာတိကိုဆန်
အသက်ကြီးပြန်
ခရီးဒဏ် ပန်းတာကြောင့်
အင်ကြင်းကိုရှာ
မီရာကို အဖော်ပြုမိတယ်ကွယ့်
မင်းတို့ တောရွာ''တဲ့
ဗုဒ္ဓမိန့်မှာ
ဟောဒီမြို့ရဲ့ စာမျက်နှာပေါ့။

ဖြူနီပြာ လူသား
အပါယ်မသွားဖို့ ရွယ်ရည်
အချိန်မီ ဖူးကြပါသတဲ့ ..
အပါယ်ပိတ်ကြောင်း ဆုတောင်းရင်
တကယ်စိတ်ကောင်း
စုဆောင်းထားစေချင်တယ် ..။
ကိုယ်လည်း လူသား
အပူတားဖို့ ရည်မျှော်
ပူဇော်လို့ အားထား
ဟန်ပါပါ ကန်တော့ချီးဖြင့်
ဩကာသပြီးသကာလ
ဟယ် .. သူငယ်ချင်း ရေ ..
နေမမြင့်မီ
လုမ္ဗနီ (လုမ္ဗိနီ) သွားကြဦးစို့ကွယ်၊
တရားထူး မတွေ့ကြသရွေ့
ဘုရားဖူးခလေ
ထွန်းကားနေဦးမှာပေါ့လေ ..။

ကိုနော

ကျေးဇူးသိတတ်၊ ကျေးဇူးဆပ် မွန်မြတ်မြေမဟာ

လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး

လောကတွင် ကျေးဇူးတရားကို သိတတ်ပြီး ထိုကျေးဇူးကို ပြန်ဆပ်တတ်ဖို့ အင်မတန်အရေးကြီးပါသည်။ ကတညုတကတဝေဒီဟု ခေါ်ဆိုကြပါသည်။ ကတညုတ (ကတင်ညုတ)ဆိုသည်မှာ သူတထူးက မိမိအပေါ် ကျေးဇူးရှိခဲ့ခြင်းကို သိရှိနားလည်ခြင်းဖြစ်ပြီး ကတဝေဒီဆိုသည်မှာ ထိုကျေးဇူးကို ပြန်လည်တုံ့ပြန်ကျေးဇူးဆပ်ခြင်းကို ခေါ်ဆိုပါသည်။ များစွာသောလူတို့မှာ ကျေးဇူးကိုဆပ်ဖို့ မဆိုထားနှင့်၊ ထိုကျေးဇူးရှိသည်ကိုပင် မသိကျိုးကျွန်ပြုတတ်ကြပါသည်။ ထို့ကြောင့်ပင် ကျေးဇူးကန်းဟူသော အဆိုတစ်မျိုး ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

ကျေးဇူးရှိခဲ့ဖူးလျှင် ထိုကျေးဇူးကို ရင်ထဲအသဲထဲထိ နက်ရှိုင်းစွာ သိထားသင့်ပါသည်။ သိပြီးနောက်လည်း ထိုကျေးဇူးတရား ရှိထားဖူးကြောင်း နှုတ်မှဖွင့်ဟ ပြောကြားသင့်ပါသည်။ ကိုယ်တတ်နိုင်သလောက် မနော(စိတ်)ဖြင့်ဖြစ်စေ၊ ကာယကံမြောက် (ကိုယ်)ဖြင့်ဖြစ်စေ၊ ကျေးဇူးဆပ်ကြရမည်သာဖြစ်ပါသည်။ ကျေးဇူးမဆပ်နိုင်သော်ငြားလည်း ကျေးဇူးတော့မကန်းသင့်ပါ။

ကျေးဇူးရှိဖူးပြီး ထိုကျေးဇူးကို ဆပ်သောနေရာသို့ ကိုယ်တိုင်ရောက်ခွင့် ကြုံခဲ့ဖူးပါသည်။ သံဝေဇနီယလေးဌာနအပါအဝင် ဗုဒ္ဓဂယာဘုရားဖူးသွားများအဖို့လည်း **သိရှိ** တွေ့မြင်ရသော နေရာတစ်ခုလည်း ဖြစ်ပါသည်။

ထိုနေရာမှာ အတိတ်၏ပုံရိပ်ဟု ဆိုရ**လောက်** အောင်ပင် ကြာမြင့်စွာဖြစ်တည်ခဲ့သော နေရာလည်း**ဖြစ်ပါ** သည်။ မြတ်စွာဂေါတမလက်ထက် ရာဇဂြိုဟ်ပြည်တွင် ရှင်ဘုရင်ဗိမ္ဗိသာရမင်းကြီးက မြတ်ဗုဒ္ဓကို စစ္စာဦးလှူဒါန်းခဲ့သဖြင့် လျှောင်ကြီးစွာလှူပ်ခတ်ခဲ့ရသော ကျောင်းမြတ်အမွန် ဝေဠုဝန်အနီးတွင် တည်ရှိပါသည်။

ထိုနေရာမှာ ကာလန္ဒက နိဝါပဟု ခေါ်တွင်သော ရေကန်ပင်ဖြစ်ပါသည်။ ဝါးပင်များပေါ်များခဲ့၍ ထိုဝါးတောတွင် ဆောက်လုပ်လှူဒါန်းခဲ့သော ဝေဠုဝန်ကျောင်းတော် အနီးတွင် တည်ရှိပါသည်။ ပါဠိစာပေများစွာတို့တွင်လည်း

ကာလန္တကနိဝါပေ စသည်ဖြင့် အပိုဒ်ပေါင်းများစွာ ပါဝင်ခဲ့သောနေရာလည်း ဖြစ်ပါသည်။ ကာလန္တကဆိုသည်မှာ ရှဉ့်နက်ဖြစ်ကာ နိဝါပေဆိုသည်မှာ အစာကျွေးခြင်းဖြစ်၍ ရှဉ့်နက်တို့အား အစာကျွေးသော ရေကန်ဟု ခေါ်ဆိုပါသည်။

ရှဉ့်နက်များ အစာကျွေးရာနေရာသည် မည်သို့ ထူးခြားပါသလောဟု စစ်ကြောဝေဖန်ရမည်ဆိုပါသော် အခါတစ်ပါး၌ ဗာရာဏသီမင်းတစ်ပါးသည် တောလည်လာရင်း ထိုရေကန်အနီးရောက်သောအခါ အရိပ်အာဝါသကောင်းပြီး ကြည်လင်သောရေကြောင့် ခေတ္တအပန်းဖြေပြီး အစားအသောက်များ စားသောက်ခဲ့ပါသည်။ ပတ်ဝန်းကျင်၏ အေးမြသာယာမှု၊ တောရိပ်တောင်ရိပ်တို့၏ ကြည်နူးစရာအဖြာဖြာတို့ကြောင့် စားသောက်ပြီး ထိုနေရာမှာပင် အိပ်စက်ခဲ့သည်ဟု ဆိုပါသည်။ ထိုအခါ မြွေတစ်ကောင်က ဘုရင်ကြီးအိပ်စက်နေရာအနီးသို့ ရောက်လာခဲ့သည်ဟု ဆိုပါသည်။ မြွေကို မြင်သောအခါ ရှဉ့်နက်များက ပြင်းထန်စွာ အော်ဟစ်ကြသဖြင့် ဘုရင်ကြီးနိုးလာပြီး လေ့လာစုံစမ်းရာ ရှဉ့်နက်များက သူ့အသက်ကို ကယ်တင်လိုက်ကြောင်း ကောင်းစွာသိမြင်သဖြင့် သူ့အသက်ကိုကင်တင်ခဲ့သော ရှဉ့်နက်များကို ထိုအချိန်မှစ၍ ဘေးမဲ့ပေးကာ အစာရေစာများ ကျွေးမွေးစေခဲ့သည်ဟု ဆိုပါသည်။

တစ်ခဏတာအချိန်လေးဖြစ်သော အိပ်ချိန်လေးတွင် မြွေပေါက်ပါက သေလောက်သော်ငြားလည်း ရှဉ့်နက်များ အော်ဟစ်ကြ၍ မြွေထွက်ပြေးသွားရသဖြင့် ဘုရင်ကြီးက ရှဉ့်နက်များကို ကျေးဇူးတင်ခြင်း ဖြစ်ပါလိမ့်မည်။ ထိုယခင်ကစ၍ ယနေ့ထက်တိုင် နှစ်ပေါင်းနှစ်ထောင်ကျော် ထိုနေရာများမှာ ဖြစ်တည်နေခဲ့ပြီး ယနေ့ထက်တိုင် ရှဉ့်နက်များကို အစာကျွေးသောနေရာ ''ကာလန္တကနိဝါပ'' ရေကန်ဟု ခေါ်ဆိုကြရပါသည်။

ထိုကျေးဇူးဆပ်ရေကန်ငယ်လေး၏ သာယာပုံကို ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်ကြီးက သူ့မိဖုရားငယ်လေး ခေမာအား သွားရောက်ကြည့်ရှုစေခြင်းဖြင့် မြတ်ဗုဒ္ဓနှင့် တွေ့ခွင့်ရအောင် ကြံဆောင်သည့်အနေဖြင့် ဝေဠုဝန်ဥယျာဉ်အကြောင်းကို ဂီတနှင့် သီကုံးချီးကျူးရေးဖွဲ့စေခဲ့ပါသည်။ ယနေ့တိုင် ရာဇဂြိုဟ်ဝေဠုဝန်အတွင်းရှိ ကျေးဇူးဆပ်ရေကန်ငယ်လေးအား ကာလန္တက နိဝါပရေကန်အဖြစ် တွေ့မြင်နိုင်ကြပါသည်။

နောက်တဖန် ကျေးဇူးဆပ်နေရာကား မြန်မာပြည်ထဲမှာပင် တည်ရှိပါသည်။ ရခိုင်ပြည်နယ်ထဲတွင်ဖြစ်ပြီး စာရေးသူရောက်ရှိခဲ့သောနေရာမှာ နှစ်နေရာဖြစ်ပါသည်။ ထိုနေရာမှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်ပင်ကွင်းကျေးရွာနှင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာတို့ပင်ဖြစ်ကြပါသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ ပေါက်ပင်ကွင်းကျေးရွာကား ဂုရုဂုရုမဟာဂုရုဘွဲ့တံဆိပ်တော်ရ ကမ္ဘာ့သာသနာပြုအာဇာနည်ဆရာတော်ဘုရားကြီး ဦးစန္ဒိမဏိ၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်ပြီး၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာကား ယခုလက်ရှိ အိန္ဒိယနိုင်ငံ ကုသိနာရုံမြန်မာကျောင်းမှ ကျောင်းထိုင်ဆရာတော် ဒေါက်တာဉာဏိသရ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်ပါသည်။

ထိုသို့သော ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်သည့် မွန်မြတ်မြေမဟာ ဖြစ်လာရခြင်းမှာလည်း စိတ်ဝင်စားဖို့ကောင်းပါသည်။ မြောက်ဦးမြို့နယ် ပေါက်ပင်ကွင်းကျေးရွာငယ်လေးတွင် မွေးဖွားတော်မူခဲ့သော ဦးစန္ဒိမဏိမှာ မိဂဒါဝုန်တွင် မူလ ဂန္ဓကုဋီတိုက်ဆောက်လုပ်သော သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသားအနာဂါရိကဓမ္မပါလ၏ ပင့်ခေါ်မှုကြောင့် အိန္ဒိယနိုင်ငံ ကုသိနာရုံဒေသတွင် အခြေချပြီး ဗုဒ္ဓဘာသာထွန်းကားတိုးတက်အောင်နှင့် အိန္ဒိယနိုင်ငံ ရှေးဟောင်းဗုဒ္ဓဝင်နေရာတော်များတို့အား မပျောက်မပျက်အောင် ဖွံ့နဘဲကြီးစွာဖြင့် ဆောင်ရွက်တော်မူခဲ့သော ဆရာတော်ကြီးဖြစ်ပါသည်။

သာသနာ (၂၅၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို မြန်မာနိုင်ငံ ကမ္ဘာအေးကုန်းမြေတွင် ကျင်းပစဉ်အခါက

မြောက်ဦးမြို့နယ် ပေါက်ပင်ကွင်းကျေးရွာရှိ ပေ (၂၅၀)အရှည် ကြိုးတံတားအား ဆရာတော်ဘဒ္ဒန္တဉာဏိဿရမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

အိန္ဒိယမှာရှိသော ဆရာတော်ဘုရားကြီးကို မြန်မာအစိုးရက ဖိတ်၍ ဆရာတော်ကြီးကြွလာပြီး အစည်းအဝေးတွင် ဟောပြောခဲ့ပါသည်။ ထိုစဉ်က အိန္ဒိယနိုင်ငံမှ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ရာတွင် ဇာတ်နိမ့်လူမျိုးဖြစ်သော အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံရေးဆွဲသူ အိန္ဒိယနိုင်ငံသား ဒေါက်တာအမ္ဗေဒါရ်ကာလည်း ပါဝင်ခဲ့ပါသည်။

ဒေါက်တာအမ္ဗေဒါရ်ကာမှာ အိန္ဒိယနိုင်ငံ ဇာတ်နိမ့်လူမျိုးက မွေးဖွားလာခဲ့သဖြင့် လူလူချင်း တရားမျှတမှုမရှိ နှိမ့်ချဆက်ဆံမှုများကိုသာ ကြုံတွေ့နေရသဖြင့် စိတ်ဓာတ်ကျနေခဲ့ရပါသည်။ ရှေးရိုးအစဉ်အလာအရ ဗြဟ္မာကြီးက မွေးဖွားလာကြပြီး အပေါ်ပိုင်းမှ မွေးလာသူများမှာ ဇာတ်မြင့်ဖြစ်ပြီး ဗြဟ္မာကြီး၏ အောက်ပိုင်းမှ မွေးဖွားလာသူတို့ကို ဇာတ်နိမ့်ဟု သတ်မှတ်ကာ ခွဲခြားဆက်ဆံ ခံခဲ့ရပါသည်။

မည်မျှပညာတတ်ပါစေ ဇာတ်နိမ့်ဟုဆိုက နှိမ့်ချကြပြီး ဇာတ်စနစ်ကြီးစိုးသောနိုင်ငံတွင် လူဖြစ်ရခြင်းအတွက် မကျေမနပ်ဖြစ်ကာ လူလူချင်းတန်းတူညီတူရှိကာ မိမိဘာသာ ထိန်းကျောင်းပြုပြင်၍ တိုးတက်အောင်လုပ်ဆောင်လိုသော်လည်း လက်ရှိဇာတ်စနစ်က ခွင့်မပြုခဲ့ပါ။ ထိုစဉ်က ဆရာတော်ကြီးဟောကြားနေစဉ် ဗုဒ္ဓဘာသာမှာ ဇာတ်စနစ်မရှိ၊ ဘုရင့်သားနှင့် ဆင်းရဲသား ဗုဒ္ဓဘာသာဝင်တို့မှာ တန်းတူရည်တူ အရည်အသွေးရှိကြောင်း မိမိတရားကျင့်ကြံသော တရားကသာ အဆင့်သတ်မှတ်ပေးကြောင်း နားထောင်ရပြီး စိတ်အားတက်ကြွခဲ့ရပါသည်။

ဆရာတော်ကြီး အိန္ဒိယပြန်ရောက်စဉ် ဆရာတော်ရှိရာ ကုသိနာရုံမြို့ငယ်လေးသို့လာ၍ တရားနာယူပြီး အပြန်အလှန်မေးမြန်းခြင်းဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ပါသည်။ သူကဲ့သို့ ဇာတ်နိမ့်များကိုလည်း လူလူချင်းခွဲခြားဆက်ဆံ ခံရသောဘဝမှ လွတ်မြောက်စေလိုခဲ့ပါသည်။

ထို့ကြောင့်ပင် သူ၏ သာဝကခြောက်သိန်းကျော်တို့ကို ဆရာတော်ဘုရားကြီးထံမှ သီလခံယူကာ ဗုဒ္ဓဘာသာ သွတ်သွင်းပွဲကို နာဂပူရ်မြို့တွင် ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့ပြီး ဗုဒ္ဓဘာသာကူးပြောင်းပွဲများ ဖြစ်မြောက်စေခဲ့ပါသည်။

ဆရာတော် ဦးစန္ဒမဏိထံ ကုသိနာရုံဆရာတော်ဖြစ်လာမည့် ကိုရင်ဉာဏိဿရအား ဆရာတော်က ချီးမြှောက်သဖြင့် အိန္ဒိယနိုင်ငံ ကုသိနာရုံမြန်မာကျောင်းတွင် နေထိုင်ပြီး ဘာသာစကားသာမက အုပ်ချုပ်ရေးပိုင်းတို့ကိုပါ သွန်သင်ပြသဆိုဆုံးမခဲ့သော ဆရာတော်ဘုရားကြီး ဦးစန္ဒြ

မဏိကျေးဇူးတရားကား ကြီးမားလှပါသည်။ ဆရာတော် ဦးဉာဏိဿရသည် အိန္ဒိယနိုင်ငံစကားသာမက စာပေများ ပါသင်ယူပြီး **MA** (သမိုင်း)၊ **MA** (ပါဠိ)၊ **L.LB** ပါဠိသာ ဟိတ္တျရတနာဘွဲ့၊ တိဗက်ဒီပလိုမာနှင့် **B.A.MS** ခေါ် တိုင်းရင်းဆရာဝန်ဘွဲ့များ ရရှိခဲ့သည်မှာ ဆရာတော်ဘုရား ကြီး ဦးစန္ဒိမဏိကြောင့်သာဖြစ်သည်ဟု ခံယူထားပါသည်။

ထို့ကြောင့် ကျေးဇူးရှိလျှင် ထိုကျေးဇူးကို သိတတ် ရမည်။ တတ်နိုင်ပါက ကျေးဇူးကို ပြန်ဆပ်ရမည်ဟူသော မှတ်မှတ်ရရ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

ထိုလှူဒါန်းပွဲသို့ ရန်ကုန်မြို့မှ ကားငယ်လေးစီးဖြင့် (၆-၅-၂၀၁၅)နေ့တွင် နံနက် (၉)နာရီမှစတင်၍ ထွက်ခွာ ကြပြီး တစ်ညလုံးမောင်းနှင်ပါသည်။ ပထမကားမှာ ဆရာ တော်ဦးဉာဏိဿရ၊ စာရေးသူ၊ ကပ္ပိယ ကိုဝင်းနိုင်နှင့် ဒေါ်စိုးစိုးလွင်တို့ ပါဝင်ပြီး ဒုတိယကားမှာ ဒေါ်စိုးစိုးလွင်၏ ကုမ္ပဏီဝန်ထမ်းများဖြစ်သော ဒေါ်အေးအေးဝင်း၊ ဒေါ်ဟေမာ ဝင်းတင်နှင့် ယောက်ျားလေးများ ပါဝင်ပါသည်။ ကား (၄)

ဆရာတော်မှ မိမိ၏မွေးရပ်မြေဖြစ်သော မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာတွင်
ကျပ်သိန်း(၂၀၀၀)ကျော်အကုန်အကျခံ၍ (၃)မိုင် (၆)ဖာလုံရှည်လျားသော
ကျောက်ချောလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

ခံယူချက်သဘောတို့အရ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးစန္ဒိမဏိ၏ ရွာငယ်ပေါက်ပင်ကွင်းတွင် ပေ (၂၅၀)ကျော် ရှည်သည့် ကြိုးတံတားသစ်ကြီးအား လှူဒါန်းခဲ့ခြင်းဖြစ်ပါ သည်။ လှူဒါန်းရာတွင်လည်း ဆရာတော်ဘုရားကြီး ဦးစန္ဒိ မဏိ မွေးရပ်မြေတွင် ဂုဏ်ကျေးဇူးဆပ်အထိမ်းအမှတ်ဖြင့် လှူဒါန်းဖြစ်ပါသည်။ လှူသောနေ့မှာလည်း ဆရာတော် ဦးစန္ဒာမဏိမွေးရက်ဖြစ်သော မေလ (၈)ရက်နေ့တွင်

စီးအနက် (၂)စီးကို ဒေါ်စိုးစိုးလွင်က လှူဒါန်းခြင်းဖြစ်ပါ သည်။ တတိယကားမှာ ဆရာတော်ဦးဉာဏိဿရ၏ တူမ တော် ဒေါ်ဦးညွန့်သိန်း၊ ဆရာမဒေါ်သန်းကြည်၊ စာရေးသူ၏ ဇနီး ဒေါ်အေးအေးခိုင်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ဒေါ်ကြည်ကြည်မြင့်၊ ကြီးသန်းနှင့် ဒေါ်မူတို့ ပါဝင်ပါသည်။ အခမ်းအနားအပြီး ရန်ကုန်သို့ရောက်သောအခါ ခရီးစဉ် အတွက် ကား (၁၀)သိန်းကိုလည်း ရွှေမဟာဗုဒ္ဓဂယာဘုရား

ဖူးအဖွဲ့မှ ဒေါ်ကြည်ကြည်မြင့်က ဆရာတော်သို့ လှူဒါန်းခဲ့ပါသေးသည်။ စတုတ္ထကားမှာ ဆရာတော်ဦးဉာဏိဿရ၏ သိက္ခာထပ်ဒကာမများဖြစ်ကြသည့် ဒေါ်သူဇာခင်သားအမိ၊ ဒေါ်စန်းစန်းချိုသားအမိ၊ ဒေါ်မြလေးနှင့် သမီးညိုညိုစိမ့်၊ ရာမောင်ထမင်းဆိုင်မှ ဒေါ်ကြော့တို့ ပါဝင်ပါသည်။

တစ်ညလုံးကြက်အိပ်ကြက်နိုးဖြင့် သွားခဲ့ကြပြီး နောက်နေ့မနက် (၇-၅-၂၀၁၅)ရက်နေ့ မြောက်ဦးမြို့ရှိ ရတနာမာန်အောင်တောရကျောင်းသို့ နံနက် (၅း၃၀)တွင် ရောက်ရှိပြီး အရဏ်ဆွမ်းကပ်ကြရပါသည်။ ထိုနေ့တွင် မြောက်ဦးတွင် နားကာ ဘုရားဖူးကြပြီး မြောက်ဦးရတနာမာန်အောင်ကျောင်းမှာ ညအိပ်ပါသည်။

နောက်နေ့ (၈-၅-၂၀၁၅)ဆရာတော်ဦးစန္ဒိမဏိ မွေးနေ့တွင် တံတားဖွင့်လှစ်မည့် ဆရာတော်ဦးစန္ဒိမဏိ၏ ရွာ ပေါက်ပင်ကွင်းသို့ နံနက် (၇)နာရီတွင် ကားတန်းကြီးဖြင့် ထွက်ခွာခဲ့ပါသည်။ ရန်ကုန်စစ်တွေလမ်းထိပ်အထိ ကားဖြင့် လာကြိုပါသည်။ လမ်းဘေးတွင် သာသနာ့အလံလေးများ ကိုင်ကာ ဝေ့ယမ်းကြိုဆိုနေကြသည်တို့ကို တွေ့မြင်ရပါသည်။

စာရေးသူမှာ ဗီဒီယိုရိုက်ကာ မှတ်တမ်းတင်ရန် လေလုံသော ဆရာတော်ကားထဲမှ ဆင်း၍ လာကြိုသော လိုက်ယရပ်ကားဖြင့် လိုက်ပါရပါသည်။ ဖုန်တောထဲ ကားဖြင့် မောင်းရ၍ တစ်ကိုယ်လုံးဖုန်လူးကာ စကားပြောသောအခါ ကျလိကျလိဖြင့် ဖုန်များ ဝါးမိပါသေးသည်။ ဆရာတော်ကြီး ကိုယ်တိုင် အိန္ဒိယမှ မြန်မာပြည်လာ၍ ကျေးဇူးဆပ်ခရီးမှာ [illegible]သူလည်း ကျေးဇူးဆပ်ခွင့်ရသည်ဟုသာ သတ်မှတ်ပါသည်။ လမ်းဘေးကြိုဆိုနေကြသူတို့အားလည်း စာရေးသူ ဖြစ်ကာပင် ဆရာတော်ကြီး ''ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သက်တော်ရာကျော်ရှည်ပါစေ''ဟု တိုင်ပေးရင်း ဗီဒီယိုရိုက်ရပါသည်။

ကုသိနာရုံပထမဆရာတော်ကြီး၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်ပင်ကွင်းကျေးရွာတွင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို သိ၍ ဂုဏ်ကျေးဇူးဆပ်သောအနေဖြင့် ပေ (၂၅၀)ရှိ ကြိုးတံတားကြီးကို ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပါသည်။ ထိုပေါက်ပင်ကွင်းကျေးရွာကား ကျေးဇူးသိတတ်၍ ကျေးဇူးဆပ်သည့် မြေမြတ်မဟာပင် ဖြစ်ပါသည်။

ပေါက်ပင်ကွင်းကျေးရွာအလှူမဏ္ဍပ်ထဲတွင် လူများ စည်ကားကာ တံတားဝန်းကျင်ရခိုင်လူပျိုဖြူအကများ၊ ရခိုင်ဗုံရှည်တီးသူများနှင့် အထူးစည်ကားလှပါသည်။

တံတားဖွင့်ပွဲတွင် ဆရာတော်ဦးဉာဏိဿရနှင့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြပါသည်။

တံတားဖွင့်ပွဲပြီးနောက် ပေါက်ပင်ကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပရိသတ်တို့အား ထမင်းဟင်းများဖြင့် ကျွေးမွေးကြပါသည်။ ဆရာတော်ဦးစန္ဒိမဏိ၏ ရုပ်ထုတော်လည်း ဖူးခဲ့ကြပါသည်။

ဆက်လက်၍ ဆရာတော်ဒေါက်တာဦးဉာဏိဿရ၏ မွေးရပ်မြေ မင်းပြားမြို့နယ်၊ ဇီးပင်ကြီးကျေးရွာသို့ ဆက်လက်ထွက်ခွာကြပါသည်။ ဇီးပင်ကြီးကျေးရွာအရောက် ရန်ကုန်စစ်တွေကားလမ်းမှ (၄)မိုင်ခွဲအကွာအဝေးရှိ ကျောက်ခင်းလမ်းကို ဆရာတော်ဦးဉာဏိဿရက ကျေးဇူးဆပ်လှူဒါန်းခြင်းဖြစ်ပါသည်။

ရွာဦးတွင် မုခ်ဦးကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံရွာသူရွာသားတို့က သာသနာ့အလံများ ဝေ့ယမ်းပြီး ကြိုဆိုနေကြပုံမှာ စိတ်လှုပ်ရှားစရာကောင်းလှပါသည်။ လမ်းဖွင့်ပွဲအချိန်လိုသေးသဖြင့် မျက်မှောင်တော်ဘုရားသို့ ဆရာတော်သွားရောက်ပြီး ရှိခိုးဖူးမြော်ကာ ရပ်ရွာဒေသခံတို့နှင့် စကားစမြည်ပြောကြပါသည်။ ဆရာတော် ဆွေမျိုးများကလည်း ပျော်တပြုံးပြုံးဖြင့် ဝမ်းသာနေကြပါသည်။ ရောက်တုန်းရောက်ခိုက် ဦးဉာဏိဿရဆရာတော် ဦးဆောင်ပြီး ရန်ကုန်မှ လိုက်ပါလာသော ဒကာဒကာမများက စုပေါင်း၍ မျက်မှောင်တော်ဘုရား စတီးလက်ရမ်းအတွက်

သိန်းပေါင်း (၇၀)ကျော် လှူဒါန်းခဲ့ကြပါသည်။

ဆက်လက်၍ လမ်းဖွင့်ပွဲရှိရာ လမ်းဘေးမဏ္ဍပ်တွင် နေရာယူပြီး အခမ်းအနား စတင်ပါသည်။ စာရေးသူကလည်း အမှာစကား ပြောကြားရပါသေးသည်။ ရခိုင်သားဆရာတော်၏ ကမ္ဘာကျော်ရပုံတို့ကို အားကျအတုယူစရာ ပြောပြပြီး သီတဂူဆရာတော်နှင့် ဘွဲ့တော်အမည်တော်တူကြောင်း ပြောပြရပါသည်။

လမ်းဖွင့်ပွဲတွင် ဖဲကြိုးဖြတ်ရန် စာရေးသူ၏ အမည်ပါသော်လည်း ဗီဒီယိုရိုက်ဖို့သာ ဦးစားပေးနေရ၍ သွားမဖြတ်တော့ပါ။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးနှင့် ဆရာတော်တို့က ဖဲကြိုးဖြတ်ပြီး ဘုဖောင်းများ လွှတ်တင်ကြပါသည်။

လမ်းအလှူပြီးနောက် သံဝေဇနီယလေးဌာန ရုပ်ပွားတော်များ လှူဒါန်းရန် ကားတန်းကြီးဖြင့် ဇီးပင်ကြီးရွာကို ဆက်လက်ထွက်ခွာကြပါသည်။ လက်ဘေးဝဲယာ၊ လူကြီးလူငယ်ကလေးများက ရွာလုံးကျွတ်ထွက်၍ ဝမ်းသာသောမျက်နှာများဖြင့် ကြိုဆိုကြပါသည်။

ဇီးပင်ကြီးရွာမှ (၄)မိုင်ခွဲကျော် စစ်တွေလမ်းမပေါ်ရောက်ဖို့ လယ်ကန်သင်းမှ လျှောက်ကြရာမှ ယခုလိုကားလမ်းဖောက်ပေးသည့်အတွက် ဝမ်းမသာသောသူမရှိနိုင်ပါ။ သိန်းနှစ်ထောင်ကျော် အကုန်အကျခံ၍ ကျေးရွာလူထုအတွက် အထူးအားဖြင့် ဆရာတော်ရွာမှ ရွာသူရွာသားတွေ သွားလာရေးလွယ်ကူအောင် ဦးစန္ဒြမဏိကျောက်ခင်းလမ်းအား လှူဒါန်းခဲ့သော ဆရာတော်ဦးဉာဏိဿရအားကျေးဇူးအခါခါတင်ရင်း ရွာသားတွေကိုယ်စား ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

ဇီးပင်ကြီးရွာရောက်သောအခါ သံဝေဇနီယလေးဌာနပုံဖြစ်သော အလောင်းတော်ဖွားမြင်ပြီး ခြေခုနစ်လှမ်းလှမ်းကာ လက်ညှိုးထောင်ကြွေးကြော်နေသောပုံ၊ ဗုဒ္ဓဂယာရှိဘုရားအတိုင်း ဘုရားဖြစ်တော်မူပုံ၊ မိဂဒါဝုန်ရှိ မြတ်ဘုရားတရားဦးဟောရာပုံနှင့် ကုသိနာရုံရှိ မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပုံ ရုပ်ပွားတော်များကို ဖွင့်လှစ်ပေးပြီး ရွှေမိုးငွေမိုးများ ရွာဖြိုးသွန်းစေပါသည်။

ဇီးပင်ကြီးရွာမှာ ကျောက်ခင်းလမ်းနှင့် သံဝေဇနီယလေးဌာနပုံတော်များ လှူဒါန်းရာမြေဖြစ်သည့်အတွက် တံ့ဆပ်မကုန်ကျေးဇူးဂုဏ်ကို အာရုံရည်မှန်းလှူဒါန်းတော်မူခဲ့သော အိန္ဒိယနိုင်ငံ ကုသိနာရုံမြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ကျေးဇူးဆပ်မြေအဖြစ်ဖြင့် ဝမ်းမြောက်ဝမ်းသာရောက်ရှိခဲ့ရခြင်းသည် ပီတိဝေသော ရခိုင်မြေမှ ကျေးဇူးဆပ်ရာမြေအဖြစ် အမှတ်ထင်ထင်ရင်ထဲစွဲဝင်မိပါတော့သည်။

အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းအနီးမှ ကာလန္ဒကနိဝါပရေကန်ငယ်လေးသည်လည်းကောင်း၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ပေါက်ပင်ကွင်းကျေးရွာငယ်လေးသည်လည်းကောင်း၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာငယ်လေးသည်လည်းကောင်း၊ ဂုဏ်ထည်ဝါမရှိခြားသော်လည်း ကျေးဇူးသိတတ်၍ ကျေးဇူးဆပ်တတ်သောသူတို့၏ ကျေးဇူးဆပ်မြေအဖြစ်ဖြင့် ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ မွန်မြတ်မြေမဟာအဖြစ် ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာ ဖြစ်ပါတော့သတည်း။

လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး

> အကုသိုလ်ဖြစ်စေသော အချိန်ကာလကို မရှိစေရ၊
> ကုသိုလ်မပြုနိုင်သော အချိန်ကာလကို ကုန်လွန်စေရမည်၊
> ကောင်းမကောင်းဖြစ်သော ကံဟောင်းကို မမျှော်လင့်ရ၊
> ကောင်းသောကံတွေကို ဖြစ်ပွားအောင် အားထုတ်ရမည်၊
> အကျိုးကို အားမထုတ်ရ၊ မကျင့်ရ၊
> အကြောင်းကိုသာ ဖြောင့်မှန်အောင် အားထုတ်ကျင့်ကြံရမည်၊
>
> ဗဟုသုတပညာပေးလက်ကမ်းစာစောင်မှ

အဏ္ဏဝါဝိုးမိုး

ဝိမုတ္တိရသကို ကာယမှာ တွေ့ကြုံခြင်း

အချိန်အခါသည် ညနေစောင်းပေပြီ။ တစ်နေ့တာ ထွန်းလင်းခဲ့သော နေမင်းသည် အနောက်ဂေါယာကျွန်းသို့ ရှေ့ရှုထိုးဆင်းနေသည်။ မကြာမီ အမှောင်ထုရောက်လာတော့မည်ဖြစ်သည်။ စစ်မြေပြင်ရှိရာဘက်ကလာသည်ဟု ယူဆရသည့်မြင်းသည်တော်တစ်ယောက်သည် စစ်မြင်းညိုကြီးကို စီးပြီး နေပြည်တော်ဘက်ကို ဒုန်းစိုင်းနှင်လာနေသည်။ စစ်မြေပြင်က အရေးကြီးသည့် စစ်သတင်းတွေကို နေပြည်တော်က နန်းတော်ကြီးသို့ သတင်းပို့ရန် လာနေသည်ဟု ယူဆရသည်။

မြင်းသည်တော် ဦးတည်ဒုန်းစိုင်းနေသည့် တိုင်းတော်၊ ပြည်တော်၊ နေပြည်တော်သည် နုပျိုငယ်ရွယ်ပြီး ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်ချောမောလှပသည့် ကေရီဘုရင်မတစ်ပါး အုပ်ချုပ်သည့် နိုင်ငံတော်ဖြစ်သည်။ ကေရီဘုရင်မသည် ငယ်ရွယ်၊ နုနယ်၊ ချောမောလှပသည့်အပြင် ဘွဲ့ရပညာတတ်ဖြစ်သည်။ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးထံမှာ မင်းညီ၊ မင်းသားတွေနှင့်အတူ ပညာသင်ယူခဲ့ပြီး ဘွဲ့ရခဲ့သူဖြစ်သည်။ မင်းညီ၊ မင်းသား၊ ယောကျ်ားတွေကဲ့သို့ပင် ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး၊

ကေရိဘုရင်မဖုရားသည်
ငယ်ရွယ်၊ နုရွ၊ လှပသော်လည်း
တိုင်းပြည်ကို အုပ်ချုပ်သည့်ကိစ္စမှာ
သံမဏိကဲ့သို့ မာကျောသည်။
သင်တုန်းဓားကဲ့သို့ ပြတ်သားသည်။
မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည်။
ဥပဒေမှ တစ်ပြားသားမှ မလျှော့နိုင် ပါ။
ဈေးမဆစ်နဲ့ဆိုသည့် ဘုရင်မဖြစ်သည်။
ဘုရင်မစံရာ နန်းတော်ကြီးထဲ မှာ
ကိုယ်လုပ်တော်၊ ရံရွေတော်တွေမှအပ
နန်းတော်လုံခြုံရေးအစောင့်တွေ အားလုံးသည်
ဓားကိုင်၊ လှံကိုင်၊
ရဲမက်၊ စစ်သည်ယောကျ်ားတွေချည်းဖြစ်သည်။
လုံခြုံရေးအစောင့်တွေသည်
ဘုရင်မကို မော်လို့ဝင်
မကြည့်ရဲသူတွေဖြစ်သည်။

မြားပစ်အတတ်တွေကို သင်ယူတတ်မြောက်ခဲ့သူဖြစ်သည်။ သားယောကျ်ားမထွန်းကားသည့် ဘုရင်မျိုးဆက်ဖြစ်လို့ သူ့ဖခမည်းတော် နတ်ရွာစံကံတော်ကုန်သည့်အခါ တိုင်းပြည်ကို အုပ်ချုပ်ရန် ငယ်ငယ်ရွယ်ရွယ်ဖြင့် ကေရိဘုရင်မဖြစ်လာသူဖြစ်သည်။

ကေရိဘုရင်မ၏အမည်က သုဝဏ္ဏရူပါကေရိမဖုရားဟူ၍ ဖြစ်သည်။ သုဝဏ္ဏရူပါဆိုသည့်အမည်နှင့်လိုက်အောင် ရွှေအဆင်းကဲ့သို့ ချောမောလှပသည့် ဘုရင်မဖြစ်သည်။ အသားအရေကလဲ ပုလဲရည်ကဲ့သို့ ဖြူဥ၊ နုညက်၊ အိမွတ်၊ သန့်စင်၊ ဖွေးပျံ့နေသည်။ အရပ်အမောင်းက မနိမ့်လွန်း မမြင့်လွန်း အနေတော် ကြည့်ကောင်းသည့်အရပ်အမောင်းရှိသည်။ ကိုယ်ခန္ဓာအချိုးအဆစ်က ကြီးသင့်သည့်နေရာကြီး၊ သေးသင့်သည့်နေရာသေး၊ ကားသင့်သည့်နေရာကားဖြင့် ပြေပြစ်လှပသည်။ ပိတုံးရောင်နက်မှောင်ကေသာက ဖီးသင်ဖြန့်ချထားလိုက်လျှင် တင်ပါးအလွန် ဒကောက်နားထိ ရှည်လျားသည်။ မပိုင်း၊ မရှည်၊ ညီညာပြေပြစ်သည့်မျက်နှာက ကျက်သရေရှိလှသည်။ ဖြောင့်စင်းနှာတံ၊ ကော့ပျံမျက်တောင်၊ နက်မှောင်မျက်ဝန်းစုံအထက်က ငှက်တောင်ပံဖြန့်ပျံ့ဝဲနေသည်နှင့် သဏ္ဍာန်တူသော မျက်ခုံးနှစ်စက သုံးရက်လကဲ့သို့ ကွေးဝိုက်နေသည်။ ပြုံးရယ်လိုက်တိုင်း မြင်တွေ့ကြရသည့် ဖြူဖွေးညီညာသော သွားလှလှတွေက နီရဲနေသည့် နှုတ်ခမ်းနှစ်လွှာနှင့် ပန်းရလှသည့်အတွက် မြင်လိုက်ရသူတိုင်း ရင်ခုန်ကြရသည်။ ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်းဖြောင့်တန်းနေသော ခြေချောင်း လက်ချောင်းတွေနှင့် ခြေသည်း လက်သည်းတွေကလည်း ပုလဲနုရောင်၊ ရွှေဥရောင်ဖြင့် သွေးရောင်သန်းနေပါသည်။ ထိရက် တို့ရက်စရာမရှိအောင် စွဲမက်စရာတွေ ပြည့်နေသည့် ကေရိဘုရင်မဖြစ်သည်။

ကေရိဘုရင်မဖုရားသည် ငယ်ရွယ်၊ နုရွ၊ လှပသော်လည်း တိုင်းပြည်ကို အုပ်ချုပ်သည့်ကိစ္စမှာ သံမဏိကဲ့သို့ မာကျောသည်။ သင်တုန်းဓားကဲ့သို့ ပြတ်သားသည်။ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည်။ ဥပဒေမှ တစ်ပြားသားမှ မလျှော့နိုင်ပါ။ ဈေးမဆစ်နဲ့ဆိုသည့် ဘုရင်မဖြစ်

သည်။ ဘုရင်မစံရာ နန်းတော်ကြီးထဲမှာ ကိုယ်လုပ်တော်၊ ရံရွေတော်တွေမှအပ နန်းတော်လုံခြုံရေးအစောင့်တွေအားလုံးသည် ဓားကိုင်၊ လှံကိုင်၊ ရဲမက်၊ စစ်သည်ယောကျ်ားတွေချည်းဖြစ်သည်။ လုံခြုံရေးအစောင့်တွေသည် ဘုရင်မကို မော်လို့ပင်မကြည့်ရဲသူတွေဖြစ်သည်။ နန်းတော်အပြင်က စောင့်ကြရသူတွေဖြစ်သည်။ ဘုရင်မလွှတ်တော်တက်သည့်အခါမှာလည်း မှူးကြီးမတ်ရာ စစ်သေနာပတိတွေသည်လည်း ဘုရင်မက မော်ဖူးကြစေဆိုမှ မော့်ကြည့်ရသည်။ စည်းကမ်းကြီးမားပြီး ဥပဒေတင်းကြပ်သည့်နိုင်ငံကို နုနယ်ငယ်ရွယ်ပြီး ချောမောလှပသည့် ကေရီဘုရင်မဖုရား သုဝဏ္ဏရူပါ အုပ်ချုပ်နေပါသည်။ ဘုရင်မနိုင်ငံ သတ်မှတ်သည့်နယ်စပ်တွေကို ကျူးကျော်ဝင်ရောက်ပြီး ကေရီဘုရင်မကို မိဖုရားအဖြစ် သိမ်းပိုက်ချင်သူတို့၏ အန္တရာယ်ကို ကာကွယ်နေရသည့် အချိန်ကာလဖြစ်သည်။

စစ်မြေပြင်နယ်စပ်ဘက်မှ မြင်းညိုကြီးကို ဒုန်းစိုင်းလာသူသည် နေပြည်တော်အဝင်က မြို့ရိုးဂိတ်တံခါးကြီးကို ရောက်လာသည်။ တံခါးမှူးသည် မြင်းသည်တော်ကို မြင်လိုက်သည်နှင့် စစ်မြင်းညိုကြီးအနီးရောက်အောင် ပြေးလာပြီး အရိုအသေပြုသည်။ မြင်းပေါ်က မြင်းသည်တော်မှာ ဘာအဆောင်အယောင်နှင့် ဘာလက်နက်မှ မပါသော်လည်း ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းဖြင့် ရုပ်ဖြောင့်ပြီး ယောကျ်ားပီသသူဖြစ်နေသည်။ ခရီးဝေးကလာခဲ့ရလို့ ပင်ပန်းနေဟန်ရှိသည်။ သူစီးလာသည့် စစ်မြင်းညိုကြီး၏ တစ်ကိုယ်လုံးမှာလည်း ချွေးတွေဖြင့် စိုရွှဲနေသည်။ ပါးစပ်က အမြှုပ်ထွက်နေသည်။ မြင်းသည်တော်ရော မြင်းကြီးပါ မောပန်းလာကြသည်ဆိုတာကို တံခါးမှူးသိသည်။

"နေပြည်တော်ကိုဝင်ဖို့ အခါလင့်ပါရောလား ဗိုလ်မှူး"

မြင်းသည်တော်သည် သာမန်လူမဟုတ်၊ ကေရီဘုရင်မကိုယ်တိုင် တာဝန်ပေးတိုက်ခိုက်ခိုင်းထားသည့် ရှေ့တန်းတိုက်စစ်မှူး ဗိုလ်မှူးဗလကျော်ခေါင်ဖြစ်သည်။ တံခါးမှူးက ဗိုလ်မှူးကိုသိသော်လည်း အခါလင့်နေပြီဖြစ်လို့ မြို့အဝင်တံခါးကို ချက်ချင်းဖွင့်မပေးသေးဘဲ အကျိုးအကြောင်းကို သိချင်လို့ နှုတ်ဆက်စကားဆိုတာဖြစ်သည်။

"အလွန်အရေးကြီးတဲ့ ကိစ္စဖြင့် ကေရီဘုရင်မဖုရားကို ခစားရန် လာပါတယ်တံခါးမှူး"

စစ်မြေပြင်မှလာသူမှာ ဗိုလ်မှူးဖြစ်သည့်အပြင် ကေရီဘုရင်မ၏ အထူးတာဝန်ပေးအပ်ခြင်းခံထားရသူဖြစ်လို့ အခါလင့်နေပြီဖြစ်သော်လည်း မြို့တံခါးဖွင့်ပေးရမည့်ဖြစ်သည်။ အလွန်အရေးကြီးသည့် ရှေ့တန်းစစ်မြေပြင် အခြေအနေကို ကေရီဘုရင်မကို တင်ပြအစီရင်ခံစရာရှိတာဖြစ်မည်ဟု တွေးမိပြီး မြို့တံခါးကို ဖွင့်ပေးလိုက်သည်။

ဗိုလ်မှူးဗလကျော်ခေါင်သည် စစ်မြင်းကြီးကို ဒုန်းစိုင်းပြီး ကေရီမဖုရားစံရာ နန်းတော်ဘက်ဆီသို့ ဦးတည်ပြေးသွားလေတော့သည်။ တစ်နေ့တာအတွင်း အစွမ်းကုန်ထွန်းလင်းခဲ့သည့် နေမင်းသူရိယာဒေါင်းစကြာသည် ဂေါယာကျွန်းသို့ယွန်းဝင်ရန် မိုးကုတ်စက်ဝန်းမှာ မေးတင်နှုတ်ဆက်နေပြီဖြစ်သည်။ မကြာမီ နေဝင်မိုးချုပ်ပေတော့မည်ဖြစ်သည်။ ဘုရင်မတက်ရောက်ခဲ့သည့် လွှတ်တော်အဆောက်အဦး၏ တံခါးတွေ ပိတ်ထားပြီဖြစ်သည်။ လွှတ်တော်တက်ခဲ့ကြသည့် ဝန်မင်း အမတ်မင်းနှင့် စစ်သူကြီးတွေ ညီလာခံစဲလို့ အိမ်ပြန်ကုန်ကြပြီ။ ကေရီဘုရင်မဖုရားလည်း နန်းတော်ဆောင်ထဲ ဝင်ရောက်သွားပြီဖြစ်သည်။ ဗိုလ်မှူးဗလကျော်ခေါင်သည် မကြောက်မရွံ့ဘဲ ကေရီဘုရင်မ၏ စံနန်းတော်ဆောင်အတက် လှေခါးရင်းအထိ သွားရောက်ပြီး မြင်းကြီးပေါ်မှ ဆင်းလိုက်သည်။ လုံခြုံရေးအစောင့်စစ်သည်တော်တွေ ဝိုင်းအုံရောက်ရှိလာသည်။ နန်းတော်ဆောင်လုံခြုံရေးမှူးက ဗိုလ်မှူးကို အရိုအသေပေးပြီးမှ စစ်မေးသည်။

"ဘုရင်မဖုရားကံ သံတော်

ဦးအထူးတင်ရန် ရှိပါသလား ဗိုလ်မှူး ခင်ဗျာ''

''အလွန်အရေးကြီးတဲ့ ကိစ္စကို လျှောက်တင်ရန်ရှိလို့လာခဲ့ ပါတယ် လုံခြုံရေးမှူး''

''အခါလင့်လှပါရော့လား၊ နက်ဖြန်မနက်မှ လျှောက်တင်လို့ မဖြစ်ဘူးလား''

''မဖြစ်ပါ၊ မနက်ဖြန် မပြော ပါနဲ့၊ ကျွန်ုပ်အတွက်တော့ အခုချက် ချင်းလျှောက်တင်ရမည့်ကိစ္စ ဖြစ်နေ ပါတယ်၊ နန်းတော်ဆောင် တံခါး ဖွင့်ပေးပါ''

နန်းတော်ဆောင်လုံခြုံရေး မှူးက သူဘာလုပ်မည်ဆိုတာကို သိ သည်။ ရှေ့တန်းစစ်မြေပြင်ကလာသူ ဖြစ်သည့်အပြင် ဘုရင်မဖုရား၏ အလွန်အရေးပေးခြင်းခံရသည့်

ဗိုလ်မှူးဗလကျော်ခေါင်ကိုယ်တိုင်ဖြစ် နေသည့်အတွက် အထူးလျှို့ဝှက်ပေး သင်္ကေတခေါင်းလောင်းကို တီးခတ်

လိုက်ပြီး နန်းတော်ဆောင်တံခါးကို ဖွင့်ပေးလိုက်သည်။

ကေရီဘုရင်မစံမြန်းရာ နန်းတော်ဆောင်တံခါးကြီးပွင့်သွားသောအခါ ဗိုလ်မှူးဗလကျော်ခေါင်က လှေခါးထစ်တွေကိုနင်းပြီး ရဲရဲတင်းတင်း တက်သွားလိုက်သည်။ တံခါးကြီးအနီးတွင် အတွင်းတော်နေ ကိုယ်လုပ်တော်အပျိုရံတစ်ယောက်က ရပ်စောင့်ကြိုဆိုနေသည်။ သူ့နောက်ကလိုက်ခဲ့ရန် အချက်ပြခေါ်ယူသွားသည်။ ဘုရင်မဖုရား ထွက်ကြွလာလျှင် ထိုင်မည့်သလွန်ညောင်စောင်းရှေ့မှာ ထိုင်ခိုင်းပြီး အတွင်းတော်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဗိုလ်မှူးဗလကျော်ခေါင် အခစားဝင်ရောက်နေကြောင်း ဘုရင်မကိုသွားရောက်သံတော်ဦးတင်နေပြီဖြစ်သည်။ မကြာမီ ကေရီဘုရင်မထွက်ကြွလာပြီး သလွန်ညောင်စောင်းမှာ ထိုင်မည်ဆိုတာကို ဗိုလ်မှူးဗလကျော်ခေါင်က သိနေသည်။ မိမိသည် ဘုရင်မက မော်ဖူးစေဆိုမှ ဘုရင်မမျက်နှာကို ကြည့်ရသည့်သာမန်ပုဂ္ဂိုလ်မဟုတ်၊ ဘုရင်မ၏ အထူးအခွင့်အရေးပေးခံရသူ ရှေ့တန်းစစ်မြေပြင်တပ်မှူးဖြစ်သည့်အတွက် ဘုရင်မထွက်ကြွလာလျှင် ဦးညွတ်အလေးပြုပြီး တရင်းတနှီးစကားပြောခွင့်ရှိသူဖြစ်သည်။ ဘုရင်မထွက်ကြွလာမည့် ခန်းမဆောင်ဘက်ကိုကြည့်ပြီး စောင့်မျှော်နေလိုက်သည်။

ခန်းမဆောင်က ထွက်ကြွလာသည့်ဘုရင်မကို လက်အုပ်ချီလျက်နောက်ဆုတ်ထွက်လာသည့် အပျိုတော်မကို အလျှင်မြန်တွေ့လိုက်ရသည်။ ဘုရင်မ ခန်းမဆောင်ကြီးထဲက သလွန်ညောင်စောင်းကို ရှေ့ရှုသွားတော့မှ လက်အုပ်ချီထားသည့် အပျိုတော်သည် လာလမ်းကိုပြန်ဝင်ပြီး ပျောက်ကွယ်သွားလေတော့သည်။ ဘုရင်မသည် ရေသုံးသပ်ပြီးလို့ အိပ်ရာဝင်ပုံစံဖြင့် အိမ်နေအဝတ်ကို ဝတ်ထားတာဖြစ်မည်။ ဖွေးဖွေးဖြူသည့် ဇာပါးပါးကို ဝတ်ဆင်ထားသည်။ ပခုံးသားနှစ်ဘက်လုံး ပေါ်နေသည့် လက်ပြတ်အင်္ကျီကို ဝတ်ထားသည်။ အင်္ကျီနှင့် စကတ်က တစ်ဆက်တည်းဖြစ်လို့ ညဝတ်စုံဖြစ်မည်ထင်ရသည်။ အသားကဖြူတော့ ဝတ်စုံဖြူပါးပါးကြောင့် ဖြန့်ချထားသည့် ဆံကေသာကလွဲပြီး တစ်ကိုယ်လုံး ဖွေးဖွေးဖြူနေတော့သည်။ မွှေးနံ့သာ ဆွတ်ဖျန်းပြီး မွှန်နံ့သာပါးပါးလိမ်းထားသည်။ ပါးနှစ်ဘက်က နှင်းဆီနုရောင်သန်းနေသည်။ နှုတ်ခမ်းနှစ်လွှာက ဆေးမဆိုးရသေးဘဲ နီစွေးနေသည်။ သလွန်ညောင်စောင်းမှာ အသာထိုင်ချပြီး ပါးနှစ်ဘက် နှုတ်ခမ်းနှစ်လွှာ၊ လည်ပင်း၊ ရင်သားနှစ်မွှာမှ ခြေဖျားအထိကို နေရာကွက်လပ်မကျန်အောင် နမ်းလိုက်ချင်သည့်စိတ် ပေါက်သွားသည်။

''အချိန်လင့်လှပါရောလား ဗိုလ်မှူး၊ အကြောင်းထူး လျှောက်တင်စရာရှိပါသလား''

''အလွန်အရေးကြီးကိစ္စ လျှောက်တင်စရာရှိလို့ အခါမဲ့ဝင်ရောက်ခစားရတာဘုရား''

''အလွန်အရေးကြီးတဲ့ကိစ္စဆိုတာ ရှေ့တန်းစစ်မြေပြင်မှာ စစ်သည်တော်တွေ အကျအဆုံးများနေလို့ တပ်ဆုတ်ခွာဖို့ကိစ္စ ခွင့်တောင်းမလို့လားဗိုလ်မှူး''

''မဟုတ်ပါသခင်မဖုရား၊ ရှေ့တန်းစစ်မြေပြင်မှာ ရန်သူ့တပ်တွေ အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားကြပြီဖြစ်လို့ သခင်မဖုရား၏ ဘုန်းတော်ကြောင့် ကျွန်တော်မျိုး၏ တပ်မှူးများနှင့် စစ်သည်တော်တွေက အနိုင်အမာ တပ်ချထားပြီးဖြစ်ပါတယ်။ ကျွန်တော်မျိုးအတွက် အလွန်အရေးကြီးတဲ့ကိစ္စ လျှောက်တင်စရာရှိလို့ အခါမဲ့ဝင်ရောက်ခစားရခြင်းဖြစ်ပါတယ်ဘုရား''

''အလွန်အရေးကြီးတဲ့ကိစ္စဆိုတဲ့အတွက် လျှောက်တင်ပါဗိုလ်မှူး''

''ကျွန်တော်မျိုးသည် ထိုးခုတ်သတ်ဖြတ်ခြင်းတို့ကို မလုပ်လိုတော့၍ ဓား၊ လှံ၊ လေးမြားတို့ကို စစ်မြေပြင်မှာ ချထားခဲ့ပြီး သခင်မ၏အပါးသို့ ခစားရန် လာရောက်ခဲ့ပါသည်။ သခင်မ၏အပါးမှာ ကိုယ်ရံတော်တပ်မှူးအဖြစ်ဖြင့် သခင်မ၏လုံခြုံမှုကို တာဝန်ယူလိုပါ

''ကျွန်တော်မျိုးသည်
ထိုးခုတ်သတ်ဖြတ်ခြင်းတို့ကို
မလုပ်လိုတော့၍
ဓား၊ လှံ၊ လေးမြားတို့ကို
စစ်မြေပြင်မှာ ချထားခဲ့ပြီး
သခင်၏အပါးသို့ ခစားရန်
လာရောက်ခဲ့ပါသည်။
သခင်၏အပါးမှာ
ကိုယ်ရံတော်တပ်မှူးအဖြစ်ဖြင့်
သခင်၏လုံခြုံမှုကို တာဝန်ယူလိုပါသည်။
သခင်ရပ်နေသည့်အခါ၊
ထိုင်နေသည့်အခါ၊
လဲလျောင်းနေသည့်အခါ၊
သခင်၏ လုံခြုံမှုကို တာဝန်ယူရင်း
သခင်၏မျက်နှာကို အားပါးတရ
ကြည့်နေချင်ပါသည်။
သခင်အလှပြင်သည့်အခါ
ကြေးမုံမှန်ပြားကိုကိုင်ထားပေးရသည့်
တာဝန်ကို ယူလိုပါသည်။
သခင်၏နှုတ်ခမ်းနှင့်
ခြေသည်း လက်သည်းများကို ....

သည်။ သခင်မရပ်နေသည့်အခါ၊ ထိုင်နေသည့်အခါ၊ လဲလျောင်းနေသည့်အခါ၊ သခင်မ၏ လုံခြုံမှုကို တာဝန်ယူရင်း သခင်မ၏ မျက်နှာကို အားပါးတရ ကြည့်နေချင်ပါသည်။ သခင်မအလှပြင်သည့်အခါ ကြေးမုံမှန်ပြားကို ကိုင်ထားပေးရသည့် တာဝန်ကို ယူလိုပါသည်။ သခင်မ၏ နှုတ်ခမ်းနှင့် ခြေသည်း လက်သည်းများကို ကိုယ်တိုင်ဆေးဆိုးပေးချင်ပါသည်။ သခင်မအညောင်းပြေလမ်းလျှောက်သည့်အခါ လေမှာလွင့်နေမည့် ခြုံပဝါစကို မြေမခအောင် ကိုင်မပြီး နောက်တော်ပါးက လိုက်နေချင်ပါသည်။ သခင်မထံမှ ပျံ့လွင့်လာမည့် ကိုယ်သင်းနံ့မွှေးမွှေးကို ရှူရှိုက်လို့ရနိုင်သည့် အကွာအဝေးမှ ထာဝစဉ်ခစားနေလို့ရသည့် ကိုယ်ရံတော်တပ်မှူးရာထူးကို ပေးသနားစေလိုပါသည်။ အဲဒီတာဝန်တွေကို ရရှိထမ်းဆောင်နိုင်ရေးဟာ ကျွန်တော်မျိုးအတွက် အလွန်အရေးကြီးသည့်အတွက် ခွင့်ပြုပေးသနားတော်မူပါဘုရား''

''မင်းမျိုးမင်းနွယ်ဖြစ်ပါလျက်နဲ့ ထိုးခုတ်သတ်ဖြတ်ခြင်းဆိုတဲ့ စစ်တိုက်ခြင်းကို မလုပ်လိုတော့ပါဆိုတာ သဘာဝကျပါသလား''

''သဘာဝမကျပါ၊ သို့သော် ကျွန်တော်မျိုးသည် ချစ်ခြင်းနှင့် မေတ္တာကို သာ ယုံကြည်ကိုးကွယ် ထားပြီးသူဖြစ်လို့ သတ္တဝါတွေကို သေစေနိုင်သည့် လက်နက်မှန်သမျှကို လုံးဝကိုင်စွဲတော့မည်မဟုတ်ပါ။ သခင်မအပါးမှာ ကိုယ်ရံတော် တပ်မှူးရာထူးဖြင့်သာ နေလိုပါသည်။ ခွင့်ပြုတော်မူပါ''

''သင်၏တောင်းဆိုမှုကို ခွင့်ပြုနိုင်ပါသည်။ သင်၏ သတ္တိရှိခြင်း၊ ယောက်ျားပီသခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ အသက်ငယ်ခြင်း၊ ရုပ်ရည်လှပခြင်းတို့ကြောင့် သခင်မ၏ကိုယ်ရံတော်တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရန် ခွင့်ပြုနိုင်ပါ

သည်။ သို့သော် သင်သည် သခင်မ
၏ ခွင့်ပြုချက်မရဘဲ စစ်မြေပြင်ကို
စွန့်ခွာလာသည့်အတွက် အပြစ်မရှိ

ပြီလော၊ အရေးမယူသင့်ပြီလော''

''အပြစ်ရှိပါသည်၊ အရေး
ယူသင့်ပါသည် သခင်မဖုရား''

''ကောင်းပြီ၊ သခင်မ၏
နန်းတော်မှ လှမ်းမျှော်ကြည့်လိုက်
လျှင် တစ်ယူဇနာမျှဝေးကွာသည့်

အရပ်မှာ နံ့သာမြိုင်တောကြီးဆိုတာ
ရှိတယ်။ မုတ်သုန်သစ်တောကြီးထဲ
မှာ အမွှေးနံ့သာပင်တွေလည်း

ပေါက်ရောက်နေတယ်၊ ကျေးငှက်
သာရကာတွေနှင့် သားရဲတိရစ္ဆာန်
တွေလည်း ပေါတယ်၊ သစ်သီးဝလံ

တွေလည်း အလျှံပယ်ပေါတယ်၊
ကျောက်ကြား ရေထွက်တွေနှင့်
စမ်းချောင်းရေတွေလည်း တသွင်သွင်

စီးဆင်းနေတယ်၊ အဲဒီ နံ့သာမြိုင် တောကြီးထဲမှာ သင်တစ်ယောက်တည်း သွားနေရမည်။ ယနေ့မှစ၍ ရေတွက်သည်ရှိသော် နောက်သုံးနှစ်တိတိပြည့်သည့်နေ့မှာ သခင်မ၏ ရှေ့မှောက်ကိုပင် သင်အရောက်ပြန်လာခဲ့ပါ၊ သင့်ကို သခင်မ စောင့်မျှော်နေပါမည်''

''အမိန့်တော်မြတ်အတိုင်း ပါဘုရား''

အမိန့်တော်ချမှတ်ပြီးသည်နှင့် ကေရီဘုရင်မဖုရား ထိုင်ရာမှ ထကြွသွားတော်မူလေသည်။ မိုးချုပ်ခဲ့ပြီဖြစ်၍ နန်းမဆောင်နှင့် နန်းတော်အဆောင်ဆောင် အခန်းခန်းတွေက ဆီမီးတိုင်တွ ထွန်းညှိလိုက်ပြီဖြစ်သည်။ ဗိုလ်မှူးသည် ကေရီဘုရင်မဖုရား၏ နန်းမဆောင်မှ ပြန်ခဲ့ပါသည်။

နောက်နေ့နံနက် မိုးသောက်အလင်းရောက်သည့်အခါမှာတော့ ဗိုလ်မှူးဗလကျော်ခေါင်သည် သာမန်အရပ်သားအသွင်ဖြင့် ဓားမတိုတစ်ချောင်းကိုကိုင်ကာ နံ့သာမြိုင်တောကို ထွက်ခွာခဲ့ပါသည်။ နံ့သာမြိုင်တောကြီးထဲက စမ်းချောင်းအနီးမှာရှိသည့် နပဲပင်ကြီး၏အောက်မှာ သစ်ခက်တဲအိမ်ငယ်ကလေးဆောက်သည်။ မီးလင်းဖိုတစ်ဖိုကို မီးမငြိမ်းအောင် လောင်စာထည့်သည်။ ဒီနေရာလေးမှာ သုံးနှစ်တိတိနေရမည်ဖြစ်သည်။

နံ့သာမြိုင်တောကို ဗိုလ်မှူးရောက်လာသည့်နေ့ကစပြီး ကျေးငှက်သာရကာတွေ ပျော်ရွှင်စွာ တွန်ကြူးနေကြသည်။ သားရဲတိရစ္ဆာန်တွေ ရွှင်မြူးစွာ ပြေးလွှားဆော့ကစားနေကြသည်။ ဗိုလ်မှူး၏ သစ်ခက်တဲကလေးအနီးမှာ လာရောက်နားနေ အိပ်စက်နေကြသည့် ကျား ခြင်္သေ့တွေရှိသည်။ တစ်ဦးကိုတစ်ဦး တစ်ကောင်နှင့်တစ်ကောင် နိုပ်စက်သတ်ဖြတ်ခြင်းမပြုဘဲ ပျော်ရွှင်စွာ နေထိုင်ကျက်စားနေကြသည်။

ဗိုလ်မှူးကဲ့သို့ပင် နံ့သာမြိုင်တောကြီးထဲမှာ ဘောရပ်ဆောက်တည်ရင်း သီတင်းသုံးနေသည့် ရဟန်းတော်တစ်ပါးသည် ဥပုသ်သီတင်းတစ်ပတ်လျှင်တစ်ကြိမ်ကျ ဆားနှင့် ချဉ်သီးအလို့ငှာ လူနေရပ်ရွာများဘက်သို့ အလှူခံကြွသည့်အခါ ဗိုလ်မှူး၏ တဲကလေးအနီးမှ ဖြတ်ကြွသွားလေ့ရှိသည်။ ဗိုလ်မှူးက တဲအတွင်းမှ ပြေးထွက်ပြီး သစ်သီးဆွမ်းလောင်းလှူရာမှ ရဟန်းတော်နှင့် ရင်းနှီးစပြုလာသည်။ ရဟန်းတော်အလှူခံရာမှ ပြန်ကြွလာလျှင် ''ရပ်ပါဦးဘုရား'' ''နားပါဦးဘုရား။'' ''ရေအေးအေးသုံးဆောင်ပါဦးဘုရား ''စသည်ဖြင့် လျှောက်သည့်အတွက် ဗိုလ်မှူးနှင့် တောမီရဟန်းတော်တို့ ရင်းနှီးကျွမ်းဝင်ကြသည်။ တစ်ခါတရံမှာ ရဟန်းတော်က အမောပြေအနားယူရန် ဗိုလ်မှူး၏ တဲကလေးမှာ ခေတ္တနားသည်။

အာလာပ သလ္လာပ ပြောကြသည်။

''လူသူမနီးတဲ့ တောကြီးထဲမှာ ဆင်းရဲကျင့်နေတာဟာ ဘာကိုလိုချင်လို့ ကျင့်နေတာပါလဲဘုရား''

''ဘာကိုမှ မလိုချင်အောင် ကျင့်နေတာပါ ဒကာလေး၊ ဒကာလေးကရော ဘာကိုလိုချင်လို့ တောရဆောက်တည်နေတာလဲ''

''တပည့်တော်ဟာ တောရဆောက်တည်နေတာမဟုတ်ပါဘူးဘုရား၊ မင်းပြစ်မင်းဒဏ်ကျခံနေရတာပါဘုရား''

ဗိုလ်မှူးက သူ၏အဖြစ်ကို ပြောပြသည်။ ရဟန်းတော်သည် တအံ့တဩနားထောင်နေရာမှ ခေါင်းတညိတ်ညိတ်ဖြင့် သနားစိတ်ဝင်လာသည့်ဟန်ဖြင့် တိုးညင်းစွာ ပြောသည်။

''တကယ်မရှိဘဲ ရှိဟန်ဆောင်နေတဲ့ မာယာကိုသတိထားဒကာလေး''

''မာယာဆိုတာ ဘာလဲဘုရား''

''မာယာဆိုတာ တဏှာပေမပေါ့ဒကာလေး၊ တဏှာပေမဟာ ယယ်ရှယ်နုနယ်၊ ချောမောလှပ၊ နုရွှမှတ်ညက်၊ ဖွေးကြိုင်ဟန်ဆောင်ထားတဲ့မာယာပဲ၊ အဲဒီမာယာဆိုတဲ့ တဏှာပေမဟာ ဒကာလေးကို သံသရာတလျှောက်လုံး ဒုက္ခပေးလိမ့်မယ် သတိထား''

သည်းခံတရား

ပြုသူခံသူ၊ ထိုနှစ်လူတွင်
ပြုသူမေ့လောက်၊ ချိန်ခါရောက်လည်း
မပျောက်ဝေဒနာ၊ ခံသူမှာကား
ရင်မှာနွမ်းရိ၊ ဖွဲမီးထိလောင်
သောကဘောင်မှာ၊ သဲသောင်ကန္တာရ
ဖြတ်ခဲ့ရလို့၊ နွမ်းလျှမောပမ်း
ခရီးလမ်းမှာ၊ အနွမ်းပြည့်ရင်
နာကျင်ကျင်နှင့်၊ ခရီးလွှင့်ကာ
လျှောက်နေပါလည်း၊
ဝေဒနာအပြည့် ရင်မှာရှိ ････။
ဘုရားဟောထား၊ တရားများနှင့်
ကြိုးစားပြီးကာ၊ ဖြေသိမ့်ပါလည်း
နာရရင်မှာ၊ မဖြေသာဘဲ
ဒေါသဝဲမှာ၊ ဖြေရာမရမောပမ်းရ ････။
ဘဝခဏ၊ လူဖြစ်ရစဉ်
ဘုရားရှင်ညွှန်းထား၊ ကျင့်စဉ်များနှင့်
ကြိုးစားပြီးခါ၊ ကျင့်ကြံပါလည်း
ရင်မှာမပေါ့၊ မလျှော့မာန
ထိုအတွက၊ အဆုံးဘယ်ခါသတ်မှာလဲ
ဩော် ･･･ မျှတနားလည်၊ ခန္တီတရား
ကျင့်စဉ်များကို၊ ကြိုးစားတည်ဆောက်
အာရုံလှောက်ပြီး၊ ဖြေဖျောက်နည်းနှင့်
သည်းခံတရား၊ နှလုံးသားမှာ
ပြန့်ပွားအမြဲတည်နိုင်စေ ････။

စစ်တွေ-ကြာနိုင်

ရဟန်းတော်သည် အမော ပြေပြီဖြစ်လို့ ထိုင်ရာမှထပြီး ကျောင်းသခ်န်းလေးရှိရာ အရှေ့အရပ်က တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ဗိုလ်မှူးလေး ဗလကျော်ခေါင်ခေါင်းငိုက်စိုက်ချကာ မြေပြင်ကို စိုက်ကြည့်နေသည်။ မာယာ ･･ မာယာ၊ တဏှာပေမ ･･၊ တကယ်မရှိဘဲ ဟန်ဆောင်နေတာတွေ ･･။ ဒါတွေကြောင့် မင်းပြစ် မင်းဒဏ်ကျ ခံနေရတာ နှစ်နှစ်ကျော်ပေပြီ၊ သုံးနှစ်ပြည့်ပေတော့မည်။

× × × × × × × ×

မင်းပြစ်မင်းဒဏ်ကျခံနေရသည့်ကာလ သုံးနှစ်ပြည့်မည့်နေ့မှာတော့ ကေရီဘုရင်မရှိရာ အနောက်ဘက်ကို မျက်နှာမူပြီး ရပ်ကြည့်နေသည့် ဗိုလ်မှူးလေးဗလကျော်ခေါင်သည် နေပြည်တော်နှင့် ကေရီဘုရင်မရှိရာ အနောက်အရပ်ကို ကျောခိုင်းလိုက်ပြီး ရဟန်းတော်သီတင်းသုံးရာ အရှေ့အရပ်ဘက်သို့ မျက်နှာမူလိုက်သည်၊

''တကယ်မရှိဘဲ ဟန်ဆောင်နေတဲ့မာယာ၊ တဏှာပေမ၊ ဘဝများစွာ သံသရာတလျှောက်လုံး ငါ့ကို ဒုက္ခပေးနေမည့် မာယာမှ ငါရုန်းထွက်လိုက်ပြီ၊ လွတ်ပြီ၊ ကျွတ်ပြီ၊ တဏှာပေမမှ လွတ်မြောက်ခြင်း ဝိမုတ္တိရသကို ငါခံစားရပြီ''

ဗိုလ်မှူးလေးဗလကျော်ခေါင်သည် ရဟန်းတော်သီတင်းသုံးရာ အရှေ့အရပ်တောတွင်းသို့ လျှောက်သွားလေတော့သည်။

အဏ္ဏဝါစိုးမိုး

အရိပ်စစ်

တက္ကသိုလ်နေမင်း

ကောသလတိုင်း၏ အရှင်သခင် ဘုရင်ဝိဋူဋဘသည် လွှန်စွာခက်ထန်ကြမ်းကြုတ်ပြီး အငြိုးမာန်မာန အာဃာတကြီးသူဖြစ်၏။ သူ၏ ရင်ထဲတွင် စူးနစ်သက်ဝင်၍ နေခဲ့ရသော အာဃာတဆူးအတွက် သာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးရန် အခွင့်အခါကို စောင့်၍ နေခဲ့သူလည်း ဖြစ်သည်။

ဗန္ဓုလစစ်သူကြီး၏တူ ဒီဃကာရာယနသည်လည်း အာဒီယန်စစ်သွေးကြွတစ်ဦးဖြစ်လေသည်။ အာဒီယန်လူမျိုးတို့ကို လေးစားစွာ ဆက်ဆံခြင်းမပြုကြသော သကျလူမျိုးတို့ကို သုတ်သင်ရန် ကြံစည်နေသူလည်း ဖြစ်သည်။ အာဒီယံတို့သည် မဇ္ဈိမဒေသကြီး၏ အင်အားကြီးနိုင်ငံဖြစ်ကြသော ကောသလတိုင်းမှ ကောသလမင်းနှင့် မဂဓတိုင်း အဇာတသတ်မင်းတို့ စစ်တိုက်နေခြင်းကို ယောက်သော် သူတို့အချင်းချင်းပင် အာဃာလုနေကြသူများ ဖြစ်သည်။ ဘုရားရှင်လက်ထက်တော်မှာပင် အဇာတသတ် မင်းသည် ဝဇ္ဇီတိုင်း ဝေသာလီမြို့တော် လိစ္ဆဝီမင်းတို့ကို အနိုင်ယူသိမ်းပိုက်ခဲ့ဖူးသည်ကိုထောက်လျှင် အာဒီယန်တို့သည် လူမျိုးကွဲနိုင်ငံငယ်လေးများကို ချေမှုန်းဖို့ ပြင်ဆင်နေသည်မှာ အထူးပြောဖွယ် မလိုတော့ပေ။

ဝိဋ္ဋမျှာဘမင်းသည် သက္ကတိုင်းကို သိမ်းပိုက်ပြီး သာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးရန်အတွက် စစ်သည်ဗိုလ်ပါ၊ ရဲမက်များစွာပါဝင်သော တပ်မတော်ကြီးကို ခေါ်ဆောင်၍ သက္ကတတိုင်းဆီသို့ ထွက်လာခဲ့တော့သည်။ များစွာသော လက်နက်တန်ဆာရိက္ခာတို့ဖြင့် ခရီးကြမ်းနှင်ခဲ့ရသော ဝိဋ္ဋမျှာဘသည် စခန်းတစ်ထောက်နား၍ အနားယူကြရန် စစ်တပ်ကြီးကို အမိန့်ပေးလိုက်သည်။ သူတို့စခန်းချ၍ နားနေသောနေရာသည်ကား သက္ကတတိုင်း၏ နယ်နိမိတ်နှင့် မဝေးလှတော့ပေ မြင်တွေ့နေရပြီဖြစ်သည်။ ဝိဋ္ဋမျှာဘမင်းသည် ကောသလတိုင်း၏ နယ်နိမိတ်အဆုံး အရိပ်အာဝါသကောင်းလှသော ပင်ညောင်ပင်ကြီးအောက်ဝယ် အနားယူလျက် မကြာခင် သက္ကတိုင်း၏ သာကီဝင်တို့ကို လူမျိုးတုန်းအောင် သတ်ဖြတ်၍ သာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးကာ သက္ကတိုင်းကြီးကို ဝါးမျိုးတော့မည်ဟူသောအကြည့်ဖြင့် သက္ကတိုင်းဆီဘက်သို့ မမိုတ်သောမျက်စိအစုံဖြင့် စူးစိုက်စွာ ကြည့်နေလေတော့သည်။

သက္ကတိုင်း၏ နယ်နိမိတ်အဆုံး ကောသလတိုင်းပိုင်ဆိုင်သော နယ်နိမိတ်စည်းအတွင်းသို့ မရောက်ခင် တိုင်းနှစ်တိုင်းတို့၏အကြား တစ်ခုသော ဆီးပင်ကြီးအောက်ဝယ် ရဟန်းတော်တစ်ပါးကို ဝိုးတဝါးမြင်နေရ၏။ ဝိဋ္ဋမျှာဘ၏ စိတ်အာရုံတွင် ယခုလို ပူပြင်းလောင်မြိုက်နေသောအခါသမယဝယ် အရိပ်မဲ့သော သစ်ပင်အောက်ဝယ်၊ ငြိမ်သက်စွာထိုင်၍နေသော ဤရဟန်းကား ရူးသွပ်နေလို့သာ ဖြစ်ချေမည်ဟု ကြံစည်တွေးတောလျက် အနားယူနေသော စစ်တပ်ကြီးကို ကျောခိုင်းလျက် ညောင်ပင်ကြီးအောက်မှ တစ်လှမ်းချင်းထွက်ခွာလာခဲ့သည်။ ဆီးပင်အောက်တွင်ကား ရူးသွပ်နေသော ရဟန်းတစ်ပါး မဟုတ်ပါလေ၊ ဝိဋ္ဋမျှာဘမင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်မှာ မြတ်ဗုဒ္ဓပင်ဖြစ်နေတော့သည်။ ဝိဋ္ဋမျှာဘမင်းသည် ဘုရားရှင်မှန်းသိလိုက်ရသောအခါ တုန်လှုပ်ချောက်ချားစွာဖြင့် လက်အုပ်ချီကာ ဦးညွှတ်ရိုကျိုးရှိခိုးလျက် လျှောက်ထားလေတော့သည်။

''ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဤမျှပူပြင်းလောင်မြိုက်၍နေသော အရွက်အခက်မရှိ ရိုးတန်ကျဲပြီး အကာအကွယ်မဲ့လှသော ဆီးပင်အောက်ဝယ် နေပူ၊ လေပူဒဏ်တို့ကို ဆင်းရဲပင်ပန်းစွာ ခံတော်မူလျက် ကာယိကဒုက္ခများလှုပါသော နေရောင်အောက်ဝယ် မြတ်ဘုရား သီတင်းသုံးတော်မမူပါနှင့်ဘုရား ဟို ..မဝေးလှသောအရပ်ဝယ်

''အို ဝိဋ္ဋမျှာဘမင်းသား

အရိပ်အာဝါသကောင်း၍ အေးချမ်းလှသော ထိုညောင်ပင်ကို ငါဘုရား မြင်တော်မူပေသည်။

ဤဆီးပင်သည် ငါဘုရား၏ ဆွေတော်မျိုးတော်တို့ပိုင်ဆိုင်ရာနယ်နိမိတ်ဖြစ်သည်။

သက္ကတိုင်းနယ်မြေတွင် ပေါက်၍နေသောသစ်တစ်ပင်ဖြစ်ပေသည်။

အို ..မင်းသား သင်ကြွခေလို၍ လျှောက်ထားအပ်သော ညောင်ပင်ကြီးသည်

ကောသလတိုင်းနယ်မြေတွင် ပေါက်၍နေသဖြင့် အမြင်နီးသော်လည်းစည်းခြားနေပေသည်။

ဆီးပင်ရိပ်သည် ညောင်ပင်ရိပ်လောက် မချမ်းသာ မအေးမြသည်မှာ အမှန်ပင် ဖြစ်လေသည်။

သို့တစေ ....

အရွက်အခက်အလက်ဝေဆာ၍ တင့်တယ်စွာသော အရိပ်အာဝါသကောင်းပြီး၊ အပူဒဏ်ကိုဖြတ်သန်း၍ လာကြရသော ခရီးသွားတို့အတွက် ကွန်းခိုရာအဖြစ် ကြီးမားလှသော ပင်ညောင်ပင်ကြီး ရှိပါသည်ဘုရား၊ မြတ်ဘုရားသည် ထိုညောင်ပင်ရိပ်ဝယ် ချွေးသိပ်အနားယူတော်မူပါ၊ အေးချမ်းစွာတိုက်ခတ်၍လာသော လေချိုလေအေးတို့ကို ရှူရှိုက်အပန်းဖြေတော်မူပါ၊ အကာအကွယ်မဲ့၍ အထီးကျန်လှစွာသော ဤဆီးပင်ကိုစွန့်၍ ချမ်းသာဖွယ်ဖြစ်လေသော ပင်ညောင်ပင်ရိပ်ဆီသို့ ကြွလှမ်းတော်မူပါ မြတ်စွာဘုရား''

ထိုအခါ မြတ်စွာဘုရားရှင်က ဤကဲ့သို့ မိန့်တော်မူလေသည်။

''အို ဝိဋူဍဘမင်းသား အရိပ်အာဝါသကောင်း၍ အေးချမ်းလှသော ထိုညောင်ပင်ကို ငါဘုရားမြင်တော်မူပေသည်။ ဤဆီးပင်သည် ငါဘုရား၏ ဆွေတော် မျိုးတော်တို့ ပိုင်ဆိုင်ရာ နယ်နိမိတ်ဖြစ်သည်။ သက္ကတိုင်းနယ်မြေတွင် ပေါက်၍နေသော သစ်တစ်ပင်ဖြစ်ပေသည်။ အို ..မင်းသား သင်ကြွစေလို၍ လျှောက်ထားအပ်သော ညောင်ပင်ကြီးသည် ကောသလတိုင်းနယ်မြေတွင် ပေါက်၍နေသဖြင့် အမြင်နီးသော်လည်း စည်းခြား နေပေသည်။ ဆီးပင်ရိပ်သည် ညောင်ပင်ရိပ်လောက် မချမ်းသာ မအေးမြသည်မှာ အမှန်ပင် ဖြစ်လေသည်။ သို့တစေ သစ်တစ်ပင်သည် အရိပ်အာဝါသကောင်း၍ အဘယ်မျှပင် ချမ်းသာစေကာမူ၊ ဆွေရိပ်မျိုးရိပ် လောက် မချမ်းသာနိုင်ပါ။ ဆွေမျိုးတို့၏အရိပ်သည် ညောင်ပင်ရိပ်ထက် အဆပေါင်းများစွာ အေးမြချမ်းသာလှပေသည်။ အို မင်းသား ငါဘုရားသည် ကာယိကဒုက္ခဖြစ်စေ၍

ဆင်းရဲစေကာမူ ပင်ပန်းသည့်ဒဏ်ကို ခံယူတော်မူမည်။ ထိုညောင်ပင်ရိပ်သို့ ပြောင်းရွှေ့၍ ကွန်းခိုခြင်းငှာ အလိုမရှိပေ" ဤသို့ မိန့်တော်မူလေသည်။

ဝိဋ္ဋူဘမင်းသားသည် မြတ်စွာဘုရား၏စကားကို ကြားရသောအခါ သဘောပေါက်သွား၏။ ဘုရားရှင်သည် သာကီဝင်တို့၏ သေကြေပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်တော်မူလို၍ ဤမျှပင်ပန်းကြီးစွာခံယူလျက် ကြွလာတော်မူခြင်းဖြစ်၍ ဤသို့သောစကားကို မိန့်ဆိုတော်မူခြင်းဖြစ်ပေသည်။ မြတ်ဗုဒ္ဓရှိတော်မူပါလျှက်နှင့် ဘုရားရှင်၏ ရှေ့မှ ဖြတ်ကျော်ပြီး သာကီဝင်တို့ကို သတ်ဖြတ်သုတ်သင်ခြင်းကိုစွာသည် မြတ်ဘုရားကို မျက်နှာပြောင်တိုက်ရာရောက်တော့မည်။ ငါ ဤသို့ပြုခြင်းကား မသင့်တော်လှပေဟု စဉ်းစားတွေးတောလျက် မြတ်ဘုရားကို ရှိခိုးဦးညွှတ်လျက် စစ်တပ်ကြီးကို ရုပ်သိမ်းကာ တပ်ခေါက်၍ ပြန်သွားလေတော့သည်။

ဝိဋ္ဋူဘမင်းသည် စစ်တပ်ကြီးကို ခေါ်ဆောင်လျက် သာကီဝင်မင်းမျိုးတို့ကို သုတ်သင်ရန်အတွက် လာခဲ့သည်မှာ အကြိမ်ကြိမ်ပင် ဖြစ်လေသည်။ မြတ်စွာဘုရားရှင်သည် ဆွေတော်မျိုးတော်တို့ကို အသက်ဘေးမှ ချမ်းသာစေရန် သုံးကြိမ်တိုင်အောင် ကာကွယ်စောင့်ရှောက်တားမြစ်တော်မူလေသည်။ မြတ်ဗုဒ္ဓသည် ဉာတတ္ထစရိယအကျင့်မြတ်ကို ကိုယ်တော်တိုင် ကျင့်တော်မူသည်။ ဆွေမျိုးဉာတိတို့အား ဘေးဒုက္ခအန္တရာယ်မကျရောက်ရအောင် စောင့်ရှောက်ကာကွယ်ခြင်းသည် မြတ်ဗုဒ္ဓ၏ လမ်းစဉ်ပင်ဖြစ်လေသည်။

သံဃာတော်အရှင်မြတ်တို့သည်လည်း ထိုလမ်းစဉ်ကို ကျင့်သုံးတော်မူရမည်ဖြစ်၏။ ထိုကဲ့သို့ ဉာတတ္ထစရိယအကျင့်ကို ကျင့်တော်မူပြီး မြတ်ဗုဒ္ဓ၏ ဓမ္မအမွေကို လောကသားတို့အတွက် ဖြန့်ဝေလျက် မြတ်သောအကျင့်၌ တည်ကြန်သော ပုဂ္ဂိုလ်များစွာတို့တွင် ကမ္မာသာသနာပြု ကုသိနာရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တစန္ဒိမဏိသည် ကမ္မာလူသားအပူသမားများစွာတို့ကို မြတ်ဗုဒ္ဓအရိပ်အောက်ဝယ် ခွေးသိပ်ပေးစွမ်းနိုင်ခဲ့သည့် အာဇာနည်ပုဂ္ဂိုလ်တစ်ပါး ဖြစ်လေသည်။ ဆရာတော်ပျံလွန်တော်မူသောအခါတွင် နိုင်ငံပေါင်း (၃၂) နိုင်ငံမှ ကြေးနန်းစာ (၅၆၉)စောင်နှင့် ဝမ်းနည်းကြောင်းသဝဏ်လွှာ (၇၀၉)စောင်ဖြင့် လွမ်းဆွတ်တမ်းတဦးညွှတ်ခဲ၍ ပေးပို့ခဲ့ကြသည်။

ဘဒ္ဒန္တစန္ဒိမဏိ၏ ဘဝဖြစ်စဉ်ကို အားရကြည်ညိုမဆုံးအောင်ဖြစ်ရစဉ် ကမ္ဘာ့သာသနာပြုဆရာတော် ဘဒ္ဒန္တစန္ဒိမဏိမထေရ်မြတ်၏ အရိုက်အရာကို ဆက်လက်ခံယူတော်မူသော ယခုလက်ရှိ ကုသိနာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မထေရ်မြတ်ကြီး၏ မွန်မြတ်သောသာသနာပြုလုပ်ငန်းနှင့် ဘာသာသာသနာအတွက် ကြိုးစားအားထုတ်ခဲ့ရမှု တစ်စိတ်တစ်ဒေသအကြောင်းကို ကြားသိရသောအခါ အလွန်ပင်လေးစားကြည်ညိုဂုဏ်ယူမိပါတော့သည်။

ယခုအခါ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်သည် (၂၀၁၅)ခုနှစ် နိုဝင်ဘာလတွင် သက်တော် (၈၀) ပြည့်ပြီဖြစ်ပြီး ဆရာတော်၏ ဘုန်းရိပ်ကံရိပ် မေတ္တာရိပ်အောက်ဝယ် လူသားတို့မှာ နားခိုခွင့်ရကြလေပြီ။ ကမ္ဘာ့လူသားတို့အတွက် စစ်မှန်ကောင်းမြတ်သော အရိပ်စစ်ကြီးသည် မဇ္ဈိမဒေသတွင် အဓွန့်ရှည်စွာ ဆက်လက်၍ တည်လေပြီဟု အကြွင်းမဲ့ယုံကြည်သည့်အလျောက် ဘာသာသာသနာပြုဆရာတော်ဘုရားကြီးသည်လည်း သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံမြန်မာကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏိဿရတည်းဟူသော အရိပ်စစ်ဆီသို့ ဦးညွှတ်ရိုကျိုး ရှိခိုးလျက် ဤစာပန်းဖြင့် ဂါရဝပြုလိုက်ရပါတော့သတည်း။

တက္ကသိုလ်နေမင်း

ဗုဒ္ဓမြတ်စွာ (၄၅) ဝါနှင့် ပရိနိဗ္ဗာန်စံလွန်တော်မူရာ

ကုသိနာရုံ

တိုးထက်

လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား ကြီးစွာသော မဟာကရုဏာဖြင့် ကယ်တင်တော်မူရန် အလို့ငှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်တင်းဆည်းပူးအပ်သော ပါရမီတော်ဖြင့် ဗုဒ္ဓမြတ်စွာ စောဘဂဝါသည် မဇ္ဈိမဒေသ (အိန္ဒိယပြည်)တွင် ပွင့်တော်မူခဲ့၍ လောဘ၊ ဒေါသ၊ မောဟမီး တညီးညီး တောက်လောင်နေသော လောကီသားဝေနေယျများအား အေးငြိမ်းရာပြည်နိဗ္ဗာန်ဆီသို့ လမ်းညွှန်ကယ်တင်တော် မူခဲ့လေသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၄၅) နှစ်မျှသော ကာလပတ်လုံး သတ္တဝါအပေါင်းတို့ကား တရား

ရေအေးအမြိုက်ဆေးတိုက်ကျွေးကာ သက်တော် (၈၀)အရွယ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရာ ကုသိနာရုံသည် ယခုအခါ အိန္ဒိယပြည်၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ် **(Litlar Pradesh)** ဂိုရပ်ခ်ပူရ်မြို့ **(Gorakhpur)**နှင့် (၃၂)မိုင်အကွာတွင် တည်ရှိသည်။

ကုသိနာရုံပြည်မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ပရိနိဗ္ဗာန်စံဝင်နေရခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ အသည်းနှလုံးတွင် မမေ့နိုင်သော အထွတ်အမြတ်ထားသည့် အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။

× × × × × × × ×

အချိန်ကာလ ကြာညောင်းလာခြင်းသည် ဂေါတမဘုရားရှင်အား လူသားတို့ မေ့လျော့စေရန် ဖန်တီးသကဲ့သို့ ရှိလာပြန်သည်။ ဗုဒ္ဓသာသနာသည် အနှောင့်အယှက်အခက်အခဲများစွာကို ဖြတ်သန်းခဲ့ရ၏။ သာသနာ့မှတ်တိုင်သင်္ကေတဖြစ်သည့် အဆောက်အအုံ ဆင်းတုရုပ်ပွား၊ စာပေ၊ ပိဋကတ်တို့သည် အကြိမ်ကြိမ်အခါခါ ဖျက်ဆီးခြင်း ခံခဲ့ရ၏။ သို့နှင့်ပင် ဗုဒ္ဓ၏ အဖြစ်အပျက် ဗုဒ္ဓဝင်ဇာတ်တော်သည်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ ဒေသစာရီကြွချီတော်မူရာ လှည့်လည်သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်များ နေပြည်တော်များသည် တကယ်မရှိသော အရာများအဖြစ် နှောင်းလူတို့ ထင်မြင်ယူဆလာကြတော့သည်။

ဗုဒ္ဓမြတ်စွာကိုပင် တကယ် ပွင့်ခဲ့လေသလော (သို့မဟုတ်) စိတ်ကူးယဉ်ကမ္ဘာထဲမှ အံ့ချီးဖွယ်လူသားဖြစ်လေသလောဟု ဘာသာခြားတို့က ထင်မြင်ခဲ့ကြလေသည်။ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူခဲ့ရာ အရပ်ဌာနများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်သူတို့မှာ အနည်းစုမျှသာဖြစ်ကုန်ပြီး အများစုမှာ ထိုနေရာများဆီသို့ ရည်မှန်းခြင်းသာရှိပြီး စိတ်ရှိသလောက် ကိုယ်မပါနိုင်ခဲ့ကြပေ။ စင်စစ်သော် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘာသာဝင်ဆိုင်ရာဌာနများသို့ ဘုရားဖူးသွားရခြင်းကို အလိုရှိတောင့်တကြပေသည်။

ကမ္ဘာကျော်သာသနာပြု သီရိဓမ္မာသောကမင်းကြီးက ဤသို့သော ဘုရားဖူးလှည့်လည်ရခြင်းကို ''ဓမ္မရတ္တ'' မြတ်လှသော ခရီးထွက်ရခြင်းဟု မြွက်ဆိုခဲ့၏။ ခရစ်တော်မပေါ်မီဘီစီ (၂၅၀)တွင် သီရိဓမ္မာသောကမင်းသည် ဗုဒ္ဓဝင်ဆိုင်ရာအရပ်ဌာနများသို့ ဘုရားဖူးလှည့်လည်ခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင် သုတ်မဟာဝါပါဠိတော်တွင် ''ချစ်သား–အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ဘိက္ခုရဟန်း၊ ဘိက္ခုနီရဟန်းမ၊ ဥပါသကာ ဒါယကာ၊ ဥပါသိကာဒါယိကာမတို့သည် ဤသံဝေဇနီယလေးဌာနသို့ လာရောက်ကြကုန်လျက် ဤနေရာကား မြတ်စွာဘုရားဖွားမြင်ရာဟုလည်းကောင်း၊ ဤနေရာကား ဘုရားအဖြစ်သို့ ရောက်တော်မူရာဟုလည်းကောင်း၊ ဤနေရာကား တရားဦးဟောရာအရပ်ဟု လည်းကောင်း၊ ဤအရပ်ကား ပရိနိဗ္ဗာန်ပြုတော်မူရာ အရပ်ဟုလည်းကောင်း တွေ့မြင်ကြလျက် ထိတ်လန့်သံဝေ ဖြစ်ကုန်ကြလိမ့်မည်''

''အာနန္ဒာ ဤသံဝေဇနီယဌာနများသို့ လှည့်လည်ကြသူတို့သည် ကြည်ညိုသဒ္ဓါရှိကုန်ကြ၍ သေသည်၌ အခြားမဲ့၌ ကောင်းရာသုဂတိသို့ လားရောက်ကြကုန်လတ္တံ့''ဟု မိန့်တော်မူခဲ့လေသည်။

× × × × × × × ×

မြန်မာပြည်သည် ဗုဒ္ဓသာသနာ နေရောင် လရောင်ပမာ ထွန်းလင်းသောတိုင်းပြည်ဖြစ်၍ ဗုဒ္ဓမြတ်စွာ၏ ဆင်းတုရုပ်ပွားစေတီပုထိုးတို့ ပေါများကုန်သည်။ ဗုဒ္ဓ၏ သားတော်တို့ (ရဟန်းသံဃာ)များပြားလှသည်။ ဗုဒ္ဓဟောကြားအပ်သော ပိဋကတ်သုံးပုံဖြစ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို နှုတ်တော်ရွရွ အာဂုံပြန်ဆိုနိုင်သော သံဃာတော်တို့ ပေါ်ထွန်းခဲ့သည်။ များစွာသော စေတီပုထိုးတို့တွင် ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူဟန်ရုပ်ထုများ ထွင်းထုပူဇော်ကြသည်လည်း အပါအဝင်ဖြစ်ခဲ့၏။ ပရိနိဗ္ဗာန်စံဝင်တော်

မှုဟန်ရုပ်ထုများတည်ရှိရာနေရာကိုမူ အငြင်းပွားခြင်းမရှိ၊ ညီညွတ်စွာ ''ကုသိနာရုံ''ဟု အမည်ပေးကြကုန်သည်။

ဤသို့ဖြင့် မြန်မာပြည်နေရာအနှံ့အပြားတွင် ကုသိနာရုံအတော်များများ တည်ရှိကြသည်။ မဇ္ဈိမဒေသ ကုသိနာရုံနေရာအစစ်သို့ ဘုရားဖူးမသွားနိုင်သော ဗုဒ္ဓဘာသာဝင်များအတွက် စိတ်၏ဖြေရာအဖြစ် မြန်မာပြည်တွင် ကုသိနာရုံများစွာ ပေါ်ပေါက်ခဲ့ရလေသည်။ များမကြာမီက ဆိုလျှင် နေပြည်တော်တွင် မြတ်စွာဘုရားရှင်၏ သံဝေဇနီယ လေးဌာနဖြစ်တော်မူသော ဘုရားရှင်ဖွားမြင်တော်မူရာ လုမ္ဗိနီဒေသ၊ ဘုရားဖြစ်တော်မူရာ မဟာဗောဓိအောင်မြေဌာန၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်ဒေသနှင့် ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံဒေသများဖြစ်ကြသည့် အရေးကြီးလှသော ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဂယူကြရန် ပုံတူမဇ္ဈိမဒေသကို တည်ထားကိုးကွယ်ထားရှိလေပြီ။ ဗုဒ္ဓဂယာသို့ မသွားရောက် နိုင်သူများ အလွယ်တကူ သံဝေဇနီယလေးဌာနကို ပြည်တွင်း၌ပင် ဖူးမြော်နိုင်ကြပေပြီ။

× × × × × × × ×

ဤတွင် ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သက်တော် (၈၀)အရွယ် ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံတော်မူသည်ထိ (၄၅)နှစ်တာကာလ ဖြစ်သည့် ဗုဒ္ဓမြတ်စွာ (၄၅)ဝါကို မည်သို့မည်ပုံကျင့်ကြံအားထုတ်ခဲ့ပုံကို တင်ပြလိုပါသည်။

ပထမ''တစ်ဝါ''

ဗာရာဏသီပြည်အနီး မိဂဒါဝုန်မန်ကျည်းပင်တော၌ ''ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ'' တည်းဟူသော ပဥ္စဝဂ္ဂီ (၅)ဦးတို့အား ဓမ္မစကြာတရား ဟောတော်မူရာ ဒေသနာ၏အဆုံး၌ ''အရှင်ကောဏ္ဍည'' သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ တစ်သောင်းသောလောကဓာတ်မှ စည်းဝေးရောက်ရှိလာသော နတ်ဗြဟ္မာ (၁၈)ကုဋေတို့သည်လည်း အကျွတ်တရား ရကြလေကုန်၏။

ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ ''၄-ဝါ''

ရာဇဂြိုဟ်ပြည် အနောက်မြောက်ဖက် ဗိမ္ဗိသာရမင်းကြီး၏ကောင်းမှု ဝေဠုဝန်ကျောင်းတော်၌ ဝါကပ်ဆိုတော်မူစဉ် ရာဟုလာကို အကြောင်းပြု၍ အမ္ဗလဋ္ဌိယ၊ ရာဟုလောဝါဒသုတ်နှင့် မိဂဇာတ်ကို ဟောတော်မူ၏။ ဓမ္မကရဟန်းကို အကြောင်းပြု၍ မိစ္ဆာအယူများကြောင်းကို ဟောတော်မူ၏။ သူတစ်ပါးအား ဝန်တိုခြင်းအပြစ်ကို ဟောတော်မူ၏။ ခေမာမိဖုရားအား ဇာတိ၊ ဇရာ၊ မရဏတို့ ဟောတော်မူ၏။ သခ်ဇာတ်ကို ဟောတော်မူ၏။ ဇီဝက၏နှမ ''သီရိမာ''အား သူတစ်ပါးကို မပြစ်မှားအပ်ကြောင်း ဟောတော်မူ၏။ အဋ္ဌိလဇာတ်ကို ဟောတော်မူ၏။ အနာဂါမ်တည်၏။ ကုဏ္ဍလမှုဆိုး၏ မယားကိုအကြောင်းပြု၍ ပါဏာတိပါတကို မပြုရလေအောင် တန်ခိုးတော်ဖြင့် ကြံစည်ကာ လင်မုဆိုးအား ဟောတော်မူ၏။ မယားသည် ငယ်ရွယ်စဉ်ကပင် သောတာပန်ဖြစ်ပြီးသည်ဖြစ်၍ လင်၏ဝတ္တရားအတိုင်း လေးမြားကိုစွဲကို ပြုလုပ်ရသော်လည်း အပြစ်မရှိကြောင်း ဟောတော်မူ၏။ မယား၏အဘလည်း သောတာပန်ဖြစ်လေ၏။ သား (၇)ယောက်နှင့် ချွေးမ (၇)ယောက်လည်း သောတာပန်ဖြစ်ကြလေ၏။

ဆဋ္ဌမ ''တစ်ဝါ''

ဝေသာလီပြည်အနီး၊ မဟာဝုန်တောရှိ စုလစ်မွန်းချွန်တပ်သော ဇရပ်ကျောင်း၌ ဝါဆိုတော်မူစဉ် လင်းနို့အကျင့်ကဲ့သို့ကျင့်သော ပုဏ္ဏားကို အကြောင်းပြု၍ ဖွတ်မင်းဇာတ်ကို ဟောတော်မူ၏။

သတ္တမ ''တစ်ဝါ''

ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်၌ ''သန္တုသိတ'' မယ်တော်မိနတ်သားအား ကျေးဇူးဆပ်ရန် ဝါဆိုတော်မူစဉ် လူပြည်၌ အချိန်အခါကို မှတ်တော်မူ၍ ဓမ္မုဒိပ်ကျွန်းတွင် နေဝန်းထွက်လျှင် ဗုဒ္ဓမြတ်စွာသည် သွင်ပြင်ဟန်ပန်၊ အသံရုပ်ဝါ ရည်တူညီမျှသော ''နိမ္မိတဘုရား''ကို ဖန်ဆင်းတော်မူ၍ ''ငါ၏ကိုယ်စား ဤဘုရားသည် ဤမျှ

လောက်သောတရားကို ဟောကြားစေသတည်း''ဟု မိန့်ခွန်းတော်မူလျက် ပဏ္ဏုကမ္ဗလာကျောက်ဖျာ၌ ကောင်းစွာထားခဲ့ပြီးသော် ကိုယ်တော်အစစ်မှကား သက်န်းသပိတ်ပြင်လျက် ဆင်းသက်ခဲ့ပြီး ဟိမဝန္တာတော အနောတတ်အိုင်၏ အနီး နံ့သာပင်ကြီးရင်းဝယ် ခင်းအပ်သော ဆေးဒန်းဖြင့် သီလာကျောက်မြေ၌ ရပ်နေတော်မူ၏။ ယင်းအခါ ဟိမဝန္တာ၌ နေကြသော နတ်၊ နဂါးတို့သည် ''နာဂလတာ''မည်သော ကွမ်းရိုးဒန်ပူကို ကပ်လှူလာကုန်၏။ ကိုယ်တော်မြတ်လည်း ထိုဒဏ်ပူကို ခံယူတော်မူ၍ အနောတတ်အိုင်သို့ သက်ကာ မျက်နှာခံတွင်းကို သန့်ရှင်းတော်မူပြီး ထိုကျောက်ဖျာပေါ်၌ ရပ်တော်မူလျက် တိမ်နီလာအဆင်းနှင့်တူသော သင်္ကန်းအစုံကို ဝတ်ရုံသပ္ပါယ်တော်မူပြီးမှ နတ်မင်းကြီး (၄)ယောက်တို့ ကပ်လှူအပ်သောသပိတ်ကို ဆောင်တော်မူလျက် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူသည်။

ထိုကျွန်းသူကျွန်းသားတို့လည်း ဘုရားဟူ၍ အမှတ်မရှိ၊ မိမိတို့ကိုးကွယ်သည့်နတ်မင်းဟု မှတ်ထင်လျက် ဝမ်းမြောက်ရွှင်လန်းစွာ နတ်သုဒ္ဓါကဲ့သို့သော ဆွမ်းကို လှူဒါန်းပူဇော်ကုန်၏။ ကိုယ်တော်မြတ်လည်း အနောတတ်အိုင်၏အနီး၌ ဆွမ်းဘုဉ်းပေးပြီးလျှင် စန္ဒကူးနံ့သာတောသို့ ဝင်၍နေ့ သန့်တော်မူ၏။ ညချမ်းအခါ တာဝတိံသာနတ်ပြည်သို့ တက်ကြွ၍ အဘိဓမ္မာတရားဟောတော်မူရာ ကုဋေရှစ်သန်းမျှသော နတ်ဗြဟ္မာတို့သည် သစ္စာ (၄)ပါးဝ‌ရားကို မြင်ကြလေကုန်၏။ မယ်တော်မိနတ်သားလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

အဋ္ဌမ''တစ်ဝါ''

ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့ ''ဘေသကလ'' တောအုပ်၌ ဝါဆိုတော်မူစဉ် ဘဝငါးရာပတ်လုံး အခြားမရှိ၊ ဗုဒ္ဓ၏ မိခင်၊ ဖခင်ဖြစ်ခဲ့ဖူးသော ''နကုလပိတာ၊ နကုလမာတာ''တို့ကို တရားဟော၏။ ''ဗောဓိ''မင်းသားကိုလည်း သားသမီးမရသည့်အကြောင်းကို ဟောတော်မူ၏။

နဝမ''တစ်ဝါ''

ကောသမ္ဗီပြည်၌ ဃောသကသူဌေးလှူသော ''ဃောသိတာရုံ''ကျောင်း၊ ကုက္ကုဋသူဌေးလှူသော ''ကုက္ကုဋာရုံ''ကျောင်း၊ ပါဝါရိကသူဌေးလှူသော ''ပါဝါရိကာရုံ'' ကျောင်း၊ ယင်း (၃)ကျောင်းကို အရံတစ်ခုတည်းထား၍ ဝါဆိုတော်မူစဉ် ''ဥတေနမင်း၊ သာမာဝတီ၊ မာဂဏ္ဍီ၊ ခုဇ္ဇုတ္တရာ''တို့အကြောင်းကို ဟောတော်မူ၏။

ဒသမ''တစ်ဝါ''

ကောသမ္ဗီပြည်မှ (၇)ယူဇနာခန့်ကွာဝေးသော ''ပါလိလေယျက''ရွာအနီးရှိ ရွာသူရွာသားတို့လှူသည့် အင်ကြင်းပင်ရင်းကျောင်း၌ ဝါဆိုတော်မူစဉ် အလုပ်အကျွေးဖြစ်သော ''ပါလိလေယျ''ဆင်နှင့် ''ပေါထ ပါဠ္ဍ''မျောက်တို့အား သရဏဂုံကို ဟောတော်မူ၏။

ဧကဒသမ(၁၁)''တစ်ဝါ''

ရာဇဂြိုဟ်ပြည် တောင်မျက်နှာ (၃)ဂါဝုတ်ကွာသောနေရာ၌ ''နာဠ''ပုဏ္ဏားရွာအနီး ဒက္ခိဏာဂိရိတောင်ကုန်းပေါ်ရှိ ''နာဠိကာရုံ''ကျောင်းကြီး၌ ဝါဆိုတော်မူစဉ် ''ကာသိဘာရဒွါဇ''ပုဏ္ဏားကို အကြောင်းပြု၍ သီလ၊ သမာဓိ၊ ပညာ၊ ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်လယ်ထွန်ခြင်းသာလျှင် သံသရာမှ ထွက်မြောက်ကြောင်း ဟောတော်မူ၏။

ဒွါဒသမ (၁၂)''တစ်ဝါ''

ဝေရဉ္စယပြည်အနီး''နဠေရု''ဘီလူးမင်းပိုင်သော ''ဂနပုစိ''မည်သော တမာပင်ကြီးရင်း၌ ဝါဆိုတော်မူစဉ် ''ဝေရဉ္စယ''ပုဏ္ဏားမေးသမျှကို ကျေနပ်အောင် ဖြေဆိုတော်မူ၏။ ငါဘုရားသာလျှင် လောက၌ ရှိရှိသမျှသော လူ၊ နတ်၊ သိကြား၊ ဗြဟ္မာတို့ထက် အကြီးဆုံးဟူ၍ ခေါ်ဆိုရခြင်းမှာ တစ်ထောင့်ငါးရာကိလေသာတည်းဟူသော ဥဖွဲ့တွင်းမှ ရှေးဦးပထမထွက်မြောက်လေသောကြောင့် အကြီးဆုံးဟု ခေါ်ဆိုရကြောင်း ဟောတော်မူ၏။

တေရသမ (၁၃)''တစ်ဝါ''

စာလိယတောင် ''ချရား''တော၌လည်းကောင်း။

စုဒ္ဒသမ (၁၄)“တစ်ဝါ”

“သာဝတ္ထိပြည်”၌လည်းကောင်း၊ ဝါဆိုတော်မူ၏။ ယင်း (၂)ဝါအတွင်း၌ “သုစိလောက၊ ခရလောမ”ဘီလူး (၂) ယောက်ကို ချွတ်တော်မူသည်။

ပန္နရသမ (၁၅)“တစ်ဝါ”

ကပိလဝတ်ပြည် “နိဂြောဓာရုံ”ကျောင်း၌ ဝါဆိုတော်မူစဉ် ဆွေတော်မျိုးတော်တို့အား သင်္ဂြိုဟ်ထောက်ပံ့တော်မူခြင်းငှာ ဤကျောင်းရှာတွင်ပင် ရှေးအခါက ငါနေခဲ့ဖူးပြီဟု” “မဟာကဏှ”ဇာတ်ကို ဟောတော်မူ၏။

သောဠသမ (၁၆)“တစ်ဝါ”

အာဠဝီတိုင်း “အာဠဝီမြို့”အနီး “အာဠာဝက” ဘီလူးပိုင်သော ညောင်ပင်ရင်း “အာဠဝီ”မင်းကြီးလှူသော ကျောင်း၌ ဝါဆိုတော်မူစဉ် အာဠာဝကဘီလူးကို အကြောင်းပြု၍ ဗောဓိပက္ခိယတရား (၃၇)ပါးနှင့် သစ္စာ (၄)ပါးတရားများကို ဟောတော်မူသည်။

သတ္တရသမ (၁၇)“တစ်ဝါ”

ရာဇဂြိုဟ်ပြည် “ဝေဠုဝန်”ကျောင်း၌ ဝါဆိုတော်မူစဉ် ဗုဒ္ဓ၏ယောက်ဖတော် “ဒေဝဒတ်”သည် အဇာတသတ်မင်းနှင့် ညီညွတ်၍ ဗုဒ္ဓအား ပျက်စီးစေရန် တောင်ပေါ်မှ ကျောက်ကို လှိမ့်ချခြင်း၊ လေးဖြင့်ပစ်ခြင်း၊ နာဠာဂီရိဆင်ကို လွှတ်ခြင်း စသည်တို့ကို ပြုသည်။ သားတော် အဇာတသတ်မင်းအားလည်း ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်စေသည်။ ယင်းအဇာတသတ် ဒေဝဒတ်၏အကြောင်းများနှင့်စပ်၍ အသီတိနိပါတ်၊ မဟာသုဝဏ္ဏဇာတ်၊ ကဝိရာဇဇာတ်၊ ဂါနရဇာတ်၊ သောမနဿဇာတ်အစရှိသော များစွာသောဇာတ်တို့ကိုလည်း ဟောတော်မူသည်။ နေ့ကုမာရဇာတ်တော်ကိုလည်း ဟောတော်မူသည်။ နတ်ဘီလူးတို့ကိုလည်း ဆုံးမတော်မူသည်။

အဋ္ဌာရသမ (၁၈)“တစ်ဝါ”

ဧကူနဝီသတိမ (၁၉)“တစ်ဝါ”

ယင်း (၂)ဝါကို စာလိယတောင် “ချရား”တော၌ ဝါဆိုတော်မူ၍ သတ္တဝါအပေါင်းတို့အား အမျိုးမျိုးသော တရားတော်ကို ဟောကြားတော်မူလေသည်။

ဝီသတိမ (၂၀)“တစ်ဝါ”

ရာဇဂြိုဟ်ပြည် “ဂိဇ္ဈကုဋ်”တောင်၌ ဝါဆိုတော်မူ၍ အဇာတသတ်မင်းသည် ဖခမည်းတော်ကို သတ်မိ၍ နှလုံးမသာမယာချမ်းသာမရဖြစ်ရှိလေလျှင် ဆရာဇီဝကကို မှီ၍ ဘုရားရှင်ထံသို့ လာရောက်ကာ တရားတော်ကို နာခံရသဖြင့် ဘုရားသာသနာတော်၌ ချီးမြှင့်ပူဇော်လေသည်။ သုတ်၊ နိပါတ်၊ ဇာတ်တော်တို့ကိုလည်း ဟောတော်မူလေသည်။

ဧကဝီသတိမ (၂၁)မှ ဧကူနစတ္တာလီသ (၃၉)အထိ“၁၉)ဝါ

သာဝတ္ထိပြည် “ဇေတဝန်”ကျောင်းတော်၌ (၁၉) ဝါတိုင်တိုင် ဝါဆိုတော်မူစဉ်တွင်လည်း တပည့်သံဃာတော်တို့နှင့်တကွ သတ္တဝါအပေါင်းတို့အား အမျိုးမျိုးအထွေထွေသော တရားတော်တို့ကို ဟောဖော်ညွှန်ပြ ဩဝါဒပေးတော်မူလေသည်။

စတ္တာလီသ (၄၀)မှ စတုစတ္တာလီသ (၄၄)အထိ “၅”ဝါ

ဝိသာခါဒါယိကာမ ဆောက်လုပ်လှူဒါန်းသည့် “ပုပ္ဗါရုံ”ကျောင်းတော်၌ (၅)ဝါဆိုတော်မူ၍ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူ၏။

ပဥ္စစတ္တာသီလ (၄၅)နောက်ဆုံး“တစ်ဝါ”

ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်၏အကြား ဂင်္ဂါမြစ်နား၌ တည်သော “ဝေဠုဝ”ရွာ၌ ဗုဒ္ဓရှင်တော်မြတ်စွာ ပရိနိဗ္ဗာန်ဝင်ချိန်နီးသော နောက်ဆုံးတစ်ဝါဆိုတော်မူ၏။ ယင်းဗုဒ္ဓရှင်တော်မြတ်စွာ၌ ပိတ်ဝမ်းသွေးကျနာဖြစ်တော်မူသောအခါ သိကြားမင်းလာ၍ ဝတ်ပြုတော်မူသည်။ ဘုရားရှင်လည်း သည်းထန်စွာသော အနာကို အရဟတ္တဖိုလ်သမာပတ်ဝင်စား၍ သက်သာစေ၏။ (အဘယ်ကြောင့် ဖလသမာပတ်ကို မဝင်စားဘဲ၊ အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားသနည်းဆိုသော် ဖလသမာပတ်သည် ဝင်စားနေစဉ်အခါတွင် ရောဂါသက်သာသည်။ မဝင်စားလျှင် အမြဲနာပြန်၏။ အရဟတ္တဖိုလ်သမာပတ်သည်ကား အလိုရှိသရွေ့ အချိန်—

ကာလတိုင်းပိုင်းခြား၍ သက်သာနိုင်သောကြောင့်ဖြစ်ပေသည်)

ဝေဠုဝရွာ၌ ဝါကျွတ်လျှင် "ကုသိနာရုံ"ပြည်သို့ ကြွသွားတော်မူ၍ မြို့၏အနောက်တောင်ဘက် တာငါးရာ အကွာ အင်ကြင်းဥယျာဉ်ဝယ် "မလ္လာမင်း"တို့ နားနေရာ၊ ရတနာညောင်စောင်းကို ယူစေကာ အင်ကြင်းပင်စုံအကြား မြောက်သို့ ဦးခေါင်းထားစေလျက် ရှင်တော်မြတ်စွာသည် လက်ျာနံတောင်းဖြင့် လျောင်းတော်မူလေ၏။

မဟာသက္ကရာဇ် (၁၄၈)ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ ညဥ့်ဦးယံဝယ် "မလ္လာမင်း"တို့အားလည်းကောင်း၊ သန်းခေါင်ယံအချိန်ဝယ် ဥပကာနှင့် ဆာဝါတို့၏သား "သုဘဒ္ဒ ပရိဗိုဇ်"ကိုလည်းကောင်း၊ မိုးသောက်ယံဝယ် ရဟန်းသံဃာ တော်တို့ကိုလည်းကောင်း အကြောင်းအားလျော်စွာ တရား မြွက်ဟောကြားညွှန်ပြတော်မူပြီးသော် အရုဏ်တက်လင်းအား ကြီးအချိန်ဝယ် ဝါတော် (၄၅)၊ သက်တော်ကား (၈၀)အပြည့် တွင် ပရိနိဗ္ဗာန်စံဝင်တော်မူရာလေသတည်း။

× × × × × × × ×

ပရိနိဗ္ဗာန်ဝင်စံတော်မူရာ ကုသိနာရုံ (သံဝေဇနိယ ဌာန) လောကတွင် အတုမရှိ အနှိုင်းမဲ့မြတ်ဗုဒ္ဓသည် မလ္လာတိုင်း ကုသိနာရုံ အင်ကြင်းယဂုံ၌ အနုပါဒိသေက နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူပါသည်။ ကုသိနာရုံ သည် ကာဆီယမြို့အနီး ကုရိန္နာဂါခရိုင်တွင် တည်ရှိပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နောက်ဆုံးဝါကို ပါဝါမြို့တွင် ဝါဆိုတော်မူခဲ့ပြီး စုန္ဒသူကြွယ်၏ ဆွမ်းကို နောက်ဆုံးဘုဉ်း ပေးကာ ဝမ်းတော်လားသော ဝေဒနာဖြင့် ပရိနိဗ္ဗာန် ပြုတော်မူခဲ့သော ဒေသထူးဖြစ်ပါသည်။

ဗုဒ္ဓဂယာဘုရားဖူးခရီးသွားများသည် သံဝေဇနိယ လေးဌာနသို့ ရောက်တော်မူလေတိုင်း ရှုလေရာမြင်လေရာ တိုင်းတွင် သတိသံဝေဂရရှိကြစေပါသည်။ အထူးသဖြင့် ကုသိနာရုံတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံမြန်းတော်မူရာ လျောင်းတော်မူရုပ်ပွားတော်ကို ဖူးတွေ့ကြသူများသည် မဟာ ပရိနိဗ္ဗာနသုတ်တော်ကို သတိရရှိကြစေပြီး ဘုရားဟောကြား ခဲ့သည့် "သဗ္ဗေသင်္ခါရာအနိစ္စာ"ဆိုသော တရားကို ဆင်ခြင် မိကြပါသည်။ မြတ်ဗုဒ္ဓ ထိုစဉ်အခါက နောက်ဆုံးဟောကြား ခဲ့သော "အပ္ပမာဒေန သမ္ပာဒေထ"ဆိုသည့် အရာခပ်သိမ်း တို့သည် ပျက်စီးခြင်းသဘောရှိသည်။ ထို့ကြောင့် ချစ်လှ စွာသော ရဟန်းအပေါင်းတို့ လောဘ၊ ကာမတဏှာနှင့် တပ်မက်ခြင်းကို စွန့်ပယ်ပြီး လုံ့လဝီရိယ အားထုတ်ကြကုန် လော့"ဟူ၍ ဟောကြားသည့် တရားသဘောကို စောကြော ဆင်ခြင်မိကာ ဘုရားဖူးများသည် အသက်အရွယ်နှင့် အတွေ့အကြုံများကြောင့် လျော့နည်းစပြုပြီဖြစ်သည့် လောဘ၊ ကာမတဏှာနှင့် တပ်မက်ခြင်းတို့ကို စွန့်ပယ်ဖို့ အားမာန်များရရှိခဲ့ကြပါသည်။ ထိုကဲ့သို့ သတိအမှတ် ကောင်းဖြင့် အောက်မေ့ကုသိုလ်ဖြစ်ခြင်း၊ ထိုသို့ ထိတ်လန့် ဆင်ခြင်ရမှန်း သိရခြင်းတို့မှာ မြတ်စွာဘုရားကိုယ်တော်တိုင် လဲလျောင်းပြီး ခန္ဓာချုပ်ငြိမ်း နိဗ္ဗာန်ကိန်းဆိုက်ခဲ့သည့်နေရာသို့ ဘုရားဖူးများ ကိုယ်တိုင်ကိုယ်ကျ ရောက်နိုင်ကြခြင်းကြောင့် သာ ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ မြန်မာကျောင်းတိုက်၊ မဇ္ဈိမဒေသ၌ (၅၁)နှစ်ကျော်ကြာ နိုင်ငံခြားသာသနာပြုလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူပြီး ဗုဒ္ဓအမွေဖြန့်ဝေနေဆဲဖြစ်သည့် ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ် သက်တော် (၈၀)ပြည့် ဝိဇာတမွေးနေ့ရက်မြတ်မှသည် နောင်အသက်ရာကျော်ရှည်သည်အထိ ကျန်းမာ၍ သာသနာ့ ဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ရပါသည်ဘုရား။ ။

ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ဦးခိုက်ပူဇော် ကန်တော့လိုက်ရပါသည်ဘုရား။

တိုးထက်

မကြွယ်ကြွယ်

အတ္တယူဝလောကပါပြေသည်

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံဒေသတွင် သာသနာပြုသီတင်းသုံးနေတော်မူသည့် ဆရာတော်အရှင်ဉာဏိဿရကို အမည်သာ ကြားဖူးပြီး သိမြင်ဖူးခြင်း မရှိခဲ့ပါ။ သို့သော် ဆရာတော်ပို့ လိုက်သောလက်ဆောင်ကိုတော့ ရခဲ့ဖူးပါသည်။ သုံးခဲ့ဖူးပါပြီ။

မသိဘဲနဲ့ ဘာလို့ လက်ဆောင်ရတာလဲဟူ၍ မေးစရာဖြစ်ပါသည်။ အကြောင်းရင်းမှာ ကုသိနာရုံဆရာ တော်ဘုရား၏ ကျောင်းအနီးတွင် စေတီတော်တစ်ဆူတည် ပါသည်။ အိန္ဒိယနိုင်ငံရောက် မြန်မာများ၏ကုသိုလ် မဟာ သုခံဒဘွဲ့တော်ရှိ စေတီတော်ဖြစ်၏။

စေတီတော်ကို ဆရာတော်ဦးဝဏ္ဏသီရိ၊ ရွှေရတု ဒေါ်သန်းတင် စိန်ဘရားသားဒေါ်ကြည်ကြည်၊ ဦးဗိုလ်ကျော်၊ ဒေါ်တင်မြင့်၊ ဒေါ်ခင်မြင့်-အမှူးပြုပြီး စေတနာရှင်များ ပါဝင်ခဲ့ကြ၏။ စေတီတော်ထီးတော်တင်ပွဲနှင့် ကုသိနာရုံ ဝန်းကျင်ရှိ ဆရာတော်ဘုရားကြီး ဦးစန္ဒိမဏိ စတင်ခဲ့သော စာသင်ကျောင်း၊ ဆေးပေးခန်း စသည်တို့၏အောင်ပွဲအဖြစ် ကျင်းပရာတွင် အဆိုပါအခမ်းအနားသို့ ယူပီပြည်နယ် ဝန်ကြီးချုပ် ဒေါ်မာလာဝတီ တက်ရောက်ချီးမြှင့်ပါသည်။

ထိုသို့ တက်ရောက်အခမ်းအနားဖွင့်လှစ်ပေးသည့် သတင်းကို မြန်မာနိုင်ငံရှိ စာစောင်များ၊ သတင်းစာများတွင် ဖော်ပြစေလိုသောဆန္ဒ၊ ဆရာတော်ဦးဉာဏိဿရထံတွင် ရှိနေပေရာ ဘုရားတည်ရာတွင် ပါဝင်လှူဒါန်းခဲ့သူစာရေးဆရာမ ဒေါ်ညိုယဉ်က ကျွန်မထံသို့ ဆရာတော်၏ဆန္ဒပြည့် စေရန် စာရေးရမယ့်အချက်များကို ပူးတွဲပေးပို့ပြီး စာစောင်တစ်ခုခုတွင် ပါဝင်အောင် ရေးပေးပါရန် မေတ္တာရပ်ခံပါသည်။ စာရေးဆရာမဒေါ်ညိုယဉ်၏ခင်ပွန်း ဦးစိုးလွင်မှာ ကျွန်မတို့၏သူငယ်ချင်းဖြစ်ပေရာ ဒေါ်ညိုယဉ်နှင့်လည်း ခင်မင်လျက်ရှိသောကြောင့် သူတို့ဆန္ဒပြည့်ဝစေရန် ဆောင်းပါးတစ်ပုဒ်ရေးဖို့ ဖြစ်လာပါသည်။

ဒေါ်ညိုယဉ်နှင့်အတူ ဝန်ကြီးချုပ် ဒေါ်မာလာဝတီ ပုံကိုလည်း ပူးတွဲပေးလိုက်ပါသည်။ ထိုအချက်များကို အခြေခံပြီး ဆောင်းပါးတစ်ပုဒ် ကျွန်မရေးပါသည်။ ဒေါ်မာလာဝတီဓာတ်ပုံကိုလည်း စာစောင်တွင် မျက်နှာဖုံးတင်ရန် အားထုတ်ခဲ့ပါသည်။ သို့သော် အတွင်းပုံသာ အသုံးပြုခွင့် ရခဲ့သဖြင့် ထိုခေတ်က (၃၃)လမ်းအလယ်တွင်ရှိသော မြစ်မခ စာစောင်တွင် ကျွန်မရေးသည့်ဆောင်းပါး ပုံနှိပ်ဖော်ပြခဲ့ရ၏။ ဒေါ်မာလာဝတီပုံကိုလည်း မျက်နှာတစ်ဝက်စာပါစေရန် ဖော်ပြပေးခဲ့ပါသည်။

ထိုစာစောင်ကို ဆရာမညိုယဉ်မှတဆင့် ဆရာတော် ဦးဉာဏိဿရဖတ်ရှုနိုင်ရန် ကျွန်မပို့ပေးခဲ့ပါသည်။ စာအုပ်ပို့ပြီး မကြာမီရက်ပိုင်းတွင်ပင် ကျွန်မထံသို့ ဆရာတော်ထံမှ ပို့လိုက်သော ခြုံစောင်တစ်ထည် ရောက်လာပါသည်။ စာရေးဆရာဒါယိကာမကြီး၏ အရွယ်ကိုမသိ၍ အစိမ်းရောင် ခြုံစောင်ကို ပို့ရကြောင်း သိရပါသည်။

ထို့ကြောင့် မမြင်ဖူးခင်ကပင် လက်ဆောင်ရခဲ့သည်ဟူ၍ ရေးရခြင်းဖြစ်ပါသည်။

ဆရာတော်ဦးဉာဏိဿရသည် သက်တော် (၂၇-၂၈)လောက်တွင် ကုသိနာရုံသို့ ရောက်ခဲ့၏။ သူ့အား ပထမဦးစွာ ကုလားစာသင်ရန် ဆရာတော် ဦးစန္ဒိမဏိက မိန့်တော်မူ၏။ သင်ယူရာတွင် လူကြီးဆရာ (သို့မဟုတ်) ရဟန်းတော်တစ်ပါးနှင့် သင်ယူရန် ဖြစ်ပါသော်လည်း ဆရာတော်ဦးဉာဏိဿရက ရာဟုလာကလေးများကျောင်းဟု အမည်ရှိသော ဆရာတော်ဘုရားကြီး ဦးစန္ဒိမဏိဖွင့်ထားသည့် မူလတန်းကျောင်းတွင် တက်ရောက်စာသင်ယူပါသည်။ မူလတန်းကလေးများ၏အသက်မှာ အငယ်ဆုံးငါးနှစ်ခြောက်နှစ်ခန့် အကြီးဆုံးက (၁၂)နှစ်ခန့်ဖြစ်၏။ မြန်မာလိုဆိုပါက ကကြီးခခွေးတန်းဖြစ်ပါသည်။ ထိုအတန်းတွင် ဦးဉာဏသီရိ ဦးဇင်းဝတ်နှင့် စာသင်ယူရာ ကလေးများက သူ့ခေါင်းပြောင်ပြောင်ကို လက်နှင့်ပွတ်သူကပွတ်၊ လက်ဝါးနှင့် ရိုက် သူကရိုက်လုပ်ကြ၏။

ဘာကြောင့် အသက်ကြီးဆရာနှင့် သင်ယူခြင်း မပြုသလဲဟု မေးခဲ့နိုင်ပါသည်။ သူ၏အမြင်မှာ ကလေးများနှင့်ဆိုပါက စကားတတ်လွယ်မည်။ စာတတ်လွယ်မည်ဟု ယုံကြည်သည့်အတွက် ကလေးတို့ စတာ နောက်တာကိုခံပြီး စာတတ်အောင် သင်ယူခဲ့ခြင်းဖြစ်လေရာ လွန်စွာထားနိုင်ခဲ့သောစိတ်ဟူ၍ အံ့ဩမိရပါတော့သည်။

ဆရာတော်ကား ပင်ကိုကပင် ပါရမီဓာတ်ခံရှိလေရာ မူလတန်းကလေးများအား စာသင်ရင်းပင် တစ်နှစ်တစ်တန်းဆိုပါက ရှစ်နှစ်သင်ရမည့်အတန်းတို့ကို ရှစ်လနှင့် သင်ယူရင်း ရှစ်တန်းအောင်ခဲ့ပေတော့သည်။

ကလေးတွေကြားတွင် မရှက်တတ်ဘဲ သင်ယူခဲ့သောကြောင့် နောင်ရလတ္တံ့ ဘွဲ့ ဒီဂရီတို့အတွက် အောင်မြင်

မှုတံခါးကြီးဖွင့်လိုက်သကဲ့သို့ ဖြစ်သွားတော့၏။ ထို့ကြောင့် ပင် ဆရာတော်ရလာသည့် ဘွဲ့၊ ဒီဂရီတို့အား လက်ချီး ရေတွက်ပါက လက်ဆယ်ချောင်းမက များခဲ့ကြောင်းကို လည်း တွေ့ရပေမည်။

ဥပဒေဘွဲ့ဆိုပါက ဆရာတော်ဘုရားကြီး ဦးစန္ဒြမဏိအား ရပ်သူရွာသားများက ဆရာတော်ပိုင်မြေနှင့်ပတ်သက်ပြီး တရားစွဲခဲ့ကြ၏။ ဆရာတော်ဘုရားကြီးကိုယ်စား ဆရာတော်ဦးဉာဏိဿရက အမှုကို ရင်ဆိုင်ရပေရာ ရှေ့နေခမှာ မတန်လောက်အောင်များနေသည့်အတွက် ဦးဉာဏိဿရက ဥပဒေဘွဲ့ရအောင် စာသင်၏။ ရှေ့နေလိုက်ခွင့်ရရန် အားထုတ်၏။ ကိုယ့်အမှုကိုယ် ရှေ့နေလိုက်သောကြောင့် ငွေကုန်သက်သာစွာ အမှုနိုင်ခဲ့သည်။

ထိုဒေသရှိ လူတို့သည် စိုက်ပျိုးရေးလုပ်ငန်းကို မကျွမ်းကျင်ဟူ၍ ဦးဉာဏိဿရက မှတ်ချက်ပြုခဲ့၏။ သူတို့၏မြေကို သူတို့ကိုယ်တိုင်လုပ်မည်ဟု ဆရာတော်ကြီး ဦးစန္ဒြမဏိထံ လျှောက်ထား၏။ လယ်ထွန်ပျိုးနုတ်ကောက်စိုက်အလုပ်တို့ကို နေ့တွင်မလုပ်ဘဲ ညတွင် လုပ်ခဲ့၏။ ကျောင်းရှိ ဦးဖင်း၊ ကိုရင်၊ ကျောင်းသားတို့အားလုံးပါဝင်၏။ သီးနှံထွက်ချိန်တွင်လည်း ရိပ်၊ သိမ်း၊ နယ်၊ လှေ့လုပ်ငန်းတို့ကိုလည်း သူတို့ဖာသာလုပ်သောကြောင့် ဒေသနေ တောင်သူလယ်သမားတို့ထက် သူတို့က အထွက်တိုးကြောင်း တွေ့ရှိရသည်။ ဆရာတော်ဘုရားကြီး စန္ဒြမဏိက သူ၏ ကျောင်းသားမိဘများအလုပ်ရှိစေချင်သောကြောင့် လယ်ကို အငှားလုပ်ခိုင်းခြင်းဖြစ်လေရာ ယခု ဦးဉာဏိဿရဦးဆောင်သည့် ကျောင်းနေ ဦးဖင်း၊ ကိုရင်၊ ကျောင်းသားတို့ကြောင့် သီးနှံအထွက်တိုးနေကြောင်း သိရတော့၏။

သီးနှံပေါ်ချိန်တွင် သီးနှံရောင်းဈေးကျတတ်၏။ ထို့ကြောင့် သီးနှံပေါ်ချိန်တွင် မရောင်းဘဲ လှောင်ထားလိုက်၏။ သီးနှံဈေးတက်မှ ရောင်းလိုက်သဖြင့် ဝင်ငွေတိုးလာသည်။

(၂၀၀၅) ခုနှစ် အောက်တိုဘာလက ကျွန်မကုသိနာရုံကို ရောက်သွားပါသည်။ ဆရာတော်ဦးဉာဏိဿရကို ဖူးတွေ့ရ၏။ သက်နီးတစ်စုံကပ်၏။ ဆောင်းပါးရေးပေး၍ ကျေးဇူးတင်ကြောင်းပြောရင်း သူ၏လုပ်ရပ်တို့ကို ရှင်းပြရာ ယခင်က ဤကျောင်းတိုက်ကြီးတွင် စည်းရိုးမရှိခဲ့ပေ။ သူ၏ သီးနှံရောင်းရငွေဖြင့် စည်းရိုးကာဖြစ်၍ ပတ်ဝန်းကျင်မှလူတွေ ကျောင်းဝင်းကို မဖြတ်ကြရတော့ကြောင်း၊ လမ်းကို ထိုအခါကျမှ အသုံးပြုကြောင်း ပြောပြပါသည်။ စည်းရိုးလုပ်သော်လည်း ငွေပိုသေးသောကြောင့် ကျွန်မတို့ဆီတွင် ဇရပ်ဟုခေါ်နိုင်သော တစ်ဦးနေ နှစ်ဦးနေ အဆောင် (၂)ဆောင်ဆောက်နိုင်ကြောင်း ကျွန်မကို ရှင်းပြပါသည်။

သာသနာပြုချင်သည်။ သာသနာပြုမည်ဟု

အတယ်၍သာ

ပြည်သည့်ဘာသာဝင်မဆို ငါးပါးသီလကို

ထိန်းအောင်ဟောပြောစည်းရုံးနိုင်ပါက

တမ္ဘာကြီးသည်

ဘေးရန်တွေကင်းမည်သာဖြစ်လိမ့်မည်၊

ဆရာတော်ဘုရားကြီးဦးဉာဏိဿရသည်

ဤသို့လျှင် ငါးပါးသီလ ထိန်းနိုင်သော

လူဦးရေတွေ တိုးပွားလာရန်

ဟောပြောစည်းရုံး နိုင်ပါစေသတည်းဟု၍

ဆုတောင်းမိပါသည်၊

ဆရာတော်ကြီး ကျန်းမာစွာ သက်တော်ရှည်ရှည်နှင့်

ဗုဒ္ဓသာသနာတော် နယ်ပယ်ကျယ်ပြန့်ရန်

အားထုတ်နိုင်ပါစေသတည်း။ ။

လွယ်လွယ်ပြောကြသူတွေရှိပါသည်။ တိုင်းတစ်ပါးတွင် သာသနာပြုကြသွားသူအတွက် အတူးသဖြင့် အိန္ဒိယတွင် ဘာသာမတူသူတို့ကြားတွင် အခက်အခဲပေါင်း ထောင်သောင်းမက တွေ့နိုင်ပါသည်၊ ပထမဆုံးမှာ အစားအသောက်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် ဆန်အစား ဂျုံကို အသုံးများကြ၏။ ထို့ကြောင့် ထိုအစားအစာကို အကျင့်မရှိသူတို့အတွက် အခက်တစ်ခုဖြစ်၏။ နောက်တစ်မျိုးမှာ ဇာတ်စနစ်ဖြစ်ရကား ဇာတ်မတူ၍ နို့မှုံချဆက်ဆံတာမျိုး၊ ရန်ပြုတာမျိုးလည်း မရှားလှပါ။ ဘာသာစကားများမှာ သင်လျှင်တတ်ပါသော်လည်း ဇာတ်ခွဲသည့်ဓလေ့ကြောင့် ဆက်ဆံပေါင်းသင်းရာတွင် အခက်တွေ့နိုင်ပါသည်။

ဤအခက်ပေါင်းများစွာကို ကျော်ဖြတ်ပြီး အောင်မြင်မှုရနေသော ဆရာတော်ဦးဉာဏိဿရကား အတုယူလောက်ပါပေသည်ဟူ၍ ပြောရုံနှင့် မလုံလောက်ပါ။ သည့်ထက်ပိုကောင်းသောဝေါဟာရကိုသုံးပြီး ဂုဏ်ပြုရမှာဖြစ်ပါသည်။ (၂၀)နှစ်ဝန်းကျင်မှစပြီး အိန္ဒိယနိုင်ငံ၏ ဘာသာစကားတွေ သင်ယူခဲ့၏။ ကျောင်းတက်ပြီး ဒီဂရီတွေ ရခဲ့၏။ တိဘက်ဘာသာနှင့်ပတ်သက်၍ တိုင်းရင်းဆေးနှင့်ပတ်သက်၍ ဥပဒေပညာနှင့်ပတ်သက်၍ တစ်ခုနှင့်တစ်ခုခြားနားသော ဘွဲ့ဒီဂရီတို့ကို ရရှိအောင် သင်ယူခဲ့၏။ သူသင်ယူခဲ့သလိုပင် ဇာတ်နိမ့်ဆင်းရဲသားကလေးငယ်တို့အား စာတတ်အောင် သင်ပေးခဲ့၏။

ထိုထက် အခက်ဆုံးကား အစွဲအလမ်းကြီးလှသော လူထုကြီးအား ဗုဒ္ဓဘာသာဝင်ဖြစ်စေရန် ဟောပြောဆုံးမခဲ့၏၊ လူထုပေါင်းများစွာ ဗုဒ္ဓဘာသာဖြစ်ခဲ့ပြီး အစဦးတွင် ဆရာတော်ဘုရားကြီး ဦးစန္ဒြမဏိကျေးဇူးကြောင့် အိန္ဒိယတရားရေးဝန်ကြီး မစ္စတာအမ်ဘေဒကာနှင့် ဇာတ်နိမ့်(၁)သိန်းမှ (၅)သောင်းတို့ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့ကြ၏။ ထိုမှစပြီး ဗုဒ္ဓဘာသာသို့ ပြောင်းလိုသူများ တိုးပွားလာရာ ဆရာတော်ဦးဉာဏိဿရသည် မည်မျှခရီးဝေးပါစေ၊ မည်မျှခက်ခဲသောအရပ်ဖြစ်ပါစေ၊ ဗုဒ္ဓဘာသာဝင် ဖြစ်လိုသူများထံ အရောက်သွားပြီး ဗုဒ္ဓ၏ အဆုံးအမကို ခံယူနိုင်စေရန်၊ တစ်နည်းအားဖြင့် လူတို့၏နှလုံးသားဝယ် ဗုဒ္ဓသာသနာတည်နေရန် အားထုတ်ဆောင်ရွက်ခဲ့ပါသည်။

ဗုဒ္ဓဘာသာခံယူရာတွင် သရဏဂုံသုံးပါးခံယူဆောက်တည်ခြင်း၊ ငါးပါးသီလထိန်းခြင်းသည် အရေးကြီးသော အခြေခံကျသောအချက်ဖြစ်ပါသည်။ ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်မှ ထိန်းရမည်မဟုတ်၊ လူတိုင်းထိန်းရန် လိုအပ်ပါသည်။ သူ့အသက်ကို မသတ်၍ အသက်ကိုလှူသလို၊ မခိုး၍ ပစ္စည်းကိုလှူသလို၊ လိမ်ညာမပြော၊ ချောပစ်ကုန်းတိုက်မရှိ၊ ယုတ်ကြမ်းသောစကားမပြော၍ အခြားသူတို့တွင် စိတ် အနှောင့်အယှက်မဖြစ်ရန် စောင့်ထိန်းပေးသလို အလိုလိုကုသိုလ်တွေရနေနိုင်သော သီလဖြစ်ပါသည်။

ငါးပါးသီလလုံပါက ယနေ့ပြောနေကြသော ငြိမ်းချမ်းရေးဆိုသည့်ဝေါဟာရသည် ပျောက်သွားနိုင်၏။

ရှေးခေတ်က **"တို့တွေဝင်းတံခါးသာ စေ့ထားခဲ့တာ ခြံထဲ ကျွဲနွားတွေဝင်မှာစိုးလို့ အိမ်တော့တံခါးဖွင့်ထားတာပဲ"**ဟု ပြောသောအလေ့ရှိခဲ့၏။ ရှေးခေတ်ဘိုးဘွားတို့ကား ငါးပါးသီလလုံသူတွေများကြရာ ဖော်ပြခဲ့သောစကားမျိုးတွေ ပြောတတ်ကြခြင်းဖြစ်ပါလိမ့်မည်။

အကယ်၍သာ မည်သည့်ဘာသာဝင်မဆို ငါးပါးသီလကို ထိန်းအောင်ဟောပြောစည်းရုံးနိုင်ပါက ကမ္ဘာကြီးသည် ဘေးရန်တွေကင်းမည်သာဖြစ်လိမ့်မည်။ ဆရာတော်ဘုရားကြီး ဦးဉာဏိဿရသည် ဤသို့လျှင် ငါးပါးသီလထိန်းနိုင်သော လူဦးရေတွေ တိုးပွားလာရန် ဟောပြောစည်းရုံးနိုင်ပါစေသတည်းဟူ၍ ဆုတောင်းမိပါသည်၊ ဆရာတော်ကြီးကျန်းမာစွာ သက်တော်ရှည်ရှည်နှင့် ဗုဒ္ဓသာသနာတော်နယ်ပယ်ကျယ်ပြန့်ရန် အားထုတ်နိုင်ပါစေသတည်း။ ။

မကြွယ်ကြွယ်

ဝုဒ္ဓိဟေသာ

ထွန်းလွင်(မဟာစရိယ-ဘီအေ)

ကျွန်တော်နှင့် ကျောင်းဆရာလေး ကိုပေါက်စတို့သည် သူကျောင်းပိတ်ရက်တိုင်းလိုလို နေ့လယ်၊ နေ့ခင်းအချိန်များတွင် တွေ့ဆုံနှီးနှောစကားစမြည်ပြောလေ့ရှိသည်။

သည်နေ့သည်လည်း ဝါဆိုလပြည့်နေ့ ကျောင်းပိတ်ရက်ဖြစ်သဖြင့် ဆရာလေးကိုပေါက်စ ရောက်လာသည်။ ရောက်လာသည်ဆိုရင်ပဲ ထိုင်နေကျနေရာတွင်ထိုင်ကာ ကျွန်တော့်အား သူက စကားစပြောသည်။

"အခု ဆရာကြီး ဘာတွေ စဉ်းစားနေသလဲ" ဟူ၍ဖြစ်သည်။

"ဘာရယ်လို့တော့မဟုတ်ဘူး ကျောင်းဆရာ၊ အခုန ခပ်စောစောက မိတ်ဆွေတစ်ယောက်လာသွားသေးတယ်၊ သူက ကုသိနာရုံ ဆရာတော်ကြီး ဦးဥာဏိသရအကြောင်း စကားစပ်မိပြီး ပြောပြသွားလို့ အဲဒါ ပြန်စဉ်းစားနေတာ"

"ဘယ်က ဆရာတော်ကြီးလဲ ဆရာ"

"အင်း .. သူပြောတာက အိန္ဒိယမှာ သီတင်းသုံးနေတဲ့ ကုသိနာရုံဆရာတော်ကြီးလို့ ပြောတာပဲ၊ ကြည်ညိုစရာပါ ကျောင်းဆရာ။ သက်တော်က (၈၀)ပြည့်ပြီမို့ မကြာခင် သက်တော် (၈၀)ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲလဲ ဆရာတော်ကြီးရဲ့တပည့် ဒကာဒကာမတွေက ကြီးကြီးကျယ်ကျယ် လုပ်ကြဦးမယ်ဆိုပဲ"

"ကြားရတာ ဝမ်းသာစရာပဲဆရာ"

"ဟုတ်တယ် ကျောင်းဆရာ၊ ကိုယ့်အနေနဲ့ကတော့ ဆရာတော်ကြီးကို မဖူးတွေ့ရဖူးပေမယ့် ပြောသံကြားတာနဲ့ပင် အတော်လေးကြည်ညိုမိတယ်"

"တို့သာသနာမှာ ဝင်ရောက်လာပြီး ပထမတော့ ကိုရင်ကျောင်းသားပေါ့၊ အဲဒီကနေ ကိုရင်ကြီး၊ နောက် ရဟန်းခံတော့ ဦးဇင်းလေးပေါ့။ အဲလို အဆင့်ဆင့်ဖြစ်လာတာ။ အဲဒီနေရာမယ် သာသနာက သတ်မှတ်ချက်ရှိတယ်ကွ။ ရဟန်းဖြစ်တဲ့နေ့ကစပြီး ရဟန်းဝါငါးဝါကို နဝသီတင်းငယ် ခေါ်ပြီး (၅)ဝါမှ (၁၀)ဝါအထိကျတော့ မဇ္ဈိမသီတင်းအလတ်တဲ့၊ တစ်ခါ (၁၀)ဂါမှ (၂၀)ကို ထေရ–ထေရ်လို့ သတ်မှတ်ပြီး၊ ဝါ (၂၀)ရဲ့ အထက်ကိုဖြင့် မဟာထေရ– မထေရ်ကြီးလို့ သတ်မှတ်ထားတယ်။

အဲဒီတော့ အခု ကုသိနာရုံဆရာတော်ကြီးဆိုတော့ သက်တော်(၈၀)မို့ ဝါတော်က (၆၀)ဖြစ်နေမယ်"

"ဟုတ်တယ် ဆရာ၊ အသက် (၂၀)က ရဟန်းခံတော့ ရဟန်းသိက္ခာ (၆၀)ရရောပေါ့"

"အေး .. ဒါကြောင့် ဝါတော် (၆၀)ဆိုကာ နည်းတဲ့ဝါတော်လား။ ဒါ မဟာထေရ–မဟာထေရ်မထေရ်ကြီးရယ်နော်"

"ဟုတ်ပါ့ ဆရာ"

"အခုလို ဝါတော်တွေရသည်အထိ သာသနာ့တာဝန်ကို ထမ်းဆောင်နေတာမို့ ကြည်ညိုလို့ကို မဆုံးဘူး။ ဒီလိုဝါတော်ရသည်အထိ သာသနာမှာ ရှိနေတာကလဲ လွယ်လွယ်ကူကူမဟုတ်ဘူး ကျောင်းဆရာ"

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"အဲ ... ကိုရင်ဆိုလဲ ကိုရင်မို့၊ ရဟန်းလဲ ရဟန်းမို့၊ မထေရ်ကြီးလဲ မထေရ်ကြီးမို့၊ အဖျက်ဆိုတာတွေကြုံရစမြဲပဲ။ အဲလို အဖျက်အန္တရာယ်အသွယ်သွယ်ကို ရှောင်တိမ်းနိုင်ပြီး သာသနာတော်မှာ တည်တည်တံ့တံ့၊ ထည်ထည်ဝါဝါ နေတိုင်သီတင်းသုံးနိုင်တာကိုကအလေးအမြတ်ထား ကြည်ညိုစရာပဲနော်။ တို့သာသနာမှာ အပါးတစ်ရာမွေးလို့မှ တစ်ပါးကျန်တာမဟုတ်ဘူး"

"ဒါမို့လဲ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘောလို့ ဘုရားဟောခဲ့တာပေါ့ဆရာ"

"ဟုတ်ပါ့ ကျောင်းဆရာရယ် ဟုတ်ပါ့။ အခုဆရာတော်ကြီးသတင်းကြားရတော့ ကိုယ့်အနေနဲ့ဆရာတော်ကြီးကို ကြည်ညိုတဲ့နေရာမယ် အချက် (၂) ချက်ရှိတယ်။ ဒါက သန္ဓုဋ္ဌိနဲ့ ခန္တီတရားပါ"

"ရှင်းပြပါဦး ဆရာ"

"ဆရာတော်ကြီး သီတင်းသုံးတာက မြန်မာပြည်မဟုတ်ဘူး၊ အိန္ဒိယနိုင်ငံနော်"

"ဟုတ်ကဲ့ပါ"

"ကျောင်းဆရာပဲ စဉ်းစားကြည့်၊ ဘာမဆိုမြန်မာပြည်မှာလို ပြည့်စုံနိုင်မတဲ့လား။ ဆွမ်းပဲဖြစ်ဖြစ်ကျောင်းသင်္ခမ်းပဲဖြစ်ဖြစ် တို့ဆီမှာလို ပေါ်များနိုင်ပါ့မလား"

"ဟာ .. ဆရာနှယ်၊ ဒါကတော့ ဘယ်ပေါ်နိုင်မလဲ။ ဟိုမှာက ဘုရားပွင့်တဲ့နေရာဆိုပေမယ့် ဗုဒ္ဓသာသနာတော်က အတော့်ကို ဆုတ်ယုတ်နေပြီဟာ။

အခြားအယူဝါဒတွေ လွှမ်းမိုးနေတဲ့ ဒေသကြီးပဲဟာ”

“အဲ့ဒါကိုပြောတာ၊ အဲလို ကိုယ့်သာသနာက ထွန်းထွန်းပေါက်ပေါက် မတိုးနိုင်သေးတော့ အခု ဆရာတော်ကြီးတို့လို ပုဂ္ဂိုလ်တွေက ပြန်ပြီး နာလန်ထူနိုင်အောင် ကြိုးစားနေရတာ”

“ဆွမ်းသက်န်းကျောင်းဆေးအတွက် ဖောဖော သီသီ အမှိုသဟဲမရတဲ့နေရာဆိုတော့ ကိုယ့် ရှိတာလေးနဲ့ တင်းတိမ်ကျေနပ်ပြီး သာသနာ့တာဝန်ကို ထမ်းဆောင် နေရတာနေ့”

“ယံ လဒ္ဓ တေန တုဋ္ဌဗ္ဗတဲ့၊ ကိုယ့်ရှိတာလေးနဲ့ ကျေနပ်နိုင်တာ”သန္တုဋ္ဌိဂုဏ်ပဲ။ သန္တုဋ္ဌိဆိုတာက သ–က မိမိဥစ္စာဖြင့် (ဝါ) ရှိနေသောဥစ္စာဖြင့်၊ တုဋ္ဌိ–ကျေနပ် နှစ်သက်ခြင်း။ ကိုယ့်မှာရှိသမျှ ရသမျှနှင့် တင်းတိမ်နိုင်သော ကျေနပ် နိုင်တာကို သန္တုဋ္ဌိလို့ခေါ်တာ။

ဒီတော့ သန္တုဋ္ဌိမရှိသူဆိုရင် မကောင်းတဲ့ အဝတ် အစားအသုံးအဆောင်တွေ သုံးနေရရင် စိတ်မချမ်းမသာ ဖြစ်မှာပဲ။ ဒါကြောင့်မို့ သန္တုဋ္ဌိတရားဆိုတာ လောကရေး မှာပဲဖြစ်ဖြစ်၊ ဓမ္မရေးမှာပဲဖြစ်ဖြစ် အလွန်လိုအပ်တဲ့တရားပဲ။ စီးပွားရှာဖွေသူဖြစ်လျှင် သန္တုဋ္ဌိ ရောင့်ရဲတင်းတိမ်နိုင်မှ ဥစ္စာစုဆောင်းမိမှာပဲ။ ဓမ္မရေးဘက်တွင် အလွန်သန္တုဋ္ဌိရှိ ပါမှ ကျောင်းဆရာ။ သန္တုဋ္ဌိ၏ ဆန့်ကျင်ဘက်က လောဘ ကြီးမှု၊ အလိုကြီးမှုဖြစ်လေတော့ တရားရရေးဘက်မှာ ကြီးမားတဲ့ အနှောင့်အယှက်၊ အတားအဆီးများဖြစ်တယ်။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာက မဟိစ္ဆာ အလိုကြီးမှုကို ရှုတ်ချ ပြီး သန္တုဋ္ဌိကို လွန်စွာမြှောက်စားခဲ့တာ။ အလက်ာဆရာ ကြီးက အသန္တုဋ္ဌော နေဝယတိတဲ့၊ မရောင့်ရဲတဲ့သူဟာ ရဟန်းမဟုတ်ဘူး၊ ရောင့်ရဲနိုင်ရမယ်တဲ့။

အခု ဆရာတော်ကြီးကိုပဲကြည့်၊ ဟိုနိုင်ငံမှာ ဆွမ်းခံစားလို့တောင် မရရှာဘူး။ အဲဒီမှာ ပညာသွားသင် တဲ့ ရဟန်းတော်တွေဆီက တစ်ဆင့်သိရတာ။

ဆွမ်းခံစားလို့ မရဘူးဆိုတော့ ကိုယ့်မှာရှိတဲ့ ဝတ္ထုကြေးငွေလေးနဲ့ နီစွမ္မဝ ဆန်ဝယ်ပြီး ချက်ပြုတ်စား သောက်နေရတာ ဘယ်လောက်ဆင်းရဲလိမ့်မလဲလို့ ကျောင်းဆရာ စဉ်းစားကြည့်။

“ဟုတ်ကဲ့ တစ်ရက်တလေမှ မဟုတ်တာ၊ ဆင်းရဲမှာပေါ့ဆရာ”

“ဒါပေမယ့် ဆရာတော်ကြီးတို့က သန္တုဋ္ဌိ တရားရှိနေတော့ ဒီစားသောက်မှုဆင်းရဲကို မမှုပါဘူး။ ဘာကြောင့်လဲသိလား ကျောင်းဆရာ”

“အမိန့်ရှိပါ”

“သန္တုဋ္ဌိ ပရမံ ဓနံတဲ့လေ။ သန္တုဋ္ဌိ ရောင့်ရဲ နိုင်မှုဟာ အမြတ်ဆုံးဥစ္စာတဲ့။ ဆရာတော်ကြီးက အမြတ်

**ဆရာတော်ကြီးလို
ပုဂ္ဂိုလ်မြတ်တွေကို
သံဃပိတာ၊ သံဃာ့ဖခင်လို့လဲ
ခေါ်သေးတယ်။
ကိုရင်၊ ဦးဇင်းတွေကို
ဥပဇ္ဈာယ်ဆရာပြုပြီး
သာသနာမှာ မွေးပေးလို့
အဖဆရာမှာတည်လို့
သံဃပိတာလို့ခေါ်တာ။
တစ်ခါ .. သံဃပရိဏာယကတဲ့
သံဃာတော်တို့ရဲ့
ဦးဆောင်ပုဂ္ဂိုလ်ကြီးတွေတဲ့”**

ဆုံးဥစ္စာကို ပိုင်ထားတာ ဘယ်ဆင်းရဲမှာလဲ။ နောက် နီတိဆရာတွေကလဲ ဆိုထားသေးတယ်။

သန္တောသတုလျှံ ဓန မတ္တိ နာညံတဲ့။ သန္တောသ (သို့မဟုတ်) သန္တုဋ္ဌိနဲ့ တန်းတူရည်တူဖြစ်တဲ့ တခြားဥစ္စာ မရှိဘူးတဲ့။ ဒီတော့ ဆရာတော်ကြီးက အမြတ်ဆုံး ဥစ္စာ ပိုင်ရှင်ဆိုတော့ အစားဆင်းရဲ အနေဆင်းရဲတွေကို ဘယ်မှုမလဲ၊ ဘာမဆို တင်းတိမ်ရောင့်ရဲနိုင်တယ်လေ။ တင်းတိမ်ရောင့်ရဲနိုင်တဲ့စိတ်နဲ့ ပြည့်စုံနေတော့ သူ့အဖို့ ဘာမဆိုပြည့်စုံပြီးသားပေါ့''

''ဟုတ်ကဲ့ပါ ဆရာ''

''တို့က ဆရာတော်ကြီးရဲ့ အဲဒီ သန္တုဋ္ဌိဂုဏ်ကို ကြည်ညိုလေးစားနေတာ။ ကြားစကတည်းကကိုယ်ကိုက ဩော် .. ဆရာတော်ကြီး ဒီဂုဏ်နဲ့ ပြည့်စုံလို့ ဟိုမှာ အခု အသက်အရွယ်အထိနေပြီး သာသနာပြုနေနိုင်တာ ပဲဆိုပြီ လက်အုပ်ချီပူဇော်ပြီးပဲ''

''သာဓုပါဆရာ''

''နောက်တစ်ခု နောက်တစ်ဂုဏ်က ခန္တိဂုဏ်ပဲ၊ သည်းခံနိုင်ခြင်းဂုဏ်ပေါ့။ ဟိုမှာ ဗုဒ္ဓသာသနာပြန့်ထူထောင်ရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ အခြားအယူဝါဒတွေက အင်နဲ့အားနဲ့ ဒုနဲ့ဒေးနဲ့ ရှိနေတယ်။ ကိုယ့်ဘက်က မားမားမတ်မတ် ရပ်ပေးမယ့်လူဆို ဝေးပေါ့။

ဒီတော့ သူတို့က မထိတထိပြောလဲ ခံရမယ်။ ဆဲရေးတိုင်းထွာလဲ ခံရမယ်။ ပြောင်လှောင်တာရှိရင်လဲ ခံရမယ်။ မဆီမဆိုင် မေးခွန်းတွေမေးတာလဲခံရမယ်။ အဲလို ဆန့်ကျင်ဘက်ပြုတာမှန်သမျှကို ခန္တီသည်းခံနိုင်တဲ့စွမ်းရည် ဆရာတော်ကြီးမှာ အပြည့်ရှိလိမ့်မယ်။ ဒါကြောင့်လဲ အခုလို သက်တော်ရွယ်တော် (၈၀)ပြည့်သည်အထိ သာသနာပြုနိုင်တာ။

နောက် ရာသီဥတုဒဏ်၊ ရောဂါဘယဒဏ်ခံတာတွေလဲ ရှိမှာပါပဲ။ ဘာပဲရှိရှိလေ ခန္တီဂုဏ်ရှိပြီးသားမို့ ဆရာတော်ကြီး မတုန်လှုပ်ပါဘူး''

''ဟုတ်ပါတယ်ဆရာ၊ သူများဆီမှာဆိုတော့ ကိုယ့်ဆီမှာလို ဘယ်ဟုတ်မလဲနော်''

''အေး ဟုတ်တယ်၊ ခန္တီဆိုတာ သူတကာက ဆဲရေးရိုက်ပုတ်သည့် ပြုလာသော် တုံ့ပြန်မှုကင်း၊ ဖောက်ပြန်ခြင်းမရှိ ကျေနပ်စွာ လက်ခံခြင်းကို သည်းခံတယ်လို့ ဆိုရတာ ခန္တီအရလဲ အဓိဝါသန ခန္တီကိုကောက်ရတယ်။ အဓိဝါသန ခန္တီဆိုတာက ကိုယ့်အပေါ်ရှိနေစေခြင်းကို ပြောတာ။

''ဘယ်လိုလဲ ဆရာ''

''ဒီလိုလေ .. သူတကာ ဆဲရေးတိုင်းထွာတဲ့ အမှုများကို ပြန်လည်တုံ့ပြန်လျှင် ထိုအမှုများကို လက်မခံ၊ ပယ်လှန်ပစ်တယ်လို့ ဆိုရတယ်။ အဲလိုမဟုတ်ဘဲ ပြန်လှန်ဆန့်ကျင်ဘက်မပြု သည်းခံနေရင် အဲဒီ ဆဲရေးမှု စသည်များကို မိမိအပေါ်မှာ နေစေတယ်၊ ထားတယ်လို့ဆိုတာ၊ အချမ်း၊ အပူ၊ မှက်၊ ခြင် စသည်ကို သည်းခံခြင်းကလဲ အဓိဝါသနခန္တီပဲ။ ဒီခန္တီအကျင့်ဆိုတာ အလွန်ဖြည့်နိုင်ခဲတဲ့ အကျင့်ဖြစ်တယ်။ ခန္တီကို လက်ကိုင်ထားပြီး ခန္တီနဲ့ အောင်နိုင်မှ တကယ့်အောင်နိုင်ခြင်းဖြစ်တာ။

ခန္တီဆိုတာ ကုသိုလ်အားလုံးနဲ့ ဆက်ဆံတယ်။ ခန္တီအရင်းခံပြီး သီလ၊ သမာဓိ၊ ပညာဆိုတာ ဖြစ်ရတာ။

ကျောင်းဆရာမှာ ခန္တီရှိရင် ကုသိုလ်ရှိမှာပဲ။ ခန္တီမရှိရင် ကုသိုလ်ရှိမှာမဟုတ်ဘူး။ ခန္တီဟာ ကုသိုလ်တရားတို့နဲ့ ဆက်သွယ်လျက်ရှိတယ်။ သိကြားမင်းကြီးရဲ့ ခန္တီရှိပုံအကြောင်းကို ကျောင်းဆရာကို ပြောရဦးမယ်''

''ပြောပါဆရာ''

''အဲ .. တစ်ခါက တာဝတိံသာနဲ့ အသုရာစစ်ပွဲ၌ ဝေပစိတ္တိအသူရိန်ကို လက်ရဖမ်းမိတယ်။ တာဝတိံသာနတ်တွေကပေါ့၊ အဲဒါ ဝေပစိတ္တိကြီးကို သုဓမ္မာသဘင်မှာတုပ်နှောင်ထားတယ်။ ဒီအခါ ဝေပစိတ္တိကြီးက သိကြားမင်း သုဓမ္မာကို ဝင်တိုင်း ထွက်တိုင်း ဆဲရေးတိုင်းထွာတယ်။ သိကြားမင်းက ဘာမှပြန်မပြောဘဲ

သည်းခံနေတယ်။ ဒီအခါ မာတလိက မခံနိုင်ဘူး။ တို့သခင် အသုရာကြီးကို ကြောက်လို့နေမှာ။ အားနည်းလို့နေမှာ ဆိုပြီး သိကြားမင်းအား မေးကြည့်တယ်။ ဒီတော့ သိကြားမင်းက''

''မာတလိရယ် ငါ သည်းခံနေတာ ကြောက်လို့ မဟုတ်ဘူး၊ အားနည်းလို့လဲမဟုတ်ဘူး၊ ငါလို ပညာရှိဟာ လူမိုက်နဲ့ ဘယ်မှာဖက်ပြိုင်လို့ဖြစ်မှာလဲ''

''ဟာ ..မဟုတ်တာ၊ လူမိုက်ဆိုတာ တားနိုင်မှ မတားနိုင်ရင် ပိုကဲလာမှာပေါ့ အရှင်''

''အဲ ..သူအမျက်ထွက်နေတာကို သိရ၍ ငါမှာ အမျက်ငြိမ်းနေခြင်းကပင် သူ့ကို တားမြစ်တာဖြစ်တာပေါ့ စသဖြင့် သိကြားမင်းက မာတလိအား ပြန်ဖြေတယ်။

ဒီတော့ ကိုယ့်ကို အမျက်ထွက်သူကို ပြန်စိတ်ဆိုးရတဲ့သူမှာ ထိုသူအောက် ယုတ်ညံ့သူသာဖြစ်ကရော။ စိတ်ဆိုးသူကို ပြန်စိတ်မဆိုးသူမှာ မိမိသူတစ်ပါး နှစ်ဦးသားလုံးရဲ့အကျိုးကို ကျင့်သူပဲ။ အခု တို့ဆရာတော်ကြီးမှာ အခုလို မဟာထေရ်ကြီးအဖြစ် ရောက်လာသည့်တိုင် အဲဒီ သန္တုဋ္ဌိဂုဏ်တို့၊ ခန္တီဂုဏ်တို့နဲ့ ပြည့်စုံလို့သာ အခုလို သာသနာကို ပြုစုနိုင်တာ''

''နို့ ..ဆရာမဟာထေရဆိုတာ ဘာဆိုလိုတာလဲ''

''မဟာဆိုတာက မြတ်တယ်၊ ကြီးကျယ်တယ်တဲ့။ ထေရဆိုတာက သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာ (၃)ပါး ခိုင်မြဲတည်တံ့တယ်လို့ ဆိုလိုတာ။ ဆရာတော်ကြီး သက်တော် (၈၀)အထိ သိက္ခာသုံးပါး ခိုင်မြဲနေတုန်းပါပဲ။ ဒါကြောင့် မဟာထေရလို့ခေါ်တယ်''

''တစ်ခါ ဆရာတော်ကြီးလို ပုဂ္ဂိုလ်မြတ်တွေကို သံဃပိတာ၊ သံဃာ့ဖခင်လို့လဲ ခေါ်သေးတယ်။ ကိုရင်၊ ဦးဇင်းတွေကို ဥပဇ္ဈာယ်ဆရာပြုပြီး သာသနာမှာ မွေးပေးလို့ အဖအရာမှာတည်လို့ သံဃပိတာလို့ခေါ်တာ။ တစ်ခါ သံဃပရိဏာယကတဲ့ သံဃာတော်တို့ရဲ့ ဦးဆောင်ပုဂ္ဂိုလ်ကြီးတွေတဲ့''

အဲလို ထေရဂုဏ်၊ သံဃပိတာဂုဏ်၊ သံဃပရိဏာယကဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီးတွေကို ရိုသေရမယ်၊ လေးစားရမယ်၊ မြတ်နိုးရမယ်၊ ပူဇော်ရမယ်လို့ ဗုဒ္ဓ က ဟောမိန့်ထားတယ်။ အဲလို ပူဇော်မြတ်နိုးရိုသေတဲ့ ပုဂ္ဂိုလ်တွေမှာ အကျိုးမဆုတ်ယုတ်ဘူး။ အကျိုးရှိတယ်၊ အဲဒီအကျိုးတရားက ဝုဍ္ဎိဟေသာတဲ့။ ကြီးပွားကြောင်းပဲတဲ့။ သော-ဒီလိုအရိုအသေ၊ အပူဇော် စသည်ကိုပြုခြင်းသည် ဝုဍ္ဎိ-ဝုဍ္ဎိဝေ-ကြီးပွားသည်သာတည်းတဲ့။ ကြီးပွားမယ်ဆိုတော့ လောကီအကျိုးလဲ ကြီးပွားမယ်၊ လောကုတ္တရာအကျိုးလဲ ကြီးပွားမယ်တဲ့ ကျောင်းဆရာ''

''ဟုတ်ကဲ့ပါ ဆရာကြီး''

''အခု တို့ (၂)ယောက် ဆရာတော်ကြီးမှာ တည်ရှိနေတဲ့ သန္တုဋ္ဌိ (သို့မဟုတ်) သန္တောသဂုဏ်နဲ့ ခန္တီဂုဏ်တွေကို ထုတ်ဖော်ပူဇော်နေတာဖြစ်လို့ တို့မှာ ဘာအကျိုးရမလဲတဲ့ ကျောင်းဆရာ ပြော''

''ဝုဍ္ဎိဟေသာပေါ့ ဆရာ''

''အေး ဟုတ်ပါ့ဗျာ၊ ကြီးပွားချမ်းသာကြရမှာပေါ့၊ ကြီးပွားတဲ့နေရာမှာ လောကရေးရော၊ ဓမ္မရေးရော ကြီးပွားမှာနော် အားရစရာကြီးနော်''

ထို့နောက် အချိန်လေးကြာသွားသဖြင့် ကျောင်းဆရာပြန်သွားသည်။ သူပြန်ပြီးနောက် ကျွန်တော့်မှာ လွတ်လွတ်ကျွတ်ကျွတ် စိတ်တိုင်းကျဆရာတော်ကြီး၏ ဂုဏ်တော်အလီလီကို အာရုံပြုကြည်ညိုရင်း သက်တော် (၈၀)ပြည့် ကုသိနာရုံဆရာတော်ကြီးအား ရာကျော်သက်ရှည်သည့်တိုင် ဖူးမြော်ခွင့်ရလိုပါကြောင်း ဆုတောင်းလျက် ခြေတော်အစုံကို ဦးခိုက်ပူဇော်လိုက်ရပေသည်။

အားလုံးအပေါ် မေတ္တာထားလျက်

ထွန်းလွင်(မြောစရိယ-ဘီအေ)

အိန္ဒိယနိုင်ငံသမ္မတကြီး ဂယာနီဂျိုင်းလ်ဆိန်းနှင့်အတူ

ဘဒ္ဒန္တစန္ဒြမဏိ အလွတ်ပညာသင်ကျောင်းသို့
ဆရာတော်ကြီးလှူဒါန်းထားသော မော်တော်ယာဉ်

ဆရာတော်ဦးစန္ဒိမဏိခန်းမဖွင့်ပွဲသို့ တက်ရောက်လာသောပရိသတ်များ

ကုသိနာရုံ နှစ် (၁၀၀) ပြည့်ပွဲသို့ တက်ရောက်လာသော ခရိုင်ဝန်

၃၁-၇-၂၀၁၅ နေ့ ကုသိနာရုံမြန်မာကျောင်းတွင်
နိုင်ငံတကာမှကြွရောက်လာသောသံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူနေပုံ

ကုသိနာရုံခရိုင်ဝန်မှ သာသနာရေးဆိုင်ရာများလျှောက်ထားစဉ်

ကုသိနာရုံခရိုင်ဝန်မှ ဝါဆိုသင်္ကန်းကပ်လှူနေပုံ

ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ တက်ရောက်လာသော ဧည့်ပရိသတ်များ



အိန္ဒိယနိုင်ငံသားများအား
ဒုလ္လဘရဟန်းခံပေးနေစဉ်

ကုသိနာရုံ ပဋ္ဌာန်းပွဲသို့
တက်ရောက်လာသော
အိန္ဒိယဒုလ္လဘရဟန်းများ

ကုသိနာရုံ ပဋ္ဌာန်းပွဲသို့
တက်ရောက်လာသော
အိန္ဒိယဒုလ္လဘသီလရှင်များ

၁၅ ကြိမ်မြောက်
ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ပဋ္ဌာန်းရွတ်ဖတ်ပွဲသို့
ကြွရောက်ကြသော
အိန္ဒိယနိုင်ငံသား
ဒုလ္လဘရဟန်းများ

ပဋ္ဌာန်းပူဇော်ပွဲသို့
ကြွရောက်လာသော
သံဃာတော်များ
ဆွမ်းဘုဉ်းပေးနေစဉ်

ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ
ဖွင့်ပွဲအခမ်းအနား

ရွှေရတုဒေါ်သန်းတင်က
သာသနာရေးဆိုင်ရာများ
လျှောက်ထား

ပဌာန်းရွတ်ဖတ်ပူဇော်ပွဲသို့
တက်ရောက်လာသော
မြန်မာပရိသတ်များ

ကုသိနာရုံမြန်မာကျောင်းဝင်းအတွင်း
ဆောက်လုပ်မည့်
ဆရာတော်ဦးစန္ဒြမဏိ
VIP လေးထပ်တည်းခိုဆောင်
ပုံစံငယ်နှင့်
ဆောက်လုပ်ဆဲအနေအထား

ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ရှင်သာမဏေပြုခဲ့ရာ
မင်းပြားမြို့နယ်၊ ဇီးပင်ကြီးရွာ ဘုန်းတော်ကြီးကျောင်း

သာသနာ့ဝီရ သံဃာတော်အရှင်မြတ်များ

မင်းရွှေသိန်း(ဇင်းကျိုက်)

ခေတ်ကာလအဆက်ဆက်တို့၌ မှားယွင်းသော အယူဝါဒများဖြင့် အရိုးစွဲလျက်ရှိကြကုန်သော အရပ်ဒေသတို့ကို ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားစစ် တရားမှန်များ ရောက်ရှိထွန်းကားစေရန်အတွက် အန္တိမဆုံးဖြတ်ချက်ဖြင့် အရာရာကို စွန့်လွှတ်လျက် အသက်ကိုပင် ငဲ့ကွက်ခြင်းမရှိဘဲ ရဲရင့်စွန့်စားစွာ ဆောင်ရွက်ခဲ့ကြသော သာသနာ့ဝီရ ရဟန်းသံဃာတော်များ အများအပြား ရှိခဲ့သည်ကို တွေ့ရပေမည်။

ဂေါတမဘုရားရှင် ဝါတော် (၈)ဝါမြောက်၌ သုဝဏ္ဏဘူမိတိုင်းသို့ ရဟန္တာငါးရာဖြင့် ဒေသစာရီကြွချီတော်မူပြီး တရားရေအေးတိုက်ကျွေးခြင်း၊ ဆံတော်များပေးဝေခြင်းဖြင့် ရာမညတိုင်းတစ်ခွင် သာသနာအရောင် ထွန်းလင်းစေခဲ့သည်။ ထိုသို့ သာသနာ့အရောင် ထွန်းလင်းစေရန်အတွက် မြတ်စွာဘုရားရှင်အား ကနဦးအစ ပင့်လျှောက်ပေးသူပုဂ္ဂိုလ်မှာ အရှင်ဂဝံပတိမထေရ်ပင်ဖြစ်သည်။ ထို့ကဲ့သို့ပင် သာသနာသက္ကရာဇ် (၂၃၅)တွင် တတိယအကြိမ်သင်္ဂါယနာတင်ပွဲကြီး ကျင်းပပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် စေလွှတ်ရာတွင်လည်း သာသနာ့ဝီရ သံဃာတော်အရှင်မထေရ်များသာ ပါဝင်ကြောင်း တွေ့ရှိရသည်။

ပေါက္ကံပြည်တွင် ပြည်သူပြည်သားများ ဘိုးစဉ်ဘောင်ဆက် ယုံမှားစွာ ဆည်းကပ်ကိုးကွယ်လျက်ရှိကြသော အရည်းကြီးများ အားကောင်းမောင်းသန် ကြီးစိုးနေချိန်တွင် ထေရဝါဒဗုဒ္ဓသာသနာ ရောက်ရှိထွန်းကားစေရန်အတွက် ဦးစွာဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်သည်လည်း သုဝဏ္ဏဘူမိမှ သာသနာ့ဝီရတမန်တော် ရှင်အရဟံမထေရ်ပင်ဖြစ်သဖြင့် သာသနာ့ဝီရ သံဃာတော်မထေရ်တို့၏ သာသနာ့အကျိုးအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ချက်များသည် တံခွန်အလံ လွှင့်ထူထားသကဲ့သို့ ကမ္ဘာတည်သရွေ့တိုင် လွှင့်ပျံနေဦးမည်မှာ ယုံမှားစရာမလိုဟုပင် ဆိုရပေတော့မည်။

မှန်ပါသည်။ ရှေးယခင်ခေတ်ကာလမဆိုထားနှင့်။ ယခုနောက်ပိုင်း ရာစုနှစ်များတွင်လည်း သာသနာ့ဝီရ ရဟန်းသံဃာများ အများအပြားရှိနေပါသေးသည်။ နီပေါနိုင်ငံသည် ဗုဒ္ဓလောင်းလျာ ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်ရှိရာအရပ်ဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီထိတိုင် နီပေါနိုင်ငံသည် ဗုဒ္ဓဘာသာအမည်ခံထားပြီး ဘိက္ခုဆိုသည့် ဘုန်းကြီးများသာ ကြီးစိုးလျက် သင်္ကန်း၊ သင်းပိုင်၊ သပိတ်ဟူ၍ သီးခြားမရှိ၊ သားမယားများနှင့် အတူနေပြီး ဘိက္ခုတိဿ၊ ဘိက္ခုနာဂဟူသည့် အမည်များခံယူကာ သာမန်အရပ်သားများကဲ့သို့ပင် ကျင့်ကြံနေထိုင် သွားလာလျက်ရှိကြသည်။

ထိုသို့ ဘိက္ခုခံယူထားကြသော ယောကျ်ားမိန်းမများသည် ရှေးခေတ်သာသနာအဆောက်အဦများပေါ်၌ အခန့်သားနေထိုင်ကြပြီး လူအများက သူတို့အား ကိုးကွယ်ကာ သူတို့ထံ၌သာ သီလခံယူဆောက်တည်ကြရသည်။ ဗုဒ္ဓဘာသာအစစ်အမှန်မဟုတ်ဘဲ အတုအယောင် ဘိက္ခုများသာ ထွန်းကားတွင်ကျယ်လျက်ရှိသော နီပေါနိုင်ငံသို့ ထေရဝါဒဗုဒ္ဓဘာသာတမန်တော်အဖြစ် ပထမဦးဆုံး ကြွရောက်လာသောပုဂ္ဂိုလ်မှာ အိန္ဒိယနိုင်ငံမှ မဟာပဏ္ဍိတ်ရာဟုလာဖြစ်သည်။ မဟာပဏ္ဍိတ်ရာဟုလာသည် နီပေါနိုင်ငံတွင် သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် ကြွရောက်လာခြင်းမဟုတ်ဘဲ စာပေပညာရှင်ပီပီ ဗဟုသုတရှာမှီးရန် ခရီးသွားလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ၎င်း၏ဆရာရင်းဖြစ်သော ကုသိနာရုံဆရာတော်ကြီး သီရိဘဒ္ဒန္တစန္ဒြမဏိမထေရ်ထံ ခွင့်ပန်ကာ တိဗက်ပြည်သို့ ထွက်ခွာလာစဉ် နီပေါနိုင်ငံတွင် ခရီးတစ်ထောက်ဝင်ရောက်နားခိုခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က တိုင်းတစ်ပါးသားတို့အားလုံး ဝင်ရောက်ခွင့်မပြုသည့် တိဗက်ပြည်ထဲဝင်ရန် လမ်းစရှာခြင်းလည်း ဖြစ်ပါသည်။

နီပေါပြည် ကာဌမဏ္ဍုမြို့မှ ဒထရဋ္ဌဆိုသော ကုန်သည်ကြီးတစ်ဦးသည် မဟာပဏ္ဍိတ်ရာဟုလာ၏ သင်္ကန်းအစုံဝတ်ရုံလျက် သွားလာနေထိုင် ကျင့်ကြံပုံတို့ကို ကြည်ညိုစိတ်ဖြစ်ပေါ်လာကာ သဒ္ဓါတရားပွားများလာခြင်းကြောင့် တိဗက်ပြည်သို့ ဖြစ်နိုင်သောနည်းလမ်းဖြင့် ပို့ဆောင်ပေးပါမည်ဟု ကတိကဝတ်ပြုပြီး၊ မဟာပဏ္ဍိတ်ရာဟုလာအား ၎င်း

အိမ်၌ပင် တစ်လကျော်ကျော်မျှ လှူဒါန်းနေထိုင်စေခဲ့ပါသည်။

"တပည့်တော်တို့ နီပေါနိုင်ငံကို ဗုဒ္ဓဘာသာ တရားတော် အစစ်အမှန်များ ရောက်စေချင်ပါတယ် ဘုရား။ ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်သင့်တယ်ဆိုတာ မိန့်ကြားပေးတော်မူပါဘုရား"

ကုန်သည်ကြီး ဒထရဋ္ဌသည် မဟာပဏ္ဍိရာဟုလာအား သူ့အိမ်၌ ဝက်ထားစဉ် ဗုဒ္ဓဘာသာတို့၏ တရားစစ် တရားမှန်များ နီပေါနိုင်ငံသို့ ရောက်ရှိစေနိုင်မည့် နည်းလမ်းများကို မေးမြန်းလျှောက်ထားခြင်းဖြစ်သည်။

"ကောင်းပြီ ဒါယကာ ကုန်သည်ကြီး။ ဒါယကာကြီးတို့ရဲ့ နီပေါနိုင်ငံကို ဗုဒ္ဓတရားတော် အစစ်အမှန် ရောက်စေချင်ပါက ငါ၏ ဆရာတော်ကြီးဖြစ်သော အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော်ကြီး သီရိဘဒ္ဒန္တစန္ဒြမဏိထေရ်ထံသို့ ရောက်အောင်သွားပါလေ"ဟု မဟာပဏ္ဍိရာဟုလာမှ လမ်းညွှန်ပြပြီးနောက် ကုန်သည်ကြီးသည် မဟာပဏ္ဍိရာဟုလာအား တိဘက်ရဟန်းအသွင် ဝတ်ဆင်စေပြီး တိဘက်လားမားရဟန်းအဖွဲ့နှင့်အတူ တိဘက်သို့ ရောက်သည်အထိ ကူညီပို့ဆောင်ပေးလိုက်သည်။

ကုန်သည်ကြီး ဒထရဋ္ဌသည်လည်း မဟာပဏ္ဍိရာဟုလာ လမ်းညွှန်လိုက်သည့်အတိုင်း အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော်ကြီးထံမှောက်သို့ ရောက်ရှိသွားရာ မိမိတို့ နီပေါပြည်၏ မှားယွင်းလျက်ရှိသော ဘာသာရေးအယူဝါဒများကို လျှောက်ထားပြီးလျှင် ဗုဒ္ဓဘာသာအတုအယောင်များကို သုတ်သင်ရှင်းလင်းကာ ဗုဒ္ဓဘာသာ အစစ်အမှန်များ ဖြစ်ထွန်းလာစေရန် ကြိုးစားလုပ်ကိုင်လိုပါကြောင်း လျှောက်ထားလေသည်။

"သူတစ်ပါးတို့၏ မိစ္ဆာအယူဝါဒ စသည်တို့ကို တိုက်ဖျက်လိုသောသူသည် ရှေးဦးစွာ မိမိကိုယ်တိုင် သင့်တင့် လျှောက်ပတ်ကောင်းမြတ်သော အကျင့်သီလတို့ဖြင့် တည်စေရာ၏။ နိဗ္ဗာန်ရောက်ကြောင်း တရားအစစ်အမှန်များကို ထိန်းသိမ်းစောင့်ရှောက်လိုသူသည် ရှေးဦးစွာ ရတနာဟူသမျှကိုလည်းကောင်း၊ မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေလက် စသော ကိုယ်ခန္ဓာအစိတ်အပိုင်းတို့ကိုလည်းကောင်း၊ နောက်ဆုံး၌ မိမိ၏ အသက်ကိုပင်လည်းကောင်း၊ တစ်စုံ တစ်ရာ ငဲ့ကွက်ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ စွန့်လွှတ်ရာ၏"

ကုသိနာရုံဆရာတော်ကြီး သီရိဘဒ္ဒန္တစန္ဒြမဏိထေရ်သည် အထက်ပါအတိုင်း မိန့်ကြားသည့်အပြင် ဗုဒ္ဓ၏ တရားတော် ဒေသနာလာရှိပုံများကိုပါ ကုန်သည်ကြီးအား ဆက်လက်ဟောကြားတော်မူခဲ့ပါသည်။ ဆရာတော်ကြီးထံမှ တရားဒေသနာတော်များ နာကြားရပြီးနောက် ကုန်သည်ကြီး ဒထရဋ္ဌသည် စည်းစိမ်ချမ်းသာ ဥစ္စာများအားလုံးကို စွန့်လွှတ်လျက် ရဟန်းပြုရန် ဆုံးဖြတ်ချက် ချလိုက်ပါသည်။ ရဟန်းမပြုမီတွင် ကုသိနာရုံဆရာတော်ကြီး၏ မွေးဖွားရာ ဒေသဖြစ်သော မြန်မာနိုင်ငံ၌ နေရာအနှံ့အပြား ဗုဒ္ဓသာသနာတော် ထွန်းကားနေပုံကို ဆရာတော်ကြီး၏ နောက်ပါးမှ လိုက်လျက် ကြည့်ရှုလေ့လာလိုသေးကြောင်း လျှောက်ထားပြန်သည်။

ကုသိနာရုံဆရာတော်ကြီးသည် နောင် အနာဂတ်ကာလ၌ နီပေါပြည်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားရေးကို ကြိုတင်တွေးမြော်လျက် ကုန်သည်ကြီး၏ လျှောက်ထားချက်အား လက်ခံကာ ကုန်သည်ကြီးအား ခေါ်ဆောင်၍ ကာလကတ္တားမှတစ်ဆင့် ရေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ကြွရောက်တော်မူလေသည်။ စစ်တွေခရိုင်အတွင်း၌ရှိသော စေတီ၊ ပုထိုး၊ သာသနိကအဆောက်အဦများကို လှည့်လည်ပြသနေစဉ်မှာပင် ကုန်သည်ကြီး ဒထရဋ္ဌသည် စစ်တွေမြို့သူမြို့သားများ၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေပြုလိုက်ပါသည်။ ဘွဲ့တော်မှာ "ရှင်ဓမ္မလောက"ဖြစ်ပါသည်။

"ရှင်ဓမ္မလောက"သည် ဆရာတော်ကြီးနှင့်အတူ စစ်တွေမြို့၌ နှစ်လကျော်မျှ သီတင်းသုံးတော်မူပြီးနောက် ရန်ကုန်မြို့သို့ ကြွတော်မူ၍ ဘုရားစေတီများကို (၁၅)ရက်

တိုင်တိုင် လှည့်လည်ဖူးမြော်ခဲ့ကြပါသည်။ ထိုမှတစ်ဖန် ပဲခူး၊ သထုံ၊ မော်လမြိုင်မြို့များသို့ လှည့်လည်ဘုရားဖူးကြကာ ကုသိနာရုံဆရာတော်ကြီး ငယ်စဉ်က ပညာသင်ကြားခဲ့သည့် မော်လမြိုင်မြို့ တောင်ပေါ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးစက္ကပါလထံတော်တွင် တစ်လကျော်မျှ နေထိုင်သီတင်းသုံးတော်မူခဲ့ကြပါသည်။

မော်လမြိုင်မြို့မှ တစ်ဖန် တောင်ပေါ်ကျောင်း ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် မန္တလေးမြို့ စစ်ကိုင်းမြို့ ပြင်ဦးလွင်မြို့များသို့ လှည့်လည်လျက် ဘုရားဖူးခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပနေခြင်းကို လေ့လာမှတ်သားပြီးနောက် ရန်ကုန်မြို့မှတစ်ဆင့် ဒုတိယ ဝါဆိုလဆန်း (၁၂)ရက်နေ့တွင် အိန္ဒိယပြည်၊ ယူပီပြည်နယ်၊ ကုသိနာရုံကျောင်းသို့ ပြန်လည်ရောက်ရှိတော်မူကြပါသည်။

ရှင်ဓမ္မလောကသည် ကုသိနာရုံဆရာတော်ကြီး အား ခွင့်ပန်ပြီး ဒုတိယဝါဆိုလဆန်း (၁၄)ရက်နေ့တွင် မိခင် နီပေါပြည်သို့ ပြန်ကြွခဲ့ရာ ရောက်ရှိသည့် ညနေ (၄)နာရီ အချိန်၌ပင် သက်ဆိုင်ရာတို့၏ ဖမ်းဆီးခြင်းကို ခံရပါတော့ သည်။ ရဲစခန်းတွင် (၆)ရက်တိတိ အချုပ်ခံရပြီးနောက် (၇)ရက်မြောက်တွင်မှ တရားရုံးသို့ စွဲတင်ခဲ့ကြပါသည်။ တရားရုံးတွင် တရားသူကြီးဖြစ်သူ ယုဒ္ဓသမေယအမတ် ကြီးက စစ်ဆေးခြင်းဖြစ်သည်။

"မောင်မင်းရဲ့ နေရပ်ကို ပြောပါ"

"ကျွန်ုပ်သည် ကာဌမဏ္ဍုမြို့မှာနေတဲ့ ဝါရီဗုဒ္ဓ ဘာသာတစ်ဦး ဖြစ်ပါတယ်"

"မောင်မင်းသည် အဘယ်ကြောင့် အဝါရောင် အဝတ်တန်ဆာကို ဝတ်ဆင်ထားရတာလဲ"

"အိန္ဒိယဘာသာမှာ ဂဟဋ္ဌနဲ့ အနာဂါရိက ရဟန်းတွေမှန်သမျှ ဤကဲ့သို့သော အဝတ်တန်ဆာကိုပင် ဝတ်ရုံရပါတယ်"

တရားသူကြီးသည် ရှင်ဓမ္မလောကအား စစ်ဆေး မေးမြန်းပြီးလျှင် တရားစွဲတင်သောအရာရှိအား ဆက်လက် မေးမြန်းပါသည်။

"အပြစ်မရှိတဲ့ ဒီလိုပုဂ္ဂိုလ်မျိုးကို ဘာကြောင့် ဖမ်းဆီးတရားစွဲတင်ရတာလဲ"

"မှန်ပါ ယခုလိုပုံစံမျိုးနဲ့ ပြည်သူပြည်သားများ ပြကျင့်လာကြမည်ဆိုလျှင် တိုင်းပြည်အတွက် အခက် အခဲကြုံတွေ့မှာကို စိုးရိမ်တဲ့အတွက် ဖမ်းဆီးတရားစွဲဆို ရခြင်းဖြစ်ပါတယ်"

"မဖြစ်နိုင်ဘူး။ တိုင်းသူပြည်သားအားလုံး ဒီ ပုဂ္ဂိုလ်လို ပြကျင့်နိုင်ဖို့ဆိုတာ လွယ်ကူလိမ့်မှာမဟုတ်ဘူး။ နိဗ္ဗာန်ကို အမှန်တကယ်လိုလားရင် ခင်ဗျားတို့လည်း ဒီ ပုဂ္ဂိုလ်လိုမျိုး ပြကျင့်အားထုတ်နိုင်တယ်။ ဒါကြောင့် ဘာအပြစ်မှမရှိတဲ့ ဒီပုဂ္ဂိုလ်ကို ချက်ချင်းလွှတ်စေ"

တရားသူကြီး၏ အမိန့်စီရင်ချက်ဖြင့် အချုပ်မှ လွှတ်မြောက်လာသော ရှင်ဓမ္မလောကသည် သက်န်းရုံလျက် ကာဌမဏ္ဍုမြို့တော်ရပ်ကွက်အားလုံးသို့ လှည့်လည်ပြီး ဆွမ်းခံထွက်ရာ ခံဆွမ်းများမရသည်ကလွဲ၍ မည်သည့် အတားအဆီးအနှောင့်အယှက်မျှ မကြုံတွေ့ခဲ့ရပါပေ။ ထို့ကြောင့် "တပည့်တော် အောင်မြင်ပါပြီဘုရား။ နီပေါ တိုင်းပြည်မှာ ဗုဒ္ဓသာသနာတော် ထွန်းကားဖို့အတွက် ရဟန်းသာမဏေများသာ လိုအပ်ပါတော့သည်ဘုရား" ဆိုတာ ကုသိနာရုံဆရာတော်ကြီးထံ ဝမ်းမြောက်ဝမ်းသာ စာရေးသားလျှောက်ထားလိုက်ပါသေးသည်။

သီတင်းကျွတ်ပြီးသည့်နောက် ရှင်ဓမ္မလောကသည် ကုသိနာရုံကျောင်းသို့ ပြန်ကြွတော်မူလာပြီးလျှင် နီပေါပြည် အတွက် ဆောင်ရွက်ရမည့် သာသနာရေးကိစ္စကြီးငယ်များကို ဆရာတော်ကြီးထံ လျှောက်ထားတော်မူရာ ဆရာတော်ကြီး သည် နီပေါပြည် သာသနာတော်ထွန်းကားရန် ဆောင်ရွက် မည့် ရှင်ဓမ္မလောကအား မိမိကိုယ်တိုင် ဥပဇ္ဈာယ်ပြုတော် မူပြီး ဗာရာဏသီမြို့ မိဂဒါဝုန်တောရကျောင်း၊ ဗုဒ္ဓသိမ်တော် ၌ ရှင်သာမဏေအဖြစ်မှ ရဟန်းအဖြစ်သို့ ချီးမြှင့်ပေးသနား တော်မူခဲ့ပါသည်။

“ကောင်းပြီ ဒါယကာ ကုန်သည်ကြီး၊ ဒါယကာကြီးတို့ရဲ့ နီပေါနိုင်ငံကို ဗုဒ္ဓဘုရားတော် အစစ်အမှန် ရောက်စေချင်ပါက ငါ၏ ဆရာတော်ကြီးဖြစ်သော အိန္ဒိယနိုင်ငံ၊ ကုသိနာရုံဆရာတော်ကြီး သီရိဘဒ္ဒန္တ စန္ဒမဏိထေရ်ထံသို့ ရောက်အောင်သွားပါလေ”

အရှင်ဓမ္မလောကသည် နီပေါပြည်နှင့် ကုသိနာရုံတို့သို့ ခေါက်တုံ့ခေါက်ပြန် ကြွလိုက်ပြန်လိုက်နှင့် ဗုဒ္ဓသာသနာတော်အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူရင်း နီပေါပြည်သား မိန်းမငယ်သုံးဦး၊ မိန်းမကြီးသုံးဦးနှင့် လူငယ်ယောကျ်ားလေးတစ်ဦးတို့ကိုပါ ခေါ်ဆောင်လာပြီး ကုသိနာရုံဆရာတော်ကြီးမှတစ်ဆင့် စစ်တွေမြို့၊ သီလရှင် ဓမ္မစာရီထံသို့ ပို့ပေးလိုက်ရာ သီလရှင်ဓမ္မစာရီနှင့် စစ်တွေမြို့သူမြို့သားများက အားရဝမ်းသာစွာဖြင့် ပညာသင်ကြားရေးအတွက် အပြည့်အဝအကူအညီပေးကြပါသည်။ ၎င်းတို့သည် သီလရှင်ဓမ္မစာရီထံ၌ (၂)နှစ်တိတိ ပညာဆည်းပူးပြီး ကုသိနာရုံသို့ ပြန်ရောက်ချိန်တွင် အမျိုးသမီး (၄)ဦးသည် ဆရာတော်ကြီးထံ၌ သီလရှင်ဘဝသို့ ကူးပြောင်းလိုက်ကြပါသည်။

မကြာမီ၌ပင် အရှင်ဓမ္မလောက၏ ကြိုးပမ်းအားထုတ်မှုကြောင့် နီပေါပြည်မှ လူငယ် (၅)ဦးတို့ ကုသိနာရုံသို့ ရောက်ရှိလာကြပြန်ရာ ဆရာတော်ကြီးကပင် ရဟန်းအဖြစ်သို့ ချီးမြှင့်ပေးလိုက်ရသည်။ နောက်ထပ်ရောက်ရှိလာသော အမျိုးသမီး (၁၀)ဦးကျော်တို့ကိုလည်း သီလရှင်ဘဝသို့ ကူးပြောင်းရောက်ရှိစေရန် ဆရာတော်ကြီးမှပင် ဆက်လက်ချီးမြှင့်ပေးခဲ့ရသည်။

တစ်စစနှင့် ကုသိနာရုံ၌ နီပေါပြည်သားရဟန်းနှင့် သီလရှင်များ တိုးပွားလာပြီဖြစ်ရာ နီပေါပြည်၌ သာသနာပြုရာတွင် ပိုမိုထိရောက်စေရန်အတွက် “ဓမ္မောဒယဆာဘာ” ဟူသော အမည်ဖြင့် အသင်းတော်ဖွဲ့စည်းပြီး အသင်း၏ ဦးဆောင်ဥက္ကဋ္ဌအဖြစ် ကုသိနာရုံဆရာတော်ကြီးကိုယ်တိုင်ပင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ဓမ္မောဒယဆာဘာအသင်းအနေနှင့် နီပေါပြည်၏ သာသနာကိစ္စများ ဆောင်ရွက်ရာတွင် မနှစ်သက်သောသူများက မိမိတို့၏ ရှေးရိုးစဉ်လာ ဘာသာဝါဒအတွက် စိုးရိမ်မှုများ ဖြစ်ပေါ်လာကြသည်။ ၎င်းပြင် ဓမ္မောဒယဆာဘာအသင်းသည် ဘာသာရေးအရေခြုံထားသော နိုင်ငံရေးလျှို့ဝှက်အသင်းဖြစ်သဖြင့် နီပေါပြည်တွင် မထားသင့်ကြောင်း အမျိုးမျိုးဝါဒဖြန့်ချိကြပြီး အစိုးရထံသို့လည်း တိုင်စာအမျိုးမျိုး ပေးပို့တိုင်ကြားလာကြကုန်သည်။

တစ်နေ့တွင် နီပေါပြည်တွင်း၌ရှိသော ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းတော်များ၊ သီလရှင်များအားလုံးကို ရုံးတော်သို့ဆင့်ခေါ်၍ တန်းစီစေသည်။ ပြီးနောက် တရားသူကြီးမှ စစ်ဆေးမေးမြန်းရာ “မိမိတို့သည် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံဆရာတော်ကြီး သီရိဘဒ္ဒန္တစန္ဒမဏိထေရ်၏ တပည့်များဖြစ်ကြောင်း၊ ၎င်းဆရာတော်ကြီးသည် မိမိတို့၏ ဘာသာရေးခေါင်းဆောင်၊ ဓမ္မောဒယဆာဘာအသင်း၏ ဥက္ကဋ္ဌဖြစ်ကြောင်း”ကို ရဟန်းတော်များနှင့်

သီလရှင်များက မုသားမဖက် အမှန်တိုင်း တညီတညာတည်း ထွက်ဆိုခဲ့ကြပါသည်။

ထိုသို့ စစ်ဆေးမေးမြန်းပြီးနောက် တရားသူကြီးသည် "ခင်ဗျားတို့ ငါးယောက်ထက်ပိုပြီး မစုဝေးရ၊ ထေရဝါဒဗုဒ္ဓဘာသာအကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောရ။ ဒီနှစ်ချက်ကို ကတိပြုတဲ့စာမှာ လက်မှတ်ရေးထိုးပြီး ကောင်းကောင်းမွန်မွန် နေထိုင်ပါမယ်လို့ အာမခံပေးရမယ်"ဟု အမိန့်ချမှတ်ခဲ့ပါသည်။ သို့သော် ရဟန်းတော်များနှင့် သီလရှင်အားလုံးတို့သည် ၎င်းအမိန့်ကို လက်မခံဘဲ လုံးဝ ငြင်းပယ်လိုက်ကြပါသည်။ ဆက်လက်၍ "ခင်ဗျားတို့ လက်မှတ်မထိုးရင် အားလုံး လူဝတ်လဲကြရမယ်"ဟု တရားသူကြီးက အမိန့်ချမှတ်ပြန်ရာ ရဟန်းတော်များနှင့် သီလရှင်အားလုံးတို့ကလည်း လူဝတ်မလဲနိုင်ကြောင်း ငြင်းဆိုကြပြန် သည်။ နောက်ဆုံး၌ ဥပဒေအရ စီရင်ချက်ကို မလိုက်နာပါက နီပေါပြည်မှ (၃)ရက်အတွင်း ထွက်ခွာသွားကြရမည်ဆိုကာ ပြည်နှင်ဒဏ်ချမှတ်ခြင်းကို ခံလိုက်ကြရပါတော့သည်။ ရဟန်းတော်များသည် ဘာသာရေးအရ ဝါဆိုဝါကပ်ချိန်ဖြစ် သောကြောင့် သီတင်းဝါလကျွတ်ချိန်ထိ နေထိုင်ခွင့်ပြုပါရန် မေတ္တာရပ်ခံကြသော်လည်း ခွင့်ပြုချက်မရသဖြင့် မိုးရာသီ ဝါဆိုချိန်၌ပင် ကုသိနာရုံသို့ ပြန်ကြရသည်။

ဤကဲ့သို့ မိုးရာသီ ဝါဆိုဝါကပ်ချိန်ဖြစ်လျက်နှင့် ဘာသာရေးဘက် မငဲ့ညှာဘဲ ရဟန်းတော်နှင့် သီလရှင်များကို နီပေါပြည်မှ နှင်ထုတ်ခြင်းကိစ္စနှင့်ပတ်သက်ပြီး ကုသိနာရုံဆရာတော်ကြီးသည် စိတ်နှလုံးမချမ်းမမြေ့စွာ ခံစားရသဖြင့် အိန္ဒိယအစိုးရ၊ ဆိမ္မာလာမြို့ရောက် မြန်မာစစ်ပြေးအစိုးရ၊ ဟိန္ဒူမဟာဆာဘာအသင်းနှင့် အခြားအသင်းအဖွဲ့များ၊ သတင်းစာတိုက်များသို့ တိုင်ကြားစာပေးပို့လိုက်ခြင်းကြောင့် သတင်းစာအသီးသီးတို့ကလည်း နီပေါအစိုးရအား အပြင်းအထန် ကန့်ကွက်ရေးသားခြင်းများ ပြုလုပ်ကြပါတော့သည်။

ထိုသို့ ဘာသာရေးပြဿနာများ ဖြစ်ပွားပြီးနောက်

ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်အားလုံး၏ အစည်းအဝေးပွဲကြီးအား နီပေါနိုင်ငံ ကာဌမဏ္ဍူမြို့တော်တွင် ဘုရင်မင်းမြတ် မဟိန္ဒြာကိုယ်တိုင် ဦးဆောင်ကြီးမှူးကျင်းပပေးရာ အဆိုပါ အစည်းအဝေးပွဲကြီးသို့ ကုသိနာရုံဆရာတော်ကြီးမှ ချီးမြှင့်ပေးတော်မူပါရန် ဘုရင်မင်းမြတ်နှင့် ဒေါက်တာအမ္ဗေဒကာရ်တို့မှ ပင့်စာပို့လျှောက်သဖြင့် ဆရာတော်ကြီးမှ ဒုတိယအကြိမ်မြောက် နီပေါနိုင်ငံသို့ ကြွရောက်ချီးမြှင့် ပေးရပြန်သည်။ ထို့ကြောင့်လည်း နီပေါနိုင်ငံသည် ကာလတိုတိုအတွင်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်ပေါင်း သုံးသိန်းကျော်မျှ တိုးပွားလာရာ

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်တွင် ကုသိနာရုံ၌ သီတင်းသုံးလျက်ရှိကြသော ရဟန်းများအနက်မှ ရဟန်းတော်တစ်ပါးသည် မိမိနိုင်ငံ နီပေါပြည်သို့ ကြွရောက်လေ့လာကြည့်ရာ ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်၍ မည်သို့သော အနှောင့်အယှက် အတားအဆီးမျှ မရှိတော့သည်ကို တွေ့ခဲ့ရသည်။ နောက်များမကြာမီတွင် နီပေါနိုင်ငံသား ရဟန်းတော်များ၊ သီလရှင်များသည် ကုသိနာရုံမှနေ၍ နီပေါပြည်သို့ ပြန်ကြွကြခြင်း။ ရဟန်းတော်အချို့ကိုလည်း ကုသိနာရုံဆရာတော်ကြီး အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံများသို့ ပညာသင်ကြားစေရန် ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကား

ပြန့်ပွားရေးအတွက် နီပေါနိုင်ငံအနှံ့အပြားတို့၌ ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ရာတွင် သာသနာပြု အရှင်မြတ်များဖြစ်ကြသော "အရှင်ဓမ္မလောက"နှင့် "အရှင်အမိတ္တာနန္ဒ"တို့ နှစ်ပါးသည် အစိကဦးဆောင်လျက်ရှိကြသည်။ နီပေါနိုင်ငံဘုရင်မင်းမြတ်ကလည်း ထေရဝါဒဗုဒ္ဓဘာသာဝင်အားလုံးအတွက် အလှူငွေ (၁၀၀,၀၀၀)လျှုဒါန်းခဲ့ပါသည်။

ဓမ္မဒေသဆာဘာအသင်း၏ ဥက္ကဋ္ဌ ပဓာနနာယကဆရာတော်ကြီးအား နီပေါနိုင်ငံသို့ ပင့်ဆောင်လျက် ဗုဒ္ဓဝတီမြို့တွင် ပဒုမစေတိယမဟာဝိဟာရကျောင်း၊ ကာနသေနမြို့တွင် သကျနန္ဒာဝိဟာရကျောင်း၊ ပေါက္ခရာမြို့တွင် ဗုဒ္ဓဝိဟာရကျောင်း၊ ဘောဂျပူမြို့တွင် သကျမုနိဝိဟာရကျောင်းများ ဆောက်လုပ်ရာတွင် ကုသိနာရုံဆရာတော်ကြီးကိုယ်တိုင်အုတ်မြစ်တော်များကို ချပေးတော်မူခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်အားလုံး၏ အစည်းအဝေးပွဲကြီးအား နီပေါနိုင်ငံ ကာဌမဏ္ဍုမြို့တော်တွင် ဘုရင်မင်းမြတ် မဟိန္ဒရာကိုယ်တိုင် ဦးဆောင်ကြီးမှူးကျင်းပပေးရာ အဆိုပါ အစည်းအဝေးပွဲကြီးသို့ ကုသိနာရုံဆရာတော်ကြီးမှ ချီးမြှင့်ပေးတော်မူပါရန် ဘုရင်မင်းမြတ်နှင့် ဒေါက်တာအမြဲကောန်ဒိုမှ ပင့်စာပို့လျှောက်သဖြင့် ဆရာတော် ကြီးမှ ဒုတိယအကြိမ်မြောက် နီပေါနိုင်ငံသို့ ကြွရောက်ချီးမြှင့်ပေးရပြန်သည်။ ထို့ကြောင့်လည်း နီပေါနိုင်ငံသည် ကာလတိုတိုအတွင်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်ပေါင်း သုံးသိန်းကျော်မျှ တိုးပွားလာရာ ယခင်က အတုအယောင် ဘိက္ခုများသာ လွှမ်းမိုးတွင်ကျယ်လျက်ရှိသော နေရာအနှံ့အပြားတို့တွင် ဘုန်းတော်ကြီးကျောင်းများ၊ ရဟန်းသံဃာများ၊ သီလရှင်များ နေရာယူလာကြလျက် သာသနာ့တာဝန်အသီးသီး ထမ်းဆောင်နေကြပြီ ဖြစ်ပါသည်။

အရိုးစွဲလျက် ရှိနေပြီဖြစ်သော အယူဝါဒ အတုအယောင်များကို ဖယ်ရှားသုတ်သင်ပြီး စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲအတားအဆီးပေါင်း များစွာရှိလိမ့်မည်မှာ ဓမ္မတာပင်။ အယူဝါဒလွဲမှားလျက်ရှိသော နီပေါနိုင်ငံသို့ ထေရဝါဒဗုဒ္ဓသာသနာတော် ရောက်ရှိထွန်းကားလာသည်မှာ စည်းစိမ်ချမ်းသာ ကိုယ်ကျိုးစွန့်လွှတ်ရုံမျှမကဘဲ အသက်ကိုပင် ငဲ့ကွက်ခြင်းမရှိ ဆောင်ရွက်ခဲ့သော ကုန်သည်ကြီးဒထေရဋ္ဌတစ်ဖြစ်လဲ "အရှင်ဓမ္မလောက"ကိုလည်း သာသနာ့ဝီရရဟန်းသူရဲကောင်းတစ်ပါးအဖြစ်သို့ ကမ္ပည်းတင်ပူဇော်လိုက်ရပေတော့သည်။

(ဝန်ခံချက်။ ။ ၂၀၀၇-ခုနှစ်၊ ဧပြီလထုတ်၊ ကျိုက်မရောမြို့နယ်မဂ္ဂဇင်းမှ တောမှီရဟန်းရေးသားသော "ကိုယ်နှင့်အသက် မငဲ့ကွက်လျှင်"ဆောင်းပါးမှ မှီငြမ်းထားပါသည်။)

မင်းရွှေသိန်း(ဇင်းကျိုက်)

သဒ္ဓါ၊ သီလ၊ အခြွေအရံ၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသူသည် သွားလေရာအရပ်မှာ အပူဇော်ခံရသည်။

အမြင့်ရောက်မှ အမြင်ကျယ်တာထက် အမြင်ကျယ်လို့ အမြင့်ရောက်တာက ပိုကောင်းသည်။

အရာရာကို အောင်မြင်နိုင်ဖို့ မိမိ၏အရာရောက်မှုကို မြှင့်တင်ပေးရမည်။

မဟာသုတပညာပေးလက်စွဲကျမ်း

အရိန္ဒမနှင့် သောဏက
[illegible]

အရိန္ဒမနှင့် သောဏက

ထိုနေ့သည် ပြဟ္မဏဝါစကာ နေ့"ဖြစ်လေသည်။

ဗာရာဏသီတွင် အကြောင်းတစ်ခုခုကို ရည်ညွှန်းလျက် ပွဲတော်အမျိုးမျိုးကျင်းပရာ၌ ပြဟ္မဏ ဝါစကပွဲသည်လည်း လူကြိုက်များစည်ကားသော ပွဲတစ်ပွဲဖြစ်သည်။

ပြဟ္မဏပုဏ္ဏားတို့၏ ဗေဒင်ရွတ်ဖတ်ပွဲမှ ရွတ်သံ၊ အံသံတို့သည် သံမြင့်၊ သံနိမ့် ချက်ကျညီညီ ထွက်ပေါ်နေသည်။ အရွယ်ကောင်း၊ အသံကောင်းသော ပုဏ္ဏားငယ်တို့၏ သံပြိုင်ရွတ်သံသည် တူရိယာမပါဘဲ နားထောင်ကောင်းသော ဂီတတစ်ခုလို ဖြစ်နေသည်။

ရွတ်သူတို့က ရွတ်နေစဉ် တစ်ဘက်ရှိ မဏ္ဍပ်ကနားမှ နို့ယနာထမင်းကျွေးပွဲသည်လည်း စည်ကားခမ်းနားလှချေသည်။ နို့ယနာထမင်းသုံးဆောင်ရင်း ဗေဒင်ရွတ်ပွဲမှ အသံကို နားထောင်ရသည်မှာ စည်းစိမ်တစ်မျိုးပင် ဖြစ်တော့သည်။

ထမင်းရုံကို ကြီးကြပ်သည့် ပုဏ္ဏားကြီးသည် ထမင်းပွဲချသူများကို အမိန့်ပေးနေရင်းမှ ထူးခြားသည့် ညှိုသည်နှစ်ယောက်ကို လှမ်းမြင်လိုက်သည်။

ညှိုသည်နှစ်ယောက်စလုံးပင် တင့်တယ်သည့် အသွင်ရှိသော ယောက်ျားပျိုများ ဖြစ်ကြသည်။ နုပျိုတက်ကြွခြင်းနှင့် ရင့်ကျက်တည်ငြိမ်ခြင်းတို့သည် ညှိုသည်တော် ယောက်ျားပျိုနှစ်ဦးထံတွင် ပေါင်းဆုံလျက်ရှိသည်။ အင်္ဂဝိဇ္ဇာ၌ ကျွမ်းကျင်သော ပုဏ္ဏားကြီးသည် ထူးခြားသည့် လုလင်နှစ်ယောက်ကို အဝေးမှ မြင်လျှင်မြင်ခြင်းပင် အကဲခတ်လိုက်မိပြီး ပေပြီ။

"ဟေ့ ငါ့လူများ၊ ခတ္တိယနွယ်ဖွားနဲ့ ဗြာဟ္မဏနွယ်ဖွားလုလင်နှစ်ဦး လာနေကြတယ်။ အကောင်းဆုံးနေရာထိုင်ခင်းကို ပြင်လိုက်ကြစမ်း၊ အကောင်းဆုံးနို့ယနာကို ပြင်စမ်း၊ သူတို့ဟာ ဂုဏ်ထူးဆောင် ညှိုသည်တွေပဲ"

လုလင်နှစ်ဦး မဏ္ဍပ်ဝသို့ ရောက်လာချိန်တွင် နေရာထိုင်ခင်းနှင့် နို့ယနာထမင်းပွဲတို့လည်း အဆင်သင့် ဖြစ်နေကြပြီ။

"ကြွပါ ကြွပါ၊ ဗာရာဏသီရဲ့ ဗြာဟ္မဏဝါစကသဘင်ကို ကြွရောက်ချီးမြှင့်တာ ဝမ်းသာလှပါတယ် ကြွကြပါ"

လုလင်နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တိုင်ပင်ဟန်ဖြင့် အချင်းချင်းကြည့်လိုက်ကြပြီး နောက် မဏ္ဍပ်ထဲသို့ ဝင်လာကြသည်။

"မြင့်မြတ်တဲ့သူတော်ကောင်းအနွယ်များဆိုတာတော့ ကျွန်ုပ်မြင်ရုံနဲ့ သိပါတယ်၊ သို့သော်လည်း ဝန်မလေးဘူးဆိုရင်တော့ တဆိတ်ကလေး အမျိုးအနွယ်ရဲ့ အမည်နာမ၊ လာရင်းဒေသ၊ လာခဲ့ဒေသများကို သိပါရစေ"

တစ်ယောက်သောလုလင်က ဖြေသည်။

"ကျွန်ုပ်က ရာဇဂြိုဟ်ပြည် မဂဓမင်းသားရဲ့ သားတော်ပါ၊ အရိန္ဒမလို့ ခေါ်ပါတယ်"

ကျန်တစ်ယောက်က ဆက်ဖြေသည်။

"ကျွန်ုပ်က အရိန္ဒမမင်းသားရဲ့ ဖွားဘက်တော်ဖြစ်ပါတယ်။ ပုရောဟိတ်ရဲ့သား သောဏက သတို့သားအမည်ရှိပါတယ်။ တက္ကသိုလ်မှာ အတတ်ပညာများ ဆည်းပူးပြည့်စုံခဲ့ပြီးလို့ ဒေသန္တရ၊ ဘာသန္တရ ဗဟုသုတများ လေ့လာကြဖို့ ခရီးလှည့်ခဲ့ခြင်းဖြစ်ပါတယ် ပုဏ္ဏားကြီး"

ဖြေဆိုချက်နှစ်ခုကို ပုဏ္ဏားကြီးက ချက်ချင်းနှိုင်းယှဉ် နားလည်လိုက်သည်။ အရိန္ဒမမင်းသားထက် သောဏကသတို့သားက ပို၍ စေ့စပ်လိမ္မာကြောင်း၊ အနှိုင်းအရှည်ရှိကြောင်း မှတ်ချက်ချလိုက်လေသည်။

"အို ...ဂုဏ်ယူစရာ ညှိုသည်တော်ကြီးပါပဲ။ ဟဲ့ ငါ့လူများ နေရာထိုင်ခင်းရှိရာ ပို့ဆောင်ကြ

ပါ။ နို့ယနာထမင်းပွဲများ ပြင်ကြပါ ကြပါ ကြပါ''

အမှုလုပ် အစေခံများလည်း ကမ္ဗလာနှစ်ခုကို ယူလာပြီး မင်းသားနှင့် သောဏကသတို့သားရှေ့သို့ ချပေးကြသည်။

''သက်သာသလို အပန်း ဖြေ နားနေကြပါ၊ အရိန္ဒမမင်းသားနဲ့ သောဏကသတို့သား''

ကမ္ဗလာနှစ်ခုအနက် အဖြူ ရောင်ကမ္ဗလာပေါ်သို့ အရိန္ဒမမင်းသား ဝင်ထိုင်သည်။ အနီရောင်ကမ္ဗလာထက် သို့ သောဏက ဝင်ထိုင်သည်။ ထိုစဉ် မှာပင် သောဏက၏မျက်နှာမှာ ထူးခြားသောအရိပ်များ လွှမ်းသွား သည်။ ထိုမျက်နှာရိပ်ကို ပုဏ္ဏားကြီး သတိမထားမိလိုက်မိသော်လည်း အရိန္ဒမက သတိပြုမိလိုက်လေသည်။

''သူငယ်ချင်း သောဏက၊ မျက်နှာရိပ် မျက်နှာက ထူးခြားလှ ချည်လား၊ ဘာများ အကြောင်း အထွေအထူးရှိလို့လဲ''

သောဏက ပြန်မဖြေ။ ခပ်မ ဆိတ်နေသည်။ သို့သော် သူ့စိတ်ထဲမှ သူ့အသံကိုမူ သူပီသစွာ ကြားနေရ သည်။

''အရိန္ဒမက ကမ္ဗလာ အဖြူ၊ ငါက ကမ္ဗလာအနီမှာထိုင်မိ လျက်သား ဖြစ်သွားတယ်။ ဒီနိမိတ် ကို ငါ အရအမိသိပြီ၊ ဒီနေ့ပဲ ငါ့ သူငယ်ချင်း အရိန္ဒမဟာ ဗာရာဏ သီမင်း ဖြစ်တော့မယ်၊ ငါ့ကို စစ်သေ နာပတိရာထူး ခန့်တော့မယ်''

နို့ယနာ ထမင်းပွဲရောက်လာ သည်။ အရိန္ဒမက နို့ယနာသုံးဆောင် နေစဉ် သောဏကမှာမူ အတွေးစ အတွေးမျှင်မကုန်သေး။

''သူ ဘုရင်မြတ်ဖြစ်ပြီးရင် ငါ့ကို သေနာပတိပေးလိမ့်မယ်၊ ဒါ ပေမယ့် ငါ ရာထူးဌာနန္တရကို မလို ချင်ဘူး၊ ငါဟာ ..''

သောဏက၏စိတ်ကူးမှာ ထမင်းလုတ်နှင့် အမျှပင် ဖြစ်သည်။

သို့ဖြင့်ပင် ထမင်းပွဲပြီးသွား သည်။ အရိန္ဒမနှင့် သောဏကတို့သည် ပုဏ္ဏားကြီးကို နှုတ်ဆက်၍ ထွက်ခွာခဲ့ ကြသည်။

''သူငယ်ချင်း၊ တို့ ဘယ်ကို သွားကြမလဲ၊ ဗာရာဏသီမင်းရဲ့ ဥယျာဉ်ဆီ သွားကြရအောင် ဥယျာဉ် တော် သိပ်သာယာတယ်လို့ သိရ တယ်၊ ခရီးလဲ ပန်းလာပြီမို့ ဥယျာဉ် တော်ထဲမှာ လှည့်လည်ရင်း အပန်း ဖြေကြရအောင်လား''

သောဏကက နှစ်နှစ်ခြိုက် ခြိုက်ပြုံးလျက် ....

''ကောင်းပါတယ် သူငယ် ချင်း၊ ဥယျာဉ်တော်ကိုပဲ သွားကြ တာပေါ့''

× × × × × × × ×

အရိန္ဒမမင်းသားကား ဥယျာဉ်တော်အတွင်းရှိ ကျောက်ဖျာ ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်

''''ခင်လာရထားဆိုက်တော့မယ်၊

ငါ တစ်နေရာရာမှာ သွားဝှန်းနေမှ

တော်ရာတော့မယ်၊

သူငယ်ချင်း ခင်လာရထားပေါ်အတက်မှာ

ငါ့တို့တွေ့ရင် သူ ဘုရင်ဖြစ်ပြီးနောက်ပိုင်း

ငါ့ကို သေနာပတိပေးမှာ၊

ငါတာ၊ တောထွက်ပြီး ရဟန်းပြုချင်သူ၊

ဒါကြောင့်

ခြေဝင်တွယ်ရာ ငါသွားနေမှ တော်မယ်''''

နေပေပြီ။ သောဏကကား မင်းသား အနီးတွင် ထိုင်လျက် အတွေးနယ်ချဲ့ ကောင်းဆဲ။

"သူ ငါ့ကို သေနာပတိ အရာ ပေးလိမ့်မယ်။ ငါက ရာထူး ဌာနန္တရလိုချင်တာမဟုတ်၊ ငါက . ."

ထိုအခိုက်မှာပင် ဥယျာဉ် တော်အဝဆီမှ တူရိယာသံများကို ကြားလိုက်ရလေသည်။

"ဟော . . ဒါဟာ မင်္ဂလာ ရထားလွှတ်တဲ့ တူရိယာအသံတွေပဲ။ ဟုတ်ပြီ သိပ်ကို သေချာသွားပြီ၊ ဒီနေ့ဟာလဲ ဗာရာဏသီမင်း နတ်ရွာ စံပြီး ခုနစ်ရက်မြောက်နေ့ မှူးမတ် တွေ မင်းလောင်းအရှာထွက်တဲ့နေ့"

တူရိယာသံများ တဖြည်း ဖြည်း နီးလာကြသည်။

"မင်္ဂလာရထားဆိုက် တော့မယ်၊ ငါ တစ်နေရာရာမှာ သွားပုန်းနေမှ တော်ရာကျမယ်၊ သူငယ်ချင်း မင်္ဂလာရထားပေါ် အတက်မှာ ငါ့ကိုတွေ့ရင် သူ ဘုရင် ဖြစ်ပြီးနောက်ပိုင်း ငါ့ကို သေနာပတိ ပေးမှာ၊ ငါက၊ တောထွက်ပြီး ရဟန်း ပြုချင်သူ၊ ဒါကြောင့် မမြင်ကွယ်ရာ ငါသွားနေမှ တော်မယ်"

ပန်းရုံတစ်ရုံ၏နောက်မှ မင်္ဂလာရထားဦး ဘွားခနဲ ပေါ်လာသည် နှင့်တစ်ပြိုင်နက် သောဏကလည်း ကျောက်ဖျာမှခွာကာ ကျောက်ဆစ် ရုပ်ထုကြီးတစ်ခုနောက်သို့ ဝင်ထိုင်လေ သည်။

တူရိယာငါးပါးသံတို့ ညံညံ ထွက်ပေါ်လာကြပြီး မင်္ဂလာရထားသည် အရိန္ဒမရှိရာ ကျောက်ဖျာသို့ ဦးခိုက် လျက် ရပ်လေသည်။ ပုရောဟိတ်နှင့် မှူးမတ်တို့လည်း ကျောက်ဖျာထက်မှာ ပင် အရိန္ဒမကို အဘိသိက်စွန်းကာ မင်းမြှောက်ကြလေသည်။

သောဏကကား ကျောက် ဆစ်ရုပ်ထုနောက်မှ မထွက်ရဲ။

မင်္ဂလာရထားထက်တွင် အရိန္ဒမ ပါသွားပြီးနောက် ဗိုလ်ပါပရိ သတ်အလုံးစုံ ကင်းသွားမှပင် သောဏ ကလည်း ရုပ်ထုနောက်မှ ထွက်ကာ ကျောက်ဖျာထက်သို့ ဝင်ထိုင်လိုက်လေ သည်။

ဥယျာဉ်တော်အတွင်း လေပြည်တစ်ချက် သုတ်သည်။ ပန်းရနံ့ များ ထုံသွားသည်နှင့်အမျှ ရွက်ကြွေ တို့သည် တဖြော်ဖြော် ကျလာကြသည်၊ အင်ကြင်းရွက်တစ်ရွက်သည် သောဏ က ရှေ့တည့်တည့်သို့ ကျလာသည်။ ဝါကြန့်သိမ်လှသော အင်ကြင်းရော်ရွက်၊

ညှာတံခြောက်ကာ အကြော မြှာကို ခုံးခုံးထနေသည့် အင်ကြင်းရော် ရွက်ကိုကြည့်ရင်း သောဏက စဉ်းစား သည်။

"အို . . ပင်မကြီးကနေ ပြုတ်ကြွေကျလာတဲ့ အင်ကြင်းရော် ရွက်ပါလား၊ ဘုရား ဘုရား၊ ဒီအင် ကြင်းရွက်လိုပဲ ငါ့ရဲ့ကိုယ်ဟာလဲ ရင့်ရော်အိုမင်း ဖရောညှဉ်းပြီးနောက် အမြဲမရှိပါတကား၊ အစိုးမရပါ တကား"

သံဝေဂအခံတွင် သောဏက သည် ဝိပဿနာတင်ကာ ရှုလေတော့ သည်။ ထိုတစ်ထိုင်တည်းမှာပင် သောဏကသည် ပစ္စေကဗောဓိဉာဏ် ပွင့်လျက် လူ၏အသွင် ကွယ်ပျောက် ကာ ပစ္စေကဗုဒ္ဓါတစ်ဆူ ဖြစ်တော်မူ လေသည်။

"နိတ္ထိ ဒါနိ ပုနဗ္ဘဝေါ ယခု အခါ ငါ့အား တစ်ဖန် ဘဝသစ်ဝယ် ပဋိသန္ဓေတည်နေဖွယ် မရှိတော့ပြီ"

သောဏက အရှင်ပစ္စေက ဗုဒ္ဓါသည် ဥဒါန်းကျူးကာ နန္ဒမူလက လိုဏ်သို့ ကြွခဲ့လေတော့သည်။

× × × × × × × ×

အနှစ်လေးဆယ် ကျော်လွန် ခဲ့ပေပြီ။

ဗာရာဏသီပြည့်ရှင် ဘုရင် အရိန္ဒမမင်းကြီးသည် နန်းတော်လေ သာဆောင်တွင် တစ်ကိုယ်တည်းစံရင်း မျက်စိမဆံ့ အပြန့်ကျယ်ကောင်းကင် ကြီးကို ငေးမောနေလေသည်။

"အနှစ်လေးဆယ်၊ အနှစ် လေးဆယ်၊ လွန်ခဲ့ပြီ၊ ကြီးစွာသော မင်းစည်းစိမ်ကြောင့် ငါဟာ ငါ့သူငယ် ချင်းသောဏက ဥယျာဉ်တော်ထဲက ပျောက်သွားတာကို အမေ့မေ့အ လျော့လျော့ ရှိခဲ့လေတယ်၊ အင်း ကျောက်ဖျာထက်မှာ အိပ်စက်ခြင်း

ရဲ့ ဟိုဘက်ကာလနဲ့ ဒီဘက်ကာလဟာ အကြီးအကျယ် ပြောင်းလဲသွားတဲ့အတွက် သောဏကကို ငါမေ့နေတယ်။ သောဏက ဘယ်မှာပါလိမ့်၊ သူငယ်ချင်း ဘယ်မှာပါလိမ့် သူငယ်ချင်းရေ မင်း ဘယ်မှာပါလိမ့်ကွယ်"

မင်းကြီး၏ရင်ထဲ၌ သောဏကကို တွေ့မြင်ချင်သောဆန္ဒသည် အချိန်နှင့်အမျှ ကြီးထွားလာနေသည်။

"သောဏကအကြောင်း သတင်းကောင်း တစ်ဆင့်ကြားလို့ လျှောက်ထားလာမယ့်သူကို အသပြာတစ်ရာ ပေးချင်စမ်းလှတယ်၊ သောဏကကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်လာပြီး တွေ့နိုင်လောက်အောင် လျှောက်ထားသူကို အသပြာတစ်ထောင် ပေးချင်စမ်းလှတယ်၊ မြေမှုန့်အတူ ကစားဖော်အဆွေတော် သောဏကအကြောင်းကို ဘယ်သူများ ငါ့ကို လျှောက်ထားနိုင်ပါ့မလဲ"

ရင်တွင်းဆန္ဒကြီးလွန်းလှသည့်အတွက် အရိန္ဒမမင်းကြီးသည် သူ့စိတ်ကူး သူ့ဆန္ဒကို ဂါထာသီကျူးလျက်နေတော့သည်။

ကဿ သုတွာသတံ ဒမ္မိ၊
သဟဿံ ဒဋ္ဌသောဏကံ။
ကော မေ သောဏက
မက္ခာတိ၊
သဟာယံ ပံ သုကီဠိတံ။

ညီလာခံသဘင်အတွင်း စက်ရာဆောင်အတွင်း၊ ဗိုလ်ရှုခံသဘင်အတွင်း စာတော်ဆောင်အတွင်း တစ်ချိန်လုံးပင် အရိန္ဒမမင်းကြီးသည် "ကဿ သုတွာ သတံ" ဂါထာကိုသာ သီကျူးနေလေသည်။

ဤတွင် ဗာရာဏသီတစ်ပြည်လုံးမှာ "မင်းကြီးနှစ်သက်သော သီချင်း"ဟု အစွဲပြုကာ လူတိုင်းလူတိုင်းပင် ဤဂါထာသီချင်းကို ရွတ်ဆိုကြလေသည်။

သို့နှင့်ပင် နောက်ထပ် ဆယ်နှစ် လွန်ခဲ့ပြန်သည်။

အရိန္ဒမမင်းကြီးတွင် သားတော် သမီးတော်များစွာ ထွန်းကားခဲ့သည်။

အရှင်သောဏက ပစ္စေကဗုဒ္ဓါလည်း အရိန္ဒမမင်းကြီး၏ဆန္ဒကို သိတော်မူကာ ကောင်းကင်ခရီးဖြင့် မင်းဥယျာဉ်အရောက် ကြွလာခဲ့လေသည်။ ဥယျာဉ်တော်အနီး ထင်းခွေလူငယ်တစ်ယောက်က မင်းကြီး၏ "ကဿ သုတွာ သတံ"ဂါထာကို ရွတ်ဆိုလိုက်ရာ သောဏကပစ္စေကဗုဒ္ဓါကိုယ်တော်က အဖြေပါသောဂါထာကို ထင်းခွေသူငယ်အား သင်ကြားပေးလေသည်။

အဖြေဂါထာကို ထင်းခွေသူငယ်ထံမှ ရသောအခါ အရိန္ဒမမင်းကြီးလည်း စစ်အင်္ဂါလေးပါးနှင့်တကွ ဥယျာဉ်တွင်းသို့ ဝင်လေပြီ။

ကိလေသာသမားကြီး စင်စစ်ဖြစ်နေသော အရိန္ဒမမင်းကြီးသည် သောဏကပစ္စေကဗုဒ္ဓါကို မမှတ်မိ။ အထီးကျန် ကပ္ပါးဆင်းရဲသားတစ်ယောက်ဟု အထင်ရောက်လေတော့သည်။

"အထီးကျန် ကပ္ပါးဆင်းရဲသားအသွင်နဲ့ အရှင်ဟာ ဘယ်သူပါလဲ"

သောဏက ပစ္စေကဗုဒ္ဓါအရှင်သည် မတုံ့မဆိုင်း ချေပမိန့်ကြားတော်မူလေသည်။

"အရိယာမဂ်တရားကို နာမကာယနဲ့ တွေ့ထိခံစားလျက်ရှိသူဟာ အထီးကျန် ကပ္ပါးဆင်းရဲသား မဟုတ်ဘူး ဒကာတော်မင်းကြီး၊ တရားလက်လွတ် မတရားကိုကျင့်သူသာ အထီးကျန်ကပ္ပါးဆင်းရဲသားဖြစ်တယ်။ ထိုလူမျိုးသာ ကိုယ်တိုင်လဲ သူယုတ်မာဖြစ်၊ သူယုတ်မာများရဲ့ အားထားခိုကိုးရာ အယုတ္တမာကြီးလဲ ဖြစ်ပေတယ်"

အရိန္ဒမမင်းကြီး၏ ရာဇမာန်သို့ ထိခိုက်စူးဝင်သွားသည်။

"တပည့်တော်က ဗာရာဏသီပြည့်ရှင် အရိန္ဒမမင်းကြီးဖြစ်ပါတယ်။ ကာသိမင်းရယ်လို့လဲ ဗိုလ်လူအပေါင်း သိကြပါတယ်၊ တပည့်တော်ရဲ့ မင်းစည်းစိမ် ချမ်းသာကြွယ်ဝပုံကလဲ ဇမ္ဗူဒိပ်မှာ ဟိတ်ဒြပ်ကြီးမားလှပါတယ်၊ အရှင်ဘုရားမှာ တပည့်တော်လို ချမ်းသာစွာ ခံစားစံစားခြင်း ရှိပါရဲ့လားဘုရား၊ တပည့်တော်ပိုင်

ဆိုင်တဲ့ ဒီဥယျာဉ်ထဲမှာ အရှင်ဘုရား ကောင်းခြင်းချမ်းသာ ရရှိပါရဲ့လား ဘုရား''

သောဏကပစ္စေကဗုဒ္ဓါ အရှင်သည် မင်းကြီးထံမှ ထိုစကားကို ကြားရမည်ဟု သိတော်မူပြီးဖြစ်လေသည်။ ဤစကားပေါ်တွင် ကိုယ်တော်တိုင် နင်းခြေသုတ်သင်ကာ တရားဓမ္မ ဟောကြားရမည် ဖြစ်လေသည်။

''ဒကာတော်မင်းကြီး၊ ရဟန်းတို့ရဲ့ ကောင်းမြတ်မင်္ဂလာ၊ ချမ်းသာခြင်းတရားရှစ်ပါးကို မင်းကြီး မသိနားမလည်လို့ ဒီလိုလျှောက်တင်ခြင်း ဖြစ်ပေတယ်''

''ရဟန်းတို့ရဲ့ ကောင်းမြတ်မင်္ဂလာ ကောင်းမြတ်ခြင်းဆိုတာ ဘာပါလဲဘုရား''

''ဒကာတော်မင်းကြီး၊ သမဏဘဒြတရားကို သင် မင်းကြီး ရှင်းလင်းသဘောပေါက်အောင် ကျွန်ုပ် ဟောကြားရစေမယ်''

''နာကြားပါရစေ အရှင်ဘုရား''

''မင်းကြီး ဥစ္စာစပါး သိမ်းဆည်းမှုမရှိခြင်းဆိုတဲ့ သမဏသုခ၊ အပြစ်ကင်းသောဆွမ်းကို ရှာမှီးသုံးဆောင်ခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ အေးငြိမ်းပြီးသောဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်ခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ ဒါယကာ ဒါယိကာမတို့အပေါ်မှာ တွယ်

''မင်းကြီး၊
ဥစ္စာစပါးသိမ်းဆည်းမှု
မရှိခြင်းဆိုတဲ့ သမဏသုခ၊
အပြစ်ကင်းသောဆွမ်းကို
ရှာမှီးသုံးဆောင်ခြင်းဆိုတဲ့
သမဏဘဒြသမဏသုခ၊
အေးငြိမ်းပြီးသောဆွမ်းကိုသာ
ဘုဉ်းပေးသုံးဆောင်ခြင်းဆိုတဲ့
သမဏဘဒြသမဏသုခ၊
ဒါယကာ ဒါယိကာမတို့အပေါ်မှာ
တွယ်တာမှုကင်းခြင်း၊
ထွေးရောယှက်တင်
မနေခြင်းဆိုတဲ့
သမဏဘဒြသာမဏသုခ၊
မီးအလောင်ခံရခြင်းဆိုတဲ့
သမဏဘဒြသမဏသုခ၊
ခိုးသူများကင်း၊
အရာရှိများစောင့်နေသော
လမ်းမှာပင်
ဘေးကင်းစွာ သွားနိုင်ခြင်းဆိုတဲ့
သမဏဘဒြ သမဏသုခ၊
ဤရှစ်ပါးသော
ကောင်းခြင်းမင်္ဂလာ
ချမ်းသာခြင်းတရားတို့နဲ့
ရဟန်းမှာ
ပြည့်စုံပေတယ်''

တာမှုကင်းခြင်း၊ ထွေးရောယှက်တင် မနေခြင်းဆိုတဲ့ သမဏဘဒြ သာမဏသုခ၊ မီးအလောင်ခံရခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ ခိုးသူများကင်း အရာရှိများစောင့်နေသော လမ်းမှာပင် ဘေးကင်းစွာ သွားနိုင်ခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ ဤရှစ်ပါးသော ကောင်းခြင်းမင်္ဂလာ ချမ်းသာခြင်းတရားတို့နဲ့ ရဟန်းမှာ ပြည့်စုံပေတယ်''

အနှစ်ငါးဆယ်ပတ်လုံး ကြီးစွာသော မင်းစည်းစိမ်တွင် နစ်မြုပ်မွေ့လျော်ခဲ့သည့် အရိန္ဒမင်းကြီးမှာ ကာမဂုဏ် ဝဲသြဃမှ ထပ်ပျံတက်ရန် အခက်တွေ့နေလေသည်။

''အရှင်ဘုရားက သမဏဘဒြ တရားများကို ဘယ်သို့ပင် ဟောကြားစေကာမူ တပည့်တော်က ကာမဂုဏ်မှာ တပ်မက်သူပါဘုရား။ တပည့်တော် သမဏဘဒြတရားများကို လိုက်နာနိုင်မှာ မဟုတ်ပါဘူး။ လူ့ဖြစ်တဲ့ ကာမဂုဏ်၊ နတ်ဖြစ်တဲ့ ကာမဂုဏ်တို့ကိုပဲ တပည့်တော် နှစ်သက်မြတ်နိုးတာပါ။ လူ့ဘဝ၊ နတ်ဘဝတွေကို ဘယ်လိုနည်းလမ်းကောင်းတွေနဲ့ ရနိုင်မယ်ဆိုတာ သိပါရစေဘုရား''

''ကာမကို တပ်မက်သူတို့ဟာ ဒုဂ္ဂတိကိုပဲ လားရတယ် မင်းကြီး''

''နားမလည်နိုင်သေးပါ

အရှင်ဘုရား''

''ပုံဆောင်တစ်ခုကို ကြည့်စမ်း မင်းကြီး၊ သမုဒ္ဒရာပြင်ကျယ်ကြီးကို မင်းကြီး စိတ်ကူးဖော်ပြီး မြင်လိုက်စမ်းပါ''

''မြင်ပါပြီဘုရား''

''မြင်ပြီနော် မင်းကြီး''

''မြင်နေပါတယ်ဘုရား''

''ဒီတစ်သက်တော့ဖြင့် စားလို့မကုန်၊ ခဲလို့မကုန်ဆိုပြီး ကျီးမိုက်ဟာ ဆင်သေပေါ်က မခွာတော့ဘူး''

သမုဒ်ပြင်ကျယ်ကြီးထဲ ရောက်လာပြီ''

''မှန်လှပါဘုရား''

''ဒီအချိန်အထိ သူမသိသေးဘူး မင်းကြီး''

''ကျီးမိုက်ပါဘုရား''

''အဲဒီ သမုဒ်ပြင်ကျယ်ကြီးထဲမှာ ဆင်သေကြီးတစ်ကောင် မျောလာတယ်''

''မှန်ပါဘုရား''

''အဲဒီ ဆင်သေကြီးကို စီးပြီး ကျီးတစ်ကောင် ပါလာတယ်''

''မှန်ပါဘုရား''

''မြစ်လယ်ကတည်းက ဆင်သေကြီးစီးလာတဲ့ ကျီးဟာ ဝမ်းသာအားရ အာ–အာမြည်လိုက် ဆင်သေကြီးကို ထိုးဖောက်ဖဲ့နှိုက်စား လိုက်နဲ့ တဖြည်းဖြည်း လှိုင်းထန်တဲ့

''လှိုင်းလေတွေထန်လာပြီး ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ကြီးမှာ မိုးသက်မုန်တိုင်းလဲ ကျပြီ မင်းကြီး''

''မှန်လှပါဘုရား မှန်လှပါဘုရား''

ခေတနာရှင်

မြတ်ဘုရား၏
ဇာတိချုပ်ရာ၊ ကုသိနာရုံ
''စံရာ''ဒေသ၊ ဖူးရောက်ရခဲ့။

ရွှေရည်အတိ
ပျောင်းအိခွေလျှ၊ ချုပ်ညရီမှောင်
သလွန်ညောင်စောင်း၊ ဗုဒ္ဓလျောင်းစက်
ငြိမ်သက်အေးချမ်း၊ မျက်နှာနွမ်းရော်
ရုပ်ပွားတော်၏ ခြေတော်အစုံ
ကြာငုံလက်ထိ၊ ဖူးသည့်ခိုက်မှာ။

သံဝေဂပွား
ခံစားရင်ထဲ၊ ကြေကွဲလှဘိ
ဗုဒ္ဓ၏ ''ခြေတော်''မှာ

အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းများ
အများကောင်းကျိုး၊ သယ်ရွက်ပိုးမှု
တန်ဖိုးအနန္တ ဆိုဆုံးမမှု
လှမ်းကြွတိုင်းမှာ။

ခြေတော်လှမ်းရာ
သာသနာအရှည်၊ တည်တံ့စေဟု
ဘာသာအမွေ၊ ခံထိုက်စေဟု
ဓမ္မကွန္ဒာ၊ ပြန့်ပွားရာဟု
မဟာကရုဏာရှင်၏ စေတနာ။

နွယ်(စစ်တွေ)

''ကျီးမိုက် မသိတတ်သေး ဘူး မင်းကြီး''

''မိုက်မဲမှုကြီးစွာပါပဲ ဘုရား''

''တောင်လောက်ကြီးတဲ့ လှိုင်းလုံးကြီးတစ်လုံးလာနေပြီ မင်းကြီး''

''တပည့်တော် နားလည် ပါပြီဘုရား''

''ကျီးမိုက်ဟာ ဆောက် တည်ရာမဲ့ ပျက်စီးပြုန်းတီးသွားပြီ မင်းကြီး''

''သတိသံဝေဂကြီးစွာ ရပါ ပြီအရှင်ဘုရား''

ကာမဂုဏ် အပြစ်တရားများ ကို ဟောကြားပြီးနောက် သောဏက ပစ္စေကဗုဒ္ဓါအရှင်သည် ကောင်းကင် ခရီးဖြင့် ပြန်ကြွတော်မူလေသည်။

''သားတော်ကြီး ဒီဃဝုံ''

''မှန်ပါ ခမည်းတော် ဘုရား''

''ဗာရာဏသီ ထီးနန်း အရိုက်အရာကို အခုပဲ လွှဲပြောင်း ခံယူပေတော့''

''အမိန့်တော်အတိုင်းပါ ခမည်းတော်ဘုရား''

''ခမည်းတော် ဟိမဝန္တာ တောကို အခုပဲ ဝင်တော့မယ်''

သစ်သီးအာဟာရတို့ဖြင့် သာ မျှတတော်မူပြီး နောက်တွင် ရဟန်း ဖြစ်ပြီးသော အရိန္ဒမမင်းကြီးသည် ဗြဟ္မဝိဟာရ ဈာန်တရား ပွားများအား ထုတ်လျက် ဗြဟ္မာပြည်သို့ လားတော် မူလေသည်။

ချစ်ဦးညို

ကုသိနာရုံသာသနာ၏မနေ့ကယနေ့နှင့်မနက်ဖြန်

ကုသိနာရုံမြန်မာကျောင်းလေ့လာရေးအဖွဲ့

နိဒါန်း

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရိရပ်ကွက်ရှိ မြန်မာဘုန်းတော်ကြီးကျောင်း၏ ပဓာနနာယကဖြစ်တော်မူသော၊ နိုင်ငံခြား ဗုဒ္ဓသာသနာပြုဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ သက်တော် (၈၀)ပြည့်အထိမ်းအမှတ်အဖြစ်ထုတ်မည့် သက်တော် (၈၀)ပြည့်အကြိုပတ္တမြားရတုမော်ကွန်းစာစောင်တွင် မျက်နှာဖုံးဆောင်းပါးအဖြစ် ဖော်ပြရန် (ကုသိနာရုံသာသနာ၏ မနေ့ကယနေ့နှင့်မနက်ဖြန်)ဆောင်းပါးကို ရေးသားပူဇော်ကြပါသည်။

ဤဆောင်းပါးကို ရေးသားနိုင်ရန်အတွက် ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် အထိမ်းအမှတ်စာစောင်ထုတ်ဝေရေးကော်မတီ၏ တာဝန်ပေးစေလွှတ်ချက်အရ မယ်တော်ကြီး ရွှေရတုဒေါ်သန်းတင်ဦးဆောင်ပြီး ဆရာအဏ္ဏဝါမိုး၊ ဆရာမောင်ရင့်ကျူး (မြောင်းမြ)နှင့် ဆရာတိုးထက်တို့ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ကြပြီး ဆရာတော်ဘုရားကြီးကို တွေ့ဆုံကာ သိချင်တာများကို မေးလျှောက်၍ ဤဆောင်းပါးကို ရေးသားပြုစုပူဇော်ကြပါသည်။ ဤဆောင်းပါးတွင် ဖော်ပြမည့် (ကုသိနာရုံသာသနာ၏ မနေ့က၊ ယနေ့နှင့်မနက်ဖြန်)အကြောင်းအရာများသည် ဆရာတော်ဘုရားကြီးကိုယ်တိုင် ပြောကြားခဲ့သည့် အသံဖိုင်များ၊ ကိုယ်တိုင်ရေးသားခဲ့သည့် စာအုပ်များ၊ ဆရာတော်ဘုရားကြီး၏အကြောင်း ရေးသားခဲ့ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောစာအုပ်များကို မှီငြမ်းကိုးကားပြီး ရေးသားပူဇော်ကြပါသည်။

ဤဆောင်းပါးသည် ဆရာတော်ဘုရားကြီး လက်ရှိသီတင်းသုံးနေရာ ကုသိနာရုံမြန်မာကျောင်းကြီး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အကြောင်းတို့ကို ရေးသားဖော်ပြမည်ဖြစ်၍ အကြောင်းအရာတွေ ရှည်လျားများပြားမည်ဖြစ်သည်။ သက်တော် (၈၀)ပြည့် အထိမ်းအမှတ်ထုတ်မည့်စာအုပ်ကြီးမှာ စာမျက်နှာများများ နေရာမပေးနိုင်ခြင်း၊ ကုသိနာရုံသာသနာ၏ အတိတ်နှင့် ပစ္စုပ္ပန်အကြောင်းတို့သည် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဟရိဗလ (ကုသိနာရုံ) ကလောင်အမည်ဖြင့် ရေးသားခဲ့သည့် မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ (ပထမတွဲနှင့် ဒုတိယတွဲ)စာအုပ်များမှာ ပါပြီးဖြစ်ခြင်း စသည်တို့ကြောင့် ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီး ခြေရာကောက်အနေဖြင့် အကျဉ်းမျှလောက်စီကိုသာ ဖော်ပြသွားနိုင်မည်ဖြစ်သည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်မှာ ဆရာတော်ဘုရားကြီးကိုယ်တိုင် မိန့်ကြားခဲ့သည့် စကားများကို အသံဖမ်းယူမှတ်သားရန် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ကြသည့် အဖွဲ့၏အဓိကဦးတည်ချက်ရည်ရွယ်ချက်သည် ကုသိနာရုံသာသနာ၏ အနာဂါတ်ကံကြမ္မာ ဘာတွေဖြစ်လာနိုင်သလဲဆိုသည်ကို သိလို၍ သွားရောက်ခဲ့ကြခြင်းဖြစ်သည်။ ဒီဆောင်းပါး၏ အဓိကဖော်ပြလိုမှုသည်လည်း ဒါပဲဖြစ်သည်။

ဤဆောင်းပါးကို ဖတ်ပြီးပါက အိန္ဒိယနိုင်ငံရှိ ကုသိနာရုံ မြန်မာကျောင်းတော်ကြီး၏ အနာဂါတ်ကံကြမ္မာသည် စိုးရိမ်စရာမရှိ၊ ကမ္ဘာတည်သရွေ့တည်ရှိနေမည်ဖြစ်ကြောင်းသိရှိကာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြမည်ဟု ယုံကြည်မိပါသည်။

သာသနာ့အာဇာနည်သူရဲကောင်းများ

သာသနာ့အာဇာနည်သူရဲကောင်းများဆိုတာ ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားအောင်၊ မကွယ်ပျောက်အောင်၊ ကွယ်ပျောက်လုနီးဖြစ်နေသည်ကို ပြန်လည်ထွန်းကားပြန့်ပွားလာအောင် ကြိုးစားအားထုတ်ခဲ့ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ကို ခေါ်ဆိုတာဖြစ်သည်။ အခက်အခဲပေါင်းများစွာနှင့် အန္တရာယ်အထွေထွေကို ရင်ဆိုင်ပြီး ကြံ့ကြံ့ခံကာ သာသနာပြုခဲ့ကြသည့် ပုဂ္ဂိုလ်များကို သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်းများဟု ခေါ်ဆိုထိုက်ပါသည်။

ဂေါတမဗုဒ္ဓဘုရားရှင်၏ သာသနာတော်မှာ သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်းနှင့် သာသနာ့ဒါယကာ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ပေါ်ပေါက်ခဲ့ဖူးသည်။ ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်မှစ၍ ထေရဝါဒသာသနာတော်ပြန့်ပွားထွန်းကားအောင် ဝေးလံခေါင်ဖျားသည့် အရပ်ဒေသအသီးသီးသို့ ကြွရောက်သွားကြပြီး သာသနာပြုခဲ့ကြသည့် ရဟန္တာအရှင်မြတ်တို့ ရှိခဲ့သည်။ ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသနှင့် အရှေ့တောင်အာရှနိုင်ငံများမှာ မိစ္ဆာအယူဝါဒတွေ ထွန်းကားလာသည့်အတွက် ထေရဝါဒသာသနာတော်ကို ပြန်လည်ထွန်းကားပြန့်ပွားလာအောင် ဆောင်ရွက်တော်မူခဲ့ကြသည့် မင်းကောင်းမင်းမြတ်တွေလည်း ပေါ်ပေါက်ခဲ့ဖူးသည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နောက်ထေရဝါဒသာသနာတော် မှေးမှိန်ပျောက်ကွယ်လုနီးပါးဖြစ်လာလို့ သာသနာတော် ပြန်လည်ထွန်းကားပြန့်ပွားလာအောင် ဆောင်ရွက်ခဲ့ကြရတာဖြစ်သည်။ သာသနာပြုခဲ့ကြရတာဖြစ်သည်။ အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်မဟိန္ဒနှင့် ရှင်အရဟံ စသည့် ရဟန်းပုဂ္ဂိုလ်တွေဖြစ်သည်။ အာသောကမင်းကြီးနှင့် အနော်ရထာဘုရင်စသည့် လူပုဂ္ဂိုလ် သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်း၊ သာသနာ့ဒါယကာတွေ ပေါ်ပေါက်ခဲ့ဖူးပါသည်။

အရှင်စန္ဒိမဏိ



ကုသိနာရုံမြန်မာကျောင်း၏ ပထမကျောင်းထိုင်ဆရာတော်ကြီး ဦးစန္ဒိမဏိ

ဂေါတမဗုဒ္ဓဘုရားရှင်၏ သာသနာတော်သက်တမ်းနှစ်ထောင့်ငါးရာသို့ ရောက်လာသောအခါ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသဖြစ်သည့် အိန္ဒိယနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာမှေးမှိန်ပြီး ပျောက်ကွယ်လုနီးပါးဖြစ်လာခဲ့သည်။ အိန္ဒိယနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာ ပျောက်ကွယ်မသွားအောင် ဆောင်ရွက်ရမည့် အခြေအနေဖြစ်လာသည်။ ပျောက်ကွယ်မသွားအောင်သာမက ထွန်းကားပြန့်ပွားအောင်ဆောင်ရွက်ရမည့်တာဝန်ပါ မြန်မာရဟန်းတော်များမှာ တာဝန်ရှိလာသည်။ ဒီတာဝန်ကို ထမ်းဆောင်မည့် သာသနာ့အာဇာနည်ရဟန်းတော်တစ်ပါး မြန်မာနိုင်ငံမှ ပေါ်ပေါက်လာသည်။ ထိုအရှင်ကား ကုသိနာရုံသာသနာတွင် ဂုရု၊

မဟာဂုရုဖြစ်လာမည့် ဆရာတော်ဘုရားကြီး အရှင်စန္ဒြမဏိ (သို့မဟုတ်) သီရိဘဒ္ဒန္တစန္ဒြမဏိသီယာပင်ဖြစ်သည်။

ဆရာတော်လောင်းလျာကို စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊ ရှင်ကျော်တိုက်၊ ရမ်းချောင်းအနီးက ပေါက်ပင်ကွင်းရွာမှာ ဖခမည်းတော် ဦးကျော်အောင်၊ မယ်တော် ဒေါ်မိဝင်းယေတို့မှ (၁၂၃၇)ခု၊ ကဆုန်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ (၂၅-၅-၁၈၇၅)တွင် ဖွားမြင်သည်။ (၁၆)ရက်၊ အင်္ဂါနေ့ဟု အင်္ဂလိပ်လိုရေးထားသည့်စာအုပ်မှာ မူကွဲတွေ့သည်။ ငယ်နာမည် သာပန်းဦးဖြစ်သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ ဆရာတော်ဦးစန္ဒိမာ၏ ကျောင်းသို့ ကျောင်းသားအဖြစ်ဖြင့် ရောက်ရှိသွားသည်။ အသက် (၁၂)နှစ်တွင် ရှင်စန္ဒာဘွဲ့ဖြင့် သာမဏေဖြစ်ခဲ့သည်။ ဆရာတော်ဦးစန္ဒိမာထံမှာ သူငယ်ချင်းကိုရင်သူရိယနှင့်အတူ ပညာသင်ယူခဲ့ကြသည်။

မြန်မာသက္ကရာဇ် (၁၂၅၂)ခု နှစ်ဆန်းပိုင်းလောက်မှာ အန္ဒိယနိုင်ငံ မဟာဗောဓိအသင်းကို တည်ထောင်သူ (သီရိလင်္ကာ)နိုင်ငံမှ သူဌေးသား အနာဂါရိကဓမ္မပါလနှင့် အင်္ဂလန်နိုင်ငံမှ ဗိုလ်မှူးကြီး အော်ရ်ကောက်တို့ မြန်မာနိုင်ငံကို ရောက်လာကြသည်။ မြန်မာနိုင်ငံတွင် မဟာဗောဓိအသင်းတွေ ထူထောင်ရန်နှင့် အိန္ဒိယနိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓသာသနာပြန်လည်ထွန်းကားပြန့်ပွားရေးအတွက် မြန်မာကိုရင်လေးတစ်ပါးမွေးဖို့ ခေါ်ယူသွားရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရောက်လာခဲ့ကြတာဖြစ်သည်။ ရန်ကုန်မှ မန္တလေး၊ စစ်တွေမြို့များသို့ ရောက်ပြီး ကိုရင်လေးတစ်ပါးရရှိရေး ကြိုးစားခဲ့ကြသည်။ ကိုရင်ငယ်လေးတစ်ပါးကို လိုချင်သည့် ရည်ရွယ်ချက်မှာ ဟင်ဒီဘာသာစကားနှင့် စာပေ၊ အင်္ဂလိပ်ဘာသာစကားနှင့် စာပေတို့ကို တတ်အောင်သင်ပေးပြီးမှ ထေရဝါဒသာသနာ ပြန်လည်ထွန်းကားလာအောင် လုပ်မည်ဆိုသည့် ရည်ရွယ်ချက်ဖြစ်သည်။

သူဌေးသား သူတော်စင်အနာဂါရိကဓမ္မပါလနှင့် ဗိုလ်မှူးကြီးအော်ရ်ကောက်တို့သည် သူတို့၏ဆန္ဒကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ ရောက်ရှိစဉ်က မဖော်ထုတ်ခဲ့ဘဲ ရခိုင်ဒေသဖြစ်သည့် စစ်တွေမြို့ကို ရောက်တော့မှသာ ကိုရင်လေးတစ်ပါး ခေါ်သွားလိုကြောင်း ဖွင့်ပြောခဲ့ကြတာဖြစ်သည်။ စစ်တွေမြို့ရှိ ရပ်မိရပ်ဖများနှင့် ကျောင်းဒကာကြီးတို့အား တိုင်ပင်ပြီး စန္ဒိမာရာမကျောင်း ဆရာတော် ဦးစန္ဒိမာကို လျှောက်ကြသည်။ ကိုရင်လေးတစ်ပါးတောင်းကြသည်။ ဆရာတော်က သူ့တပည့်ကိုရင်နှစ်ပါးဖြစ်သည့် စန္ဒနှင့် သူရိယတို့အနက် သူ့တူအရင်းကို ရင်စန္ဒ၏ ဆန္ဒနှင့်သဘောထားကို မေးသည်။ ကိုရင်စန္ဒက သူ့သူငယ်ချင်းသူရိယပါ လိုက်မည်ဆိုလျှင် အိန္ဒိယကို လိုက်ပါမည်ဟုဆိုသည်။ ကိုရင်သူရိယကလည်း စန္ဒနှင့် အတူသွားရမည်ဆိုလျှင် သူလည်း အိန္ဒိယနိုင်ငံသို့ လိုက်မည်ဟုဆိုသည်။ သူတော် စင်အနာဂါရိကဓမ္မပါလနှင့် ဗိုလ်မှူးကြီးအော်ရ်ကောက်တို့က ကိုရင်သူရိယနှင့် ကိုရင်စန္ဒတို့ လိုက်ကြမည်ဆို၍ နေနှင့်လနှစ်ပါးကို ရပြီအောင်ပြီဟု ကြွေးကြော်ပြီး ဝမ်းမြောက် ဝမ်းသာပြန်သွားကြသည်။ နှစ်ကုန်ပိုင်းလောက်တွင် ကိုရင် လေးနှစ်ပါးကြွလာနိုင်အောင် စီစဉ်ဖို့အတွက် ပြန်သွားကြခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် (၁၂၅၂)ခု၊ တန်ဆောင်မုန်းလ (၁၈၉၁)ခုနှစ်၊ အောက်တိုဘာ (သို့မဟုတ်) နိုဝင်ဘာလတွင် စစ်ကဲကြီး ဦးသတိုးဝေနှင့် အခွန်ဝန်းတို့ ဦးဆောင်သောဘုရားဖူးအဖွဲ့ဝင်များနှင့်အတူ ကိုရင်စန္ဒ၊ ကိုရင်သူရိယနှင့် ကျောင်းသားသတိုးဦးတို့ အိန္ဒိယနိုင်ငံသို့ လိုက်ပါသွားခဲ့ကြသည်။ စစ်တွေမြို့သူမြို့သားများက ဝမ်းသာအားရဖြင့် မီးသင်္ဘောဆိပ်သို့ သောင်းသောင်းဖြဖြ လိုက်ပါပို့ဆောင်ခဲ့ကြသည်။ ဤသည်ကား လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်ကဖြစ်သည်။ သာသနာ့အာဇာနည်သူရဲကောင်း ဆရာတော်ကြီးဘဒ္ဒန္တစန္ဒြမဏိ၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်ခြေလှမ်းအစဖြစ်တော့သည်။

ဆရာတော်ကြီးဘဒ္ဒန္တစန္ဒြမဏိသည် ကိုရင်ဘဝ

ဖြင့် ကာလကတ္တားသို့ ရောက်သည်။ ကာလကတ္တားမြို့က ရခိုင်တိုင်းရင်းသားပွဲစားကြီး ဦးချီဇာရှိ၏ အထောက်အပံ့ဖြင့် နေစရာ၊ စားစရာရသည်၊ ပညာသင်သည်။ ကာလကတ္တားမှ ကုသိနာရုံသို့ မရမာကြီးလူမျိုး ဘရူးဝါးခေါ် အရှင်မဟာဝီရနှင့်တူ ကြွသွားခဲ့သည်။ ကုသိနာရုံမှာ ကျောင်းဆောက်ရန်၊ မြေဝယ်ရန် ပွဲစားကြီးဦးချီဇာရှိ လှူလိုက်သော ပိုက်ဆံတစ်ထောင် ခါးပြတိုက်ခံရသည်။ အရှင်မဟာဝီရနှင့် ကိုရင်စန္ဒ၊ ကိုရင်သူရိယ၊ ကျောင်းသားသတိုးဦးတို့ အိန္ဒိယမှာ ဆင်းရဲဒုက္ခရောက်ကြသည်။ မိုင်ငါးဆယ်ခရီးကို လမ်းစရိတ်မရှိသဖြင့် ခြေကျင်လျှောက်ကြရသည်။ မင်းတုန်းမင်းကြီးလှူဒါန်းထားသည့် အုတ်ကျောင်းဇရပ်ကြီးထဲမှာ ခေတ္တဝင်ရောက်ကြစဉ် မဟန့်ခေါ် ဟိန္ဒူဘုန်းကြီးများနှင့် တပည့်တို့က ဝိုင်းရိုက်လို့ ထိပ်ပေါက်၊ ခေါင်းကွဲဖြစ်ကြရသည်။ ဆေးရုံတက်ပြီး ကုသကြရသည်။ အိန္ဒိယမှာ ကာလဝမ်းရောဂါဖြစ်လို့ ဒုက္ခရောက်ကြသည်။ ကိုရင်သူရိယနှင့် ကျောင်းသားသတိုးဦးတို့ ကြောက်လန့်ပြီး မြန်မာပြည်သို့ ပြန်ပြေးသွားကြသည်။ ဆရာတော်ကြီးစန္ဒြမဏိ၏ ရုန်းကန်လှုပ်ရှား၊ ကြိုးစားခဲ့ပုံတို့ကို ရေးပြနေလျှင် ဆရာတော်ကြီးဘဒ္ဒန္တစန္ဒြမဏိအကြောင်းဖြင့်ပင် ကျမ်းတစ်စောင် ပေတစ်ဖွဲ့ဖြစ်သွားမည်။

ဤဆောင်းပါးသည် ဆရာတော်ကြီးစန္ဒြမဏိအကြောင်းချည်း ရေးသားမည့် ထေရုပ္ပတ္တိမဟုတ်သည့်အတွက် ဆရာတော်ကြီးအကြောင်းကို အကျဉ်းရုံးဖော်ပြလိုက်ပါသည်။ ဆရာတော်ကြီးသည် ကုသိနာရုံသာသနာ (ကုသိနာရုံမြန်မာကျောင်း)၏ ပထမကျောင်းထိုင်ဆရာတော်ဖြစ်သည်ဆိုတာကိုသာ သိစေလိုခြင်းဖြစ်သည်။ မရမာကြီးလူမျိုး အရှင်မဟာဝီရသည် ကုသိနာရုံတွင် ကျောင်းဆောက်ရန် မြေဝယ်ရန်သွားစဉ် ဒေဝရီယာမြို့ဘူတာရုံမှ အထွက်တွင် ခါးပြတိုက်ခံရလို့ ပိုက်ဆံတွေကုန်သွားသော်လည်း ရခိုင်ပွဲစားကြီး ဦးချီဇာရှိက ငွေတစ်ထောင် ထပ်မံပို့ပေးသဖြင့် ကုသိနာရုံမှာ ကျောင်းဆောက်ရန် မြေဝယ်နိုင်သည်။ ကျောင်းဆောက်နိုင်သည်။ (၁၉၀၂)ခုနှစ်တွင် အရှင်မဟာဝီရနှင့် ကိုရင်စန္ဒတို့ ကျောင်းဆောက်နိုင်ခဲ့ကြသည်။

(၁၉၀၂)ခုနှစ်တွင် ကုသိနာရုံကျောင်းမြေနှင့် ကျောင်းဆောက်လှူဒါန်းခဲ့သည့် ရခိုင်ပွဲစားကြီး ဦးချီဇာချီ၏ရုပ်ထု

ကိုရင်စန္ဒသည် မြန်မာနိုင်ငံသို့ ပြန်လာပြီး ပိဋကစာပေသင်ယူသည်။ သက်တော် (၁၉)နှစ်ပြည့်သော (၁၂၆၅) ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊ တနင်္လာနေ့နံနက်တွင် ဘကြီးဆရာတော် ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ ပွဲစားကြီး ဦးချီဇာရှိနှင့် ဇနီး ဒေါ်မိချမ်းမြတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ကိုရင်စန္ဒမှ ရဟန်းတော်စန္ဒြမဏိဘွဲ့မည်ရသည်။ ရဟန်းဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံသို့ ပြန်ကြွပြီး မဟာဝီရဆရာတော်နှင့်အတူ သီတင်းသုံးနေခဲ့သည်။ မဟာဝီရဆရာတော်ကြီး သက်တော် (၈၀)ပြည့်သည့် (၁၂၉၀)ခုနှစ်တွင် မဟာဝီရဆရာတော်ကြီး ပျံလွန်တော်မူသည်။ ဆရာတော်ဘဒ္ဒန္တစန္ဒြမဏိသည် ကုသိနာရုံမြန်မာကျောင်း၏ ကျောင်းထိုင်ဆရာတော်ဖြစ်လာခဲ့သည်။ ကုသိနာရုံမြန်မာကျောင်း (ကုသိနာရုံသာသနာ)၏ ပထမဦးဆုံးသော မြန်မာလူမျိုးကျောင်းထိုင်

ဆရာတော်ဖြစ်ခဲ့ပါသည်။

ကုသိနာရုံသာသနာ၏ သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်းအဖြစ် ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိနှင့် ပွဲစားကြီးဦးချိုဇားရှိနှင့် ဇနီး ဒေါ်မိချမ်းမြတို့ကိုလည်း ထည့်သွင်းဖော်ပြမှ ပြည့်စုံမည်ဖြစ်သည်။ ဆရာတော်ကြီး စန္ဒြမဏိ၏ ထေရုပ္ပတ္တိအကျယ်ကို စန္ဒြမဏိကြေးရုပ်သွန်းလုပ်ရေးကော်မတီ (စစ်တွေ)မှထုတ်သည့် သာသနာ့အာဇာနည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု သိရီဘဒ္ဒန္တစန္ဒြမဏိမဟာထေရ် ကျော် ထေရုပ္ပတ္တိစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ရေးသားပူဇော်နေခြင်းမဟုတ်သော်လည်း ကုသိနာရုံသာသနာ၏ အတိတ်ကာလ (မနေ့က) အကြောင်းကို ဖော်ပြလို၍ အကျဉ်းမျှတင်ပြခြင်းသာဖြစ်သည်။

ကုသိနာရုံမြန်မာကျောင်း၏ ဒုတိယဆရာတော်

အိန္ဒိယနိုင်ငံက ကုသိနာရုံမြန်မာကျောင်း၏ ပထမဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိသည် သက်တော် (၁၀၀)ရှည်ခဲ့ပါသည်။ သိက္ခာဝါတော် (၈၀)ရှိ မဟာဂုရုဘွဲ့ တံဆိပ်တော်ရသက်တော်ရှည် မဟာထေရ်ဆရာတော်ဘုရားကြီးအဖြစ် ထင်ရှားခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာ မှေးမှိန်ပျောက်ကွယ်လုနီးပါးဖြစ်နေသော အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတွေမှာ သာသနာပြုရင်း သက်တော်ကြီးရင့်လာသည့်အခါ ကုသိနာရုံသာသနာကို ဆက်ခံစောင့်ရှောက်မည့် မြန်မာရဟန်းတော်ရရှိရေးကို စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။ ဆရာတော်ဘုရားကြီး၏ သာသနာပြုကာလနှစ်ပေါင်း (၈၀)အတွင်းမှာ ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်တွေနှင့် အောင်မြင်မှုတွေ များပြားလွန်းသည်။ ဒုက္ခမျိုးစုံနှင့် အသက်အန္တရာယ်မျိုးစုံတို့ကို ကြုံတွေ့ရပြီး ဖွဲ့သတ္တိဖြင့် ကြံ့ကြံ့ခံကာ ရင်ဆိုင်တိုက်ပွဲဝင်ခဲ့သည်။ တိုက်ပွဲဝင်ကိုယ်ခံအားတွေဖြစ်သည့် သီလ၊ သမာဓိ၊ ပညာရှိခြင်း၊ ဒေသိယဘာသာစကားမျိုးစုံကို ပြောဆို၊ ရေးသား၊ ဖတ်ရှုနိုင်ခြင်း စသည့် အရည်အချင်းတွေဖြင့် တိုက်ပွဲဝင်ပြီး အောင်ပွဲရခဲ့တာဖြစ်သည်။ သက်တော်ကြီးရင့်လာသည့်အခါ ကုသိနာရုံသာသနာကို ဆက်လက်တာဝန်ယူမည့် သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်းကိုလည်း ရှာဖွေပြီး ကြိုတင်စီစဉ်ထားနိုင်ခဲ့သည်။

ဆရာတော်ဘုရားကြီးစန္ဒြမဏိသည် သက်တော်တစ်ရာ၊ ဝါတော်ရှစ်ဆယ်ပြည့်သည့် (၁၉၇၂)ခုနှစ်၊ မေလ (၈)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ကြီးကျယ်မြင့်မြတ်သည့်ပုဂ္ဂိုလ်ကြီး ဆုံးရှုံးသွားပြီဖြစ်လို့ ကမ္ဘာ့အရပ်ရပ်က ဝမ်းနည်းကြောင်းသဝဏ်လွှာကြေးနန်း (၅၆၉)စောင်နှင့် ရိုးရိုးသဝဏ်လွှာ (၇၀၉)စောင် ပို့ခဲ့ကြသည်။ အိန္ဒိယပါလီမန်ကလည်း ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီဆိုတာသိတာနဲ့ တပြိုင်နက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် မတ်တပ်ရပ်ပြီး ငြိမ်သက်စွာ ဆုတောင်းခဲ့ကြသည်။

ကုသိနာရုံသာသနာအကြောင်းကို ပြောမည်ဆိုလျှင် မပါမဖြစ်သည့် ပြောရမည့်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ၏ ထေရုပ္ပတ္တိနှင့် သာသနာပြုလုပ်ငန်းဆောင်ရွက်မှုတွေက များပြားလွန်းသည့်အတွက် ဤဆောင်းပါးတွင် ပြည့်စုံအောင် ဖော်ပြနိုင်မည်မဟုတ်ပါ။ အထက်က ဖော်ပြခဲ့သည့်အတိုင်း စန္ဒြမဏိကြေးရုပ်သွန်းလုပ်ရေးကော်မတီ (စစ်တွေ)ကထုတ်သည့် ဆရာတော်ကြီး အတ္ထုပ္ပတ္တိစာအုပ်နှင့် မစ္စဂျိုစဖိန်းဝီလျံ (လန်ဒန်)တည်းဖြတ်ပြီး ဦးစိန်ထွန်းအောင် ဘာသာပြန်ဆိုသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့်စာအုပ်တွေကို ဖတ်ပါလို့သာ ညွှန်းလိုပါသည်။

ကုသိနာရုံဆရာတော်ကြီးစန္ဒြမဏိ သက်တော်ထင်ရှားရှိစဉ်မှာပင် မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမနှင့် တိုင်ပင်ပြီး ကုသိနာရုံသာသနာကို ဆက်ခံထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာနိုင်ငံက ရဟန်းငယ်တစ်ပါးကို ပင့်ခေါ်ထားခဲ့သည်။ ထိုရဟန်းငယ်သည်ကား ယနေ့ ကုသိနာရုံမြန်မာကျောင်း၏ ပဓာနနာယကဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရပင် ဖြစ်သည်။ ကုသိနာရုံမြန်မာကျောင်း

(ကုသိနာရုံသာသနာ)၏ ဒုတိယမြောက်ပဓာနနာယက ကျောင်းထိုင်ဆရာတော်ပင်ဖြစ်တော့သည်။ ဆရာတော်ဘုရားကြီးသည် ယခုအခါ သက်တော်ရှစ်ဆယ်ပြည့်တော့မည်ဖြစ်လို့ ဆရာတော်ဘုရားကြီး၏ သက်တော်ရှစ်ဆယ်ပြည့် အကြိုရတု ဝိဇာတမင်္ဂလာသဘင်ပွဲ ဆင်နွှဲနေပြီဖြစ်လို့ ဆရာတော်ကြီးမွေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ထုတ်ဝေသည့်စာစောင်တွင် ဤဆောင်းပါးကို ဖော်ပြပြီး ပူဇော်ကြပါသည်။

အရှင်ဉာဏိဿရ

ဒေါက်တာဘဒ္ဒန္တဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဆရာတော်လောင်းလျာကို စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဖင်းရိုင်းကျွန်း ဇီးပင်ကြီးရွာနေ ဖခမည်းတော် ဦးမောင်ကျော်သူ၊ မယ်တော် ဒေါ်ဝင်းမြဦးတို့မှ မြန်မာသက္ကရာဇ် (၁၂၉၈)ခု၊ တန်ဆောင်မုန်းလဆုတ် (၁၃) ရက်၊ ခရစ်နှစ် (၁၉၃၆)ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ ငယ်နာမည် မောင်အောင်ဖံဝေ ဖြစ်သည်။

မောင်အောင်ဖံဝေ အသက် (၁၄)နှစ်အရွယ်တွင် ဇီးပင်ကြီးရွာကျောင်းဆရာတော် ဦးစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ခဲ့သည်။ ဘွဲ့အမည် ရှင်ဉာဏိဿရဖြစ်သည်။ ကျောင်းသားလေး၊ ကိုရင်လေးဘဝဖြင့် လောကုတ္တရာအခြေခံပညာ၊ စာပေများကို ဇီးပင်ကြီးရွာကျောင်းဆရာတော် ဦးစန္ဒောဘာသနှင့် နောက်ဆက်ခံဆရာတော် ဦးသုဇာတတို့ထံတွင် သင်ယူခဲ့သည်။ (၁၃၁၈)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက်၊ (၃-၆-၁၉၅၆)တနင်္ဂနွေနေ့နံနက်တွင် ရန်ကုန်မြို့ (၄၂)လမ်းနေ ဦးချိန်တင်ခေါ် ဦးဘဆိုင်နှင့်ဇနီး ဒေါ်ငွေကျင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ငယ်ဆရာရင်းဖြစ်သည့် ဇီးပင်ကြီးရွာကျောင်းဆရာတော်ဦးစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ မင်္ဂလာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ သိမ်ဝင်သံဃာ (၂၅)ပါးတို့၏ ဥပသမ္ပဒကမ္မဝါဖြင့် မြင့်မြတ်သောရဟန်းအဖြစ်ကို ရတော်မူခဲ့သည်။ ရဟန်းဘွဲ့အမည်ဘဒ္ဒန္တဉာဏိဿရပင် ဖြစ်သည်။

(**မှတ်ချက်**။ ။ ဆရာတော်၏ မွေးနေ့သည် နှစ်တစ်ရာပြက္ခဒိန်အရဆိုလျှင် နိုဝင်ဘာ (၁၀)ရက်ဖြစ်ရမည်။ ဆရာတော်ကိုယ်တိုင်ရေးသည့်စာအုပ်နှင့် အခြားစာအုပ်၊ စာမူတွေမှာ နိုဝင်ဘာလ (၁၃)(၁၁)(၁)စသဖြင့် မှုကွဲတွေ တွေ့နေရသည်။ မွေးချင်းဘယ်နှစ်ယောက်ရှိသည် ဆိုတာ မသိရသည့်အတွက် တစ်ဦးတည်းသားလို့ ယူဆရသည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်မှာ မေးပြီး မှတ်သားထားဖို့ လိုသည်။ **ဆရာတော်ကြီးကိုယ်တိုင် မိန့်ကြားချက်အရ နိုဝင်ဘာ (၁၀)ဟု သိရသည်။**

ရှင်သာမဏေဘဝ၊ ရဟန်းငယ်ဘဝဖြင့် ပရိယတ္တိစာပေများကို စစ်တွေမြို့က စစ်ကဲတော်မင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တနာဂဝံသထံတွင်လည်းကောင်း၊ ရန်ကုန်မြို့က သိမ်ဖြူလမ်းရှိ မင်္ဂလာရာမကျောင်းစာချဆရာတော်များထံတွင်လည်းကောင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက်တွင်လည်းကောင်း သင်ယူခဲ့ပါသည်။ ရန်ကုန်မြို့ ပုစွန်တောင်ရှိ ပေတောကုန်းကျောင်းဆရာတော် ဦးနန္ဒ၏ အလွတ်ပညာသင်ကျောင်းတွင် အင်္ဂလိပ်စာနှင့် လောကီအတန်းကျောင်းစာတွေကို သင်ယူခဲ့သည်။ တစ်နေ့တစ်ချိန်တွင် အိန္ဒိယနိုင်ငံရှိ ကုသိနာရုံသို့ သွားရောက် သီတင်းသုံးရလိမ့်မည်ဆိုတာကို မသိဘဲ အင်္ဂလိပ်စာတွေကို သင်ယူနေခဲ့တာဖြစ်သည်။

ဆရာတော်ကြီး၏ ငယ်စဉ်ဘဝတွေဖြစ်သည့်

ကျောင်းသားလေး၊ ကိုရင်လေး၊ ရဟန်းငယ် ဘဝရှင်သန်လှုပ်ရှားခဲ့ပုံတွေနှင့် ပညာသင်ယူသည့်ကာလ၊ စာသင်သားဘဝအတွေ့အကြုံတွေကို ဆရာတော်ကိုယ်တိုင်ရေးသည့် အတ္ထုပ္ပတ္တိစာအုပ်မှာ ပြည့်စုံစွာ ရေးသားဖော်ပြထားပြီးဖြစ်လို့ ဤဆောင်းပါးမှာ အသေးစိပ်ထပ်မံဖော်ပြခြင်းမပြုတော့ပါ။ သိသင့်သိထိုက်သည်ဟု ထင်တာတွေကိုသာ ဖော်ပြသွားပါမည်။

ဤဆောင်းပါး၏ အဓိကဦးတည်ချက် ရည်ရွယ်ချက်သည် ကုသိနာရုံသာသနာ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် (သို့မဟုတ်) ကုသိနာရုံသာသနာ၏ မနေ့က၊ ယနေ့နှင့် နက်ဖြန်အကြောင်းဖြစ်သည့်အတွက် တင်ပြချက်များကို လျှော့သင့်သည့်နေရာမှာ လျှော့ပြီး ဖော်ပြသင့်သည် ထင်သည့်အချက်များကို ဖော်ပြသွားမည်ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်မည်ဆိုတာကိုလည်း ဤဆောင်းပါးရေးသားပြုစုကြမည့် အဖွဲ့ဝင်များ အိန္ဒိယကို ရောက်စဉ်က ဆရာတော်ကြီးကို တင်ပြလျှောက်ထားလို့ ဆရာတော်ကြီး၏ ခွင့်ပြုချက်ရပြီးဖြစ်သည်။

သာသနာ့သူရဲကောင်း၏ စစ်ထွက်ခြေလှမ်းအစ

(၁၉၆၃)ခုနှစ်၊ မေလဆန်းခန့်မှာ အရှင်ဉာဏိဿရထံသို့ စစ်တွေမြို့မှ စာတစ်စောင်ရောက်လာသည်။ စစ်တွေမြို့၊ စစ်ကဲတော်မင်းကျောင်းဆရာတော် ဦးနာဂဝံသထံမှ ထူးခြားသည့် စာတစ်စောင်ဖြစ်သည်။ ဆရာတော်ဦးနာဂဝံသသည် အရှင်ဉာဏိဿရ၏ ငယ်ဆရာဖြစ်သည်။ စာပါအကြောင်းအရာမှာ ထူးဆန်းနေသည့်အတွက် အံ့သြရသည်။ မိမိသည် လောကုတ္တရာ ပရိယတ္တိစာပေနှင့် လောကီအင်္ဂလိပ်စာကို သင်ယူနေသော အချိန်ဖြစ်လို့ ပညာရေးတစ်ပိုင်းတစ်စကာလမှာ ဒီစာကို ရခြင်းဖြစ်သည်။ စာရေးပို့သူက ငယ်ဆရာရင်းဖြစ်နေသည်။ မလွန်ဆန်ရဲသည့် ပုဂ္ဂိုလ်ဖြစ်သည်။ အမိန့်ပေးလျှင် မငြင်းဆန်ဝံ့သည့် ဆရာရင်းဖြစ်သည်။ စာပါအကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်။

"ကုသိနာရုံဆရာတော်ဦးစန္ဒြမဏိ မကျန်းမမာဖြစ်နေ၍ ဆရာတော်ကြီးအား လုပ်ကျွေးပြုစုရန်နှင့် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် အိန္ဒိယနိုင်ငံသို့ သွားရမည်"

လက်နက်လေးမြှားကိုင်ဆောင်၍ စစ်မြေပြင်သို့ ထွက်စေဆိုသည့် အမိန့်ကိုရသည့် စစ်သူကြီးကဲ့သို့ ရင်ကော့ ဂုဏ်ယူမိသည်။ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီးကို လုပ်ကျွေးပြုစုရမည်ဆိုလို့ ဝမ်းသာသွားသည်။ ဂေါတမဘုရား ပွင့်တော်မူခဲ့သည့် အရပ်ဒေသမှာ သာသနာပြုရမည်ဖြစ်လို့ ဂုဏ်ယူဝမ်းမြောက်ဖြစ်မိသည်။ အိန္ဒိယနိုင်ငံကို သာသနာပြုရန်သွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

အရှင်ဉာဏိဿရ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားနိုင်ရန် နိုင်ငံကူးလက်မှတ်လျှောက်ခြင်း၊ နိုင်ငံခြားငွေလဲရခြင်း၊ နိုင်ငံခြားဟွင် အသုံးပြုရန် လိုအပ်သည့် အသုံးအဆောင်နှင့် ဆေးဝါးများထည့်သိုခြင်း စသည့် ပြဖွယ်ကိစ္စအဝဝတို့ကို အချိန်လုပြုလုပ်ရပုံတွေနှင့် တွေ့ကြုံရသည့် အခက်အခဲတွေကို ဆရာတော်ကိုယ်တိုင်ရေးသည့် မဇ္ဈိမဒေသသာသနာပြုခရီးအတွေ့အကြုံများစာအုပ်တွင် အသေးစိပ်ဖတ်ရှုနိုင်ပါသည်။ ဒီဆောင်းပါးတွင် ရေးသားဖော်ပြရန် အကြောင်းအရာအကန့်အသတ်ရှိသဖြင့် မဖော်ပြနိုင်တာကို နားလည်ပေးစေလိုပါသည်။

(၁၉၆၃)ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့ နံနက်တွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ လေယာဉ်ဖြင့် ထွက်ခွာသွားခဲ့ပါသည်။ အသက် (၂၇)နှစ်မျှသာရှိသေးသည့် ရဟန်းငယ်ရှင်ဉာဏိဿရသည် နိုင်ငံခြားခရီးအတွေ့အကြုံ မရှိလို့ ရင်ခုန်ပြီး ဝမ်းနည်းဝမ်းသာဖြစ်နေရှာသည်။ ဘာသာစကားလည်းမတတ်၊ နိုင်ငံခြားငွေကြေးကလည်း များများစားစားမပါလို့ စိတ်အားငယ်နေခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်ဖြင့် ခရီးထွက်ခဲ့ပြီဆိုသည့် တာဝန်သိစိတ်ကို အားဆေးအဖြစ်သုံးပြီး တိုက်ပွဲဝင်ရန် အသင့်ပြင်ခဲ့ရသည်။ မြန်မာနိုင်ငံမှ

အိန္ဒိယနိုင်ငံကို ဦးတည်ပျံသန်းနေသော လေယာဉ်ပေါ်မှာ လိုက်ပါရင်း အတွေးပေါင်းသောင်းခြောက်ထောင်ဖြင့် မိမိကိုယ်မိမိ အားပေးကာ လိုက်ပါနေရသည်။ အိန္ဒိယကို ရောက်လျှင် ဘယ်လိုကြုံတွေ့ရပြီး ဘာတွေဖြစ်ဦးမလဲမသိ ဆိုသည့်အတွေးဖြင့် ခရီးဆက်နေသည်။

အမေနဲ့ရွာကို ခွဲခွာပြီး ရန်ကုန်မြို့ကို ရောက်ရှိနေခဲ့တာ တစ်ဆယ့်သုံးနှစ်တောင်ရှိပေပြီ၊ အခုတော့ အမေနှင့်အမေနေထိုင်ရာ ဇီးပင်ကြီးရွာကိုပင် နှုတ်မဆက်နိုင်ခဲ့တော့ဘဲ အိန္ဒိယနိုင်ငံကို ထွက်ခွာခဲ့ပါပြီ၊ လေယာဉ်ကြီးသည် ရခိုင်ရိုးမကြီးကို ဖြတ်ကျော်နေပြီ၊ မင်းပြားမြို့နယ်က ဇီးပင်ကြီးရွာနှင့်အမေ၊ ဒီနေရာလောက်မှာ ရှိလေကောင်းရဲ့ဆိုသည့်အတွေးဖြင့် လေယာဉ်၏ မှန်ပြတင်းမှ အောက်ကို ငုံ့ကြည့်လိုက်မိသေးသည်။ မိုးသားတိမ်လိပ်တွေကိုသာ မြင်ရသည်။ ''အမေ့သားလေး သာသနာ့အာဇာနည်သူရဲကောင်းဘွဲ့ယူဖို့အတွက် အိန္ဒိယနိုင်ငံကို ထွက်ခွာသွားပါပြီ မယ်တော်ဘုရား''ဟု မျက်စိကိုမှိတ်၊ အံကိုကြိတ်ကာ နှလုံးသားဖြင့် အမေ့ကို ဦးညွှတ်လိုက်ပါသည်။ သူရဲကောင်း၏မိခင်အဖြစ် ဂုဏ်ယူပါအမေဟု ရင်ထဲကပြောရင်း စီးလာသည့်မျက်ရည်ပူတို့ကို သင်္ကန်းစဖြင့် တို့ယူသုတ်ပစ်လိုက်ပါသည်။ သာသနာ့အာဇာနည်သူရဲကောင်း၏ စစ်ထွက်ခရီး နှင်လေပြီဟု သတိရလိုက်သည်။

ကုသိနာရုံသာသနာနှင့် ရှင်ဉာဏိဿရ၏ မနေ့ကပုံရိပ်များ

(၁၉၆၃)ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့ နေ့လယ်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့လေဆိပ်ကို ရောက်သွားသည်။ ရန်ကုန်မြို့မှ တက္ကသိုလ်ကျောင်းသား မောင်ကျော်သာ၏အစ်ကို ဒေါက်တာဦးကျော်နိုင်က လေဆိပ်မှာလာကြိုနေသည်။ ဒေသိယစကားတတ်သည့် ဒကာက လာကြိုနေသည့်အတွက် အခက်အခဲမရှိဘဲ လေဆိပ်က ထွက်နိုင်ခဲ့သည်။ ဦးကျော်နိုင်က ခေါ်ယူသွားလို့ ကာလကတ္တားမြို့က မြန်မာဘုန်းတော်ကြီးကျောင်းကို ရောက်သွားပြီး ခေတ္တတည်းခိုနားနေရသည်။ ကာလကတ္တားမြို့က မြန်မာဘုန်းကြီးကျောင်းသည် လူနေအိမ်တွေကြားက တိုက်အိမ်ကြီးသာဖြစ်သည်။ မြန်မာနိုင်ငံက ဘုန်းကြီးကျောင်းတွေ၏ ပုံသဏ္ဍာန်နှင့် ဂုဏ်သိက္ခာမတူကွာခြားမှုကြောင့် စိတ်ပျက်မိသေးသည်။ သူ့အရပ်နဲ့ သူ့ဇာတ်ပေပဲလို့ သဘောထားလိုက်ရသည်။ မိမိသည် ဒီကျောင်းမှာ နေရမည်မဟုတ်ဘဲ လောလော ဘယ်မှာရှိမှန်းမသိသေးသည့် ကုသိနာရုံကျောင်းသို့ သွားရမည်ဖြစ်လို့ ဒီနေရာထက်တော့သာမည်ဟု တွေးမိသည်။ ကာလကတ္တားမြန်မာကျောင်းမှာ သုံးရက်နေခဲ့သည်။ ကျောင်းသည် မြို့လယ်ခေါင်မှာရှိသည့်အတွက် ကျောင်းအနီးအနားတဝိုက် လျှောက်လည်ကြည့်ရှုခဲ့သည်။ ကာလကတ္တားဆိုတာ နတ်ဘုံနန်းနှင့် ငရဲခန်း အတူယှဉ်တွဲနေထိုင်ကြသည့် မြို့ပါလားဆိုတာ သိခဲ့သည်။ ချမ်းသာသူတွေက တအားချမ်းသာပြီး၊ ဆင်းရဲသူတွေက လမ်းဘေး ပလက်ဖောင်းမှာ ကျောတစ်ခင်းစာရဖို့အတွက် ခက်ခဲစွာ ရုန်းကန်လှုပ်ရှားနေကြရသောမြို့ဖြစ်သည်။

သာသနာ့အာဇာနည်လောင်းလျာရဟန်းငယ်အရှင်ဉာဏိဿရ၏ စွန့်စားခန်းခြေလှမ်းများ စတင်ရပြန်ပါသည်။ ကာလကတ္တားမြို့မှာ သုံးရက်နေပြီးနောက် ဒေါက်တာဦးကျော်နိုင်၏ စီစဉ်ပေးချက်အရ ကုသိနာရုံသာသနာ့မြေသို့ ဦးတည်ကြွလှမ်းခဲ့ပါသည်။ (၄-၈-၁၉၆၃)ခု၊ ည (၈)နာရီမှာ ကာလကတ္တားမြို့၊ ဟောင်ရာဘူတာကြီးမှ ရထားဖြင့် ထွက်ခွာခဲ့ပါသည်။ နောက်နေ့နံနက် (၁၁)နာရီမှာ ဗာရာဏသီမြို့ကို ရောက်မည်ဟု ဦးကျော်နိုင်က ပြောလိုက်သည်။ ဘူတာရုံကိုလိုက်ပို့ပြီး တစ်ပါးတည်းဖြစ်လို့ သတိဖြင့်သွားရန်မှာသည်။ အသက်ကငယ်သည်၊ နိုင်ငံခြားအတွေ့အကြုံမရှိ၊ ဘာသာစကားမတတ်လို့ ရင်ခုန်နေရသည့်အထဲမှာ သတိဖြင့်သွားပါဆိုသည့်အတွက် ပင့်သက်ရှူပြီး လက်သီးဆုပ်ကာ အားတင်းထားလိုက်ရပါသည်။

နောက်နေ့နံနက်စောစောမှာ ဂယာဘူတာကို ရောက်ပြီး ရပ်နားပါသည်။ ဗုဒ္ဓဂယာဆိုသည့် ဗုဒ္ဓဘာသာ

ဝင်တို့ အထွဋ်အမြတ်ထားရာအရပ်သည် ဂယာဘူတာနှင့် မဝေးသည့်ဒေသမှာ ရှိပေလိမ့်မည်ဆိုသည့်အတွေးဖြင့် ရထားပေါ်မှ လှမ်းမျှော်ကြည့်မိသေးသည်။ တစ်နေ့ တစ်ချိန်မှာတော့ ရောက်ရမှာပေါ့လို့ တွေးနေမိသည်။ ရထားပေါ်တက်လာပြီး ဈေးရောင်းသူတွေထံမှ မာလကာသီးဝယ်စားပြီး အဆာဖြေခဲ့ရသည်။

နေ့လယ် (၁၁)နာရီတွင် မော်ဂိုလ်ဆရယ်ဘူတာကို ရောက်သည်။ နေ့ဆွမ်းအဖြစ် ထမင်း၊ ပဲဟင်း၊ အသားဟင်းနှင့် ချပါတီသုံးချပ်ကို သုံးရူပီးခွဲပေးပြီး ဝယ်စားသည်။ အရသာမရှိ၊ စားလို့မကောင်းသည့်အတွက် တစ်ဝက်ပင် မကုန်ဖြစ်နေသည်။ ရင်ထဲက မသိစိတ်ဖြင့် စိုးရိမ်နေသည့် သောကကြောင့် စားမဝင်တာလည်းဖြစ်နိုင်သည်။ ဘာသာအရေး၊ သာသနာအရေးကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်မည်ဆိုသည့်အတွေးဖြင့် ရဲဆေးတင်ပြီး စစ်ထွက်လာခဲ့တာပဲ။ ဒါထက်ဆိုးရွားကြီးမားသည့် အခက်အခဲတွေ၊ အန္တရာယ်တွေကိုပါ ရင်ဆိုင်မည်ဟု သံဓိဋ္ဌာန်ချထားသည်။ မော်ဂိုလ်ရယ်ဘူတာမှ ရထားဆက်ထွက်ပါသည်။

နေ့လယ် (၁၂)နာရီခန့်တွင် ဗာရာဏသီဘူတာကြီးကို ရောက်လို့ ရထားပေါ်က ဆင်းလိုက်ပါသည်။ မသွားတတ် မလာတတ်တော့ လာကြိုနေမည့် ဆရာတော်ဦးတိက္ခိန္ဒြိယကို စောင့်နေရသည်။ ရပ်ပြီး တောင်ကြည့်မြောက်ကြည့်လုပ်နေစဉ် တစ်စုံတစ်ယောက်က လက်ကိုလာဆွဲသည်။ ကုလားတွေကို မယုံနဲ့လို့ မှာလိုက်သည့် ဦးကျော်ခိုင်စကားကို ပြန်လည်ကြားယောင်လာလို့ လာဆွဲသူကို တစ်တောင်ဖြင့်တွတ်ပြီး မောင်းထုတ်လိုက်သည်။

''ဟဲ့ကောင် ‥ အဲဒါ ငါ့တပည့်ကွ၊ နင့်အထုပ်တွေ သူ့ကိုပေးလိုက်၊ သူသယ်သွားလိမ့်မယ်''အသံလာရာကို ကြည့်လိုက်တော့မှ ဆရာတော်ဦးတိက္ခိန္ဒြိယကို တွေ့လိုက်ရလို့ ဝမ်းသာအားတက်သွားသည်။ ဆရာတော်နှင့်အတူ လန်ချားစီးပြီး သူဌေးကြီးဆာဦးသွင်ဆောက်လုပ်လှူဒါန်းထားသည့် ဓမ္မာရုံကျောင်းကို သွားကြသည်။ ကျောင်းကို ရောက်သွားသည့်အခါ ဆရာတော်ဦးကိတ္တိမကို ဖူးတွေ့ရသည်။ ဆရာတော်က ကုသိနာရုံသာသနာကို တာဝန်ယူစောင့်ရှောက်မည့် သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်းလောင်းလျာကို နွေးထွေးစွာကြိုဆိုပါသည်။ ထိုနေ့သည်ကား မြန်မာသက္ကရာဇ် (၁၃၂၅)ခု၊ ဝါခေါင်လပြည့်နေ့၊ ခရာဇ်နှစ် (၁၉၆၃)ခု ဩဂုတ်လ (၄)ရက်နေ့ ဖြစ်သည်။ မနက်ဖြန် လပြည့်ကျော် (၁)ရက်နေ့မှာ ဒုတိယဝါဆိုရမည့်နေ့ဖြစ်လို့ ယနေ့ညပင် ကုသိနာရုံကို သွားရတော့မည်ဟု အမိန့်ရှိပါသည်။

သူရဲကောင်းစစ်မြေပြင်သို့ရောက်ရှိခြင်း (သို့မဟုတ်) ဆရာတော်ကြီးဦးစန္ဒြမဏိ၏ ခြေတော်ကိုဦးခိုက်ခြင်း

မြန်မာနိုင်ငံမှာ ရဟန်းငယ်ဘဝဖြင့် ပိဋကစာပေသင်ယူခဲ့စဉ်က နားရည်ဝနေသည့် အတီတေ ဗာရာဏသီယံဆိုသည့် ပါဠိထဲက ဗာရာဏသီမြို့ကို ရောက်ခိုက်မှာ လှည့်လည်ကြည့်ရှုဖို့ပင် အချိန်မရတော့ဘဲ သွားရတော့မည်ဆိုတာ သိလိုက်သည်။ ဗာရာဏသီမြို့က အဝကျွန်းကျောင်းနှင့် သူဌေးကြီးဆာဦးသွင်၊ ဇနီး ဒေါ်ဒေါ်သိန်းတို့က လှူဒါန်းပြီး ရန်ကုန်မြို့နေ ဗိသုကာဦးခက အဆောက်ဦးပုံစံရေးဆွဲ၍ အိန္ဒိယနိုင်ငံသား အဆောက်အဦးကန်ထရိုက်တာ၊ အင်ဂျင်နီယာ မစ္စတာမဟာန်သ်ဆင်းမ်နှင့်သားများကုမ္ပဏီက ဆောက်လုပ်ထားသည့်ကျောင်းသစ်မှာ သီတင်းသုံးနေသည့် ဆရာတော်ဦးကိတ္တိမ၏ အမှာစကားများကို နာခံမှတ်သားသည်။

''ဆရာတော်ကြီးဦးစန္ဒြမဏိ မကျန်းမာဘူး၊ သက်တော်ကြီးရင့်နေပြီ၊ အမြန်ဆုံးသွားပြီး ပြုစုစောင့်ရှောက်ဖို့လိုတယ်၊ မနက်ဖြန် ဒုတိယဝါဆိုရမှာဖြစ်တဲ့အတွက် မောင်ပဥ္စင်း ဒီနေ့ညပဲ ကုသိနာရုံကို ကြွရမယ်''

ဆရာတော်ဦးကိတ္တိမကို ဦးချကန်တော့ပြီး ည (၈)နာရီမှာ ဗာရာဏသီမြို့မှ ကုသိနာရုံသို့ ထွက်ခွာခဲ့ပါသည်။ ဗာရာဏသီနှင့် ကုသိနာရုံဆိုတာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က သီတင်းသုံးတော်မူခဲ့သည့်

နန္ဒိယဒကာ၏ ကျောင်းတော်ကြီးရှိရာမြို့နှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံအရပ်ကို ပြောတာပဲဆိုတာ သိလိုက်သည်။ ဟာရာဏာသီမှ ကုသိနာရုံခေါ် ကုသိနာဂရသို့ ရထားခ သုံးရူပီးသာ ပေးရသည့်အတွက် သိပ်ပြီးမဝေးဘူး ဆိုတာကိုလည်း သိလိုက်သည်။ ည (၈)နာရီမှာ ရထားထွက်သည်။ ညနေစာ စားစရာမလိုသည့်အတွက် မိမိပိုင်ခရီးဆောင်အိတ်ကို ပိုက်ပြီးထိုင်ရင်း မျက်စိမှိတ်ကာ လိုက်ပါလာခဲ့ပါသည်။ မနက်ဖြန်ကစပြီး အနာဂတ်မှာ ကုသိနာရုံ၏ သာသနာမှာ ဘာတွေကြုံတွေ့ရဦးမလဲမသိဆိုသည့်အတွေးဖြင့် လိုက်ပါခဲ့သည်။

(၁၉၆၃)ခု၊ ဩဂုတ်လ (၅)ရက်၊ မြန်မာသက္ကရာဇ် (၁၃၂၅)ခု၊ ဝါခေါင်လဆုတ် (၁)ရက်နေ့ နံနက် (၇)နာရီတွင် ကုသိနာရုံသို့ ရောက်ပါသည်။ သာသနာ့သူရဲကောင်း၏ စစ်မြေပြင်သို့ စတင်ဝင်ရောက်ခြင်းပင်ဖြစ်သည်။ ကုသိနာရုံ သာသနာ၏ ဒုတိယဆရာတော်ဖြစ်လာမည့် အရှင်ဉာဏိဿရ၏ ဘဝတိုက်ပွဲအစလည်းဖြစ်တော့သည်။ ကုသိနာရုံ မြန်မာကျောင်းမှာ နှစ်ပေါင်းခုနစ်ဆယ်ကျော် သီတင်းသုံးတော်မူနေသော သက်တော် (၉၀)ပြည့်တော့မည့် ဆရာတော်ကြီးဦးစန္ဒိမာသည် တစ်ပါးတည်းသီတင်းသုံးနေရတာကို ဖူးတွေ့လိုက်ရပါသည်။ ဆရာတော်ဘုရားကြီးကို ဝတ်ကြီးဝတ်ငယ်မှအစ လိုတာမှန်သမျှ ပြုစုစောင့်ရှောက်ရန်အတွက် ဘုရားတပည့်တော်ရောက်လာပါပြီဘုရားဟု ခြေတော်အစုံကို ဦးခိုက်ပြီး လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးသည် သက်တော်ကြီးရင့်ပြီဖြစ်သော်လည်း ကျန်းမာရေးအခြေအနေဟာ သိပ်ပြီး ဆိုးဆိုးရွားရွားမဟုတ်သေးတာ တွေ့လိုက်ရလို့ ဝမ်းသာရသည်။ သူတပါးနိုင်ငံမှာ ဒုက္ခနှင့် အန္တရာယ်မျိုးစုံတို့ကို ရင်ဆိုင်ကြံ့ကြံ့ခံပြီး နှစ်ပေါင်းများစွာကြာအောင် တစ်ပါးတည်း သီတင်းသုံးနေတော်မူခဲ့သည်မှာ သာမညသတ္တိနှင့် အရည်အချင်းမဟုတ်ဘူးလို့ ချီးကျူးအံ့ဩမိပါသည်။

ကုသိနာရုံသာသနာက မြန်မာကျောင်း၏ ဒုတိယကျောင်းထိုင်ဆရာတော်ရှင်ဉာဏိဿရ

ဆရာတော်ဘုရားကြီး သီတင်းသုံးနေတော်မူရာ ကုသိနာရုံမြန်မာကျောင်းသို့ ရောက်ရှိပြီးနောက် ဆရာတော်ကြီး၏ စီစဉ်ပေးချက်အရ မိဂဒါဝုန်ကျောင်းဆရာတော် ဦးတိက္ခိန္ဒြိယ ကြွရောက်လာပြီး မရောက်ဖူးသေးသည့်နေရာတွေကို လိုက်ပြသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုဟန် လျောင်းတော်မူရုပ်ပွားတော်၊ ပရိနိဗ္ဗာန်ပြုရာအရပ်၌ တည်ထားသော မကုဋဗန္ဓနစေတီတော်နှင့် ဓာတ်တော်ဝေရာနေရာတွေကို ဖူးခဲ့ရသည်။ ဆရာတော်ဦးတိက္ခိန္ဒြိယသည် ကုသိနာရုံမှာ သုံးရက်မျှနေပြီး သူ့ကျောင်းရှိရာ မိဂဒါဝုန်သို့ ပြန်ကြွသွားပါသည်။

ဆရာတော်ဦးတိက္ခိန္ဒြိယ ပြန်ကြွသွားသောအခါ မြန်မာစကား၊ ရခိုင်စကားပြောဖော် ဆရာတော်ကြီးနှင့် နှစ်ပါးတည်းသာရှိတော့သလို ခံစားရသည်။ သက်တော် (၉၀)ပြည့်လုနီးပါးဖြစ်သည့် ဆရာတော်ကြီးသည် နှစ်ပေါင်းခုနယ်ဆယ်မျှကြာအောင် ဒီအရပ်မှာ သာသနာပြုနေတာဟာ ကြည်ညိုစရာကောင်းလောက်အောင်၊ အံ့ဩစရာကောင်းလောက်အောင် သတ္တိပြောင်မြောက်ပါလားလို့ သတိရလိုက်သည်။ ဤမျှ နှစ်ကာလကြာအောင် စွန့်စားနေထိုင်ခဲ့ရာမှာ ကုလားဦးပဉ္စင်းတစ်ပါး၊ ထမင်းချက်ကုလားအဘိုးကြီးတစ်ယောက်၊ နီပေါနိုင်ငံသူ သီလရှင်ကြီးလေးပါးတို့က အထိုက်အလျောက် ဝတ်ကြီးဝတ်ငယ်ပြုကြသည်။ ခန်းနေသီတင်းသုံးဖော်တပည့်ရဟန်း၊ သာမဏေမရှိ၊ ကပ္ပိယနှင့် ကျောင်းသားမရှိလို့ မြန်မာစကား၊ ရခိုင်စကား မပြောခဲ့ရတာ ကာလကြာပြီဖြစ်သော်လည်း စိတ်ဓာတ်မကျ၊ ဖွဲလုံ့လကိုမလျှော့ဘဲ သာသနာတော်မကွယ်ပျောက်ရေး၊ ပြန်လည်ထွန်းကားလာရေးအတွက် အသက်ပေးချင်ပေးရပါစေဆိုသည့်စိတ်ဖြင့် သီတင်းသုံးနေခဲ့သည့် ဆရာတော်ကြီးဦးစန္ဒိမာကို အကြိမ်ကြိမ်ဦးချကန်တော့ရပါတော့သည်။ ဆရာတော်ဘုရားကြီးထမ်းဆောင်ခဲ့သည့် သာသနာ့တာဝန်

ကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်မည်ဟု သံမဏိဆုံးဖြတ်ချက်ချလိုက်ပါသည်။

ဆရာတော်ကြီးက သူသည် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်က အိန္ဒိယကိုရောက်ခဲ့ကြောင်း၊ အခက်အခဲနှင့် အန္တရာယ်မျိုးစုံတို့ကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး နေထိုင်လာခဲ့ကြောင်း၊ ရှေ့မှာ ဆက်လက်ကြုံတွေ့နိုင်သည့် ပြဿနာတွေနှင့် အခက်အခဲတွေကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားစေလိုကြောင်း အမိန့်ရှိသည်။ ဒီလိုအမိန့်ရှိတာဟာ မိမိကုသိနာရုံကို လွှဲအပ်ပြီး စိတ်ချစွာဖြင့် ဘဝနတ်ထံပျံလွန်တော်မူလိုကြောင်း နိမိတ်ပြပြောကြားနေတာဖြစ်တယ်ဆိုတာကို သိလိုက်သည်။ ရှေ့မှာကြုံတွေ့နိုင်သည့် ပြဿနာတွေ၊ အခက်အခဲတွေနှင့် အန္တရာယ်တွေကို ရင်ဆိုင်တိုက်ပွဲဝင်ဖို့အတွက် မိမိမှာ ကိုယ်ခံပညာရှိဖို့ လိုတယ်ဆိုတာကိုလည်း သိလိုက်သည်။ ဆရာတော်ကြီးက မေးသည်။

''မောင်ပဉ္စင်း အတန်းအောင်ပြီး ဘွဲ့ရချင်တာလား၊ ပညာတတ်ချင်တာလား''

''ပညာတတ်ချင်ပါတယ်ဘုရား''

ဆရာတော်ကြီးက ကုလားကျောင်းဆရာတစ်ယောက်ထံမှာ အပ်နှံပြီး ဟင်ဒီဘာသာစာနှင့် စကားကို သင်ယူစေသည်။ ကျောင်းမှာနေသည့် ကုလားဘုန်းကြီးနှင့် စကားပြောလေ့ကျင့်ရသည်။ ညဘက်တွင်မူ သက္ကတဘာသာကို ဆရာတော်ကြီးကိုယ်တိုင်သင်ပေးသည်။ တိုက်ပွဲဝင်ကိုယ်ခံပညာကောင်းဖို့အတွက် နေ့စဉ်အဆက်မပြတ် အပတ်တကုတ်ကြိုးစားခဲ့သည်။ နေ့စဉ်သုံးဆောင်ရမည့် အရုဏ်နှင့် နေ့ဆွမ်းကိစ္စကို နီပေါနိုင်ငံသူ သီလရှင်ဆရာကြီးနှစ်ပါးက တာဝန်ယူကြသည်။ ကွယ်လွန်ပါကနတ်ပြည်နတ်ရွာကို ရောက်ကြမည့်ဆရာကြီးတွေလို့ သိလိုက်ပါသည်။ မိမိ၏ သာသနာပြုခရီးက အဖော်မွန်တွေဖြစ်သည်။

ကုသိနာရုံမြန်မာကျောင်း (သို့မဟုတ်) ကုသိနာရုံသာသနာကို လေ့လာသည်။ ကုသိနာရုံဒေသ၏ အကွက်အကွင်းကောင်းသည့်အရပ်မှာ တည်ရှိသည်။ ကျောင်းဝင်းဧရိယာရှစ်ဧကခန့်ကျယ်ဝန်းသည်။ လွန်ခဲ့သည့်နှစ်ပေါင်းခြောက်ဆယ်ကျော်က တစ်ဧကကို (၃၅)ရူပီးဖြင့် ဝယ်ယူထားခဲ့တာဖြစ်သည်။ ယခုအခါ တစ်ဧကကို ရူပီးသိန်းပေါင်းများစွာ တန်နေသည်။ ကျောင်းဝင်းကြီး၏ တောင်ဘက်တွင် မဟာပရိနိဗ္ဗာနစေတီနှင့် ပရိနိဗ္ဗာပြုဟန်လျောင်းတော်မူရုပ်ပွားတော်ကြီးရှိသည်။ လျောင်းတော်မူကြီးအနီးမှာ ရှေးဟောင်းကျောင်းတော်ရာများစွာရှိသည်။ အိန္ဒိယရှေးဟောင်းသုတေသနက ထိန်းသိမ်းစောင့်ရှောက်ထားရသည့် အဖိုးတန်အဆောက်အဦးတွေ ရှိနေသည်။

၁၉၃၆–ခုနှစ်က ဦးဘတူဖနီး ဒေါ်လှရွှေတို့ လှူဒါန်းခဲ့သောကျောင်း
ဆရာတော်ကြီးဦးစန္ဒြမဏိ ပျံလွန်တော်မူသည်အထိ ဤကျောင်းတွင် သီတင်းသုံးခဲ့ပါသည်။

ကုသိနာရုံမြန်မာကျောင်းဝင်းထဲမှာ အဆောက်အဦးအဟောင်းတွေရှိနေသည်။ ရှေးဟောင်းဇရပ်ကြီးတစ်ဆောင်နှင့် ဒုတိယကမ္ဘာစစ်မှာ ဘူးသီးတောင်၊ မောင်တောဘက်က စစ်ပြေးရှောင်လာကြသည့် စစ်ပြေးဒုက္ခသည်များ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဇရပ်ကြီးတစ်ဆောင်လည်း ရှိသည်။ ရန်ကုန်မြို့က ကန်တော်ကြီးပတ်လမ်းမှာ

နေသည့် ဒေါ်လှရွှေဆောက်လုပ်လှူဒါန်းခဲ့သည့် သိမ်ကျောင်း တစ်ဆောင်လည်းရှိသည်။ ကျောင်းဝင်းအဝင်ဝတွင်လည်း ဘီရလာသူဌေးဆောက်လုပ်လှူဒါန်းထားသည့် စာသင်ကျောင်းတစ်ကျောင်းလည်း ရှိနေသည်။ ကျောင်းခြံဝင်းနှင့် ကပ်လျက် အနောက်ဘက်တွင် ကားလမ်းမကြီးရှိသည်။ ကျောင်းခြံဝင်း၏ အရှေ့ဘက်တွင် လယ်ကွင်းတွေရှိသည်။ မြင်ကွင်းကောင်းသည်။ လေကောင်းလေသန့်ရသည်။ ဝင်ထွက်သွားလာရန် အဆင်ပြေသည်။

ရှင်ဉာဏိဿရ၏ တိုက်ပွဲဝင်ရန်ပြင်ဆင်မှုများ

အိန္ဒိယနိုင်ငံတွင် နေထိုင်ခွင့်ဗီဇာသက်တမ်းတိုးရမည့်ကိစ္စ ပေါ်ပေါက်လာသည်။ ဗီဇာလျှောက်ရန်အတွက် ကျောင်းမှာအတူနေကုလား ဦးပဥ္စင်းနှင့်အတူ ကုသိနာရုံမှ ခရိုင်မြို့ဖြစ်သည့် ဒေဝရိယာသို့သွားပြီး ဆောင်ရွက်ရသည်။ ဟင်ဒီဘာသာစကားကို ကျွမ်းကျင်စွာမပြောနိုင်၊ နားမလည်နိုင်သေးသည့်အတွက် ကိုယ်တိုင်မပြောနိုင်၊ မဆိုနိုင်ဖြစ်နေသည်။ ကုလားဦးပဥ္စင်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့ ပြောဆိုနေကြပုံကို အကဲခတ်ကြည့်ခြင်းဖြင့် အဆင်မပြေဖြစ်နေပြီဆိုတာ သိနေသည်။ ကုလားဦးပဥ္စင်းပြောပြချက်အရ ဒေလီ (သို့မဟုတ်) ကာလကတ္တားသို့ သွားပြီး ဆောင်ရွက်မှုရမည်ဟု ပြောကြောင်းသိရသည်။ ဟင်ဒီစကားကို လုံးစေ့ပတ်စေ့နားမလည်သော်လည်း အမူအရာတွေကိုကြည့်ပြီး မရိုးသားဘူးဆိုတာ သိနေသည်။ မိမိထံမှ တံစိုးလက်ဆောင်လိုချင်လို့ တမင်ညစ်နေသည်ဟု သံသယဖြစ်မိသည်။ အဆင်မပြေဖြစ်ပြီး ဒေဝရိယာမှ ပြန်ခဲ့ကြရသည်။

ဗာရာဏသီမြို့က မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမကို အသိပေးပြီး အကူအညီတောင်းရသည်။ ဆရာတော် ဦးကိတ္တိမကိုယ်တိုင်လိုက်ပါပြီး ဒေဝရိယာသို့ သွားကြသည်။ စုံထောက်ရုံးကို သွားကြသည်။ ရုံးဝန်ထမ်းများသည် ရဟန်းနှစ်ပါးလာတာကို မြင်ပါလျက်နဲ့ ရုံးတံခါးဖွင့်မပေးဘဲနေလို့ တံခါးကိုထုရိုက်၊ ထွန်းကန်ဖွင့်ခိုင်းခဲ့ရသည်။ ဆရာတော် ဦးကိတ္တိမက ကန့်ကွက်ပြောဆိုသည်။ ဆရာတော်ကို မထီလေးစားပုံဖြင့် မာရေကြောရေပြန်ပြောသေးသည်။ ဆရာတော်က အထက်အရာရှိကို တိုင်မည်လို့ပြောတော့မှ လေသံပျော့သွားပြီး အိန္ဒိယမှာ နောက်တစ်နှစ်နေထိုင်ခွင့်ဗီဇာရသည်။ အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရပြီးလို့ အနှစ် (၂၀)မပြည့်မီမှာပင် လာဘ်ပေး၊ လာဘ်ယူနှင့် ငွေများတရားနိုင်အကျင့်စရိုက်တွေပေါ်နေပြီဆိုတာ သတိရလိုက်သည်။ ရှေ့လျှောက်ရင်ဆိုင်ကြုံတွေ့ရမည့် ပြဿနာနှင့် အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားရမည်ဟု သိလိုက်ပါသည်။

အိန္ဒိယနိုင်ငံတွင် သာသနာပြုမည်ဆိုလျှင် ဟင်ဒီဘာသာစကားကို ကျွမ်းကျင်စွာ ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်ဖို့လိုသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူတွေပြောသည့်စကားကို ပြောတတ်ဖို့လိုကြောင်း ဆရာတော်ကြီး ဦးစန္ဒိမဏိက အသိပေးသည်။ ဆရာတော်ကြီးဖွင့်ထားသည့် မူလတန်းကျောင်းမှာ တက်ပြီး ဟင်ဒီဘာကို ပထမတန်းမှ စပြီး သင်ယူရသည်။ အသက် (၂၇)နှစ်ရှိပြီဖြစ်သည့် အရှင်ဉာဏိဿရသည် ငါးနှစ်သား၊ ခြောက်နှစ်သားကလေးတွေနှင့်အတူ ကျောင်းတက်ရသည်။ ကလေးတွေသည် ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်နေကြသည့်အတွက် သူတို့က ချစ်လို့နောက်ပြောင်သည့်အနေဖြင့် ထိပ်ပုတ်၊ ခေါင်းပုတ်လုပ်တာကိုလည်း ခံရသည်။ သိက္ခာကျ၊ ဘဝဆင်းရဲ၊ ပျင်းရိငြီးငွေ့စရာကောင်းသည့် အခြေအနေဖြင့် သူများနိုင်ငံမှာနေရတာ စိတ်ကုန်လာသည်။ မြန်မာနိုင်ငံကို ပြန်ပြေးချင်စိတ်ပေါက်မိသည်။ ဆရာတော်ကြီး အိန္ဒိယကို ရောက်စက ကြုံခဲ့ရသည့်ဒုက္ခတွေနှင့်စာလျှင် မိမိကြုံတွေ့နေရသည့် ဒုက္ခတွေဟာ မပြောပလောက်ပါလားဆိုသည့် အသိဝင်လာသဖြင့် စိတ်သက်သာရာရခဲ့သည်။ ခံနိုင်ရည်ရှိအောင် ကြိုးစားခဲ့သည်။

အိန္ဒိယနိုင်ငံကို ရောက်ပြီး (၉)လမျှကြာသောအခါ ပဥ္စမတန်းဖတ်စာတွေကို ကောင်းစွာရေးနိုင်၊ ဖတ်နိုင်ပြီဖြစ်သဖြင့် ဆဋ္ဌမတန်းသို့ တက်ရသည်။ ဆဋ္ဌမတန်းအောင်ပြီး

သတ္တမတန်းသို့ တက်ရသည့်အခါ ကျောင်းသားမှတ်ပုံတင်စာရင်းမှာ (ဉာဏိဿရ)လို့ ရေးပေးလိုက်သည်။ ကျောင်းဆရာက သက္ကတအသံထွက်ဖြင့် (ဂျာနေဆွရ်)လို့ ရေးပြီး မှတ်တမ်းတင်လိုက်သည်။ အဲဒီအချိန်ကစပြီး ရှင်ဉာဏိဿရမှာ ဂျာနေဆွရ် ဖြစ်ခဲ့ရသည်။

အိန္ဒိယတွင် ကျောင်းတက်သည့်အချိန်မှစ၍ တစ်နှစ်တစ်တန်း နှစ်စဉ်အောင်သည်။ သတ္တမတန်းမှ ဆယ်တန်းအထိ တစ်ကျောင်းလုံးတွင် ပထမရပြီး စာမေးပွဲအောင်မြင်ခဲ့သည်။ ဟင်ဒီစကားနှင့်စာကို ကောင်းစွာပြောနိုင်၊ ရေးနိုင်၊ ဖတ်နိုင်သည့် အခြေအနေရောက်နေပြီဖြစ်သည်။ ဆရာတော်ကြီးက ရှင်ဉာဏိဿရ၏ အရည်အချင်းကို စမ်းသပ်သည့်အနေဖြင့် ဟိန္ဒူကုလား (၃၅၀)ခန့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းသည့်ပွဲမှာ ငါးပါးသီလပေးခိုင်းပြီး တရားဟောခိုင်းသည်။ မိမိပြောတတ်သည့် ဟင်ဒီဘာသာစကားဖြင့် တရားဟောတာ တစ်နာရီလောက်ကြာခဲ့ပါသည်။ မိမိပြောသည့်စကားတွေကို ကုလားတွေ နားလည်ကြရဲ့လားမသိလို့ တွေးမိပြီး ချွေးပြန်နေခဲ့ပါသည်။ ဟင်ဒီဘာသာဖြင့် တရားဟောခဲ့ရာ ဆဟာဂျန်နဝါမြို့ကလေးမှ ကုသိနာရုံကျောင်းသို့ ပြန်ရောက်သောအခါ ကြုံခဲ့ရသည့် အတွေ့အကြုံကို ဆရာတော်ကြီးကို လျှောက်သည်။ ဆရာတော်ကြီးက ဒီလိုပဲ စဟောရတာပေါ့ဟု ပြောပြီး ကျေနပ်သည့် အမူအရာပြသည်။

ဆရာတော်ကြီး ဦးစန္ဒြမဏိပျံလွန်တော်မူပြီ

ဆရာတော်ကြီး ဦးစန္ဒြမဏိသည် အရှင်ဉာဏိဿရကို ယုံကြည်စိတ်ချပြီး အားရကျေနပ်ပြီဖြစ်သဖြင့် ကုသိနာရုံမြန်မာကျောင်း၏ ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို ယူခိုင်းသည်။ ကျောင်းတိုက်နှင့်သက်ဆိုင်သည့် သော့တွေအားလုံးကို အပ်သည်။ (၁၉၆၇)ခုနှစ်တွင် ကျောင်းတိုက်ကို အုပ်ချုပ်သူဖြစ်လာသည်။ (၁၉၆၈)ခုနှစ်တွင် ကုသိနာရုံသာသနာပိုင်ဝတ္တကမြေတွေအားလုံးနှင့် ကုသိနာရုံကျောင်းပိုင် သာသနိကအဆောက်အဦးတွေကို မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမနှင့် အရှင်ဉာဏိဿရနှစ်ပါးတို့အား ဒွိသန္တကပြုလုပ်၍ အပြီးအပိုင်လွှဲအပ်သည်။ ထိုနေ့သည်ကား (၁၉၇၀)ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့ဖြစ်သည်။

ဆရာတော်ကြီး သက်တော် (၉၇)နှစ်ရောက်သောအခါ ကျန်းမာရေးသိသာစွာ ကျဆင်းလာသည်။ သတိမေ့သည်။ ဆွမ်းဘုဉ်းပေးပြီး အိပ်ပျော်သွားရာမှ နိုးလာသည့်အခါ ငါဆွမ်းမစားရသေး၊ ဆွမ်းကပ်ကြဟု ပြောသည်။ ဆွမ်းဘုဉ်းပေးလျက်မှ ထိုင်လျက်အိပ်ပျော်သွားတတ်သည်။ ကယောင်ကတမ်းတွေပြောသည်။ ငါ့ကို ကုသိနာရုံကို ပို့ပေးပါဟု ပြောတတ်သည်။ မှတ်ဉာဏ်ပုံမှန်မဟုတ်သည့် အခြေအနေဖြစ်လာသည်။ ဒေဝရိယာမှ ခရိုင်ဆရာဝန်ကြီးကို ပင့်ပြီး ကုသသည်။ ဆရာဝန်ကြီးက အိပ်ဆေး၊ အားဆေးတွေပေးသည်။ ဆရာတော်ဘုရားကြီး၏ အခြေအနေသည် မီးစာကုန်ဆီခမ်းအခြေအနေကို ရောက်နေပြီဆိုတာကို သမားတော်ကြီးက သိသည်။ တဖြည်းဖြည်း ချုပ်ငြိမ်းသွားတော့မည်ဆိုတာသိလို့ အိပ်ဆေးတွေပေးခဲ့တာဖြစ်နိုင်သည်။

အရှင်ဉာဏိဿရသည် ဆရာတော်ကြီး၏ အခြေအနေမဟန်တော့ဘူးဆိုတာသိလို့ နေ့ရောညပါ အနီးကပ်စောင့်ကြည့်ပြုစုနေခဲ့သည်။ (၄)ရက် (၅)ရက်မျှ နေ့မအိပ်၊ ညမအိပ် စောင့်ကြည့်ပြုစုနေခဲ့သည်။ ကိုရင်နာယကနှင့် ကျောင်းသားတွေက တစ်လှည့်စောင့်ပေးလို့ ခဏအိပ်ကြည့်သည်။ ဆရာတော်ကြီးကို စိုးရိမ်စိတ်ဖြင့် အိပ်လို့မပျော်ဖြစ်ခဲ့သည်။ ထူးခြားသည့်နိမိတ်တွေကို မြင်ရသည်။ ကောင်းကင်မှ ဥက္ကာပျံလို မီးရှူးမီးပန်းတွေကျလာတာကို မြင်ရသည်။ ကျောင်းရှေ့က ညောင်ပင်ကြီးသည် (၂)နာရီမျှကြာအောင် အသံမြည်နေပြီး ည (၈)နာရီတွင် မိုးမရွာ၊ လေမတိုက်ဘဲ လဲကျသွားပါသည်။ အဲဒီလိုထူးခြားသည့် နိမိတ်တွေပြသည်မှာ (၇-၅-၁၉၇၂)နေ့ညဖြစ်သည်။

(၁၉၇၂)ခု၊ မေလ (၈)ရက်နေ့၊ နံနက် (၉)နာရီ (၄၅)မိနစ်တွင် ဆရာတော်ဘုရားကြီး ဦးစန္ဒြမဏိ ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့ပါသည်။

ဆရာတော်ဘဒ္ဒန္တဉာဏိဿရ (သို့မဟုတ်) ယနေ့ကုသိနာရုံသာသနာ

ကုသိနာရုံသာသနာ (သို့မဟုတ်) ကုသိနာရုံမြန်မာ ကျောင်းကို ပထမဦးစွာ တည်ထောင်တော်မူခဲ့သည့် ဆရာတော်ဘုရားကြီး ဦးစန္ဒြမဏိ ပျံလွန်တော်မူသွားသောအခါ သက်တော်သုံးဆယ်ကျော်မျှသာ ရှိသေးသည့် အတူနေတပည့် အရှင်ဉာဏိဿရသည် ကျောင်းပိုင်၊ ကျောင်းထိုင်ဆရာတော် ဖြစ်လာခဲ့သည်။ လွယ်လွယ်ကူကူ ဖြစ်လာသည်တော့မဟုတ်၊ အတွန်းအတိုက်၊ အလုအယက်တွေဖြစ်မည့်လက္ခဏာတွေ ပေါ်ခဲ့သေးသည်။ ပျံလွန်တော်မူဆရာတော်ဘုရားကြီးက ဒေသဆိုင်ရာဥပဒေနှင့်အညီ အမြော်အမြင်ကြီးစွာဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ထားခဲ့လို့သာ ကျောင်းပိုင်၊ ကျောင်းထိုင်ဖြစ်လာခဲ့တာဖြစ်သည်။

ကုသိနာရုံမြန်မာကျောင်း၏ ရပ်တည်နိုင်မှုနှင့် တိုးတက်ကြီးပွားမှုအတွက် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံများနှင့် ကြုံတွေ့ခဲ့ရသည့် ပြဿနာတွေ၊ အခက်အခဲတွေနှင့် ရင်ဆိုင်ခဲ့ရသည့် အန္တရာယ်တွေအကြောင်းကို လက်ရှိဆရာတော်ကြီး ဦးဉာဏိဿရကိုယ်တိုင် ဟရိဗလ(ကုသိနာရုံ) ကလောင်အမည်ဖြင့် ရေးသားသည့် မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ စာအုပ် (၁/၃)မှာ ဖတ်ရှုနိုင်ပါသည်။ ဒီစာအုပ်တွေကို အရေးကြီးသော မှတ်စုမှတ်တမ်းအဖြစ် မပျောက်ပျက်အောင် ဂရုတစိုက်ထိန်းသိမ်းထားပါသည်။ လိုအပ်ပါက အသစ်ပြန်လည်ပုံနှိပ်ရန် ဆန္ဒရှိပါသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိနေသေးသည့်အတွက် ကုသိနာရုံသာသနာနှင့်ပတ်သက်သည့် သိချင်တာတွေကို မေးလျှောက်ပြီး ဆရာတော်ကြီး အမိန့်ရှိတာတွေကို ရေးမှတ်ထားသည်။ အသံဖမ်းယူထားသည်။ ကုသိနာရုံသာသနာ၏ ယနေ့အခြေအနေများနှင့်ပတ်သက်

ကုသိနာရုံမြန်မာကျောင်းကိုလေ့လာရန် သွားရောက်ခဲ့ကြသည့်အဖွဲ့

သည့် ခိုင်မာသည့်အထောက်အထားတွေအနေဖြင့် ဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ အသံဖိုင်များကို စုဆောင်းပြီး လုံခြုံစွာ ထိန်းသိမ်းထားပြီးဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ သက်တော် (၈၀)ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေမည့် ပတ္တမြားရတုစာစောင်မှာ မျက်နှာဖုံးဆောင်းပါးအဖြစ် ဖော်ပြမည့် (ကုသိနာရုံသာသနာ၏ မနေ့က၊ ယနေ့နှင့်မနက်ဖြန်)ဆောင်းပါးကို ရေးသားပြုစုရန်အတွက် သက်တော် (၈၀)ပြည့် အကြိုမွေးနေ့ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် အထိမ်းအမှတ်စာစောင်ထုတ်ဝေရေးကော်မတီသည် ဆောင်းပါးမှာ ပါဝင်စေလိုသည့်အချက် (၆)ချက်ပါသော ညွှန်ကြားချက်ကို ပေးအပ်၍ စာရေးဆရာသုံးဦးကို အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ဆရာအဏ္ဏဝါစိုးမိုး၊ ဆရာမောင်ရင့်ကျူး (မြောင်းမြ) နှင့် ဆရာတိုးထက်တို့ အိန္ဒိယနိုင်ငံကို သွားရောက်ခဲ့ကြသည်။ ကုသိနာရုံမြန်မာကျောင်း (ကုသိနာရုံသာသနာ)မှာ

သက်ရှိထင်ရှားသာသနာပြုနေဆဲဖြစ်သည့် ဆရာတော်ဘုရားကြီးကို တွေ့ဆုံဦးချကန်တော့ကြပြီး သိချင်တာတွေကို မေးလျှောက်ကြသည်။ သက်တော် (၈၀)ပြည့်မွေးနေ့ပွဲတော ကျင်းပရေးဗဟိုကော်မတီက သိချင်သည့် အချက် (၆)ချက် ပါစာရွက်ကို ဖတ်ပြသည်။ စာရေးဆရာသုံးဦးအဖွဲ့သည် မိမိတို့ဆောင်ရွက်ရမည့် အလုပ်တာဝန်သိသည့်အတွက် မည်ကဲ့သို့ဆောင်ရွက်မည်ကို တင်ပြသည့်အခါ ဆရာတော်ကြီးက သဘောတူခွင့်ပြုပါသည်။

ပတ္တမြားရတုအကြို ပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီက သိချင်သည့်အချက်(၆)ချက်ပါ ညွှန်ကြားလွှာကို ဆရာ အဏ္ဏဝါစိုးမိုးက ဖတ်ကြားလျှောက်ထားစဉ်

“တပည့်တော်တို့သိချင်တဲ့အချက်တွေထဲက နံပါတ် (၁)ကနေ (၄)အထိကို ဆရာတော်ဘုရားကိုယ်တိုင် ရေးခဲ့တဲ့ မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ စာအုပ်ကနေပြီး ကူးယူဖော်ပြချင်ပါတယ်ဘုရား၊ ဖြည့်စွက် မိန့်ကြားချင်တာ ရှိပါသလားဘုရား”

“ရတယ်၊ မရှိဘူး”

“နံပါတ် (၅)နဲ့ (၆)မိန့်တော်မူပါဘုရား၊ တပည့်တော်တို့ ရေးမှတ်ပါ့မယ်”

လေ့လာရေးအဖွဲ့၏ ခေါင်းဆောင်မယ်တော်ကြီး

ဆရာတော်ကြီး၏ မိန့်ကြားချက်များကို အသံဖမ်းယူသူကဖမ်း၊ ရေးမှတ်သူကရေးမှတ်

ရွှေရတုဒေါ်သန်းတင်နှင့် ဘုရားဖူးလိုက်လာသူ ဒေါ်သိန်းနွဲ့တို့ရှေ့မှာ ဆရာတော်ကြီးက စာရေးဆရာသုံးယောက်ကို မိန့်ကြားတာတွေကို လိုက်ရေးကြသည်။

ဆရာတော်ကြီး၏ စကားမြန်ခြင်း၊ အသံတိုးခြင်းနှင့် မလို အပ်တာတွေကို ရှည်လျားစွာ မိန့်ကြားခြင်းတို့ကြောင့် ရေးမှတ်ရာမှာ အခက်အခဲတွေ့ခဲ့သည်။ မယ်တော်ကြီး ဒေါ်သန်းတင်က ကြားဖြတ်ပြီး မကြာခဏ သတိပေးရသည်။

“ဆရာတော် အဲဒါတွေမပြောနဲ့၊ မလိုဘူး၊ တပည့်တော်တို့မှာ အချိန်မရှိဘူး”

စာရေးဆရာတွေ မလျှောက်ရဲတာကို ပြောပေးသည့် မယ်တော်ကြီးဒေါ်သန်းတင်ကို ကျေးဇူးတင်ရသည်။ ဆရာတော်ကြီး၏ စေတနာက သိစေချင်တာတွေ များနေတာဖြစ်သည်။ ဒီဆောင်းပါးမှာ ဆရာတော်ကြီးအမိန့်ရှိတာတွေအားလုံးကို ရေးထည့်လို့မဖြစ်၊ စာမျက်နှာအကန့်အသတ်ရှိပါသည်။ ပတ္တမြားရတုအကြိုပွဲတော် ကျင်းပရေး ဗဟိုကော်မတီက သိချင်သည့်အချက်တွေထဲက နံပါတ် (၅)နှင့် (၆)ကိုသာ အဓိကမေးလျှောက်ပြီး ရေးမှတ်ခဲ့ကြပါသည်။ အသံဖမ်းယူခဲ့ကြပါသည်။

ကုသိနာရုံသာသနာမှ မြန်မာဘုန်းတော်ကြီးကျောင်းနှင့် ဆရာတော်ကြီး ဦးဉာဏိဿရ၏ ယနေ့အခြေအနေနှင့် သာသနာပြုလုပ်ငန်းများကို လေ့လာရန်

သွားရောက်ခဲ့သည့်အဖွဲ့သည် ဆရာတော်ကြီးကိုယ်တိုင် မိန့်ကြားတာတွေကို မှတ်သားခဲ့ကြသည့်အပြင် ကုသိနာရုံ သာသနာနှင့် ပတ်သက်ပြီး ရေးသားထားသည့်စာအုပ်တွေကိုလည်း ဖတ်ရှုကိုးကား ရေးသားကြပါသည်။ ဆရာတော်ကြီး ဦးစန္ဒိမဏိ၏ ထေရုပ္ပတ္တိကို ရေးထားသည့် အင်္ဂလိပ်နှင့် မြန်မာစာအုပ်များ၊ ဆရာတော်ကြီးဦးဉာဏိဿရ ကိုယ်တိုင် ဟရိဗလ (ကုသိနာရုံ)ကလောင်နာမည်ဖြင့် ရေးသားသော မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ (ပ/ဒု)များ၊ ဆရာတော်၏ ကိုရီးယားသို့ ခြောက်ကြိမ်မြောက် သာသနာပြုခရီးမှတ်တမ်းများနှင့် ဒေါက်တာဓမ္မစာရ (နာလန္ဒာတက္ကသိုလ်)ရေးသည့် အိန္ဒိယနိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်းများစာအုပ်တို့ကို ထုတ်နုတ်ရေးသားကြပါသည်။

(၁၉၆၃)ခုနှစ်၊ သက်တော် (၂၇)နှစ်တွင် အိန္ဒိယနိုင်ငံကို ရောက်သည်။ ဟင်ဒီကျောင်းကို ပထမတန်းက စပြီး ကလေးတွေနှင့် အတူတက်သည်။ တစ်နှစ်တစ်တန်း အောင်သည်။ အတန်းတိုင်းမှာ ပထမရသည်။ (၁၉၆၈)ခုနှစ် သက်တော် (၃၂)နှစ်တွင် (၁၀)တန်းစာမေးပွဲအောင်သည်။ (၁၉၇၀)ခုနှစ်၊ သက်တော် (၃၄)နှစ်တွင် (၁၂)တန်းအောင်သည်။ (၁၉၇၃)ခုနှစ်၊ သက်တော် (၃၇)ခုနှစ်တွင် ဂေါ်ရခ်ပူရ်ယူနီဗာစီတီမှ ဘီအေအောင် သည်။ (၁၉၇၅)ခုနှစ်၊ သက်တော် (၃၉)နှစ်တွင် အဆိုပါယူနီဗာစီတီ မှပင် မဟာဝိဇ္ဇာ (သမိုင်း)ဘွဲ့ရ သည်။ (၁၉၇၈)ခုနှစ်၊ သက်တော် (၄၂) တွင် မဟာဝိဇ္ဇာ (ပါဠိ)ဘွဲ့နှင့် ဗြယာဂ်တက္ကသိုလ်မှကျင်းပသော ပါဠိဆာဟိတျရတနာဘွဲ့ကို ရသည်။ ဂေါ်ရခ်ပူယူနီ ဗာစီတီမှ ကျင်းပသော တိဗက်ဘာသာ ဒီပလိုမာ စီနီယာ သင်တန်းတွင် အမှတ်အများဆုံးဖြင့် ပထမရပြီး ရွှေတံဆိပ် ဆု ချီးမြှင့်ခံရသည်။ အဆိုပါတက္ကသိုလ်မှပင် ဥပဒေပညာ အယ်လ်အယ်လ်ဘီဘွဲ့ရသည်။ သက်တော်လေးဆယ်ကျော်မှာ အိန္ဒိယတိုင်းရင်းဆေးပညာဘွဲ့ ဘီအေအမ်အစ်ဘွဲ့ကိုလည်း ရရှိခဲ့သည်။

ဆရာတော်ဘုရားကြီးကို မြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခဲ့သည်။ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ လက္ခနောင်းမှ ဗုဒ္ဓသာသနာပြု အကောင်းဆုံးဆု ချီးမြှင့်ခဲ့သည်။ ကန်နပူရ်မြို့မှလည်း ဗုဒ္ဓသာသနာပြုအကောင်းဆုံးဆု ချီးမြှင့်ခဲ့သည်။ ဘီဟာပြည်နယ် ပညာရေးဝန်ကြီး ဗုဒ္ဓရတန,က ဗုဒ္ဓဝိသာရဒ (ဗုဒ္ဓ၏သားကောင်းရတနာ) ဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ဘီဟာပြည်နယ်၏ ပညာရေးဝန်ကြီး ဝိက္ကဆန္တိနာယကဦးစီး၍ ဘီဟာပြည်နယ်အစိုးရက ဒေါက်တာဘွဲ့ (ပီအိပ်ချ်ဒီ) ဆက်ကပ်ခဲ့သည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံက ဂယာ၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ သင်္ကဿနဂို၊ ဝေသာလီ၊ ပတ္တနား၊ နယူးဒေလီ၊ ဘုံဘေ (မွန်ဘိုင်း)စသော အရပ်များနှင့် နီပေါနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့တွင် ဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားလာအောင် သာသနာပြုလုပ်ငန်းတို့ကို

ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာတော်သာသနာပြုခဲ့သည့် နေရာဒေသအသီးသီးက သာသနာပြုခဲ့ပုံတွေကို အသေးစိပ် ဖော်ပြရမည်ဆိုလျှင် ကျမ်းတစ်စောင်ပေတစ်ဖွဲ့စာအုပ်ကြီး ဖြစ်သွားနိုင်သည်။ ဤဆောင်းပါးတွင် အသေးစိပ်ဖော်ပြ နိုင်ခြင်းမရှိသည်ကို နားလည်ခွင့်လွှတ်စေလိုသည်။ သာသနာ ပြုခာတ်ပုံများကိုသာ ရနိုင်သလောက် ဖော်ပြနိုင်မည်ဖြစ် သည်။ ဆရာတော်ဘုရားနှင့် ပတ်သက်သည့် စာအုပ်၊ စာစောင်မျိုးစုံတို့တွင် ဆရာတော်ဘုရားကြီး၏ သာသနာ ပြုလုပ်ငန်းတွေကို မှတ်တမ်းတင်ထားပြီးဖြစ်လို့ ဤ ဆောင်းပါးတွင် ထပ်မံမဖော်ပြနိုင်သည်ကိုလည်း နားလည် ပေးစေလိုပါသည်။

အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးအဖြစ် တာဝန် ပေးအပ်ခြင်းခံရ၍ သွားရောက်ခဲ့ကြသည့် အဖွဲ့ဝင်တို့သည် ကုသိနာရုံမြန်မာကျောင်းဆရာတော်ဘုရားကြီး ပိုင်ဆိုင် အုပ်ချုပ်နေသော မြန်မာကျောင်းများ၊ ဆုံးရှုံးသွားသော မြန်မာကျောင်းများအကြောင်းနှင့် ကုသိနာရုံသာသနာ၏ အနာဂတ်မှာ ဖြစ်လာနိုင်သည့်အခြေအနေများကို အဓိက ထားပြီး လေ့လာရန် သွားရောက်ခဲ့ကြတာဖြစ်သည်။ ဒီ အကြောင်းကို ဆရာတော်ကြီးအား တင်ပြလျှောက်ထားရာမှာ ဆရာတော်ကြီးကိုယ်တိုင် ပြောကြားခဲ့သည့် စကားများကို ရေးမှတ်ထားရာမှလည်းကောင်း၊ အသံဖမ်းယူထားသည့် အသံဖိုင်မှလည်းကောင်း ပြန်လည်ကူးယူဖော်ပြလိုက်ပါသည်။

ကုသိနာရုံမြန်မာကျောင်းဆရာတော်ကြီး ပိုင်ဆိုင်သောကျောင်းများ

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသရှိ ကုသိနာရုံဆရာတော် ကြီးပိုင်ဆိုင်သော မြန်မာကျောင်းများအနက် ပထမကျောင်း သည် ကုသိနာရုံမြန်မာကျောင်းဖြစ်သည်။ ကျောင်းဆောက် လုပ်ရန် မြေလှူခဲ့သူသည် ရှရီခီဇာရီဘာဘူ (ခ)ရခိုင်ပွဲစားကြီး ဦးရှီဇားချီပင်ဖြစ်သည်။ (၁၈၇၆)ခုနှစ်မှာ ကျောင်းမြေနှင့် မူလကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်ဟု ကမ္ပည်း ထိုးပြီး ရုပ်ထုထုလုပ်ထားတာတွေ့ရသည်။ ကုသိနာရုံမြန်မာ

ဗာရာဏသီက ဆီဂရားကျောင်း



ဆီဂရားကျောင်းကို အဝကျွန်းကျောင်းဟုလည်း ခေါ်ကြသည်၊ အဝကျွန်းကျောင်းဟု ရေးထားသည့် ဖောင်းကြွစာလုံးကို မြင်နိုင်သည်။

ကျောင်း၏ မူလပထမဆရာတော်ကြီး ဦးစန္ဒြမဏိကို လှူဒါန်း ခဲ့တာဖြစ်သည်။ (၁၉၇၀)ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့တွင် ဆရာတော်ကြီးဦးစန္ဒြမဏိက ဆရာတော်ဦးဉာဏိဿရနှင့် ဦးကိတ္တိမတို့ကို တရားဝင်လွှဲပြောင်းအပ်နှံခဲ့သည့် ကျောင်း ဖြစ်သည်။ ဆရာတော်ကြီး ဦးစန္ဒြမဏိသည် (၁၉၇၂)ခုနှစ်၊ မေလ (၈)ရက်နေ့တွင် ဘဝ နတ်ထံပျံလွန်တော်မူခဲ့သည်။ ကျောင်းကို လွှဲပြောင်းပေးအပ်စဉ်က သက်သေအဖြစ် သူဌေးကြီး သီရိဆန်ကာရီပရာ ဆတ်ကျောက်ဘဲနှင့် မြေတိုင်း စာရေး ရာမ်ရုပ်ယာဒစ်ကို ရှေ့မှောက်တွင် လွှဲအပ်ခဲ့သည်။

ဆရာတော်ဘုရားကြီး ပိုင်ဆိုင်အုပ်ချုပ်နေသော ဒုတိယကျောင်းသည် ဗာရာဏသီကျောင်းဖြစ်သည်။ မူလကျောင်းထိုင်ဆရာတော် ဦးကိတ္တိ ပျံလွန်တော်မမူမီ ဗုဒ္ဓဝင် ဦးစိန်တင်နှင့် ဆရီနာရာဆင်းတို့နှစ်ဦး၏ ရှေ့မှောက်တွင် ကုသိနာရုံမြန်မာကျောင်းဆရာတော်ဘုရားကြီးကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆရာတော်ဘုရားပိုင်ဆိုင်အုပ်ချုပ်နေသော တတိယကျောင်းမှာ ဗာရာဏသီမြို့က ဆီးဂရားကျောင်းဖြစ်သည်။ ဆီဂရားကျောင်းနာမည်အပြင် အဝကျွန်းကျောင်း၊ ဆာဦးသွင်ကျောင်းဟုလည်း ခေါ်ကြသည့်ကျောင်းဖြစ်သည်။ မူလကျောင်းဟောင်း၏ နဖူးစည်းမှာ အဝကျွန်းကျောင်းဟု မြန်မာဘာသာဖြင့် ဖောင်းကြွစာလုံး ရေးထိုးထားသည်။ မြန်မာစာလုံး၏အောက်မှာ ဟင်ဒီဘာသာဖြင့် စာတန်းတစ်တန်းရေးထားသည်။ ဟင်ဒီစာတန်းအောက်မှာ ရေးထားသည့် အင်္ဂလိပ်စာတန်းကိုမူ ထုံးဖြူအထပ်ထပ်ဖုံးသုတ်ထားသဖြင့် ဖတ်လို့မရဖြစ်နေသည်။ (၁၉၄၈)ဆိုသည့် ကျောင်းဆောက်သည့်ခုနှစ်ကိုသာ ထင်ထင်ရှားရှား မြင်ခဲ့ရသည်။ အဲဒီကျောင်းဟောင်းမှာပဲ ဆရာတော်ဘုရားကြီး၏ တူအရင်းဖြစ်သူ ဦးဇင်းခေါင်းကြီးလို့ ချစ်စနိုးခေါ်ကြသည့် ဦးဇင်း ဦးသောဘဏ သီတင်းသုံးနေသည်။

သူဌေးကြီးဆာဦးသွင်ကျောင်း

ဆီးဂရားကျောင်းခေါ် အဝကျွန်းကျောင်းနှင့် ကပ်လျက်မှာ ကျောင်းကြီးတစ်ဆောင်ရှိသည်။ ဆာဦးသွင်ကျောင်းဟု ခေါ်ကြသည်။ ရန်ကုန်မြို့နေသူဌေးကြီး ဆာဦးသွင်နှင့် ဇနီး ဒေါ်ဒေါ်သိန်းတို့က (၁၉၅၈)ခုနှစ်မှာ ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းကြီးဖြစ်သည်။ မြန်မာဗိသုကာဦးခက ပုံစံရေးဆွဲပြီး အိန္ဒိယနိုင်ငံက ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ ကန်ထရိုက်တာ မဟန့်သ်ဆင်းနှင့် သားများကုမ္ပဏီက ဆောက်လုပ်ခဲ့သည့် ကျောင်းကြီးဖြစ်သည်။ သူဌေးကြီးဆာဦးသွင်မိသားစုက သာသနာတော် (၂၅၀၀)ပြည့် အထိမ်းအမှတ် အဖြစ် လှူဒါန်းခဲ့သည့် ကျောင်းကြီးဟု သိရသည်။ ဆီးဂရားကျောင်းဝင်းအတွင်းရှိ သာသနိကအဆောက်အဦးများအားလုံးကို ဆရာတော် ဦးကိတ္တိမက ဆရာတော်ကြီး ဦးဉာဏိဿရကို (၁၉၈၇)ခုနှစ် ဧပြီလ (၂၀)ရက်နေ့မှာ တရားဝင်လွှဲအပ်လှူဒါန်းခဲ့ပါသည်။ ဆရာတော်ကြီး၏ တူသား ဦးပဥ္စင်း ဦးသောဘဏက စောင့်ရှောက်နေပါသည်။

ဆရာတော်ဘုရားကြီး ဦးဉာဏိဿရပိုင်ဆိုင်အုပ်ချုပ်သော စတုတ္ထကျောင်းသည် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံနယ်စပ်အနီးမှာရှိသည့် ဆိုနောက်လီမြန်မာဘုန်းတော်ကြီးကျောင်းဖြစ်သည်။ ဟိန္ဒူဗုဒ္ဓဘာသာဝင်ဆာဒူးကြီး ဘေးကျူးတပ်စ်ဆိုသူက သူပိုင်မြေကို ဆရာတော်ကို လှူဒါန်းခဲ့တာဖြစ်သည်။ ဆရာတော်က ဆာဒူးကြီး ဘေကျူးတပ်စ်ကို ကိုရင်ကြီးဝတ်ပေးပြီး ဆိုနောက်လီကျောင်းကို စောင့်ရှောက်စေခဲ့သည်။ ကျောင်းအမည်ကိုလည်း ကျေးဇူးရှင်ဆရာတော်ကြီးကို ဂုဏ်ပြုသည့်အနေဖြင့် ဦးစန္ဒိမဏိကျောင်းဟု အမည်ပေးခဲ့သည်။ ဆာဒူးကိုရင်ကြီး ပျံလွန်တော်မူခဲ့ပြီဖြစ်သည်။ ကုသိနာရုံဆရာတော်ကြီး၏ တပည့်တွေဖြစ်သည့် ဦးဓမ္မသာဂရ၊ ဦးအဂ္ဂဓမ္မ၊ ဦးသြဘာသတို့ အဆက်ဆက်အုပ်ချုပ်ခဲ့ကြပြီး၊ ယခုအခါမှာတော့ ဆရာတော် ဦးယသ အုပ်ချုပ်နေပါသည်။ နီပေါနိုင်ငံမှ သံဝေဇနီယလေးဌာနကို လာကြမည့် ဘုရားဖူးဧည့်သည်များ တည်းခို

အိန္ဒိယနိုင်ငံနယ်စပ်ရှိ
ဆိုနောလီမြန်မာကျောင်း

နိုင်ရန်အတွက် သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ် ထားပြီးဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး ပိုင်ဆိုင်အုပ်ချုပ်နေသော ပဌမကျောင်းသည် နာဂပူရ်မြန်မာဘုန်းတော်ကြီးကျောင်းဖြစ်သည့် အိန္ဒိယနိုင်ငံ၊ မဟာရဋ္ဌပြည်နယ်က ဒုတိယမြို့တော်ဖြစ်သော နာဂပူရ်မြို့တွင် တည်ရှိပါသည်။ အင်္ဂလိမာလ ဇာတ်ကားတွင်း ဇာတ်ဝင်တေးသီချင်းများကို သီဆိုခဲ့သည့် နိုင်ငံကျော်အဆိုတော် အော်ပရာဂရေးက လယ်မြေတွေကို ဝယ်ယူလှူဒါန်းခဲ့သည့် ကျောင်းမြေဖြစ်သည်။ မြေအလှူ့ ဒါယကာ အော်ပရာဂရေး မြေဝယ်ခဲ့စဉ်က တစ်ကတ္တားကို ရူပီး (၄၀၀)ပေးပြီး ဝယ်ယူလှူဒါန်းခဲ့တာဖြစ်သည်။ တစ်ကေ (ပေ-၂၀၀)ပတ်လည်တွင် (၂၅)ကတ္တားရှိသည်။ အလှူ့ ဒါယကာ အော်ပရာဂရေးသည် လယ်မြေတစ်ကေကို ရူပီး

နီပေါနိုင်ငံလုမ္ဗိနီရှိ
မြန်မာရွှေကျောင်းတော်

မြန်မာရွှေကျောင်းတွင်
သီတင်းသုံးနေထိုင်ကြသည့်
ဆရာတော်နှစ်ပါး

တစ်သောင်းပေးပြီး၊ လယ်မြေ (၁၂)ကေ ဝယ်ယူလှူဒါန်းခဲ့တာဖြစ်သည်။ ကျောင်းမြေ (၁၂)ကေ၏ တန်ဖိုး ရူပီး တစ်သိန်းနှစ်သောင်းဖြစ်သည်။ သူ့ခေတ်သူ့အခါကမူ အလွန်များပြားကြီးမားသည့် စေတနာဖြစ်သည်။

နာဂပူရ်ကျောင်းမြေ၏ ယနေ့တန်ဖိုးသည် တစ်ကေ ရူပီးသိန်းငါးရာခန့် တန်နေပါသည်။ ကျောင်းမြေအားလုံး၏တန်ဖိုးသည် ရူပီးသိန်းခြောက်ထောင် (အမေရိကန်ဒေါ်လာသိန်းတစ်ရာ)ခန့် တန်နေပါသည်။ ကျောင်းမြေပေါ်တွင် ကျောင်းကြီးတစ်ဆောင်နှင့် နှစ်ထပ်သိမ်ကျောင်းတစ်ဆောင် ဆောက်လုပ်ထားပြီးဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြသည့် ဦးဇင်းဦးရက္ခိတဓမ္မ၊ ဦးရာဇိန္ဒနှင့် ဦးနန္ဒိယတို့ သီတင်းသုံးနေကြပါသည်။

အိန္ဒိယနိုင်ငံမှာ ဆုံးရှုံးသွားသော မြန်မာကျောင်းများ

ဆရာတော်ကြီး သက်တော် (၈၀)မွေးနေ့ပွဲတော် ကျင်းပရေးဗဟိုကော်မတီနှင့် အထိမ်းအမှတ်စာအုပ်ထုတ်ဝေရေးကော်မတီက ညွှန်ကြားလိုက်သည့် ညွှန်ကြားချက်နံပါတ် (၆)ဖြစ်သည့် ကုသိနာရုံဆရာတော်ကြီး ပိုင်ဆိုင်အုပ်ချုပ်ခွင့်ရှိသော ကျောင်းများအကြောင်းကို ဆရာတော်

ဗဟိုကော်မတီ၏ တာဝန်ပေးချက်အရ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးသွားခဲ့ကြသည့် ဆရာအဏ္ဏဝါစိုးမိုးနှင့် ဖနီးဒေါ်သိန်းနွဲ့၊ ဆရာတိုးထက်၊ ဆရာမောင်ရင့်ကျူး(မြောင်းမြ)နှင့် မယ်တော်ကြီး ရွှေရတုဒေါ်သန်းတင်သို့ နီပေါနိုင်ငံအသွား လမ်းတွင် ခေတ္တနားကြသည်။

ကြီး မိန့်ကြားသည့်အတိုင်း မှတ်သား၍ တင်ပြခဲ့ပြီးဖြစ်သည်။ နံပါတ် (၅)ဖြစ်သည့် မြန်မာရဟန်းတော်များပိုင်ဘုန်းတော်ကြီးကျောင်းများနှင့် ဆုံးရှုံးပျောက်ကွယ်သွားသောကျောင်းများကိုလည်း မှတ်တမ်းတင်ခဲ့ရန်ဆိုသည့်ကိစ္စမှာ လေ့လာရေးခရီးအချိန်တိုတောင်းခြင်းကြောင့် အိန္ဒိယနိုင်ငံရှိ မြန်မာရဟန်းတော်များပိုင် ဘုန်းကြီးကျောင်းတွေအားလုံးကို မရောက်နိုင်၊ မသိခဲ့ဖြစ်ခဲ့ရပါသည်။ ဩစတြေးလျနိုင်ငံမှာ သီတင်းသုံးနေသော ဒေါက်တာဓမ္မစာရ (နာလန္ဒာတက္ကသိုလ်)ရေးသားသည့် အိန္ဒိယနိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်းများစာအုပ်မှာ ပြည့်စုံစွာ ဖော်ပြထားတာတွေ့ရပါသည်။

အိန္ဒိယနိုင်ငံမှာ ဆုံးရှုံးသွာသည့် မြန်မာဘုန်းကြီးကျောင်းများကိုသာ ဆရာတော်ကြီး မိန့်တော်မူသည့်အတိုင်း ဖော်ပြပါမည်။ ပထမဆုံးရှုံးသွားသည့်ကျောင်းသည် ကာလကတ္တားမြို့ ဓညဝတီကျောင်းဟုခေါ်သည့် မြန်မာကျောင်းဖြစ်သည်။ ဒုတိယဆုံးရှုံးသွားသောကျောင်းသည် လက်ခနောင်းမြို့ ဂေါတမဗုဒ္ဓလမ်းတွင်ရှိသည့် ဂေါတမဗုဒ္ဓကျောင်းဖြစ်သည်။ (၁၉၃၅)ခုနှစ်က ဆရာတော်ရှင်အာဒိစ္စဝံသသည် တပည့်ရဟန်းသုံးပါးနှင့်အတူ သီတင်းသုံးနေခဲ့ဖူးသည့်ကျောင်းဖြစ်သည်။ တတိယဆုံးရှုံးသွားသောကျောင်းမှာ (၁၉၃၆)ခုနှစ်မှ (၁၉၄၀)ခုနှစ်ခန့်အထိ ဂယာတွင် ရခိုင်ဆရာတော် ဦးဇောတိက တည်ထောင်ခဲ့ဖူးသည့်ကျောင်းဖြစ်သည်။

စတုတ္ထဆုံးရှုံးသွားသောကျောင်းမှာ ဘာရမ္ဗူ

ကျောင်းဟု ခေါ်ခဲ့ကြသည့် ဝရသမ္ဘောဓိကျောင်းဖြစ်သည်။ စစ်သားလူထွက်တစ်ယောက်က ရဟန်းဝတ်ပြီး ဦးအာစာရ ဘွဲ့ဖြင့် ကျောင်းထိုင်ခဲ့သေးသည်။ ဦးပညာဝံသ၊ ဦးဝဇီရ ဗုဒ္ဓိနှင့် ဦးရေဝတ (ဗာရာဏသီ)တို့ ကျောင်းမြေများကို ခွဲဝေယူခဲ့ကြသဖြင့် ကျောင်းပျက်ခဲ့ရသည်။ ပဉ္စမကျောင်းသည် သာဝတ္ထိမှာရှိသည့် မြန်မာကျောင်းဖြစ်သည်။ မူလကျောင်း ထိုင်ဆရာတော် ဦးမဟိန္ဒက ဦးကလျာဏကို လွှဲအပ်ခဲ့သည်။ ဦးကလျာဏက လူထွက်ပြီး အိမ်ထောင်ပြုသည့်အတွက် ဘုန်းကြီးကျောင်းဘဝမှ ဒေသဥပဒေအရ အိမ်ဖြစ်သွားခဲ့ သည်။ ဦးကလျာဏ၏ သားသမီးများက သိမ်းပိုက်လိုက် သည်။ ဆရာတော်ဦးသြဘာသက ဝင်ရောက်ထိန်းသိမ်းသော အခါ ပြဿနာဖြစ်လာသည့်အတွက် အိန္ဒိယရှေးဟောင်း ဌာန၏ သိမ်းယူခြင်း ခံလိုက်ရသည်။

ဆဋ္ဌမဆုံးရှုံးသွားသောကျောင်းမှာ နောင်ခါးဘူတာ ရုံအနီးရှိ နောင်ခါးကျောင်းဖြစ်သည်။ နောင်ခါးကျောင်းကို အစွဲပြု၍ အိန္ဒိယနိုင်ငံက နောင်ခါးဘူတာရုံ၏နာမည်ကို မြန်မာဘာသာဖြင့် ရေးထားခဲ့ဖူးသည်။ နောင်ခါးဘူတာရုံ အနီးအနားရှိ ရပ်ကွက်နေပြည်သူတွေနှင့် ဘူတာရုံမိသား စုက ကူညီခဲ့သဖြင့် (၁၉၅၄–၅၆)ခုနှစ်တို့မှာ ဆရာတော် ဦးသုနန္ဒက စတင် တည်ထောင်ခဲ့ သည့် ကျောင်းဖြစ် သည်။ နောင်အခါ တွင် ဆရာတော် ဦးနန္ဒဝံသက ဆက်ခံသီတင်းသုံး ခဲ့သည်။ ဦးနန္ဒဝံသ ပျံလွန်တော် မူသည့်အခါ ဆက်ခံမည့် မြန်မာရဟန်းမရှိတော့သဖြင့် အဆောက်အဦးသည် ကုလားတွေ လက်ထဲရောက်ပြီး ဆုံးရှုံးသွားတော့သည်။

ရာဇဂြိုဟ်မြို့ရှိ ကိုကျော်မြကျောင်းမုခ်ဦးတွင် အမှတ်တရ

ကိုကျော်မြကျောင်းတွင် ဆရာမောင်ရင့်ကျူး(မြောင်းမြ) ဆရာအဏ္ဏဝါစိုးမိုး၊ ကိုကျော်မြနှင့် ဆရာတိုးထက်

သတ္တမဆုံးရှုံးသွားသည့်ကျောင်းသည် ဗာရာဏသီ မြို့က ဘူတာကြီးအနီးမှာရှိသည့် ဆေးဝက်ဘာကျောင်း ဖြစ်သည်။ ဆရာတော်ဦးနန္ဒဝံသနှင့် ဦးရေဝတတို့ သီတင်းသုံးခဲ့ကြသည်။ ဆရာတော် ဦးရေဝတ အင်္ဂလန်နိုင်ငံကို ကြွသွားပြီးး အင်္ဂလန်မှာပင် သီတင်းသုံးနေထိုင်တော့သည်။ နောက်ဆုံး ကျောင်းထိုင် ဆရာ တော်က ဦးဂမ္ဘီရဗုဒ္ဓိ ပျံလွန် တော်မူသွားသောအခါ ဦးဂမ္ဘီရဗုဒ္ဓိနှင့်

ဘယ်လိုတော်စပ်ပြီး ပတ်သက် မှန်းမသိရသည့် ကျောင်းဆရာမလက်ချမီးဆိုသူက အပိုင်ယူလိုက်သည့်အတွက် ဘုန်းကြီးကျောင်းအဖြစ်မှ အိမ်ဖြစ်သွားတော့သည်။

အဌမကျောင်းကတော့ ဆိုးရွားသည်ဟု ပြောလို့လည်းမရ၊ မဆိုးရွားဘူးဟု ပြောရမှာလည်းခက်သည့် မြန်မာကျောင်းဖြစ်သည်။ ရာဇဂြိုဟ်မြို့က ကိုကျော်မြပိုင်မြန်မာကျောင်းဖြစ်သည်။ မူလဆရာတော်ကြီး ဘဒ္ဒန္တဇယန္တ ပျံလွန်တော်မူသွားသည့်အခါ ဆရာတော်ကြီး၏တူအရင်း လူပုဂ္ဂိုလ်ကိုကျော်မြက အိန္ဒိယဥပဒေအရ အပိုင်ရလိုက်သည်။ အိန္ဒိယနိုင်ငံမှာ သာသနာရေးဌာနလည်းမရှိ၊ သံဃနာယကအဖွဲ့ဆိုတာလည်းမရှိသည့်အတွက် ကျောင်းထိုင်ဆရာတော်ပျံလွန်တော်မူလျှင် ဆရာတော်၏ အမွေစားအမွေခံလူပုဂ္ဂိုလ်က အပိုင်ရပြီး ကျောင်းဘဝမှ အိမ်၊ တည်းခိုခန်း၊ ဟိုတယ်စသည်ဖြစ်သွားတော့သည်။

ရာဇဂြိုဟ်ကျောင်းပိုင်ရှင် ကိုကျော်မြကတော့ မြန်မာဘုန်းတော်ကြီးကျောင်းအမည်ဖြင့်ပင် ထားရှိပြီး မိသားစုနေထိုင်သည်။ ရဟန်းငယ်သုံးပါးရှိသည်ဟု ပြောသည်။ မတွေ့ခဲ့ရပါ။ ဘုရားဖူးများလာလျှင် တည်းခိုနိုင်ရန် အခန်းများအား တိုးချဲ့တည်ဆောက်နေသည်ကို တွေ့ရခဲ့ရပါသည်။

ကုသိနာရုံဆရာတော်ကြီး သက်တော် (၈၀)မွေးနေ့ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် အထိမ်းအမှတ်စာအုပ်ထုတ်ဝေရေးကော်မတီ၏ ကုသိနာရုံသာသနာလေ့လာရေးခရီးအတွက် ညွှန်ကြားချက် နံပါတ် (၅)တွင် အလားတူဆိုးရွားမှုများ နောင်မဖြစ်အောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်မလဲ၊ လေ့လာမှတ်တမ်းတင်ရန်ဟု ပါရှိသည်။ မြင်တွေ့သိရှိခဲ့သည်များကို လေ့လာသုံးသပ်၍ အောက်ပါအတိုင်း မှတ်ချက်ပြုတင်ပြပါသည်။

အိန္ဒိယနိုင်ငံမှာဖြစ်သဖြင့် အိန္ဒိယဥပဒေကြောင့် အခုကဲ့သို့ ဖြစ်ရတာကိုလည်း တွေ့ရသည်။ မြန်မာဘုန်းတော်ကြီးကျောင်းများမှာ အိန္ဒိယနိုင်ငံသားထားသည့် မြန်မာရဟန်းတော်အလွန်နည်းနေသည့်အတွက်ကြောင့်လည်း အခုလိုဖြစ်ရသည်ဟု သုံးသပ်မိသည်။ အိန္ဒိယနိုင်ငံကို သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် လာရောက်ကြသည့် မြန်မာရဟန်းတော်များသည် ဒုက္ခအမျိုးမျိုးကို ရေရှည်ကြံ့ကြံ့ခံနိုင်စွမ်းမရှိသဖြင့် ဒီလိုဖြစ်ရတာကိုလည်း တွေ့ရသည်။ မြန်မာရဟန်းပျိုများသည် အိန္ဒိယနိုင်ငံကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ရောက်လာကြပြီး ဟင်ဒီဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနားလည်၊ ရေးဖတ်နိုင်သည့်အခါ မြေဝယ်ပြီး ကျောင်းခွဲထောင်သည့်အလေ့ကြောင့်လည်း ဖြစ်နေရသည်ဟု သုံးသပ်မိပါသည်။ ကုသိနာရုံဆရာတော်ဘုရားကြီးနှင့် ဂယာဆရာတော်ဘုရားကြီးတို့လို သက်ကြီးရွယ်အိုဆရာတော်ဘုရားကြီးများ၏ ခြေတော်ရင်းမှာ အိန္ဒိယနိုင်ငံသားအဖြစ် ခံယူပြီး အိန္ဒိယနိုင်ငံ၏ ဥပဒေနှင့်အညီ အမွေစားအမွေခံအဖြစ်ဖြင့် မနေကြဘဲ သီးခြားကျောင်းခွဲဆောက်နေကြသဖြင့် ယခုလိုဖြစ်ရသည်ဟုလည်း သုံးသပ်မိပါသည်။ သက်ကြီးရွယ်အိုဆရာတော်ဘုရားကြီးများ သီတင်းသုံးနေကြသည့်ကျောင်းများမှာ အိန္ဒိယနိုင်ငံသား ခံယူထားသည့်ခန်းနေရဟန်းသံဃာအလွန်နည်းနေခြင်းသည် အိန္ဒိယရှိ မြန်မာဘုန်းကြီးကျောင်းများ ဆိုးရွားရဦးမည့် အခြေခံအကြောင်းရင်းဖြစ်နေတာကို တွေ့ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံမြေပေါ်မှာရှိသည့် မည်သည့်အဆောက်အဦးမဆို အိန္ဒိယဥပဒေအရ ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်ဆိုသည့် ဥပဒေသဘောကို နားလည်ပြီး သာသနာပြုကြမှသာလျှင် မြန်မာကျောင်းများ၏ အနာဂတ်စိတ်ချရမည်။ သက်တမ်းရှည်မည်ဟု သုံးသပ်မိပါသည်။

ကုသိနာရုံသာသနာ၏ မနက်ဖြန်

ကုသိနာရုံသာသနာ (သို့မဟုတ်) ကုသိနာရုံမြန်မာကျောင်း၏ မနေ့ကနှင့် ယနေ့အကြောင်းတို့ကို အထိုက်အလျောက် ဖော်ပြခဲ့ပြီးဟု ယုံကြည်ပါသည်။ ကုသိနာရုံသာသနာ၏ မနက်ဖြန် (သို့မဟုတ်) အနာဂတ်မှာ ဘာတွေ

ဖြစ်လာနိုင်သလဲ၊ ဘယ်လိုဖြစ်နိုင်သလဲဆိုသည်ကို သုံးသပ်ဖော်ပြရန်သာ ကျန်ပါသည်။ ကုသိနာရုံသာသနာ (သို့မဟုတ်) ကုသိနာရုံမြန်မာကျောင်း၏ မနက်ဖြန်အကြောင်းကို မဖော်ပြမီ မနေ့ကနှင့် ယနေ့အကြောင်းတွေမှာ ဖြည့်စွက်တင်ပြစရာကျန်တာတွေကို ဖြည့်စွက်တင်ပြချင်ပါသည်။

(၄-၈-၂၀၁၅)နေ့က ကုသိနာရုံဆရာတော်ဘုရားကြီး မြန်မာပြည်ကို ကြွလာခိုက်မှာ သိချင်တာတွေကို မေးလျှောက်ခွင့်ရလိုက်ပါသည်။ ဆရာတော်ဘုရားကြီး၏ မွေးသက္ကရာဇ်အမှန်သည် (၁၂၉၈)ခု၊ တန်ဆောင်မုန်းလဆုတ် (၁၃)ရက်၊ အင်္ဂါနေ့ဖြစ်သည်။ ခရာဇ်နှစ် (၁၉၃၆)ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်ဖြစ်သည်။

ဆရာတော်ကြီးသည် မွေးချင်းလေးယောက်အနက် အကြီးဆုံးဖြစ်သည်။ ညီမဒေါ်နုစိန်၊ ညီ ဦးထွန်းမြနှင့် ဦးထွေးဖြူတို့ ရှိသည်။ မွေးချင်းဘယ်နှစ်ယောက်ရှိတယ်ဆိုတာကို ဆရာတော်ကြီးကိုယ်တိုင်ရေးသည့် အတ္ထုပ္ပတ္တိမှာပင် မပါသည့်အတွက် ဆရာတော်ကြီးကို မေးလျှောက်၍ သိလိုက်ရခြင်းဖြစ်ပါသည်။

ကုသိနာရုံမြန်မာကျောင်းဝင်းအတွင်းရှိ မဟာသုခံဒဒချမ်းသာကြီးစေတီတော်

ကုသိနာရုံမြန်မာကျောင်းဝင်းထဲမှာ ဆရာတော်ကြီး ဦးစန္ဒိမဏိလက်ထက် ဆောက်လုပ်ခဲ့သည့် ကျောင်းဟောင်းများအပြင် ဆရာတော်ကြီး ဦးဉာဏိဿရလက်ထက်မှာ ဆောက်လုပ်သည့် ကျောင်းဆောင်သစ်တွေ၊ ဘုရားဖူးဧည့်ခန်းဆောင်တွေ တိုးများနေတာ တွေ့ခဲ့ရသည်။ ဆောက်လက်စလေးထပ်ကျောင်းဆောင်ကြီးကလည်း အချောသပ်နေပြီဖြစ်သည်။ ရွှေတိဂုံစေတီတော်ပုံတူတည်ထားသည့် မဟာသုခံဒဒချမ်းသာကြီးစေတီကြီးကိုလည်း ဖူးတွေ့ခဲ့ရပါသည်။

ကုသိနာရုံဆရာတော်ကြီး ဦးဉာဏိဿရ၏ သက်တော် (၈၀)မွေးနေ့ပူဇော်ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် အထိမ်းအမှတ်စာအုပ်ထုတ်ဝေရေးကော်မတီ၏ တာဝန်ပေးချက်အရ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် စာရေးဆရာသုံးဦးတို့၏ အဓိကအကျဆုံးနှင့် အသိချင်ဆုံးအကြောင်းအရာသည် ကုသိနာရုံသာသနာ၏ မနက်ဖြန်အကြောင်းဖြစ်သည်။ အနာဂတ်အခြေအနေဖြစ်သည်။ ရှင်းအောင်ပြောရလျှင် လက်ရှိကျောင်းထိုင်ဆရာတော်ကြီး ဦးဉာဏိဿရပျံလွန်တော်မူသွားပါက ကုသိနာရုံမြန်မာကျောင်းကို ဘယ်ပုဂ္ဂိုလ်က ဆက်လက်ပြီး တာဝန်ယူထိန်းသိမ်းစောင့်ရှောက်မလဲဆိုသည်ကိုသိချင်သည့်အတွက် သွားရောက်ခဲ့ကြတာဖြစ်သည်။

(၂၄-၇-၂၀၁၅)နေ့ နံနက်မှာ ကုသိနာရုံမြန်မာကျောင်းမှ ပြန်လည်ထွက်ခွာကြတော့မည်ဖြစ်သဖြင့် ဆရာတော်ကို နှုတ်ဆက်ကြသည်။ လေ့လာရေးခရီး၏ အဓိကအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည့်မေးခွန်းကို မေးလျှောက်ကြသည်။

"တပည့်တော်တို့သိချင်တာကို ဆရာတော် ဖြေကြားပြီးဖြစ်ပါတယ်။ အသံဖမ်းယူထားပြီးလည်းဖြစ်ပါတယ်ဘုရား၊ ပို၍သေချာအောင် ထပ်မံလျှောက်ထားချင်ပါတယ်ဘုရား၊ ဆရာတော်ဘုရား ပျံလွန်တော်မူပြီးရင် ကုသိနာရုံမြန်မာကျောင်းကို တာဝန်ယူထိန်းသိမ်း

စောင့်ရှောက်ဖို့အတွက် ကြိုတင်စီစဉ်ပြီးပါပြီလားဘုရား''

''စီစဉ်ထားပြီးပါပြီ၊ မစိုးရိမ်ပါနဲ့ ဒကာကြီးတို့၊ မြန်မာပြည်မှာနေလို့ မြန်မာလိုမတွေးနဲ့၊ အိန္ဒိယနိုင်ငံမှာ နေတဲ့အတွက် သူ့တို့ ဥပဒေနဲ့အညီ ဆောင်ရွက်ရတယ်၊ အားလုံး စီစဉ်ထားပြီးပါပြီ မစိုးရိမ်ပါနဲ့''

''ကုသိနာရုံသာသနာရဲ့အနာဂတ်အတွက် ပူစရာမလို၊ ဆရာတော်အားလုံး စီစဉ်ထားပြီးပြီ ဟုတ်ပါသလားဘုရား''

''ဟုတ်တယ်၊ စီစဉ်ထားပြီးပြီ''

ကျွန်တော်တို့အဖွဲ့ဝင်များအားလုံး သာဓုခေါ်ဆိုလိုက်ကြပါသည်။ ကျွန်တော်တို့၏ ကုသိနာရုံသာသနာ၏ မနေ့က၊ ယနေ့နှင့်မနက်ဖြန်အကြောင်း လေ့လာရေးခရီးစဉ်ပြီးဆုံးပြီဖြစ်၍ နံနက် (၉)နာရီ (၁၅)မိနစ်တွင် ကုသိနာရုံမြန်မာကျောင်းမှ ဆရာတော်ကြီးကို ဦးချကန်တော့ပြီ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။

နိဂုံး (သို့မဟုတ်) တာဝန်ပြီးဆုံးခြင်း

၂၄-၇-၂၀၁၅ နေ့မှာ
ကုသိနာရုံမြန်မာကျောင်းမှ ပြန်ခဲ့ကြသည်။

ပေးအပ်လိုက်သည့်တာဝန်များကို ကျေပြွန်စွာဆောင်ရွက်ခဲ့ပြီးဖြစ်လို့ ကုသိနာရုံမြန်မာကျောင်းမှ ပြန်ခဲ့ကြသည်။ (၂-၇-၂၀၁၅)နေ့၊ ညနေ (၃)နာရီမှာ မိဂဒါဝုန်မြန်မာကျောင်းကို ရောက်သည်။ ညနေ (၅)နာရီတွင် ဆီးဂရားကျောင်းလို့ခေါ်သည့် ဗာရာဏသီမြို့က အဝင်ကျွန်းကျောင်းကို ရောက်ပြီး ညအိပ်ကြသည်။ ဆာဦးသွင်ကျောင်းလို့လည်း ခေါ်သည်။ ကုသိနာရုံဆရာတော်ကြီး၏တူအရင်းဦးဇင်းခေါင်းကြီးခေါ် ဦးသောဘဏတစ်ပါးတည်း ကျောင်းထိုင်နေသည်။ ဒီကျောင်း၏အနာဂတ်အတွက်လည်း စိုးရိမ်စရာဖြစ်နေသည်။ ဦးသောဘဏကို ဆက်ခံမည့် ကိုယ်တော်မရှိသေးတာကို တွေ့ခဲ့ရသည်။ ဆရာတော်ကြီး ဘယ်လိုစီစဉ်ထားသည်ကို မသိပါ။ ဒီကျောင်းမှာ ညအိပ်ကြသည်။

(၂၅)ရက်နေ့တွင် ဆီးဂရားကျောင်းမှာ နံနက်စာအဆာပြေစားကြပြီး ဗာရာဏသီမြို့တွင်း လှည့်ပတ်ကြည့်ကြသည်။ ဂင်္ဂါမြစ်ရေချိုးဆိပ်ကို သွားကြည့်သည်။ ကျောင်းမှာပင် နေ့လယ်စာစားကြပြီး နံနက် (၁၀)နာရီခွဲမှာ ဆီးဂရားကျောင်းမှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ညနေ (၃)နာရီခွဲမှာ ဂယာက မြန်မာကျောင်းကို ရောက်ပြီး နားကြသည်။ ဂယာကျောင်းဆရာတော်ဘုရားကြီးကို နှုတ်ဆက်ကန်တော့ကြပြီး ညအိပ်ရပ်နားခဲ့ကြသည်။

(၂၆)ရက်နေ့နံနက်မှာ ဂယာမှ ရာဇဂြိုဟ်သို့ထွက်ခွာခဲ့ကြသည်။ နံနက် (၈)နာရီမှာ ဦးကျော်မြကျောင်းလို့ခေါ်ကြသည့် ရာဇဂြိုဟ်ကျောင်းကို ရောက်ကြသည်။ ဦးကျော်မြကျောင်းမှ ပြန်လည်ထွက်ခွာကြပြီး နံနက် (၉)နာရီမှာ ဝေဠုဝဏ်ကျောင်းတော်ရာကို ရောက်သည်။ ဗိမ္ဗိသာရမင်းကြီး၏ ရတနာသိုလှောင်ဂူ၊ ဂိစ္ဈကုတ်တောင်၊ နာလန္ဒာတက္ကသိုလ်အဟောင်း၊ အသစ်တို့ကို လေ့လာကြသည်။ နာလန္ဒာက တရုတ်ကျောင်းလို့ခေါ်ကြသည့် မြန်မာကျောင်းကို ရောက်ကြသည်။ ဒေါက်တာဘွဲ့ရဆရာတော်ဦးပညာလင်္ကာရ ကျောင်းထိုင်နေသည်။ တရုတ်ကျောင်းမှာလည်း သီတင်းသုံးဖော်မရှိသလောက်နည်းတာကို တွေ့ခဲ့

တရုတ်ကျောင်းဓါ
မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်
ဒေါက်တာပညာလင်္ကာရ

နာလန္ဒာရှိ တရုတ်ကျောင်းဓါ
မြန်မာဘုန်းတော်ကြီးကျောင်း

ရသည်။ နာလန္ဒာတက္ကသိုလ်မှာ ကျောင်းတက်နေကြသည့် ဦးဇင်းတစ်ပါးနှင့် သီလရှင်တစ်ပါးသာ တွေ့ခဲ့သည်။ တရုတ်ကျောင်းမှာ နေ့လည်စာစားပြီး နာလန္ဒာမှ ပြန်ခဲ့ကြသည်။

နာလန္ဒာတက္ကသိုလ်ကိုသွားလည်တော့ တက္ကသိုလ်ကျောင်းသားဦးဇင်းတွေက စာပေဟောပြောပွဲတစ်ပွဲလောက် လုပ်ချင်သည်ဟု တောင်းဆိုကြသည်။ ဂယာဆရာတော်ကြီး ခွင့်ပြုပါက ဟောပါမည်ဟု ပြောလိုက်ရသည်။ ဂယာဆရာတော်ကြီးထံမှာ ခွင့်ပြုချက်တောင်းရန်အတွက် တက္ကသိုလ်ကျောင်းသားဦးဇင်းဦးကဝိဓဇ ကျွန်တော်တို့နှင့်အတူ နာလန္ဒာမှ ဂယာကို လိုက်ပါလာသည်။ ဆရာတော်ထံမှာ ခွင့်တောင်းတာ ဆရာတော်က ခွင့်ပြုလိုက်သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရားဖူးလာဖို့ရက် နီးကပ်နေလို့ မယ်တော်ကြီးဒေါ်သန်းတင်က စိုးရိမ်နေသည်။ စာရေးဆရာတွေ နိုင်ငံရေးစကားပြောမလားဆိုပြီး စိုးရိမ်တာဖြစ်သည်။ ဂယာကျောင်းမှာ ညအိပ်နားနေကြပါသည်။

(၂၇)ရက်နေ့ နံနက်မှာ ကုသိနာရုံဆရာတော်ကြီးသည် မော်တော်ယာဉ်ဖြင့် ဂယာကို ရောက်လာသည်။ မြန်မာနိုင်ငံကိုပြန်ကြတော့မည့် မယ်တော်ကြီးဒေါ်သန်းတင်နှင့် စာရေးဆရာသုံးယောက်ကို အောက်မေ့လို့ မိုင် (၇၀၀) ခန့်ဝေးသည့်ခရီးကို မော်တော်ကားစီးပြီး လိုက်လာတာဖြစ်သည်။ ဆရာတော်ကြီးကို ဂယာကျောင်းမှာထားခဲ့ပြီး ကျွန်တော်တို့က မနက်ပိုင်းမှာ မဟာဗောဓိစေတီတော်ကြီးနှင့် သတ္တသတ္တာဟကို လျှောက်ဖူးကြသည်။

နေ့လည်မှာ တက္ကသိုလ်ကျောင်းသားဦးဇင်းတွေက စာပေဟောပြောပွဲဖြစ်အောင်လုပ်ကြသည်။ ဦးစန္ဒြမဏိ ပရဟိတအသင်းပိုင်ခန်းမမှာ ပြုလုပ်ကြသည်။ ကုသိနာရုံဆရာတော်ကြီးပါ စာပေဟောပြောပွဲလိုက်ပြီး နားထောင်သည်။ ဆရာတိုးထက်က ဆရာမောင်ရင့်ကျူး (မြောင်းမြ) နှင့် ဆရာအဏ္ဏဝါစိုးမိုးတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဖတ်သည်။ ဆရာမောင်ရင့်ကျူးက ရှေ့ထွက်ဟောသည်။ ဆရာအဏ္ဏဝါစိုးမိုးက နောက်ပိတ်ဟောသည်။ ကုသိနာရုံဆရာတော်ကြီးသည် စာပေဟောပြောပွဲကို ပထမဦးဆုံးအကြိမ်အဖြစ် နားထောင်ဖူးတာဟု သိရသည်။

(၂၇-၇-၂၀၁၅)ညနေပိုင်းမှစ၍ ည (၁၁)နာရီအထိ ကုသိနာရုံဆရာတော်ကြီးနှင့် စကားပြောနေခဲ့ကြသည်။ မနက်ဖြန်မနက်စောစောထပြီး မြန်မာပြည်ကို ပြန်ရန်အတွက် လေဆိပ်ကို ဆင်းကြရမည်ဖြစ်၍ ဆရာတော်ကြီးကို ကန်တော့ပြီး အိပ်ရာဝင်ကြသည်။

(၂၈)ရက်နေ့နံနက်တွင် ကုသိနာရုံဆရာတော်ကြီး



စာပေဟောပြောပွဲ
နားထောင်နေကြသည့်
နာလန္ဒာတက္ကသိုလ်မှ
ကျောင်းသားများ

ဆရာအဏ္ဏဝါစိုးမိုး
ဟောပြောနေစဉ်

ဆရာမောင်ရင့်ကျူး(မြောင်းမြ)
ဟောပြောနေစဉ်

ဂယာမြန်မာကျောင်း
ဆရာတော်
ဦးဉာဏိန္ဒနှင့်
ကုသိနာရုံမြန်မာကျောင်း
ဆရာတော်
ဦးဉာဏိဿရ

အိန္ဒိယနိုင်ငံသို့
သွားရောက်ခဲ့ကြသည့်
အဖွဲ့နှင့်
ဆရာတော်ကြီးနှစ်ပါး

နှင့် ဂယာဆရာတော်ကြီးနှစ်ပါးတို့ကို နှုတ်ဆက်ကန်တော့ကြပြီး ဂယာလေဆိပ်ကို ထွက်ခွာကြသည်။ စာရေးဆရာဒကာတွေကို သံယောဇဉ်ကြီးသည့် ကုသိနာရုံဆရာတော်ကြီးသည် လေဆိပ်ကို လိုက်ပို့ချင်သေးသည်။ မယ်တော်ကြီးဒေါ်သန်းတင်က ဆရာတော်ပင်ပန်းနေပြီ မလိုက်ပါနဲ့တော့ဆိုလို့ ဂယာမှ ကုသိနာရုံကို ပြန်ကြွသွားခဲ့သည်။ (၄–၈–၂၀၁၅)မှာ မြန်မာပြည်ကို လာရဦးမည်ဖြစ်လို့ အလွမ်းပြေပါသည်ဟု တွေးမိပြီး ပြန်ကြွသွားတာဖြစ်မည်။

(၂၈)ရက် နေ့လည် (၁၂)နာရီမှာ မယ်တော်ကြီးရွှေရတုဒေါ်သန်းတင်ဦးဆောင်သည့် ဆရာမောင်ရင့်ကျူး (မြောင်းမြ)၊ ဆရာတိုးထက်နှင့် ဆရာ အဏ္ဏဝါစိုးမိုး၊ ဒေါ်သိန်းနွဲ့တို့ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။

ကုသိနာရုံမြန်မာကျောင်း လေ့လာရေးအဖွဲ့

ကိုရင် သူမိုက်ကြီး

မနေ့က ညနေ (၄)နာရီမှာ ရန်ကုန်မြို့က ထွက်ခွာလာသည့် ခရီးသည်တင် အဝေးပြေးဘတ်စ်ကားကြီးပေါ်မှာ ကျွန်တော်စီးနင်းလိုက်ပါလာခဲ့ပါသည်။ ဒီနေ့မိုးသောက် အလင်းရောက်သည်နှင့် ခရီးသည်တင်ဘတ်စ်ကားကြီးသည် ရိုးတောင်ကြီးမှဆင်းကာ ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်နေပြီဖြစ်သည်။ ရခိုင်ပြည်နယ် (သို့မဟုတ်) ရခိုင်ကမ်းမြောင်ဒေသကို ဝင်လာလို့ မြင်တွေ့လိုက်ရသည့် ဒေသရှုခင်းတွေက ကျွန်တော့်ငယ်ဘဝကို သတိရစေသည်။ နှစ်ပေါင်းခုနစ်ဆယ်ကြာခဲ့ပြီဆိုသည့်ကာလတွေကို လွမ်းမောဖွယ်ဖြစ်ရပါသည်။

ကျွန်တော်သည် အသက်တစ်ဆယ့်ရှစ်နှစ်သားအရွယ်မှာ ကိုရင်ဘဝဖြင့် အမေနဲ့ရွာကို စွန့်ခွာပြီး ရန်ကုန်မြို့ကို သွားရောက်နေထိုင်ခဲ့သူဖြစ်သည်။ အသက်တစ်ဆယ့်ရှစ်နှစ်အထိ လောကဓာတ်ကျောင်း (အတန်းကျောင်း) မနေဖူးသေးသည့်အတွက် အင်္ဂလိပ်စာ အေ၊ ဘီ၊ စီ၊ ဒီကို ဆုံးအောင် မရေးတတ်သေးဖြစ်နေသည်။ ကိုရင်ဘဝဖြင့် လူပျိုဖြစ်လာသည်။ ကိုရင်ဝတ်ဖြင့် ဆက်နေပါက နောက်နှစ်ဆိုလျှင် ပဥ္စင်းတက်ရတော့မည်။ ရဟန်းဖြစ်ရတော့မည်။ ကိုယ့်အကြောင်း ကိုယ်သိသည်။ ရဟန်းဖြစ်နိုင်သည့် အရည်အချင်းမရှိ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ဖြင့် ခံစားလို့ရသမျှ ကိလေသာအာရုံ ကာမဂုဏ်တွေကို ခံစားချင်စိတ် ပြင်းပြသူဖြစ်သည်။ ရဟန်းမဖြစ်မီ ကိုရင်ဝတ်မှ လူထွက်မည်ဟု ဆုံးဖြတ်သည်။ တစ်တန်းမှမအောင်သည့်အတွက် ပညာမတတ်ဘဲ လူထွက်ပြီး ဘာလုပ်ကိုင်စားမလဲ စဉ်းစားသည်။ လယ်မထွန်နိုင်ပါ။ ငါးမရှာနိုင်ပါ။ ပညာရှာဖို့အတွက် ရန်ကုန်မြို့သို့သွားမည်ဆိုပြီး မွေးရာဇာတိရွာကို ကျောခိုင်းထွက်ခွာခဲ့သည်။

၁၉၅၈ခုနှစ်၏ နွေရာသီ နံနက်ခင်းမှာ ရွာက ထွက်ခွာခဲ့ပါသည်။ သင်္ဘောစီးရမည့် မြို့ကိုရောက်အောင် မိုင်လေးဆယ်တိတိ ခြေကျင်လျှောက်ရမည်ဖြစ်လို့ နေမပူမီ ခရီးအတန်အသင့်ပေါက်အောင် ခပ်သွက်သွက်လျှောက်ထွက်ခဲ့ပါသည်။ ကိုရင်ဝတ် ဖြင့် ရှစ်နှစ်တိတိ နေထိုင်ခဲ့ရာ ရွာဦးကျောင်းကြီးရှိရာ တောင်ကမူကုန်းပေါ်မှဆင်း၍ လယ်ကွင်းတွေကိုဖြတ်သည်၊ လယ်ကန်သင်းရိုးတွေပေါ်လျှောက်သည်။ လယ်ကွင်းအစပ်က စေတီလေးရှိရာ တောင်ကမူလေးကို ပတ်သည်။ တောင်စွယ်ကိုမပတ်မီ ရွာကို လှမ်းကြည့်လျှင် မြင်နိုင်သေးသည်ဆိုတာကိုသိသည်။ နောက်ပြန်လှည့်ကြည့်လျှင် ရွာကွမ်းတောင်ကိုင်ကို စွဲလမ်းတဲ့စိတ်၊ အမေ့ကိုချစ်တဲ့စိတ်၊ ဆရာတော်ဘုရားကို ကြည်ညိုတဲ့စိတ်၊ မွေးရာဒေသကို သံယောဇဉ်မပြတ်နိုင်တဲ့စိတ်တွေကြောင့် မျက်ရည်ကျမိမည်စိုးလို့ လှည့်မကြည့်ခဲ့တော့ပါ။ စို့လာသည့်လွမ်းမျက်ရည်ပူတို့ကို သင်္ကန်းစလေးဖြင့် တို့ယူသုတ်လိုက်ပါသည်။ ဆရာတော်ဘုရား၏ ကျောင်းတော်ကြီးက ခေါက်လိုက်သည့် တုံးမောင်းခေါက်သံ ခုနစ်ချက်ကို ကြားလိုက်ရသည့်အချိန်မှာတော့ ကျွန်တော်သည် ဘုရားတောင်ကုန်းက မူတောင်စွယ်လေးကို ပတ်ကျော်လိုက်ပါသည်။ နောက်ပြန်လှည့်ကြည့်သော်မှ အမေကျန်နေခဲ့သည့် ရွာကြီးကို မမြင်နိုင်တော့ပြီဆိုတာကို သိနေပါသည်။ ကျွန်တော့်ကိုမွေးဖွားကြီးပြင်းခဲ့ရာ ကျွန်တော့်ဇာတိရွာကြီးသည် ခွေးဟောင်သံ၊ ကြက်တွန်သံ၊ နွားငေါက်သံ၊ ဝါကြိတ်သံ၊ နွားကျောင်းသားတစ်ယောက်၏ လွမ်းလွမ်းဆွေးဆွေး မှုတ်နေသည့် ပလွေ (ပြွေ) သံတို့နှင့်အတူ ဝေး၍ဝေး၍ ကျန်နေခဲ့ပါတော့သည်။

ကုန်းကမူထက်က ထုံးဖြူစေတီလေးရှိရာ တောင်စွယ်လေးကို ပတ်ပြီးသောအခါ သဖန်းကွင်းရွာကို ဖြတ်ကျော်သည်။ ခရီးဆောင်အိတ်ကို လက်မှာဆွဲပြီး ရဟန်းဆောင်းထီးကို ဖွင့်မဆောင်းဘဲ ပခုံးမှာထမ်းလျက် ခရီးကြမ်းကို တစ်ပါးတည်း လျှောက်လှမ်းခဲ့သည်။ မောင်ညိုတောင်ကို ပတ်သည်။ မော်ရုံတောကိုဖြတ်သည်။ ရခိုင်ဒေသ၏ မုတ်သုန်သစ်တောကြီးသည် မပျက်မစီးသေးပေ၍ သစ်တော

ကြီး ဟီးထအောင်ပေါက်နေသည်။ လမ်းပေါ်မှာ နေပြောက်မကျအောင် အရိပ်ရနေသည်။ တောပန်းတောင်ပန်းတွေ ဝေဆာပွင့်ဖူးနေကြသည်။ တောင်ကျရေတွေ တသွင်သွင်စီးဆင်းနေသံ ကြားနေရသည်။ ကျောက်နံရံတွေက ရေထွက်တွေ စမ်းချောင်းတွေ ထဲသို့ စီးဆင်းနေကြသည်။ ငှက်ကလေးတွေ တေးသီဆိုနေကြသည်။ မျောက်တွေ ကြိုးခွေသည်။ ဒေါင်းတွေ အိုးဝေသည်။ သမင်တောက်သည်။ ချေဟောက်သည်။ ကျားဟိန်းသံကြောင့် တောကြက်တစ်အုပ် လန့်ပျံသွားသည်။ တောဆင်ရိုင်းတစ်အုပ်၏ အော်သံပါ ကြားလိုက်ရသည်။ ကျွန်တော် မကြောက်၊ ဆက်လျှောက်ခဲ့ပါသည်။

၁၉၅၈ခုနှစ်၊ ဒီဇင်ဘာလမှာ ကျွန်တော်ကိုရင်သည် ရန်ကုန်မြို့ကို ရောက်ခဲ့ပါသည်။ ပြည်တော်သာခေတ်၊ ကြိုက်တာယူပါနှစ်ကျပ်ခွဲ၊ လာပါ ယူပါ နှစ်ကျပ်ခွဲလို့ လမ်းဘေးမှာ ဈေးအော်ရောင်းသည့် နှစ်ကျပ်ခွဲနှင့် မြင်းလှည်းခေတ်၊ စိန်ဘရားသားနှင့် ရိုးကုမ္ပဏီတို့ အပြိုင်ဈေးချရောင်းသည့်ခေတ်မှာ ရန်ကုန်မြို့သို့ ရောက်ခဲ့ပါသည်။ ပြည်တော်သာခေတ်မှာ ညကျောင်းတက်သည့် ကိုရင်ဘဝ၊ တော်လှန်ရေးကောင်စီခေတ်ကိုရင် လူထွက် ရေတပ်သားဘဝ၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် နိုင်ငံ ခြားသင်္ဘောသားဘဝ တွေကို ဖြတ်သန်းကျင်လည်ရင်း

ဒီသရက်ပင်ကြီး၏
သက်တမ်း ဘယ်လောက်ရှိပြီဆိုတာကို
မသိပါ။
ကျွန်တော် ဆယ်နှစ်သားအရွယ်
ဘုန်းကြီးကျောင်းသားလေးဘဝဖြင့်
ဒီသရက်ပင်ကြီးကို
သတိထားမိသည့်အချိန်မှာ
သရက်ပင်ကြီး၏ သက်တမ်းသည်
အနှစ် (၂၀)ခန့်ရှိရော့ မည်ဟု
ခန့်မှန်းရသည်။
ကျွန်တော့် အသက်တောင်
ခြောက်ဆယ်ပြည့်ပြီ ဖြစ်လို့
ဒီသရက်ပင်ကြီး၏သက်တမ်းသည်
နှစ်တစ်ရာနီးပါး ရှိပေရော့မည်။
ကျွန်တော်တို့ရွာကျောင်းက
သမိုင်းဝင်သရက်ပင်ကြီးဖြစ်သည်။
ကျွန်တော့် ငယ်ဘဝနဲ့
အတော်ပတ်သက်ခဲ့သည့်
သရက်ပင်ကြီးဖြစ်သည်။

နှစ်ပေါင်းငါးဆယ် ကြာသွားခဲ့ပါသည်။ ရွာမှာကျန်နေခဲ့ကြသည့် အဘိုး၊ အဖွားနှင့် ဘုရားဒကာ၊ ကျောင်းဒကာကြီးတွေ ကွယ်လွန်ကုန်ပြီ၊ ဆရာတော်ဘုရား ပျံလွန်တော်မူ သွားပြီဆိုသည့် သတင်းတွေကို ကြားသိခဲ့ရသည်။

ရွာအခြေဘယ်လိုပြောင်း ... အမေနေထိုင်ကောင်းပါစကွယ် ...၊ ဆွေးတယ် ... ဆွေးတယ် .. မြို့မှာ အနေဝေးပေမယ့် .. ကျွန်တော့် စိတ်က ရေဝေးပန်းနှယ် အမေနဲ့ ရွာကိုလွမ်းတယ် ...။ ဟင်္သာတ ထွန်းရင် သီချင်းသံကြားတိုင်း လွမ်းမျက်ရည် သီသီဝေခဲ့ဖူးပါတယ်။ ဒီအခြေအနေမှာ ရွာက စာတစ်စောင် ရသည်။

(နှင်တို့ငယ်ငယ်က တည်ဆောက်ထားခဲ့တဲ့ သိမ်တော်ကြီးဟာ နံရံတွေ အက်ကွဲလာသည့်အပြင် လက်ဦးကျောင်းကြီးနဲ့ နီးတစ်လွန်းသည့်အတွက် ပြောင်းရွှေ့တည်ဆောက်ဖို့ စီစဉ်နေကြတယ်။ နှင့်ဆီက

အကြံဉာဏ်လိုချင်တယ်။ ရွာကိုလာခဲ့ဝါ၊ နှင်ရောက်မှ အစည်းအဝေးလုပ်မယ်)

ရွာခံသား လက်ကျန် လူဟောင်းတွေထဲက ဘုန်းကြီးကျောင်း ဥပသကာလူကြီးတစ်ယောက်က ရေးလိုက်သည့်စာဖြစ်သည်။ ကျွန်တော် ဆယ်နှစ်သားအရွယ်မှာ ရွာမိရွာဘ ဖြစ်သည့် အဘိုးဦးညိုလေး ဆောက်လုပ်လှူဒါန်းခဲ့သည့် သိမ်ကြီးဖြစ်သည်။ အဲဒီသိမ်ကြီးထဲမှာ ရုပ်ပွားတော်ကြီး တစ်ဆူရှိသည်။ ကျွန်တော်လှူဒါန်း ထားသည့် ပျံတော်မူဆရာတော်ဘုရားကြီး၏ ပလာစတာရုပ်ထုရှိသည်။ ဒီသိမ်တော်ကြီးကို ဖျက်ပြီး၊ နေရာရွှေ့ တော့မည်ဆိုတော့ ဘယ်လိုဖျက်ပြီး ဘယ်လိုရွှေ့မလဲ တိုင်ပင်ဖို့ ခေါ်တာဖြစ်သည်။ ကျွန်တော်သည် မူလရွာဦး ကျောင်း ဆရာတော်ဘုရားကြီး၏ တပည့်ရင်းတွေထဲက တစ်ယောက်ဖြစ်သည်။ ရန်ကုန်မှာ နေထိုင်ပြီး ချောင်လည်သူဖြစ်သည်။ ရပ်ရွာကို သံယောဇဉ်ရှိသူဖြစ်သည်ဆိုသည့် အတွေးဖြင့် ဦးစားပေးပင့်ဖိတ် ခေါ်ဆောင်ကြတာဖြစ်သည်။ ကျွန်တော် သွားမှဖြစ်မည်ဆိုပြီး အဝေးပြေးဘတ်စ် ကားကြီးစီးကာ ရွာကို လာခဲ့ခြင်းဖြစ် သည်။

မိုးစင်စင်လင်းလို့ နေထွက် လာပြီဆိုတော့ မော်တော်ကားလမ်း ဘေးဝဲယာတလျှောက်က မြင်ကွင်း တွေက ရှင်းလင်းမြင်သာ ရှိလှပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကျော်က မော်တော်ကားသွားမရလို့ ကျွန်တော် ခြေကျင်လျှောက်ခဲ့ရသည့်လမ်းပေါ်မှာ မော်တော်ဆိုင်ကယ်တွေ၊ ထော်လာဂျီ တွေ၊ မှန်လုံကားကြီးတွေနှင့် ကုန်တင် ယာဉ်ကြီးတွေ မောင်းနှင်နေကြတာ တွေ့ရသည်။ ဒေသခံပြည်သူတို့၏ ယဉ်ကျေးမှုတွေဖြစ်သည့် သာလာယံ ဇရပ်၊ ကျောက်ခွေချသောက်ရေတွင်း နှင့် လမ်းဘေးက အရိပ်ရသစ်ပင်ဆို တာတွေကိုတော့ မတွေ့ရတော့ပါ။ ဘယ်ကိုကြည့်လိုက်ကြည့်လိုက် တောင်ကတုံးတွေဖြစ်နေသည်။ ဟို တုန်းကရှိခဲ့သည့် ရှိုင်မှတ်သုန်သစ် တောကြီး ပြောင်သလင်းခါနေတာ တွေ့ရသည်။ တောင်ကျရေတွေ မစီး တော့ပါ။ စမ်းချောင်းတွေ ရေခမ်းနေ ကြပြီ၊ တောပန်း တောင်ပန်းတွေ ပျောက်ကွယ်ခဲ့ပါပြီ၊ ကျေးငှက်သာရကာ တွေ တစ်ကောင်မှ မရှိတော့ပါ။ သမင် မဟောက်၊ ချေမတောက်၊ မျောက် လည်းကြိုးမခွေ၊ ဒေါင်းလည်း အိုးမဝေ တော့ပါ။ ရှိုင်မှတ်သုန်သစ်တောကြီးဟာ တောင်ကတုံးတွေဖြစ်ပြီး တပ်မတော် ပိုင် ရာဘာစိုက်ခင်း၊ ပြည်သူ့ရဲတပ်ဖွဲ့ ပိုင် ပျဉ်းကတိုးစိုက်ခင်း၊ ပြည်နိုင်ဖြိုး ပိုင် ကြက်ဆူပင်စိုက်ခင်း စသည်ဖြင့် ဆိုင်းဘုတ်စိုက်ထားသည့် သေမွေးသေ ကောင်အပင်ငယ်လေးတွေကိုသာ မြင်တွေ့ရတော့သည်။ ဒေသခံပြည်သူ တွေအဖို့တော့ ဝမ်းနည်းဖွယ်ကောင်း လေစွလို့ တွေးမိပါသည်။

ရွာကို ကျွန်တော်ရောက်လာ ပြီဆိုတော့ ရွာဦးကျောင်းမှာ အစည်း အဝေးလုပ်ကြသည်။ လက်ရှိကျောင်း ထိုင်နေသည့်ဆရာတော်က သက်တော် ငယ်သည်။ စာတတ်ပေတတ်ဖြစ်သည်။ ခေတ်မီသည်။ အတွေးအခေါ် အမြော် အမြင်ရှိသည်။ ဒကာတွေထံမှ အကြံ ဉာဏ်ကို ရယူပြီး သာသနိက အဆောက်အဦးတွေကို ပြန်လည် ဆောက်လုပ်နေသည်။ အဘိုးဦးညိုလေး ဆောက်လုပ်လှူဒါန်းခဲ့သည့် သိမ်တော် ကြီးကိုဖျက်ပြီး နေရာရွှေ့တည်ဆောက် ရေး ဆွေးနွေးကြသည်။ ကျောင်းမြေ ဧရိယာအကျယ်ကြီးဖြစ်လို့ ကျောင်းကြီး နှင့် အတော်ဝေးသည့်နေရာက သရက်ပင်ကြီးအနီးကိုရောက်အောင် ရွှေ့မည်ဟု သဘောတူကြသည်။

“သရက်ပင်ကြီးကို ခုတ်လှဲ ပစ်မလား၊ ဒီအတိုင်းထားမလား”

“ခုတ်ပစ်စရာမလိုပါဘူး၊ အလွတ်ကြီးပဲ”

“သရက်ပင်ကြီးက အိုနေ ပြီ၊ အသီးလည်းနည်းသွားပြီ၊ ခုတ် ပစ်လိုက်တာကောင်းပါတယ်”

“မခုတ်ပါနဲ့၊ အရိပ်ရတာ ပေါ့၊ သိမ်ဆောက်မည့်နေရာနဲ့ လွတ်ပါတယ်”

သရက်ပင်ကြီးကို မခုတ်ဘဲ ထားဖို့ သဘောတူကြသည်။ သိမ်တော် ကြီးဖျက်ပြီး ဆောက်လုပ်ရေးမှာ

ထည့်သွင်းဆွေးနွေးရန် ပါဝင်လာသည့် သရက်ပင်ကြီးကို သွားကြည့်ကြသည်။ သရက်ပင်ကြီးကို မြင်လိုက်တော့မှ ကျွန်တော့်ငယ်ဘဝကို ပြန်လည်အမှတ်ရလာတော့သည်။ သရက်ပင်ကြီး၏ လုံးပတ်ပင်စည်သည် ယောက်ျားကြီး နှစ်ယောက်ဖက်လောက်ကြီးသည်။ ပင်စည်အလုံးကြီးလာသော်လည်း အမြင့်ကို သိပ်ပြီးမတက်ဘဲ အကိုင်းအခက်တွေသာ ဝေဆာအုပ်ဆိုင်းပြီး ရောမထီးကြီးကို ဖွင့်မိုးထားသလို အရိပ်ရနေပါသည်။ ဒီသရက်ပင်ကြီး၏ သက်ကမ်း ဘယ်လောက်ရှိပြီဆိုတာကို မသိပါ။ ကျွန်တော် ဆယ်နှစ်သားအရွယ် ဘုန်းကြီးကျောင်းသားလေးဘဝဖြင့် ဒီသရက်ပင်ကြီးကို သတိထားမိသည့်အချိန်မှာ သရက်ပင်ကြီး၏ သက်တမ်းသည် အနှစ် (၂၀)ခန့်ရှိရော့မည်ဟု ခန့်မှန်းရသည်။ ကျွန်တော့် အသက်တောင် ခြောက်ဆယ်ပြည့်ပြီဖြစ်လို့ ဒီသရက်ပင်ကြီး၏သက်တမ်းသည် နှစ်တစ်ရာနီးပါး ရှိပေရော့မည်။ ကျွန်တော်တို့ရွာကျောင်းက သမိုင်းဝင်သရက်ပင်ကြီးဖြစ်သည်။ ကျွန်တော့်ငယ်ဘဝနဲ့ အတော်ပတ်သက်ခဲ့သည့် သရက်ပင်ကြီးဖြစ်သည်။ ဘုန်းကြီးကျောင်းနေဖက် သူငယ်ချင်းတွေထဲက ဂေါပကလူကြီးဖြစ်နေသည့် အောင်လှကို မေးကြည့်သည်။

"ဒီသရက်ပင်ကြီးကို မှတ်မိသေးလား"

"မှတ်မိတာပေါ့ကွ၊ မင်းတို့ ငါတို့ငယ်ငယ်က ဒီအပင်ကြီးအောက်မှာ ကစားခဲ့ကြတာပဲ"

"ကစားခဲ့ကြတာကို ပြောတာမဟုတ်ဘူး၊ ငကြောင်ကြီးကို ဒီအပင်အောက်မှာ မြှုပ်ခဲ့ကြလို့ ဆရာတော်ခေါ်ပြီး ကြိမ်းမောင်းတာကို မှတ်မိသေးလားလို့မေးတာ"

ကျွန်တော်ရော အောင်လှပါ ငယ်ဘဝတွေကို ပြန်လည်အမှတ်ရလာလို့ ပြုံးလိုက်ကြသည်။ ငကြောင်ကြီးကို ဒီသရက်ပင်ကြီး ခြေရင်းမှာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြတာကို ပြန်လည်အမှတ်ရလာကြသည်၊ အဲဒီတုန်းက ကျွန်တော်တို့က ဘုန်းကြီးကျောင်းသားလေးတွေ၊ ကလေးတွေဖြစ်သည်။ ကျောင်းသားကြီး၊ ကိုရင်ကြီးတွေလုပ်တာမှန်သမျှ နောက်က လိုက်လုပ်ခဲ့ကြသူတွေဖြစ်သည်။ ဒီသရက်ပင်ကြီးခြေရင်းမှာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည့် ငကြောင်ကြီးဆိုတာ ခွေးအိုကြီးတစ်ကောင်သာဖြစ်သည်။ ခွေးသေကောင်ကို သစ်သားခေါင်းထဲထည့်ပြီး လူသေအလောင်းကို သင်္ဂြိုဟ်သလို မြှုပ်နှံခဲ့ကြသည့်အတွက် ဆရာတော်က ခွေးအသုဘချတာမှာ ပါဝင်သူ ကိုရင်နှင့် ကျောင်းသားအားလုံးကို ခေါ်ယူဆုံးမခဲ့တာကို ပြန်လည်အမှတ်ရလာသည်။

ကျွန်တော်တို့ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ ခွေးထီးနှင့် ခွေးမ အကောင်နှစ်ဆယ်လောက်ရှိခဲ့သည်။ အဲဒီတုန်းက ဆွမ်းကွမ်းကလည်း အလျှံပယ်ပေါသည့်အတွက် ကျောင်းခွေးတွေ တိုးများပေါက်ဖွားနေသည်။ အဲဒီကျောင်းခွေးတွေထဲမှာ ခွေးငကြောင်ကြီးက အသက်အကြီးဆုံး၊ ဗလအကောင်းဆုံး၊ သတ္တိအရှိဆုံး ခွေးကြီးဖြစ်သည်။ ကျောင်းခွေးအားလုံး၏ ခေါင်းဆောင်ကြီးဖြစ်သည်။ ငကြောင်ကြီးဆိုတဲ့ နာမည်နဲ့လိုက်အောင် အရောင်အမွေးက ကြောင်ကြောင်ကျားကျားဖြစ်နေသည်။ ကျားကြီးတစ်ကောင်လို အနက်ရောင် ညိုဝါစင်းတွေဖြင့် ဗလကောင်းသော ခွေးထီးကြီးဖြစ်သည်။ ငကြောင်ကြီး ဦးဆောင်သည့် ကျောင်းခွေးအုပ်စုကြီး ရှိသည့်အတွက် ကျောင်းဝင်းထဲကို ခွေးအ၊ မြေခွေးနှင့် ကျားရဲ၊ သားရဲ တိရစ္ဆာန်တွေ အနားမကပ်ရဲဖြစ်နေသည်။ ထူးဆန်းတာက ငကြောင်ကြီး ဦးဆောင်သည့် ကျောင်းခွေးအုပ်စုကြီးသည် လှူဖို့တန်းဖို့လာသည့် ဒကာဒကာမတွေကို ဟောင်တောင်မဟောင်ဘဲ သူခိုးနှင့် မသက်ာဖွယ်ရာ လူဆိုးတွေကိုသာ လိုက်ကိုက်ကြတာဖြစ်သည်။

ခွေးငကြောင်ကြီးအ ကြောင်းကို ကျွန်တော်နည်းနည်းပဲသိသည်။ ငကြောင်ကြီးသည် ကျွန်တော့်ထက် အသက်ကြီးသည်လို့ ယူဆရသည်။ ကျွန်တော်ဘုန်းကြီးကျောင်းသို့ ကျောင်းသားလေးဘဝဖြင့် ရောက်သည့် အချိန်မှာ ငကြောင်ကြီးက အား

ခွေးအသုဘချပြီးလို့
ကျောင်းဘက်ကိုပြန်လာတယ်ဆိုလျှင်ပဲ
ကျောင်းပေါ်က ဆရာတော်၏
လှုခေါ်ခေါင်းလောင်းသံဆုံညံစွာ
မြည်နေတော့သည်။
ဆရာတော်၏ လှုခေါ်ခေါင်း လောင်းသံမှာ
သင်္ကေတရှိသည်။
နှစ်ချက်ဆိုလျှင် တစ်စုံတစ်ယောက်ကို
ကိစ္စရှိလို့ခေါ်တာဖြစ်သည်။
နှစ်ချက်တွဲ နှစ်ခါ လေးချက်ဆိုလျှင်
တတက်ဖို့၊ တချဖို့ခေါ်တာဖြစ်သည်။
အခုလို
အဆက်မပြတ်အသံမြည်အောင်
လှုပ် ခေါ်ပြီဆိုလျှင်
နာဖို့သာပြင်ပေတော့၊

ကောင်းမောင်းသန်ခွေးကြီးအဖြစ်ဖြင့် ရှိနေပြီဖြစ်သည်။ ဘုန်းကြီးကျောင်းမှာ သူက ကျွန်တော့်ထက် စိနီယာကျသည်။ သူ့အကြောင်းကို သိမီလိုက်ကြသည့် ကျောင်းသားကြီးတွေ ပြောပြတာက ကြောင်ကြီးသည် ကျွန်တော်တို့ရွာ၏ သမိုင်းဝင်ခွေးဖြစ်နေသည်။ ကျွန်တော့်ကို မမွေးမီက ကျွန်တော်တို့ရွာ နှစ်ခြမ်းကွဲပြီး အရှေ့ပိုင်းကျောင်းနှင့် အနောက်ပိုင်းကျောင်းဆိုပြီး ဘုန်းကြီးကျောင်းနှစ်ကျောင်း ဖြစ်ခဲ့ရသည်။ ရွာကွဲ ကျောင်းကွဲသည့်အခါ ရွာမကျောင်းကြီးလို့ ခေါ်ခဲ့ကြသည့် အနောက်ပိုင်းကျောင်းကြီးပေါ်က ဆရာတော် ဦးပဒုမ ဆင်းကြွသွားသည့်အခါ မောင်တင်ညွန့်လို့ခေါ်သည့် ကျောင်းသားလေးတစ်ယောက်နှင့် ကြောင်လေးလို့ခေါ်သည့် ခွေးလေးတစ်ကောင်တို့သည် ဆရာတော်၏ နောက်က မခေါ်ဘဲ လိုက်သွားခဲ့ကြသည်ဟု သိရသည်။

ရွာမကျောင်းကြီးက တိုက်အုပ်စာချဆရာတော် ဦးပဒုမသည် ကျောင်းထိုင်ဆရာတော်ကြီးနဲ့ စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကျောင်းက ဆင်းကြွသွားပြီဆိုသည့်သတင်းကို ကြားသည့် ကျွန်တော့်အဘိုးနှင့် ကျောင်းဒကာကြီးတွေဖြစ်ကြသည့် ဦးစိန်ထွန်း၊ ဦးဘိုးဖေ၊ ဦးစိန်လုံး ဦးညိုလေးတို့သည် ဆရာတော်နောက်ကို ပြေးလိုက်သွားကြပြီး ရှေ့က ပိတ်ကာ ရှိခိုးကြသည်။

“မကြွပါနဲ့ဘုရား၊ တပည့်တော်တို့ ကျောင်းဆောက်ပြီး ကိုးကွယ်ပါ့မယ်ဘုရား”

“ရွာနှစ်ခြမ်းကွဲသွားလိမ့်မယ် ဒကာကြီး”

“မကွဲစေရပါဘူးဘုရား၊ ကျောင်းနှစ်ကျောင်းဖြစ်ရုံပါပဲဘုရား”

အဲဒီလိုဖြင့် ကျွန်တော်တို့ရွာမှာ ဘုန်းကြီးကျောင်းနှစ်ကျောင်း ဖြစ်ခဲ့ရသည်ဟု သိမီလိုက်သူတွေက ပြန်ပြောပြကြသည်။ ကျွန်တော်မှတ်မိလို့ ကျွန်တော်ကိုယ်တိုင် အရှေ့ပိုင်းရွာကျောင်းမှာ ဘုန်းကြီးကျောင်းသားလေးဖြစ်လာသည့်အချိန်မှာတော့ ဆရာတော် ဦးပဒုမ ပျံလွန်တော်မူပြီးဖြစ်သည်။ ကျွန်တော့်ဆရာအရင်းဖြစ်လာမည့် ဆရာတော် ဦးဝဏ္ဏသာမိက ရဟန်းငယ်ဘဝဖြင့် ကျောင်းထိုင်နေပြီဖြစ်သည်၊၊ ကျောင်းကွဲစဉ်က ပါလာ

သည့် ကျောင်းသားလေး မောင်တင် ညွှန့်က ကျောင်းကထွက်ပြီး ကိုတင် ညွှန့်ဘဝဖြင့် လယ်ထွန်နေသည်။ ခွေးပေါက်ကလေးကြောင်က ကျောင်း ခွေးအုပ်စုကြီး၏ ခေါင်းဆောင်ခွေး ကြောင်ကြီး ဖြစ်နေပါသည်။ ကြောင် ကြီးသည် ကျောင်းမှာ ကျွန်တော့်ထက် စိနီယာကျသည်။ ကြောင်ကြီးနှင့် ကျွန်တော်တို့ ပြဿနာဖြစ်လျှင် ဆရာ တော်က ကြောင်ကြီးကို မရိုက်၊ ကျွန်တော်တို့ကိုရိုက်သည်။ ကြောင် ကြီးသည် ဆရာတော်၏ အချစ်တော် ခွေးကြီးဖြစ်သည်။

ခွေးကြောင်ကြီးမှာ ထူးခြား သည့် ဝိသေသလက္ခဏာတွေရှိသည်။ ကျောင်းကွဲဝင်းမှာ အနောက်ပိုင်းကျောင်း ခွေးအုပ်စုမှ တစ်ကောင်တည်းခွဲထွက် ပြီး ခွေးပေါက်ကလေးဘဝဖြင့် ဆရာ တော် ဦးပဒုမ၏နောက်ကို လိုက်လာ ခဲ့သည့် ထူးခြားသည့် ခွေးဖြစ်သည်။ လှေခါးထိပ်က ဆရာတော်ဖိနပ်ချွတ် သည့်နေရာမှာပဲ အမြဲနေသည်။ မြေကြီး ပေါ်မှာ ဘယ်တော့မှမအိပ်၊ လှေကား ထိပ်ပေါ်မှာသာအိပ်သည်။ ခွေးသဘာ ဝမိတ်လိုက်သည့် အချိန်မှာ သူ့အဖော် ဖြစ်သည့် ခွေးဖြူမတစ်ကောင်တည်း ကိုသာ မိတ်လိုက်သည်။ ကျောင်းမှာရှိသည့် ခွေးထီးနှင့် ခွေးမအကောင်နှစ်ဆယ် ခန့်သည် ကြောင်ကြီး၏သား သမီး မြေးတွေ ဖြစ်သည်။ ကြောင်ကြီးသည် သူ့သမီး ခွေးမတွေနှင့် ဘယ်တော့မှ မိတ်မလိုက်ပါ။ သူ့မယား ခွေးဖြူမ တစ်ကောင်တည်းနဲ့ပဲ မိတ်လိုက်သည်။ မိတ်လိုက်တော့မည်ဆိုလျှင် ခွေးဖြူမကို ခေါ်ယူသွားပြီး ဘယ်သူမှ မမြင်နိုင် သည့် တောထဲ၊ ချုံထဲမှာ မိတ်လိုက် သည်။ ကျောင်းခွေးတွေအချင်းချင်း ကိုက်နေသံကြားလျှင် ကျောင်းပေါ်က ဆင်းလာပြီး အားလုံးကို ကြိမ်းမောင်း ဟိန်းဟောက်ပစ်လိုက်သည်။ ကြောင် ကြီးကိုမြင်လျှင် ခွေးတွေအားလုံး ထွက် ပြေးကုန်ကြတော့သည်။

ကျွန်တော် အသက်ဆယ်နှစ် သားလောက်အရွယ်မှာတော့ ကြောင် ကြီးသည် အသက်ကြီးနေပြီ ဖြစ်လို့ ကျန်းမာရေးကျဆင်းနေပြီဖြစ်သည်။ မျက်စိမှာ မျက်ချေးတွေယွက် နေသည်။ ပါးစပ်က သွားရေတွေစီးကျ နေသည်။ ကျောင်းပေါ်က လှေခါးထိပ်မှာပဲ မှိန်းနေသည်။ အိပ်နေသည်။ အစာ စားဖို့တောင် ကျောင်းအောက်ကို မဆင်းတော့သည့်အတွက် သူ့ပါးစပ် နားကို သွားချကျွေးရသည်။ ချေးပါ၊ သေးပေါက်အတွက်လောက်သာ တုန်ချီ တုန်ချီဖြင့် ကျောင်းအောက်ကို ဖြည်း ဖြည်းဆင်းသည်။ ကိစ္စပြီးတာနဲ့ ကျောင်းပေါ်ကို ဖြည်းဖြည်းပြန်တက်ပြီး မှိန်းနေတော့သည်။ ဇရာ၏လက္ခဏာ တစ်နေ့တစ်ခြားပြလာပြီး အစာမစား တော့သည့်အခြေအနေကိုရောက်လာ သည်။ ကြောင်ကြီး သေတော့မည် ဆိုတာကို သိနေကြသည်။

နွေရာသီတစ်နေ့နံနက်မှာ တော့ ကြောင်ကြီး သေနေပြီဆိုတာ ကို ကျောင်းသားလေး၊ ကိုရင်လေး တွေကတစ်ဆင့် ကျောင်းသားကြီး၊ ကိုရင်ကြီးတွေ သိသွားကြသည်။ ကြောင်ကြီးသေပြီဆိုတော့ ကြောင် ကြီးကို ချစ်ကြသည့်ကျောင်းသားနှင့် ကိုရင်တွေက အသုဘချဖို့ ပြင်ဆင်ကြ သည်။

ကိုရင်ကြီးကိုထွန်းမောင်က ခေါင်းဆောင်ပြီး ခွေးအသုဘကိုချဖို့ စီစဉ်သည်။ ကျောင်းမှာရှိသည့် သစ်တို သစ်ပိုင်းတွေဖြင့် ခေါင်းစပ်သည်။ ကြောင်ကြီး၏အလောင်းကို ခေါင်း ထဲကို ရိုရိုသေသေ ထည့်ကြသည်။ ခွေးအသုဘချတော့မည်ဆိုသည့်အခါ ကိုရင်ကြီးကိုထွန်းမောင်က ရှေ့ဆုံးက လျှောက်သည်။ ကိုရင်တွေတန်းစီပြီး ကိုထွန်းမောင်နောက်က လိုက်သည်။ ကိုရင်တွေနောက်က ကျွန်တော်တို့ ကျောင်းသားလေးတွေ လိုက်ကြသည်။ ခွေးအသုဘဖြစ်လို့ ငိုမည့်သူမရှိဖြစ် နေသည်။ အားလုံး၏စိတ်ကတော့ ဝမ်းနည်းနေကြသည်။

သရက်ပင်အုပ်ဆိုင်းဆိုင်း၏ အောက်မှာ ကျင်းတူးသည်။ ကျားတွေ၊ မြေခွေးတွေဖော်မစားနိုင်အောင် နက်နက်တူးကြသည်။ ကြောင်ကြီး၏ အလောင်းကို မြေမချမီ သရဏဂုံတင် ကြရန် သဘောတူကြပါသည်။ ကိုရင် ထွန်းမောင်က ငါးပါးသီလပေးသည်။

ကျွန်တော်တို့ကလိုက်ဆိုပြီး သရဏဂုံ တင်ကြသည်။ ကောင်းရာသုကတိဘုံ ဘဝကို ရောက်ပါစေလို့ အမျှဝေဆု တောင်းပြီး မြေမြှုပ်လိုက်ကြသည်။

ခွေးအသုဘချပြီးလို့ ကျောင်းဘက်ကိုပြန်လာတယ်ဆိုလျှင်ပဲ ကျောင်းပေါ်က ဆရာတော်၏ လူခေါ် ခေါင်းလောင်းသံဆူညံစွာ မြည်နေတော့သည်။ ဆရာတော်၏ လူခေါ်ခေါင်းလောင်းသံမှာ သင်္ကေတရှိသည်။ နှစ်ချက်ဆိုလျှင် တစ်စုံတစ်ယောက်ကို ကိစ္စရှိလို့ခေါ်တာဖြစ်သည်။ နှစ်ချက်တွဲ နှစ်ခါ၊ လေးချက်ဆိုလျှင် စာတက်ဖို့၊ စာချဖို့ခေါ်တာဖြစ်သည်။ အခုလို အဆက်မပြတ်အသံမြည်အောင် လှုပ်ခေါ်ပြီဆိုလျှင် နာဖို့သာပြင်ပေတော့၊ ပြစ်မှုတစ်စုံတရာကြောင့် အရေးယူဖို့ ခေါ်တာဖြစ်သည်။ ဒီလိုခေါင်းလောင်းသံထွက်ပေါ်လာပြီဆိုလျှင် ကိုရင်နှင့် ကျောင်းသားအားလုံး ကျောင်းကြီးပေါ်မှာ တန်းစီထိုင်ကြရသည်။ အဆူခံရတော့မည်။ အရိုက်ခံရတော့မည်ဆိုတာ သိနေကြသည်။ ရိုက်ရမည့်ကိစ္စဆိုလျှင် ဆရာတော်သည် ကြိမ်လုံးကိုကိုင်ပြီး ထွက်လာသည်။ ဆရာတော်မှာ ကြိမ်လုံးနှစ်မျိုးရှိသည်။ ကျောင်းသားကြီးနှင့် ကိုရင်ကြီးတွေအတွက် ကြိမ်လုံးအကြီးရှိသည်။ ကိုရင်လေးတွေနှင့် ကျွန်တော်တို့အတွက် လက်ညှိုးအရွယ်အသေးရှိသည်။

ကျွန်တော်တို့လူစုံလို့ တန်းစီထိုင်နေကြပြီဆိုသည့်အခါ ဆရာတော်သည် ကျက်သရေခန်းအတွင်းမှ ကြိမ်လုံးအကြီးကိုကိုင်ပြီး ထွက်လာသည်။ ဒေါသထွက်နေတာ သိသာသည်။ မျက်နှာကြောတင်းနေသည်။ ကြိမ်လုံးအကြီးကို ကိုင်လာသည့်အတွက် ကျွန်တော်တို့ကိုပါ အကြီးနဲ့ဆော်တော့မည်လို့ ယူဆရသည်။ ဆရာတော်သည် ထိုင်နေကျ ကုလားထိုင်မှာ ထိုင်လိုက်သည်။ ကျွန်တော်တို့အားလုံးက လက်အုပ်ချီထားကြရသည်။

"နင်တို့ ဘာလုပ်ကြတာလဲ"

"ငကြောင်ကြီးကို မြေမြှုပ်တာပါဘုရား"

"ခွေးသေတာကို ရိုးရိုးမမြှုပ်ဘဲ ဘာကြောင့် အသုဘချသလို လုပ်ကြတာလဲ"

"ငကြောင်ကြီးကို ချစ်လို့ပါဘုရား"

ကျွန်တော်တို့က ပြိုင်တူ အော်ပြီး လျှောက်လိုက်တော့ ဆရာတော်သည် ကျွန်တော်တို့တစ်ယောက်ချင်း၏ မျက်နှာတွေကို လိုက်ကြည့်နေသည်။ ပြီးတော့မှ ထပ်မေးသည်။

"ဘာကြောင့်ချစ်တာလဲ၊ နောက်တန်းက အငယ်ကောင်တွေ ဖြေစမ်း"

"လိမ္မာလို့ပါဘုရား"

"ရှေ့တန်းက အကောင်ကြီးတွေကရော ပြောစမ်းပါဦး၊ ဘာကြောင့်ချစ်တာလဲ"

"အကျင့်စာရိတ္တကောင်းလို့ပါဘုရား"

ဆရာတော်သည် ဘာမှဆက်မမေးတော့ဘဲ ကြိမ်းခင်းကို စိုက်ကြည့်နေသည်။ အတန်ကြာမှ ထိုင်ရာမှ ထရပ်လိုက်ပြီး ပြောသည်။

"နင်တို့ကလူတွေ၊ လူလိုနေ၊ သူ့လိုကျင့်ကြ"

ဆရာတော်သည် ပြောပြီးသည်နှင့် ဘာမှမလုပ်တော့ဘဲ သူ့ကျက်သရေခန်းထဲ ပြန်ဝင်သွားလေတော့သည်။ ကျွန်တော်တို့မှာ အရိုက်မခံရလို့ ဝမ်းသာကြသော်လည်း လူလိုနေပြီး ခွေးလိုကျင့်ရမည်ဆိုသည့်အတွက် အတော်ကသိကအောက်ဖြစ်ကြရတော့သည်။

အဏ္ဏဝါစိုးမိုး

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြန်မာကျောင်းတိုက်မှ ပျံလွန်တော်မူသွားလေပြီးသော ပဓာနနာယကဆရာတော်ကြီး သီရိဘဒ္ဒန္တစန္ဒြမဏိသည် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာ ပြန်လည်၍ ထွန်းကားပြန့်ပွားအောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ချက်များအနက် ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်အနီး ပဥ္စမသင်္ဂါယနာတင်ဒါယကာ ဘုရင်မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော (၂) ထပ်အုတ်ကျောင်းဇရပ်ကြီးကို ဗုဒ္ဓဘာသာဝင်များအတွက် နေထိုင်တည်းခိုခွင့် ရရှိနိုင်စေရန် သီရိလင်္ကာနိုင်ငံသားသူတော်စင် အနာဂါရိကဓမ္မပါလနှင့်အတူ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

အုတ်ကျောင်းဇရပ်ကြီးသည် ဗိသုကာလက်ရာ အဆင့်မြင့်စွာဖြင့် ခမ်းနားကြီးကျယ်နိုင်ခန့်စွာ တည်ဆောက်ထားပြီး တံခါးပေါက်နှင့် ပြတင်းပေါက်ကြီးငယ် အသွယ်သွယ်ဖြင့် လှပတင့်တယ်ကျက်သရေ ရှိနေခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်ရဟန်းသည်သည်၊ လူသည်သည်များ တည်းခိုခွင့်ရခဲ့သေးသည်။ သို့သော် နောင်အခါတွင် အုတ်ကျောင်းဇရပ်ကြီး၌ ဗုဒ္ဓဘာသာရဟန်းတော်များ၊ ဘုရားဖူးသည်သည်များ နေထိုင်တည်းခိုခွင့်မရရှိကြဘဲ ဟိန္ဒူဘာသာဘုန်းတော်ကြီး မဟန့်လက်ထဲတွင်သာ အစဉ်အဆက် ရှိနေပါတော့သည်။

ယခင်က အရှင်စန္ဒြမဏိအလောင်းအလျာဖြစ်သော ကိုရင်စန္ဒ၊ ကိုရင်သူရိယနှင့် ကပ္ပိယသတိုးဦးတို့သည်

သီရိဘဒ္ဒန္တစန္ဒြမဏိ ရတနာဂိရိမြို့တွင် သီပေါမင်းနှင့်တွေ့ဆုံခြင်း

မေဦးသိန်းညွန့်

ထိုသို့ကြိုးပမ်းစဉ် ရတနာဂီရိမြို့တွင် စံမြန်းတော်မူလျက်ရှိသော သီပေါမင်းထံသို့ ကြွရောက်တော်မူကာ ထိုအုတ်ကျောင်းဇရပ်ကြီးနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းမှုပြုတော်မူခဲ့ပေသည်။ ထိုအုတ်ကျောင်းဇရပ်ကြီးကို မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓဘာသာဝင်ရဟန်းတော်များနှင့် ဘုရားဖူးလာရောက်ကြသော ဗုဒ္ဓဘာသာဝင်အာဂန္တုသည်သည်များ အစဉ်အဆက်နေထိုင်တည်းခိုနိုင်ကြရန် ရည်မှန်းချက်ကြီးစွာဖြင့် ခရစ်နှစ်အေဒီ (၁၈၇၄)တွင်

အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် စတင်ရောက်ရှိခဲ့စဉ်က မင်းတုန်းမင်း အုတ်ကျောင်းဇရပ်ကြီးတွင် သီတင်းသုံးလျက်ရှိသော သီရိလင်္ကာနိုင်ငံသား၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီး အရှင်စန္ဒဇောတိထံတွင် အတူနေထိုင်ကြပြီး ပညာသင်ကြားခဲ့ကြရသည်။ ထိုစဉ် ဗောဓိပင်ရင်း၌ ဒေသခံများ၏ ဓလေ့ထုံးစံအရ "မတကာဘတ်"(ခေါ်) ကွယ်လွန်သူတို့အတွက် စားစရာတင်ကြရသော ဖက်ခွက်၊ မြေခွက်တို့ ပြန့်ကြဲရှုပ်ပွနေသည်ကို၊ ရှင်စန္ဒ ရှင်သူရိယနှင့် သတိုးဦးတို့က နေ့စဉ်



မင်းတုန်းမင်းအုတ်ကျောင်းဇရပ်

နံနက်တိုင်း ရှင်းလင်းသုတ်သင်ကာ ကုသိုလ်ပြုလျက် ပညာသင်ခဲ့ကြရသည်။ တစ်ခါတရံ ဗောဓိပင်နှင့် မလျှော်သည်များကို တားမြစ်မိရာမှ ပဋိပက္ခဖြစ်ကြရသည်။

တစ်နေ့သော် မိုးကုတ်မြို့မှ ဘုရားဖူးများ ရောက်ရှိလာ၍ ရှင်စန္ဒ၊ ရှင်သူရိယနှင့် သတိုးဦးတို့က ထိုသူတို့နှင့်အတူ ဘုရားဖူးရန်လိုက်သွားကြလေရာ အရှင်စန္ဒဇောတိ၊ အာဂန္တုရဟန်းတော် အရှင်သုမင်္ဂလနှင့် တပည့်တို့သာ ကျန်ရှိခဲ့ကြလေသည်။ ထိုအချိန်တွင် ဟိန္ဒူဘုန်းတော်ကြီး မဟန့်၏တပည့်များက ဝင်ရောက်ရိုက်နှက်ကြသဖြင့် (၃)ဦးလုံး ဒဏ်ရာရရှိခဲ့ကြသည်။ အာဂန္တုရဟန်းတော်မှာ ကိုယ်နှင့်ဦးခေါင်းတွင် ဒဏ်ရာအချက်ပေါင်းများစွာ ရရှိသဖြင့် ဂယာမြို့ဆေးရုံသို့ တင်ပို့လိုက်ရသည်။ ဤအဖြစ်အပျက်သည် နောက်တစ်နေ့ဖြစ်သော ခရစ်နှစ် (၁၈၉၃)ခု၊ ဖေဖော်ဝါရီလ (၆)ရက်နေ့ထုတ် အိန္ဒိယန်ပရက်(စ်)သတင်းစာတွင် ပါရှိခဲ့လေသည်။ သို့သော်လည်း ဟိန္ဒူဘုန်းတော်ကြီး မဟန့်၏ ဩဇာတန်ခိုးကြောင့် အမှုမှာ အလိုအလျောက် ပျောက်ပျက်သွားလေတော့သည်။ အာဂန္တုဘုန်းကြီးလည်း ဂယာမြို့ဆေးရုံတွင် (၄)လကြာ တက်ရောက်ကုသရလေသည်။

အခင်းဖြစ်ပြီးနောက်တစ်နေ့တွင် ရဲဌာနမှ လာရောက်ပြီး အုတ်ကျောင်းဇရပ်ကြီးကို မည်သူမှမတက်ရ၊ မနေရဟု အမိန့်ထုတ်ထားခဲ့လေရာ အရှင်စန္ဒဇောတိလည်း ရှင်စန္ဒ၊ ရှင်သူရိယ၊ သတိုးဦးတို့နှင့်အတူ ထိုဇရပ်ကြီးမှ ဆင်းလာခဲ့ကြရလေ၏။ ကာလကတ္တားနေ ဗိုလ်မှူးကြီး အော်ရကောက်နှင့် အနာဂါရိက ဓမ္မပါလတို့က ဤအဖြစ်အပျက် ကြေးနန်းစာကို ရရှိသည်နှင့် ချက်ချင်းပင် ဗုဒ္ဓဂယာသို့ ရောက်ရှိလာပြီး အရှင်စန္ဒဇောတိတို့ (၄)ဦးအား ဂယာမြို့တွင် တိုက်တစ်လုံးငှားရမ်းကာ နေရာထိုင်ခင်း ချထားပေးရလေသည်။

ထို့နောက်တွင် ဗုဒ္ဓဘာသာရဟန်းတော်များ ဘုရားဖူးသူများ အုတ်ကျောင်းဇရပ်ကြီးတွင် နေထိုင်တည်းခိုခွင့် လုံးဝမရရှိတော့ဘဲ ဟိန္ဒူဘုန်းတော်ကြီး မဟန့်ကသာ ဂရံမြေစာချုပ်ကို လက်ဝယ်ပြကာ သိမ်းပိုက်ထားလေတော့သည်။ ခရစ်နှစ် (၁၉၀၇)ခုနှစ်သို့ ရောက်သောအခါ အနာဂါရိကဓမ္မပါလက မဟာဗောဓိအသင်း၏ကိုယ်စား တရားလိုပြုလုပ်ကာ ''မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သော အုတ်ကျောင်းဇရပ်ကြီးကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့ လက်သို့ပြန်ပေးရမည်ဟု သက်ဆိုင်သော တရားရုံးသို့ ထိပ်တန်းဝတ်လုံများကို ငှားရမ်းကာ တရားစွဲဆိုလျှောက်ထားလေသည်။ ဟိန္ဒူဘုန်းတော်ကြီး မဟန့်ကလည်း ငွေကြေးချမ်းသာသဖြင့် နိုင်ငံကျော်ဝတ်လုံကြီးများကို ငှားရမ်း၍ အမှုကို ရင်ဆိုင်ခဲ့လေသည်။ မဟန့်က မင်းတုန်းမင်းတရားကြီးသည် ဂရံမြေစာချုပ်ကို ၎င်းအားပေးခဲ့သည်ဟုဆိုကာ ထိုစာချုပ်ကို တင်ပြထုချေလေသည်။

အနာဂါရိကဓမ္မပါလတို့ကလည်း သာသနာ့ဒါယကာ မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ဘုရားဖူးအာဂန္တုများ နေထိုင်တည်းခိုနိုင်ရန် ရည်မှန်း၍ ဤဇရပ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ရာ ဗုဒ္ဓဘာသာဝင်မဟုတ်သော ဟိန္ဒူဘုန်းတော်ကြီးမဟန့် ထိန်းသိမ်းမထားသင့်၊ မင်းတုန်းမင်းတရားကြီးက ပပျက်စီးအောင် ထိန်းသိမ်းရန် ခေတ္တအပ်နှံခဲ့ခြင်းသာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်အပ်နှံသင့်သည်ဟု ချေပကြသည်။

ထိုသို့ နှစ်ဘက်စလုံးက သူ့ရထိုက်ငါရထိုက် အပြန်အလှန် တရားရင်ဆိုင်ခဲ့ကြရာ တစ်နှစ်ကျော် ကြာမြင့်ခဲ့လေသည်။ တရားသူကြီးက အနာဂါရိကဓမ္မပါလအား ''ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ဘုရားဖူးအာဂန္တုများအတွက် ရည်မှန်း၍ ဆောက်လုပ်လှူဒါန်းခဲ့သည်ဟူ၍ မှန်ကန်ကြောင်း သက်သေပြနိုင်မည်လော''ဟု မေးမြန်းလေသည်။ အနာဂါရိကဓမ္မပါလက ''ယခုအခါ မင်းတုန်းမင်းတရားကြီး၏ သားတော်သီပေါမင်းသည် ရတနာဂီရိမြို့၌ ရှိနေပါသည်။ သီပေါမင်းအား သက်သေပြုလိုသည်''ဟု တင်ပြလာသည်။

တရားသူကြီးက ''သီပေါမင်းအား ရုံးတော်သို့ ခေါ်ယူစစ်ဆေးရန် မဖြစ်နိုင်သောကြောင့် အနာဂါရိကဓမ္မပါလကိုယ်တိုင် သီပေါမင်းထံသို့ သွားရောက်လျက် အကျိုးအကြောင်းကို မေးလျှောက်ကာ ဤရုံးတော်သို့ အစီရင်ခံစာတင်သွင်းစေ''ဟု မိန့်ကြားလေသည်။

အနာဂါရိကဓမ္မပါလလည်း ရတနာဂီရိသို့ သွားရန် အဖွဲ့ဝင်အဖြစ် ကုသိနာရုံတွင် သီတင်းသုံးနေတော်မူသော အရှင်စန္ဒြမဏိ၊ ကပ္ပိယမောင်ဘိုးယဉ်တို့အား ဗုဒ္ဓဂယာသို့ ပင့်ခေါ်လေသည်။ ကုသိနာရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော မြန်မာနိုင်ငံသား အရှင်စန္ဒောဘာသကလည်း သီပေါမင်းကို တွေ့လို၍ မိမိစရိတ်ဖြင့် လိုက်ပါရန် ဆန္ဒပြုလျက် ဗုဒ္ဓဂယာသို့ ရောက်ရှိလာခဲ့သည်။

ခရစ်နှစ်အေဒီ (၁၉၀၈)ခု၊ ဧပြီလ (၁၆)ရက် ကြာသပတေးနေ့တွင် ရတနာဂီရိသို့ သွားမည့်သူ (၄)ဦး တွေ့ဆုံ၍ အကြောင်းအကျိုးကို ဆွေးနွေးတိုင်ပင်ကြပြီးလျှင် ဂါယာမြို့မှ ကာလကတ္တားမြို့သို့လည်းကောင်း၊ ကာလကတ္တားမြို့မှ ဘုံဘိုင်မြို့သို့ (ယခု-မွမ်ဘိုင်း)သို့ မီးရထားဖြင့်လည်းကောင်း၊ ခရီးထွက်ခွာကြရလေသည်။ ဘုံဘိုင်မြို့မှနေ၍ သီပေါမင်းထံသို့ မိမိတို့ကြွရောက်လာမည့် အကြောင်းကြိုတင်အကြောင်းကြားကာ ဘုံဘိုင်မြို့မှ မော်တော်ဘုတ်တစ်စီးဖြင့် လှိုင်းလေအလွန်ပြင်းထန်နေသည့်ကြားမှ ရတနာဂီရိမြို့သို့ ထွက်ခွာလာခဲ့ကြလေသည်။

ရတနာဂီရိမြို့သို့ ည (၁၀)နာရီတွင် ရောက်ရှိကြရာ သီပေါမင်း၏ ကောင်စစ်ဝန်အင်္ဂလိပ်လူမျိုးက လာရောက်ကြိုဆိုပြီး ကမ်းနားလမ်းရှိ တည်းခိုဆောင်၌ နေရာချထားကာ သီပေါမင်းနှင့် တွေ့ဆုံရမည့်အချိန်ကို ချိန်းဆိုထားခဲ့လေသည်။ နောက်တစ်နေ့နံနက်တွင် သီပေါမင်းစံအိမ်တော်မှ သစ်သီးမျိုးစုံအပါအဝင် စားသောက်သုံးဆောင်ဖွယ်ရာများကို ပေးပို့လှူဒါန်းလာလေသည်။ ထို့နောက် ချိန်းဆိုထား

သည့်အတိုင်း ညနေ (၄)နာရီတွင် ကောင်စစ်ဝန်မှ ဘီရိုလှည်းဖြင့် လာရောက်ပင့်ခေါ်သဖြင့် လိုက်သွားကြရာ စံအိမ်တော်သို့ ရောက်ရှိသွားသောအခါ အနီရောင်အဝတ်များကို ဝတ်ဆင်ပြီး ဒေါင်းတံဆိပ်ဦးထုပ်များကို ဆောင်းလျက် တံခွန်ကုက္ကားများကို ကိုင်ဆောင်ထားသော သီပေါမင်း၏ စစ်သား (၂၀၀)ကျော်တို့က လမ်းတစ်ဘက်တစ်ချက်စီမှ စီတန်းကာ ခရီးဦးကြိုဆိုနေကြသည်။



ဘကြီးတော်မင်းနှင့် မင်းတုန်းမင်းကျောက်စာနှစ်ချပ်ထားရှိရာ ကျောက်စာတိုက်

စံအိမ်တော်သို့ရောက်သောအခါ နှစ်တောင်ခန့်မြင့်သော စင်မြင့်ပေါ်မှ ထိုင်ခုံ (၂)လုံးတွင် အရှင်စန္ဒြမဏိနှင့် အရှင်စန္ဒောဘာသတို့ ထိုင်ရပြီး အောက်မှထိုင်ခုံ (၅)လုံးတွင် ကောင်စစ်ဝန် အတွင်းဝန်ဦးထွန်းမင်း အနာဂါရိကဓမ္မပါလ၊ မောင်ဘိုးယဉ်တို့ ထိုင်ကြရသည်။ ငါးမိနစ်ခန့်ကြာသောအခါမှ မြန်မာမင်းဝတ်စုံကို ဝတ်ဆင်ထားသော သီပေါမင်းသည် အဆောင်တော်အတွင်းမှ ထွက်လာပြီး ရဟန်းတော်များအား ဖူးမြော်ကန်တော့ကာ အောက်ထိုင်ခုံ (၅)လုံးအနက် ကျန်ရှိသော ထိပ်ဆုံးခုံတွင် ထိုင်လေသည်။ (၅)မိနစ်ခန့် မည်သူမျှ စကားမဆိုနိုင်ဘဲရှိနေစဉ် ကောင်စစ်ဝန်က စတင်ပြီး ပြောလိုသောစကားကို ပြောနိုင်ကြပါသည်ဟု စကားဦးသန်းလိုက်လေသည်။ သီပေါမင်းက ယခုကဲ့သို့ ကြွရောက်လာရသောအကြောင်းကို အမိန့်ရှိပါဘုရားဟု စတင်လျှောက်ထားရာ ရှေးဦးစွာ အရှင်စန္ဒြမဏိက မဟာဗောဓိအသင်းနှင့် ဦးသူတော်အနာဂါရိကဓမ္မပါလတို့၏ အကြောင်းကို ရှင်းလင်းမိန့်ကြားတော်မူပြီး အနာဂါရိကဓမ္မပါလနှင့် မိတ်ဆက်ပေးတော်မူသည်။

အရှင်စန္ဒြမဏိက "ဗုဒ္ဓဂါယာ မဟာဗောဓိပင်အနီးမှာ ဒကာတော်မင်းမြတ်၏ ဖခမည်းတော် မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော (၂)ထပ်အုတ်ကျောင်းဇရပ်ကြီးကို မဟာဗောဓိအသင်းကိုယ်စား အနာ

ခင်းထုန်းခင်းအုတ်ကျောင်းဇရပ်ကြီးနှင့် မြေ၊ မြေဝရံစာချုပ်တို့ကိုလည်း ၎င်းတို့၏ပိုင်နယ်ထဲသို့ သွတ်သွင်းလိုက်ကြလေတော့သည်။ ထိုအခါ ထို(၂)ထပ်အုတ်ကျောင်းဇရပ်ကြီးကို တစ်ထပ်အုတ်ကျောင်းဇရပ်အဖြစ် ပြုလုပ်ထားကာ ဗုဒ္ဓဘာသာဝင်များအား စိုးစိဉ်အနားထိခွင့်မပေးသည်မှာ နှစ်ပေါင်း(၁၂၀)ကျော်ခဲ့ပါပြီ။

ဂါရိကဓမ္မပါလနှင့် ဟိန္ဒူဘုန်းတော်ကြီး မဟန့်တို့သည် သူရထိုက် ငါရထိုက်နှင့် တရားရုံးတွင် တရားရင်ဆိုင်နေကြကြောင်း'' သီပေါမင်းအား ရှင်းလင်းမိန့်ကြားတော်မူလေသည်။

သီပေါမင်းက ပြန်လည်လျှောက်ထားတော်မူသည်မှာ -

ဖခမည်းတော်နတ်ရွာစံ၍ တပည့်တော် နန်းတက်သောအခါ နန်းစဉ်စာအုပ်စာတမ်းများကို ကြည့်ရှု၍ တွေ့ရှိရသည်မှာ မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာထွန်းကားတောက်ပြောင်လာရခြင်းမှာ သီရိဓမ္မာသောကမင်းတရားကြီးကြောင့် ဖြစ်ပါသည်။ သင်္ဂါယနာတင်ပြီး၍ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်သောအခါ၌ တပည့်တော်တို့မြန်မာပြည်လည်း အပါအဝင်ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ သီရိဓမ္မာသောကမင်းကြီးအား ကျေးဇူးဆပ်သည့်အနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မဟာဗောဓိပင် အနီးအနား၌ အဆောက်အဦးများဆောက်လုပ်လျက် ကုသိုလ်ကောင်းမှုများ ပြုလုပ်သင့်သည်ဟု တွေ့ရှိရပါသည်။

တပည့်တော်မင်းအဖြစ်သို့ မရောက်မီကလည်း မဟာဗောဓိပင်အား ပူဇော်လှူဒါန်းရန် နန်းတော်အတွင်းရှိ လူအများထံမှ စေတနာပေါက် ကောက်ခံရာ၊ စိန်ရွှေမြစသော ရတနာအမျိုးပေါင်း ငါးသောင်းဖိုးမျှ ရရှိလှူဒါန်းခဲ့ကြပါသည်။ ခမည်းတော်မင်းတရားကြီး၏ အလိုဆန္ဒအတိုင်း ဗုဒ္ဓဂယာမဟာဗောဓိပင်ရင်း၌ မည်ကဲ့သို့ ပြုလုပ်ဆောင်ရွက်သင့်သနည်းဟု မှူးမတ်အများနှင့် တိုင်ပင်ဆွေးနွေးရာ မှူးမတ်များက ဦးစွာ ဇရပ်တစ်ဆောင်ဆောက်လုပ်လျက် နောက်မှသာ တဖြည်းဖြည်းဆောင်ရွက်သင့်သည်ဟု လျှောက်ထားကြသောကြောင့် ရွှေတိုက်စိုးဝန်ထောက် ဦးမြသူကို စေလွှတ်လျက် (၂)ထပ်အုတ်ကျောင်းဇရပ်ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ယင်းဇရပ်ဆောက်လုပ်ရာ၌ ငွေ (၅၀၀၀)ကုန်ကျခဲ့ပါသည်။ ဟိန္ဒူဘုန်းတော်ကြီးမဟန့်အား ထိုအုတ်ကျောင်းဇရပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ငွေ (၁၀၀၀)ပေးခဲ့ပါသည်။ ယခု ဟိန္ဒူဘုန်းတော်ကြီးမဟန့် (၃)ဆက်မြောက်ပြီးဖြစ်ပါသည်။ သို့အတွက် အနှောင့်အယှက်ဖြစ်နေပါသည်။ ပထမလူသာ ရှိလျှင် တစ်စုံတရာ အခက်အခဲရှိမည်မဟုတ်ပါ။ နန်းစဉ်စာရွက်စာတမ်း စာအုပ်များကိုလည်း အင်္ဂလိပ်မင်းတို့ သိမ်းယူသွား၍ တပည့်တော်ထံ၌ တစ်ခုမျှမရှိပါ။ ကာလကတ္တားမြို့ဘုရင်ခံချုပ်အိမ်၌ ရှိမည်ထင်ပါသည်။ ၎င်းနှင့် တွေ့ဆုံပြောဆိုက ကိစ္စများ ပြီးမည်ထင်ပါသည်။ ဤအရပ်၌ ရဟန်းသံဃာများအား ဖူးမြော်ရခဲ့ယဉ်းပါသည်။ အရှင်ဘုရားကြွရောက်လာသည်ကို အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်''ဟု လျှောက်တင်ကာ သီပေါမင်းမှာ မျက်ရည်လေတော့၏။

ထိုအခါ ကောင်စစ်ဝန်က တော်လောက်ပြီဟု ပြောလေသဖြင့် အရှင်စန္ဒြမဏိက ''ဗုဒ္ဓသာသနာရေးနှင့် ပတ်သက်၍ ဤရတနာဂီရိမြို့သို့ ကြွရောက်လျက် ဒကာတော်နှင့် တွေ့ဆုံဆွေးနွေးရ၍ များစွာဝမ်းမြောက်ဝမ်းသာ ရှိကြောင်း'' မိန့်တော်မူကာ စံအိမ်တော်မှထွက်လာရာ သီပေါမင်းကိုယ်တိုင် လက်အုပ်ချီလျက် တံခါးဝတိုင်အောင် လိုက်ပို့ပြီးလျှင် ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်အား မီးပူဇော်

ရန် နှမ်းဆီတစ်ပုံး၊ မီးဇာပြုလုပ်ရန် ခြည်ခင်များ၊ သင်္ကန်း လျာပိတ်အုပ်များ ဆွမ်းအတွက် သရက်သီး အလုံးတစ်ရာ တို့ကို လှူဒါန်းလိုက်ပါသည်။

အရှင်စန္ဒိမဏိနှင့်အဖွဲ့သည် ဘုံဘေ (ယခု မွမ် ဘိုင်း)မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ယခင် တည်းခိုခဲ့ကြသော ဝတ်လုံကြီး ဒေါက်တာစန္ဒရဘာအိမ်၌ပင် တည်းခိုကြကာ၊ ဒေါက်တာစန္ဒရဘာအပါအဝင် ဝတ်လုံကြီး များနှင့် တိုင်ပင်ပြီး သီပေါမင်းထံမှ ကြားသိခဲ့ရသည်များကို အစီရင်ခံစာတစ်စောင် ရေးသားကြလသည်။ အနာဂါရိကဓမ္မ ပါလသည် ထိုအစီရင်ခံစာကို ကာလကတ္တားသို့ ယူဆောင် သွားပြီး ရုံးတော်သို့ တင်သွင်းလေ၏။

ထို့နောက် ဟိန္ဒူဘုန်းတော်ကြီးမဟန့်၏ ရှေ့နေ ကြီးက ဗုဒ္ဓဘာသာအယူအဆနှင့် ဟိန္ဒူပုဏ္ဏားတို့၏ အယူ အဆများ တူသည်ဟု ကျမ်းအကိုးအကားနှင့် ရုံးတော်သို့ လျှောက်တင်၏။ အနာဂါရိကဓမ္မပါလကလည်း မတူကြောင်း ဟိန္ဒူပုရမ်ကျမ်းဒုတိယတွဲ၌ ပါရှိသော ဂါထာတစ်ပုဒ်ကို ရွတ်ပြလျှောက်ထားလေသည်။ နောက်ဆုံးတွင် -

"စစ်နိုင်သော ပသီဘုရင်တစ်ပါးက အဝါဝတ် ဖော်ကီတစ်ဦးအား ပေးခဲ့သော ယင်းအုတ်ကျောင်းဇရပ်ကြီး နှင့်ပတ်သက်သည့် ဖါရ်မာန် **(Firman)** ခေါ် ပိုင်ဆိုင် အုပ်ချုပ်ခွင့်အမိန့်ကို ဟိန္ဒူဘုန်းတော်ကြီးမဟန့်က ရရှိပြီး တင်ပြနိုင်ခဲ့လေသည်။ ပသီဘုရင်သည် လက်အောက်ခံ လူမျိုးများအား လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးခဲ့သည်။ သို့သော် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ စစ်ဘေးစစ်ဒဏ် ကြောင့် တိမ်းရှောင်နေကြရစဉ်ဖြစ်၍ ပသီဘုရင် ဗုဒ္ဓဂယာ သို့ ရောက်ရှိလာချိန်တွင် ဗုဒ္ဓဘာသာများကို မတွေ့ရဘဲ အဝါဝတ်ဖော်ကီတစ်ဦးကိုသာ တွေ့ရှိခဲ့သဖြင့် အုတ်ကျောင်း ဇရပ်ကြီး အုပ်ချုပ်ခွင့်ကို ပေးခဲ့ရခြင်းဖြစ်ပေသည်။

နောက်ဆုံးတွင် ဟိန္ဒူဘုန်းတော်ကြီးမဟန့်သည် ဤအုပ်ချုပ်ခွင့်ကို တင်ပြနိုင်သောကြောင့် အမှုကို အနိုင် ရရှိကာ မင်းတုန်းမင်းအုတ်ကျောင်းဇရပ်ကြီးနှင့် မြေ၊ မြေဂရံစာချုပ်တို့ကိုလည်း ၎င်းတို့၏ ပိုင်နက်ထဲသို့ သွတ် သွင်းလိုက်ကြလေတော့သည်။ ယခုအခါ ထို (၂)ထပ် အုတ်ကျောင်းဇရပ်ကြီးကို တစ်ထပ်အုတ်ကျောင်းဇရပ်အဖြစ် ပြုလုပ်ထားကာ ဗုဒ္ဓဘာသာဝင်များအား စိုးစိမျှအနားကပ် ခွင့်မပေးသည်မှာ နှစ်ပေါင်း (၁၂၀)ကျော်ခဲ့ပါပြီ။

ဗုဒ္ဓဂယာမဟာဗောဓိမဏ္ဍိုင်အနီးတွင် ဘကြီးတော် မင်းနှင့် မင်းတုန်းမင်းကျောက်စာ (၂)ချပ်၊ ရခိုင်လေးမြို့ခေတ် ဘုရင်တစ်ပါး၏ ကောင်းမှုတော်ကျောက်စာတစ်ချပ်၊ မြောက်ဦးဘုရင်မင်းဘာကြီးကောင်းမှုတော် ကျောက်စာ တစ်ချပ်တို့ ရှိခဲ့ပါသည်။ ယခုအခါ ဘကြီးတော်မင်းတရား ကြီးကျောက်စာမှာ ထုချေဖျက်ဆီးခြင်း ခံလိုက်ရလေပြီ။ မင်းတုန်းမင်းတရားကြီး ကျောက်စာများမှာလည်း တဖြည်း ဖြည်းချင်း ပွတ်တိုက်ခံနေရလျက်၊ မင်းဘာကြီးကျောက်စာ မှာ ဖတ်မရအောင် ပျက်စီးနေချေသည်။ ရခိုင်လေးမြို့ခေတ် ကျောက်စာမှာဖတ်၍ ရရှိနေပေသေးသည်ဟု သိရှိရသည်။ ဗုဒ္ဓဂယာနေ မြန်မာရဟန်းသံဃာများအနေဖြင့် ထို ကျောက်စာများကို မြန်မာနိုင်ငံ၏ အဖိုးတန် အမွေအနှစ် များအဖြစ် တတ်နိုင်သမျှ ရှာဖွေစောင့်ကြည့် ထိန်းသိမ်း ထားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

ကျမ်းကိုး။

၁။ သီရိဘဒ္ဒန္တစန္ဒိမဏိ မဟာထေရ်ကျော်ထေရုပ္ပတ္တိ (အရှင်ကေသရာဘိဝံသဆရာတော်-မင်္ဂလာရာမပါဠိ တက္ကသိုလ်ကျောင်းအုပ်၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့)

၂။ သာသနာ့အာဇာနည်ကမ္ဘာ့ဗုဒ္ဓသာသနာပြုသီရိဘဒ္ဒန္တ စန္ဒိမဏိ မဟာထေရ်ကျော်ထေရုပ္ပတ္တိ (အရှင်စန္ဒိမဏိ ကြေးရုပ်သွန်းလုပ်ရေးကော်မတီ)

၃။ မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ (မောင်အုံ့-မဟာဝိဇ္ဇာ-ဘုံဘေ)

မေဦးသိန်းညွန့်

ကုသိနာရုံမြန်မာကျောင်းဆရာတော်

ဦးမြင့်အောင် *(ရှေးဟောင်းသုတေသန)*

ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရကို စာရေးသူ မဖူးမြော်ဖူးပါ။ ကုသိနာရုံဆရာတော်ဟု ထင်ရှားသဖြင့် ကိုယ်တိုင်ကိုယ်ကျ မဖူးမြော် မတွေ့ဖူးသော်လည်း ဆရာ တော်၏ သီလ၊ သမာဓိ၊ ပညာများအကြောင်း ကြားသိဖတ်ရှု ရသဖြင့် ဆရာတော်အား ကြည်ညိုသော စိတ်စေတနာဖြင့် ဤဆောင်းပါးရေးဖြစ်ပါသည်။ ရေးဖြစ်နိုင်အောင် တိုက်တွန်းသူမှာ ရန်ကုန်မြို့နယ် စာရေးဆရာအသင်း ဉက္ကဋ္ဌ ဦးလှတိုး (စာရေးဆရာတိုးထက်) ဖြစ်ပါသည်။

ကုသိနာရုံဟူသော အမည်နာမကြားလိုက်ရုံမျှဖြင့် စာရေးသူ ကျွန်တော်ကိုယ်တိုင် ကုသိနာရုံကို ရောက်ဖူးရုံမက အိန္ဒိယနိုင်ငံ၌ ရှေးဟောင်းသုတေသနပညာကို ပထမအကြိမ် (၁၉၅၈-၅၉)၊ ဒုတိယအကြိမ် (၁၉၆၉-၇၀)ခုနှစ်အတွင်း ရောက်ခဲ့ဖူးသည့်အပြင် အိန္ဒိယနိုင်ငံနေရာတော်ဟော်များများလည်း ရှေးဟောင်းသုတေသနပညာသင်ဘဝဖြင့် ရောက်ခဲ့ဖူးကြောင်း အမှတ်ရမိပါသည်။ သံဝေဇနိယဌာနကြီးလေးပါးရှိသည်တွင် လုမ္ဗိနီ၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်နှင့် ကုသိနာရုံတည်းဟူသော ဌာနကြီးလေးပါးအနက် စာရေးသူသည် နီပေါနယ်စပ် လုမ္ဗိနီမှလွဲ၍ ကျန်သုံးဌာနသို့ ရောက်ရှိခဲ့ဖူးသည်။ ရှေးဟောင်းသုတေသနပညာတော်သင်အဖြစ် ရောက်ရှိသော (၁၉၅၈)ခုနှစ် ဩဂုတ်လက ကုသိနာရုံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကုသိနာရုံဆရာတော်ကြီးမှာ ဘဒ္ဒန္တစန္ဒြမဏိဖြစ်ပါသည်။

ဆရာတော်စန္ဒြမဏိသည် ရခိုင်ဆရာတော်တစ်ပါးဖြစ်၍ အိန္ဒိယတွင် သီတင်းသုံးချိန်ကြာမြင့်လှသောကြောင့် မြန်မာစကားပင် မေ့လျော့ကုန်သည်ဟု ကြားသိရပါသည်။ ဆရာတော်ကြီး စန္ဒြမဏိသည် ဟိန္ဒီဘာသာဖြင့် ဗုဒ္ဓကျမ်းစာများရေးသားပြီး အိန္ဒိယဒေသခံတို့ကို သာသနာပြုနေခဲ့သည်မှာလည်း ကြာညောင်းလှပြီဖြစ်သည်။ ဆရာတော်ကြီးကိုယ်တိုင်လည်း အိန္ဒိယနိုင်ငံသားအဖြစ် ခံယူထားသည်ဟု ကြားသိရပါသည်။ အိန္ဒိယနိုင်ငံသားဖြစ်လာသော ဆရာတော်စန္ဒြမဏိသည် ယူပီနယ် ကုသိနာရုံတွင် ပစ္စည်းလေးပါး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဝါးအလှူငှာ မြေဝယ်ပြီး သာသနာအတွက် ကျောင်းဆောက်သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ကောလိပ်ကျောင်းများကိုပါ တည်ထောင်ပြီး ဗုဒ္ဓကျမ်းစာများကို ဟိန္ဒီဘာသာဖြင့် သင်ကြားစေသည်။

ကျွန်တော်ရောက်ရှိသော (၁၉၅၉)ခုနှစ် ဩဂုတ်လတွင် ဆရာတော်ကြီးမှာ ကျန်းမာရေးချို့တဲ့သည်နှင့် ကြုံတွေ့ခဲ့ရသည်။ ဆရာတော်ကြီးအား ဝေယျာဝစ္စဆောင်ရွက်ပေးသူ သီလရှင်များမှာ မြန်မာများမဟုတ်ကြပါ။ နီပေါနိုင်ငံသူများဖြစ်ကြသည်။ ကျွန်တော့်အား ကုသိနာရုံရှေးဟောင်းအဆောက်အဦများကို လိုက်လံပြသသူမှာ မြန်မာဘုန်းတော်ကြီးခန်းနေ ရဟန်းတစ်ပါးဖြစ်ပါသည်။ ကျွန်တော်သည် အချိန်များများမရသဖြင့် တစ်ညအိပ်သာ ကုသိနာရုံတွင် နေခဲ့ရပြီး နောက်တစ်နေ့လပ်ခနောင်းမှ နယူးဒေလီသို့ ပြန်ခဲ့ပါသည်။

ကုသိနာရုံပရိနိဗ္ဗာန်ရုပ်ပွားတော်နှင့် ကျောင်းတော်ကို လိုက်လံကြည့်ရှုရသည့်အတွက် သိရသော ရှေးဟောင်းသုတေသန ဗဟုသုတများမှာ ကျောင်းဆောက်သည့်



အုတ်တိုက်ဖြစ်၍ ပရိနိဗ္ဗာနစေတီတော်ကို ဟသ်ာတနယ်သား ဦးဖိုးကြျနှင့် ဦးဖိုးလှိုင်တို့ အလှူငွေများမှ ဆောက်လုပ်ထားပြီး စေတီတော်မှာ ဉာဏ်တော်ပေ (၂၀)မြင့်၍ (၁၉၂၇) ခုနှစ် မတ်လ (၁၈)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြသည်။ စေတီနှင့် ကျောင်းတော်ဖွင့်လှစ်ပွဲတွင် သံဃာတော် (၁၆) ပါးပါဝင်၍ ဆရာတော်ကြီးစန္ဒြမဏိ ကမ္မကထပြုလုပ်ခဲ့ကြောင်း၊ ရှေးဟောင်းသုတေသန မှတ်တမ်းရှိခဲ့သည်။ (D.R.Patil Kusinagara, Manager of Publication, Delhi, 1957-p.19) ကို ကြည့်ပါ။ ထိုစာအုပ်တွင် ပရိနိဗ္ဗာန်စံတော်မူပုံ ရုပ်ပွားတော်သည် ပုံအမှတ် (၈) (Plate VIII at p.32) ဖြစ်သည်။

ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိကား အလွန်ထူးခြားသော သာသနာပြုပုဂ္ဂိုလ်ကျော်ကြီးတစ်ပါးပင်ဖြစ်သည်။ အိန္ဒိယလူမှုရေးသမိုင်းတွင် ဇာတ်စနစ်ကြီး စိုးခဲ့သည်။ ပြာဟ္မဏ၊ ခတ္တိယ၊ ဝေဿနှင့် သုဒ္ဒဟူ၍ အဓိက ဇာတ်ကြီးလေးမျိုးရှိသည်တွင် ဇာတ်ငယ်များလည်း အများအပြားရှိသည်။ ဇာတ်ကြီးတစ်ရပ်ဖြစ်သော သုဒ္ဒခေါ် အပယ်ခံလူတန်းစားသည် အိန္ဒိယလူမှုသမိုင်းတွင် လူများစုဖြစ်သည်။ ထိုလူတန်းစားကို ဇာတ်မြင့်ပုဂ္ဂိုလ်များက ရှောင်ကြဉ်လိုကြသည်။ သို့သော် ဒီမိုကရေစီစနစ်အရ ထိုဇာတ်နိမ့်များမှ အပယ်ခံပုဂ္ဂိုလ် (Untouchables)များကို အိန္ဒိယ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီက (Harijans) ဘုရားလူဟု ခေါ်ဝေါ်အမည်တွင်စေပြီး (Scheduled Castes) (သတ်မှတ်အသိအမှတ်ပြုသော ဇာတ်)ဟု မှတ်ထားကြသည်။ ထိုဇာတ်နိမ့်များတွင် ခေါင်းဆောင်ခဲ့သူမှာ Dr. Bhimrao Ramji Ambedkar (1891-1956) ဖြစ်၍ မဟာရဋ္ဌပြည်နယ် (Maharastra State) တွင် ဗွားမြင်ပြီး(Baroda) ပြည်နယ် M.S. Maharaja စော်ဘွား၏ အမအစဖြင့် အမေရိကန် ကိုလံဘီယာတက္ကသိုလ်မှ (၁၉၁၆)ခုနှစ်က Ph.D ဒေါက်တာဘွဲ့နှင့် အခြားတက္ကသိုလ်ပါရဂူဘွဲ့များ ရရှိခဲ့သူ

ဖြစ်သည်။

အမ်ဘက်(ခ်)ကားသည် ပဏ္ဍစ်နေရူးအစိုးရလက်ထက်တွင် တရားရေးဝန်ကြီးဖြစ်၍ အိန္ဒိယနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ပင်တိုင်ရေးဆွဲခဲ့သူဖြစ်သည်။ အမ်ဘက်(ခ်)ကားသည် ဇာတ်နိမ့်ခေါင်းဆောင်ဖြစ်ရုံမက ဇာတ်နိမ့်များအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုသူလည်းဖြစ်သည်။ ဘဒ္ဒန္တစန္ဒြမဏိဆရာတော် သာသနာပြုမှုကြောင့် သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာရုံမက မြန်မာနိုင်ငံ၌ ကျင်းပသော ဆဋ္ဌသံဂါယနာပွဲတော်ကြီးကိုလည်း ဗုဒ္ဓဘာသာဝင်ဖြစ်လာသူ အိန္ဒိယဇာတ်နိမ့်များကို ခေါင်းဆောင်၍ တက်ရောက်ခဲ့ဖူးသူဖြစ်ကြောင်း ဆရာတော်ဘဒ္ဒန္တသေဋ္ဌိလနှင့် တပည့်ရဟန်းတစ်ပါး၏ ရေးသားချက်များကိုလည်း ဖတ်ဖူးပါသည်။ ဆရာတော်စန္ဒြမဏိ၏ သာသနာပြုမှုကြောင့် ယူပီပြည်နယ်ရှိ ဟိန္ဒူဇာတ်နိမ့်ထောင်သောင်းချီ၍ ဗုဒ္ဓဘာသာဝင်ဖြစ်လာကြသည်။

ယခုဆရာတော် ဘဒ္ဒန္တဉာဏိဿရကိုယ်တော်သည်လည်း ဆရာတော်အရှင်စန္ဒြမဏိ၏ လမ်းစဉ်ကိုလိုက်၍ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ လာအို၊ ကိုရီးယား၊ ထိုင်ဝမ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ရုရှား၊ တူရကီ၊ ဂျပန်၊ ဟောင်ကောင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများထိအောင် သွားရောက်သာသနာပြုရုံမျှမက လူမှုရေးကိစ္စအများအပြားကိုလည်း ဆောင်ရွက်သူဖြစ်ကြောင်း ဖတ်ရှုသိရှိရ၍ ဆရာတော်ကြီးကို ကိုယ်တိုင်ကိုယ်ကျ မဖူးမြော်ဖူးစေကာမူ ဆောင်ရွက်ချက်များကိုကြားသိဖတ်ရှုရသဖြင့် ဝမ်းမြောက်ဝမ်းသာ ကုသိနာရုံရောက်ဖူးသူတစ်ယောက်အဖြစ် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။ ဆရာတော်ဘဒ္ဒန္တဉာဏိဿရကိုယ်တော် ကျန်းမာ၍ ဆထက်တပိုး တိုး၍ သာသနာပြုနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့လိုက်ပါသည်။

ဦးမြင့်အောင် *(ရေးဟောင်းသုတေသန)*

ယနေ့ သင့်အတွက် ကုသိုလ်နှင့် အကုသိုလ်ချိန်ဆကြည့်ပါ။

နေ့တိုင်းကုသိုလ် နေ့တွက်စီပါစေ၊ ကုသိုလ်ကို မကြောက်ပါနှင့်။

ကုသိုလ်ကိုကြောက်လျှင် ချမ်းသာပျောက်မည်။

ကိုယ့်အတွက် သူတစ်ပါး စိတ်မဆင်းရဲပါစေနှင့်။

ကံရှိ၍ ရသော်လည်း ဉာဏ်မရှိလျှင် မွဲတတ်သည်။

အပြစ်ပြ၍ ဆုံးမသူကို ရွှေအိုးလာပေးသူဟု မှတ်ပါ။

ပတ်ဝန်းကျင်သည် သင်၏ဆရာဖြစ်သည်။

(ဗဟုသုတပညာပေးလက်စွဲကျမ်းမှ)

“စာပေ”သည် လူသားမျိုးနွယ်တို့အတွက် အသက်သွေးကြောကြီးတစ်ခုဖြစ်ပါသည်။ စာပေထဲတွင် ပညာရပ်ပေါင်းစုံရှိနေသည်။ အတွေးအခေါ်ပေါင်းစုံရှိနေသည်။ ဘဝသင်ခန်းစာများစွာ ရှိနေသည်။ ထို့ကြောင့် လူသားဘဝဖြင့် တက်လှမ်းနိုင်ဖို့ရန် အလို့ငှာ စာအုပ်စာပေကို ဖတ်မှတ်လေ့လာသင်ကြားယူရ လေသည်။

ပါရမီဆယ်ပါးတွင် ပညာပါရမီသည် လွန်စွာအရေး ကြီးသည်။ ပညာအမြော်အမြင်ဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဖြစ်ထွန်းစေနိုင်သည်။ သို့မို့ကြောင့် ကျွန်ုပ်တို့သည် စာပေကို မြတ်နိုးစွာ တန်ဖိုးထားရလေသည်။

ဖြစ်သော ဇီးပင်ကြီးကျေးရွာ၌ မိခင်မယ်တော်အား ရည်စူး ပြီး “ဒေါ်ဝင်းမြဦး စာကြည့်တိုက်”ကို ထူထောင်ပေးထား သည်။ အခြားအခြားသော ပညာထောက်ပံ့ခြင်းများ၊ ပညာ ထူးချွန်သူများကို ဂုဏ်ပြုခြင်းများ ရှိခဲ့သည်။

ဤတွင် ဆရာတော်ဘုရားကြီးနှင့် မင်းပြားမြို့နယ် စာရေးဆရာအသင်း (ယခင် စာနယ်ဇင်းအဖွဲ့)တို့သည် ပူးပေါင်းလျက် ပညာလမ်းတစ်ခုကို လျှောက်လှမ်းနိုင်ခဲ့ကြ သည်။ ထိုလမ်းမှာ ဆရာတော်ဘုရားကြီး၏ မွန်မြတ်သော စာပေဒါနဖြစ်လေသည်။

(၂၀၀၈)ခုနှစ်က ဆရာတော်ဘုရားကြီး၏ ကိုယ်စား လှယ်တော် ဒေါ်ဦးညွန့်သိန်း မင်းပြားသို့ ရောက်လာသည်။

ကုသိနာရုံဆရာတော်ကြီး၏ မွန်မြတ်သောစာပေဒါန

မင်းပြားမင်းသိန်းဇံ

အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏိဿရသည် ပညာအမြော်အမြင်ဖြင့် အိန္ဒိယ နိုင်ငံ၏ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပညာ၏ တန်ခိုးကြောင့် ဖြစ်လေသည်။

ဆရာတော်ကြီးသည် ပညာသင်ကြားခြင်းကို အလိုရှိသည်။ မိမိရနိုင်ဒေသများကိုလည်း စာပေဗဟုသုတ ပြည့်စုံစေလိုသည်။ ဆရာတော်ဘုရားကြီး၏ မွေးရပ်မြေ

ကျွန်တော်တို့ မင်းပြားမြို့မှ စာရေးဆရာများနှင့် တွေ့ကြ သည်။ စာရေးဆရာများက ဒေါ်ဦးညွန့်သိန်းထံမှတစ်ဆင့် မြို့နယ်အတွင်းစာပေဟောပြောပွဲများပြုလုပ်ရန် ဆရာတော် ကြီးထံမှ ငွေလှူဒါန်းပေးဖို့ တိုက်တွန်းပြောဆိုဆိုခဲ့ကြသည်။

ကိုယ်စားလှယ်တော်ကလည်း ဆရာတော်ဘုရား ကြီးထံသို့ ဆက်သွယ်လျှောက်ထားခဲ့ရ. ထိုနှစ်မှာပင် မင်းပြားမြို့နယ်အတွင်း ကျေးရွာများတွင် စာပေဟောပြောပွဲ ကျင်းပရန် ကျပ်ငွေ (၂)သိန်း ရရှိခဲ့သည်။



အိန္ဒိယနိုင်ငံ
ကုသိနာရုံဆရာတော်ကြီး
ဘဒ္ဒန္တဉာဏိဿရအား
အမှူးထားလျက်
မင်းပြားမြို့နယ်
စာပေစာနယ်ဇင်းအဖွဲ့မှ
ဦးဆောင်သော
ဦးစိန္တာစာကြည့်တိုက် (၃)နှစ်ပြည့်
အထိမ်းအမှတ်
စာအုပ်လှူဒါန်းခြင်းနှင့်
စာပေဟောပြောပွဲတွင်
စာရေးဆရာ
မောင်ကျော်ဖုံ(မင်းပြား)
ဟောပြောနေစဉ်

သို့ကလို တောင်းဆိုရခြင်းမှာလည်း အကြောင်းရှိလေသည်။ ကျွန်တော်တို့ မင်းပြားမြို့နယ်၌ ကျေးရွာပေါင်း (၂၄၀)ကျော်ရှိသည်။ ရွာသူရွာသားများမှာ ဆင်းရဲကြသည်။ ပညာရေးနိမ့်ကျကြသည်။ ပညာရေးနိမ့်ကျသောကြောင့် ဗဟုသုတမပြည့်စုံ၊ လူချမ်းသာဖြစ်ဖို့ ဝေးပါဘိ၊ ဆင်းရဲသားဘဝ တစ်နေ့စာအတွက် ရှာဖွေရင်း ချာလပတ်လည်နေကြသည်။

စာပေသည် လူတို့၏ အတွေးအခေါ် အမြော်အမြင်ကို ပေးနိုင်စွမ်းရှိသော်ငြားလည်း စာပေဖတ်ဖို့ထက် ဝမ်းရေးက အရေးကြီးနေသဖြင့် အခက်တွေ့ကြရသည်။ ယင်းကို ကျွန်တော်တို့စာရေးဆရာများက ကူညီပေးနိုင်မည့် နည်းတစ်နည်းမှာ **''စာပေဟောပြောခြင်းဖြင့် ဗဟုသုတရရှိစေရန်''**ဟူသော ရည်ရွယ်ချက်နှင့် မင်းပြားမြို့နယ်၌ စာပေဟောပြောပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးထံမှ ကျင်ငွေ (၂)သိန်း လက်ခံရရှိသောအခါ (၂၀၀၉)ခုနှစ် ကစည်ဆရာတော်၏ မွေးရပ်မြေ ဇီးပင်ကြီးရွာ၌ ''ပထမအကြိမ် စာပေဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ရွာသူရွာသား (၃၀၀)ကျော် တက်ရောက်နားထောင်ကြသည်။ စာပေဟောပြောပွဲ၌ ဆရာမင်းပြားမင်းသိန်းဖုံ၊ လေးဝတီခိုင်ကျော်၊ သားလှ (ရသေ့တောင်)၊ ကေသလာစောမောင်၊ မင်းသီဏ်းထွဏ်း စသည့် ဆရာများက သုတရသစုံလင်စွာဖြင့် ဟောပြောနိုင်ခဲ့ကြသည်။

သည့်နောက် ထိုနှစ်မှာပင် ဆရာတော်ဘုရားကြီး၏ အလှူငွေဖြင့် မင်းပြားမြို့နယ် မြောက်ဘက်အဆုံး ပန်းမြောင်းကျေးရွာတွင် စာပေဟောပြောပွဲတစ်ရပ်ကို ကျင်းပနိုင်ခဲ့ကြသည်။ ဤစာပေဟောပြောပွဲ၌ စာရေးဆရာ မင်းသီဏ်းထွဏ်း၊ သားလှ (ရသေ့တောင်)၊ မင်းပြားမင်းသိန်းဖုံ၊ ကေသလာစောင်မောင်တို့က အသီးသီးဟောပြောခဲ့ကြသည်။ ဟောပြောပွဲအခမ်းအနားကို ဗွီဒီယိုမှတ်တမ်းတင်၍ ဆရာတော်ကြီးထံ ပေးပို့ခဲ့ကြသည်။

(၂၀၁၀)ခုနှစ်ရောက်သောအခါ ဆရာတော်ဘုရားကြီးထံမှ ကျပ်ငွေ (၂)သိန်း ရောက်လာပါသည်။ ဤငွေကို မြို့နယ်စာနယ်ဇင်းဥက္ကဋ္ဌ မင်းသိန်းဖုံက လက်ခံပြီး (၄-၁၂-၂၀၁၀)နေ့က ဇီးပင်ကြီးရွာ၌ ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ပြုလုပ်ခဲ့ကြသည်။ စာပေဟောပြောပွဲကို ဆရာတော်ဘုရားကြီး မယ်တော်ဒေါ်ဝင်းမြဦး စာကြည့်တိုက်အထိမ်းအမှတ် (၁၀)နှစ်ပြည့်ကို ရည်စူး၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

(၄-၁၁-၂၀၁၁)နေ့တွင် မင်းပြားမြို့နယ် ဗီးပင်ကြီးရွာ၌ ဒေါ်ဝင်းမြဦးစာကြည့်တိုက် (၁၀)နှစ်မြောက်အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားနေစဉ်

အခမ်းအနားကို စာသင်ကျောင်း၌ ပြုလုပ်ကျင်းပပါသည်။ အခမ်းနားမှူးအဖြစ် ဆရာတော်ဘုရားကြီး၏ မြေးတော်သူ ဆရာဦးသန်းလွင်မှ ဆောင်ရွက်သည်။ ဦးစွာ ဦးမောင်ထွီးဖြူက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အုပ်စုဥက္ကဋ္ဌ ဦးထွန်းမြင့်က အဖွင့်အမှာစကားပြောသည်။ ဆရာမလေး မအေးအေးစံက စာရေးဆရာတစ်ဦးချင်း ကိုယ်ရေးအကျဉ်းကို ဖတ်ပြီး ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ ဤဟောပြောပွဲ၌ ဆရာကျောက်ဖြူထွန်းသန္တာ၊ မင်းပြား မင်းသိန်းဖုံ၊ မောင်ကျော်ဇံ (မင်းပြား)နှင့် မရွှေ (ပြန်၊ဆက်) တို့က စာပေဟောပြောခဲ့ကြသည်။ ဟောပြောပွဲအဆုံးတွင် ရပ်သူ ရွာသားကိုယ်စား ဆရာဦးစိန်ကျော်သိန်းက ကျေးဇူးတင် စကား ပြောကြားခဲ့ကြသည်။

ထိုနှစ်မှာပင် ဆရာတော်ဘုရားကြီး၏ လှူဒါန်းငွေတချို့နှင့် မင်းပြားမြို့နယ် ဝင်းဇားအုပ်စု၊ ငပုကွကျေးရွာ၌ ပထမအကြိမ် စာပေဟောပြောပွဲကို ကျင်းပခဲ့ကြသည်။ ထိုစာပေဟောပြောပွဲ၌ ဆရာတော်ဘဒ္ဒန္တဇယန္တဗောဓိ (ပန်းအောင်)၊ သုတေသီတက်စွန်းနီ (မြောက်ဦး) မင်းပြား မင်းသိဏ်းထွဏ်း၊ ကျန်းသားငမန်း၊ ဗကျိုးကျောင် (စစ်တွေ) နှင့် စစ်တွေ (ညိုသန့်)တို့က ဟောပြောခဲ့ကြသည်။

(၂၀၁၁)ခုနှစ်သို့ ရောက်လာသောအခါ ကုသိနာရုံ ဆရာတော် ဘုရားကြီးထံမှ အလှူငွေဖြင့် ဦးစွာပထမ ဗီးပင်ကြီးကျေးရွာ အမက ကျောင်း၌ တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ကျင်းပခဲ့ကြသည်။ ဤဟောပြောပွဲ၌ စာရေးဆရာ မင်းပြား-မင်းသိန်းဖုံ၊ မင်းပြား-မင်းသိဏ်းထွဏ်းနှင့် မောင်ကျော်ဇံ (မင်းပြား)တို့က အသီးသီးဟောပြောခဲ့ကြသည်။

ဆရာတော်ဘုရားကြီး၏အလှူငွေနှင့်ပင် မင်းပြားမြို့နယ် ရင်းဆွေကျေးရွာ၌ ရခိုင်အမျိုးသားခေါင်းဆောင် ဆရာတော်ဦးစိန္တာ စာကြည့်တိုက် (၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောခြင်းနှင့် စာအုပ်လှူဒါန်းခြင်းကို ကျင်းပနိုင်ခဲ့သည်။

အခမ်းအနားမှူးအဖြစ် ကျောင်းဆရာ ဦးဇော်သန်းလှိုင်က ဆောင်ရွက်သည်။ ရှေးဦးစွာ မင်းပြားမြို့မှ (အုပ်ချုပ်ရေးမှူး-ငြိမ်း)၊ ဦးဦးထွန်းမောင်က စာအုပ်စာပေ တန်ဖိုးကို ဟောပြောပြီး စာအုပ်စာစောင် (၅၀)ကျော်ကို လှူဒါန်းပေးခဲ့သည်။

ဟောပြောပွဲ၌ စာရေးဆရာ ခိုင်စောသိမ်း (ပန်းမြောင်း)၊ စာရေးဆရာ မင်းသိန်းဖုံ၊ မောင်ကျော်ဇံ (မင်းပြား)၊ ကျောက်ဖြူထွန်းသန္တာနှင့် မရွှေ (ပြန်၊ဆက်) တို့က အသီးသီးဟောပြောခဲ့ကြသည်။

*မင်းပြားမြို့နယ်
ဇီးပင်ကြီးရွာတွင်
ဆရာတော်
ဒေါက်တာဘဒ္ဒန္တဉာဏိဿရ
လှူဒါန်းထားသော
ဒေါ်ဝင်းမြဦးစာကြည့်တိုက်*

*(၉-၁၂-၂၀၁၄)နေ့တွင်
မင်းပြားမြို့နယ်
ဇီးပင်ကြီးရွာ
ဒေါ်ဝင်းမြဦး
စာကြည့်တိုက်တွင်
စာပေဟောပြောပွဲ
အခမ်းအနား၌
မြို့နယ်စာရေးဆရာအသင်း
ဥက္ကဋ္ဌ
မင်းပြားမင်းသိန်းဇံ
ဟောပြောစဉ်*

(၂၀၁၂)ခုနှစ်တွင်လည်း ဆရာတော်ကြီးထံမှ လှူဒါန်းငွေဖြင့် ''စတုတ္ထအကြိမ်''မြောက် စာပေဟောပြောပွဲကို ဇန်နဝါရီလ (၂၁)ရက်နေ့က ဇီးပင်ကြီးကျေးရွာ၌ ကျင်းပခဲ့ကြသည်။ ဤဟောပြောပွဲ၌ ဆရာမ ပံသုခင်၊ ဆရာမင်းသိဏ်းထွဏ်း၊ ဆရာမင်းသိန်းဇံနှင့် ဆရာမ မရွှေ (ပြန်၊ဆက်)တို့က အသီးသီးဟောပြောခဲ့ကြသည်။

အလားတူ ဆရာတော်ဘုရားကြီး၏ လှူဒါန်းငွေတစ်ချို့နှင့် မင်းပြားမြို့နယ် စွန်ရဲကျေးရွာတွင် စာပေဟောပြောပွဲတစ်ရပ်ကိုလည်း (၁၉-၂-၂၀၁၂)နေ့က ကျင်းပနိုင်ခဲ့ကြသည်။ ဤဟောပြောပွဲ၌ စာရေးဆရာ မင်းပြားမင်းသိန်းဇံ၊ ဆရာမင်းသိဏ်းထွဏ်းနှင့် ဆရာမ ပံသုခင်၊ မရွှေ (ပြန်၊ဆက်)တို့က အသီးသီးဟောပြောခဲ့ကြသည်။

(၂၀၁၂-၁၃)ခုနှစ် ကြားကာလတွင် ရခိုင်ပြည်၌ ဘင်္ဂါလီအရေးအခင်းဆူပူမှုကြောင့် စာပေဟောပြောပွဲကို

မကျင်းပနိုင်ခဲ့ပဲ ဆရာတော်ကြီးထံမှ ကျပ်ငွေ (၂)သိန်းကို လည်း မရယူခဲ့ကြပေ။ စာပေဟောပြောပွဲကို ခေတ္တရပ်နားထားခဲ့ကြသည်။

(၂၀၁၃)ခုနှစ်သို့ ရောက်လတ်သည့်အရာမှ ဆရာတော်ဘုရားကြီးထံမှ ကျပ်ငွေ (၂)သိန်းကို လက်ခံပြီး မင်းပြားမြို့နယ် ချောင်းရှည်ရွာ၌လည်းကောင်း၊ သင်းပုန်းချောင်းအုပ်စု ခွဆုံကျေးရွာ၌လည်းကောင်း၊ စာပေဟောပြောပွဲ (၂)ပွဲကို ကျင်းပနိုင်ခဲ့ကြသည်။ ဇီးပင်ကြီးရွာ၌ စာပေဟောပြောပွဲကို မကျင်းပနိုင်ခဲ့ပေ။ မြို့နယ်စာရေးဆရာအသင်းမှ ငွေတစ်ချို့ထည့်ဝင်ကာ ဆရာတော်ဘုရားကြီးငွေဖြင့် စုပေါင်း၍ ဇီးပင်ကြီးရွာနေ မူလတန်းကျောင်းသား၊ ကျောင်းသူအားလုံးကို ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းခဲ့ကြသည်။

(၂၀၁၄)ခုနှစ်သို့ ရောက်လာသည့်အရ ဆရာတော်ဘုရားကြီးထံမှ လှူဒါန်းပေးသော ကျပ်ငွေ (၂)သိန်းဖြင့် မင်းပြားမြို့နယ် ချောင်းရှည်ရွာ၌ ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို (၇-၁၂-၂၀၁၄)နေ့က ပြုလုပ်ခဲ့ကြသည်။ ဤဟောပြောပွဲ၌ စာရေးဆရာ မင်းပြားမင်းသိန်းဇံ၊ စာရေးဆရာ ဗဂျီးကျော် (စစ်တွေ)နှင့် မောင်ကျော်ဇံ (မင်းပြား)တို့က ဟောပြောခဲ့ကြသည်။

တစ်နေ့ ဆရာတော်ဘုရားကြီး၏ ပံ့ပိုးကူညီမှုဖြင့် သင်းပုန်းချောင်းအုပ်စု ခွဆုံရွာ၌ ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို (၈-၁၂-၂၀၁၄)နေ့က ကျင်းပခဲ့ကြသည်။ အလားတူ ဇီးပင်ကြီးရွာ၌ ''ပဌမ''အကြိမ်မြောက် စာပေဟောပြောပွဲကို (၉-၁၂-၂၀၁၄)နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ဤဟောပြောပွဲတို့၌ ဆရာဗဂျီးကျော် (စစ်တွေ)၊ မောင်ကျော်ဇံ (မင်းပြား)နှင့် မင်းပြားမင်းသိန်းဇံတို့က ဟောပြောပေးခဲ့ကြသည်။

ထို့အပြင် ဆရာတော်ဘုရားကြီး၏ လှူဒါန်းငွေများအနက် ကျန်ရှိငွေများကိုလည်း မင်းပြားမြို့နယ် ဘိတ်တောင်ကျေးရွာ၌ ပြုလုပ်သော စာပေဟောပြောပွဲ၌လည်းကောင်း၊ ခြိတ်တောင်ကျေးရွာ၌ ပြုလုပ်သော စာပေဟောပြောပွဲ၌လည်းကောင်း၊ ပန်းမြောင်းကျေးရွာ၌ပြုလုပ်သော စာပေဟောပြောပွဲ၌လည်းကောင်း၊ မြင်းကဆိပ်ကျေးရွာ၌ ပြုလုပ်သော စာပေဟောပြောပွဲတို့၌လည်းကောင်း အသီးသီး ထောက်ပံ့လှူဒါန်းနိုင်ခဲ့ပါသည်။

မင်းပြားမြို့နယ်၌ ဆရာတော်ဘုရားကြီး လှူဒါန်းပေးသောငွေကြေးဖြင့် စာပေဟောပြောပွဲ ကျင်းပခဲ့သည်မှာ (၆)နှစ်ရှိခဲ့ပြီဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးထံမှ ကျွန်တော်တို့မြို့နယ်စာရေးဆရာအသင်းသည် ကျပ်ငွေ (၁၂)သိန်း လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။ ကျေးလက်ကျေးရွာ၌ စာပေဟောပြောပွဲပေါင်း (၁၆)ပွဲ ကျင်းပနိုင်ခဲ့လေပြီ။

စာပေသည် လူမျိုးတစ်မျိုးအတွက် အသက်သွေးကြောနှင့် မီးရှူးတန်ဆောင်ကြီးတစ်ခု ဖြစ်ပါသည်။ **စာပေအင်အားရှိမှ တိုင်းပြည်အင်အားရှိလာပါမည်။** ဆရာတော်ဘုရားကြီး၏ စေတနာစာပေဒါနသည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်စေမည်။ နေမင်းတစ်ထောင် လမင်းတစ်ထောင်ကဲ့သို့ ထွန်းပြောင်စေနိုင်ပါသည်။

ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်ပါစေ။ ကျွန်ုပ်တို့သည်လည်း ဆရာတော်ဘုရားကြီး၏ စာပေဒါနဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆက်လက်ထမ်းပိုးသွားမည်ဖြစ်ပါသည်။

မင်းပြား မင်းသိန်းဇံ





ကုသိနာရုံဆရာတော် နှင့်-ပူဇော်

ပိုလ်ချုပ်မြေတင်တင်ဝင်း

စာရေးသူ ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်ခဲ့စဉ်က အိန္ဒိယနိုင်ငံ၊ ယူပီနယ်၊ ကုသိနာရုံမြန်မာကျောင်းတော်ကို ရောက်သွားပြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်မြတ်ကို ဖူးမြော်ကန်တော့ခဲ့ကြပါသည်။

ဆရာတော်ကြီးကို မဖူးမြော်ရသေးခင် ဆရာတော်ဘုရားကြီး၏ ဓာတ်ပုံတော်ကြီးကို ပထမဦးစွာ မလှမ်းမကမ်းမှ ဖူးမြော်ရသည့်အခါ မြန်မာနိုင်ငံမှ သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရအရှင်မြတ်နှင့် ဥပမိရုပ်တော်ဆင်ဆင်တူပြီး သက်တော်ဝါတော်လည်း သိပ်ပြီးကွာမည်

မဟုတ်ကြောင်း ခန့်မှန်းကြည့်ညိုမိပါသည်။

ပြီးမှ ကုသိနာရုံဆရာတော်ဘုရားကြီးရှေ့တော်မှောက်ရောက်ပြီး ဖူးမြော်ကန်တော့ကြသည့်အခါမှ ပိုမိုကြည်ညိုဖွယ်ရာကောင်းသော အကြောင်းအရာများစွာ သိရှိခဲ့ရပါသည်။

ဆရာတော်ဘုရားကြီးနှစ်ပါးမှာ ဘွဲ့တော်ချင်းကလည်းတူ၊ ဥပစိရုပ်ခြင်းကလည်း ဆင်ဆင်တူပြီး ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးကို ပြည်တွင်းသာမက ကမ္ဘာ့နိုင်ငံအသီးသီးထိ သာသနာပြုပုံတို့ကိုပါ တူညီကြောင်း သိရှိပြီး စာရေးသူ၏ရင်မှာ ပီတိတွေဖြစ်ကာ ကြည်ညိုစိတ်တွေ တဖွားဖွားဖြစ်ခဲ့မိပါသည်။

ဒီနေ့ခေတ်မှာ လူတော်အတော်များများက ပြောနေကြသံကို ကြားနေရသည်။ "ဒီလူကဖြင့် ဘုန်းကံကြီးလိုက်တာ"၊ "ဒီဘုန်းကြီးကတော့ ဘုန်းကံအတော်ကိုကြီးတာပဲ" ဟု ပြောနေကြတော့ နာခဲ့ဖူးသောတရားတွေကို ပြန်လည်သတိရလာသည်။

ဘုန်းကံကြီးမားတဲ့ ဘုရားမြတ်စွာသာသနာတော်မှာ ဘုန်းကံကြီးမား သဒ္ဓါတရား၊ ထက်သန်ကြတဲ့ သူတော်ကောင်းတို့သာ အာမိသ-ဓမ္မနှစ်ဌာနဖြင့် လောက်ငှကုံလုံ ပြည့်စုံအောင် လှူဒါန်းခွင့်၊ မှီခိုခွင့်၊ ကြည်ညိုခွင့်ရကြ၏ဟူ၍ဖြစ်သည်။

တစ်ဖန် ဘုန်းကံကြီးမားတဲ့ ဘုရားမြတ်စွာ သာသနာတော်မှာ ဘုန်းကံရှားပါး သဒ္ဓါတရား ရှားပါးဆင်းရဲကြတဲ့ ပုဂ္ဂိုလ်များကတော့ မှီခိုခွင့်၊ ဆည်းကပ်ခွင့်၊ ကြည်ညိုခွင့်များ မရနိုင်ကြပေဘူး။

နာခဲ့ဖူးသော တရားတော်အရ ဘုန်းကံကြီးမားခြင်းမှာ ပုညဟူသော ကောင်းမှုကုသိုလ်ကံကြီးမားခြင်း ကြောင့်ပင်ဖြစ်သည်။ မိမိကိုယ်တိုင်က ကောင်းမှုများကို ကြီးမားအောင် အားထုတ်ပြုလုပ်ကြမှသာ မိမိလည်း ဘုန်းကံကြီးမားသူဖြစ်မည်ဟု မှတ်သားထားလိုက်ပါသည်။ သူတော်ကောင်း သူမြတ်လောင်းတို့သည် မိမိမှာရှိနေသော ပစ္စည်းများကို သူတစ်ပါး တို့အား ပေးလှူနေရ ဝေငှစားသုံးနေရလျှင် ပျော်နေတတ် ကြသည်ကို စာရေးသူ မြင်ဖူးပါသည်။

သံဃေဖနီယလေးဌာနတို့တွင် သာသနာတော်ဆိုင်ရာ ဘုရား၊ စေတီ၊ ကျောင်းဆောင်၊ ဟည်းခိုဆောင်၊ စသော အဆောက်အအုံများ တိုးပွားအောင် ဘုရားဖူးများ ဖိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရေးအတွက် လှုပ်ငန်းများကို အထူးဆောင်ရွက် ပေးလျက်ရှိသည်ကိုလည်း စာရေးသူတို့ သော်တွေ့ကျကျ တွေ့ခဲ့ရပါသည်။

ဆရာတော်ဘဒ္ဒန္တဉာဏိဿရသည် ကုသိနာရုံအနီးအပါးတွင် ရေဘေး၊ မီးဘေး၊ ဒုက္ခသည်များကို နှစ်စဉ် အဝတ်အစားများ ကူညီပေးပြီး မြေလျှင်ဒဏ်ခံရသော ယူပီပြည်နယ် ဂူဂျရပ်ပြည်နယ်များသို့ ကြွ၍ ဒုက္ခသည်များကို ကိုယ်တိုင်ဦးဆောင်၍ နိုင်ငံတကာအကူအညီဖြင့် သိန်းပေါင်းများစွာ အကူအညီပေးသည်ကိုလည်း သိရသဖြင့် ကရုဏာတရားရှိပုံကို သိရပါသည်။ နှစ်စဉ်နှစ်တိုင်း ကုသိနာရုံ ပတ်ဝန်းကျင် (၁၁)မိုင်အတွင်းရှိ စာသင်ကျောင်းများတွင် ဝတ်စုံများ စာအုပ်များ ဝေငှထောက်ပံ့လေ့ရှိကြောင်း သိရှိခဲ့ရပါသည်။

ဒါနဟူသည်၊ ပြုအံ့ရည်သော်၊ တစ်ယာကွမ်းဆေး၊ ရေအေးတစ်ခွက်၊ ဆီတစ်စက်နှင့်၊ လက်ဖက်တစ်ရိုး၊ ကြံတစ်ချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ပေးလှူခြင်းပင်လျှင် စေတနာ ကောင်းလျှင်ကောင်းသလောက် မိမိထံလည်း ကောင်းကျိုးတွေကြီးမား၊ ဘုန်းတန်ခိုးတွေတိုးတက်လာသည်မှာ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဘွဲ့ချင်းတူသည့် ဆရာတော်ဘုန်းကြီးနှစ်ပါး၏ ဘုန်းကံကြီးမားပုံကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ကံနှင့် ကံ၏အကျိုးပေးပုံသည် ထင်သာမြင်သာ ရှိလှ၏။

"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" ဟု အဂ္ဂသြိုဟ်မြတ် မိန့်တော်မူထားပါသည်။ ကမ္မဟူသည်အလုပ်၊ ကောင်းတာ လုပ်လျှင် ကောင်းကျိုးရမည်၊ မကောင်းတာပြုက မကောင်း

ကျိုးခံကြရမည်မှာ သေချာပါသည်။ ဆရာတော်ဘုရာသည် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာအားနည်းနေသည့် အချိန်ကာလတွင် ဗုဒ္ဓသာသနာတော် ပြန်လည်ပြန့်ပွားရေးအတွက် ဗုဒ္ဓဘုရားရှင်၏ သံဝေဇနီယလေးဌာနအပါအဝင်တစ်ခုဖြစ်သော ကုသိနာရုံ၌ ခက်ခဲပင်ပန်းစွာ ဖွဲ့လုံ့လထက်သန်စွာ သာသနာပြုခဲ့ကြောင်း သိရှိရပါသည်။

ပထမဆုံးဆရာတော်မှာ ဘဒ္ဒန္တမဟာဝီရ၊ ဒုတိယကုသိနာရုံဆရာတော်ကြီးမှာ ဘဒ္ဒန္တစန္ဒြမဏိနှင့် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏိဿရအရှင်မြတ်မှာ တတိယဆရာတော်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

၎င်းနောက် (၁၄)နှစ်သားကပင် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ပြီး ရှင်သာမဏေဘဝကပင် တရားဟောနိုင်ခဲ့ပြီး စစ်တွေမြို့စစ်ကဲတော် မင်းကျောင်းဆရာတော် ဘဒ္ဒန္တနာဂဝံသထံတွင် အခြေခံပါဠိ ပိဋကတ်စာပေများကို သင်ယူခဲ့ကြောင်း လက်ဦးဆရာ၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးတော်မူ၏။

ရဟန်းပြုပြီးနောက် (၁၉၆၃)ခုနှစ်တွင် ကုသိနာရုံသို့ ကြွတော်မူ၍ သာသနာပြုခဲ့သည်မှာ နှစ်ပေါင်း (၅၀) ကျော်ပင် ကြာခဲ့ပြီဟု သိခဲ့ရပါသည်။

အမိမြန်မာနိုင်ငံသို့ ခေတ္တကြွလာတော်မူစဉ်က အလုအယက်ဆည်းကပ်ကြ၊ ကြည်ညိုကြပြီး သိလိုသမျှကို လျှောက်ထားကြသည့်အခါမှ ဆရာတော်ဘုရားကြီး၏ သာသနာတော်အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူပုံကို အတော်များများ သိရှိခဲ့ရပါသည်။

အာရှတိုက်နိုင်ငံအနှံ့အပြားမှာ တရားဟောတရားပြပေးပြီး ဗုဒ္ဓဘာသာဝင်တွေဖြစ်လာအောင် သရဏဂုံတည်သူတွေဖြစ်လာအောင် တရားဟောပြောပေးပြီး ဘာသာမဲ့၊ ဘာသာခြားတို့ကို ဗုဒ္ဓဘာသာအဖြစ် ခံယူပွဲများကို တစ်ဦးချင်းကစပြီး ထောင်ပေါင်းများစွာအထိ ပြုပေးခဲ့ကြောင်းလည်း ထပ်လောင်းသိရှိခဲ့ရပြန်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသာသနာကို ပြန့်ပွားအောင်၊ တည်တံ့အောင်၊ ခိုင်မြဲအောင် ဆောင်ရွက်တဲ့နေရာမှာ မိမိဘက်က အတွင်းအားအပြင်အားတွေ ပြည့်နေဖို့ကလည်း လိုသေးတယ်လေ။ ဒါကြောင့်လဲ မိမိမှာ သီလ၊ သမာဓိ၊ ပညာပြည့်စုံအောင် အရာရာစောင့်စည်းထိန်းသိမ်းရ ကြိုးစားရ၊ အားထုတ်ရပါတယ်။ အပြင်အားကတော့ ဘွဲ့တွေ၊ ဒီဂရီတွေ၊ ဂုဏ်ထူးဝိသေသတွေ ကိုယ့်မှာပြည့်နေတော့မှ သာသနာပြုတာ လွယ်သွားတော့တာ။ အိန္ဒိယ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊

ကုသိနာရုံမြန်မာကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ

(နိုင်ငံခြား သာသနာပြုသူရဲကောင်းဆရာတော်ဘုရားကြီး)၏

သက်တော် (၈၀)ပြည့် ပတ္တမြားရတုမှသည်

အနာမဲ့သုခရှင်တကူလက်တွဲသို့ သက်တော်ရာကျော်ရှည်ပါစေဟု

ဆုတောင်းလိုက်ရပါသည် အရှင်မြတ်ကြီးဘုရား။ ။

ရောက်တာနှင့် ကျေးဇူးရှင်ဆရာတော်ဘုရားတွေရဲ့ လမ်းညွှန်မှုကို ဦးထိပ်ရွက်ပန်ဆင်ပြီး၊ ဟိန္ဒီ၊ သက္ကတနှင့် အထက်တန်းပညာတွေ လေ့လာဆည်းပူးတော့မှ ဂေါရခ်ပူရ် တက္ကသိုလ်ကနေ B.A ဘွဲ့၊ M.A ဘွဲ့ (သမိုင်း)၊ M.A ဘွဲ့(ပါဠိ)၊ ပြယာဂ်တက္ကသိုလ်ကနေပြီး ပါဠိဆာဟိတျရတနာ ဘွဲ့၊ တိဗက်ဘာသာဒီပလိုမာ၊ L.L.B ဘွဲ့၊ အိန္ဒိယတိုင်းရင်း ဆေးပညာ(B.A.M.S) ဘွဲ့တွေကို ရရှိအောင် ကြိုးစားခဲ့ရ တယ်''ဟု မိန့်ကြားခဲ့၏။

မှန်ပါသည်။ လူ့အသိုင်းအဝိုင်း၊ ရဟန်းအသိုင်း အဝိုင်းတွေမှာ အတွင်းအားအပြင်အားတွေ တော်တော်လေး ကို လိုအပ်တာတွေ တွေ့ရှိရပါတယ်။

ဆရာတော်ဘုရားကြီးဟာ အိန္ဒိယနိုင်ငံ၊ ဗီဟာ၊ ယူပီ၊ ဂုဂျရတ်၊ မဟာရဋ္ဌရာဂျဆတန်၊ ဟရိယာနာ၊ ဒေလီ၊ အာသံနဲ့ အရုဏာခါ စတဲ့ ပြည်နယ်တွေအနှံ့ ကြွရောက် သာသနာပြုနေဆဲပါပဲ တဲ့။ နောက်ပြီးတော့ အရှေ့တောင် အာရှနိုင်ငံတွေနှင့်မခြား နိုင်ငံများကိုလည်း ကြွရောက်ပြီး ဗုဒ္ဓဘာသာဆိုင်ရာဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ၊ ကွန်ဖရင့်တွေကို၊ အင်္ဂလိပ်ဘာသာစကားနဲ့ပဲ ဟောပြော ပေးရတယ်၊ ရှင်းလင်းဆွေးနွေးပေးရတယ်လို့ သိရှိရပါတယ်။

ဝီရိယတော်ကြီးမားပုံအထင်ရှားပုံဖော်ကြည့်ပြီး ကြည်ညိုမဝရှိရပါသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် အတွက် အပြောင်မြောက်ဆုံး ဆောင်ရွက်ချက်ကတော့ (၁၉၇၂)ခုနှစ်က လူပေါင်း (၂၅)သိန်း၊ (၁၉၈၉)ခုနှစ်က လူပေါင်း (၅)သိန်း။ (၁၉၉၃)ခုနှစ်က လူဦးရေ (၁)သိန်းကျော် တို့ကို ဗုဒ္ဓဘာသာဝင်အဖြစ် ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရှိ ရသည့်အတွက် ဆရာတော်ဘုရားကြီး၏ သာသနာပြု ဂုဏ်တော်ကျေးဇူးတော်အနန္တကို စာရေးသူအနေဖြင့် ကြည်ညိုလွန်းလှသဖြင့် သံဃာတော်အရှင်မြတ်တို့ ဂုဏ်တော် (၉)ပါးဖြင့် ပူဇော်လိုပါသည်။

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ကောင်းသောအကျင့်ရှိတော်မူပါပေ၏။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဖြောင့်မတ်သောအကျင့်ရှိတော်မူပါပေ၏။

၃။ ဉာယပ္ပဋိ ပန္နော ဘဂဝတော သာဝကသံဃော။
မှန်ကန်သောအကျင့်ရှိတော်မူပါပေ၏။

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
လျှော်ကန်သင့်မြတ်သော အကျင့်ရှိတော်မူပါပေ၏။

၅။ ယဒိတံစတ္တာရိ၊ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော။
အစုအားဖြင့်လေးစု၊ ပုဂ္ဂိုလ်အားဖြင့် (၈)ပါး၊ အရေ အတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သားသံဃာ တော်တို့သည်

၆။ အာဟုနေယျော- မည်သည့်တို့အလို့ငှာ စိမ်ထား သော ဝတ္ထုသော်လည်း ပူဇော်ထိုက်ပါပေ၏။

၇။ ဒက္ခိဏေယျော- တမလွန်အတွက် ရည်မျှော်သော အလှူကိုလည်း ခံယူတော်မူထိုက်ပါပေ၏

၈။ အဉ္ဇလိ ကရဏီယော- လက်အုပ်ချီခြင်းငှာ ထိုက် ပါပေ၏။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ- သတ္တဝါ အပေါင်း၏ ကောင်းမှုကုသိုလ်ပြုရန် အမြတ်ဆုံး လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏။

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံမြန်မာကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (နိုင်ငံခြား သာသနာပြုသူရဲကောင်းဆရာတော်ဘုရားကြီး)၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုမှသည် အနာမဲ့သူရှင်ဗာကူလကဲ့သို့ သက်တော်ရာကျော်ရှည်ပါစေဟု ဆုတောင်းလိုက်ရပါသည် အရှင်မြတ်ကြီးဘုရား။ ။

ဗိုလ်ချုပ်မြေတင်တင်ဝင်း



ညိုဘန်း(လေးဝတီ)

သန္တိသုခငြိမ်းအေးစွာတည့်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် နေ့သစ်တစ်ခု၏ နေခြည်နုနု အောက်တွင် ခရီးသည်များနှင့် သက်ဝင်လှုပ်ရှားစပြုနေပြီ။ ထိုအချိန်တွင် MAI ခရီးသည်တင် ဘိုရင်းလေယာဉ်ကြီးတစ်စင်းသည် ပြေးလမ်းကြောင်းတွင် အရှိန်ယူလျက် ကောင်းကင်ထက်သို့ တရှိန်ထိုးပြေးတက်လိုက်၏။ ပုပုပျပ်ပျပ် လူနေအိမ်ခြေများ၊ စိမ်းစိမ်းကွက်ကွက်လယ်ကွင်းများကို ကျွန်တော် လေယာဉ်ပြတင်းမှ လှစ်ခနဲပဲ မြင်လိုက်ရသည်။ လေယာဉ်သည် အထက်သို့ တဖြည်းဖြည်း မြင့်တက်သွားသောကြောင့် မြေပြင်မှ မြင်ကွင်းများလည်း

မှုန်ဝါးပျောက်ကွယ်သွား၏။

လေယာဉ်ရှေ့ပိုင်းတွင် အထူးတန်းရှိ၍ ကျွန်တော်တို့ကဲ့သို့ ဘုရားဖူးခရီးသည်များသည် လေယာဉ်နောက်ပိုင်းရိုးရိုးတန်းတွင် နေရာယူကြရသည်။ Free Seat ဖြစ်၍လည်း ကျွန်တော်သည် လေယာဉ်နောက်ပိုင်းရှိ သင့်တော်သောနေရာ၌ ဇနီးသည်နှင့်အတူ လိုက်ပါလာခဲ့၏။

သည်ခရီးသည် တစ်သက်တာတွင် တစ်ကြိမ်သာသွားရောက်နိုင်သော ခရီးမျိုးဖြစ်သည်။ ငွေကြေးအဆင်ပြေဖို့လိုသည်။ ကျန်းမာရေးကောင်းမွန်ဖို့လိုသည်။ အခွင့်အခါကြုံဖို့လည်း လိုသည်။ ဝန်ထမ်းများဖြစ်သည့် ကျွန်တော်တို့ဇနီးမောင်နှံသည် ပင်စင်ယူပြီး တစ်နေ့နေ့တွင် သည်ခရီးကို သွားရောက်ကြမည်ဟု အားခဲထားကြသည်။ ချွေးနှီးစာများကို စုဆောင်းလျက် နှစ်နှင့်ချီ ကြိုးစားခဲ့ကြသည်။ ကြိုးစားခဲ့ကြသည့်အလျောက် ခုတော့ အမှန်တကယ်သွားနေကြရပြီ။ ညပေါင်းများစွာ အထပ်ထပ်အခါခါ မက်ခဲ့ဖူးသည့် အိပ်မက်ကမ္ဘာထဲသို့ အချိန်တိုလေးအတွင်းမှာ မုချမသွေရောက်ရှိတော့မည်။ ထိုအရပ်တွင် မြတ်ဗုဒ္ဓအား သက်တော်ထင်ရှား ဖူးတွေ့ရမည်ကဲ့သို့ ခံစားနေရ၍ အဇ္ဈတ္တသန္တာန်ထဲတွင် မဖော်ပြနိုင်သော ပီတိသောမနဿများ တဖွားဖွားဖြစ်ပေါ်လျက်ရှိ၏။

ကျွန်တော်သည် နံဘေးမှ ဇနီးသည်အား ငဲ့စောင်းကြည့်လိုက်၏။ ခန္ဓာကိုယ်ကို နောက်တွင်မှီလျက် မျက်လုံးအစုံကို မှိတ်ထားသည်။ အန္တရာယ်ကင်းဂါထာတစ်ပုဒ်ကို ရွတ်နေဟန်တူသည်။

ကျွန်တော်သည် အိမ်ထောင်ရေးကံကောင်းသည်ဟု ဆိုရမည်။ ဇနီးသည် ရုပ်မလှသော်လည်း စိတ်လှသူဖြစ်သည်။ စိတ်ရှည်သည်။ သည်းခံတတ်သည်။ ဘာသာရေးကိုလည်း အထူးကိုင်းရှိုင်းသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ငွေကြေးမချမ်းသာသော်လည်း စိတ်ချမ်းသာကြသည်။ ကျွန်တော်သည် မျက်လုံးများကိုမှိတ်ကာ "သော အဟံ ဝိစရိဿာမိ"အစချီသော ဂါထာတော်ကို ရွတ်နေလိုက်သည်။ သည်ဂါထာသည် ကျေးဇူးရှင်မန်လည်ဆရာတော်ဘုရားကြီး အမြဲရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ဂါထာတော်လည်းဖြစ်သည်။

ဂယာမြို့သည် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် (ယခင်-မာဂဓတိုင်း)၌ တည်ရှိ၍ ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီကပင် တည်ရှိခဲ့သော ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ ဗုဒ္ဓဂယာနှင့် (၉)မိုင် (၁၂-ကီလိုမီတာခန့်)သာ ကွာဝေးသောကြောင့် နိုင်ငံတကာမှ ဘုရားဖူးခရီးသည်များ ဝင်ထွက်ရာတံခါးပေါက်လည်းဖြစ်သည်။ ရန်ကုန်လေဆိပ်မှ နံနက် (၇)နာရီတွင် ထွက်လာခဲ့သောလေယာဉ်သည် (၉)နာရီခန့်တွင် ဂယာမြို့လေဆိပ်သို့ ဆင်းသက်လိုက်သည်။ လေဆိပ်တွင် ကျွန်တော်တို့အား ဘုရားဖူးအဖွဲ့ကားများက အသင့်စောင့်ကြိုနေသည်။ မကြာမီတွင် ကျွန်တော်တို့သည် ဒေါက်တာစန္ဒပုနိ ပြုစုပျိုးထောင်ထားသည့် မဟာဗောဓိဓမ္မရိပ်သာကျောင်းတော်သို့ ရောက်ရှိလာခဲ့ကြသည်။

× × × × × × × ×

အနေက ဇာတိသံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟ ကာရံ ဂဝေသန္တော။

ဗုဒ္ဓဂယာရောက်သည်နှင့် ကမ္ဘာကျော်မဟာဗောဓိစေတီတော်မြတ်ကြီးကို အဝေးကပင် ခံ့ညားထည်ဝါစွာ ဖူးမြော်ရသည်။ အိပ်မက်အလီလီမက်ခဲ့ရသည့် စေတီတော်မြတ်ကို မျက်ဝါးထင်ထင် ဖူးမြင်ရသောကြောင့် စိတ်များ လှုပ်ရှားနေ၏။

ဗုဒ္ဓဂယာသည် ဘုရားအဆူဆူတိုင်း ပွင့်တော်မူခဲ့သည့် ဒေသထူးဖြစ်သည်။ ဂေါဝိဋ္ဌသဲစုမကပွင့်တော်မူပြီးသည့် ဘုရားအဆူဆူတို့သည် ဤဒေသတွင် ပွင့်တော်မူခဲ့ကြပြီး နောင်ပွင့်လာမည့် ဘုရားတိုင်းသည်လည်း သည်ဒေသမှာပဲ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိတော်မူကြမည်ဖြစ်သောကြောင့် ဤဒေသသည် မဟာအောင်မြေလည်း ဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားဖူးကြီးကြပ်ရေးအဖွဲ့ဦးဆောင်လျက် စေတီတော်ပရဝုဏ်

"ဒီချောင်းလေးကတော့
တစ်ချိန်က ထင်ရှားခဲ့တဲ့ မိဂသမ္မဒါ
မြစ်ဖြစ်ပါတယ်။
အလောင်းတော် သုဝဏ္ဏသာမ သမင်တွေခြံရံပြီး
ဒီ မြစ်မှာ ရေဆင်းခပ်နေတုန်း
မိဂဒါဝုန်မှာ တောကစားထွက်လာတဲ့
ပိဠိယက္ခမင်းကြီး
လေးနဲ့ပစ်ခဲ့တာ ဒီနေရာပါပဲ"

အတွင်းသို့ စနစ်တကျ ဝင်လိုက်ကြသည်။ လူမျိုးပေါင်းစုံဘုရားဖူးများကိုလည်း အများအပြားတွေ့ရ၏။

"ဒီစေတီတော်မြတ်ဟာ သီရိဓမ္မာသောကမင်းကြီးတည်ခဲ့တဲ့ စေတီတော်တွေထဲက တစ်ဆူဖြစ်ပါတယ်။ ကျောက်ညိုနဲ့ တည်ဆောက်ထားတာပါ။ ဗုဒ္ဓဘာသာဝင်တွေ အထူးသဖြင့် မြန်မာဘုရင်တွေ အဆက်ဆက် ပြုပြင်မွမ်းမံခဲ့လို့ ရှေးလက်ရာတော့ မရှိတော့ပါဘူး" ဟု ဘုရားဖူးကြီးကြပ်ရေးအဖွဲ့မှ ဦးဇင်းက ရှင်းပြပါသည်။

ကျွန်တော်တို့ဘုရားဖူးအဖွဲ့တွင် အမျိုးသမီးများက အများစုဖြစ်သည်။ ကျွန်တော်တို့သည် စေတီတော်အတွင်းသို့ ဝင်လာခဲ့ကြသည်။ ဘူမိဖဿမုဒြာဖြင့် ထုလုပ်ထားသော ထိုင်တော်မူရုပ်ပွားတော်ကြီးတစ်ဆူကို ရွှေရောင်တဝင်းဝင်းနှင့် သပ္ပါယ်စွာ ဖူးတွေ့ရ၏။ ကျွန်တော်တို့သည် ရုပ်ထုတော်ရှေ့တွင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်ကြပြီး "အနေကဇာတိ သံသာရံ"အစချီကာ အနေကဇာတိ ဂါထာတော်ကို တတ်နိုင်သလောက် ရွတ်ဖတ်ပူဇော်ကြသည်။

စေတီတော်၏ ထောင့်လေးထောင့်တွင် ပုံစံတူစေတီငယ်လေးဆူ ခြံရံလျက်ရှိ၏။ စေတီတော်အနောက်ဘက် ကပ်လျက်နေရာ၌ ဘုရားအဖြစ်ကို ရရှိတော်မူခဲ့သည့် ဗောဓိပင်ကို ဖူးမြော်ရသည်။ အခွံအခေါက်များက ဖြူဝါပြီး အခက်အလက်မှာ စိမ်းညိုသော အဆင်းရှိသည်။ "ဗောဓိပင်က အပင်ပေမယ့် ဗုဒ္ဓဘာသာဝင်တွေ ရှိခိုးပူဇော်အပ်တဲ့ စေတီ (၄)မျိုးမှာ ပါတဲ့ ပရိဘောဂစေတီဖြစ်ပါတယ်"ဟု ဦးဇင်း က ရှင်းပြသည်။ ဘုရားဖြစ်ပြီး ခုနစ်ရက် ခုနစ်ည သီတင်းသုံးတော်မူခဲ့သော သတ္တဌာန (၇)ရပ်ကိုလည်း လှည့်လည်ပြ၍ ဖူးမြော်ခဲ့ရသည်။

ထို့ပြင် မင်းတုန်းမင်းဇရပ်၊ ကျောက်စာတိုင်၊ သုဇာတာအိမ်ရာတောင်ကုန်း၊ သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူသည့်နေရာ၊ ရွှေခွက်မျှောရာဌာန၊ ဒုက္ကရစရိယာကျင့်ရာဂူငယ်၊ နေရဉ္ဇရာမြစ်၊ သောတ္ထိယမြက်ရှစ်ဆုပ် ကပ်လှူရာနေရာ၊ နိုင်ငံတကာမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများနှင့် ဗုဒ္ဓဂယာသည် ကမ္ဘာ့အလယ်တွင် ဗုဒ္ဓသာသနာ၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေသည့် နေတစ်စင်းနှင့်တူပေသည်။

× × × × × × × ×

ဘိက္ခူနံ ပဠဝဂ္ဂိနံ၊
ဣသိပတန နာမကေ၊
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာနပါပကံ။

ဖြူလွလွတိမ်တောင်တိမ်

လိပ်များကြောင့် နေရောင်သည် စူးစူးရဲရဲပူပြင်းခြင်းမရှိ။ ပတ်ဝန်းကျင်သည် သစ်ပင်၊ ဝါးပင်များနှင့် စိမ်းမြနေသည်။ ကျွန်တော်တို့သည် ကားလမ်းမမှတဆင့် လူသွားလမ်းလေးအတိုင်း ဖဲ့ဆင်းလာခဲ့ကြသည်။

"မိဂဒါဝုန်ဆိုတာ မိဂဒါယဝနက ဆင်းသက်လာတာပါ။ သားသမင်တွေကို ဘေးမဲ့ပေးထားတဲ့အရပ်လို့ အဓိပ္ပါယ်ရပါတယ်။ ဟိန္ဒူဘာသာနဲ့တော့ ဆာရ်နာထ် (Sannath) လို့ ခေါ်ပါတယ်"

ဦးဇင်းက ရှင်းလင်းပြနေသည်။ ရှေ့တွင်ချောင်းလေးတစ်ခုကို လှမ်းမြင်ရ၏။ ချောင်းလေးကို ဖြတ်လုပ်ထားသည့် တံတားပေါ်ရောက်လာကြသည်။

"ဒီချောင်းလေးကတော့ တစ်ချိန်က ထင်ရှားခဲ့တဲ့ မိဂသမ္မဒါမြစ်ဖြစ်ပါတယ်။ အလောင်းတော် သုဝဏ္ဏသာမ သမင်တွေခြံရံပြီး ဒီမြစ်မှာ ရေဆင်းခပ်နေတုန်း မိဂဒါဝုန်မှာ တောကစားထွက်လာတဲ့ ပီဠိယက္ခမင်းကြီး လေးနဲ့ပစ်ခဲ့တာ ဒီနေရာပါပဲ"

ဦးဇင်းက ငါးရာ့ငါးဆယ်နိပါတ်တော်တွေကို ကိုးကားလျက် ရှင်းလင်းပြနေသည်။ ဘုရားအလောင်းတော် ဘုရားအဖြစ်ကို ရရှိပြီးနောက် ကျေးဇူးရှိသော ပုဂ္ဂိုလ်များကို တရားဦးဟောမည်ဟု ကြည့်သောအခါ ဥရုဝေလတော၌ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယကျင့်စဉ်အခါက မိမိအား ရေပူရေချမ်းကပ်ပြီး ပြုစုခဲ့သည့် ကျေးဇူးရှိသော ပဉ္စဝဂ္ဂီငါးဦးကို မြင်တော်မူသည်။ ထိုကြောင့် ဗုဒ္ဓဂယာမှ မိဂဒါဝုန်တောသို့ ခြေကျင်ကြွရောက်တော်မူပြီး တရားဦး ဟောခဲ့ကြောင်းလည်း သိရ၏။

ကျွန်တော်တို့သည် မိဂဒါဝုန်ထဲသို့ ဝင်လိုက်ကြသည်။ အဝင်ဝတွင် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောတော်မူသော အထိမ်းအမှတ်နေရာတွင် အုတ်ခုံရာကိုပဲ ဖူးတွေ့ရသောကြောင့် စိတ်မကောင်းဖြစ်ကြရသည်။

"ဗာရာဏသီမြို့ပေါ်မှာ လူနေရပ်ကွက်တည်ဆောက်ဖို့ စေတီတော်ကို ဖြိုဖျက်ပြီး ကျောက်ခဲ အုတ်ခဲတွေကို ယူသွားကြတာကြောင့် ခုလို ပျက်စီးသွားခဲ့ရတာပါ"

ဟု ဦးဇင်းက ရှင်းပြပါသည်။

မိဂဒါဝုန်ဥယျာဉ်တော်တွင် ဖူးမြော်စရာ၊ လေ့လာစရာများက အများအပြားပင်။ ဓမ္မေခစေတီ၊ နန္ဒိယကျောင်းတော်ရာ၊ အသောကကျောက်စာတိုင်၊ ကုမာရဒေဝီကျောင်းတော်ရာ၊ ဂန္ဓကုဋိတိုက်၊ မြန်မာနိုင်ငံက ပြုလုပ်လှူဒါန်းထားသော ပဉ္စဝဂ္ဂီငါးဦးရုပ်ထုတော်များ၊ သားသမင်တို့ကို ဘေးမဲ့ပေးထားသောအရပ် စုံလင်လှသည်။

× × × × × × × ×

အဂ္ဂေါဟ မသ္မိ လောကဿ။
ဇေဋ္ဌောဟ မသ္မိ လောကဿ။
သေဋ္ဌောဟ မသ္မိ လောကဿ။

ဟိမဝန္တာတောင်တန်းသည် ကမ္ဘာ့အမြင့်ဆုံးဟူသော ဂုဏ်ပုဒ်ကို ဆောင်လျက် ဆီးနှင်းများဝေ့ဝဲကာ ထီးထီးမားမားတည်ရှိနေသည်။ ထိုတောင်တန်း၏ ခြေရင်းတွင် ကပိလဝတ္ထု (ခေါ်) နဂရနေပြည်တော်သည် စည်ပင်ဝပြောစွာ တည်ရှိနေ၏။ ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနတွင် မဟာမာယာနှင့် ပဇာပတိဂေါတမီဟူ၍ မိဖုရားနှစ်ပါးရှိကြသည်။ မဟာမာယာမိဖုရားကြီးတွင် ပဋိသန္ဓေရှိလာ၍ မီးဖွားရန် နီးကပ်လာသောအခါ မိမိ၏ မိဘများရှိရာ "ဒေဝဒဟ"ပြည်သို့ သွားလိုကြောင်း ဆန္ဒပြုလာသည်။ မင်းကြီးလည်း လိုအပ်သည်များကို ပြင်ဆင်ပေးပြီး အခြွေအရံများနှင့် စေလွှတ်လိုက်သည်။ လမ်းခရီးရှိ လုမ္ဗိနီဥယျာဉ်တော်အရောက်တွင် သားယောကျ်ားလေးတစ်ယောက်ကို ဖွားမြင်သည်။ ဗုဒ္ဓအလောင်းတော် သိဒ္ဓတ္ထတည်း။

မော်တော်ယာဉ်သည် နယ်စပ်ဂိတ်ကို ဖြတ်ကျော်ပြီး နီပေါနယ်နိမိတ်ထဲသို့ မောင်းနှင်လာရာ မယ်တော်မာယာ ကပိလဝတ်ပြည်မှ မိဘများရှိရာ ဒေဝဒဟပြည်သို့အသွား ဥယျာဉ်တော်ထဲ၌ ဘုရားလောင်းအား ဖွားမြင်ခဲ့ပုံကို စိတ်ထဲမှ အာရုံပြုပြီး ကသိုလ်ယူနေခြင်းဖြစ်ပါသည်။

"လုမ္ဗနီဟာ အိန္ဒိယ နီပေါ

နယ်စပ်က (၁၀)ကီလိုမီတာအကွာမှာ တည်ရှိပါတယ်။ ခုဒီနေရာကို "ရုမ္မန ဒေယီ"လို့ ခေါ်ကြပါတယ်။ "ရုမ္မန" ဆိုတာ "လုမ္ဗနီ"ဆိုတဲ့စကားက ပြောင်းလာတာဖြစ်ပါတယ်" ဟု ဦးဇင်းက ကားပေါ်တွင်ပင် ရှင်းလင်းပြနေသည်။

သံဝေဇနီယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်သော လုမ္ဗနီသည် ဘုရားအလောင်းတော်ဖွားမြင်ပြီး ချက်ချင်း ခြေခုနစ်လှမ်းလှမ်းကာ လက်ညှိုးတော်ထောင်၍ အမြင့်ဆုံး အကြီးအကဲဆုံး အချီးမွမ်းအပ်ဆုံးဟု ကြွေးကြော်ခဲ့သည့် နေရာဖြစ်သည်။ ဖူးမြော်စရာက များပြားလှ၏။ ခြေခုနစ်လှမ်းကြွလှမ်းရာ အထိမ်းအမှတ် စေတီငယ်များ၊ အာသောကကျောက်တိုင်၊ လောကမဏိစန္ဒာစေတီတော်၊ အာနန္ဒာသိမ်တော်၊ ဇရပ်နှင့် ဓမ္မာရုံများ စုံလင်လှသည်။ နိုင်ငံတကာဘုန်းတော်ကြီးကျောင်းများကလည်း ပတ်ပတ်လည်တွင် ကြည်ညိုဖွယ် ဆောက်လုပ်ထားကြသည်။ သို့သော် အင်ကြင်းပင် တစ်ပင်မှ မတွေ့ခဲ့ရ၍ စိတ်မကောင်းဖြစ်မိသည်။

× × × × × × × ×

ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာမဝေါ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ကုသိနာရုံသည် သံဝေဇနီယလေးဌာနတွင် သံဝေဂတရားအရဆုံးသော ဌာနဖြစ်သည်။ မြတ်စွာဘုရားရှင်သည် (၄၅)ဝါပတ်လုံးကျွတ်ထိုက်သူ လူနတ်ပြဟ္မာတို့ကို နိဗ္ဗာန်သောင်ကမ်းသို့ ပို့ဆောင်ပေးပြီး သည်ကုသိနာရုံတွင် ပရိနိဗ္ဗာန်စံတော်မူခဲ့ပါသည်။

ကျွန်တော်တို့သည် ဦးစွာ ကုသိနာရုံမြန်မာ (ရခိုင်)ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး ဆရာတော်ကြီး ဒေါက်တာဉာဏိဿရ အရှင်မြတ်ကို ဖူးမြော်ကန်တော့ကြ၏။ ပါလာသည့် လှူဖွယ်ဝတ္ထုများကို ကပ်လှူကြသည်။ ကျွန်တော်သည် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို အမြဲသာဓုခေါ်နေသူဖြစ်သည်။ မြန်မာနိုင်ငံသို့ ကြွရောက်တိုင်း မင်းပြားသို့ ရောက်ရှိခဲ့ရာ မြို့ရောနယ်ပါ ပရိသတ်များက ပူဇော်ပွဲကို မြို့လယ်ဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည်။

"အရှင်ဘုရား နေကောင်းပါရဲ့လား၊ တပည့်တော် မင်းပြားကပါဘုရား"

ကျွန်တော်သည် ဆရာတော်ကြီးအား ဦးချပြီး နှုတ်ဆက်လိုက်သည်။

"နေကောင်းတယ်ဒကာကြီး၊ ဒကာကြီးကို မြင်ဖူးသလိုလိုပဲ"

"တပည့်တော် ငါးပါးသီလအသင်းဥက္ကဋ္ဌပါ။ ဆရာတော် မင်းပြားကို ကြွရောက်တိုင်း ဓမ္မာရုံမှာ တပည့်တော်တို့ ပူဇော်ပွဲ ကျင်းပနေကြပါဘုရား"

ဆရာတော်ကြီး မှတ်မိသွားသည်။ ဇနီးသည်နှင့်လည်း မိတ်ဆက်ပေးလိုက်သည်။

ဆရာတော်ကြီးသည် သက်တော် (၈၀)ခန့်ရှိမည်။ အသားညိုညိုပြည့်ပြည့်ဖြိုးဖြိုးနှင့် ကျန်းမာရေးပြည့်စုံမည့် လက္ခဏာရှိသည်။ ဖွဲ့လှ့လ ထက်သန်သည့် သာသနာ့အာဇာနည်သူရဲကောင်းလည်းဖြစ်သည်။ (၁၉၆၃) ခုနှစ်ကပင် ကုသိနာရုံသို့ ကြွရောက်လာခဲ့ပြီး ဗုဒ္ဓဘာသာမှေးမှိန်နေသည့် အိန္ဒိယနိုင်ငံတွင် ယနေ့တိုင် သာသနာပြုနေသည်။ နိုင်ငံအသီးသီးသို့ ကြွရောက်တော်မူပြီး တရားဟောသည်။ ဆရာတော်ကျေးဇူးကြောင့် အိန္ဒိယတွင် ဗုဒ္ဓဘာသာဝင်များ တဟုန်ထိုး များပြားလာခဲ့သည်။ နိုင်ငံတော်တစ်ဝှမ်းတွင် ပရဟိတကျောင်းများ ထူထောင်ပေးသည်။ စက်မှုလက်မှုကျောင်းများ ဖွင့်လှစ်ပေးသည်။ ကျောင်းသားများကို အဝတ်အထည်များ လှူဒါန်းသည်။ မီးဘေး၊ ရေဘေး၊ လေျင်ဘေး ဒုက္ခသည်များကို သိန်းပေါင်းမြောက်မြားစွာ ကူညီသည်၊ ဆရာတော်၏ ဘာသာရေး ပညာရေး၊ လူမှုရေးလုပ်ဆောင်မှုများက များပြားလှပေစွ။

မင်းပြား မြို့တွင် မြို့နယ်ပညာရေးဖောင်ဒေးရှင်းကို စတင်ထူထောင်ခဲ့သည်။ ဤဖောင်ဒေးရှင်းသည် ယခုအခါ ခိုင်မာသော အသင်းအဖွဲ့တစ်ခုဖြစ်နေပြီး ပညာထူးချွန်သော ကျောင်းသူကျောင်းသားအများအပြား

ကို ထိရောက်စွာ ကူညီပေးနေပြီဖြစ်သည်။ ကျိုန်းတောင်ဓာတ်တော်ဂေါပကအဖွဲ့၊ မြို့နယ်ဓမ္မာရုံနှင့် မြို့နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများကိုလည်း အမြဲကူညီလှူဒါန်းသည်။ ဇာတိနေရာ ဖီးပင်ကြီးကျေးရွာတွင်လည်း (၄)မိုင်ခန့်ရှည်သည့် ကျေးရွာဆက်ကျောက်ခင်းလမ်းတစ်ခုကို ဖောက်လုပ်ပေးထားသည်။ လူတိုင်းမျက်စိပွင့်နိုင်အောင်လည်း မယ်တော်ကြီးကို ဂုဏ်ပြုသောအားဖြင့် **"ဒေါ်ဝင်းမြဦးစာကြည့်တိုက်"**ကို ခိုင်ခိုင်မာမာဆောက်လုပ်ပေးထားသည်။ ဆရာတော်လှူဒါန်းထားသည့် ဘုရားဆင်းထုတော်များ၊ သာသနိကအဆောက်အဦများနှင့် ဖီးပင်ကြီးကျေးရွာသည် ယခင်နှင့်မတူတော့ဘဲ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ။

ကုသိနာရုံတွင်လည်း ဖူးမြော်စရာများက များပြားလှ၏။ ဦးစွာ ပရိနိဗ္ဗာနစေတီတော်ထဲ ဝင်ရောက်ဖူးမြော်ကြသည်။ စေတီတော်ထဲတွင် မြောက်ဘက်သို့ ဦးခေါင်းပြုတော်မူပြီး မျက်နှာမူလျက်ရှသော မြတ်စွာဘုရားရှင်၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ရသည်။ ညှိုးလျှသောမျက်နှာတော်၊ ဖူးကြွသောပါးတော်နှင့် ခြေတော်အစုံ၊ နွမ်းရိပြေလျော့သော ကိုယ်နေဟန်တို့ကို အနီးကပ်ဖူးမြော်ရသည်။ **"ရဟန်းတို့ ယခု ငါဘုရားနောက်ဆုံးဩဝါဒစကား မိန့်ကြားတော်မူသည်မှာ** ပြုပြင်ပေးသမျှ သခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ မမေ့အပ်သော သတိတရားဖြင့် သင်ချစ်သားတို့သည် ကိစ္စပြီးအောင် အားထုတ်ကြလော့"ဟု ပရိနိဗ္ဗာန်စံဝင်ခါနီး ဘုရားရှင်နောက်ဆုံးပြောခဲ့သည့်စကားကို ကျွန်တော် ကြားယောင်နေမိသည်။ သုံးလူ့လောကတွင် အတုမရှိသော မြတ်ဘုရားရှင်တောင်မှ မရဏတရားကို မလွန်ဆန်နိုင်ခဲ့ပါလား၊ မိမိတို့ကဲ့သို့ သာမန်လူတွေမှာတော့ ဆိုဖွယ်ရာမရှိပြီ။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ခန္ဓာကိုယ်ထဲတွင် အနှစ်နှစ်အလလက ကိန်းအောင်းအမြစ်တွယ်လာခဲ့သည့် ဝေဒနာသည် ခုတော့ ထုထည်ကြီးမားစွာ နက်နက်ရှိုင်းရှိုင်း နေရာယူထားပြီ။

ကုသိနာရုံသည် ကျွန်တော်တို့ ဘုရားဖူးခရီးစဉ်တွင် နောက်ဆုံးခရီးဖြစ်သည်။ သည်နေ့တစ်ညနေလုံး ဘုရားဖူးကြပြီး သည်မှာ ညအိပ်ကြမည်။ နံနက် (၈)နာရီတိတိတွင် ဂယာမြို့သို့ ထွက်ခွာကြမည်။ နောက်တစ်နေ့ နံနက်စောစောတွင် လေယာဉ်ဖြင့် ရန်ကုန်ပြန်ကြမည်။ အချိန်မရှိတော့ပြီ။ ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ရဲဝံ့ပြတ်သားစွာ ချလိုက်သည်။ ရခဲလှစွာသော လူ့ဘဝတစ်ခု၏ ကျန်ရှိနေသေးသော လက်ကျန်အချိန်တိုလေးကို ရဟန်းအဝတ်ဖြင့် သည်ကုသိနာရုံတွင်ပင် တရားဓမ္မများနှင့် မွေ့လျော်သွားမည်။ ယခင်က ရှုပ်ထွေးတင်းကျပ်နေသော စိတ်အစဉ်သည် အံ့ဩစဖွယ်ပေါ့ပါးသွားသည်ထင်၏။ ဆရာတော်ကြီးကို ဦးစွာ လျှောက်တင်မည်။ ပြီးမှ ဇနီးသည်ကို အသိပေးမည်။ မင်းပြားတွင်ပင် ရဟန်းဝတ်မည်ဆို၍ ဝတ်လိုက ဝတ်ပါဟု ခွင့်ပြုထားသူဖြစ်သည်။

ကျွန်တော်သည် ဆရာတော်ကြီးဆီသို့ ခြေလှမ်းများ ဦးတည်လိုက်သည်။ ကျောင်း၏လှေကားခြေရင်းသို့ ရောက်လာပြီး အပေါ်ထပ်သို့ လှေကားအတိုင်း ဖြည်းညင်းစွာ လှမ်းတက်လိုက်၏။ ခန္ဓာကိုယ်သည် တဖြည်းဖြည်း မြင့်၍မြင့်၍ လာနေတော့သည်။

သံသရာလှေကားတွင် တချို့ကား အတက်၊ တချို့ကား အဆင်းရှိကြသည်။ တက်ကြသောသူများသည် တစ်ထစ်ချင်း မြင့်၍မြင့်၍လာသကဲ့သို့ ဆင်းသောသူများမှာမူ တစ်ထစ်ချင်း နိမ့်၍နိမ့်၍ လာကြသည်မှာ ဓမ္မတာပင်တည်း။

သဗ္ဗေသတ္တာ သုခိတာ ဟောန္တု

ညိုဘန်း(လေးဝတီ)

ကုသိနာရုံဆရာတော်ကြီး အမှတ်တရ



တင်အောင်(စက်မှုတက္ကသိုလ်)

စာရေးသူသည် (၂၀၁၂)ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့မှ ဖေဖော်ဝါရီလ (၅)ရက်နေ့ထိ ''ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့''၏ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူးခရီး ရောက်ရှိခဲ့သည်။ ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးရန်အောင်သည် (၁၉၂၄)ခုနှစ်၊ စက်တင်ဘာလမှ (၁၉၂၅)ခုနှစ် စက်တင်ဘာလအထိ မဇ္ဈိမဒေသသို့ ရောက်ရှိခဲ့သည်။ အဖေတို့ခေတ်က အိန္ဒိယပြည်သွားရာတွင် ယခုခေတ်ကဲ့သို့ နိုင်ငံကူးလက်မှတ်မလိုချေ။ မြန်မာပြည်သည် အိန္ဒိယပြည်၏ပြည်နယ်တစ်ခုဖြစ်နေသောကြောင့်ပင်။

အဖေသည် အိန္ဒိယသို့ သွားရာတွင် တော်သလင်းလတွင် သွားပြီး တော်သလင်းလတွင် ပြန်ခဲ့လေသည်။ အဖေက ''တော်သလင်း မြစ်တွင်း သင်းဖြူးခင်းဆိုတဲ့စကား သိပ်မှန်တယ် မြစ်အတွင်းတွင်မကဘူး ပင်လယ်မှာပါ လှိုင်းလေငြိမ်တယ်'' ဟူ၍ ပြောခဲ့သည်။ အဖေသည် အိန္ဒိယသို့ သင်္ဘောဖြင့် သွားရာ လမ်းတွင်

နှစ်ညအိပ်ပြီးမှ ကာလကတ္တားမြို့သို့ ရောက်ပါသည်။ ကာလကတ္တားမှတစ်ဆင့် ဗုဒ္ဓဂယာသို့ရောက် ရန် လှည်းတစ်တန်၊ ကားတစ်တန်၊ ခြေကျင်တစ်တန်ဖြင့် နှစ်ည အိပ်သွားရသည်။

ယခုခေတ်တွင်တော့ ယခင်နှင့်မတူတော့။ ရန်ကုန်၊ မင်္ဂလာဒုံလေဆိပ်မှ အိန္ဒိယနိုင်ငံ၊ ဂယာလေဆိပ်သို့ (၂)နာရီသာ လေယာဉ်စီးရသည်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့သည် (၂၁. ၁. ၂၀၁၂)ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် (၉)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ၊ ဂယာလေဆိပ်သို့ ထွက်ခွာခဲ့ကြပါသည်။ ကျွန်တော်သည် လေယာဉ်ပြတင်းပေါက်နားတွင် နေရာရ၍ ပတ်ဝန်းကျင်ရှုခင်းကို ကောင်းစွာတွေ့ရသည်။ ကျွန်တော်တို့စီးသောလေယာဉ်မှာ (MAI) လေကြောင်းလိုင်းဖြစ်ပြီး ထိုစဉ်က မြန်မာပြည်၌ သုံးစွဲသာရှိပါသည်။ လေယာဉ်မှူးကြီးမှာ ကျွန်တော်နှင့်တက္ကသိုလ်တက်ဖက် (ဒု-ဗိုလ်မှူးကြီး၊ ငြိမ်း)ဖြစ်သည်။ ကျွန်တော်စီးသောလေယာဉ်သည် စတက်သည်နှင့် စက်မှုတက္ကသိုလ်ခေါင်မိုးပေါ်မှ ဖြတ်ပျံစဉ် ကျွန်တော်တက်ခဲ့သောတက္ကသိုလ်ကို အထူးသတိရမိပါသည်။ တက္ကသိုလ်တွင် စာသင်နေစဉ် လေယာဉ်ပျံဖြတ်ပျံတိုင်း လေယာဉ်စက်သံကြောင့် ဆရာများစာသင်မှုခဏရပ်သွားသည်ကိုလည်း ပြန်သတိရမိသည်။

ကျွန်တော်တို့ဘုရားဖူးအဖွဲ့တွင် လူနှစ်ယောက်တတွဲ၊ သုံးယောက်တစ်တွဲလိုက်ပါလာကြသော်လည်း ကျွန်တော်သာလျှင် တစ်ဦးတည်း လိုက်ပါလာလေသည်။ လေယာဉ်သည် နာရီဝက်ခန့်သွားပြီးသောအခါ ရခိုင်ပြည်နယ်ပေါ် ဖြတ်ပျံလေသည်။ လေယာဉ်ပေါ်မှ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်ကို မြင်ရသည်မှာ ဘူးသီးအလုံးလိုက်ချထားသည်နှင့် တူသည်။ လေယာဉ်သည် မြေပြင်မှ ပေနှစ်သောင်းကျော်အမြင့်မှ ပျံလေသည်။ တစ်နာရီခန့် အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး ကုန်းပေါ်နာရီဝက်ခန့်မောင်းပြီး ဂယာလေဆိပ်သို့ လေယာဉ်ပျံဆင်းလေသည်။ ဂယာလေဆိပ်မှာ ကြီးကျယ်ခမ်းနားလျက်ရှိပါသည်။ ဂျပန်နိုင်ငံက တည်ဆောက်ပေးကြောင်း သိရသည်။

လေယာဉ်ပျံလေဆိပ်အဆင်းတွင် အိန္ဒိယမီးသတ်တပ်ဖွဲ့မှ မီးသတ်ကားကြီးနှစ်စင်း အဆင်သင့်စောင့်နေသည်ကို တွေ့ရသည်။ လေယာဉ်ပျံအဆင်းတွင် အန္တရာယ်များ၍ ဖြစ်သည်။ ထိုအချိန်၌ ဂယာမြို့၏နေ့အပူချိန်မှာ (၉)ဒီဂရီစင်တီဂရိတ်ဖြစ်၍ အေးလှပါသည်။

အိန္ဒိယနိုင်ငံသည် အရှေ့အနောက်မိုင် (၁၈၀၀)ရှည်လျားပြီး တောင်မြောက်မိုင် (၁၃၀၀)ကျော် ရှည်လျားပါသည်။ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင် ဗိဟာပြည်နယ်၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် (ယူပီ)နှင့် အနောက်ဘင်္ဂလားပြည်နယ်၊ နီပေါနိုင်ငံရှိ လုမ္ဗနီဒေသတို့ ပါဝင်နေသည်။ ထိုပြည်နယ်များ၏ ရာသီဥတုမှာ နွေရာသီတွင် (၃၀-၅၀) ဒီဂရီစင်တီဂရိတ်၊ ဆောင်းရာသီတွင် (၁-၂၀)ဒီဂရီစင်တီဂရိတ်ဝန်းကျင်ရှိပါသည်။ အိန္ဒိယ၏လူဦးရေမှာ သန်း(၁၈၀၀) ရှိပါသည်။

ကျွန်တော်တို့အဖွဲ့သည် ဂယာမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းတွင် နှစ်ညတာတည်းခိုပြီး မဟာဗောဓိစေတီတော်ကြီး၊ ဗောဓိပင်နှင့် အပရာဇိတရွှေပလ္လင်အပါအဝင် သတ္တဌာန (၇)ဌာနသို့ သွားရောက်ဖူးမြော်ပါသည်။ ကျွန်တော်တို့အဖွဲ့တွင် အမျိုးသား (၁၂)ယောက်၊ အမျိုးသမီး (၂၀)ယောက်၊ ပါဝင်ရာ ကျွန်တော်တစ်ဦးတည်းသာ ရာသီဥတုဒဏ်ကိုခံ၍ သက်နီးဝတ်လေသည်။ ကျွန်တော့်ကို ရဟန်းခံပေးသူမှာ ရွှေမြင်တင်ဦးညို (အဘညို)ဖြစ်၍ မကြာသေးမီက ကွယ်လွန်သွားရှာသည်။ ကျွန်တော်တို့အဖွဲ့သည် ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ သက်ဿနဂိုရ်၊ အာဂရာ၊ နယူးဒေလီအတိုင်း လက်ယာရစ်သွားရန်ဖြစ်သော်လည်း နယူးဒေလီရောက်သောနေ့သည် (၂၆-၁-၂၀၁၂)ဖြစ်၍ အိန္ဒိယပြည်၏ အမျိုးသားနေ့ဖြစ်သောကြောင့် နယူးဒေလီရှိ ဈေးများ၊ ကုန်တိုက်ကြီးများ ပိတ်ထားလေ့ရှိသည်။ ထိုအခါ ကျွန်တော်တို့အဖွဲ့ နယူးဒေလီတွင် ဈေးဝယ်ရန် ခက်ခဲမည်

ဖြစ်သောကြောင့် လမ်းညွှန်ဖြစ်သူ ဓာနည်မျိုးညွှန့်က ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်၊ ပါဋ္ဌလိပုတ်၊ ဝေသာလီ၊ ကုသိနာရုံ၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ သင်္ကဿနဂိုရ်အတိုင်း လက်ဝဲရစ် သွားခဲ့ရလေသည်၊

ကျွန်တော်တို့အဖွဲ့သည် ဘီဟာပြည်နယ်၊ ပါဋ္ဌလိပုတ်မှ ဝေသာလီကိုဖြတ်ပြီး ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ ကုသိနာရုံ (၁၉၄-မိုင်)သို့ ခရီးဆက်ခဲ့ကြသည်။ လမ်းခရီးတွင် ဝေသာလီသို့ ဝင်ရောက်ဖူးမြော်ပါသည်။ ဝေသာလီပြည်ကပ်ကြီးသုံးပါးဆိုက်၍ ရတနသုတ်ဟောရာ အာနန္ဒာစေတီတော်၊ အသောကကျောက်တိုင်၊ ဒုတိယသင်္ဂါယနာတင်ရာ ဝါဠုကာရုံကျောင်းတော်၊ မြတ်စွာဘုရား ပျားသလက်ဆွမ်းဘုဉ်းပေးသောနေရာ၊ လိစ္ဆဝီမင်းများ၏ ဓာတ်တော်စေတီများသို့ လှည့်လည်ဖူးမြော်ပါသည်။ ပါဋ္ဌလိပုတ်၊ (ပတ္တနား)မြို့တွင် အသောကမင်းကြီး တတိယသင်္ဂါယနာတင်တော်မူရာ အသောကာရုံကျောင်း၊ အသောကကျောက်တိုင်နှင့် အသောကကျောင်းတော်ရာများကို လှည့်လည်ဖူးမြော်ပါသည်။

(၂၇-၁-၂၀၁၂)ရက်နေ့ ညနေ (၄)နာရီတွင် ကုသိနာရုံမြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ကြပါသည်။ စာရေးသူတို့၏ ဘုရားဖူးကားရပ်လိုက်သည်နှင့် ခန့်ညားစွာရှိနေသော မြန်မာဘုန်းတော်ကြီးကျောင်းနှင့် သာသနိကအဆောက်အအုံကို တွေ့လိုက်ရပြီး ကြည်ညိုစိတ်များ ပွားများရပါသည်။ မြန်မာ့ပန်းပညာလက်ရာမြောက်စွာဖြင့် တည်ဆောက်ထားသော ကျောင်းတိုက်မုခ်ဦးကြီးကို တွေ့ရသည်။ ကမ္ပည်းစာကို ဖတ်ကြည့်ရာ ရွှေမြင်တင်ဦးညို၊ ရွှေမှီပရိဘောဂဦးရွှေမှီနှင့် ရွှေပင်ငွေပင်ဦးသန်းထွန်း၊ ရွှေသုံးရွှေမိသားစုတို့၏ ကောင်းမှုဖြစ်ကြောင်း သိရသည်။ ကျောင်းဝိုင်းကြီးကား ကျယ်ဝန်းသပ်ရပ်လှသည်။ ဘုရားဖူးဧည့်ပရိသတ်များ တည်းခိုနိုင်ရန် အဆောင်များ မြောက်မှတောင်၊ ထိုမှ အနောက်သို့ ထောင့်ချိုးကျစွာဖြင့် တည်ဆောက်ထားသည်။ ဘုရားဖူးအဖွဲ့ဝင်များသည် ဦးဆောင်

စာရေးသူတို့အဖွဲ့သည်
ကုသိနာရုံဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
အရှင်ဉာဏိဿရကို
ည (၇) နာရီတွင် ဖူးမြော်ရပါသည်။
ဆရာတော်သည်
အဖူးအမြော်ခံရန် ခန်းမထဲသို့
ကြိုတင်ရောက်နှင့်နေသည်ကို
တွေ့ရ သည်။
ဆရာတော်ကို ဖူးမြော်ရန်
သံဃာတော်မှစ၍ ခန်းမထဲသို့
စနစ်တကျတန်းစီဝင်ရာ
ကျွန်တော်က
ထိပ်ဆုံးမှ ဝင်ရလေသည်။

သူတို့ စီစဉ်နေရာချပေးသော အခန်းများတွင် အသီးသီးနေရာယူကြသည်။ စာရေးသူတို့အဖွဲ့သည် ကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏိဿရကို ည (၇) နာရီတွင် ဖူးမြော်ရပါသည်။ ဆရာတော်သည် အဖူးအမြော်ခံရန် ခန်းမထဲသို့ ကြိုတင်ရောက်နှင့်နေသည်ကို တွေ့ရသည်။ ဆရာတော်ကို ဖူးမြော်ရန် သံဃာတော်မှစ၍ ခန်းမထဲသို့ စနစ်တကျတန်းစီဝင်ရာ ကျွန်တော်က ထိပ်ဆုံးမှ ဝင်ရလေသည်။ ကျွန်တော်က လက်အုပ်ချီပြီး ဆရာတော်ရှိရာ ခန်းမထဲဝင်ရာ ဆရာတော်က ကြိုတင်လက်အုပ်ချီထားသဖြင့် ကျွန်တော်က

''ဆရာတော်ဘုရား တပည့်တော် သင်္ကန်းဝတ်တာ ရက်ပိုင်းမျှသာ ရှိပါသေးတယ်ဘုရား''

ဆရာတော်က ပြုံးပြီး

''သင်္ကန်းကို ကြည်ညိုလို့ပါ''တဲ့။

ကျွန်တော့်ရင်ထဲ လှုပ်ခါသွားရသည်။ ဆရာတော်က သီလပေးပြီး ဆရာတော်ထံ လှူစရာရှိသည်များကို လှူကြရာ ကျွန်တော်က ဒေါ်လာတစ်ရာလှူဒါန်းပါသည်။ ဆရာတော်က သူ၏ပုံတော်ပါရှိသော နာရီကြီးတစ်လုံး ပြန်စွန့်ပါသည်။ ကျွန်တော်တို့ဘုရားဖူးအဖွဲ့သည် အိန္ဒိယ၏ အအေးဒဏ်ကြောင့် အနွေးထည်များ ဝတ်ထားကြသော်လည်း ဆရာတော်မှာ အနွေးထည်ဝတ်မထားပါ။ ဆရာတော်က ရေစက်ချတရားဟောပြီးနောက် ဆရာတော်က ဘုရားဖူးများကို စကားပြောရာ သူသည် ငယ်ငယ်က ရုပ်အလွန်ဆိုးသဖြင့် မစွံကြောင်း၊ ထို့ကြောင့် ဘုန်းကြီးဖြစ်လာရကြောင်းတို့ကို ရယ်ရွှင်ဖွယ်ပြောနေလေသည်။ ထို့နောက် ဆရာတော်က သိလိုသည်များကို မေးမြန်းရန်ပြောရာ ကျွန်တော်က ''ဆရာတော်ဘုရား မြတ်စွာဘုရား ဆံတော်ပယ်သည့် အနော်မာသောင်ကမ်းနေရာကို ညွှန်ပြပေးပါဘုရား''

ဆရာတော်က လမ်းညွှန်ဇာနည်မျိုးညွှန့်ကို လှမ်းကြည့်ပြီး

''ဒီနေရာကနေ (၂)နာရီလောက် ကားနဲ့သွားရင်ရောက်ပါတယ်။ အနော်မာသောင်ကမ်းက အင်မတန်လှပကြည်နူးကြည်ညိုဖို့ကောင်းတာပဲ၊ အဆင်ပြေရင် ဇာနည်လိုက်ပို့ပေးလိုက်ပါ''

ဆရာတော်က ကျွန်တော့်ကို ဦးရန်အောင်သားမှန်း သိသွားသောအခါ သူ့ထံတွင် သုံးနှစ်ခန့်နေရန် ဖိတ်ခေါ်ပါသည်။ ကျွန်တော်က ပြုံးနေသောအခါ ဆရာတော်က ''မနေချင်သေးပဲကိုး''ဟု ပြန်လည်မိန့်ကြားပါသည်။ ဆရာတော်ကျောင်းတွင် ညအိပ်ပြီး နောက်တစ်နေ့နံနက် ထမင်းစားခန်းတွင် အသောကမင်းကြီး၏ ပုံတော်ကြီးကို တွေ့မြင်ရလေသည်။ ကျွန်တော် နံနက်စာစားပြီးသောအခါ ဆရာတော်က သူတည်ထောင်ထားသော စာသင်ကျောင်းများဖွင့်ပွဲသို့ ခေါ်သွား၍ ကျွန်တော်လိုက်ပါရပြန်သည်။ ကျောင်းနှစ်ကျောင်းဖွင့်ပွဲများသို့ ဆရာတော်နှင့်အတူ တက်ရောက်ခဲ့ရသည်။ ကျွန်တော်တို့ဘုရားဖူးကားသည် နံနက် (၉)နာရီတွင် ပြန်ထွက်ရန် စီစဉ်ထားသော်လည်း ကျွန်တော့်ကိုစောင့်နေ၍ (၁၂)နာရီမှ ထွက်ဖြစ်ရလေသည်။

ကျွန်တော်တို့ကားအနီးသို့ ဆရာတော်ရောက်လာ

*'ပရိနိဗ္ဗာနစေတီတော်မြတ်သည်
မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသော
နေရာအမှန်ဖြစ်ပါတယ်။
ဝေနေယျသတ္တဝါတို့အပေါ်
မဟာကရုဏာကြီးမားတော်မူသော
မြတ်စွာဘုရားရှင်တော်ကို
အာရုံပြုပြီး ဖူးမြော်ကြပါ''*

ပြီး ကျွန်တော့်ကို နှုတ်ဆက်လေသည်။ ကားထွက်သွားသော အခါ ဆရာတော်နှင့် ကျောင်းကို လွမ်းဆွတ်စွာ ကျွန်တော် ပြန်ကြည့်မိလေသည်။

ဆရာတော်ကို တွေ့ဆုံဖူးမြော်ရခိုက် ဆရာတော်၏ ထေရုပ္ပတ္တိနှင့် မဇ္ဈိမဒေသသာသနာပြုဆောင်ရွက်ချက်များကို လေ့လာမှတ်သားခွင့် ရရှိခဲ့ပါသည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံတွင် ပြည်နယ် (၃၀) ရှိသည့်အနက် ယူပီပြည်နယ်၊ မဟာရဋ္ဌပြည်နယ်၊ ဂူဂျရတ်ပြည်နယ်၊ ရာဂျဆတန်ပြည်နယ်၊ ဒေလီပြည်နယ်၊ အာသံပြည်နယ် (အဂုဏာစလ)ပြည်နယ်တို့မှ တစ်ဦးချင်း၊ အစုလိုက်၊ အဖွဲ့လိုက်ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလိုကြသည့် ထောင်ပေါင်းများစွာသော အိန္ဒိယတိုင်းရင်းသားဘာသာခြားတို့အား ဗုဒ္ဓဘာသာအဖြစ်သို့ သွတ်သွင်းပေးပါသည်။ ရဟန်းသာမဏေပေါင်း (၁၈၀၀)မျှရှိသည်ဟု သိရပါသည်။

ဆရာတော်သည် (၁၉၇၂)ခုနှစ်မှစ၍ ယနေ့အထိ ဟင်ဒီဘာသာဝင်များကို ဗုဒ္ဓဘာသာရှင်သာမဏေပြုပေးပြီး ဝိနည်းတော်များကို သင်ကြားပေးကာ ရဟန်းပြုပေးနိုင်ခဲ့ပါသည်။ ဆရာတော်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရာ ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ကြီးတွင် ပိုမိုစည်ကားစိုပြည်လာစေရန်အတွက် (၁၀၀ ပေ × ၁၅၀ ပေ)ကျယ်ဝန်းသော ရေကန်ကြီးတစ်ခု ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းတိုက်အတွင်းတွင်လည်း ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးများ တည်းခိုနားနေနိုင်ရန် တည်းခိုဆောင်များကို ဆောက်လုပ်ပေးထားပါသည်။ ဗုဒ္ဓမြတ်စွာ၏ သံဝေဇနိယလေးဌာန အဆောက်အအုံတူပုံတော်များနှင့် မြန်မာ့အနုပညာလက်ရာများပါဝင်သော ရွှေတိဂုံစေတီတော်ပုံစံတူစေတီတော်ကြီး (မဟာသုခဒဒချမ်းသာကြီး)တစ်ဆူ ဉာဏ်တော် (၁၀၈)ပေကိုလည်း တည်ထားခဲ့ပါသည်။

သာသနာပြုစွမ်းဆောင်ချက်များ

ဆရာတော်သည် အာရှတိုက်နိုင်ငံအနှံ့အပြား တရားဟောတရားပြပေးပါသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်လာအောင် သရဏဂုံတည်သူတွေဖြစ်လာအောင် တရားဟောပြောပြီး ဘာသာမဲ့နှင့် ဘာသာခြားများကို ဗုဒ္ဓဘာသာခံယူပွဲများ ကျင်းပပေးပါသည်။ ရဟန်းခံရှင်ပြုပွဲများကို (၁၉၇၂)ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် လူပေါင်း (၂၅)သိန်း၊ (၁၉၈၉)ခုနှစ် စက်တင်ဘာလ (၁၉)ရက်တွင် လူပေါင်း (၅)သိန်းကျော်၊ (၁၉၉၃)ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် လူပေါင်း (၁)သိန်းကျော် ရှင်သာမဏေ (၂၆၀) နှင့် ရဟန်း (၃၃)ပါး ပြုလုပ်ပေးခဲ့သည်။ (၁၉၉၃)ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်နေ့တွင် လူပေါင်း (၃)သိန်းကျော်၊ ယနေ့အထိ လူပေါင်းသိန်းပေါင်းရာကျော်တို့ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် စည်းရုံးတရားဟော သာသနာပြုနိုင်ခဲ့ပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များအား အိန္ဒိယနိုင်ငံတွင် သံဝေဇနိယလေးဌာနကို စိတ်ချမ်းမြေ့စွာ

ဖူးနိုင်ရေးအတွက် သာသနာပြုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆောင်ရွက်နေဆဲသာသနာပြုလုပ်ငန်းများ

ဆရာတော်သည် ကုသိနာရုံကျောင်းပိုင်မြေကေ (၄၀)ပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်တစ်ခု တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ထို့ပြင် ဆရာတော်သည် အိန္ဒိယနိုင်ငံတွင် နှစ် (၅၀)ကျော် သာသနာပြုခရီးနှင်ခဲ့ပြီး သက်တော် (၈၀)ပြည့်သို့ (၂၀၁၅)ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့တွင် ရောက်ရှိတော့မည်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် မိမိသက်တော် (၈၀)နှစ်မြောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မင်္ဂလာပွဲတော်ကို အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် စည်ကားသိုက်မြိုက်စွာ သာသနာပြုကုသိုလ်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ပဋ္ဌာန်းရွတ် မော်ကွန်းစာအုပ်ထုတ်ဝေရန်တို့ကို စီစဉ်လျက်ရှိပါသည်။ ဆရာတော်သည် ထိုကဲ့သို့ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌတာဝန်ကိုပါ သာသနာတော်အကျိုးရှေးရှုလျက် ထမ်းဆောင်နေပါသည်။

ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူခြင်း

နိုင်ငံခြားတိုင်းတပါး၌ နှစ်ပေါင်းများစွာနေထိုင်လျက် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တိုးတက်ပြန့်ပွားစေရန်အတွက် ဆောင်ရွက်နေတော်မူသော ကုသိနာရုံဆရာတော်ကြီး အရှင်ဉာဏိဿရအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက (၁၃၅၄)ခု၊ ခရစ်နှစ် (၁၉၉၃)ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူခဲ့ပါသည်။ (၁၃၆၆)ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူသည်။ ဆရာတော်သည် ဟရိဗလ (ကုသိနာရုံ)၊ အိန္ဒိယမောင်ဉာဏ်စိုး၊ တေဇဝန္တကလောင်အမည်များဖြင့် မြန်မာပြည်ရှိ မြတ်ပန်းဝေဓမ္မမဂ္ဂဇင်းနှင့် အခြားစာစောင်များတွင် သာသနာပြုဆောင်းပါးများကို ရေးသားပါသည်။ ဆရာတော်ရေးသားသော နေဝါရီဘာသာပြန်ကထိန်အကြောင်း၊ ဆရာတော်ကြီးဘဒ္ဒန္တစန္ဒြမဏိ၏ ထေရုပ္ပတ္တိ၊ ဟိန္ဒီ အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေသော ဓမ္မပဒကို အိန္ဒိယနိုင်ငံတွင် (၉)တန်း၊ ၁၀)တန်း၊ (၁၂)တန်းကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းထားပါသည်။

(၂၈-၁-၂၀၁၂)ရက်နေ့၊ နံနက် (၆)နာရီ

မြန်မာဘုန်းတော်ကြီးကျောင်းနှင့် ခြံစည်းရိုးသာခြားသော ပရိနိဗ္ဗာနစေတီတော်နှင့် လျောင်းတော်မူဘုရားကို ဖူးမြော်ကြည်ညိုနိုင်ရန် ကုသိနာရုံဆရာတော်ဦးဆောင်လျက် ဘုရားဖူးအဖွဲ့များ တန်းစီ၍သွားကြသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း နှစ်ထပ်စပ်၍ချုပ်ထားသော သင်္ကန်းကြီးကို ဖြန့်လျက် အဖွဲ့ဝင်များ စုပေါင်းကိုင်ကြကာ နမောတဿ၊ သရဏဂုံနှင့် ပဋ္ဌာန်း (၂၄)ပစ္စည်းတို့ကို ညီညာစွာရွတ်ဆို၍ လက်ယာရစ်သုံးကြိမ် လှည့်ပတ်ပူဇော်ကြလေသည်။ ထို့နောက် အီတာလျံပုံစံဖြင့် တည်ဆောက်ထားသော တန်ဆောင်းအတွင်းသို့ ဝင်ကြကာ ပရိနိဗ္ဗာန်စံဝင်တော့မည့် နောက်ဆုံးအချိန်အဖြစ်ဖြင့် ညောင်စောင်းပေါ်တွင် လဲလျောင်းတော်မူနေသော မြတ်စွာဘုရားဆင်းတုရုပ်ပွားတော်ကို ဖူးမြော်လိုက်ရသည့်အခိုက်တွင် ဘုရားဖူးများသည် ဝမ်းနည်းကြေကွဲခြင်းဖြစ်ကြရသည်။

ရုပ်ပွားတော်မှာ အလျားပေ (၂၀)ရှိပြီး မြောက်အရပ်သို့ ဦးခေါင်းတော်ထားကာ အနောက်အရပ်သို့ မျက်နှာတော်မူလျက် လဲလျောင်းနေတော်မူပုံဖြစ်ပါသည်။ ညောင်စောင်းပေါ် ခေါင်းအုံးမပါဘဲ ညီတော်အာနန္ဒာခင်းပေးထားသော ခေါက်ထားသည့်သင်္ကန်းကိုသာ ခေါင်းအုံးထားပြီး လက်ယာလက်တော်ကို ဦးခေါင်းတော်ဘေးကပ်လျက်ချထားသော လက်ဝဲလက်တော်မှ ကိုယ်တော်တစ်စောင်းပေါ်တွင် အလိုက်သင့်တင်ထားပါသည်။ မျက်လွှာတော်တင်ထားလျက် ပင်ပန်းစွာခရီးသွားလာရမှုကြောင့် ခြေဖမိုးတော်များ ရောင်အန်းနေပုံမှာ သိသားလှပါသည်။ ဘုရားဖူးများသည် ပရိနိဗ္ဗာန်စံဝင်တော်မူအံ့ဆဲဆဲ ဘုရားရှင်ပုံကို ဖူးမြင်ရ၍ မျက်ရည်စို့နေကြလေသည်။

ငြိမ်သက်တိတ်ဆိတ်နေသည့်အခိုက်တွင် ဆရာ

တော်က "မြန်မာနိုင်ငံမှ ဘုရားဖူးလာကြသော ဒါယကာ ဒါယိကာမများ မြတ်စွာဘုရားအလိုတော်ကျ ဓမ္မသံဝေဂ ယူကြပါ။ မမေ့မလျော့သော သတိရှိကြပါ။ မြတ်စွာဘုရားသည် (၄၅)ဝါကာလပတ်လုံး ဝေနေယျသတ္တဝါတို့ရဲ့ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့ပါတယ်။ ပရိနိဗ္ဗာန် ပြုတော့မယ့် နောက်ဆုံးရက်အတွင်းမှာပင် ပါဝါပြည်ကနေ ကုသိနာရုံ ကြွလာတော်မူခြင်းရဲ့ အကြောင်းက အကျိုးသုံးပါးကို မြင်လို့ပါပဲ။ အဲဒီအကျိုးသုံးပါးက

၁။ ကဿပမြတ်စွာဘုရား သာသနာတော်မှာ သုတော် ကောင်းရဟန်းအား သစ်ရွက်မိုးကျောင်းကို ဆောက်လုပ် လှူဒါန်းခြင်း၊ ရေတွင်း ရေကန်တူးခြင်း ဟူသော ကောင်းမှုအနည်းငယ်ပြုခြင်းကြောင့် စကြာမင်းစည်းစိမ်ကို ဤကုသိနာရုံအရပ်၌သာ ရရှိခြင်း။

၂။ ကုသိနာရုံ၌ နေသော သုဘဒ္ဒပရိဗိုဇ်ကို တရားရစေရန် ရည်ရွယ်တော်မူခြင်း။

၃။ ဓာတ်တော်ဝေသောအခါ အလိုရှိသောမင်းများ အချင်းမများအောင် မင်းတို့အပေါ်သြဇာရှိသော မင်းဆရာ ဒေါနပုဏ္ဏား ဤအရပ်၌သာရှိခြင်း ဆိုတဲ့ အကြောင်း သုံးပါးကြောင့် မြတ်စွာဘုရား အပင်ပန်းခံကြွရောက် တော်မူလာ ခြင်းဖြစ်ပါတယ်။

ကုသိနာရုံရောက်တော့ မြတ်စွာဘုရားသည် ညဉ့်ဦးယံမှာ မလ္လာမင်းတို့အား တရားဟောခြင်း၊ သန်းခေါင်ယံမှာ သုဘဒ္ဒပရိဗိုဇ်အား ချွတ်တော်မူခြင်း၊ မိုးသောက်ယံမှာ ရဟန်းတို့အား သြဝါဒပေးခြင်းတို့ဖြင့် မလစ်လပ်အောင် ဆောင်ရွက်တော်မူနေရာ တစ်ညလုံး မကျိန်းစက်ရဘဲ ကဆုန်လပြည့်နေ့ရဲ့နောက်ဆုံး အရုဏ်မတက်မီကလေးမှာ ပရိနိဗ္ဗာန်ပြုတော်မူပါ တယ်"ဟု မိန့်ကြားလေသည်။

ဘုရားဖူးအဖွဲ့သည် ပရိနိဗ္ဗာနစေတီတော်မြတ်သို့ ရောက်သောအခါ ဆရာတော်က

"ပရိနိဗ္ဗာနစေတီတော်မြတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသော နေရာအမှန်ဖြစ်ပါတယ်။ ဝေနေယျသတ္တဝါတို့အပေါ် မဟာကရုဏာကြီးမားတော်မူသော မြတ်စွာဘုရားဂုဏ်တော်ကို အာရုံပြုပြီး ဖူးမြော်ကြပါ"ဟု မိန့်ကြားလေသည်။

ကျွန်တော်သည် ပရိနိဗ္ဗာနစေတီတော်ကို ဖူးမြော်ရင်း အဖေဦးရန်အောင်ကို ပြန်သတိရမိသည်။ အဖေ အိန္ဒိယသို့ ရောက်သော (၁၉၄၂)ခုနှစ်က ဒုတိယကုသိနာရုံ ဆရာတော်ဘဒ္ဒန္တစန္ဒြမဏိကို မီလိုက်သည်။ ထိုစဉ်က ပရိနိဗ္ဗာနစေတီတော်ကြီးမှာ ပြိုပျက်နေ၍ "လျောင်းတော်မူ" ရုပ်ပွားတော်ကြီးမှာလည်း အမိုးမရှိဘဲ အုတ်တံတိုင်းများသာရှိ ကြောင်းတို့ကို ပြောပြခဲ့သည်။ အဖေ ကုသိနာရုံရောက်နေ စဉ်မှာပင် မြန်မာနိုင်ငံမှ ဟင်္သာတသားအရေးပိုင် ဦးဘိုးကျူး က စေတီကို မွမ်းမံပြင်ဆင်မှု စတင်လုပ်ကိုင်သည်။ (၁၉၂၇) ခုနှစ်တွင် ထီးတော်တင်သည်။ ယခုဖူးတွေ့ရသော စေတီ တော်၏ ဉာဏ်တော်အမြင့်မှာ (၁၆၅)ပေ ရှိပါသည်။

အပြန်ခရီးတွင် ကျွန်တော့်နားထဲ ကြားယောင် လာသည်မှာ

"ဒကာကြီးတို့ ဘာပဲလုပ်လုပ် မေတ္တာတရား လက်ကိုင်ထားပါ။ အမြဲတမ်းလည်း မေတ္တာပို့ပါ။ ဆရာ တော်ဆိုရင် အိပ်ယာထတာနဲ့ မေတ္တာသုတ်ရွတ်တယ်။ သစ္စာဆိုတဲ့အနေနဲ့ ဧတေနသစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောတုသဗ္ဗဒါ။ ဧတေနသစ္စဝဇ္ဇေန၊ သဗ္ဗရောဂါဝိနဿန္တု။ ဧတေနသစ္စဝဇ္ဇေန၊ ဟောတုမေဇယမင်္ဂလံ။ ရွတ်ဆိုပြီး ဘုရားရှိခိုးပါတယ်"ဟူ၏။

(ဤဆောင်းပါးဖြင့် ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရနှင့် ကွယ်လွန်သူ အဖေဦးရန်အောင်အား ဦးခိုက်လျက်)

တင်အောင်(စက်မှုတက္ကသိုလ်)

ကမ္ဘာထင်ပေါ်ဆရာတော်

★ မင်းပြားအနီး ဖီးပင်ကြီးဟု
ခေါ်ပြုသည်ညာ၊ ကျေးလက်ရွာ၌
ဆရာထေရ်ရှင်၊ ဖွားသန့်စင်ပြီး
လူ့ခွင်အတတ်၊ ပညာရပ်နှင့်
မြင့်မြတ်ဓမ္မ၊ သင်ယူရလျက်
ဗုဒ္ဓပွင့်ရာ၊ မဇ္ဈိမာဝယ်
သာသနာပြု၊ ငြိမ်းချမ်းမှုကို
ကမ္ဘာထင်ပေါ်၊ သတင်းကျော်ခဲ့။

★ ထေရ်ရှင်သတင်း၊ မွှေးပျံ့ခြင်းကို
ဆွေရင်းမျိုးချာ၊ ဉာတကာနှင့်
မြန်မာလူထု၊ ကြားသိမှုကြောင့်
ယခုချိန်ခါ၊ ပြည်မြန်မာဝယ်
ဆရာတော်အား၊ ကြည်ညိုပွား၍
လေးပါးပစ္စယ၊ ထောက်ပံ့ကြနှင့်
အားရွှင်ပျော်၊ သာဓုခေါ်လျက်။

★ ကမ္ဘာထင်ပေါ်၊ ဆရာတော်ကား
သက်တော်ရှစ်ဆယ်၊ စုံပြည့်ကြွယ်လေ့
မမေ့သတိ၊ ဉာဏ်အားရှိလျက်
မိမိသိထား၊ မြတ်တရားကို
တခြားသူငါ၊ သိစိမ့်ပါရန်
ကမ္ဘာအနှံ့၊ ခရီးဆန့်ဆဲ။

★ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ
ဂုဏ်ပေါင်းခသည့်
ထေရ်လုဆရာ၊ ကျန်းမာစွာဖြင့်
ဘာသာအမျိုး၊ သာသနာကျိုးကို
သယ်ပိုးထမ်းရွက်၊ ရှေ့သို့ဆက်၍
ဆောင်ရွက်နိုင်စေ၊ မေတ္တာခြွေလျက်။

ကြိုင်လွန်းလင်း



ကျေးဇူးများလှ သံဝေဂ

သီရိပျံချီဗိုလ်ချုပ်စိန်ထွား(ငြိမ်း)

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသတွင် မြတ်စွာဘုရားသခင် ဖွားမြင်သည်မှအစ ပရိနိဗ္ဗာန်ပြုသည့်ကာလအဆုံး သစ္စာ(၄)ပါးမြတ်တရားကို အကုန်စင် သိမြင်အောင်၊ ကျင့်ကြံအားထုတ် ပွားများသိမြင်ခဲ့ပါတယ်။ အလုံးစုံသောတရားတော်တို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သိမြင်သည်အထိ အားထုတ်ဖော်ဆောင်နိုင်ခဲ့သလို လူနတ်ပြဟ္မာ များသတ္တဝါတို့ကိုလည်း ခေမာသောင်ကမ်း နိဗ္ဗာန်လမ်းကို လမ်းညွှန်ပြကယ်မတော်မူခဲ့ပါတယ်။

မြတ်ဗုဒ္ဓသည် ဖန်ဆင်းရှင်မဟုတ်၊ လေးသင်္ချေ နဲ့ ကမ္ဘာတစ်သိန်းပါရမီတွေဖြည့်ဆည်းပြီး ကြီးမားတဲ့ မေတ္တာတွေနဲ့ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းကို ဒုက္ခငြိမ်းရာ မြတ်နိဗ္ဗာန်ကို ပို့ဆောင်လမ်းညွှန်ပေးသော ဂုဏ်တော်(၉)ပါးနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားပင်ဖြစ်ပါတယ်။

ဆိုလိုတာက ဖွားမြင်သည်မှ ပရိနိဗ္ဗာန်စံဝင်တော် မူသည့်အဆုံး၊ တိတိပပ မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များဟာ ခိုင်ခိုင်မာမာရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ထိုထိုသော အိန္ဒိယနိုင်ငံအတွင်း မဇ္ဈိမဒေသမှာ မြတ်ဗုဒ္ဓ၏ တရားဓမ္မများအနေနဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် ကြေကွဲဖွယ်ရာ ပျက်စီးတိမ်းပါးခဲ့ရပါတယ်။ ဒါကြောင့်

တရားကိုသိမြင်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၊ မြတ်ဗုဒ္ဓ၏ တရားဓမ္မကို ကျေးဇူးဆပ်လိုသော ရဟန်းပုဂ္ဂိုလ်လူပုဂ္ဂိုလ်များက မဇ္ဈိမဒေသအတွင်း အဆင်းရဲပင်ပန်းကြီးစွာဖြင့် သွားရောက်ကာ သာသနာ့အလင်းရောင်၊ မီးရှူးတန်ဆောင်များကို ပြန်လည်ထွန်းညှိတောက်ပစေခဲ့ကြပါတယ်။

ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ မြန်မာများအနေနှင့် ပြဆိုခဲ့ပြီးသော မဇ္ဈိမဒေသဖြစ်သော နီပေါနိုင်ငံတွင်းရှိ မြတ်ဗုဒ္ဓ၏ ဖွားမြင်တော်မူရာဒေသ၊ သစ္စာ(၄)ပါးကို သိမြင်၍ ဘုရားအဖြစ်သို့ ရောက်ရှိရာ ပွင့်တော်မူရာဒေသ၊ ဓမ္မစကြာတရားတော် စတင်ဟောကြားတော်မူရာ မိဂဒါဝုန်ဒေသ၊ နောက်ဆုံး ပရိနိဗ္ဗာန်စံမြန်းတော်မူရာ ကုသိနာရုံဒေသ စသည်အားဖြင့် (ဖွား၊ပွင့်၊ဟော၊စံ) ဆိုတဲ့ သံဝေဇနိယ လေးဌာနကို ကြည်ညိုသဒ္ဓါသော စိတ်ဓာတ်များနဲ့ သွားရောက်ဖူးမြော်ပြီး ကြည်ညိုသံဝေဂရယူမှုများ ပြုလုပ်ကြပါတယ်။

အမှန်တော့လဲ ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံတော်မူကာနီး အာနန္ဒာထေရ်မြတ်အား ဗုဒ္ဓက ဟောကြားခဲ့တာကတော့–

''ချစ်သားအာနန္ဒာ၊ ရတနာ (၃)ပါး၌ ကြည်ညိုသော သဒ္ဓါတရားရှိသော အမျိုးကောင်းသားသမီးတို့အတွက် သွားရောက်ဖူးမြော်သံဝေဂယူသင့်သော ဌာန်(၄)ခုရှိကုန်၏။ နောင်ခါသဒ္ဓါတရားရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာဒါယကာများ၊ ဥပါသိကာဒါယိကာမများသည် ဤ(၄)ဌာနသို့ လာရောက်ကုန်လတ္တံ့။ ချစ်သားအာနန္ဒာ၊ အကြင်သူတို့သည် ဘုရားဖူးလှည့်လည်မှုကို ပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီးနောက်၌ နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့.''ဟု ဟောကြားတော်မူခဲ့ပါတယ်။ ဒါကြောင့်လဲ မြန်မာပြည်တွင်းမှ သဒ္ဓါစိတ်ရှိသူ၊ ဗုဒ္ဓဘာသာဝင်အပေါင်းဟာ လူ၏ပင်ပန်းမှု၊ ငွေကုန်ကြေးကျခံနိုင်မှု၊ အချိန်ပေးနိုင်မှုစတဲ့ ပေးဆပ်နိုင်စွမ်းရှိတဲ့ အရင်းအနှီးများနဲ့ သွားရောက်ဖူးမြော်ကြည်ညို သံဝေဂရယူနေခဲ့ကြပါတယ်။

ယနေ့ယခုလို ဘုရားဖူးများ အဆင်ပြေပြေ တည်းခိုနေထိုင်စားသောက်နိုင်အောင် သွားလာလှုပ်ရှား ကုသိုလ်ပွားများနိုင်အောင် သက်ဆိုင်ရာ သက်ဆိုင်ရာ ဆရာတော် သံဃာတော်အရှင်သူမြတ်ကြီးများရဲ့ နှစ်ပေါင်းများစွာ အပင်ပန်းအဆင်းရဲခံမှု၊ ကြိုးစားလုံ့လရှိမှု၊ မေတ္တာတရားကြီးမားမှုများက ဖော်ပြနိုင်စွမ်းမရှိအောင် ကျေးဇူးတရား ကြီးမားလှပါတော့တယ်။

ကုသိနာရုံ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်ဟာ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဖင်းရိုင်းချောင်းကျွန်း၊ ဇီးပင်ကြီးကျေးရွာနေ၊ အဘ ဦးမောင်ကျော်သူ၊ အမိ ဒေါ်ဝင်းမြဦးတို့ရဲ့ သားကောင်း သားမြတ်ဖြစ်ပါတယ်။ ငယ်မည် မောင်အောင်ဖုံဝေလို့ ခေါ်တွင်ခဲ့ပါတယ်။

အသက် (၁၄)နှစ်မှာ သာမဏေဘဝရောက်ပြီး (၁၃၁၈)ခုနှစ်မှာ မြင့်မြတ်သောရဟန်းဘဝကို ခံယူနိုင်ခဲ့ပါတယ်။ ပဋိယတ္တိအနေနဲ့ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနဲ့ အစိုးရဓမ္မာစရိယစာချတန်းကို အောင်မြင်ခဲ့ပါတယ်။ (၁၉၆၃)ခုနှစ်မှာ အိန္ဒိယနိုင်ငံမှာ ဆင်းရဲပင်ပန်းစွာ သာသနာပြုနေတဲ့ ဒုတိယကုသိနာရုံကျေးဇူးရှင်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒမဏိ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာနဲ့ အိန္ဒိယနိုင်ငံသား ဒေါက်တာဓမ္မရက္ခိတတို့ရဲ့ ဖိတ်ကြားချက်

တရှို့သောပုဂ္ဂိုလ်များ၊ ရေဝေးသူသာန်မှာ
အသုဘပို့ဆောင်ရင်း ရှိလို့မောလို့၊
တစ်ဦးနဲ့တစ်ဦး
ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော
နှုတ်ဆက်ကြလို့
အသုဘရှင်ကိုအားမနာတဲ့ပုံဘဲ
တရားကျဖို့တော့ကောင်းပါတယ်၊ ကိုယ်က
မသေမယ့်ပုံပါပဲ၊
ဩော် ....
ငါလဲတစ်နေ့
ဒီလိုသေရမှာပါလားရယ်လို့
အနိစ္စ ဝတသင်္ခါရာ အစချီဂါထာတော်လေးနဲ့
သွားလေသူကိုမေတ္တာပို့ဆုတောင်းရင်း
မျက်နှာပိုးသေသေနဲ့ စိတ်ထဲက
အနိစ္စတရားကိုရှုမှတ်ရင်း
ကျန်ရှိတဲ့
ခင်ပွန်း၊ဇနီး၊ သားသမီး၊
မိဘစသည်များကို
အားပေးဖို့ကောင်းပါတယ်၊

အရ အိန္ဒိယနိုင်ငံကို စတင်ရောက်ရှိခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ဟိန္ဒီ၊ သက္ကတ၊ အင်္ဂလိပ် ဘာသာများကို လေ့လာဆည်းပူးရင်း အိန္ဒိယနိုင်ငံမှ ချီးမြှင့်တဲ့ ဘွဲ့တံဆိပ်တော်များကို ရရှိခဲ့ရာမှာ ဒေါက်တာဘွဲ့ရရှိသည်အထိ ပညာအရာမှာ ထွန်းပြောင်ပေါက်မြောက်ခဲ့ပါတယ်။ သူများနိုင်ငံမှာ သူများရဲ့ဘာသာ၊ သူများရဲ့စကားတတ်မြောက်မှုလဲ သာသနာပြုစွမ်းအားများဟာ ထက်မြက်အောင် မြင့်မှာဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ရဲ့ ဉာဏ်အမြော်အမြင်ကြီးစွာနဲ့ ဆည်းပူးအားထုတ်မှုတွေဟာ ယနေ့ အိန္ဒိယနိုင်ငံ ကုသိနာရုံဒေသတွင်း ဗုဒ္ဓရဲ့ တရားဓမ္မ မီးရှူးတန်ဆောင်ဟာ ထိန်ထိန်ညီးညီး ထွန်းလင်းတောက်ပနိုင်ခဲ့ပါတယ်။

တခြားနိုင်ငံမှာ သာသနာပြုနိုင်ခြင်းဆိုရာမှာ အင်မတန်ပင်ပန်းခက်ခဲလှပါတယ်။ စာသင်သားဘဝမှာ ဆွမ်းဟင်း အခက်အခဲ၊ ဘာသာစကားအခက်အခဲ၊ ယုံကြည်မှုအခက်အခဲ၊ ဒါယကာ ဒါယိကာမ အလှူရှင်များ ရရှိမှုအခက်အခဲ စသည်ဖြင့် အခက်အခဲပေါင်းမြောက်မြားစွာကို ကြံ့ကြံ့ခိုင်ကျော်ဖြတ်ပြီးမှသာ ယခုကဲ့သို့ သာသနာ့မီးရှူးတန်ဆောင်ကို ထွန်းညှိနိုင်ခဲ့ခြင်းသာဖြစ်ပါတယ်။

ဗုဒ္ဓရဲ့အဆုံးအမနဲ့ ဘာသာတရားတွေကို မယုံကြည်သက်ဝင်သေးတဲ့ တိုင်းတပါးသားတွေရဲ့ဒေသမှာ သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ လုပ်ငန်းတွေကို ဆရာတော်အရှင် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအနေနဲ့ တစိုက်မတ်မတ် သဒ္ဓါစိတ်ပြင်းပြစွာနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုများဟာ ဖော်ပြရရင် ပမာဏအားဖြင့် အများကြီး အောင်မြင်ကြီးမားခဲ့ပါတယ်။ ပုဂ္ဂိုလ်မင်တော့လဲ တရားခင်တော့ ဗုဒ္ဓရဲ့ အဆုံးအမကို လက်ခံကျင့်သုံးချင်တဲ့ နိုင်ငံခြားသားများကိုလဲ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်အောင် အလုပ်နဲ့ စွဲဆောင်ပြသ သဒ္ဓါစိတ်၊ ဝီရိယစွမ်းအားများနှင့် ရင်းနှီးရယူ ဖော်ဆောင်နိုင်ခဲ့ပါတယ်။

ဆရာတော်အနေနဲ့ ပြည်ပမှာ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများကို ကြိုးစားဖော်ဆောင်ပေးခဲ့သလို မိမိဇာတိချက်မြှုပ်ဒေသနဲ့ အခြား မြန်မာနိုင်ငံတွင်းမှာလဲ သာသနာရေးဆိုင်ရာ

အလျှုဒါန၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အလျှုဒါနများကို စွမ်းအားရှိသမျှ ဖော်ဆောင်ခဲ့လို့ နိုင်ငံတော်က ချီးမြှင့်ဆက်ကပ်တဲ့ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စတဲ့ ဘွဲ့တံဆိပ်တော်များနဲ့ ထိုက်တန်တဲ့ အရှင်သူမြတ်လဲဖြစ်ပါတယ်။ ပြည်ပမှာ သာသနာပြုကြရတဲ့ ဆရာတော်ကြီးများရဲ့ ကျေးဇူးတရားဟာ အင်မတန်ကြီးမားလှပါတယ်။ ရေတစ်ခွက်တောင်း သောက်မရတဲ့ဒေသ၊ သူများအိမ်ရိပ်အာဝါသ ခိုလှုံခွင့်မရတဲ့ဒေသတွေမှာနေရင်း ဖွဲ့သတ္တိရှိရှိ သာသနာပြုကြတဲ့ ဆရာတော်ကြီးများဟာ တကယ့်သာသနာ့အာဇာနည်ကြီးများအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုရမှာဖြစ်ပါတယ်။

မြန်မာဘုရားဖူးများ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသကို ဘုရားဖူးသွားတယ်ဆိုရာမှာ မှန်မှန်ကန်ကန် လေးလေးနက်နက်နဲ့ သတိရယူတတ်ဖို့ အလွန်အရေးကြီးပါတယ်။ သတိသံဝေဂတရားတွေပွားများတတ်ရုံသာမက ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးရဲ့ အမြဲမပြတ်ဖောက်ပြန်နေမှုကို သတိမလွတ်တော့ဘဲ ဖြစ်ပျက်ကို မြင်အောင်ရှုမှတ်ရင်းဖြင့် ဘုရားဖူးသွားရကျိုး နပ်ပါလိမ့်မယ်။ ဘုရားဖူးသွားခြင်းဟာ ဈေးဝယ်ခြင်းမဟုတ်၊ အပျော်သွားခြင်းမဟုတ်ဘဲ သံဝေဇနိယ(၄)ဌာနမှာ သံဝေဂတရားတွေပွားများရင်း အချိန်ရသမျှ ဖြစ်ပျက်ကိုရှုမှတ်မှ တန်ဖိုးရှိပါလိမ့်မယ်။

ဂါယာကိုရောက်ရှိပြီး မဟာဗောဓိစေတီတော်ရောက်ရင် မည်ကဲ့သို့ ဖူးမြော်ကြည်ညိုပြီး သံဝေဂရယူမယ်။ သတ္တဌာနခုနစ်ပါးမှာ မည်သို့အာရုပြုပြီး မည်သည့်ပရိတ်တော်ဂါထာများဖြင့် သဒ္ဒါစိတ်ပြင်းပစွာနဲ့ ရွတ်ဖတ်ပူဇော် ကြည်ညိုမယ်၊ သံဝေဂရယူမယ်၊ မိဂဒါဝုန်ရောက်ရှိရင် ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မေခစေတီ ရိပ်ဝယ် အနတ္တလက္ခဏသုတ်ရွတ်ဖတ်ပူဇော်၍ သံဝေဂရယူခြင်း၊ ဖွားမြင်တော်မူရာ လုမ္ဗနီဉယျာဉ်တော်ရောက်ရှိရင်လဲ လူနတ်ပြဟ္မာသတ္တဝါတို့ရဲ့ ဆရာသခင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ ဤနေရာ ဤဒေသမှာ ဖွားမြင်တော်မူခဲ့တယ်။ ဒို့များကံကောင်းလို့ လာရောက်ဖူးမြော်ကြည်ညို သံဝေဂရယူရမယ်။ ဒီပတ်ဝန်းကျင်မှာရှိတဲ့ လူမျိုးခြားတွေကတော့ ဗုဒ္ဓရဲ့တရားအဆီအနှစ် အေးချမ်းမှုကို မသိရှာတဲ့ နီးရက်နဲ့ဝေးနေတဲ့ ဘာသာခြားတွေဖြစ်နေပါရော့လားဆိုတဲ့ သံဝေဂဓာတ်တွေနဲ့ ဗုဒ္ဓရဲ့ဂုဏ်တော်တွေကို အလေးထားရှုမှတ်ပြီး ကုသိုလ်ယူတတ်ကြရပါ့မယ်။

သံဝေဂအရဆုံးဌာနအဖြစ် ကုသိနာရုံရှိ ပရိနိဗ္ဗာန်စံမြန်းတော်မူရာနေရာမှာ ခံစားမိပါတော့တယ်။ ''ဩော် ●● ဒို့ရဲ့ဗုဒ္ဓဟာ ဖန်ဆင်းရှင်မဟုတ်ဘူး၊ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ပြီး နိဗ္ဗာန်ရောက်ကြောင်းတရားကို ကိုယ်တော်တိုင်သိမြင်ပြီး ဒုက္ခငြိမ်းရာအမှန်၊ မြတ်နိဗ္ဗာန်ကို စံမြန်းတော်မူပြီးဖြစ်ပါတကား။ ဒို့များလဲ ဘယ်လိုသေနည်းမျိုးတွေနဲ့ သေကြရမှာလဲ၊ ကံကုန်ပြီးသေမှာလား။ သက်တမ်းကုန်ပြီးသေမှာလား။ ကံရော့သက်တမ်းပါကုန်ပြီးသေမှာလား။ ဥပစ္ဆေဒကကံနဲ့သေမှာလား စသည် စသည်ဖြင့် သေဆုံးပြီးတဲ့နောက်လဲ မသိခြင်းတရားက (၅)ပါး ရယ်လို့ရှိလေတော့၊ ဘယ်နေ့သေမှာလဲ၊ ဘယ်အချိန် (နေ့၊ ည၊ နံနက်) သေကြမှာလဲ၊ ဘယ်နေရာမှာ သေကြမှာလဲ၊ ဘယ်လိုသေနည်းနဲ့ သေကြမှာလဲ။ (ရောဂါခံစားမှုသေမှု)၊ သေပြီးတော့လဲ ဘယ်ဘဝရောက်ကြဦးမှာလဲ၊ စသည် စသည်ဖြင့် လေးလေးနက်နက်တွေးခေါ်ပြီး သံဝေဂရယူတတ်ဖို့ လိုပါလိမ့်မယ်။

ဒီနေရာမှာ မြတ်ဗုဒ္ဓရဲ့ နောက်ဆုံးမေတ္တာနှင့်ယှဉ်ပြီး ဟောကြားမှုကို အလေးအနက် ခံယူကျင့်သုံးကြရပါလိမ့်မယ် **ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တ**

ယာမိဝေါ။ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေနသမ္ပာဒေထ။ ရဟန်းတို့။ ယခုအခါ အကျဉ်းအားဖြင့် သင်တို့အား ငါဘုရားမှာထားအံ့။ ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည် ပျက်တတ်သော သဘောရှိကုန်၏။ မမေ့မလျော့သော သတိတရားဖြင့် ပြည့်စုံစေကုန်လော့လို့ ဟောတော်မူသွားခဲ့ရှာပါတယ်။ အလားတူ တရားဒေသနာတော်မှာ ပါရှိဂါထာနဲ့အညီ ဆိုသလိုအရာရာဟာ အနိစ္စနဲ့ သင်္ခါရသာရှိပါတကားလို့ သံဝေဂရယူကောင်းပါတယ်။

တချို့သောပုဂ္ဂိုလ်များ၊ ရေဝေးသုသာန်မှာ အသုဘပို့ဆောင်ရင်း ရီလို့မောလို့၊ တစ်ဦးနဲ့တစ်ဦး ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော နှုတ်ဆက်ကြလို့ အသုဘရှင်ကို အားမနာတဲ့ပုံဘဲ တရားကျဖို့တော့ ကောင်းပါတယ်။ ကိုယ်က မသေမယ့်ပုံပါပဲ။ ဩော် . . ငါလဲတစ်နေ့ ဒီလိုသေရမှာပါ လားရယ်လို့ အနိစ္စ ဝတသင်္ခါရာ အစချီဂါထာတော်လေးနဲ့ သွားလေသူကို မေတ္တာပို့ဆုတောင်းရင်း မျက်နှာပိုးသေသေနဲ့ စိတ်ထဲက အနိစ္စတရားကိုရှုမှတ်ရင်း ကျန်ရှိတဲ့ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ မိဘ စသည်များကို အားပေးဖို့ကောင်းပါတယ်။

ဒါကြောင့် သံဝေဂဆိုတာ ယူတတ်ကြရပါမယ်။ အထူးသဖြင့် သံဝေဇနိယ (၄)ဌာနရောက်ရှိတဲ့ ပုဂ္ဂိုလ်များက ပို၍သာလျှင် ဆင်ခြင်တုံတရားနဲ့ သံဝေဂရယူပွားများတတ်ဖို့ လိုပါတယ်။

နိဂုံးချုပ်အားဖြင့် ဖော်ပြရရင် ပြည်ပမှာ နှစ်ပေါင်း (၅၂)နှစ်ကျော်သာသနာပြုနေတဲ့ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရရဲ့ ငယ်ဘဝမှသည် ယခုအချိန်ခါ သက်တော်(၈၀)ရောက်ရှိသည်အထိ ဗုဒ္ဓရဲ့တရားဓမ္မများကို ပြည်ပမှာ အဆင်းရဲအပင်ပန်းခံပြီး ဖြန့်ချိပေးဝေသည့် သာသနာပြု လုပ်ငန်းနဲ့ များပြားလှသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အကျိုးပြုလုပ်ငန်းများကိုလည်း ဆရာတော်အနေနဲ့ သက်ရှည်ကျန်းမာစွာနဲ့ ဆက်လက်ရှင်သန်ဆောင်ရွက်တော်မူနိုင်ပါစေ။ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည်လဲ ဗုဒ္ဓ၏တရားတော်အစစ်အမှန်ကို ဦးထိပ်ပန်ဆင်ပြီး ထိုတရားတော်များကို အမျိုးမျိုးသော စွန့်လွှတ်စွန့်စားမှုများနဲ့ ပြည်ပတွင် သာသနာပြုလျက်ရှိသော ဆရာတော်၏ ဂုဏ်ကျေးဇူးတရားများကိုလည်း မမေ့မလျော့သောသတိဖြင့် တတ်သိနားလည်နိုင်ကြပါစေ။ ဗုဒ္ဓ၏ တရားဓမ္မအစတည်ခဲ့ရာ မဇ္ဈိမဒေသသည့်လည်း ဆရာတော်ဘုရား၏ ကိုယ်ကျိုးမဖက် စွန့်လွှတ်မှုများစွာ၊ ကြိုးကုတ်မှုများစွာ၊ သဒ္ဓါစိတ်များစွာဖြင့် ကြိုးစားဖော်ဆောင်မှုကြောင့် သာသနာ့အလင်းရောင် မီးရှူးတန်ဆောင်များဟာလဲ အတိုင်းမသိ ပွင့်လန်းစည်ပွားစွာ ထွန်းညှိကောက်ပနိုင်ပါစေ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါအားလုံးအတွက် မြတ်နိဗ္ဗာန်တရားတော်များကို သင်ကြားချမှတ်ပေးသော တုနှိုင်းဖွယ်ရာမရှိသော မြတ်ဗုဒ္ဓ၏ ကြီးမားသော ဂုဏ်ကျေးဇူးတော်၊ ထိုဂုဏ်ကျေးဇူးတော် တရားဓမ္မများကို အမျိုးမျိုးသော ဆင်းရဲဒုက္ခများကို အံတုပြီး သာသနာပြုလျက်ရှိသော ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ကြိုးပမ်းဖော်ဆောင်မှု ကျေးဇူးတော်များကို ဦးထိပ်ပန်ဆင်ရင်း၊ ဓမ္မမိတ်ဆွေများအနေဖြင့် မှန်ကန်သော သတိသံဝေဂတရားများ ရယူနိုင်ကြပါစေလို့ ဆန္ဒမွန်ပြုရင်း ဆရာတော်အား ဦးထိပ်ပန်ဆင်လျက်။

သီရိပျံချီ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏

ပြုနိုင်ခဲ့သည့် သာသနာတော်

ခင်ဆွေလတ်



ကုသိနာရုံဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ သက်တော် (၈၀) ပတ္တမြားရတုအထိ အာယုကပ်သက်တမ်း ပြည့်မီအောင် နေထိုင်လျက် ဂန္ထဓုရ ဝိပဿနာဓုရ၊ သာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင် တော်မူသော ကုသိနာရုံဆရာတော်ကြီး၏ လောကီ လောကုတ္တရာ နှစ်ဖြာသောလုပ်ငန်းများ အောင်မြင်မှုအတွက် ကြည်ညိုသဒ္ဒါပွားများရပါသည်။

ကျေးဇူးရှင်ဆရာတော်ကြီး၏ သာသနာပြုနိုင်သည်း၊ သာသနာပြု စိတ်ဓာတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်နှင့် တည်တည်ငြိမ်ငြိမ် ဆောင်ရွက်နိုင်သည့် စွမ်းရည်တို့ကို ဦးညွှတ်လေးစားရပါသည်။

ဆရာတော်ကြီးသည် နယ်မြေခြားဒေသ၊ လူမျိုးခြား၊ ဘာသာခြားများ နေထိုင်သည့်နေရာ၊ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူသည့် ဒေသဖြစ်သော်လည်း ဗုဒ္ဓသာသနာတော် ကွယ်ပျောက်လုနီးဖြစ်နေသောအရပ်တွင် သွားရောက်ကာ သာသနာပြုခရီးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်ပေသည်။

သာသနာဆိုသည်ကား ဘုရားရှင်၏ အဆုံးအမတော်ဖြစ်လို့ လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွား ဒီရေအလား တိုးမြင့်သည်ထက် တိုးပွားစေမည့် ထိုထိုသော တရားဓမ္မတို့ကို မိမိကိုယ်၌ တည်အောင်ပြုခြင်း၊ တစ်နည်းအားဖြင့် မှတ်သားလိုက်နာကျင့်ကြံ အားထုတ်ပွားများခြင်းသာလျှင် သာသနာပြုခြင်းမည်ပါပေသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက မိန့်မြွက်တော်မူသော ဩဝါဒအတိုင်းပင် မြဲမြံအောင် ထိန်းသိမ်းကျင့်သုံးခဲ့သည့်အတွက် သာသနာပြုလုပ်ခဲ့သည်မှာ ကေန်မလွဲပါချေ။ ထို့အပြင် လွဲချော်နေသော ကိုးကွယ်မှုများကို တည့်မတ်မှန်ကန်လာအောင် ဟောပြောဆုံးမတော်မူသည့်အတွက်လည်း သာသနာပြုပုဂ္ဂိုလ်အစစ်အမှန်ပင် ဖြစ်ပါသည်။

အိန္ဒိယပြည် ဇာတ်နိမ့်များသာ နေထိုင်သောဒေသတွင် ဆရာတော်ကြီးက သွားရောက်သာသနာပြုရာ ဇာတ်နိမ့်များစွာတို့ သာသနာတွင် ဝင်ရောက်ခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့ပါသည်။

ဆရာတော်ကြီးတွင် လယ်မြေများကို ပိုင်ဆိုင်တော်မူပြီး ထိုလယ်မြေများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသား ဇာတ်နိမ့်များက လယ်မြေများပိုင်ဆိုင်သော ဆရာတော်ကြီးအပေါ် ဝန်တိုစိတ်များနှင့် အန္တရာယ်အမျိုးမျိုးပေးကာ လယ်မြေများရယူရန် နည်းမျိုးစုံနှင့် တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြသည်။

သို့သော် ဆရာတော်ကြီးသည် ဥပဒေနှင့်ပတ်သက်သော ပညာရပ်များကို တတ်မြောက်ထားသူဖြစ်သဖြင့် လယ်မြေများအတွက် အမှန်တရားဘက်မှ ရိုးသားစွာ ပြန်လည်ရယူနိုင်ခဲ့သည်။

ထိုသို့ သာသနာပြုခဲ့သည့်အတွက်လည်း ယခုအခါ ထင်ရှားကျော်ကြား ဂုဏ်သတင်းမွှေးပျံ့သည့် ရလာဒ်များ ခံစားရပြီဖြစ်သည်။

ပတ္တမြားရတုတိုင်အောင် သက်တော်ရှည်အောင် နေထိုင်စားသောက်မှုများသည် ဆရာတော်ကြီး၏ ဂုဏ်တစ်ခုပင်ဖြစ်သည်။ ကာ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးသော တရားများနှင့် ပြည့်စုံသဖြင့် အသက်ရှစ်ဆယ်ပတ္တမြားရတုတိုင်အောင် သက်ရှည်ကျန်းမာနေခြင်းပင် ဖြစ်သည်။

သည့်အပြင် မြန်မာပြည်မှ ပေးအပ်နှင်းတော်မူသည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကိုလည်း ရရှိတော်မူသည်မှာလည်း ဆရာတော်ကြီး၏ ဂုဏ်တစ်ခုလည်း ဖြစ်ပါသည်။

ဆရာတော်ကြီး၏ သာသနာပြုမှုများမှသည် နိဗ္ဗာန်သို့ ရေးရှုနေသည်မှာ အထူးပြောစရာလိုမည် မထင်ပါချေ။

ဆရာတော်ကြီး၏ ထေရဂုဏ်ရည်သည် တုနှိုင်းမမီသလို ပူဇော်ဂုဏ်ပြုသည့် ပတ္တမြားရတုမှသည် သက်တော်ရာကျော်အောင် တောင်းဆုပြုလိုက်ပါသည်။

လောကီလောကုတ္တရာ နှစ်လီနှစ်ဝ အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်သည့် အရှင်သူမြတ်၏ ဝိသေသနဂုဏ် ဆက်လက်ဆောင်ရွက်မည့် ဂန္ထဓုရပရိယတ္တိဂုဏ်၊ ကျင့်ကြံအားထုတ်ဆဲ ဝိပဿနာဓုရ ပဋိပတ္တိဂုဏ်နှင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုလျက် ပြုနိုင်ခဲ့သောသာသနာကို ပြုလုပ်ခဲ့သည့် ဆရာတော်ကြီးအား နှစ်သက်ရွှင်လန်းသဒ္ဓါလွှမ်းလျက် (၈၀)ပြည့်မင်္ဂလာအခါသမယတွင် ကန်တော့ပန်းဆက်သအပ်ပါသည်ဘုရား။

ခင်ဆွေလတ်

ကုသိနာရုံဆရာတော်အရှင်ဉာဏိဿရ

(စာရေးဆရာဟရိဗလ-ကုသိနာရုံ)

သူရဇော်

ပြည့်ဝန်းသောလသည် ရွှန်းမြမြသာလျက်ရှိသည်။ အေးမြကြည်လင်သော တလင်းဓာတ်သည် ရွှေတိဂုံစေတီတော်တွင် ခ,ညောင်းလျက်ရှိသည်။ စေတီရင်ပြင်တော်တွင် ထိုင်လျက်ရှိသော ကျွန်တော်သည်လည်း လပြည့်ဝန်း၏ အကြည်ဓာတ် အလင်းဓာတ်ကို ခံစားရပါသည်၊ ရင်ပြင်တော်တွင်းသို့ ကျွန်တော်စတင်ရောက်ရှိချိန်သည် ည (၇)ဖြစ်၍ စေတီတော်၏ တနင်္ဂနွေထောင့်ဘက်မှ ပြာလွင်သော မိုးကောင်းကင်တွင် လပြည့်ဝန်းကြီးတက်နေသည်ကို မြင်ရသည်။

တကယ်တော့ ကျွန်တော်ရောက်ရှိနေရာသည် ရန်ကုန်မြို့မှ ရွှေတိဂုံစေတီတော်ကြီးမဟုတ်ပါ။ ဘွဲ့အမည်တော်မှာ "မဟာသုခံဒဒချမ်းသာကြီးစေတီတော်" (ရွှေတိဂုံပုံတူစေတီ)ဖြစ်ပါသည်။ ထိုစေတီတော်သည် မြန်မာနိုင်ငံတွင် ရှိသည်မဟုတ်ပါ။ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ယူပီပြည်နယ်၊ ကာသိယ (Kasia) မြို့ရှိ ကုသိနာရုံတွင် တည်ရှိပါသည်။ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုရာ "မဟာပရိနိဗ္ဗာနထူပါရုံစေတီနှင့် မဟာသုခံဒဒချမ်းသာကြီးစေတီတော်တို့သည် ခြံစည်းရိုးတစ်ခုသာ ခြားပါသည်။ ချမ်းသာကြီးစေတီတော်သည် ကုသိနာရုံမြန်မာကျောင်းဝင်းအတွင်း တည်ရှိသည်။ စေတီတော်ကို ကုသိနာရုံဆရာတော်ကြီး အရှင်ဉာဏိဿရဦးစီး၍ မြန်မာနိုင်ငံမှ ပညာရှင်များ၊ အလှူရှင်များက (၂၀၀၂)ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ ဉာဏ်တော် (၁၀၈)ပေရှိသည်။ ကုသိနာရုံပရိဝုဏ်အတွင်းမှ ချမ်းသာကြီးစေတီတော်ကို သစ်ပင်အုပ်များကြားမှ ရွှေရောင်တဝင်းဝင်းဖြင့် ဖူးမြင်နိုင်သည်၊

မဇ္ဈိမဒေသသို့ ဘုရားဖူးထွက်ခဲ့သည့်ရက်မှာ နိုဝင်ဘာ(၂၁)မှ ဒီဇင်ဘာ(၅)အတွင်းဖြစ်ရာ ခရီးစဉ်အတွင်း တန်ဆောင်မုန်းလပြည့်နှင့် ကြုံရမည်ဖြစ်သည်။ ခရီးစဉ်

ဇယားအတိုင်းရောက်ပါက တန်ဆောင်မုန်းလပြည့်နေ့သည် ကုသိနာရုံတွင် ရောက်မည်ဟု တွက်ချက်ထားပြီး ဖြစ်သည်။ (၁၃၇၄)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့သည် (၂၈-၁၁-၂၀၁၂)ဗုဒ္ဓဟူးနေ့ဖြစ်သည်။ လပြည့်နေ့နံနက် (၇း၃၀)တွင် မဟာဗောဓိဘုရားဖူးအဖွဲ့၊ အဖွဲ့လိုက်သက်နှ်း ကပ်ရသည်။ ဂန္ဓကုဋိတိုက်အတွင်း မြောက်အရပ်သို့ ဦးခေါင်းပြုလျက် ပရိနိဗ္ဗာန်ပြုဟန်ရုပ်ပွားတော်မြတ်ကို သက်နှ်းကပ်လှူရသည်။ ညဘက်အဖွဲ့လိုက် ဆီမီးပူဇော်မည့် အစီအစဉ် မဖြစ်လိုက်ပါ။ ကုသိနာရုံဝင်းက ညနေ (၆)ပိတ်သောကြောင့်ဖြစ်သည်။

ကျွန်တော်သည် ကုသိနာရုံထဲမဝင်ရသဖြင့် ဝင်၍ရသော ချမ်းသာကြီးစေတီဝင်းထဲ ရောက်နေခြင်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညကို မိမိနိုင်ငံမဟုတ်သောဒေသတွင် ကြုံရခြင်းမှာ ထူးသည်။ ထိုနေရာသည် မြတ်ဗုဒ္ဓနောက်ဆုံး ခေါင်းချရာ သံဝေဇနီယဌာနဖြစ်နေသည်မှာ ထူးသည်။ တန်ဆောင်မုန်းလပြည့်နေ့ညသည်ကား ဆီးနှင်းမြူ၏ သူရိန်မီးခိုးညမျိုးငါးပါးမှ ကင်းလွတ်သည့်ညမဟုတ်ပါလား။ ထို့ပြင် အဇာတသတ်မင်းကို မြတ်ဗုဒ္ဓက သာမညဖလသုတ် ဟောကြားသည့်ညလည်း ဖြစ်ပြန်သည်။ ဒါက ဘာသာရေးဘက်။ လောကီဘက်ကျပြန်တော့ "ဆေးပေါင်းခသည့်ည" ဆိုသည် မဟုတ်ပါလား။

စေတီတော်ရင်ပြင်သို့ရောက်ပြီး လက်ယာရစ်သို့ ပတ်ပတ်လည်ပြီး ဘုရားဝတ်ပြုသည်။ နောက် တရားထိုင်သည်။ ရာသီက ဆောင်းရာသီ နိုဝင်ဘာလကုန်ဆိုတော့ အလွန်အေးသည်။ မဇ္ဈိမဒေသသည် မြန်မာနိုင်ငံထက် အအေးပိုသည်ထင်သည်။ ရင်ပြင်ကျောက်ပြားမှာ အေးလှသည်။ အဖွဲ့မှပေးထားသော အထိုင်ခင်းထည်ကြောင့် ထိုင်နိုင်ခြင်းဖြစ်သည်။ ကျွန်တော် ပရိတ်တော်များရွတ်သည်။ တရားမှတ်သည်။ ကောင်းကင်ကို မော့ကြည့်တော့လည်း လဝန်းက မြင့်တက်လာပြီ။ ည (၈)နာရီတွင် စေတီဝင်းထဲ ကျွန်တော်တစ်ယောက်တည်းသာ ရှိတော့သည်။ စေတီရင်ပြင်သို့ လာမည့်သူများမှာ ဘုရားဖူးညှော်သည်များသာ ဖြစ်သည်။ ယခုည ကျောင်းမှာ ဘုရားဖူးညှော်သည် (၄၀၀)ခန့် ရောက်သည်ဟု သိရသည်။ ညဦးပိုင်းကတော့ ဘုရားဖူးသူ အနည်းအပါးလာသည်ကို တွေ့ရသည်။ ယခုည (၈)နာရီ ကျော်တော့ မရှိကြတော့။ အအေးဒဏ်ကို ခံနိုင်ကြမည်မဟုတ်။ မိမိတို့တည်းခိုရာ အခန်းများတွင် ကွေးနေကြရော့မည်။

ကျွန်တော်က ခေါင်းစွပ်၊ အနွေးအင်္ကျီအထပ်ထပ်၊ အားကစားဘောင်းဘီအောက်တွင် ခံ၍ ပုဆိုးဝတ်ထားသည်။ ခြေအိပ်စွပ်ထားသည်။ အအေးဒဏ်ကို တော်တော်ခံနိုင်နေသည်။ ထိုင်သည်၊ တရားမှတ်သည်။ ရင်ပြင်တော်ကို ပတ်လျှောက်သည်။ သည်လိုနှင့် ည (၉)နာရီထိုးသွားသည်။ လေနုအေးက ခပ်ပြေပြေညင်းညင်း တိုက်ခတ်သည်။ မိုးကောင်းကင်မှာ ပြာလွင်နေသည်။ တိမ်ဆို၍ တစ်မျှင်တစ်စမတွေ့ရ။ လဝန်းကား ရွှန်းပကြည်လင်စွာ တက်နေဆဲဖြစ်သည်။ ကြုံတောင့်ကြုံခဲကျော် ညသန်းခေါင်ယံတိုင်အောင် နေလိုသည်။ သို့သော် နေဖို့မသင့်ပါ။ ကျောင်းထဲပြန်ဝင်သင့်ပြီ။ ည (၉)နာရီတွင် စေတီတော်မှ ပြန်ခဲ့သည်။

တကယ်တော့ ကုသိနာရုံရောက်ဘုရားဖူး တစ်ယောက်အဖို့ ဆရာတော်အရှင်ဉာဏိဿရနှင့် တွေ့ဆုံဖူးမြင်စကားစမြည်ပြောဖို့ အကြောင်းမရှိပါ။ အကြောင်းဖန်လာပုံက ကုသိနာရုံမြန်မာကျောင်းတွင် မဇ္ဈိမဒေသဘုရားဖူးအဖွဲ့များ အဖိတ်နေ့မှစတင်ပြီး စုပြုံရောက်ရှိလာကြကာ ဘုရားဖူးပရိသတ် (၄၀၀)ခန့်မျှ ပေါင်းဆုံမိလေသည်။ ကျောင်းအဆောက်အဦကလည်း ဤမျှလောက်သော ပရိသတ်များ တည်းခိုနေနိုင်လောက်အောင် ကျယ်ဝန်းလေသည်။ အဓိကအကြောင်းက ထိုပရိသတ်များထဲမှ သံဃာတော်များတွင် စစ်ကိုင်းဂါးချက်ဆရာတော်နှင့် စက်ရုံကျောင်းဆရာတော်နှစ်ပါး ပါဝင်လာခြင်းဖြစ်သည်။ ကျွန်တော်သည် ဂါးချက်မဂ္ဂဇင်းလုပ်ဆောင်၍ ဂါးချက်ဆရာတော်ကို သိကျွမ်းခဲ့ရသည်။ ပီတိသုခချောင်မှ သီလရှင်များနှင့်ပတ်သက်၍ စက်ရုံကျောင်းဆရာတော်ကို သိကျွမ်းခင်မင်ခဲ့ပါသည်။ ထို

ကုသိနာရုံဆရာတော်အရှင်ဉာဏိဿရ (ခ)
စာရေးဆရာ ဟရိဖလ (ကုသိနာရုံ)

ဆရာတော်နှစ်ပါးသည် ကျွန်တော့်ကို ''သူရဇော်''ဟူ၍ သိတော်မူကြသည်။

အဖိတ်နေ့ ညနေ (၄)နာရီလောက် ကုသိနာရုံသို့ ရောက်သည်။ ကုသိနာရုံမြန်မာကျောင်းတွင် အဖွဲ့က စီစဉ်ပေးသောလေးယောက်ခန်း၌ နေရာကျပြီးသော် အဝတ်အစားလဲပြီး ပတ်ဝန်းကျင်လေ့လာရေးအတွက် (၄)ယောက်သား အပြင်ထွက်ခဲ့ရာမှ ကုသိနာရုံဆရာတော်ကျောင်းရှေ့အရောက် ဆရာတော် (၂)ပါးနှင့် တွေ့ခြင်းဖြစ်သည်။ ကျွန်တော်သည် နိုဝင်ဘာ (၂၁)ရက်နေ့ နံနက်က မင်္ဂလာဒုံလေဆိပ်တွင် ဆရာတော် (၂)ပါးနှင့်တွေ့ပြီးဖြစ်သည်။ ထိုနေ့က ဘုရားဖူး (၃)ဖွဲ့၊ MAI လေယာဉ်တစ်စီးတည်း လိုက်ပါလာခဲ့ရသည်။ ဂယာလေဆိပ်သို့ရောက်ပြီး သူ့အဖွဲ့ ကိုယ့်အဖွဲ့ သက်ဆိုင် ရာကားတွေပေါ် တက်၍ ထွက်ခွာသည်မှစ၍ ပြန်မဆုံကြတော့ပေ။ တည်းခိုသည့် နေရာများတွင်လည်းကောင်း၊ ဘုရားဖူးရာနေရာများတွင်လည်းကောင်း မဆုံကြပေ။ ယခု ကုသိနာရုံကျမှသာ တွေ့ကြခြင်းဖြစ်သည်။ ဆရာတော်နှစ်ပါးက လပြည့်နေ့မနက် အရုဏ်စာဘုဉ်းပေးပြီးချိန် ကုသိနာရုံဆရာတော်နှင့် တွေ့ကြမည်ဟု ကျွန်တော့်ကို ချိန်းလိုက်သည်။

ထိုနေ့နံနက်က ဆရာတော်စံကျောင်းတွင် ကုသိနာရုံဆရာတော်ကို မြန်မာဆရာတော်နှစ်ပါးနှင့်အတူ ကျွန်တော်ဖူးတွေ့ရသည်။ ဆရာတော်၏ ဘွဲ့တော်မှာ အရှင်ဉာဏိဿရဖြစ်သည်။ ဆရာတော်၏ ဥပမိရုပ်တော်ကိုလည်း ကိုယ်လုံးကိုယ်ထည်၊ အရပ်အမောင်း၊ အသားအရောင်တို့မှာ သီတဂူဆရာတော်နှင့် တော်တော်ဆင်တူလေသည်။ သက်တော်မှာလည်း မတိမ်းမယိမ်းရှိမည် ထင်ရသည်။ စက်ရုံကျောင်းဆရာတော်က ကျွန်တော်၏ အမည်ရင်းနှင့် ကလောင်အမည်ကို လျှောက်ထား၍ ဆရာတော်နှင့် မိတ်ဆက်ပေးသည်။ ကျွန်တော့်ကလောင်ကို ဆရာတော် သိချင်မှသိပါမည်။

''အင်း ခုလို ဘုရားဖူးအဖွဲ့မှာ စာရေးဆရာပါလာတာ ကောင်းတာပေါ့၊ အတွေ့အကြုံတွေကို စာရေးနိုင်တာပေါ့''

''မှန်ပါဘုရား၊ ခု ဒီမှာ ဘုရားဖူးအဖွဲ့တွေ (၄-၅)ဖွဲ့လောက်စုံတယ်ထင်ပါတယ်။ တပည့်တော်က ဒေါ်နန္ဒာဝင်းရဲ့ မဟာဗောဓိအဖွဲ့နဲ့ ပါလာတာပါ။ ဒီ ဆရာတော်နှစ်ပါးနဲ့ တစ်ဖွဲ့စီပါဘုရား။ ဒီပြင့်အဖွဲ့တွေမှာလဲ

ဆရာတော်သည် ဆောင်းပါးများကို ဗမာ့ဝရိယဦးမောင်မောင်လေးမှ တစ်ဆင့် ပေးပို့၍ မြတ်ပန်းဝေမဂ္ဂဇင်း၌ (၂)နှစ်တာမျှ လစဉ်ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ ဆရာတော်အခြားစာများလည်း မာမားဟရိဗလအမည်ဖြင့် ရေးသားကြောင်းသိရသည်။

စာရေးဆရာ ပါချင်ပါလာမှာပါ။ တပည့်တော်တောင် ဆရာတော်နှစ်ပါးကြောင့် အရှင်ဘုရားသိရတာပါဘုရား''

''ဒါပေါ့လေ ပါလာတဲ့လူတွေက ရေးကြတော့ ပိုကောင်းတာပေါ့''

''မဇ္ဈိမဒေသဘုရားဖူးအတွေ့အကြုံစာအုပ်တွေ အများကြီးထွက်ပါတယ်ဘုရား။ ဒီမလာခင် တပည့်တော်စာအုပ်အမျိုး (၂၀)လောက်ဖတ်ခဲ့ရတယ်။ အရှင်ဘုရားရေးတဲ့ ''မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ''လဲ ဖတ်ခဲ့ပါတယ်။ ဆရာတော်ရဲ့ကလောင်အမည်က ''ဟရိဗလ(ကုသိနာရုံ)''မဟုတ်လားဘုရား''

ကျွန်တော် ဆရာတော်မျက်နှာတော်ကို တစ်ချက်မော့ဖူးလိုက်သည်။ ဆရာတော်မျက်နှာ ဝင်းခနဲဖြစ်သွားသည်။

''အဲဒီစာအုပ် ဒကာဘယ်ကရတုံး''

''တပည့်တော်ရဲ့အစ်မလို့ပဲ ဆိုပါရစေ၊ ဒေါ်ကြင်ရီလို့ခေါ်တဲ့ စာရေးဆရာမ ''ညိုယဉ်''ပါဘုရား။ သူ့ခင်ပွန်းက ကျောက်မျက်က ဦးစိုးလွင်ပါဘုရား။ သူတို့ဇနီးမောင်နှံ အမေရိကားထွက်သွားတော့ တပည့်တော်ကို ပေးခဲ့တဲ့စာအုပ်ကွေထဲမှာပါလာတာ၊ ဆရာတော်လက်မှတ်ထိုးပြီး ချီးမြှင့်ထားတဲ့စာအုပ်ပါဘုရား''

''ဟုတ်ပြီ ဒကာ ဘုန်းကြီး သူတို့ကိုသိတယ်၊ မဟာသုခဒဒချမ်းသာကြီးစေတီတည်တော့ သူတို့မောင်နှံပါတယ်လေ။ ဒါနဲ့ သူတို့က အပြီးသွားတာလား''

''တင်ပါ၊ သူတို့ ဟိုမှာ အပြီးနေကြမှာပါ။ တပည့်တော်ဘုရားကြီးဝင်းထဲ ရောက်ပြီးပါပြီ။ ဘုရားတည်ကကမ္ပည်းကျောက်စာမှာ အစ်မတို့ အစ်ကိုတို့နာမည်တွေ တွေ့ပါတယ်ဘုရား''

''ဒါဖြင့် ဘုန်းကြီးစာအုပ်ကို ဒကာဖတ်ခဲ့တာပေါ့''

''အကုန်မဟုတ်ပါဘူးဘုရား၊ ကုသိနာရုံနဲ့ ပတ်သက်တာတွေပဲ ဖတ်ခဲ့တာပါ။ ဟိုပြန်ရောက်မှ ထပ်ဖတ်ရဦးမှာ။ တပည့်တော် အရင်က ဆရာတော်အရှင်ဉာဏိဿရနှစ်ပါး ခပ်ထွေးထွေးဖြစ်နေတာ။ တူလဲတူကြတာကိုဘုရား။ နောက်ပိုင်း သီတဂူဆရာတော်ရဲ့ စာပေကိစ္စတွေ လုပ်ကိုင်ပေးရတော့မှ ဆရာတော်တို့နှစ်ပါးကို ခွဲခြားသိတော့တာ''

''အင်း ဘုန်းကြီးက သီတဂူဆရာတော်ထက် တစ်နှစ်ကြီးတယ်။ သူက ဒီနှစ် (၇၅)နှစ်ပြည့်တာ။ ဘုန်းကြီးက ခု (၇၆)နှစ်။ သီတဂူဆရာတော်အလုပ်တွေ အများကြီးလုပ်နိုင်တယ် တော်ပါတယ်''

ထိုမနက်က ကုသိနာရုံဆရာတော်နှင့် မိနစ် (၃၀)ခန့် စကားပြောရသည်။ ဆရာတော်သုံးပါးကို ကန်တော့ရှိခိုးပြီး အဆောင်သို့ပြန်ခဲ့သည်။ ဒီဇင်ဘာ (၂၉)ရက် မနက် ရာဇဂြိုဟ်သို့ ခရီးဆက်သည်။ ဝါးချက်ဆရာတော်၊ စက်ရုံကျောင်းဆရာတော်တို့နှင့် မဆုံဖြစ်တော့ပါ။ အပြန်ခရီးစဉ် ဂယာလေဆိပ်နှင့် ရန်ကုန်လေဆိပ်တို့တွင်လည်း မဆုံကော့ပါ။

ဆောင်းပါးရေးမည်စီစဉ်သောအခါ ဟရိဗလ (ကုသိနာရုံ)၏ မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ စာအုပ်ကို ကြည့်ရသည်။ (၁၉၉၃)ခု၊ ဇူလိုင်လတွင် အုပ်ရေ (၂၀၀၀) ထုတ်ဝေထားသည်။ ပန်းချီဆရာ တင်လှဝင်းထင်က နှစ်ဘက်ဖုံးပန်းချီရေးဆွဲထားသည်။ စာအုပ်၏နောက်ရေခံစာရွက်တွင် အစ်မဒေါ်ကြင်ရီ (ညိုယဉ်)၏ (၂၉-၁-၉၇)ဗုဒ္ဓဟူးနေ့ ကာလကတ္တားမြို့ ဗီအိုင်ပီလမ်းပေါ်ရှိ King Cown Idolee No0308 တွင် ဖတ်ရှုပြီးစီးသည်ဟူသော မှတ်ချက်ကိုတွေ့ရသည်။ အစ်မသည် စာအုပ်ကို ကုသိနာရုံတွင် ဆရာတော်ထံမှ လက်ဆောင်ရခဲ့ပြီး (၆)ရက်အတွင်း အိန္ဒိယနိုင်ငံမှာပင် ဖတ်ရှုပြီးစီးကြောင်း သိရသည်။

ထိုစာအုပ်သည် ဆရာတော်၏ ဆောင်းပါးများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။ ဆရာတော်သည် ဆောင်းပါးများကို ဓမ္မာစရိယ ဦးမောင်မောင်လေးမှ တစ်ဆင့်ပေးပို့၍ မြတ်ပန်းဝေမဂ္ဂဇင်း၌ (၂)နှစ်တာမျှ လစဉ်ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ဆရာတော်အခြားစာများလည်း မာမားဟရိဗလ အမည်ဖြင့် ရေးသားကြောင်းသိရသည်။

ဆရာတော်သည် ရခိုင်ဇာတိဖြစ်၍ စစ်တွေ၊ မင်းပြားမြို့နယ်၊ ငါးဖင်ရိုင်းကျွန်း၊ ဇီးပင်ကြီးရွာဇာတိ (၁၂၉၈) ခုနှစ်ဖွားဖြစ်သည်။ (၁၄)နှစ်သားအရွယ်တွင် သာမဏေပြု၍ အရွယ်ရောက်သော် ရဟန်းဖြစ်သည်။ မန္တလေးနှင့် ရန်ကုန်တို့တွင် ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။ (၁၉၆၃)ခုနှစ်တွင် ကုသိနာရုံသို့ ရောက်ရှိသည်။ (၁၉၇၂)ခုနှစ်တွင် မူလဆရာတော်ဦးစန္ဒြမဏိ ပျံလွန်တော်မူ၍ ကုသိနာရုံကျောင်းကို ရရှိတော်မူသည်။ အရှင်ဉာဏိဿရသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိပြီး ဟိန္ဒီ၊ သက္ကတနှင့် အထက်တန်းပညာရပ်များ ဆည်းပူးခဲ့ရာ

၁။ ကာရ်ခပူရ်တက္ကသိုလ်၌ (၁၉၇၃)ခုနှစ်အတွက် B.A ဘွဲ့
၂။ ၎င်းတက္ကသိုလ်မှာပင် (၁၉၇၅)ခုနှစ်တွင် M.A သမိုင်းဘွဲ့
၃။ (၁၉၇၈)ခုနှစ်တွင် M.A ပါဠိဘွဲ့
၄။ ပြာယာဂ်တက္ကသိုလ်၌ ပါဠိစာဟိတျရတနာဘွဲ့နှင့် တိဘက်ဘာသာဒီပလိုမာလက်မှတ်
၅။ ဂေါရခ်ပူရ်တက္ကသိုလ်မှ ဥပဒေပညာ L.L.B ဘွဲ့
၆။ U.P ပြည်နယ်အစိုးရက ကျင်းပသည့် တိုင်းရင်းဆေးပညာစာမေးပွဲတွင် B.A.M.S ခေါ် တိုင်းရင်းဆရာဘွဲ့

များ ရရှိခဲ့သည်။ ဆရာတော်အား မြန်မာနိုင်ငံက ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို ကပ်လှူခဲ့ပါသည်။

ဆရာတော်သည် (၁၉၃၆)ခုနှစ်ဖွားဖြစ်၍ လာမည့် (၂၀၁၆)တွင် သက်တော် (၈၀)ပြည့်ပါမည်။ ဆရာတော် ကျန်းမာချမ်းသာစွာဖြင့် သက်တော်ရာကျော်ရှည်ပါစေသတည်း။

သူရဇော်

ပြည်ပသာသနာပြုရတယ်ဆိုတာ သာမညဖွဲလုံ့လဝီရိယလောက်နဲ့ မထွန်းပေါက်နိုင်ပါဘူး။ ထက်မြက်တဲ့အမြင်၊ သွက်လက်တဲ့ခြေလှမ်း၊ မမောပန်းတဲ့ခန္ဓာကိုယ်၊ မပြိုလဲတဲ့စိတ်ထားပြင်းပြတဲ့ သမာဓိအား၊ တစ်ဖက်သားအပေါ် ထားရှိတဲ့ မေတ္တာစေတနာတွေကို စိုက်ထုတ်နိုင်ဖို့လိုတယ်။ ဒုက္ခတွေကိုလည်း နည်းမျိုးစုံ ကြုံရ၊ ဆုံရတတ်ပါတယ်။ အစားဆင်းရဲခြင်းဒုက္ခ၊ အနေဆင်းရဲခြင်းဒုက္ခ၊ အဝတ်မပြည့်စုံခြင်းဒုက္ခတွေနဲ့ ကြုံရတတ်တယ်။

(ကုသိနာရုံဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ)

ဂုရု ဂုရု မဟာဂုရုဘွဲ့တံဆိပ်တော်ရ ကမ္ဘာ့သာသနာတော်ပြုဆရာတော်ကြီး ဦးစန္ဒိမဏိအထိမ်းအမှတ်ကြိုးတံတား



၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆)ရက် (သောကြာနေ့)နေ့ နံနက်အရုဏ်တက်အချိန် လောက်ကပင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပေါက်ပင်ကျေးရွာရှိ ပဓာနနာယကဆရာတော် အပါအဝင် ကျေးရွာသူ၊ ကျေးရွာသားများမှာ ဝမ်းသာပီတိဂွမ်းဆီထိမျှ ပျော်တပြုံးပြုံးဖြင့် လှုပ်လှုပ်ရွရွ အုတ်အုတ်ကျွကျွ တက်ညီလက်ညီ သွားလာလှုပ်ရှားနေကြပါသည်။ အကြောင်းမှာ ၎င်းနေ့ မွန်းတည့် (၉)နာရီတိတိ မင်္ဂလာအချိန်တွင် **ဂုရု ဂုရုမဟာဂုရုဘွဲ့တံဆိပ်တော်ရ ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဦးစန္ဒိမဏိ အထိမ်းအမှတ်ကြိုးတံတား**ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဤကြိုးတံတားကြီး ဖြစ်ပေါ်လာရခြင်းမှာ . . .

လွန်ပိုးအိမ်

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာပြန်လည်ထွန်းကားရေးကို အထူးကြိုးပမ်းဆောင်ရွက်ခဲ့တော်မူသော သာသနာ့ဖခင် ကျေးဇူးရှင် ဂုရု ဂုရု မဟာဂုရုဘွဲ့တံဆိပ်တော်ရ ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဦးစန္ဒိမဏိအား အစဉ်ထာဝရ ပူဇော်ကန်တော့ခြင်းငှာ တပည့်ဖြစ်သူ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့ မြန်မာဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရက လှူဒါန်းဆောက်လုပ်ပေးခြင်းဖြစ်ပါသည်။

အလှူရှင်ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် မြန်မာနိုင်ငံကြွရောက်စဉ် တစ်နေ့ (၂၁-၂-၂၀၁၁)နေ့ စာရေးသူတို့ ညီအစ်မ (၃)ယောက် အရုဏ်ဆွမ်းကပ်၍ အပြီးတွင် အရှင်ဘုရားက မိန့်ကြားသည်မှာ ဒါနပါရမီရှိကြတဲ့ တူမတွေနဲ့ ပြန်တွေ့ရတာ ဝမ်းမြောက်ရတယ်၊ ဆရာတော်မှာ ပြည်တွင်းပြည်ပတွေမှာ အလှူဒါနများစွာရှိခဲ့ပြီ၊ သို့သော် ဆန္ဒအပြင်းပြဆုံး အလှူဒါနမလုပ်ရသေးတာရှိတယ်။ ဟိုတုန်းက လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ လုပ်ချင်တာကို ပြီးဆုံးအောင်မလုပ်နိုင်ဘဲ အကြောင်းအမျိုးမျိုးကြောင့် ရည်မှန်းချက်ပန်းတိုင်ကို မရောက်ဘဲ ဖြစ်နေတယ်ဟု မိန့်ကြားသောအခါ စာရေးသူမှာ ဆရာတော်အရှင်ဘုရား၏ စိတ်ဆန္ဒကို အလျင်အမြန် အကောင်အထည်ဖော်ဆောင်ပေးလိုသော စေတနာသဒ္ဓါပေါ်ပေါက်ကာ အရှင်ဘုရားဖြစ်လိုသော ဆန္ဒအတိုင်း ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်ပေးပါမည်ဟု ကတိစကားလျှောက်တင်သောအခါ ဆရာတော်မှာ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် ငါ၏ဆရာ သာသနာ့ဖခင်ဖြစ်တော်မူသော အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာသာသနာ မကွယ်ပျောက်ရအောင် ဗုဒ္ဓဘာသာသာသနာ ကာလများမြောင် အရှည်တည်တံ့ကြလေအောင် စွမ်းစွမ်းတမံ ပညာ၊ သတ္တိ၊ ဝီရိယအားတို့ဖြင့် အထူးကြိုးကုတ်ဆောင်ရွက်တော်မူခဲ့သော သာသနာ့အာဇာနည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဂုရု ဂုရု မဟာဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ဦးစန္ဒြမဏိ၏ ဇာတိချက်ကြွေမွေးရပ်မြေကို အမြန်ကြွရောက်လိုကြောင်း မိန့်ကြားပါသည်။

စာရေးသူမှာ နောက်တစ်နေ့မနက်မှစပြီး ပေါက်ပင်ကွင်းကျေးရွာ တည်နေရာအား စုံစမ်းပါတော့သည်။ စုံစမ်းတွေ့ရှိချက်အရ ပေါက်ပင်ကွင်းကျေးရွာမှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ထဲတွင် ရှိကြောင်း သိရှိရပြီး ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ ရန်ကုန်-စစ်တွေသွား လေအိတ်ကားကြီးစီးသွားလျှင် မြောက်ဦးမြို့မှ (၁) မိုင်အကွာတွင် တည်ရှိကြောင်း၊ သို့သော် ပေါက်ပင်ကွင်းကျေးရွာမှာ ကားလမ်းမပေါ်တွင်မရှိဘဲ ကားလမ်းမကြီးမှ ကူးတို့ဆိပ်ကမ်းသို့ တစ်မိုင်ကျော်သွားရကြောင်း၊ ၎င်းလှေဆိပ်မှ ကူးတို့လှေဖြင့် ကူးသွားပြီးမှ ပေါက်ပင်ကွင်းကျေးရွာသို့ ရောက်ရှိမည်ဖြစ်ကြောင်း ကူးတို့ဖြင့် ဖြတ်ကူးရသော ချောင်းအကျယ်မှာ ပေ (၂၅၀)ရှိကြောင်း သိရှိရပါသည်။

စာရေးသူမှာ ပေါက်ပင်ကွင်းကျေးရွာသို့ ရှေ့ပြေးအဖြစ် သွားရောက်ခဲ့ပါသည်။ သို့သော် ရန်ကုန်မှ ပေါက်ပင်ကွင်းကျေးရွာသို့ တိုက်ရိုက်မသွားခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ပေါက်ပင်ကွင်းကျေးရွာမှာ (ရန်ကုန်-စစ်တွေ) ကားလမ်းအနီးတွင် တည်ရှိခြင်းမဟုတ်ဘဲ တစ်မိုင်ကျော် လမ်းလျှောက်ရခြင်း၊ ကူးတို့ကူးရခြင်း၊ ပေါက်ပင်ကွင်းကျေးရွာမှ ရွာသူရွာသားများနှင့် သိကျွမ်းမှုမရှိခြင်းတို့ကြောင့် မသင့်တော်၍ စာရေးသူမွေးရပ်မြေဖြစ်သော ရခိုင်ပြည်နယ်ရှိ မင်းပြားမြို့သို့ ပထမဦးစွာသွားရန် စီစဉ်ရပါသည်။

စာရေးသူမှာ ရန်ကုန်မှ မြန်မာ့လေကြောင်းဖြင့် (၂၀. ၄. ၂၀၁၁)နေ့ နံနက် (၅း၃၀)နာရီတွင် ထွက်ခွာလာရာ စစ်တွေလေဆိပ်သို့ (၈း၁၅)နာရီတွင် ရောက်ရှိခဲ့ပါသည်။ စစ်တွေလေဆိပ်မှ သုံးဘီးကားဖြင့် စစ်တွေ-ရုပ်ပြေးရေယာဉ်ဆိပ်သို့ သွားရောက်ပြီး ပစ္စည်းများအပ်၊ မလိခရေယာဉ်လက်မှတ်ရယူကာ စစ်တွေမြို့ ကျောင်းတက်လမ်းရှိ ဘုရားကြီးကို ဖူးမြော်ကန်တော့ပြီး အလှူငွေများထည့်ဝင်ပြီး နေ့လယ် (၂)နာရီတွင် မလိခရေယာဉ်ဖြင့် ထွက်ခွာလာရာ မင်းပြားဆိပ်ကမ်းသို့ ညနေ (၆)နာရီတွင် ရောက်ရှိပါသည်။

နောက်တစ်နေ့မနက်တွင် တူလေးဖြစ်သူ မောင်ဝင်းသိန်း ငယ်ရွယ်စဉ်က အတူနေထိုင်ခဲ့ကြသော ညီအစ်မလိုခင်မင်ရသည့် ဒေါ်ခင်သန်းရီ၊ ဒေါ်မေတိုး၊ ဒေါ်သိန်းညွန့်တို့၏ အကူအညီရယူပြီး မြောက်ဦးမြို့နယ်ရှိ ပေါက်ပင်ကွင်းကျေးရွာသို့ ကားဖြင့် သွားရောက်ကြပါသည်။ ဖုန်းဆက်သွယ်ကာ ကြိုတင်အကြောင်းကြားထားသဖြင့် ကားလမ်းမဘေးတွင် ပေါက်ပင်ကွင်းကျေးရွာမှ ကြိုဆိုပါ

၏ဟုသော ဗွိနိုင်းအနီးတွင် ဘုန်းတော်ကြီး (၁)ပါး၊ လူ (၉) ယောက် ကြိုဆိုနေကြပါသည်။ ၎င်းနေရာမှ ကူးတို့ဆိပ်ကမ်းသို့ (၁)မိုင်ကျော် လမ်းလျှောက်ရပါသည်။ လမ်းတလျှောက်တွင် မိတ်ဆွေဖွဲ့ပြောဆိုကြလျက် ကူးတို့ဆိပ်ကမ်းသို့ ရောက်လာကြပါသည်။ လှေပေါ်သို့ ရောက်ရန်အတွက် ဒူးခေါင်းလောက်နက်သော ရွံ့နွံတောကို ကျော်ဖြတ်ရမည်ဖြစ်၍ စာရေးသူတို့အဖွဲ့မှာ တွန့်ဆုတ်၊ တွန့်ဆုတ် ဖြစ်နေကြပါသည်။ သို့သော် ကသိုလ်ရေးမို့ (၁-၂-၃)အော်ပြီး ရွံ့နွံတောကို ဖြတ်ကျော်ရပါတော့သည်။ ကူးတို့လှေဖြင့် (၁၀) မိနစ်ခန့် လှော်ခတ်ပြီးမှ ရွာဘက်ကမ်းသို့ ရောက်ပါတော့သည်။ ရွာဘက်ကမ်းတွင်လည်း ရွံ့နွံတောထဲ ဆင်းလျှောက်ရပါသေးသည်။ ရွာထဲရောက်သောအခါ ဖိနပ်စီး၍ မရတော့ပါ။ ရွာလမ်းအတိုင်း ရွာဦးဘုန်းတော်ကြီးကျောင်းသို့ (၁၀)မိနစ်ခန့် လမ်းလျှောက်ပြီး ရောက်ခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် ရွာသူရွာသားများ စုံစုံညီညီ ရောက်ရှိနေကြပြီးဖြစ်ပါသည်။ စာရေးသူမှာ အရှင်ဘုရား ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ မိန့်ကြားချက်များကို ပြောပြကာ အရှင်ဘုရား ဤရွာသို့ကြွရောက်မည်။ သို့သော် ရွံ့နွံတောထဲ လမ်းမလျှောက်ရအောင်တော့ လုပ်ပေးစေလိုကြောင်း ပြောသောအခါ လုံးဝစိတ်ချ အရှင်ဘုရားကြွနိုင်အောင် လုပ်ပေးပါမည်ဟု တက်ညီလက်ညီ ပြောကြပါသည်။ စာရေးသူတို့လည်း ပေါက်ပင်ကွင်းရွာမှ ညနေ (၆)နာရီခန့်တွင် မင်းပြားမြို့သို့ ပြန်လာကြပါသည်။

(၃၀. ၄. ၂၀၁၁)နေ့ နံနက် (၆)နာရီတွင် ရွှေပြည်တန်မော်တော်ရေယာဉ်ဖြင့် မင်းပြားမြို့မှ ထွက်ခွာလာရာ စစ်တွေဆိပ်ကမ်းသို့ နံနက် (၉)နာရီတွင် ရောက်ရှိပါသည်။ စစ်တွေဆိပ်ကမ်းမှ စစ်တွေလေဆိပ်သို့ သုံးဘီးကားဖြင့်လာပြီး (၁၁)နာရီထွက်ခွာမည့် မြန်မာ့လေကြောင်းဖြင့် လိုက်ပါလာရာ ရန်ကုန်မြို့သို့ နေ့လယ်(၁၂)နာရီတွင် ရောက်ရှိပါတော့သည်။ ယနေ့အချိန်အခါမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရွှေမြန်မာနိုင်ငံတော်ဖြစ်ပါ၍ စာရေးသူတို့ ရခိုင်ပြည်နယ်ရှိ မြို့များသို့ ရန်ကုန်မြို့မှ နေ့ချင်းတိုက်ရောက်အောင် သွားနိုင်ပြီဖြစ်ပါသည်။

နောက်တစ်နေ့နံနက် (၉)နာရီခန့်တွင် အိန္ဒိယရှိ ဆရာတော်ထံသို့ ဖုန်းဆက်ပြီး ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် ပေါက်ပင်ကွင်းကျေးရွာသို့ သီတင်းကျွတ်လပြည့်ကျော်လောက်တွင် ကြွရောက်နိုင်ပါရန် ပင့်ဖိတ်လျှောက်ထားလိုက်ပါသည်။

(၂၁-၂-၂၀၁၂)နေ့တွင် ဆရာတော်မှာ မြန်မာနိုင်ငံသို့ ကြွရောက်ပါသည်။ (၂၃-၂-၂၀၁၂)နေ့တွင် ရခိုင်ပြည်နယ်သို့ ကြွရောက်ကာ ကျေးဇူးတော်ရှင် အရှင်ဘုရားကြီး၏ မွေးရပ်မြေ ပေါက်ပင်ကွင်းကျေးရွာသို့ (၂၄-၂-၂၀၁၂)နေ့တွင် ရောက်ရှိပါသည်။ ရွာသူရွာသားများမှာ ကသိနာရုံဆရာတော် အရှင်ဘုရားကြွရောက်၍ အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်းကို စာရေးသူတို့ တွေ့ရှိရပါသည်။ အရှင်ဘုရားမှာ ရွာသူရွာသားများ၏ ဖူးမြော်ခြင်းကိုခံယူပြီး ဘုရားရှိခိုး ငါးပါးသီလပေး၊ တရားအနည်းငယ်မျှဟောကြားပြီး မိမိ၏ မိဘကဲ့သို့ဖြစ်သော ဆရာတော် အရှင်သူမြတ်ကြီး၏ရွာကို အမြဲတမ်းတမှန်းဆနေသည်မှာ ကြာနေပြီဖြစ်ကြောင်း၊ ယခုတကယ်ကြွရောက်ပြီဖြစ်၍ အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း မိန့်ကြားပြီး ရွာ၏အခြေအနေ၊ ရွာ၏လိုအပ်ချက်များကို ပြောကြားစေရာ ပေါက်ပင်ကွင်းကျေးရွာ ပဓာနနာယကဆရာတော်နှင့်တကွ ရွာသူ ရွာသားများက အရှင်ဘုရားကိုယ်တိုင် တွေ့ကြုံရသည့်အတိုင်း ချောင်းကူးတံတားမရှိပါ၍ သွားရေး လာရေး အဆင်မပြေပါကြောင်း ကျန်းမာရေး လူမှုရေးကိစ္စတို့တွင် လွန်စွာနှောင့်နှေးပါကြောင်း သို့ဖြစ်ပါ၍ ဤချောင်ကူးတံတား တစ်စင်းရပါက ပေါက်ပင်ကွင်းကျေးရွာအတွက် လွန်စွာအထောက်အကူဖြစ်ပါမည်ဖြစ်ကြောင်း လျှောက်တင်ကြရာ အရှင်ဘုရားမှ ဝမ်းမြောက်ဝမ်းသာဖြင့် ချောင်းကူးတံတား တစ်စင်း ဆောက်လုပ်လှူဒါန်းပေးမည်ဟု မိန့်ကြားသောအခါ ပေါက်ပင်ကွင်းရွာသူရွာသားများမှာ ဝမ်းသာပီတိအမျိုး

ဆရာတော်ကြီးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးတို့ ဖဲကြိုးဖြတ်စဉ်နှင့် ညှော်ပရိသတ်များနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းလျှောက်လာကြစဉ်

မျိုးဖြင့် ငိုသူငို၊ ရယ်သူရယ် ဖြစ်နေကြပါတော့သည်။ ထိုနည်းတူ အရှင်ဘုရားနှင့် လိုက်ပါလာကြသော ဒကာ ဒကာမများမှာလည်း ဝမ်းသာမဆုံး တပြုံးပြုံးဖြင့် ပရိသတ် အားလုံး သာဓုသုံးကြိမ် ခေါ်ဆိုကြပါသည်။

စာရေးသူမှာ ရန်ကုန်ရောက်သည်နှင့် အကျယ်ပေ (၂၅၀)ရှိသော ချောင်းကူးကြိုးတံတားတစ်စင်းတည်ဆောက် နိုင်ရေးအတွက် ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များကို ဆက်သွယ်မေးမြန်းခြင်း၊ လုပ်ငန်းများကို စတင်လုပ်ကိုင် ပါသည်။ ရခိုင်ပြည်နယ် စာရင်းစစ်ရုံး၊ စစ်တွေမြို့တွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်ညွှန်ကြားရေးမှူး

ကမ္မည်းမော်ကွန်းအား နံ့သာရည်များ ဖြန်းပက်နေစဉ်

ဦးတင်ဝင်း၏ အကူအညီဖြင့် ကြိုးတံတားပညာရှင် ဦးသန့်ဇင်(ဒုတိယအင်ဂျင်နီယာမှူးကြီး)၏ အကူအညီကို ရခဲ့ပါသည်။ စစ်တွေမြို့ရှိ ထွန်းသစ်ဆန်းလွင်ကုမ္ပဏီမှာ ကြိုးတံတားပညာကို မသိရှိပါ၍ ၎င်းကုမ္ပဏီမှ အငယ်တန်း အင်ဂျင်နီယာတစ်ဦးကို ဦးသန့်ဇင်ထံသို့ စေလွှတ်ပြီး ကြိုးတံတားပညာရပ်ဆိုင်ရာများကို သင်ယူစေခဲ့ပါသည်။

ထွန်းသစ်ဆန်းလွင်ကုမ္ပဏီမှာ ဦးသန့်ဇင်၏ အကူအညီဖြင့် ကြိုးတံတားဆောက်လုပ်ရန် ခန့်မှန်းခြေစာရင်းကို ရယူပါသည်။ ခန့်မှန်းခြေစာရင်းရရှိသည်နှင့် အလှူရှင်များ၏ကိုယ်စား ဦးဓမ္မသာရနှင့် ထွန်းသစ်ဆန်းလွင် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစောသိန်းတို့ သက်သေများရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုကြပါသည်။ တံတားအမျိုးအစားမှာ (အကျယ် (၆)ပေ၊ အရှည် (၂၅၀)ပေရှိ သံမဏိ ကြိုးတံတား) ကြိုးတံတားတန်ဖိုး (၄၃၄ ၄၉ ၇၅၉)ကျပ် ဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှာ (၂၀၁၃)ခုနှစ် ဖေဖော်ဝါရီလ(၅)ရက်နေ့ဖြစ်ပြီး (၂၀၁၃) ခုနှစ် မေလ (၃၁)ရက်နေ့တွင် လုပ်ငန်း ပြီးစီးခဲ့သော်လည်း စစ်ဆေးတွေ့ရှိချက်အရ ကြိုးတံတားမှာ ခန့်မှန်းခြေစာရင်းနှင့် ကိုက်ညီမှုမရှိခြင်း၊ စံချိန်စံညွှန်းမှန်ကန်မှုမရှိခြင်းတို့ကြောင့် ကြိုးတံတား ပြီးစီးမှုကို လက်ခံနိုင်မှု မရှိခဲ့ပါ။ ထို့ကြောင့် ထွန်းသစ်ဆန်းလွင် ကုမ္ပဏီမှ စံချိန်စံညွှန်းမှန်ကန်မှုရှိပြီး ခန့်မှန်းခြေစာရင်းပါအတိုင်း ပြန်လည်တည်ဆောက်ပေးပါမည်ဟု ဝန်ခံကတိပြုပြီး ပြန်လည်တည်ဆောက်စေခဲ့ရာ (၂၀၁၄)ခုနှစ် စက်တင်ဘာလ (၆) ရက်မှသာ ပြီးစီးခဲ့ပါသည်။

မင်္ဂလာနေ့ မင်္ဂလာအချိန်ဖြစ်သော (၁၃၇၇)ခုနှစ် ကဆုန်လပြည့်ကျော် (၆)ရက်၊ (၈. ၅. ၂၀၁၅)သောကြာနေ့ နံနက်(၉)နာရီအချိန်တွင် ဂုရု ဂုရု မဟာဂုရုဘွဲ့တံဆိပ်တော်ရ ကမ္မဋ္ဌာသာသနာပြုဆရာတော်ကြီး ဦးစန္ဒိမ ၏ အထိမ်းအမှတ် ကြိုးတံတားဖွင့်ပွဲ အခမ်းအနားကျင်းပပြီး တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့သို့ လှူဒါန်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း ......။

လွန်းပိုးအိမ်

‘‘၈၀’’ သဘင်မော်ကွန်းတင်ပွဲ

စိတ်မိုး

နိဒါန်းမော်ကွန်း

မြန်မာ့အလင်းသတင်းစာ (၂၀၁၅)ခုနှစ်၊ ဖွန်လ (၂)ရက်၊ အင်္ဂါနေ့ထုတ်တွင်၊ အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့၊ ကုသိနာရုံ ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ သက်တော် (၈၀) ပြည့်မွေးနေ့အထိမ်းအမှတ်စာစောင်အတွက် စာမူတောင်းခံစာဖတ်ရှုရသောအခါ လွန်ခဲ့သော (၅)နှစ်ခန့် (၂၀၁၁)ခုနှစ်က ဤကုသိနာရုံဆရာတော်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ အထိမ်းအမှတ်ထုတ်ဝေသော ‘‘စိန်ရတုဖော်ညွှန်း မြတ်မော်ကွန်းစာစောင်’’၌ ‘‘စိန်ရတုဘဝခံရီး’’ဟူသော ဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုပူဇော်ခဲ့ရသည့်အတွက် ခံစားရသော ကြည်နူးချမ်းမြေ့ဖွယ်ရာတို့ကို အမှတ်ရမိသည်။

တစ်ဖန် (၁၃၇၃)ခုနှစ် ပြာသိုလ်လဆန်း (၁၁)

ရက် (၄-၁-၂၀၁၂)နေ့တွင် စာရေးသူသည် ဗုဒ္ဓဂယာဘုရားဖူးခရီးသည်အဖြစ် အိန္ဒိယသို့ ရောက်ရှိခဲ့သည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ မဇ္ဈိမဒေသနေရာအနှံ့အပြား ဘုရားဖူးလှည့်လည်ရာတွင် (၁၂-၁-၂၀၁၂)နေ့၌ နီပေါနိုင်ငံ လုမ္ဗိနီကျောင်းမှတစ်ဆင့် ခရီးစဉ်အရ အိန္ဒိယနိုင်ငံ ကုသိနာရုံမြန်မာကျောင်းသို့ ညဥ့် (၇)နာရီအချိန် ရောက်ရှိခဲ့သည်။

နောက်တစ်နေ့နံနက် (၇)နာရီခန့်တွင် ဆရာတော် (ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ အဂ္ဂမဟာပဏ္ဍိတ) သီတင်းသုံးရာ၊ တိုက်ကျောင်းအောက်ထပ်သို့ သွားရောက်၍ မိမိသည် ဆရာတော်၏ စိန်ရတုမွေးနေ့အထိမ်းအမှတ်ထုတ်ဝေသော "စိန်ရတုဖော်ညွှန်း မြတ်မော်ကွန်း"စာစောင်၌ စာမြတ်တစ်ဆူရေးသားဂုဏ်ပြုခဲ့သော စာမူရှင်ဖြစ်ကြောင်း လျှောက်ထားမိတ်ဆက်ရာ ဆရာတော်သည် ဝမ်းမြောက်ဝမ်းသာ မွန်မြတ်သောညှော်ဝတ်ဖြင့် ကြိုဆိုညှော်ခံပါသည်။

ဆရာတော်ကြီးသည် တည်ကြည်ရင့်ကျက်သော ဣန္ဒြေဖြင့် ရဟန်းကောင်းရဟန်းမြတ်တို့၏ ကျင့်ဝတ်နှင့် လျော်ညီစွာ ရွှင်ရွှင်ပျပျ ချိုချိုသာသာပြောဆိုဆက်ဆံခြင်းကြောင့် ဝမ်းမြောက်ပီတိဖြစ်ရသည်။ ယင်းသို့ တွေ့ကြုံဆုံနိုက် နှစ်ခြိုက်ဖွယ်ရာ အာလာပသလ္လာပစကားများဖြင့် အချင်းချင်းမေတ္တာဖူးပွင့် ဖွင့်လှစ်နှုတ်ခွန်းအေးမြစေကြပြီးလျှင် ဆရာတော်အား မိမိရေးသားပြုစုသော စာအုပ်တို့ကို ဓမ္မလက်ဆောင် ဆက်ကပ်လှူဒါန်းပါသည်၊ ဆရာတော်ကြီးကလည်း မိမိအား ထိုင်းသက်န်းလွယ်အိတ်၊ ခေါင်းစွပ်တို့ဖြင့် ပြန်လည်လက်ဆောင်လှူဒါန်း၍ မေတ္တာကြည်လင်ပျော်ရွှင်စေခဲ့ကြပါသည်။

ထို့ပြင် မိမိတို့နှစ်ပါးလုံး သီတင်းသုံးနေထိုင်စာသင်ခဲ့ကြသော မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်အကြောင်းကိုလည်း စကားစပ်သည်အားလျော်စွာ ရှေးဟောင်းနှောင်းဖြစ်တို့ကို စကားသစ်များဖြင့် ကြည်လင်ရွှင်ပျဖွင့်ဟနှုတ်ချိုမေတ္တာပိုကာ ဝမ်းသာပီတိ မုဒိတာပွားကြရပါသည်။

ကုသိနာရုံ မြန်မာကျောင်းတိုက်ကြီးကား ကြီးကျယ်ခမ်းနားသော ကျောင်းတိုက်ကြီးဖြစ်သည်။ ဆရာတော်သီတင်းသုံးသော တိုက်ကျောင်းကြီးနှင့်တကွ ဆွမ်းစားဆောင်များ၊ ဗုဒ္ဓဂယာဘုရားဖူးတည်းခိုဆောင်များ၊ ကားပါကင်များ စသော သာသနိကအဆောက်အအုံတို့ဖြင့် စည်ကားတင့်တယ်သော ကျောင်းတိုက်ကြီးဖြစ်သည်။

ဤသို့ မြန်မာရခိုင်ဆရာတော်တစ်ပါးသည် ဘာသာခြားတို့ ကြီးစိုးရာ နိုင်ငံရပ်ခြား အိန္ဒိယ၌ ဗုဒ္ဓစေတီတော်များ၊ သာသနိကကျောင်းတိုက်ကြီးများ ဗုဒ္ဓဘာသာဘုရားဖူးပရိသတ်တည်းခိုဆောင်များ၊ ခမ်းခမ်းနားနားတည်ဆောက်၍ ဗုဒ္ဓဘာသာသာသနာတည်တံ့ပြန့်ပွားရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်သော ဆရာတော်၏ ဖွဲ့၊ သတ္တိ၊ ဝီရိယ၊ သာသနာပြုစိတ်ကား ချီးကျူးဂုဏ်ပြုဖွယ်ရာဖြစ်သည်။

ဤသို့ ကြုံဖူးဆုံဖူးသော ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ)သည် ယခုအခါ သက်တော် (၈၀)ပြည့်ပြီဖြစ်သောကြောင့် သက်တော် (၈၀) ပြည့်မွေးနေ့အထိမ်းအမှတ်စာစောင်ထုတ်ဝေမည်ဖြစ်၍ စာမူရေးသားပေးပို့ရန် တောင်းခံကြောင်း သတင်းစာ၌ ဖတ်ရသောအခါ ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်သော အားဖြင့် စာမြတ်တစ်ဆူရေးသားပူဇော်လိုသဖြင့် ဤဆောင်းပါးရေးသားခြင်းဖြစ်ပါသည်။

မွေးနေ့မော်ကွန်း . . .

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံခရိုင် ကုသိနာရုံမြို့ ဗုဒ္ဓနဂရိရပ်ကွက် မြန်မာကျောင်းပဓာနနာယက ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ) ဒေါက်တာဘဒ္ဒန္တဉာဏိဿရမထေရ်မြတ်၏ မွေးနေ့ကား (၁၂၉၈)ခု တန်ဆောင်မုန်းလဆုတ် (၁၃)ရက် (၁၀-၁၁-၁၉၃၆) အင်္ဂါနေ့ဖြစ်သည်။

ဆရာတော်၏ မွေးရပ်ဇာတိမြေကား မြန်မာနိုင်ငံ ရခိုင်ပြည်နယ် စစ်တွေခရိုင် မင်းပြားမြို့နယ် ငါးဖင်းရိုင်း

ရှင်ဉာဏိဿရကား
ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ
မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ပြီး
ရဟန်းဖြစ်လျှင် ရဟန်းစာ၊ ရဟန်းပညာ၊
ပိဋကတ်စာ၊ ပိဋကတ် ပညာ၊
ဗုဒ္ဓစာ ဗုဒ္ဓပညာတတ်ကျွမ်းရန်
လိုအပ်သည့်အလျောက်
ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ
ပညာရှိအကျော်အမော်
ဆရာတော်များထံ၊
ဝပ်စင်းချဉ်းကပ်ကာ
ပညာရင်နို့သောက်စို့ရသဖြင့်
ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသော
ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို
ကျွမ်းကျင်စွာ သင်ကြား၍

ချောင်းကျွန်း ဖိုးပင်ကြီးရွာနေ ခမည်းတော် ဦးမောင်ကျော်သူ +မယ်တော် ဒေါ်ဝင်းမြဦးတို့မှ မွေးဖွားသန့်စင်ခဲ့ခြင်းဖြစ်သည်။

ဤ၌ မောကွန်းတင်လိုသည်ကား မွေးနေ့ဖြစ်သည်။

မွေးနေ့သည် ဘဝ၏ အစဖြစ်သည်။ မွေးနေ့ရှိ၍ ဘဝရှိရသည်။ မွေးနေ့ကို မော်ကွန်းတင်ခြင်းသည် ဘဝကို မော်ကွန်းတင်ခြင်းဖြစ်သည်။ ဘဝကို မော်ကွန်းတင်ခြင်းသည်လည်း မွေးနေ့ကို မော်ကွန်းတင်ခြင်းဖြစသည်။

စင်စစ် ..မွေးနေ့ကား ဘဝ၏ ပဓာနနေ့ထူး နေ့မြတ်ဖြစ်သည်။ သတ္တလောက၌ ကြုံရဆုံရသော မွေးနေ့ဟူသမျှတို့တွင် လူ့ဘဝ၏မွေးနေ့ကား အမြတ်ဆုံးဖြစ်သည်။ ထို့အတူ လူ့ဘဝသည်လည်း သတ္တလောက၏ ဘဝတို့တွင် အမြတ်ဆုံးဖြစ်သည်။ ''မနုဿတ္တဘာဝဒုလ္လဘာ၊ လူ့ဘဝကား ရခဲ၏''ဟူသောစကားသည် အမြတ်ဆုံးလူ့ဘဝကို ဂုဏ်ပြုမော်ကွန်းတင်ခြင်းဖြစ်သည်။

ထို့ကြောင့် လူ့ဘဝလူဖြစ်ရသော မွေးနေ့ကို မမေ့ခြင်း၊ အလေးအမြတ်ပြုခြင်း၊ အမှွမ်းတင်ခြင်း၊ ကျေးဇူးရှိရာနေ့ဟု ဂုဏ်ပြုခြင်း၊ မော်ကွန်းတင်ခြင်းသည် ပညာရှိတို့၌ ရှိအပ်သော ဘဝပေးပညာရပ်ဖြစ်သည်။ ယခု အိန္ဒိယပြည် ကုသိနာရုံမြန်မာကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သက်တော် (၈၀)ပြည့် အထိမ်းအမှတ်ဂုဏဝိသိဋ္ဌဝိဇာတပူဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပခြင်းသည် မိမိ၏ ဘဝမွေးနေ့ကို အလေးအမြတ်ပြုခြင်း၊ အမှွမ်းတင်ခြင်း၊ နေ့ထူးနေ့မြတ်ဟု ကျူးရင့်ခြင်းဖြစ်၍ ချီးကျူးဂုဏ်ပြုအပ်ရာ၊ ကြည်ညိုဖွယ်ရာတို့ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဤ၌ ရေးဖွဲ့ဆင်ယင်မော်ကွန်းတင်ပါသည်။

ရှင်ဖြစ်မော်ကွန်း ...

အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရလောင်းလျာသတို့သားကို မိဘတို့က မောင်အောင်ဇံဝေဟု ချစ်စနိုးအမည်ပေး၍ မိဘတို့၏ မေတ္တာရင်ငွေ့ဖြင့် ပြုစုယုယကာ နို့ချိုတိုက်ကျွေး မွေးမြူစောင့်ရှောက်ခြင်းကြောင့် ချမ်းသာစွာ ကြီးပြင်းရပြီးလျှင် တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်အရွယ် ရောက်ရှိခဲ့သည်။

မောင်အောင်ဇံဝေ ငါးနှစ်သားအရွယ်တွင် ဘဝအခြေခံခိုင်မြဲစေရန် အသိပညာစာပေယဉ်ကျေးမှုသင်ယူရရှိစေဖို့ ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်အပ်နှံသည်။ (၁၄)နှစ်သားအရွယ်တွင် ဖိုးပင်ကြီးဆရာတော် ဦးစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ရှင်ပြုပေးလျှုပြီးလျှင် ရှင်သာမဏေဖြစ်ရသည်။ ဘွဲ့ကား ''ရှင်ဉာဏိဿရ''ဟု အမည်ပေးခြင်း

ခံရသည်။ ထိုရှင်ပြုပွဲ၌ရှင်ဖြစ်စေ ရှင်ဉာဏိဿရသည် အလှူပွဲလာ ပရိသတ်တို့အား ကိုယ်တိုင်တရားဟောကြားချီးမြှင့်သဖြင့် (၁၄)နှစ်သားအရွယ် ရှင်ဉာဏိဿရ၏ သူရသတ္တိထင်ရှားမွှေးပျံ့စေခဲ့သည်။

စင်စစ် .. တောက်မည့်မီးခဲရဲရဲနီခြင်းဖြစ်သည်။ ဤရှင်ပြုပွဲသည် ရှင်ဉာဏိဿရ၏ ဘဝခရီးအစအောင်ပွဲဖြစ်၍ ဤ၌ ရေးဖွဲ့ဆင်ယင်မော်ကွန်းတင်ပါသည်။

ရဟန်းဖြစ်မော်ကွန်း ...

ထိုနောက် ရှင်ဉာဏိဿရသည် စာသင်သားဘဝဖြင့် ရန်ကုန်မြို့မင်္ဂလာရာမကျောင်းတိုက်သို့ ရောက်ရှိခဲ့သည်။ မင်္ဂလာရာမကျောင်းတိုက်၌ စာသင်သားရှင်သာမဏေဘဝဖြင့် နေထိုင်ပညာသင်ကြားလျက်ရှိစဉ်၊ ရန်ကုန်မြို့ (၄၂)လမ်း ဦးချိန်တင် (ခေါ်) ဦးဘဆိုင်+ဒေါ်ငွေကျင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟခံယူ၍ မင်းပြားမြို့နယ် ဇီးပင်ကြီးဆရာတော် ဦးစန္ဒောဘာသကို ဥပဇ္ဈာယ်ပြုကာ (၁၃၁၈)ခုကဆုန်လပြည့်ကျော် (၁၀)ရက် တနင်္ဂနွေနေ့ နံနက် (၈)နာရီ (၁၅)မိနစ်အချိန်တွင် ကာရကသံဃာ (၂၅)ပါးတို့၏ ချီးမြှောက်မှုဖြင့် ရှင်ဉာဏိဿရသည် ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ကြောင်း သတင်းကောင်းဖြစ်စဉ်ဖွဲ့ဆင်ယင်၍ ဤ၌ မော်ကွန်းတင်ပါသည်။

ပညာရေးမော်ကွန်း ...

ရှင်ဉာဏိဿရကား ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ပြီး ရဟန်းဖြစ်လျှင် ရဟန်းစာ၊ ရဟန်းပညာ၊ ပိဋကတ်စာ၊ ပိဋကတ်ပညာ၊ ဗုဒ္ဓစာ ဗုဒ္ဓပညာတတ်ကျွမ်းရန် လိုအပ်သည့်အလျောက် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ ပညာရှိအကျော်အမော်ဆရာတော်များထံ၊ ဝပ်စင်းချဉ်းကပ်ကာ ပညာရင်နို့သောက်စို့ရသဖြင့် ပါဠိ အဋ္ဌကထာ၊ ဋီကာ စသော ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို ကျွမ်းကျင်စွာ သင်ကြား၍ ဓမ္မာစရိယတန်းအထိ တတ်မြောက်ရောက်ရှိခဲ့သည်။

ထို့ပြင် ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် ပါရမီရှိခြင်း၊ သတ္တိရှိခြင်း၊ စွန့်စားခြင်းတို့နှင့် လျော်ညီစွာ အိန္ဒိယနိုင်ငံသို့ ရောက်ရှိပြီးနောက် သိသင့်သိအပ်သော၊ ကျွမ်းကျင်သင့် ကျွမ်းကျင်အပ်သော ပညာတို့ကို ဖွဲ့ လုံ့လတို့ဖြင့် သင်ကြားခဲ့ရာ ဟိန္ဒီ၊ သက္ကတနှင့် အင်္ဂလိပ်ဘာသာရပ်တို့ကို အခြေခံမှစ၍ သင်ကြားတတ်မြောက်ခဲ့သည်။

ထို့ပြင် ... ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အောင်မြင်ခဲ့သော စာမေးပွဲတို့ကား

(၁၉၆၈)ခု ယူပီဘုတ်အဖွဲ့မှကျင်းပသော (၁၀)တန်းစာမေးပွဲ၊ (၁၉၇၀)ခုနှစ် (၁၂)တန်းစာမေးပွဲ၊ (၁၉၇၃)ခုနှစ် ဂေါရခ်ပူရ်ယီးပသော B.A စာမေးပွဲ၊ (၁၉၇၅)ခုနှစ်တွင် M.A (သမိုင်း)စာမေးပွဲ၊ (၁၉၇၈)ခုနှစ်တွင် M.A (ပါဠိ) စာမေးပွဲ၊ ပြယာဂ်တက္ကသိုလ်မှ ကျင်းပသော ပါဠိဆာဟိတျရတနာဘွဲ့၊ ဂေါရခ်ပူရ်ယူနီဘာစီတီမှကျင်းပသော တိဗက်ဘာသာ ဒီပလိုမာစီနီယာတွင် အမှတ်အများဆုံးရ၍ ရွှေတံဆိပ်ရရှိခဲ့သည်။

ဂေါရက္ခပူရ်တက္ကသိုလ်မှ ဥပဒေပညာ L.L.B ဘွဲ့၊ ယူပီပြည်နယ်မှ ကျင်းပသော B.A.M.Sခေါ် တိုင်းရင်းဆေးပညာဒေါက်တာဘွဲ့၊ ဒေလီမူဆလင်ယူနီဘာစီတီမှ ပညာရေးဒေါက်တာဒီဂရီဘွဲ့တို့ကို အောင်မြင်ရရှိခဲ့သည်။

ဤကား ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ငွေရတုရွှေရတုအရွယ်တွင် မိမိဘဝအတွက်လိုအပ်သောပညာရပ်တို့ကို ဆည်းပူးသင်ကြားတတ်မြောက်အောင်မြင်ခဲ့သော ပညာရပ်ဆိုင်ရာဘွဲ့များဖြစ်သည်။

ဆရာတော်ကြီး၏ အမြော်အမြင်အရည်အသွေးကား ချီးကျူးဖွယ်၊ အံ့ဩဖွယ်ရာဖြစ်သည်။ လူမျိုးခြား၊ ဘာသာခြားနိုင်ငံရပ်ခြား၌ လူမျိုးခြားဘာသာခြားတို့နှင့် ယှဉ်ပြိုင်ရလျှင် မိမိတွင် ရဲရဲတောက်ပညာမရှိမူ ရှုံးနိမ့်ရမည်ဖြစ်သောကြောင့် ပညာရေးပြည့်စုံစေရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ကြည်ညိုဖွယ်ရာ တွေ့ရသည်။

ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရကား ပညာရေးဆိုင်ရာကြိုးပမ်းခြင်း၊ ဗုဒ္ဓသာသနာတည်တံ့ပြန့်ပွားရေးအတွက် ကြိုးပမ်းခြင်းဖြစ်၍ ဤ၌ ရေးဖွဲ့ဆင်ယင် မော်ကွန်းတင်ပါသည်။

သာသနာပြုမော်ကွန်း . . .

ဆရာတော်သည် မိမိ၌ ပညာအရည်ချင်းပြည့်ဝသည့်အလျောက် နိုင်ငံ၊ လူမျိုး၊ ဘာသာသာသနာအတွက် ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား၊ မကြောက်မရွံ့ဆောင်ရွက်၍ နိုင်ငံခြား၌ တွေ့ရသော အခက်ခဲအမျိုးမျိုးတို့ကို ဖွဲ့၊ သတ္တိ၊ ဝီရိယတို့ဖြင့် ကျော်ဖြတ်ခဲ့သည်။

ဆရာတော်ကြီးဒေါက်တာဘဒ္ဒန္တဉာဏိဿရကား နိုင်ငံရပ်ခြားအိန္ဒိယ၌ ဗုဒ္ဓသာသနာတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာတွင် သီးခြားတစ်ပါးတည်းဆောင်ရွက်ခြင်း၊ ဘာသာရေးအဖွဲ့အသီးသီးတို့တွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအကျိုးတော်ဆောင်၊ အမှုဆောင်အဖွဲ့ဝင်၊ နာယက စသည်ဖြင့် တာဝန်အမျိုးမျိုးထမ်းဆောင်၍ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ ဆောင်ရွက်ဆဲဖြစ်သည်။

ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ အဂ္ဂမဟာပဏ္ဍိတ၏ ဗုဒ္ဓသာသနာပြုစိတ်ဓာတ် ထက်ထက်သန်သန် အောင်မြင်စွာစွမ်းဆောင်ခြင်းတို့ကို ထင်ထင်ရှားရှား သိမြင်ကြရသောကြောင့် အိန္ဒိယနိုင်ငံတော်စရိတ်ဖြင့် ဗုဒ္ဓဘာသာကွန်ဖရင့်များသို့ တက်ရောက်ခဲ့ရသည်။

(၁၉၈၀)ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကျင်းပသော အာရှတိုက်ဗုဒ္ဓဘာသာကွန်ဖရင့်၊ (၁၉၈၆) ခုနှစ်တွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်၊ (၁၉၈၆)ခုနှစ်မှာပင် လာအိုနိုင်ငံ ဗီယန်ရှင်းမြို့၌ ကျင်းပသော အာရှတိုက်ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့် (ဒုတိယခေါင်းဆောင်တာဝန်)၊ (၁၉၈၈)ခုနှစ် ထိုင်ဝမ်နိုင်ငံ တိုင်ပေမြို့၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်၊ (၁၉၉၂)ခုနှစ် စက်ာပူနိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်များသို့ တက်ရောက်၍ ဗုဒ္ဓဘာသာကမ္ဘာ့နိုင်ငံအသီးသီးတို့ ပြန့်ပွားဖွံ့ဖြိုးစေရန်အတွက် ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ရာ ပရိသတ်တို့၏ လေးစားချီးကျူးခြင်း ခံခဲ့ရသည်။

ဗုဒ္ဓဘာသာသာသနာပြုဆောင်ရွက်ရာ၌ ဆရာတော်ကြီးဒေါက်တာဘဒ္ဒန္တဉာဏိဿရကား အံ့သြဖွယ်ရာဖြစ်သည်။ (၁၉၆၅)ခုနှစ် ဂေါရခပူရ်ခရိုင်တွင် ဟိန္ဒူဘာသာဝင်ပေါင်း (၃၆၅)ယောက်တို့ကို ဗုဒ္ဓဘာသာသို့ စတင်ဝင်ရောက်စေပြီးလျှင် ကုသိနာရုံ၊ ဂေါရ်ကဒ္ဒ ပူရ်၊ ဗဆတီး၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ လက္ခနောင်း၊ ကန်နပူရ်၊ သက်ဿနဂိုရ်၊ အာဂရာ၊ အေလာဟာဘာဒ်၊ ဗာရာဏသီ၊ ဂျန်ဆီ၊ ဂွာလောင်း၊ ပေါက္ခရာ၊ ယန်း စသော ယူပီပြည်နယ် နေရာပေါင်းစွာတို့တွင် သိန်းပေါင်းများစွာသော ဟိန္ဒူဘာသာတို့ကို ဗုဒ္ဓဘာသာသို့ ဝင်ရောက်ကူးပြောင်းစေခဲ့သည်။

အထူးသဖြင့် . . . (၁၉၈၉)ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်၊ အာဂရာ၌ ကျင်းပသော ဗုဒ္ဓဘာသာသို့ ကူးပြောင်းဝင်ရောက်ခံယူပွဲတွင် လူပေါင်း (၅)သိန်းကျော်၊ (၁၉၉၃)ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက်နေ့ ကုသိနာရုံ၌ ကျင်းပသော ဗုဒ္ဓဘာသာသို့ ကူးပြောင်းခံယူပွဲတွင် ရဟန်း (၃၃)ပါး၊ ရှင် (၂၄၀)ပါးနှင့် လူပေါင်း (၁)သိန်းကျော်တို့ကို အောင်မြင်စွာ စည်းရုံး၍ ဗုဒ္ဓဘာသာဖြစ်စေခဲ့သည်။ ထို့ပြင် အခါအားလျော်စွာ ဗီဟာပြည်နယ်၊ မဟာရာဆတြရပြည်နယ်၊ ရာဂျဆထန်းပြည်နယ်၊ ဂုဂျရတ်ပြည်နယ်၊ ဟရိယာနာပြည်နယ်၊ ဝိဂျာမ်ပြည်နယ်၊ ဒေလီပြည်နယ်၊ အာသံပြည်နယ် စသော ပြည်နယ်များသို့ ကြွရောက်၍ ဘာသာခြားတို့ကို ဗုဒ္ဓဘာသာသို့ ဝင်ရောက်ကူးပြောင်းအောင် ဟောပြောစည်းရုံးဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် (၁၃၇၂)ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့၊ နာဂပူရ်မြို့နှင့် အနီးဝန်းကျင်တို့၌ လူပေါင်း

(၂၅)သိန်း၊ (၁၉၉၃)ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်နေ့တွင် ဗိဟာပြည်နယ် ပတ္တနားမြို့တော်၊ ဂန္ဒီမိုက်ဒန်းတွင် လူပေါင်း (၃)သိန်းတို့ကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းရောက်ရှိစေခဲ့သည်။

ထို (၁၉၉၃)ခုနှစ် ကျင်းပသော သာသနာပြုပွဲတော်ကြီးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော်ကိုယ်တိုင် ကြွရောက်ချီးမြှောက်အားပေးတော်မူခဲ့သည်။

ထို့ပြင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ မြန်မာ၊ အင်္ဂလိပ်၊ ဟိန္ဒူဘာသာတို့ဖြင့် ဗုဒ္ဓစာပေများ ရေးသား၍ စာအုပ်ထုတ်ဝေခြင်း၊ မဂ္ဂဇင်းဂျာနယ်တို့တွင် ရေးသားခြင်း၊ မာမာဟာရိဗလ (ကုသိနာရုံ) အိန္ဒိယ မောင်ဉာဏ်စိုး စသော ကလောင်အမည်များဖြင့် စာအုပ်စာပေဆောင်းပါးများ ရေးသားခဲ့၊ ရေးသားဆဲဖြစ်သည်။

ဤသို့ မြန်မာရခိုင်ရဟန်းတစ်ပါးအနေဖြင့် နိုင်ငံရပ်ခြား အိန္ဒိယ၌ ရဲရဲဝံ့ဝံ့ ဗုဒ္ဓဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ လူမှုရေးတို့၌ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းကား အထူးချီးကျူးအံ့ဩဖွယ်ရာဖြစ်သည်။

ထိုသို့ ဆောင်ရွက်နိုင်ခြင်းကြောင့် ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် ထင်ရှားကျော်စောသော သူရဲကောင်းသာသနာပြုဆရာတော်ဖြစ်၍ ဂုဏ်ပြုပူဇော်အပ်ကြောင်း ဤသို့ ရေးဖွဲ့ဆင်ယင် မော်ကွန်းတင်ပါသည်။

ပုဂ္ဂိုလ်ကျော်များမော်ကွန်း ...

မြန်မာနိုင်ငံသမိုင်းတွင် ခေတ်အလျောက်နိုင်ငံ၊ လူမျိုးဘာသာသာသနာအတွက် ရဲရဲတောက်ဆောင်ရွက်ခဲ့ကြသော ဘာသာရေး၊ သာသနာရေး၊ သူရဲကောင်းဆရာတော်ကြီးများ၊ နိုင်ငံရေး၊ စစ်ရေးသူရဲကောင်းများ ပေါ်ထွန်းခဲ့ကြသည်။

ဗုဒ်အစ၊ ဗုဒ်အလယ်၊ ဗုဒ်အဆုံးဟု ထင်ရှားကျော်စောသော ညောင်ကန်ဆရာတော်ဦးဗုဒ် (ဗုဒ်အစ= ဗုဒ္ဓ၊ ဗုဒ်အလယ်=ဗုဒ္ဓဃောသ၊ ဗုဒ်အဆုံး=ဦးဗုဒ်) ကျမ်းပေါင်းတစ်ရာကျော်ပြုစုခဲ့သော လယ်တီဆရာတော်ကြီးကျယ်ခမ်းနားသော ပရိယတ္တိစာသင်တိုက်ကြီးတို့ကို တည်ထောင်ခဲ့ကြသော မစိုးရိမ်ဆရာတော်၊ မင်းကွန်းတိပိဋကရေဆရာတော်၊ ကမ္မဋ္ဌာန်းဝိပဿနာတရားအားထုတ်နည်းတို့ကို စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြသော မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော် စသော ပရိယတ္တိ၊ ပဋိပတ္တိသာသနာထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ကြသော ရဲရဲတောက်သူရဲကောင်းဆရာတော်ကြီးများ။

မြန်မာနိုင်ငံကော်အား နိုင်ငံရေးအသိပညာနိုးထပွင့်လင်းကျယ်ပြန့်စေခဲ့သော ဆရာတော်ဦးဥတ္တမ၊ ဆရာတော် ဦးဝိစာရ၊ မြန်မာနိုင်ငံတော်ကို ခေတ်အလျောက်

စည်ပင်ပြန့်ပွားအောင် တည်ထောင်ခဲ့ကြသော အနော်ရထာ၊ ဘုရင့်နောင်ဦးအောင်ဇေယျ၊ စစ်ရေးဖြင့် မြန်မာတို့၏ သူရသတ္တိဂုဏ်ရည်ကို ရဲရဲတောက်စေခဲ့သော သူရဲကောင်း မဟာဗန္ဓုလ စသော ရဟန်းရှင်လူပုဂ္ဂိုလ်ကျော်တို့သည် မိမိတို့ကြုံရဆုံရသော အချိန်အခါဘဝအားလျော်စွာ မြန်မာနိုင်ငံ၏ ဘာသာရေး၊ သာသနာရေး၊ နိုင်ငံရေး၊ စစ်ရေးတို့ကို ရဲရဲတောက်ဆောင်ရွက်ခဲ့ကြသဖြင့် ချီးကျူးဂုဏ်ပြုအပ်သော ပုဂ္ဂိုလ်ကျော်များဟူ၍ ဤ၌ ရေးဖွဲ့ဆင်ယင်မော်ကွန်းတင်ပါသည်။

မော်ကွန်းတင်ရခြင်းအကြောင်း

ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် ရှေးခေတ်၌ ပေါ်ထွန်းခဲ့ကြသော ဘာသာရေး၊ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်တို့ကဲ့သို့ပင် ဗုဒ္ဓဘာသာသာသနာ တည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံရပ်ခြား၌ သိတင်းသုံးလျက် ရှုပ်ရှုပ်ချွန်ချွန်ရဲရဲဝံ့ဝံ့အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းကြောင့် ချီးကျူးဂုဏ်ပြုအပ်သော မထေရ်မြတ်ဟူ၍ ဤ၌ မော်ကွန်းတင်ခြင်းဖြစ်သည်။

ဘွဲ့မြတ်မော်ကွန်း ...

ထိုကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ပရဒေသီဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား ဂုဏ်ပြုပူဇော်သောအားဖြင့် (၁၉၅၄)ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့၊ (၁၉၆၆)ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း၍ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ် လက္ခနောင်းမှ ဗုဒ္ဓဘာသာသာသနာပြုအကောင်းဆုံးဘွဲ့တော်၊ ကနပူရ်မှ ဗုဒ္ဓသာသနာတော်အကောင်းဆုံးဘွဲ့တော်၊ လက္ခနောင်းအစိုးရအတွင်းဝန်ချုပ်မှ **Monk in chief** ဘွဲ့တော်၊ ဗီဟာပြည်နယ်အစိုးရမှ ဝိဆွ ဗုဒ္ဓရတန (ကမ္ဘာ့သားကောင်းရတနာဗုဒ္ဓဝိသာရဒ)ဘွဲ့တို့ဖြင့် ဆက်ကပ်ပူဇော်ခြင်း ခံခဲ့ရသည်။ ထို့ပြင် "ဒေါက်တာ"ဘွဲ့ ကိုလည်း ရရှိခဲ့သည်။

ဤသို့ ပြည်တွင်းပြည်ပ ဘွဲ့ထူးဘွဲ့မြတ်တို့ဖြင့် ဂုဏ်ပြုပူဇော်ခြင်းခံရသော ဆရာတော်ကြီးအား အလေးမြတ်ပြုလျက် ဤ၌ ရေးဖွဲ့ဆင်ယင်မော်ကွန်းတင်ပါသည်။

ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ဝိဇာတ ပူဇာမင်္ဂလာသဘင်ကို ပြည်တွင်းပြည်ပ ရဟန်းရှင်လူဒါယကာ ဒါယိကာမများ စုပေါင်း၍ မွေးနေ့ဂုဏ်ပြုပူဇော်ပွဲကျင်းပခြင်း ဖြစ်သောကြောင့် ဤသက်တော် (၈၀)ပြည့်ပွဲသဘင်ကား ဆရာတော်ကြီး၏ ဘဝသမိုင်းတွင် အထူးထင်ရှားကြီးကျယ် သော မွေးနေ့အထိမ်းအမှတ် သဘင်မော်ကွန်းတင်ပွဲကြီးဖြစ်ကြောင်း ဂုဏ်ပြုမော်ကွန်းတင်ပါသည်။

"၈၀"သဘင် မော်ကွန်းတင်ပွဲ ...

ပရဒေသီအိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ် ကုသိနာရုံ မြန်မာကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ သက်တော် (၈၀)ပြည့် ဝိဇာတပူဇာ မွေးနေ့မင်္ဂလာအခါ၌ သက်တော် (၈၀)အတွင်း ဆရာတော်ကြီးဆောင်ရွက်ခဲ့သော

ပြည်တွင်းပြည်ပထင်ရှားသော ဘာသာရေး၊ သာသနာရေး၊ မော်ကွန်းတင်ဖွယ်ရာအဖြာဖြာတို့ကို ဤ၌ အကျဉ်းမျှဖော်ပြခြင်းဖြစ်သည်။

အထူး ... ဆရာတော်ကြီးဆောင်ရွက်ခဲ့သော မော်ကွန်းတင်ဖွယ်ရာတို့ကား များပြားလှသဖြင့် အပြည့်အစုံမဖော်ပြနိုင်ခြင်းကို ခွင့်လွှတ်စေလိုပါသည်။

အောင်မြင်ရေးကျင့်စဉ်မော်ကွန်း ...

အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရကား မြန်မာရခိုင်ဇာတိဖြစ်၍ အိန္ဒိယ၌ နေထိုင်ကာ ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ လူမှုရေးအဖြာဖြာတို့ကို ဆောင်ရွက်ရာတွင် အောင်မြင်ကျော်ကြားသော နိုင်ငံကျော် ကမ္ဘာကျော်ဆရာတော်ကြီးဖြစ်သည်။

ထိုဆရာတော်ကြီး၏ အောင်မြင်ရေးကျင့်စဉ်တို့သည် အနာဂတ်မျိုးဆက်သစ်လူငယ်တို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်သဖြင့် ဤ၌ ဖော်ပြ၍ ရေးဖွဲ့ဆင်ယင်မော်ကွန်းတင်ပါသည်။

အောင်မြင်ရေးကျင့်စဉ်

- အလုပ်ကို ရိုသေလေးစား ထကြွနိုးကြား ဝီရိယထားပါ။
- မာနကိုထိန်းပြီး ဒိတ်ဆွေဉာဏ်တို့ကို ချီးမြှောက်ပါ။
- ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားပါ။
- ကျေးဇူးပြုပါ။ ကျေးဇူးဆပ်ပါ။ ကျေးဇူးသိတတ်ပါ။
- သည်းခံသင့်သည်ကို သည်းခံ၍၊ ဩုးခြံကာ ဗဟုသုတသိမ်းရှာဖွေပါ။
- ရဲရင့်ပြတ်သားစွန့်စားရန်ကိစ္စကို ချင့်ချိန်နှိုင်းဆကာ သတိနှင့်လုပ်ပါ။
  အမှန်တရားလုပ်ရာတွင် ကြောက်လန့်စရာလုံးဝမလိုပါ။
- ဆန္ဒမစောဘဲ ယောနိသောမနသိကာရကို နှလုံးသွင်း၍ ပစ္စုပ္ပန်အခြေအနေတွေကို အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် သုံးသပ်ဆုံးဖြတ်လုပ်ဆောင်ပါ။
- လောကဓမ္မကို ရင်ဆိုင်ရဲအောင်ကြိုးစားပါ။ သူများကို မကဲ့ရဲ့ မရှုတ်ချပါနဲ့ မကောင်းမှုခံရတိုင်း စိတ်အားမငယ်ပါနဲ့ ပြုံးရွှင်မှုဖြင့် အားလုံးအောင်မြင်မှု ရတတ်ပါတယ်။
- ပျက်စီးဆုံးရှုံးရမှာကို မကြောက်တဲ့ အကောင်းဆုံးအတွေ့အကြုံကို အရင်းတည်ပြီး ထူးချွန်ပေါက်မြောက်အောင် ကြိုးစားသွားကြပါ။

ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ဝိဇာတပူဇာမင်္ဂလာသဘင်ကို ပြည်တွင်းပြည်ပ ရဟန်းရှင်လူဒါယကာဒါယိကာမများ စုပေါင်း၍ မွေးနေ့ဂုဏ်ပြုပူဇော်ပွဲကျင်းပခြင်းဖြစ်သောကြောင့် ဤသက်တော် (၈၀)ပြည့်ပွဲသဘင်ကား ဆရာတော်ကြီး၏ ဘဝသမိုင်းတွင် အထူးထင်ရှားကြီးကျယ်သော မွေးနေ့အထိမ်းအမှတ် သဘင်မော်ကွန်းတင်ပွဲကြီးဖြစ်ကြောင်း ဂုဏ်ပြုမော်ကွန်းတင်ပါသည်။

ဆုတောင်း ...

ဤသို့ (၈၀)သဘင်မော်ကွန်းတင်ပွဲ၊ ဆင်နွဲကြသို့၊
(၉၀)သဘင်၊ တစ်ရာတွင်လည်း၊ ကြည်လင်မျက်နှာ၊
ပြုံးချိုစွာဖြင့်၊ ညီညာရွှင်ပျ၊ ကျင်းပကြဖို့၊ပေါင်းဆုံစို့။

ကျမ်းကိုး

၁။ စိန်ရတုဖော်ညွှန်းမြတ်မော်ကွန်းစာစောင်။
၂။ အိန္ဒိယနိုင်ငံယူပီပြည်နယ် ကုသိနာရုံမြန်မာကျောင်းဆရာတော်။

စိတ်မိုး



ဓနသိုက်ရှင် (မူလ)
သာသနာ့အောင်ပွဲ ခြိမ့်ခြိမ့်သဲ

သာသနာ့အောင်ပွဲ ခြိမ့်ခြိမ့်သဲ- အောင်သူရိန်(ပုလဲ)

ဟေမာန်ကာလ ညနေဆည်းဆာချိန်တွင် ဟေမဝန်တောကြီးအတွင်းမှ ထွက်လာသော အရာနှစ်ခုမှာ အရှေ့နှင့် အနောက်သဖွယ် ဆန့်ကျင်နေ၍ တွေ့မြင်ရသူတို့အတွက် ထူးဆန်းသည့်မြင်ကွင်းကဲ့သို့ ဖြစ်တည်နေပါသည်။

ပုဂံမြို့၏ နယ်စွန်နယ်ဖျားနေ ဇနပုဒ်သားများသာမက မြို့သူမြို့သား နန်းတွင်းသူ နန်းတွင်းသား မြင်တွေ့သူအားလုံးတို့၏ မနောအာရုံထဲတွင် သို့လောသို့လောနှင့် တွေးတောစဉ်းစားစရာဖြစ်နေသည်။

မှန်၏ ....။

ယင်းမြင်ကွင်းမှာ အခြားတော့မည်မဟုတ်။ သတ္တဝါတို့ကို သေစေတတ်သော လေးမြားစသည်ဖြင့် ကိုင်ဆွဲပြီး ရှေ့မှဦးဆောင်သွားနေသည့် သန်မာထွားကျိုင်းသူ တောလိုက်မုဆိုးကျော်ကြီးကိုတော့ ဇနပုဒ်သားကအစ မြို့သူမြို့သားအဆုံး အတော်များများ သိရှိကြသည်။

နိစ္စရူဝ သားကောင်များကို သတ်ဖြတ်ကာ အသက်မွေးဝမ်းကျောင်းပြုနေသူ မုဆိုးကျော်ကြီး၏ နောက် မလှမ်းမကမ်းမှာ ပါလာသူကတော့ အဖြူနှင့်အမည်း အလင်းနှင့်အမှောင်ဆိုရမလို ပရိက္ခရာကိုလွယ်၊ ယပ်တောင်တစ်ချောင်းကိုကိုင်ပြီး စက္ခုန္ဒြေချကာ အေးချမ်းတည်ငြိမ်စွာ အဆင်းနှင့် ကြည်ညိုဖွယ်ကောင်းလှသော အဝါရည်သင်္ကန်းဆင်မြန်းထားသူ အရှင်တစ်ပါးကိုတော့ အထူးအဆန်းဖြင့် ကြည့်ရှုအကဲခတ်နေကြပါလေသည်။

မုဆိုးကြီး၏ မျက်နှာမူယာ သွင်ပြင်လက္ခဏာကလည်း အခါတိုင်းနှင့်မတူ ကျေနပ်ဝမ်းသာပီတိဖြာနေသည့်အသွင်မျိုး ထူးထူးခြားခြားဖြစ်နေသည်ဟု မြင်တွေ့သူများက မှတ်ချက်ပြုနေကြသည်။ မည်သူတွေမည်သို့ အကဲခတ် မှတ်ချက်ပေးပေး မုဆိုးကြီးကတော့ ဒီဇမ္ဗူ သူလိုလူမရှိဘူးဆိုသည့် ဟန်နှင့် ပတ်ဝန်းကျင်ကို ဂရုမထားဘဲ ဘုရင်မင်းမြတ်စိုးစံရာ နန်းတော်ဆီသို့သာ အမြန်ရောက်ရေး ခရီးနှင်လျက်ရှိနေပါတော့သည်။

× × × × × × × ×

"ဘုန်းတော်ကြီးမားလှသော ပုဂံပြည့်ရှင်မင်းမြတ်ကြီးဘုရား၊ ကျွန်တော်မျိုး ရိုသေစွာ လျှောက်ထားပါရစေ။ ကျွန်တော်မျိုး တောလည်သွားရာမှာ အရည်းကြီးတို့နဲ့ လုံးဝမတူတဲ့ အရှင်မြတ်တစ်ပါးကို ဖူးတွေ့ရလို့ မင်းကြီးရဲ့ ရွှေနန်းတော်အရောက် ပင့်ဆောင်လာပါတယ်ဘုရား"

မုဆိုးကျော်ကြီးသည် နန်းတော်သို့ရောက်ချိန်တွင် ပင့်ဆောင်လာသော အရှင်မြတ်ရှေ့မှ အမြန်သွားကာ မင်းကြီးအား လျှောက်ထားခြင်းဖြစ်သည်။ မုဆိုးကြီးစကားအဆုံးတွင် ဘုရင်ကြီးအပါအဝင် မှူးကြီးမတ်ရာ သံပျင်အားလုံးတို့သည် အရှင်မြတ်ကြွလာရာဆီသို့ အကြည့်များ ရောက်ရှိသွားသည်။

ထမ်းပိုးတစ်ပြန်မျှသာ ကြည့်ပြီး တည်ငြိမ်အေးချမ်းစွာနှင့် လှမ်းကြွလာနေသော အရှင်မြတ်ကို မြင်တွေ့သွားသောအခါ မင်းကြီးသည် ရာဇပလ္လင်ထက်မှ ဆင်းမိလျက် ဖြစ်သွားသည်။ တစ်ဆက်တည်းဆိုသလို အတွေးတစ်ခုလည်း ဝင်လာသည်။ ဤပုဂ္ဂိုလ်သည် ယုတ်သောသူ မဟုတ်တန်ရာ၊ မြင့်မြတ်သောသူသာ ဖြစ်နိုင်ချေရှိ၏။ ဖြူစင်သောနှလုံးသား၊ ရှင်ပြသောအပြုံးများနှင့် အရှင်မြတ်ကို ခရီးဦးကြိုဆိုလေသည်။

"အရှင်မြတ်နဲ့ လျောက်ပတ်မယ်ထင်တဲ့နေရာမှာ ထိုင်တော်မူပါ"

ပညာရှိသော မင်းကြီးပီပီ အရှင်မြတ်အား စူးစမ်းလျှောက်ထားလိုက်သည်။ ဤပုဂ္ဂိုလ်သည် မြတ်သောပုဂ္ဂိုလ်ဖြစ်လျှင် မြတ်သောနေရာတွင် ထိုင်မည်။ ယုတ်နိမ့်သောသူဖြစ်

*“ဒကာတော်မင်းမြတ်
ငါ၏ အမျိုးအနွယ်သည်ကား
အရဟံအစ ရှိသော ဂုဏ်တော်ကိုးပါး
ဣဿရိယ အစရှိသော
ဘုန်းတော်ခြောက်ပါး ဉာဏ စသော
အစိန္တေယျ ရှိတော် မူသော
အမျိုးအနွယ်ဖြစ်ပေသည်။
ထို သမ္မာသမ္ဗုဒ္ဓ ခက်ခဲနက်နဲလှစွာ သော
အာဏာဒေသနာတော်မှလာ သော
အဆုံးအမကို ခံယူပါတယ်
ဒကာတော်မင်းကြီး”*

လျှင် ယုတ်နိမ့်သောနေရာတွင် ထိုင်မည်ဟူသော အကြံအစည်များနှင့် စကားကြောင်း လျှောက်ထားလိုက်ခြင်းဖြစ်ပေသည်။

အရှင်မြတ်သည် မင်းကြီး လျှောက်သောစကား ကြားတော်မူလိုက်သည်နှင့် နန်းတော်ထဲတွင် အမြင့်မြတ်ဆုံးသောနေရာဖြစ်သည့် ရာဇပလ္လင်ထက်၌ တည်ငြိမ်စွာ သီတင်းသုံးနေတော်မူလိုက်သည်။

“အရှင်မြတ်သည် ဘယ်အမျိုးအနွယ်ဖြစ်ပါသနည်း။ အဘယ်အရပ်က ကြွလာပါသနည်း။ အဘယ်သူ၏ အဆုံးအမကို ခံယူပါသနည်း”

မင်းကြီးသည် တည်ငြိမ်စွာ သီတင်းသုံးနေတော်မူသော အရှင်မြတ်အား လေးစားကြည်ညိုစိတ်နှင့် မေးခွန်းများကို မေးနေလေသည်။ သူ၏ နန်းတော်သို့ လာနေကျဖြစ်သော အရည်းကြီးရှင်ယောင်များနှင့် လုံးဝမတူ ဣန္ဒြေသိက္ခာအပြည့်ဖြင့် တမူထူးခြားမှုရှိနေသည်ဟုလည်း ကောက်ချက်ချမိနေသည်။

“ဒကာတော်မင်းမြတ် ငါ၏ အမျိုးအနွယ်သည်ကား အရဟံအစရှိသော ဂုဏ်တော်ကိုးပါး ဣဿရိယအစရှိသော ဘုန်းတော်ခြောက်ပါး ဉာဏ စသော အစိန္တေယျ ရှိတော်မူသော အမျိုးအနွယ်ဖြစ်ပေသည်။ ထို သမ္မာသမ္ဗုဒ္ဓ ခက်ခဲနက်နဲလှစွာသော အာဏာဒေသနာတော်မှလာသော အဆုံးအမကို ခံယူပါတယ် ဒကာတော်မင်းကြီး”

အရှင်မြတ်၏ နှုတ်တော်မှ ထွက်ပေါ်လာသော စကားလုံးများကို နာခံမှတ်သားနေသော မင်းကြီးသည် သမ္မာသမ္ဗုဒ္ဓဟူသော စကားများကို ကြားနာလိုက်ရသည့်အခါဝယ် ပီတိစိတ်တွေဖြစ်ပေါ်လာ၍ ဘုရားရှင်ကို တွေ့မြင်လိုသည့်စိတ်များ အတိုင်းအထက်အလွန် ဖြစ်ပေါ်လာသည့်နည်းတူ ဘုရားရှင်၏ အဆုံးအမများကို နာယူလိုချင်သည့်စိတ်များလည်း တဖွားဖွား ဖြစ်ပေါ်လာလေသည်။

“အရှင်မြတ်ဘုရား ... တပည့်တော်အား တရားတော် တစ်စိတ်တစ်ဒေသမျှ ချီးမြှင့်ပေးသနားတော်မူပါဘုရား”

ပလ္လင်ထက်ဝယ် သီတင်းသုံးနေတော်မူသော အရှင်မြတ်သည် မင်းကြီး၏ ရုပ်လက္ခဏာတော်ကို ကြည့်ရှုဆင်ခြင်ပြီး ဗုဒ္ဓဘာသာသာသနာတော်ကို ကြည်ညိုဝပ်တွား အထွတ်အမြတ်ထားမည့် ပုံဟန်အသွင်ရှိတော်မူသဖြင့် တရားတော်ကို ဟောကြား

တော်မူလေသည်။

ပုဂံပြည့်ရှင်မင်းကြီးသည် အရှင်မြတ်၏ တရားတော်နှစ်ပါဒမျှကို နာကြားရရုံမျှဖြင့် သူ အုပ်ချုပ်စိုးစံနေသော ပုဂံပြည်ကြီးဝယ် သူ၏ ဘေးလောင်းတော် ဘိုးလောင်းတော်တို့ ကိုးကွယ်ခဲ့ကြသည့် အရည်းကြီး (တိတ္ထိ)တို့၏ အယူမှားမှုကို သိမြင်လာကာ အရှင်ဟောကြားသော တရားတော်နှင့်အညီ ဗုဒ္ဓ၏ သာသနာတော်ကို ကြည်ညိုခြင်းနှင့်အတူ သာသနာပြုတော်မူလေတော့သည်။

"ကျေးဇူးကြီးမားလှသော အရှင်မြတ်ဘုရား၊ သမ္မာသမ္ဗုဒ္ဓ အမည်ရှိသော ဘုရားရှင်ဆိုတာ ဘယ်အရပ်မှာ ရှိပါသလဲ၊ ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော်ရဲ့အရေအတွက်က အဘယ်မျှရှိပါသလဲ၊ ဘုရားရှင်၏ တပည့်သားတော်သည် အရှင်မြတ်မှတစ်ပါး အခြားရှိပါသေးလား၊ သည်းခံ၍ မိန့်ကြားတော်မူပါဘုရား"

မင်းကြီး၏ သိလိုဇောနှင့် မေးမြန်းလာသော မေးခွန်းများကို အရှင်မြတ်က စိတ်ရှည်ရှည်နှင့် ဖြေကြားရာတွင် သုံးလောကထွဋ်ထား မြတ်စွာဘုရားပွင့်တော်မူသည်မှစကာ နောက်ဆုံး ပရိနိဗ္ဗာန်ပြုသွားလေသည့် တိုင်အောင် မင်းကြီးနှင့် ပရိသတ်အပေါင်းတို့ နားလည်သဘောပေါက်လွယ်အောင် ဗုဒ္ဓဝင်ကို အကျယ်ခဲ့ ဟောကြားတော်မူလေသည်။

"ဒကာတော်မင်းကြီး ... မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတော်သည် ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိပြီး မဇ္ဈိမဒေသဝယ် သင်္ဂါယနာသုံးကြိမ်တင်ထားကြောင်း၊ သီဟိုဠ်မှတစ်ဆင့် သုဝဏ္ဏဘုမ္မိ သထုံပြည်ဝယ် ပိဋကတ်တော်များ ရောက်ရှိလာပုံတို့ကို မြတ်စွာဘုရား၏ သားတော်များက အသက်နှင့်ထပ်တူ ထိန်းသိမ်းထားပုံများရှိပါကြောင်း" ဟောဆိုညွှန်ပြမိန့်ကြားတော်မူလေသည်။

"အရှင်မြတ်ဘုရား ... တပည့်တော် နားလည်သဘောပေါက်ပါပြီ၊ တပည့်တော်မှာ အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာ မရှိတော့ပါ။ အရှင်မြတ်၏ အဆုံးအမဩဝါဒကို ခံယူရင်း သာသနာပြုပါရစေဘုရား"

ပုဂံပြည့်ရှင်အနော်ရထာမင်းစောသည် ဗုဒ္ဓ၏ အစစ်အမှန်တရားတော်၏ အဆုံးအမများကို ကြားနာလိုက်ရပြီဖြစ်၍ သဒ္ဓါအဟုန်ကြီးမားသွားလေသည်။ ထို့နောက် ဘေးလောင်းတော် ဘိုးလောင်းတော်မင်းများ အဆက်ဆက်က အယူမှားပြီး ကိုးကွယ်ခဲ့ကြသော အရည်းကြီးရှင်ယောင်တို့၏ မိစ္ဆာအယူတို့ကို စွန့်လိုက်လေသည်။

သာသနာပြုမင်းကြီးနည်းတူ ပုဂံပြည်သူပြည်သားတို့သည်လည်း မြတ်စွာဘုရားရှင်၏ တရားစစ်တရားမှန်ကို သိရှိကာ ကြည်ညိုသွားကြပြီး အရည်းကြီးရှင်သမထီးတို့ အယူဝါဒကို စွန့်ပယ်လိုက်ကြတော့သည်။

အထက်ပါသတင်းစကားကို သမထီးအရပ်ရှိ ခေါင်းဆောင်အရည်းကြီးသုံးကျိပ်နှင့် တပည့်ခြောက်သောင်းတို့ ကြားလေသော် ဆတ်ဆတ်ခါအောင် နာကျင်သွားကြလေတော့သည်။ သူတို့အတွက် လာဘ်လာဘတွေ ပန်းဦးလွှတ်ပူဇော်ပွဲတွေ ရောက်လာကြတော့မည်မဟုတ်ကြောင်း နားလည်သွားသည်နှင့်အညီ ဒေါသယမ်းအိုးတို့ ပေါက်ကွဲကုန်ကြသည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းစောသည် စဉ်းစားဆင်ခြင်ဉာဏ်ရှိသော မင်းကြီးဖြစ်သည့်အားလျော်စွာ အရည်းကြီးတို့က ရန်ညှိုးထားလာမည်ဟု ကြိုတင်သိမြင်ထားပြီးဖြစ်သည်။

"မင်းကြီးများ .. ငါ၏ နိုင်ငံတော်မှာ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားလာပြီဆိုတာနဲ့ အရည်းကြီးတွေက သာသနာပြုအရှင်မြတ်နဲ့တကွ သံဃာတော်တွေကို ရန်ရှာလာကြလိမ့်မယ်။ ဒီတော့ မှူးမတ်များက ကြိုးကြပ်ပြီး စစ်သည်မိုလ်ပါတွေနဲ့ သမထီးအရပ်ကို ချီတက်လို့

***"မင်းကြီးများ ..
ငါ၏ နိုင်ငံတော်မှာ ဗုဒ္ဓသာသနာတော်ကြီး
ထွန်းကားလာပြီဆိုတာနဲ့
အရည်းကြီးတွေက
သာသနာပြုအရှင်မြတ်နဲ့တကွ
သံဃာတော်တွေကို ရန်ရှာလာကြလိမ့်မယ်။
ဒီတော့
မှူးမတ်များက ကြီးကြပ်ပြီး
ခမ်းသည်ဗိုလ်ပါ တွေနဲ့ သမထီးအရပ်ကို
ချီတက်လို့ အရည်းကြီးဂိုဏ်းသားတွေကို
ဝိုင်းရံထားကြ၊
သင့်တော်သလို စီရင်ကြစေ"***

အရည်းကြီးဂိုဏ်းသားတွေကို ဝိုင်းရံထားကြ၊ သင့်တော်သလို စီရင်ကြစေ"

မှူးမတ်သံဗျင်များသည် မင်းကြီးအမိန့်တော်ကို ဦးထိပ်ပန်ဆင်ကာ သမထီးအရပ်ရှိ အရည်းရှင်ယောင်တို့၏ ပရိဝုဏ်ကြီးကို စစ်သည်တော်များနှင့် ဝိုင်းပတ်ထားလိုက်လေသည်။ ခေါင်းဆောင်များနှင့်တကွ နောက်လိုက်ခြောက်သောင်းကို လူဝတ်လဲစေသည်။ လူဝတ်လဲပြီးသောအခါ စစ်သည်တော်ထဲဝင်စေပြီး အဲမောင်းလုံကိုင် မြင်းချေးကျုံး၊ ဆင်ချေးကျုံး စသည်များကို ခိုင်းစေလေတော့သည်။ ပုဂံပြည်တွင် နှစ်ပေါင်းများစွာ မင်းမူခဲ့သော အရည်းကြီးရဟန်းယောင်တို့၏ မိစ္ဆာအယူများကြီးလည်း ချုပ်ငြိမ်းသွားစေသည်။

ထို့နောက်ပိုင်းတွင် ပိုမိုထူးခြားလာသည်မှာ သထုံပြည်မှ ရဟန်းသာမဏေများ တဖွဲဖွဲရောက်ရှိလာကာ အရှင်မြတ်၏ သာသနာပြုလုပ်ငန်းများကို အကူအညီပေးကြလေသည်။ ပုဂံပြည်ကြီးလည်း သာသနာအရောင် ထွန်းပြောင်လာချေသည်။

ဗုဒ္ဓ၏သာသနာတော်ကို ကြည်ညိုကိုးစားကြသော အမျိုးကောင်းသားသမီးတို့၏ ကလေး၊ လူငယ်လူရွယ်များကို ရှင်သာမဏေဝတ်ပေးသူကပေး၊ ရဟန်းပြုပေးသူကပေးနှင့် ပုဂံပြည်ကြီးတစ်ခုလုံး ဗြောစည်သံ တည်ညံနှင့် "ခြိမ့်သဲပျော်ရွှင် သာသနာ့အောင်ပွဲသဘင်"ကြီး ဆင်ယင်ကျင်းပနေသည်မှာ သည်းတုံ အူတုံ ဖြစ်နေပါတော့သည်။

"အိမ်း"ငါ၏ ဘေးလောင်းတော် ဘိုးလောင်းတော်တို့မှာ အရည်းကြီးတို့၏ အယူကိုယူပြီး ကွယ်လွန်သွားကြလေပြီ၊ ပြန်ယူ၍ ရပါမှုကား ယူချင်စမ်းပါဘိတော့နော်"

သာသနာတော် ထွန်းလင်းတောက်ပလာသည့်ဖြစ်အင်ကို ကြည့်ကာ အနှစ်သာရမရှိသော အယူများကို ယူပြီး ဘဝအဆုံးသတ်သွားရှာကြသော ဘေးလောင်းတော်၊ ဘိုးလောင်းတော် အပေါင်းကို တမ်းတမှန်းဆရင်း ဦးခိုက်နေမိလေသည်။

ပုဂံပြည့်ရှင်မင်းကြီးအတွက် အထူးပင် ကံကောင်းလေစွ၊ လူ့ဘဝဖြစ်အင်ကို အရတော်ခဲ့လေပြီ။ ဗုဒ္ဓ၏ စစ်မှန်သော အယူဝါဒကို ဆောင်ယူလာသည့် အရှင်မြတ်နှင့်တွေ့ကာမှ စစ်မှန်သော ကိုးကွယ်မှုရရှိခဲ့သည်။

ပုဂံပြည်သို့ ဗုဒ္ဓမြတ်စွာဘုရား

ယနေ့ဗုဒ္ဓသာသနာ

ဗုဒ္ဓဘာသာ အကောင်းဆုံးလို့
တစ်ကမ္ဘာလုံးက ရွေးခဲ့တယ်။
သဘာဝကိုအခြေခံထားတော့
သိပ္ပံဆရာများမငြင်းပယ်။
ကြောင်းကျိုးဖြစ်စဉ်နိယာမနဲ့
အနတ္တဝါဒလမ်းပြကြယ်။
ကောင်းဆိုးနှစ်တန်ကံအကျိုးပဲ့
ဘယ်တန်ခိုးရှင်မှ မဖန်ဆင်းတယ်။
ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက်
အကြမ်းဖက်သွေးထွက်မရှိဘူးကွယ်။
ငြိမ်းချမ်းရေးကို အစဉ်ရှေးရှုတော့
ယဉ်ကျေးမှုက အဆင့်မြင့်တယ်။

ဘုရားပွင့်ရာ ဘာသာခြားတို့
ရမ်းကားချေမှုန်းခံရတယ်။
ယခုကာလ အာရှငါးသာ
ထေရဝါဒအမြစ်တွယ်။
ညောင်သီးလေးသံရှေးစကားကို
အလေးထားမှ တော်ကြမယ်။
အမျိုးဘာသာသနာရေးမို့
သမရိုးကျတွေးသင့်တယ်။
ဖွံ့ဖြိုးစေအောင်အကျိုးဆောင်ရင်းနဲ့
ပျိုးထောင်သိမ်းသွင်းများလှူငယ်။
တည်ရမယ် ... ပြန့်ရမယ်။ ။

မောင်ကျေးရှူး

၏ စိတ်မှန်သောတရားများကို ယူဆောင် ဟောကြားပေးသည့် အရှင်မြတ်ကား အခြားသူမဟုတ်ပေ။ သာသနာပြုလုပ်ငန်းမှာ ထင်ရှားလှသော "ဓမ္မဒသီ" အမည်ရှိသော "ရှင်အရဟံ"ပင် ဖြစ်ပါတော့သည်။

ရှင်အရဟံ၏ ကောင်းမှုကြောင့် အနော်ရထာမင်းစောနှင့်တကွ ပုဂံပြည်သူပြည်သားများအားလုံး စစ်မှန်သော ဗုဒ္ဓတရားတော်အောက်ဝယ် သာသနာ့အောင်ပွဲကြီး ဆင်နွှဲနိုင်ကြပြီ ဖြစ်ပါတော့သတည်း။

* ကုသိနာရုံဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တအရှင်ဉာဏိဿရ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမယေရ်မြတ်၏ သက်တော်(၈၀)ပြည့် ဝိဇာတမွေးနေ့အား ဤ ဓမ္မရသဖြင့် ပူဇော်ကန်တော့အပ်ပါသည်။

ကျမ်းကိုး။ ။ ဦးကုလား၏ မှန်နန်းရာဇဝင်တော်ကြီး

အောင်သူရိန်(ပုလဲ)

ကုသိနာရုံ မြန်မာကျောင်းမှာ သုံးရက်ကြာ

ထွန်းတောက်နိုင်

စာရေးသူသည် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ (ယခင် ဘုံဘေမြို့)ရှိ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး အထက် ဌာပနာပိတ်ပွဲ အခမ်းအနားသို့ (၂၀၀၇)ခုနှစ်က တက်ရောက်ပူဇော်ပြီး မြန်မာနိုင်ငံသို့ အပြန်ခရီးတွင် ကုသိနာရုံမြန်မာကျောင်း၏ အကျိုးတော်ဆောင်ဖြစ်သူ ရန်ကုန်မြို့နေ စာရေးဆရာမကြီး ဒေါ်ရည်လေးချို၏ ဆောင်ရွက်ပေးမှုကြောင့် ကုသိနာရုံမြန်မာကျောင်းသို့ (၂၀၀၇)ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် ရောက်ရှိခဲ့ပါသည်။ ကုသိနာရုံမြန်မာကျောင်း၏ နွေးထွေးမှုအရ စာရေးသူသည် မြန်မာကျောင်းတွင် (၁၄-၁၂-၂၀၀၇) ရက်နေ့မှ (၁၆-၁၂-၂၀၀၇)ရက်နေ့အထိ သုံးရက်ကြာနေထိုင်ခဲ့ရပြီး ကုသိနာရုံတွင်ရှိ မြတ်ဗုဒ္ဓ၏ အမွေအနှစ်နေရာများဖြစ်သော အဓိကဌာနများကို သွားရောက်ကြည့်ညို ပူဇော်ခဲ့ပါသည်။

(၁၅-၁၂-၂၀၀၇)နေ့တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုတော်မူရာ မဟာပရိနိဗ္ဗာနစေတီတော်ကြီးသို့ သွားရောက်ပူဇော်ပါသည်။ ထိုစေတီတော်ကြီးမှာ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည့်နေရာတွင် တည်ထားခြင်းဖြစ်ပါသည်။ ယင်းစေတီတော်ကြီးနှင့် ယှဉ်တွဲလျက်ရှိသော တန်ဆောင်းတော်ကြီးအတွင်းဝယ် ပရိနိဗ္ဗာနရုပ်ပွားတော်ကြီးကို ဖူးတွေ့ခဲ့ပါသည်။



ထိုဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်ဝင်စံတော်မူသည့် ပုံတော်သည် ဇရာဒုဗ္ဗလအရွယ် သက်ကြီးရွယ်အိုတစ်ဦး၏ ဘဝနိဂုံးချုပ်ပုံကို အသက်ဝင်အောင် ပီပြင်စွာပြနိုင်သည့် တစ်မူထူးခြားသော အသွင်သဏ္ဌာန်ကို ဆောင်နေပါသည်။ မျက်နှာတော်အနေသည် နာခေါင်းတော်၏ ပွယောင်းနေပုံ၊ နားရွက်တို့နောက်ကပ်နေပုံ၊ မျက်လုံးတော်တို့ ပျော့နေပုံ၊ ပါးတစ်ခြမ်းမှာ အိထွက်နေပုံနှင့် ခြေဖမိုးတော်တို့ ဖူးယောင်နေပုံတို့မှာ အလွန်တရာသဘာဝကျလှပေသည်။ သေသေချာချာကြည့်လေ အသက်ဝင်လေဖြစ်ပေ၏။ စာရေးသူအဖို့ ရှေ့ရင်ဆို့ကာ မျက်ရည်မိုး ဖြိုင်ဖြိုင်ဆွေဖြိုးခဲ့ရသော နေရာလည်းဖြစ်သည်။

ဤပရိနိဗ္ဗာန်ဝင်စံတော်မူပုံ လျောင်းတော်မူရုပ်ပွားဆင်းတုတော်ကို အေဒီ (၅)ရာစုက **ဟာရိဗလဆွာမိက** လှူဒါန်း၍ ဗိသုကာ**ဒိန**ဆိုသူက ထုလုပ်ခဲ့သည်ဟု သိရသည်။ ရုပ်ပွားတော်မှာ ဖဝါးမှ ဥဿျှောင်အထိ ပေ (၂၀)၊ ပခုံးတော်

(၅)ပေ(၆)လက်မ၊ ညောင်စောင်းမှာ အလျား (၂၃)ပေ (၉) လက်မနှင့် အနံ (၂)ပေ(၁)လက်မရှိသည်။ ညောင်စောင်း၏ အခြေတွင် ဆရာဇီဝက၊ အရှင်အာနန္ဒာနှင့် ရဟန်းကြီး သုဘဒ္ဒ စသည်တို့ ထွင်းထုထားသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည့်ပုံစံအတိုင်း မြောက်အရပ်သို့ ဦးခေါင်းပြု၍ အနောက်သို့ မျက်နှာမူကာ နေရဗ္ဗာန် လျောင်းတော်မူပုံ ဖြစ်ပါသည်။

စာရေးသူ၏စိတ်ထဲ၌ ဤနေရာဌာနသည် ဗုဒ္ဓ မြတ်စွာ ပရိနိဗ္ဗာန်ပြုရာ အင်ကြင်းတောပေပဲဟု သတိရလျက် ရင်ဝယ်လှုပ်ရှားကာ ဆို့နင့်နင့်ဖြစ်လာတော့သည်။

နောက်တစ်နေ့ဖြစ်သော (၁၆-၁၂-၂၀၁၅)ရက် နေ့တွင် ကုသိနာရုံတန်ဆောင်းတော်ကြီး၏ အရှေ့ဘက် ခပ်လှမ်းလှမ်းရှိ ဘုရားကျောင်းအုတ်တိုက်ငယ်တစ်ခုကို ဆရာမကြီးဒေါ်ရည်လေးချိုက လမ်းပြခေါ်ဆောင်သွား၍ ဖူးမြော်ခဲ့ရပါသည်။ ထိုအုတ်တိုက်ငယ်အတွင်း၌ ငါးပေခန့်ရှိသော ကျောက်ဆင်းတုတော်ကြီးတစ်ဆူကို ဖူးတွေ့ရသည်။ အေဒီ တစ်ရာစုခေတ်က တည်ထားခဲ့သော ရှေးအလွန်ကျသည့် ရှေးဟောင်းလက်ရာဖြစ်သည်။

ဤနေရာတော်ကား ဗုဒ္ဓဘုရားရှင်သည် ပါဝါပြည်မှ မလ္လာမင်း၏ အင်ကြင်းဥယျာဉ်ဖြစ်သော ဤဒေသသို့ ကြွရောက်တော်မူလာစဉ် ရေကြည်တော်သောက်သုံးတော်မူလို၍ အရှင်အာနန္ဒာက ရေရှာပြီး ဆက်ကပ်ရာ နေရာဌာနတစ်ခုဖြစ်ကြောင်း သိရှိရသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုတော်မူမည့်နေရာတွင် နောက်ဆုံး ရေကြည်တော်သုံးဆောင်ရာနေရာ၏ အထိမ်းအမှတ်ရုပ်ပွားတော်ဖြစ်ပါသည်။ ထိုရုပ်ပွားတော်မြတ်ကို ဝတ်ပြုပူဇော်ကြပြီးနောက် ထိုနေရာမှ မလှမ်းမကမ်းတွင် တည်ရှိသော ဗုဒ္ဓမြတ်စွာ တေဇောဓာတ်လောင်ကျွမ်းသည့်နေရာ (မကုဋ္ဌဗန္ဓနစေတီတော်)သို့ သွားရောက် ဖူးမြော်ခဲ့ရပါသည်။

မကုဋ္ဌဗန္ဓနစေတီတော်ကြီးတည်ထားရာ နေရာဌာနကိုကြည့်၍ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များလောင်ကျွမ်းပုံကို စာရေးသူ၏ စိတ်အစဉ်တွင် အာရုံနိမိတ်ယူကာ ပူဇော်ဦးခိုက်ခဲ့ပါသည်။ တရားကိုလည်း ရှုမှတ်ပွားများခဲ့ပါသည်။ မမြဲသော အနိစ္စသဘောတရားကို ဆင်ခြင်မိလိုက်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် ပရိနိဗ္ဗာန်စံပြီးနောက် ဓာတ်တော်များ၊ တေဇောဓာတ်လောင်ကျွမ်းပြီးစအချိန်ကို အာရုံပြု၍ စာရေးသူ၏စိတ်အစဉ်၌ ထင်မြင်မိအောင် ပူဇော်ကြည်ညိုမိခဲ့ပါသည်။ ဤစေတီတော်ကြီးကို ဖူးမြော်ရခြင်းဖြင့်သာ သာသနာတော်၏ အမွေအနှစ်ကို ထိန်းသိမ်းနိုင်ခဲ့ကြသော ရဟန်းသံဃာတော်ထေရ်များနှင့် ရှေးသူတော်စင် သူတော်ကောင်းအပေါင်းတို့အား ချီးကျူးမိပါသည်။ ကျေးဇူးလည်း အထူးပင်တင်မိပါသည်။

မလ္လာမင်းများသည် ဗုဒ္ဓမြတ်စွာတေဇောဓာတ် လောင်ကျွမ်းသည့်နေရာကို ပူဇော်လို၍ ယင်းတို့၏ မကိုဋ်မှ ဦးသျှောင်တော်ကို ဌာပနာပြုပြီး ဤစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့ခြင်းကြောင့် မကုဋ္ဌဗန္ဓနစေတီဟု ခေါ်တွင်ခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ညနေဆည်းဆာအချိန်တွင် တည်းခိုရာကျောင်းသို့ လမ်းလျှောက်၍ ပြန်လာခဲ့ကြရာ လမ်းဘေးတစ်နေရာ၌ ဂျပန်နိုင်ငံ၏ ဗုဒ္ဓဘာသာဝင်များ၏ ဗုဒ္ဓအထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသော အုံချီးဖွယ်ဗုဒ္ဓသာသနာ့အဆောက်အအုံကြီးတစ်ခုကို တွေ့မြင်ခဲ့ရပါသည်။

ကုသိနာရုံမှ ပြန်မည့်နေ့ဖြစ်သော (၁၇-၁၂-၂၀၀၇)ရက်နေ့ နံနက်တွင် စာရေးသူတို့သည် ကုသိနာရုံ မြန်မာကျောင်း ဆရာတော်ထံပါးသို့ ဝင်ရောက်ဖူးတွေ့ခဲ့ပါသည်။ ကုသိနာရုံမြန်မာကျောင်းဆရာတော်မှာ စာရေးသူတို့ကို တွေ့ဆုံခိုက် သိမှတ်ဖွယ်၊ လိုက်နာဖွယ် ဆုံးမစကားများနှင့် ဆရာတော်၏ မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများကို မိန့်မှာတော်မူလိုက်လေသည်။

ထွန်းတောက်နိုင်

ရာသီကား ကဆုန်လ၊ နေရာကား ကုသိနာရုံ မြို့ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၊ အချိန်ကား မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့်၊ ကြည့်လေရာရာ တောပန်း၊ တောင်ပန်းတို့ ဝေဆာဖူးပွင့်နေသည်။ စိမ်းမြညိုမှောင်သော တောတောင် ဝန်းကျင်တို့၌ ပန်းရနံ့တို့ဖြင့် ကြိုင်လှိုင်နေကြသည်။

အောက်ခြေမှစကာ တစ်ပင်လုံးပွင့်နေကြသော အင်ကြင်းပန်းတို့ကား စိမ်းလဲ့တောက်ပြောင်နေသော တောတွင်းသစ်ပင်၊ သစ်ရွက်များနှင့် ပန်ရလှပေတော့သည်။ မြတ်ဗုဒ္ဓကိုယ်တော်ထက်သို့ တဖွဲဖွဲကြွေချလာပြန်ပါသည်။

အသေအချာကြည့်သော် လူ့ပြည်တွင် မမြင်ဖူး သေးသော ပန်းတို့ကိုပါ တွေ့လာရပါသည်။ ကောင်းကင်မှ ကျလာသည်မှာ မန္ဒာရဝမည်သော နတ်ပန်းတို့ပါတကား။

ထိုကျလာသောပန်းတို့ကား မွှေးကြိုင်သင်းပျံ့လှပ ပေရာ နတ်တို့၏ အမွှေးနံ့သာ အထုံအခိုးတို့ဖြင့် ကျလာ ခြင်းပင်ဖြစ်ပါသည်။ သက်မဲ့အင်ကြင်းပန်းတို့သာမက နတ်တို့ကပါ ပူဇော်သည့်အနေဖြင့် မန္ဒာရဝနတ်ပန်း၊ စန္ဒကူး နံ့သာမှုန့်တို့ကို ကြဲချ၍ ပူဇော်ခြင်းပင်ဖြစ်ပါသည်။

သံဝေဇနီယလေးဌာန ဟောပြမိန့်မှာ ကုသိနာ

လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး

အင်ကြင်းပင်ကိုင်းကြားတို့၌ကား ရောင်မျိုးငါးထွေ စိုပြေ လှပ ပိတုန်းမတို့၏ ပျားပန်းခတ် လှုပ်ရှားမှုသံတဝီဝီတို့ သည် ဂီတသံအလား ထင်မှတ်များရပေသည်။ တောင်လေ သုတ်ဖြူး ဆော်ကာမြူးလာရာ ပျားပိတုန်းအသံတို့နှင့်အတူ မွှေးကြိုင်သင်းပျံ့သည့် ပန်းရနံ့တို့ကိုပါ ဆောင်ကြဉ်းလာပေ တော့သည်။

ယခင်ကဆို ယခုကဲ့သို့အချိန်မျိုးတွင် ပင်လုံးကျွတ် မပွင့်တတ်ပါ။ ယခုကား မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ် အတွင်း မြောက်မှတောင်သို့ ခင်းထားအပ်သော ညောင် စောင်းရှိ မြတ်ဗုဒ္ဓအား ပူဇော်ခြင်းဖြစ်ပေမည်။ ညောင်စောင်း ခင်းထားရာ ခေါင်းရင်းနှင့် ခြေရင်းရှိ အင်ကြင်းပင်ပျို နှစ်ပင်စလုံးကလည်း ပန်းမိုးများ ရွာချနေဘိသည့်အလား

မြတ်ဗုဒ္ဓကား သက်တော် (၈၀)ရှိခဲ့ပြီး (၄၅)နှစ်တာ ကာလပတ်လုံး အနားယူသည်မရှိဘဲ သတ္တဝါဝေနေယျတို့ အကျိုးငှာ မနေမနား ခရီးသွားလာခဲ့ရာ ယခု ညောင်စောင်း တွင် လဲလျောင်းလျက်ရှိနေပေပြီ။ မြတ်ဗုဒ္ဓအနီးမှ ပြုစုလုပ် ကျွေးနေသော အရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓကိုကြည့်ရင်း မျက်ရည်များ ဝဲလာခဲ့ရသည်။ ဆီးတားပိတ်ဆို့ငြားသော် လည်း မျက်ရည်တို့ကား ဘယ်ကဘယ်လို ကျလာသည်မသိ။ မြတ်ဗုဒ္ဓကို ကြည့်ရင်း ဖူးမြော်ရင်း အမြင်များဝေဝါးကာ ရင်ထဲဆို့တက်လာခဲ့ရသည်။

နောင်တော်ကြီးဘုရားကား အမှန်ပင် ပရိနိဗ္ဗာန် စံဝင်ပေတော့မည်။ မိမိကား ရဟန်းကိစ္စမပြီးသေး အာယု သင်္ခါရတစ်ကပ်လုံး နေနိုင်ကြောင်း မိန့်ကြားခဲ့စဉ်ကလည်း

တစ်ကပ်လုံးနေဖို့ မလျှောက်မိ၊ တွေးရင်းတွေးရင်း ဖြေမနိုင်ဖြစ်လာရာ တောရိပ်၊ တောင်ရိပ်တို့ကလည်း အလွမ်းအပူကို ကူညီသလို ဖြစ်လာခဲ့သည်။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း မျက်ရည်တို့ကို ထိန်းပါသော်လည်း မျက်ရည်တို့ကားမရပ်၊ ရင်ထဲဗလောင်ဆူကာ သတိတို့က မကပ်တော့၊ ကြာလျှင်ခက်မည်စိုး၍ ဘုရားအနားမှ အသာထကာ မလွှာမင်းတို့၏ ညီမူရာ ညီလာခံခန်းမဆောင်ကြီးအနီး တိုင်ကြားအားမှီကာ အားရပါးရ ငိုချလိုက်ချင်တော့သည်။ တတွေတွေ စီးကျနေသော မျက်ရည်များကြားမှ မျက်စိအမြင်က ဗုဒ္ဓနှင့် ယခင် အတူတကွ သွားလာနေထိုင်ခဲ့ကြသည်တို့ကို ပြန်လည်မြင်ယောင်လာတော့သည်သာ။ ဘုရားရှင်လက်ထက်တော်က ရဟန်းတို့သည် ဝါဆိုရန် နီးကပ်လာသောအခါ ကမ္မဋ္ဌာန်းသင်ယူရန်အတွက် ဘုရားရှင်ရှိရာသို့ လာရောက်စည်းဝေးလေ့ရှိကြသည်၊ ဝါကျွတ်သောအခါ မိမိတို့သင်ယူအပ်သော ကမ္မဋ္ဌာန်းတရား ကို အားထုတ်သဖြင့်

ရရှိလာသော တရားထူးများကို လျှောက်ထားရန် ဘုရားရှင်ရှိရာသို့ လာရောက်စည်းဝေးလေ့ ရှိခဲ့ကြသည်။ ယခုအခါ မြတ်ဗုဒ္ဓမရှိတော့ပါက လာရောက်ကြတော့မည် မဟုတ်ပေ။ သာဝတ္ထိက ဇေတဝန်ကျောင်း၊ ရာဇဂြိုဟ်က ဝေဠုဝန်ကျောင်းတို့သည်လည်း ခြောက်ကပ်လျက်ရှိကာ ပရိသတ်တို့ ကင်းမဲ့ကြပေတော့မည်။ မြတ်ဗုဒ္ဓထံ လာရောက်ဖူးမြော်သူတို့အား ညွှဲဝတ်မပြုရတော့ပြီ။ လာရောက်ဖူးမြော်သူတို့က မေးမြန်း၍ မြတ်ဗုဒ္ဓဖြေကြားပါက သူတို့နှင့်အတူ တရားနာနိုင်သေး၏။ ယခုအခါ နောင်တော်ကြီးဘုရားမရှိရှာတော့၍ တရားနာရန် အခွင့်အရေးလည်း ဆုံးရှုံးရချေပြီ။ ဘုရားဖူးလာရဟန်းတော်တို့ထံမှ တရားဟောကောင်းသော ဓမ္မကထိကဆရာတော်တစ်ပါးပါး ပါလာပါကလည်း တရားပွဲကျင်းပခဲ့ရ၏။ ယခုအခါ တရားပွဲလည်း ကျင်းပခွင့်မရတော့ပြီ။ ညနေချမ်းအချိန် ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်လာကြ၍ သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်း စသည်တို့မှာ လူတို့ဖြင့်မပြတ်ဘဲ

ဘုရားဖူးလာပရိသတ်တို့ဖြင့် စည်ပင်ကြသော်လည်း ယခု မြတ်ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူပါက လာကြတော့မည် မဟုတ်ပေ စသည်ဖြင့် တွေးရင်း စဉ်းစားရင်း ငေးငေး မှိုင်မှိုင်ထိုင်နေစဉ် မြတ်ဗုဒ္ဓက ရှင်အာနန္ဒာကို ခေါ်တော်မူခဲ့ပါသည်။။

ငိုကြွေးရခြင်းအကြောင်းစုံကိုလည်း မြတ်ဗုဒ္ဓ မေးမြန်းသဖြင့် ပြန်လည်တင်ပြလျှောက်ထားခဲ့ပါသည်။ "မြတ်စွာဘုရား–အရပ်ရှစ်မျက်နှာတို့၌ ဝါကပ်၍ ဝါကျွတ်ပြီးသော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြရန် ရှေးအခါက ကြွလာကြကုန်၏။ ထိုသို့ ကြွလာကြသော ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါက တပည့်တော်များ ဖူးမြော်ခွင့် ဆည်းကပ်ခွင့် ရခဲ့ပါကုန်၏။ မြတ်စွာဘုရား–ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူသွားပြီးနောက်အခါ၌ကား ကြည်ညိုမြတ်နိုးဖွယ် ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါကလို တပည့်တော်များ ဖူးမြော်ခွင့် ဆည်းကပ်ခွင့် ကြုံရတော့မည်မဟုတ်ပါ အရှင်ဘုရား"ဟု အရှင်အာနန္ဒာက မြတ်ဗုဒ္ဓကို လျှောက်ထားခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ– မစိုးရိမ်၊ မပူဆွေး မငိုကြွေးလင့်၊ ချစ်ခင်မြတ်နိုးအပ် သော သူအားလုံးတို့နှင့် ရှင်ကွဲကွဲကွာခြင်း၊ သေကွဲကွဲ ကွာခြင်း၊ ဘဝခြားလျက် ကွဲကွာခြင်းတို့ကို ရှေးမဆွကပင် ငါဘုရားဟောကြားခဲ့ပြီမဟုတ်လော။ ချစ်သားအာနန္ဒာ– ဤအရပ်၌ အသစ်ဖြစ်ပေါ်လာခြင်း၊ ထင်ရှားဖြစ်ပေါ်ခြင်း၊ ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်းသဘောရှိသော တရားကို မြတ်စွာဘုရားပင် ဖြစ်လင့်ကစား မပျက်စီးပါစေလင့်ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်ပါအံ့နည်း။ သင်ချစ်သားသည် ကုသိုလ်ကောင်းမှုတို့ကို များစွာပြုပြီးသူဖြစ်၏။ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရစ်လော့။ လျင်စွာပင် ရဟန္တာဖြစ်ပေလိမ့်မည်" ဟု သောကပျောက်ရေး အားပေးတရား ဟောကြားတော်မူခဲ့ပါသည်။ ဆက်လက်၍ မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ–သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား အဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂ ရစေမည့် ဌာနတို့သည် လေးပါးရှိကုန်၏"

(၁) ချစ်သားအာနန္ဒာ– လုမ္ဗိနီအင်ကြင်းတောသည် "ဤဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏"ဟု ကြံစည် အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။

(၂) ချစ်သားအာနန္ဒ– မဟာဗောဓိမဏ္ဍိုင်ဌာနသည် "ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရရှိတော်မူ၏"ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။

(၃) ချစ်သားအာနန္ဒာ– မိဂဒါဝုန်တောအရပ်သည် "ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော တရားတော်ဓမ္မစက်ကို ဟောမြွက်လည်စေတော်မူ၏"ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားအဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။

(၄) ချစ်သားအာနန္ဒာ– ကုသိနာရုံပြည်အရပ်သည် "ဤဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူ၏"ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားအဖို့ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတစ်ပါးဖြစ်ပေသည်။

ချစ်သားအာနန္ဒာ– သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ဒါယကာ၊ ဥပါသိကာ ဒါယိကာမများတို့သည်–

၁။ ဤလုမ္ဗိနီဥယျာဉ်၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏ဟုလည်းကောင်း၊ ၂။ ဤမဟာဗောဓိအောင်မြေဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိ ဉာဏ်တော်ကို ရတော်မူ၏လည်းကောင်း၊ ၃။ ဤမိဂဒါဝုန်တော၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်ဓမ္မစက်ကို မြွက်လည်စေတော်မူ၏လည်းကောင်း၊ ၄။ ဤကုသိနာရုံဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ဝင်စံတော်မူ၏ဟူ၍လည်းကောင်း၊ ကြံစည်အောက်မေ့လျက် လာရောက်ကြကုန်လတ္တံ့။

ချစ်သားအာနန္ဒာ– စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်ကြသောသူတို့သည် ကြည်ညိုစိတ်ရှိကြလျက် သေကုန်လျှင် ထိုသူအားလုံးတို့သည် ကိုယ်ခန္ဓာပြတ်ကြွေသေသည်မှ နောက်ကာလ၌ ကောင်းသောလားရာ နတ်ရွာသုဂတိသို့ ရောက်ရှိကြလိမ့်မည်''ဟု မိန့်တော်မူခဲ့ပါသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုကာနီးအချိန်ဝယ် ကုသိနာရုံ အင်ကြင်းစုံသော ရဂုံတော၌ ညီတော် အာနန္ဒာကို သံဝေဂဖြစ်ဖွယ်ရာ အပါယ်တံခါးပိတ်မည့် သံဝေဇနီယလေးဌာန နေရာတော်တို့အား မိန့်ကြားတော်မူခဲ့ပါသည်။

အဆိုပါ သံဝေဇနီယလေးဌာနတို့အနက် သံဝေဂအထူးပွားစရာနေရာကား ကုသိနာရုံဒေသပင်ဖြစ်ပါသည်။ သံဝေဇနီယလေးဌာနသို့ ဘုရားဖူးသွားကြသူများအဖို့ သံဝေဂယူ၍ ကြည်ညိုသောစိတ်ဖြင့် ဘုရားဖူးခဲ့ကြ၍ ထိုကြည်ညိုသောစိတ်ဖြင့် နောက်ဆုံးအချိန် နောက်ဆုံးထွက်သက်အထိ သယ်ဆောင်နိုင်မည်ဆိုပါက အပါယ်တံခါးပိတ်သွားနိုင်စေမည်ဖြစ်ပါသည်။

ထိုကဲ့သို့ အပါယ်ပိတ်ခရီးအဖြစ် သံဝေဇနီယလေးဌာနနေရာတော်တို့ကို ရှင်တော်ဗုဒ္ဓသည် ယခုအခါ မြန်မာနိုင်ငံမှ ရခိုင်တိုင်းရင်းသားဖြစ်သော ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ သီတင်းသုံးတော်မူရာ ကုသိနာရုံဒေသတွင် ဟောကြားတော်မူခဲ့သဖြင့် ''သံဝေဇနီယလေးဌာန၊ ဟောပြမိန့်မှာ ကုသိနာ''ဟုသာ အဆိုပြုတင်ပြချင်ပါတော့သတည်း။

လုမ္ဗိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး

ဘုရားကို ကြည်ညိုလျှင် ဘယ်အခါမှမဆင်းရဲ၊ ဘုရားထံ၌ စိတ်အမြဲနေ ဘုရားကိုသာ နာနာပတ်၊
ရတနာသုံးပါးကြည်ညိုလျှင် ကိလေသာပါး၏၊ တကယ်ယုံကြည်လျှင် တကယ်အကျိုးပေး၏၊
ဘုရားသည် လောကီလောကုတ္တရာ ရတနာတို့အပေါ်၌ ထိပ်ခေါင်ကြီးဖြစ်တော်မူ၏၊
ဘုရားဖြစ်သော်လည်း ဒုက္ခမကင်း၊ နိဗ္ဗာန်ဝင်မှအေး၏၊
ဘုရားသည် လူသားဖြစ်သော်လည်း နတ်ပြဟ္မာတို့ထက် မြတ်၏၊
လောကီမက်လျှင် လောကုတ္တရာပျက်သည်၊ လောကုတ္တရာမက်လျှင် လောကီပျက်တတ်သည်၊

(ဗဟုသုတပညာပေးလက်စွဲကျမ်းမှ)

ဗုဒ္ဓစာပေအဖွဲ့မှ အဖွဲ့ဝင်များသည် ရွှေသုဝဏ်ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ဘုရားဖူးလိုက်ပါခွင့် ရခဲ့ကြသည်။ ဗုဒ္ဓစာပေအဖွဲ့တွင် နာယကဆရာတော်ကြီးနှစ်ပါးရှိသည်။ ဘဒ္ဒန္တသဒ္ဓိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေသုဝဏ်ဆရာတော်ကြီးနှင့် ဘဒ္ဒန္တဉာဏသာမိ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မစကြာရိပ်သာကျောင်း ဆရာတော်ကြီးတို့ ဖြစ်သည်။

(၂၀၁၄)ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့ နံနက်တွင် ဓမ္မစကြာရိပ်သာကျောင်းတိုက်၌ စုရပ်ထား၍ နံနက် (၇)နာရီတွင် စတင်ထွက်ခွာခဲ့ကြသည်။ ထိုခရီးစဉ်တွင် နာယကဆရာတော်ကြီးနှစ်ပါးစလုံးပင် ပါဝင်ကြွရောက်ကြသလို ဝင်ရသဖြင့် လူပုဂ္ဂိုလ်များကို ငွေ၍ ဆာဖာရီဥယျာဉ်ကို အရင်ဝင်ခဲ့ကြသည်။ လူပုဂ္ဂိုလ်များကြည့်ရှုနေသည့် အချိန်တွင် ဆရာတော်ကြီးများက သည်းခံစောင့်ဆိုင်းပေးပါသည်။

× × × × × × × ×

ဆာဖာရီဥယျာဉ်တွင် မိမိတို့ပါလာသောယာဉ်ဖြင့် လှည့်လည်ကြည့်၍ မဖြစ်ပါ။ ဥယျာဉ်က သီးသန့်စီစဉ်ပြုလုပ်ထားသည့် မော်တော်ယာဉ်များဖြင့်သာ လုံခြုံစိတ်ချစွာ လှည့်လည်ကြည့်ရှုခွင့် ပြုထားပါသည်။ ထိုမော်တော်ယာဉ်မှာ မှန်တစ်ထပ်၊ သံဆန်ကာတစ်ထပ် ကာရံထားသည်။ မိမိတို့အဖွဲ့အတွက် မော်တော်ယာဉ်တစ်စီးဖြင့် အားလုံးလိုက်ပါ၍ ရပါသည်။

ဘုရားဖူးအပြန် အတွေးကိုယ်စီကျန်

ဦးညွန့်မောင်(ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)

ပါသည်။ ဆရာတော်ကြီးများက ကားကိုယ်စီဖြင့်လည်းကောင်း၊ အဖွဲ့ဝင်များက လူ (၂၀)စီးကားဖြင့်လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ထွက်ခဲ့ကြခြင်းဖြစ်ပါသည်။

နေပြည်တော်ရောက်သည့်အခါ ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဦးစွာဖူးပြီးမှ တည်းခိုမည့်နေရာသို့သွားရန် ရည်မှန်းချက်ထားခဲ့သည်။ သို့ရာတွင် လမ်းခရီးသင့်

မော်တော်ယာဉ်စက်သံမှာ သိပ်မကောင်းလှဟုထင်သည်။ အသံတွေ ဂျုံးဂျုံးဂျိမ်းဂျိမ်းမြည်နေသည်။ အနည်းငယ်သွားမိသောအခါ သစ်၊ ကျား၊ ခြင်္သေ့ စသည့် အန္တရာယ်ရှိသော ခြံဝသို့ရောက်သည်။ သံတံခါးကို သော့ဖွင့်၍ ဝင်ရသည်။ ချက်ချင်းပိတ်လိုက်ရသည်။ ခြံထဲရောက်မှ ''တကယ်လို့များ ကားပျက်နေရင် ဘယ်လိုလုပ်မလဲ'' ဟူသာ အတွေးဝင်မိသည်။

ခြံထဲ၌ စုံလင်အောင် ကြည့်ရှုပြီးနောက် ပြန်ထွက်သည့်အခါမှာလည်း တံခါးပိတ်သော့ခတ်သည်။ အန္တရာယ်ရှိသည့် ခြံအပြင်ရောက်မှ စိတ်အေးရသည်။ စိတ်အေးရသည်ဆိုသော်လည်း ဂျုံးဂျုံးဂျိမ်းဂျိမ်းဂျိမ်းမြည်နေသော မော်တော်ယာဉ်ကြီးမှာ ရပ်သွားပါလေတော့သည်။ မူလနေရာသို့ရောက်ရန် သိပ်မဝေးလှတော့ဟုဆို၍ လမ်းလျှောက်ပြန်လာခဲ့ကြသည်။ အန္တရာယ်ရှိသောခြံထဲတွင် မပျက်ခဲ့သည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်သည်။

ဥယျာဉ်ထဲက မော်တော်ယာဉ်များကို အပြစ်မပြောလိုပါ။ သူတို့မှာလည်း နားရသည်မရှိ အခေါက်ခေါက်အခါခါ လှည့်လည်သွားနေရသည် မဟုတ်ပါလား။ သည်းထိပ်ရင်ဖို အတွေ့အကြုံများရနိုင်သည်ကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ ဥယျာဉ်မှထွက်၍ တည်းခိုမည့်နေရာသို့ သွားကြသည်။ ပျဉ်းမနားမြို့ လယ်တီစံကျောင်းတော်သို့ နေဝင်ခါနီးအချိန်တွင် ရောက်ရှိကြသည်။ ရေးကျသော ကျောင်းတော်ကြီးဖြစ်၍ အောက်ထပ်တစ်ထပ်ပင် မျှော်ကြည့်ရသလောက်အောင် ဖြစ်သည်ကို တွေ့ရသည်။ ထို့ပြင် လယ်တီဆရာတော်ဘုရားကြီး၏ သာသနာတော်အတွက် ကျေးဇူးများပုံကို အာရုံပြုကာ သတိရစေပါသည်။

ထိုကျောင်း၌ ခေတ္တခဏ အပန်းဖြေနားနေပြီးနောက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြသည်။ စေတီတော်ကြီးကို အဝေးကပင်လျှင် လျှပ်စစ်မီးရောင်တို့ဖြင့် ထိန်ထိန်ပြောင်ဝင်းပလျက်တင့်တယ်တော်မူသည်ကို ဖူးတွေ့ရပေသည်။ ဓာတ်လှေကားကတက်မည်ဆိုလျှင် တက်သည့်အခါ နှစ်ဆင့်သာရှိသဖြင့် ချက်ချင်းပင် ကုန်းတော်သို့ ရောက်သွားသည်။

စေတီတော်ကြီးမှာ ရွှေတိဂုံပုံတူတည်ထားခြင်းဖြစ်သည်။ မတူသည်မှာ ဥပ္ပါတသန္တိစေတီတော်မှာ တစ်ပေလျော့၍ (၃၂၅)ပေသာ အမြင့်ရှိသည်။ သာမန်ကြည့်ရုံဖြင့် ဉာဏ်တော်ကို ခန့်မှန်းဖို့မလွယ်ပေ။ စေတီတော်အတွင်း၌ ဝင်ရောက်ဖူးမြော်သည့်အခါ အနာလေးဖက်ရှိသော အလယ်ဗဟိုမဏ္ဍိုင်ကို နောက်ခံထား၍ ကိန်းဝပ်စံပယ်တော်မူသော ကျောက်စိမ်းဆင်းတုတော်များကို ဖူးမြော်ရသည်။

ထိုသို့ ဘုရားဆင်းတုတော်များ စံပယ်တော်မူသဖြင့် ဘုရားလိုဏ်ဂူတော်ကြီးမှာ မြတ်စွာဘုရား၏ ဂန္ဓကုဋိကျောင်းတော်လည်းဖြစ်သည်၊ ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာထားသဖြင့် ဓာတုစေတီတော်ကြီးလည်း ဖြစ်သည်။ ထိုကဲ့သို့ နှစ်နည်းနှစ်လမ်းအားဖြင့် အာရုံပြု ကြည်ညိုနိုင်ပါသည်။

လိုဏ်ဂူတော်ကြီးမှာ ကျယ်ဝန်းလှပါသည်။ အထက်ဖူးမြော်လျှင်လည်း တစ်မျှော်တစ်ခေါ်ကြီးဖြစ်သည်။ အမြင့် (၅၃)ပေ၊ (၈)လက်မရှိကြောင်း သိရသည်။

ဓမ္မစကြာဆရာတော်ကဦးဆောင်၍ စေတီတော်အတွင်းဘက် တစ်ပတ်၊ အပြင်ဘက်တစ်ပတ် ဖူးကြသည်။ လျှပ်စစ်မီးရောင်တို့ဖြင့် အလွန်တင့်တယ်လှပေသည်။ လောက၌ ရှုမြင်ရသမျှတွင် အမြတ်ဆုံးဖြစ်သည်ကို "ဒဿနာနုတ္တရိယ"ဟု ဆိုပါသည်။ ယခု ဘုရားဖူးနေရသောမြင်ကွင်းသည် ဒဿနာနုတ္တရိယ အစစ်အမှန်ဖြစ်ပါပေသည်။

လှည့်လည်ဖူးမြော်ရင်း ထီးတော်ကြီးမှ ဆည်းလည်းသံ၊ ခေါင်းလောင်းကလေးများ၏ အသံကလည်း အလွန်ပင် သာယာနာပျော်ဖွယ် ကြားနေရသည်။ လောကတွင် အကောင်းမြတ်ဆုံးအသံကို ကြားရခြင်း "သဝနာနုတ္တရိယ" ဖြစ်သည်ကို ကြည်နူးရပေသည်။ ဆည်းလည်းသံများကို တော်တော်ဝေးဝေးထိ ကြားနိုင်ပေလိမ့်မည်။ (၃၀)ကျပ်သားခန့် ဆည်းလည်းပေါင်း တစ်ထောင်ကျော်ကျော် ချိတ်ဆွဲထားသည်။ အလေးချိန်တစ်တန်ခန့်ရှိကြောင်း သိရသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို အားရအောင် ဖူးမြော်ပြီးမှ ညစာထမင်းစားကာ ညအိပ်ရပ်နားကြပါတော့သည်။

× × × × × × × ×

နောက်တစ်နေ့နံနက် (၆)နာရီတွင် သံဝေဇနိယ



လေးဌာနအပါအဝင်ဖြစ်သည့် ကုသိနာရုံမြို့ ပရိနိဗ္ဗာန်စံသည့် လျောင်းတော်မူပုံထုလုပ်သည့်နေရာသို့ ဦးစွာ သွားရောက်ကြပါသည်။ ရွှေသုဝဏ်ဆရာတော်ကြီး၏ လာရင်းကိစ္စပဓာနမှာ ဤနေရာဌာနပင်ဖြစ်သည်။

ထိုနေရာတွင် ပရိနိဗ္ဗာန်စံတော်မူသည့် လျောင်းတော်မူပုံတော်ကို စကျင်ကျောက်တုံးဖြင့် ထုလုပ်နေသည်။ ပုံတော်အတိုင်းအတာမှာ အိန္ဒိယနိုင်ငံရှိ ကုသိနာရုံ ပရိနိဗ္ဗာနစေတီတော်အတိုင်းအတာအတိုင်း ဖြစ်သည်။ ထူးခြားသည်မှာ လက်ဖြင့် ထုဆစ်ခြင်းမဟုတ်ဘဲ စက်ဖြင့် ထုဆစ်နေခြင်းဖြစ်သည်။ ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ကာ ထုဆစ်နေသည်ကို ပထမဦးဆုံး မြင်ဖူးခြင်းဖြစ်၍ ဆန်းနေပါသည်။

စက်ခန်းပေါ်တွင် လူနှစ်ယောက်ရှိနေသော်လည်း အေးအေးလူလူပင် ကြည့်ရှုနေရုံသာဖြစ်သည်။ စက်က အလိုအလျောက်ထုဆစ်နေသည်၊ ရေကလည်း အလိုလျောက် လောင်းပေးနေသည်။ မျက်နှာတော် (၄၅)ဒီဂရီစောင်း၍ ထုဆစ်သည့်ကိစ္စအတွက် ရွှေသုဝဏ်ဆရာတော်ကြီးထံ လမ်းညွှန်ချက်သြဝါဒကို ခံယူလုပ်ဆောင်နေခြင်းဖြစ်သည်။

ကြည့်ရှုညွှန်ကြားပြီးနောက် ပရိတ်တရားတော်များချီးမြှင့်၍ အခမ်းအနားကို ဆရာတော်ကြီး (၆)ပါးတို့က ချီးမြှင့်တော်မူကြသည်။ ရန်ကုန်မှ ကြွလာတော်မူသည့် ဆရာတော်ကြီးနှစ်ပါး ပျဉ်းမနားမြို့ လယ်တီစံကျောင်းဆရာတော်ကြီးနှင့် ဒေသခံဆရာတော် (၄)ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ကျောက်ဆစ်လုပ်ငန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်၍ ပရိတ်တရားနာယူကြသည်။ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် မိမိတို့ ဗုဒ္ဓစာပေအဖွဲ့ဝင်များပါ တက်ရောက်ခဲ့ကြသည်။

ထိုသို့ ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်၍ စက်ဖြင့် ထုဆစ်နေသည်ကို ပထမဆုံး မြင်ဖူးခြင်းဖြစ်၍ မေးမြန်းကြည့်သောအခါ အခုထုဆစ်နေသည်မှာ ပထမဆုံးပင်ဖြစ်ကြောင်း သိရပြန်ပါသည်။ ထို့ကြောင့် ဆောင်းပါးရေး၍ ဖောက်သည်ချရန် စိတ်ကူးပေါ်ခဲ့သည်။ ယခုလာခဲ့သော ဘုရားဖူးခရီးကိုလည်း ကျေနပ်အားရဖြစ်သည်။ ရွှေသုဝဏ်ဆရာတော်ကြီးကိုလည်း ဗုဒ္ဓစာပေအဖွဲ့ဝင်များက ကျေးဇူးတင်နေကြသည်။

ထိုသို့ ကွန်ပျူတာစနစ်ထိန် စက်ဖြင့်ထုဆစ်ခြင်းကို ဘယ်လိုစိတ်ကူးရပုံဖော်ခဲ့သလည်းဟု မေးကြည့်ရာ ပိဋကတ်တော်များကို ကွန်ပျူတာစာလုံးဖြင့် စတီးပြားပေါ်တွင် စာလုံးထွင်းရာက အကြံရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ စတီးပြားပေါ်တွင် ကွန်ပျူတာစာလုံးဖြင့် ထွင်းထုထားသည့်စတီးပြားကို ရွှေသုဝဏ်ကျောင်းတွင် တွေ့ဖူးနေသော်လည်း စကားမစပ်မိ၍ ကြိုတင်မသိရှိခဲ့ပေ။ မျက်မြင်ကိုယ်တွေ့ သိရမြင်ရသောအခါ တအံ့တသြဖြစ်ရသည်။

သံဝေဇနိယလေးဌာနဖြစ်သည့် မြတ်စွာဘုရားအလောင်းတော် ဖွားတော်မူရာဌာန၊ တရားဦးဓမ္မစကြာဟောတော်မူရာဌာနနှင့် ပရိနိဗ္ဗာန်စံတော်မူရာဌာန လေးခုစလုံးသို့ ရောက်ခဲ့ကြသည်။ ပွင့်တော်မူရာဌာန မဟာဗောဓိစေတီတော်ကြီးမှာ သတ္တဌာနနှင့်တကွ အားလုံးပြီးစီးနေပြီဖြစ်၍ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ကျန်သုံးဌာနမှာလည်း မကြာမီပြီးစီးအောင် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

သံဝေဇနိယလေးဌာနမှာ မနီးမဝေးတွင် တည်ရှိကြသည်။ အိန္ဒိယရှိ သံဝေဇနိယဌာနသို့ မရောက်ဖူးသေးသူများ အလွယ်တကူ ဖူးခွင့်ရနိုင်သည်။ ရောက်ဖူးသူများအနေဖြင့် ပြန်လည်သတိရကာ ကုသိုလ်ပွားတိုးနိုင်ပေသည်။ နှိုင်းယှဉ်၍လည်း လေ့လာဆည်းပူးနိုင်သည်။

မူရင်းဖွားတော်မူရာဌာနမှာ နီပေါနိုင်ငံ လုမ္ဗိနီဉယျာဉ်တွင် ရှိသည်။ ဘုရားပွင့်တော်မူရာဌာနမှာ အိန္ဒိယနိုင်ငံ ဂယာမြို့တွင်ရှိသည်။ တရားဦးဟောသည့်နေရာမှာ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့တွင် ရှိသည်။ ပရိနိဗ္ဗာန်စံတော်မူရာဌာနမှာ အိန္ဒိယနိုင်ငံ ကုသိနာရုံမြို့တွင် ရှိသည်။

သံဝေဂဖြစ်စရာအကောင်းဆုံးမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံနေတော်မူပုံကို ဖူးမြင်ရခြင်းဖြစ်သည်ဟု ထင်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ပြဟ္မာမင်းကြီး သိကြားမင်းကြီးတို့ လာရောက်ဖူးမြော်သည့်အခါ သံဝေဂဂါထာတို့ကို အသီးသီးရွတ်ဆိုပူဇော်ခဲ့ကြသည်။ အရှင်အနုရုဒ္ဓါနှင့် အရှင်အာနန္ဒာမထေရ်တို့ကလည်း သံဝေဂဂါထာတော်များကို အသီးသီးရွတ်ဆိုပူဇော်ကာ သံဝေဂဉာဏ် ပွားတော်မူခဲ့ကြသည်။

“သင်္ခါရတရားဟူသမျှ မမြဲလေစွတကား”

စက်တင်ဘာ (၁၀)ရက်နေ့တွင် သံဝေဇနိယလေးဌာနနှင့်တကွ ရောက်သင့်ရောက်ထိုက်သော နေရာဌာနများကို အတော်အတန်စုံစေအောင် ရောက်ရှိခဲ့ပြီးနောက် ရန်ကုန်သို့ပြန်လာခဲ့ကြသည်။

အပြန်ခရီးတွင် အတွေးကိုယ်စီ ရှိကြပေလိမ့်မည်။ စာရေးသူတွေးမိသမျှကို ရေးပြလိုပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် အရှင်အာနန္ဒာက မြတ်စွာဘုရားကို –

“ကုသိနာရုံမြို့သည် မြို့နယ်ကလေးမျှသာဖြစ်၍ ဤမြို့တွင် ပရိနိဗ္ဗာန်မပြုသင့်ကြောင်း၊ သူဌေးသူကြွယ်ပေါများသည့် မြို့ကြီးပြကြီးများတွင် ပရိနိဗ္ဗာန်ပြုပါက ပူဇော်လိုသူများစွာရှိမည်ဖြစ်ကြောင်း” လျှောက်ထားခဲ့သည်။ မြတ်စွာဘုရားက အရှင်အာနန္ဒာအား –

“ဤကုသိနာရုံသည် မြို့သိမ်မြို့ငယ်ဟု မဆိုသင့်ကြောင်း၊ ရှေးရှေးအခါကာလများက စကြဝတေးမင်းများနန်းစိုက်ရာ နေပြည်တော်ဖြစ်ခဲ့ကြောင်း”မိန့်ကြားတော်မူကာ သုဒဿနစကြဝတေးမင်းဖြစ်စဉ်က အတိတ်အကြောင်းကို ဟောပြတော်မူသည်၊ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ဤနေရာ ဤဌာန၌ ဖြစ်ခဲ့ပျက်ခဲ့ပုံကို ပြန်ပြောင်းသတိရတော်မူနေပုံ မြင်ယောင်မိပေသည်။

သုဒဿန စကြဝတေးမင်းဖြစ်စဉ်က ဤနေရာ၊ ဤဌာနသည် ကုသာဝတီမြို့ကြီးဖြစ်ခဲ့သည်။ ကုသာဝတီမြို့ကြီးသည် အရှေ့အနောက် အလျား (၁၂)ယူဇနာ၊ တောင်မြောက်အနံ (၇)ယူဇနာ ကျယ်ဝန်းကြီးကျယ်သည်။ သုဒဿနစကြာမင်းသည် သူငယ်ဘဝဖြင့် အနှစ်ရှစ်သောင်းလေးထောင်၊ အိမ်ရှေ့စံအနေဖြင့် အနှစ်ရှစ်သောင်းလေးထောင်၊ မင်းစည်းစိမ်ခံစားသည်မှာ အနှစ်ရှစ်သောင်းလေး

ထောင်၊ ဓမ္မပြသာဒ်တွင် တရားဖြင့် မွေ့လျော်နေထိုင်သည်မှာ အနှစ်ရှစ်သောင်းလေးထောင်နေထိုင်ပြီး နတ်ရွာစံလွန်သောအခါ ဗြဟ္မာပြည်သို့ ရောက်ခဲ့သည်။ လူ့လောက လူ့ဘဝတွင် စကြာမင်း၏စည်းစိမ်ထက် သာလွန်သောစည်းစိမ်ဟူ၍ မရှိပြီ။

ကုသိနာရုံမြို့နေရာ၌ပင် ဘုရားလောင်းကိုယ်တိုင် စကြာမင်းဘဝချည်း ခြောက်ကြိမ်ဖြစ်ခဲ့ဖူးသည်။ ဤသည်ကို ထောက်၍ မြို့ရွာနယ်ပယ်များသည်လည်း သင်္ခါရသဘောတရားအရ ပြောင်းလဲနေကြသည်။ ယနေ့ မြို့ကြီးပြကြီးဖြစ်နေသော်လည်း ကာလကြာသောအခါ မြို့ငယ်၊ ရွာငယ် (သို့တည်းမဟုတ်) တောတောင်ဒေသ ဖြစ်လာနိုင်ပေသေးသည်ဟူ၍ သံဝေဂအမြင်ဖြင့် ဆင်ခြင်သင့်ပေသည်။ ယနေ့ နေပြည်တော်ဖြစ်လာသည့်ဒေသတွင် ယခင်က တောတောင်ထူပြောသည့်နေရာဒေသပင် မဟုတ်ပါလော။ ဤသည်မှာ မိမိတို့မျက်စိတစ်ဆုံးဖြင့် မြင်ရခြင်းမျှသာဖြစ်သည်။ အတိတ်ရှေးခါ အလွန်ကြာမြင့်စွာသောကာလက ဘယ်လိုဒေသ၊ ဘယ်လိုနေရာဟူ၍ မြင်နိုင်၍သာ မသိရခြင်းတို့ဖြစ်သည်။

ထိုသို့တွေးမိရာမှ အိန္ဒိယပြည်ရှိ ကုသိနာရုံသို့ ရောက်ခဲ့သောအချိန်ကလေးကို အာရုံပြုရောက်ရှိသွားပြန်သည်။ ကုသိနာရုံ အရှင်ဉာဏိဿရမှာ မြန်မာပြည်မှရောက်လာသော ဘုရားဖူးများကို စိတ်ရှည်လက်ရှည် ဖော်ဖော်ရွေရွေ ဆက်ဆံတော်မူသည်ကို တွေ့ရသည်။ ဒေသခံများနှင့် အလွန်ပင်အဆင်ပြေကြောင်း သိရသည်။

စာရေးသူတို့ရောက်ရှိချိန်တွင် သူတို့ဆီက လွတ်လပ်ရေးနေ့နှင့် တိုက်ဆိုင်နေသည်။ လွတ်လပ်ရေးအခမ်းအနားတွင် ဒေသဆိုင်ရာဝန်ကြီးနှင့် အာဏာပိုင်ပုဂ္ဂိုလ်များနှင့်အတူ ဆရာတော်မှာ ဗိုလ်ရှုခံစင်မြင့်တွင် အလေးပြုခံရသည်။ စာရေးသူကိုလည်း အခမ်းအနားသို့ ခေါ်သွားသည်။ ကျောင်းမှာရှိသည့် မောင့်ကျက်သရေခေါင်းပေါင်းကိုပါ ထုတ်ပေးသည်။

အခမ်းအနားမစတင်မီ ဗိုလ်ရှုခံစင်မြင့်တွင် ထိုင်ခုံတစ်နေရာတိုးပေးရန် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ပြောပေးရာ စာရေးသူပါ ဗိုလ်ရှုခံစင်မြင့်တွင် အလေးပြုခံဘဝ ရောက်ခဲ့ရသည်။ ထိုဒေသက အာဏာပိုင်များသည် ကုသိနာရုံဆရာတော်ကို အလွန်ပင်လေးစားကြကြောင်း သိမှတ်ခွင့်ရခဲ့သည်။

အိန္ဒိယမှာရှိသည့် သံဝေဇနီယလေးဌာနများသို့ ဘုရားဖူးသွားကြသူများသည်လည်းကောင်း၊ နေပြည်တော်မှာရှိသည့် သံဝေဇနီယလေးဌာနများသို့ ဘုရားဖူးသွားကြမည့်သူများသည်လည်းကောင်း၊ မိမိတို့နှလုံးသွင်းအားလျော်စွာ သံဝေဂဉာဏ်များ ဖြစ်ပွားနိုင်ကြပါသည်။

သံဝေဂဉာဏ်သည် ဝိပဿနာဉာဏ်အားလျော်စွာ အထောက်အကူပြုသဖြင့် ဉာဏ်အဆင့်ဆင့် ရင့်သထက်ရင့်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ဦးညွန့်မောင် (ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)

မြတ်စွာဘုရား၏ နောက်ဆုံးခရီးနှင့် ကုသိနာခရုံ

အရှင်အာလောက

မြတ်စွာဘုရားသည် သူ၏ဓမ္မပြန့်ပွားရေးလုပ်ငန်းစဉ်များနှင့် သံဃာ့ပရိသတ်များ ပြီးပြည့်စုံသောအခါ ပရိနိဗ္ဗာန်ပြုရန် ဆုံးဖြတ်တော်မူလိုက်သည်။ ကုသိနာရုံတွင် သူ၏ခန္ဓာဝန်ကို ချရန်အတွက် ရာဇဂဟမှ ထွက်ခွာရန် ဆုံးဖြတ်တော်မူလိုက်သည်။ ရာဇဂဟမှ ထွက်ခွာခဲ့ပြီး အမ္ဗလဋ္ဌိတိကာ၊ နာလန္ဒာ၊ ပါဋ္ဌလိဂါမ အစရှိသော နေရာများသို့ အစဉ်အတိုင်း ကြွတော်မူသည်။

ပါဋ္ဌလိပုတ်မှ ထွက်ခွာလာခဲ့ပြီးနောက် ဝေသာလီရှိ ကောတိဂါမနှင့် နာဒိကတို့တွင် ခရီးတစ်ထောက်နားပြီး တရားဟောတော်မူသည်။ ဝေသာလီတွင် မြတ်စွာဘုရားနှင့် နောက်ပါတပည့်ရဟန်းသံဃာတော်များအား အမ္ဗပါလီက သူ၏ သရက်ဥယျာဉ်တွင် သီတင်းသုံးစေပြီး ဆွမ်းကပ်သည်။ ဝေသာလီမှ အလှဘုရင်မ အမ္ဗပါလီ၏ သရက်ဥယျာဉ်တွင် အချိန်အသင့်အတင့် သီတင်းသုံးတော်မူပြီး မြတ်စွာဘုရားသည် သူ၏တပည့်ပရိသတ်နှင့်တကွ ဝေဠုဂါမတွင် ဝါဆိုရန် ကြွတော်မူသည်။ မြတ်စွာဘုရားသည် ယင်းအချိန်တွင် သက်တော် (၈၀)ရှိနေပြီဖြစ်သဖြင့် သူ၏ ခန္ဓာကိုယ်မှာ ဟောင်းအိုဆွေးမြေ့ကာ ပြိုပျက်လုနီးပါးဖြစ်နေသည့် လှည်းအိုကြီးပမာ ဖြစ်နေပြီဖြစ်သည်။

မြတ်စွာဘုရားသည် ဝေသာလီသို့ ပြန်ကြွသွားတော်မူပြီး စေတီယ၊ ဥဒေန၊ ဂေါတမက၊ သတ္တမ္ဗက၊ ဗဟုပုတ္တရ၊ သာရန္ဒဒနှင့် စာပါလတို့သည် စိတ်ကြည်နူးစရာ အလွန်ကောင်းသည့်နေရာများဖြစ်ကြောင်း အာနန္ဒာကို မိန့်တော်မူသည်။ မြတ်စွာဘုရားသည် ဝေသာလီကို နောက်ဆုံးကြည့်ခြင်းအဖြစ် ကြည့်တော်မူခဲ့ပြီး ယင်းမှ ထွက်ခွာလာခဲ့သည်။ ထို့နောက် ဗန္ဓုဂါမ၊ ဟတ္ထိဂါမ၊ ဇမ္ဗုဂါမနှင့် ဘောဂနဂရသို့ ရောက်ရှိတော်မူသည်။ ယင်းနေရာတွင် သူ၏တပည့်သံဃာများအား သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ တရားလေးပါးကို ဟောတော်မူသည်။ ထို့နောက် တပည့်သံဃာများအား ဗုဒ္ဓဝစန၏ စစ်မှန်မှုများကို စိစစ်ကြည့်ရန် မိန့်တော်မူသည်။

ဘောဂနဂရမှ ဆက်လက်ပြီး မြတ်စွာဘုရားသည် ပါဝါသို့ ကြွတော်မူသည်။ ပါဝါရှိ စုန္ဒ၏ သရက်ဥယျာဉ်တွင် ခေတ္တသီတင်းသုံးတော်မူစဉ် စုန္ဒကမြတ်စွာဘုရားအား ဝက်သားဆွမ်း ဆက်ကပ်လှူဒါန်းသည်။ စုန္ဒ၏ ဆွမ်းကို သုံးဆောင်တော်မူပြီးနောက်တွင် မြတ်စွာဘုရား၏ ကျန်းမာရေးမှာ အလွန်တရာ ဆုတ်ယုတ်သွားသည်။ ထိုမှတစ်ဖန် မြတ်စွာဘုရားသည် (ကုသိနဂရ) ကုသိနာရုံသို့ ကြွတော်မူသည်။ ခန္ဓာကိုယ်မှာ အလွန်တရာ ပင်ပန်းနွမ်းနယ်လာခဲ့သဖြင့် ကုသိနာရုံသို့ ရောက်သောအခါ မြတ်စွာဘုရားသည် မိမိကိုယ်တိုင် သင်္ကန်းကို လေးခေါက်ခေါက်ကာ သစ်ပင်အောက်တွင် လဲလျောင်းတော်မူလိုက်သည်။ ယင်းနေရာတွင် မြတ်စွာဘုရား၏ တပည့်အဖြစ်ခံယူသော ပုက္ကုသမလ္လပုတ္တ၏ ဆက်ကပ်သောသင်္ကန်းကို လက်ခံတော်မူပြီး ကကုဒါမြစ်တွင် ရေချိုးတော်မူကာ ကုသိနာရုံရှိ မလ္လမင်းတို့၏ သာလသစ်တောဥယျာဉ်သို့ ကြွတော်မူသည်။

ကုသိနာရုံ မလ္လမင်းတို့၏ ဥယျာဉ်၌ မဟာလူသား မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်ကြောင်း

ပရိနိဗ္ဗာန်စံဝင်ခါနီးအခြေ အနေကို မျက်ဝါးထင်ထင် မြင်တွေ့ရသကဲ့သို့ လာရောက်ဖူးမြော်ကြသော ပုဂ္ဂိုလ်အပေါင်းတို့မှာ မိမိတို့၏ မျက်လုံးအစုံမှ ယိုစီးကျလာသော မျက်ရည်များနှင့်အတူ ဝမ်းနည်းတသ ခံစားကြရလေသည်။

သတင်းကို ကြားလိုက်ရသောအခါ ဖခင်သေဆုံးသွားသဖြင့် အားကိုးရာမဲ့ဖြစ်သွားသော ကလေးငယ်သည် ဖော်မပြနိုင်သော ဝမ်းနည်းပူဆွေးမှုများ ဖြစ်ရသကဲ့သို့ ဝေသာလီ တစ်ပြည်လုံးမှာလည်း ယူကျုံးမရ ပူဆွေးသောက ဖြစ်သွားကြလေသည်။

ကုသိနာရုံသည် မြတ်စွာဘုရားလက်ထက်၌ မလ္လမင်းတို့အုပ်ချုပ်သော မြို့တစ်မြို့ဖြစ်သည်။ ကုသိနာရုံကို ကုသိနာရဟူ၍လည်းကောင်း ကုသိန္နာဂရီဟူ၍လည်း ကောင်း၊ ကုသိဂါမဟူ၍လည်းကောင်း ခေါ်ဆိုကြသေးသည်။ မြတ်စွာဘုရားမွေးဖွားတော်မမူစဉ်အချိန်တုန်းက ကုသိနာရုံကို ကုသဝတီပြည်ဟုခေါ်ကြောင်း သိရသည်။

ယခုအခါ ကုသိနာရုံမြို့မှာ အိန္ဒိယနိုင်ငံ၏ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဂေါရပူရ်ခရိုင်တွင် တည်ရှိသည်။ ကုသိနာရုံကို အိန္ဒိယအစိုးရက (၁၈၅၆)ခုနှစ်တွင် စတင်တူးဖော်ကာ (၁၉၀၂)ခုနှစ်တွင် တူးဖော်မှုကို အဆုံးသတ်ခဲ့သည်။ တူးဖော်တွေ့ရှိရသော ရှေးဟောင်းအဆောက်အအုံများမှာ–

(၁) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူဟန် ထုလုပ်ထားသည့် မြေသားရုပ်ပွားတော်ကြီး။

(၂) မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နေရာတွင် တည်ထားသည့် မဟာပရိဗ္ဗာနစေတီတော်ကြီး

(၃) မြတ်စွာဘုရား၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်သည့်နေရာတွင် တည်ထားသည့် မကုဋဗန္ဓနစေတီတော်။

(၄) မြတ်စွာဘုရား၏ ဓာတ်တော်များကို ဝေရာဌာနများ ဖြစ်ကြသည်။

ယင်းရှေးဟောင်းအဆောက်အအုံများအနက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပုံ ရုပ်ထုတော်မှာ လက်ရာအလွန်ပြောင်မြောက်သည့် ရုပ်ထုတော်ကြီးတစ်ခုဖြစ်သည်။ ယင်းပရိနိဗ္ဗာန်စံတော်မူဟန် ရုပ်ထုတော်မှာ အလျား (၁၂) ပေရှိပြီး၊ ကျိန်းစက်တော်မူရာပလ္လင်၏ အလျားမှာ (၂၃) ပေနှင့် (၉)လက်မရှိသည်။ အနံမှာ (၅)ပေ (၆)လက်မရှိကာ၊ အမြင့် (၂)ပေ (၁)လက်မရှိသည်။ ရုပ်ပွားတော်နှင့် ပလ္လင်တော်နှစ်ခုစလုံးကို မြေသားဖြင့် ထုလုပ်ထားခြင်းဖြစ်သည်။ ပလ္လင်တော်၌ အရှင်အာနန္ဒာ၊ အရှင်သုဘဒ္ဒနှင့် ဇိဝကတို့၏ ရုပ်ပုံများ ထွင်းထုထားသည်ကို တွေ့ရသည်။ ပရိနိဗ္ဗာန်ပြုသည့် ရုပ်ပွားတော်ကို မထုရာမြို့မှ ဒိန္နကထုလုပ်ခဲ့ပြီး အလှူရှင်မှာ ဟရိဗလဆွာမိဆိုသူဖြစ်သည်ဟု ဆိုသည်။ ယင်းရုပ်ပွားတော်ကို အေဒီ (၅)ရာစုခန့်က ထုလုပ်ခဲ့သည်ဟု သိရသည်။

ယင်း ပရိနိဗ္ဗာန်စံတော်မူဟန် ရုပ်ပွားတော်ကြီးအား ခြေရင်းဘက်မှ ဖူးမြော်ကြည့်လျှင် ဝေဒနာခံစားနေရပုံ၊ အလယ်တည့်တည့်မှ ဖူးမြော်ကြည့်လျှင် ပရိနိဗ္ဗာန်စံဝင်တော်မူပုံနှင့် ဦးခေါင်းတော်ဘက်မှ ဖူးမြော်ကြည့်လျှင် ပြုံးရွှင်တော်မူနေပုံတို့ကို ထူးခြားဆန်းကြယ်စွာ တွေ့မြင်ရသည်ဟု ပြောဆိုကြသည်။ ပရိနိဗ္ဗာန ရုပ်ပွားတော်ကြီးရှိရာ ကျောင်းဆောင်အတွင်းသို့ ဝင်လိုက်သည်နှင့် တပြိုင်နက် အသက်ဝင်လောက်အောင် ပြောင်မြောက်သည့်လက်ရာဖြင့် ထုလုပ်ထားသည့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီးအခြေအနေကို မျက်ဝါးထင်ထင် မြင်တွေ့ရသကဲ့သို့ လာရောက်

ဖူးမြော်ကြသော ပုဂ္ဂိုလ်အပေါင်းတို့မှာ မိမိတို့၏ မျက်လုံးအစုံမှ ယိုစီးကျလာသော မျက်ရည်များနှင့်အတူ ဝမ်းနည်းတသ ခံစားကြရလေသည်။

ကုသိနာရုံ၌ ဒုတိယအရေးပါသော နောက်ထပ်အဆောက်အအုံတစ်ခုမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန ရုပ်ပွားတော်တည်ရှိရာ နေရာနှင့် မလှမ်းမကမ်းတွင် တည်ရှိသည့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ နေရာ၌ တည်ထားသည့် မဟာပရိနိဗ္ဗာနစေတီတော်ကြီးဖြစ်သည်။ ထိုနည်းအတူ ကုသိနာရုံတွင် နောက်ထပ်အရေးပါသည့် နေရာတစ်ခုမှာ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးသဂြိုဟ်သည့် နေရာဖြစ်သည်။ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ သရီရတော်ကို မြို့၏တောင်ဘက်ရှိ အင်ကြင်းဥယျာဉ်မှ မြို့၏အရှေ့ဘက်ရှိ မကုဋဗန္ဓန ရေချိုးဆိပ်အနီးသို့ ပင့်ဆောင်ကာ ယင်းနေရာတွင် မီးသဂြိုဟ်ကြသည်ဟု ဆိုသည်။

ဤကုသိနာရုံသို့ ဘီစီ (၃)ရာစုခန့်တွင် အသောကမင်းကြီးသည် ဥပဂုတ္တမထေရ်နှင့်အတူ ရောက်ရှိလာခဲ့စဉ် ကုသိနာရုံ၌ စေတီပုထိုးများ တည်ဆောက်ထားခဲ့သည့်အပြင် ကျောက်စာတိုင်ကြီးများကိုလည်း စိုက်ထူထားခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း အသောကမင်းကြီး၏ လက်ရာအကြွင်းအကျန်များကို ယခုအခါ အစအနမျှပင် ရှာမတွေ့တော့ပေ။ အေဒီ (၇)ရာစုအတွင်းက တရုတ်ခရီးသည် ရှွင်ကျန်၏မှတ်တမ်းတွင် မြို့၏ အရှေ့တောင်ထောင့်၌ အသောကမင်းကြီးတည်ထားခဲ့သော ပုထိုးတော်ကြီးတစ်ဆူ ရှိခဲ့ပြီး၊ ယင်းပုထိုးတော်မှာ ပျက်စီးယိုယွင်းနေပြီဖြစ်သော်လည်း ပေ (၂၀၀)ခန့်အမြင့်ကို ဖူးတွေ့ရတုန်းပင် ရှိသေးသည်ဟု ဆိုထားသည်။

ယခုမြင်တွေ့ရသော ရှေးဟောင်းနေရာဌာနများမှာ ရာစုနှစ်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီးနောက် (၁၉)ရာစုအတွင်းသို့ ရောက်လာခဲ့သောအခါမှ အိန္ဒိယအစိုးရက တူးဖော်တွေ့ရှိသော နေရာများဖြစ်ကြသည်။ အိန္ဒိယရှေးဟောင်းဌာနမှ တူးဖော်တွေ့ရှိရသော နေရာများမှာ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ လုမ္ဗိနီ အစရှိသော ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် နေရာများနှင့်အတူ ဤကုသိနာရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်လေသည်။

ကုသိနာရုံတွင် ရဟန်းတော် မဟာဝီရသည် (၁၈၉၀)ခုနှစ်မှ (၁၉၂၀)ခုနှစ်ထိ နေထိုင်သွားခဲ့သည်။ ရဟန်းတော်မဟာဝီရသည် ကာလကတ္တားမှ သူဌေးကြီးချီစားရီ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ကုသိနာရုံတွင် ကျောင်းတိုက်ကြီးဆောက်ကာ သီတင်းသုံးနေထိုင်သွားခဲ့ခြင်းဖြစ်သည်။ မဟာဝီရပျံလွန်သည့်နောက်တွင် ဆရာတော်စန္ဒြမဏိက ထိုကျောင်းတိုက်တွင် ဆက်လက်နေထိုင်ပြီး ကုသိနာရုံကို တိုးတက်အောင် လုပ်ပေးခဲ့သည်။ ဆရာတော်စန္ဒြမဏိသည် ကုသိနာရုံ၌ စာသင်ကျောင်းများ၊ ကောလိပ်များ၊ စာကြည့်တိုက်များ၊ ဆေးရုံဆေးခန်းများစွာကို ဆောက်လုပ်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံ၏ အထင်ကရပုဂ္ဂိုလ်ဖြစ်သော ဒေါက်တာအမွေဒကာကဲ့သို့သော ထင်ရှားသည့် ဗုဒ္ဓဘာသာဝင်များစွာကိုလည်း မွေးထုတ်ပေးခဲ့သည်။ ဆရာတော်စန္ဒြမဏိ၏ တပည့်ရင်း အရှင်ဉာဏိဿရကလည်း ဆရာတော်စန္ဒြမဏိနှင့်အတူ သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ယခုအခါ ကုသိနာရုံတွင် ဆရာတော်စန္ဒြမဏိ သီတင်းသုံးခဲ့သော မြန်မာကျောင်းဝင်းအတွင်း၌ အရှင်ဉာဏိဿရ ဦးဆောင်တည်ထားကိုးကွယ်ခဲ့သော ရွှေတိဂုံပုံတူစေတီတော်ကြီးတစ်ဆူကိုလည်း ကြည်ညိုဖွယ်ရာအဖြစ် ဖူးတွေ့နိုင်ပါသည်။ ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရလက်ထက်မှာ ကိုယ်ကျိုးစွန့်အနစ်နာခံ၍ အိန္ဒိယနိုင်ငံမှာ မြန်မာများတည်းခိုကာ သာသနာပြုနိုင်ဖို့ အစွမ်းကုန်ကြိုးစားနိုင်ခဲ့ဖြစ်ပါသည်။ ဆရာတော်အရှင်ဉာဏိဿရလက်ထက်တွင် ယခင်က ညှိုးမှိန်နေခဲ့သော သာသနာမှာ ပွင့်လန်းစိုပြေလာခဲ့ပြီဖြစ်ပါသည်။

အရှင်အာလောက

ဝေယံလင်းခေါင်

ပေတကြီးပြုသွားသော
သာသနာ

ကျောင်းပေါ်ကို ဒကာနှစ်ယောက် တက်လာကြသည်။ ဆရာတော်စကြ်လျှောက်နေရာမှ လှမ်းကြည့်၏။ တစ်ယောက်က လူမျိုးခြား၊ ကျန်တစ်ယောက်ကမူ ဦးမောင်အုန်း။ ဦးမောင်အုန်းမှာ ဆရာတော်အား နှစ်စဉ်လိုလို ဝါဆိုကထိန်သင်္ကန်းကပ်နေကျဖြစ်သည့်အပြင် သူ့အိမ်ကိုလည်း နှစ်ခါသုံးခါ ဆွမ်းပင့်ကျွေးဖူးသဖြင့် ဆရာတော်နှင့် ရင်းနှီးနေသည်။

ထိုင်နေကျခုံပေါ်တွင် ဆရာတော်ထိုင်လိုက်တော့ ဦးမောင်အုန်းက ဦးချ၏။ လူမျိုးခြားကတော့ ဦးမချ။ သို့သော် ဦးမောင်အုန်းလိုပင် ရိုရိုသေသေတော့ ထိုင်၏။

"ဒကာအုန်း၊ ဘာကိစ္စတုန်း"

"ဒီဒကာက တပည့်တော်တို့နဲ့ တစ်လမ်းတည်းနေ ဦးစိုးခပါဘုရား။ ကိစ္စက သူ့တိုက်နဲ့ ကပ်လျက်တိုက်က ဒေါ်တင်မလတ်တို့တိုက်ပါဘုရား။ ဒေါ်တင်မလတ်ကိုတော့ ဆရာတော်သိပါတယ်"

"သိပါတယ်၊ တက္ကသိုလ်က ဆရာမကြီးမဟုတ်လား။ သူ့အမျိုးသား ဟိုလက ဆုံးသွားလို့ ဘုန်းကြီးတောင် ရက်လည်သွားခဲ့သေးတယ်"

"အဲဒီ ဆုံးသွားတဲ့လူရဲ့ ကိစ္စပဲဘုရား"

"အင်း .. ဟင်၊ တစ်လတောင် ပြည့်သွားပလား"

"မဟုတ်ပါဘူးဘုရား၊ သေသွားတဲ့ အဲဒီပုဂ္ဂိုလ်က မကျွတ်မလွတ်ဖြစ်ပြီး သူ့အိမ်ကိုတော့ ဘာပြဿနာမှမရှာဘဲ တိုက်ချင်းကပ်ဖြစ်တဲ့ ဒီ ဦးစိုးခတို့အိမ်မှာ ညညဆို လာလာသောင်းကျန်းနေလို့ပါဘုရား"

"ဟေ .. ဘယ်လိုများ လာသောင်းကျန်းတုန်း"

"လူကြီးတွေကို ခုတင်ပေါ်က ဆွဲချပါတယ်။ ကလေးတွေကိုလဲ ခေါင်းခေါက် ထိပ်ပုတ်လုပ်ပါတယ်။ အိမ်ပေါ်မှာ သွားလာနေကြတဲ့လူနဲ့ တိုက်မိမတတ် လေဟပ်သွားပြီး တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်ဖြစ်သွားတတ်ပါတယ်။ အစကတော့ ဘာဖြစ်မှန်း မသိကြပါဘူး၊ နောက်မှ အသိတွေက ပြောပြလို့ သူလာလာခြောက်နေမှန်းသိရပါတယ်။ သူတို့နဲ့ ဟိုတုန်းကတည်းက တိုက်ချင်းကပ်ဆိုတော့ သူ့မိန်းမနဲ့ စကားများဖူးတာ ရှိထားလို့ ထင်တာပါပဲ"

ဦးစိုးခဆိုသူမှာ အတော်စိတ်ဓာတ်ကျနေပုံရ၏။ မျက်နှာက ညှိုးနွမ်းနေသည့်အပြင် စကားသံပါ ဝမ်းနည်းနေသံ ပါနေ၏။

"ဒကာကြီးက ဘာသာခြားထင်ပါတယ်။ ဒကာကြီးတို့ အစဉ်အလာရှိတဲ့ ရိုးရာတွေဘာတွေနဲ့တော့ လုပ်မကြည့်ကြဘူးလား"

"အဲဒီလိုခြောက်တာနဲ့ ပတ်သက်လို့ အစဉ်အလာလုပ်ကြတာ မရှိပါဘူး။ မနေနိုင်၊ မနေဝံ့ကြရင် အိမ်က ထွက်သွားကြတာပါပဲ။ အဲဒါ ဦးမောင်အုန်းက ဘုန်းကြီးပင့် ပရိတ်နာလိုက်ရင် ပျောက်သွားတယ်ပြောလို့ ဘုန်းကြီးဆီ အကူအညီလာတောင်းရတာပါ"

"မှန်လှပါဘုရား၊ ဦးစိုးခတို့မှာ ညညလဲ ကောင်းကောင်း မအိပ်ကြရတာ ဒေါ်တင်မလတ်ယောကျ်ားဆုံးကတည်းကလို့ ပြောပါတယ်ဘုရား။ သူ့ခွေးမတစ်ယောက်ဆို မနေဝံ့လို့ သူ့မိဘဆီ ပြောင်းပြေးသွားတာတောင် သုံးလေးရက်ရှိပြီပြောပါတယ်။ အဲဒါ ဦးစိုးခတိုက်ဆောက်တာလဲ မကြာသေးတော့ သူ့တိုက်ကို ဒီအတိုင်း ပိတ်ထားခဲ့ရမှာလဲ နှမြောလို့ လမ်းက ဗမာတွေကို ဒီလိုဖြစ်ရင် ဗမာတွေ ဘယ်လိုလုပ်ကြရလဲ၊ ဟိုလူ့မေး ဒီလူ့မေးနဲ့ နောက်တော့ လမ်းကလူတွေက ညွှန်လိုက်လို့ တပည့်တော်ဆီ ရောက်လာတာပါဘုရား"

"အေး .. နေဦး၊ တစ်မျိုးပဲ၊ ဒေါ်တင်မလတ်တို့ မိသားစုဆိုတာကလဲ၊ ဘုန်းကြီးသိရသလောက် သားသမီး၊ ချွေးမကအစ အင်မတန် ဘုရားတရားကြည်ညိုကြတဲ့ မိသားစုပဲ။ ဘုန်းကြီးက မရင်းနှီးပေမယ့် သိနေပါတယ်။ အဲဒီဒကာကြီးကိုသာ

မမြင်ဖူးတာ''

''သူ့ကို ဆရာတော် ဘယ်မြင်ဖူးပါ့မလဲဘုရား။ သူက လက်ဝဲအယူကြီးတဲ့ တောပြန်ပါဘုရား။ ကျောင်းကန်ဘုရားဆိုတာလဲ သွားတဲ့လူမှ မဟုတ်တာ၊ အဲဒါ–ခု ဟိုကလဲ ဘယ်စိတ်ကောင်းကြပါ့မလဲ ဘုရား။ ဆရာမကြီးဆို ရှက်လို့ ပင်စင်တောင် တင်ထားတယ်ကြားပါတယ်။ သူတို့ကိုတော့ တပည့်တော်မှာ အားနာလွန်းလို့ မသိသလို လုပ်နေရပါတယ်။ ခု ဦးစိုးခက အကူအညီလာတောင်းတော့ ကူညီရမယ့် ဝတ္တရားရှိလို့ပါဘုရား။ အဲဒါ ဆရာတော် ကြွရောက်ချီးမြှင့်ပေးဖို့ လာလျှောက်ရတာပါဘုရား''

''ကောင်းပါပြီဗျာ..တစ်ခုတော့ရှိတယ်။ ဦးစိုးခတို့က ဘာသာခြားဆိုတော့ ဘုန်းကြီး နှုတ်ကချပေးသလို ဒကာအုန်းတို့ လိုက်ဆိုသလို ဦးစိုးခတို့ မိသားစုအားလုံးက လိုက်ဆိုလို့ ဖြစ်နိုင်ပါ့မလား''

''ဖြစ်နိုင်ပါတယ်ဘုရား၊ ဆိုနိုင်ပါတယ်၊ ဦးမောင်အုန်းတို့ လိုက်ဆိုသလို တပည့်တော်တို့ မိသားစုလဲ လိုက်ဆိုပါ့မယ်ဘုရား။ တပည့်တော်တို့ဒုက္ခကို ကူညီချီးမြှင့်ပေးပါ''

ဦးစိုးခ၏စကားကို ဆရာတော်က တော်တော်ကြီးကို ဝမ်းသာသွားသည်။ ရှိုးဦးချ၍ မပြောသော်လည်း ဦးမောင်အုန်း၏ လေသံကို လိုက်ကာ ''တပည့်တော်''နှင့် ''ဘုရား''ဟု ပြောလာသော စကားနှစ်ခွန်းက ဆရာတော်ကို ပြုံးမိသွားစေသည်။

''ကောင်းပါပြီလေ၊ ဘယ်တော့လဲ''

''ဆရာတော် ဆွမ်းစား၊ ကွမ်းစားမရှိရင် ဦးစိုးခက မနက်ဖြန် ဆောင်ရွက်ပေးစေချင်ကြောင်း ပြောပါတယ်ဘုရား''

''အချိန်က''

''အရုဏ်ဆွမ်းပါဘုရား''

''သံဃာက ဘယ်နှစ်ပါးတုန်း''

ဦးစိုးခက ဆရာတော်မျက်နှာကို မော့ကြည့်ပြီး–

''ဘယ်နှစ်ပါးဖြစ်ဖြစ် တပည့်တော်တတ်နိုင်ပါတယ်ဘုရား'' ဟု လက်အုပ်ချီ၍ ပြော၏။

ဘာသာခြားတစ်ယောက် လက်အုပ်ကလေးတော့ ချီလာပြီဟု ဆရာတော်က ဝမ်းသာသွားပြန်၏။

''ကောင်းပြီ ဘုန်းကြီးနဲ့ နောက်သံဃာနှစ်ပါးဆိုတော့ သုံးပါးပေါ့နော်''

''မှန်ပါ့ဘုရား''

ဦးစိုးခက လက်အုပ်ချီ၍ ပြော၏။ ဦးမောင်အုန်းက–

''မနက်အရုဏ် တပည့်တော်လာပင့်မှာပါဘုရား''

''ကောင်းပါပြီဗျာ''

''ဦးစိုးခတို့အိမ်မှာ တပည့်တော် လိုက်စီစဉ်ပေးရမှာမို့ ခွင့်ပြုပါဘုရား''

''ကောင်းပါပြီ''

× × × × × × × ×

မနက်ဆွမ်းစားလာပင့်ရင်း ဦးမောင်အုန်းက–

''ဦးစိုးခတို့ မိသားစုကတော့ သိပ်ဝမ်းသာနေကြပါတယ်ဘုရား၊ ညက တစ်ညလုံး ဆွမ်းဝေယျာဝစ္စလုပ်ပြီး သန်းခေါင်နီးမှ အိပ်ကြတာ၊ ခါတိုင်းညလို ကလေးတွေလဲ ထထအော်မငိုကြဘူး၊ လူကြီးတွေလဲ ဘာမှမဖြစ်ကြဘူး၊ တပည့်တော်လဲ ညက သူတို့အိမ်မှာ အိပ်လိုက်ပါတယ်။ အဲဒါ ဦးစိုးခကတော့ ခင်ဗျားတို့ ဗမာဘုန်းကြီး တကယ်စွမ်းတယ်ဆိုတာ ကျုပ်ယုံသွားပြီ ပြောပြီးကျန်ခဲ့ပါတယ်ဘုရား''

''ဘုန်းကြီးက ကျောင်းမှာနေတာ၊ ဘယ့်နှယ်စွမ်းမှာတုန်း၊ ခင်ဗျားက သူ့အိမ်သွားအိပ်တော့ ခင်ဗျားစွမ်းလို့ ညက အခြောက်အလှန့်မရှိတာနေမှာပေါ့''

''တပည့်တော်တို့တစ်ကိုယ်လုံး ကိလေသာတွေ ဖုံးလွှမ်းနေတာ ဘယ်လိုအစွမ်းရှိပါ့မလဲဘုရား၊ သံဃာကိုရည်စူးပြီး ဆွမ်းချက်ပြုတ်နေကြတာနဲ့ မောင်မင်းကြီးသား အိမ်ထဲမဝင်ဝံ့တာဘဲ ဖြစ်ပါ

လိမ့်မယ်ဘုရား''

ဆရာတော်က ရယ်စရာပြောသည့်ကို ဦးမောင်အုန်းက ပြန်လျှောက်၏။

သည်လိုနှင့် ဦးစိုးခတို့ မိသားစုကလည်း ဦးမောင်အုန်းနှင့် ငါးပါးသီလယူ၊ ပရိတ်တရားတော်နာ၊ ထိုပုဂ္ဂိုလ်၏အမည်ကို ရွတ်ဆိုရာတွင် အသံကျယ်သွား၍ ဦးမောင်အုန်းမှာ တစ်ဘက်အိမ်သားတွေများ ကြားသွားမလားဟုပင် စိုးရိမ်မိလိုက်၏။

သည်လိုနှင့် ဘုန်းကြီးပြန်ကြွခါနီးတွင် တစ်အိမ်သားလုံး ဘုန်းကြီးကို ဦးချပြီး အကူအညီ အလှူအတန်းလိုအပ်ပါက အမိန့်ရှိပါရန် ဖုန်းနံပါတ်ပါ ဆရာတော်အား ရေးပေးလိုက်သည်။

ထိုတစ်ညလွန်မြောက်၍ နောက်တစ်နေ့တွင် ဆရာတော်က ဦးစိုးခဆီ ဖုန်းဆက်၍ အခြေအနေကို မေးမြန်းသည်။ ဦးစိုးခက ဝမ်းသာအားရသံနှင့် ညက ဘာအခြောက်အလှန့်မှ မရှိတော့ကြောင်း တစ်အိမ်သားလုံး ဘုန်းကြီးကို ကျေးဇူးတင်နေပါကြောင်း အထပ်ထပ်အခါခါ ပြောသည့်အပြင် သူ့ဇနီးကပါ ဘုန်းကြီးကို ကျေးဇူးတင်စကား ပြောလိုပါသည်ဆိုသဖြင့် ဦးစိုးခဇနီးနှင့် ဘုန်းကြီးက ပြောရပြန်၏။ ဦးစိုးခ ဇနီးကလည်း ဦးစိုးခနည်းတူ ကျေးဇူးတင်ကြောင်း အထပ်ထပ်အခါအခါပြော၍ အကူအညီ လိုအပ်ပါက ဖုန်းနှင့်ပြောပါရန်ကိုပါ ပြောလေသည်။

နောက်သုံးလေးရက်ကြာတော့ ဘုန်းကြီးဆီ ဦးစိုးခကိုယ်တိုင် ဖုန်းဆက်လာ၏။ ''ဦးစိုးခပါဘုရား'' ဆိုတော့ ဘုန်းကြီးက နည်းနည်းတော့ ထိတ်သွားသည်။ ဦးစိုးခတို့အိမ်ကို ဟိုပုဂ္ဂိုလ်ပြိတ္တာကြီး လာနှောင့်ယှက်နေပြန်ပြီအထင်နှင့်–

''ဒကာကြီး ပြန်ဖြစ်နေပြန်ပလား''

''မဟုတ်ပါဘူးဘုရား၊ တပည့်တော်တို့အိမ်မှာ ဘာမှ မဖြစ်တော့ပါဘူးဘုရား၊ ဒါပေမယ့် – ဦး.......ဦးက လမ်းထဲရောက်သွားပါတယ်ဘုရား။ အဲဒါ လမ်းသွားလမ်းလာတွေကို ညညဆို လိုက်လိုက်ဆွဲ၊ ခြောက်လှန့်နေလို့ ခွေးတစီစီဖြစ်နေကြတာ မကြာမီ အရှင်ဘုရားဆီကို လမ်းပရိတ်ရွတ်ပေးဖို့ ဦးမောင်အုန်း ရောက်လာ

''မှန်လှပါဘုရား ..
ည မိုးချုပ်တာနဲ့ ထလေးလူကြီး
လမ်းမထွက်ရဲလောက်အောင်
သောင်းကျန်းနေပါတယ်ဘုရား။
ကျန်ခဲ့တဲ့ညတွေလဲ ရပ်ကွက်ထဲ
ဝဲဖြူတိန်နဲ့ပြား ရောင်းနေကျဈေးသည်တို
လိုက်ဆွဲလို့ နံပြား၊ ဝဲဖြူတိတွေလဲ ဖြန့်ကြဲ၊
ခွေးတွေလဲ တစီစီနဲ့
တစ်လမ်းလုံး ဆူညံသွားတာပဲဘုရား၊
သိဝ်အထင့်ရဲလာလို့
အဲဒါ ....

ပါလိမ့်မယ်ဘုရား။ ခုတော့ သူ့ခမျာ အဲဒီကိစ္စအတွက် လိုက်ဆောင်ရွက်နေရလို့ အိမ်တောင် မကပ်နိုင်ဖြစ်နေရှာပါတယ်ဘုရား။ သူ့အိမ်က ဖုန်းနံပါတ် အရှင်ဘုရားဆီ ရှိလားဘုရား၊ အကျိုးအကြောင်း သူ့ကိုမေးရင် သူ ပြောပြပါလိမ့်မယ် ဘုရား''

''ရပါတယ် ဒကာကြီး၊ သူလဲ အလုပ်များနေတယ်ဆိုတော့ ဖုန်းမဆက်တော့ပါဘူး၊ ဒကာကြီးတို့ အိမ် အန္တရာယ်ကင်း၊ ဘေးရှင်းသွားတာ ဘုန်းကြီးဝမ်းသာပါတယ်၊ ဦးမောင်အုန်းလာတော့မှ မေးကြည့်ပါ့မယ်''

ဦးစိုးခ ဖုန်းဆက်ပြောသလိုပင် ညနေစောင်းသုံးနာရီကျော်လောက်မှာ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌနှင့်အတူ ဦးမောင်အုန်းတို့ ရောက်ချလာကြသည်။

''ဦးစိုးခ စောစောကပဲ ဖုန်းဆက်တယ်၊ ဘယ့်နှယ် .. ဟို ပုဂ္ဂိုလ်ကြီး လမ်းမှာ သောင်းကျန်းနေပြန်တယ်ဆို''

''မှန်လှပါဘုရား .. ည မိုးချုပ်တာနဲ့ ကလေးလူကြီး လမ်းမထွက်ရဲလောက်အောင် သောင်းကျန်းနေပါတယ်ဘုရား။ ကျန်ခဲ့တဲ့ညကလဲ ရပ်ကွက်ထဲ ပဲပြုတ်နံပြား ရောင်းနေကျဈေးသည်ကို လိုက်ဆွဲလို့ နံပြား၊ ပဲပြုတ်ကွေလဲ ပြန့်ကြဲ၊ ခွေးတွေကလဲ တစီစီနဲ့ တစ်လမ်းလုံး ဆူညံသွားတာပဲဘုရား၊ သိပ်အတင့်ရဲလာလို့ အဲဒါ ညနေလမ်းအန္တရာယ်ကင်း ပရိတ်တရား ချီးမြှင့်ပေးဖို့ တပည့်တော်တို့ လာလျှောက်ရတာပါဘုရား။ သူက ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌပါ''

သူတို့ရပ်ကွက်၊ သူတို့လမ်းတွေမှာ လူကုံထံ သူဌေးသူကြွယ်တွေ ချည်း နေနေကြသော ဆိတ်ငြိမ် ရပ်ကွက်ဖြစ်သည်။ အိမ်တိုင်းတိုက်တိုင်းမှာ ကားကိုယ်စီရှိကြသဖြင့် အိမ်အထွက်လည်းကား၊ အိမ်အဝင်လည်းကားနှင့်သာဖြစ်သဖြင့် လမ်းတိုင်းလိုလိုတွင် လူသွားလူလာပြတ်မည်ကို ဘုန်းကြီးက သိနေသည်။

''အေး .. လမ်းအန္တရာယ်ကင်းဆိုတော့ သံဃာငါးပါးတော့ လိုလိမ့်မယ်။ ဒကာအုန်းတို့ အဆင်သင့်သာ စီမံထားကြပါ။ ဘုန်းကြီးက သံဃာရှာပင့်ထားလိုက်မယ်။ ကျောင်းပိတ်ထားတော့ စာသင်သားတွေက အရပ်ပြန်ကြနေကြတာက များတယ်။ ဆရာတစ်ပိုင်း စာသင်သားတစ်ပိုင်း အဆောင်နေကိုယ်တော်တွေတော့ ရှိပါလိမ့်မယ်''

''မှန်ပါဘုရား၊ ညနေ တပည့်တော်တို့ လာပင့်ပါ့မယ်ဘုရား၊ တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား''

''ကောင်းပါပြီ''

သည်လိုနှင့် ဆရာတော်က အဆောင်နေများဖြစ်ကြသော ဦးပဋ္ဌင်းနောဓိဉာဏအပါအဝင် သံဃာသုံးပါးနှင့် ဆရာတော်၏ တပည့်ဖြစ်သော မွန်ပြည်နယ်က ဆရာတော်ဆီ လာကန်တော့သော ဧည့်သည်သံဃာ တစ်ပါးပါ ငါးပါးပြည့်သွားသည်။

ဆရာတော်ကြီးက လမ်း၌ အန္တရာယ်ကင်း ပရိတ်ရွတ်ကြရမည့် အကြောင်းနှင့် အဖြစ်အပျက်ကို ပြောပြရာ မွန်ပြည်နယ်နေ ဧည့်သည် ရဟန်းတော်က–

''အမှန်တကယ် မကျွတ်မလွတ်ဘဲ ပေတ (ပြိတ္တာ)ဘဝကို ရောက်နေတယ်ဆိုရင် အဲဒီဒကာအတွက် တပည့်တော် စီမံပါ့မယ်၊ ခွင့်ပြုပါဘုရား။ တပည့်တော်တို့ ပရိတ်တရားကို သူလာနာ,မနာဆိုတာကိုလဲ တပည့်တော် ကြည့်ပါ့မယ် ဘုရား''ဟု ဆရာတော်ကြီးကို လျှောက်၏။

ရုတ်တရက်မှု ဆရာတော်ကြီးပင် သူ့တပည့်လည်းဖြစ်ဖူးသော ဧည့်သည်ရဟန်း၏စကားကို အံ့သြသွားသည်။ ဆရာတော်ကြီးကျောင်းက စာသင်ထွက်သွားပြီး သူကား မွန်ပြည်နယ်၌ ဓုတင်ဆောက်တည်နေကြောင်းတော့ ကြားထားသည်။ ညကျလျှင် သုသာန်သချိုင်းများကို လှည့်လည်သွားလာပြီး ပေတ (ပြိတ္တာ)များကို တရားဟောနေမှန်းကို ဆရာတော်ကြီးက မသိပေ။ ထို့ကြောင့်–

''မောင်ပဋ္ဌင်းက တယ်

ဟုတ်ပါလား၊ ဘုန်းကြီးတို့တော့ တစ်သက်လုံး နှစ်ဆန်းတစ်ရက်ဆို ရပ်ကွက်တကာ လမ်းတကာမှာ အန္တရာယ်ကင်း ပရိတ်ရွတ်လာတာ အကြိမ်အခါကို မရေတွက်နိုင်တော့ဘူး။ သရဲ၊ တစ္ဆေ၊ ပြိတ္တာတွေကို တစ်ခါမှ မမြင်ဖူးဘူး။ မောင်ပဥ္စင်း အဲသလို ပေတတွေကိုမြင်အောင် ဘယ်လိုများ အားထုတ်ကျင့်ကြံလာသလဲ''

''ပေတတွေကို မြင်ရဖို့ လွယ်ပါတယ်ဘုရား၊ သုသာန်သင်္ချိုင်းမှာ ညည သွားပြီး သူတို့ကို မေတ္တာပို့ဖိတ်ခေါ် တရားဟောရင် တစ်လလောက်အကြာမှာ ရုပ်ဆင်းသဏ္ဍာန် အမျိုးမျိုးနဲ့ တရားလာနာကြတဲ့ ပေတတွေ၊ တချို့ကလဲ တရားမနာဘဲ နောက်နိုင်းလာထိုင်နေကြတာကို မြင်လာရပါတယ်ဘုရား''

ဆရာတော်ကြီးအပါအဝင် နောက်ရဟန်းများလဲ ညွှ့်သည်ရဟန်းစကားကို အံ့သြသွားကြသည်။

''ကဲ ..ဒါဆို ဟုတ်ပြီ၊ အိမ်ကနေ လမ်းပေါ်ရောက်သွားတဲ့ အဲဒီပေတဒကာအတွက် မောင်ပဥ္စင်းပဲ အားလုံးစီမံတော့၊ အတော်ကြာရင် ဒကာအုန်းတို့ လာပင့်ကြလိမ့်မယ်''

''မှန်ပါ့ဘုရား''

ဒကာဦးမောင်အုန်းနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌတို့ လာပင့်ကြသောအခါ ဆရာတော်ကြီးအပါအဝင် သံဃာငါးပါး အန္တရာယ်ကင်း လမ်းပရိတ်ရွတ်ရန် လိုက်သွားကြသည်။ အချိန်မှာ ထိုပေတကြီး ခြောက်လှန့်နေကျ မှောင်ရီဖျိုးဖျ ညနေအချိန်။

ပရိတ်ရွတ်ရမည့်နေရာနှင့် တရားနာပရိသတ်များ နေရာပတ်လည်ကို မီးချောင်းတွေ၊ မီးလုံးတွေ ပတ်ပတ်လည်ဆင်ထားသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးပါ လင်းထိန်နေသည်။ ညွှ့်သည်ရဟန်းက အဝင်ဝရှိ မီးချောင်းနှစ်ချောင်းကို ပိတ်ထားလိုက်ပါဟု မိန့်၏။

ကြွလာကြသော ဆရာတော်ကြီးနှင့်တကွ သံဃာငါးပါး ကော်ဇောပေါ် ထိုင်လိုက်ကြသည်။ တရားနာပရိသတ်ထဲတွင် ဦးစိုးခတို့ မိသားစုကိုလည်း လူအုပ်ထဲတွင် ပရိတ်တရားနာ ရောက်နေကြသည်ကို မြင်ရသဖြင့် ဆရာတော်ကြီးမှာ အလွန်ဝမ်းသာသွားသည်။

ညွှ့်သည်ရဟန်းက ဦးမောင်အုန်းတို့ ဘုန်းကြီးငါးပါးရှေ့ ပေတဒကာထိုင်ပြီး တရားနာနိုင်အောင် သီးသန့်အခင်းတစ်ခု လုပ်ပေးခိုင်း၏။ ဦးမောင်အုန်းကလည်း ပရိသတ်ထိုင်ရန် လုပ်ထားသော အစွန်နားက ကောဇောငယ်တစ်ချပ်ကို ယူခေါက်ပြီး ပေတကြီးအတွက် နေရာလုပ်ပေးလိုက်၏။

ညွှ့်သည်ရဟန်းက မတ်တတ်ထရပ်လိုက်ပြီး ပရိသတ်အစွန်နားကြွသွားကာ ပေတကြီးအား တရားနာရန် ဖိတ်ခေါ်၏။ ရွတ်ဖတ်သရဇ္ဈာယ်ကာ မိမိနေရာသို့ ပြန်ထိုင်၏။ မကြာမီမှာပင် ခွေးတွေအူလာကြသည်၊ ဟိုပြေးသည်ပြေးနှင့် လမ်းရှိ ခွေးလေခွေးလွင့်များ ဟောင်ကြသောအခါ ခြံထဲတိုက်ထဲရှိ မွေးထားသော ခွေးများလည်း ဟောင်ကြ၊ အူလာကြသည်မှာ ဆူညံနေ၏။

ပရိတ်တရားတော်နာရန် လူတွေ လာထိုင်နေကြသော နေရာနားထိ လမ်းရှိ ခွေးလေခွေးလွင့်တွေက ဟောင်ကြ၊ အူကြနှင့် ရောက်လာကြသည်။ ထိုအခါ ဦးမောင်အုန်းတို့အဖွဲ့က ခွေးတွေကို အော်ငေါက် မောင်းထုတ်ကြသည်။

''ဒကာတို့ ခွေးတွေကို မမောင်းပါနဲ့၊ ဒကာတို့နေရာ ဒကာတို့ ပြန်ဝင်ထိုင်နေကြပါ''

ညွှ့်သည်ရဟန်းက မိန့်လိုက်ပြီး ဆရာတော်ကိုလည်း တီးတိုးကပ်ပြော၏။

''သူလာနေပါပြီဘုရား၊ လူတွေက ခွေးကိုမောင်းထုတ်ရင် သူ့ကို မောင်းလွှတ်တယ်ထင်ပြီး ပြန်သွားမှာစိုးရတယ်။ အဲဒါကြောင့် ဒကာတွေကို ဟန့်တားရတာဘုရား''ဟု ဆိုသည်။ ပြီးတော့မှ-

''ဩော် ..လာ ..လာ ..ဒကာကြီး၊ ဘုန်းကြီးတို့ ပရိတ်

သံဃာတော်တွေကို ဦးချပါ၊ သံဃာတော်တွေ ရွတ်ဖတ်တဲ့ ပရိတ်တရားတော်ကို ကောင်းစွာ နာယူပါ၊ ထိုင်ထိုင်''ဟု တဆက်တည်း မိန့်ကြားသည်။

ပရိသတ်က မည်သို့ရှိကြမည်မသိ။ ဆရာတော်ကမူ သူ့တပည့် အာဂန္တုရဟန်း မိန့်ကြားနေသည်ကို ကြက်သီးထချင်နေသည်။ ထို့ကြောင့် သူနှင့် ကပ်ထိုင်နေသော သူ့တပည့်ရဟန်းကို မသိမသာ အကဲခတ်ကြည့်ရာ ပေတဒကာ လာနေသည်ကို ပကတိမြင်နေရသလို ပြောဆိုနေသော်လည်း သူ့တပည့် ငြေ့သည့်ရဟန်းကမူ စက္ခုကုန္ဒြေချထားသည်။ ဆရာတော်ကြီးသည် ''ပေတဒကာနေရန်''ဟု ခင်းပေးထားသော နေရာကိုလည်း ကြည့်၏။ နေရာလွတ်ကိုသာ မြင်ရသည်။

ပရိသတ်က မည်သို့ရှိကြမည်မသိ။
ဆရာတော်ကမူ
သူ့တပည့်အာဂန္တုရဟန်း မိန့်ကြားနေသည်ကို
ကြက်သီးထချင်နေသည်။
ထို့ကြောင့် သူနှင့် ကပ်ထိုင်နေသော
သူ့တပည့်ရဟန်းကို မသိမသာအကဲခတ်ကြည့်ရာ
ပေတဒကာ လာနေသည်ကို ပကတိမြင်နေရသလို
ပြောဆိုနေသော်လည်း
သူ့တပည့် ငြေ့သည့်ရဟန်းကမူ စက္ခုကုန္ဒြေချထားသည်။
ဆရာတော်ကြီးသည် ''ပေတဒကာနေရန်''ဟု
ခင်းပေးထားသော နေရာကိုလည်း ကြည့်၏။
နေရာလွတ်ကိုသာ မြင်ရသည်။

''ကဲ ..အားလုံး ငါးပါးသီလခံယူပြီး ပရိတ်တရားတော်ကို နာကြားကြရအောင်၊ သံဃာတော်များ၏ဂုဏ်တော်ကို အာရုံပြုပြီး သံဃာတော်များကို ကန်တော့ကြပါ''

ဤစကားကိုတော့ ငြေ့သည့် ရဟန်းတော်က မျက်လွှာတစ်ချက် ပင့်ကြည့်ပြီး မိန့်ကြား၏။ သူ့တပည့်၏ အခြေအနေကိုမူ ဆရာတော်ကြီးက အလွတ်မပေးဘဲ သတိထားလျက်ရှိ၏။

တရားကို နာယူပါ။ အမျှအတန်းဝေ ..ဟုတ်ပြီ၊ ဒကာကြီးအတွက် နေရာပေးထားပါတယ်၊ လာထိုင်ပါ။ တဲ့အခါ သာဓုခေါ်ပါ၊ မမေ့ပါနဲ့၊ ကဲ

ဆည်းဆာ တမ်းချင်း

မြင်လေသမျှ၊ အနိစ္စမို့
နိစ္စရှာဖွေ၊ မတွေ့ချေပြီ။

ကြုံလေသမျှ၊ များဒုက္ခမို့
သုခရှာဖွေ၊ မတွေ့ချေပြီ။

ဆုံလေသမျှ၊ အနတ္တမို့
အတ္တရှာဖွေ၊ မတွေ့ချေပြီ။

မြေ ရေ လေ မီး၊ ဓာတ်ကြီးအစု
လေးဖြာရှုလည်း၊ တစ်ခုရယ်မှ
မမြဲကြတည့်၊ ဘာမျှမဟုတ်
စက်ဆုပ်ဖွယ်သာ။

သံသရာဝဲ၊ မှောင်မိုက်ထဲမှာ
ငါစွဲကိုခွာ၊ အဖြေရှာလျက်
ဖြစ်ပျက်ဆင်ခြင်၊ ဉာဏ်နှင့်မြင်က
သခါရဝဋ်၊ နှောင်ကလွတ်လျှင်။

သေနေ့နီးလည်း
ခရီးကြိုနှင့် နေတော့မည်။

ပုသိန်-မောင်သင်းယု

သည့်လိုနှင့် ပရိတ်ရွတ်တရားဟော၊ ရေစက်ချ၊ အမျှဝေပြီး ကျောင်းသို့ ပြန်ကြွလာကြသည်။ ထိုနေ့ကစ၍ ထိုလမ်းတွင် မည်သည့်အခြောက်အလှန့်မျှ မရှိတော့။ ပရိတ်တရားနာပြီး နောက်တစ်ရက်၊ နောက်တစ်ရက်၊ နောက်တစ်ရက် သုံးရက်လုံးလုံး ညနေတိုင်းတွင် ဦးမောင်အုန်းက သူတို့လမ်း သူတို့အိမ် ၌ မည်သို့သော အခြောက်အလှန့်မှမရှိကြောင်း လာလာလျှောက်သည်။

"အထက်ပါအကြောင်း အရာအဖြစ်မှန်များမှာ ၂၊၃၊၂၀၁၁-ခုနှစ်၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး (ရန်ကုန်)၏ (၃၆)ကြိမ်မြောက် စာအောင်ဆုနှင်းသဘင်တွင် ယခု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (ယခင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိမဟာဌာနမှူး) ဗန်းမော်ဆရာတော်ကြီး ဟောကြားတော်မူသွားသော ကိုယ်တွေ့အကြောင်းအရာအချို့တစ်ဝက်ကို လူအမည်နာမများလွှဲ၍ ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ အကယ်၍ အမည်နာမများ တိုက်ဆိုင်မှုဖြစ်သွားပါက ခွင့်လွှတ်ကြပါရန်"

ဝေယံလင်းခေါင်

အရှင်ဟူအင်စံ၏ မဇ္ဈိမဒေသ ခရီးသွားမှတ်တမ်း

ဒေါက်တာစံလှကျော်

ဂေါ

စာမဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၏ သာသနာတော်သမိုင်း၊ သာသနာတော်အနိမ့်အမြင့်၊ အတက်အကျ အခြေအနေဖြစ်စဉ်တို့ကို လေ့လာရာတွင် ထိုဒေသသို့ ဘုရားဖူး လှည့်လည်ကြွရောက်ခဲ့ကြသည့် တရုတ်လူမျိုး ရဟန်းတော်နှစ်ပါးတို့၏ ခရီးသွားမှတ်တမ်းများသည် များစွာ အထောက်အကူပြုကြသည်ကို တွေ့ရ၏။

ယင်းတရုတ်လူမျိုး ရဟန်းတော်နှစ်ပါးတို့ကား အရှင်ဖာဟီယန် (Fa Hian)နှင့် အရှင်ဟူအင်စံ (Huan Tsang)တို့ ဖြစ်ကြ၏။ အရှင်ဖာဟီယန်သည် အိန္ဒိယ၏ ဘုန်းတန်ခိုးအာဏာစက် အလွန်ထက်မြက်ကျယ်ပြန့်ခဲ့သော ဂုပတမင်းဆက်မှ ချန္ဒြဂုပတဝိကရမာဒိတျမင်းလက်ထက်၊ ခရစ်နှစ် အေဒီ (၄၀၅)မှ (၄၁၁)ခုနှစ်အထိ ခြောက်နှစ်တာ ကာလ လှည့်လည်သွားလာခဲ့၏။ အရှင်ဟူအင်စံကား အရှင်ဖာဟီယန်၏ နောက် နှစ်ပေါင်း (၁၁၈)နှစ်အကြာ ခရစ်နှစ် အေဒီ (၆၂၉)မှ (၆၄၅)ခုနှစ်ထိ (၁၆)နှစ်ကြာ လှည့်လည်သွားလာနေထိုင်ခဲ့၏။ ရဟန်းတော်နှစ်ပါးတို့သည် အိန္ဒိယနိုင်ငံအတွင်း ရောက်ရှိခဲ့သမျှ အရပ်ဒေသများ၌ တွေ့မြင်ကြုံသိခံစားမိသမျှ အကြောင်းအရာတို့ကို ခရီးသွား မှတ်တမ်းများအဖြစ် အစုံအလင် ရေးသားပြုစုထားခဲ့ကြ၏။

ဤဆောင်းပါး၌ ဒုတိယရဟန်းတော် အရှင်ဟူအင်စံ၏ ခရီးသွားမှတ်တမ်းကို တင်ပြလိုပါ၏။ ဤခရီးသွား မှတ်တမ်းကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း (၁၁၀၀)ကျော်ကာလ (သို့မဟုတ်) ယခုနှစ်မှ ရေးလွန်ခဲ့သောနှစ်ပေါင်း (၁၃၇၀)ခန့်ကာလက အိန္ဒိယ မဇ္ဈိမဒေသ၏ ဗုဒ္ဓသာသနာတော်အခြေအနေမှတ်တမ်းဟု ဆိုရမည်ဖြစ်ပါ၏။

အရှင်ဟူအင်စံသည် အိန္ဒိယ၏ ဟာရှဘုရင် လက်ထက်တွင် ရောက်ရှိခဲ့၏။ ဟာရှမင်းသည် အေဒီ (၆၀၆) ခုနှစ်တွင် ဌာနေဆာ ၂ရ်ပြည်ထီးနန်းကို ဆက်ခံခဲ့ရ၏။ နန်းတက်ပြီးလျှင် ဆင်ငါးထောင်၊ မြင်းနှစ်သောင်း၊ ခြေသည် သူရဲငါးသောင်းပါဝင်သည့် ကြီးမားကြောက်မက်ဖွယ်သော စစ်အင်အားဖြင့် အိန္ဒိယမြောက်ပိုင်းကို တိုက်ခိုက်လေ၏။ ငါးနှစ်ခွဲကြာသောအခါ အိန္ဒိယအနောက်မြောက်ပိုင်းနယ်များ နှင့် ဘင်္ဂါနယ်အများအပြားကို သိမ်းယူနိုင်ခဲ့သည်။ ထို့နောက် ဝါလဘီပြည်နှင့် လက်အောက်ခံနယ်များဖြစ်ကြသည့် အာနန္ဒပူရနယ်၊ ကိချာနယ်၊ ကာထိအောဝါးတောင်ပိုင်းနယ်တို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ဤသို့ဖြင့် ဟာရှမင်း၏ ပိုင်နက်နယ်မြေသည် မာလဝါ၊ ဂုဂျရတ်နှင့် ဆုရာရှတြနယ်တို့မှအပ မြောက်ဘက်၌ ဟိမဝန္တာမှ တောင်ဘက်၌ နမ္မဒါမြစ်အထိ၊ အရှေ့ဘက်၌ အာသံ (ကာမရူပ)နယ်မှ အနောက်ဘက်၌ ဝါလဘီနယ်အထိ ကျယ်ပြန့်ခဲ့၏။ ဤမျှကျယ်ပြန့်သော အိန္ဒိယမြောက်ပိုင်းဌာနေ ဆာရ်နိုင်ငံကို ထူထောင်ကာ ကာနော့ဂျ်မြို့တော်တွင် ထီးနန်းစိုက်အုပ်ချုပ်ခဲ့၏။ ဟာရှမင်းသည် နိုင်ငံအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့၌ ကျွမ်းကျင်လိမ္မာ၏။ နိုင်ငံတော်အတွင်း လှည့်လည်ကာ လက်အောက်ခံ ဘုရင်များသည် တိုင်းသူပြည်သားတို့အား တရားနှင့်အညီ အုပ်ချုပ်/မအုပ်ချုပ်ကို အမြဲစစ်ဆေးကြည့်ရှုတတ်၏။ အခွန်တော်များကို လျှော့ပေါ့သက်ညှာကောက်ခံကာ ဘာသာပေါင်းစုံတို့ကို လျူဒါန်းကူညီထောက်ပံ့၏။ ဟာရှမင်းသည် စာပေကျမ်းဂန်တတ်ကျွမ်းသည့် စာဆိုတော်လည်းဖြစ်၏။ နာဂါနန္ဒ၊ ရတနာဝလီနှင့် ပရိယဒါရ်ဆိကာပြဇာတ်များကို သက္ကတဘာသာဖြင့် ရေးသားခဲ့၏။ ထိုပြဇာတ်များသည် ယခုခေတ်တိုင်အောင် ပြောင်မြောက်ထင်ရှားသော ဂန္ထဝင် မြောက်ပြဇာတ်များဟု သိရ၏။

ဟာရှမင်းသည် ထီးနန်းစိုးစံခဲ့ရသည့် (၄၅)နှစ် ကာလအတွင်း (၃၇)နှစ်မျှ စစ်တိုက်နေခဲ့ရ၏။ အေဒီ (၆၄၃) ခုနှစ်တွက် နောက်ဆုံးစစ်တိုက်မှုအဖြစ် ဂန်ဂျံပြည်နယ်ကို တိုက်ခိုက်ခဲ့၏။ ထို့နောက် သူသည် ကျန်ရှိနေသေးသည့် နှစ်များအတွင်း အသောကမင်းကြီးကို အားကျအတုယူကာ

ဘာသာရေးကို အားပေးလိုက်စားခဲ့၏။ သူသည် နန်းတက်စဉ် ဗြဟ္မဏဘာသာကို ယုံကြည်ကိုးကွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့၏။ ရှေးဦးစွာ ဟီနယာနဗုဒ္ဓဘာသာကို ကြည်ညိုကိုးကွယ်ခဲ့၏။ ထို့နောက် မဟာယာနဗုဒ္ဓဘာသာကို ပိုမိုနှစ်သက်ယုံကြည်သွားခဲ့၏။ ဗုဒ္ဓဘာသာတရားတော်ကို အတိအကျ ယုံကြည်လိုက်နာသောအားဖြင့် မိမိနိုင်ငံတော်အတွင်း၌ တိရစ္ဆာန်များအား သတ်ဖြတ်စားသောက်ခြင်းကို အတင်းအကျပ် ပိတ်ပင်တားမြစ်ခဲ့သည်။

ဟာရှမင်းသည် ခရီးသည်များနှင့် ဆင်းရဲချို့တဲ့သူများအတွက် နေထိုင်တည်းခိုစရာဇရပ်များ၊ မကျန်းမာသူများအတွက် ဆေးကုဂေဟာဆေးရုံများကို တောရောမြို့ပါ နယ်ရာဒေသအနှံ့အပြား၌ ဆောက်လုပ်ပြီး အစားအစာများ၊ အဝတ်အထည်များ၊ ဆေးဝါးများ ထောက်ပံ့ပေးခဲ့၏။ ဂင်္ဂါမြစ်တစ်လျှောက်၌ ထောင်သောင်းမကသော စေတီတော်များ တည်ထားခဲ့၏။ ရဟန်းတော်နှစ်သိန်းခန့်တို့အတွက် ကျောင်းအဆောက်အဦး အမြောက်အမြားတို့ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့၏။ နှစ်စဉ်နှစ်တိုင်း သံဃာတော်များအား ပင့်ဖိတ်ကာ သာသနာတော်အရေးကို ဆွေးနွေးဟောပြောစေခဲ့၏။ သူ၏ အားပေးချီးမြှောက်မှုကြောင့် နာလန္ဒ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးသည် အလွန်ကြီးမား ထင်ရှားကျော်စောခဲ့၏။

ဤဟာရှမင်းလက်ထက်တွင် တရုတ်ရဟန်းတော် အရှင်ဟူအင်စံသည် ပိဋကတ်ကျမ်းစာများကို ရှာဖွေရန်၊ သင်ကြားရန်နှင့် ဘုရားဖူးရန် အိန္ဒိယသို့ ကြွလာခဲ့ခြင်းဖြစ်၏။ အရှင်ဟူအင်စံ၏မှတ်တမ်းတွင် ဟာရှမင်းကို ဟာရှဝဒ္ဓနမင်းဟု ဖော်ပြသည်ကို တွေ့ရ၏။

ရဟန်းတော်အရှင်ဟူအင်စံကို တရုတ်ပြည်၊ ကိုက်ဖင်မြို့၌ အေဒီ (၆၀၃)ခုနှစ်တွင် မွေးဖွားခဲ့၏။ သူသည် ပညာဉာဏ်ထက်မြက်စူးရှကာ အမြင်ကျယ်သူဖြစ်၏။ ရတနာသုံးပါးကို အလွန်ယုံကြည်လေးစား၍ မဟာယာနဗုဒ္ဓဘာသာပိဋကတ်ကျမ်းစာများကို အထက်တန်းကျကျ ထူးချွန်စွာ သင်ယူတတ်မြောက်ခဲ့၏။ သို့ရာတွင် သူသည် တတ်မြောက်ပြီးသည့် မဟာယာနကျမ်းစာများနှင့် ရောင့်ရဲတင်းတိမ်မှု မရှိဘဲ ဟီနယာနကျမ်းစာများနှင့် ဟိန္ဒူဘာသာကျမ်းစာများကိုလည်း သင်ယူလေ့လာရန် စိတ်အားထက်သန်စွာဖြင့် အိန္ဒိယသို့ ကြွချီလာခဲ့ခြင်းဖြစ်၏။ သက်တော် (၂၆)နှစ်အရွယ် အေဒီ (၆၂၉)ခုနှစ်တွင် အိန္ဒိယသို့ သူ၏ ခရီးစဉ်ကို စတင်ခဲ့ပေသည်။

အရှင်ဟူအင်စံသည် ဗိုခါးရားပြည်ရှိ ဂျက်ဆာတက်စ်မြစ်ကို ကူးဖြတ်၍ ဆမာကန်မြို့သို့ ရောက်၏။ ထို့နောက် ဖော်လ်ခ်ပြည်ထဲက အောက်စ်ဆပ်မြစ်ကို ဖြတ်ကျော်ပြီး ဟိမာလယအနောက်ပိုင်းဒေသရှိ ကာပီဆာပြည်သို့ ရောက်သွားခဲ့၏။ ထိုစဉ်က ကာပီဆာပြည်ကို ခတ္တိယနွယ်ဝင် ဘုရင်တစ်ပါး အုပ်စိုးနေ၏။ ကာပီဆာ၌ ဘုန်းတော်ကြီးကျောင်းတစ်ရာနှင့် ရဟန်းခြောက်ထောင်ခန့်ရှိကြ၏။ ထို့ပြင် ဟိန္ဒူဘုရားကျောင်းနှစ်ဆယ်ခန့်ကိုလည်း တွေ့ခဲ့ရ၏။ ထိုဘုရားကျောင်းများသည် ဟိန္ဒူဘာသာဂိုဏ်းအမျိုးမျိုးတို့နှင့် သက်ဆိုင်၏။ ဟိန္ဒူဘုန်းကြီးအချို့သည် အဝတ်မဝတ်ကြ၊ တချို့တို့ကား တစ်ကိုယ်လုံးပြာလူးကာ ဦးခေါင်းခွံများကို ဆင်မြန်းထားကြသည်။

ထိုမှတစ်ဆင့် အိန္ဒိယမြောက်ပိုင်းကို ဝင်ရောက်ခဲ့ရာ လမ္ဗာမြို့သို့ ဆိုက်ရောက်ခဲ့၏။ လမ္ဗာမြို့၏ အရှေ့တောင်ဘက်၌ ဂန္ဓာရပြည်ရှိ၏။ ဂန္ဓာရပြည်မြို့တော်ကား ပုရုရှပုရမည်၏။ ထိုအချိန်က ဂန္ဓာရပြည်သည် ကာပီဆာပြည်၏ လက်အောက်ခံဖြစ်၏။ ဂန္ဓာရပြည်၌ ပျက်စီးယိုယွင်းနေသော ဘုန်းကြီးကျောင်းများ၊ စေတီပုထိုးများနှင့် အသောကမင်းကြီး (သို့မဟုတ်) ကနစ်ရှကမင်းတို့ တည်ထားခဲ့သော အထိမ်းအမှတ်များကို တွေ့ခဲ့ရ၏။ ဣရှရ (သို့မဟုတ်) ဆိဝတို့အား ပူဇော်ရာ ဟိန္ဒူဘုရားကျောင်းများလည်း များစွာရှိကြ၏။

ထို့နောက် အရှင်ဟူအင်စံသည် မြောက်ဘက်သို့

မြတ်စွာဘုရားအလောင်းတော်
ဖွားမြင်တော်မူခဲ့ရာ
ကပိလဝတ်ပြည်သည်ကား
လူနေအိမ်ခြေမရှိဘဲ ပျက်စီးယိုယွင်းနေ၏။
သကျတို့၏နိုင်ငံ ကပိလဝတ္ထုသည်
အဝန်းအားဖြင့်
လိပေါင်းလေးထောင်ခန့်ရှိ၏။
ဤနိုင်ငံအတွင်း
လူနေအိမ်ခြေကင်းမဲ့ကာ
လုံးဝပျက်စီးဆိတ်သုဉ်းနေသော မြို့များမှာ
ဆယ်မြို့လောက်ရှိကြ၏။
မှောက်လှန်ဖြိုဖျက်ခြင်းခံခဲ့ရသော ......

ဆက်လက်ထွက်ခွာခဲ့ရာ ဥဒယာနပြည်သို့ ရောက်ရှိခဲ့၏။ ထိုပြည်၌ ဘုန်းတော်ကြီးကျောင်းများသည် အများအားဖြင့် ယိုယွင်းပျက်စီးနေသည်ကို တွေ့မြင်ခဲ့ရ၏။ ထိုမှဆက်၍ ကက်ရှ်မီးယားပြည်သို့ ရောက်သွားခဲ့၏။ ထိုပြည်သည် ဗြာဟ္မဏဘာသာဝင်မင်းဆက်များ၏ အုပ်ချုပ်မှုလက်အောက်သို့ ရောက်ရှိနေ၏။ ထိုမှ တောင်ဘက်သို့ ဆက်လက်သွားပြန်ရာ မထုရနှင့် ဌာနေဆာရ်ပြည်များသို့ ရောက်ရှိခဲ့၏။ ယင်းဒေသများတွင် ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာတို့ အတူယှဉ်တွဲကာ ထွန်းကားနေသည်ကို တွေ့မြင်ခဲ့ရ၏။

အရှင်ဟူအင်စံသည် ထို့နောက် ဌာနေဆာရ်၏ မြို့တော် ကနောဂျ်မြို့သို့ ရောက်ရှိခဲ့၏။ ထိုမြို့သည် အလျား (၁၂)လီ၊ အနံ (၃)လီကျယ်ဝန်း၏။ (လီဆိုသည်မှာ တရုတ်လူမျိုးတို့၏ အရှည်အကွာအဝေးကို တိုင်းတာသော အသုံးအနှုန်းဖြစ်၏။ (၁)လီသည် တစ်မိုင်၏ သုံးပုံတစ်ပုံ (သို့မဟုတ်) (၁၇၆၀)ပေရှိ၏။) ကနောဂျ်မြို့တော်၌ ထီးနန်းစိုက်အုပ်ချုပ်နေသော ဟာရှဝဒ္ဓနမင်းသည် အလွန်ကျယ်ပြန့်သည့် အိန္ဒိယမြောက်ပိုင်းတစ်ခုလုံးကို လွှမ်းမိုးအုပ်ချုပ်နေ၏။ ဟာရှဝဒ္ဓနမင်းသည် သီလာဒိတျဟူသော ဘွဲ့ကိုခံယူကာ မဟာယာနဗုဒ္ဓဘာသာကို အလွန်အားပေးချီးမြှောက်နေသော ဘုရင်တစ်ပါးဖြစ်ပေသည်။ ယင်းမြို့၌ ဟီနယာနနှင့် မဟာယာနရဟန်းတော်များ တစ်သောင်းကျော်၊ ကျောင်းတိုက်ပေါင်းတစ်ရာကျော်နှင့် ဟိန္ဒူဘုရားကျောင်း နှစ်ရာကျော်ခန့် တွေ့မြင်ခဲ့ရ၏။

အရှင်ဟူအင်စံသည် ရှေ့သို့ ဆက်လက်သွားပြန်ရာ အယုဒ္ဓယမြို့နှင့် ပရာယဂါမြို့တို့သို့ ရောက်၏။ ထိုမြို့များ၌ ဗြာဟ္မဏဘာသာ ထွန်းကားစည်ပင်နေပြီး ဗုဒ္ဓဘာသာ အလွန်ဆုတ်ယုတ်ပျက်ပြားနေ၏။ ကောသမ္ဗီနှင့် သာဝတ္ထိတို့၌လည်း ဗုဒ္ဓဘာသာမှာ ကွယ်သလောက်ဖြစ်နေ၏။ သာဝတ္ထိမြို့တော်ကြီး၏နေရာတွင် ပြောင်းစိုက်ခင်းများနှင့် ပြည့်နေ၏။ မြို့ရိုးတံတိုင်းများမှာ တစ်ချို့တစ်ဝက် ပြိုပျက်နေသည်။ လူအနည်းငယ်ခန့်သာ နေထိုင်သည်ကို တွေ့ရသည်။ ကျောင်းတိုက်အပျက်ကြီးများတွင် သမ္မိတိယဂိုဏ်းဝင် ရဟန်းအချို့ကို တွေ့ရသည်။ နတ်ဘုရားကျောင်းတစ်ရာခန့် တွေ့ရသည်။ ဇေတဝန်ကျောင်းတော်၏ အရှေ့မြောက်ထောင့်၌ ပုတိဂတ္တတိဿရဟန်းအား မြတ်စွာဘုရားရှင် သူနာပြုစုသည့် အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သော စေတီငယ်တစ်ဆူရှိသည်။ ဇေတဝန်ကျောင်းတော်၏ အရှေ့ဘက်ခြေလှမ်းတစ်ရာခန့်အကွာတွင် ဒေဝဒတ်မြေမျိုခံရသော တွင်းကြီးတစ်ခုကို တွေ့မြင်ခဲ့ရသည်။

မြတ်စွာဘုရားအလောင်းတော် ဖွားမြင်တော်မူခဲ့ရာ ကပိလဝတ်ပြည်သည်ကား လူနေအိမ်ခြေမရှိဘဲ ပျက်စီးယိုယွင်းနေ၏။ သကျတို့၏နိုင်ငံ ကပိလဝတ္ထုသည် အဝန်းအားဖြင့် လိပေါင်းလေးထောင်ခန့်ရှိ၏။ ဤနိုင်ငံအတွင်း လူနေအိမ်ခြေကင်းမဲ့ကာ လုံးဝပျက်စီးဆိတ်သုဉ်းနေသော မြို့များ ဆယ်မြို့လောက်ရှိကြ၏။ မှောက်လှန်ဖြို

ဖျက်ခြင်းခံခဲ့ရသော မြို့တော်သည် အလွန်အမင်းပျက်စီးနေပြီး အတော်မြင့်၍ ခိုင်မာတုန်းပင်ရှိသေးသော နန်းတော်အုတ်မြစ်များကို တွေ့ရ၏။ နန်းတော်ရာသည် ပတ်လည်အားဖြင့် (၁၅)လီခန့်ရှိ၏။ လူနေအိမ်ခြေမရှိဘဲ တောချုံပိတ်ပေါင်းများ လွှမ်းမိုးဖုံးအုပ်နေ၏။ ပျက်စီးနေသော သံဃာရာမကျောင်းတိုက်များ တစ်ထောင်ကျော်ခန့်ရှိ၏။ နန်းတော်ရာအနီး၌ ကျောင်းတိုက်တစ်ခု ရှိနေသေး၏။ ထိုကျောင်းတိုက်အတွင်း၌ ဟီနယာန သမ္မိတိယဂိုဏ်းဝင်ရဟန်းတော်သုံးဆယ်ခန့် သီတင်းသုံးနေတော်မူကြသည်။ နန်းတော်ရာအနီး၌ နတ်ကွန်းနှစ်ခုကိုလည်း တွေ့ရသေး၏။ ထိုနတ်ကွန်းများထဲ၌ နတ်ရုပ်အမျိုးမျိုး ထည့်သွင်းထားကာ ပူဇော်ပသနေကြ၏။ သုဒ္ဓေါဒနမင်းကြီးစံမြန်းခဲ့သည့် နန်းတော်၏ပျက်စီးနေသော အုတ်မြစ်အထက်၌ တည်ဆောက်ထားသောအဆောင်တစ်ခုတွင် သုဒ္ဓေါဒနမင်းကြီး၏ ရုပ်ထုကို တွေ့ရ၏။ ယင်းနေရာအနီး၌ မဟာမာယာမိဖုရားကြီး စံမြန်းခဲ့သည့် ပျက်စီးနေသော အဆောင်တော်နေရာရှိ၏။ ထိုနေရာ၌ ဆောက်လုပ်ထားသော အဆောက်အဦးထဲတွင် မဟာမာယာမိဖုရားကြီး၏ ရုပ်ထုရှိ၏။

လုမ္ဗိနီဥယျာဉ်နေရာ၌ အသောကကျောက်တိုင်၊ စေတီတော်များနှင့် ဘုရားအလောင်းတော် ဖွားမြင်ပြီးစက ရေချိုးခဲ့ရာ ရေကန်တို့ကို တွေ့ရ၏။ ရေကန်တွင် ကြည်လင်သန့်ရှင်းသောရေ ရှိနေ၏။ အသောကကျောက်တိုင်သည် နှစ်ပိုင်းကျိုးနေ၍ မြင်းရုပ်ရှိသော အထက်ပိုင်းသည် မြေပေါ်တွင် လဲနေ၏။

အရှင်ဟူအင်စံသည် မဟာဗောဓိစေတီတော်နှင့် မဟာဗောဓိပင်တို့ကိုလည်း ဖူးမြင်ခဲ့ရ၏။ မဟာဗောဓိပင်၏ မြောက်ဘက်တွင် အေဒီ (၃၆၀)ခန့်က သီဟိုဠ်ဘုရင်မေဃဝဏ္ဏဆောက်လုပ်လှူဒါန်းခဲ့သော အလွန်ကြီးကျယ်သော ကျောင်းဆောင်၌ ရဟန်းတော်တစ်ထောင်ခန့်သီတင်းသုံးနေထိုင်လျက်ရှိသည်ကို တွေ့ခဲ့ရ၏။ မဟာဗောဓိစေတီတော်မှာ ဉာဏ်တော် ပေ (၁၇၀)ခန့်မြင့်၍ ဖိနပ်တော်မှာ ခြေလှမ်းနှစ်ဆယ်ခန့်ရှိသည်။ ပတ်လည်လိုဏ်ငယ်များ၌ ရွှေချထားသော (၅၅၀)ဇာတ်တော်ရုပ်ထုငယ်များ ရှိကြသည်။ လိုဏ်အဝင်ဝဘယ်ဘက်တွင် အဝလောကိတေဿရရုပ်ထု၊ ညာဖက်၌ မေတ္တေယျဘုရားလောင်းရုပ်ထုတို့ ရှိကြသည်။ ရုပ်ထုများမှာ ဆယ်ပေခန့်မြင့်၍ ငွေဖြင့် ပြုလုပ်ထားသည်။

ထို့နောက် ဗာရာဏသီမြို့သို့ရောက်ရှိခဲ့ရာ ဗာရာဏသီမြို့၌ ဗြာဟ္မဏဘာသာ အလွန်ကြီးမား စည်ပင်ထွန်းကားနေသည်ကို တွေ့မြင်ခဲ့ရ၏။ ဝေသာလီမြို့လည်း ပျက်စီးနေပြီး မြို့ပတ်ဝန်းကျင်တွင် ဗြာဟ္မဏဘာသာဘုရားကျောင်းများ အမြောက်အမြားရှိနေကြ၏။ မဂဓတိုင်း၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းငါးဆယ်နှင့် ရဟန်းတော်တစ်သောင်းခန့်ရှိနေသည်ကို တွေ့မြင်ခဲ့ရ၏။ သို့ရာတွင် ဟိန္ဒူဗြာဟ္မဏဘုရားကျောင်းအရေအတွက်ကလည်း မနည်းလှပေ။ ပါဋလိပုတ်မြို့မှာ လူသူကင်းဆိတ်နေ၏။ လီ (၅၀) ခန့်ကျယ်ဝန်းသော ပတ်ဝန်းကျင်၌ကား အရာမကများလှစွာသော ကျောင်းပျက်များနှင့် စေတီပုထိုးပျက်များ ရှိနေကြ၏။ ဂယာမြို့နှင့် ရာဇဂြိုဟ်မြို့တို့၌ကား ဗြာဟ္မဏအိမ်ထောင်စု အများအပြားရှိနေကြသည်။

ဓမ္မေခစေတီနှင့် မိဂဒါဝုန်တို့ကိုလည်း ဤကဲ့သို့မှတ်တမ်းတင်ထားခဲ့၏။ ဓမ္မေခစေတီမှာ ဉာဏ်တော် (၁၀၄) ပေမြင့်၍ တစ်မိုင်ပတ်လည်မှ ကောင်းစွာ ဖူးတွေ့နိုင်သည်။ စေတီတော်ပတ်လည်ရှိ ပန်းခက်များမှာ ဆွဲဆောင်ထိကခေါ်သော စကြာပုံများကို လုပ်ထားခြင်းဖြစ်သည်။ ကြာပန်းကုံးများကို အပေါ်နှင့်အောက်မှ ခြံရံထွင်းထုထားသည်။ စေတီတော်၏ အရပ်လေးမျက်နှာ၌ လိုဏ်မုခ်ငယ်လေးခုရှိသည်။ ထိုလိုဏ်များအတွင်း၌ ရှေးအခါက ရွှေဆင်းတုများရှိခဲ့သည်ဟု သိရသည်။

ဝရုဏာမြစ်၏ အရှေ့မြောက်ဘက် (၁၀)လီအကွာ၌ မိဂဒါဝုန်သံဃာရာမကျောင်းတိုက်ရှိသည်။ ကျောင်းတိုက်ကြီးကို အုတ်တံတိုင်းများကာရံလျက် အပိုင်းရှစ်ပိုင်း ခွဲခြား

ထားသည်။ အထပ်များစွာရှိသော စုလစ်မွန်းချွန်ပြာသာဒ်များ၊ လသာဆောင်များမှာ ဗိသုကာလက်ရာပြောင်မြောက်လှသည်။ ကျောင်းတိုက်အတွင်း၌ ဟီနယာန သမ္မိတိယဂိုဏ်းဝင် သံဃာ (၁၅၀၀)ခန့်ရှိကြသည်။ အုတ်တံတိုင်းကြီးအတွင်း၌ ပေ (၂၀၀)ခန့်မြင့်သည့် ကျောင်းကြီးရှိသည်။ ကျောင်းကြီးကို ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ လှေကားမှာလည်း ကျောက်လှေကားဖြစ်သည်။ ပြာသာဒ်နှင့် လိုဏ်ဂူငယ်များမှာ အုတ်ဖြင့် ပြုလုပ်ထားသည်။ ကျောင်းကြီး၏အလယ်၌ သက်တော်ထင်ရှားမြတ်စွာဘုရား၏ ပမာဏအတိုင်း ကြေးရုပ်ထုတစ်ဆူရှိသည်။

အရှင်ဟူအင်စံသည် ကုသိနာရုံသို့လည်း ရောက်ရှိခဲ့ပြီး မဟာပရိနိဗ္ဗာနစေတီတော်ကို ဖူးခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သည်။ ကုသိနာရုံမြို့မှာ ပျက်စီးနေသည်။ မြို့မှာ စက်ဝိုင်းပုံဖြစ်သည်။ ပရိနိဗ္ဗာန်စံတော်မူသည့် အနေအထားဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးသည် မြောက်ဘက်သို့ ခေါင်းပြုလျက် ကျိန်းစက်တော်မူနေသကဲ့သို့ လဲလျောင်းနေသည်။ ရုပ်ပွားတော်ကြီးသည် အုတ်ကျောင်းတော်အတွင်း၌ တည်ရှိသည်။ အုတ်ကျောင်းနံဘေး၌ အသောကမင်းကြီး တည်ထားခဲ့သော စေတီတော်မှာ ပေ (၂၀၀)ခန့်မြင့်သည်၊ ထို့ပြင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည့်နေရာကို ညွှန်ပြထားသော အသောကကျောက်တိုင်ကြီးလည်း ရှိသည်။ ကုသိနာရုံမြို့၏ မြောက်ဘက်တွင် မြစ်တစ်ဖက်ကမ်း၌ ခြေလှမ်းသုံးရာခန့်သွားလျှင် တေဇောဓာတ်လောင်ကျွမ်းရာ စေတီတော်ကို တွေ့ရသည်။ ထိုနေရာတစ်ဝိုက်ရှိ မြေမှာ မီးသွေးများနှင့် ရောနှောနေသဖြင့် မည်းညစ်ညစ်အရောင်ရှိသည်။

အရှင်ဟူအင်စံသည် မြတ်စွာဘုရားပွင့်တော်မူခဲ့ရာ ဗုဒ္ဓဂယာ၌ ခေတ္တနေထိုင်ခဲ့ပြီးနောက် နာလန္ဒတက္ကသိုလ်သို့ ကြွသွားခဲ့၏။ ဤတက္ကသိုလ်ကား အိန္ဒိယပြည်၌ အထင်ရှားဆုံး၊ ကြီးကျယ်ခမ်းနားဆုံးသော ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးဖြစ်၏။ နာလန္ဒတက္ကသိုလ်ကို မဂဓပြည်နှင့် ဌာနေဆာရ်ပြည်တို့၏အရှင် ဘုရင်ဟာရှဝဒ္ဓနသည် စိတ်အားထက်သန်စွာ အားပေးချီးမြှောက်ထောက်ပံ့ခဲ့၏။ အရှင်ဟူအင်စံသည် နာလန္ဒတက္ကသိုလ်၌ ငါးနှစ်ကာလပတ်လုံး နေထိုင်ခဲ့၍ တက္ကသိုလ်အကြောင်း စုံစုံလင်လင် မှတ်တမ်းတင်ထားခဲ့၏။

နာလန္ဒတက္ကသိုလ်သည် အလွန်ကြီးမားကျယ်ဝန်းလှရာ ရဟန်းသာမဏေတစ်သောင်းခန့် သီတင်းသုံး ပညာသင်ဆည်းပူးရာဌာနကြီးဖြစ်၏။ မြတ်စွာဘုရားလက်ထက်တော်အခါက ဤတက္ကသိုလ်နေရာ၌ သရက်ဥယျာဉ်ကြီးရှိခဲ့၏။ ထိုဥယျာဉ်ကို ပိုင်ရှင်သူဌေးက မြတ်စွာဘုရားထံ လှူဒါန်းခဲ့သဖြင့် ထိုဥယျာဉ်ထဲ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူဖူးခဲ့၏ဟု ပြောဆိုကြ၏။ ဤတက္ကသိုလ်ကျောင်းတိုက်ကြီးကို အလှူရှင်ဒါယကာတစ်ဦးတစ်ယောက်တည်းက တည်ထောင်ခဲ့သည်မဟုတ်ဘဲ အသောကမင်းကြီး၏နောက်မှစ၍ နှစ်ပေါင်းကိုးရာကျော်ကာလပတ်လုံး မင်းအဆက်ဆက်တို့ တည်ဆောက်ပြုပြင်ချဲ့ထွင်မွမ်းမံလာခဲ့ကြ၏။ ကျောင်းဆောင်အသီးသီးတို့၏ ပြာသာဒ်ဆောင် ထုပိကာ အထွဋ်အဖျားများသည် အေးချမ်းသာယာသည့် ဥယျာဉ်အတွင်းရှိ စိမ်းလန်းစိုပြေသည့် သစ်ပင်များအထက်သို့ ထိုးထွက်နေကြသည်မှာ သာယာကြည်နူးမျက်စိပသာဒရှိလှပေသည်။ ကျောင်းတိုက်၏ အုတ်တံတိုင်းအတွင်း၌ အထပ်လေးထပ်ရှိ ကျောင်းကြီးခြောက်ဆောင်ရှိကြ၏။ ထိုကျောင်းများအထဲ၌ စာသင်သားများနေထိုင်ရာအခန်းများ၊ စာချခန်းများနှင့် အစည်းအဝေးခန်းမများ ရှိကြ၏။ ပညာသင်ကြားနေကြသည့် စာသင်သားများအား လိုလေသေးမရှိရအောင် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းထားကြ၏။

လူသူတို့နှင့်ကင်းဝေးသော ဆိတ်ငြိမ်အေးချမ်းသာယာလှသည့် ဤတက္ကသိုလ်ကျောင်းတိုက်အတွင်း၌ စာသင်သားရဟန်းသာမဏေတို့သည် မည်သည့်အရှုပ်အထွေး၊ အနှောင့်အယှက်မျှ မရှိကြဘဲ စိတ်ကြည်လင်သန့်ရှင်းစွာဖြင့် ပညာကြိုးစားသင်ယူနေနိုင်ကြ၏။ တက္ကသိုလ်

ကြီး၏ ဂုဏ်သတင်းသည် အိန္ဒိယတစ်နိုင်ငံလုံး ပျံ့နှံ့ကျော်ကြားနေရခြင်းမှာ ပညာသင်ကြားပုံနည်းစနစ်နှင့် စာချပုဂ္ဂိုလ်ဆရာများ၏ အလွန်မြင့်မားထူးချွန်ပြောင်မြောက်သော ပညာအရည်အသွေးကြောင့်ပင်ဖြစ်သည်။ ရဟန်းတော်များသည် ယေဘုယျအားဖြင့် မဟာယာနဂိုဏ်းဝင်များ ဖြစ်ကြ၏။ သို့သော်လည်း ဗုဒ္ဓဘာသာဝင်တစ်ဆယ့်ရှစ်ဂိုဏ်းလုံးတို့ စုဝေးရောနှောကာ ပညာသင်ကြားနေကြ၏။ စာသင်သားတို့သည် ဗုဒ္ဓဘာသာစာပေကျမ်းဂန်များကိုသာမက ဆေးကျမ်း၊ ဂဏန်းသင်္ချာ၊ နက္ခတ္တဗေဒပညာ စသည့် ခေတ်ပညာရပ်အားလုံးကိုလည်း သင်ကြားနိုင်ကြ၏။ ဤတက္ကသိုလ်ကြီးကို စီမံအုပ်ချုပ်ကွပ်ကဲသည့် ဆရာတော်ကြီးသည်ကား လောကီလောကုတ္တရာအဖြာဖြာသော ကျမ်းဂန်တို့၌ တတ်မြောက်ကျွမ်းကျင်တော်မူသည့် သီလဘဒြမထေရ်ကြီးပင်ဖြစ်လေသည်။

အရှင်ဟူအင်စံသည် ဤနာလန္ဒတက္ကသိုလ်၌ သက္ကတဘာသာနှင့်တကွ ဗုဒ္ဓဘာသာကျမ်းဂန်များ၊ ဗြာဟ္မဏဘာသာကျမ်းဂန်များနှင့် ဟေတုဝိဇ္ဇာ (လောဂျစ်)၊ သဒ္ဒဝိဇ္ဇာ၊ စိကိစ္ဆဝိဇ္ဇာ၊ ဝေဒကျမ်းအမျိုးမျိုးကို ဆည်းပူးသင်ယူခဲ့လေသည်။ ထိုကာလအတွင်း ဟာရှမင်း၏ ငါးနှစ်တစ်ကြိမ်ကျင်းပသော အလွန်ကြီးကျယ်ခမ်းနားလှသည့် ယဇ်ပူဇော်ပွဲကြီးတစ်ခုကို ကြုံတောင့်ကြုံခဲ တွေ့ကြုံခဲ့ရသည်။ ထိုယဇ်ပူဇော်ပွဲကြီးသည် ရှေးခေတ်အိန္ဒိယဗုဒ္ဓဘာသာဝင်တို့ ဓလေ့ရိုးရာအစဉ်အလာကို အထင်အရှားဖော်ပြသော ပွဲတော်ကြီးဖြစ်ရာ အရှင်ဟူအင်စံက အသေးစိတ်အကျယ်တဝင့် မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရသည်။

အိန္ဒိယတစ်ပြည်လုံးတွင် အမြတ်ဆုံးနေရာဌာန ဘူမိနက်သန်မြေကွက်ဟု သမုတ်အပ်သော ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်တို့ဆုံရာ ပရာယဂါအရပ်၌ (၁၈)ငါးပတ်လည်ခန့် ကျယ်ပြန့်သည့် လွင်ပြင်တစ်ခုရှိ၏။ ထိုလွင်ပြင်မြေကွက်၌ အသပြာတစ်ပြားလှူရခြင်းသည် အခြားနေရာများ၌ အသပြာတစ်သိန်းလှူသလောက် အကျိုးများသည်ဟု ထို

နှင်းဆီခြံကြီးအတွင်း၌ မဏ္ဍပ်များစွာဆောက်လုပ်ကာ
ယင်းမဏ္ဍပ်များကို ရွှေငွေမိုးဖဲကတ္တီပါ စသော
အဖိုးတန်အဆင်တန်ဆာ အဝတ်အထည်များဖြင့်
မွမ်းမံခြယ်သထားကြ၏။
နှင်းဆီခြံကြီးအပြင်ဖက်၌မူ လူတစ်ထောင်ခန့်စီကို
ထမင်းကျွေးမွေးနိုင်သည့် မဏ္ဍပ်များကို ဈေးတန်းကဲ့သို့
စီတန်းဆောက်လုပ်ထား၏။
များပြားလှစွာသော တိုင်းသူပြည်သားတို့သည်လည်း
သူတို့၏ တဲမဏ္ဍပ်များကို ဆောက်လုပ်ကာ
ပွဲတော်ကို ပါဝင်ဆင်နွဲ ကြ၏။
ပွဲတော်မကျင်းပမီ ရက်ပေါင်းများစွာကပင်
ပွဲတော်ကျင်းပရာ ဤနေရာသို့
လာရောက်စားသုံးအလှူခံယူကြရန်
သမဏ၊ ဗြာဟ္မဏများနှင့်တကွ
မိမဲ့၊ ဘမဲ့၊ မိဘမဲ့၊ ဆွေမျိုးမဲ့၊ ခိုကိုးရာမဲ့
ဆင်းရဲသားများအားလုံးကို
မောင်းကြေးနင်းခတ်ကာ ကြေညာဖိတ်ခေါ်ထား၏။
အလှူခံစားသုံးရန် ကြွရောက်ကြသူပရိသတ်
ငါးသိန်းခန့်ရှိမည်ဟု ခန့်မှန်းမိ၏။

အရပ်ဒေသမှ လူအများ ယုံကြည်ကြ၏။ အယူရှိကြ၏။ ဟာရှဝဒ္ဒနသီလာဒိတျမင်းသည် သူ၏လက်ထက်၌ ယဇ်ပူဇော်ပွဲငါးကြိမ် ကျင်းပခဲ့ပြီးဖြစ်၍ ဤအကြိမ်သည် ခြောက်ကြိမ်မြောက်ဖြစ်လေသည်။

ဤလွင်ပြင်၌ ရှေးထုံးတမ်းစဉ်လာအတိုင်း ဦးစွာပထမ အနားတစ်ဖက် (၃)လီစီရှိကြသော စတုရန်းပုံမြေကွက်ကို နှင်းဆီပန်းပင်များဖြင့် ဝန်းရံစိုက်ပျိုး စည်းရိုးကာထားရ၏။ နှင်းဆီခြံကြီးအတွင်း၌ မဏ္ဍပ်များစွာဆောက်

လုပ်ကာ ယင်းမဏ္ဍပ်များကို ရွှေငွေပိုးဖဲကတ္တီပါ စသော အဖိုးတန်အဆင်တန်ဆာ အဝတ်အထည်များဖြင့် မွမ်းမံခြယ်သထားကြ၏။ နှင်းဆီခြံကြီးအပြင်ဖက်၌မူ လူတစ်ထောင်ခန့်စီကို ထမင်းကျွေးမွေးနိုင်သည့် မဏ္ဍပ်များကို ဈေးတန်းကဲ့သို့ စီတန်းဆောက်လုပ်ထား၏။ များပြားလှစွာသော တိုင်းသူပြည်သားတို့သည်လည်း သူတို့၏ တဲမဏ္ဍပ်များကို ဆောက်လုပ်ကာ ပွဲတော်ကို ပါဝင်ဆင်နွဲကြ၏။ ပွဲတော်မကျင်းပမီ ရက်ပေါင်းများစွာကပင် ပွဲတော်ကျင်းပရာ ဤနေရာသို့ လာရောက်စားသုံးအလှူခံယူကြရန် သမဏ၊ ဗြာဟ္မဏများနှင့်တကွ မိမဲ့၊ ဘမဲ့၊ မိဘမဲ့၊ ဆွေမျိုးမဲ့၊ ခိုကိုးရာမဲ့ ဆင်းရဲသားများအားလုံးကို မောင်းကြေးနင်းခတ်ကာ ကြေညာဖိတ်ခေါ်ထား၏။ အလှူခံစားသုံးရန်ကြွရောက်ကြသူပရိသတ် ငါးသိန်းခန့်ရှိမည်ဟု ခန့်မှန်းမိ၏။ ဟာရဝဒ္ဓနမင်းသည် သူ၏ လက်အောက်ခံမင်းများ၊ မှူးတော်၊ မတ်တော်များနှင့် အတူတကွ ပွဲခင်းသို့ကြွရောက်လာရာ အလွန်ကြီးကျယ်ခမ်းနားသောအစီအစဉ်ဖြင့် ပွဲတော်ကို အစပြုဖွင့်လှစ်လေ၏။ ပထမနေ့၌ မြတ်စွာဘုရားရုပ်ပွားတော်များကို စေတီတော်တစ်ဆူထဲတွင် ထားရှိကာ ရှိခိုးပူဇော်ကြ၏။ သာယာနာပျော်ဖွယ် တူရိယာများတီးမှုတ်ကာ ပန်းများ ကြဲဖြန့်ကြ၏။

ထမင်းကျွေးမဏ္ဍပ်များသို့ ရောက်ရှိလာကြသူ အပေါင်းတို့အား အကောင်းဆုံးသော စားသောက်ဖွယ်ရာများ ကျွေးမွေးပြီး နှစ်သက်မြတ်နိုးဖွယ်ကောင်းသော ဝတ္ထုပစ္စည်းများကို အသီးသီး ပေးကမ်းလှူဒါန်းကြသည်။ ဒုတိယနေ့၌ ဗိရှနုရုပ်ထုနှင့် တတိယနေ့၌ သိဝရုပ်ထုတို့ကို ပလ္လင်ပေါ်၌ တင်ကာ ပူဇော်ပသကြလေ၏။ ထို့နောက် စတုတ္ထနေ့မှစ၍ ရက်ပေါင်းနှစ်ဆယ်ကာလပတ်လုံး သမဏနှင့် ဗြာဟ္မဏများအား ပေးလှူပူဇော်ကြလေ၏။ ထို့နောက် ဆယ်ရက်ပတ်လုံး မိစ္ဆာအယူရှိသူများအား ပေးလှူကြ၏။ နောက်ထပ် ဆယ်ရက်ပတ်လုံး အဝေးလကတိတ္ထိတက္ကတွန်းများအား ပေးလှူကြ၏။ နောက်ဆုံးရက်သုံးဆယ်ကာလပတ်လုံး ဆင်းရဲနွမ်းပါးခိုကိုးရာမဲ့များအား ပေးလှူကြလေ၏။ ဤသို့လျှင် ဤယဇ်ပူဇော်ပွဲကြီးတွင် တိရစ္ဆာန်များကို သတ်ဖြတ်ပြီး နတ်များအား ပူဇော်ပသခြင်း လုံးဝမပြုလုပ်ဘဲ သမဏ၊ ဗြာဟ္မဏ အစရှိသော အလှူခံပုဂ္ဂိုလ်တို့အား လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ဖြင့် လှူဒါန်းပေးကမ်းခြင်းသာဖြစ်သည်ကို တွေ့ရ၏။

ယဇ်ပူဇော်ကျင်းပစဉ် ဟာရှမင်းသည် သဒ္ဓါတရားအလွန်ထက်သန်ပြင်းပြလွန်းသဖြင့် သူ၏ ကိုယ်ပိုင်ပစ္စည်းအားလုံးကို ပေးကမ်းစွန့်ကြဲပစ်လိုက်၏။ နိုင်ငံတော်ကို ကာကွယ်ရန်နှင့် ရန်သူရန်စွယ်သူပုန်များကို နှိမ်နင်းရန်အတွက် မြင်းများ၊ ဆင်များနှင့် စစ်မက်ဆိုင်ရာ လက်နက်ကိရိယာများမှတစ်ပါး သူ့ကိုယ်ပိုင်ပစ္စည်းဟူ၍ မကျန်အောင် လှူဒါန်းစွန့်ကြဲခြင်းဖြစ်၏။ ထို့နောက် မိမိဝင်ဆင်ထားသည့် အဝတ်၊ နားဆွဲ၊ လက်ကောက်၊ သရဖူနှင့် ဘယက်တို့ကို ချွတ်ပြီး အဝတ်ဟောင်းကိုဝတ်ဆင်ကာ မြတ်စွာဘုရားရုပ်ထုအား လက်အုပ်ချီကန်တော့လျက်–

"ပစ္စည်းဥစ္စာများကို စောင့်ရှောက်ထိန်းသိမ်းရသည့်အတွက် ဖြစ်ပွားရသော စိုးရိမ်ကြောင့်ကြမှုများသည် ယနေ့အားလုံး ကင်းရှင်းသွားပါပြီ၊ အကျွန်ုပ်သည် ပစ္စည်းအားလုံးကို သံသရာဘဝအဆက်ဆက်အတွက် သိမ်းသိမ်းဆည်းထားလိုက်ပါပြီ။ အကျွန်ုပ်သည် နိဗ္ဗာန်မရောက်သေးသမျှ ဘဝတိုင်းမှာ ယခုဘဝမှာကဲ့သို့ ပစ္စည်းဥစ္စာ ကြွယ်ဝပေါများပြီး လှူဒါန်းစွန့်ကြဲနိုင်ပါစေသား" ဟူသည့်စကားများကို အတိုင်းမသိ ပီတိသောမနသဖြစ်ကာ မြွက်ဟပြောဆိုလေသည်။

ဤယဇ်ပူဇော်ပွဲပြီးနောက် မကြာမီ အရှင်ဟူအင်စံသည် အိန္ဒိယအရှေ့ပိုင်းကို ဖြတ်သန်း၍ သီဟိုဠ်ကျွန်းသို့ ကူးရန် ရည်ရွယ်ချက်ဖြင့် နာလန္ဒမှ ထွက်ခွာခဲ့၏။ တစ်ကိုယ်တည်း တောမြိုင်စိမ့်စမ်းတောင်တန်းကြီးငယ်များကို ဖြတ်ကျော်ကာ ဟိရညပဗ္ဗတမြို့သို့ ရောက်ရှိသွားခဲ့၏။ ထိုမှ တစ်ဆင့် စမ္ပာမြို့သို့ ရောက်၏။ စမ္ပာယ်မြို့၌ ဗုဒ္ဓသာသနာ

ဆုတ်ယုတ်ပျက်စီးနေပြီး ဟိန္ဒူဘာသာကြီးများ ထွန်းကားနေသည်ကို တွေ့မြင်ခဲ့ရ၏။ ထိုမှတစ်ဖန် ပုန္ဒရဝဒ္ဓနမြို့သို့ ရောက်၏။ ထိုမြို့၌ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းပေါင်း နှစ်ဆယ်ရှိ၍ ဗြာဟ္မဏဘာသာဘုရားကျောင်း တစ်ရာခန့်ရှိသည်။ ထိုမှထွက်ခွာပြီးနောက် ကာမရူပပြည် (အာသံပြည်) သို့ ရောက်ရှိသွားခဲ့၏။ ကာမရူပပြည်၌ ဗြာဟ္မဏဘာသာ တစ်ခုတည်းသာ ဘုရားကျောင်းပေါင်းတစ်ရာကျော်၊ ကိုးကွယ်သူ ထောင်သောင်းမက များပြားစွာဖြင့် ပြိုင်ဖက်မရှိ စည်ပင်ပြန့်ပွားနေ၏။ ထို့နောက် ကာမရူပပြည်မှ ထွက်ခွာပြီး ဆန်ဒါဘန်းအရပ်မှတစ်ဆင့် သီဟိုဠ်ကျွန်းသို့ ကူးရာ ဆိပ်ကမ်းဖြစ်သော တမ်လုတ်မြို့သို့ ရောက်၏။ ထိုမြို့၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆယ်ကျောင်းနှင့် ဗြာဟ္မဏဘုရားကျောင်းငါးဆယ်ရှိ၏။

တမ်လုတ်မြို့မှ သီဟိုဠ်ကျွန်းသို့ကူးရန် ပင်လယ်ခရီးသည် အလွန်ရှည်လျားကွာဝေး၍ ဘေးအန္တရာယ်များ ပြားလှသဖြင့် သီဟိုဠ်ကျွန်းနှင့် အနီးကပ်ဆုံးနေရာ အိန္ဒိယ တောင်ပိုင်းသို့ သွားပြီး မနုအာရေလက်ကြားသို့ ဖြတ်ကူးရန် ဆုံးဖြတ်လိုက်၏။ သို့ဖြင့် အော်ရစ်ဆာနယ်သို့ ရောက်သွားခဲ့၏။ အော်ရစ်ဆာနယ်၌ ဗုဒ္ဓဘာသာကျောင်းတစ်ရာ နှင့် ဗြာဟ္မဏကျောင်း ငါးဆယ်ရှိ၏။

ထို့နောက် ကာလိင်္ဂတိုင်းသို့ ရောက်ရှိခဲ့ရာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းဆယ်ကျောင်းနှင့် ဗြာဟ္မဏကျောင်းနှစ်ရာတို့ကို တွေ့ခဲ့၏။ အန္ဓရတိုင်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ ဗုဒ္ဓဘာသာကျောင်းနှစ်ဆယ်နှင့် ဗြာဟ္မဏကျောင်းသုံးဆယ်တို့ကို တွေ့ခဲ့၏။ ထိုမှဆက်သွားရာ ရွံ့ညွန်ပျောင်းပေါများသည့် စိမ့်တောမြေ ချိုလာဒေသတွင် ဗုဒ္ဓဘာသာကျောင်းများအားလုံး ပျက်စီးပြိုလဲနေပြီး ဗြာဟ္မဏဘုရားကျောင်းများနှင့် အစေလကတက္ကတွန်းများစွာတို့ကို တွေ့မြင်ခဲ့ရ၏။ အရှင်ဟူအင်စံသည် စိမ့်ကြီးမြိုင်ကြီးများကို ဖြတ်သန်းပြီး တောင်ဘက်သို့ ဆက်လက်သွားပြန်ရာ ကန်ချီပူရမြို့သို့ ရောက်သွားခဲ့၏။ ကန်ချီပူရမြို့သည် (၁၈) လိပတ်လည်ခန့် ကျယ်ဝန်း၏။ ဘုန်းတော်ကြီးကျောင်းတစ်ရာခန့်ရှိ၏။ ဟီနယာနနှင့် မဟာယာနဂိုဏ်းဝင် ရဟန်းတော် တစ်သောင်းခန့်ရှိကြ၏။ ဟိန္ဒူဗြာဟ္မဏကျောင်းနှင့် ဂျိန်းကျောင်းများလည်း ရှစ်ဆယ်ခန့်ရှိကြ၏။ အဝတ်မဝတ်သည့် ဒိဂမ္ဗရဂိုဏ်းဂျိန်းများနှင့် အစေလကတက္ကတွန်း အမြောက်အမြားရှိကြ၏။ တောင်ဘက်ပိုင်းကျသည့် ပန်ဒျပြည်နယ်၌ကား ဗုဒ္ဓဘာသာ ကွယ်လုမတတ်ဖြစ်နေ၏။

အရှင်ဟူအင်စံ၏ ခရီးသွားမှတ်တမ်းသည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၏ အေဒီ (၇)ရာစုအတွင်းဗုဒ္ဓသာသနာတော် အနိမ့်အမြင့်၊ အတက်အကျ အခြေအနေဖြစ်စဉ်တို့ကို လေ့လာရာတွင် များစွာအထောက်အကူပြုသော သမိုင်းမှတ်တမ်းဟု ဆိုထိုက်ပါပေသည်။

ထိုစဉ် သီဟိုဠ်ကျွန်း၌ ပြည်တွင်းစစ်ဖြစ်ပွားနေကြောင်း ကြားသိရသဖြင့် အရှင်ဟူအင်စံသည် သီဟိုဠ်ကျွန်းသို့ သွားမည့်အစီအစဉ်ကို ပယ်ဖျက်လိုက်ရလေသည်။

ထိုမှတစ်ဆင့် အရှင်ဟူအင်စံသည် အနောက်ဘက် ပင်လယ်ကမ်းခြေရှိ မာလဗာနယ်သို့ ခရီးဆက်ခဲ့၏။ ထိုနယ်၌ ဗုဒ္ဓဘာသာရဟန်းတော်ကျောင်းများ ပျက်စီးနေကြ၏။ ဗြာဟ္မဏကျောင်းတစ်ရာခန့်နှင့် အစေလကတိတ္ထိသို့ များစွာတွေ့ခဲ့ရ၏။ တောနက်ကြီးများကို ဖြတ်သန်းပြီး မြောက်ဖက်သို့သွားရာ ကွန်ကန်ပြည်သို့ရောက်၏။ ကွန်ကန်ပြည်၌ ဗုဒ္ဓဘာသာကျောင်းတစ်ရာနှင့် ဗြာဟ္မဏကျောင်းတစ်ရာခန့်တို့ တည်ရှိကြသည်။ ထို့နောက် သားရဲတိရစ္ဆာန်ပေါများသည့် စိမ့်ကြီးမြိုင်ကြီးကို ဖြတ်သန်းကာ ဆက်လက်သွားပြန်ရာ မဟာရဋ္ဌပြည်သို့ ရောက်သွား၏။ ထိုပြည်၌ တိတ္ထိတက္ကတွန်းဂိုဏ်းအမျိုးမျိုးတို့ ရှိကြ၏။ ထို့နောက် နာရ်ဗဒ္ဒ (နမ္မဒါ)မြစ်ကို ကူး၍ ဗရိုးချ်နယ်၊ ထိုမှတစ်ဆင့် မာလဝါနယ်တို့ကို ရောက်သွားခဲ့ရာ ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာနှစ်မျိုးလုံး ကြီးထွားထွန်းကားနေသည်ကို တွေ့ခဲ့ရ၏။ ရှေ့သို့ ဆက်သွားပြန်ရာ ဝလာဘိပြည်သို့ ရောက်၏။ ဝလာဘိပြည်တွင် ဟာရှမင်း၏ သားမက်တော် ဓရုဝပတုမင်းသည် အိန္ဒိယအနောက်တောင်ပိုင်းကို အုပ်စိုးကာ ဗုဒ္ဓဘာသာကို ကြည်ညိုကိုးကွယ်ပြီး ထောက်ပံ့အားပေးမှုများ ပြုလုပ်နေသည်ကို တွေ့မြင်ခဲ့ရ၏။ ထိုမှ အုတ်ကျိန်း (ဥဇ္ဇေနီ) နှင့် ချစ်တိုမြို့များ၌ ဗုဒ္ဓသာသနာကွယ်ပျောက်ပြီး ဗြာဟ္မဏဘာသာ ရောက်နေသည်ကို တွေ့ခဲ့ရ၏။ ထို့နောက် မာစားသဲကန္တာရကို ဖြတ်သန်းပြီး အနောက်ဘက်ရှိ ဆင်းဒ်နယ်သို့ ရောက်ခဲ့၏။ ထိုနယ်၌ ဗုဒ္ဓဘာသာစည်ပင်ပြန့်ပွားနေ၏။ ထိုမှတစ်ဖန် မူလ်တန်နယ်သို့ရောက်သွားရာ ဗုဒ္ဓဘာသာအစား နေကိုကိုးကွယ်သည့် အယူရှိသူများကို တွေ့မြင်ခဲ့ရ၏။ နောက်ဆုံးတွင် အရှင်ဟူအင်စံသည် ဟင်ဒူကုရှ်တောင်တန်းကို ဖြတ်ကျော်၍ မိမိနိုင်ငံ တရုတ်ပြည်ထဲသို့ ပြန်လည်ရောက်ရှိခဲ့လေတော့သည်။

အရှင်ဟူအင်စံသည် စေ့စေ့စပ်စပ်သေချာစွာ လေ့လာရှုမြင်မှတ်သားတတ်သည့်အားလျော်စွာ ကိုယ်တွေ့မျက်မြင်ကြုံတွေ့ခဲ့ရသော မဇ္ဈိမဒေသ၏ သမိုင်းစဉ်၊ ဘာသာရေး၊ နိုင်ငံရေး၊ ဓလေ့ထုံးတမ်း စသည်တို့ကို အစုံအလင် ရေးသားမှတ်တမ်းတင်ခဲ့သည်မှာ စိတ်ဝင်စားလေ့လာချင်စဖွယ်ဖြစ်၏။ တွေ့မြင်ခဲ့ရသောမြင်ကွင်းများကို သရုပ်ဖော်ရေးသားချက်များမှာလည်း စာရှုသူများ၏ မျက်စိနှင့် စိတ်အာရုံတွင် ကွက်ကွက်ကွင်းကွင်း ထင်မြင်လာစေ၏။

ထို့ကြောင့် အရှင်ဟူအင်စံ၏ ခရီးသွားမှတ်တမ်းသည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၏ အေဒီ (၇)ရာစုအတွင်း ဗုဒ္ဓသာသနာတော် အနိမ့်အမြင့်၊ အတက်အကျ အခြေအနေဖြစ်စဉ်တို့ကို လေ့လာရာတွင် များစွာအထောက်အကူပြုသော သမိုင်းမှတ်တမ်းဟု ဆိုထိုက်ပါပေသည်။

စာကိုး - အိန္ဒိယ-မြန်မာဗုဒ္ဓဘာသာ

အရှင်ပညိန္ဒာဘိဝံသ (ပထမကျော်-ဘီအေ)

- မြတ်စွာဘုရားပွင့်တော်မူရာဗုဒ္ဓဂယာ

မောင်အံ့ (မဟာဝိဇ္ဇာ-ဘုံဘော)

ဒေါက်တာစံလှကျော်

မိဂဒါဝုန်ကျောင်းသမိုင်းအကြွက်လပ်

ဦးနန္ဒက

မိဂဒါဝုန်ကျောင်းသည် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓ ဘာသာလူမျိုးတို့၏ ဒုတိယအကြိမ်ဆောက် လုပ်သော ဗုဒ္ဓဘာသာတို့၏ ကိုယ်ပိုင်ကျောင်း ဖြစ်ခဲ့သည်။ ကမ္ဘာတွင် ဗုဒ္ဓ သာသနာပြု အနာဂါရိကဓမ္မ ပါလသည်လည်း သီရိလင်္ကာနိုင်ငံမှ အိန္ဒိယနိုင်ငံ မစရစ်ဘက်သို့ ကာနယ်အိုရကောက်အမည်ရှိသော အင်္ဂလိပ် အမျိုးသားတစ်ဦးနှင့် အိန္ဒိယဘက်သို့ ရောက်ရှိလာခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာလူဦးရေ လုံးဝမရှိခဲ့ပါ။ ကာလ ကတ္တားရောက်ပြီးမှ (ဘရုဝေါ) ဗုဒ္ဓဘာသာအချို့ နှင့် ရခိုင်ဗုဒ္ဓဘာသာအချို့ကို တွေ့ရှိခဲ့သည်။ ကာလကတ္တား မှ ဆက်လက်၍ ဂယာ၊ ဂယာမှ ဗုဒ္ဓဂယာသို့ ရောက်ရှိလာ ခဲ့သည်။ ဗုဒ္ဓဘာသာတို့ကို မတော်မတရား ဆောင်ရွက်ထား သော ဟိန္ဒူလူမျိုး မဟန့်သည် ကျွန်ုပ်တို့၏ဘုရင် တည်ဆောက်ခဲ့သော မင်းတုန်းမင်းဇရပ်တွင် တည်းခိုစေခဲ့သည်။ ထို့နောက် သူတို့သည် ဗုဒ္ဓဘာသာများ၏ ကောင်းရာကောင်း ကြောင်း နည်းစနစ်များကို လိုက်ရှာခဲ့သည်။ မဟန့် ထနား (ကျောင်းထိုင်ဘုန်းကြီးဆာဒူး)နှင့် သူတို့၏ မတော် မတရားလုပ်ထားမှုများကို ကြည့်ရှုပြီး ထိုမှ အချင်းချင်း ရန်တွေ့ကာ ဆာဒူးနှင့် အပေါင်းအပါတို့သည် ဟိန္ဒူမဟန့် ထနား ဆာဒူးနှင့် ရန်တွေ့ပြီးနောက် အနာဂါရိက ဓမ္မပါလသည် (၁၈၉၁)ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယ

မဟာဗောဓိကို တည်ထောင်ခဲ့သည်။ ထိုမှ ရခိုင်ဒကာများနှင့် ပေါင်းပြီး မဟာဗောဓိအသင်းကို တည်ထောင်ခဲ့သည်။ သူတို့သည် ကာလကတ္တားမှ စစ်တကောင်း၊ စစ်တကောင်းမှ စစ်တွေ၊ စစ်တွေမှ ရန်ကုန်၊ ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ မော်လမြိုင်၊ မော်လမြိုင်မှ စစ်တွေ၊ စစ်တွေမှ ကိုရင်နှစ်ပါးတို့ကို ခေါ်ယူပြီး အိန္ဒိယနိုင်ငံသို့ ကြွလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် စန္ဒြသည်၊ သီဟိုဠ်ဆရာတော်ကြီးနှင့် အဆင်မပြေဖြစ်၍ ပြန်လာခဲ့ရသည်။ နောက်ကိုရင်စန္ဒသည် ကာလကတ္တားတွင် ပညာသင်နေစဉ် ပွဲစားကြီးဦးချိဖားရီးအိမ်၌ ဆွမ်းခံရင်း မဟာဝီရဆရာတော်နှင့် တွေ့ခဲ့သည်။ မဟာဝီရဆရာတော်သည် ရှင်စန္ဒကို ဗာရဏသီအနီး ဂါဂျီးတိုးခရိုင် ဂါမရွာတွင် ပညာသင်စေခဲ့သည်။ ပညာသင်နေစဉ် မဟာဝီရဆရာတော်အား ပွဲစားကြီးဦးချိဖားရီမှ ငွေတစ်ထောင်လှူခဲ့သည်။ ထိုနောက် ဓားပြများက ဒေဝီရိယမှာ ကုသိနာရုံအလာလမ်းတွင် လုယူသွားကြသည်။ ပွဲစားကြီးဦးချိဖားရီသည် မဟာဝီရဆရာတော်အပေါ် အားမရခဲ့ပြီး ရှင်စန္ဒကို ငွေတစ်ထောင်ထပ်မံလှူဒါန်းခဲ့သည်။ ထိုငွေဖြင့် ကုသိနာရုံတွင် မဟာဝီရဆရာတော်အကူအညီဖြင့် အာဒိပါဠ္ဍအမည်ရှိသော ပုဏ္ဏားတစ်ယောက်ထံမှ တစ်ကဌကို တစ်ကျပ်နှုန်းဖြင့် မြေဝယ်ယူခဲ့သည်။ ရှင်စန္ဒကိုယ်တိုင် ကာဆိယအနီး မြေပေါ်တွင် အုတ်ခဲဖိုပြီး ကျောင်းစတင်ဆောက်လုပ်ခဲ့သည်။ အုတ်ခဲကိုကိုယ်တိုင်ဖုတ်ပြီး (၁၈၉၈)ခုနှစ် မဟာပရိနိဗ္ဗာနဓမ္မသာလာကို ဗုဒ္ဓဘာသာများအပိုင်အဖြစ် စတင်ဆောက်လုပ်ခဲ့ရာ (၁၉၀၂)ခုနှစ် ပြီးစီးခဲ့သည်။

ဗာရဏသီတွင် (၁၉၀၅)ခုနှစ် စတင်၍ မြေရာရှာခဲ့ရာ ဒုတိယကျောင်းကို ဆရာတော် ဦးစန္ဒြမဏိ (အာစရိယရာမစန္ဒြ)စကူးနှင့် ဖိုးပင်ကြီးဆရာတော် ဦးစန္ဒောဘာသတို့စုပေါင်း၍ ဒုတိယကျောင်းမြေကို ဖိုးပင်ကြီးရွာ မင်းပြားမြို့နယ်မှ ဦးမြဒိုးအောင်၊ ဦးမြထွန်း၊ ဦးမြခိုင်နှင့် ဖိုးပင်ကြီးရွာသူရွာသား စေတနာရှင်များက တစ်မူးတစ်မတ် စုပေါင်းလှူဒါန်း၍ မြေဝယ်ခဲ့ကြသည်။ ထိုနောက် ဦးမြထွန်းဆိုသူ ဒကာကြီးက ဦးမြထွန်းဇရပ်အမည်ဖြင့် ကျောင်းဆောက်ခဲ့သည်။ ဤကျောင်းသည် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာတို့၏ ဒုတိယကိုယ်ပိုင်ကျောင်း ဖြစ်လာခဲ့သည်။ ထိုဒုတိယကိုယ်ပိုင်ကျောင်း၏ ပထမဆရာတော်မှာ ဖိုးပင်ကြီးရွာကျောင်းထိုင်ဆရာတော် ဦးစန္ဒောဘာသပင်ဖြစ်သည်။ ဤဖိုးပင်ကြီးဆရာတော် ဦးစန္ဒောဘာသနှင့်အတူ သူ၏တပည့် ဖိုးပင်ကြီးရွာသား ကပ္ပိယအောင်ထွန်းဖြူဆိုသူ ပါလာခဲ့သည်။

ပညာသင်ရင်း ဆရာတပည့်နှစ်ယောက် ဗာရဏသီမှ (၆)မိုင်ခန့်ဝေးကွာသော မိဂဒါဝုန် ရှေးဟောင်းဌာနနှင့် ကပ်လျက် ရှေးဟောင်းဌာန၏ တောင်ဘက်နားတွင် (သီရိဓမ္မာသောက)မင်းကြီး ကျောင်းတိုက်နှင့် တစ်ဖာလုံခန့်ကွာဝေးသောနေရာတွင် ကျောင်းမြေနေရာ ရရှိခဲ့သည်။ ထိုကျောင်းမြေနေရာတွင် ဦးမြထွန်းဇရပ်ဟူ၍ ဆောက်လုပ်ခဲ့သည်။

ဖိုးပင်ကြီးဆရာတော် ဦးစန္ဒောဘာသမှာ ဟင်္သာတခရိုင် ဇလွန်မြို့နယ် ပျဉ်းမကုန်းရွာသားဇာတိဖြစ်သည်။ မန္တလေးမှာ ပညာသင်ကြားရင်း မင်းပြားမြို့ ရေတံခွန်ကျောင်းသစ်ဆရာတော်ဦးဉာဏနှင့် ခင်မင်ရင်းနှီးပြီး မန္တလေးမှ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် မင်းပြားမြို့နယ် ဖိုးပင်ကြီးရွာသို့ (၁၉၀၃)ခုတွင် ရောက်ရှိခဲ့သည်။ ထိုရွာတွင် ကျောင်းထိုင်ဆရာတော်အဖြစ် လက်ခံခဲ့ပြီး ပညာသင်ရန် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့သို့ ရောက်ရှိလာပြီး ဖိုးပင်ကြီးရွာသား ဦးမြဒိုးအောင်၊ ဦးမြထွန်း၊ ဦးမြခိုင်တို့ အကူညီဖြင့် ဒုတိယကျောင်းကို စတင်တည်ဆောက်ခဲ့သည်။

၁။ ဦးမြဒိုးအောင် (စည်ပင်ကြီး မင်းပြားမြို့နယ်)၊ ကျောင်းမြေဒကာ ဦးမြထွန်း (မြေနှင့် မိဂဒါဝုန်ပထမကျောင်းဒကာ)၊ ဦးမြခိုင် (မြေတကာ ကျားကြီးဖ) ဖိုးပင်ကြီးသိမ်ဒကာ+ကျောင်းဒကာ)၊ ဖိုးပင်ကြီးရွာသူရွာသားများ တမူးတမတ်လှူဒါန်းကြသည်။

ပထမကျောင်းနာမည်–မိဂဒါဝုန်မြန်မာကျောင်း

ဦးမြထွန်းဇရပ်၊ ထိုကျောင်းဆောက်ချိန်က ဘုရားကျောင်း၊ ဘုန်းတော်ကြီးကျောင်းဟု နာမည်မတပ်ရ၊ မပေးရပါ။ ဦးမြထွန်းဇရပ်ဟုသာ အမည်ပေးခဲ့ရသည်။

မိဂဒါဝုန်ပထမဆရာတော်

ဇီးပင်ကြီးရွာမှ တက်ညိုဦးဆောင်၍ ဆရာတော် ဦးစန္ဒောဘာသ ပညာသင်ကြားနေစဉ် အိမ်ငှားနေရသည်ဟု သိကြ၍ မြေဝယ်ကြသည်။ ကျောင်းဆောက်ကြသည်။ ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိအကူအညီဖြင့် ဗာရာဏသီ ဟိန္ဒူယူနီဗာစီတီမှ ပရော်ဖက်ဆာအာကျာရယ် ရာမ်ကျန္ဒရာ ဆုကုဇ်အကူညီအဖြင့် ဗာရာဏသီဘုရင်ထံမှ ငွေနဲ့ဖြင့် ဝယ်ယူခဲ့ပြီး ကျောင်းဆောက်ခဲ့ကြသည်။ ထိုအချိန်က ကျောင်းမဆောက်ရ၊ ဘုန်းတော်ကြီးကျောင်း မဆောက်ရ၍ ကုသိနာရုံတွင် မဟာပရိနိဗ္ဗာနဓမ္မသာလာ အမည်ပေးခဲ့သလို ဦးမြထွန်းဇရပ် (ဦးမြထွန်းဓမ္မသာလာ)ဟု အမည်ပေးခဲ့ကြသည်။ မိဂဒါဝုန်ကျောင်းသည် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့၏ ဒုတိယကျောင်းဆောင်ဖြစ်ခဲ့သည်။ ဆရာတော်ဦးစန္ဒောဘာသဖြစ်သည်။

မိဂဒါဝုန်ဒုတိယဆရာတော်

ဦးစန္ဒြမဏိ ကုသိနာရုံပထမဆရာတော်

ဦးစန္ဒောဘာသ ပညာတတ်မြောက်ပြီး မြန်မာပြည်သို့ ပြန်သွားခဲ့ပြီးနောက် ဆရာတော်ဦးစန္ဒြမဏိကို လွှဲအပ်ခဲ့သည်။ သို့သော် စာချုပ်စာတမ်းနှင့် မလွှဲအပ်ခဲ့ပါ။ ဟိုတုန်းက ဆရာတော်ကြီးများ လောဘလည်း မရှိခဲ့ကြပါ။

ဦးစန္ဒောဘာသနှင့် သူ့တပည့်မောင်ထွန်းဖြူတို့ မြန်မာပြည်ပြန်လာကြပြီး ကျောင်းကို ဆရာတော်ဦးစန္ဒြမဏိကို အပ်ခဲ့ကြသည်။ ဆရာတော်ဦးစန္ဒြမဏိသည် ကုသိနာရုံကျောင်းတိုက်နှင့် မိဂဒါဝုန်ကျောင်းနှစ်ကျောင်းလုံးကို ထိန်းသိမ်းစောင့်ရှောက်နေခဲ့သည်။ သင့်တော်သော ကုလားတပည့်များလည်း အခါအားလျော်စွာ နေထိုင်ခဲ့သည်။

မိဂဒါဝုန်တတိယဆရာတော်ဦးခေမာစာရ (ရသေ့တောင်)

ဆရာတော်ဦးစန္ဒြမဏိ ကုသိနာရုံကျောင်းကို ပြုပြင်တည်ဆောက်နေရသည့်အပြင် ပုဏ္ဏားများနှင့်လည်း ခဏခဏ ခိုက်ရန်ဖြစ်ပွားနေခဲ့ရ၍ ရသေ့တောင်မြို့နယ်မှ ဦးခေမာစာရကို စောင့်ရှောက်ရန် လွှဲအပ်ပေးထားခဲ့သည်။ ဆရာတော်ဦးခေမာစာရကျောင်းစောင့်အနေဖြင့် မိဂဒါဝုန် မြန်မာကျောင်းတွင် တတိယကျောင်းထိုင်ဆရာတော်အနေဖြင့် သီတင်းသုံးနေထိုင်ခဲ့သည်။ နောက်ဆုံးတွင် ရောဂါဖြစ်၍ ကုသိနာရုံမြန်မာကျောင်းတွင် အနောက်တောင်ဘက်အခန်း၌ ပျံလွန်တော်မူသွားခဲ့သည်။ ထိုဆရာတော် ပျံလွန်ပြီးနောက် ဆရာတော်ဦးကိတ္တိမကို အပ်ခဲ့သည်။

မိဂဒါဝုန်စတုတ္ထဆရာတော်ဦးကိတ္တိမ

ဆရာတော်ဦးကိတ္တိမသည် ကုသိနာရုံဆရာတော် ဦးစန္ဒြာမဏိ၏ တူအရင်းဖြစ်သည်။ ဆရာတော်ကြီးထံသို့ ပညာသင်ရန်ရောက်လာခဲ့ပြီး ဂေါရခပူရ်တွင် ဒကာနန္ဒ ဘင်တာကောလိပ်ကျောင်းမှ (၁၂)တန်း (အင်တာမိဒါယတ်) ကို အောင်မြင်ခဲ့သည်။ ထိုအချိန်က အိန္ဒိယနိုင်ငံတွင် ကောလိပ်ကျောင်းများ နေရာတကာတွင် မရှိခဲ့သေးပါ။ (၁၂)တန်းအောင်ပြီးနောက် ဆရာတော်ကြီး ဦးစန္ဒြမဏိသည် တူတော်မောင်ကို ပုဏ္ဏားအလယ်တွင် နေထိုင်နိုင်ရန်အတွက် ယူပီပြည်နယ် အနောက်မြောက်တောင်ပေါ်ဒေသ ရိုဆိကေ့ဆ်ဟရိဒွါရ်တွင် ပညာသင်ရန် ပို့ထားခဲ့သည်။ ရိုဆိကေ့ဆ်မှ မူဆလင်များနှင့် အခြေအနေကောင်းစေရန် လာဟိုးမြို့သို့ ပို့ပေးပြီး မူဆလင်ပညာရပ်များကို သင်စေခဲ့သည်။ ထိုမှ တစ်ဖန် အိန္ဒိယအနောက်တောင်ပိုင်း မူဆလင်မြို့တော် ကရာချိသို့လည်း ပညာသင်ပို့ပေးခဲ့သည်။ ကရာချိမှ ပြန်လာပြီးနောက် ဗလရာမ်ပူရ်တွင် ဆရာတော်ကြီးကျောင်းချပေးခဲ့သော ဆရာတော်ဦးဝရသမ္ဘောဓိ မြန်မာပြည်ပြန်သွား၍ ခဏကျောင်းစောင့်ခိုင်းထားခဲ့ရသည်။ မိဂဒါဝုန်ဆရာတော် (တတိယ) ဦးခေမာစာရ ကုသိနာရုံတွင် ပျံလွန်တော်မူသွား၍ ဆရာတော်ဦးကိတ္တိမကို စတုတ္ထဆရာတော်

အဖြစ် ကျောင်းထိုင်ခန့်အပ်ခဲ့သည်။

မိဂဒါဝုန်ပဥ္စမဆရာတော်

ဦးနန္ဒိယဆရာတော် ကျောက်ဖြူခရိုင်မှ ဖြစ်သည်။ ဆရာတော်ဦးကိတ္တိမကို ဘိရလာသူဌေးက မြန်မာပြည်တွင် ဖြစ်ပွားခဲ့သော ကုလားမြန်မာအဓိကရုဏ်းတွင် ဆရာတော် ဦးကိတ္တိမက ဟိန္ဒူတို့ဘက်မှ ဝင်ရောက်လျက် မရ်ဝါရိ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒိန္နာနာတ်ခန္နာ၏ အကြောင်း ကြားချက်အရ ဘိရလာသူဌေးက ကာဆိတွင် ကျောင်း ဆောက်ရန် ငွေ (၁၃၀၀၀)ရူပီး လှူဒါန်းခဲ့ပါသည်။ ထိုငွေ တွင် မိမိထံ (၁၄၀၀၀)ရူပီးရောပြီး တံဆိပ်ခေါင်းခ (၂၀၀၀) ရူပီးကပ်ပြီး ဆီဂရာတွင် မြေတစ်ကွက်ဝယ်ယူခဲ့သည်။ ထို နေရာသည် ကာဆီးဗိဒျာပီးတိလမ်းမကြီးတွင် ရှိသည်။ မြေဝယ်ပြီး ဘင်္ဂလားဒေ့ရှ်မှ ရခိုဒကာဒကာမတို့အလှူဖြင့် အုတ်ခဲ တတိယတန်းစားဝယ်ပြီး ကျောင်းဆောက်နေစဉ် ကျောက်ဖြူခရိုင်မှ ဆရာတော်ဦးနန္ဒိယကို ကျောင်းထိုင်အဖြစ် ခန့်အပ်ထားခဲ့သည်။

မိဂဒါဝုန်ဆဋ္ဌမဆရာတော်

ဆရာတော်ဦးတိက္ခိန္ဒြိယ ရသေ့တောင်မြို့နယ်မှ ဖြစ်သည်။ နယ်လှည့်ဓမ္မကထိကအဖြစ် ဘင်္ဂလားဒေ့ရှ်တွင် နယ်လှည့်တရားဟောခဲ့သည်။ ပါကစ္စတန်တွင် အရှေ့နှင့် အနောက်ပါကစ္စတန် စစ်ဖြစ်ကြပြီး မငြိမ်မသက်ဖြစ်နေခဲ့ ရာ ဘင်္ဂလားဒေ့ရှ်မှ ကာလကတ္တားသို့ ပြောင်းလာခဲ့သည်။ ကာလကတ္တားတွင် သူ့တပည့် ဘင်္ဂလားဒေ့ရှ် အဝင်ကျွန်းသား ရခိုင်အိမ်တွင် သီတင်းသုံး နေထိုင်ခဲ့သည်။ ထိုအချိန်တွင် ဘုရားဖူးလာကြသူ တချို့ထံမှ အလှူခံခဲ့သည်။ ဒါကို ဘုရားဖူးသားတချို့ တိုင်တန်းခဲ့ကြသည်။ ဆရာတော်ကြီး ဦးစန္ဒြမဏိက ဦးတိက္ခိန္ဒြိယအား မိဂဒါဝုန်တွင် ကျောင်းထိုင် ရန် အပ်နှံခဲ့သည်။ ဆဋ္ဌမဆရာတော်ဖြစ်သည်။ စာချုပ် စာတမ်းနှင့် မအပ်ခဲ့ပါ။

ယခု ကုသိနာရုံဆရာတော် ဦးဉာဏိဿရ (၁၉၆၃) ခု ဩဂုတ်လ(၁)ရက် ကြာသပတေးနေ့ အိန္ဒိယ ကာလ ကတ္တားသို့ ရောက်လာခဲ့သည်။ ကာလကတ္တားတွင် ဒေါက်တာ ဦးကျော်ခိုင် (ပုဏ္ဏားကျွန်း)က လာကြိုခဲ့သည်။ ဩဂုတ်လ (၄)ရက်နေ့ နံနက် (၁၁)နာရီခန့်တွင် ဗာရာဏသီဘူတာရုံ၌ မိဂဒါဝုန်ဆရာတော် ဦးတိက္ခိန္ဒြိယက လာကြိုခဲ့သည်။ ဆရာတော်သည်ပင်လျှင် ဦးဉာဏိဿရကို ကုသိနာရုံသို့ လာပို့ပေးခဲ့သည်။ (၅-၈-၁၉၆၃)ခု တနင်္လာနေ့ ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒြမဏိထံပါးသို့ ပို့ဆောင်ပေးခဲ့သည်။

ဆရာတော်ဦးတိက္ခိန္ဒြိယသည် (၁၉၆၆)ခု စက်တင် ဘာလ (၆)ရက် အင်္ဂါနေ့ နေမကောင်းဖြစ်ခဲ့ရာ ကုသိနာရုံမှ ဆရိုကြီဆနာကို ခေါ်ယူပြီး တစ်ပတ်ကျော် ဆေးကုပေးခဲ့ ရသည်။ ကျောတွင် အနာပေါက်၍ အပေါက် (၁၀)ကျော် ရှိသည်။ ငါသေတော့မည်ဟု ပြောပြီး ဦးဉာဏိဿရ မောင်မြစိန်-ထွန်းလှစိန်တို့ကို အမွေပေးထားပြီး ဖြစ်သည်။ ဆရာတော်ကို ကောင်းအောင်ဆေးကုပေးပြီးမှ ပြန်လာခဲ့သည်။

ဆရာတော်ဦးကိတ္တိမ၏ ထောက်ပံ့ကြေးဖြင့်သာ မိဂဒါဝုန်၌ သီတင်းသုံးနေသော ဆရာတော်တစ်ပါးဖြစ် သည်။ ဆရာတော်ဦးကိတ္တိမလည်း မျက်စိခွဲကုသခဲ့ရာ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်ဆေးရုံ၌ ကိုယ်ပိုင်ပရိုက်ဘက် အခန်းယူ၍ ဆေးကုသပေးခဲ့ရသည်။ ဦးဉာဏိဿရ ဗာရာဏသီတွင် တစ်လခန့် ဆီကာရာမ်ခေါ်သူ တပည့် တစ်ဦးနှင့် B.H.U တွင် နေ၍ ဆေးကုသပေးခဲ့ရသည်။

မြန်မာဘုရားဖူးများ ရောက်လာခဲ့ကြသည်။ ဆရာတော်ဦးကိတ္တိမ နာမကျန်းဖြစ်နေခဲ့သည်။ ဗာရာဏသီ တွင် ဆရာတော်ဦးကိတ္တိမနှင့်အတူ ရဟန်းတစ်ပါး၊ မိဂဒါ ဝုန်တွင် ဆရာတော်ဦးတိက္ခိန္ဒြိယနှင့်အတူ ရဟန်း (၅)ပါး၊ ကိုရင် (၂)ပါး တပည့် (၃-၄)ဦးရှိကြသည်။ ထိုအချိန်၌ နေသောသူတို့သည် ဆရာတော်များကို မဆည်းကပ်ကြပါ။ ဈေးဝယ်ရန်ပေးသောငွေကိုပင် ပြန်မပေးတတ်ကြပါ။ "ဘုန်ကြီးဗဟုတ်တ်လာလ်ကျိဟိုက်" အဘိုးကြီးထိပ် လောဘ ကြီးတယ်၊ ဒီလိုမစားလို့ရှိလျှင် ဘယ်လိုစားမလဲဟု

ပြောကြသည်။

(၁၆-၃-၁၉၈၇)ခု မြန်မာလို (၁၃၄၈)ခု တပေါင်းလဆုတ် (၂)ရက်၊ တနင်္လာနေ့ ကုလားသင်္ကြန်ကျသည်။ (၁၅-၃-၁၉၈၇)ရက်နေ့ တပေါင်းလပြည့် ကုလားဟောလိကာကို မီးလျှို့သောနေ့ဖြစ်သည်။ ကျောင်းဟန်းကုမ္ပဏီ ဘတ်စကားဒရိုင်ဘာနှင့် မြန်မာတို့ ရန်တွေ့နေခဲ့ကြသည်။ သွားက ခဲပေါက်ခံရမည်၊ မသွားက ဂါတ်ကြေးပေးရမည်၊ ဦးဉာဏိဿရက ကြားမှဖြန်ဖြေပြီး မီးလျှို့ပြီးတာနှင့် သွားကြမည်။ ပြေလည်သွားကြသည်။ (၈)နာရီကျော် ဟောလိကာမီးလျှို့ပြန်ကျောင်းမှ ထွက်ကြသည်။ ဦးဉာဏိဿရနှင့် ကားဒရိုင်ဘာ ရှေ့တန်းမှထိုင်ပြီး ပထမဘီဟာ နယ်စပ်တကူးတွင် ဂါတ်ကြေးပေးရသည်။ (၈၀၀)ရူပီး ပေးပြီးတော့ ရှေ့ဆက်ကြရာမှ လောရီကား တစ်စီးကို ကြည့်ပြီး ထွက်ခဲ့ကြသည်။ ဆီဝန်းစာသင်ကျောင်းတွင် အိပ်ရန်ကြံဆခဲ့ကြသော်လည်း လမ်းအခြေအနေကောင်း၍ ဆက်လက်မောင်းသွားခဲ့ကြရာ ပတ္တနာသို့ ည (၂)နာရီ ရောက်သွားခဲ့သည်။ ဦးဉာဏိဿရကိုယ်တိုင် လက်ဖက်ဖျော်၍ ခရီးသည်များ ကို လဖက်ဆိကျကျ တိုက်ကျွေးပြီး ထိုမှ ရာဇဂြိုဟ်သို့ ထွက်ခဲ့ကြသည်။ ရာဇဂြိုဟ်မှ ချက်ခြင်းပြန်လာခဲ့သည်။ ပတ္တနာ ထိုမှ ရထားဖြင့် ဗာရာဏသီသို့ ရောက်သွားခဲ့သည်။ ဆရာတော်ကြီး၏ အဆုတ်တွင် ရေဝင်၍ ကင်ဆာရောဂါလိုလို ဖြစ်နေခဲ့၍ ဆရာဝန်နှင့် တိုင်ပင်ကာ B.H.U ဆေးရုံသို့ တင်ခဲ့ကြသည်။ ကုတင် (၁၃)နံပါတ်တွင်ထား၍ စစ်ဆေးခဲ့ကြရာ (၅၁) ရက်အကြာတွင် ပျံလွန်သွားမည်ဟု ဆရာဝန်များက ပြောခဲ့ကြသည်။

(၂၀-၄-၁၉၈၇)ခု (၁၃၄၉)ခု တန်ခူးလဆုတ် (၇) ရက် တနင်္လာနေ့ ဆေးရုံမှ ဆင်းလာခဲ့ကြသည်။ မောတိလာလ်ခတြိ၏ အကြံပေးချက်အရ (၂၀-၄-၁၉၈၇)ခု ညနေ ဆရာတော်ကျိန်းစက်တော်မူသောအခန်းတွင် သေတမ်းစာ ရေးပြီး မိဂဒါဝုန်ကျောင်းအပ်လွှဲစာချုပ် ချုပ်ခဲ့ကြသည်။ ဗုဒ္ဓပွဲလုပ်သူ ဦးစိန်တင် မြန်မာပြည်နှင့် နာရာယန်ဆိန်းဟ်တို့ သက်သေအဖြစ် ဆောင်ရွက်ကာ စာချုပ်ချုပ်ခဲ့ကြသည်။

(၃-၄-၁၉၈၇)ခုနှစ် မြန်မာသက္ကရာဇ် (၁၃၄၉)ခု တန်ခူးလဆုပ် (၁၀)ရက်နေ့ ညနေ (၉)နာရီတွင် ပျံလွန် တော်မူသွားခဲ့သည်။ ဆရာတော်ဦးကိတ္တိမ ပျံလွန်တော်မူ ချိန်တွင် ထိုမှ သံဃာ (၁၀၈)ပါး တက်ရောက်ခဲ့ကြသည်။

ဆရာတော်ဦးကိတ္တိမ ပျံလွန်တော်မူပြီး (၂)လ (၁၀)ရက်အကြာတွင် (၃-၇-၁၉၈၇)ခု (၁၃၄၉)ခု ကဆုန် လဆန်း (၁၀)ရက် ကြာသပတေးနေ့ ဆရာတော်ဦးတိက္ခိန္ဒြိယ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဦးတိက္ခိန္ဒြိယ ပျံလွန်တော်မူချိန်တွင် ယခု စတုတ္ထမြောက်ဆရာတော်ဟုပြောသူ မိဂဒါဝုန်တွင် မရှိခဲ့ပါ။ ဆရာတော်ဦးတိက္ခိန္ဒြိယ ဝမ်းအကြိမ် (၂၂)ခါ ဝမ်းချော၍ ဝမ်းသွား၍ ဂလူးကို့တဒါဖင် သွင်းပေးခဲ့သော် လည်း မထိမ်းနိုင်ခဲ့ပါ။ ဆရာတော်ကြီး (၂)ပါးလုံးစိတ်ဆိုး၍ ဗာရာဏသီမှ နာလန္ဒာ၊ နာလန္ဒမှ ဒေလီ ဂျယူရ် ၎င်းမှ ဒေလီပြန်ရောက်သောအချိန် ဆရာတော်ဦးတိက္ခိန္ဒြိယသည် ဦးဉာဏိဿရ လက်ထဲတွင် ပျံလွန်တော်မူသွားခဲ့သည်။

(၅-၇-၁၉၈၇)ခု (၁၃၄၉)ခု ဝါဆိုလဆန်း (၁၀) ရက် တနင်္ဂနွေနေ့တွင် ဆရာတော်အား ဂူသွင်းခဲ့၍ ဦးဉာဏိဿရ သဂြိုဟ်ခဲ့သည်။ ဆရာတော်သည် ဘဏ်တွင် ရှိသော ငွေ (၄၅၀၀၀)ရူပီနှင့် ရွှေ (၁)ကျပ်သားကျော် ကျော်ကို ယခု စတုတ္ထမြောက်အမည်ခံသူအား မလွှဲမပေးခဲ့ပါ။ စတုတ္ထမြောက်အမည်ခံကို ပေးခဲ့သည်အထင် စတုတ္ထမြောက်ဟု မိမိကိုယ်ကို ခံယူခဲ့သည်။ မိဂဒါဝုန်သမိုင်း စာအုပ်တွင် ယခု ကုသိနာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ ကွက်လပ်ကို ဖော်ပြရခြင်းပင်ဖြစ်သည်။

ဦးနန္ဒက

ရဲရင့်ခြင်း၏အစွမ်း

ဦးကြည်စိုး(ပတ္တမြားမြေ)

လူ့လောကရှိ လူသားအားလုံးတို့သည် မိမိတို့ဘဝ ကြီးပွားတိုးတက်ရေးအတွက် နေ့စဉ်နှင့်အမျှ ကြိုးစားရုန်းကန်နေကြရ၏။ ထိုသို့ ကြိုးစားရာ၌ ဝီရိယသည် မပါမပြီးသော အရာပင်ဖြစ်သည်။ ထိုဝီရိယ၏ အစွမ်းအားကောင်းသလောက် ဘဝအဆင့်မြင့် တက်လာနိုင်ပေသည်။ ထိုဝီရိယကို စာပေ၌ ရဲရင့်ခြင်းဟူ၍ မြန်မာမှု ပြန်ဆိုကြသည်။ ''ဝီရိယဝတော ကိံနာမကမ္မံ နသိဇ္ဈတိ''=ဝီရိယဉီးစီးပြီး ဆောင်ရွက်လုပ်ကိုင်ပါက မပြီးမြောက်သော လုပ်ငန်းကိစ္စမည်သည် မရှိဟု ဆိုလေသည်။ သို့ရာတွင် ဝီရိယသည် ကျိုးကြောင်းဆင်ခြင်ဉာဏ်အမြင်၏ ရှေ့ဆောင်မှုကို ပြုရန် အမြဲလိုအပ်၏။ ပညာဦးစီးပြီး ကြိုးစားအားထုတ်မှသာ မိမိလိုရာအကျိုးစီးပွားကို ပြီးမြောက်နိုင်သည်။ ပညာပင်ရှိသော်လည်း ဝီရိယမရှိက လိုရာအကျိုးစီးပွားကို မပြီးနိုင်သကဲ့သို့ ဉာဏ်ပညာမပါသော အားထုတ်မှုသည်လည်း ကြိုးစားသလောက် ခရီးမပေါက်နိုင်ပေ။

ဤလောက၌ ဝီရိယသာကောင်း၍ ပညာအားနည်းသောသူတို့သည် ပညာအမြင်ရှိသူတို့၏ အခိုင်းဘဝသာ ဖြစ်တတ်ကြသည်။ အလုပ်လုပ်ရာတွင် ပညာအမြင်နည်းပါးသူတို့ အချိန်ကြာမြင့်စွာ လုပ်ရသည့်အလုပ်ကို ပညာအမြင်ကြီးသူတို့က အချိန်တိုအတွင်း ပြီးစီးအောင်လုပ်နိုင်က ခရီးပိုရောက်၏။ လူလည်းသက်သာ အလုပ်လည်းတွင်ကျယ် ပြီးစီးနိုင်၏။

ပညာမပါသော ဝီရိယသမားမှာ အလွန်ပင်ပန်းစွာ လုပ်ကိုင်ကြရ၏။ ကြိုးစားသလောက် ခရီးမရောက်နိုင်၊ ပညာနည်းသူတို့မှာ အလုပ်ကြမ်းများကို ပင်ပန်းစွာလုပ်ရသော်လည်း ဘဝကို တင့်တောင့်တင့်တယ်ဖြင့် မရပ်တည်နိုင်ကြပေ။ ပညာနည်းပါးသူတို့ ဦးစီးလုပ်ကိုင်သော လုပ်ငန်းများသည်လည်း ပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ကြရလေသည်။ ပညာဦးဆောင်သော ဝီရိယသည် လောကသူလားတို့ ကြီးပွားတိုးတက်ရေးအတွက် ပဓာနကျသော အကြောင်းတစ်ခုဖြစ်ကြောင်း ကေပဒဇာတ်၌ ဘုရားရှင်ဟောကြားခဲ့လေသည်။

ဗာရာဏသီပြည်တွင် ဘုရားလောင်းသည် သူဌေးသားတစ်ဦး ဖြစ်ခဲ့လေသည်။ ဖခင်သူဌေးကြီး ကွယ်လွန်သွားသည့်အခါ သူဌေးကြီးအရာသို့ ရောက်ရှိခဲ့၏။ တစ်နေ့သောအခါ ထိုဘုရားလောင်းသူဌေး၏ သားငယ်ကလေးသည် ဖခင်သူဌေးကြီးပေါင်ပေါ်တွင် ထိုင်နေစဉ် "ဖခင်အကျိုးတရားမြောက်မြားစွာကို တိုးပွားဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာကို တစ်ပုဒ်တည်းဖြင့် အဖြေပေးပါ"ဟု ဆိုသည်။

ထိုအခါ ဖခင်သူဌေးကြီးက "ချစ်သား–အကျိုးတရားများစွာကို တိုးပွားဖြစ်ပေါ်စေနိုင်သည့် တစ်ခုတည်းသောအကြောင်းတရားမှာ ဉာဏ်နှင့်ယှဉ်သော ဝီရိယပဲဖြစ်တယ်။ ထိုဝီရိယဟာ အကျင့်သီလနှင့်ယှဉ်ပြီး သည်းခံခြင်းနှင့် ပြည့်စုံခဲ့သော ရန်သူတို့ကို ဒုက္ခပေးနိုင်သကဲ့သို့ မိတ်ဆွေတို့ကို ချမ်းသာစေနိုင်တယ်"ဟု ဖြေကြားခဲ့လေသည်။

ဤဇာတ်တော်၌ ဘုရားလောင်းဖခင်သူဌေးကြီးဖြေဆိုပုံကိုကြည့်လျှင် လူ့လောကကြီးတွင် ကြီးပွားချမ်းသာကြောင်းတရားမှာ ဉာဏ်နှင့်ယှဉ်သည့် ကြိုးစားအားထုတ်မှု ဝီရိယပင်ဖြစ်ကြောင်း တွေ့ရပေမည်။ ဝီရိယဟူသည် လုပ်ငန်းကိစ္စတို့၌ မကြောက်မရွံ့သည်းခံမှုဖြင့် ကြိုးစားအားထုတ်ခြင်းပင်ဖြစ်သည်။ ထိုဝီရိယ၏ အစွမ်းတို့သည်–

၁။ မဖြစ်ပေါ်သေးသော ဆင်းရဲများကို မဖြစ်ရအောင် ကြိုတင်ကာကွယ်နိုင်သည်။

၂။ လတ်တလောခံစားနေရသော ဆင်းရဲများကိုလည်း ကျော်လွှားနိုင်သည်။

၃။ မရရှိသေးသော ချမ်းသာများကိုလည်း ရရှိစေနိုင်သည်။

၄။ ရရှိပြီးသော ချမ်းသာများကိုလည်း တိုးပွားအောင် စွမ်းဆောင်နိုင်သည်။

ထိုတွင် လူအများတို့ ငယ်ရွယ်စဉ် ပထမအရွယ်၌ ကျောင်းအတန်းပညာများ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု စသော ဝိဇ္ဇာသိပ္ပံ အသက်မွေးဝမ်းကျောင်းပညာတို့ကို ကြိုးစားသင်ယူသော ဝီရိယမျိုး၊ မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် မိမိတို့တိုင်းပြည်လူမျိုး ဘာသာ သာသနာကို ရန်သူများ မဖျက်ဆီးနိုင်အောင် ကာကွယ်စောင့်ရှောက်ရေးအလုပ်တို့ကို ပြုလုပ်သူတို့၏ ဝီရိယမျိုးတို့သည် မဖြစ်သေးသောဆင်းရဲများ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်သော ဝီရိယမျိုးဖြစ်သည်။

ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ကျရောက်၍ သူ့ကျွန်ဘဝရောက်နေသည့် မြန်မာနိုင်ငံကို သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ကြိုးစားအားထုတ်ကြသော ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်နှင့် မြန်မာတိုင်းရင်းသားတို့၏ ဝီရိယမျိုးကို ဆိုလိုသည်။ အရှေ့တောင်အာရှတွင် တစ်ချိန်က ဆင်းရဲသော စင်္ကာပူနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်အောင် ကြိုးစားအားထုတ်ခဲ့သော စင်္ကာပူဝန်ကြီးချုပ် လီကွမ်ယု၏ ဝီရိယမျိုးတို့ဖြစ်သည်။

ယခုခေတ်ကာလ၌ ပစ္စည်းမဲ့သူက ဥစ္စာဓနပေါကြွယ်ဝလာအောင် နေ့စဥ်နှင့်အမျှ ကြိုးစားအားထုတ်နေကြသည်။ သူတို့၏ ဝီရိယမျိုးတို့သည် မရသေးသော ချမ်းသာများကို ရရှိစေလာနိုင်သည့် ဝီရိယမျိုးပင်ဖြစ်သည်။

လူ့လောက၌ ဆန်းပြားခမ်းနားလှသော နေထိုင်စရာအဆောက်အဦများ၊ သုံးစွဲစရာ ယာဉ်အမျိုးမျိုး၊ ဖုန်းအမျိုးမျိုး၊ ရာထူးဌာနန္တရ အဆင့်အတန်းအမျိုးမျိုး စသည်တို့သည် ဝီရိယ၏ စွမ်းအားကြောင့် ပေါ်လာရသော အကျိုးတရားများ ဖြစ်ကြပေသည်။

လောကုတ္တရာဘက်၌လည်း ဘုရားဖြစ်လိုသော် အနည်းဆုံးလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ပစ္စေက ဗုဒ္ဓါဖြစ်လိုသော် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝကဖြစ်လိုသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ မဟာသာဝကဖြစ်လိုသော် ကမ္ဘာတစ်သိန်း၊ ပကတိသာဝကဖြစ်လိုသော် ကမ္ဘာအရာအထောင် ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ဆည်းကြိုးစားအားထုတ်ကြရပေသည်။ ဤကား ရဲရင့်ခြင်း(ဝီရိယ)၏ အစွမ်းတို့ပင်ဖြစ်လေသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံ မြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီး၏ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် ကြိုးစားအားထုတ်မှု ရဲရင့်ခြင်း=ဝီရိယအစွမ်းတို့ကို ဖော်ပြပါဦးမည်။ ဆရာတော်ကြီးသည် ဒုတိယကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမဏိ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာ၊ အိန္ဒိယနိုင်ငံသား ဒေါက်တာဓမ္မရက္ခိတတို့၏ ပင့်ဖိတ်မှုအရ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ ကုသိနာရုံသို့ (၁၉၆၃)ခုနှစ်မှ စတင်ကြွရောက်ကာ သာသနာပြုလာခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၅၀)ကျော်လာခဲ့ပြီဖြစ်ပါသည်။

ဆရာတော်ကြီးသည် အာရှတိုက်နိုင်ငံများသို့ ကြွရောက်၍ သမထဝိပဿနာတရားများ ဟောပြောပြသပေးခြင်း၊ ဗုဒ္ဓအဆုံးအမများ သက်ဝင်ယုံကြည်သူများဖြစ်လာအောင် သရဏဂုံတည်သူများဖြစ်အောင် စည်းရုံးဟောပြောခြင်း၊ ဘာသာမဲ့နှင့် အခြားဘာသာဝင်များကို ဗုဒ္ဓဘာသာခံယူပွဲများ၊ ဗုဒ္ဓဘာသာခံယူသူများဖြစ်အောင် ဦးဆောင်ကျင်းပခဲ့သည်။

ဆရာတော်ကြီးသည် လူထောင်ပေါင်းများစွာတို့ကို ရှင်ရဟန်းပြုပေး၏။ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့သည်။ အကြီးမားဆုံးဗုဒ္ဓဘာသာခံယူပွဲများကိုလည်း (၁၉၇၂)ခု၊ အောက်တိုဘာလ (၂၉)ရက်နေ့၌ လူပေါင်း (၂၄) သိန်း၊ (၁၉၈၉)ခု၊ စက်တင်ဘာလ (၂၉)ရက်နေ့၌ လူပေါင်း (၅)သိန်းကျော်၊ (၁၉၉၃)ခု ဖေဖော်ဝါရီလတွင် လူပေါင်း (၁)သိန်းကျော်၊ (၁၉၉၃)ခု ဒီဇင်ဘာလ (၆)ရက်တွင် လူပေါင်း (၃)သိန်းကျော်၊ လူသိန်းပေါင်းရာကျော်တို့ကို ဗုဒ္ဓဘာသာဝင်များဖြစ်အောင် စည်းရုံးဟောပြော၍ သာသနာပြုခဲ့သည်။

ကုသိနာရုံ စသော သံဝေဇနီယလေးဌာနတို့တွင် သာသနိကအဆောက်အအုံများ တိုးပွားလာစေရန်နှင့် ဗုဒ္ဓဂယာဘုရားဖူးများ စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်စေရန် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဆရာတော်ကြီး ဦးစီး၍ ကုသိနာရုံကျောင်းဝင်းအတွင်းဝယ် မြကန်သာရေကန်၏ အရှေ့ဘက်၌ လူအများကိုးကွယ်ဖူးမြော်နိုင်စေရန် မဟာသုခဒ (ချမ်းသာကြီး)စေတီတော်ကြီးကို တည်ထားခဲ့လေသည်။

ဤသို့ ဗုဒ္ဓမြတ်စွာသာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် ကြိုးစားအားထုတ်တော်မူခဲ့သော ဆရာတော်ကြီးသည် ယခု သက်တော် (၈၀) ပတ္တမြားရတုသို့ ရောက်ရှိပြီဖြစ်၍ ဗုဒ္ဓဘာသာဝင်များနှင့် လောကလူသားတို့အတွက် ပူဇော်ထိုက် ကမ္ဗည်းမော်ကွန်းရေးထိုးထိုက်သော သက်တော်ရှည်သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်ပါသည်။

ဦးကြည်စိုး(ပတ္တမြားမြေ)

စံပြုအတုယူစရာမှိုတ်တိုင်ဖြာ

အောင်မြင့်(သစ်လုပ်ငန်း)

ဝီရိယတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ။
(မူလ ဋီ၊၃၊၁၆၉)

– ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သော အလုပ်ကိစ္စဟူသည်မရှိ။
– ဆန္ဒရှိသောပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သော

အလုပ်ကိစ္စဟူသည်မရှိဟု စာရေးသူမှတ်သားနာယူခဲ့ ဖူးသည်ရှိ၍၊ အလုပ်ကိစ္စဟူသမျှကို အတတ်နိုင်ဆုံး ဝီရိယ ထား၍လည်းကောင်း၊ ဆောင်ရွက်စရာဆန္ဒများအား အတတ်နိုင်ဆုံး မိမိဘဝအခြေအနေနှင့် လိုက်လျောညီထွေမှုများကို အကောင်အထည်ဖော်ဆောင်၍

လည်းကောင်း နေထိုင်လျက် ရှိရာ ထိုကဲ့သို့ ဝီရိယဆန္ဒတို့နှင့် နေထိုင်ကျင့်ကြံကြသော ဦးကြီး၊ ဘကြီး၊ ဆရာသမားများနှင့် ရဟန်းတော်များကို အားကျအတုယူ၍ ဗုဒ္ဓဘာသာမိသားစု များမှ မွေးဖွားလာသော စာရေးသူသည် ငယ်စဉ်က ဘာသာရေး၊ သာသနာရေး ဝေယျာဝစ္စများကို မူလတန်း ကျောင်းအုပ်ဆရာကြီးနှင့်အတူ စာရေးသူသူငယ်ချင်းများနှင့် ပါဝင်၍ ဝါတွင်းဝါပ သံဃဒါန စိန္တာမယ ဓမ္မာရုံ စနေပတ် ဆွမ်းလောင်းအသင်းတွင် ကူညီကုသိုလ်ယူဆောင်ရွက်ခဲ့သည်။

စိန္တာမယဓမ္မာရုံ စနေပတ်ဆွမ်းလောင်းအသင်း သည် အပတ်စဉ် စနေနေ့တိုင်း ရပ်ကွက်တစ်ပတ် ဆွမ်းဆန်တော်အလှူခံ၍ တနင်္ဂနွေနေ့ နံနက်အရုဏ်တွင် ကြွရောက် လာကြပါသော ဘုန်းတော်ကြီးကျောင်းအသီးသီးမှ သံဃာတော်အရှင်သူမြတ် အပါး (၂၀၀)ကျော်တို့အား ရပ်ကွက် အလှူရှင်များကိုယ်စား လောင်းလှူပေးရခြင်းဖြစ်ပါသည်။

စနေနေ့မွန်းလွဲ (၂)နာရီမှ ညနေ (၅)နာရီအထိ ရပ်ကွက်တစ်ပတ် ဆွမ်းဆန်တော်ခံထွက်ရေးတွင် စာရေးသူ တို့ (၁၄-၁၅)နှစ်အရွယ်မှ (၂၅)နှစ်အရွယ် ကျောင်းသားဟောင်းများအပါအဝင် လူငယ်သုံးဆယ်နှင့် မူလတန်းကျောင်းအုပ်ဆရာကြီး လက်ထောက်ဆရာလေးတို့နှင့် အတူ လိုက်ပါဆောင်ရွက်ရသည်။ ဆွမ်း၊ ဆန်၊ သစ်သီးများ၊ ဘုရားပန်းများ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆွမ်းခံဆိုင်းထမ်း များ အလှည့်ကျထမ်းသူကထမ်း၊ အလှူခံငွေထည့်ပုံးသေတ္တာ ကလေးများ ကိုင်သူကကိုင်၊ ကြေးစည်သူကထု၊ ခရသင်းမှုတ်သူကမှုတ်၊ ဆရာကြီးဆရာလေးတို့က အလှူခံတော်ဆော်ကြ၍ မောရပန်းရမှန်းမသိ သာသနာအကျိုးမို့ ပျော်ရွှင်နေကြပါ၏။

ညနေ (၅)နာရီတွင် အလှူခံရပ်သိမ်းပြီး နောက်တစ်နေ့ တနင်္ဂနွေနေ့နံနက် အရုဏ်ဆွမ်းအတွက် စီမံချက်ပြုတ်ရန် ဆောင်ရွက်သူကဆောင်ရွက်၊ ည (၇)နာရီအချိန် ယင်း စိန္တာမယစနေပတ်အရုဏ်ဆွမ်းလောင်းဓမ္မာရုံ၌ ဝတ်ရွတ်စဉ်ဖြင့် ဆရာကြီးဆရာလေးတို့က ဦးဆောင်၍ ဝတ်အဖွဲ့ဝင် များ ဆွမ်းဆံတော်ခံတပည့်များနှင့်အတူ ဘုရားရှိခိုး ဝတ်ရွတ်ပူဇော်ကြပါတော့သည်။ ထိုကဲ့သို့ ငယ်တဝအကျင့်အလေ့အထသည် စာရေးသူ အသက်အရွယ် ရလာသည်နှင့်အမျှ လူမှုရေး၊ ဘာသာရေး ကုသိုလ်ရေး များကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်လျက်ရှိရာ မိမိ နေထိုင်လျက်ရှိသော မြို့နယ်အတွင်း ဝိနယာဓိက စာပြန် ဖြေဆိုပွဲ၊ ပထမပြန်စာဖြေဆိုပွဲ၊ နိကာယ်စာပြန်ဖြေဆိုပွဲ၊ ဘာသာသာသနာဆိုင်ရာပွဲများကို မြို့နယ်ဩဝါဒဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ မြို့နယ်ဥပသကာအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေရာ ဤမျှဖြင့် မိမိကိုယ်မိမိ ကျေနပ်နေမိသည်။

တစ်နေ့ "မြန်စာပြန်" (မြန်မာစာပေတိုးတက်ပြန့်ပွားရေးအသင်း) လပတ်ပုံမှန်အစည်းအဝေးတွင် စာရေးဆရာ "တိုးထက်" (ရန်အောင်စာပေ)နှင့် တွေ့ဆုံစဉ် ဆရာက စာအုပ်ပါးကလေးတစ်အုပ် လက်ဆောင်ပေးခဲ့သည်။ လပတ်ပုံမှန်အစည်းအဝေးရှိ၍ ဆရာတိုးထက် လက်ဆောင်ပေးသော စာအုပ်ကလေးကို မဖတ်ဖြစ်ခဲ့၊ အိမ်ပြန်ရောက်သော်လည်း ပါလာသည့်လွယ်အိတ်ကို စာရေးစားပွဲပေါ်သို့ တင်ထားခဲ့မိသည်။

နောက်တစ်နေ့ စာရေးရန် စာရေးစားပွဲတွင် ထိုင်၍ လွယ်အိတ်ထဲရှိ လက်ဆောင်ရရှိသော စာအုပ်ကလေးအား ဖတ်ကြည့်မိပါတော့သည်။

မြတ်ဗုဒ္ဓ၏ သာသနာတော်အတွက် အဓွန့်ရှည်စွာ တည်တံ့နိုင်မြဲစေဖို့ "ဇွဲ" လုံ့လ၊ ဝီရိယများကို များစွာအပင်ပန်းခံကာ သာသနာပြုခဲ့တော်မူကြသည့် သာသနာပြုသူရဲကောင်းဆရာတော်ကြီးသုံးပါးတို့သည် ပထမကုသိနာရုံ ဘဒ္ဒန္တမဟာဝီရဆရာတော်ကြီး၊ ဒုတိယကုသိနာရုံ ဘဒ္ဒန္တစန္ဒြမဏိဆရာတော်ကြီးနှင့်၊ တတိယဘဒ္ဒန္တဉာဏိဿရဆရာတော်ကြီးတို့ ဖြစ်သည်။

သာသနာပြုသူရဲကောင်း ဘဒ္ဒန္တဉာဏိဿရဆရာတော်ကြီးသည် (၁၉၆၃)ခုနှစ်မှစ၍ ကုသိနာရုံသို့ ကြွရောက်

တော်မူပြီး ဖွဲ့၊ လှူလ၊ ဝီရိယများစွာနှင့် ခက်ခဲပင်ပန်းစွာ သာသနာပြုတော်မူခဲ့ရာ ယခုဆိုပါလျှင် နှစ်ပေါင်း (၅၂)နှစ်တိုင် ရှိတော်မူခဲ့ကြောင်း သိရှိရလေသည်။ ဆရာတော်သည် (၅၂)တာကာလအတွင်း သာသနာပြုကိစ္စရပ်များကို မည်ကဲ့သို့ဆုံးဖြတ်၍ ကြိုးစားဆောင်ရွက်တော်မူသည့် အကြောင်း ဆက်လက်ဖတ်ရှုရာတွင် ဆရာတော်၏ အောင်မြင်ရေးကျင့်စဉ်ဖြစ်သည့် ဩဝါဒကို အောက်ပါအတိုင်း သိရလေတော့သည်။

- အလုပ်ကို ရိုသေလေးစား ထကြွနိုးကြား ဝီရိယထားပါ။
- မာနကိုထိန်းပြီး မိတ်ဆွေညာတိတို့ကို ချီးမြှောက်ပါ။
- ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားပါ။
- ကျေးဇူးပြုပါ၊ ကျေးဇူးဆပ်ပါ၊ ကျေးဇူးသိတတ်ပါ။
- သည်းခံသင့်သည်ကို သည်းခံ၍ မြိုးမြဲကာ ဗဟုသုတ သိုမှီးရှာဖွေပါ။
- ရဲရင့်ပြတ်သားစွန့်စားရန်ကိစ္စကို ချင့်ချိန်နှိုင်းဆကာ သတိနှင့်လုပ်ပါ။ အမှန်တရားလုပ်ရာတွင် ကြောက်လန့်စရာ လုံးဝမလိုပါ။ ဆန္ဒမစောဘဲ ယောနိသောမနသိကာရကို နှလုံးသွင်း၍ ပစ္စုပ္ပန်အခြေအနေကို အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် သုံးသပ်ဆုံးဖြတ်လုပ်ဆောင်ပါ။
- လောကဓမ္မတာကို ရင်ဆိုင်ရဲအောင် ကြိုးစားသူများကို မကဲ့ရဲ့ မရှုံ့ချပါနဲ့၊ မကောင်းမှုခံရတိုင်း စိတ်အားမငယ်ပါနဲ့၊ ပြုံးရွှင်မှုဖြင့် အားလုံးအောင်မြင်ရတတ်ပါတယ်။
- ပျက်စီးဆုံးရှုံးမှာကိုမကြောက်ဘဲ အကောင်းဆုံးအတွေ့အကြုံကို အရင်းတည်ပြီး ထူးချွန်ပေါက်မြောက်အောင် ကြိုးစားသွားကြပါဆိုသည့် ဩဝါဒနှင့်အတူ ဆရာတော်လောင်းလျာငယ်ဘဝကိုလည်း သိရှိခဲ့ရသည်။

ဆရာတော်၏ ထိုအောင်မြင်ရေးကျင့်စဉ်ဩဝါဒနှင့်အတူ ဆရာတော် (၁၄)နှစ်သား ငယ်စဉ်ဘဝမှစ၍ (၁၉၆၃)ခုနှစ်တွင် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ ဒုတိယ ကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ၊ မိဂဒါဝုန်

ဒေါက်တာဘဒ္ဒန္တဉာဏိဿရ
အရှင်သူမြတ်ကား
သက်တော်(၈၀)နှစ်
ပြည့်တော်မူလေသည်ဖြစ်ရာ
ဆရာတော်ကြီး စိတ်၏ချမ်းသာခြင်း၊
ကိုယ်၏ကျန်းမာခြင်းများဖြင့်
သက်တော် (၈၀)ပြည့်
ပဉ္စမြှားရတုမွေးနေ့
ဝိဇာတမင်္ဂလာပွဲမှသည်
သက်တော်ရာကျော်ရှည်စွာ
ကျန်းရှိနေသေးသော
အချိန်များကိုလည်း
ဖြိုးခဲ့သည့် (၅၂)နှစ်တာမျိုးထက်
ပို၍ပို၍
သာသနာပြုတော်မူနိုင်ပါစေကြောင်း
တပည့်တော် မြတ်ဆုမွန်တောင်း၍

ဆရာတော်ကြီး ဘဒ္ဒန္တကိတ္တိမာ၊ အိန္ဒိယနိုင်ငံသား ဒေါက်တာရက္ခိတတို့၏ ဖိတ်ကြားချက်အရ ကုသိနာရုံတွင် သာသနာပြုရန် ကြွရောက်တော်မူရာမှ ဘွဲ့ဒီဂရီအသီးသီးရရှိအောင် ပညာသင်ယူခြင်း၊ ပညာရေး၊ လူမှုရေးဆောင်ရွက်ချက်များနှင့် အာရှတိုက်အနှံ့အပြားသို့ ကြွရောက်၍ တရားဟော၊ တရားပြကာ ဘာသာမဲ့နှင့် အခြားဘာသာများကို ဗုဒ္ဓဘာသာခံယူပွဲများ၊ ခံယူသူများကို ရှင်ပြုရဟန်းခံတစ်ဦးချင်းမှသည် ထောင်ပေါင်းများစွာ သာသနာပြုဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ လူသိန်းပေါင်းရာကျော်တို့ကို ဗုဒ္ဓဘာသာဝင်များအဖြစ် တရားဟောဖော်ညွှန်ပြခဲ့သည်သာ

မက အထူးအားဖြင့် သံဝေဇနီယလေးဌာနတို့တွင် သာသနာတော်ဆိုင် သာသနိက အဆောက်အအုံများတိုးပွားအောင် ဘုရားဖူးများ စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ကြရန် သာသနာပြုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရှိတော်မူပုံများအား ဖတ်ရှုရသောအခါ ဆရာတော်အပေါ် ဂုဏ်ယူလေးစား ကြည်ညိုသဒ္ဓါပွားမိပါသည်။

သို့ဖြစ်၍ လူမှုရေးစွမ်းဆောင်ချက်များ၊ တက်ရောက်ခဲ့သော နိုင်ငံတကာဘာသာသာသနာရေးအစည်းအဝေးပွဲများ၊ တက်ရောက်သင်ကြားခဲ့သော ပညာရေးဆိုင်ရာ အောင်မြင်မှုဘွဲ့တံဆိပ်တော်များ၊ ချမ်းသာကြီးစေတီတော် (မဟာသုခံဒဒ)တည်ဆောက်ခြင်းဖြင့် ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရသည် သာသနာတော်အတွက် အလုပ်လုပ်နေသည်။ အလုပ်လုပ်နေသောသူကို အချိန်က မဝါးမျိုးနိုင် အလုပ်မလုပ်သောသူကိုသာ အချိန်က ဝါးမျိုခြင်းကို ခံရနိုင်သည်ဖြစ်ရာ ဆရာတော်ကြီးသည် မိမိ၏ ဝီရိယနှင့် ဆန္ဒပြင်းပြခဲ့သော သာသနာပြုလုပ်ငန်းမှတ်တိုင်များ အကျိုးရှိစွာ ဗုဒ္ဓဘာသာဝင်တို့အတွက် စိုက်ထူထားနိုင်ခဲ့လေပြီ၊ ကုန်လွန်ခဲ့သော နှစ်ပေါင်း (၄၈)နှစ်ကာလအတွင်း အချိန်များကို တန်ဖိုးရှိရှိအသုံးချယူနိုင်ခဲ့သည်ဖြစ်ရာ၊ ကျန်ရှိနေသေးသည့်အချိန်များကိုလည်း ယခုအခါ အိန္ဒိယနိုင်ငံ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနဂရိ ရပ်ကွက် မြန်မာဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော အောင်မြင်ရေးကျင့်စဉ်ဩဝါဒများဖြင့် နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်၏ သာသနာပြုဆောင်ရွက်မှုများသည် မြို့နယ် ဥပသကာအတွင်းရေးမှူးတာဝန်လေးယူပြီး ဗုဒ္ဓဘာသာအမည်ခံ၍ မိမိဘဝ မိမိကျေနပ်နေသော စာရေးသူမှာ မြူမှုန်လေးတမျှသာရှိနေပါသဖြင့် ကြက်သီးမွေးညင်းထကာ သာသနာတော်အတွက် စံပြုအတုယူစရာ ပီတိဖြာရပါသည်။ သို့ဖြစ်၍

ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်ကား သက်တော် (၈၀)နှစ်ပြည့်တော်မူလေသည်ဖြစ်ရာ ဆရာတော်ကြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် သက်တော် (၈၀)ပြည့် ပဋ္ဌာန်းရွတ်ပွဲနေ့ဝိဇာတ မင်္ဂလာပွဲမှသည် သက်တော်ရာကျော်ရှည်စွာ ကျန်ရှိနေသေးသော အချိန်များကိုလည်း ပြီးခဲ့သည့် (၅၂)နှစ်တာမျိုးထက် ပို၍ပို၍ သာသနာပြုတော်မူနိုင်ပါစေကြောင်း တပည့်တော် မြတ်ဆုမွန်တောင်း၍ "သံဃဂုဏ်ဖြာနေမင်းပမာ" သံဃာတော်များ၏ ပညာဂုဏ်များ ကြည်ညိုရည်စူးကာ

ဘွဲ့အထွေထွေ အောင်အတိတ်ရယ်နှင့်\
ခေါင်အထိပ် အမြင့်အလယ်မှာ\
အရောင်ဖိတ်ဝင့်ထည်ကာ\
တင့်တယ်စွာကြိုင်သင်း။\
မြတ်ဗုဒ္ဓဟောညီစွာ\
လောကီစာမကျန်ကြွင်းရအောင်\
ဗဟုသိဉာဏ်အလင်းရောင်ဖြာလို့\
စုံလင်စွာ ပညာများကိုလ\
သင်ကြားကာတတ်မြောက်သူတို့\
မှတ်ကျောက်ဘွဲ့တေဇာတော်\
ကြေညာကျော်သတင်းရယ်နှင့်\
အမှောင်ခွင်းကာ လင်းရောင်ပြတယ်\
ကွယ် ... ထွန်းပနေမင်း ... ဟူ၍ ရေးသား

ပူဇော်ကန်တော့ပါသည်ဘုရား။

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

အောင်မြင့်(သစ်လုပ်ငန်း)

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏

နိမ္မာန်စခန်းသို့ ကျွတ်တန်းဝင်လေသူ



ဝေါ တမာဘုရားရှင် ပွင့်တော်မမူမီကာလဖြစ်သည်။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးမိုးအုပ်ချုပ်တော်မူချိန်ဖြစ်၍ ဗာရာဏသီရွှေမြို့တော်ကြီး၌ စီးပွားဥစ္စာကြွယ်ဝချမ်းသာသော သူဌေးကြီးဇနီးမောင်နှံတို့ ရှိ၏။ ထိုဇနီးမောင်နှံတို့သည် အသက်အရွယ်ကြီးရင့်အိုမင်းလာသည့်အလျောက် မရှေးမနှောင်းမှာပင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြလေ၏။ ၎င်းတို့တွင် မောင်ဂန္ဓအမည်ရသော သားလေးတစ်ယောက် ကျန်ရစ်ခဲ့သည်။

မိဘနှစ်ပါးကွယ်လွန်သွားပြီဖြစ်လို့ မောင်ဂန္ဓသည် ပစ္စည်းထိန်းဖြစ်သူအား ခေါ်ယူမေးမြန်းလေ၏။

"အို .. ပစ္စည်းထိန်း .. အကျွန်ုပ်၏ မိဘတွေပိုင်ဆိုင်တဲ့ စီးပွားဥစ္စာတွေကို ဘယ်ရွေ့ဘယ်မျှ ရှိတယ်ဆိုတာ တင်ပြပါလော့"

ပစ္စည်းထိန်းပုဂ္ဂိုလ်ကလည်း စာရင်းမှတ်တမ်းစာအုပ်ကြီးတွေ ယူဆောင်လာပြီးတော့ မှတ်တမ်းမှတ်ရာများနှင့်တကွ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြလေ၏။ ပစ္စည်းတွေက ရွှေ ငွေ ကျောက်သံပတ္တမြား၊ နီလာ၊ ပုလဲ၊ စိန်ခဲ မြခဲ ထိန်ထိန်ကြနေအောင် အမျိုးအစားတွေက စုံလင်လှပေ၏။ ထိုသို့ များပြားလှသည့် စီးပွားဥစ္စာတွေ ရတနာတွေကို မောင်ဂန္ဓ ကြည့်ရှုနေရင်း စဉ်းစားတွေးတောနေမိ၏။

"ငါ၏ ဘိုးဘွားမိဘတွေက စီးပွားဥစ္စာတွေကို ရရှိအောင် ရှာဖွေစုဆောင်းတတ်သော်လည်း အသုံးမချတတ်ကြဘူး။ အသုံးမချတတ်လို့သာ အခုလောက်ထိအောင် များပြားတဲ့ စီးပွားဥစ္စာတွေ ကျန်ရစ်နေတာပဲ"ဟု တွေးထင်ပြီး ပစ္စည်းထိန်းပုဂ္ဂိုလ်၏အား ဤသို့ မေးမြန်းလေ၏။

"အမောင်ပစ္စည်းထိန်း .. ကျွန်ုပ်ရဲ့ ဘိုးဘွားမိဘတွေဟာ စီးပွားဥစ္စာတွေကိုတော့ မရမနေ ကြိုးစားရှာဖွေခဲ့ကြပြီး စုဆောင်းသွားခဲ့ကြတယ်။ သူတို့သေလွန်တဲ့အခါ ဘာပစ္စည်းတွေ ပါသွားသလဲ၊ ဘာပစ္စည်းတွေ ယူသွားကြသလဲ"

"အို .. သူဌေးသား .. သင့်ရဲ့ဘိုးဘွားမိဘတွေတင်မကဘူး၊ လောကမှာရှိကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဒီထုံးစံကို မကျော်လွန်နိုင်ကြဘူး။ ပါကောင်းပါရင် ကုသိုလ်ကံနဲ့ အကုသိုလ်ကံပဲ ပါသွားမှာသေချာတယ်"ဟု ပြောပြ၏။

ထိုအခါ သူဌေးသား မောင်ဂန္ဓသည် ..

"ငါ့ရဲ့ ဘိုးဘွားမိဘတွေ ရိုးလို့၊ အလို့၊ နလို့သာ ဒီပစ္စည်းတွေ မယူနိုင်ကြတာပဲ၊ ငါ့အလှည့်ကျရင် ဒီပစ္စည်းအကုန်ပါအောင် ယူသွားမယ်၊ ငါ ဒီလောကကြီးထဲမှာ ကောင်းကောင်းစားပစ်မယ်၊ ကောင်းကောင်းဝတ်ပစ်မယ်၊ ကောင်းကောင်းနေပစ်မယ်"ဟု ဆိုပြီးတော့ တစ်သိန်းတန်ဖလ်ရေချိုးခန်းကြီးကို ဆောက်လုပ်နိုင်းလေ၏။

ရေချိုးခန်းကြီးပြီးသွားတော့ ရေချိုးခန်းထဲမှာ တစ်သိန်းတန်ဖလ်ဖြင့်ပြီးသော ရေချိုးပျဉ်ချပ်တစ်ခုကိုလည်း လုပ်နိုင်းပြန်၏။ ပျဉ်ချပ်လုပ်ပြီးတဲ့အခါ ရေချိုးပြီးလျှင် ထိုင်ဖို့ တစ်သိန်းတန်ထိုင်ခုံကြီးကိုလည်း လုပ်နိုင်းလေ၏။

ထို့အပြင် ထမင်းစားပွဲအတွက် တစ်သိန်းတန်မဏ္ဍပ်ကြီးကို ဆောက်လုပ်နိုင်းပြန်လေသည်။ ထမင်းစားနေစဉ် အအိုက်ပြေစေရန် တစ်သိန်းတန်ခြသေ့ရုပ်ခံ ပြတင်းပေါက်ကို ဖောက်နိုင်းပြန်၏။ အားလုံးသော အဆောင်အယောင်တွေ လုပ်ဆောင်ပြီးသွားသောအခါ မောင်ဂန္ဓသည် တစ်နေ့လျှင် ငွေနှစ်ထောင် အကုန်အကျခံ၍ ထမင်းစားလေ့ရှိ၏။

× × × × × × × ×

လပြည့်နေ့သို့ ရောက်ခဲ့လေပြီ ..။ အကြီးအကျယ် စီမံခင်းကျင်းထားသော တစ်သိန်းတန်ထမင်းစားပွဲကြီးကို စတင်တော့မည်ဖြစ်သည်။ ကချေသည်မလေးတွေကလည်း မောင်ဂန္ဓအနီးအပါးမှာ ဝန်းရံပြုစုနေကြပြီ။ တစ်သိန်းတန်ထမင်းစားပွဲကြီးသို့ လာရောက်ကြည့်ရှုသူပရိသတ်တွေကိုလည်း ကပြသီဆိုဖြေဖျော်နေကြ၏။ သူဌေးသားမောင်ဂန္ဓနှင့် သူဌေးကတော်တို့ကလည်း လှလှပပဝတ်စားဆင်ယင်

လာပြီး မဏ္ဍပ်ကြီးထဲ၌ အသင့်စီမံခင်းကျင်းပြင်ဆင်ထားသည့် ထမင်းစားမည့်နေရာစင်မြင့်ပေါ်သို့ တစ်လှမ်းချင်းလှမ်း၍ တက်ရောက်လာခဲ့ကြသည်။ အင်မတန်ကြီးကျယ်ခမ်းနားသည့် ထမင်းစားပွဲမှာ မောင်ဂန္ဓတို့ဇနီးမောင်နှံ မြိန်ယှက်စွာ သုံးဆောင်နေကြပြီဖြစ်သည်။ တစ်သိန်းတန်ထမင်းစားပွဲဆိုတာ ဘယ်လိုဟာမျိုးလဲ ဟု သိချင်၊ မြင်ချင်လွန်း၍ မြို့သူမြို့သားတွေက ကြိတ်ကြိတ်တိုး အလုအယက် ဝိုင်းအုံကြည့်ရှုနေကြလေ၏။

ဤကဲ့သို့ ကြီးကျယ်ခမ်းနားစွာ ထမင်းစားပွဲကြီး ပြုလုပ်နေချိန်မှာတော့ ကျေးတောသားတစ်ဦးသည် ထင်းလှည်းတစ်စီးကို တအိအိမောင်းနှင်လျက် ဗာရာဏသီမြို့တွင်းသို့ ဝင်ရောက်လာပြီး သူ၏ မိတ်ဆွေအိမ်၌ လှည်းဖြုတ်၍ အေးဆေးစွာပင် တည်းခိုလေ၏။ ကျေးတောသားနှင့် မြို့ခံသူငယ်ချင်းတို့မှာ မတွေ့ရတာကြာပြီဖြစ်လို့ စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်နေကြ၏။

မြို့ခံသူငယ်ချင်းက ..

"သူငယ်ချင်း .. ဒီကနေ့ တို့မြို့ထဲမှာ ဂန္ဓသူဌေးသားရဲ့ ထမင်းစားပွဲကြီးရှိတယ်။ အဲဒီထမင်းစားပွဲဟာ အင်မတန်ကြီးကျယ်တယ်၊ အဆိုအကတွေလဲပါတယ်၊ တစ်မြို့လုံးမှာရှိတဲ့ လူတွေအားလုံး သွားကြည့်ကြတယ်။ သူငယ်ချင်းကော သွားမကြည့်ချင်ဘူးလား"

"အို .. သူငယ်ချင်းက လည်းကွယ်၊ ငါတို့တောမှာနေတာ ဘယ်မှာကြည့်ဖူးမှာလဲ၊ ကြည့်ချင်တာပေါ့ကွာ"

"ကဲ .. ဒီလိုဆိုရင် ကြုံကြိုက်တုန်း မင်းနဲ့ငါ ... သွားကြည့်ကြတာပေါ့"

သူငယ်ချင်းနှစ်ယောက် စကားပြောရင်းထွက်လာခဲ့ရာ ဂန္ဓသူဌေးသားရဲ့ ထမင်းစားပွဲကျင်းပနေသည့်မဏ္ဍပ်သို့ ရောက်လာခဲ့သည်။ လူတွေကလည်း စည်ကားလိုက်တာ တိုးလို့ပင်မပေါက် နောက်မှရောက်လာသည့် ကျေးတောသားနှင့် မြို့ခံသူငယ်ချင်းတို့မှာ ပရိသတ်အစွန်ကနေပြီး ကြည့်ရှုနားထောင်နေကြရသည်။

ဂန္ဓသူဌေးသားက ထမင်းစားပွဲကို စတင်ဖွင့်လှစ်နေပါပြီ။ တစ်သိန်းတန်ရွှေခွက်ထဲမှာ ထည့်ထားသည့် ထမင်းတွေကို စားမယ်လို့ ရွှေအုပ်ကိုဖွင့်လိုက်သည့်တစ်ပြိုင်နက် မွှေးကြိုင်နေသော ထမင်းရနံ့သည် ပရိသတ်ကြီးတစ်ရပ်လုံး နေရာအနှံ့ သင်းပျံ့၍နေတော့သည်။ ထမင်းရနံ့ ရသည့်ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း စားချင်တဲ့အာသာဆန္ဒတွေ ဖြစ်ပေါ်လာကြလေသည်။ မြို့သားတွေကတော့ စားချင်နေသော်လည်း ဟန်ဆောင်ကာ နေကြရလေ၏။ သို့သော်လည်း ထင်းရောင်းရန်လာသည့် ကျေးတောသားကတော့ တောသားပီပီ ထမင်းရနံ့ရသည်နှင့် ဟန်မဆောင်နိုင်တော့ဘဲ မြို့ခံသူငယ်ချင်းဖြစ်သူကို–

"သူငယ်ချင်း ထမင်းရနံ့က သိပ်မွှေးနေတာပဲကွ၊ ငါတော့ စားချင်စိတ်တွေ ဖြစ်ပေါ်လာပြီ။ သူငယ်ချင်း ဖြစ်နိုင်ရင် ထမင်းတစ်လုတ်နှစ်လုတ်တော့ တောင်းပေးပါလားကွာ"

"ဘယ်ဖြစ်မှာလဲသူငယ်ချင်း သူစားဖို့ချက်ထားတဲ့ထမင်း သူကိုယ်တိုင်စားမှာပေါ့"

"သူငယ်ချင်းရယ် အဲဒီထမင်းကို နည်းနည်းလေးမှမစားရရင် ငါ့အသက် သေရပါလိမ့်မယ်၊ ငါ့ကို ကူညီတဲ့အနေနဲ့ ကျေးဇူးပြုပြီး သူငယ်ချင်း တောင်းပေးပါလားကွာ"ဟု တောသားက အထပ်ထပ်အခါခါ ပြောဆိုပူဆာနေသဖြင့် မြို့ခံသူငယ်ချင်းလည်း မနေသာတော့ဘဲ တောင်းပေးရလေ၏။

"အို .. သူဌေးကြီး .. အသင်သူဌေးကြီးအား ရှိခိုးပါ၏"ဟု သုံးကြိမ်သုံးခါ အော်ပြောလိုက်သည့် အသံကို ထမင်းစားနေသော ဂန္ဓသူဌေးသား ကြားသိသွားရာ ထမင်းစားခြင်းကို ခေတ္တရပ်နားလိုက်ပြီးလျှင်–

"ရှိခိုးပါ၏ဟုပြောတဲ့သူ ဘယ်သူလဲ"ဟု မေးလိုက်ရာ၊ မြို့ခံသူငယ်ချင်းက–

"အရှင်သူဌေးမင်း ....

**"ဒါဆိုရင်
အလကားမပေးနိုင်ဘူး၊
ဒီထမင်းမျိုးစားချင်ရင်
ကျွန်ုပ်အိမ်မှာ သုံးနှစ်ကျွန်ခံရမယ်"**

**"အရှင်သူဌေးမင်း ..
အဲ သလိုထမင်းကိုသာ
စားရမယ်ဆိုရင် သုံးနှစ်မကလို့
ဘယ်လောက်ကျွန်ခံရ ကျွန်ခံရ
ကျွန်ခံပါ့မယ်"**

ကျွန်တော်မျိုးပါ"

"အသင့်မှာ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်မျိုးကတော့ ကိစ္စမရှိပါဘူး၊ ဒါပေမယ့် ကျွန်တော့် သူငယ်ချင်းတောသားတစ်ယောက်ကတော့ .. အရှင်သူဌေးမင်းရဲ့ ထမင်းရနံ့ကို ရလိုက်တာနဲ့ စားချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ အရှင်သူဌေးမင်းရဲ့ထမင်းကို မစားရရင် သူသေရပါလိမ့်မယ်တဲ့။ အဲဒါကြောင့် အရှင်သူဌေးမင်းက ဇီဝိတဒါနပြုသောအားဖြင့် ထမင်းတစ်လုတ်နှစ်လုတ်လောက် ပေးသနားပါရန် တောင်းပန်အပ်ပါတယ်"ဟု ပြောဆိုလိုက်ရာ၊ သူဌေးမင်းက–

"အို .. မိတ်ဆွေ စားချင်လို့တောင်းနေတဲ့ ပုဂ္ဂိုလ်တိုင်းကို ပေးနေရမယ်ဆိုရင် ကျွန်ုပ်ဘာသွားစားမည်လဲ၊ ထမင်းတစ်လုတ်ဆိုရင် တစ်ရာ၊ နှစ်ရာတန်တယ်၊ တန်ကြေးကြီးတဲ့အတွက် ကျွန်ုပ်မပေးနိုင်ပါ" ဟု ငြင်းဆိုလေ၏။

သို့သော် တောသား၏ သန္တာန်၌ စားချင်စိတ်က အလွန်ပြင်းထန်သောကြောင့် နောက်တစ်ကြိမ်ထပ်မံတောင်းဆိုသောအခါမှာ သူဌေးမင်းက ..

"ဒါဆိုရင် အလကားမပေးနိုင်ဘူး၊ ဒီထမင်းမျိုးစားချင်ရင် ကျွန်ုပ်အိမ်မှာ သုံးနှစ်ကျွန်ခံရမယ်" ဟု ဆို၏။ ယင်းကဲ့သို့ သူဌေးမင်းစကားကြားရတော့ ကိုရွှေတောသားဝမ်းသာလိုက်ပုံများ မပြောပါနဲ့တော့၊ ထပြီး ကချင်စိတ်၊ ခုန်ချင်စိတ်တွေ ပေါက်လာသတဲ့၊ ပြီးတော့လည်း ..

"အရှင်သူဌေးမင်း .. အဲသလိုထမင်းကိုသာ စားရမယ်ဆိုရင် သုံးနှစ်မကလို့ ဘယ်လောက်ကျွန်ခံရ ကျွန်ခံရ ကျွန်ခံပါ့မယ်"ဟု ပြောလိုက်လေသတဲ့၊

အကယ်ဆိုရလျှင်မူ တောသားခမြာ ဒါနမျိုးစေ့ကလည်း နည်းပါး၊ တရားကလည်းမရှိ၊ စားချင်တဲ့ ရသတဏှာအတွက် သူတစ်ပါးအိမ်မှာ ကျွန်ခံမတဲ့။ တရားအသိရှိသူဆိုရင်တော့ စားချင်ရင်စားချင်တယ်၊ စားချင်တယ်လို့မှတ်ပြီး စားချင်တဲ့တဏှာစိတ်ကို နိုင်အောင် ပယ်သတ်ရမှာပဲ၊ ခုတော့ တရားကင်းကွာ ကျေးတောသားခမြာမှာတော့ တဏှာစေခိုင်းသည့်အတိုင်း ဂန္ဓသူဌေးသားအိမ်မှာ သုံးနှစ်သုံးမိုးကျွန်ခံနေပါတော့သည်။

× × × × × × × ×

ထမင်းတစ်နပ်စားရဖို့အတွက် ကျွန်ခံရတဲ့ပုဂ္ဂိုလ်မျိုးဖြစ်ခြင်းကြောင့် အဆိုပါတောသားကို "ဘတ္တ

ဘလိကလုလင်''ဟု ချစ်စနိုးခေါ်ဝေါ်ကြလေ၏။ ဤသို့ဖြင့် ထမင်းတစ်နပ်စားရဖို့အတွက် ကျွန်ခံလာခဲ့ရာ သုံးနှစ်ပြည့်သောအခါမှာတော့ ဂန္ဓသူဌေးသားက ဘတ္တဘလိကလုလင်အား ခေါ်ယူ၍

''အမောင်လုလင် .. သင်သည် သင့်တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့တယ်၊ ငါ့ဘက်ကလည်း တာဝန်ရှိတယ်၊ ဒီကနေ့ သုံးနှစ်ပြည့်ပြီဖြစ်တယ်။ ဒီကနေ့ ငါထမင်းစားပွဲကျင်းပသလို အမောင်လုလင်လည်း ထမင်းစားပွဲ ကျင်းပပါတော့''ဟု ပြောဆိုပြီး ငွေတစ်ထောင် ထုတ်ပေးလေ၏။

ဗာရာဏသီရွှေမြို့တော်ကြီးအတွင်း၌လည်း ဘတ္တဘလိကလုလင် ကျွန်ခံခြင်း သုံးနှစ်ပြည့်လို့ ထမင်းစားပွဲကျင်းပမည့် အကြောင်း မောင်းကြေးနင်းခတ်၍ ကြေညာစေသည်။ ဘတ္တဘလိကလုလင်ကိုတော့ နံ့သာရည်ဖြင့်ရေချိုး၊ အဝတ်သစ်အစားသစ်တွေ စနစ်တကျဝတ်ဆင်စေပြီး ထမင်းစားပွဲကျင်းပသည့်နေရာ၌ အဆင်သင့် ရောက်ရှိနေပြီ။ ကချေသည်မတွေကလည်း ဘတ္တဘလိကလုလင်အနီးမှာ ဝန်းရံကပြသီဆိုဖျော်ဖြေနေကြ၏။

ဘတ္တဘလိကလုလင်က ထမင်းအုပ်ကိုဖွင့်လိုက်ပြီးတော့ စားမည်လည်းလုပ်ကရော ဂန္ဓမာဒနတောင်ပေါ်၌ သီတင်းသုံးနေတော်မူသော အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး နိရောဓသမာပတ်မှ ထတော်မူ၍ လောကကြီးထဲမှ ချီးမြှောက်ရမည့် ပုဂ္ဂိုလ်ကို ဆင်ခြင်ကြည့်လိုက်ရာ ဘတ္တဘလိကလုလင်ကို တွေ့ရလေ၏။ ထိုဘတ္တဘလိကလုလင်မှာ လှူချင်တန်းချင်သော စေတနာသဒ္ဓါတရား ရှိမရှိစစ်ဆေးကြည့်ရှုရာ လှူဒါန်းချင်သော စေတနာသဒ္ဓါတရားရှိကြောင်း တွေ့ရ၏။ လှူကောလှူပါ့မလားဟု ထပ်မံဆင်ခြင်လိုက်တဲ့အခါ လှူမည်ဆိုတာ ကေန်မုချသိရှိရသဖြင့် ကောင်းကင်ခရီးမှ ဈာန်ယာဉ်စီး၍ ကြွချီလာခဲ့၏။ မဏ္ဍပ်အနီးရောက်သောအခါ ဆင်းသက်၍ မဏ္ဍပ်အနီးတွင် ဆွမ်းခံကြွတော်မူလေ၏။

ပစ္စေကဗုဒ္ဓါကြွလာတော်မူသည်ကို ထမင်းစားမည်ဟု ဟန်ပြင်နေသော ဘတ္တဘလိကလုလင် မြင်လိုက်သောအခါ လွန်စွာကြည်ညို သဒ္ဓါပွားမိလေ၏။ သူ့ဘဝနောက်ကြောင်းကိုလည်း ပြန်စဉ်းစားနေ၏။ ငါသည် အတိတ်ဘဝတုန်းက မလှူမတန်းခဲ့သည့်အတွက်ကြောင့် ဆင်းရဲခဲ့ရ၏။ ထမင်းတစ်လုတ်စားရဖို့အရေး သူတစ်ပါးအိမ်မှာ သုံးနှစ်ကျွန်ခံခဲ့ရသည်။ စဉ်းစားလိုက်စမ်းပါ။ သုံးနှစ်ကျွန်ခံလို့ ရတဲ့ ဟောဒီထမင်းကို ကိုယ်တိုင်စားမလား၊ သို့မဟုတ် အလှူခံပုဂ္ဂိုလ်အား လှူဒါန်းမလား၊ ကိုယ်တိုင်စားမည်ဆိုလျှင် ဒီထမင်းသည် အသက်ရှည်အောင် တစ်နေ့တစ်ညသာ ကျေးဇူးပြုလိမ့်မည်၊ မစားဘဲလှူဒါန်းလိုက်မည်ဆိုလျှင် တစ်ရက်တစ်ဘဝသာမကဘဲ ဘဝတိုင်းဘဝတိုင်း အသက်ရှည်ချမ်းသာအောင် ဒါနတရားက ကျေးဇူးပြုပါလိမ့်မည်။

သို့ဖြစ်၍ ငါသည် ဤထမင်းကို မစားတော့ဘဲ၊ ရခဲလှတဲ့ ဒါနအမှုကိုတော့ ရအောင်ယူလိုက်မည်။ ပြုလိုက်မည်ဆိုကာ ထမင်းအုပ်ကိုယူ၊ ပစ္စေကဗုဒ္ဓါထံပါး ချဉ်းကပ်၍ (ထမင်းအုပ်ကို အခြားသူအားပေးထားလျက်) အရှင်မြတ်အား လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးလိုက်၏။ ရှိခိုးပြီးသောအခါ ထမင်းအုပ်ကိုပြန်ယူ၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲသို့ လောင်းလှူလိုက်ပါတော့သည်။ တစ်ဝက်ကျတဲ့အခါ ပစ္စေကဗုဒ္ဓါက သပိတ်တော်ကို ပိတ်တော်မူလေ၏။

ထိုအခါ ဘတ္တဘလိကလုလင်က–

''အရှင်မြတ်ကြီးဘုရား တစ်ယောက်စားလောက်ရုံဖြစ်သော ထမင်းကို နှစ်ယောက်ခွဲစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူးဘုရား။ တပည့်တော်အတွက် ငဲ့ပြီး အကုန်အလှူမခံဘဲ မနေပါနဲ့ဘုရား။ တပည့်တော်ကို သနားချီးမြှောက်သောအားဖြင့် ကုသိုလ်ပါရမီကြီးပွားအောင် အကုန်အလှူခံကာ ချီးမြှောက်တော်မူပါဘုရား''ဟု လျှောက်ထားပြီး ထမင်း

တွေကို အကုန်လောင်းလှူလိုက်လေသည်။ ယင်းသို့ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပြီးသောအခါ ဘတ္တဘလိကလုလင်က ..

"အရှင်မြတ်ကြီးဘုရား .. ဘုရားတပည့်တော်သည် ထမင်းတစ်လုတ်စားရဖို့အတွက် သူတစ်ပါးအိမ်မှာ သုံးနှစ်လုံးလုံး ကျွန်ခံခဲ့ရပါတယ်။ ဆင်းရဲဒုက္ခကို ကိုယ်တိုင်ကိုယ်ကျ သိမြင်ခံစားပြီးတော့ ဤထမင်းကို တပည့်တော်မစားဘဲ အရှင်ဘုရားထံ ဆက်ကပ်ပါသည်ဘုရား"

"ဤဆွမ်းလှူဒါန်းရသောကုသိုလ်ကြောင့် ဘဝတိုင်း၊ ဘဝတိုင်း ဒုက္ခဟူသရွေ့ မြူမှေ့မျှမတွေ့ရဘဲ သုခချမ်းသာအဖြာဖြာနဲ့ တွေ့ကြုံရပါလို၏အရှင်ဘုရား။ ထို့ပြင်တဝ အရှင်မြတ်တို့ သိမြင်ထားတဲ့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလေးပါးအမှန်တရားကိုလည်း သိမြင်ရပါလို၏ အရှင်ဘုရား"ဟု ဆုတောင်းပတ္တနာပြုလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း "သင်လိုသောဆုနှင့် ပြည့်စုံပါစေ"ဟု ဆုပေးပြီး ပြန်ကြွတော်မူလေသည်။

ထမင်းစားပွဲသို့ လာရောက်ကြည့်ရှုနေကြသည့် ပရိသတ်တွေကလည်း ဘတ္တဘလိကလုလင်၏ ပြုလုပ်ဆောင်ရွက်ချက်တွေကို တွေ့မြင်ရသောအခါ နှစ်သက်အားရဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး "သာဓု-သာဓု-သာဓု"ဟု သုံးကြိမ်တိုင်တိုင် သာဓုခေါ်ဆိုကြလေ၏။ ဟာရာဏသီတစ်မြို့လုံးပင် သာဓုသံများ လွှမ်းမိုးသွားလေ၏။ ယင်းသာဓုခေါ်သံများကို ဂန္ဓသူဌေးသားကြားရတဲ့အခါ ဘတ္တဘလိကလုလင် တော့ ငါပေးတဲ့စည်းစိမ်ကို မခံစားနိုင်လို့ လူတွေက ပြက်ရယ်ပြုကုန်ကြပြီဟု ထင်မိလေ၏။ လူလွှတ်စုံစမ်းတော့မှ အကျိုးအကြောင်းကို သိရှိရပြီးလျှင် သူကိုယ်တိုင် ဘတ္တဘလိကထံ လာရောက်၍ ချီးမွမ်းစကားဆို ဂုဏ်ပြုလေ၏။

ဂန္ဓသူဌေးသားလည်း မိမိကိုယ်မိမိ ပြန်လည် စဉ်းစားဆင်ခြင်ကြည့်မိလေ၏။ ငါသည် နေ့စဉ်နေ့တိုင်း မနက်တစ်ထောင်၊ ညတစ်ထောင် ကုန်ကျခံပြီး ထမင်းတွေသုံးဆောင်နေ ပါလျက် တစ်ခါမှ ဆွမ်းဒါန မပြုခဲ့ဘူးပါ၊ အသိဉာဏ်နည်းလိုက်ပါဘိ။ အကျိုးရှိ တာမလုပ်ဘဲ အကျိုးမရှိ တာတွေနဲ့ အချိန်တွေကုန်ခဲ့လေပြီ။ ကြည့်စမ်း ဘတ္တဘလိကလုလင်သည် အင်မတန်ချီးမွမ်းဖို့ ကောင်း၏။ ထမင်းတစ်လုပ်တစ်ဆုပ်စားချင်တာနဲ့ သူများ အိမ်မှာ သုံးနှစ် ကျွန်ခံခဲ့ရ၏။ ကျွန်ခံလို့ရတဲ့အခွင့်အရေးကို ကိုယ်တိုင်မသုံးဘဲ ကိုယ်တိုင်မခံစားဘဲ ပစ္စေကဗုဒ္ဓါထံ လှူဒါန်းခဲ့သည်။ အင်မတန်ပါရမီဉာဏ်ပါတဲ့ပုဂ္ဂိုလ်၊ အသိဉာဏ်ကို အသုံးချတတ်တဲ့ ပုဂ္ဂိုလ်ပါလားဟု ချီးမွမ်းစကားဆို၍ ငွေတစ်ထောင်ပေးပြီး ဘတ္တဘလိကလုလင်ကို အမျှပေးဝေခိုင်းလေ၏။ ဘတ္တဘလိကလုလင်အား သူဌေးအရာ မြှောက်စားချီးမြှင့်လိုက်လေ၏။

ဆွမ်းလှူရသောဒါနအကျိုးကား နောင်တမလွန်ဘဝမရောက်မီ ယခုမျက်မှောက်ဘဝမှာပင် ဆင်းရဲခြင်းမှလွတ်မြောက်၍ ချမ်းသာခြင်းသို့ ရောက်ရှိခဲ့ရပြီဖြစ်သည်။ ဤသို့ဖြင့် ဂန္ဓသူဌေးသားနှင့် ဘတ္တဘလိကသူဌေးတို့သည် ဒါန၊ သီလ၊ ဘာဝနာစသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြလျက် နေထိုင်ခဲ့ကြပြီး သေလွန်သောအခါ နတ်ပြည်နတ်ရွာသို့ ရောက်ရှိကြရလေသည်။

× × × × × × × ×

ဤဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရားရှင်လက်ထက်သို့ ရောက်ရှိလာသောအခါ ဘတ္တဘလိလုလင်သည် သာဝတ္ထိမြို့တော်ရှိ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ဆွမ်းဒကာအိမ်၌ ပဋိသန္ဓေ တည်နေခဲ့လေ၏။ ယင်းကဲ့သို့ ပဋိသန္ဓေတည်နေသောအခါ မိခင်ဖြစ်သူမှာ ရှင်သာရိပုတ္တရာအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းလိုသော သဒ္ဓါစိတ်တွေ ဖြစ်ပေါ်လာ၏။ ထိုဖြစ်ပေါ်လာသောစိတ်ဆန္ဒအတိုင်း သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့လေ၏။

ဤသည်မှာ သန္ဓေသား၏ ကုသိုလ်ကံက နှိုးဆော်တိုက်တွန်းနေခြင်းကြောင့် ဖြစ်၏။ သားကလေး ဖွားမြင်လာသောအခါ ဝိဇာတမင်္ဂလာ၊ နာမည်မှည့်သောအခါ နာမကရဏ မင်္ဂလာပြုလုပ်ပြီး ဆွမ်းဆက်ကပ် လှူဒါန်းခဲ့လေ၏။ ဆွမ်းဆက်ကပ်ပွဲတွင် ရှင်သာရိပုတ္တရာက လူငယ်၏နာမည်ကို မေးသောအခါ ဤသူငယ်မွေးဖွားချိန်မှစ၍ စီးပွားလာဘများ တိုးပွားလာသောကြောင့် မောင်သုခဟု ခေါ်တွင်ခဲ့ပါကြောင်း လျှောက်ထား၏။ မောင်သုခလေး၏ ကုသိုလ်အထုံစေ့သော် တိုက်တွန်းချက်ကြောင့် မောင်သုခ၏စိတ်ထဲမှာ သာမဏေဝတ်ချင်သောဆန္ဒများ ပေါ်ပေါက်လာ၏။

မောင်သုခလေးက သူ၏ စိတ်ဆန္ဒများကို မိဘများအား ပြောပြသောအခါ မိဘများကလည်း သား၏ ဆန္ဒအတိုင်း လိုက်လျော၍ ဆွေမျိုးသားချင်းများနှင့် အတူတကွ ကျောင်းသို့ ပို့ဆောင်ပေးကြပြီး အရှင်သာရိပုတ္တရာထံ အပ်နှံ၍ သာမဏေအဖြစ်သို့ သွတ်သွင်းပေးခဲ့ကြသည်။ ကျောင်းတိုက်ကြီးအတွင်း၌ (၇)ရက်ကြာ အလှူပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ ရှင်ပြုအလှူပွဲကြီး ကျင်းပပြီးစီးလို့ (၈)ရက်မြောက်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်ဖြစ်သည်။ ကိုရင်လေးသုခသာမဏေကို ခေါ်ဆောင်၍ ဆွမ်းခံထွက်လာခဲ့၏။ ဆရာမထေရ်မြတ်အရှေ့ကကြွ တပည့်ဖြစ်သူ ကိုရင်လေးက နောက်မှလိုက်ရင်းဖြင့် လယ်ကွင်းတွေကို ဖြတ်သန်းနေစဉ် အချိန်မှာ ကိုရင်လေးသုခက ဆရာ အရှင်သာရိပုတ္တရာအား မေးမြန်းလျှောက်ထားသည်မှာ –

''အရှင်ဘုရား ... ဟောဟိုမှာ မြင်နေရတဲ့ လယ်သမားကြီးတွေ ဘာလုပ်နေကြတာလဲ''

''ငါ့ရှင်ကိုရင်လေး ... လယ်သမားကြီးတွေဟာ မြောင်းဖောက်ပြီး မြောင်းမှတဆင့် ကိုယ်လို ရာလယ်ကွင်းထဲသို့ ရေသွင်းနေကြပါတယ်''

''အရှင်ဘုရား ဒီရေမှာ စိတ်ရှိပါသလားဘုရား''

''အဲ့ ဒီရေဟာ .. ရုပ်တရားဖြစ်လို့ စိတ်မရှိပါဘူး''

''ဒီလိုဆိုရင်ဘုရား .. စိတ်မရှိတဲ့ရုပ်တရားကို ကိုယ်လိုရာသို့ ဆွဲဆောင်လို့ရသလို တပည့်တော် တို့လို စိတ်ရှိတဲ့ လူသားတွေကလည်း ကိုယ့်ရဲ့စိတ်ကို လိုရာသို့ ဆွဲဆောင်နိုင်ရမယ်''

ထိုကဲ့သို့ပြောဆိုကြရင်း ဆရာမထေရ်မြတ်နှင့် ကိုရင်လေးတို့ ရှေ့ဆက်ကြွချီလာခဲ့ကြရာ ရှေ့နားတွင် သစ်ခုတ်သမားများအား တွေ့မြင်ရသဖြင့် ကိုရင်လေးက မေးလျှောက်ပြန်လေ၏။

''ဟောဒီ သစ်ခုတ်သမားတွေ ဘာလုပ်နေကြပါသလဲဘုရား''

''အို .. ငါ့ရှင်ကိုရင်လေး

သစ်ခုတ်သမားတွေဟာ သစ်ပင်ကို ခုတ်လှဲပြီးတော့ မဖြောင့်တဲ့သစ်တွေကို ဖြောင့်တန်းလာအောင် ပြုလုပ်နေကြပါတယ်''

''ဒီလိုဆိုရင်ဘုရား .. အဲဒီသစ်တွေမှာ စိတ်ရှိပါသလားဘုရား''

''သစ်သားဆိုတာ ရုပ်တရားဖြစ်ပါတယ်။ ဘယ်မှာစိတ်ရှိပါမည်နည်း ကိုရင်လေး''

''စိတ်မရှိတဲ့သစ်သားကို ဖြောင့်အောင်ပြင်လို့ရအောင် လုပ်နိုင်လို့ရှိရင် တပည့်တော်တို့လို စိတ်ရှိတဲ့ ပုဂ္ဂိုလ်ကိုလည်း ဖြောင့်အောင် လုပ်နိုင်ရမယ်ဘုရား''

ဤသို့လျှင်ပင် (၇)နှစ်သားအရွယ် ကိုရင်လေးသုခ၏ စိတ်သန္တာန်၌ အတွေးဉာဏ်တွေ ပေါ်ပေါက်လာပြီး သံဝေဂတရားတွေ ရရှိလာတော့သည်။ ''ငါလည်း ငါ၏စိတ်ကို ပြုပြင်ရမည်'' ဟု ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ချက်ချလိုက်သည်။ တစ်ဆက်တည်းမှာပင် ''ဒီလိုဆိုရင် တပည့်တော် ဆွမ်းခံမလိုက်တော့ဘူးဘုရား၊ ကျောင်းပြန်ပါတော့မယ်၊ တပည့်တော်အတွက် ဆွမ်းရအောင် ဆောင်ရွက်ခဲ့ပါဘုရား''ဟု ပန်ကြားခွင့်တောင်းလေရာ ဆရာအရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ခွင့်ပြုတော်မူခဲ့သည်။

ကိုရင်လေးသုခလည်း ကျောင်းသို့ ပြန်လာခဲ့ပြီ၊ ကျောင်းတံခါးတွေကို လုံလောင်ပိတ်လိုက်၏။ အေးချမ်းတိတ်ဆိတ်သည့် ကျောင်းခန်းထဲ၌ တစ်ပါးတည်းထိုင်၍ အသိကပ်၊ သတိချပ်ပြီး ရှုမှတ်ပွားများနေလေ၏။ ယင်းကဲ့သို့ ကိုရင်လေးသုခတရားထိုင်နေစဉ် ပတ်ဝန်းကျင်မှ အနှောင့်အယှက်တွေမရှိရအောင် လူသံသူသံ၊ ငှက်သံမကြားရအောင် သိကြားမင်းကြီးနှင့်တကွ စတုလောကပါလနတ်မင်းကြီးများ၊ နေနတ်သား စသည့် ပုဂ္ဂိုလ်ကြီးများက ဝန်းရံစောင့်ရှောက်ပေးကြလေ၏။

ကိုရင်လေးသုခသည် ခန္ဓာကပြလာသည့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေကို စူးစူးစိုက်စိုက်အလေးအနက်ပြုပြီး ဉာဏ်ဖြင့်ဖွေရှာ၍ ရှုမှတ်ပွားများအားထုတ်လိုက်လေရာ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်တို့ကို ရရှိခဲ့လေသည်။ ထိုစဉ်အချိန်မှာပင် အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးကလည်း သူ၏ဆွမ်းဒကာအိမ်မှ ဆွမ်းကို ခံယူလာပြီး

''ငါ့ကိုရင်လေး ဆွမ်းဆာနေတော့မှာပဲ''ဟု ဆင်ခြင်၍ ကျောင်းတော်ကို ပြန်ကြွအလာ မြတ်စွာဘုရားရှင်ကလည်း သုခသာမဏေ၏ ဥပနိဿယကို မြင်တော်မူသဖြင့် ဤအကြောင်းခြင်းရာကို ကြိုတင်သိမြင်ထားပြီးဖြစ်သည့်အတိုင်း ကိုရင်လေးသုခ ရဟန္တာမဖြစ်ခင်မှာ ရှင်သာရိပုတ္တရာ ရောက်ရှိသွားပါက အန္တရာယ်တစ်ခုခုဖြစ်နိုင်၏။ ဤအန္တရာယ်ကို တားဆီးဖို့အတွက် မြတ်စွာဘုရားရှင်က ကျောင်းတိုက်မုခ်ဦးမှ စောင့်ဆိုင်း၍ နေတော်မူလေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ရောက်ရှိလာသောအခါ ဘုရားရှင်က –

''ငါ့ရှင်သာရိပုတ္တရာ ဆွမ်းအာဟာရ ရရှိပါရဲ့လား''

''ရရှိခဲ့ပါတယ် အရှင်မြတ်ဘုရား''

''အဲဒီအာဟာရတရားသည် ရုပ်လား၊ နာမ်တရားလား''

''ရုပ်တရားပါဘုရား''

ထိုကဲ့သို့ မြတ်စွာဘုရားရှင်နှင့် ရှင်သာရိပုတ္တရာတို့ မေးမြန်းဖြေဆိုပြီးချိန်မှာပင် သုခသာမဏေသည် အသိဉာဏ်ရင့်သန်၍ အာသဝေါလေးဖြာ ကင်းငြိမ်းကွာလျက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားခဲ့လေ၏။ ဘတ္တဘလိကလုလင်ဘဝက သုံးနှစ်ကျွန်ခံ၍ ရရှိခဲ့သော ထမင်းတစ်နပ်ကို မစားဘဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ လှူဒါန်းခဲ့သော ဒါနအကျိုးထူးကြောင့် ခုနစ်နှစ်သားအရွယ်မှာပင် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ ကိုရင်လေးသုခ သာမဏေ၏ နိဗ္ဗာန်စခန်းကျွတ်တန်းဝင်ရာ လမ်းကြောင်းကား ဖြောင့်ဖြူးသာယာလျက် ရှိနေပါတော့သည်။

မောင်ထယ်ဝါ(ပျော်ဘွယ်)

ကုသိနာရုံဆရာတော်မြတ်အား လျှောက်ထားအပ်ပါသည်



မိုးမြင့်လွင်

ကိုယ်တိုင်ကိုယ်ကျ မမြင်မတွေ့မဖူးရသော်လည်း အရှင်မြတ်၏ ထေရုပ္ပတ္တိအား ဖတ်ရှုရုံမျှဖြင့် ကြည်ညိုမဆုံးဖြစ်ရပါသည်ဘုရား။

သို့ပါ၍ လဇ္ဇီပေသကသိက္ခာကာမဝိနယဂရုကဖြစ်တော်မူသော သာသနာပြု သာသနာ့အာဇာနည် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အိန္ဒိယနိုင်ငံ၊ ကုသိနာရုံသာသနာပြုဆရာတော်အား တပည့်တော်မိုးမြင့်လွင် သိသမျှ တတ်သမျှသောစာပေဖြင့် ရေးသားပူဇော်အပ်ပါသည် အရှင်မြတ်ဘုရား-

အရှင်ဘုရားရရှိတော်မူသော ပူဇော်ခြင်းခံတော်မူရသော ဘွဲ့တံဆိပ်တော်များသည် အရှင်မြတ်၏ သီလ သမာဓိ ပညာဂုဏ်များနှင့် ထိုက်တန်လှပါသည်။ ဒီကနေ့ (၂၁)ရာစုတွင် ဘာသာရေးစိန်ခေါ်မှုများသည် ယခင်ထက်ပို၍ ပြင်းထန်လာသည်ဟု ထင်ရပါသည်။ ထိုသို့သော အချိန်ကာလများတွင် အရှင်မြတ်ကဲ့သို့ သာသနာပြုရာတွင် ရဲရင့်ခြင်းဝီရဂုဏ်နှင့် ပြည့်စုံသည့် ရဟန်းတစ်ပါး၏ စွမ်းဆောင်ချက်များသည် တပည့်တော်တို့၏ အားထားရာ၊ ယုံကြည်ရာ၊ ကိုးကွယ်ဆည်းကပ်ရာ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးအဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အားတက်မိသည်မှာ အမှန်ပင် ဖြစ်ပါသည်ဘုရား။

ဘုန်းကြီးစာချ မိကျောင်းမင်းရေကင်းပြသည် မဟုတ်ပါကြောင်း ဦးစွာ ပထမလျှောက်ထားပါသည်။ မြတ်ဗုဒ္ဓသာသနာတော်တွင် ပရိယတ္တိသာသနာ စာပေ

ကျမ်းဂန်များ သင်အံလေ့ကျက်ခြင်း၊ ပဋိပတ္တိသာသနာ ဝိပဿနာတရားများ အားထုတ်ကြပြီး၊ ပဋိ ဝေဓသာသနာ မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်းသိမြင်ခြင်းတို့တွင် အရှင်မြတ်သည် အသက် (၁၄)နှစ်သားအရွယ် သာမဏေဘဝသို့ ရောက်သည့် အချိန်မှစ၍ ရှင်ဉာဏိဿရဟူသော ဘွဲ့အမည်ကို ဥပဇ္ဈာယ် ဆရာထံမှ ခံယူ၍ ဓမ္မာသနပလ္လင်ထက်ဝယ် တပည့်ဒကာ ဒကာမများအား တရားရေအေးအမြိုက်ဆေးကို ဟောကြား နိုင်သည့် သာမဏေတစ်ပါးဖြစ်သည်ဟု သိရပါသည်ဘုရား။ ထို့ပြင် စာသင်တိုက်များဝယ် ပိဋကစာပေများကို သင်ကြား ခဲ့ရာတွင်လည်း သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပြီး ပရိယတ္တိသာသနာပြုတစ်ပါးအဖြစ် ကြည်ညိုရ ပါသည်ဘုရား။ ဤမျှသာမက မန္တလေးမစိုးရိမ်စာသင် တိုက်ကြီးတွင် ပါဠိအဋ္ဌကထာဋီကာ စသည်တို့ကို သင်ယူခဲ့ ပြန်ပါသည်။

ဤသို့ ပိဋကစာပေများကို သင်ယူပြီးနောက် (၁၉၆၃)ခုနှစ်တွင် အိန္ဒိယနိုင်ငံ (မဇ္ဈိမဒေသ) ကုသိနာရုံသို့ ပြည်ပသာသနာပြုရန် ကြွရောက်ပါသည်။ ထိုသို့ ကြွရောက် ရသည်မှာလည်း ဒုတိယကုသိနာရုံဆရာတော်ကြီး ဘဒ္ဒန္တ စန္ဒြမဏိ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာ၊ အိန္ဒိယနိုင်ငံ သား ဒေါက်တာဓမ္မရက္ခိတတို့၏ ဖိတ်ကြားချက်အရဟု သိရပါသည်။

အိန္ဒိယနိုင်ငံ ကုသိနာရုံသို့ ရောက်ပြန်တော့လည်း အရှင်ဘုရားသည် ဆရာတော်ကြီးများ၏ ဆိုဆုံးမမှုကို နာခံ၍နေထိုင်ကာ ဟိန္ဒီ-သက္ကတ အင်္ဂလိပ်စာများကို သင်အံလေ့ကျက်ပြန်ပါသည်။

ထို့နောက် သူတို့နိုင်ငံတွင် ကျင်းပသော စာမေးပွဲ များကို ဝင်ရောက်ဖြေဆိုပြီး အာရှတိုက်တစ်ခွင် တရား ဟောခြင်း၊ တရားပြခြင်းများအပြင် ဗုဒ္ဓဘာသာဝင်များဖြစ် အောင် သရဏဂုံတည်သူများဖြစ်အောင် စည်းရုံးဟောပြော ခြင်းဖြင့် သာသနာပြုခဲ့သော အရှင်မြတ်၏ စွမ်းရည်များသည် သာသနာ့အာဇာနည်ပီသလှပါသည်ဘုရား။

အရှင်ဘုရား၏ သာသနာပြု စွမ်းဆောင်ချက် များကို လေ့လာဖတ်ရှုရာတွင် (၁) ဘာသာမဲ့နှင့် အခြား ဘာသာများကို ဗုဒ္ဓဘာသာခံယူပွဲများ ကျင်းပ၍ ဗုဒ္ဓဘာသာ ဝင်များဖြစ်အောင် ဦးဆောင်ခြင်း၊ (၂) ရှင်ပြုရဟန်းခံပွဲ များကိုလည်း တစ်ဦးချင်းတစ်ယောက်ချင်းမှစ၍ ထောင်ပေါင်း များစွာထိ ပြုလုပ်ပေးခြင်း၊ (၃) အကြီးမားဆုံးသော ဗုဒ္ဓဘာသာခံယူပွဲများကို (၁၉၇၂)ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်တွင် လူပေါင်း (၂၄)သိန်း၊ (၁၉၈၉)ခု၊ စက်တင် ဘာလ (၂၉)ရက်တွင် လူပေါင်း (၅)သိန်းကျော်၊ (၁၉၉၃) ခုနှစ် ဖေဖော်ဝါရီလတွင် လူပေါင်း (၁)သိန်းကျော် သာမဏေ (၂၆၀)ပါးနှင့် ရဟန်း (၃၃)ပါး ယနေ့အချိန်ကာလထိ လူသိန်းရာနှင့်ချီ၍ ဗုဒ္ဓဘာသာဝင်များဖြစ်အောင် တရားဟောခြင်း၊ တရားပြခြင်း စသည့် အရှင်မြတ်၏ သာသနာပြုဂုဏ်ကျေးဇူးများသည် ကြီးကျယ်မြင့်မြတ်လှ ပါသဖြင့် ဘုရားတပည့်တော် ရေးသားပူဇော်ရသည်မှာ အားမရနိုင်ဖြစ်ရပါသည်ဘုရား။

အရှင်မြတ်၏ သာသနာအကျိုးဆောင်ရွက်ချက် များကို အံ့ဖွယ်ဘနန်းလေ့လာတွေ့ရှိသောအခါ ကျေးဇူး တော်ရှင် မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ၏ လင်္ကာတစ်ပိုဒ်ကို သတိရမိပါသည်ဘုရား။

ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး
ဗုဒ္ဓမြတ်စွာ သာသနာ၏
ရှေးခါဘိုးဘ လက်ထက်ကလျှင်
ရသည့်တန်ဖိုး ထပ်မညှိုးအောင်
အားကြိုးမာန်တက် ငါဆောင်ရွက်သည်
ဆက်လက်တည်တံ့ပါစေသော် ... ဟူ၍ဖြစ်သည်။

အသက် (၁၄)နှစ်သာမဏေမှသည် ယနေ့ သက်တော် (၈၀)ပြည့် ပတ္တမြားရတုတိုင် မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် သာသနာပြုနေသည့် အရှင်မြတ်အား ဖူးမြင် ရသောအခါ ဘုရားတပည့်တော်များ ငယ်စဉ်က သာသနာ့

ဘောင်သို့ ဝင်သောအခါ ဥပဇ္ဈာယ်ဆရာရဟန်းထံမှာ ရှင်အဖြစ်ပြုပေးပါရန် အသနားခံတောင်းပန်ခဲ့သည်များကို ပြန်လည်သတိရမိပါသည်ဘုရား။

ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ

"အရှင်မြတ်ဘုရား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရစေခြင်းအကျိုးငှာ တပည့်တော်အား သနားသဖြင့် ရှင်သာမဏေအဖြစ်ကို တောင်းပန်ပါ၏" ဆိုလိုသည်ကား အိုခြင်းနာခြင်းသေခြင်းတည်းဟူသော သံသရာဝဋ်ဆင်းရဲအပေါင်းမှ တပည့်တော် လွတ်မြောက်လိုပါသည်။ သို့အတွက် သင်္ကန်းဝတ်ပေးပါဟု ဆရာဥပဇ္ဈာယ်ရဟန်းထံ တောင်းခဲ့ရပါသည်။

သို့ပါသောကြောင့် သာမဏေ (ကိုရင်) ရဟန်းဝတ်ကြခြင်း၏ ရည်ရွယ်ချက်သည်ကား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လို၍သာဖြစ်သည်ဟု တပည့်တော် သဘောပေါက်ပါသည်ဘုရား။

အရှင်မြတ်၏ သာသနာပြုလုပ်ရပ်များသည် မူလရည်ရွယ်ချက်ဖြစ်သည်။ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပါဠိတော်နှင့် အညီဖြစ်ပါကြောင်း တွေ့ရှိရပါသဖြင့် ကြည်ညိုစွာ ဦးခိုက်ပါသည်ဘုရား။ သာသနာပြုသည်သာမက နောင်လာနောင်သားတပည့်များ အတုယူလောက်အောင် ပရဟိတလုပ်ငန်းများကိုလည်း ဆောင်ရွက်တော်မူသည့်အပြင် အိန္ဒိယနိုင်ငံ ကုသိနာရုံကျောင်းဝင်းအတွင်း မြကန်သာရေကန်ကြီး အရှေ့ဘက်တွင် မဟာသုခဒဒ ချမ်းသာကြီးစေတီတော်မြတ်ကြီးကို မြန်မာနိုင်ငံမှ တပည့်ဒကာဒကာမများ မတည်အလှူရှင်များ၏ စေတနာသဒ္ဓါအားကို ဦးဆောင်၍ တည်ထားကိုးကွယ်သည်မှာလည်း သာသနာတော်အတွက် အကျိုးများရပါသည်ဘုရား။

ပရိယတ် ပဋိပတ်ဂုဏ်နှင့်ပြည့်စုံသော အရှင်ဘုရား၏ထံပါး၌ ကြည်ညိုသဒ္ဓါယုံကြည်စွာဖြင့် တပည့်ခံယူကြသူများမှာလည်း လူဖြစ်ရကျိုးနပ်ကြပါသည်ဘုရား။ အဘယ့်ကြောင့်ဆိုသော် ဆရာဟူသည် ရှေ့ဆောင်လမ်းပြဖြစ်၍ ဆရာမမှားဖို့သည် အဓိကဖြစ်သည်။ လမ်းပြဖြစ်သည့် ဆရာမှားသော် တပည့်လည်း မှားတတ်ပုံကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက

နဖူးစွန်းနှင့်၊ ဒူးပွန်းခံကာ၊ ကိုးကွယ်ပါလည်း၊ ဆရာလွဲကာ၊ ငရဲအပါယ်၊ အမြစ်တွယ်၊ ဝဋ်နွယ်ရှည်လျားရာဟု မိန့်ဆိုတော်မူပါသည်ဘုရား-

သို့ပါသောကြောင့် တပည့်တစ်ယောက်အနေဖြင့်

မိမိတတ်ကျွမ်းသမျှသော စာပေလင်္ကာဖြင့်

အိန္ဒိယနိုင်ငံ ကုသိနာရုံသာသနာပြုဆရာတော်

ဒေါက်တာဘဒ္ဒန္တအရှင်ဉာဏိဿရမထေရ်မြတ်၏

သက်တော် (၈၀) ပြည့်၊ ပတ္တမြားရတု ဝိဇာတပွဲကြီးတွင်

ပါဝင်ပူဇော်ခွင့်ရပါသဖြင့် များစွာအားရ ကျေနပ်ရပါကြောင်း

ထပ်လောင်းဦးတင်ရပါသည်ဘုရား။



ယခုသော်ကား ဘုရားတပည့်တော် မိုးမြင့်လွင်သည် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူသည့် သာသနာပြု အာဇာနည်မထေရ်ဆရာမြတ်တစ်ပါး၏ ဂုဏ်ကျေးဇူးကို ရေးသားပူဇော်ခွင့်ရသဖြင့် ကြည်ညိုသော သဒ္ဓါတရားဖြင့် ကုသိုလ်အမြတ်ရသည်မို့ ဝမ်းမြောက်ရပါသည်ဘုရား။ ဤသို့ပူဇော်ရေးသားခွင့်ကို ခရီးဖော်ပုံနှိပ်တိုက်မှ ညီအရင်းပမာ ခင်မင်ရပါသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူးနှင့် တာဝန်ခံအယ်ဒီတာ မြေလတ်ထင်ကျော်မိုးအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

အန္တေဝါသိကတပည့်တစ်ဦးမဟုတ်သော်ငြားလည်း ဆရာတော်အရှင်ဉာဏိဿရ၏ သာသနာပြုပုံများ၊ ဆောင်ရွက်ချက်များ မျက်မြင်ကိုယ်တွေ့တပည့်ရင်းများမှ ရေးသားထားသည်ကို ဖတ်ရှု၍ အနုမာန သဒ္ဒါနည်းဖြင့် မှန်းဆပူဇော်ရေးသားရသော်လည်း

ရိုသေချင်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွှဲမိုက်ဆုံးမ၊ မေးသမျှခံ၊
မွေ့နက်နဲ၊ ဟောနိုင်မြဲ၏၊ ကျိုးနည်းမတန်း၊ ခွန်းနှစ်ခန်းရှင့်၊
ပြည့်လျှမ်းညီညာ၊ ဤဆရာ၊ မွေ့ရာတပည့်ခံ ဟူ၍ မဃဒေဝ

ပျို့တွင် မန်လည်ဆရာတော်ကြီးမှ ဆရာကောင်းအင်္ဂါ (၇)ရပ်ကို ရေးသားပြထားပါသဖြင့် တပည့်တော်သည် အင်္ဂါ (၇)ပါးနှင့် ပြည့်စုံသော ဆရာတော်တစ်ပါးထံ တပည့်ခံရသည်ဟု မိမိကိုယ်ကို ခံယူမိသည်မှာ အမှန်ပင်ဖြစ်ပါသည်ဘုရား။

သို့ပါသောကြောင့် တပည့်တစ်ယောက်အနေဖြင့် မိမိတတ်ကျွမ်းသမျှသော စာပေလင်္ကာဖြင့် အိန္ဒိယနိုင်ငံ ကုသိနာရုံသာသနာပြုဆရာတော် ဒေါက်တာဘဒ္ဒန္တအရှင်ဉာဏိဿရမထေရ်မြတ်၏ သက်တော် (၈၀)ပြည့်၊ ပတ္တမြားရတု ဝိဇာတပွဲကြီးတွင် ပါဝင်ပူဇော်ခွင့်ရပါသဖြင့် များစွာအားရ ကျေနပ်ရပါကြောင်း ထပ်လောင်းဦးတင်ရပါသည်ဘုရား။

မိုးမြင့်လွင်

ဘာသာရေးစာရေးဆရာ

ကိုရွှေသောင်းဝင်း

သူငယ်ချင်းဖြစ်သူ စာရေးဆရာခိုင်မြဝါက ကုသိနာရုံဆရာတော်ကြီးရဲ့ ဂုဏ်ပြုစာစောင်အတွက် စာမူရေးသားပေးဖို့ တောင်းခံလာပါတယ်။ သူကတော့ ကျွန်တော့်ကို စာရေးဆရာဆိုပြီး စာမူတောင်းဟန်တူပါရဲ့။ ဒါပေမယ့်ဗျာ . . ကျွန်တော့်ကို "စာရေးဆရာ" ဆိုတဲ့ မိတ်ဆွေတစ်ယောက်က ပြောဖူးတယ်။ ကျွန်တော်တို့ ဘာသာရေးစာမူရေးတဲ့သူတွေဟာ စာရေးဆရာမဟုတ်ဘူးတဲ့။ ကျွန်တော်တို့ကိုသာ စာရေးဆရာမဟုတ်ဘူးပြောတာပါ။ တကယ်တော့ သူရေးတဲ့စာတွေလည်း ကျွန်တော် မဖတ်ဖူးပါဘူး။ ကျွန်တော်က စာဖတ်နည်းတာ

လား၊ သူက စာရေးကြီးတာလားတော့ မသိပါဘူး။ ထားပါတော့ ..။ သူက ကျွန်တော့်ကိုပြောတယ်။

"ဆရာတို့ ဘာသာရေးစာ ရေးတဲ့သူတွေက စာရေးဆရာမဟုတ်ဘူးဗျ"

"ဘာလို့လဲဗျ"

"ရသကိုမှ မဖန်တီးတတ်တာ"

"ဒါဆို ပဋ္ဌိစ္စသမုပ္ပါဒ်အရသာတို့၊ ဝိသုဒ္ဓိမဂ်အရသာတို့ဆိုတာတွေရေးတဲ့ ညောင်လေးပင်တောရဆရာတော်ကြီးက စာရေးဆရာမဟုတ်ဘူးပေါ့"

"အင်း .. အဲဒါကတော့ဗျာ"

"လယ်တီဆရာတော်ကော"

"ခင်ဗျားက ဆရာတော်ကြီးတွေနဲ့ ကိုင်ပေါက်တာပဲ၊ တကယ်တော့ ခင်ဗျားတို့ ဘာသာရေးစာရေးတယ်ဆိုတာ အရှိအတိုင်း ရေးရတာပဲလေ။ ကိုယ်က ကွန့်လို့မှမရတာ၊ ကွန့်လိုက်ရင် ဘုရားဟောတွေနဲ့ လွဲကုန်မှာပေါ့။ အဲလိုကွန့်လို့မရလို့ "ရသ"ကို မဖန်တီးတတ်ဘူးလို့ပြောတာ"

"ခင်ဗျား ဆယ်တန်းတုန်းက ဝေဿန္တရာဇာတ်တော်သင်ဖူးလား"

"သင်ခဲ့ရတယ်လေ .. ကျွန်တော်တို့ မြန်မာစာပြဋ္ဌာန်းစာပဲဟာ"

"ဥပမာ ဝေဿန္တရာက သားသမီးတွေ လှူခန်းပေါ့။ အဲဒီမှာ ဘာရသတွေတွေ့ရလဲ"

"အင်း သိပ်တော့မမှတ်မိဘူးဗျ၊ ရသတော့ပါမှာပေါ့ဗျာ"

"အဲဒါကိုရေးတဲ့ မင်းဘူးဦးသြဘာသဟာ စာရေးဆရာ ဟုတ်မဟုတ်၊ နေပါဦး ကိုယ့်ဆရာ .. ရသဆိုတာ ဘာကိုပြောတာလဲ"

"ဟို သိင်္ဂါရတို့ ဘာတို့ပေါ့ဗျာ"

"ရသက ဘယ်နှစ်မျိုးရှိတာလဲ"

"ကိုးမျိုးလား၊ ဆယ်မျိုးလား၊ အဲ ဆယ်တန်းတုန်းကတော့ သင်ရတယ်၊ ခုတော့ မေ့ကုန်ပြီ"

"နေပါဦး ကိုယ့်ဆရာ၊ မေ့ကုန်ပြီဆိုတော့ ခုရော ရသကို ဘယ်လိုဖန်တီးကြသလဲ"

"ကျွန်တော်တို့ကတော့ လက်သားကျနေပြီဆိုတော့ အလိုလိုရေးရင်းကို ရသမြောက်နေတော့တာ"

"တယ်စာတဲ့ဆိုပါလား၊ ရေးရင်း ရသမြောက်နေတယ်ဆိုတော့ ကိုယ်ရေးတဲ့စာ ဘာရသမြောက်တယ်ဆိုတာ မသိဘူးပေါ့"

"အင်း .. အဲ"

စာရေးဆရာ "တအင်းအင်း တအဲအဲ" ခွေးအလှည့်နှင်း လုပ်နေပါတယ်။ သိင်္ဂါရလောက်သာ "ရသ" အဖြစ် ကြားဖူးသူတစ်ယောက်ကို "ရသကိုးပါး"အကြောင်း ရှင်းပြရမှာ အားနာပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ...သူ့အဆိုအရ ကျွန်တော်တို့က ရသကို မဖန်တီးတတ်လို့ စာရေးဆရာမဟုတ်ဘူးပေါ့။ ကျွန်တော့်ကိုယ်ပိုင်အယူအဆကို ပြောရရင် "စာပေရသဆိုတာ ဟင်းတစ်အိုးပြင်သလို ငါးပိဆီဆား အစုံထည့်ပြီး အရသာပေါ်အောင် လုပ်ရတာမျိုးမဟုတ်ဘူး၊ ရသဟာ ဖန်တီးလို့ရတဲ့အရာမျိုးမဟုတ်ဘူး၊ စာပေကိုသာ ဖန်တီးလို့ရတာ။ လက်ဝဲသုန္ဒရအမတ်ကြီးမဲဇာတောင်ခြေရတုရေးတုန်းက သိင်္ဂါရရသတွေ ကရုဏာရသတွေ ပေါ်ပါစေဆိုပြီး တမင်ဖန်တီးယူတာမဟုတ်ဘူး။ သူ့ရင်တွင်းခံစားချက်ကိုသာ ဖော်ကြူးလိုက်တာ။ ဒါကိုဖတ်ရှုရတဲ့သူတွေက အမတ်ကြီးအပေါ် သနားကရုဏာတွေ သက်လာရတာပါ။ ဒါကိုပဲ ကရုဏာရသနဲ့ ပြည့်စုံတယ်လို့ပြောရတာ။ ဒါတွေကို စာရေးဆရာဆိုသူသိမှ သိပါလေစ။ သူပြောသလိုပဲ ရေးရင်းနဲ့ ရသမြောက်သွားတဲ့သဘောပါပဲ။ ဒီသဘောကို သူမသိပေမယ့် စာရေးဆရာဂ တစ်ပြားသားမှ လျှော့မယ့်ပုံတော့မပေါ်ဘူး"

"ဒီမှာ ကိုယ့်ဆရာ .. ကျွန်တော်က ခင်ဗျားပြောသလို ရသကို မဖန်တီးတတ်ပေမယ့် ရသနာမည်လောက်တော့ သိပါတယ်ဗျ၊ သိင်္ဂါရရသ၊ ကရုဏာရသ၊

ဝီရရသ၊ အဗ္ဘုတရသ၊ ဟဿရသ၊ ဘယာနကရသ၊ သန္တရသ၊ ဝိဘစ္ဆရသ၊ ရုဒ္ဒရသဆိုပြီး ရသကိုးမျိုး''

ကျွန်တော်က ပါဠိအဘိဓာန်ထဲက ဂါထာတစ်ပုဒ်ကိုရွတ်ပြီး ရသကိုးမျိုးရှိကြောင်း ပြောပြလိုက်တော့ သူက ကျွန်တော့်ကို မအံ့သြသလိုကြည့်ပြီး ''ဒါတော့လဲ ဒါပေါ့ဗျာ'' လို့ လျှော့ချသွားပါတယ်။ ဘယ်လိုပဲဆိုဆို ကျွန်တော့်ကို စာရေးဆရာပါလို့ မယူဆသေးပါဘူး။ ဒါပေမယ့် သူလိုလူက ပြောတာမို့ မကျေနပ်နိုင်သေးတာတော့ အမှန်ပါပဲ။ ကျွန်တော်ကိုက မိုက်တာပါဗျာ။

''ဒီမှာ ကိုယ့်ဆရာ .. ဘာသာရေးစာရေးဆရာတွေက ကွန့်ရေးလို့မရတာ မှန်ပါတယ်။ ဒါပေမယ့် အရှိအတိုင်းပြောတော့ရော ကိုယ့်လူတို့ နားလည်ပါ့မလား''

''အရှိအတိုင်းပဲဗျာ၊ ဘာနားမလည်စရာရှိလဲ Realism ပေါ့''

သူပြောတဲ့ ရီယယ်လစ်ဇင်ကို ကျွန်တော် နားမလည်ပါ။ ကျွန်တော်ပြောတဲ့ အရှိအတိုင်းနဲ့ ညီမညီ ကျွန်တော်မသိပါ။ သို့သော် ကျွန်တော်က ဆက်၍ –

''ကဲ .. ဒါဆို ခင်ဗျား ''နမောတဿ''ဆိုတာတော့ ရမှာပါ။ အဲဒါက ဘာတုံး''

''ဘုန်းကြီးတွေဆီ သီလယူတဲ့အခါ ထည့်ဆိုတာလေ''

''အဓိပ္ပါယ်က ဘာလဲ''

''သရဏဂုံယူတယ်လို့ ပြောတာပဲ''

'အဲဒါက သရဏဂုံမဟုတ်သေးဘူးဗျ၊ အဲဒါ ဘုရားရှိခိုး။ ဘာဖြစ်လို့ ဘုရားကို ရှိခိုးတာလဲ''

''ဆိုစမ်းပါဦး''

''အပူဇော်ခံထိုက်တဲ့ဂုဏ်၊ သစ္စာ(အမှန်)တရားကို သိတဲ့ဂုဏ်၊ ဘုန်းတော် (၆)ပါးနဲ့ ပြည့်စုံတဲ့ဂုဏ်တွေကြောင့် ဘုရားကို ရှိခိုးရတာ၊ အဲဒီ ဘုရားရှိခိုးကို ဘယ်သူတွေ ရှိခိုးလဲ''

''ဒါတော့ဗျာ .. ဗုဒ္ဓဘာသာတွေ အကုန်ပေါ့''

''အဲလိုတော့ လုံးမချနဲ့ဗျာ၊ ဘယ်သူတွေ စ, ရှိခိုးခဲ့ကြတာလဲလို့ပြောတာ''

''ဒါတော့ ကျွန်တော်တို့က ဘုရားစာမှ မသင်ခဲ့ရတာ ဘယ်သိမလဲ''

''ခင်ဗျားတို့လို မသင်လို့မသိတဲ့သူတွေကို ရေးပြရင်ကော စာရေးဆရာမဖြစ်နိုင်ဘူးလား''

''ရသပါရင် ဖြစ်တာပေါ့''

''လာပြန်ပြီ ရသ၊ ကိုယ့်လူက ရသကို တခမ်းတနား အတော်အထင်ကြီးတာကိုး။ ဒီမှာ ကိုယ့်လူ ရသဆိုတာက လှည်းလမ်းကြောင်းပေါ်က မစင်ပုံတစ်ပုံ အကြောင်း ရေးရင်တောင် ရသပါတယ် ခင်ဗျာရယ့်။ ဝိဘစ္ဆရသလို့ ခေါ်တယ်''

''ဒါဆို နမောတဿလို့ ဘယ်သူတွေက စ,ရှိခိုးတာလဲ''

''နမောတဿနဲ့ ရှိခိုးတဲ့ပုဂ္ဂိုလ် (၈)ဦးရှိတယ်ဗျ''

၁။ သိကြားမင်း
၂။ ကောသလမင်းကြီး
၃။ ဓာဏုသောဏိပုဏ္ဏားကြီး
၄။ ဗြဟ္မာယုပုဏ္ဏားကြီး
၅။ ဓနဉ္စာနီပုဏ္ဏေးမ
၆။ အာရာမဒဏ္ဍပုဏ္ဏား
၇။ ကာရဏပါလီပုဏ္ဏား
၈။ မဟိန္ဒမင်းကြီး

အဲဒီပုဂ္ဂိုလ်ကြီးတွေပဲဗျ။ ရသပါမပါတော့ မသိဘူး။ ခင်ဗျား ဗဟုသုတတော့ ရပါတယ်ဗျာ''

''အင်း .. ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် စာရေးဆရာ (ဘုန်းကြီးတစ်ပါး)က ဘာသာရေးစာရေးဆရာတွေဆိုတာ ပိဋကတ်တွေထဲက ထုတ်ရေးနေတော့ အိုးစရည်းကြီးထဲကနေ ခွက်ကလေးနဲ့ ခပ်ထုတ်နေတဲ့ သဘောပါပဲ–တဲ့''

''ဒါက သူ့သဘောပေါက်လို့ပြောတာပါ။

အားလုံး ဒီလိုချည်းပါပဲ၊ ပိဋကတ်တတ်တဲ့သူက ပိဋကတ်ထဲက ထုတ်ရေးတယ်။ သမိုင်းတတ်တဲ့သူက သမိုင်းထဲက ထုတ်ရေးတယ်။ ဆေးပညာသမားက ဆေးပညာထဲက နိုင်ငံရေးသိပ္ပံတတ်သူက နိုင်ငံရေးသိပ္ပံထဲက ဒီလိုပဲ ကိုယ်တတ်တဲ့ထဲက ထုတ်ရေးကြတာ ဘာဆန်းလဲ . . ၊ အဲ- အဲဒီလိုအတတ်ပညာကို အခြေမခံဘဲ လူမှုဘဝ ဝန်းကျင်က အကြောင်းအရာတွေရေးတော့ ဆောင်းပါးတွေ ဝတ္ထုတွေဆိုတာ ဖြစ်တာပေါ့ဗျာ။ တချို့ပညာရှင်တွေကျတော့ သူတို့ဝတ္ထုထဲမှာပဲ သူတို့ပညာတွေ ထည့်မွှေတာ တွေ့ရတာပေါ့။ ဥပမာ ဆရာဝန်မောင်သင်းက ဆေးပညာဗဟုသုတတွေကို သူ့ဝတ္ထုထဲမှာ ထည့်ရေးတတ်တယ်။ တက္ကသိုလ်ဘုန်းနိုင်တို့၊ ဒေါက်တာကျော်စိန်တို့က စိတ်ပညာ၊ ဆရာနန္ဒာသိန်းဇံက ဒဿနိကဗေဒ၊ ကဲ ဒါတွေဟာ အားလုံး ခွက်ကလေးနဲ့ ခပ်တာချည်း မဟုတ်လား။ ဘာပဲပြောပြော မင်းသမီးနှုတ်ခမ်းနီဆိုးတာ၊ ကြိုးခုန်တာ၊ အင်တာဗျူးလုပ်ရေးပြီး စာရေးဆရာအမည်ခံတာနဲ့စာရင် ခွက်ကလေးနဲ့ခပ်တဲ့သူတွေက အများကြီး သိက္ခာရှိပါတယ်ဗျ''

စာရေးဆရာ ဘာမှပြန်မပြောတော့ပါ။ သူ့ကိုယ်သူရော ခွက်ကလေးနဲ့ခပ်သူလား၊ ရသဖန်တီးတတ်သူလား၊ အင်တာဗျူးသူလား ဝေဖန်နေဟန်တူပါရဲ့။ ကျွန်တော်ကသာ ဆက်ပြီး ဘာသာရေးဗဟုသုတတစ်ခုအကြောင်း ပြောဖြစ်ပါတယ်။

တစ်ခါတုန်းက ကျွန်တော် တပ်မတော်အငြိမ်းစား ဗိုလ်မှူးကြီးတစ်ဦးနဲ့ တွေ့ဖူးပါတယ်၊ သူက ဂါထာမန္တာန်များ အစွမ်းထက်ကြောင်းပြောရင်းနဲ့ သူ့အတွေ့အကြုံတစ်ခုနဲ့ သက်သေထူပါတယ်။

''ကျွန်တော် ဗိုလ်သင်တန်းတက်မယ်ဆိုတော့ ကျွန်တော်တို့ကိုးကွယ်တဲ့ဆရာတော်က စစ်သားလုပ်မယ့်ကျွန်တော့်ကို ဂါထာတစ်ပုဒ်ပေးတယ်ဗျ''

''ယော မာရသေန မာသန္ဓ၊ မာသိန္ဓ ဝိဇယသဝေါ။ တိဏာယပိ န မညိတ္တ၊ သော မေ ဒေတု ဖယံ ဇိနော တဲ့။ အဓိပ္ပါယ်က ဘာမှန်းမသိဘူး။ ကျည်လွဲဂါထာတဲ့။ ကျွန်တော် အမြဲရွတ်တယ်။ အဲဒါကြောင့်မို့လားတော့ မသိဘူး။ ကျွန်တော် ဗိုလ်မှူးကြီးဖြစ်ပြီး အနားယူသည်အထိ တစ်ခါမှ ဒဏ်ရာမရဖူးဘူး''တဲ့။

ဒါ ဗိုလ်မှူးကြီးဟောင်းတစ်ဦး ပြောပြတဲ့စကားပါ။ သူရွတ်တဲ့ဂါထာက အခု ပထမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာဖြစ်တဲ့ ''အလင်္ကာကျမ်း''ထဲက ဂါထာတစ်ပုဒ်ပါ။ မြတ်စွာဘုရားသခင်ဟာ အနီးကိုချဉ်းကပ်လာတဲ့ မာရ်နတ်ရဲ့ စစ်သည်တွေပစ်လွှတ်တဲ့ လက်နက်လေးမြားတွေကို မြက်တစ်မျှင်(ကောက်ရိုးတစ်ပင်)လောက်တောင် အောက်မေ့တော်မမူပါဘူးတဲ့။ အဲဒီလို အောင်ပွဲရသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အောင်ခြင်းမင်္ဂလာ ပေးသနားပါလို့ အောင်မြင်မှုကို တောင်းတဲ့ဂါထာလို့ ကျွန်တော် နားလည်လိုက်ပါတယ်။

''ဗိုလ်မှူးကြီးပြောတာ ဖြစ်နိုင်ပါတယ်။ ဒါက တိုက်ခိုက်ရေးနဲ့ပတ်သက်ပြီး ဘုရားရှင်အောင်မြင်မှုရပုံ၊ အဲဒီလို အောင်မြင်တဲ့မြတ်စွာဘုရားထံက တပည့်တော်ကို အောင်ခြင်းမင်္ဂလာပေးပါလို့ တောင်းလိုက်တာပဲ။ ဒါ အင်မတန် ယုတ္တိရှိပါတယ်။ မြားစွဲတဲ့သူဆီက ပီယဆေးတောင်းတဲ့သဘောပဲ။ ကျွန်တော်တို့ အဘိဓမ္မာသဘောအရ ဘုရားရှိခိုးတာကို ပဏာမစေတနာလို့ ခေါ်တယ်။ ဒီပဏာမစေတနာက အန္တ ရာယ နိဝါရဏ- အန္တရာယ်ကို ကာကွယ်တဲ့ သဘောရှိသတဲ့။ ကောင်းမှုမကောင်းမှုလုပ်တဲ့နေရာမှာ အဲဒီ ကောင်းမကောင်း လုပ်ဆောင်ချက်တွေရဲ့ အားအဟုန်ဆိုတာ ရှိပါတယ်။ အဲဒီအရှိန်အဟုန်ကို ''ဇော''လို့ခေါ်တယ်။ ဇောက ''ရ''ကြိမ်တောင်ဇောတာ။ အခုရှိခိုးတဲ့ ပဏာမစေတနာကတော့ ကုသိုလ်ပထမဇောလို့ ခေါ်တယ်။ အဲဒီ စေတနာက အခုဘဝအတွင်းမှာပဲ အကျိုးပေးနိုင်တဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံမျိုးဖြစ်တော့ ဗိုလ်မှူးကြီး ကျည်

တောင်းပန်အပ်ပါသည်

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ သက်တော်(၈၀)ပြည့်အထိမ်းအမှတ် ပတ္တမြားရတုစာစောင်အား အချိန်မီထွက်ရှိရေး၊ လုပ်ကိုင်ဆောင်ရွက်ရသည့်ကာလမှာ အချိန်တိုတောင်းလွန်းသဖြင့် တက်သုတ်ရိုက် စီစဉ်ရပါသောကြောင့် သတ်ပုံအမှားများ၊ ကင်းစင်နိုင်သမျှ ကင်းစင်အောင် ဆောင်ရွက်ထားပါသော်လည်း အမှားအယွင်းများ၊ ပါရှိနိုင်ပါသည်။ အဆိုပါအမှားများအား သဘောထားကြီးစွာဖြင့် ပြင်ဆင်ဖြည့်စွက် ဖတ်ရှုကြပါရန်နှင့် အချို့သောစာမူများအား စာစောင်အယ်ဒီတာအဖွဲ့၏ မူနှင့် ကိုက်ညီမှုမရှိပါသောကြောင့်လည်းကောင်း၊ ကိုက်ညီမှုရှိသော်လည်း စာဖောင်အကန့်အသတ်ကြောင့်လည်းကောင်း၊ စိတ်မကောင်းခြင်းများစွာဖြင့် ချန်လှပ်ခဲ့ရသည်ကို နားလည်ခွင့်လွှတ်နိုင်ပါရန် တောင်းပန်အပ်ပါသည်။

အယ်ဒီတာအဖွဲ့

မသင့်ခဲ့တာ ဖြစ်နိုင်တာပေါ့။ ဖြစ်နိုင်တယ်လို့ပြောတာ နော်မိုလ်မှူးကြီးဖြစ်တယ်လို့ Definite ပြောတာ မဟုတ်ဘူး"

"ဪ . . ဒီလိုလား"

"ဇောက (၇)ကြိမ်ဆိုတော့ ပထမဇောက ဒီဘဝထဲမှာ အကျိုးပေးတယ်။ သတ္တမ (၇)ခုမြောက်ဇောက ဒုတိယဘဝအကျိုးပေးတယ်။ ဒုတိယစတာတွေက တတိယဘဝ စသည်မှာ အကျိုးပေးတာကိုး။

"သာဓုပါပဲ မောင်ရင်ရာ။ တို့ကတော့ ဗုဒ္ဓဘာသာဝင်ဆိုပေမယ့် ဗုဒ္ဓအဘိဓမ္မာနဲ့တော့ ရွှေပြည်တော်မျှော်တိုင်းဝေး ပဲ။ မောင်ရင်တို့ ပိဋကတ်စာတွေတတ်တာ ကံကောင်းတာပေါ့"

ဒါက မိုလ်မှူးကြီးဟောင်းတစ်ဦးရဲ့ မှတ်ချက်ပါ။ ဒီအတွေ့အကြုံကို ကျွန်တော် စာရေးဆရာကို ဖောက်သည်ချတော့ သူကတော့ ရသမပါလို့ ရင်ထဲမှာ သိပ်ငြိပုံ မရပါဘူး။ ကျွန်တော်က တစ်ချိန်လုံး ငြိမ်နေတဲ့သူ့ကို အာရုံနှိုးတဲ့အနေနဲ့

"ဘယ့်နှယ်လဲ ကိုယ့်ဆရာ၊ အခု ကျွန်တော်တို့ ပြောနေတာတွေကို စာရေးရရင် ကောင်းမလားလို့"

"ကောင်းပါတယ် ရေးပါ"

"ရေးပါဆိုတော့ ဘယ်လိုရသတွေပါတာတွေ့လို့လဲ"

"ရသပါပါမပါပါ ရေးသင့်ပါတယ်ဗျာ၊ ဗဟုသုတပေါ့"

ကဲ-ကြည့်။ ကျွန်တော် စာရေးဆရာမဖြစ်တာ အပထား၊ ရေးသင့်တယ်ဆိုတဲ့ ခွင့်ပြုထောက်ခံချက်တော့ ရပြီပေါ့ဗျာ။ စာရေးဆရာဆိုသူကတော့ ဒီထဲမှာ ဘာရသတွေပါတယ်ဆိုတာ သူမသိလိုက်ရှာပါဘူး။ ဒီထဲက ရသကိုးပါးဖော်ပြတဲ့ အဘိဓာန်ဂါထာလေးက သမာသဩဇာဂုဏ်မြောက်တဲ့အကြောင်း။ ဒီလို ဂုဏ်မြောက်အောင် ရေးတဲ့

ကုသိနာရုံဆရာတော်ကြီး

ဉာဏိသာရ၊ ဘွဲ့နာမနှင့်
စာဂမြင့်မြတ်၊ ပရိယတ်နှင့်
စာတတ်ဘုန်းမော်၊ ရဟန်းတော်သည်
အဟော်ဝတ၊ သာသနာ့တွက်
ဗုဒ္ဓဘုရား၊ ကျောင်းဆောင်များနှင့်
မြောက်မြားစုစု၊ သာသနာပြုသည့်
ဗဟုလုပ်ရပ်များပါသည်။

ဗုဒ္ဓဘာသာ၊ သာသနာသို့
များစွာလူသား၊ ဘာသာခြားတို့
လှုပ်ရှားတက်ကြွ၊ ဝင်လာကြအောင်
စည်းရုံးဆောင်၍ လမ်းပြသူ။

ချမ်းသာကြီးဘုရား၊ ဘာသာခြားသို့
တည်ထားကိုးကွယ်၊ တန်ခိုးကြွယ်၍
အံ့ဖွယ်အတိ ထူးပါဘိ။

ရှစ်ဆယ်သက်တော်၊ ပြည့်ခဲ့သော်လည်း
မွေ့လျော်သာသနာ၊ မြောက်မြားစွာကို
စိတ်မှာလန်းဆန်း၊ အံ့မခန်းအောင်
မပန်းမမော လုပ်နေသည်။

အသက်ရာကျော်၊ ရှည်စေသော်ဟု
တပည့်တော်က၊ စိတ်ဖြူလွှဖြင့်
နှုတ်မှရေရွတ် တောင်းမိသည်။ ။

ထီလာစိုးမြင့်ထယ်

ကျမ်းပြုဆရာရဲ့ ဝိရိယဟာ ဝီရိယသမြောက်ကြောင်း၊ အံ့ဩဖွယ် အဗ္ဘုတရသတွေ ပဏာမစေတနာနဲ့ အကျိုးတရားများဖြစ်တဲ့ သန္တရသတွေကို သူဘယ်လိုသိနိုင်မလဲ။ ဒီရသတွေ ပါပါစေတော့ဆိုပြီး အထူးရေးနေတာတော့ မဟုတ်ပါဘူး။ ရေးရင်းနဲ့ပါသွားတဲ့ ရသတွေပါ။

ဒီဆောင်းပါးချုပ်ရရင် -

- စာရေးသူကျွန်တော်
- စာရေးဆရာ မိတ်ဆွေတစ်ဦး
- တပ်မတော်အငြိမ်းစား ဗိုလ်မှူးကြီးဟောင်းတစ်ဦး
- ပါဠိအဘိဓာန်ဂါထာတစ်ပုဒ်
- အလင်္ကာကျမ်းပါ ဂါထာတစ်ပုဒ်
- ဇော (၇)ကြိမ် အကျိုးပေးပုံ

ဒါတွေကို အခြေခံပြီး ဒီစာကို ရေးလိုက်တာပါ။ စာရေးဆရာဖြစ်တာ မဖြစ်တာထက် ဘာသာရေးအကြောင်းအရာတွေ ရေးသားလိုတဲ့ ညီတော်မောင် ပဉ္စင်းလေးများအတွက် စာရေးပုံသဲလွန်စတစ်ခု ဖြစ်မယ်ထင်တာပဲ။

ကိုရွှေသောင်းဝင်း

၅၄ ဂယာကို ဘုရားဖူးသွားချင်ခဲ့တာကြာပါပြီ၊ အကြောင်းမညီညွတ်လို့ တော်တော်နဲ့ မရောက်နိုင်ခဲ့ပါဘူး။ (၂၀၁၂)ခုနှစ်မှာတော့ လုပ်စရာအလုပ်တွေ အားလုံးကို ဖြတ်တောက်ပြီး ဇန်နဝါရီလမှာ အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နဲ့ နီပေါနိုင်ငံများကို ဘုရားဖူးထွက်ခဲ့ပါတယ်။ ဘုရားဖူးပေါင်း (၁၂၀) ကျော်ကို သုံးအုပ်စုခွဲပြီး သွားရပါတယ်။ ကျွန်မတို့အဖွဲ့က ဘုရားဖူး (၃၈)ဦးပါပါတယ်။ ရောက်တဲ့နေ့ မဟာဗောဓိဘုရားကြီးကို ဦးတိုက်ပြီး နောက်နေ့မှာတော့ ညွှေ့လမ်းညွှန် မောင်သက်ခိုင်နဲ့ မောင်မျိုးဇော် ဦးဆောင်ပြီး ရာဇဂြိုဟ်ကို ထွက်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ အအေးဆုံးအချိန်ဖြစ်လို့ ဘုရားဖူးများမှာ အနွေးထည်အထပ်ထပ် ဝတ်ထားကြရ

မြစ်ကူးတံတားကြီးမှာ ရှည်လျားလှပါတယ်။ နောက်ထပ် တစ်နာရီနီးနီး ကားမောင်းချိန်ကြာတော့ အိန္ဒိယရဲ့ မြစ်ကြီးငါးသွယ်မှာပါတဲ့ ယမုန်နာမြစ်ကို ရောက်ပါတယ်။

နေ့လယ် (၁၃း၃၀)ခန့်မှာတော့ ဗုဒ္ဓဝင်မှာ အထင်ကရဖြစ်တဲ့ ဝေသာလီမြို့ကို ရောက်ပါတယ်။ လိစ္ဆဝီမင်းသားတွေဟာ အများဆန္ဒအရ တိုင်ပင်ညှိနှိုင်းပြီး ဝေသာလီမြို့ကို အုပ်ချုပ်ခဲ့ကြလို့ ပြည်သူတွေနဲ့ တသားတည်းကျပြီး ညီညွတ်အေးချမ်းသာယာ စည်ကားခဲ့တယ်လို့ ဆိုပါတယ်။ တစ်နည်းအားဖြင့် ဝေသာလီမြို့က ဘုရားလက်ထက် မတိုင်မီကပင် ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဂင်္ဂါမြစ်ကမ်းဘေး ကုန်းမြင့်ပေါ်မှာ မြို့တည်ထားလို့လည်း ရောင်းဝယ်ဖောက်ကားမှု အချက်အချာကျခဲ့ပါတယ်။ မြို့က

တစ်ခါတုန်းကဝေသာလီ

မအေးချမ်း

ပါတယ်။ ရာဇဂြိုဟ်က ဘုရားတွေဖူးပြီး နာလန္ဒာမှာ အိပ်ကြပါတယ်။ (၄-၁-၂၀၁၂)နေ့ ကုသိနာရုံကို ခရီးဆက်ဖို့ နံနက်စောစော ထွက်ခဲ့ကြပါတယ်။ ပြာသိုလဖြစ်လို့ လမ်းတစ်လျှောက် နှင်းတွေဝေနေပါတယ်။ ရာသီကအေးတော့ မပင်ပန်းကြပဲ ခရီးသည်အားလုံး လန်းဆန်းကြည်လင်နေကြပါတယ်။

နံနက် (၉း၃၀)နာရီလောက်မှာတော့ ကျွန်မ အလွန်မြင်ချင်တွေ့ချင်ရောက်ဖူးချင်လှတဲ့ ဂင်္ဂါမြစ်ကို ဖြတ်ပါတယ်။ ဂင်္ဂါမြစ်က တော်တော်ပင် ကျယ်ပါတယ်။

စည်ကားပြီး လူဦးရေ တစ်နေ့တခြား တိုးပွားလာပါတယ်။ လူဦးရေတိုးလာတိုင်း မြို့ကို ချဲ့ထွင်ပြီး တံတိုင်းကာတဲ့ အတွက် တံတိုင်း (၃)ထပ်ရှိပါတယ်။ မြတ်စွာဘုရားလက်ထက်မှာပဲ ဝေသာလီမှာ ရောဂါကပ်ရောက်ပြီး ဘီလူးများ အန္တရာယ်နဲ့ ကြုံရပါတယ်။ ဒီတစ်ခါ မြတ်စွာဘုရားက ညီတော်အာနန္ဒာကို ရတနသုတ် ရွတ်စေပါတယ်။ ညီတော်အာနန္ဒာလည်း တံတိုင်း (၃)ထပ်ကြားမှာ စင်္ကြံနှင့်ကြွရင်း ရတနသုတ်ကို ရွတ်ဖတ်တဲ့အတွက် ဘီလူးအန္တရာယ်က ကင်းသွားပါတယ်။

ကျွန်မကတော့ ရတနသုတ်ပရိတ်တရားတော်ကို ကြားနာရတိုင်း အရှင်အာနန္ဒာနဲ့ ဝေသာလီမြို့ကို မြင်ယောင်လာပါတယ်။ ရတနသုတ်ရွတ်စဉ်ကာလမှာ မြတ်စွာဘုရားနဲ့ ညီတော်အာနန္ဒာတို့နဲ့အတူ ရဟန်းများ ပါရှိနေတဲ့အတွက် လိစ္ဆဝီမင်းသားတွေက ဝေသာလီမြို့မှာ ကူဋာဂါရကျောင်းကို ဆောက်လုပ်လှူဒါန်းပါတယ်။ ဝေသာလီမြို့အကြောင်းပြောရင်တော့ အမ္ဗပါလီအကြောင်း ပါလာမှာပဲ ဖြစ်ပါတယ်။ ရုပ်ဆင်း အင်္ဂါ အလွန်ချောမောလှပတဲ့ အမ္ဗပါလီကို မင်းညီမင်းသားတွေနဲ့ သူဌေးသူကြွယ်တွေက ပိုင်ဆိုင်ချင်ကြပါတယ်။ တစ်ဦးတစ်ယောက်တည်းရဲ့ ပိုင်ဆိုင်မှုအတွက် ပေးလို့ မဖြစ်ပါဘူး။ ဒါကြောင့် အမ္ဗပါလီကို ဘုံပိုင်ဆိုင်တဲ့ ပြည့်တန်ဆာအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်၊ ဒါကလည်း အတိတ်ဘဝက သူတစ်ပါးအပေါ် ဝစီကံနဲ့ ပြောခဲ့မိတဲ့ ဝဋ်ကြွေးကြောင့် ဖြစ်ပါတယ်။ ဒါပေမယ့် အမ္ဗပါလီက အဆိုးထဲကအကောင်းကို ရှာခဲ့ပါတယ်။ မြတ်စွာဘုရား ဝေသာလီကို ကြွလာတဲ့အခါ မြတ်စွာဘုရားနဲ့ ရဟန်းငါးရာကို ဆွမ်းကျွေးခွင့်ရတဲ့ အပြင် သူပိုင်တဲ့ အမ္ဗဝန သရက်တောမှာ ကျောင်းဆောက် လှူဒါန်းခဲ့ပါတယ်။ မင်းညီမင်းသား သူဌေး သူကြွယ်များကတောင် အမ္ဗပါလီကို အားကျခဲ့ရပါတယ်၊ အမ္ဗပါလီရဲ့သား ဝိမလကောဏ္ဍညကလည်း ဘုရားရဲ့ တပည့်သား မထေရ်တစ်ပါးဖြစ်နေလို့ ဘုရားရဲ့ တရားကို နာရသလို သားဖြစ်သူ မထေရ်ရဲ့ တရားကိုလည်း နာခဲ့ရသူဖြစ်ပါတယ်။ ဒါကြောင့်လည်း လောကီဘဝကို စွန့်ပယ်ပြီး သာသနာ့ဘောင်ကို ဝင်ခဲ့ပါတယ်။

ဝေသာလီသူ အမ္ဗပါလီ ရဟန်းဘောင်ဝင်နိုင်ခဲ့တာကလည်း ညီတော်အာနန္ဒာကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ညီတော်အာနန္ဒာရဲ့ လျှောက်တင်ချက်ကြောင့်ပဲ

ဝေသာလီမှာ ဘိက္ခုနီသာသနာ စခဲ့ပါတယ်။ မိထွေးတော် ဂေါတမီနဲ့ သာကီဝင်မင်းသမီးတွေ ဘုရားနောက်လိုက်လာပြီး ရဟန်းဝတ်ခွင့်တောင်းပေမယ့် ဘုရားက မိန်းမများကို သာသနာ့ဘောင် ဝင်ခွင့်မပြုခဲ့ပါဘူး။ မြတ်စွာဘုရား ဝေသာလီအကြွမှာ မိထွေးတော်နဲ့ မင်းသမီးများ ရောက်လာပြန်ပြီး အရှင်အာနန္ဒာကို လျှောက်ထားပေးဖို့ တောင်းပန်ကြပါတယ်။ ညီတော်အာနန္ဒာလျှောက်ထားပေမယ့် ဘုရားက ပယ်ချပြန်ပါတယ်။ မိထွေးတော်ဂေါတမီရဲ့ ဘုရားအပေါ် ကျေးဇူးကြီးမားပုံလျှောက်ထားတော့မှ နောက်ဆုံး ဝေသာလီမှာ မယ်တော်ကြီးနဲ့ မင်းသမီးများ ဘိက္ခုနီဝတ်ခွင့် ရသွားပါတယ်။ ဒီအကျိုးဆက်ကြောင့် အမ္ဗပါလီ ရဟန်းဝတ်ခွင့် ရသွားတာပဲဖြစ်ပါတယ်။

လိစ္ဆဝီမင်းများနဲ့ မြတ်စွာဘုရား အကျွမ်းတဝင်ရှိပုံထောက်ရင် မြတ်စွာဘုရားက ဝေသာလီမြို့ ဝေဠုဝရွာမှာ တစ်ဝါသာဆိုခဲ့ပေမယ့် အခြားဝါပကာလ ဒေသစာရီကြွချီရာမှာလည်း ဝေသာလီကို မကြာခဏ ရောက်ခဲ့ပုံရပါတယ်။ လိစ္ဆဝီမင်းသားတွေ ညီညွတ်နေသမျှ ဝေသာလီကို ရန်သူများ မတိုက်ခိုက်နိုင်ဘူးလို့ မြတ်စွာဘုရားက မိန့်ခဲ့ပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့အခါမှာတော့ အဇာတသတ်မင်းဟာ လိမ္မာပါးနပ်တဲ့ ဝဿကာရပုဏ္ဏားကို စေလွှတ်ပြီး လိစ္ဆဝီမင်းများ ညီညွတ်မှုပျက်ပြားအောင် ဆောင်ရွက်စေပြီး ဝေသာလီကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ပါတယ်။ သူတစ်ပါး သွေးထိုးလှုံ့ဆော်မှုကြောင့် ညီညွတ်ခဲ့တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပျက်သုဉ်းရတာကလည်း သင်ခန်းစာယူစရာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ဝေသာလီကတော့ ရေခံမြေခံကောင်းခဲ့လို့ထင်ပါရဲ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းတစ်ရာကြာတဲ့အခါမှာတော့ "ကာလာသောကမင်း" က ဝေသာလီမှာ ဒုတိယသင်္ဂါယနာတင်ပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ဘုရားဖူးအဖွဲ့တွေ ဒုတိယသင်္ဂါယနာတင်ရာနေရာ အထိမ်းအမှတ်စေတီနဲ့ အသောက ကျောက်စာတိုင်ကို ဖူးတွေ့လေ့လာခွင့် ရခဲ့ပါတယ်။ ဝေသာလီမှာ လိစ္ဆဝီမင်းများ ဝေစုရတဲ့ဘုရားဓာတ်တော် ဌာပနာတဲ့ စေတီနေရာကိုလည်း ဖူးတွေ့ရပါတယ်။ အဲဒီ ရေ့မလှမ်းမကမ်းမှာတော့ လိစ္ဆဝီမင်းများ ခေါင်းဆောင်မင်္ဂလာပြုတဲ့ ရေကန်ရှိပါတယ်။ ရတနသုတ်နဲ့ ဘီလူးဘေးအန္တရာယ်ကို ကာကွယ်ပေးခဲ့တဲ့ ညီတော် အာနန္ဒာကို ဝေသာလီမြို့သားများ ချစ်မြတ်နိုးကြသလို ဘုရားရဲ့ အရိပ်သဖွယ် ထပ်ချပ်မကွာ ဘုရားနောက်တော်ပါးက ပါနေခဲ့တဲ့ အာနန္ဒာအရှင်သူမြတ်ကို ရာဇဂြိုဟ်သားများကလည်း အလေးထားကြမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း အရှင်အာနန္ဒာ အရှင်သူမြတ်ကြီးက ရာဇဂြိုဟ်နဲ့ ဝေသာလီအချင်းမများရအောင် နယ်ခြားဖြစ်တဲ့ ဂင်္ဂါမြစ်ရဲ့ ကောင်းကင်ယံမှာ ကိုယ်ကိုနှစ်ပိုင်းခွဲပြီး ရာဇဂြိုဟ်တစ်ဝက်၊ ဝေသာလီတစ်ဝက်ကျပြီး တိုင်းပြည်နှစ်ပြည်လုံး ပူဇော်ခွင့်ရအောင် အဓိဋ္ဌာန်နဲ့ ပရိနိဗ္ဗာန် ပြုခဲ့ပါတယ်။ ဒါကြောင့်လည်း ဝေသာလီမှာ အာနန္ဒာတစ်ဝက် စေတီထည့်ထားကိုးကွယ်တယ်လို့ သိရပါတယ်။

ကျွန်မတို့ ဝေသာလီကအထွက်မှာတော့ ညှော်လမ်းညွှန်လေးများဖြစ်ကြတဲ့ မောင်သက်နိုင်နဲ့ မောင်မျိုးဇော်တို့က မြတ်စွာဘုရား အာယုသင်္ခါရလွှတ်ရာ "စာပါလ"စေတီကို ညွှန်ပြလို့ ကားလမ်းနံဘေးမှာ ဖူးတွေ့ရပါတယ်။ စာပါလစေတီကို ဖူးရတော့ မဟာသောတာပန်သာဖြစ်သေးတဲ့ ညီတော် အာနန္ဒာပူဆွေးသောကရောက်ရပုံ၊ ဘုရားရှင်ကို ချစ်ခြင်းကြီးစွာနဲ့ လုပ်ကျွေးပြုစုခဲ့ရှာတဲ့ ညီတော်အာနန္ဒာရဲ့ ငိုကြွေးပုံတို့ကို မြင်ယောင်ပြီး စိတ်မကောင်းဖြစ်မိပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဖို့ ကုသိနာရုံကို ကြွချီပါတယ်။ ဒါကိုသိတဲ့ ဝေသာလီမြို့သူမြို့သားတွေကလည်း ဘုရားနောက်က တကောက်ကောက်လိုက်ပါလာကြပါတယ်။ ဒီအကြောင်းကိုတွေးမိတော့ ဝေသာလီမြို့သူ မြို့သားများနဲ့ အတူ ကျွန်မပါ ဝမ်းနည်းမှုကို ခံစားလာရပါတယ်။

နောက်ဆုံးတော့ မြတ်စွာဘုရားက ဆက်မလိုက်ကြဖို့ တားပါတယ်။ ဝေသာလီမြို့သူမြို့သားများကလည်း မြတ်စွာဘုရားကို နောက်ဆုံးဖူးမြော်ရတာဖြစ်လို့ လှည့်ပြီး မပြန်လိုကြပါဘူး။ မြတ်စွာဘုရားလည်း ဝေသာလီမြို့သူမြို့သားများကို သနားတော်မူလို့ သပိတ်တော်ကြီးကို ပေးစွန့်ခဲ့ပါတယ်၊ ဝေသာလီသားတွေလည်း ဘုရားစကားကို မပယ်ရှားလိုလို့ သပိတ်တော်ကြီး လက်ခံပြီး နေရစ်ခဲ့ကြရပါတယ်။ ဒါကြောင့် ဝေသာလီမြို့သားများ သပိတ်တော်ကို ဌာပနာပြီးတည်ခဲ့တဲ့ ''ကက်စရိယ''စေတီကြီးကိုလည်း ကားလမ်းဘေးမှာ ဖူးတွေ့ခဲ့ရပါတယ်။

မြတ်စွာဘုရားလည်း ကုသိနာရုံကို ဦးတည်ကြွချီပါတယ်။ ဝေသာလီမြို့ အထွက်နားရောက်တော့ ခေတ္တရပ်နားပြီး နောက်မှာကျန်ခဲ့တဲ့ ဝေသာလီမြို့ကြီးဆီကို လှမ်းမျှော်ကြည့်နေပါသတဲ့။ ဘုရားရှင်ရဲ့ ထူးခြားတဲ့ အမူအယာကြောင့် အကြောင်းရင်းကို ညီတော်အာနန္ဒာက လျှောက်ထားမေးမြန်းတဲ့အခါ ''ဝေသာလီကို ငါဘုရား နောက်ဆုံးကြည့်ခြင်းပဲ''လို့ မိန့်တော်မူပါတယ်။ ပရိနိဗ္ဗာန်စံတော့မယ်မှန်း သိနေတဲ့ ညီတော်အာနန္ဒာရင်ထဲမှာ ဝမ်းနည်းပူဆွေး၍ နေရှာပေမည်။ မြတ်စွာဘုရားအတွက်၊ ညီတော်အာနန္ဒာအတွက်၊ သာသနာအတွက် အမှတ်တရတွေများလှတဲ့ ဝေသာလီဖြစ်ပါတယ်။

မြတ်စွာဘုရား သီတင်းသုံးခဲ့ရာ ဝေသာလီ၊ ညီတော်အာနန္ဒာ ရတနသုတ်ရွတ်ဖတ်ခဲ့ရာ ဝေသာလီ၊ အမ္ဗပါလီရဲ့ မွေးရပ်မြေ ဝေသာလီ၊ ဓာတ်တော်များ ကိန်းဝပ်ခဲ့ရာ ဝေသာလီ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ခဲ့ရာ ဝေသာလီ၊ အမှတ်ရစရာတွေများလှတဲ့ တစ်ခါတုန်းက ဝေသာလီကို ကျွန်မကတော့ အခုတိုင်မြင်နေဆဲ၊ လွမ်းနေရဆဲဖြစ်ပါတယ်။

(ဤစာမူဖြင့် သက်တော် (၈၀)ပြည့်သည့် ကုသိနာရုံဆရာတော်ကြီးအဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဇ ဒွန္တညာဏိဿရအား ပူဇော်ကန်တော့ပါသည်ဘုရား)

မအေးချမ်း

ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တညာဏိဿရ၏ ဩဝါဒ

ပြည်ပသာသနာပြုရတယ်ဆိုတာ သာမည ဖွဲလှံ့လစီရိယလောက်နဲ့ မထွန်းပေါက်နိုင်ပါဘူး။ ထက်မြက်တဲ့အမြင်၊ သွက်လက်တဲ့ခြေလှမ်း၊ မမောပန်းတဲ့ခန္ဓာကိုယ်၊ မပြိုလဲတဲ့စိတ်ထား၊ ပြင်းပြတဲ့ သမာဓိအား၊ တစ်ဖက်သားအပေါ်ထားရှိတဲ့ မေတ္တာစေတနာတွေကို စိုက်ထုတ်နိုင်ဖို့လိုတယ်။ ဒုက္ခတွေကိုလည်း နည်းမျိုးစုံ ကြုံရ၊ ဆုံရတတ်ပါတယ်။

အစားဆင်းရဲခြင်းဒုက္ခ၊ အနေဆင်းရဲခြင်းဒုက္ခ၊ အဝတ်မပြည့်စုံခြင်းဒုက္ခတွေကို ပထမဆင့်တွေ့နိုင်တယ်။ နောက်ပြီး မိမိကိုယ်တိုင် သူတစ်ပါးကြည်ညိုနိုင်ဖို့ အတွင်းအား၊ အပြင်အားတွေနဲ့ ပြည့်စုံဖို့လိုပါတယ်။

အတွင်းအားက သီလ၊ သမာဓိ၊ ပညာရှိဖို့ပါ။ အပြင်အားကတော့ ဘွဲ့တွေ၊ ဂုဏ်ထူးဝိသေသတွေပေါ့။ ဒါမှ သာသနာပြုရတာ နည်းနည်းလွယ်သွားနိုင်ပါတယ်။

ကမ္ဘာ့ဗုဒ္ဓသာသနာ့အာဇာနည်ကုသိနာရုံဆရာတော်ကြီး၏ ကြိုင်လှိုင်သင်းပျံ့မွှေးရနံ့များ



မင်းရွှေမင်း(တောင်ကုတ်)

မြန်မာနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်တစ်ဆူဖြစ်တော်မူသော သာသနာ့အာဇာနည် အိန္ဒိယနိုင်ငံ ယူပီပြည်နယ်၊ ကုသိနာရုံမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေတော်မူသော ဘဒ္ဒန္တဉာဏိဿရမထေရ်မြတ်သည် အိန္ဒိယနိုင်ငံ၌ အနေဆင်းရဲ **အစားဆင်းရဲ** ခံပြီး ဆွေကွဲ မြေခြားနှင့် အမိမြန်မာနိုင်ငံကိုပါ ကျောခိုင်း၍ ဖွဲ့နပဲကြီးစွာဖြင့် ဗုဒ္ဓသာသနာကို အဆောက်အဦးများ၊ ဗုဒ္ဓဘာသာအယူဝါဒများ တိမ်ကော ပျောက်ကွယ်မသွားရလေအောင် (၁၉၆၃)ခုနှစ်မှ ယခု (၂၀၁၅)ခုနှစ်ထိ **နှစ်ပေါင်း**

(၅၂)တိုင်တိုင် ထိန်းသိမ်းစောင့် ရှောက်လျက်ရှိနေသည့် မြန်မာပြည်သားကျေးဇူးရှင် ရဟန်းတော်ကြီးတစ်ပါးအနေဖြင့် မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်များအနေဖြင့် အထူး ဂုဏ်ယူဝမ်းမြောက်စွာ ဂုဏ်ပြုပူဇော်ထိုက်လှပေသည်။

ဆရာတော် ဘဒ္ဒန္တဉာဏိဿရမထေရ်မြတ်ကြီးသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငါးဖင်ရိုင်းချောင်းကျွန်း၊ ဗီးပင်ကြီးကျေးရွာနေ အဘ ဦးမောင်ကျော်သူ၊ အမိ ဒေါ်ဝင်းမြဦးတို့မှ မြန်မာသက္ကရာဇ် (၁၂၉၈)ခု၊ တန်ဆောင်မုန်းလဆုတ် (၁၃)ရက် (၁၀–၁၁–၁၉၃၆)ခု အင်္ဂါနေ့တွင် ဖွားမြင်တော်မူ၍ ငယ်မည်မှာ မောင်အောင်ဖံဝေဖြစ်သည်။ (၁၄)နှစ်သားအရွယ်တွင် မိမိရွာကျောင်း၌ ရှင်သာမဏေပြု၍ ရှင်ဉာဏိဿရ ဘွဲ့အမည်ကို ခံယူခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပညာသင်ယူပြီး (၁၃၁၈)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက် (၃–၆–၁၉၅၆) တနင်္ဂနွေနေ့ နံနက် (၈)နာရီအချိန်တွင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိပြီး မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် ဝိနည်းစာပြန်ပွဲ၊ ပထမငယ်၊ လတ်၊ ကြီးတန်းနှင့် အစိုးရဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူခဲ့ပြီး၊ မင်္ဂလာရာမပါဠိတက္ကသိုလ်နှင့် မန္တလေးမစိုးရိမ်တိုက်များမှ စာချဆရာတော်များထံတွင် ပါဠိအဋ္ဌကထာ ဋီကာ စသော အထက်တန်းကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်သည် ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ၏ ပင့်ခေါ်မှုကြောင့် (၁၉၆၃)ခုနှစ် ဩဂုတ်လမှစ၍ အိန္ဒိယနိုင်ငံ ကုသိနာရုံကျောင်းသို့ ရောက်ရှိပြီး အိန္ဒိယ သက္ကတနှင့် အင်္ဂလိပ် ဘာသာတို့ကို ဆက်လက်လေ့လာသင်ယူခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ပညာများ ဆက်လက်သင်ယူခဲ့ရာ (၁၉၈၆) ခုနှစ်တွင် **(B.A)** ဘွဲ့ ရရှိပြီးနောက် **(M.A)** သမိုင်း၊ **(M.A)** ပါဠိနှင့် **(L.L.B.)** ဥပဒေဘွဲ့များအပြင် အိန္ဒိယ တိုင်းရင်းဆေးဆရာဝန် အာယုဗေဒ **(B.A.M.A.S)** ဘွဲ့ စသည်တို့ကိုပါ အောင်မြင်တတ်မြောက်ခဲ့သည်။ ထို့အပြင် ကမ္ဘာ့သာသနာပြု ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိ၏ သာသနာပြုလုပ်ငန်းများ၌လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။ (၁၉၇၂)ခုနှစ်တွင် ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိ သက်တော် (၉၇)နှစ်အရွယ်၌ ပျံလွန်တော်မူသွားခဲ့ရာ ဆရာတော်ကြီး၏ လက်ရှိ သာသနာပြုလုပ်ငန်းများဖြစ်သော ဦးစန္ဒြမဏိ အခမဲ့မူလတန်း ကျောင်း၊ မဟာဝိရနှင့် ရာခေကြီဆနာ အလယ်တန်းကျောင်း၊ မာလကီးပန်ဒေး မိန်းကလေးအထက်တန်းကျောင်း၊ ဗုဒ္ဓ ဒီဂရီကောလိပ် စသည့် လက်ရင်းလက်ငုတ် လုပ်ငန်း တာဝန်ကြီးများကို ကျောင်းအုပ်ဆရာတော်ကြီးအဖြစ်ဖြင့် ဆက်လက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်နေရသည်။

ဆက်လက်၍လည်း အသက်မွေးဝမ်းကျောင်းပညာ သင်ဌာနများဖြစ်သော ဘဂျကရိုက်ယာရွာကော်ဖေယက် သင်တန်းကျောင်း၊ ကုသိနာရုံ ကော်ဖေယက်သင်တန်း ကျောင်းတို့ကို ဆက်လက်ဖွင့်လှစ်သည့်အပြင် ဗီဟာပြည်နယ် ဆီဝန်းခရိုင်၌လည်း မူလတန်းဆရာဖြစ်သင်တန်းကျောင်း **(B.E.D)** ဆရာဖြစ်သင်ကောလိပ်ကျောင်းများ ဖွင့်လှစ်၍ ဆင်းရဲနွမ်းပါးသော ဒေသခံကျောင်းသား၊ ကျောင်းသူများကိုလည်း တက္ကသိုလ်အထိ ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် ထောက်ပံ့ငွေများ ချီးမြှင့်ကာ ကူညီပေးသည်။

ဤကဲ့သို့ မြန်မာပြည်သား ဘုန်းတော်ကြီးတစ်ပါးက ကမ္ဘာတလွှား နိုင်ငံရပ်ခြားတိုင်းတပါးတွင် ယခုကဲ့သို့ အောင်မြင်ကျော်ကြားထင်ရှားစွာ ပေါ်ထွန်းလင်းလက် ရောင်ခြည်ဖြာထွက်တောက်ပလျက်ရှိနေသည်မှာ မြန်မာပြည်သား ဗုဒ္ဓဘာသာဝင်အားလုံး ဝမ်းသာဂုဏ်ယူစရာ ကောင်းလှပေသည်။ ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရသည် ဟိန္ဒူဘာသာစကားကို မိခင်ဘာသာစကားကဲ့သို့ ကျွမ်းကျင်စွာ ပြောဆိုဟောပြောနိုင်သဖြင့် သာသနာပြုလုပ်ငန်း၊ ဘာသာ သိမ်းသွင်းရေးလုပ်ငန်းများ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဆရာတော်သည် ဗုဒ္ဓသာသနာပြုလုပ်ငန်းကို ပင်ပန်းဆင်းရဲခံကာ စိတ်ဓာတ်တက်ကြွစွာနှင့်ပင် ဗုဒ္ဓဘာသာတိမ်ကောပပျောက်နေပြီဖြစ်သော ဗုဒ္ဓပွင့်ရာ အိန္ဒိယနိုင်ငံအတွင်း ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဂယူကြရန် ဌာနလေးခု ဖြစ်တော်မူသော ဘုရားဖွားမြင်တော်မူရာ လုမ္ဗနီဒေသ၊ ဘုရားဖြစ်တော်မူရာ မဟာဗောဓိအောင်မြေဌာန၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်ဒေသနှင့် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူရာ ကုသိနာရုံဒေသများ၊ ထို့အပြင် အိန္ဒိယနိုင်ငံအတွင်းရှိ ယူပီပြည်နယ်၊ ဗီဟာပြည်နယ်၊ မဟာရဋ္ဌပြည်နယ်၊ ဂုဂျရတ်ပြည်နယ်၊ ရာချဆတန်ပြည်နယ်၊ ဒေလီပြည်နယ်၊ ဟန်ရိုဟာနာပြည်နယ်၊ အာသံပြည်နယ်၊ အရုဏာစလပြည်နယ်တို့နှင့် အာရှတိုက်နိုင်ငံများအားလုံးသို့ ဗုဒ္ဓဘာသာတရားတော်များ ဟောကြားသိမ်းသွင်း စွမ်းဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဆရာတော်ကြီးသည် ဘာသာသာသနာတော်ကိစ္စ ဆောင်ရွက်တော်မူရာ၌ တက်ကြွစွာ သွားလာလှုပ်ရှား ပါဝင်ဆောင်ရွက်လေ့ရှိသည်။ ဆရာတော် ဘဒ္ဒန္တဉာဏိဿရသည် အာရှတိုက်နိုင်ငံအနှံ့အပြားတွင် တရားဟော တရားပြပေးပြီး ဘာသာခြားများကို ဗုဒ္ဓဘာသာဝင်များဖြစ်လာအောင် စည်းရုံးဟောပြော၍ ဗုဒ္ဓဘာသာခံယူပွဲများ၊ ရှင်ရဟန်းခံပွဲများကိုလည်း ထောင်ပေါင်းများစွာ၊ နေရာပေါင်းများစွာတို့၌ ကျင်းပပေးခဲ့သည်။ အကြီးဆုံးဗုဒ္ဓဘာသာခံယူပွဲများကို ကျင်းပခဲ့ရာ (၁၉၇၂)ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် လူအင်အား (၂၅)သိန်း၊ (၁၉၈၉)ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်တွင် လူအင်အား (၅)သိန်း၊ (၁၉၉၃)ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက်မှာ လူဦးရေ (၁)သိန်း စသည်ဖြင့်ယနေ့အထိ လူဦးရေ သိန်းပေါင်း(၃၀၀)ကျော်တို့ကို ဗုဒ္ဓဘာသာဝင်များအဖြစ် စည်းရုံးဟောပြောနိုင်ခဲ့သည်မှာ လွန်စွာပင် လေးစားကြည်ညိုစရာ ကောင်းလှပေသည်။

ထို့အပြင် ဆရာတော်သည် (၁၉၆၈)ခုနှစ်တွင် ကုသိနာရုံ ဘိက္ခုသံဃအဖွဲ့၌ အကျိုးတော်ဆောင်၊ (၁၉၇၅)ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ မြန်မာကျောင်းထိုင်ဆရာတော်များအသင်း၌ ဒုတိယအကျိုးတော်ဆောင်ချုပ်၊ (၁၉၇၆)ခုနှစ်တွင် ဘာရတိယ ဗုဒ္ဓသံဃအစည်းအဝေး၌ ဒုတိယအကျိုးတောင်ဆောင်ချုပ်၊ (၁၉၈၀)ခုနှစ်တွင် အာရှတိုက် ဗုဒ္ဓဘာသာကွန်ဖရင့်၌ ဒုတိယအကျိုးတော်ဆောင်၊ (၁၉၈၁)ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်နေ့တွင် မြန်မာ့သံဃနာယကအသင်းအဖွဲ့ ကျင်းပခဲ့ရာ အကျိုးတော်ဆောင်ချုပ် စသည်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရပါသည်။ (၁၉၈၁)

အဖက်ဖက်မှ ထူးချွန်ပြောင်မြောက်သော

ကမ္ဘာ့ဗုဒ္ဓသာသနာပြု

ဆရာတော်ကြီးဘဒ္ဒန္တဉာဏိဿရအား

မြန်မာနိုင်ငံအစိုးရမှ

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊

အိန္ဒိယပြည် ယူပီနယ် လက္ခနောင်းမှ

ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့တော်၊

ကန်နပူရ်မြို့မှ ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့တော်၊

လက္ခနောင်းအစိုးရအတွင်းဝန်ချုပ်မှ

(Monk in Chief) *ဘွဲ့တော်၊*

ဗီဟာပြည်နယ်ပညာရေးဝန်ကြီးက ဝိဆွဗုဒ္ဓရတန

(ဗုဒ္ဓသားကောင်းရတနာဗုဒ္ဓဝိသာရဒ) ဘွဲ့တော်

စသည်တို့ကို ဆက်ကပ်ချီးမြှင့်ခြင်းခံရသည်မှာ

နယ်ခြားပြည်ခြားရောက် ဗုဒ္ဓဘာသာ

မြန်မာဘုန်းတော်ကြီးတစ်ပါးအနေဖြင့်

ခုနှစ် ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့တွင် ဗဟိုကောင်စီဝင်အဖြစ် ရွေးချယ်ခြင်းခံရပြီး (၁၉၈၃)ခုနှစ် မတ်လတွင် ကျင်းပသော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအသင်းကြီးတွင် ဥက္ကဋ္ဌနေရာကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ မဲပေါင်း (၆၀၀) အနက် ကန့်ကွက် (၂)မဲ၊ ကြားနေ (၁)မဲ၊ ထောက်ခံ (၅၉၇)မဲဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ဖွယ် ကောင်းလှပေသည်။ ကြည်ညိုလေးစားဂုဏ်ယူစရာလည်း ကောင်းလှပေသည်။ ထို့နောက် (၁၉၈၇)ခုနှစ်တွင် **THA WORLD BUDDHISTTA THE GATA** အသင်းကြီး၌ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ (၁၉၈၈)ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းကြီး၌ အမြဲတမ်းအသင်းဝင် ဖြစ်လာခဲ့ပေသည်။ တစ်ဖန် ၎င်းနှစ်တွင်ပင် ပြည်နယ်အစိုးရ၏ လူနည်းစုကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရပါသည်။

(၁၉၉၀)ခုနှစ်တွင် ဗုဒ္ဓဂယာဘုရားထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ **(B.T.M.C)**တွင် ပြည်နယ်အစိုးရက ခန့်အပ်ခြင်းခံရသည်။ (၁၉၉၂)ခုနှစ်တွင် ပရဒေသီသံဃနာယကအသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၎င်းအပြင် အင်ဒိုဂျပန်မိတ်ဆွေဖြစ် အသင်းတွင်လည်း ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံရပြန်သည်။ တစ်ဖန် ဗုဒ္ဓဖောင်ဒေးရှင်းအသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသည်။ ထိုနှစ်အတွင်းမှာပင် ဗုဒ္ဓဘွဲ့လွန်ဒီဂရီကောလိပ် အုပ်ချုပ်ရေးကော်မတီ၌ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။

(၁၉၉၆)ခုနှစ်တွင် ကုသိနာရုံ ဘိက္ခုသံဃာ့အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရပြန်သည်။ ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့ချုပ်တွင် သံဃမဟာနာယကအဖြစ် ရွေးချယ်ခြင်းခံရပြန်သဖြင့် မြန်မာပြည်ဖွား ဆရာတော်ကြီးကိုယ်စား မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ ဗုဒ္ဓဘာသာဝင်များအားလုံး ထူးကဲလွန်မြောက်စွာ ဝမ်းသာဂုဏ်ယူမဆုံ ဖြစ်ကြရပါသည်။

ထို့ပြင် ဆရာတော်ကြီးသည် သာသနာတော်ဆိုင်ရာ ဗုဒ္ဓဘာသာလုပ်ငန်းများ၌ တက်ကြွနိုးကြားစွာ ဆောင်ရွက်တတ်သည့် စွမ်းဆောင်ရည်များကြောင့် (၁၉၈၀) ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကျင်းပသော အာရှတိုက်ဗုဒ္ဓဘာသာကွန်ဖရင့်သို့လည်းကောင်း၊ (၁၉၈၁)ခုနှစ်တွင်လည်း ဒုတိယအကြိမ်အဖြစ် ဟောပြောပွဲ တက်ရောက်ခဲ့ရသည်။ (၁၉၈၆)ခုနှစ်တွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်သို့ တက်ရောက်ခဲ့ရပြီး၊ ၎င်းနှစ်မှာပင် လာအို(စ်)နိုင်ငံ ဗီယက်တိန်မြို့၌ကျင်းပသော အာရှတိုက်ဗုဒ္ဓဘာသာကွန်ဖရင့်သို့ ဒုတိယခေါင်းဆောင်အဖြစ်ဖြင့် တက်ရောက်ခွင့်ရရှိခဲ့ပြန်သည်။ တစ်ဖန် (၁၉၈၇) ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ (ဆိုးလ်) ဆီးအိုက်မြို့၌ ကျင်းပသော ကမ္ဘာ့အိုလံပစ်ပွဲတော်အစတွင် ပရိတ်တရားတော်နာပွဲသို့ တက်ရောက် တရားဟောခဲ့ရသည်။ (၁၉၈၈) ခုနှစ်တွင် ထိုင်ဝမ်နိုင်ငံ တိုင်ပေမြို့၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်သို့လည်းကောင်း၊ (၁၉၉၂)ခုနှစ်တွင် စင်္ကာပူနိုင်ငံ၌ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်သို့လည်းကောင်း တက်ရောက်ခဲ့ရသည့်အပြင် ထိုင်း၊ နီပေါ၊ လာအို(စ်)၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မောင်ဂိုလီးယား၊ ရုရှား၊ တူရကီ၊ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများသို့ ဗုဒ္ဓဘာသာ သာသနာရေးကိစ္စဆောင်ရွက်ရန် နိုင်ငံတော်စရိတ်ဖြင့် သွားရောက်ခဲ့ရသည်မှာလည်း ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် (၁၉၈၁)ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်တစ်ခုကို ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် (၁၁-၁-၁၉၈၁)မှ (၁၉-၁-၁၉၈၁)အထိ (၈)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ တစ်ဖန် (၁၉၉၃) ဖေဖော်ဝါရီ (၁၂) ရက်မှ (၁၅)ရက်နေ့အထိ ဗုဒ္ဓဘာသာကွန်ဖရင့်တစ်ခုကိုလည်း ကုသိနာရုံတွင် ကျင်းပနိုင်ခဲ့၍

အခြားဘာသာမှ ဗုဒ္ဓဘာသာဝင်အဖြစ် အင်အားတစ်သိန်းတိတိ ဝင်ရောက်လာသည်အထိ အောင်မြင်ခဲ့သည်မှာလည်း အထူးဂုဏ်ပြုထိုက်လှပါသည်။

ဆရာတော်ကြီးသည် မြန်မာစကားအပြင် ပါဠိ၊ အင်္ဂလိပ်၊ ဟိန္ဒူဘာသာတို့ကို ကျွမ်းကျင်တတ်မြောက်သဖြင့် တရားဟောပြောရာ၌ အောင်မြင်မှုရရှိခြင်းဖြစ်သည်။ ထို့အပြင် ဆရာတော်သည် စာပေများရေးသားခြင်း၌လည်း ဟရိဗလ (ကုသိနာရုံ)၊ အိန္ဒိယမောင်ဉာဏ်စိုး၊ တေဇဝံသ စသည့် ကလောင်အမည်များဖြင့်လည်း မဂ္ဂဇင်းပေါင်းစုံတို့၌ ဆောင်းပါးပေါင်းများစွာနှင့် လုံးချင်းစာအုပ်များကို ရေးသားထုတ်ဝေခဲ့ရာ၊ ဆရာတော်ကြီး ရေးသားထုတ်ဝေခဲ့သော ဓမ္မပဒစာအုပ်ကို ယူပီပြည်နယ်နှင့် အခြားပြည်နယ်များ၌ ကိုးတန်း၊ ဆယ်တန်း၊ တက္ကသိုလ်ကောလိပ်များအထိ ပါဠိဘာသာအတွက် ပြဋ္ဌာန်းကျမ်းစာအဖြစ် သတ်မှတ်သင်ကြားနေကြသည်မှာ ဂုဏ်ယူဝမ်းမြောက်စရာကောင်းလှသည်။

ထိုသို့ အဖက်ဖက်မှ ထူးချွန်ပြောင်မြောက်သော ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရအား မြန်မာနိုင်ငံအစိုးရမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ အိန္ဒိယပြည်ယူပီနယ် လက္ခနောင်းမှ ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့တော်၊ ကန်နပူရ်မြို့မှ ဗုဒ္ဓသာသနာပြုအကောင်းဆုံးဘွဲ့တော်၊ လက္ခနောင်းအစိုးရအတွင်းဝန်ချုပ်မှ **(Monk in Chief)** ဘွဲ့တော်၊ ဗိဟာပြည်နယ် ပညာရေးဝန်ကြီးက ဝိဆ္ဆဗုဒ္ဓရတန (ဗုဒ္ဓသားကောင်းရတနာ ဗုဒ္ဓဝိသာရဒ) ဘွဲ့တော် စသည်တို့ကို ဆက်ကပ်ချီးမြှင့်ခြင်းခံရသည်မှာ နယ်ခြားပြည်ခြားရောက် ဗုဒ္ဓဘာသာမြန်မာဘုန်းတော်ကြီးတစ်ပါးအနေဖြင့်ရော မြန်မာပြည်သူပြည်သားများပါ များစွာဂုဏ်ယူဖွယ် ကောင်းလှပေသည်။

ထိုသို့ ကြည်ညိုလေးစားဂုဏ်ယူစရာကောင်းလှသော မြန်မာဗုဒ္ဓဘာသာဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်တစ်ပါး၊ အိန္ဒိယနိုင်ငံ ကုသိနာရုံ၌ ရှိနေသဖြင့် မြန်မာနိုင်ငံမှ နှစ်စဉ် ဘုရားဖူးသွားရောက်သူဘုရားဖူးများအား ဆရာတော်ကြီး၏ကျောင်း၌ တည်းခိုနေထိုင်ခွင့်နှင့် ဆရာတော်ကြီး၏ ကူညီပံ့ပိုးမှုပေးမှုများကို ပီတိဖြစ်ဖွယ်ရာ ရရှိနေကြသဖြင့် ဆရာတော်ကြီးအား အထူးကျေးဇူးတင် ကြည်ညိုဖွယ် ကောင်းလှပေသည်။ သို့သော် ဆရာတော်ကြီးမှာ ယခုအခါ သက်တော် (၈၀)ပြည့်မြောက်ပြီဖြစ်သဖြင့် (မပြောကောင်း မဆိုကောင်း) ဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့သော် နောက်ထပ်တက်လာမည့် ကုသိနာရုံကျောင်းဆရာတော်သည် မြန်မာပြည်သားဘုန်းတော်ကြီး မဟုတ်ဘဲ အိန္ဒိယနိုင်ငံသား ဆရာတော်တစ်ပါးသာ ဖြစ်လာခဲ့သော် မြန်မာပြည်သူပြည်သား ဘုရားဖူးများအတွက် ဆရာတော်ဘဒ္ဒန္တဉာဏိဿရကဲ့သို့ ကုသိနာရုံမြန်မာဘုန်းတော်ကြီးကျောင်း၌ တည်းခိုခွင့် ရရှိနိုင်ပါတော့မလား၊ မြန်မာဘုရားဖူးများကို လိုလေသေးမရှိ ကူညီပေးနိုင်ပါဦးမလား စသည်များကို တွေးတောရင်း ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်ပါစေ၊ ဘာသာသာသနာအကျိုးကို ယခုထက်ပို၍ ဆောင်ရွက်နိုင်ပါစေ။ ဆရာတော်ကြီးပြုခဲ့သမျှ ကုသိုလ်ကောင်းမှုများကြောင့် နိဗ္ဗာန်မဂ်ဖိုလ်သို့ အခက်အခဲ အတားအဆီး၊ အဟန့်အတားမရှိဘဲ ချောမောလွယ်ကူစွာ ရောက်ရှိနိုင်ပါစေဟု ဆုတောင်းပေးရင်း ကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်၏ သက်တော် (၈၀)ပြည့် ဝိဇာတမင်္ဂလာအဖြစ် ဂုဏ်ပြုရေးသား တင်ပြလိုက်ရပေသည်။

ဆရာတော်ကြီး၏ သာသနာပြုကျေးဇူးတော်ကို ဂုဏ်ပြုဦးညွှတ်လျက် –

မင်းရွှေမင်း(တောင်ကုတ်)

ချစ်သောမျက်စိနှင့်သာကြည့်ပါလေ

ကျော်ဆန္ဒ ၊ လယ်ဝေး ၊

ချစ်သောမျက်စိနှင့်သာကြည့်ပါလေ - မောင်သန္တ (လယ်ဝေး)

မြတ်ဘုရားသည် ဆုံးမရခက်သော ရဟန်းတို့ကို ဖယ်ရှားလျက် ကောသမ္ဗီပြည်မှ တစ်ပါးတည်း ထွက်ခဲ့သည်။ ခုနစ်ယူဇနာခန့်ကွာသည့် ပါလိလေယျက ရွာသို့ရောက်သွားသည်။ ထိုရွာတွင် တစ်ပါးတည်း ကေစာရီကျင့်နေသော အရှင်ဘဂုထေရ်က ခရီးဦးကြိုသည်။ ဘဂုထေရ်က ရိုကျိုးစွာလုပ်ကျွေးသည်။ ဘုရားရှင်သည် ဘဂုထေရ်၏ တစ်ပါးတည်းသီတင်းသုံးခြင်း၏ အကျိုးကျေးဇူးကို ဟောပြသည်။ ထို့နောက် ပါစီနဝံသမည်သော ဝါးတောရှိရာအရပ်သို့ ခရီးဆက်ခဲ့သည်။ ထိုအရပ်တွင် အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒ၊ အရှင်ကိမိလတို့သည် ညီညွတ်မျှတစွာ သီတင်းသုံးနေကြသည်။

ဘုရားရှင်ကိုယ်တော်မြတ် ကြီးကြွလာသည်ကို ဦးဆုံးမြင်လိုက်သည်က အရှင်အနုရုဒ္ဓါ။

"ဟယ် .. ငါတို့ရှိရာ ဇရပ်ကို ဘုရားရှင်ကြွလာပါလား"

အရှင်အနုရုဒ္ဓါထေရ်သည် ဘုရားရှင်ကို ဖူးလိုက်ရသည်နှင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ သာသနာ့ဥသျှောင်ဖြစ်သည့် ဘုရားရှင်ကြွလာခြင်းမှာ အကြောင်းမဲ့မဟုတ်တန်ရာ။ တစ်စုံတစ်ခုသော အကြောင်းရှိမည်။ ထိုအကြောင်းကိုမှီလျက် အဆုံးအမတရားနာခွင့်ရတော့မည်။ ဤအတွေးဖြင့် ဝမ်းသာသွားသဖြင့် အဆောတလျင်ဆီးကြိုရန် စိတ်ကူးဖြစ်သွားသည်။ သို့သော် ဘုရားရှင်ကို ဦးဆုံးဖူးရ၊ ကြိုခွင့်ရပေမယ့် ဤအခွင့်အရေးကို တစ်ပါးတည်းမခံစားသင့်ဟု ရုတ်ခြည်းတွေးမိသွားသည်။

အရှင်အနုရုဒ္ဓါသည် သီတင်းသုံးဖော်တို့ ကြားလောက်သည့်အသံဖြင့် အသိပေးလိုက်သည်။

"ငါ့ရှင်တို့၊ ဘုန်းတော်ကြီးမြတ်ဘုရား ကြွချီလာတယ် .."

အရှင်မြတ်၏ သတင်းပေးစကားကြားသည်နှင့် အရှင်နှစ်ပါးသည် သီတင်းသုံးရာအရပ်မှ ထွက်လာသည်။ အဆောတလျင်ကြိုဆိုသည်။ တစ်ပါးက မြတ်ဘုရား၏ သပိတ်နှင့် ဒုကုဋ်သင်္ကန်း ကိုလှမ်းယူသည်။ တစ်ပါးက မြတ်ဘုရားထိုင်ရန် နေရာခင်းကျင်းသည်။ အခြားတစ်ပါးက မြတ်ဘုရားအတွက် ခြေဆေးရေသယ်ဆောင်လာပြီး ခြေကို သန့်စင်ပေးသည်။ အိုးခြမ်းကွဲနှင့် ခြေဖဝါး၌ကပ်နေသော မြေမှုန့်၊ ရွှံ့မှုန့်တို့ကို တိုက်ချွေလျက် အညစ်အကြေးတို့ ကင်းစင်စေသည်။

ဘုရားရှင်သည် ရဟန်းသုံးပါး၏ ဝတ်ကြီးဝတ်ငယ်ပြုစုမှုကို ခံယူပြီးနောက်၊ မြတ်သောနေရာတွင် ထိုင်သည်။ ရဟန်းသုံးပါးသည်လည်း လျောက်ပတ်သည့်နေရာတွင် ထိုင်လျက် လက်အုပ်ချီကာ ငြိမ်သက်စွာ ထိုင်နေသည်။

"ချစ်သားတို့၊ ညီညွတ်မျှတစွာ ရှိကြပါ၏လော .."

"မှန်ပါမြတ်ဘုရား၊ သုံးပါးအညီရှိကြပါ၏ဘုရား"

"သာဓု .. သာဓု၊ ချစ်သားတို့သည် အဘယ်သို့သော စိတ်ထား၊ စေတနာအားဖြင့် ညီညွတ်မျှတစွာ သီတင်းသုံးကြပါသလဲ"

ဘုရားရှင်၏ အမေးစကားသည် အတန်ငယ်ထူးခြားသည်ဟု အနုရုဒ္ဓါမထေရ် စဉ်းစားမိသည်။ သံဃာအဖွဲ့စည်းကြီးတစ်ခုလုံး အုပ်စည်းမပျက်၊ နှစ်သက်ချစ်ခင်စွာ နေနိုင်အောင် ဆုံးမသွန်သင်ခဲ့သော ဘုရားရှင်က ညီညွတ်ခြင်းအကြောင်းရင်းကို မေးလာတော့ စဉ်းစားစရာဖြစ်လာသည်။

အရှင်အနုရုဒ္ဓါထေရ်သည် ကိုယ်ကို ဂရုတစိုက် မတ်လိုက်သည်။ နဖူးထက်သို့ လက်ဆယ်ဖြာကို တင်လိုက်သည်။

"မှန်ပါမြတ်ဘုရား၊ တပည့်တော်တို့သုံးပါးသည် ကိုယ့်အလိုကို ရှေ့တန်းမတင်၊ ကျန်နှစ်ပါး၏အလိုဆန္ဒကို အဓိကထား၊ ဖြောင့်မတ်

သောစိတ်ထားဖြင့် သုံးပါးအလို ညီမျှစေပြီး၊ အများအကျိုး ရှေးရှု စိတ်ဖြင့် အညီအညွတ်နေကြပါတယ်ဘုရား။

''သာဓု ..သာဓု၊ ကောင်းလေစွ၊ သင့်မြတ်ပေစွ''

''ရှင်တော်မြတ်ဘုရား၊ တစ်ဦးအလို မဖောက်ပိုဘဲ ဣဿာ မပွား၊ မစ္ဆရိယမထားဘဲ မေတ္တာစိတ်သာ ထားရှိပါသည်။ တပါးသူကို လည်း ကိုယ်နှင့်ထပ်တူပြု၊ ချစ်သော စိတ်ဖြင့် ကိုယ်စီကိုယ်စီ ကျင့်ကြံကြ၍ မျှတညီညွတ်ကြပါတယ်ဘုရား''

အရှင်အနုရုဒ္ဓါထေရ်၏ လျှောက်တင်စကားကြားသော် ဘုရားရှင်က ''ကောင်းလေစွ''ဟု ထပ်ခါမနား ကောင်းချီးပေးပြန်သည်။

''ရှင်တော်မြတ်ဘုရား၊ တပည့်တော်တို့သုံးပါးသည် ရေကို ခြား၍ကြားမထင်သကဲ့သို့ တစ်သားတည်းရှိကြပါသည်။ ပမာအားဖြင့် တင်စားလျှောက်ရသော် ဤမှာဘက်၌ နို့ဖန်ခွက်တစ်ခွက်ရှိပြီး၊ ဟိုမှာဘက်၌ ရေဖန်ခွက်ရှိ၏။ ဤမတူညီသော် ပစ္စည်းနှစ်ခုကို ပေါင်းစပ်လိုက်သော ရေနှင့်နို့သည် အတူတကွ ပေါင်းစပ်သွားကြပါလိမ့်မည်။ ဤရောစပ်နေသော ရေနှင့်နို့ကို တစ်သီးတခြားစီခွဲထုတ်၍ မရနိုင်သလို တပည့်တော်တို့သုံးပါး၏ ညီညွတ်မှုကို ဘယ်လိုနည်းနဲ့မှ ခွဲခြားမရပါ။ မကွဲမပြား တစ်သားတည်းရှိအောင် ညီညွတ်မျှတစွာ နေထိုင်ကြပါတယ်ဘုရား''

အရှင်အနုရုဒ္ဓါသည် ရဟန်းသုံးပါး ညီညွတ်မျှတစွာ သီတင်းသုံးကြောင်း လျှောက်ထားသော် ဘုရားရှင်က သာဓုခေါ်လေ၏။

× × × × × × × ×

မိဂဒါဝုန်တောရုံတွင် စတင်ထူထောင်ခဲ့သော သာသနာတော်ကြီးတွင် သီတင်းသုံးဖော်အချင်းချင်း ညီညွတ်စွာနေထိုင်ရန် ဆုံးမခဲ့သည်။ ညီညွတ်မှုကိုလည်း ချီးမွမ်းလေ့ရှိသည်။ ညီညွတ်ခြင်းပျက်ပြားအောင် ပြောဆိုလာလျှင်လည်း ပြင်းပြင်းထန်ထန် ရှုံ့ချအပြစ်တင်တတ်ပြီး၊ စည်းလုံးညီညွတ်မှုတွေ့လျှင် ချီးမွမ်းတတ်သည်မှာ မြတ်ဘုရားကျင့်သုံးသည့် အလေ့အထဖြစ်သည်။

အခုရှင်တော်မြတ်ဘုရားက မထူးခြားသည့်စကားကို အထူးအလေးထားမေးလာသည်။ ဘာကြောင့်မှန်းမသိ၊ ဘာ့အတွက်မှန်းမသိ၊ အကြောင်းရင်းမရှိဘဲ မေးလေသည်တော့ မဟုတ်တန်ရာ။ ဘယ်လို အကြောင်းရှိပါသလဲဘုရားဟုတော့ မမေးလျှောက်ပါ။

မမေးသော်လည်း အကြောင်းရင်းမှန်ကို မကြာမီတွင် သိလာရသည်။ မြတ်ဘုရားသည် ဒသမမြောက်ဝါကို ကောသမ္ဗီပြည်၏ အရှေ့အရပ်၊ ခုနစ်ယူဇနာဝေးသည့် ပါလိလေယျဝါးတောင်၌ သီတင်းသုံးသည်။ ပါလိလေယျဆင်မင်း၏ အလုပ်အကျွေးကိုခံယူလျက် ဝါလလွန်မြောက်စေခဲ့သည်။

ဝါလကင်းလွတ် သီတင်းကျွတ်စ အရှင်အာနန္ဒာမထေရ်ရောက်လာသည်။ မြတ်ဘုရားကို ဖူးမြော်လိုသည်၊ ဆည်းကပ်လိုသည်၊ အဆုံးအမတရားနာလိုသည်၊ ဒါယကာ ဒါယိကာမများက ပန်ကြားချက်အရ ဘုရားရှင်ကို ပင့်ခေါ်ရန် ရောက်လာခြင်းဖြစ်သည်။ ထိုအခါကျမှ ဇာတ်ကြောင်းမှန်ကို သိရတော့သည်။

မြတ်ဘုရားသည် နဝမမြောက်ဝါတွင် ကောသမ္ဗီသူဌေးကြီးသုံးယောက်ဆောက်လှူသော ကျောင်းတို့၌ သီတင်းသုံးခဲ့သည်။ ထိုဝါလွန်ချိန်တွင် ဃောသိတသူဌေးလှူသည့် ဃောသိတာရုံကျောင်း၌ ဆက်လက်သီတင်းသုံးသည်။ အဆိုပါ ဃောသိတာရုံကျောင်း၌ သီတင်းသုံးလျှင် ဃောသိတသူဌေးကပ်လှူသော ဆွမ်းကို ဘုဉ်းပေးသည်။ ထို့အတူ အခြားကျောင်း၌ သီတင်းသုံးလျှင် ထိုသူဌေးဆက်ကပ်သောဆွမ်းကို ဘုဉ်းပေးသည်။ တစ်ဝါတွင်း လုံးလျှောက်ပတ်ရာ သီတင်းသုံးပြီး၊ တရားရေအေးတိုက်ကျွေးသဖြင့် ကောသမ္ဗီသူဌေးတို့လည်း အားရနှစ်သက်မှုဖြစ်ကြသည်။

ဝါတွင်းလွန်မြောက်ချိန်တွင်လည်း ထိုကျောင်းသုံးကျောင်း၌ပင်

သီတင်းသုံးနေရာ မမျှော်လင့်ဘဲ သံဃာ့အဓိကရုဏ်းကိစ္စပေါ်လာသည်။ ပြဿနာက ကြီးကြီးမားမားမဟုတ်။ အသေးအမွှားကိစ္စ။ အမှိုက်ကစ၍ ပြာသာဒ်အထိ မီးတက်လောင်ခြင်းဖြစ်သည်။

ကောသမ္ဗီပြည်ရှိ ဃောသိတာရုံကျောင်းတွင် ရဟန်းတစ်ထောင် သီတင်းသုံးနေသည်။ ဝိနယဓရထေရ် ဦးဆောင်သည့် ရဟန်းငါးရာနှင့် ဓမ္မကထိကဦးဆောင်သည့် ရဟန်းငါးရာ။ ထိုငါးရာစီသော ရဟန်းများက တစ်ဖက်နှင့်တစ်ဖက် အခြေအတင် စကားများရာမှ အဓိကရုဏ်းဖြစ်ခြင်းပင်။

တစ်နေ့တွင် ဓမ္မကထိကထေရ်သည် ဝစ္စကုဋိတက်သည်။ ကိစ္စပြီး၍ ရေသုံးပြီးဆင်းခဲ့ရာ ရေခွက်ထဲ၌ ရေကြွင်းအနည်းငယ် ကျန်ရစ်သွားသည်။ ထို့နောက် ဝိနယထေရ်က ကုဋိတက်သည်။ သန့်သက်ရေအကြွင်းကို တွေ့သော်ပြန်ထွက်ခဲ့ပြီး ဓမ္မကထိကထေရ်ကို ခေါ်သည်။ ခွက်ကိုပြသည်။

ပုထုဇဉ်ရဟန်းတို့ဝိဝိ
တစ်ဖက်သား၏အမှားတို့
တစ်ဖက် သားက ဝေဖန်၊ မာနတရားကြောင့်
သတိလက်လွှတ်ဖြစ်လျက် အချင်းများကြသည်။
တစ်ကျောင်းတည်းအတူနေကြပြီး
မခေါ်နိုင်၊ မပြောနိုင်ဖြစ်တုန်သည်။
အစပိုင်းတွင်
စကားက အခြေ အတင်စကားများရုံသာ
ရှိသော်လည်း
နောက်ပိုင်းတွင် တစ်ဦးထိုတစ်ဦး
ပုတ်ခတ် ညှည်းဆဲကြသည်။
ရဟန်းအချင်းချင်း စကားများရာမှ
ဒါယကာ ဒါယိကာမတို့ထိ ကူးစက်သွားသည်။
သင့်ကိုယ်တော်က အပြစ်လုပ်တာ၊
သင့်ဆရာက မုသားဆိုဟာ စသဖြင့်
အကျယ်အကျယ်ဖြစ်လာသည်။
လူဒါယကာများသာမက
ကိုယ်စောင့်နတ်အချင်းချင်းလည်း
ဝဋ္ဋိပတ္တဖြစ်လာသည်။
ကိုယ်စောင့်နတ်မှတစ်ဆင့် ....

"သင် ဘာ့ကြောင့် ရေကြွင်းထားခဲ့သလဲ"

"ဩော် .. ဟုတ်ပေသားပဲ၊ တပည့်တော် မေ့လျော့သွားပါတယ်"

"ဒီကိစ္စက အာပတ်သင့်တာတော့ အရှင်ဘုရားသိမှာပါ"

"ကျွန်ုပ်သိပါတယ်၊ တမင်လုပ်တာမဟုတ်ပါဘူး။ သတိမေ့ဆမှုကြောင့် ဖြစ်ပါတယ်။ တပည့်တော် သန့်စင်ပေးပါ့မယ်။ ဒီလိုဆိုဖြစ်တယ် မဟုတ်လား"

"ကောင်းပြီလေ"

ပြဿနာက မဖြစ်စလောက်ကိစ္စ။ ဓမ္မကထိကဆရာတော်က တောင်းပန်သဖြင့် ဝိနယဓရဆရာတော်ကလည်း လက်ခံသည်။ ဤကိစ္စ ဤမျှနှင့် အဆုံးသတ်ပြီဟု ထင်လောက်သည်။ သို့သော် ဝိနယဓရထေရ်က ပြဿနာအမြစ်ကို ဆွဲလှန်သည်။

"ဓမ္မကထိကထေရ်ဟာ သုတ္တန်နဲ့ အဘိဓမ္မာလောက်သာ ကျွမ်းကျင်တယ်၊ ဝိနည်းဘာမျှ

နားမလည်ဘူး။ ဝိနည်းဟာ သာသနာတော်ရဲ့ အသက်မှန်း သင်းမသိဘူး''

မဟ္မကထိကထေရ်က သူ၏တပည့်များကို ထိုအကြောင်းပြန်ပြောသည်။ တပည့်ရဟန်းတို့က ဝိနည်းမကျွမ်းသည့်မထေရ်ကို ကွယ်ရာမှာ အပြစ်တင်သည်။ ထိုစကားကို ဓမ္မကထိကထေရ်၏ တပည့်များ နားထိရောက်သွားသည်။ ဝိနယဓရ၏နောက်လိုက်များက ဓမ္မကထိကထေရ်၏ တပည့်များကို တွေ့ရာနေရာတိုင်း ရှုံ့ချစကားဆိုသည်။ တစ်ကြိမ်နှစ်ကြိမ် အပြစ်တင်စဉ်က ကျိတ်သည်းခံကြသည်။ သို့သော် ကြိမ်ဖန်များစွာ ထိုးနှက်ခံရသော အနာပေါ်တုတ်ကျအဖြစ်မျိုး ဆိုက်တော့သည်။

''ဒီကိစ္စအတွက် သတိပေါ့လျော့လို့ ကျူးလွန်မိပါတယ်။ ခွင့်လွှတ်ပါဆိုတော့ သင်က အပြစ်မရှိပါဘူးဆို''

''အဲဒီလိုပြောခဲ့လား .. ဒါဆို ဝိနည်းဓိုရ်က မုသားစကားဆိုသူပဲ''

''ဘာကို မုသားပြောရမှာလဲ၊ သင်သာ အာပတ်သင့်သူ''

ပုထုဇဉ်ရဟန်းတို့ ပီပီ တစ်ဖက်သား၏အမှားကို တစ်ဖက်သားက ဝေဖန်၊ မာနတရားကြောင့် သတိလက်လွတ်ဖြစ်လျက် အချင်းများကြသည်။ တစ်ကျောင်းတည်းအတူနေကြပြီး မခေါ်နိုင်၊ မပြောနိုင်ဖြစ်ကုန်သည်။ အစပိုင်းတွင် စတာက အခြေအတင်စကားများရုံသာရှိသော်လည်း နောက်ပိုင်းတွင် တစ်ဦးကိုတစ်ဦး ပုတ်ခတ် ညှည်းဆဲကြသည်။ ရဟန်းအချင်းချင်း စကားများရာမှ ဒါယကာဒါယိကာမ တို့ထိ ကူးစက်သွားသည်။ သင့်ကိုယ်တော်က အပြစ်လုပ်တာ၊ သင့်ဆရာက မုသားဆိုတာ စသဖြင့် အကျယ်အကျယ်ဖြစ်လာသည်၊ လူဒါယကာများသာမက ကိုယ်စောင့်နတ်အချင်းချင်းလည်း ပဋိပက္ခဖြစ်လာသည်။ ကိုယ်စောင့်နတ်မှတစ်ဆင့် ကျောင်းစောင့်နတ်၊ မြေစောင့်နတ်၊ သစ်ပင်စောင့်နတ် စသည့် နတ်ဒေဝါများထိ ကူးစက်ကုန်သည်။

ဃောသိတာရုံကျောင်းတိုက်၌ အစပျိုးခဲ့သော ပြဿနာသည် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးမှတစ်ဆင့် တာဝတိံသာထိ ကူးစက်သွားသည်။ နတ်ပရိသတ်များလည်း သူ့ဘက်ကိုယ့်ဘက်နှစ်ခြမ်းကွဲကုန်သည်။ သိကြားမင်းပင်လျှင် ပြဿနာကို မရှင်းနိုင်ဘဲ ဗြဟ္မာ့ဘုံထိ တက်သွားသည်။

သန့်သက်ရေလက်ကျန်ခွက်ထဲ ကျန်ရစ်သည့်အမှုမှာ မပြောပလောက်။ အပြစ်ပြုမိသည့် ရဟန်းကလည်း တောင်းပန်ခဲ့သည်။ ပြန်လည်ရှင်းလင်းပေးခဲ့သည်။ ပြဿနာက ဤတွင် စခန်းသတ်သင့်လျက်မသတ်ဘဲ ရန်ပွဲကြီး ဖြစ်စေခဲ့သည်။

ထိုအကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကြားသော် ဃောသိတာရုံကျောင်းသို့ ကြွလာသည်။

မြတ်ဘုရားသည် ရဟန်းတို့ကို စုဝေးစေသည်။

''ချစ်သားတို့၊ သင်တို့ဟာ မြင့်မြတ်သော ရဟန်းပီပီ အငြိုးအတေးမထားကြနှင့်၊ တစ်ဦးနှင့်တစ်ဦး သင့်တင့်ညီညွတ်စွာနေထိုင်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုရေးသာ ကြိုးစားသင့်တယ်''

စည်းလုံးညီညွတ်စွာရှိနေသည့် သံဃာ့အဖွဲ့အစည်း ယိမ်းယိုင်ပြိုကွဲမှုကို မလိုလားသည့် ဘုရားရှင်က ညီညွတ်ရေးဆုံးမသည်။ သံဃာအများက ဆိတ်ဆိတ်နေလျက် အမှားကို ဝန်ခံကြသော်လည်း အဓမ္မဝါဒီရဟန်းတစ်ပါးက ပြဿနာထတက်သည်။

''ရှင်တော်မြတ်ဘုရားသည်းခံပါ၊ ကိုယ်တော်မြတ်ဘုရားသာ အရဟတ္တဖိုလ်ချမ်းသာနှင့်နေတော်မူပါ။ ဒီပြဿနာကို တပည့်တော်တို့နည်း တပည့်တော်တို့ဟာနဲ့သာ ရှင်းပါရစေ''

အဓမ္မဝါဒီရဟန်း၏ လျှောက်တင်စကားကြားတော့ ဘုရားရှင်သံဝေဖြစ်မိသည်။ ဤစကားရပ်သည် သံဃာ့အကြီးအမှူးဖြစ်သည့် ဘုရားရှင်၏စကားကိုပင် ဥပေက္ခာပြုတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြစ်သည်။ ဒီ

လောက်ထိအသိဉာဏ်မိုက်မဲရသလော" ဟု ဘုရားရှင်က တွေးစရာဖြစ်သည်။ သို့သော် သတ္တဝါများအပေါ် အစဉ်ကရုဏာထားသော ဘုရားရှင်ကမူ ဥပေက္ခာမပြုနိုင်။ အသိဉာဏ်နုံ့နဲ့သူတွေပဲလေဟူသော ထောက်ထားစိတ်ဖြင့် ဆက်မိန့်သည်။

"ချစ်သားတို့ ခိုက်ရန်ဒေါသဖြစ်ခြင်းဟာ အကျိုးမရှိ။ မိမိရော သူတစ်ပါးပါ ဘုန်းကျက်သရေယုတ်ကြောင်းဖြစ်တယ်။ ချစ်သားတို့ ဥပမာစကား ငါမိန့်ရသော် ရန်လိုစိတ်ကြောင့် နံ့စုတ်ငှက်ငယ်ကို နှိပ်စက်တဲ့ ဆင်ပြောင်ကြီး အသက်ဆုံးရှုံးရဖူးတဲ့ သာဓကရှိပေတယ်"

ဘုရားရှင်သည် ဉာဏ်နည်းသည့် ရဟန်းတို့ နားလည်စိမ့်သောငှာ လဋုကိဇာတ်ကို ဟောသည်။ ဟောသော်ငြားလည်း အဓမ္မရဟန်းက "ကိုယ်တော်မြတ်ဘုရား ငြိမ်းအေးစွာ သီတင်းသုံးပါ။ ရန်ဖြစ်ဖို့က တပည့်တော်တို့အလုပ်ပါ"ဟု လျှောက်ပြန်သည်။ ဘုရားရှင်က ညီညွတ်ခြင်းမရှိ၍ ငုံးတစ်ထောင်ပျက်စီးရပုံကို ဂဋ္ဋဇာတ်ကို ဟောကြားပြန်သည်၊ သို့သော် ကြောင်းကျိုးမသိ၊ ရှေ့နောက်မမျှော်၊ အတွေးအခေါ်နည်းသည့် ရဟန်းတို့က နာခံချင်စိတ်မပြချေ။

"ချစ်သားတို့၊ ငါဘုရားနှစ်ဦးအခါက အဖြစ်အပျက်နှင့် သာဓကပြပေဦးအံ့"

ဘုရားရှင်သည် "ချစ်စကို ရှည်စေ၊ မုန်းစကိုတိုစေ"ဟူသော အကျိုးအကြောင်းပြသည်။ ဒီဃာဝုဇာတ်ကို ဟောကြားပြန်သည်။

"ချစ်သားတို့ ဤလောက၌ ရန်ထောင်တတ်သော ရန်သူကိုပင် ရန်တုံ့မမူဘဲ မေတ္တာပေးဝေသဖြင့် အေးငြိမ်းခြင်းဖြစ်ခဲ့၏။ လိုရာခရီး အပြီးရောက်၏။ အောင်မြင်မှုရ၏။ ဒါကြောင့် ညီညွတ်ခြင်းဖြစ်ကုန်လော့" ဟု မိန့်သည်။

ရှင်တော်မြတ်ဘုရားက နားလည်နိုင်အောင် သာဓကဆောင်ဟောသော်လည်း အဓမ္မဝါဒီရဟန်းတို့က နာခံလိုစိတ်မရှိကြ။ ဤတွင် ဘုရားရှင်သည် ကိုယ့်ကိုယ်ကိုသာ ဆုံးမလိုက်သည်။

"ငါ့စကားကိုပင် မလိုက်နာတဲ့ ရဟန်းတို့နဲ့ အတူယှဉ်တွဲပြီး ဆင်းရဲစွာနေရတာ ဘယ်မှာအကျိုးရှိလေမလဲ။ ခုချိန်ကစပြီး ငါတစ်ပါးတည်းနေတော့အံ့"

ဘုရားရှင်သည် ဤသို့ဆုံးဖြတ်ချက်ချပြီး ဆွမ်းခံသွားရာမှ ကျောင်းပြန်မလာတော့ဘဲ ကောသမ္ဗီပြည်၏ အရှေ့အရပ်ရှိ ပါလိလေယျသို့ ကြွလေ၏။

× × × × × × × ×

ဃောသိတာရုံကျောင်းတိုက်တွင် သီတင်းသုံးနေသည့် ရဟန်းများအမြင်မှာ ဒါယကာ ဒါယိကာမများက သူတို့အကျင့် စရဏကို ယုံကြည်သဖြင့် ကိုးကွယ်နေခြင်းဟု မှတ်ထင်သည်။ အမှန်တော့ တစ်စိတ်တစ်ပိုင်းအနေဖြင့် မှန်ကန်သည်။ ဘုရားသားတော်မြင့်မြတ်သည့် သူတော်ကောင်းကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးရာမြေကောင်းဟူ၍တော့ ခံယူထားသည်။ ခံယူထားမှုကို အနှစ်ချုပ်ဆွဲယူကြည့်လျှင် ဘုရားသားတော်ဟူသော ဂုဏ်က အထည်ဝါဆုံးဖြစ်သည်။

ဘုရားသားတော်ဟူသော အရိပ်ကို ဖယ်ရှားလိုက်လျှင် အခြားဘာမှမရှိတော့သည့်အဖြစ်ကို ရဟန်းတို့ မသိကြ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆုံးမရခက်သော ရဟန်းတို့ကို စွန့်လျက် တစ်ပါးတည်းကြွသွားသည်နှင့် တစ်တရားခံမှာ ရဟန်းတို့ဖြစ်နေသည်။

ဒါယကာတို့ မြတ်မြတ်နိုးနိုးဆည်းကပ်ကိုးကွယ်လိုသော ဘုရားရှင်က ဃောသိတာရုံကျောင်းကို စွန့်ခဲ့ခြင်းမှာ ရဟန်းတို့ မလိမ္မာ၍ဟု မြင်ကုန်သည်။

"ဘုရားရှင်ဘယ်ကြွသလဲ"

"ဘယ်အရပ်မှာ သီတင်းသုံးနေလဲ"

"ဆိုဆုံးမစကား မနာယူတဲ့ရဟန်းတွေ ဃောသိတာရုံမှာ စုပြုံနေတော့ ဘာထူးမှာလဲ"

ဒါယကာတို့၏ အမေးပုစ္ဆာ

တွေက အဆင်းလှမြားသဖွယ် တစ်ချောင်းပြီးတစ်ချောင်း ပြေးစိုက်လာသည်။ စွပ်စွဲချက်တွေ တစ်ခုပြီးတစ်ခု တင်လာသည်။ စွပ်စွဲရုံမျှမက ရဟန်းတို့ကို ရှောင်ဖယ်လာသည်။ ဆွမ်း၊ ကွမ်း၊ ဆေး၊ ကျောင်းဟူသည့် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခြင်းကိုလည်း ရပ်ဆိုင်းလာသည်။

ရဟန်းတို့သည် အနေအထားအမှန်ကို ရိပ်စားမိလာကြသည်။ ဤဃောသိတာရုံကျောင်းကို ဃောသကသူဌေးကြီးနှင့် ကောသမ္ဗီပြည်သားများ ဆည်းကပ်ခြင်းမှာ သူတို့၏ ဘုန်းရိပ်၊ ကံရိပ်ကို ခိုလှုံချင်၍မဟုတ်။ ဘုရားရှင်ကို ရည်စူးလျက် ရောက်လာခြင်းဖြစ်သည်။

“ရှင်တော်မြတ်ဘုရား .. ဤပါလိလေယျပါးတောမှာ ညှိုးငယ်စွာ သီတင်းသုံးတော်မမူပါနှင့်၊ သာသနာ့ဒါယကာဖြစ်တဲ့ အနာထပိဏ်သူဌေး၊ စူဠအနာထပိဏ်သူဌေးတို့ကလည်း ရှင်တော်မြတ်၏ ရွှေမျက်နှာတော်ကို ဖူးချင်လှပါပြီ၊ ကောသမ္ဗီပြည်သား သူဌေးကြီးများကလည်း ကမ္ဘာဦးလူတို့ နေ့လကို တောင်းတသလို ရှင်တော်ဘုရားကို တောင့်တနေကြပါပြီ။ အပူဇော်ခံရန် လျှောက်ထားအပ်ပါတယ်ဘုရား”

အရှင်အာနန္ဒာမထေရ်က သတင်းစုံစမ်းပြီး လိုက်လာသည်။ အကျိုးအကြောင်းတင်လျှောက်သည်။ အထူးသဖြင့် ဃောသိတာရုံကျောင်းရှိ ရဟန်းတို့ နောင်တကြီးစွာရလျက် အဆုံးအမအတိုင်း လိုက်နာတော့မည့်အကြောင်း လျှောက်ထားသည်။

ဘုရားရှင်က အရှင်အာနန္ဒာ၏လက်သို့ သပိတ်ကို ကမ်းပေးလိုက်တော့၏။

× × × × × × × ×

တစ်ဦးနှင့်တစ်ဦး ရန်လိုခြင်း၊ အငြိုးအတေးထားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းသည် သူတော်ကောင်းတို့စိတ်တွင် ထားအပ်သော မေတ္တာစိတ်ခေါင်းပါးခြင်းကြောင့် ဖြစ်သည်။ မေတ္တာစိတ်သာ လွှမ်းခြုံထားလျှင် တစ်ဖက်သားအပေါ် ချစ်သောမျက်စိဖြင့် ကြည့်၏။ ချစ်သောစကားကိုသာ ဆို၏။ ချစ်သောအပြုအမူသာလျှင် ပြုမူ၏။

တစ်ဦးအပေါ် တစ်ဦးက မကြည်ဖြူနိုင်ခြင်းမှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယစိတ်တွေကိန်းနေ၍ဖြစ်သည်။ ဤစိတ်ဆိုး၊ စိတ်ရိုင်း၊ စိတ်ယုတ်တို့ကို ကိုယ်တွင်းမှ ပယ်မှသာ တစ်ဖက်သားအပေါ် စာနာနားလည်ကြမည်။

ပါစိနဝံသအရပ်၌ အရှင်အနုရုဒ္ဓါ၊ အရှင်ကိမိလ၊ အရှင်နန္ဒတို့ သုံးပါး ညီညွတ်စွာ သီတင်းသုံးနေနိုင်ခြင်းမှာ စိတ်ဆိုး စိတ်ရိုင်းကင်းပြီး မေတ္တာစိတ်ဖြင့် ဆက်ဆံကြသောကြောင့် ဖြစ်သည်။ အရှင်မြတ်တို့သည် တစ်ပါးအပေါ် တစ်ပါးက ချစ်သောမျက်စိဖြင့်သာ ကြည့်၏။ ကိုယ်ကျိုးမကြည့်ဘဲ အများ၏ အလိုဆန္ဒကြည့်လျက် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဖြင့် ဆက်ဆံ၍ ညီညွတ်ခြင်းဖြစ်သည်။

ကောသမ္ဗီရှိ ဃောသိတာရုံကျောင်းမှ ရဟန်းတို့ကို ထိုရဟန်းသုံးပါးအကြောင်း ပြန်ပြောင်းပြောရလျှင် ညီညွတ်ကြပေလိမ့်မည်။ သို့သော် ယခုအခါတော့ ထိုအကြောင်းပြန်ပြောပြဖို့မလိုအောင် အသိရှိသွားလိမ့်မည်ဟု ယုံကြည်သည်။

ဘုရားရှင်ကို စောင့်ကြိုနေသည့် သူဌေးကြီးတွေနှင့် ဒါယကာဒါယိကာမတို့ကမူ ဘုရားရှင်ကြွလာမည့် ဝါးတောဆီသို့သာ လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေကြပေသည်။

ကျမ်းကိုး။ ။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဓိနတ္ထပကာသနီ (သတ္တမတွဲ)

မောင်ဆန္ဒ(လယ်ဝေး)



သာသနာပြု ပုဂ္ဂိုလ်ထူးများ၏ ဝိသေသ "အား" နှစ်ပါး

အောင်ကျော်ညို *(ဆင်ချဆိပ်)*

တစ် နေ့ ရန်အောင်စာပေမှ ဦးလှတိုး ရုံးသို့ ပေါက်ချလာသည်။ ခန့်ညားထည်ဝါသော ဆရာတော်ဘုရားကြီးတစ်ပါး၏ မျက်နှာဖုံး အပြည့်ပုံတော်နှင့် လက်ကမ်းစာစောင်ယူလာပေးပြီး ကုသိနာရုံဆရာတော်ဘုရားကြီးဖြစ်ကြောင်း သက်တော် (၈၀)ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်၍ စာမူလေးချီးမြှင့်ပါဟု ဆိုလာသည်။ ကြိုးစားပေးမည်။ ကတိပေးလိုက်ပါသည်။

ဆရာပြန်သွားပြီး ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ အကြောင်းကို အစမှအဆုံးထိ ပူဇော်ဖြစ်သည်။ လေးစားကြည်ညိုစရာ သီလ၊ သမာဓိ၊ ပညာစွမ်းပကားများကို သိလာရချိန် မိမိဉာဏ်တစ်ထွာတစ်မိုက်လောက်နှင့် မတို့မထိရဲအောင် ဖြစ်သွားရသည်။ သို့သော်လည်း ပေးပြီး ကတိစကားအတိုင်း တာဝန်ကျေရဦးမည်။ ဆရာတော်ဘုရားကြီးအပေါ် ကြည်ညိုသဒ္ဓါစိတ်အရင်းခံနှင့်မို့ အမှားအယွင်း ရှိခဲ့ပါလျှင်လည်း မသိမလိမ္မာ စေတနာအမှားသာ ဖြစ်ပါလိမ့်မည်။

မိမိတို့နိုင်ငံမှ ကမ္ဘာသိ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များတွင် ရခိုင်ပြည်နယ်မှ ရဟန်းတော်သုံးပါးလည်း အပါအဝင်ဖြစ်သည်။ ဦးစွာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးမီးရှူးတန်ဆောင်ဆရာတော် ဦးဥတ္တမ၊ မြန်မာနိုင်ငံသား တပည့်ဒကာများ သူ့ကျွန်ဘဝမှာ ညှိုးငယ်နေရချိန် ကျွန်ထမင်း၊ ကျွန်ဟင်းကို ဘုဉ်းပေး၍ ရဟန်းအကျင့် ငါမကျင့်နိုင်သေး။ တပည့်ဒကာများကို ကျွန်တွင်းမှ ကယ်တင်ပြီးမှသာ ဘာသာ

သာသနာအရေး ဆောင်ရွက်မည်ဟု သံဓိဋ္ဌာန်ချမှတ် နိုင်ငံလွတ်လပ်ရေးကို ဦးဆောင်ခဲ့သူ၊ (၁၉၁၁)ခုနှစ်မှစ၍ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးတရားများကို တစိုက်မတ်မတ် နှိုးဆော်ဟောပြော အိပ်မောကျနေသော မြန်မာနိုင်ငံသားများအား နိုင်ငံရေးအသိ နိုးထစေခဲ့သူ။ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ မြန်မာနိုင်ငံအနှံ့မှာ ဆရာတော်ဘုရားကြီးကို ကြည်ညိုလေးစားရှိခဲ့ကြသလောက် မွေးရပ်မြေ စစ်တွေမြို့ ဝက်ပါကွင်းတရားပွဲမှာ ခဲပေါက်ခံခဲ့ရသည်။ **"ဆီမီးခွက်သည် ဝန်းကျင်လောကကို အလင်းဆောင်ပေးနိုင်စွမ်း၏။ ကိုယ့်အောက်ခြေကိုကား အလင်းမပေးနိုင်"**။ ထိုစဉ်က ဆရာတော်ဘုရားကြီး မိန့်ကြားဝမ်းနည်းစကား။

"ကမ္ဘာမှာ မြန်မာလူမျိုးသည် အမြတ်ဆုံး၊ မြန်မာလူမျိုးထဲမှာ ရခိုင်၊ ရခိုင်မှာ စစ်တွေမြို့သား၊ စစ်တွေမြို့သားမှာ မြစ်နားတန်း၊ မြစ်နားတန်းမှာ ငါတို့မိသားစုက အမြတ်ဆုံး။ ဒီလို သခင်စိတ်ထားမွေးပြီး ကျွန်ဘဝမှ ရုန်းထွက်ကြ" စိတ်ဓာတ်ချိုးနှိမ်ခံနေရသည့် သူ့ကျွန်ဘဝမှာ စိတ်ဓာတ်စွမ်းအားကို မြှင့်တင်ပေးခဲ့သော ဆရာတော်ဘုရားကြီး၏ မှတ်သားစရာစကား။

ဒုတိယကမ္ဘာသိ ဆရာတော်ဘုရားကြီးမှာ အိန္ဒိယနိုင်ငံသားများ ရိုသေလေးစားပူဇော်ကြသော စန္ဒြမဏိဘာဘာ (ခေါ်) ဘဒ္ဒန္တစန္ဒြမဏိ အရှင်သူမြတ်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ တိမ်ညိုတိုက်နေ၊ ပေါက်ပင်ကွင်းသား ဇာတိဖြစ်သည်။ ကိုရင်ဝတ်နှင့်ကတည်းက ရှင်သူရိယနှင့် နှစ်ပါးအတူ အိန္ဒိယနိုင်ငံသို့ သာသနာပြုပင့်ဆောင်ခံရသူ။ ဒေသခြား၊ စရိုက်ခြား၊ ဘာသာခြားများကြားမှာ ကိုရင်သူရိယ ခံနိုင်ရည်မရှိ၊ ရခိုင်သို့ လှည့်ပြန်ခဲ့လည်း "တောက်မည့်မီးခဲရဲရဲ"ဆိုသလို ရှင်စန္ဒြကား နောက်ကြောင်းမပြန်။ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှား သာသနာပြုမဟာလုပ်ငန်းကြီးကို ဦးဆွေးဆံမြွေ စောက်ချလုပ်ကိုင်ခဲ့သည်။

ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိပင်၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံဒေသများသည် ဒေသခံဆာဒူးကြီးများ၏ ဗလိနတ်စာကျွေးရာ နေရာဌာနများဖြစ်နေသည်။ ဦးစွာ သာသနိကအဆောက်အအုံများ လက်ဝယ်ရရှိဖို့ ဆာဒူးကြီးများနှင့်အပြိုင် တရားရင်ဆိုင်အနိုင်ယူကာ သာသနာ့နယ်မြေများကို သန့်စင်ခဲ့ရသည်။

ဘုရားပွင့်တော်မူရာဒေသတွင် ဗုဒ္ဓသာသနာကွယ်ပျောက်လုနီးဖြစ်နေသည်ကို ဆရာတော်ဘုရားကြီးက တဖန်ဖွံ့ဖြိုးစည်ပင်အောင် စွမ်းဆောင်ခဲ့ရသည်။ သာမန် ဖွဲ့ လုံ့လ၊ ဝီရိယလောက်နှင့် မထွန်းပေါက်နိုင်။ လက်ရှိ ကုသိနာရုံ ဆရာတော်ဘုရားကြီးမိန့်ကြားခဲ့သလို "ထက်မြက်တဲ့အမြင်၊ သွက်လက်တဲ့ခြေလှမ်း၊ မမောပန်းတဲ့ခန္ဓာကိုယ်၊ မပြိုလဲတဲ့စိတ်ထား၊ ပြင်းပြတဲ့သမာဓိအား"များကြောင့်သာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဘဒ္ဒန္တစန္ဒြမဏိအရှင်သူမြတ်၏ အနာဂတ်ကြိုတင်အမြော်အမြင်ကြီးမှုတစ်ရပ်မှာ မိမိစီမံဆောင်ရွက်ဖွံ့ဖြိုးနေပြီးသော သာသနာနယ်မြေအခြေတည်မြဲအောင် ဆက်လက်တာဝန်ယူထမ်းဆောင်နိုင်ဖို့ စီမံပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ နိုင်ငံရပ်ခြားမှာ ရရှိခဲ့သည့် လောကီ၊ လောကုတ္တရာ ဘွဲ့ထူး၊ ဂုဏ်ထူးများ သာသနာပြုခဲ့မှုများကို ရေးလျှင်ရေး၍ ကုန်နိုင်ဖွယ်ရာမရှိပါ။ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဖြေကြားခဲ့သော စကားနှစ်ခွန်းနှင့် ဆရာတော်ဘုရားကြီးအား ပူဇော်လိုပါသည်။

"မိမိကိုယ်ကို သူတစ်ပါးကြည်ညိုနိုင်ဖို့ အတွင်းအားအပြင် အားတွေနဲ့ ပြည့်စုံဖို့လိုပါသေးတယ်။ အတွင်းအားက သီလ၊ သမာဓိ၊ ပညာရှိဖို့ပါ။ အပြင်အားကတော့ ဘွဲ့တွေ၊ ဂုဏ်ထူး၊ ဝိသေသတွေပေါ့"

ဤသို့ဖြင့် ယခု သက်တော် (၈၀)ပြည့်ပြီဖြစ်သော ဘဒ္ဒန္တ ဉာဏိဿရအရှင်သူမြတ်သည် တတိယမြောက် ကုသိနာရုံ ဆရာတော်ဘုရားကြီး ဖြစ်လာခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ငါးဖင်ရိုင်းချောင်းကျွန်း၊ ဇီးပင်ကြီးရွာ ဇာတိဖြစ်သည်။ အသက် (၁၄)နှစ်အရွယ် မွေးရပ်မြေမှာ ရှင်သာမဏေပြုပြီး ရှင်ဉာဏိဿရဘွဲ့ကို ခံယူတော်မူသည်။ (၁၃၁၈)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက်နေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရန်ကုန်မြို့ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်တို့တွင် ပါဠိအဋ္ဌကထာ၊ ဋီကာ စသော အထက်တန်းကျမ်းများကို သင်ယူနေစဉ် အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ၊ ဒုတိယကုသိနာရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တစန္ဒြမဏိ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာ၊ အိန္ဒိယ နိုင်ငံသား ဒေါက်တာမေ့ဓရက္ခိတတို့၏ ဖိတ်ကြားချက်အရ ကုသိနာရုံသို့ သာသနာပြုခရီး ကြွရောက်တော်မူသည်။

ဆရာတော်ဘုရားကြီး၏ နိုင်ငံရပ်ခြားမှာ ရရှိခဲ့သည့် လောကီ၊ လောကုတ္တရာ ဘွဲ့ထူး၊ ဂုဏ်ထူးများ သာသနာပြုခဲ့မှုများကို ရေးလျှင် ရေး၍ ကုန်နိုင်ဖွယ်ရာမရှိပါ။ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သော စကား နှစ်ခွန်းနှင့် ဆရာတော်ဘုရားကြီးအား ပူဇော်လိုပါသည်။ "မိမိကိုယ်ကို သူတစ်ပါးကြည်ညိုနိုင်ဖို့ အတွင်းအား အပြင် အားတွေနဲ့ ပြည့်စုံဖို့လိုပါသေးတယ်။ အတွင်းအားက သီလ၊ သမာဓိ၊ ပညာရှိဖို့ပါ။ အပြင်အားကတော့ ဘွဲ့တွေ၊ ဂုဏ်ထူး၊ ဝိသေသတွေပေါ့" ဤအားနှစ်ပါးနှင့်ပြည့်စုံဖို့ ဆရာတော် ဘုရားကြီးသည် မလျော့သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မအိပ် မနေ အားသွန်ခွန်စိုက် ရှိနေခဲ့ရသည်။ ကြိုးစားသလောက် လည်း ထိုက်ထိုက်တန်တန် "အား"နှစ်တန်နှင့် ကုန်လုံ ပြည့်ဝ ရှိလာခဲ့သည်။ လက်ရှိရရှိထားပြီး ဘွဲ့ထူးဂုဏ်ထူး ပေါင်းများစွာနှင့် သာသနာပြုလုပ်ငန်း အောင်မြင်နေမှုက အထင်ကရမှတ်တိုင်များပင် ဖြစ်ပါသည်။

တဖက်မှာလည်း ဤ"အား"နှစ်ပါးနှင့်ပင် ဗုဒ္ဓ ကိုယ်တော်တိုင် မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာကို အစပြု မျိုးစေ့ချ ရှင်သန်စေနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဗုဒ္ဓ၏ အတွင်း အားများဖြစ်သည့် သီလ၊ သမာဓိ၊ ပညာစွမ်းပကားများ သည် လောကအဝှမ်း အလင်းပေးနိုင်စွမ်းသည့် စွမ်းရည် ပြည့်ဝရှိပြီးသား။ ဗုဒ္ဓ၏ အပြင်အားမှာ ခတ္တိယမျိုးနွယ်ဖြစ် နေခြင်း၊ ထိုစဉ်က အိန္ဒိယနိုင်ငံတွင် ခတ္တိယ၊ ဗြာဟ္မဏ၊ ဝဿ၊ သုဒ္ဒ ဟူ၍ ဇာတ်လေးမျိုး ကွဲပြား ခွဲခြားဆက်ဆံမှုပြင်းထန် နေသည့်ကာလ၊ ဇာတ်အမြင့်ဆုံးမှာ ခတ္တိယမျိုးနွယ်စု၊ ခတ္တိယသကျ သာကီနွယ်ဝင်ဖြစ်နေမှုက မဇ္ဈိမဒေသ၏ ဗုဒ္ဓ ဘာသာပြန့်ပွားရေးတွင် အတိုင်းအဆမဲ့ အထောက်အကူ ဖြစ်စေခဲ့ပါသည်။ အကယ်၍ ဗုဒ္ဓသည် ဝဿ၊ သုဒ္ဒ စသည့် ဇာတ်နိမ့်မျိုးနွယ်စုများမှသာဆိုလျှင် ဗုဒ္ဓသာသနာ ဤမျှ ဤမျှ ပြန့်ပွားလာနိုင်မည် မဟုတ်ပါ။

ယခု ဗုဒ္ဓ၏သားတော် အစစ်အမှ န် ကုသိနာရုံ အရှင်သူမြတ်သည်လည်း ဗုဒ္ဓလျှောက်လှမ်း လမ်းကြောင်း ပေါ်မှာ မျက်ခြေမပြတ် လျှောက်လှမ်းလျက်ရှိနေဆဲ။ ဗုဒ္ဓ၏ ဇာတိမြေမှာ သာသနာတော်တစ်ဖန် ပြန်လည်ဖွံ့ဖြိုးဝေစည် လာဖို့ နေ့ညမဟူ တာဝန်ယူ ထမ်းဆောင်လျက်ရှိနေဆဲပါ။ ဆရာတော်ဘုရားကြီး၏ သက်တော် (၈၀)ပြည့် မွေးနေ့ မင်္ဂလာရက်မြတ်မှသည် သက်တော်ရာကျော်တိုင် အမျိုး ဘာသာ၊ သာသနာအကျိုး ဆတိုးရွက်ဆောင်နိုင်ပါစေ။ ရှေ့က ကြွချီနှင့်ပြီးသော ကုသိနာရုံဆရာတော်ဘုရားကြီးများကဲ့သို့ ပုခုံးပြောင်းတာဝန်ယူနိုင်ဖို့ ပုဂ္ဂိုလ်ထူးတစ်ဦးကို ပြုစုမျိုးထောင် ထားရစ်ခဲ့နိုင်ပါစေဟု ဆုတောင်းပတ္ထနာပြုရင်း ဆရာတော် ဘုရားကြီး၏ အောင်မြင်ရေးကျင့်စဉ်လာ စကားသုံးခွန်းနှင့် ရပ်ဝေးမြေခြားတစ်နေရာမှ ဦးနိမ်ကန်တော့အပ်ပါသည်။

"ကျေးဇူးပြုပါ၊ ကျေးဇူးဆပ်ပါ၊ ကျေးဇူးသိတတ်ပါ"

အောင်ကျော်ညို(ဆင်ချဆိပ်)

ကုသိနာရုံ မြန်မာကျောင်းဆရာတော်ဘုရားကြီးထံမှ သိရှိခဲ့ရသော ဗုဒ္ဓကိစ္စတော် ငါးပါး

သန်းဝင်းရှိန်

စာရေးသူသည် (၂၀၀၇)ခုနှစ်က အိန္ဒိယနိုင်ငံ ကုသိနာရုံမြန်မာကျောင်းသို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ပါသည်။ ရောက်ရှိရသည့် အကြောင်းအရင်းကား အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ထားကိုးကွယ်သော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး အထက်ဌာပနာပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ပူဇော် အပြီး

မြန်မာနိုင်ငံသို့ အပြန်ခရီးတွင် ရောက်ရှိခဲ့ခြင်းဖြစ် ပါသည်။

မှတ်မှတ်ရရပင် (၁၇-၁၂-၂၀၀၇)ရက်နေ့တွင် ကုသိနာရုံမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရကို ဝင်ရောက်ဖူးတွေ့ခဲ့ရာတွင် ဆရာတော်က စာရေးသူကို တွေ့ဆုံခိုက်မှာပင် သာသနာတော်နှင့်သက်ဆိုင်သော သိမှတ်ဖွယ်ရာများကို မိန့်ကြားတော်မူပါသည်။ ထိုသို့ သိမှတ်ဖွယ်ရာများထဲမှ မြတ်ဗုဒ္ဓ၏ နေ့စဉ်ဆောင်ရွက်သော ဗုဒ္ဓကိစ္စတော်ငါးပါးကို ကလျာဏသူတော်စင်အပေါင်းတို့ အား သိရှိစေလိုပြီး ဗုဒ္ဓမြတ်စွာအပေါ် ကြည်ညိုသဒ္ဓါတရား ပွားများနိုင်စေရန် ရည်မျှော်၍ ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့်မွေးနေ့ ဝိဇာတအခါနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် တင်ပြလိုက်ရပါသည်။

ဗုဒ္ဓကိစ္စတော်ငါးပါးဆိုသည်မှာ မြတ်စွာဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်နေကျကိစ္စတို့ကို တစ်နေ့တာ အချိန် အားဖြင့် ပိုင်းခြားသတ်မှတ်ခေါ်ဆိုခြင်းဖြစ်သည်။

နေ့ပိုင်းဆောင်ရွက်တော်မူသောကိစ္စများ

(၁) ပုရေဘတ္တကိစ္စ- မြတ်ဗုဒ္ဓ၏ နံနက်ပိုင်းဆောင်ရွက်သော ကိစ္စဖြစ်သည်။ မြတ်ဗုဒ္ဓသည် နံနက်စောစော ထ၍ မျက်နှာသစ်ခြင်း၊ တံပူသုံးခြင်း စသော ကိုယ်ကာယ နှင့် ပတ်သက်သော အမှုသေးများကို ပြုတော်မူသည်။ ထို့နောက် ဆွမ်းခံဝင်ချိန်ရောက်သည်အထိ ဆိတ်ငြိမ်ရာ ဂန္ဓကုဋိတိုက်တွင်း၌ နေတော်မူသည်။ ဆွမ်းခံချိန်ရောက် သောအခါ မြတ်စွာဘုရားရှင်သည် အပေါ်ရုံသင်္ကန်းကို ဝတ်ရုံတော်မူပြီး သပိတ်ကိုယူ၍ ဆွမ်းခံကြွတော်မူသည်။ မြတ်စွာဘုရားသည် ဆွမ်းခံကြွစဉ် ဝေနေယျသတ္တဝါ အပေါင်းတို့ကို ချီးမြှောက်တော်မူပြီးမှသာ ကျောင်းတော်သို့ ပြန်ကြွသည်။

ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရား ရှင်သည် နံ့သာတန်ဆောင်းတွင် ခင်းထားအပ်သော မြတ်စွာဘုရာရှင်၏ နေရာတော်၌ ရဟန်းတို့ ဆွမ်းကိစ္စပြီး စီးသည့်တိုင်အောင် ထိုင်နေတော်မူသည်။ ရဟန်းတို့ ဆွမ်းစားပြီးနောက် ဂန္ဓကုဋိအနီး ရဟန်းတို့ စည်းကပ်ရာ နေရာ၌ ထိုင်တော်မူ၍ ခြေတော်ကို ရေဆေးတော်မူပြီး၊ ခြေဆေးအင်ပျဉ်၌ ရပ်တော်မူလျက် အောက်ဖော်ပြပါ ဒုလ္လဘတရားငါးပါးကို ရဟန်းတော်တို့အား ဟောကြား ဆုံးမတော်မူပြီးမှ ဂန္ဓကုဋိသို့ ဝင်တော်မူသည်။

"ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တ ပဋိလာဘော၊ ဒုလ္လဘာ သမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝနန္တိ"

မြန်မာပြန်

"ရဟန်းတို့ ... မမေ့လျော့သော သတိတရား နှင့် ပြည့်စုံကြစေကုန်၊ လောက၌ မြတ်စွာဘုရားဖြစ်ရ ခြင်းကို ရခဲ၏။ လူအဖြစ်ကို ရခဲ၏။ အချိန်ကောင်း ခဏ ကောင်းရခဲ၏။ ရဟန်းအဖြစ်ကိုရခဲ၏။ သူတော်ကောင်း တရား ကြားနာရခြင်းကို ရခဲ၏"

(၂) ပစ္ဆာဘတ္တကိစ္စ- မြတ်စွာဘုရား၏ နေ့လည်ပိုင်း နှင့် ညနေပိုင်းဆောင်ရွက်တော်မူသော ကိစ္စဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား ဒုလ္လဘတရားငါးပါး ကို ဟောကြားဆုံးမတော်မူပြီးနောက် ဂန္ဓကုဋိသို့ ဝင်တော် မူ၍ လက်ယာနံတောင်းဖြင့် လျောင်းတော်မူသည်။ ထို့နောက် မြတ်စွာဘုရားသည် ကိုယ်ကာယသက်သာရာရလျှင် ထတော်မူကာ နေ့၏ဒုတိယအဖို့၌ လောကကြီးကို ကြည့်ရှု တော်မူသည်။ နေ့၏ တတိယအဖို့၌ကား မြတ်စွာဘုရားရှင် ထံ ရောက်လာကြသော ပရိသတ်တို့အား သင့်လျော်သော တရားဓမ္မကို ဟောကြားတော်မူသည်။ ထို့နောက် မြတ်စွာ ဘုရားရှင်သည် ထိုင်နေသည့်နေရာမှထ၍ ရေချိုးအိမ်သို့ ဝင်ပြီး ရေသပ္ပါယ်တော်မူပါသည်။

ညပိုင်းဆောင်ရွက်တော်မူသောကိစ္စများ

(၃) ပုရိမယာမကိစ္စ- မြတ်စွာဘုရားရှင်၏ ညဉ့်ဦး ယာမ်ပိုင်း ဆောင်ရွက်သောကိစ္စဖြစ်သည်။ မြတ်စွာဘုရား

ရေသပ္ပါယ်တော်မူစဉ် အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား၏ နေရာတော်ကို ယူတော်မူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝင်းအတွင်းရှိ ဂန္ဓကုဋီပရဝုဏ်၌ အခင်းခင်းထားတော်မူသည်။ မြတ်စွာဘုရားရှင်သည် ရေသပ္ပါယ်တော်မူပြီး နှစ်ထပ်သင်းပိုင်ကို ဝတ်တော်မူ၍ ခါးပန်းကြိုးဖွဲ့ချည်တော်မူပြီးနောက် ထိုခင်းထားအပ်သောနေရာ၌ တစ်ပါးတည်း ထိုင်နေတော်မူသည်။ ထို့နောက် ရဟန်းတို့သည် ထိုထိုနေရာများမှ လာရောက်ကြပြီး တစ်ချို့က ပြဿနာကို မေးလျှောက်ကြသည်။ တစ်ချို့က ကမ္မဋ္ဌာန်းတရားကို မေးလျှောက်ကြသည်။ တစ်ချို့က တရားနာလို၍ တရားဟောကြားရန် တောင်းပန်လျှောက်ထားကြသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်းတို့၏ လိုအင်ဆန္ဒတော်ကို ပြည့်စုံစေလျက် ညဉ့်၏ ညဉ့်ဦးယာမ်ပိုင်းကို ကုန်လွန်စေပါသည်။

(၄) မဇ္ဈိမယာမ်ကိစ္စ- မြတ်စွာဘုရားရှင်၏ သန်းခေါင်ယာမ်အချိန် ဆောင်ရွက်တော်မူသော ကိစ္စဖြစ်သည်။ စကြဝဠာတိုက်တစ်သောင်းက နတ်၊ ဗြဟ္မာအပေါင်းတို့သည် ညဉ့်၏ သန်းခေါင်ယံအချိန်တွင် မြတ်စွာဘုရားထံ ချဉ်းကပ်ရောက်ရှိလာပြီး ပြဿနာများ မေးလျှောက်ကြသည်။ မြတ်စွာဘုရားရှင်သည် နတ် ဗြဟ္မာအပေါင်းတို့၏ အလိုဆန္ဒကို ပြည့်စုံစေလျက် ခေတ္တလျှောင်းတော်မူပြီး၊ ညဉ့်၏ အလယ်ပိုင်းယာမ်ဖြစ်သော သန်းခေါင်ယာမ်အချိန်ကို ကုန်လွန်စေပါသည်။

(၅) ပစ္ဆိမယာမ်ကိစ္စ- မြတ်စွာဘုရားရှင်၏ မိုးသောက်ယာမ်အချိန် ဆောင်ရွက်တော်မူသော ကိစ္စဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ညဉ့်၏နောက်ဆုံးပိုင်းဖြစ်သော မိုးသောက်ယာမ်အချိန်ကို သုံးဖို့ခွဲ၍ ပထမတစ်ဖို့ဖြစ်သော ယာမ်ကို စင်္ကြံလျှောက်ခြင်းဖြင့် ကိုယ်ခန္ဓာ၏ ပင်ပန်းနွမ်းနယ်ခြင်းမှ လွတ်မြောက်စေပါသည်။ ဒုတိယတစ်ဖို့ဖြစ်သော ယာမ်ကို ဘုရားရှင်သည် ဂန္ဓကုဋိသို့ ဝင်တော်မူ၍ လက်ယာနံတောင်းဖြင့်လျောင်းကာ ကျိန်းစက်တော်မူပါသည်။ တတိယတစ်ဖို့ဖြစ်သော နောက်ဆုံးယာမ်တွင်ကား ဘုရားရှင်သည် ကျိန်းစက်ရာက ထတော်မူပြီး ရှေးရှေးဘုရားရှင်တို့ထံ၌ ကုသိုလ်ကောင်းမှုပြုခဲ့ကြသော ဝေနေယျပုဂ္ဂိုလ်တို့ကို တွေ့မြင်စေရန် ဗုဒ္ဓစက္ခုဖြင့် လောကကြီးကို ကြည့်ရှုတော်မူပါသည်။ ကျွတ်တန်းဝင်ထိုက်သော တစ်မဂ်တစ်ဖိုလ်ရထိုက်သော ဝေနေယျသတ္တဝါတို့ကို သဗ္ဗညုတဉာဏ်တော်ကွန်ယက်ကို ဖြန့်၍ ကြည့်ရှုရှာဖွေတော်မူပါသည်။

ဤသို့ မြတ်စွာဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်နေကြကိစ္စတို့ကို တစ်နေ့တာအချိန်အားဖြင့် ပိုင်းခြားသတ်မှတ်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ ရှေးရှေးက ရဟန်းစာဆိုများကလည်း လင်္ကာစာသားဖြင့် ရေးသားပြုစုပူဇော်ခဲ့ပုံကို ကုသိနာရုံမြန်မာကျောင်းဆရာတော်ဘုရားကြီးထံမှ စာရေးသူ မှတ်သားရရှိထားခဲ့ပေရာ စာဖတ်သူ ကလျာဏမိတ္တ အများ သိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။ ထိုလင်္ကာစာသားမှာ-

"နေ့ကိုနှစ်ယာ၊ ညဉ့်မှ ရှေ့ယာမ်၊ သမဏ်တည်း။
လက်ယာမ်ရှေ့နတ်၊ တရပ်လျှောင်းကာ၊ နောက်ယာမ်
ရောက်က များမြောက်ဝေနေ၊ ရှုကြည့်လေ၊ ပရမေကိစ္စ၊
ငါးပါးတည်း"ဟူ၍ ဖြစ်ပါသည်။

သန်းဝင်းရှိန်

ဝိဇ္ဇာတမင်္ဂလာ – ပတ္တမြားရတု(၈၀)ပြည့်နှစ်အနုဿရဏ်အင်

မြမဉ္ဇူဝေ(ကျုံမငေး)

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဘာသာတရား၏ အဆုံးအမသွန်သင်မှုများဖြင့် အသက်ရှင်နေထိုင်သူများဖြစ်သောကြောင့် အသက်သိက္ခာကြီးမြတ်သူတို့အား ငယ်ရွယ်ကြသူများလည်းကောင်း၊ ဂုဏ်စွမ်းရည်မြင့်မားသူတို့အား နိမ့်ကျသူများကလည်းကောင်း၊ အရိုအသေပြုကြ၊ သဒ္ဒါရိုကျိုးဦးညွတ် ပူဇော်ကြမြဲဖြစ်ပါသည်။ ထိုသို့ပြုကြခြင်းကိုလည်း လောကဝတ်၊ ဓမ္မဝတ်ဟု မြတ်နိုးစွာ ခံယူထားကြပြီးလည်း

ဖြစ်သောကြောင့် "ပူဇာစ ပူဇ နေယျာနံ"ဟု မြန်မာမှု နယ်ပယ်တွင် မင်္ဂလာစကား ပေါ်ထွန်းနေပြီးဖြစ်၏။ ထို စကားသည် ဘုရားရှင်မိန့်ကြား မင်္ဂလာတရားဟု ကြီးသူက ငယ်သူကို လက်ဆင့်ကမ်း ပြောဆိုမြဲဖြစ်၏။ ပူဇော်ထိုက် သူကို ပူဇော်ကြရသည်မှာ မင်္ဂလာမည်ပါသည်ဟု အဓိပ္ပါယ် ရှိပြီးသောကြောင့် ဤသို့ အရိုအသေပြုပူဇော်ကြရာတွင် လည်း အပူဇော်ခံပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူး ဂုဏ်ထူးစွမ်းရည် ကို ရှုမြင်၍ ပူဇော်ကြဖို့လည်း လိုပါသည်။

ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းတော်မူခဲ့ပြီးသောအခါမှ သာသနာအကျိုးဆောင် တပည့်သံဃာအရှင်မြတ်များဟု တည်ခဲ့ကြရပြီး ထိုသံဃာမြတ်များအဖို့လည်း ခက်ခဲလှစွာ ရပ်တည်ခဲ့ရပါသည်။ မြတ်ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝက သံဃာများအဖြစ် တည်ခွင့်ရခဲ့သော ရဟန်းသံဃာအရှင်မြတ် များသည် ဘုရားရှင်၏ အဆုံးအမများဖြင့် အလွန်ယဉ်ကျေး သိမ်မွေ့ကြပြီးဖြစ်၏။ သီလ၊ သမာဓိ စသော ဂုဏ်စွမ်းရည် အနန္တနှင့်လည်း ရှိကြသူများပီပီ ရဟန်းသံဃာများ အထူး အလေးထားစောင့်ထိန်း ကြရသော "စတုပါရိသုဒ္ဓိသီလ"တစ်ခုတည်းနှင့်ပင် တစ်လောကလုံး၏ ရှိခိုးကော်ရော် ပူဇော်အထူးကို ခံယူကြရ၏။ အနန္တမည်စွ သာသနာ၏ ပုဂ္ဂိုလ်ထူးများပေတည်း။

ရဟန်းသံဃာမြတ်များ အထူးအလေးထားစောင့် ထိန်းကြသော "စတုပါရိသုဒ္ဓိသီလ"သည် (၄)ပါးအစုရှိ၏။ ထို (၄)ပါးသော သီလကို ပုထုဇဉ်လူသားများလည်း လေးလေး စားစား သိထားမှတ်သားသင့်၏။ ထို့ကြောင့် (၄)ပါးသော သီလအစုကို ဖော်ပြအပ်ပါသည်။

၁။ **ပါတိမောက္ခသံဝရသီလ**

မြတ်စွာဘုရားသခင်ပညတ်တော်မူထားအပ် သော သိက္ခာပုဒ်ဖြစ်၏။ အကျဉ်းအားဖြင့် (၂၂၇)သွယ်ရှိ၏။ အကျယ်အားဖြင့် ဖွင့်ဆိုသော် "ကုဋေကိုးသောင်း"ကျော် ရှိတော်မူပါသည်။

၂။ **ဣန္ဒြိယသံဝရသီလ**

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါးတို့ကို လုံခြုံအောင် စောင့်ထိန်းရသော သီလဖြစ်သည်။

မြင်မှု၊ ကြားမှု၊ အနံ့၊ အရသာ၊ အထိအတွေ့ ဟူသမျှကို သိကာမျှ မှတ်ယူ၍ စိတ်ဖြင့် သိကာမျှ အဆုံး သတ်ထားရ၏။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍ မသုံးသတ်ရ၊ ရုပ်နာမ်ဓမ္မသခါရသာ သုံးသပ်ရာ၏။ ဤသို့ ဖြင့် သံဝရသီလကို သတိဟူသော "အပ္ပမာဒ"တရားဖြင့် လုံခြုံအောင်စောင့်ထိန်းရ၏။

၃။ **အာဇီဝပါရိသုဒ္ဓိသီလ**

အသက်မွေးဝမ်းကျောင်းမှုနှင့် စပ်လျဉ်း၍ ပညတ် ထားသော သိက္ခာပုဒ်များဖြစ်သည်။ လူတို့၏ ခင်မင်မှု အထင်ကြီးမှုပြုလုပ်၍ ရလာသောပစ္စည်းလေးပါးသည် ရဟန်းသံဃာတော်များနှင့် အပ်စပ်သည်အလျဉ်းမရှိရာ၊ ထို့ကြောင့် အသက်မွေးမှု စင်ကြယ်စေရန် လုံခြုံအောင် စောင့်ထိန်းရာ၏။

၄။ **ပစ္စယ သန္နိဿိတသီလ**

ရဟန်းသံဃာတော်များအတွက် ပစ္စည်းလေးပါး သည် အကျင့်မြတ်ကို ကျင့်သုံးနိုင်ရန် အလွန်အရေးကြီး သည်မှန်သော်လည်း သုံးစွဲရာတွင် ဉာဏ်ဖြင့်ဆင်ခြင်၍ သုံးဆောင်ခြင်းသည်ပို၍ အရေးကြီး၏။ အမှန်မှု ပစ္စည်း လေးပါးသည် နိဗ္ဗာန်လမ်းသို့ ကူးမြောက်နိုင်ရေးအတွက် အထောက်အပံ့သာဖြစ်လေသည်။ တွယ်တာမှုမရှိစေရန် ဆင်ခြင်ရာဖြစ်သည်။ အမှုမဲ့အမှတ်မဲ့ မသုံးဆောင်မိစေရန် သီလလုံခြုံအောင် အထူးစောင့်ထိန်းရ၏။

ဤသို့ဖြင့် သီလဝိသုဒ္ဓိဖြစ်၍ ရဟန်းတို့အနေဖြင့် သမာဓိ၊ ပညာ၊ သိက္ခာတရားများ ပွားများနိုင်မည်ဖြစ်၏။ သီလ သမာဓိမစင်ကြယ်ဘဲနှင့် နိဗ္ဗာန်ချမ်းသာကို မရရှိနိုင် ပေရာ၊ သီလမဂ္ဂင်ထူထောင်နိုင်ရန်အတွက် စတုပါရိသုဒ္ဓိ သီလသည် အလွန်အရေးကြီးလှပါသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပါသော ကုသိနာရုံမြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်မြတ်သည် ယခုအခါ ကျရောက်လာမည် ပတ္တမြားရတုနှစ် (၈၀)ပြည့်မှသည် နှစ်တစ်ရာတိုင် ရာပြည့်သက်တမ်းဖြင့် ကမ္ဘာတစ်လွှား ဗုဒ္ဓသာသနာ တည်တံ့ပြန့်ပွားစေရန် ရွက်ဆောင်တော်မူနိုင်ပါစေကြောင်း .....

ရဟန်းသံဃာများသည် သီလ၊ သမာဓိ၊ ပညာ၊ ဆိုသော သိက္ခာ (၃)ပါးမြတ်တရားကို ဖြည့်ကျင့်ရခြင်း အကြောင်းရင်းမှာ မိမိအတွက်သာမဟုတ် ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော်မူထိုက်သော၊ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီမိုးရှိခိုးထိုက်သော ဂုဏ်ကျေးဇူးများဖြင့် လောကကြီးအား ချမ်းသာစီးပွားအကျိုးများအောင် ဆောင်ရွက်ပေးတော်မူနေကြခြင်းသာဖြစ်သည်။

ထိုသို့ သံဃာတော်အရှင်သူမြတ်တို့၏ လွန်စွာမြင့်မြတ်လှသော ပူဇော်ထိုက်စွာ ဂုဏ်တော်တို့ကြောင့် "ဂုဏဝန္တေ ပသံသန္တိ ဇနာ" ဟူသော ဂုဏ်ရှိသောသူတို့ကို မြင်ကုန်ကျ၏ဟု ဆိုသည့်အတိုင်း သီလ စသော ဂုဏ်ထူး၊ ဂုဏ်ကျေးဇူး၊ ဂုဏ်သိက္ခာ၊ ဂုဏ်သိရိ၊ ဂုဏ်သတင်းတို့နှင့် ကုံလုံပြည့်စုံတော်မူသော အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ၊ မြန်မာကျောင်းဆရာတော် "ဒေါက်တာဘဒ္ဒန္တဉာဏိဿရ" အရှင်မြတ်အား အများဗိုလ်လူ ဒါယကာ အပေါင်းတို့မှ ကိုးကွယ်ပူဇော်ထိုက်သူအဖြစ် ကိုးကွယ်ပူဇော်ကြခြင်းဖြစ်သည်။ တနည်းအားဖြင့် "ကတညုတာ၊ ကတဝေဒီ" ဟူသော စကားနှင့်အညီ ပူဇော်ထိုက်စွာသော ဆရာတော်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် နိုင်ငံခြား ဗုဒ္ဓသာသနာပြု သာသနာပြုသူရဲကောင်းဟုလည်း ဂုဏ်သတင်းကျော်ဇော ခဲ့သော၊ ကျော်ဇောနေသော အရှင်မြတ်ဖြစ်ပါသည်။ "ဝဏ္ဏပ္ပတ္တိယံ ခေါ ပန၊ န ဘာရိယံ၊ တဿ ရက္ခဏမေဝ ဘာရိယံ" ဟူသော ပါဠိအဆိုအမိန့်အတိုင်း ဂုဏ်တစ်ခု ရရှိရန်နှင့် ရရှိလာသောအောင်မြင်မှုဂုဏ်တို့ကို အရှည်တည်တံ့ခိုင်မြဲအောင် စောင့်ထိန်းရသည်မှာ အလွန်ခက်ခဲ မည်ဖြစ်ပြီး အချိန်နှင့်အမျှ သတိ၊ ဝိရိယ၊ ပညာရှိမှသာ ရေရှည်တည်တံ့ ခိုင်မြဲမှာဖြစ်၏။ ကုသိနာရုံဆရာတော်သည် ရရှိခဲ့ပြီးဖြစ်သော ခိုင်မြဲသောသတိ၊ လွန်ကဲသောဝိရိယ၊ ကြီးမားသောပညာတို့ဖြင့် အမြဲမပြတ်စောင့်ထိန်းခဲ့၍သာ

၁။ မြန်မာနိုင်ငံတော်အစိုးရမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်။

၂။ အိန္ဒိယပြည်သူ့ပီနယ် လက္ခနောင်းမှ ဗုဒ္ဓသာသနာပြု အကောင်းဆုံးဘွဲ့တော်။

၃။ ကန်နပူရ်မြို့မှ ဗုဒ္ဓသာသနာပြု အကောင်းဆုံးဘွဲ့တော်၊

၄။ လက္ခနောင်း အစိုးရအတွင်းဝန်ချုပ်မှ (Monk in Chief) ဘွဲ့တော်။

၅။ ဘီဟာပြည်နယ်ပညာရေးဝန်ကြီး၊ ဝိဆွဗုဒ္ဓရတန (ဗုဒ္ဓသားကောင်းရတနာ ဗုဒ္ဓဝိသာရဒ) ဘွဲ့တော်။

၆။ ဘီဟာပြည်နယ် ပညာရေးဝန်ကြီး ဝိဆွဆန္တိနာယက ဦးစီး၍ ဘီဟာပြည်နယ်အစိုးရမှ ဆက်ကပ်သော ဒေါက်တာဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဤမျှ ဂုဏ်အင်္ဂါကြီးမြတ်ခဲ့သော ဆရာတော်ကို

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ် ငါးဖင်ရိုင်းချောင်းကျွန်း၊ ဖိုးပင်ကြီးကျေးရွာနေ အဘ ဦးမောင်ကျော်သူ၊ အမိ ဒေါ်ဝင်းမြဦးတို့မှ မြန်မာသက္ကရာဇ် (၁၂၉၈) ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၃)ရက် (၁၀-၁၁-၁၉၃၆)ခု အင်္ဂါနေ့တွင် ဖွားမြင်ခဲ့ပြီး ငယ်မည်မှာ မောင်အောင်ဖေ ဖြစ်သည်။

ယခုအခါ မြန်မာသက္ကရာဇ် (၁၃၇၈)ခု၊ သက်တော် (၈၀)နှစ်ပြည့်တော့မည်ဖြစ်၍ ဆရာတော်ကြီး၏ ပဋ္ဌာန်းဖွားရတု မွေးနေ့မင်္ဂလာတွင် ဆရာတော်၏ သက်တော်နှင့်အမျှ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုကြရမှာ ဖြစ်ပါသည်။ မြန်မာပြည်သားရှင်လူအများကလည်း အခါခါပင် ဦးတင် ရှိခိုးနေကြပါသည်။

အထူးသဖြင့် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင်- ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းခဲ့သည်မှာ မှန်သော်လည်း ဗုဒ္ဓဘုရားရှင်၏ သာသနာတော် အလွန်အားနည်းနေသည့်အချိန်ကာလတွင် သာသနာတော် ပြန်လည်ထွန်းကားပြန့်ပွားလာရေးအတွက် ဗုဒ္ဓဘုရားရှင်၏ သံဝေဇနီယလေးဌာနအပါအဝင်ဖြစ်သော ကုသိနာရုံ၌ သီတင်းသုံးဖော်ဆရာတော်နှစ်ပါးနှင့်အတူ ခက်ခဲပင်ပန်းစွာ သာသနာပြုတော်မူခဲ့ပါသည်။ ဆရာတော်သည် ကုသိနာရုံသို့ (၁၉၆၃)ခုနှစ်တွင် ကြွရောက်တော်မူ၍ သာသနာပြုခဲ့ရာ နှစ်ပေါင်းငါးဆယ်ကျော်သို့ ဝင်ရောက်ခဲ့ပြီ ဖြစ်၏။ ဆရာတော်၏ သက်တော်မှာလည်း (၈၀)တွင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သော်လည်း နောင်အရှည်သက်တော် ရှည်စွာ သာသနာပြုနိုင်ပါစေကြောင်း ရိုသေလေးမြတ်စွာ ဆုတောင်းနေမိပါသည်။

ဆရာတော်ဘုရားသည် ရှားပါးထူးခြားသော သာသနာပြုအာဇာနည်ဖြစ်ရုံသာမက

- ထကြွလုံ့လရှိခြင်းတည်းဟူသော "ဥဋ္ဌာနသမ္ပဒါ"
- ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်းဟူသော "အာရက္ခသမ္ပဒါ"
- အပေါင်းအဖော်ကောင်းရှိခြင်း "ကလျာဏမိတ္တသမ္ပဒါ"
- ညီမျှစွာချင့်ချိန်သုံးစွဲတတ်ခြင်းဟူသော "သမာဇီဝိတသမ္ပဒါ"ဟုဆိုအပ်သော သမ္ပဒါတရားလေးပါးနှင့် ပြည့်စုံတော်မူသော အရှင်မြတ်လည်း ဖြစ်တော်မူပါသည်။

"သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။ သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

- သဗ္ဗပါပဿ . . . အလုံးစုံသော ကုသိုလ်ကို၊
- အာကရဏံ . . . မပြုမကျင့်ရှောင်ကြဉ်ခြင်းသည် လည်းကောင်း
- ကုသလဿ . . . စတုဘူမကကုသိုလ်ကို၊
- ဥပသမ္ပဒါ . . . ပြီးစေချင်သည်လည်းကောင်း
- သစိတ္တပရိယောဒပနံ . . . မိမိစိတ်ကို ဖြူစင်စေခြင်း။
- ဧတံ . . . ဤသုံးမျိုးသည်
- ဗုဒ္ဓါနံ . . . ဘုရားရှင်တို့၏
- သာသနံ . . . အဆုံးမတော်တည်း။

ဆိုသော ဘုရားရှင်တို့၏ ဆုံးမဩဝါဒအတိုင်း ကျင့်သုံးနေထိုင်သာသနာပြုတော်မူသောကြောင့် ရဟန်းရှင်လူအပေါင်း၏ အထူးကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူနေပါသည်။

ထိုကဲ့သို့ ပရဟိတာဝဟဂုဏ်၊ သာသနာဟိတဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပါသော ကုသိနာရုံ မြန်မာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်မြတ်သည် ယခုအခါ ကျရောက်လာမည့် ပဋ္ဌာန်းဖွားရတုနှစ် (၈၀)ပြည့်မှသည် နှစ်တစ်ရာတိုင် ရာပြည့်သက်တမ်းဖြင့် ကမ္ဘာတစ်လွှား ဗုဒ္ဓသာသနာ တည်တံ့ပြန့်ပွားစေရန် ရွက်ဆောင်တော်မူနိုင်ပါစေကြောင်း ရိုသေစွာ ဦးထိပ်ပန်ဆင် ကန်တော့ခြင်းအစုဖြင့် လျှောက်ထားအပ်ပါသည်။

မြမဥ္ဇူဝေ(ကျုံပငေး)

ယခင်ကျေးသောက္ကနေ့ရှေ့နှင့် ပြည်စုံသူ

Dr- မာမာဆွေ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ၊ မြန်မာကျောင်းဆရာတော်ဖြစ်တော်မူသော ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အား အသက်တော် (၈၀) ပြည့် ပတ္တမြားရတုမင်္ဂလာတွင် ဤဆောင်းပါးဖြင့် ရေးသား ပူဇော်ကန်တော့ပါ၏ဘုရား။

စာရေးသူဟာ ဝန်ထမ်းတစ်ယောက်ဖြစ်တာကြောင့် တာဝန်အရ နိုင်ငံရပ်ခြားကိုလဲ သွားခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံကို (၃)ကြိမ်သွားရောက်ခဲ့ရပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဆိုတော့ ငယ်စဉ်ကတည်းက မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသဆိုတဲ့ သာသနာ့နယ်မြေကို သွားချင်ခဲ့ပါတယ်။ သို့သော်လည်း အိန္ဒိယနိုင်ငံကို သွားရောက်ခဲ့တဲ့ ပဌမ (၂)ကြိမ်မှာတော့ သွားဖော်မရှိတာက တစ်ကြောင်း၊ အိန္ဒိယနိုင်ငံက ရုံးမိတ်ဆွေများကလည်း တစ်ယောက်ထဲ မသွားသင့်ဘူးလို့ တားမြစ်တာက တစ်ကြောင်း၊ နယူးဒေလီမှာပဲ လုပ်ငန်းကိစ္စဆောင်ရွက်ပြီးရင် မြန်မာနိုင်ငံကို ပြန်လာခဲ့ရပါတယ်။ တတိယအခေါက်ကျမှပဲ အလုပ်ကိစ္စပြီးတာကလဲ သောကြာနေ့ဆိုတော့ စနေ၊ တနင်္ဂနွေ (၂)ရက်ကို ဂယာသို့ ရထားဖြင့် သွားရောက်ခွင့် ရခဲ့ပါတယ်၊ ရက်တိုဆိုတော့ ဗုဒ္ဓဂါယာသတ္တဋ္ဌာနခုနစ်နေရာ၊

သုဇာတာအိမ်ရာတောင်ကုန်း၊ သုဇာတာဃနာနို့ဆွမ်းကပ် သည့်နေရာ၊ ရွှေခွက်မျှောရာဌာနနဲ့ ဒုက္ကရစရိယာကျင့်ရာ ဂူတို့ကိုသာ သွားရောက်ဖူးမြော်နိုင်ခဲ့ပါတယ်။ ဂယာမြို့ မြန်မာကျောင်းမှ ဦးဇင်းတစ်ပါးက စိတ်ရှည်စွာ တစ်နေကုန် လိုက်ပို့ပေးခဲ့တာမို့ အလွန်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လဲ တကယ်တော့ သံဝေဇနီယလေးဌာနလုံး ရောက်ချင်သေးတာ ကြောင့် နောက်တစ်ကြိမ် ရက်ရှည်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

စာရေးသူရဲ့စိတ်ထဲမှာထင်တာက ဗုဒ္ဓဂယာအရပ် မှာနေရတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ အခြားဒေသကလူတွေထက် လူဖြစ်ကျိုးနပ်လိုက်တာ၊ ကိုယ်လဲ အဲဒီအရပ်မှာနေရရင် အလွန်ကောင်းမှာပဲဆိုတဲ့ အရင်းခံစိတ်ရှိပါတယ်။ ဂယာမှာ ဘုရားဖူးရင်း အလည် လိုက်ပို့တဲ့ ဦးဇင်းကို စကားစပ်မိတာနဲ့ လျှောက်ထားမိ ပါတယ်။ ''ဦးဇင်းတို့က မြန်မာပြည်ကိုပဲ ပြန်ချင်တာ၊ ဒီမှာ မနေချင်ဘူး၊ မပျော်ဘူး ဒီမှာက လူတွေလဲ ရိုင်းတယ်၊ ရာသီလဲ ပြင်းထန်တယ်''လို့ ပြန်လည်မိန့်ကြားပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ဦးဇင်းရဲ့ တုံ့ပြန်စကားအပေါ် သိပ် သဘောမပေါက်ခဲ့ပါဘူး။ ဒီကလူတွေက အလွန်ရိုင်းတယ် ဆိုတာကို လဲ နားမလည်ခဲ့ပါဘူး၊ တိတိကျကျပြောရရင် ''ကုသိနာရုံ မြန်မာကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏိဿရ''နဲ့ မတွေ့ဆုံရသေးခင် ဖူးမြော်ခွင့်မရသေး ခင်ကာလလို့ ဆိုရမှာပါပဲ''

စာရေးသူဟာ (၂၀၁၄)ခုနှစ်၊ နို့ဝင်ဘာလမှာ ရွှေမဟာဘုရားဖူးအဖွဲ့နဲ့အတူ ဘုရားဖူးခရီးစဉ်လိုက်ပါဖြစ် ပါတယ်။ ဒီတစ်ခါတော့ အေးဆေးစွာ ရက်ရှည်ဘုရားဖူးခွင့် ရရှိခဲ့ပါတယ်။ ကုသိနာရုံကို (၁၀. ၁၁. ၂၀၁၄)နေ့မှာ ရောက်ရှိကာ (၂)ညတာ ဆရာတော်ကြီးရဲ့ကျောင်းမှာ တည်းခိုနေထိုင်ခဲ့ရပါတယ်။ ကုသိနာရုံဆရာတော်ကြီးရဲ့ ဘွဲ့အမည်က မြန်မာပြည်မှ ကမ္ဘာ့သာသနာပြုပုဂ္ဂိုလ်ဆရာ တော်ကြီးနဲ့ တူနေတာမို့ တစ်ခါကြားရုံနဲ့ မှတ်မိပါတယ်။ ရောက်ရောက်ချင်းနေ့မှာ ဆရာတော်ကြီးကို မဖူးရသေး သော်လဲ ကျောင်းမှာရှိတဲ့ စာအုပ်များကို လှေလာကြည့်မိ တာကြောင့် ဆရာတော်ကြီးရယူထားတဲ့ ပညာရေးဆိုင်ရာ ဘွဲ့တော်များ၊ လက်ရှိထမ်းဆောင်နေသော တာဝန်များကို ဖတ်မိပါတယ်။ ''အလွန်ထူးချွန်ထက်မြက်သော လုံ့လဝီရိယ ပြည့်စုံသော မြတ်ဗုဒ္ဓ၏ သားတော်အစစ်ပါလား''ဆိုတဲ့ အသိနဲ့ တွေ့မြင်ဖူးမြော်လိုစိတ် ထက်သန်လာပါတယ်။ ရောက်ပြီးနောက်နေ့ မနက်စောစောမှာပဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံသို့ သွားရောက်ကြည့်ညို ဖူးမြော်ကြရာမှာ ဆရာတော်ဘုရားကိုယ်တိုင် ဦးဆောင်ကာ သက်နီးကပ်ပူဇော်ခွင့်၊ တရားနာယူခွင့် ရကြပါတယ်။ အဲဒီနေ့ညမှာတော့ ဆရာတော်ကို ဘုရားဖူးအဖွဲ့သားများ အားလုံး ဖူးမြော်ခွင့်ရပါတယ်။ ဆရာတော်က အချိန်ပေးနိုင် တုန်းနဲ့ ကြုံကြိုက်တာမို့ အေးအေးဆေးဆေး မိန့်ကြားနေခဲ့ ပါတယ်။ မဇ္ဈိမဒေသ သာသနာပြုလုပ်ဆောင်ရာမှာ တွေ့ကြုံ ရတဲ့ အခက်အခဲမျိုးစုံအကြောင်း ရှင်းပြခဲ့ပါတယ်။ အဲဒီ ဒေသခံတွေရဲ့ ရိုင်းစိုင်းကြမ်းတမ်းပုံ၊ ကျေးဇူးကန်းပုံ၊ စိတ်ယုတ်၊ စိတ်ညစ်၊ စိတ်ကြမ်းရှိပုံ၊ ဆရာတော်ကိုတောင် လုပ်ကြံဖို့ ကြိုးစားပုံ စတဲ့ ဒုက္ခအမျိုးမျိုး ဖန်တီးပုံများ၊ ဆရာတော် ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ခက်ခက်ခဲခဲ ဖွံမလျှော့ဘဲ ကြိုးစားခဲ့ပုံများနဲ့ လက်ရှိရပ်တည်နေထိုင်ရပုံ အစုစုတို့ကို သိရှိခဲ့ရပါတယ်။ စာရေးသူစိတ်ထဲမှာတော့ အလွန်အံ့ဩဖွယ် ကောင်းတဲ့ ထင်မှတ်မထားသောအကြောင်းအရာတွေကို ကြားသိနေရသလိုပါပဲ။ ရိုင်းရိုင်းစိုင်းစိုင်းရှိလိမ့်မယ်လို့ ထင်ပေမယ့် ဒီလောက်တောင်မဆိုးဘူးလို့ ထင်မိခဲ့တာပါ။ အဲဒီတော့မှ ''ဂယာ''ကို ရက်တိုလာခဲ့စဉ်က အလည်လိုက် ပို့ပေးတဲ့ ဦးဇင်းက ဘာကြောင့်မပျော်ဘူးပြောတာလဲဆိုတာ ကို သဘောပေါက်မိပါတယ်။

စာရေးသူဟာ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်း ဆောင်ရင်း မြန်မာပြည်အစွန်အဖျား တောင်တန်းဒေသတွေ ပါမကျန် ခရီးသွားရောက်ရပါတယ်။ ရောက်ရာအရပ်တိုင်း မှာ အဲဒီဒေသက ဘုရား၊ ဘုန်းတော်ကြီးကျောင်းမှန်သမျှ

ကို ကိုယ်ပိုင်အချိန်ရရင် ရသလို သွားရောက်ဖူးမြော် ကန်တော့လေ့ရှိပါတယ်။ ပြည်နယ်အစွန်အဖျားဒေသကလေးတွေမှာ တစ်ပါးတည်းသာသနာပြုနေတဲ့ ဗုဒ္ဓဘာသာရဟန်းတော်ကို ဘာသာခြားက သတ်ဖြတ်တတ်တဲ့အကြောင်း၊ ဗုဒ္ဓဆင်းတုတော်ကို ဦးခေါင်းဖြတ်ပြီး တိရစ္ဆာန်ရဲ့သွေးနဲ့ လောင်းတဲ့အကြောင်း၊ ဆွမ်းခံရဟန်းများကို အရက်မူးသမားများက ဆဲဆိုနှောင့်ယှက်တဲ့အကြောင်း၊ ဆွမ်းဆန်စိမ်းခံတဲ့ သီလရှင်ဆရာလေးများကို ခဲနဲ့ ပစ်ပေါက်ကြတဲ့အကြောင်း စသည်ဖြင့် အလွန်ယုတ်မာသော အကြောင်းအမျိုးမျိုးကို စိတ်မချမ်းသာဖွယ် ကြားရပါတယ်။ အဲဒီအခါတိုင်းမှာ စာရေးသူလေ့လာကြားနာဖူးတဲ့ "သဠာယတနဝဂ်"မှလာသော "ပုဏ္ဏောဝါဒ"သုတ်တော်ကို အထပ်ထပ် အမှတ်ရမိပါတယ်။ ဒီသုတ်တော်မှာဆိုရင် –

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် အရှင်ပုဏ္ဏမထေရ်ဟာ မြတ်စွာဘုရားထံမှ အဆုံးအမတရားကို နာယူပြီးတဲ့နောက် ဇာတိဖြစ်ရာ "သုနာပရန္တဇနပုဒ်"သို့ သွားရောက်ကျင့်ကြံနေထိုင်ခွင့် လျှောက်ထားခဲ့ပါတယ်။ မြတ်စွာဘုရားက "သုနာပရန္တဇနပုဒ်တိုင်းသားတွေဟာ ရိုင်းစိုင်းတယ်။ ကြမ်းတမ်းခက်ထန်တယ်။ ဒါကြောင့် သူတို့က ဆဲရေးကြမယ်ဆိုရင် ဘယ်လိုနှလုံးသွင်းမလဲ" အစရှိသော မေးခွန်းများကို မိန့်ကြားပါတယ်။ အရှင်ပုဏ္ဏရာမထေရ်ရဲ့ ဖြေကြားလျှောက်ထားပုံတွေကတော့–

"ဤလူတို့သည် ဆဲရုံသာဆဲကြတာ၊ လက်နဲ့ ကိုယ်ထိလက်ရောက်မလုပ်ကြဘူး။ ဤလူတို့သည် ကောင်းမြတ်ကြပါပေ၏"ဟုလည်းကောင်း

– ကိုယ်ထိလက်ရောက်လုပ်ခဲ့သော်–

"ဤလူတို့သည် ကိုယ်ထိလက်ရောက်သာလုပ်တာ ခဲနဲ့မပေါက်ကြဘူး။ ဤလူတို့သည် ကောင်းမြတ်ကြပါပေ၏"ဟု လည်းကောင်း။

– ခဲနဲ့ပစ်ပေါက်ခဲ့သော်–

"ဤလူတို့သည် ခဲနဲ့သာပေါက်ကြတာ၊ တုတ်နဲ့ မရိုက်ကြဘူး၊ ဤလူတို့သည် ကောင်းမြတ်ကြပါပေ၏"ဟု လည်းကောင်း"

– တုတ်နဲ့ရိုက်ခဲ့သော်–

"ဤလူတို့သည် တုတ်နဲ့သာရိုက်ကြတာ၊ မခုတ်ကြဘူး။ ဤလူတို့သည် ကောင်းမြတ်ကြပါပေ၏"ဟု လည်းကောင်း"

– ဓါးနဲ့ခုတ်ခဲ့သော်–

"ဤလူတို့သည် ဓါးလက်နက်နဲ့သာ ခုတ်ကြ

"ဆရာတော် သက်ရှည်ကျန်းမာစွာဖြင့်

သာသနာ့အကျိုးကို စိတ်သွားတိုင်းကိုယ်ပါ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေ၊

အရှင်ပုဏ္ဏမထေရ်မြတ်ကဲ့သို့

ရဟန္တာ ပဋိလိအဖြစ် နိဗ္ဗာန်သို့ ဝင်နိုင်ပါစေ"

ဆုတောင်းကာ ရေးသားပူဇော်ကန်တော့အပ်ပါသည် အရှင်ဘုရား။

သာသနာ့အာဇာနည်ဆရာတော်
သက်တော်ရာကျော် ရှည်စေသော်

ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ . . . တဲ့
သာသနာ့အာဇာနည်ဆရာတော်။
ဘွဲ့တွေက များလှသနော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇလည်းရ၊
ထိုမျှသာ မကပါပေ၊ အမ်အေကနှစ်ဘွဲ့
သည့်ပြင်ကွယ့် အယ်လ်အယ်ယ်ဘီ
ပါဠိသာတိတျ ရတနာဘွဲ့လည်းရခဲ့သည်။
ထပ်၍တလီ တိဗက်ဒီပလိုမာနှင့်
ဘီအမ်အေခေါ် တိုင်းရင်းဆေးဆရာဝန်တဲ့
ပညာကထူးချွန်။

အောင်မြင်မှုတံခွန် ထူပါသနော်
ဗုဒ္ဓသားကောင်းရတနာဘွဲ့တော်လည်းရ၊
ထိုမျှသာမကပါပေ
ကမ္ဘာ့ငြိမ်းချမ်းရေးနာယကဘွဲ့ကြီးနှင့်လေး။
မြန်မာ့ဖွဲ့ မြန်မာ့မာန် ကမ္ဘာမှာကျော်သမို့
သာသနာ့အာဇာနည်ဆရာတော်
သက်တော် ရာကျော် ရှည်စေကြောင်းကို
ဒို့တတွေ စုပေါင်းလို့ - ဆုတောင်းကြပါစို့လေး။

တက္ကသိုလ်စိုးယဉ်

တာ၊ သေအောင်မခုတ်ကြသေးဘူး၊ ဤလူတို့သည် ကောင်းမြတ် ကြပါပေ၏''ဟု လည်းကောင်း

- ဓါးထက်ထက်နဲ့ သေအောင်ခုတ်ခဲ့သော်-

''ငါသည်ကား ဓါးလက်နက်ကို မရှာမှီးရဘဲ ရလာ ပေ၏၊ ဤလူတို့သည် ကောင်းမြတ်ကြပါပေ၏ဟု နှလုံးသွင်းပါအံ့''ဟု လျှောက်ထားဖြေဆိုခဲ့ရာ မြတ်စွာ ဘုရားက ''သင်သည် ဆုံးမအပ်ပြီးသော ယဉ်ကျေး သောဣန္ဒြေနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းပေစွ''ဟု ချီးကျူးကာ သာဓုခေါ်တော်မူခဲ့ကြောင်း၊ စာပေမှာရော တရားတော်များပါ နာကြားခွင့်ရခဲ့ဖူးပါတယ်။

ဒါကြောင့်ပဲ စာရေးသူတွေကြုံခဲ့ရတဲ့ မြတ်စွာ ဘုရားရဲ့သားတော် သမီးတော်များကိုလည်း မြတ်စွာဘုရားက ချီးကျူးသာဓုခေါ်မှာပါလို့ ကြည်ညိုစိတ်ပွားများခဲ့မိပါတယ်။

ယခုတဖန် ကုသိနာရုံဆရာတော်ကြီးကို ဖူးမြော် ခွင့်ရလာချိန်မှာ ''ပုဏ္ဏောဝါဒသုတ်''ကို ထပ်မံသတိရမိပြန် ပါတယ်။ စာရေးသူတို့လို သာမန်သဒ္ဓါစွမ်းအားရှိသူထက် မနိူင်းယှဉ်လောက်အောင် အဆများစွာသာလွန်တဲ့ သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာ စသော ဣန္ဒြေ (၅)ပါး၊ ဗိုလ်(၅)ပါး ပြည့်စုံတော်မူသော ဆရာတော်ဘုရားကို ဖော်မပြနိုင်လောက် အောင် လေးစားကြည်ညိုမိပါတယ်။

''ဆရာတော် သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့ အကျိုးကို စိတ်သွားတိုင်းကိုယ်ပါ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေ၊ အရှင်ပုဏ္ဏမထေရ်မြတ်ကဲ့သို့ ရဟန္တာ ပုဂ္ဂိုလ်အဖြစ် နိဗ္ဗာန်သို့ စံဝင်နိုင်ပါစေ''ဆုတောင်းကာ ရေးသားပူဇော်ကန်တော့အပ်ပါသည် အရှင်ဘုရား။

Dr-မာမာဆွေ

အရောက်လှမ်းစေချင်

ရှင်စိုးမိုး

စာရေးသူသည် မဇ္ဈိမဒေသသို့ ပထမအကြိမ်ခေါင်းစဉ်ဖြင့် ဗုဒ္ဓဂယာဘုရားဖူးဆောင်းပါးရှည်ကြီးတစ်ပုဒ်ကို (၂၀၀၆)ခုနှစ် ဩဂုတ်လထုတ် ထေရဝါဒဓမ္မစာစောင်တွင် ရေးသားခဲ့ရာ ယခု (၂၀၁၅)ခုနှစ် ဩဂုတ်လအထိဆိုပါလျှင် ပုဒ်ရေပေါင်း (၅၈) ပုဒ်ပါရှိခဲ့ပြီးဖြစ်ပါသည်။ ဤဘုရားဖူးခရီးသွားဆောင်းပါးရှည်ကြီးကို အမှတ်စဉ် (၆၄)ထိ ရေးသားခဲ့ပြီးဖြစ်၍ စာမူကို ကြိုတင်ကာ သက်ဆိုင်ရာစာတည်းအဖွဲ့သို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ (၂၀၁၆)ခန့်မှ အဆုံးသတ်ပေမည်။

စာရေးသူသည် မဇ္ဈိမဒေသကို ကြိမ်ဖန်များစွာ ဘုရားဖူးလိုသောဆန္ဒ ပြင်းပြလျက်ရှိပါသည်။ စာရေးသူ၏ ဇနီး ဒေါ်အုန်းမြင့်သည် (၂၀၀၆)ခုနှစ်က စာရေးသူနှင့် တစ်ကြိမ်၊ (၂၀၁၄)ခုနှစ်တွင် သမီးများနှင့် တစ်ကြိမ်၊ ဘုရားဖူးခဲ့ပြီးဖြစ်ရာ စာရေးသူထက် အခေါက်ရေပိုနေသည့်

သဘောဖြစ်ပါမည်။ စာရေးသူမှာ (၂၀၀၆)ခုနှစ်က ဗုဒ္ဓဂယာကို ရောက်ခဲ့စဉ်က အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်းတွင် တည်းခဲ့ရသည်။ ကျောင်းထိုင်ဆရာတော်ကြီးသည် စာရေးသူတို့ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ကို လိုလေသေးမရှိအောင် စောင့်ရှောက်ပြုစုခဲ့သည်။ အလားတူပင် ထိုစဉ်က ဆရာတော်၏ကျောင်းဝင်း အတွင်း တည်ရှိဆောက်လုပ်ထားသော ရွှေတိဂုံစေတီပုံတူကိစ္စနှင့်ပတ်သက်၍ ပြဿနာဖြစ်သဖြင့် နယ်မြေခံများနှင့် အငြင်းပွားမှုကိုလည်း ဆရာတော်သည် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိခဲ့သည်။ ဆရာတော်သည် ဥပဒေဘွဲ့ကိုပါ ရရှိခဲ့သဖြင့် လျှောက်လဲချက်များကို ကိုယ်တိုင်ကိုယ်ကျ ပေးစွမ်းနိုင်ခဲ့သည်။

ဆရာတော်သည် ဘုရားရှင်ပရိနိဗ္ဗာန်ပြုရာကို ဦးဆောင်ပြီး စာရေးသူတို့အဖွဲ့ကို သေချာစွာ ရှင်းပြခဲ့သည်။ စာရေးသူက မြန်မာနိုင်ငံမှ စစ်ကိုင်းဆရာတော် (သဲကုန်းဆရာတော်)၏ ဘွဲ့အမည်နှင့်တူသော ဒေါက်တာအရှင်ဉာဏိဿရကို အစဉ်အမြဲသတိရလျက်ရှိပါသည်။

ဆက်လက်၍ ဗုဒ္ဓဂယာကို သွားလိုခြင်းကို ရေးသားပါဦးမည်။ စာရေးသူသည် ဗုဒ္ဓဂယာကို ကြိမ်ဖန်များစွာ သွားရောက်လိုခြင်းမှာ အကြောင်းရှိပါသည်။ မည်သည့်ပုဂ္ဂိုလ်မဆို သူများပြောစကား ကြားရုံမျှနှင့် သူများရေးသားပြုစုသည်ကို ဖတ်ရှုရုံကလေးမျှနှင့် တင်းတိမ်ရိုးမရှိပါ၊ ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ထိတွေ့လိုကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

စာရေးသူသည် ငယ်စဉ်ကပင် ဘုရားဟောနိပါတ်တော်များ၊ ကျမ်းဂန်များကို ကြားဖူး ဖတ်ဖူးခဲ့သော်လည်း (၂၀၀၆)ခုနှစ် ဗုဒ္ဓဂယာသို့ ရောက်ရှိသည့်အချိန်မှပင် ပို၍ပို၍ ဗုဒ္ဓဘာသာအပေါ်၊ ဘုရားမြတ်စွာအပေါ် ကြည်ညိုမှု တိုးခဲ့ပါသည်။ ဗုဒ္ဓ၏ အံ့မခန်းကြီးမြတ်မှုကို သိရှိသဘောပေါက်ခဲ့ရပါသည်။

ဇေတဝန်ကျောင်း၊ ရာဇဂြိုဟ်ပြည်၊ ဗာရာဏသီမြို့ စသည်တို့သည် စာထဲတွင် ဖတ်ဖူးသော်လည်း ကိုယ်တွေ့ဗုဒ္ဓဂယာရောက်မှ ထိတွေ့မှုလောက် အရသာမရှိခဲ့ပါ။ (၂၀၀၆)ခုနှစ်တွင် ဘုရားဖူးအနေဖြင့် အဆိုပါဒေသများသို့ ရောက်ရှိမှ ပို၍ကြည်ညိုသဒ္ဓါပွားခဲ့ရပါသည်။

ဤသည်မှာလည်း ဆန်းလှသည်မဟုတ်ပေ။ ရန်ကုန်မြို့သို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသူအနေဖြင့် ရွှေတိဂုံဘုရားကို လှိုက်လှိုက်လှဲလှဲ ကြည်ညိုရ၍မဝသကဲ့သို့ ဖြစ်နေပါသည်။ တက္ကသိုလ်ကို မရောက်ဖူးသော အထူးသဖြင့် ရန်ကုန်တက္ကသိုလ်ဝန်းကျင်ကို မရောက်ဖူးသောသူအနေဖြင့် ပုဂံလမ်းအကြောင်း၊ သစ်ပုပ်ပင်အကြောင်း၊ ဘွဲ့နှင်းသဘင်ခမ်းမအကြောင်း၊ အဓိပတိလမ်းမအကြောင်း၊ အင်းလျားကန်အကြောင်းများကို အရသာရှိရှိ ခံစားနိုင်မည်မဟုတ်ပေ။ တက္ကသိုလ်ဘုန်းနိုင်တို့၊ တက္ကသိုလ်ခင်မောင်အေးတို့ဖွဲ့နွဲ့သီကုံးသောဝတ္ထုရှည်များတွင် ဖော်ပြခဲ့သော တက္ကသိုလ်၏ ရသကို ခံစားနိုင်မည်မဟုတ်ပေ။

ထို့အတူပင် ဗုဒ္ဓဂယာကို မရောက်ဖူးသူသည် ဇေတဝန်ကျောင်းတွင် မြတ်စွာဘုရားက အညတရရဟန်းတော်ကို (၃၈)ဖြာမင်္ဂလာတရားဟောပုံကိုလည်းကောင်း၊ ရာဇဂြိုဟ်ပြည်၌ နာဠာဂီရိဆင်ကြီးကို ဆုံးမပုံကိုလည်းကောင်း၊ သေချာစွာ ခံစားနိုင်မည်မဟုတ်ပေ။ စာရေးသူ ထိုဒေသများသို့ ရောက်ရှိမှသာ ရသရှိရှိ ခံစားခဲ့ရပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာတရားကို ရသမိမိခံစားလိုသူများ၊ မြတ်စွာဘုရားကို သေချာစွာ ပို၍ပို၍ ကြည်ညိုလိုသူများသည် ဘုရားပွင့်ရာဖြစ်သော တစ်နည်း ဖွား ပွင့် ဟော စံ လေးဌာနကို မရောက်ရောက်အောင် အရောက်လှမ်းကြစေလိုကြောင်း စေတနာရှေ့ထား၍ နှိုးဆော်လိုက်ရပါသတည်း။။

ရှင်စိုးမိုး

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏

တရားသခင်မ အမြွာဒေဝီ

ဇော်မင်းထွန်း(သံတွဲ)



တရားသခင်မ အခြွေဒေဝီ

(၁)

သစ်လုံးတိုင်များ အခိုင်အခံ့ ကာရံထားသည့် သစ်တပ်။

ထို သစ်တပ်စည်းရိုးအတွင်း ဖုန်လုံးကြီးများတလိမ့်လိမ့်လွင့်ပျံလျက်။ လုလင်ပျို့မျက်နှာပြင် အဆင်အသွေးမှာ တစ်စုံတစ်ရာအား အလွန်အမင်း ထိတ်လန့်သွေးပျက်နေဟန်။ ဖုန်လုံးကြီးထဲတွင် မည်းမည်းသဏ္ဍာန် သတ္တဝါကြီးတစ်ကောင်က သူ့နောက်မှ ထက်ကြပ်မကွာ တိုးထွက်လိုက်ပါလာလေရာ ...

"အူး .."

"ကျီး ..."

ရှေ့တူရူဆီ ဘွားခနဲ တိုးထွက်လာသည့် ဆင်ဦးကင်းကို အနီးကပ်မြင်တွေ့လိုက်ရပြီး ...တချီးတည်း လှည့်ထွက်ပြေးသည်။ သို့ငြားမလွတ်သာတော့ပေ။ အသက်လုပြေးနေရ၏ လက်တစ်ဖက်ကို နှာမောင်းဖြင့် မိမိရရ ပတ်ဖမ်းမိလိုက်ချိန်တွင် ...

"ဟေး ..."

စည်းရိုးအပေါ်စီးမနေ၍ "ဆင်နင်းသတ်ပွဲ" ကြည့်ရှုနေကြသည့် လူ၊ မိုလ်ထု၊ ပရိသတ်ထံပါးမှ ညာသံပေးအော်ဟစ်သံများ ဟိန်းထွက်ညံသွားလေသည်။

× × × × × × × ×

(၂)

စိတ်အစဉ်သည် ပကတိကန်ရေပြင်နှယ်။ အာရုံခံစားမှုတွင် လှိုင်းဂယက်လှုပ်ခတ်မှု အလျဉ်းမရှိ။ ဝင်သက်ထွက်သက်တို့သည် ဖြောင့်မတ်စွာ ခွင်းပစ်ထွက်သွားသည့် မြားတံအလား။ ပစ်မှတ်အလယ်ဗဟို တည့်တည့်မတ်မတ် စူးနစ်စိုက်ဝင်နေသည်။

မျက်ဝန်းအစုံသည် ဖျတ်ခနဲ လင်းပွင့်လာ၏။

အလင်းတံခါးသည် ဖြည်းဖြည်းချင်း ကျယ်ဝန်းလာသည်ထင်ရ၏။ မဟာကရုဏာအပြုံးကို အလျင်မြင်တွေ့ခွင့်ရသည်။ စကြဝဠာတိုက်တစ်သောင်းလုံး အမှောင်ထုဖုံးလွှမ်းခဲ့သည်ကို နက်ရှိုင်းစွာ လင်းပသွားစေနိုင်စွမ်းသည့် "အပြုံး"။ မဟာကရုဏာတော်အပြုံး။

ဟုတ်သည်။

သူ၏ နှလုံးသည်းပွတ်တွင် ထိုသို့ အကြွင်းမဲ့ယုံကြည်ထိုက်ပေသည့် ဗုဒ္ဓဘုရားရှင်၏ လင်းဝင်းအေးမြအပြုံးကို ဖူးတွေ့သည်။ ရွှေအဆင်းမျက်နှာတော်တွင် ကိလေသာဟူ၍ မြူမျှမရှိ၊ စိတ်သန္တာန်တော်တွင်လည်း ထိုအတိုင်း။ အညစ်အကြေးကင်းစင်ရှင်းသန့်တော်မူသည်။ ဥဒ္ဒိသ၊ ရည်မှတ်ကိုယ်စားဆင်းတုပုံတော်ကို ဖူးတွေ့ရငြား။ သက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဗုဒ္ဓဘုရားရှင်ကဲ့သို့ ရည်မှတ်ပွားများကာ၊ ဂုဏ်တော်အထိ သူ ညွတ်တွားသည်၊ ကော်ရော်သည်၊ ပူဇော်နေမိသည်၊ နမာမိ၊ ဦးခိုက်ရှိခိုးပါ၏။

သို့မှ ... မိုးသောက်ယံတွင် မြင်မက်ခဲ့သော အိပ်မက်ဆိုးအကြောင်း ဆင်ခြင်လာနိုင်သည်။

"ဆင်နင်းသတ်ပွဲ"

လူတစ်ယောက်ကို ဆင်ဖြင့် နင်းသတ်သည့် မြင်ကွင်း။

အိပ်မက်။

ဆင်နှာမောင်းတွင် တွဲလောင်းပါသွားသည့်လူကို မြေတွင် ပက်လက်လှန်ချလိုက်ပြီးသော်၊ တဖန် ... မလှုပ်ရှားနိုင်အောင် ဆင်မည်းကြီးက ရှေ့လက်ဖြင့် ဖိကပ်ထားသည်။ ကလူကျီစယ်သည်။ အရုပ်မြင့်သည်။ စွယ်စုံဖြစ်သည်။ အထူးလေ့ကျင့်ပေးထားသော ကျွမ်းကျင်အဆင့် ဆင်တစ်ကောင်ဖြစ်မှန်း သိသာသည်။ မည်းနက်သော အဆင်အသွေးဖြင့် ရက်စက်ကြမ်းကြုတ်ရာတွင် အတုမရှိနိုင်ချေ။

"ဝူး ... ကျီး ..."

"နှာမောင်းပင့်မြှောက် ကာ သံကုန်ဟစ်အော်သည်။ ယက်ကန်ယက်ကန် သွေးပျက်ထိတ်လန့်နေသူကို မှောက်ချည်တစ်လှည့်၊ ပြန်ချည်တစ်ခါ။ ကလူကျီစယ်ကစား၏။ ပြီးလျှင် ... ချက်ချင်း နင်းမသတ်သေးဘဲ အရက်စက်ဆုံးအမှုကို ပြုသည်။

တစ်စစီ၊ တစ်ဖွဲ့စီ၊ ခြေလက်

တစ်ချောင်းချင်း။ အရှင်လတ်လတ် ဖြုတ်ပစ်သည်။ ခြေလက်မရှိ၊ ငုံးတိတိ ဖြစ်သော် ဦးခေါင်းကိုဖြုတ်သည်။ စိစိ ညက်ညက် ကျေမွသွားအောင် နင်းပစ် သည်။ သစ်တပ်၊ မိုလ်ရှုသဘင်တွင် အသံဗလံ တိတ်ဆိတ်သွားလေ၏။

သူ .. သက်ပြင်းရှိုက်လိုက် သည်။

ဝန်းကျင်ဆီ သတိချပ်စေ့ငု မိတော့ ပြည့်ရှင်မင်းသာလျှင် ဆောင်း ခွင့်ရသည့် ဦးခေါင်းဆက်တွင် ငွေနား ကွပ်ထီးနိုပ်အောက်တွင် သူရှိနေသည်။ သူ၏ဦးခေါင်းထက်တွင် ထီးဖြူနှစ်စင်း ရိပ်မိုးလျက် ..။ ပြုံတေ့ထေ့စိုက်ကြည့် နေသော မျက်ဝန်းတစ်စုံကြောင့် ..

"အို"

ရင်အစုံသည် တသိမ့်သိမ့်။

လှိုင်းတံပိုး ထ,ကြွသံ၊ တော်လဲပြိုသံလိုလို ပွဲတင်ထပ်ဟီးနေ လေ၏၊

× × × × × × × ×

(၃)

ထို ခံစားမှုဖြင့် အိပ်မက်မှ သူ နိုးထလာခဲ့သည်။

ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံ။

အိပ်မက်တွင် အဆိုးနှင့် အကောင်း ဒွန်တွဲနေသည်ဟု သုံးသပ် မိသည်။ ဗမ္ဗူဒီပါ၊ လက်ျာတောင်ကျွန်း သြဘာနိမိတ်ထွန်းသတဲ့။ ကောင်းသော အတိတ်၊ မကောင်းသော နိမိတ်။ ကုသိုလ်နှင့် အကုသိုလ်၊ ပယင်းကောင်းမှု နှင့် မကောင်းမှုဟူသည် နေ့နှင့်ညကဲ့ သို့ ယှဉ်တွဲစပ်ယှက်လောကဓံတရား။ ထိုသို့ နှလုံးသွင်းသည်။ သူဆက်၍ တွေးတောဖြစ်နေသည်။ လောက၏ ဆန့်ကျင်ဘက်အသွင်မတူညီသော ဝိရောဓိများအကြောင်း။

အလင်းနှင့်အမှောင်၊ အပူနှင့် အအေး စသည် "ဝိရောဓိများ"။ "ဝိရောဓိ"ဟူသည် "ရန်သူ"ဟု အနက်ထွက်သည်။ ပါဠိအဘိဓာန်ကျမ်း ထဲမှာ သူဖတ်ရှုဖူးလေသည်။ မည်သို့ ဆိုစေ .. ဗုဒ္ဓဘုရားမှတစ်ပါး အခြား ကိုးကွယ်ရာမရှိ။ ရွံ့၊ နွံကြောင်းဖြစ်ကုန် သော အညစ်အကြေးတို့ကို ရေဖြင့် စင်အောင် ဆေးကြောရသည့်သို့။ စိတ်ကြောင့်ဖြစ်အပ်သော အညစ် အကြေးတို့ကိုလည်း စိတ်ဖြင့် ရှင်းသန့် စေရတော့မည်။ မကောင်းမှု (အမှောင်) မှ ကောင်းမှု (အလင်း)သို့ ဆောင်ယူ ရတော့မည်သာ။

ဒါသည်ပင်လျှင် ဗုဒ္ဓ၏အဆုံး အမ သာသနာတည်းဟူသော ဓမ္မ အလင်းကြောင့်တည်း။ ထိုအလင်းသည် "ဟံသာဝတီနေပြည်တော်"တစ်ဝှမ်း လင်းပခဲ့ဖူးသည်လေ။ "တိဿ" မင်းကြီးနှင့်တကွသော တိုင်းသူ ပြည်သားများသည် ထေရဝါဒ ဗုဒ္ဓ ဘာသာဝင်များ ဖြစ်ခဲ့ကြဖူးသည်။ ယခု ထိုသို့ မဟုတ်တော့ပေ။ တစ်စုံတစ်ရာ သော အမှောင့်ပယောဂကြောင့် "အလင်း"မှ "အမှောင်"သို့ ကူးပြောင်းခဲ့လေပြီ။

ဗုဒ္ဓဘာသာ မကိုးကွယ်ရ။ ဥပဒေတွေ ထုတ်ပြန်ထား၏။ ဝမ်းနည်း ဖွယ်ကောင်းလေစွ။ ဤမျှမဟုတ်။

ဆင်းတုတော်၊ စေတီတော် များကို မီးရှို့ဖျက်ဆီးကြသည့်အထိ အခြေအနေဆိုးလေ၏။ ဟံသာဝတီ တစ်ပြည်လုံးတွင် မိစ္ဆာအယူတို့ ဖုံးလွှမ်းကာ ဗုဒ္ဓဘာသာဝင်ဟူ၍ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဒါက ယုံကြည်သက်ဝင်မှု သဒ္ဓါတရား နှင့် သက်ဆိုင်သည်။ သဒ္ဓါတရားနုံ့နဲ့ အားနည်းလေသောအခါ ...

အခွင့်အာဏာစက်ရှိသူ မင်းကြီး "တိဿ"ကိုယ်တိုင် မသမာ သူတို့၏ သွေးဆောင်ဖြားယောင်း ကျူးသွင်းရာသို့၊ မိစ္ဆာ-မှားယွင်းသော၊ ဒိဋ္ဌိ-အယူသို့ ယွင်းခဲ့ချေပြီ။ ဘုရင်အပါး ခစားနေကြသည့် မှူးမတ်သေနာပတိ များကလည်း စိတ်တော်သိဖောင်းကော် ညီတ်၊ ပြည့်မျက်ကိုမှု၊ မိစ္ဆာဒိဋ္ဌိတို့ ပေး စွန့်သမျှသော လာဘ်လာဘကိုသာ လျှင် အာသာငမ်းငမ်း ဂရုဓမ္မပြုခဲ့ကြ လေသည်။

ထို အခင်းအကျင်းတွင် အမတ်အိုကြီး "ဗျဂ္ဃသေန"မှာ အထူး ထင်ရှား၏။

"အရှင်မင်းကြီး ..၊ ယခု မင်းကြီးတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓ ဘာသာဆိုတဲ့ ဆင်းတု၊ ရုပ်တုကို ကိုးကွယ်တဲ့ဘာသာလျှင် ဖြစ်ပေ

တယ်။ ဂေါတမဗုဒ္ဓဆိုတာ ပရိနိဗ္ဗာန်စံဝင်ခဲ့ပြီ၊ ဒါကြောင့် သေပြီးသူရဲ့ ရုပ်တုဆိုတာ အသုဘကြီးပါပဲ၊ အကျိုးမရှိဘဲ ကျက်သရေကင်းမဲ့လှပါတယ်။ ကျွန်ုပ်ကိုးကွယ်တဲ့ ဘာသာကသာလျှင်''ဟူ၍ စည်းရုံးသိမ်းသွင်းခဲ့သည်။

''ဟံသာဝတီတစ်ပြည်လုံး မည်သူမျှ ဗုဒ္ဓဘာသာမကိုးကွယ်ရ ကိုးကွယ်သူ မိမိနေအိမ်၌ ဗုဒ္ဓဆင်းတုတော် တွေ့ရှိသူများအား သေဒဏ်၊ မင်းတရားအမိန့်တော်'' လှည်းနေလှေအောင်း၊ မြင်းစောင်းပါမကျန်စေရ၊ သိကြားစေဟု မောင်းကြေးနင်းလည်ခတ်သည်။ တစ်ပြည်လုံး အုန်းအုန်းကျက်ကျက်၊ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်အထိ ဗုဒ္ဓဘာသာ မည်သူမျှ မကိုးကွယ်ဝံ့ကြ။ မင်းအာဏာစက်ပေကိုး။

တချို့ သီလစင်ကြယ်သူ၊ သရဏဂုံသုံးပါးကို အသက်ထက်ဆုံး ယုံကြည်ကိုးကွယ်သူတို့ကို အဆုံးစီရင် စတေးပစ်ကြသည်၊ ထိုအထဲတွင် သူ၏ အဘိုးအဘွား၊ ဆွေမျိုးဉာတိများ၊ နိစ္စဓူဝ၊ သရဏဂုံ သီလမြဲမြဲသူများ အသက်နှင့်လဲ၍ ယုံကြည်မှုသဒ္ဓါတရား တည်ဆောက်ပြသခဲ့ကြသည်။

''မှတ်ထား ငါ့မြေး၊ ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာနှစ် (၂၃၆)မှာ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ခဲ့တယ်။ ဘိုးဘေးတို့ရဲ့ ပေမှုမှတ်တမ်းအရ ကိုးတိုင်းကိုးဌာနဆိုတာ အရေးကြီးသကွဲ့၊ ဇမ္ဗူဒိပ်အရပ်ဒေသတွေမှာ သာသနာတော်အစွန့်ရှည်တည်တံ့စေမယ့် အရေးပေါ့။ အဲဒီ ကိုးတိုင်းကိုးဌာနမှာပါဝင်တဲ့ အာရက္ခဒေသျှခေါ် မဟာသကမဏ္ဍလ (ရခိုင်တိုင်း) ကတဆင့် ဘိုးဘိုးတို့ရဲ့ ဟောဒီ .. ဟံသာဝတီနေပြည်တော်သို့တိုင် ဗုဒ္ဓသာသနာ စိမ့်ဝင်ရောက်ရှိအလင်းဆောင်စေခဲ့တာ၊ အသက်ခန္ဓာယှင်းတာ မဆန်းပါဘူး၊ သရဏဂုံ မယှင်းပျက်စေနဲ့။ ရုပ် ဇီ ရတိ မစ္စာနံ၊ နာမဂေါတ္တံ နဇီရတိတဲ့။ ဘုရားက ဟောတယ်။ ရုပ်တရားသည် ဆွေးမြေ့ပျက်စီးရတတ်၏။ နာမည်နှင့်အနွယ်သည် ဆွေးမြေ့ပျက်စီးခြင်းမရှိတဲ့။ ငါ့မြေး အသက်ထက်ဆုံး စောင့်ရှောက်ပါ၊ ထိန်းသိမ်းပါလို့ အဘိုးမှာခဲ့ချင်တယ်''ဟူ၍ အဘိုးပြောခဲ့ဖူးသည်။ တစ်နိုင်ငံလုံးတွင် ဗုဒ္ဓဘာသာဝင်ဆို၍ သူတစ်ယောက်တည်းကျန်ရစ်သည်အထိ အသက်ထက်ဆုံး နိုင်မာပြတ်သားလှစွာသော သူ၏ခံယူဆုံးဖြတ်ချက်ကြောင့် အမိအဖများပင် မျက်ကလဲဆန်ပြာ၊ ပြူးပြူးပျာပျာ ဖြစ်ကုန်ကြ၏။

''တလထော်ရယ် ... ညည်းနဲ့တော့ ခက်တာပဲ၊ သူငါ စွန့်ပစ်ထားတဲ့ ဆင်းတုတွေကို အိမ်ယူလာရတယ်လို့၊ မင်းပြစ်မင်းဒဏ်သင့်မှာ မကြောက်ဘူးလား၊ အို .. သေဘေးဆိုတာကို မစိုးရွံ့ဘူးလားဟင်''

''အမိနဲ့အဖ မကိုးကွယ်ဝံ့ရင်နေပါ၊ ရတနာသုံးပါးကိုးကွယ်ဆည်းကပ်လို့ အမျက်တော်ရှမယ်ဆိုအကျွန်သေဝံ့ရဲပါတယ်၊ ကုသိုလ်တရားဆိုတာ ကောင်းကျိုးပဲပေးတာဖြစ်လို့ မတားပါနဲ့၊ အကျွန့်ယုံကြည်ကိုးကွယ်မှုကို မပိတ်ပင်ပါ

''တလထော်ရယ်... ညည်းနဲ့တော့ ခက်တာပဲ၊

သူငါစွန့်ပစ်ထားတဲ့ ဆင်းတုတွေကို အိမ်ယူလာရတယ်လို့၊

မင်းပြစ်မင်းဒဏ်သင့်မှာ မကြောက်ဘူးလား၊

နဲ့''ဟု ပြောခဲ့သည်။ သူ၏ အမည်နာမနှင့် လုပ်ဆောင်ချက်များက ရဲဝံ့ပြတ်သားလှပါ၏။

''တလထော်''တဲ့။

ထို ''တလထော်''မွန်အမည်ကို မြန်မာပြန်လျှင် ''တရားသခင်'' ဟု အနက်ထွက်ပေးအံ့။

× × × × × × × ×

(၄)

''ဟဲ့ . . . ရဲမက်တွေ၊ အဲ့ပြစ်သားမိုက်မကို မြေကျင်းရှေ့မှောက် ခေါ်ထုတ်လာခဲ့ကြစမ်း''

အကျဉ်းခန်းဘက်သို့ လှည့်၍ ပါးကွက်အာဏာသားကြီးက အော်ပြောလိုက်သည်။ မကြာမီ . . . ရဲမက်နှစ်ယောက်ခြံရံလျက် သူ့ကို ဒရွတ်တိုက်ဆွဲခေါ်လာကြ၏။ သည်ကနေ့ မနက်ခင်းမှာပင် သူ့အား မြေမြှုပ်သတ်ကြပေရော့မည်။

အတွေးထဲတွင် လွန်ခဲ့သောနှစ်ရက်ခန့်က အဖြစ်အပျက်များကသွင်သွင်စီးဆင်းနေသည်။ မြစ်ဆိပ်တွင် ရေချိုးသွားစဉ် မြစ်ညာအထက်အရပ်ဆီက ရေစီးအလျင်နှင့် မျောပါလာသော ဗုဒ္ဓဆင်းတုတော်များတွေ့မြင်၍ သူလိုက်ဆယ်သည်။ အတူလိုက်ပါလာသည့် သူငယ်ချင်းမတွေကိုပါ ကူညီဆယ်ယူပေးဖို့ပြောလေရာ . . .

''တလထော်ရယ် . . . ဆင်းတုတွေမဆယ်ပါနဲ့၊ မင်းပြစ်မင်းဒဏ်သင့်မှာ နင် မကြောက်ဘူးလား၊ တိဿဘုရင်က ဆင်နဲ့ နင်းသတ်မယ်တဲ့၊ ငါတို့ မဆယ်ရဲဘူး''ဟု ထိတ်လန့်သံဖြင့် ငြင်းဆန်ကြလေ၏။

သူကတော့ မတုန်လှုပ်ချေ။ ကြောက်ရွံ့ဟန် စိုးစိမ့်မှုမရှိ။ အေးအေးလူလူပင် ဆင်းတုတော်တွေကို ဆယ်ယူသည်။ ရေသပ္ပာယ်သည်။ အိမ်သို့ ပင့်ဆောင်၍ ရှိသေစွာ ကိုးကွယ်ဆည်းကပ်သည်။ သည်အကြောင်း ဘုရင့်အထောက်တော်တွေ သိသွားပြီး သူ့အား ဖမ်းဆီးခေါ်ဆောင်သွားကြ၏။ တိဿဘုရင်ကလည်း တချက်လွှတ်အမိန့်ချမှတ်ခဲ့သည်။ ဆင်ဖြင့် နင်းသတ်စေ . . ဟူ၍။

သူမြင်မက်ခဲ့သည့် အိပ်မက်ထဲက အတိုင်းပါပဲ။

''ဆင်နင်းသတ်ပွဲ''

ဆင်ဖြင့် အဆုံးစီရင်မည့်သူကို ဘုရင်တိဿက တိုင်းသူပြည်သားများအား လာရောက်ကြည့်ရှုစေသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ၊ ယုံကြည်သက်ဝင်သူကို သည်လိုအဆုံးစီရင်မည်ဟု သာဓကဆောင်စေလိုဟန်ရှိသည်။ မိစ္ဆာဘုရင်နှင့်တကွသောဘာသာခြားအမတ်တွေကတော့ သည်အဖြစ်ကို မျက်စိအရသာခံယူကြည့်ရှုကာ နှစ်ထောင်းအားရဖြစ်နေကြသည်။ အမိန့်အာဏာကို မလွန်ဆန်ဝံ့ကြ၍ ဆင်နင်းသတ်ပွဲ လာကြည့်ရသည့် ပြည်သူများ မျက်နှာမကောင်းကြ။ ''တလထော်''ဆိုသည့် အမျိုးကောင်းသမီးလေးကို သနားကရုဏာသက်ဝင်နေကြ၏။

ဗုဒ္ဓဘာသာကိုးကွယ်၍ အသက်ခန္ဓာ ပျက်ယွင်းရတော့မည်ဆိုပါကလား။

သူကတော့ တည်တည်ငြိမ်ငြိမ်ပင်။ ရတနာသုံးပါးမှလွဲ၍ အခြားကိုးကွယ်လဲလျှောင်းရာသည် နတ္ထိ–မရှိ။ သည်တော့ ''သရဏ''ဆောက်တည်သည်။

သူ့ထံ ရှေ့မှောက်ရောက်လာတော့အံ့ ဆင်ကြီးကို မေတ္တာပို့သည်။ အမျက်ချောင်းချောင်းထွက်ကာ သူ့အားသေစေလိုသည့် ဘုရင်ကြီးတိဿကို မေတ္တာပို့သည်။ သတ္တဝါဝေနေယျအားလုံးကို မေတ္တာစာတ်တွေဖြန့်ကျက်ပွားများဆင်ခြင်လျက် ''သရဏ''ဆောက်တည်ကာ နေ၏။ ''သရဏ''ဟူသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ အဓိဝစန်အမည်ပါတည်း။ သရဏဂုံသုံးပါး၏ အမည်နာမဖြစ်ပါသတည်း။

ကျုံးသွင်းထားသည့် ဆင်ဆိုးကြီးကို မောင်းတံခါးဖွင့်ပေးလိုက်ပြီ။ ဆင်ကြီးသည် သူ့အနီးသို့ တဖြည်းဖြည်းရောက်ရှိလာ၏။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ အံ့ပေစွ။ ကျွီ . . ခနဲ အော်မြည်ကာ ဆင်ကြီးထွက်ပြေးသွားသည်။ ကေန်ပင် ''သရဏ''အစွမ်းပေတည်း။

"ဒီမှာ တလတော်၊
ဟောဒီ ဟံသာဝတီပြည်မှာ ဗုဒ္ဓဘာသာကိုးကွယ်တာ
သင်တစ်ယောက်ပဲရှိတော့တယ်၊
သင် ယုံကြည်ကိုးကွယ်နေတဲ့၊ ဒီလောက် အားကိုးလှချည်ရဲ့
ဗုဒ္ဓဆင်းတုတော်တွေ ဘယ်လောက်စွမ်းသလဲ
ငါ မင်းမြတ်သိချင်တယ်။
အဲဒီ သင့်အိမ်မှာရှိနေတဲ့ ဗုဒ္ဓဆင်းတုတော်တွေကို
တောင်းထင်တနေ ငါ့နန်းတော်ထဲရောက်အောင်
သင်ပင့်ဆောင်နိုင်မလား၊
သင့်ကိုမသတ်ခင် အဲဒီအခွင့်အရေးပေးမယ်၊
ပင့်ဆောင်နိုင်ခဲ့ရင် သင့်ကို သေဘေးကလည်း လွှတ်မယ်၊
ငါမင်းမြတ်နဲ့ တိုင်းသူပြည်သားအားလုံးလည်း
ဗုဒ္ဓဘာသာ ပြန်ကိုးကွယ်ခွင့်ပေးမယ်
ဘယ်လိုလဲ' ....'

ဆင်ကြီး မည်သို့ဖြစ်သည် မသိ။ သေရည်အမူးလွန်သွားသလား အထင်ရောက်ကာ နောက်ဆင်တစ်ကောင် ခေါ်လာသည်။ လူသတ်ရန် လေ့ကျင့်သင်ကြားပေးထားသည့် ကျုံးထဲကဆင်တွေသာ ကုန်သွားသည်။ အချည်းနှီးဖြစ်ရသည်ကြောင့် ဘုရင်နှင့်တကွ အမတ်တွေပါ ချွေးပြန်ကုန်သည်။ အမတ်အိုကြီး "ဗျတ္တသေန"က

"ဒီ အမိုက်မဟာ စုန်းကဝေတတ်လို့ ဆင်နင်းသတ်မရတာ ပါဘုရား။ ကျပ်စင်တင် မီးရှို့သတ်မှ သင်း သေပါလိမ့်မယ်၊ သင်းကို ကျွန်တော်မျိုးတို့ အဆုံးမစီရင်နိုင်ခဲ့ရင် အများကဲ့ရဲ့တာ ခံရပါလိမ့်မယ်၊ ဗုဒ္ဓဘာသာဝင်တွေ ပြန်ဖြစ်ကြလိမ့်မယ်၊ သင်းကို ..."

လျှောက်တင်လေရာ တိဿဘုရင်ကလည်း "မီးရှို့သတ်စေ"ဟု အမိန့်ချသည်။ ဟုန်းဟုန်းထ လောင်ကျွမ်းနေသည့် မီးပုံပေါ်သို့ သံကျပ်တင်ကာ သတ်သည်။ မေတ္တာဓာတ် သရဏ အစွမ်းကြောင့် မီးတွေ ရှဲ ..ခနဲ အကုန်ငြိမ်းကုန်သည်။ သူ၏ အသားမွေးညှင်းတစ်ပင်တောင် မီးမလောင်ချေ။ ထိုမျှမဟုတ် သုံးကြိမ်၊ သုံးခါတိုင်တိုင် မီးရှို့သတ်ကြရာ နောက်ဆုံး လက်လျှော့ရတော့မည့် အခြေအနေ။ ခေါင်းချင်းဆိုင်ကြရပြန်သည်။ စည်းဝေးတိုင်ပင်ပြီးသော် "မြေဖို့သတ်စေ"ဟု အမိန့်တော်ထွက်လာ၏။ မျက်ဝါးထင်ထင်၊ အံ့ဘနန်း၊ မြင်တွေ့နေကြရသည့် "ဟံသာဝတီ" ပြည်သူပြည်သားများ၏ ရင်ထဲမှာတော့၊

× × × × × × × ×

(၅)

"ဟဲ့ .. ရဲမက်တွေ၊ အပြစ်သားငမိုက်မကို မြေကျင်းရှေ့မှောက် ခေါ်ထုတ်လာခဲ့ကြစမ်း"

သူ့ကို မြေမြှုပ်သတ်ပစ်ရန် မြေတွင်းထဲသို့ ချသည်။ သူကတော့ တည်ငြိမ်စွာပင်။ စိတ်သန္တာန်ဝယ် သရဏဂုံတည်ပလျက်။ ကျင်းနှုတ်ခမ်းဝ ရပ်ကာနေသည့် ဘုရင်တိဿ အံ့ဩသွားရ၏။ သည်မိန်းကလေးနှယ် ဘာဇာကြောင့် သည်လောက်သတ္တိတွေ ကောင်းနေရပါလိမ့်။ ဘယ့်ဟာကြောင့် သေမယ့်အရေး စိုးထိတ်ရှိန်းကန် မရှိရတာပါလိမ့်။ တွေးပြီး ထိုသိချင်စိတ်ကြောင့်-

"ဒီမှာ တလထော်၊ ဟောဒီ ဟံသာဝတီပြည်မှာ ဗုဒ္ဓဘာသာကိုးကွယ်တာ သင်တစ်ယောက်ပဲ ရှိတော့တယ်၊ သင် ယုံကြည်ကိုးကွယ်နေတဲ့၊ ဒီလောက် အားကိုးလှချည်ရဲ့ ဗုဒ္ဓဆင်းတုတော်တွေ ဘယ်လောက်စွမ်းသလဲ ငါ မင်းမြတ် သိချင်တယ်။ အဲဒီ သင့်အိမ်မှာရှိနေတဲ့ ဗုဒ္ဓဆင်းတုတော်တွေ

ကို ကောင်းကင်ကနေ ငါ့နန်းတော်ထဲရောက်အောင် သင် ပင့်ဆောင်နိုင်မလား၊ သင့်ကိုမသတ်ခင် အဲဒီအခွင့်အရေးပေးမယ်၊ ပင့်ဆောင်နိုင်ခဲ့ရင် သင့်ကို သေဘေးကလည်း လွှတ်မယ်၊ ငါမင်းမြတ်နဲ့ တိုင်းသူပြည်သားအားလုံးလည်း ဗုဒ္ဓဘာသာပြန်ကိုးကွယ်ခွင့်ပေးမယ် ဘယ်လိုလဲ''

''အရှင်မင်းကြီး၊ မင်းမှာသစ္စာ၊ လူမှာကတိ စကားရှိပါတယ်။ အသင်မင်းကြီးသာလျှင် သစ္စာတည်ပါစေ၊ ကျွန်တော်မျိုးမ တလထော်ရအောင်ပင့်ပါ့မယ်၊ နှောင်တည်းထားတဲ့ လက်ကကြိုးတွေကိုသာ ဖြည်ပေးပါ''ဟု တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။ နှောင်ကြိုးမှလွတ်ကင်းသော် သစ္စာဓိဋ္ဌာန်ပြုလေ၏။

''ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဂုဏ်ကျေးဇူးတွေသည် ရေတွက်ပိုင်းခြားမနိုင်အောင် များပြားလှပါတယ်ဘုရား။ တပည့်တော်မ အသက်နဲ့လဲပြီး ကိုးကွယ်ပါတယ်ဘုရား။ ဤစကားမှန်ပါ၏။ ဤမှန်ကန်သောသစ္စာစကားကြောင့်လည်းကောင်း၊ ရတနာသုံးပါး၏ တန်ခိုးတေဇော်အာနုဘော်တို့ကြောင့်လည်းကောင်း၊ အယူမှားယွင်းနေသူတို့ အယူအမှန်ရစေခြင်းငှာလည်းကောင်း၊ တပည့်တော်မ ကိုးကွယ်ထားတဲ့ ဗုဒ္ဓဆင်းတုတော်များ ကောင်းကင်ခရီးက ဈာန်ယာဉ်စီးကာကြွလာပါစေသား''

မြေမဟာပထဝီသည် သိမ့်သိမ့်ခါ၏။

သူ၏ သစ္စာဓိဋ္ဌာန်ကြောင့် ဗုဒ္ဓဆင်းတုတော်များ ကြွလာသည်။ ရွှေအဆင်းတို့ဖြင့် ပြိုးပြက်ဝင်းပြောင်နေလေ၏။ ပြည်သူတွေသာမက တိဿဘုရင်လည်း မနေနိုင်တော့၊ လက်အုပ်ချီဖူးရင်း တိဿဘုရင်ကြီးမျက်ရည်တွေကျလာသည်။

''မှားပြီ ..မှားပြီ၊ ငါ အမှားကြီးမှားလေစွ၊ မိုက်မဲလေစွ၊ ကြည့်စမ်းပါဦး၊ အသက်မရှိတဲ့ အဝိဉာဏက ဆင်းတုတော်တွေတောင် ဒီလောက်တန်ခိုးကြီးမားရင် သက်တော်ထင်ရှား ဗုဒ္ဓဘုရားရှင်ဆို ဘယ်လောက်တန်ခိုးကြီးလိုက်မလဲ၊ ကံကြီးထိုက်တော့မလို့၊ ဒီအမျိုးကောင်းသမီးလေးကျေးဇူးကြောင့် အသိအမြင်မှန်ရလေပြီ၊ ဗုဒ္ဓကို သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်ခွင့် ပြန်ရချေပြီး တလထော်ကိုလည်း ဝန်ချတောင်းပန်ရမယ်၊ သူ့လိုလူဖမ္ဘူတွင်မရှိ၊ ဘဒြာဒေဝီအမည်နဲ့ မိဖုရားခေါင်ကြီးမြှောက်လို့ ဂုဏ်ပြုပါတော့မယ် ''တလထော်ရယ်''

''သာဓု ..သာဓု ..သာဓု ..''

ဇော်မင်းထွန်း(*သံတွဲ*)

ကုသိနာရုံမှ ကုသိုလ်တော်မှတ်တမ်း

ဒေါ်ပြုံးပြုံးကြည်

အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဗုဒ္ဓဝင်နေရာတော်မြတ်များကို ဖူးမြော်ကြည်ညိုရန် ''မဟာတိုး'' ဗုဒ္ဓဂယာဘုရားဖူးဝန်ဆောင်မှုအဖွဲ့နှင့် (၂၄-၁၁-၂၀၀၀)ရက်နေ့က ''ပထမ''အကြိမ်အဖြစ် ရောက်ရှိခဲ့ပါသည်။

(၂၀၀၆)ခုနှစ် ဖေဖော်ဝါရီလတွင် ''ဒုတိယ'' အကြိမ်အဖြစ် ''မဖွိုးမြ''ကုသိုလ်တော်ဘုရားဖူးပို့ဆောင်ရေးအဖွဲ့နှင့် ရောက်ရှိခဲ့ပါသည်။ (၂၀၀၇)ခုနှစ်တွင် ''တတိယ'' အကြိမ်အဖြစ် မိမိတို့အစီစဉ်ဖြင့် သွားရောက်ခဲ့ပါသည်။ ''စတုတ္ထ''အကြိမ်အဖြစ် ''အောင်ချမ်းသာ''ဘုရားဖူးဝန်ဆောင်မှုအဖွဲ့နှင့် (၃-၁၂-၂၀၁၂)နေ့က ရောက်ရှိခဲ့ပါသည်။

တစ်ကြိမ်နှင့်တစ်ကြိမ် ဖူးမြော်ခဲ့ရသည့် ဗုဒ္ဓဝင်နေရာတော်များနှင့် လေ့လာစရာနေရာများ မတူကြပါ။ ခရီးလမ်းကြောင်းလည်း အပြောင်းအလဲရှိသောကြောင့် အားရကျေနပ်မိပါသည်။

လေးကြိမ်စလုံး ''သံဝေဇနီယလေးဌာန''အားလုံးကို ဖူးမြော်ကြည်ညိုဖြစ်သော်လည်း ''အဝိဇဟိတလေးဌာန'' အနက် ''သင်္ကဿနဂိုရ်''နေရာတော်မြတ်ကို ခရီးဝေးသောကြောင့် ဘုရားဖူးအဖွဲ့တိုင်း မပို့ပေးနိုင်သဖြင့် (၂၀၀၆)ခုနှစ်က တစ်ကြိမ်သာ ထိုဒေသကို ရောက်ရှိခဲ့ပါသည်။

ထိုအကြိမ်က ပတ္တနား (ပါတလိပုတ်)မှ ရှေးခေတ်စပါးကျီကြီးရှိရာနေရာသို့ ရောက်ရှိခဲ့ပါသည်။ စပါးကျီကြီးမှာ အုံ့ဩဖွယ်ကောင်းလောက်အောင် ကြီးကျယ်မြင့်မားပါသည်၊

(၂၀၀၇)ခုနှစ် ခရီးစဉ်တွင် ဗာရာဏသီမြို့ရှိ ကော်ဇောယက်လုပ်ရောင်းချသည့် ပင်ရင်းကော်ဇောဆိုင်ကြီးကိုလည်းကောင်း၊ အိန္ဒိယရှေးဟောင်းနန်းတော်ကြီးကိုလည်းကောင်း သွားရောက်လေ့လာဖြစ်ခဲ့ပါသည်။

''ပထမသင်္ဂါယနာ''တင်သည့်နေရာဖြစ်သော ''သတ္တပဏ္ဏိ''လိုဏ်ဂူရှိရာ ''ဝေဘာရတောင်''သို့လည်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ်သာ သွားရောက်ခဲ့ပြီး၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တို့တွင် ထိုလိုဏ်ဂူသို့ မသွားတော့ပါ။

ပထမဆုံးအကြိမ် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားခဲ့စဉ်က ရန်ကုန်-ဂယာ တိုက်ရိုက်လေယာဉ်ပျံခရီးစဉ် မရှိသေးပါ။ ရန်ကုန်မှ ကာလကတ္တား (ယခု-ကိုးလ်ကာတာ) သို့ လေယာဉ်ပျံဖြင့် သွားခဲ့ရပြီး ကာလကတ္တားမြန်မာဘုန်းတော်ကြီးကျောင်းတွင် တစ်ညတာတည်းခိုပြီး နံနက်

(၈)နာရီလေယာဉ်ပျံဖြင့် ပတ္တနားကို သွားခဲ့ရပါသည်။ ပတ္တနားလေဆိပ်တွင် အသင့်စောင့်ကြိုနေသော မှန်လုံကားကြီး (၂)စီးဖြင့် ''သံဝေဇနီယလေးဌာန''ကို ပို့ဆောင်ပေးပါသည်။

ထိုခရီးစဉ်တွင် ''ကုသိနာရုံအင်ကြင်းရဂုံ''သို့ (၃-၁၂-၂၀၀၀)ရက်နေ့ညာ၊ အိန္ဒိယစံတော်ချိန်ည (၇)နာရီခန့်တွင် ရောက်ရှိခဲ့ပါသည်။ ဘုရားဖူးတစ်ဖွဲ့လုံး မိမိတို့တည်းခိုရမည့်အဆောင်များတွင် နေရာယူကြပြီး ရေမိုးချိုး၊ ညစာစားပြီးမှ ''ကုသိနာရုံဆရာတော်ကြီး''ကို လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်လက်လှူဒါန်းကြပါသည်။

ထိုအချိန်က ကုသိနာရုံဆရာတော်ကြီးမှာ ''ပရဒေသီ''ဒေသ၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး ယခုဆိုလျှင် အိန္ဒိယတစ်ပြည်လုံးရှိ သံဃာများကို အုပ်ချုပ်ရသော သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗုဒ္ဓဂယာမဟာဗောဓိ စေတီတော်ကြီးထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်၊ ကုသိနာရုံဘိက္ခုသံဃာ့အဖွဲ့၏ အတွင်းရေးမှူး အရှင်စန္ဒြမဏိ တည်ထောင်ခဲ့သော ကျောင်းများ၏ အုပ်ချုပ်ရေးမှူး၊ ယူပီပြည်နယ် ဘိက္ခုသံဃာ့အဖွဲ့၏ သံဃမဟာနာယက၊ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ရဟန်းတော်များအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဖြစ်တော်မူနေပါပြီ။ ဆရာတော်ကြီး၏ ဘွဲ့ထူး၊ ဂုဏ်ထူးများ မစုံလင်သေးပါ။ သီးခြားရေးသား ပူဇော်ပါမည်။

ထိုနေ့ညက ဆရာတော်ကြီးအား ဂါရဝပြုကန်တော့စဉ် ဆရာတော်ကြီးမှ ဘုရားဖူးများ အဆင်ပြေပြေ ဘုရားဖူးနိုင်ရန် စီစဉ်ထားကြောင်း လိုအပ်သည်များရှိလျှင် ပြောကြားပါရန် ရခိုင်သံဝဲဝဲဖြင့် မိန့်တော်မူပါသည်။ ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်း ရွှေတိဂုံပုံ ''မဟာသုခဒဒချမ်းသာကြီး''စေတီတော်ကြီး တည်ထားနေကြောင်း၊ လှူဒါန်းလိုသူများ လှူဒါန်းနိုင်ကြောင်း မိန့်ကြားပြီး ''ဟရိဗလဆွာမိ''ကလောင်အမည်ဖြင့် ဆရာတော်ကြီးကိုယ်တိုင်ရေးသားထားသော ''မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံ''စာအုပ်ကို ပေးတော်မူပါသည်။

ထိုနေ့ညမှာပင် ထိုစာအုပ်ကို ဖတ်ဖြစ်ပါသည်။ ထိုစာအုပ်ထဲတွင် ဆရာတော်ကြီး၏ တိုင်းတစ်ပါး၌ အခက်အခဲမျိုးစုံကြားမှ သာသနာပြုခဲ့ပုံများ၊ ဘာသာခြားများကို ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာအောင် ဆောင်ရွက်တော်မူခဲ့ပုံများကို ဖတ်ရှုသိရှိခဲ့ရသဖြင့် ဆရာတော်ကြီးကို ကြည်ညိုသဒ္ဓါပွားခဲ့ပါသည်။

နောက်တစ်နေ့နံနက် ဖူးမြော်ဖွယ်ရာအစုံ၊ ကုသိနာရုံရှိ ဗုဒ္ဓဝင်နေရာတော်များကို လှည့်လည်ဖူးမြော်ပြီးသည်နှင့်တစ်ပြိုင်နက် ဆရာတော်ကြီးတည်ထားလျက်ရှိသော မဟာသုခဒဒချမ်းသာကြီးစေတီတော်ကြီး၏ ပရဝုဏ်သို့ သွားရောက်ခဲ့ပါသည်။

ဆရာတော်ကြီးကို စေတီတော်ကြီးအနီးမှာပင် ဖူးတွေ့ခဲ့ရပါသည်။ ချမ်းသာကြီးစေတီတော်အတွက် လိုအပ်မည့် သာသနာ့အဆောက်အဦးများကို မေးမြန်းလျှောက်ထားခဲ့ရာမှ မဟာရုံတံတိုင်းအတွက် အလှူရှင်လိုအပ်နေကြောင်း သိခဲ့ရပါသည်။ မဟာရုံတံတိုင်းတစ်ခန်းလျှင် us $ 250 လှူရမည်ဖြစ်ရာ၊ ထိုအချိန်က ငွေဈေးနှုန်းအရဆိုလျှင် မြန်မာကျပ်ငွေ တစ်သိန်းကျော်ခန့်ရှိမည်ထင်ပါသည်။

ဘုရားဖူးခရီးစဉ်တစ်လျှောက်လုံး လှူဒါန်းလာခဲ့ရာ ကုသိနာရုံတွင် မိမိလက်ထဲ၌ အိန္ဒိယရူပီးငွေ (၅၀၀)သာ ကျန်ပါတော့သည်။ စာရေးသူမှ မဟာရုံတံတိုင်းတစ်ခန်းစာ လှူဒါန်းလိုပါကြောင်း၊ မြန်မာနိုင်ငံရောက်မှ ငွေပို့ပေးပါမည့်အကြောင်းလျှောက်ထားပြီး ဘုရားဖူးအဖွဲ့မှ ဓမ္မမိတ်ဆွေများရှိရာသို့ သွားခဲ့ပါသည်။

မိမိတို့အဖွဲ့မှ အသက်အကြီးဆုံးဖြစ်သူ အမေမြင့်(ခ)ဒေါ်အုံးမြင့်မှ ဦးဆောင်၍ ဘုရားတည်ရန် အုတ်ခဲများကို လက်ဆင့်ကမ်းသယ်ဆောင်နေကြသဖြင့် မိမိလည်း အုတ်ခဲများကို လက်ဆင့်ကမ်းသယ်ယူပြီး လုပ်အားဒါနပြုဖြစ်ပါသည်။

ချမ်းသာကြီးစေတီတော်မှာ ဉာဏ်တော် (၁၀၈)

အိန္ဒိယနိုင်ငံ ကုသိနာရုံရှိ မဟာရံတံတိုင်းအတွက် စေတနာသုံးတန်ပြဋ္ဌာန်း၍ ဆရာတော်ဘုရားကြီးထံ ဆွဲကြိုးလှူဒါန်းစဉ်က

ရှိကြောင်း ဗိသုကာများမှာ မြန်မာနိုင်ငံမှ ဗိသုကာများဖြစ်၍၊ အိန္ဒိယနိုင်ငံတွင် မြန်မာတို့၏ ဗိသုကာအနုပညာလက်ရာကို မြန်မာမှုမြန်မာဟန်ဖြင့် ပြသနိုင်တော့မှာဖြစ်ကြောင်း မိန့်ကြားပါသည်။

နောက်တစ်နေ့ ''ကုသိနာရုံ''မှ ထွက်ခွာခါနီးတွင် ဆရာတော်ကြီးအား နှုတ်ဆက်ဂါရဝပြု ကန်တော့ကြပါသည်။ ထိုအချိန်တွင် စာရေးသူသည် မဟာရံတံတိုင်းအတွက် လှူဒါန်းလိုသော စိတ်စေတနာများ အလွန်ထက်သန်နေသောကြောင့် မိမိဆွဲလာသော ရွှေဆွဲကြိုးကို ချွတ်၍ မဟာရံတံတိုင်းအတွက် လှူဒါန်းခဲ့ပါသည်။ ထိုစဉ်က ရဟန်းမယ်တော် ရွှေရတုဒေါ်သန်းတင် (မမသန်း) အိန္ဒိယနိုင်ငံ ကုသိနာရုံတွင် ရောက်ရှိနေချိန်ဖြစ်၍ မမသန်းနှင့်အတူ ဓာတ်ပုံရိုက်ဖြစ်ခဲ့ပါသည်။

နောက်တစ်နေ့ ပတ္တနားမြန်မာဘုန်းကြီးကျောင်းသို့ ရောက်ရှိစဉ် ဘုန်းကြီးကျောင်း တိုးချဲ့ဆောက်လုပ်မှုအတွက် ကျန်ဘုရားဖူးအဖွဲ့မှ အချို့က လက်စွပ်များချွတ်၍ လှူဒါန်းကြပါသည်။

ထိုနေ့က မမသန်းတင်မှ စာရေးသူကို ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်များတောင်းလာသောကြောင့် လိပ်စာနှင့် ဖုန်းနံပါတ်များ ပေးခဲ့ပါသည်။ ဆရာတော်ကြီး မြန်မာပြည်သို့ ပြန်လည်ကြွရောက်လာတိုင်း မမသန်းတင်မှ ဖုန်းဆက်ခေါ်ပါသည်။ ဆရာတော်ကြီး သီတင်းသုံးသည့် နေရာတိုင်းကို သွားရောက်တွေ့ဆုံဖူးမြော်ကန်တော့ဖြစ်ပါသည်။

(၂၀၀၂)ခုနှစ်တွင် စာရေးသူ၏ခင်ပွန်း တာဝန်ကျရာ မန္တလေးမြို့သို့ ပြောင်းရွှေ့ရောက်ရှိချိန်က မမသန်းတင်မှ ဖုန်းဆက်လာပါသည်။ ကုသိနာရုံဆရာတော်ကြီး မန္တလေးမြို့ရှိ တောင်စလင်းတိုက်ကျောင်းတွင် ရောက်ရှိနေကြောင်း၊

စာရေးသူလှူဒါန်းထားခဲ့သောပစ္စည်း၏ ရောင်းရငွေမှာ မဟာရံတံတိုင်းတစ်ခန်းစာထက်ပိုနေ၍ ဌာပနာထဲတွင် လှူဒါန်းလိုက်ကြောင်း၊ ဆရာတော်ကြီးမှ မှတ်တမ်းတင် ဓာတ်ပုံများပေးလိုက်၍ တောင်စလင်းကျောင်းတွင် လာယူရန် ပြောပါသည်။

ချက်ခြင်းဆိုသလိုပင် တောင်စလင်းကျောင်းတိုက်သို့ သွားရောက်ခဲ့ပြီး ကုသိနာရုံဆရာတော်ကြီးကို ဖူးမြော်ကန်တော့ကာ ဓာတ်ပုံများကို ယူခဲ့ပါသည်။ ဆရာတော်ကြီးမှ မှတ်တမ်းတင်ဓာတ်ပုံများကို စာရေးသူထံ ပို့ဆောင်ပေးပါသဖြင့် အလွန်ကျေးဇူးဥပကာရတင်ရှိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါသည်။

(၂၀၀၇)ခုနှစ်၊ တတိယအကြိမ်အဖြစ် ကုသိနာရုံသို့ရောက်ရှိချိန်က မမသန်းတင်နှင့် ထပ်မံဆုံတွေ့ဖြစ်ပါသည်။ မမသန်းတင်နှင့် ဆုံတွေ့ရ၍ ထူးထူးခြားခြားကုသိုလ်များ ရရှိခဲ့ပုံကို ရေးသားလိုပါသည်။ မမသန်းတင်မှ မိမိအားသက်န်းများ ကူညီခေါက်ပေးရန် အကူအညီတောင်းခဲ့ပါသည်။ စာရေးသူတို့အဖွဲ့ (၆)ယောက်ထဲမှ ကျန်လူများက ချမ်းသာကြီးစေတီရင်ပြင်တွင် ရောက်ရှိနေကြသဖြင့် အဖွဲ့ထဲမှ ဓမ္မမိတ်ဆွေ ဦးလှထွန်းကို အကူအညီတောင်းပြီး မမသန်းတင်အပါအဝင် (၃)ယောက် သက်န်းများခေါက်၍ ကုသိုလ်ယူဖြစ်ခဲ့ပါသည်။

ကုသိနာရုံရှိ "မဟာပရိနိဗ္ဗာနရုပ်ပွားတော်ကြီး" ကို ဘုရားဖူးအဖွဲ့တိုင်း၊ တစ်နေ့ကို တစ်ထည်ကျစီ ဆက်ကပ်လှူဒါန်းပူဇော်သမျှကို စုနှီးပြီး၊ ကျောင်းအပေါ်ထပ်ရှိ အခန်းကြီးတစ်ခန်းထဲတွင် သိမ်းဆည်းထားခြင်းဖြစ်ပါသည်။ ထိုသက်န်းစများကို ဘုရားဖူးအဖွဲ့ဝင်တိုင်းအား တစ်စစီပြန်လည်ပေးကမ်းခြင်းဖြစ်ပါသည်။ ထိုသက်န်းအပုံကြီးများကို တစ်ထည်စီခေါက်ကြရာ အချိန်တစ်နာရီကျော်ကြာလာတော့ လက်များညောင်းလာ၍ နားလိုက်ကြပါသည်။

(၂၀၀၇)ခုနှစ် ဘုရားဖူးရောက်ခဲ့စဉ်က "ကုသိနာရုံ"တွင် သက်န်းများခေါက်ပြီး ကုသိုလ်ယူခဲ့ပုံကို ယနေ့ထက်တိုင် မမေ့နိုင်ပါ၊ ပြန်လည်တွေးမိတိုင်း၊ သတိရတိုင်း "ဖရဏာပီတိဝွမ်းဆီထိ"ပမာ၊ သောမနဿ ကုသိုလ်စိတ်များ ဖြစ်ခဲ့ရပါသည်။ သက်န်းများခေါက်ပေးပါရန် အကူအညီတောင်းခဲ့သူ မမသန်းတင်ကိုလည်း အလွန်ကျေးဇူးတင်ပါသည်။

(၂၀၁၂)ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် စတုတ္ထအကြိမ် ဗုဒ္ဓဂယာသို့ ဘုရားဖူးရန် ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က ကုသိနာရုံမြန်မာကျောင်းသို့ ရောက်ရှိရာ ဆရာ

ဆရာတော်ကြီးဘုရား ဘာသာသာသနာတော်အတွက် ဝေနေယျသတ္တဝါများ အကျိုးအတွက် သက်တော်(၁၂၀)တိုင်အောင် နေပေးတော်မူပါရန် ရှိသေလေးမြတ်စွာဖြင့် ခြေတော်အစုံကို ဦးခိုက်ပြီး လက်ဆယ်ဖြာယှက်ကာမိုး၍ ရှိခိုးကန်တော့လိုက်ပါသည် ဘုရား။ ။

တော်ကြီးမှာ နှလုံးထဲတွင် စက်ထည့်ထားရကြောင်း၊ ယခင်ကလို လိုက်လံရှင်းလင်းပြောမပြနိုင်တော့ကြောင်း ကြားသိရသည့်အခါ စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ ဆရာတော်ကြီး၏ ကျန်းမာရေးအတွက် စိုးရိမ်မိခဲ့ပါသည်။

ဆရာတော်ကြီးကို မဖူးမြော်ဖြစ်သည်မှာ (၃)နှစ်ကြာခဲ့ပါပြီ။ ယခုနှစ် မေလထဲတွင် မမသန်းတင်မှ ဖုန်းဆက်ပြီး ဆရာတော်ကြီး၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားဝင်းအတွင်းရှိ စိန်ရတုနာယကကျောင်းဆောင်တွင် ရောက်ရှိနေကြောင်း ဆရာတော်ကြီးမှ မိမိနှင့်ဖုန်းပြောလို၍ ဖုန်းခေါ်ရခြင်းဖြစ်ကြောင်း ပြောဆိုပါသည်။

ဆရာတော်ကြီးနှင့် ဖုန်းပြောစဉ် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို ဦးစွာမေးမြန်းလျှောက်ထားဖြစ်ပါသည်။ ပြီးလျှင် ချက်ခြင်းဆိုသလိုပင် ခင်ပွန်းသည်နှင့်အတူ ဆရာတော်ကြီး တည်းခိုသီတင်းသုံးတော်မူရာ စိန်ရတုနာယကကျောင်းသို့ သွားရောက်ပြီး ဆရာတော်ကြီးကို ဖူးမြော်ကန်တော့ဖြစ်ပါသည်။

ဆရာတော်ကြီးကို ကျန်းမာရေးကောင်းမွန်စွာဖြင့် ပြုံးပြုံးရွှင်ရွှင် ဖူးတွေ့လိုက်ရ၍ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။ ဆရာတော်ကြီး၏ ကျန်းမာရေးအတွက် စိတ်အေးခဲ့ပါသည်။ (၃)နှစ်အတွင်း ကျန်းမာရေးကောင်းလာသဖြင့် ယခင်က ဖူးတွေ့ခဲ့ရသည့်အတိုင်းပင် လာရောက်တွေ့ဆုံဖူးမြော်ကြသည့် ဒကာ၊ ဒကာမများကို အယုတ်အလတ်အမြတ်မရွေး ဖခင်ကြီးတစ်ယောက်လို နွေးထွေးစွာ ပြောဆိုနိုင်ပြီဖြစ်၍ ဝမ်းသာမိပါသည်။

ထို့ထက် ဝမ်းသာစရာသတင်းမှာ ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုအကြိုမွေးနေ့ပွဲကို မြန်မာနိုင်ငံတွင် (၁၅-၁၁-၂၀၁၅)နေ့တွင် ''ဝိဇာတဂုဏပူဇာသဘင်''ဆင်ယင်ကျင်းပမည့်သတင်းပင် ဖြစ်ပါသည်။

ဆရာတော်ကြီး သက်တော် (၇၅)နှစ်ပြည့်စဉ်က ထုတ်ဝေခဲ့သော ''စိန်ရတုဖော်ညွှန်းမြတ်မော်ကွန်း''စာအုပ်ကိုလည်း ဆရာတော်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး လက်ဆောင်ပေးတော်မူပါသည်။ စိန်ရတုအချိန်က ဆရာတော်ကြီးမှ စာရေးသူအား အဆက်သွယ်လုပ်ရာ ဖုန်းခေါ်မရ၍ စာမူမပေးဖြစ်ခဲ့ပါ။ ယခု ပတ္တမြားရတုစာစောင်အတွက် စာမူတောင်းလာသဖြင့် ''ကုသိနာရုံမှ ကုသိုလ်တော်မှတ်တမ်း''စာမူဖြင့် ရေးသားပူဇော်ပြီး ကုသိုလ်တော်ယူလိုက်ပါသည်။

ဆရာတော်ကြီးဘုရား ဘာသာသာသနာတော်အတွက် ဝေနေယျသတ္တဝါများအကျိုးအတွက် သက်တော် (၁၂၀)ကိုင်အောင် နေပေးတော်မူပါရန် ရှိသေလေးမြတ်စွာဖြင့် ခြေတော်အစုံကို ဦးခိုက်ပြီး လက်ဆယ်ဖြာယှက်ကာမိုး၍ ရှိခိုးကန်တော့လိုက်ပါသည်ဘုရား။ ။

ဆရာတော်ကြီး ယခုလို သက်တော် (၈၀)တိုင်အောင် သာသနာ့တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်တော်မူခြင်းသည် ဆရာတော်ကြီး၏ ထူးကဲသောဘုန်းကံပါရမီအကြောင်းဆက်အပြင် ဆရာတော်ကြီး၏ စိတ်ထားမြင့်မြတ်မှု၊ ဝီရိယရှိမှု၊ ရဲရင့်မှု၊ မေတ္တာတရားကြီးမားမှု၊ ဉာဏ်ပညာထက်မြက်မှု၊ ထက်သန်သောစေတနာတရားတို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ကောင်းမြတ်သောအကျိုးရလာဒ်တို့ကို ရရှိနေခြင်းဖြစ်ပါသည်။

ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် ''ဝိဇာတဂုဏသဘင်''ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ပါစေ၊ ဆရာတော်ကြီး သက်တော်ရာကျော်ရှည်ပြီး ကျန်းမာချမ်းသာစွာဖြင့် ဆရာတော်ကြီး၏ ခန္ဓာဝန်ကို ထမ်းရွက်နိုင်ပါစေ။

သာသနာ့အာဇာနည် ''ကုသိနာရုံ''ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကျေးဇူးတော်များကို ဦးထိပ်ပန်ဆင်ပြီး ရိုသေညွတ်ကျိုး ကြည်ညိုပူဇော်တစ်သက်၊ ပတ္တမြားရတုအတွက်ပါဘုရား၊ ရှိခိုးဦးတင်ပါသည်ဘုရား။

ဒေါ်ပြုံးပြုံးကြည်

သိကြားစေသက်သေညွှန်း

အမျိုးသားစာပေဆုရ၊ နိုင်ငံကျော်စာရေးဆရာကြီး ''ရန်အောင်မောင်မောင်''၏ ''မိနစ်နှစ်ဆယ်မှ အနှစ် နှစ်ဆယ်သို့'' ဆိုသောဝတ္ထုကို ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့ရာ ရုပ်ရှင်နာမည်မှာ ''သိကြားစေသက်သေညွှန်း''ဖြစ်ပါသည်။

စာရေးသူယခုရေးသားမည့် အိန္ဒိယနိုင်ငံရှိ ကုသိနာရုံဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့်၊ ပတ္တမြားရတုစာစောင်အတွက် စာမူရဲ့ခေါင်းစဉ်ကိုလည်း''**သိကြားစေသက်သေညွှန်း**''လို့ပဲ ဆိုပါရစေ။

စာရေးသူသည် (၂၄-၁၁-၂၀၀၀)နေ့က အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ''မဟာဝိုး'' ဘုရားဖူးပို့ဆောင်ရေးအဖွဲ့နှင့် ဗုဒ္ဓဝင်နေရာတော်မြတ်များကို ဖူးမြော်ကြည်ညိုရန် ရောက်ရှိခဲ့ပါသည်။

ထိုခရီးစဉ်အတွင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံမြန်းတော်မူရာဒေသဖြစ်သည့် ''ကုသိနာရုံအင်ကြင်းရုံ''ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ (၃-၁၂-၂၀၀၀)နေ့တွင် ရောက်ရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ ''ကုသိနာရုံဆရာတော်ကြီး''ကို စတင်ဖူးမြော်ကြည်ညိုခွင့်ရခဲ့ပါသည်။

ယခု (၂၀၁၅)ခုနှစ်ဆိုလျှင် ကုသိနာရုံဆရာတော်ကြီး၏ တပည့်ဒါယိကာမဖြစ်ခဲ့သည်မှာ (၁၅)နှစ်တိုင်ခဲ့ပါပြီ။ စာရေးသူ၏စိတ်ထဲတွင် (၁၅)နှစ်ကို (၁၅)မိနစ်လောက်ပဲထင်မိပါသည်။

ကြုံခဲကြုံရ ဒုလ္လဘဝယ်
မြတ်ဗုဒ္ဓသား ဖြစ်ပါငြားလည်း
စွမ်းအားရှိသူ မင်းလိုလူသား
များအကျိုးအတွက် မဆောင်ရွက်ဘဲ

ကိုယ့်အမျိုးတွက်သာဆောင်ရွက်ပါက

သံသရာရှုံးပြီမှတ်။ ။

(မန္တလေးမစိုးရိမ်ဆရာတော်ဘုရားကြီး၏ဩဝါဒ)

အထက်ပါဩဝါဒကို မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်ရှိ အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ရခိုင်ဆရာတော်ကြီးထံမှ မှတ်သားနာယူခဲ့ရပါသည်။

အများအကျိုးအတွက်မဆောင်ရွက်ဘဲ၊ ကိုယ့်ရခိုင်လူမျိုးအတွက်သာဆောင်ရွက်နေလျှင် မပြည့်စုံသေးပါ။ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူသားအားလုံးအတွက် အကျိုးရှိအောင်ဆောင်ရွက်ခြင်းသည် သံသရာမှာ အရှုံးမရှိဘဲ အကျိုးအမြတ်များ ရရှိမှာဖြစ်ကြောင်း ဆရာတော်ကြီး ဘဒ္ဒန္တသုစိတ္တာဘိဝံသမှ မိန့်တော်မူပါသည်။

အိန္ဒိယနိုင်ငံ "ကုသိနာရုံ"တွင် သီတင်းသုံးတော်မူသော တတိယမြောက်ကုသိနာရုံဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)သည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အများကောင်းကျိုးအတွက် ဆောင်ရွက်တော်မူနေသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးအား အဖ ဦးမောင်ကျော်သူ၊ အမိ ဒေါ်ဝင်းမြဦးတို့မှ မွေးဖွားသည်ဆိုသည့်အကြောင်း အသက် (၁၄)နှစ်အရွယ်တွင် ရှင်သာမဏေပြုခဲ့၍ သက်တော် (၂၀)တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မင်္ဂလာရာမကျောင်းတိုက်ခဏ္ဍသိမ်၌ ရဟန်းအဖြစ် ရောက်ရှိခဲ့သည်ဆိုသည့် အကြောင်းမှသည် (၁၉၆၃)ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ စတင်ရောက်ရှိ၍ ပညာဆက်လက်သင်ယူခဲ့ရာ ဘွဲ့ဒီဂရီအသီးသီး ရရှိခဲ့သည်ဆိုသည့်အကြောင်းများအား အခြားသော စာပေပညာရှင်များကလည်း ရေးသားကြပြီးဖြစ်သဖြင့် စာမျက်နှာကို ငဲ့သောအားဖြင့် ထိုအပိုင်းများကို ချန်လှပ်ခဲ့ပါသည်။

(အယ်ဒီတာအဖွဲ့)

မြန်မာနိုင်ငံမှ ဆက်ကပ်သော "အဂ္ဂမဟာပဏ္ဍိတဘွဲ့"တံဆိပ်တော်ကို (၁၃၅၄)ခုနှစ်ကလည်းကောင်း၊ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ကို (၁၃၆၆)ခုနှစ်ကလည်းကောင်း လက်ခံရရှိတော်မူခဲ့ပါသည်။ "အဂ္ဂမဟာပဏ္ဍိတ"ဆိုသည်မှာ ကြီးကျယ်မြင့်မြတ်သော ပညာတတ်ပုဂ္ဂိုလ်ဖြစ်ပြီး "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဆိုသည်မှာ သူတော်ကောင်းတရားတို့ကို ထွန်းလင်းတောက်ပစေသော ပုဂ္ဂိုလ်ဟု အဓိပ္ပါယ်ရပါသည်။

ဆရာတော်ကြီး၏ သူတော်ကောင်းတရားတို့ကို ထွန်းလင်းတောက်ပအောင် ဆောင်ရွက်ခဲ့ပုံများကို ရေးသားပူဇော်ပါမည်။ (၁၉၆၅)ခုနှစ်မှစပြီး အိန္ဒိယနိုင်ငံရှိ ဘာသာခြားတို့ကို ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းပေးနိုင်ခဲ့ခြင်း၊ အာရှတိုက်နိုင်ငံအနှံ့အပြား ဗုဒ္ဓဘာသာတရားတော်များကို ဟောကြားပြသပေးတော်မူခဲ့ခြင်း၊ ထိုနိုင်ငံများမှ ဘာသာခြားတို့အား ဗုဒ္ဓဘာသာဝင်ဖြစ်လာရန်၊ သရဏဂုံတည်သူများဖြစ်လာရန် တရားဟောပြောပြီး ဘာသာမဲ့နှင့် ဘာသာခြားများကို ဗုဒ္ဓဘာသာခံယူပွဲများ ကျင်းပပေးခြင်း၊ ရဟန်းခံရှင်ပြုပွဲများ ပြုလုပ်ပေးခြင်း၊ (၁၉၇၂)ခုနှစ် အောက်တိုဘာလ (၁၄)ရက်နေ့မှာ လူပေါင်း (၂၅)သိန်း၊ (၁၉၈၉)ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက်နေ့တွင် လူဦးရေ (၁)သိန်းတို့ကို ဗုဒ္ဓဘာသာဝင်အဖြစ် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းတို့ ဖြစ်ပါသည်။ (၂၀၀၂)ခုနှစ်အထိ ဘာသာခြားလူဦးရေ သိန်း (၃၀၀)ကျော်ကို ဗုဒ္ဓဘာသာအဖြစ် ပြုလုပ်ပေးတော်မူနိုင်ခဲ့ပါသည်။

သိန်းပေါင်းများစွာသော ဘာသာခြားများကို ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းပေးနိုင်ခြင်းသည် အမိုက်မှောင်ညွှန်အတွင်းမှာ ရောက်ရှိနေသည့် လူသားများကို၊ အမှောင်ပယ်ခွင်း၍ အလင်းဆောင်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် မြတ်ဗုဒ္ဓ၏ သားတော်ပီသစွာဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တည်တံ့ခိုင်မြဲရန်နှင့်

သာသနာတော်ကြီးထွန်းကားပြန့်ပွားရန် အစွမ်းကုန် ကြိုးစားတော်မူခဲ့ပါသည်။

ဆရာတော်ကြီး တည်ထားဆောက်လုပ်ခဲ့သော ဘုရား၊ တန်ဆောင်း၊ ကျောင်းကန်များအနက် ကုသိနာရုံ မြန်မာကျောင်းတိုက်ဝင်းအတွင်းရှိ ဉာဏ်တော် (၁၀၈) မြင့်မားသော ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံစံတူ "မဟာသုခ်ဒဒချမ်းသာကြီး"စေတီတော်ကြီးမှာ အလွန်သပ္ပါယ် ကြည်ညိုစရာကောင်းပါသည်။

(၂၀၀၀)ခုနှစ်တွင် ကုသိနာရုံအင်ကြင်းရဂုံသို့ စာရေးသူရောက်ရှိခဲ့စဉ်က "ချမ်းသာကြီး"စေတီတော်ကြီးကို ထီးတော်မတင်ရသေးပါ။ ဌာပနာလည်း မပိတ်ရသေးပါ။ မဟာရံတံတိုင်းများ ကာရံဆောက်လုပ်မည်ဟု သိရသောကြောင့် မဟာရံတံတိုင်း တစ်ခန်းစာ လှူဒါန်းပူဇော်ခဲ့ပါသည်။

(၂၀၀၀)ခုနှစ်က လှူဒါန်းခဲ့သောကုသိုလ်ကို (၂၀၀၇)ခုနှစ်မှာ ကုသိနာရုံသို့ အရောက်သွားခဲ့ပြီး ရေစက်ချ အမျှဝေဖြစ်ခဲ့ပါသည်။ ချမ်းသာကြီးစေတီတော်ကြီး၏ တနင်္ဂနွေထောင့်မှ ကြိုလ်တိုင်တွင် စာရေးသူ၏တူမဖြစ်သူ ဖနီးမောင်နံက "ကမ္ဘည်းထိုး"လှူဒါန်းထားသည်ကို တွေ့ရသောကြောင့် ထိုကမ္ဘည်းစာတမ်းနှင့် ချမ်းသာကြီးစေတီတော်ကြီးကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ဆရာတော်ကြီးဆောက်လုပ်ဖြစ်သော အခြားအဆောက်အဦးများမှာ မဟာရာဂျဂံဂျခရိုင်၊ ကန်ဝေရဝါရွာတွင် ဦးစန္ဒြမဏိကျောင်း၊ ကုသိနာရုံ ဗုဒ္ဓရွှေပစာကောလိပ်တွင် ဆရာတော်ဦးစန္ဒြမဏိစာသင်ခန်းမ (၂)ခု၊ ဘွဲ့လွန် ဒီဂရီကျောင်းတွင် ဘုရားကျောင်း (၁)ခု၊ ဦးစန္ဒြမဏိစာသင်ခန်းမ (၂)ခု၊ ဟောပြောခန်းမ (၁)ခု၊ မုဆိုဟန်ရွာဝိဝေကနန္ဒစာသင်ကျောင်းတွင် ဦးစန္ဒြမဏိစာသင်ခန်းမ (၂)ခု၊ ဗာဆတီခရိုင် ဟရိုက်ယာမြို့တွင် ဘုရားကျောင်းကြီး၌ ကျောင်းဆောက်လုပ်ခဲ့ခြင်း၊ ယူပီပြည်နယ်တစ်ခုလုံးတွင် နေရာပေါင်းမြောက်များစွာတို့၌ ဘုရားကျောင်း၊ စာသင်ကျောင်းများနှင့် ဘုရားများ တည်ထားဆောက်လုပ်လှူဒါန်းခြင်းတို့ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် စာပေများလည်း ရေးသားခဲ့ပါသည်။ အိန္ဒိယမောင်ဉာဏ်စိုး၊ ဟရိဗလဆွာမိ၊ မာမာဟရိဗလ၊ ဘိက္ခုဂျာနေဆွရ် (ဘေဇဝန္တ) စသည့် ကလောင်နာမည်များဖြင့် စာပေများကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ဆရာတော်ကြီးသည် ဟိန္ဒီဘာသာ၊ နေပါလီဘာသာ၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာများဖြင့် ရေးသားပြီး စာအုပ်များ ထုတ်ဝေတော်မူခဲ့ပါသည်။ ဆရာတော်ရေးသားတော်မူခဲ့သော (ပါဠိဘာသာ)စာအုပ်ကို ယူပီပြည်နယ်နှင့် အခြားပြည်နယ်များတွင် (၉)တန်း (၁၀)တန်းမှ တက္ကသိုလ်ထိ ပြဋ္ဌာန်းစာအုပ်အဖြစ် အသုံးပြုခြင်းခံရပါသည်။

ဆရာတော်ကြီးသည် ပြည်ပတွင်သာမက၊ ပြည်တွင်းမှာလည်း သာသနာပြုလုပ်ငန်းအများအပြားကို လုပ်ဆောင်တော်မူခဲ့ပါသေးသည်။ ရန်ကုန်-စစ်တွေလမ်းမကြီးမှ ဗီးပင်ကြီးရွာအထိ မင်းရွာ၊ ထောင့်ချေရွာ၊ မြစ်နားရွာ၊ အဝရွာများကို ဖြတ်ပြီး ဆရာတော်ကြီးဦးစန္ဒြမဏိအမည်ဖြင့် သိန်းပေါင်းများစွာ အကုန်ကျခံကာ ကားလမ်းမကြီးကို ဖောက်လုပ်တော်မူခဲ့ပါသည်။ ဇာတိရွာတွင် စာကြည့်တိုက်ကို မယ်တော်ကြီး ဒေါ်ဝင်းမြဦးအမည်ဖြင့် ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ဗီးပင်ကြီးရွာစာကြည့်တိုက်အတွက် (၁၀)သိန်း၊ မြန်မာနိုင်ငံ ရခိုင်သဟာယစာကြည့်တိုက်အတွက် (၁၀)သိန်း၊ (၇၅)နှစ်ပြည့် စိန်ရတုမဟာနာယကကျောင်းတော်ကို သိန်းပေါင်းများစွာ အကုန်ကျခံကာ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားဝင်းအတွင်း တည်ဆောက်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် (၁၉၉၀)ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်လည်ကြွတော်မူခဲ့ပြီး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရန် အလယ်တန်းကျောင်းကို တွဲဘက်အထက်တန်းကျောင်းအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။ စာသင်ကျောင်းများတွင် ပညာသင်နိုင်ရန် ရွာပေါင်း (၁၃) ရွာမှ စာသင်သားကလေးများကို နှစ်စဉ်စာအုပ်စာတမ်း

များနှင့် အဝတ်အထည်များလှူဒါန်းခြင်း၊ ငွေပဒေသာပင် မ-တည်ပေးခြင်း၊ မင်းပြားမြို့ရှိ ကျိန်းတောင်ဘုရားတွင် နဝကမ္မငွေပဒေသာပင်စိုက်ထူပေးခြင်း၊ ဓမ္မာရုံနှင့် စာကြည့်တိုက်များသို့လည်း အလှူငွေများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ရောဝတီတိုင်း၊ အထောင်မြို့စာသင်ကျောင်းအတွက် ငွေပဒေသာပင်စိုက်ထူခြင်း၊ မင်းပြားမြို့နယ်အသင်း၊ ရခိုင်သဟာယအသင်း၊ ရခိုင်အမျိုးသမီးအသင်းနှင့် ရခိုင်ဓမ္မာရုံများအတွက် ငွေပဒေသာပင်များ စိုက်ထူပြီး ဒါနမျိုးစေ့များကို ချတော်မူလျက်ရှိပါသည်။

ဆရာတော်ကြီး တာဝန်ယူပြီး ထမ်းဆောင်နေရသော သာသနာရေးဆိုင်ရာတာဝန်များမှာ ပဟာပရိနိဗ္ဗာန ဌာနတစ်ခုလုံး ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၊ ကုသိနာရုံ ဘိက္ခုသံဃဥက္ကဋ္ဌ၊ ဗုဒ္ဓဂယာဘုရားကြီးထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ B.T.M (အဖွဲ့ဝင်)၊ အိန္ဒိယနိုင်ငံရှိ မြန်မာကျောင်းထိုင်ဆရာတော်များအသင်း၏ အကျိုးတော်ဆောင်ချုပ်၊ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့ ဥက္ကဋ္ဌ၊ ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းကြီး၏ အဖွဲ့ဝင်၊ ဦးစန္ဒြမဏိ တည်ထောင်ခဲ့သော စာသင်ကျောင်းများ၏ အုပ်ချုပ်ရေးတာဝန်၊ ယူပီပြည်နယ်ရှိ ဥပစာကောလိပ်၊ ဒီဂရီကောလိပ်၊ ဘွဲ့လွန်ဒီဂရီကောလိပ်ကျောင်းတို့၏ အုပ်ချုပ်ရေးတာဝန်တို့ ဖြစ်ပါသည်။

ဗုဒ္ဓဒေသီမဂ္ဂဇင်း၊ ဒေါက်တာအမ္ဗေဒကာနှင့် ပတ်သက်သော စာစောင်မဂ္ဂဇင်း၊ ကောလိပ်ကျောင်းမဂ္ဂဇင်းတို့တွင် စာတည်းအယ်ဒီတာအဖြစ်လည်းကောင်း၊ နိဗ္ဗာန ဗောဓိမဂ္ဂဇင်းထုတ်ဝေရာတွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

သာသနာတော်နှင့်ပတ်သက်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက် လူမှုရေး၊ ကျန်းမာရေးကိစ္စများကိုပါ တွဲဖက်ဆောင်ရွက်လျက်ရှိပါသည်။ ရေဘေး၊ မီးဘေး၊ လျှော်ဘေးတို့ကြောင့် ဒုက္ခရောက်ရှိနေကြသော နေရာများသို့ ကိုယ်တော်တိုင်ကြွရောက်ပြီး ရိက္ခာများ ဝေငှပေးတော်မူခြင်း၊ ဂုဂျရတ်ပြည်နယ် မြေငလျင်လှုပ်ရာဒေသတွင် သိန်းပေါင်း (၄၀)ကျော် အကုန်အကျခံကာ လှူဒါန်းတော်မူခဲ့ပါသည်။

အရှင်ဉာဏိဿရ၏ ထူးခြားချက်တစ်ခုမှာ မြန်မာနိုင်ငံအနှံ့ မြို့ရွာများရှိ တန်ခိုးကြီးဘုရားများတွင် လှူဒါန်းသည့်အခါတိုင်း ဆရာသခင်ကျေးဇူးရှင်ဖြစ်တော်မူသော ဆရာတော်ကြီးဦးစန္ဒြမဏိ၏နာမည်နှင့်သာ လှူဒါန်းကြောင်း သိရှိရပါသည်။ ဦးစန္ဒြမဏိ၏ ရုပ်ထုတော်ကိုလည်း စစ်တွေမြို့တွင် တည်ထားတော်မူပါသည်။

မြတ်စွာဘုရားလက်ထက်တော်က တတိယသာဝကကြီးဖြစ်တော်မူသော "အရှင်မဟာကဿပမထေရ်ကြီး"၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို တာဝတိံသာနတ်ပြည်မှ သိကြားမင်းကြီးသိတော်မူပြီး ဆင်းရဲသားဇနီးမောင်နှံအယောင်ဆောင်ကာ ဆွမ်းလှူရန် လူ့ပြည်ကို ဆင်းသက်ခဲ့ပါသည်။ လောင်းလှူလိုက်သောဆွမ်းများ၏ ရနံ့သည် နတ်သုဒ္ဓါနံ့များဖြစ်သောကြောင့် "အရှင်မဟာကဿပမထေရ်ကြီး"က သိကြားမင်းမှန်းသိသွားတော်မူပုံကို တရားတိပ်ခွေများတွင် နာကြားရပါသည်။

ယခုလည်း ထူးကဲသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်တော်မူသည့် "ဒေါက်တာအရှင်ဉာဏိဿရ"၏ ဂုဏ်သတင်းများကိုလည်း နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာပြည်အထက်ဘဝဂ်တိုင်အောင် ပျံ့နှံ့နေလောက်ပြီဟု ထင်မြင်မိပါသည်။ ကုသိနာရုံဆရာတော်ကြီး၏ လူမျိုးမရွေး၊ ဘာသာမရွေး၊ သာသနာ့အကျိုးဆောင်ရွက်နေပုံများကို "လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ"တိုင်အောင် "သိကြားစေရန်"ဆရာတော်ကြီး၏ "စွမ်းဆောင်"ချက်များနှင့် "သက်သေညွှန်း"လိုက်ရပါတော့သည်။

ညိုလေး(ပေါင်းတည်)

အိန္ဒိယနိုင်ငံ၏ သံဃမဟာနာယက ဦးဉာဏိဿရနှင့် လူမျိုးမတူ ဘာသာတူသူများ၏ ဆုံစည်းရာ

ကမ္ဘာလှည့်တင်တင်စိန်
မဟာသဒ္ဓမ္မဇောတိကဓဇ

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာကို အထူးစောင့်ရှောက်ထိန်းသိမ်းနေသော ဆရာတော်ကြီးမှာ အိန္ဒိယနိုင်ငံ၏မြောက်ဘက်ရှိ ကုသိနာရုံကျောင်း ဆရာတော်ဦးဉာဏိဿရဖြစ်ပါသည်။ မြန်မာနိုင်ငံသား ရခိုင်ဇာတိဖြစ်ပါသည်။ ပွင့်လင်းသည်၊ စိတ်ကောင်းရှိပါသည်။ တပည့်ဒကာဒကာမများကို ရင်းနှီးမှုဖြင့် ဖော်ရွေစွာ ဆက်ဆံပါသည်။ အများကို စေတနာထားသည်။

စာရေးသူမှာ (၁၉၉၅)ခုနောက်ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ မကြာမကြာရောက်ပါသည်။ ရောက်တိုင်းလည်း ဩစတြေးလျနိုင်ငံ ပါသ် **Perth** မြို့ဇာတိဖြစ်သော **(John Magnurm)** နှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ထာဝရ အေးချမ်းသောအရိပ်တွင် ခိုလှုံရင်း ဝိပဿနာ ဆွေးနွေးကြပါသည်။

ဗုဒ္ဓဂယာတွင် သီရိလင်္ကာနိုင်ငံ U.N.V ကမ္ဘာ့ကုလသမဂ္ဂ၏ လုပ်အားပေးအရာရှိ ဦးအေးကိုနှင့် ဆုံပြန်ပါသည်။ John-ဦးအေးကိုနှင့် စာရေးသူတို့သုံးဦး ခရီးအတူတူသွားကြပါသည်၊ အတူတူဘုရားဖူးကြသော်လည်း အတွေးအယူအဆမတူကြပါ။ စိတ်ရည်ရွယ်မှုမှာ တမျိုးစီဖြစ် ကြပါသည်။ သို့သော် ဝိပဿနာကိုမူ ခရီးသွားလူသုံးဦးစလုံးမှာ စိတ်ဝင်စားကြပါသည်။

ဂျွန်မှာ အသက် (၃၅)နှစ်ခန့်ရှိပြီး ဩစတြေးလျနိုင်ငံ ပါ့သ် Perth မြို့မှာ ဗုဒ္ဓဘာသာ အာနာပါနတရားအားထုတ်သူပါ။ ဂျွန် ဗုဒ္ဓဘာသာဖြစ်သည်မှာ (၁၅)နှစ်ရှိပြီဖြစ်ပါသည်။ စိတ်ကို အထူးထိန်းတတ်သူတစ်ဦးပါ။ သစ်ဥသစ်ဖုကိုသာ စားပါသည်။

ဦးအေးကိုမှာ ကမ္ဘာ့ကုလသမဂ္ဂ၏ စီမံချက်အရ U.N.V အဖြစ် သီရိလင်္ကာတွင် အလုပ်ဝင်နေရသူပါ။ ထိုစဉ်က မြန်မာနိုင်ငံသား ဦးငွေစန်းမှာ ကိုလံဘိုမြို့တွင် ကမ္ဘာ့ကျန်းမာရေးဌာန W.H.O တွင် တာဝန်ယူနေစဉ်ဖြစ်ပါသည်။ ဦးငွေစန်းတို့ ဇနီးမောင်နှံမှာ အလွန်တာဝန်ကျေပွန်သော ဇနီးပါ။ မိဘကို အစဉ်တလေးတစားဖြင့် ပြုစုသော သမီးအလိမ္မာလေးပါ။ စားမှုသောက်မှုကို စနစ်တကျ စီမံခန့်ခွဲတတ်သူ ချစ်စရာသမီးရတနာလေးပါ။ ဦးငွေစန်းနှင့် ဇနီး ဒေါ်စန်းနွဲ့မှာ နီပေါလ်နိုင်ငံသို့ လာသမျှကြွသမျှသော ဆရာတော်များအားလုံးကို လျှုဒါန်းပါသည်။ ဆွမ်းကပ်ကြပါသည်။ သာသနာ၏ ဒါယကာများအဖြစ် စာရေးသူ၏နှလုံးသားမှ မှတ်တမ်းတင်ထားပါသည်။

စာရေးသူ၏ သာသနာပြုလုပ်ငန်းအတွက် ကုန်ကျစရိတ်အားလုံးကို စာရေးသူ တရားပြခဲ့ဖူးသော အင်္ဂလန်ကမ္ဘာ့ဘဏ်မှ Mr.Ene Rogrs မိသားစုက တာဝန်ယူပါသည်။ အထူးကျေးဇူးတင်ရပါသည်။

ဂျွန်၊ အေးကိုနှင့် ကျွန်မတို့ ဗုဒ္ဓဂယာတွင် မြတ်စွာဘုရား တရားဟောခဲ့ဖူးသော အငွေ့အသက်များကို အာရုံပြုရင်း နှစ်ခြိုက်ကျေနပ်ခဲ့ပါသည်၊ သတ္တဌာနတွင် သုံးဦးနေ့စဉ် ဆုံကြပါသည်။ ထမင်းအတူတူ စားကြပါသည်။

တိဘက်ဒေသမှလာကြသော ဗုဒ္ဓဘာသာဝင်ဘုရားဖူးများမှာ မြေကြီးပေါ်တွင် မှောက်ချသောခန္ဓာကိုယ်ဖြင့် ဘုရားဖူးကြပါသည်။ တစ်ကိုယ်လုံးမြေကြီးဖြင့်ထိကြပါသည်။ ခြေဖြင့် ထိရပါသည်။ လက်နှစ်ဖက်ဖြင့် မဟာပထဝီမြေကြီးကို ထိခြင်း (၅)ပါးဖြင့် ထိပြန်ပါသည်။ ခြေစုံရပ်စဉ်တွင် ခြေဖဝါးနှင့် နဖူးထိကာ တစ်ကိုယ်လုံးမြေကြီးပေါ် လေးဘက်ထောက်ဖြစ်သွားပါသည်။ ဤပုံစံဖြင့် ဘုရားကြီးတစ်ပတ်တွားသွားပါသည်။ သူ့ဒေသ နှင့်သူပါ။ ယုံကြည်ချက်အရပါ၊ ထိခြင်းကြီးငါးပါးဖြင့် မြတ်စွာဘုရားအား အာရုံစိုက်ကန်တော့ခြင်းပါ။

မြန်မာနိုင်ငံ ဝေါမြို့ဇာတိ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့တွင် သာသနာပြုနေသော ဒေါက်တာဂန္ဓိရဗုဒ္ဓိထံသို့ လည်းဝင်ရောက်ဖူးမြော်ခဲ့ပါသည်။ ဗာရာဏသီမြို့တွင် မြန်မာပိုင်မွန်ကျောင်းများရှိပါသည်။ ရခိုင်ဆရာတော်များလည်း သာသနာပြုလျက် ဗာရာဏသီမြို့တွင် သီတင်းသုံးလျက်ရှိနေပါသည်။ ဗာရာဏသီမြို့ ဂင်္ဂါမြစ်ကမ်းရှိ ထူးဆန်းသော အနိမ့်ခံလူတန်းစားများ တွေ့ကြုံရပြန်ပါသည်။ ဆီလိမ်းသူများ ရှိနေပါသည်။ ဂင်္ဂါမြစ်ရေဖြင့် ငရဲများကို ဆေးကြောသော ဟိန္ဒူဝါဒများကို တွေ့ခဲ့ပါသည်။ ဂင်္ဂါကမ်းခြေတွင် မီးသင်္ဂြိုဟ်ကြပြန်ပါသည်။

ဂင်္ဂါမြစ်ကမ်းနားပေါ်တွင် မေးတင်တည်ဆောက်ထားသော ရှေးဟောင်းနန်းတော်သို့လည်း သွားရောက်လေ့လာခဲ့ပါသည်။ (၁၉၅၅-၅၆)ခုနှစ်က စာရေးသူမှာ ခင်ပွန်းဖြစ်သူ သစ်တောအရေးပိုင်နှင့်ဦးဘတုတ်အတူ မြန်မာနိုင်ငံမှ ခရီးကြမ်းမော်တော်ဆိုင်ကယ်(ဒုတိယကမ္ဘာစစ်လက်ကျန်) B.S.A ဖြင့် ကမ္ဘာပတ်စဉ်က ရောက်ခဲ့ဖူးသည့်နေရာများသို့ ပြန်လည်ရောက်ရပြန်ပါသည်။ ထိုစဉ်က မြန်မာ့သမိုင်း၏ ပထမဆုံး ကမ္ဘာပတ်သူများဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့တွင် သမ္မတကြီး ရာဂျင်ဒရာပရဆပ်နှင့် ဝန်ကြီးချုပ် ပန်းဒစ်ဂျဝါလာနေရူးနှင့်

ဝန်ကြီးချုပ်၏ သမီး အပါးတော်မြဲ **Personal Assistant** ရှရီမတ်တီအင်ဒရာဂန္ဒီနှင့် အတူတကွ အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးနေ့အခမ်းအနားတွင် **THE FIRST PIONEERS FROM ASIA** အာရှ၏ ပထမဆုံးသော စွန့်စားဝံ့သူများ ဂုဏ်ထူး ဘွဲ့ထူးကို နယူးဒေလီမြို့တွင် ရခဲ့ဖူးပါသည်။ အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးနေ့ဂုဏ်ထူးဆောင် ဘွဲ့ထူးဂုဏ်ထူးကို စာရေး သူဘဝတွင် မရည်ရွယ်ဘဲ အာရှတိုက်၏ ဂုဏ်ထူးဆောင်သူများ ဖြစ်ခဲ့ရပါသည်။

ကြီးကျယ်ခမ်းနားသော အိန္ဒိယနိုင်ငံ၏ ဂုဏ်ထူး ဘွဲ့ထူးဖြစ်ပါသည်။ ယခုအကြိမ်တွင် အလွန်ထူးဆန်းသော အသိတရားဖြင့် ဝိပဿနာ၏ အနှစ်သာရကို စွန်းလွန်း ဆရာတော် ဦးဝိနိယ (ကမ္ဘာအေးစွန်းလွန်း)ကြောင့် ဘဝကို မြင်တတ်လာသည်။ စာရေးသူတို့ သုံးဦးစလုံးတွင် အသိတရားအသီးသီး ရှိလာကြပါသည်။

ဗာရာဏသီမြို့မှ ကုသိနာဂရမြို့သို့ သွားမည်။ ဘူဝါးလ်ပိုးမြို့မှ ကားငှားမည် (၇)မိုင်ခန့် ထပ်မံသွားရပါဦးမည်။ သို့မှသာ ကုသိနာရုံကျောင်းသို့ ရောက်မည်။ ဗုဒ္ဓဂယာကဲ့သို့ပင်။ ဂေယာမြို့ဘူတာရုံမှ ထပ်မံ (၇)မိုင်သွားမှသာ မြတ်စွာဘုရားပွင့်သော ဗုဒ္ဓဂယာသို့ ရောက်ပါမည်။

တစ်ညလုံးရထားစီးရပါသည်။ ဗာရာဏသီမြို့မှ မြောက်ပိုင်းဘူဝါးလ်ပိုးမြို့ ထိုမှတဖန် နံနက်ပိုင်းတွင် ကားဖြင့် (၇)မိုင်သွားသည်။ ကုသိနာရုံမြို့လေးကို ရောက်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာဒေသတွင် မိတ်ဆွေကြီးသုံးဦး လမ်းခွဲကြပါမည်။ မိမိတို့ ကိုယ်စီအတွေးများ ရှိကြပါသည်။ စာရေးသူတို့သုံးဦး တွဲ၍ ဘုရားဖူးကြသည်ကို ကုသိနာရုံကျောင်းတိုက်ဆရာတော်ဦးဉာဏိဿရက အလွန်သဘောကျနေပါသည်။ နိုင်ငံတကာစုပေါင်း၍ ဗုဒ္ဓနည်းကျနေထိုင်ကြခြင်းပင်။

ဆရာတော်မှာ နှစ်ထပ်တိုက်ကျောင်းတွင် စာရေးသူတို့အား ခေါ်တွေ့ပါသည်။ စာရေးသူတို့ကို တစ်ဦးခြင်းနှုတ်ဆက်ပြီး မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာနှစ်မျိုး၊ သွားတိုက်ဆေးနှင့် သွားပွတ်တံများ စွန့်ပါသည်။ နံနက်စာ ညစာ စီစဉ်ပေးပါသည်။ ကုသိနာရုံဆရာတော်တွင် ကားရှိပါသည်။ ကားအမည်မှာ တာတာကုမ္ပဏီလုပ် **Ambassodor** ဟု အမည်ပေးထားသည်။

နိုင်ငံပေါင်းစုံပေါင်းစည်း၍ အိန္ဒိယနိုင်ငံရောက် စာရေးသူတို့ ဘုရားဖူး (၃)ဦးအဖွဲ့မှာ ကုသိနာရုံ ရထားဘူတာမှတဆင့် ဂျွန်မှာ ဗန်းရောင်မြို့တော်သွားမည်။ ဂုရုကြီးဦးဂိုအင်ကါ၏ ဝိပဿနာစခန်းတွင် စာရင်းသွင်းထားသည်။ တစ်လအားထုတ်ပြီးမှသာလျှင် ဩစတြေးလျနိုင်ငံသို့ ပြန်မည်ဖြစ်သည်။ ဦးအေးကိုမှာ ကုသိနာရုံမှ နယူးဒေလီမြို့ ၎င်းမှတဆင့် ကိုလံဘိုမြို့သို့ လေကြောင်းဖြင့်ပြန်မည်။ တာဝန်ဝတ္တရားရှိရာ တရာဂမမြို့သို့ သွားမည်။ သို့သော် ‥ သို့သော် ဆရာတော်ဘုရားကြီးဦးဉာဏိဿရမှ နီပေါလ်နိုင်ငံရှိ လုမ္ဗိနီသို့ သွားရန် သီရိလင်္ကာဘုရားဖူးအဖွဲ့နှင့် ထည့်လိုက်သဖြင့် လုမ္ဗိနီမြို့သို့ ရောက်ခဲ့ရပြန်သည်။ ကုသိနာရုံဆရာတော်ဘုရားကြီး၏ စေတနာပါ။

အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်သံဃမဟာနာယက **Sanga Rajar** ဦးဉာဏိဿရ၏ စီမံမှုကြောင့် စာရေးသူ နယူးဒေလီအထိ သီရိလင်္ကာအဖွဲ့နှင့်အတူ ပြန်လည်လိုက်ရပါသည်။ ဆရာတော်၏ကျေးဇူးကား ဘယ်သောအခါမှ ဆပ်၍ မကုန်နိုင်လောက်အောင် များပြားလှပါတကား။

သာသနာ့အာဇာနည်အဖြစ် လေးစားကြည်ညို ဂုဏ်ယူ၍ မဆုံးနိုင်ပါတကား။

ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်မြတ်၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုမှသည် သက်တမ်းရာကျော်ရှည်၍ မြန်မာနိုင်ငံမှ သာသနာ့အာဇာနည် ဘုရားသားတော်အဖြစ် ဂုဏ်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသတည်း။

ကမ္ဘာလှည့်တင်တင်စိန်

အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့နယ်၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုအကြိုဝိဇာတမွေးနေ့ပူဇော်ပွဲဖြစ်မြောက်ရေးဗဟိုကော်မတီ ဂုဏ်ထူးဆောင်နာယကများ

၁။ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

၂။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊

၃။ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ

၄။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်

၅။ သာသနာရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ် ဦးအုံမောင် (မောင်အုံ-မဟာဝိဇ္ဇာ/ဘုံဘေ)

၆။ ဦးသန်းထွန်း (သီရိသုဓမ္မမဏိဇောတဓရ၊ သန်းထွန်းပရိဘောဂတိုက်ပိုင်ရှင်)

၇။ ဦးထွန်းရွှေခိုင် (စာရေးဆရာ)

၈။ ဒေါက်တာကျော်သိန်း

၉။ ဒေါက်တာကျော်မင်း (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ)

၁၀။ ဦးရွှေမိ (သီရိသုဓမ္မမဏိဇောတဓရ၊ ရွှေမိပရိဘောဂတိုက်ပိုင်ရှင်)

စာပေတတ်လျက် သီလမရှိလျှင် အသီးမချိုသော အပင်နှင့်တူသည်။
တရားဟောကောင်းလျက် သီလမရှိလျှင် အနံ့မမွှေးသောပန်းနှင့်တူသည်။
လောကကြီးမှာ ဂုဏ်ရှိဖို့ထက် ရှိပြီးဂုဏ်ကို ထိန်းသိမ်းဖို့က ခက်သည်။
ကိုယ့်ကိုယ်ကိုအထင်ကြီး စိတ်ကြီးဝင်နေလျှင် သူတစ်ပါးကို အထင်သေးတာသဘာဝပါပဲ။

(ဗဟုသုတပညာပေးလက်ခွဲကျမ်းမှ)

အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့နယ်၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုအကြိုဝိဇာတမွေးနေ့ပူဇော်ပွဲဖြစ်မြောက်ရေးဗဟိုကော်မတီ

၁။	ဦးသန်းနိုင် (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ)	ဥက္ကဋ္ဌ
၂။	ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး–မြောင်းမြ)	ဒု–ဥက္ကဋ္ဌ
၃။	ဦးစိုးမြင့် (အဏ္ဏဝါစိုးမိုး)	ဒု–ဥက္ကဋ္ဌ
၄။	ဒေါ်သန်းတင် (ရွှေရတုဒေါ်သန်းတင်)	အတွင်းရေးမှူး
၅။	ဦးမောင်မောင်လေး (လုမ္ဗိနီအင်ဂျင်နီယာဦးမောင်မောင်လေး)	တွဲဘက်အတွင်းရေးမှူး–၁
၆။	ဒေါက်တာစံလှကျော် (မင်းပြားမြို့နယ်အသင်း[ရန်ကုန်]ဥက္ကဋ္ဌ)	တွဲဘက်အတွင်းရေးမှူး–၂
၇။	ဦးဝင်းနိုင် (သထပညွှန်ကြားရေးမှူး)	အဖွဲ့ဝင်
၈။	ဦးစိန်မော် (ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူး)	အဖွဲ့ဝင်
၉။	ဦးသန်းကျော် (ဦးစီးအရာရှိ၊ နိုင်မြဝါ)	အဖွဲ့ဝင်
၁၀။	ဦးလှတိုး (ရန်အောင်စာပေ၊ တိုးထက်)	အဖွဲ့ဝင်
၁၁။	ဗိုလ်မှူးကြီးခင်မောင်ရီ (ငြိမ်း)	အဖွဲ့ဝင်
၁၂။	ဒေါ်သန်းသန်းမြင့်	အဖွဲ့ဝင်
၁၃။	ဦးတင်ထွဋ်	အဖွဲ့ဝင်
၁၄။	ဒေါ်ပြုံးပြုံးကြည် (ညိုလေး–ပေါင်းတည်)	အဖွဲ့ဝင်
၁၅။	ဦးဌေးလှိုင် (ခရီးဖော်ပုံနှိပ်တိုက်)	အဖွဲ့ဝင်
၁၆။	ဦးဦးထွန်းသိန်း	အဖွဲ့ဝင်
၁၇။	ဒေါ်ဦးညွှန့်သိန်း (လွန်ပိုးအိမ်)	အဖွဲ့ဝင်
၁၈။	ဦးမောင်မောင်မြင့်	အဖွဲ့ဝင်
၁၉။	ဒေါ်ကြည်ကြည်မြင့် (ရွှေမဟာဘုရားဖူးအဖွဲ့)	အဖွဲ့ဝင်
၂၀။	ဒေါ်ကြည်ကြည်ဆွေ	အဖွဲ့ဝင်
၂၁။	ဦးဝင်းမောင်	အဖွဲ့ဝင်
၂၂။	ဦးစောသိန်း	အဖွဲ့ဝင်

(၉-၈-၂၀၁၅)နေ့ မွန်းလွဲ (၂)နာရီတွင် ရန်ကုန်မြို့ရခိုင်ပြည်နယ်ခမ်းမှာရုံ၌ ပြုလုပ်မည့် အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲအခမ်းအနားပြုလုပ်ရန်အတွက် (၅-၈-၂၀၁၅)နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာအား တွေ့ရစဉ်

ဖိတ်ကြားခြင်း

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ကုသိနာရုံမြန်မာ့ကျောင်းဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ ကျင်းပပြုလုပ်ပွဲအတွက် မြန်မာနိုင်ငံရှိ ဆရာတော်၏ တပည့်များဒါယကာ၊ ဒါယိကာမများတို့၏ လှူဒါန်းမှုအစုစုတို့အတွက် ကုသိနာရုံ ဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်ပါ၍ အလှူရှင် တပည့်များ ဒါယကာ၊ ဒါယိကာမများ၊ လှူဒါန်းလိုသော ဒါယကာ၊ ဒါယိကာမများတို့အား လေးစားစွာဖြင့် အသိပေး ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

ကျင်းပမည့်ရက်	-၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-မွန်းလွဲ(၂)နာရီတိတိ
ကျင်းပမည့်နေရာ	-ရခိုင်ပြည်နယ်ခမ်းမှာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန်-	ဦးမောင်မောင်မြင့်(၀၉-၅၁၆၄၆၆၄) ဦးသန်းနိုင်-၀၉-၅၀၀၀၆၇၃ ဒေါ်သန်းတင်(၀၉-၅၁၇၇၃၀၂) ဦးစောသိန်း(၀၉-၅၀၀၁၃၀၁) ဦးဝင်းမောင်(၀၉-၇၃၀၀၁၄၄၇)

၂၃။	ဒေါ်စောခင်တင့်	အဖွဲ့ဝင်
၂၄။	ဦးအေးသိန်း	အဖွဲ့ဝင်
၂၅။	ဦးသိန်းလှညို (ရွှေအိမ်ကမ္ဘာ)	အဖွဲ့ဝင်
၂၆။	ဦးသန်းမောင် (လေးဝတီ)	အဖွဲ့ဝင်
၂၇။	ဒေါ်မြကြည် (ညွှန်ကြားရေးမှူး၊ ပြည်ပဌာန၊ သထပ)	အဖွဲ့ဝင်
၂၈။	ဒေါ်ဦးသိန်းညွန့် (မေဦးသိန်းညွန့်)	အဖွဲ့ဝင်
၂၉။	ဒေါ်မေသူမောင် (မေသူမောင်ဘုရားပွဲအဖွဲ့)	အဖွဲ့ဝင်
၃၀။	ဒေါ်သူဇာခင်	အဖွဲ့ဝင်
၃၁။	ဒေါ်စန်းစန်းချို	အဖွဲ့ဝင်
၃၂။	ဒေါ်ခိုင်နု (ရခိုင်အမျိုးသမီးအသင်း) (ရန်ကုန်)	အဖွဲ့ဝင်
၃၃။	ဒေါ်မြညွန့် (ရခိုင်အမျိုးသမီးအသင်း) (ရန်ကုန်)	အဖွဲ့ဝင်
၃၄။	ဦးမြတ်သူ (ရခိုင်တန်ဆောင်း)	အဖွဲ့ဝင်
၃၅။	ဦးကျော်ဝင်း	အဖွဲ့ဝင်

ကုသိနာရုံဆရာတော်ဘုရားကြီး၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာနှင့် ပတ္တမြားရတုအထိမ်းအမှတ် စာစောင်အတွက် စာမူများတောင်းခံခြင်းကြော်ငြာအား (၂၈-၅-၂၀၁၅)ကြာသပတေးနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် တွေ့ရစဉ်

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံမြို့၊ ကုသိနာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရ ၏
သက်တော်(၈၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်စာစောင်အတွက် စာမူများတောင်းခံခြင်း

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ မြန်မာဘုန်းကြီးကျောင်းတိုက် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုမွေးနေ့အထိမ်းအမှတ် မော်ကွန်းစာအုပ် ထုတ်ဝေမည်ဖြစ်ပါ၍ ဆရာ တော်ကြီး၏ငယ်ရွယ်စဉ်မှ ဝင်္ဃယနေ့ထိ (စိန်ရတုမော်ကွန်းစာစောင်နှင့်မထပ်မိစေရန်) ဘဝဖြစ်စဉ်အကြောင်းများနှင့် ဆရာတော်ကြီး၏ ကမ္ဘာအရပ်ရပ် (ပြည်တွင်းပြည်ပ)တို့၌ စွမ်းစွမ်းတမံ သာသနာပြုဆောင်ရွက်ချက်များ၊ အမျိုးဘာသာ သာသနာရေးအတွက် ဆောင်ရွက် ချက်များ၊ ပရဟိတလုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဆရာတော်နှင့်ဆက်နွယ်သော (ခိုင်လုံသော) အကြောင်းအရာ အထောက်အထား မှတ်တမ်းမှတ်ရာ(ဓာတ်ပုံ)များ၊ ကိုယ်တွေ့အတွေ့အကြုံ စသည်တို့ကိုအခြေခံ၍ မေ့ရသဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ရတု၊ တေးထပ်၊ မော်ကွန်းစာ၊ စာညွှန်း ပေးစာမှတ်တမ်းတို့ကို အောက်ပါလိပ်စာများသို့ ၂၁-၇-၂၀၁၅ နေ့ နောက်ဆုံးထား၍ ပေးပို့ပါရန် လေးစားစွာ ပန်ကြားတောင်းခံအပ်ပါသည်။

မှတ်ချက်။ စာမူများကိုပေးပို့ရာ၌ ဆက်သွယ်မှုလွယ်ကူစေရန် စာမူရှင်၏လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်များကိုပါ ရေးပေးပို့ပေးပါရန်။

၁။ ဦးသန်းနိုင် (ဥက္ကဋ္ဌ ပတ္တမြားရတုအကြို ဖြစ်မြောက်ရေးဗဟိုကော်မတီ)
သမ္မတ နိဗ္ဗာန်ကုန်နှင့်သက်နံ့တိုက်၊ အမှတ် ၁၁၈၊ ရေတာရှည် လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၈၆၀၃၁၆၇ ၀၉ ၅၀၀၀၆၇၃၊ ဖက်စ်-၀၁ ၈၆၀၃၁၆၄
၂။ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး) မြောင်းမြ၊ ၁၃၄ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း - ၀၉ ၅၁၄၈၄၈၉
၃။ ဦးစိုးမြင့် (အဋ္ဌဝါစိုးမိုး)၊ ၃၅၇(က)၊ ပြည် သာယာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်ာန်းကျွန်း၊ ရန်ကုန်။
ဖုန်း - ၀၉ ၅၁၆၆၄၁၂ ၀၁ ၅၇၈၆၆၀
၄။ ဦးသန်းကျော်(ခိုင်မြဲ) ပုံနှိပ်တိုက်အပေါ်ထပ်၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေး၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၂၂၃၉၅

ပတ္တမြားရတုမော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီ

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံမြို့၊ ကုသိနာရုံဆရာတော်ဘုရားကြီး၏သက်တော် (၈၀)ပြည့်
ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေး ကြော်ငြာခြင်း

ကုသိနာရုံဆရာတော်ဘုရားကြီး၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံရှိ ဆရာတော်ဘုရားကြီး၏ တပည့် ဒါယကာ ဒါယိကာမများ၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ၊ ရန်ကုန်မြို့ရှိ ရှိုင်းအသင်းအဖွဲ့အစည်းများမှ တပည့်ဒါယကာ ဒါယိကာမများကို ဝမ်းမြောက်ဖွယ် အသိပေး အကြောင်းကြားအပ်ပါသည်။ ဆရာတော်ဘုရားကြီး သက်တော်(၈၀)ပြည့် မွေးနေ့တွင် ၁။ ဆရာတော်ဘုရား၏ ပုံတူရုပ်တုတော်လှူဒါန်းခြင်း၊ ၂။ ပတ္တမြားရတုအကြိုစာအုပ်ထုတ်ဝေခြင်း၊ ၃။ ပတ္တမြားရတုမွေးနေ့ပွဲတော ကျင်းပပြုလုပ်ခြင်း စသော လုပ်ငန်းကြီး(၃)ရပ်ကို ငွေကျပ်သိန်းပေါင်း (၇၀၀) ကျော် အကုန်အကျခံ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အောက်ဖော်ပြပါလိပ်စာ များတွင် ဆက်သွယ်ပြီး လှူဒါန်းနိုင်ကြပါစေရန် လေးစားစွာ အသိပေး နှိုးဆော် ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းနိုင်သည့်ဌာနများ

၁။ ဦးသန်းနိုင် (ဥက္ကဋ္ဌ၊ ပတ္တမြားရတုအကြိုဖြစ်မြောက်ရေးဗဟိုကော်မတီ)
သမ္မတ နိဗ္ဗာန်ကုန်နှင့်သက်နံ့တိုက်၊ အမှတ် ၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၈၆၀၃၁၆၇ ၀၉ ၅၀၀၀၆၇၃၊ ဖက်စ်-၀၁ ၈၆၀၃၁၆၄
၂။ ဒေါ်သန်းတင် (အတွင်းရေးမှူး ပတ္တမြား ရတုအကြိုဖြစ်မြောက်ရေးဗဟိုကော်မတီ)
အမှတ် ၁၃၂ ရေကျော်ရွာမလမ်း၊ စရေအင် လမ်းသွယ်၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၆၆၅၁၈၉၊ ၀၉ ၅၁၇၇၃၀၂
၃။ ဦးစောသိန်း (ဥက္ကဋ္ဌ ပတ္တမြားရတုအကြိုဖြစ်မြောက်ရေးဘဏ္ဍာရေးဆပ်ကော်မတီ)
အမှတ် ၃၄ (၁၄)လမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၀၉ ၅၀၀၁၃၀၁
၄။ ဦးဝင်းမောင် (ဒု ဥက္ကဋ္ဌ ပတ္တမြားရတုအကြို ဖြစ်မြောက်ရေးဘဏ္ဍာရေးဆပ်ကော်မတီ)
အမှတ် ၂၆၊ ၄-လွှာ၊ ၆၃ လမ်း၊ မိုလ်တထောင် မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၀၁၄၄၊
၅။ ဒေါ်ဦးညွန့်သိန်း (အဖွဲ့ဝင်၊ ပတ္တမြားရတု အကြိုဖြစ်မြောက်ရေး ဘဏ္ဍာရေးဆပ်ကော်မတီ)
၉၅(ဘီ-၂)၊ ဝဲယမ်ပြဲ(၁)လမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၄၀၁၅၂၄၂၃၃ ၊ ၀၉ ၂၅၀၉၃၆၀၈
၆။ ဒေါ်မေသုမောင်၊ မေသုမောင်ဘုရားဖူးအဖွဲ့
အမှတ် ၈/၁၁၁၊ နှင်းဆီလမ်း၊ နာနတ်တော၊ ကမာရွတ်မြို့နယ်။ ဖုန်း - ၀၉ ၅၁၉၂၄၄၈
၇။ ဦးမောင်မောင်မြင့် (အတွင်းရေးမှူး ပတ္တမြားရတုအကြိုဘဏ္ဍာရေးဆပ်ကော်မတီ)
ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ အမှတ် ၂၅ အခန်း၊ အမှတ်(၁၀၃)၊ ယုဇနစီးပွားရေးဇုန်၊ မင်္ဂလာပြင်လမ်း၊ ဥက္ကလာ။
ဖုန်း - ၅၃၈၃၄၈၊ ၅၃၇၇၀၇ ၅၃၇၇၀၈၊ ၀၉ ၅၁၆၄၈၆၄
၈။ ဒေါ်ကြည်ကြည်မြင့် (အဖွဲ့ဝင်၊ ပတ္တမြားရတု အကြိုဖြစ်မြောက်ရေးဗဟိုကော်မတီ)
ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ အမှတ် ၆၃၊ ဗေယျဝတီ(ဗဟို)လမ်း၊ ဝင်းချောင်းမြို့နယ်။
ဖုန်း - ၀၁ ၅၁၈၅၃၆၊ ၀၉ ၅၁၈၈၃၆

ဆရာတော်နှင့် ပဏ္ဍမြားရတု
ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ
(ဓာတ်ပုံထဲမပါသူများခရီးလွန်)

ဆရာတော်နှင့် ပဏ္ဍမြားရတု
စာစောင်အယ်ဒီတာအဖွဲ့

ပဏ္ဍမြားရတုပူဇော်ပွဲ
ဖြစ်မြောက်ရေး ကော်မတီမှ
ဆရာတော်သို့ နေ့ဆွမ်း
ဆက်ကပ်စဉ်

ဦးစန္ဒမဏိကျောင်းသားများသာရေး၊ နာရေးအသင်းမှ ကြီးမှူးကျင်းပပြုလုပ်သော စာပေဟောပြောပွဲအခမ်းအနား ဦးစန္ဒမဏိကျောင်းသားများကျောင်း

ဗုဒ္ဓဂယာ၊ ဘီဟာပြည်နယ်၊အိန္ဒိယနိုင်ငံ

၂၇-၇-၂၀၁၅

စာပေဟောပြောပွဲနားထောင်ကြသည့်
ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ နာလန္ဒာတက္ကသိုလ်မှ ကျောင်းသားများနှင့်
တိုးထက်၊ မောင်ရင့်ကျူး(မြောင်းမြ)၊ အဏ္ဏဝါစိုးမိုး၊ ဒေါ်သိန်းနွဲ့၊ ရွှေရတုဒေါ်သန်းတင်

ဦးစန္ဒိမဏိကျောင်းသားများသာရေး၊ နာရေးအသင်းမှ ကြီးမှူးကျင်းပပြုလုပ်သော စာပေဟောပြောပွဲအခမ်းအနား

အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်

၂၇-၇-၂၀၁၅

ဆရာတိုးထက်က
ဟောပြောမည့်ဆရာ (၂)ဦး၏
ကိုယ်ရေးအကျဉ်းဖတ်ကြား

ဆရာ အဏ္ဏဝါစိုးမိုး
ဟောပြောစဉ်

ဆရာ မောင်ရင့်ကျူး(မြောင်းမြ)
ဟောပြောစဉ်

၁၃-၅-၂၀၁၅ နေ့က
ပတ္တမြားရတုသဘင်ဖြစ်မြောက်ရေးနှင့်
စပ်လျဉ်း၍ ဆရာတော်က ဩဝါဒချီးမြှင့်နေစဉ်

ပတ္တမြားရတုဓမ္မဒေနပူဇော်ပွဲကျင်းပနိုင်ရေး
အတွက် ကော်မတီ ဥက္ကဋ္ဌ ဦးသန်းနိုင်က
ပူဇော်ပွဲအစီအစဉ်များလျှောက်ထား

ပတ္တမြားရတုသဘင်ဖြစ်မြောက်ရေး
အစည်းအဝေးသို့တက်ရောက်လာသူများ

ပတ္တမြားရတုသဘင်ဖြစ်မြောက်ရေး
အစည်းအဝေးသို့တက်ရောက်လာသူများ

၉-၈-၂၀၁၅ နေ့တွင်
ဆရာတော်ကြီး၏
ပတ္တမြားရတုပူဇော်ပွဲအတွက်
အလှူငွေပေးအပ်ပွဲ၌
ရှင်းလင်းပြောကြားနေသော
ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ
ဥက္ကဋ္ဌ ဦးသန်းနိုင်

ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ
အတွင်းရေးမှူး
ရွှေရတုဒေါ်သန်းတင်က
ရှင်းလင်းပြောကြား

ပတ္တမြားရတုစာစောင်
ဖြစ်မြောက်ရေးအတွက်
ဆရာတော်ကြီးမှပေးအပ်သည့်
မ,တည်ငွေ ကျပ်သိန်း ၂၀၀ အား
ဆရာတော်၏ကိုယ်စား
ရွှေရတုဒေါ်သန်းတင်က
ပေးအပ်၍
ဦးစောသိန်းကလက်ခံရယူ

ရခိုင်ရေဘေးဒုက္ခသည်များအတွက်
ဦးသန်းနိုင် + ဒေါ်ကြည်ကြည်ဆွေမိသားစုမှ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်
ဝန်ကြီးဦးကျော်ခင်သို့ပေးအပ်လှူဒါန်းစဉ်

ရခိုင်ရေဘေးဒုက္ခသည်များအတွက်
ဆရာတော်ကြီး၏ကိုယ်စား
ရွှေရတုဒေါ်သန်းတင်မှ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်
ဝန်ကြီးဦးကျော်ခင်သို့ပေးအပ်လှူဒါန်းစဉ်

ရခိုင်ရေဘေးဒုက္ခသည်များအတွက်
ဆရာတော်ကြီးကိုယ်စား
ရွှေရတုဒေါ်သန်းတင်မှ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး
ဦးဇော်အေးမောင်သို့ပေးအပ်လှူဒါန်းစဉ်

အလှူငွေပေးအပ်ပွဲသို့
တက်ရောက်လာသော
ဧည့်ပရိသတ်များ

ကုသိနာရုံဆရာတော်၏
ရခိုင်ပြည်နယ်သာသနာပြုခရီး
ရခိုင်ရိုးမတစ်နေရာ

ကုသိနာရုံဆရာတော်၏
မြိတ်ဓမ္မဒူတခရီး
ကျွဲကူးကျောက်ဖြာတံတားအနီး

ဆရာတော်လှူဒါန်းထားသည့်
မင်းပြားမြို့သွေးလှူဘဏ်

ဆရာတော် ဘဒ္ဒန္တ စန္ဒမဏိ
အထိမ်းအမှတ်အဖြစ် တပည့်ရင်းဖြစ်သူ
ဒေါက်တာဘဒ္ဒန္တဉာဏိဿရက
ကျပ်သိန်း (၂၀၀၀) ကျော် လှူဒါန်းထားသော
ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်ရှိ ရန်ကုန် - စစ်တွေ
ကားလမ်းမကြီးမှ ဇီးပင်ကြီးရွာအထိ (၃) မိုင် (၆) ဖာလုံ
အရှည်ရှိ ကျောက်ချောလမ်း ကမ္ဗည်းမော်ကွန်း

ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့
လှူဒါန်းထားသော မော်တော်ယာဉ်

ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရက
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သို့
လှူဒါန်းထားသော မော်တော်ယာဉ်

1 July 2015 တော်ဝင်ပန်း ဂျာနယ်

ဖူးမြော်စရာအစုံစုံ ဖြတ်ဗုဒ္ဓပရိနိဗ္ဗာန်ဝင်တော်မူရာ ကုသိနာရုံနှင့် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ မြန်မာကျောင်းဆရာတော် ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ

ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘုရားရှင်တော် သာသနာတော်အားနည်းနေသောအချိန်တွင် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဗုဒ္ဓဘုရားရှင်၏ သံဝေဇနီယလေးဌာနအပါအဝင် တစ်ခုဖြစ်သော ကုသိနာရုံ၌ မြန်မာပြည်မှ ပထမဆုံးရောက်ရှိဆောင်ရွက်တော်မူသော ဆရာတော်ကြီးမှာ ဘဒ္ဒန္တမဟာဝီရဖြစ်ပြီး ဒုတိယဆရာတော်ကြီးမှာ ဘဒ္ဒန္တစန္ဒိမထေ၊ **ဆရာတော် ကြီးနှစ်ပါး** ကုသိနာရုံဆရာတော်အဖြစ် ဆောင် ရွက်ခဲ့ပြီး ၁၉၆၃ ခုနှစ် အရှင်ဆရာတော် ဘဒ္ဒန္တဉာဏိဿရ ရောက်ရှိ၍ ၄၈ နှစ်တိုင်အောင် ကုသိနာရုံဆရာတော်အဖြစ် သာသနာပြုကာ ဆက်လက်၍လည်း အသက်တော်ရှည်သရွေ့ သာသနာပြုမည်ဖြစ်ကြောင်းကို စာရေးဆရာ တိုးသက်က ရေးသားပြုစု၍ လုမ္ဗိနီအင်ဂျင်နီယာ ဌာန ဦးမောင်မောင်လေး(လုမ္ဗိနီဗိဒိယာ)က ရိုက်နှိပ်ထုတ်ဝေသော ဆောင်းပါးသတင်းစာစောင်ကို ဖတ်ရှုရသည်။

"နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ သို့မဟုတ် အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်

---

5 အကျိုးဆောင် အိုင်၊ မြဲ၊ မေြ ဂျာနယ် | ပြည်တွင်းသတ

သာသနာပြုလုပ်ငန်းများ လေ့လာမှတ်တမ်းတင်ခဲ့သော စာရေးဆရာအဖွဲ့၏ အိန္ဒိယခရီးစဥ်

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ် ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓဘာသာသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်၏ သက်တော် (၈၀)ပြည့် ပတ္တမြားရတုစာအုပ်ဖြစ် မြောက်ရေးကော်မတီဥက္ကဋ္ဌဦးကျော် ခင်မြင့်(မောင်ရင့်ကျူး-မြောင်းမြ)၊ ၃-ဥက္ကဋ္ဌ ဦးစိုးမြင့်(အဏ္ဏဝါစိုးမိုး)နှင့် တွဲဖက်အတွင်းရေးမှူး-၂ ဦးလှတိုး(တိုးတက်)တို့ပါဝင်သော စာရေးဆရာအဖွဲ့သည် အိန္ဒိယနိုင်ငံသို့(၂၁-၇-၂၀၁၅)မှ (၂၈-၇-၂၀၁၅)အထိ သွားရောက်ခဲ့ကြပြီး ဆရာတော်ဘုရား၏ သာသနာပြုလုပ်ငန်းများလေ့လာမှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိပါသည်။

မြန်မာစာရေးဆရာအဖွဲ့သည် ဦးစန္ဒိမထေီကျောင်းသားများ သာရေးနာရေးအသင်း(အိန္ဒိယ)မှ ဖိတ်ကြားချက်အရ စာပေဟောပြောပွဲတစ်ခုကိုလည်း ပါဝင်ဆင်နွှဲခဲ့ကြောင်းသိရှိရသည်။ စာပေဟောပြောပွဲတွင် ဆရာမောင်ရင့်ကျူး(မြောင်းမြ)က အမျိုး၊ ဘာသာ၊ သာသနာကာကွယ်စောင့်ရှောက်ကြပါစို့ ခေါင်းစဥ်ဖြင့်လည်းကောင်း၊ ဆရာအဏ္ဏဝါစိုးမိုးက ပတ္တာပြုတ်သွားသော တံခါးတစ်ချပ်အကြောင်းခေါင်းစဥ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြရာ နလန္ဒာတက္ကသိုလ်မှ စာပေဝါသနာရှင် သံဃာတော်အရှင်သူမြတ်များ တက်ရောက်ကြပြီး စာရေးဆရာများနှင့် အပြန်အလှန် စာပေစကားဆွေးနွေးပွဲများပြုလုပ်၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပါသည်။

ကုသိနာရုံ မြန်မာကျောင်းဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတုဝိဇာတာမွေးနေ့ပူဇော်ပွဲကို ဆရာတော်ကြီး၏ တပည့်ဒကာဒကာမများက ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဥ်လျက်ရှိကြောင်းသတင်းရရှိပါသည်။ *ကိုတိုး(ရန်ကင်း)*

19-8-2015 ဂျာနယ် | 19

နိုင်ငံခြား သာသနာပြု ကုသိနာရုံ ဆရာတော် သက်တော်(၈၀)ပြည့်မွေးနေ့ပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

အိန္ဒိယနိုင်ငံ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ဗုဒ္ဓနာဂရိ ရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်၊ နိုင်ငံခြား ဗုဒ္ဓသာသနာပြု ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိ မွေးနေ့ပူဇော်ပွဲအခမ်းအနားကြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်(သမ္မတသတ္တနီးတိုက်)က မွေးနေ့ပွဲကို ၁၅-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားရာ၌ ထည့် နှစ်ပေါင်းကျော်သပ်ရပ်နေ့ အချိန်ကထိ ဘာသာခြား ဘာသာမဲ့သူ စုစုပေါင်း သိန်း(၃၀၀)ကျော်ကို ဗုဒ္ဓဘာသာဝင်များအဖြစ် သာသနာပြုလျက်ရှိနေသည့်အပြင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ ဂူဂယာသို့ ဘုရားဖူးသွားသူများစွာ တို့ကို ဆရာတော်၏ ကောင်း

အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့နယ်၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရအရှင်သူမြတ်၏ သက်တော်(၈၀)ပြည့်အထိမ်းအမှတ်ပဌာန်းရွတ်ပွားစာစောင်ဖြစ်မြောက်ရေးကော်မတီ

နာယကဆရာတော်များ

၁။ ဘဒ္ဒန္တသဒ္ဓိယ (ရွှေသုဝဏ်ဆရာတော်)

၂။ ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်)

၃။ ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)

ကော်မတီ

၁။	ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)	ဥက္ကဋ္ဌ
၂။	ဦးစိုးမြင့် (အဏ္ဏဝါစိုးမိုး)	ဒုဥက္ကဋ္ဌ
၃။	ဦးသန်းကျော် (နိုင်မြဝါ)	အတွင်းရေးမှူး
၄။	ဦးအေးသိန်း (အေးသိန်း)	တွဲဘက်အတွင်းရေးမှူး
၅။	ဦးလှတိုး (တိုးထက်)	တွဲဘက်အတွင်းရေးမှူး(၂)
၆။	ဒေါက်တာစံလှကျော် (ဒေါက်တာစံလှကျော်)	အဖွဲ့ဝင်
၇။	ဗိုလ်ကြီးမောင်ညွန့် (ငြိမ်း) (မောင်ကြင်နွယ်)	အဖွဲ့ဝင်
၈။	ဦးထင်ကျော်မိုး (မြေလတ်ထင်ကျော်မိုး)	အဖွဲ့ဝင်
၉။	ဒေါ်စောခင်တင့်	အဖွဲ့ဝင်
၁၀။	ဒေါ်အေးမြစန္ဒာ (တက္ကသိုလ်အေးမြစန္ဒာ)	အဖွဲ့ဝင်
၁၁။	ဒေါ်ဦးသိန်းညွန့် (မေဦးသိန်းညွန့်)	အဖွဲ့ဝင်
၁၂။	ဒေါ်ဦးညွန့်သိန်း (လွန်ပိုးအိမ်)	အဖွဲ့ဝင်

အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ်၊ ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ-၏
သက်တော်(၈၀)ပြည့်အထိမ်းအမှတ်ပဋ္ဌာန်းများရတုဝိဇာတမွေးနေ့ပူဇော်ပွဲအတွက်
အလှူရှင်များ
၂၄-၅-၂၀၁၅ နေ့ အလှူရရှိငွေများ

၁။	ဒေါ်သန်းတင် (ရွှေရတုဒေါ်သန်းတင်)	၁၀,၀၀,၀၀၀/-
၂။	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်	၁၀,၀၀,၀၀၀/-
၃။	ဒေါ်ထွန်းမေ သားဦးစောသိန်းမိသားစု	၅,၀၀,၀၀၀/-
၄။	ဦးစိုးမြင့် (အဏ္ဏဝါစိုးမိုး)	၁,၀၀,၀၀၀/-
၅။	ဦးမောင်မောင်လေး (လုမ္ဗိနီအင်ဂျင်နီယာဦးမောင်မောင်လေး)	၁,၀၀,၀၀၀/-
၆။	ဦးအေးသိန်း	၁,၀၀,၀၀၀/-
၇။	ရဲမှူးကြီးတင်အောင်ဝင်း (CID)+ဒေါ်ကြည်ကြည်မြင့် ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့	၅,၀၀,၀၀၀/-
၈။	ဒေါ်ဦးညွှန့်သိန်း+ဒေါ်သန်းကြည်+ဒေါ်သူဇာထွန်း	၃,၀၀,၀၀၀/-
၉။	ရဲအုပ်ဉာဏ်လင်းထွန်း+ဒေါ်နုနုဖြူ သမီး-အင်ကြင်းမွှေး	၁,၀၀,၀၀၀/-
၁၀။	ဦးစိုးနိုင်+ဒေါ်မိုးမိုးကြည်၊ မိသာစု	၁,၀၀,၀၀၀/-
၁၁။	ဒေါ်အေးနီနှင့် သမီး နီနီဝင်း၊ မအေးအေးဝင်း	၁,၀၀,၀၀၀/-
၁၂။	ဦးသိန်းဖေ+ဒေါ်တင်တင်မေ	၁,၀၀,၀၀၀/-
၁၃။	ဦးကြီးမြင့်+ဒေါ်စိုးစိုးလွင် (၁၄ သိန်းဆန္ဒပြု)	၃,၀၀,၀၀၀/-
၁၄။	ဦးတင်ထွန်း+ဒေါ်ပြုံးပြုံးကြည် (ညိုလေး-ပေါင်းတည်)	၁,၀၀,၀၀၀/-
၁၅။	ဒေါ်သူဇာခင်၊ သမီး မယုယုဝင်း	၁,၀၀,၀၀၀/-
၁၆။	ဒေါ်ခင်ချိုမာ မိသားစု	၁,၀၀,၀၀၀/-
	စုစုပေါင်း	၄၆,၀၀,၀၀၀/-

ဒေါ်ဦးညွှန့်သိန်းမှ တဆင့်အလှူရရှိငွေများ

၁။ ဒုဗိုလ်မှူးကြီးထွန်းအောင်ဖေ (ကျောင်းအုပ်ကြီး)
အမှတ်(၇)၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း၊ ရောဝတီတိုင်းဒေသကြီး ၂,၀၀,၀၀၀/-

၂။	ဒေါ်အောင်စောနှင့် သားဦးမျိုးအောင် လ/ထမန်နေရွာ	၁,၀၀,၀၀၀/-
၃။	ဦးယက်သဲအောင်+ဒေါ်စံလှဖြူ မိသားစု၊ ဇီးပင်ကြီးရွာ၊ မင်းပြားမြို့နယ်။	၁,၀၀,၀၀၀/-
၄။	ဦးထွန်းမြကျော်+ဒေါ်ဦးငွေးရီ မိသားစု၊ ဇီးပင်ကြီးရွာ၊ မင်းပြားမြို့နယ်။	၁,၀၀,၀၀၀/-
၅။	ဦးကျော်ဖုံ+ဒေါ်ကျော့ကျော့ သမီး မေဇင်ဦး (ရာမောင်သားထမင်းဆိုင်)	၁,၁၀,၀၀၀/-
၆။	ကိုဝင်းနိုင်(ခ)မင်းနိုင်၊ ဇနီး ဒေါ်ဇင်ထွေးရီ၊ တောင်ဥက္ကလာပမြို့နယ်။	၁,၀၀,၀၀၀/-
	စုစုပေါင်း	၇,၁၀,၀၀၀/-

ဒေါ်စန်းစန်းချို့မှ တဆင့် အလှူရရှိငွေများ

၁။	ဦးအေးမြင့်+ဒေါ်ခင်ဝင်းမြင့်မိသားစု၊ မဟာဗောဓိလမ်း၊ သုဝဏ္ဏ	၃,၀၀,၀၀၀/-
၂။	ဒေါ်ခင်အေးမိသားစု၊ သုတ(၃)လမ်း၊ တောင်ဥက္ကလာပမြို့နယ်	၅၀,၀၀၀/-
၃။	ဒေါ်ခင်အေးအေးနိုင်၊ ပြည်လမ်း၊ (၇)မိုင်	၁,၅၀,၀၀၀/-
၄။	ဦးဖေတင်၊ ဒေါ်သောင်းကျင်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်	၁,၀၀,၀၀၀/-
၅။	ဒေါ်ခင်ခင်ဝင်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်	၁,၀၀,၀၀၀/-
၆။	ဦးတင်ဝင်းလှိုင် သမီး-မသီတာနိုင်မိသားစု (မောင်မော်ဘရားသားတူရိယာဆိုင်)	၁,၀၀,၀၀၀/-
၇။	ဦးမြအေး+ဒေါ်သန်းမွေး မိသားစု၊ ဘောက်ထော်၊ ပြည်သာယာ။	၁,၀၀,၀၀၀/-
၈။	ဦးဟန်ထွန်း+ဒေါ်လှရှိန် မိသားစု ကမ်းနားလမ်း၊ ကြည့်မြင်တိုင်	၅၀,၀၀၀/-
၉။	ကိုသားငယ်+မဥမ္မာထွန်း သမီးအေးဇင်ဖြိုး၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်	၅၀,၀၀၀/-
၁၀။	ဦးထွန်းအောင်ကျော်+ဒေါ်သန်းသန်းမေ မိသားစု၊ တာမွေမြို့နယ်	၁၀,၀၀၀/-
	စုစုပေါင်း	၁၀,၁၀,၀၀၀/-

၉-၈-၂၀၁၅ နေ့ အလှူရရှိငွေများ

၁။	ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)+ဒေါ်ခင်စိန်	၃,၀၀,၀၀၀/-
၂။	ဒေါ်ချစ်ချစ် ဦးစီးသော မေတ္တာရှင် ပရဟိတအဖွဲ့	၃,၀၀,၀၀၀/-
၃။	ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဦးကျော်ခင်	၃,၀၀,၀၀၀/-
၄။	ဦးအောင်သူရထွန်း+ဒေါ်ယဉ်မာမြင့်	၃,၀၀,၀၀၀/-
၅။	ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်)	၂,၅၀,၀၀၀/-
၆။	မမိုးမိုးထွေး (မြိတ်မြို့)	၂,၀၀,၀၀၀/-
၇။	မောင်ကိန်းရွှေဆိုင် (မန္တလေးမြို့)	၂,၀၀,၀၀၀/-

၈။	ဦးသက်နိုင်+ဒေါ်ညိုညိုစိမ့် မိသားစု	၁,၅၀,၀၀၀/-
၉။	ဦးကျော်ဝေ+ဒေါ်မြင့်မြင့်မောင်	၁,၁၀,၀၀၀/-
၁၀။	ဦးစိုးလွင်+ဒေါ်မြင့်မြင့်မေ	၁,၀၀,၀၀၀/-
၁၁။	စာရင်းစစ်ရုံးမိသားစု	၁,၀၀,၀၀၀/-
၁၂။	ဒေါက်တာစံလှကျော်+ဒေါ်ခင်စု	၁,၀၀,၀၀၀/-
၁၃။	ရွှေတိဂုံစေတီတော် ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း	၁,၀၀,၀၀၀/-
၁၄။	ဦးခင်မောင်စိုးအားရည်စူး၍ ဒေါ်စန်းမြင့်သမီး မခိုင်ခိုင်စိုးမိသားစု	၁,၀၀,၀၀၀/-
၁၅။	ဦးမျိုးမင်းအောင်+ဒေါ်မေသူမောင်	၁,၀၀,၀၀၀/-
၁၆။	ခင်နန္ဒာဘုရားဖူးအဖွဲ့	၁,၀၀,၀၀၀/-
၁၇။	ဦးဆန်းကျော်+ဒေါ်ဝင်းရီ (ရွှေမဂ္ဂင်ခရီးသွားကုမ္ပဏီ)	၁,၀၀,၀၀၀/-
၁၈။	ဦးသန်းမောင် (လေးဝတီ)+Dr.ကြည်ကြည်ဆွေ	၁,၀၀,၀၀၀/-
၁၉။	ဒေါ်နုစိန်+ဦးမြထွန်း၊ မောင်သူရအောင်	၁,၀၀,၀၀၀/-
၂၀။	ဒေါ်မြမြစိန်	၁,၀၀,၀၀၀/-
၂၁။	သရေစည်သူဦးသိန်းတုတ်	၁,၀၀,၀၀၀/-
၂၂။	ဒေါ်အုန်းမြင့်	၁,၀၀,၀၀၀/-
၂၃။	မဋ္ဌိမတံခွန်	၁,၀၀,၀၀၀/-
၂၄။	ဒေါ်မြင့်မြင့်ထွန်း၊ ဒေါ်ချယ်ရီထွန်း	၅၀,၀၀၀/-
၂၅။	ဒေါ်ခင်ကြည်၊ သမီး မစိန်ဒုံး (ရွှေပြည်တန်သင်္ကန်းတိုက်)	၅၀,၀၀၀/-
၂၆။	ဗိုလ်မှူးချုပ်မြင့်မောင်ဦး+ဒေါ်မြတ်မြတ်ခိုင်	၁,၁၀,၀၀၀/-
၂၇။	ဦးဝင်းမောင်+ဒေါ်ခင်မာထွန်း	၅၉,၀၀၀/-
၂၈။	ဆရာကြီးဦးအောင်ကျော်မြ+ဒေါ်ဦးစံသာ	၅၀,၀၀၀/-
၂၉။	ဦးဖြိုးဝေထွန်း+ဒေါ်အေးအေးလွင်	၅၀,၀၀၀/-
၃၀။	ဦးသန်းထွန်းအောင်+ဒေါ်တင်တင်နု	၅၀,၀၀၀/-
၃၁။	ဦးဖေါ်သာ+ဒေါ်တင်ရွှေ	၅၀,၀၀၀/-
၃၂။	ဦးအုန်းရွှေ+ဒေါ်ခိုင်ဝင်းသူ	၅၀,၀၀၀/-
၃၃။	မဟာအောင်ပန်း ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့	၅၀,၀၀၀/-
၃၄။	ဦးရွှေမောင်သာ+ဒေါ်လှကျန်စိန်	၅၀,၀၀၀/-
၃၅။	ဦးစောနောင်+ဒေါ်တင်စိန် မိသားစု	၅၀,၀၀၀/-

၃၆။ ဓမ္မပီတိဘုရားဖူးအဖွဲ့	၅၀,၀၀၀ိ/-
၃၇။ ဦးသန်းရွှေ+ဒေါ်ကြင်မွှေး	၄၀,၀၀၀ိ/-
၃၈။ ဒေါ်တင်အေးချို	၃၀,၀၀၀ိ/-
၃၉။ ဦးလှမောင်သိန်း+ဒေါ်အေးဥမ္မာကျော်	၂၀,၀၀၀ိ/-
၄၀။ ဦးညွန့်ကြိုင်+ဒေါ်ညွန့်ညွန့် မိသားစု	၁၅,၀၀၀ိ/-
၄၁။ ဒေါ်ခင်ရီ ၅၂၊ သမိုင်းဘူတာရုံလမ်း	၁၀,၀၀၀ိ/-
၄၂။ ဦးစောခင်+ဒေါ်သန်းသန်းဌေး မိသားစု	၁၀,၀၀၀ိ/-
၄၃။ ဦးစံလှမောင်+ဒေါ်ရွှေအိမ်သူ မိသားစု	၁၀,၀၀၀ိ/-
၄၄။ ဒေါ်ကြင်မြင့်	၁၀,၀၀၀ိ/-
၄၅။ မဌေးဌေးခိုင်	၅,၀၀၀ိ/-
၄၆။ ဒေါ်မူမူ မိသားစု	၃,၀၀၀ိ/-
၄၇။ အလွတ်ရငွေ	၁,၅၀၀ိ/-
၄၈။ အောင်နှင့်မောင်နှမတစ်ခု USD 100	၁,၂၅,၅၀၀ိ/-
၄၉။ ဦးဌေးလှိုင်+ဒေါ်ခင်စန်းမိသားစု (ခရီးဖော်ပုံနှိပ်တိုက်)	၁,၀၀,၀၀၀ိ/-
၅၀။ ဦးလှတင်+ဒေါ်အေးအေးခိုင် (စိန်ကြယ်ပုံနှိပ်တိုက်)	၆၀,၀၀၀ိ/-
၅၁။ ဗိုလ်မှူးကြီးခင်မောင်ရီ+ဒေါ်နုနုရီ	၁,၀၀,၀၀၀ိ/-
၅၂။ ဒေါ်အေးအေးမင်း သိဒ္ဓိစိန်ရတနာဆိုင်	၅,၀၀,၀၀၀ိ/-
၅၃။ ဦးစိုးသိမ်း(သီရိသုဓမ္မဇောတိကဓဇ)+ဒေါ်ခင်ချိုအုန်း(အဂ္ဂမဟာသီရိသုဓမ္မသီရိ)	၂,၀၀,၀၀၀ိ/-
၅၄။ ကိုဗိုလ်ကြီး (၇)၊ ပြည်သာယာလမ်း	၁၀,၀၀၀ိ/-
၅၅။ ဦးမင်းအောင်+ဒေါ်စန်းစန်းမြင့်	၁၀,၀၀၀ိ/-
၅၆။ ဦးမျိုးတင့်+ဒေါ်မြလေး	၁,၀၀,၀၀၀ိ/-
၅၇။ ဦးအောင်မျိုးသန့်+မချစ်ချစ် သမီးအေးချမ်းမိုး	၁,၀၀,၀၀၀ိ/-
၅၈။ ဒေါ်ရီရီမြင့်	၂၀,၀၀၀ိ/-
၅၉။ ဒေါ်စန်းစန်းချို	၅၀,၀၀၀ိ/-
စုစုပေါင်း	၁၂,၅၀,၀၀၀ိ/-

အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဒေါက်တာဘဒ္ဒန္တညာဏိဿရ မဟာထေရ်၏ မင်္ဂလာဇာတာတော်အဟော

မြတ်မင်း(အခါတော်ပေး)







ဆရာတော်ဘုရားသည် ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ မင်းပြားမြို့နယ် ငါးဇင်ရိုင်းချောင်းကျွန်း ဖိုးပင်ကြီးကျေးရွာနေ အဘ ဦးမောင်ကျော်သူ၊ အမိ ဒေါ်ဝင်းမြဦးတို့မှ သက္ကရာဇ် (၁၂၉၈)ခုနှစ် တန်ဆောင်မုန်းလဆုတ် (၁၃)ရက်၊ (၁၀-၁၁-၁၉၃၆)အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

တနင်္လာဂြိုဟ် (၅)ရာသီ (၅)အံသာ (၄၄)လိတ္တာ (၃၆)ဝိလိတ္တာ တနင်္ဂနွေထုလဒသာ အနာဂါတ် (၁)နှစ် (၁၀)လ (၃၀)ရက်။

၁။ ဆရာတော်ဘုရားကြီး၏ ဇာတာတော်ကို မွေးချိန်မသိ၍ စန်းနဲ့သာဟောဆို ပူဇော်ပေးပါသည်။

ဆရာတော် ဘုရားကြီး၏ မူလဇာတာအခြေခံ။ ။ ကန်

''စန်း''ပိုင်ရှင်ဖြစ်လို့ ပညာဉာဏ် အလွန်ကြီးမားသူဖြစ်ပါတယ်။ ပွားစည်းသည့် အာပေါ်ရာသီပိုင်ရှင်စန်းသည် ''နရ''ရာသီတွင် ရပ်တည်ကာ (၇)တန့်အမြင်ဖြင့် ပွားစည်းသည့် မိန်ရာသီကို မြင်ထားပါသည်။ ရေများသောအရပ်ဒေသတွင် ဖွားမြင်လေရာ ဆရာတော်ဘုရားသည် ကောင်းမွန်ပြေပြစ်သော ခန္ဓာကိုယ်ကိုဆောင်၍ တောင့်တင်းခိုင်မာ အရိုးအဆစ် အသားအရေနှင့်ပြည့်စုံခြင်းဖြစ်လေသည်။ ထူးခြားသည်မှာ (၇)တန့်သခင် လောကုတ္တရာကြာသပတေးဂြိုဟ်သည် (၄)တန့်တွင် မိမိအိမ်မှာ တြိဂုဏ်းအဖြစ်ရပ်တည်နေခြင်းမှာ ဇာတာရှင်အတွက် သာသနာပြုလုပ်ငန်းများတွင် ထူးချွန်ထက်မြက်အောင်မြင်မှုများစွာကို ရရှိမည်ဟုဖော်ပြနေပါသည်။

၂။ အကြီးအမှူးအုပ်ချုပ်သူဖြစ်တဲ့ (၁၂)တန့်သခင် တနင်္ဂနွေဂြိုဟ်သည် စန်းရဲ့ (၂)တန့်မှာ ''နိစ်''အဖြစ်ရပ်တည်ကာ စန်းသခင် ဗုဒ္ဓဟူးဂြိုဟ်နှင့် အတူရပ်တည်ပြီး နဝင်းစက်တွင် ရန်အိမ်မှာရပ်ကာ ရာဟုဂြိုဟ်နှင့် ပူးထားသည့်အတွက် ညံ့ပါတယ်။ သို့သော်လည်း (၁၀)တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ပူးထားသည့်အတွက် ဗုဒ္ဓတျယုဂ်ကို ရရှိသည်ဖြစ်၍ လူမျိုးခြားဘာသာခြားများရှိရာ နေရာဒေသများမှာ သီတင်းသုံးနေထိုင်ရပြီး ကြီးလေးသောတာဝန်အလုပ်များကိုယူရပြီး မိမိအတွက် အောင်မြင်မှုများကို အခက်အခဲများစွာကျော်ဖြတ်ပြီးမှ ရရှိတတ်သည်။ ဘွဲ့ထူးဂုဏ်ထူးများစွာကိုလည်း နိုင်ငံရဲ့အကြီးအကဲဝန်ကြီးများက ဆပ်ကပ်ခြင်းကို လက်ခံရရှိတတ်သလို မိမိကလည်း ရာထူးများကို ပြန်လည်ပေးဆောင်ရသည့်တာဝန်ကို ယူခဲ့ရပါတယ်။ ထို့အပြင် တရားဟော၊ တရားပြသခြင်းနှင့် စေတီဘုရားတည်ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ရာတွင် အခက်အခဲများစွာနှင့် တားမြစ်ခြင်း၊ ခေတ္တခဏရပ်ဆိုင်းခြင်းများ ခံရပြီးမှ မိမိ၏ရည်ရွယ်ချက်ပန်းတိုင်သို့ အောင်မြင်မှုများစွာဖြင့် ရောက်ရှိတတ်ပါတယ်။

၃။ ရဲစွမ်းသတ္တိနဲ့ ဖွဲ့လုံ့လဝီရိယကို ဖော်ပြသည့် (၃)တန့်၏ကောင်းခြင်းဖြစ်သော (၃)တန့်သခင် အင်္ဂါဂြိုဟ်သည် စန်းနှင့်အတူ အားကောင်းစွာ ပူးယှဉ်ရပ်တည်ပြီး (၄)တန့်တွင် ဌာနဗလအားကောင်းစွာ ရပ်တည်နေသော လောကုတ္တရာဂြိုဟ်ဖြစ်သည့် ကြာသပတေးဂြိုဟ်ကို (၄)တန့်အထူးမြင်ထားသဖြင့် အတွေးအခေါ်ပညာဉာဏ်ထက်မြက်ခြင်း၊ သူတပါးတို့ မသင်ကြား မကြံစည် အားမထုတ်နိုင်သည့် ခက်ခဲနက်နဲသော အရပ်များတွင် သူမတူအောင် ထူးချွန်စွာစွမ်းဆောင်အောင်မြင်နိုင်စေခြင်းကို အကျိုးပြုပေးထားပါသည်။ ကန်စန်းရဲ့ (၃)တန့်နှင့် (၈)တန့်ဟာ ဆိုးကျိုးတွေကို ပေးတာဖြစ်တာကြောင့် ဇာတာရှင်၏ အောင်မြင်မှုများစွာကို အတိုက်အခံအဖွဲ့အစည်းအသင်းများက အောင်မြင်မှုများစွာ ရရှိချိန်တွင် ပျက်စီးစေသောအကြောင်းကို အတိုက်အခံများနှင့် ပူးပေါင်းပြီး ဆောင်ရွက်နေခြင်းကို ခံရတတ်ပြီး စိတ်အနှောင့်အယှက်ဖြစ်ပေါ်မှုများလည်း ကြုံရတတ်ပါတယ်။ အောင်မြင်မှုများကိုလည်း အတိုက်အခံရန်တွေက ဝိုင်းဝိုင်းလည်နေရတတ်ပါတယ်။ သတ္တိရှိမှု၊ ဒေါသကြီးမှု၊ စိတ်ဆိုးလွယ်၊ စိတ်ပြေလွယ်ခြင်းများကို သစ္စာကိုတိုင်တည်ပြီး သည်းခံမှုများကြောင့် အောင်မြင်မှုတွေကို ရယူတာဖြစ်ပါတယ်။ လောကုတ္တရာ ကြာသပတေးဂြိုဟ်ကို မိတ်ဂြိုဟ်အင်္ဂါက (၄)တန့် အထူးမြင်ခြင်းကို ခံထားရလို့ စိတ်ဓာတ်ခွန်အား အလွန်ပြည့်ဝသူဖြစ်ခဲ့ပါတယ်။

၄။ စန်းသခင် (၁၀)တန့်သခင်ဖြစ်သည်။ အဆင့်မြင့်တဲ့ အသိဉာဏ်ကို စိုးမိုးသည့် ဗုဒ္ဓဟူးဂြိုဟ်သည် (၂)တန့်တွင် တနင်္ဂနွေဂြိုဟ်နှင့်အတူ ရပ်တည်ပြီး ကန်စန်းကို အကျိုးပြုသည့် သိမှုနှင့် ထိုးထွင်းဉာဏ်ပညာကို ထောက်ပံ့အားပေးသော ဝိဇ္ဇာကရကဂြိုဟ်လည်းဖြစ်တဲ့အတွက် ပညာဉာဏ်အလွန်ကောင်းခြင်းကို ဖြစ်စေပြီး တရားဟော၊ ပြောခြင်း၊ ပါဠိဘာသာစာပေများကို ဆုတောင်းပြီး ပြန်လည်ဖြန့်ဝေဟောကြားသင်ကြားပြသပေးခြင်းနှင့် ထွန်းပေါက်စေခဲ့သည့် ''နဝင်း''စက်တွင် ''နိစ်''အဖြစ်ရပ်တည်ကာ ကန်စန်းကို ကရကပြုသည်။ ''ဥစ်''သောကြာ

ဂြိုဟ်နှင့်အတူ ပူးကာရပ်တည်သည့်အတွက် "နိစ်"၏ ဆိုးကျိုးသဘာဝများ လျော့နည်းသွားပြီး သောကြာဂြိုဟ်၏ "ဥစ်"အားကောင်းမွန်သဖြင့် ဘာသာရေးကို မြတ်နိုးခြင်းနှင့် (၁၀)တန့် သခင်မှာလုပ်ငန်းများအတွက် အသိဉာဏ်ပညာ ဂြိုဟ်ကောင်းသောကြောင့် စိတ်ကူးကောင်း ပြီး အမှန်အကန်အလုပ်တွေကို ဆုံးဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဘာသာရေးအလုပ်အတွက် ကရကပြုသည့် ဗုဒ္ဓဟူးဂြိုဟ်၏ စွမ်းအားများကြောင့် ဒေသန္တရဘာသာစကား၊ စာပေနှင့် အယူဝါဒရိုးရာဓလေ့တွေကိုပါ ပိုင်ပိုင်နိုင်နိုင်တတ်မြောက်ပြီး ကျွမ်းကျင်စွာတတ်မြောက်၍ လေးစားယုံကြည်လောက်သည့် ဘွဲ့ထူးဂုဏ်ထူးများလည်း ရရှိခဲ့ခြင်းကို ဖြစ်စေပါတယ်။

၅။ စနေ၏ (၄)တန့်ဗန္ဓုဘာဝတွင် လောကုတ္တရာဂြိုဟ် ကြာသပတေးဂြိုဟ်သည် မိမိအိမ်၌ တြိဂုဏ်းအဖြစ် အားကောင်းစွာရပ်တည်ကာ ဌာနဗလအားအလွန်ကောင်း ပြီး ရာဟုဂြိုဟ်နှင့် ရပ်တည်နေသဖြင့် ပညာဘာဝ ပညာ ရေးနှင့်စပ်လျဉ်းသည့် ထိုးသွင်းသည့် ဝိဇ္ဇာဉာဏ်၊ ပစ္စုပ္ပန် တမလွန်ဘဝတို့အတွက် အကျိုးတရားတို့ကို ထောက်ပံ့ အားပေးခြင်းဖြင့် လောကုတ္တရာစာပေများ၊ ကျမ်းဂန်များကို တတ်မြောက်အောင်မြင်ပြီး ဘွဲ့ထူးဂုဏ်ထူးများကို ရရှိကာ ခက်ခဲနက်နဲသည့် သာသနာပြုလုပ်ငန်းနှင့် ဘာသာရေး စာပေကျမ်းပေါင်းများစွာတို့ကိုလည်း ရေးသားထုတ်ဝေနိုင် ခြင်း၊ တရားတော်၏ အမှန်လမ်းကြောင်းကိုလည်း ရှင်းလင်း အောင် ဟောကြားပြသနိုင်ခြင်း၊ ထို့အပြင် အင်္ဂါဂြိုဟ်၏ (၄)တန့် အထူးမြင်ခြင်းကိုလည်း ခံရသဖြင့် သာသနာပြု လုပ်ငန်းများတွင် ရဲစွမ်းသတ္တိရှိကာ သာသနာပြုအကျော် တို့ကို လျှောက်လှမ်းဖို့ ရည်ရွယ်သည့်လမ်းကြောင်းကို လုံးဝအရွှေ့မခံသည့် ပုဂ္ဂိုလ်ထူးများ၏ ဆုံးဖြတ်ချက်ကိုလည်း နိုင်မြဲစေသည်။ လူရောစိတ်ပါအပင်ပန်းခံပြီး ကြိုးစားမှု ကြောင့် အထွတ်အထိပ်ကို ရောက်ခဲ့တာလည်း ဖြစ်ပါတယ်။ ဘာသာခြားအဖွဲ့ကွေ အပြိုင်အဆိုင်ကြားက နိုင်ပွဲတွေများ စွာကိုလည်း ရရှိခဲ့ပါတယ်။

၆။ ကန်စန်းအတွက် ဂြိုဟ်ကောင်းဖြစ်ပြီး ကောင်း သောယုဂ်တို့ကို ပေးစွမ်းနိုင်သည့် (၂)တန့် (၉)တန့် သခင် ဖြစ်သည့် အောင်မြင်မှုကိုဖြစ်စေသည့် (၉)တန့်သခင်သောကြာ ဂြိုဟ်သည် (၃)တန့်တွင် ရပ်တည်ပြီး မိမိအိမ်ကိုလည်း (၇)တန့်အပြည့်မြင်ကာ နဝင်းစက်တွင် "ဥစ်"နဝင်းကို စီးပြီး ပညာရေးကိုစိုးမိုးသည့် ဗုဒ္ဓဟူး "နိစ်"ဂြိုဟ်နှင့်အတူ ရပ်တည်ကာ ပွားစည်းသော နဝင်းအိမ်တွင် ရပ်တည်သဖြင့် ဉာဏ်ပညာခွန်အားကြီးပြီး ဘုန်းကံမြင့်မားခြင်း၊ တဖက် အစွန်းရောက်ဘာသာခြားအဖွဲ့အစည်းများ၏ ဒေါသစိတ် ကြီးပြီး ဆန့်ကျင်သူများကိုလည်း သနားမေတ္တာထားကာ မှန်ကန်သောစကားများဖြင့် နူးညံ့သိမ်မွေ့စွာ ဆုံးမဟောပြော တတ်ခြင်းနှင့် အတိုက်အခံရန်များကိုလည်း တမုဟုတ်ချင်း တခဏပတ္တိဉာဏ်ဖြင့် စည်းရုံးဟောပြောတတ်ပြီး သာသနာပြုရန် လုပ်ငန်းကိစ္စများကိုလည်း အောင်မြင်သည် အထိ ဆောင်ရွက်နိုင်သူလည်းဖြစ်ပါတယ်။ အဆင့်ဆင့် အောင်မြင်သူများကိုလည်း ရရှိပါတယ်။ လူမျိုးခြား၊ ဘာသာ ခြားများ၏ ကြည်ညိုလေးစား အားကိုးအားထား အလေး အမြတ်ပြုခြင်းကိုလည်း ခံခဲ့ရပါတယ်။ (၉)တန့် သခင် သောကြာဂြိုဟ်သည် မိမိပိုင်အိမ်ကို (၇)တန့်ပြန်မြင်ပြီး "ဥစ်"နဝင်းကို စီးလိုက်သဖြင့် ကမ္ဘာကျော်သည့် ဆရာတော် ဘုရားကြီးဖြစ်ခဲ့ရပါတယ်။

၇။ နိုင်ငံခြားကို ပညာရေးအတွက် (၄)တန့် ဘာဝ နှင့် (၄)တန့်သခင်ဂြိုဟ်က ကိုယ်စားပြုသလို စနေဂြိုဟ်က လည်း ကိုယ်စားပြုပါတယ်။ စနေဂြိုဟ်က တြိဂုဏ်းအိမ်မှာ ဌာနဗလအားကောင်းစွာနဲ့ ရပ်တည်ပြီး RETRO သွားခြင်း နှင့် ဇေဋ္ဌဗလအားကိုးရထားသည့် စနေဂြိုဟ်နှင့် ကြာသ ပတေးဂြိုဟ်သည် လောကုတ္တရာဂြိုဟ်များဖြစ်၍ ဆရာတော် ဘုရားကြီး၏ ဇာတာတော်မှာ ကြာသပတေးဂြိုဟ်ကြီးသည် မိမိပိုင်သည့်အိမ်တွင် တြိဂုဏ်းအဖြစ် နိုင်မြဲစွာရပ်တည်ခြင်း၊ စနေဂြိုဟ်ကြီးလည်း မိမိပိုင်သည့်အိမ်တွင် အားကောင်းစွာ ရပ်တည်ပြီး ကန်စန်းမှ (၉)တန့်သခင် သောကြာဂြိုဟ် (၃)

တန့်တွင် ရပ်တည်နေခြင်းကို (၁၀)တန့်အထူးမြင်ထားသဖြင့် ဘဝမှာ သာသနာပြုအလုပ်တွေကို တည်တည်ငြိမ်ငြိမ်နဲ့ ပင်ပန်းခက်ခဲကြမ်းတမ်းပြီး စွန့်စားစွာဖြင့် ဆုံးဖြတ်ချက်ချထားသည့်အတိုင်း ဖွဲလုံ့လဝီရိယကြီးမားစွာဖြင့် နိုင်ငံရပ်ခြားတွင် ဘာသာရေးအထွတ်အထိပ်ဖြစ်သည့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် သံဝေဇနိယလေးဌာနဖြစ်သည့် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့ ဗုဒ္ဓနဂရိရပ်ကွက် မြေမြတ်မဟာမှာ နိုင်ငံခြား ဗုဒ္ဓသာသနာပြုဆရာတော်ကြီးအဖြစ် သီတင်းသုံးကာ မြန်မာဘုန်းတော်ကြီးကျောင်း၊ မဟာသုခဒဒချမ်းသာကြီးစေတီတော်နှင့် အခြားကြီးကျယ်ခမ်းနားသော သာသနိကအဆောက်အအုံတို့ကိုလည်း တည်ဆောက်ပေးခဲ့သည့်အပြင် ဇေဋ္ဌဗလအားကို ရထားသဖြင့် လောကီပညာရပ်များနှင့် လောကုတ္တရာအတွက်ပါ အဖက်ဖက်မှ တိုးတက်အောင်မြင်မှုကို မြင့်မားသည့် အထွတ်အထိပ်အထိ ပေါက်ရောက်အောင်မြင်စေခဲ့သည်။ ကျောင်းသားပြည်သူ များဗိုလ်လူတို့အတွက်ပါ ပါဠိစာပေများကိုလည်း ရေးသားထုတ်ဝေသူအဖြစ် အောင်မြင်ခဲ့ပါတယ်။

လောကုတ္တရာ ကြာသပတေးဂြိုဟ်သည် "နဝင်း" စက်တွင် စန်းမှ (၃)တန့်မိတ်အိမ်တွင် ရပ်တည်ကာ မိမိပိုင်အိမ်ကို (၉)တန့်အထူးမြင်လိုက်သဖြင့် အောင်မြင်မှုကို ညွှန်ပြသည့်အားများကြောင့် ဘာသာခြား လူမျိုးခြားများသည် ဆရာတော်ဘုရားကြီး၏ သီလဂုဏ် သမာဓိဂုဏ်တို့ကို အကြွင်းမဲ့ယုံကြည်ခြင်းကို ခံရပြီး ဗုဒ္ဓဘာသာသို့ ဝင်ရောက်ခြင်းကို အောင်မြင်စေခဲ့ပါတယ်။

၈။ "မဟာထူလရာဟုဒသာကို" (၁၉၅၅-၁၀-၁၀) ရက်မှ (၁၉၇၄-၁၀-၁၀)အထိ စားပါတယ်။ မဟာထူလရာဟုဒသာရဲ့ အန္တရဒသာဖြစ်တဲ့ တနင်္လာဒသာကိုတော့ (၁၉၇၁-၃-၂၂)မှ (၁၉၇၂- ၉-၁၁)အထိ စားတာဖြစ်လို့ အခက်အခဲပေါင်းမြောက်မြားစွာကို ရင်ဆိုင်ရပြီး အဆိုးနဲ့ အကောင်းမှာ အဆိုးကသာများနေတာကို ခံစားနေရပါတယ်၊ စိတ်ဓာတ်ခွန်အား ကြီးမားစွာနဲ့ ကြံ့ကြံ့ခံနေရတာဖြစ်ပါတယ်။ ထူလဒသာသခင် ညံ့နေလို့ပါ။

"မဟာထူလကြာသပတေးဒသာရဲ့" (၁၉၇၃-၁၀-၁၀)ရက်မှ (၁၉၈၇-၁၀-၁၀)ရက်အထိ စားပါတယ်။ ထူလကြာသပတေးဒသာရဲ့ အန္တရဒသာဖြစ်တဲ့ အင်္ဂါအန္တရဒသာထဲမှာ ထူးခြားသည့် ပြတန္တရဒသာကတော့ (၁၉၈၇-၄-၁)ရက်မှ (၁၉၈၇-၅-၁၆)ရက်အထိ တနင်္ဂနွေဒသာစားတဲ့အချိန်ဟာ ကောဇာ တနင်္ဂနွေဂြိုဟ် "ဥစ်"အဖြစ် ရပ်တည်ကာ ဆရာတော် ဘုရားကြီးအတွက် "နိစ်"စဘင်အပြန်ကောင်းကျိုးပြုသည့် ယောဂကို ပေးသည့်အချိန်ဖြစ်၍ နိုင်မာသည့် စာချုပ်စာတမ်းဖြင့် ပိုင်ဆိုင်ခွင့်တွေကို လက်ခံရရှိခဲ့တာဖြစ်တယ်။

ဆရာတော်ဘုရားကြီး၏ မူလဇာတာအခြေခံအတိုင်း ထူးခြားသည့် လောကုတ္တရာဂြိုဟ်ဖြစ်သည့် ကြာသပတေးထူလဒသာစားဆဲကာလနှင့် နိုင်ငံရပ်ခြားကို ကိုယ်စားပြုသည့် စနေဂြိုဟ်တို့၏ အန္တရဒသာဖြစ်သည့် (၁၉၇၅-၁၁-၂၈)ရက်မှစပြီး (၁၉၉၆-၈-၁)ရက်နေ့အထိသည် နိုင်ငံရပ်ခြားတိုင်းပြည်များမှာ အောင်မြင်မှုတွေကို ဆက်တိုက်လက်ခံရရှိခဲ့ခြင်းဖြစ်ပြီး (၂၀၂၅-၅-၃၀)ရက်အထိ ကမ္ဘာကျော်ကြားအောင်မြင်မှုများစွာကို ရရှိနေမှာဖြစ်ပါတယ်။

ဆိုးကျိုးများကိုပေးတတ်သည့် "မဟာထူလကိတ်ဒသာမှ" (၂၀၂၅-၁၀-၁၀)ရက်မှစပြီး အညံ့များ ဖြစ်ပေါ်စေခဲ့သဖြင့် ကျန်းမာရေးနှင့် ဘာသာရေးလုပ်ငန်းကိစ္စများ အနည်းငယ်ညံ့တတ်လာပြီး အဆိုးများကို (၂၀၂၆-၆-၁၀) ရက်မှစပြီး ပေးတတ်ပါသည်။ "မဟာထူလကိတ်ဒသာမှ" အင်္ဂါအန္တရဒသာ၊ တနင်္လာအန္တရဒသာနှင့် ကြာသပတေးဒသာများတွင် ဆိုးကျိုးများကို ပေးတတ်ပါတယ်။

စန်းရဲ့ (၂)တန်မှာ တနင်္ဂနွေဂြိုဟ်နဲ့ ဗုဒ္ဓဟူးဂြိုဟ် ပူးသည့်အတွက် ဗုဒ္ဓတိတျယုဂ်ကိုရပါတယ်။ ဒီယုဂ်ရဲ့ သဘောက ဘာသာရေးမှာ လူအများနဲ့ မတူထူးချွန်ထက်မြက်ပြီး အောင်မြင်ဖြစ်ထွန်းတောက်ပတဲ့ သာသနာ

အာဇာနည်ကြီးများရရှိသော ဘွဲ့တံဆိပ်တော်များကို ဆက်တိုက်ရရှိခဲ့တာဖြစ်ပါတယ်။ ဗုဒ္ဓဟူးဂြိုဟ်က ကန်စန်းရဲ့ ကရကဂြိုဟ်လည်း ဖြစ်လို့ပါ။

၉။ လောကုတ္တရာ ကြာသပတေးဂြိုဟ်က မိမိပိုင်သည့် အိမ်မှာရပ်လို့ ဟံသယုဂ်ကိုရပါတယ်။ တနင်္လာဂြိုဟ်ရဲ့ ကိန်းအိမ်မှာ ကြာသပတေးဂြိုဟ်ရပ်လို့ "ဂဇကေသရီယုဂ်" ကိုလည်း ရထားပါတယ်။ ဒီယုဂ်ရဲ့သဘောကိုက လောကီနဲ့ လောကုတ္တရာစာပေတွေကို ပြည့်ဝမယ်လို့ ဆိုထားပါတယ်။ ထူးခြားတဲ့ ဒီယုဂ်တွေကိုရလို့ အဆင့်မြင့်သည့် အသိဉာဏ် ပညာကြီးပြီး ထင်ရှားကျော်ကြားမည့်အဆင့်အတန်းကောင်း နဲ့ ရပ်တည်ရပြီး မိမိသီတင်းသုံးရာအရပ်ဒေသမှာ အုပ်ချုပ် သူအကြီးအကဲ လမ်းညွှန်မှုပေးနိုင်သူဖြစ်ပြီး ကောင်းသော သတင်းဖြင့် ကမ္ဘာကျော်ကြားကာ မိမိကိုယ်ကိုလည်း ယုံကြည်လေးစားသူဖြစ်သည့် လူမျိုးခြားဘာသာခြားများအား သာသနာပြုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက် နိုင်မှာဖြစ်ပါတယ်။

ပူဇော်ပါ၏အရှင်ဘုရား။ ။ ဆရာနိုင်မြဝါ ရင်းနှီးရာမှ ဝေဒပညာဆောင်းပါးဖြင့် အိန္ဒိယပြည် ကုသိနာရုံသာသနာ ပြုနယ်မြေ၌ ဗုဒ္ဓ၏ဆီမီး အစဉ်ထာဝရ ထိန်ထိန်ညီးထွန်းပ အောင် ကြိုးစားဆောင်ရွက်နေဆဲဖြစ်သည့် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဉာဏိဿရ မထေရ်မြတ်၏ သက်တော် (၈၀)ပြည့်ပတ္တမြားရတု၌ တတ်သည့် ပညာမနေသာ ဤစာသားဖြင့် ကန်တော့ ပန်းဆင်ရင်း ဗုဒ္ဓသာသနာဆီမီး ဆက်လက်ထွန်းပနိုင်အောင် အသက်ရှည်စွာ အနာမဲ့ခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်နိုင် ပါစေဟု လက်ဆယ်ဖြာထိပ်မှာမိုးလျက် မေတ္တာပို့သတောင်း အပ်ပါသည်။

ဆရာမြတ်မင်း(အဒါတော်ပေး)

မြတ်စွာဘုရားအား အာရုံပြုနေခြင်းသည် မြတ်စွာဘုရားနှင့် အတူနေခြင်းဖြစ်၏။
အစားကောင်း၊ အနေကောင်းတိုင်း၊ အဝတ်ကောင်းတိုင် ချမ်းသာခြင်းမဟုတ်။
တဏှာ၊ လောဘ၊ ဒေါသနည်းပါးမှ ချမ်းသာခြင်းမည်၏။
သာသနာမှာနေပြီး သာသနာလည်းမပြု၊ ဘာဝနာလည်းမရှုကြလျှင် အသေမလှပါ။
တရားစောင့်သူကို တရားကစောင့်၏။ တရားကိုဖျက်သောသူကို တရားကဖျက်၏။
ကုသိုလ်အဖို့ကို မေ့လျှင် တိရစ္ဆာန်နဲ့ ဘာမှမခြားပါ။
တရားအလုပ်ကိုမလုပ်ဘဲ တရားကို အချောင်လိုချင်၍မရပါ။
ဘုရားစကားနားမထောင်ဘဲ ဘုရားသာသနာဝင်ခိုနေရုံဖြင့် ဘုရားက ကယ်ရိုးမရှိပါ။
ပုထုဇဉ်ဖြစ်သော်ငြားလည်း သီလလုံခြုံလျှင် အရိယာကဲ့သို့ပင် အပါယ်မရောက်နိုင်ပါ။

(ဗဟုသုတပညာပေးလက်စွဲကျမ်းမှ)

The Great Person

U Oo Tha Tun (I.T.B.M.U)9



The aim of this article is to convert your mind-set for these who aspire to become good and intelligent one in your society because it is the great everybody would have aspired to be.

Now in the world, the Great Persons are the good and intelligent ones, for they are loved by many people because their contributions are not only for selfish desire but for the welfare of his people, country and dispensation. It is truth by nature, God, or Buddha's Dhamma-One thing he have done which is good in return good beget, if is bad in return bad beget. The essence of our Buddha's Dhamma is in short: "Not to do evil,to do good and purify the mind". It is for not only Buddhists but all human beings without discriminate anything-any raceany one, any belief.

The Dhamma is qualified as *ehi-passika,* inviting us to 'come and see', but not to 'come and believe' and *akālika,* yield result at once. Thus with right view or wisdom we can see it as it is truth (Yathā bhūtaṁ). The Dhamma is open to all men and women who are ready to understand and follow with endeavour and intelligence.

Highlighted hers is the last one, purity the mind among the three of the Dhamma. Before the emergence of Buddha, there had been some Brahmanas and recluses who believed in the purification of mind through the practice of austerity such as in food, and so on. They believed that through this way, which was a sort of self-mortification, purification could be achieved. The Buddha rejects the concept of purification thirough the practice of austerity or ascerticism. The Buddha says they are the persons who torture themseleves and practice self-torturing actions.

Regarding the removal of this wrong view, *Dhamma-cakkapavattanas* is very useful. This first sermon was expounded by the Buddha to the five ascetics *(Pañcavaggi)* in the Deer park at Isipatana (modern Sarnath) near Benares. Here *'Dhamma'* means wisdom or truth and *'cakka'* means founding or establishment. So it means the Exposition of the Establisment of Wisdom.

To have wisdom, firstly one must avoid two extremes-One is constantly striving to enjoy sensual pleasure with craving which retards the spirtual progress: another is self mortification which weakens the intellect. And then he admonished His disciples to practice the Middle Way *(Majjhimapatipada)* which produces mind purification, spiritual insight and penetrative wisdom to see things as they truly are. When insight is clarified and the intellect is sharpened, everything is seen in its ture perspective. Further-more, the Middle Way leads to the subjugation of passion and the encouragement of wisdom and peace and finally to the realization of the Ultimate Goal, Nibbāna. The Buddha showed this way to Liberations, Nibbāna but we must tread the way ourselves. So our emancipation depends on our own personal effort and intelligence or realization of truth.

How can we avoid the two extremes? In accordance with the Dhamma, it is easy going by following the Middle Way which gives vision and knowledge and leads to calm, insight, enlightenment, Nibbāna. What is the Middle Way? The Middle Way is generally referred to as the

Noble Eightfold Path *(Ariya-Atthaing-ika-Magga),* because it is composed of eight factors as follows:

Firstly, Right Understanding which deals with true knowledge of oneself as one really is. It is also called Clear Vision, or Right View. The second, Right Thinking which eliminates wrong ideas or wrong emotions such as the thought of sensual pleasure, ill-will and cruelty are benevolent, pleasant and gentle for the welfare of him-self and others with spirit of selflessness, loving-kindness and harmlesness. And then Right Speech, Right Action, Right Livelihood, Right Eff- ort, Right Mindfulness and Right Concen- tration are included with each definite meaning.

Of these erth factors of the middle Way, the first two are grouped under Wisdom *(Paññā),* the second three under Morality *(Sila),* and the last three under Concention *(Samadhi).* This unuque path is a way of noble life to be followed, practiced and developed by each individual.

First and foremost, Morality *(Sila)* is built on the vest conception of uneversal love and compassion for all living beings, on which the Dhamma is based that promotes a happy and harmonous life both for the individual and for the society. This is a indispensable foundation for higher spiritual progress or attainment. No spiritual development is possible without Morality. So that Morality lead us to have self-development and selfpurification. And step forward we should cultivate and more and more practice concentration *(Samādhi)* and Wisdom *(Panna)* that also lead us to become perfect ones with self-development and self-purification up to the final goal, Liberation, Nibbāna or even at least to be common great person, good and intelligent one. It would be deveoped more or less simultaneously, as far as possible according to the capacity of each individual, Therefore, the Buddha preached the Dhamma for the good of many, for the happiness of many, out of compassion for the world, not for Buddhists only *(bahujan-ahitaya bahujamasukhaya lodanukampaya).*

The Dhamma is universal truth for all beings, all times. We should try our best to become at least good and intelligent ones in our society by means of the Dhamma, Middle Way. If one develops only the emotional as a good person neglecting the intellectual, one may become a good-hearted fool; while to develop only intellectual side neglecting the emotional may turn one into a hard-hearted intellect with selfishness and no feeling for others.

World Peace is in the hand of a Great Person. There is no more any kind of violence, conflict, behead or even any battle among human beings, need no sectarian labels nor discrimination. We all can live together in peace and co-existence by following and developing the Middle Way which is devoted by mostly higher Buddhists such as monks, nuns and inteligents who belong to any religion.

Here as a good sample, may I present brief account of the Great Person, the perfect good and intelligent one who rises up among Rakhine land and Rakhine society as a great noble monk coming into existence as a Buddha Sāsanā Arzanee *(Hero of Buddhism)* in Majjhimadesa of India during the current twenty-first century.

Now, there is a Ruby Jubilee for the honour of Kushinagar Sayadaw, Venerable Dr.Nyanissara who is of Rakhine parentage and successor to the late Venerable Baddhanta Chandramani's legacy who pioneer and dedicated supporter of Theravāda Buddha Sa¯sana in Majjhimadesa of India, honorable as a Buddha Sasana Arzanee (hero of Buddhism) the chief resident monk of Kushinagar Kyaung-taik, Uttar Pradesh State, India since 1972 up to the present day. The Kushinagar monastery is situated adjacent to the Mahaparinibbana stupa together with a colossal recumbent statue of one and inscription excavated in 1875 by Orientalists, Britash Archaeologists, pala- eographically, in characters of the Gupta period. It is a precious arehaeolagical monument or sacred historical heritage of Buddha sasana so that where there are crowded with os many pilgrimages from all over the world annually. It was very first monastery of Venerable U Chandramani's missionary work in India. It was donated by U Khee Zarhee, Rakhine merchant for the very first founding.

Venerable U Chandramani supported Venerable U Nyanissara to come and help his missonary work by handing over kushinagar monastery to him in 1963 from Yangon, Myanmar. By the derive force of Venerable U Chandramani, Venerable U Nyanissara become famous in the missionary work of India. So in 1969 Venerable U Chandramani handed over the management of kushinagar monastery and all his works to him as a faithful one and then Venerable U Chandramani passed away at the age of 97 in May 1972.

Venerable Baddanta Dr. Nyanissara, chief resident monk of kushinagar monastery was born at Zipingyi village, Ngazinyaing creek, Minbya township, Sittwe district.

Rakhine State, the Union of Republic of Myanmar, in the month of Tazcungmone 1298 (Myanmar Era), 13th November, 1936. His parents were U Maung Kyaw Thu and Daw Win Mya Oo. He became a novice at the Zipingyi village monastery at the age of 4. He was ordained as a monk at Mingala-Rama Pali University Kyaung-like, at Theinbyu Road, Pazundaung Township, Yangon. He was well educated in mundane and supramundane literature so that Saydaw's highest Title are *Aggamaha-pamdita, Aggamahagandhavacaka* (in Myanmar) and Tibetian Diploma, B.A, M.A (History), Ph.D (Pali), LL.B (Law), and BAMS (Indigenous Medicine). He was well versed in Rakhine, Myanmar, English, Tibet, Hindi, Pali, an Sanskrit languages and so on.

The Venerable Dr.Nyanaissara's highest contribution of his missionary work in conversion of Indian citizens from their own religion, Hinduism to Buddhism, is counted in twenty eight millions since 1970. The biggest event attended by more than one million converted Indians was organized in Kushinagar in 1981. With this success, a series of conversion ceremony were carried out in Agra in 1989, Nagpur in 1989, Kanpur in 1991, Sankissa in 1992, and again Kushinagar in 1993.

Therfore, Venerable U Chandramani and Venerable Dr.Nyanissara (Rakhine natives) are Buddha Sasana Arzanee, the Perfect Great Persons who sacrifice their life of inhabitant of Rakhine, Myanmar for the good of many, for the happiness of many, out of compassion for the world, for the perpetuation and restoration of Buddha Sasana throughout the world.

The Great

"The great of path is the Eightfold Path.
The great of truth is the four Noble Truths.
The great of states is non-attachment.
The great of bipeds is the seeing One"

(Dhammapada)

The light of the Dhamma illuminate the whole world, brought in piece, co-existence and happiness to all beings.

References

1. Walpola Rahula Dr; What the Buddha Taught
2. Centennial Celebration of Dhammachakka Vihara, Migadawon Myanmar Temple, Souvenir Magazine, Samath, Varavasi,, 2008.
3. Aye Thein, U: The jewels of State Benefactor, Yangon, 2014

U Oo Tha Tun (I.T.B.M.U)9

श्रद्धा

सद्धर्म के पथिक

अग्ग महापंडित महास्थविर ज्ञानेश्वर

प्रो० डॉ० रामदेव शुक्ल, गोरखपुर

बच्चों की तरह खिलखिलाकर हंसने वाले सरलचित्त ज्ञानेश्वरजी को तब से देख रहा हूँ जब वे बाल्यावस्था में अपने गुरु भदंत चन्द्रमणि जी (चंदा बाबा) के साथ बर्मा से आए थे। चंदाबाबा से हम लोगों का घरेलू रिश्ता था। कुशीनगर जाने पर उनके पास जाना अनिवार्य था। मैं जाकर उनको प्रणाम करता, वे मेरे सिर पर हाथ फेरते हुए कहते, 'आ गया रघुनंदन सुंकुल का नाती'। भोजपुरी में पौत्र और दौहित्र दोनों को नाती कहा जाता है, रघुनंदन मेरे पितामह थे। उनकी मैत्री थी चंदाबाबा से। मुझे प्यार से पास बिठाते और ढेर सारे बतासे मंगाकर देते। कसया में पढ़ते समय कभी कभार उनके पास जाना होता। 1951 में नवें दर्जे के विद्यार्थी के रूप में बुद्ध इंटर कालेज में आया तो चंदा बाबा के पास लगभग हर हफ्ते जाना होता। 1952 की शरद ऋतु का कोई दिन रहा होगा, सभी छात्रों को कालेज हाल में बुलाया गया। पता चला डॉ. भीमराव आम्बेडकर का भाषण होगा। उन दिनों डॉ. आम्बेडकर बौद्धधर्म की और आकर्षित हुए थे। अनेक बार कुशीनगर आते, कालेज में पहली बार उन्होंने भाषण दिया। बौद्धधर्म के मार्मिक तत्वों को रेखांकित करने के बाद उन्होंने विद्यार्थियों की उस सभा में सरल शब्दों में यह बताया कि विद्यार्थियों का धर्म और कर्तव्य क्या होता है। उन्होंने अपने एक एक अंग उपांग की सफाई करने के तरीके बताए। वैसी सफाई के लाभ गिनाए और वैसी सफाई न होने की हानियों की एक डरावनी तस्वीर खींच दी। डॉ. अम्बेडकर बच्चों को छठी से बारहवीं तक के छात्रों को ये बातें उस गहरी हितचिंता के साथ समझा रहे थे जिससे मां अपने बच्चों को समझाती है। राष्ट्र निर्माण की उनकी मौलिक विधि थी यह।

भाषण समाप्त हुआ, कालेज प्रबंधन समिति के अध्यक्ष सरदार सुरेन्द्र सिंह मजीठिया और प्रधानाचार्य रमाशंकरनाथ त्रिपाठी ने मुख्य अतिथि को धन्यवाद दिया। हाल के मुख्य द्वार से मंच तक पहुँचने का मार्ग अब भी बना हुआ है। दोनों ओर छात्रों के बैठने के लिए कुर्सियाँ लगी थीं। मंच से उतरने वालों में डॉ. अम्बेडकर सबसे आगे थे। उस समय मेरा सिर मुड़ा

हुआ था। उन्होंने पलभर ठहर कर मेरे सिर पर दो–तीन बार हाथ फेरा। मैं उठकर खड़ा हो गया। पुचकारते हुए उन्होंने पूछा, 'क्या नाम है?'नाम सुनकर मुस्कराए। कहा, 'सफाई करते रहना और मन लगा कर. पढ़ाई करना' वाक्य पूरा करके आगे बढ़ गये।

उसके बाद स्कूल में छुट्टी हो गयी। घर न लौटकर मैं चंदा बाबा के पास चला गया। अचानक हो गयी छुट्टी का मजा और चंदा बाबा के बतासों का आकर्षण। वहां पहुंचा तो देखा, डॉ. आम्बेडकर अनेक महानुभावों के साथ बाबा के पास बैठे थे। मैं ठिठककर कुछ दूर खड़ा हो गया, चंदा बाबा की निगाह पड़ी, उन्होंने इशारे से पास बुलाया। उनके पास पहुंचकर प्रणाम किया। बाबा ने डॉ. आम्बेडकर से कहा–'यह रघुनंदन सुकुल का नाती है'। डॉ. साहब मुस्कराये। बोले, 'अभी–अभी कालेज में इस बच्चे से बात हुई है। इसने वादा किया है कि रोज सफाई करेगा और ध्यान से पढ़ाई करेगा'। फिर मेरे सिर पर हाथ फेर कर कहा–'करेगा न, सफाई और पढ़ाई'। मैंने हां में सिर हिलाया। चंदा बाबा ने कहा, 'करेगा। सफाई भी करेगा, पढ़ाई भी करेगा'। नवीं कक्षा के उस ग्रामीण छात्र को ऐसा लगा, जैसे शैशवावस्था में बिछड़ गयी उसकी मां उसके सिर पर प्यार दुलार से हाथ फेर रही है। डॉ. आम्बेडकर का साहित्य पढ़ते समय बार–बार मुझे यही लगता है कि बुद्ध की करूणा डॉ. आम्बेडकर के विशाल हृदय से निकल कर उन सभी को अपने आलोकवृत्त में समेट रही है, जो किसी भी प्रकार की सहायता के पात्र हैं। पीसी जोशी ने अपनी पुस्तक में डॉ. राम मनोहर लोहिया के साथ डॉ. भीमराव आम्बेडकर की एक मुलाकात का उल्लेख किया है। कुछ बातचीत के बाद डॉ. लोहिया ने डॉ. आम्बेडकर से कहा, 'अगर आप प्रधानमंत्री बनें, तो कैसा रहेगा?' डॉ. आम्बेडकर चकित हुए क्योंकि उन्होंने अपने लिए ऐसा कभी नहीं सोचा था। कुछ पल डॉ. लोहिया की ओर देखते रहने के बाद डॉ. आम्बेडकर ने कहा, 'यह बात और कोई नहीं सोचता' विचारणीय विषय है कि वंचितजनों, वृद्धों औरा बच्चों के प्रति ऐसी करुणा, ऐसे ममत्ववाला व्यक्ति यदि शासनतंत्र का केन्द्रीय व्यक्ति होता, तो भारत का क्या स्वरूप बनता।

1955 में बुद्ध इंटर कालेज कुशीनगर से इंटर पास करके जुलाई में मैंने काशी हिन्दू विश्वविद्यालय वाराणसी में बी.ए. में नाम लिखवाया।

श्रद्धा

सद्धर्म के पथिक

कुशीनगर में एक वर्ष पहले बी.ए. कक्षाएं चलने के बावजूद तत्कालीन उत्तर प्रदेश शासन और आगरा विश्वविद्यालय के कुलपति सी. महाजन ने उस प्रयास को कुचल दिया। जो चार–पांच विद्यार्थी पढ़ रहे थे, उन्हें गोरखपुर के महाराणा प्रताप डिग्री कालेज में जाकर परीक्षा देने की अनुमति मिल गयी। इसलिए आर्थिक कठिनाई की मार झेलते हुए भी मुझे बनारस जाना पड़ा। लेकिन एक चमत्कार हुआ। पूर्वांचल के गांधी कहे जाने वाले संन्यासी समाजसेवी बाबा राघवदास प्रधानमंत्री पं. जवाहर लाल नेहरू को यह समझाने में सफल हो गये कि कुशीनगर में डिग्री कॉलेज खोलना देश की विदेशनीति की मजबूती के लिए हितकारी होगा। 'हिन्दी चीनी भाई' का नारा पंडित नेहरू को अतिप्रिय था। राघवदासजी ने उन्हें बताया कि 1956 में अंतर्राष्ट्रीय स्तर पर पचीस सौवीं बुद्ध जयंती का आयोजन हो रहा है। उस समय सभी बौद्ध देशों के राष्ट्रपति–प्रधानमंत्री और धर्म–प्रतिनिधि भारत के चार स्थानों की यात्रा करेंगें। वे स्थान हैं लुंबिनी, कुशीनगर, सारनाथ और बोधगया। भारत सरकार इन चार स्थानों की साज–सज्जा के लिए करोड़ों रूपये खर्च कर रही थी। नेहरू जी विशेष रुचि ले रहे थे। बाबा राघव दास ने सुझाव दिया कि कुशीनगर में बौद्ध राष्ट्रों की भाषाओं के अध्ययन का एक केन्द्र खोलकर उन भाषाओं को पढ़ाया जाय तो अंतर्राष्ट्रीय बौद्ध सम्मेलन के लिए उन भाषाओं में प्रतिनिधियों से बात करने वाले छात्रों का एक समूह तैयार हो जायेगा। प्रधानमंत्री सुझाव से प्रसन्न हुए। व्यावहारिक समाधान निकला कि कुशीनगर में तत्काल डिग्री कॉलेज खोल दिया जाय और प्रवेश लेने वाले छात्रों के लिए चीनी, जपानी, श्रीलंकाई, बर्मी ओर तिब्बती भाषाओं में से किसी एक को एक वर्षीय डिप्लोमा के लिए पढ़ना अनिवार्य कर दिया जाय। देखते–देखते उत्तर प्रदेश सरकार ने कुशीनगर में डिग्री कॉलेज खोल दिया। उपर्युक्त भाषाओं के शिक्षक नियुक्त होने लगे। अक्टूबर में मुझे प्रधानाचार्य श्री रमाशंकर नाथ त्रिपाठी का संदेश मिला कि आना चाहूं तो कुशीनगर में डिग्री कॉलेज खुल गया है। बनारस छोड़कर कुशीनगर आया। बी.ए. प्रथम वर्ष में नाम लिखाया और अनिवार्य भाषा के रूप में तिब्बती भाषा पढ़ना शुरू कर दिया। यह संयोग आगे चलकर भिक्षु ज्ञानेश्वर के निकट सम्पर्क का कारण बना। ज्ञानेश्वर जी में पढ़ने की अदम्य जिज्ञासा है।

श्रद्धा
सद्धर्म के पथिक

तिब्बती भाषा के शिक्षक बनकर बोधगया से आए भिक्षु मंगल हृदय। मंगोलिया के एक जागीरदार के एक पुत्र थे। चीनी कम्युनिस्ट क्रांति से भाग कर तिब्बत आये। दलाईलामा से दीक्षा ली और उन्हीं के परामर्श से बोधगया आकर भिक्षु जगदीश कश्यप का शिष्यत्व ग्रहण किया। वहीं पालिभाषा एवं बौद्ध धर्म दर्शन का अध्ययन किया। कुशीनगर आने की लालसा रही होगी, जब तिब्बती शिक्षक बनने का अवसर आया तो डिग्री कालेज में आ गये। भिक्षु ज्ञानेश्वर चंदा बाबा के कुशल निर्देशन में हाईस्कूल, इंटर, बीए, के लिए नाम लिखवा कर अध्ययन करने लगे। भैरवनाथ झा, गोरखपुर विश्वविद्यालय के प्रथम कुलपति होकर आए। उन्होंने फ्रेन्च, जर्मन, अंग्रेजी, रूसी, चीनी और तिब्बती भाषाओं में डिप्लोमा कोर्स चलाया। भिक्षु मंगल हृदय गोरखपुर विश्वविद्यालय में तिब्बती भाषा के अध्यापक हो गये।

अपने शिक्षक मंगल हृदय के साथ मैंने पचीस सौवीं बुद्ध जयंती अंतर्राष्ट्रीय बौद्ध सम्मेलन में तिब्बती प्रतिनिधिमंडल के साथ गाइड किया और दुभाषिये का काम किया। 1959 में एम.ए. करके सेंट एण्ड्रूज कालेज गोरखपुर और बाबा राघवदास महाविद्यालय देवरिया में अध्यापन करने के बाद मैं 1970 में गोरखपुर विश्वविद्यालय में हिंदी विभाग में आ गया। तिब्बती भाषा के मेरे पुराने शिक्षक मंगल हृदय मेरे आने से विशेष प्रसन्न हुए। उन्होंने मुझे तिब्बती भाषा सीखने वाले छात्रों की सहायता करने की आज्ञा दी। मैं सहर्ष तैयार हो गया। उस समय तक ज्ञानेश्वर जी बीए पास कर चुके थे और गोरखपुर विश्वविद्यालय में तिब्बती भाषा के छात्र बन चुके थे। उधर ज्ञानेश्वर जी अपने गुरु चंद्रमणि जी (चंदाबाबा) के निर्वाण के बाद उनकी गद्दी संभाल कर अति व्यस्त हो गए थे। तिब्बती भाषा की परीक्षा में मैं परीक्षक था। मौखिक परीक्षा में भी वाह्य परीक्षक था। उम्र में ज्ञानेश्वर जी मुझसे एक महीने छोटे हैं। इन सबके कारण उनकी मित्रता में आदर का भाव सम्मिलित हो गया। हमारे गांव में उनका अपनी शिष्य मंडली के साथ वैसे ही आना-जाना आरंभ हो गया, जैसा उनके गुरु चंदा बाबा के समय में था।

ज्ञानेश्वर जी ने अपने कार्यकाल में बर्मी बौद्ध विहार को नये सिरे से इतना विकसित कर दिया कि चंदा बाबा के समय के लोग उसे देखें तो

श्रद्धा
सद्धर्म के पथिक

उनके लिए यह विश्वास करना कठिन हो जायेगा कि यह वही बर्मी बौद्ध विहार है, वहीं मंदिर है और वही प्रांगण है। अपनी अथक जिज्ञासा के चलते ज्ञानेश्वरजी प्रो. अँगने लाल, प्रो. अनिरुद्व प्रसाद एवं प्रो. रामनरेश चौधरी जैसे प्रगतिशील विचारकों के निकट संपर्क में रहते हैं।

ज्ञानेश्वर जी सरल हृदय निश्छल व्यक्ति हैं। बर्मी बौद्ध विहार और मंदिर के प्रमुख होने के कारण बड़ी व्यवस्था उनके हाथ में आ गयी। कुशीनगर परिसर के अतिरिक्त सिसवा, बसहिया आदि अनेक स्थानों पर खेत और बाग–बगीचे की जमीन है। चंदा बाबा के समय में स्थानीय किसान अपनी खेतीबारी के साथ इस संस्था की खेतीबारी भी देखते थे। धर्मभाव से उनका सहयोग मिलता था। आजकल धर्मभाव तो किसी में नहीं रहा। निःस्वार्थ सहयोग का सवाल ही नहीं उठता किन्तु ज्ञानेश्वर जी ने अपने सौम्य व्यवहार के बल पर सबकुछ संभाल लिया। ट्रैक्टर खरीदकर खेती स्वयं कराने लगे। पहले एक जीप खरीदी। उसके बाद बड़ी गाड़ियां आने लगीं। नेपाल में बौद्ध धर्म पहले से ही है। ज्ञानेश्वर जी ने बार–बार नेपाल यात्रा करके वहां धर्मकार्य और आगे बढ़ाया। डॉ. आम्बेडकर ज्ञानेश्वर जी के गुरुभाई ठहरे। चंदाबाबा से उन्होंने भी दीक्षा ली थी। उनके निर्वाण के बाद महाराष्ट्र में भी ज्ञानेश्वर जी की व्यस्तता बढ़ती गयी। देश के अनेक भागों में बौद्ध धर्म के प्रचार–प्रसार में व्यस्त हुए। उससे आगे बढ़कर विदेशों से आमंत्रण आने लगे। विदेश–यात्राओं से बौद्धजगत् में ज्ञानेश्वर जी का सम्मान बढ़ता गया। कुशीनगर की यात्रा करने वाले विदेशी बौद्ध यात्रियों में ज्ञानेश्वर जी का महत्व निरंतर बढ़ता गया।

छुआछूत जैसी अमावनीय प्रथाओं, अनेक प्रकार की रूढ़ियों, अंधविश्वासों और जटिल कर्मकांड में फंसे जातिग्रस्त ब्राह्मण समाज बुद्ध के समय से ही बौद्धों का विरोध करता रहा है। चंदा बाबा के समय में स्थानीय गांवों के ब्राह्मणों ने आरंभ में उनका विरोध किया। बाद में कुछ उनसे दीक्षा ग्रहण करके बौद्ध बन गये। गृहस्थ ब्राह्मण जाति–भेद न मानने वाले बौद्धों के प्रति अपनी जातिकुंठा के कारण दूरी बनाए रखते थे। अब उस तरह की दूरी नहीं हैं किंतु ज्ञानेश्वर जी की सहज उदारता ने कई तरह की समस्याओं को जन्म दिया। विद्यार्थियों की हर तरहसे मदद

श्रद्धा
सद्धर्म के पथिक

ज्ञानेश्वर जी करते रहते हैं। मजेदार बात यह है कि जो सचमुच असहाय छात्र हैं, वे कहीं मदद के लिए पहुंचने में संकोच करते हैं। अभाव के साथ जीने की उनकी आदत बन जाती है। उधर पूर्वी अंचल के जातिदंभग्रस्त बाभनों के बेटे अनपढ़ बनकर पैंट जीन्स पहने घर की खेती बारी से अपने को ऊपर मान लेते हैं। जब तक संभव हो, अनपढ़ माता–पिता का खून चूसते हैं। जब वहां कुछ नहीं बचता तो ज्ञानेश्वर जी जैसे उदार व्यक्तियों के आगे हाथ फैलाते हैं। इस तरह के अनेक उदाहरण हैं कि ऐसे 'दलित' बाभनों की ज्ञानेश्वर जी ने भरपूर सहायता की। वे ही जब गुंडई और छलकपट से राजनीति में कोई जगह बना लेते हैं तो आश्चर्यजनक कृतघ्नता और बेहयाई पर उतरकर ज्ञानेश्वरजी से बड़ी रकम और अनमोल उपहारों की मांग करते हैं। मैं ज्ञानेश्वर जी को केन्द्र में रखकर पूर्वांचल के बौद्ध प्रभाव पर जो उपन्यास लिख रहा हूँ, उसमें ज्ञानेश्वर जी की कृपा से शिक्षित बने ऐसे कृतघ्न आमानुषों की पूरी जमात का 'चरित' उभर कर आ रहा है।

ज्ञानेश्वर जी की उदारता का अनुचित लाभ उठाने वाले और भी कई प्रकार के अमानुष हैं। कुछ तो चीवर पहने बौद्ध भिक्षु के भेष में ज्ञानेश्वर जी को छलते रहे हैं। एक धनलोलुप बाभन चीवर पहन कर चार–पांच दशक पहले ज्ञानेश्वर जी की शरण में आया। उसकी ठठरी देह को देखकर दयार्द हुए ज्ञानेश्वर जी ने उसकी इतनी खातिर की कि वह कुछ ही दिनों में मुस्टंड बन गया। धर्म विमुख उस व्यक्ति ने एक दिन ज्ञानेश्वर जी से सीधे प्रस्ताव किया, 'आपके पास तो बहुत धन है। मुझे भी उसमें हिस्सा दीजिए'। ज्ञानेश्वर जी क्या करते? उस मायावी ने अगला प्रस्ताव रखा कि निर्वाण मंदिर में जो दानपात्र रखा जाता है, उसमें से निकलने वाली आधी रकम उसे दी जाय। कपट जाल से अनभिज्ञ वे कुछ सोचें, तब तक उस धनपिपासु ने कुछ असामाजिक तत्वों को विश्वास में लेकर पुरातत्व विभाग के अधिकारियों को प्रभावित कर लिया। वहां से आदेश हो गया कि निर्वाण मंदिर में दान पात्र नहीं रखा जायेगा। भिक्षुसंघ इस संकट से जूझ ही रहा था कि एक और आदेश उसी विभाग से आ टपका, महापरिनिर्वाण मुद्रा में शयन करती बुद्ध प्रतिमा पुरातत्व की वस्तु है, उसकी पूजा नहीं होनी चाहिए'। आदेश के साथ ही प्रतिमा की देह से सारे

श्रद्धा
सद्धर्म के पथिक

वस्त्र उतार लिये गये। निर्वसन बुद्ध प्रतिमा को देखकर उसकी आराधना से वंचित कुशीनगर का भिक्षुसंघ आंसुओं में नहा चला। ज्ञानेश्वर जी और भिक्षुसंध की असहनीय पीड़ा का मैं प्रत्यक्ष द्रष्टा हूँ। लंबे संघर्ष के बाद प्रशासन की समझ में यथार्थ स्पष्ट हुआ। पुरातत्व विभाग की समझ विकसित हुई और निर्वसन बुद्ध प्रतिमा को आस्था के अनुरूप परिधान मिला। पूजा अर्चना की पुनः व्यवस्था हुई। उन दिनों के ज्ञानेश्वर जी को जिन लोगों ने देखा है, वे ही उनकी उस पीड़ा का और उससे उबरने की उनकी छटपटाहट का अनुमान कर सकते हैं। उस धनांध धर्मविमुख के विषय में सुना जाता है कि अन्याय प्रपंचों से विपुल धन अर्जित कर के अपने ही परिजनों के हाथों नरक यातना का आकंठ भोग कर रहा है।

भिक्षु ज्ञानेश्वर स्थविर, महास्थविर, अग्गमहापंडित होकर बौद्ध–जगत् में विख्यात हुए। उसी के समानातंर एम.ए. अनेक विषयों में करते रहे। दो–तीन वर्ष पूर्व मगध विश्वविद्यालय से उन्हें पीएच.डी. की उपाधि प्राप्त हुई। अब भी उनमें अध्ययन की ललक प्रज्ज्वलित है। इस बीच गांवों की दलित जनता को बौद्ध धर्म का व्यावहारिक प्रशिक्षण देकर ज्ञानेश्वर जी लूट–खसोट वाले कर्मकांडों से इनको मुक्त कर रहे हैं। अब वे लोग शादी–ब्याह सादगी से करने लगे हैं। अनेक शैक्षिक संस्थाओं और सामाजिक कार्यों से जुड़कर अग्गमहापंडित ज्ञानेश्वर अपने मानवीय सरोकारों को आगे बढ़ा रहे हैं।

शीतल सुयश
राप्तीचौक, आरोग्यमंदिर (पो.)
गोरखपुर–273003
मो.– 09956585193

श्रद्धा

सद्धर्म के पथिक

अग्ग महापण्डित भिक्षु ज्ञानेश्वर

प्रो0 वेदप्रकाश पाण्डेय,तमकूहीराज

दुनिया भर में बसे–बिखरे बौद्ध–भिक्षुओं में सामान्य रूप से किन्तु कुशीनगर और समीपवर्ती समाज में, अपने कर्मयोग, प्रेमिल व्यवहार और उदार दृष्टिकोण के कारण विशेष रूप से लोकप्रिय भन्ते ज्ञानेश्वर अब मिथक बनने की प्रक्रिया में हैं। वे जन्म से नहीं कर्म से बड़े हैं। महानता उन पर थोपी नहीं गई है, श्रद्धापूर्वक स्वधर्म पालन से वे उसे अर्जित कर रहे हैं। दुनिया का कोई भी औसत आदमी प्रायः इस पथ से गुजर कर ही अपनी मंजिल पर पहुँचकर पहले वह हमारी आँखों फिर स्मृति में बस जाता है–चेतना का हिस्सा हो जाता है, उसकी लोकयात्रा सफल हो जाती है।

जन्म और शिक्षा : इस प्रकार सफलतापूर्वक लोकयात्रा करने वाले भिक्षु ज्ञानेश्वर का जन्म 10 नवम्बर, 1936 ई. को म्यांमार (बर्मा) के एक गॉव जी बेंजी (तहसील–मिब्या, जनपद–ओक्याब, प्रान्त–आराकान) में ऊमाऊ चोयू (पिता) और विम्याऊ (माता) के पुत्र रूप में हुआ। अल्पायु में ही आपके माता–पिता ने आपको धर्म शिक्षा व दीक्षा हेतु अपने धर्मगुरु के पास भेज दिया। 14 वर्ष की आयु में आप श्रमण बने और 15 वर्ष की आयु में आक्याब में प्रारम्भिक भिक्षु–शिक्षा प्राप्त की। तदुपरान्त रंगून में धर्म–शिक्षण में आचार्य की उपाधि ली। कालान्तर में भारत आने पर बुद्ध स्नातकोत्तर महाविद्यालय कुशीनगर से इतिहास में एम.ए. किया।

भारत आगमन : प्रख्यात बौद्ध भिक्षु और बाबा साहेब डॉ. भीमराव आम्बेडकर के दीक्षा गुरु भन्ते चन्द्रमणि महास्थविर के स्नेहपूर्ण आमंत्रण पर अपने दीक्षा गुरु के आदेश से ज्ञानेश्वर जी 1963 ई. में 5 अगस्त को कुशीनगर (भारत) आये। भारत आगमन से भिक्षु ज्ञानेश्वर के मन की, बौद्ध तीर्थों के दर्शन की, उत्कट अभिलाषा पूरी हुई। अस्वस्थ भिक्षु चन्द्रमणि की सेवा करते हुए उनके विश्वासभाजन बने। 1972 ई. में भिक्षु चन्द्रमणि के निर्वाणोपरान्त भिक्षु ज्ञानेश्वर ने बर्मी बुद्ध मन्दिर की व्यवस्था–दायित्व संभाला और आज भी इस मन्दिर के प्रमुख व्यवस्थापक के रूप में निष्ठापूर्वक कार्य कर रहे हैं।

श्रद्धा

सद्धर्म के पथिक

भन्ते ज्ञानेश्वर जन्मना बर्मी हैं। भारत के प्रति प्रेम के कारण उन्होंने 1977 में भारत की नागरिकता ले ली और अब वे इसे ही अपना देश मानते हैं।

शिक्षानुराग : अपनी धर्मशिक्षा पूरी करने के तत्काल बाद 22 वर्ष की उम्र में भन्ते ज्ञानेश्वर ने रंगून में भिक्षुओं (श्रामणेर) को शिक्षित करने का पवित्र कार्य आरम्भ कर दिया था। आपने अध्ययनरत उन भिक्षुओं को पाठ्य सामग्री मुहैया कराने से लेकर उनकी परीक्षा तक का प्रबन्ध किया।

कुशीनगर आने पर भिक्षु चन्द्रमणि द्वारा 1910 ई. में संस्थापित "महापरिनिर्वाण संस्कृत पाठशाला", जो काल की कठोरता का शिकार हो गयी थी, को "भिक्षु चन्द्रमणि निःशुल्क प्राइमरी पाठशाला" के रूप में संचालित किया। पाठशाला, जिसका आरम्भ कभी 150 छात्रों, 3 शिक्षकों और 5 कक्षों से हुआ था, आज 800 छात्रों, 12 शिक्षकों और 12 कक्षों से सुशोभित है।

भन्ते ज्ञानेश्वर ने अपने शिक्षा–प्रेम के कारण ही 1978 ई. में बीना (म.प्र.) में एक स्कूल खोला जो अब हाईस्कूल है। इसी प्रकार जू. हा. स्कूल कुशीनगर, राहुल यशोधरा शिशु मन्दिर कुशीनगर, राधाकृष्ण लघु मा. वि. सिसवा, कुशीनगर बुद्ध इण्टर कॉलेज तथा बुद्ध पी.जी. कालेज कुशीनगर, मालती पाण्डेय महिला इण्टर कॉलेज कुशीनगर, जनता इण्टर कालेज धुरिया, कुशीनगर, और विवेकानन्द विद्यालय मैत्रीपुरम् (मुसहर टोली), पडरौना जैसी तमाम शिक्षण संस्थाओं से सहयोगी, संरक्षक, दाता, पदाधिकारी और सदस्य के रूप में सम्बद्ध हैं। इनमें से किसी के परिसर में कक्ष निर्माण, कहीं बुद्ध मन्दिर निर्माण, कहीं कार्यालय का निर्माण कराकर भिक्षु जी ने अपने विद्या–प्रेम को प्रतिष्ठित किया है। उपर्युक्त सभी संस्थाओं के परिसर–किसी न किसी रूप में उनके शिक्षाप्रेम–रस की बूँदों से सिक्त हैं।

भंते जी के शिक्षानुराग का सर्वोत्कृष्ट उदाहरण है उनकी प्रेरणा के फलस्वरूप जापान के सहयोग से कुशीनगर के 10 कि.मी. परिक्षेत्र में 11 प्राथमिक पाठशालाओं का निर्माण। भन्ते जी की मान्यता है कि शिक्षा के बिना मनुष्य का जीवन अधूरा है। शिक्षा से ही प्रगति का द्वार खुलता है, गरीबी दूर होती है और मनुष्यता का विकास होता है।

श्रद्धा

सद्धर्म के पथिक

जनकल्याणकारी कार्य योजना : भंते जी के मन की बनावट में महाप्रकृति ने ज्ञान, शील, भक्ति, वैराग्य, प्रेम, औदार्य रूपी जिन तमाम तारों का प्रयोग किया है, उनमें सबसे चमकदार और प्रधान तार–कर्म का है। ज्ञानेश्वर जी कर्म के पर्याय होते जा रहे हैं।

धर्म से सम्बन्धित बौद्ध तीर्थों के विकास में उनकी गहरी रुचि है। इस रुचि के कारण उन्होंने लुम्बिनी में चूड़ामणि चैत्य का निर्माण कराया है। बोधगया, श्रावस्ती और संकिस्सा के विकास में उनका सहयोग उल्लेखनीय है। बौद्ध तीर्थों के विकास में उनकी गहरी दिलचस्पी के कारण ही बिहार सरकार ने उन्हें "बोधगया मैनेजमेण्ट कमेटी" का सदस्य मनोनीत किया है। 1981 में उन्होंने म्यांमार से 25 बुद्ध प्रतिमाएं माँगकर देश के विभिन्न भागों में बनने वाले बुद्ध विहारों को प्रदान कीं। गरीब जनों की आँखों के आपरेशन हेतु उन्होंने 1986–87 और 88 में नेत्र शिविर आयोजित किये हैं। प्रख्यात गाँधीवादी विचारक और राष्ट्रीय युवा योजना के निदेशक मा.एस.एन. सुब्बाराव के नेतृत्व में 1991 में 260 तथा 1991 में 260 तथा 1992 में 600 शिविरार्थियों के शिविरों का सफलतापूर्वक आयोजन किया है। देश के अनेक प्रान्तों एवं देश के बाहर से भी समागत शिविरार्थियों ने बर्मी बुद्ध मन्दिर के परिसर में स्थित "बुद्ध सरोवर" के निर्माण में कार सेवा भी की है। 1992 में अपने मन्दिर में भिक्षु जी ने "विवेकानन्द परिक्रमा" का भी भव्य स्वागत किया। अग्नि पीड़ितों, बाढ़ पीड़ितों, निर्धनों, बेसहारों की समय–समय पर सेवा–सहायता करना उनके स्वभाव का अंग है। बेरोजगारों को रोजगार दिलाने के लिए वे कहीं भी दौड़ लगा सकते है। मन्दिर परिसर के पश्चिमी हिस्से में सड़क की पटरी पर उनके द्वारा निर्मित 22 दुकानें भी उनकी इसी योजना का अंग है, जिनकी रोजी–रोटी का बन्दोबस्त कहीं अन्यत्र न कर सके, उन्हें स्वावलम्बी बनाने के उद्देश्य से दुकानों का रास्ता दिखा दिया।

निर्माण की अविच्छिन्न श्रृंखला : यदि कोई कभी भिक्षु ज्ञानेश्वर से पूछे कि आपको सबसे अधिक पसन्द क्या है, तो मेरा निश्चित मत है उनका उत्तर होगा–निर्माण, निर्माण और निर्माण। उन्हें अपने गुरू भिक्षु चन्द्रमणि से उत्तराधिकार में पूर्व निर्मित चार भवन मिले थे महापरिनिर्वाण धर्मशाला, सीमा मन्दिर, आरकानी धर्मशाला और विद्यालय। तब से अब

तक उन्होंने जो निर्माण कार्य कराया है उसका संक्षिप्त विवरण निम्नवत् है– गुरु भूमि मन्दिर (1985), नेपाली धर्मशाला (1998) भिक्षु चन्द्रमणि अतिथि गृह (1990) बुद्ध सरोवर (1994) ऊ कितिमा गेस्ट हाउस (1996), महावीर विशिष्ट गृह (1996), ज्ञान हाल (1999), चारदीवारी, 22 दुकानें ओर मन्दिर के दोनों प्रवेश द्वार।

अपने परिसर में 6 करोड़ रूपये की लागत से जेडी (समृद्धि) चैत्य का निर्माण उनकी महत्त्वपूर्ण उपलब्धि है। भारतवर्ष में अपने ढंग का यह पहला निर्माण है। 108 फुट ऊँचाई और इतने ही व्यास वाले इस विशाल व भव्य चैत्य का निर्माण म्यांमार सरकार द्वारा अग्ग महापण्डित की उपाधि के अवसर पर प्राप्त भेंट की विपुल राशि से हुआ है। चिरस्मरणीय स्तूपों के निर्माण की ऐतिहासिक परम्परा में यह उनका एक विशिष्ट योगदान है।

विशेष अवदान : कहते हैं कि सरकारी कागजों में कुशीनगर नाम का कोई उल्लेख नहीं था। महापरिनिर्वाण स्थली का भी नहीं था। वह एक डीह (मतरूक) के रूप में दर्ज था। कुशीनगर की जगह "विशुनपुर विन्दवलिया" नाम का इन्द्राज था। भिक्षु ज्ञानेश्वर के प्रयास से सरकारी कागजों में कुशीनगर नाम अंकित हुआ। जिन महत्वपूर्ण लोगों के प्रयास से उ.प्र. की तत्कालीन मुख्यमंत्री सुश्री मायावती ने 22 मई, 1997 को नव सृजित जनपद को "कुशीनगर" संज्ञा से विभूषित किया, उनमें भिक्षु ज्ञानेश्वर भी एक हैं।

विदेश यात्रा : करीब 70 लाख अनुयायियों के मार्गदर्शक भन्ते ज्ञानेश्वर को उनकी धार्मिक सामाजिक सक्रियता के कारण अनेक अन्तर्राष्ट्रीय धार्मिक सम्मेलनों में भाग लेने का अवसर मिला है। उन्होंने एशियन बुद्धिस्ट कान्फ्रेन्स लाओस (1986), ओलम्पिक खेल कोरिया (1987), वर्ल्ड बुद्धिस्ट कान्फ्रेन्स ताइवान (1988), सिंगापुर (1889), थाइलैण्ड (1992), म्यांमार (1993), जापान और श्रीलंका (1994), की यात्रा की है। वियतनाम, मंगोलिया, रूस, तुर्की, मलेशिया और इण्डोनेशिया भी जा चुके हैं। समय–समय पर की गयी इस यात्राओं से प्राप्त अनुभवों ने उनकी दृष्टि को और व्यापक तथा उदार बनाया है।

श्रद्धा
सद्धर्म के पथिक

सृजनशीलता : साधना, निर्माण, भ्रमण, लोकसेवा, धर्म– कार्य के अतिरिक्त भन्ते ने जीवन के आरम्भिक दौर में विभिन्न पत्र–पत्रिकाओं में लेख भी लिखे, जिनकी प्रतियाँ अब सुलभ नहीं है। लेख या तो बुद्ध विषयक थे या बच्चों के उपदेशार्थ। कुछ यात्रा वर्णन भी थे। "भारतवर्ष में धर्म प्रचार का अनुभव" (ज्ञानेश्वर जी के लेखों का संग्रह) बर्मी भाषा में पुस्तकाकार प्रकाशित है। "धम्मपद" नाम से आपने दो लघु पुस्तकें लिखी हैं जो प्रकाशित हैं। गुरु जी की जीवनी हिन्दी (अंग्रेजी में भी) में छपी है। नेपाल में प्रचलित नेवारी भाषा में भी एक पुस्तक "कथिनदान का महत्व" नाम से प्रकाशित है। आपके प्रयास से मैनपुरी से "बुद्धदेश" नामक पत्रिका का प्रकाशन भी होता है।

उपाधियाँ व सम्मान : अनेक राष्ट्रीय तथा अन्तर्राष्ट्रीय संगठनों से सम्बद्ध–हिन्दी, अंग्रेजी, पालि, बर्मी, नेपाली, जापानी तथा सिंहली भाषाओं में गति रखने वाले भिक्षु ज्ञानेश्वर को उनके कार्यों की अनुशंसा के रूप में, देश–विदेश से विभिन्न उपाधियाँ व सम्मान प्राप्त हुए हैं।

बर्मा और भारत के बीच मधुर मैत्री सम्बन्ध स्थापित करने, साथ ही विशिष्ट धार्मिक कार्य सम्पादन के निमित म्यांमार सरकार ने 1993 ई. में आपको "अग्ग महापण्डित" की उपाधि दी। भदन्त ज्ञानेश्वर यह उपाधि पाने वाले सबसे कम उम्र के (57 वर्ष) भिक्षु हैं। इस उपाधिधारक को बर्मा सरकार प्रतिवर्ष एक हजार डालर के बराबर धनराशि देती है।

1995 ई. में भारतीय बुद्ध महासभा की और से मा. मायावती जी ने उन्हें पदक प्रदान कर सम्मानित किया। 1997 ई. में "बुद्ध समाज पटना" ने "विश्व बुद्ध रत्न" की उपाधि प्रदान की। 1998 ई. में उ.प्र. सरकार के मा. मुख्य सचिव के हाथों "मॉन्क इन चीफ" की उपाधि प्राप्त हुई। 2000 ई. में बिहार सरकार ने "बुद्ध विशारद" की उपाधि दी।

विरोध की अनुभूतियाँ : इतना भाव सम्मान–पद–प्रतिष्ठा प्राप्त होने पर भी भदन्त ज्ञानेश्वर को समाज के, जिसमें कुशीनगर का भिक्षु समाज भी है, प्रायः हर वर्ग से विरोध का सामना करना पड़ता है। वे साधुभाव से विरोधों, आलोचनाओं का सामना करते हैं, किसी के प्रति कटुता या प्रतिशोध का भाव नहीं रखते। आवश्यक होने पर विरोधी की सहायता भी

करते हैं। इस रूप में भी वे हमारे सामने साधु जीवन का उत्तम आदर्श प्रस्तुत करते हैं।

सपने : सतत् कार्यरत भिक्षु ज्ञानेश्वर जी के भाग्य में विश्राम नहीं लिखा है। एक कार्य की इति हुई नहीं कि दूसरे की नींव देना उनकी आदत में शुमार है। सम्प्रति उनके तीन सपने हैं, प्रथम–कुशीनगर में अन्तर्राष्ट्रीय बुद्ध विश्वविद्यालय की स्थापना, द्वितीय–लौरिया नन्दन चैत्य (बिहार) से कुशीनगर तक सड़क मार्ग का निर्माण, तृतीय–कपिलवस्तु को उसके ऐतिहासिक और पुरातात्विक महत्व के अनुरूप विकसित करना। उन्होंने इन दिशाओं में प्रयास आरम्भ कर दिया। तथास्तु।

पूर्व प्राचार्य, किसान पी.जी. कॉलेज, तमकुही रोड,
सेवरही, कुशीनगर, उ.प्र.
ग्राम–पोस्ट, बालापार, गोरखपुर

श्रद्धा

सद्धर्म के पथिक

योग्य गुरु के सुयोग्य उत्तराधिकारी

प्रो० डॉ० अँगने लाल, लखनऊ

भारतीय इतिहास और संस्कृति में तीर्थों का सदैव महत्व रहा है, एक ओर ये तीर्थ पयर्टन केन्द्रों के रूप में परस्पर सांस्कृतिक आदान–प्रदान और मेल–जोल के लिए प्रसिद्ध रहे हैं, वहीं दूसरी ओर ये तीर्थ किसी न किसी धर्म और उसके नायक महापुरुष से भी सम्बद्ध रहे हैं। तीर्थयात्रा और पयर्टन–भ्रमण वास्तव में भौगोलिक और सांस्कृतिक सर्वेक्षण है। एक बार लोकनायक बुद्ध ने कहा था कि जो मेरे धर्म को देखता है, वही मुझे देखता है जिसके लिए मेरे अनुयायियों को चार महातीर्थों की धम्म यात्रा करनी चाहिए। पहला लुम्बिनी जहाँ मैंने जन्म लिया, दूसरा बोधगया जहाँ मैंने ज्ञान (बुद्धत्व) प्राप्त किया, तीसरा ऋषिपत्तन मृगदाव (आधुनिक सारनाथ) जहाँ मैंने प्राप्त ज्ञान का प्रचार शुरू किया जिसे धर्म चक्र प्रवर्तन कहते हैं और चौथा कुशीनगर जहाँ मैं महापरिनिर्वाण प्राप्त करूँगा। वर्तमान समय में चारों महातीर्थों में से तीन बोधगया, सारनाथ और कुशीनगर भारत में स्थित हैं, केवल जन्मभूमि लुम्बिनी नेपाल राष्ट्र में स्थिति है। चारों केन्द्रों के दर्शनार्थ लाखों बौद्ध यात्री और अभिरुचि रखने वाले पर्यटक इन तीर्थो में पहुँचते हैं जबकि इनमें से सारनाथ के अलावा कोई भी रेल मार्ग या अच्छे बस मार्ग पर स्थित नहीं है। जापान सरकार की मदद से इन तीर्थो को सड़क मार्ग से बौद्ध परिपथ रूप में जोड़ने का तो प्रयास हुआ है, लेकिन रेल मार्ग से जोड़ने का कोई प्रयास न हुआ है और शायद निकट भविष्य में होने की आशा भी दिखायी नहीं पड़ती है। ऐसा मालूम होता है कि उधर से केन्द्र सरकार और रेल विभाग ने आँखे बन्द कर रखी हैं।

सैकड़ों वर्ष, ये बौद्ध महातीर्थ खण्डहरों के रूप में पड़े रहे क्योंकि बौद्ध धर्म के विद्वेषियों ने इन केन्द्रों को नष्ट कर दिया था और भिक्षुओं का कत्लेआम कर दिया था। इस विध्वंस कार्य में भारतीय और विदेशी दोनों लोग सम्मिलित थे, पुष्यमित्र शुंग (दूसरी शताब्दी ई. पू.) के द्वारा बौद्ध तीर्थों का विनाशकरण प्रसिद्ध ही है। मुस्लिम आक्रमणकारियों ने बौद्ध केन्द्रों

श्रद्धा

सद्धर्म के पथिक

और तीर्थों तथा भिक्षुओं को नष्ट करने के साथ-साथ बौद्ध धर्म के कोषागार कहे जाने वाले पुस्तकालयों को भी जलाकर भस्म कर दिया था खण्डहरों और टीलों के रूप में इन बौद्ध स्मारकों से उनकी ईटें निकाल कर पास-पड़ोस के लोगों ने अपने घर और महल बनवाये। बनारस के चेतगंज मुहल्ले का निर्माण जगतसिंह द्वारा सारनाथ के प्रसिद्ध विशाल स्तूप धर्म राजिका स्तूप से ईटें और नक्काशीदार पत्थरों को निकाल-निकाल कर किया गया था। इस विनाश लीला को भिक्षु महावीर स्वामी के द्वारा जो कुशीनगर के पास के निवासी थे, अंग्रेज अधिकारी की मदद से रोका जा सका था। इन चारों बौद्ध महातीर्थों को वर्तमान काल में प्रकाश में लाने का श्रेय सर एलेग्जण्डर कनिंघम को है जिन्होंने बुद्ध वचनों का गहन अध्ययन करके उक्त तीर्थस्थलों की खुदायी करवा कर प्राप्त प्रमाणों के आधार पर उनकी ठीक-ठीक पहचान की और उनके संरक्षण की योजना बनाकर ब्रिटिश सरकार को भेजी।

उन्नीसवीं शताब्दी के अन्तिम दशक में श्रीलंका निवासी प्रातःस्मरणीय अनागारिक धर्मपाल जी भारत आये और उन्होंने सारनाथ तथा बोधगया के बौद्ध केन्द्रों के पुनरुद्धार के लिये सम्यक् संकल्प किया और वे अपने मिशन में सफल भी हुए। वे अपने पांच शिष्यों को भी भारत लाये थे जिनमें भिक्षु एम. संघ रतन नायक थेर और डा. यू. धम्म रतन (नव नालन्दा महाविहार के एक डाइरेक्टर ओर महाबोधि मासिक पत्रिका के सम्पादक) प्रसिद्ध हैं।

बर्मा (वर्तमान म्यामार) प्राचीन काल में भारत का एक अंग रहा है। वहाँ के शासक और सद्धम्म अनुयायी बोधगया के महाविहार और महाबोधि (वृक्ष) की सुरक्षा समय-समय पर करते- करवाते रहे हैं। इनमें भदन्त चन्द्रमणि महास्थविर विशेष रूप से उल्लेखनीय हैं। कलकत्ता में उनकी भेंट बौद्ध भिक्षु महावीर स्वामी से हुई थी। उसके बाद वे बोध गया आये लेकिन हिन्दू महन्त ने उनकी चोरी करवा ली और मारा-पीटा। लेकिन भदन्त चन्द्रमणि जी जमे रहे। महावीर स्वामी भदन्त चन्द्रमणि को अपने साथ कुशीनगर ले आये। यह स्थान भन्ते चन्द्रमणि को बहुत अच्छा लगा, अतः घूम फिर कर भन्ते कुशीनगर में ठहरने के लिये आ जाते थे। महावीर स्वामी ने एक धर्मशाला बनवाई, उसी में वे तथा भन्ते चन्द्रमणि रहते रहे।

श्रद्धा
सद्धर्म के पथिक

महावीर स्वामी के पश्चात् कुशीनगर के विकास का श्रेय भदन्त चन्द्रमणि को मिला। उन्होंने देखा कि आस–पास गरीबों को पीने के पानी की बड़ी कठिनाई होती है, अतः भन्ते चन्द्रमणि ने एक पक्का कुँआ बनवाया। कुआँ तैयार हो जाने के बाद वहाँ के ब्राह्मण पुरोहितों ने कहा कि "पहले आप इस कुएँ का विवाह कीजिए। उसके बाद इसका पानी पिया जायेगा"। भन्ते ने कहा "कहीं कुएँ का विवाह होता है, हम विवाह तो नहीं करेंगे। यदि कोई पानी नहीं पियेगा तो हम तो पियेगें"। अन्ततः पोंगा पन्थियों की एक न चली और कुएँ से सभी लोग पानी पीने लगे।

इसी प्रकार लोगों की शिक्षा के लिये जब भदन्त चन्द्रमणि ने विद्यालय स्थापित किया तब भी दकियानूसी ब्राह्मणों ने बहुत विरोध किया, लेकिन भदन्त ने विद्यालय खोल ही दिया। अब तो विद्यालय ही नहीं, महाविद्यालय भी उन्हीं की अनुकम्पा का परिणाम है।

14 अक्टूबर 1956 को भदन्त चन्द्रमणि महास्थिविर ने डॉ. भीमराव आम्बेडकर को दीक्षा भूमि नागपुर में सद्वम्म दीक्षा देकर एक सर्वथा अद्वितीय कार्य किया। उनके इस सद्वम्म कार्य ने प्राचीन और अर्वाचीन बौद्ध श्रंखला को सुदृढ़ रूप में जोड़ने का महान् कार्य किया है। उन्होंने बर्मी भाषा और हिन्दी में दर्जनों पुस्तकों के अनुवाद किये और मूल रूप में लिखकर बौद्ध समाज तक बुद्ध वचनों को पहुँचाया। इस समय उन्हीं भदन्त चद्रमणि महास्थिविर के शिष्य और उत्तराधिकारी भदन्त ज्ञानेश्वर जी हैं जो बड़ी कर्मठता और निष्ठा से भदन्त के उत्तराधिकारी का दायित्व सफलतापूर्वक निर्वहन कर रहे हैं।

भदन्त ज्ञानेश्वर का जन्म 10 नवम्बर 1936 को बर्मा देश (म्यामार) में हुआ था। वहीं 12 अप्रैल 1949 को प्रव्रज्या और 03 जून 1956 को रंगून में उपसम्पदा हुई। भिक्षु वेष में ही 1963 ई. में महास्थविर चन्द्रमणि जी उन्हें भारत की पावन भूमि कुशीनगर लाये थे। भन्ते ज्ञानेश्वर की बौद्ध धर्म की शिक्षा बर्मा में ही हुई थी जहाँ उन्होंने उत्तमा और आचार्य परीक्षा उत्तीर्ण की थी। भारत आकर उन्होंने एम.ए. की परीक्षा उत्तीर्ण की।

भदन्त ज्ञानेश्वर ने जो कार्य किये हैं उनका विशेष ज्ञान तो कुशीनगर जाने पर ही हो सकता है, समय–समय पर जाकर मैंने जो देखा है उसका संक्षिप्त विवरण दे रहा हूँ।

श्रद्धा
सद्धर्म के पथिक

कुशीनगर में महापिरिनिर्वाण स्तूप के पास स्थित 'धातु स्तूप' की मरम्मत उनका बड़ा कार्य था। भदन्त ज्ञानेश्वर ने बिना सरकार से आर्थिक मदद लिये हुए उसका भली प्रकार जीर्णोद्धार करवाया और उसे सोने की चादर से मढ़वा भी दिया। इस स्तूप को मूल रूप में कुशीनगर (कुसीनारा) के मल्ल लोगों ने भगवान बुद्ध की अस्थि धातुओं पर निर्मित करवाया था। सम्राट अशोक ने इसका विशालीकरण करवाया और भिक्षु संघ को प्रभूत दान दिया था। भदन्त ज्ञानेश्वर ने बुद्ध कालेज को आगे बढ़ाया और स्नातक महाविद्यालय ही नहीं अपितु स्नातकोत्तर महाविद्यालय बनवाया। इस समय कई विषयों में इस महाद्यिालय में एम.ए. तक की पढ़ाई तथा शोध कार्य भी होते हैं। बौद्ध धर्म पर विशेष शोध करने के लिए बौद्ध अध्ययन पीठ (बुद्धिस्ट चेयर) की स्थापना भी हुई है।

बाबा साहब डॉ. आम्बेडकर को दीक्षा देने की महान् घटना को युगों–युगों तक याद रखने के लिए भदन्त ज्ञानेश्वर ने एक विहार (मन्दिर) का निर्माण करवाया है जिसमें भदन्त से दीक्षा ग्रहण करते हुए बाबा साहेब की प्रस्तर मूर्ति स्थापित की गई है। इस मन्दिर का नाम गुरु भूमि मन्दिर है।

पुष्करिणी का सौन्दर्यीकरण विशेष रूप से उल्लेखनीय है। इसमें कमल के रंगविरंगे फूल खिले रहते हैं। जलाशय के मध्य में एक बुद्धागार (बुद्ध मन्दिर) निर्मित करवाया गया है जिसमें महामना गौतम बुद्ध की भव्य प्रतिमा स्थापित है। पुष्करिणी का जल सदैव स्वच्छ ओर निर्मल बना रहे इसकी पूर्ण व्यवस्था की गई है।

छोटे–छोटे कई विद्यालयों की स्थापना भदन्त ज्ञानेश्वर ने की है। उनके द्वारा निर्मित और उद्घाटित बुद्ध विहारों की लम्बी सूची है। उन्हें ज्यादातर लोग जानते ही है। कुशीनगर में ही उन्होंने कई विद्यालय और विहार बनवाये हैं यथा गुरु चन्द्रमणि निःशुल्क पाठशाला, जूनियर हाईस्कूल, श्रामणेर केन्द्र, अतिथिशाला निःशुल्क औषधालय।

उनका सबसे महान् कार्य अपने गुरु की स्मृति में स्थापित शान्ति समृद्धि स्तूप है। यह स्तूप उनके ही बर्मी विहार परिसर में स्थापित है। भदन्त ज्ञानेश्वर इस शान्ति स्तूप को जितना ऊँचा और भव्य बनवाना

चाहते थे, वह भारतीय पुरातत्व सर्वेक्षण की अड़ंगेबाजी के कारण वैसा तो नहीं बन सका, लेकिन ऊँचाई में कम होने पर भी अपनी भव्यता में अनोखा ही कहा जायेगा। स्वर्णिम पानी से मण्डित स्तूप पर सबेरे जब सूर्य की स्वर्णिम किरणें पड़ती हैं उस समय इस स्तूप की छटा देखने वाली ही होती है। प्रतिदिन सैकड़ों श्रद्धालु इसे देखने के लिये आते हैं। भदन्त, परिचितों का यथायोग्य स्वागत सत्कार करने में नहीं चूकते हैं।

भन्ते ज्ञानेश्वर पैसा–रुपया हाथ से नहीं छूते। यह त्याग पारमिता का लक्षण है। वे कहते हैं कि "चूँकि हम रुपया पैसा नहीं लेते इसलिये मुझे लोग दान देने के लिये लालायित रहते हैं।" बर्मा देश को वह प्रायः जाते रहते हैं। वहाँ के लोगों द्वारा प्रभूत दान देकर ही शान्ति स्तूप बनवाया है। भारत में भी मैंने कई अवसरों पर देखा कि उनके दान को उनका कोई शिष्य ही चीवर के एक कोने में ग्रहण करता है।

भदन्त ज्ञानेश्वर बौद्ध धर्म के प्रचार–प्रसार में भी अपने गुरु की भाँति सदैव चलते–फिरते (चारिका करते) रहते हैं। कभी–कभी भदन्त ज्ञानेश्वर की देख–रेख में 10, 20, 50 युवक भी श्रामणेर दीक्षा ग्रहण करते हैं। उनके रहने का प्रबन्ध, भोजन, नाश्ता, पढ़ाई–लिखाई आदि की पूरी व्यवस्था भदन्त स्वयं करते हैं। साथ ही, अन्त में उनको बौद्ध केन्द्रों के दर्शन कराने की भी व्यवस्था स्वयं खर्च करके करते हैं। यह उनका व्यवहारिक पक्ष बड़ा महत्वपूर्ण है।

स्वयं शिक्षा–दीक्षा के आयोजन करने के साथ–साथ भदन्त ज्ञानेश्वर उत्तर प्रदेश, मध्य प्रदेश, महाराष्ट्र, गुजरात, दिल्ली, पंजाब, बिहार, बंगाल, नेपाल आदि प्रदेशों और देशों में आयोजित बौद्ध सम्मेलनों और समारोहों में जाकर देशना करते हैं।

मेरी कुशीनगर की पहली धर्म यात्रा भदन्त आनन्द कौसल्यायन जी के साथ हुई थी। उस समय कुशीनगर का बहुत विकास नहीं हुआ था। शायद उसके बाद 1974–75 में बुद्ध जयन्ती (बैशाखी पूर्णिमा) के अवसर पर आयोजित कुशीनगर के समारोह में मुख्य अतिथि के रूप में सम्मिलित होने के लिये मुझे भदन्त ज्ञानेश्वर से निमंत्रण मिला, जिसमें मैं परिवार सहित सम्मिलित हुआ था। सबेरे पंच शील ध्वजायुक्त जयन्ती शोभा यात्रा

श्रद्धा
सद्धर्म के पथिक

कुशीनगर के बौद्ध अवशेषों का परिभ्रमण करके सभा स्थल पर आकर रुकी। सबको भोजन कराने के बाद विशाल पण्डाल में जयन्ती का कार्यक्रमे शुरू हुआ। उस समय आजकल की भांति भारी भीड़ तो जमा नहीं होती थी, लेकिन श्रोता दत्तचित होकर वक्ता को सुनते थे। हम कई दिन बर्मी बुद्ध बिहार में भदन्त ज्ञानेश्वर के अतिथि रहे। वहीं से लुम्बिनी और कपिलवस्तु की यात्रा पर भी गये थे। इस धर्म यात्रा का मार्ग दर्शन उपासक श्री चिन्तामणि बौद्ध ने किया था। चिन्तामणि जी इस समय भिक्षु अशोकप्रिय के रूप में गोरखपुर क्षेत्र में बौद्ध धर्म का प्रचार–प्रसार कर रहे हैं।

प्रबुद्ध आम्बेडकर सांस्कृतिक संस्थान लखनऊ द्वारा दिसम्बर महीने में चतुर्दिवसीय बोधिसत्व बाबा साहेब डॉ. आम्बेडकर परिनिर्वाण दिवस समारोह के अवसर पर भदन्त ज्ञानेश्वर जी को जब भी आमंत्रित किया गया, भदन्त ने कृपापूर्वक पधार कर धर्म उपदेश दिये। वैसे भी यह उनकी महानता रही है कि जब भी वे लखनऊ आये और एकाध दिन ठहरे तो हमें अवश्य ही सूचित कर देते थे और हम बुद्ध विहार रिसालदार पार्क लखनऊ में जहाँ वे प्रायः ठहरते थे, वहीं समयानुकूल वार्ता, व्याख्यान आयोजित कर लेते थे।

बुद्ध जयन्ती समारोह में दूसरी बार भदन्त ज्ञानेश्वर से निमंत्रण 2005 ई. में मिला। उस समय मेरे साथ आर.डी. एस.ओ. लखनऊ के ज्वाइन्ट डाइरेक्टर इन्जीनियर दर्शन राम लखनऊ तथा एल.बी.एस.पी.जी. कॉलेज गोण्डा के अर्थशास्त्र विभाग के अध्यक्ष डॉ. जी.एल. प्रजापति भी थे। संयोगवश इस जयन्ती समारोह में भदन्त ज्ञानेष्वर जी के दर्शन नहीं हो पाये थे क्योंकि उन्हें किसी अत्यावश्यक कार्य से बर्मा जाना पड़ा था। उनकी अनुपस्थिति में उनके प्रतिनिधि भिक्षु शील प्रकाश (चश्मा बाबा) ने जयन्ती समारोह की पूरी व्यवस्था सँभाली थी। इस जयन्ती समारोह में मेरे व्याख्यान का विषय था। "बौद्ध धर्म ही दासता से मुक्त करायेगा।" डेढ़ घण्टे के इस व्याख्यान में सवर्ण जाति के श्रोताओं और चिन्तको ने भी कहा था कि "ऐसा सारगर्भित बौद्ध धर्म पर लेक्चर पहली बार ही हुआ है।" वह व्याख्यान "निब्बान भूमि " के किसी अंक में भदन्त ने प्रकाशित भी किया है।

श्रद्धा
सद्धर्म के पथिक

16–17 मार्च 2006 में भदन्त ज्ञानेश्वर की देख–रेख और संरक्षण में बौद्ध धर्म और विश्वशान्ति विषय पर त्रिदिवसीय अखिल भारतीय परिसम्वाद संगोष्ठी कुशीनगर में सम्पन्न हुई, जिसका खान–पान का खर्च और आवास–प्रस्थान की पूरी व्यवस्था भदन्त ने संभाली थी। प्रत्येक अतिथि को उन्होंने अपने हाथों से तथागत करूणागार गौतम बुद्ध की धातु प्रतिमा स्मृति चिन्ह के रूप में प्रदान करके उपकृत किया था। इस परिसम्वाद संगोष्ठी में इण्डियन कौंसिल आफ हिस्टारिकल रिसर्च के चेयरमैन प्रो. दयानाथ त्रिपाठी (दिल्ली) प्रो. विभा त्रिपाठी, (अध्यक्ष प्राचीन भारतीय इतिहास संस्कृति एवं पुरातत्त्व बी.एच.यू. वाराणसी), प्रो. शैलेन्द्र नाथ कपूर (अध्यक्ष प्रा. भा. इतिहास एवं पुरातत्त्व विभाग, लखनऊ विश्वविद्यालय लखनऊ) के अलावा भारतीय पुरातत्त्व सर्वेक्षण विभाग के सुरजीत नयन, डॉ. सुनील कुमार झा, पुरातत्वेत्ता तथा अन्य अधिकारी विद्वान् एवं विद्वज्जन पधारे थे। भदन्त ज्ञानेश्वर जी के आग्रह आदेश पर मुझे तीनों दिन उपस्थित रहना पड़ा था। यह परिसंवाद संगोष्ठी इतनी सफल थी कि इसके सत्र बराबर दो भागों में समानान्तर चलाने पड़े थे। एक का संचालन डॉ. राहुल राज प्राध्यापक प्रा.भा. इतिहास संस्कृति एवं पुरातत्त्व विभाग, बी. एच.यू., वाराणसी ने और दूसरे भाग के संचालन डॉ. वीरेन्द्र कुमार अध्यक्ष, प्रा. इतिहास–संस्कृति और पुरातत्व विभाग, बुद्ध पोस्ट ग्रेजुएट कालेज कुशीनगर ने संभाला था। दोनों ही भदन्त ज्ञानेश्वर के होनहार शिष्य हैं।

14 अप्रैल 2008 ई. में रामाभार स्तूप मार्ग पर श्रीलंका विहार एवं भिक्षु निवास का उदघाटन समारोह भदन्त ज्ञानेश्वर की देख–रेख एवं संयोजकत्व में आयोजित हुआ था। इस समारोह में भी मुझे मुख्य अतिथि के रूप में सम्मिलित होने का अवसर मिला। आयोजन काफी रात तक चला था क्योंकि संयोगवश उस दिन डॉ. बाबा साहेब आम्बेडकर जयन्ती भी थी। भदन्त बराबर बैठे रहे। उस समय उनके बार–बार करवटें बदलने के कारण यह महसूस होने लगा था कि भदन्त वृद्धावस्था में प्रवेश कर रहे हैं, फिर भी ब्रह्मचर्य की शक्ति और प्रकाश तो अलग चमकता ही है।

भारत के अनेक बौद्ध केन्द्रों में भदन्त ज्ञानेश्वर ने बौद्ध विहारों (बर्मी बौद्ध विहार) की स्थापना की है। संकिशा के बौद्ध स्तूप पर हिन्दू भाइयों ने हनुमान और देवी की मूर्ति स्थापित करके विवाद खड़ा कर दिया है।

श्रद्धा

सद्धर्म के पथिक

पूज्य भदन्त ज्ञानेश्वर अपना पैसा खर्च करके भी उसे सुलझाने के लिये प्रयत्नशील है। वे महापरिनिर्वाण भूमि कुशीनगर के महत्व को उजागर करने और बौद्ध समाज तथा अन्य लोगों को बतलाने के लिये "निब्बान बोधि" नामक षट् मासिक शोध पत्रिका का सम्पादन और प्रकाशन कर रहे हैं। यह पत्रिका मई और नवम्बर महीने में प्रकाशित होती है। बौद्ध जगत में यह उनकी विशेष देन ही मानी जायेगी।

कुशीनगर जैसे अन्तर्राष्ट्रीय धर्मतीर्थ तथा पर्यटन केन्द्र में रोडवेज बस डिपो न होने से विदेशी धर्म यात्रियों और भारत के विभिन्न भागों से आने वाले धर्मयात्रियों और पर्यटकों को बहुत कठिनाई होती है। मुझे स्मरण है कि भदन्त ज्ञानेश्वर के प्रयास से कुशीनगर में कुछ समय बस डिपो स्थापित भी हुआ था और सभी बसें कुशीनगर के बौद्धावशेषों के मध्य मैदान में खड़ी होती थीं। लेकिन कुछ ही दिनों बाद (शायद सरकार बदलने के कारण) उसे समाप्त कर दिया गया। पुनः कुशीनगर में रोडवेज बस डिपो स्थापित कराने के लिये भदन्त प्रयासरत हैं, जहाँ दिल्ली, आगरा, बोधगया, सांची, भोपाल, लखनऊ, वाराणसी आदि केन्द्रों से बसें आयें--जायें ताकि यात्रियों को सुविधा हो और सरकार को भी आय हो। कुशीनगर को भारतीय रेलवे लाइन से जोड़ने और कुशीनगर में रेलवे स्टेशन के लिये भी भदन्त तथा आस–पास के बौद्ध तथा अन्य संस्थाएं प्रयत्नशील है।

बाबा साहेब डॉ. आम्बेडकर ने समृद्ध और शान्त भारत के निर्माण के लिये बौद्ध भारत की कल्पना की थीं। उसके लिये उन्होंने छह बौद्ध विश्वविद्यालयों की स्थापना की रूपरेखा भी तैयार कर ली थी जिसकी चर्चा उन्होंने बर्मा की बौद्ध संगीति में की थी और भदन्त चन्द्रमणि महास्थविर से भी विचार विमर्श हुआ था। उनमें एक कुशीनगर में भी प्रस्तावित था। बाबा साहेब के अकालिक निधन और भदन्त की वृद्धावस्था के कारण वह कार्य शुरू न हो सका। यह प्रसन्नता की बात है कि महास्थविर चन्द्रमणि के योग्य और कर्मठ शिष्य और उत्तराधिकारी भदन्त ज्ञानेश्वर जी कुशीनगर में बौद्ध विश्वविद्यालय की स्थापना के लिये प्रयत्नशील हैं और शायद निकट भविष्य में ही उस बौद्ध भारत की श्रंखला का पहला विश्वविद्यालय कुशीनगर में देखने को मिलेगा।

श्रद्धा
सद्धर्म के पथिक

कुशीनगर के बहुमुखी विकास के लिये भदन्त ज्ञानेश्वर निरन्तर प्रयास करते रहे हैं और अब भी कर रहे हैं। जल भराव के कारण बौद्धावशेष नष्ट हो रहे हैं जिसके लिए पानी के समुचित निकास की व्यवस्था सरकार और पुरातत्व विभाग की ओर से की जा रही है। उस भू–भाग की बौद्ध मूर्तियों, सिक्के, मृण्पात्रों तथा पुरातत्व की वस्तुओं को एक साथ सुरक्षित और संरक्षित कर दर्शकों को देखने और शोध के लिये कुशीनगर में राजकीय बौद्ध संग्रहालय की स्थापना भदन्त ज्ञानेश्वर के प्रयास से पूरी हो गई है और उसका सुचारु रूप से संचालन हो रहा है।

समग्र रूप से देखने के बाद मैं इस निष्कर्ष पर पहुँचता हूँ कि भदन्त ज्ञानेश्वर, योग्य गुरू के सुयोग्य शिष्य और उत्तराधिकारी हैं जो महास्थविर भदन्त चन्द्रमणि के दर्शाये हुए मार्ग पर चलते हुए सद्धम्म, समाज और निब्बान भूमि की सेवा कर रहे हैं। इण्डियन बुद्धिस्ट कौंसिल (भारतीय बौद्धपरिषद) की ओर से तथा अपनी ओर से मैं उनके इस 75 वें वर्ष के हीरक जन्मोत्सव के अवसर पर श्रृद्धावनत हो मंगल भावना करता हूँ।

"सब्बीतियो विवज्जुन्तु सब्बरोगो विनस्सतु
मा ते भवत्वतशयो सुखी दीधायुको भव"

पूर्व कुलपति,
रा.म.लो. फैजाबाद विश्वविद्यालय फैजाबाद

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်
ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏
သက်တော်(၈၀)ပြည့် အထိမ်းအမှတ်ပတ္တမြားရတုစာစောင်
နောက်ဆက်တွဲအလှူရှင်စာရင်း
(၄.၁၀.၂၀၁၅) တနင်္ဂနွေနေ့အထိ ရရှိသော စာရင်းများဖြစ်ပါသည်။

<u>ဆရာတော်ကြီး ကန်တော့ခြင်း</u>

၁။	ဒေါ်မြကြည် ညွှန်ကြားရေးမှူး (ပြည်ပဌာန) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန	၁၅၀၀၀၀ိ/-
၂။	ဦးမြအေး + ဇနီး ဒေါ်သန်းမွေး မိသားစု အမှတ်(၅၀)၊ ဂီတမာလာလမ်း၊ ဘောက်ထော်၊ ပြည်သာယာ	၁၅၀၀၀၀ိ/-
၃။	ဒေါ်ဦးညွန့်သိန်း၊ ဒေါ်သန်းကြည်၊ ဒေါ်သူဇာထွန်း အမှတ် (95- B/2) စံပယ်ခြံ(၁)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်	၁၅၀၀၀၀ိ/-
၄။	ရခိုင်တိုင်းရင်းသားဝန်ကြီး ဦးဇော်အေးမောင်+ဇနီးဒေါ်လှမြင့်သန်း မိသားစု ကောင်းမှု	၁၅၀၀၀၀ိ/-

<u>ဒေါ်ဦးညွန့်သိန်းမှ တဆင့် အလှူရရှိငွေများ</u>

၁။	မင်းပြားမြို့နေ ဦးမောင်ခင်+(ဒေါ်မစံဖြူ)တို့အား အမှူးထား၍ ဒုတိယဗိုလ်မှူးကြီး ဇော်လတ်ဦး + ဇနီးဒေါ်မြသီတာစိုး ခ. မ. ရ ၃၅၃ တပ်ရင်းမှူး၊ ဘူးသီးတောင်မြို့	၁၀၀၀၀၀ိ/-
၂။	ဒေါ်ခိုင်ခိုင်လတ်(ဒါရိုက်တာ)မြတ်ဂုဏ်တော်ခရီးသွားလုပ်ငန်း ကုမ္ပဏီ	၁၀၀၀၀၀ိ/-
၃။	ချယ်ရီတိုး ဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၄။	ဦးမျိုးသီးဟ+ဒေါ်ဖြူမာကို- သား မျိုးခန့်အောင်၊ ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၅။	စိန်ရောင်ခြည် ဘုရားဖူးအဖွဲ့	၁၀၀၀၀၀ိ/-
၆။	မေပါရမီ ဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၇။	ဒို့ရွှေမြို့တော် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၈။	ပုလဲနဒီ ဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၉။	ရွှေမဟာ ဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၁၀။	မဟာအောင်ပန်း ဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၁၁။	ဒေါ်တင်တင်ထွေး(MD) မြတ်ရွှေရတီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့	၁၀၀၀၀၀ိ/-
၁၂။	ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၁၃။	မေသူအောင် ဘုရားဖူးအဖွဲ့	၅၀၀၀၀ိ/-
၁၄။	ဦးမြင့်ဆွေ+ဒေါ်ရင်ကြူ မိသားစု	၁၀၀၀၀၀ိ/-
	စုစုပေါင်း	၉၅၀၀၀၀ိ/-

ပြည်တွင်းပြည်ပ သာသနာပြု

ကုသိနာရုံဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏

သြဝါဒ

သာသနာပြုတယ်ဆိုတာ

မြတ်သောအကျင့်ဖြင့် လူနတ်ပြဟ္မာသတ္တဝါတွေ အကျိုးစီးပွားဖြစ်ဖို့ လူနတ်ပြဟ္မာတွေချမ်းသာဖို့
လောကကြီးကို စမ္မနဲ့စောင့်ရှောက်ဖို့အတွက် သာသနာပြုကြတာဖြစ်တယ်။
လူတွေ စိတ်ဓါတ်ကောင်းမွန်လာအောင် ကိုယ်ကျင့်တရားတွေကောင်းမွန်လာအောင်
လမ်းညွှန်ဆုံးမမှုပေးရမယ်

လူသားတွေ စိတ်ဓါတ်တွေကောင်းမွန်လာမှ အကျင့်စာရိတ္တတွေကောင်းမွန်လာမှ
လုပ်ဆောင်ချက်တွေ မှန်ကန်လာမယ်၊ လုပ်ဆောင်ချက်တွေ မှန်လာပါမှ
ဘာသာသာသနာအတွက် အကျိုးဖြစ်ထွန်းလာပါမယ်။

ဒါကြောင့် စိတ်ဓါတ်နဲ့ စာရိတ္တကောင်းမွန်ဖို့ အလွန်အရေးကြီးပါတယ်။